
www.burmeseclassic.com




တက္ကသိုလ်စိန်တင်

# မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး

[ဗိုလ်ချုပ်ကြီး(ငြိမ်း)တပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း)]

[ပထမတွဲ]

www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေခြင်း**
မတ်၊ ၂၀၁၆

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၅၀၀ အုပ်

**မျက်နှာဖုံးပန်းချီ**
မှတ်သုန်

**အတွင်းနှင့် နောက်ကျောဖုံးဒီဇိုင်း**
ကိုယ်ထိုက်

**အဖုံးဖလင်**
Eagle

**ကွန်ပျူတာစာစီ**
Dream City

**တန်ဖိုး**
၅၀၀၀ ကျပ်

**ဦးဝင်းချို (စာပေ/ထုတ်ဝေရေးဦးစီး)** (ရွှံဝံစာအုပ်တိုက်)၀၉၇၅၊ အမှတ် ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ **ဒေါ်ချိုချိုအေး (ရွှံဝံပုံနှိပ်တိုက်)**၀၀၈၂၅၊ အမှတ် ၃၃၀–၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၌ မျက်နှာဖုံးနှင့် အတွင်းစာသား များကို ရိုက်နှိပ်ပါသည်။

၈၃၅.၈၃

တက္ကသိုလ်စိန်တင်
မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး/ တက္ကသိုလ်စိန်တင်။
– ရန်ကုန်။
ရွှံဝံစာပေ၊ ပထမအကြိမ်၊ ၂၀၁၆
၆၄၀ – စာ၊ ၁၃.၇ x ၂၁.၅ စင်တီ။
(၁) မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး

# မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး

## ဗိုလ်ချုပ်ကြီး (ငြိမ်း)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း)

---

**တက္ကသိုလ်စိန်တင်**

(ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com

## ရှုမဝ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၂၃၈။ | စတုတ္ထတန်း သင်္ချာ | **ရှုမဝစာတည်းအဖွဲ့** |
| ၂၃၉။ | စတုတ္ထတန်း လူမှုရေးဘာသာ အပိုင်း (ဂ + ဃ) | **ရှုမဝစာတည်းအဖွဲ့** |
| ၂၄၀။ | အဋ္ဌမတန်း အထွေထွေသိပ္ပံ | **ရှုမဝစာတည်းအဖွဲ့** |
| ၂၄၁။ | စတုတ္ထတန်း မြန်မာစာ | **ဒေါက်တာသန်းထိုက်** |
| ၂၄၂။ | အဋ္ဌမတန်း ပထဝီဝင် | **ရှုမဝစာတည်းအဖွဲ့** |
| ၂၄၃။ | ပြည်တွင်းစစ်က ဘာရသလဲ | **အေးမောင်ကျော်၊ ရွှေမိုးညို** |
| ၂၄၄။ | ပညာမိုး တက္ကသိုလ်ဝင်တန်း ပင်ရင်းမြန်မာစာ အဖြေစုံ | **ဒေါက်တာမိုးဟိန်းဇော်** |
| ၂၄၅။ | ဇော်ဟိတ် ဝတ္ထုတိုများ (စတုတ္ထအကြိမ်) | **ရွှေဥဒေါင်း** |
| ၂၄၆။ | မြို့ပြပိုးမွှားများ (ဒုတိယအကြိမ်) | **နေဝင်းမြင့်** |
| ၂၄၇။ | အဖြူကို မည်သူအနက်ဆိုးသနည်း (တတိယအကြိမ်) | **မင်းကျော်** |
| ၂၄၈။ | မဒမ်ကျူရီ (တတိယအကြိမ်) | **တင်မောင်မြင့်** |
| ၂၄၉။ | ရွှေဥဒေါင်း ပင်တိုင်ဇာတ်ကောင်ဝတ္ထုများ (ပထမအကြိမ်စုစည်းမှု) | **ရွှေဥဒေါင်း** |
| ၂၅၀။ | ဂျပန်ရိုးရာပုံပြင်များ | **ခင်မောင်တိုး (မိုးမိတ်)** |
| ၂၅၁။ | ဧရာဝတီထဲက မန္တလေး | **ဆူးငှက်** |
| ၂၅၂။ | ဒုပင်များ | **မောင်တင်ဦး (ရုက္ခ)** |
| ၂၅၃။ | ပညာမိုး စာစီစာကုံး | **ဒေါက်တာမိုးဟိန်းဇော်** |
| ၂၅၄။ | အောင်မြင်သော သစ်ခွစိုက်ပျိုးရေး (ဒုတိယအကြိမ်) | **နေမျိုးနိုင်** |
| ၂၅၅။ | ကမ်းလှည့် ဆွတ်မိ (ဒုတိယအကြိမ်) | **မိချမ်းဝေ** |
| ၂၅၆။ | စုံထောက်မောင်စံရှား မှုခင်းဝတ္ထုတိုများ | **ရွှေဥဒေါင်း** |
| ၂၅၇။ | မယိုင်ဘူး ခိုင်လိုက်တာမှ လွန်သာသွားရော | **မောင်သစ်လွင် (လူထု)** |
| ၂၅၈။ | ပုံတူ မန္တလေး | **ဆူးငှက်** |
| ၂၅၉။ | ဒီမိုကရေစီ မြတ်နိုးသူများသို့ စာပေလက်ဆောင် | **ဓမ္မာဓေဒ** |
| ၂၆၀။ | စည်းကုံးကြိုး | **ခင်ခင်ထူး** |
| ၂၆၁။ | မမရေချယ် (ဒုတိယအကြိမ်) | **တင်မောင်မြင့်** |
| ၂၆၂။ | မှော်ဗိနပ်ရှင်နှင့် ညီနောင်များ (တတိယအကြိမ်) | **ကြည်နိုင်** |
| ၂၆၃။ | တော်စတွိုင်းပုံပြင်များ (တတိယအကြိမ်) | **မောင်ဓေတ်ထွန်း** |
| ၂၆၄။ | နေခြည်လင်းစေ ပန်းသင်းစေ (ကလေးစာပေ အတွေးစာစု) | **မင်းချမ်းမွန်** |

ယခု

| | | |
|---|---|---|
| ၂၆၅။ | မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး | **တက္ကသိုလ်စိန်တင်** |

## သူရ ဦးတင်ဦး၏ အမှာစာ

ကျွန်တော် ဆောင်ရွက်ခဲ့သည့် သမိုင်းအကြောင်းအရာများကို မှတ်မိသလောက် ရေးသားထားပါ၊ မှတ်တမ်းမှတ်စုအဖြစ် အသံဖမ်းစက်ဖြင့် အသံသွင်းထားတာပါ။ မှတ်မိသလောက် ပြုစုထားပါဟု မကြာခဏ ကျွန်တော်၏ ဇနီး၊ သား၊ မြေးများကလည်းကောင်း၊ အခြား လုပ်ဖော်ကိုင်ဖက် ဟောင်းသစ်များက စကားစပ်မိတိုင်း မနားမနေ တိုက်တွန်းကြပါသည်။ ကျွန်တော်ကလည်း အကြောင်းတိုက်ဆိုင်သည့်အခါ အချင်းချင်း ပြောတာ ဆိုတာများ ရှိနေတတ်ပါသည်။ သို့သော် မှတ်တမ်းတင်ကာ ကိုယ့်အကြောင်း စာအုပ်ထုတ်ဖို့ရာအတွက်ကို ဝန်လေးနေတတ်ပါသည်။ ပြောရဆိုရသည့်အခါ နောင်လူနောင်သားများအတွက် ဆောင်ရန်၊ ရှောင်ရန်၊ အတွေ့အကြုံဖြင့် သင်ခန်းစာယူရန် အချက်များကို အရှည်ကြီး ပြောတာကို ဝါသနာစိတ်ပါရှိသော်လည်း၊ ရေးချတ် မှတ်တမ်းမှတ်ရာအနေဖြင့် ရေးရသည်ကို ဝန်လေးနေတတ်သည်မှာ အပြစ်လိုဖြစ်နေပါသည်။

ကျွန်တော် နောက်ဆုံး ကလေးမြို့ အကျဉ်းထောင်မှ လွတ်လာခဲ့ပြီး နေအိမ်အကျယ်ချုပ် (၅) နှစ်ကြာ နေရသော်လည်း ဘုရား၊ တရားစာနှင့် အခြား အင်္ဂလိပ်၊ မြန်မာစာ အချို့ ဖတ်ခြင်း၊ တီဗွီကြည့်ရှုခြင်းဖြင့် အချိန်ကုန်ခဲ့သည်။ ကျွန်တော်လက်ရေးဖြင့် ရေးထားသည့် ဖြစ်စဉ်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာများ မှတ်တမ်းဖြင့် အစီအစဉ်ဖြစ်ရပ်များကို မှတ်မိသလောက် ရေးသားခြင်းတို့ဖြင့် အချိန်ကုန်စေခဲ့ပါသည်။

ထို့နောက် RFA မှ ကျွန်တော့်အကြောင်း ပြောပြရန် အစီအစဉ်ဖြင့် အပတ်စဉ် တစ်ပတ်လျှင် တစ်ကြိမ် ဆက်သွယ် အသံသွင်းခြင်းကိစ္စ ပြုလုပ်ခဲ့သည်။ နှစ်နှစ်ခန့် အပတ်စဉ်လွှင့်ပေးခဲ့သည့် အချက်များကို စာရေးဆရာဖိုးချမ်း ဆိုသူက ကျွန်တော်တို့၏ ပြောကြားချက်များ မှတ်သားကူးယူထားသည်ကို စာအုပ်ထုတ်လိုသည်ဆို၍ RFA ရော ကျွန်တော်ကပါ သဘောတူသဖြင့် "ပြည်သူဘက်က ဗိုလ်ချုပ်ကြီး" စာအုပ်ငယ်တစ်အုပ် ထွက်ဖူးပါသည်။ စာအုပ်ငယ်တစ်အုပ်ဖြစ်၍ ကျွန်တော်တို့ ပြောမည့် အကြောင်းအရာများထဲက ကောင်းနိုးရာရာသာဖြစ်သည့် စာစုကိုသာ ထုတ်ခဲ့ပါသည်။ ယခု နောက်ထုတ်သည့် စာအုပ်အတွက် အတန်ငယ် ဖြည့်စွက်လိုက်သဖြင့် ပြည့်စုံတန်သလောက် ပြည့်စုံခဲ့ပါသည်။

ပြည်သူ့ဘက်က ဗိုလ်ချုပ်ကြီးဟူသော အမည်နာမကို စတင်ခေါ်ဆို သုံးစွဲပေးလိုက်သည့် RFA မီဒီယာ အသံလွှင့်ဌာနကို ကျေးဇူးတင်ပါသည်။ ထပ်လောင်း ထွက်လာသည့် စာအုပ်ငယ်တွင် အသုံးပြုလိုက်သော စာရေးဆရာ ဖိုးချမ်းကိုလည်း ကျေးဇူးတင်ရပါသည်။ ကျွန်တော် အထူးအလေးအနက် ကျေးဇူးတင်ရသည့် ပုဂ္ဂိုလ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်စ ကာလကတည်းက ပြည်သူတို့ ဆုံးရှုံးနေသည့် လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးကို ပိုင်ဆိုင်ခွင့်ရှိသည့် ပြည်သူတို့၏ လက်ဝယ်သို့ ပြန်လည် **ရောက်ရှိ ခံစားရအောင်** ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ဖြင့် တည်ထောင်ခဲ့သည့် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို** အတူတကွ တည်ထောင်ပြီး **ဦးဆောင်မှုပေးကာ** ပြည်သူတို့ဘက်က ဦးဆောင်ရပ်တည် ဆောင်ရွက်ခဲ့သူ ဒေါ်အောင်**ဆန်းစု**ကြည်အား အားပေးကူညီဆောင်ရွက်နေသူ၊ ပြည်သူတို့ဘက်က **အတူတကွ** ပါဝင်နေသူ ဖြစ်သောကြောင့် ဖြစ်ပါသည်။

စာအုပ်ထုတ်**ရန် စိတ်**ပါသလို ဖြစ်လာနေစဉ် ဦးစိုးဝင်း (အဖွဲ့ချုပ်၊ ဗဟိုစီးပွားရေးရာနှင့် **သုတေသနရေးရာအဖွဲ့**ဝင်) က နိုင်ငံတော် ခေါင်းဆောင်ကြီးများ၏ **အတ္ထုပ္ပတ္တိ** ရေးသားရာ၌ ထင်ရှားသူ ဝါရင့်စာရေး



ဆရာကြီး တက္ကသိုလ်စိန်တင်အား မိတ်ဆက်ပေးခြင်းဖြင့် လွန်ခဲ့သော တစ်နှစ်ကျော်ခန့် အလုပ်များကြသည့်အထဲမှ ရနိုင်သလောက် အချိန်ယူကာ ငယ်စဉ်ဘဝမှစ၍ ကျွန်တော့်အကြောင်းများကို ပြုစုပြီး စိတ်အားထက်သန် စိတ်ရှည်လက်ရှည် ကြိုးစားပမ်းစားပြုစုခြင်းဖြင့် စာအုပ်တစ်အုပ်ဖြစ်သို့ ရောက်ရပါသည်။ ထုတ်ဝေသင့်သည့်မှာ ကြာလှပြီဖြစ်သော်လည်း ကျွန်တော်ဖက်က လိုအပ်ချက်ကို ဖြည့်ဆည်းရန် နှေးကွေးသဖြင့် နောက်ကျမှ ထုတ်ဝေနိုင်သည်ကို နားလည်ပေးကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျွန်တော့်မှာလည်း ၁၉၇၆ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် တပ်မတော်မှ အနားယူရပြီး နောက်ပိုင်း တပ်မတော်မှ မည်သည့် အဆက်အသွယ်ကိုမျှ မလုပ်ရ၊ မပြုရဲအောင်ဖြစ်ကြရသဖြင့်လည်းကောင်း၊ မိမိနှင့် ပတ်သက်သည့် အကြောင်းအရာ၊ စာရွက်စာတမ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပတ်သက်သည့် ကိစ္စအားလုံးကို ဖျောက်ပစ်၊ ဖျက်ပစ်လိုက်သည်တို့က တစ်ကြောင်းနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗမာ့ကာကွယ်ရေးတပ်မတော်သို့ တပ်သားဘဝမှ နောက်ဆုံး တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး တာဝန် ထမ်းဆောင်ခဲ့ရသည့်အချိန်တွင်း စစ်မီးကြောင့် ပျက်စီးခဲ့ရသည့် စာတမ်းအမှတ်အသားနှင့် နောက်ပိုင်း အဆင့်ဆင့် တာဝန်ထမ်းဆောင်ရသည့် အကြောင်းနှင့် ပတ်သက်သည့် ကိုးကားရှာဖွေနိုင်ရန် ပတ်သက်သည့် အချက်အလက်များ မရှိနိုင်တော့သဖြင့် မှတ်မိရသမျှ အကြောင်းများကိုသာ ပြောနိုင်ပါသည်။ ထို့ကြောင့် အချို့ အချက်အလက်များ၊ အချိန်အခါ အကြောင်းအရာများ ရှေ့နောက် မပြေမပြစ်ဖြစ်သည်တို့ အနည်းငယ်ရှိကောင်း ရှိနိုင်သည်ကိုလည်း တတ်နိုင်သလောက် မှန်ကန် အဆင်ချောအောင် ကြိုးစားထားပါသည်။

ပထမ တာဝန်မှ အနားယူရသည့်အခါ စိတ်လှုပ်ရှားမှုများဖြစ်စဉ်က အချို့အချက်များကို တတ်နိုင်သလောက် ဖယ်ရှားပြီး ယခု ဤစာအုပ်ထုတ်ချိန်တွင် ရှေ့တွင် နိုင်ငံတော်အခြေအနေသည် တိုးတက်ကောင်းမွန်၊ အေးချမ်းတည်ငြိမ်၊ သဟဇာတ ဖြစ်နိုင်စေရေးအတွက် စာရေးဆရာကြီး တက္ကသိုလ်စိန်တင်၏ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ထောင်ရေးကို စိတ်အားထက်သန်သော စေတနာဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုပြီး မိမိကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သော အရေးအသားပညာဖြင့် စာအုပ်ကောင်းတစ်ခု ဖြစ်စေရန် ပြုစု ရေးသား ထုတ်ဝေခြင်း ပြုထားပါသည်။

ဤစာအုပ်တစ်အုပ် ဖြစ်မြောက်စေရန် အစဉ်အမြဲတမ်း တိုက်တွန်း အားပေးနေသော ဇနီး ဒေါက်တာ ဒေါ်တင်မိုးဝေ၊ သားကြီး မောင်သန့်ဇင်ဦး တို့နှင့်တကွ တပည့်၊ သားမြေး၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များ အားလုံး ကို လည်းကောင်း၊ တပ်မတော်တာဝန်မှ အနားယူပြီးနောက် စီးပွားပျက်၊ ဘဝပျက်၊ ဒုက္ခမှန်သမျှ မျှဝေခံစားရင်း၊ တာဝန်မပျက်၊ စိတ်ဓာတ်ကြံ့ခိုင် စွာဖြင့် ကျွန်တော့်ဇနီး ဒေါက်တာဒေါ်တင်မိုးဝေ တစ်ဦးတည်း အိမ်ထောင် တစ်ခုကို ဆက်လက်ဦးစီး၍ ကူညီထူထောင်လျက် ဒုက္ခပေါင်းစုံ ကိုယ် ရောစိတ်ပါ ကြမ်းတမ်း ခံစားရသည်တို့ကို ကြံ့ကြံ့ခံကာ၊ ယနေ့ အခြေ အနေမှန်ရောက်အောင် ဆောင်ရွက်ပေးလာသည့် ကျေးဇူးကို တုန့်ပြန်သော အားဖြင့် မိမိဘဝကောက်ကြောင်း၊ ဘဝတစေ့တကြောင်း စာအုပ်တစ်အုပ် ဖြင့် ကြိုးစား ထုတ်ဝေလိုက်ရပါကြောင်း။

*တိုင်းရင်းသားပြည်သူတို့၏ ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော် ကို စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်ကြပါစေ။*



ဦးတင်ဦး
နာယက၊ သဘာပတိအဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

*ရက်စွဲ - ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်။*

# တပ်မတော်၏ ရှားပါးလှသော ဒီမိုကရေစီသားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့

## (သို့မဟုတ်)

## သူရ ဦးတင်ဦး

### စာရေးသူ တက္ကသိုလ်စိန်တင်၏ အမှာစာ

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် နိုင်ငံရေးအရှုပ်အထွေး၊ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့သည့်အခါတိုင်း ထိုနိုင် ငံရေး အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက် စည်းရုံးသွားနိုင်သော ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွက်လာမြဲဖြစ်၏။ ကြည့်ပါ။

ပုဂံနိုင်ငံတော်၌ အယူမှားသော အရည်းကြီး ရဟန်းတု ရဟန်းယောင် များ ကြီးပွားထွန်းကားနေသော ခရစ် ၁၀၄၄ ခုနှစ်တွင် နိုင်ငံရေးဖြင့် စစ် မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံတော်အဖြစ် ဦး ဆောင်၍ ပြိုကွဲပျက်စီးနေသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့ကို စုစည်းကာ ကျယ်ပြန့်စည်ကားသော ပုဂံလက်နက်နိုင်ငံတော်ကြီး တည်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပေးမည့် အနော်ရထာမင်း ပေါ်ပေါက်လာသည်။ ပထမမြန်မာနိုင်ငံတော်။

တောင်ငူခေတ်တွင် မင်းတရားရွှေထီးဘုရင် လုပ်ကြံခံရပြီးနောက် နိုင်ငံတော်ကြီး ဝါးအစည်းပြေသည့်နှယ် အမှန်တကယ် ပြိုလဲလုနီးနီးအချိန်၌ ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီးသည် ကျယ်ပြန့် ခိုင်တည်သော နိုင်ငံတော်ကြီးကို တည်ဆောက်လာနိုင်သည်။ ဒုတိယ မြန်မာနိုင်ငံတော်။

စည်းလုံးညီညွတ်မှု ပြိုကွဲနေသော မြန်မာနိုင်ငံအား မုဆိုးဖိုရွာမှ ထန်းလုံးတပ်နှင့် ပြတ်ပြတ်သားသား ကြံ့ကြံ့ခံကာ နိုင်ငံတော်ကြီး တည်ထားနိုင်သော ဦးအောင်ဇေယျ ပေါ်ထွန်းခဲ့သည်။ တတိယ မြန်မာနိုင်ငံတော်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် မန္တလေးရတနာပုံ နေပြည်တော်ကြီးကို နယ်ချဲ့ဗြိတိသျှအစိုးရစစ်တပ်များက ချိုတက်တိုက်မိုက်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတော်မှာ သူ့ကျွန်ဘဝရောက်ခဲ့၏။ မြန်မာ့လွတ်လပ်ရေးကို မြန်မာတို့လက်ထဲပြန်ရောက်ရန် သက်စွန့်ကြိုးပမ်းထမ်းဆောင် အောင်မြင်ခဲ့သော သူရဲကောင်းတစ်ဦး ပေါ်ပေါက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် စတုတ္ထမြန်မာနိုင်ငံတော်။

(၂)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြီး ကမ္ဘာသို့ ကြေညာနိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီး (၁၄) နှစ်အကြာတွင် စစ်အာဏာရှင်စနစ်ဖြင့် စိုးမိုးအုပ်ချုပ်မည့် တော်လှန်ရေးကောင်စီအစိုးရပေါ်ပေါက်လာသည်။ ပြည်သူတို့မှာ ၁၉၆၂ မှ ၁၉၈၈ ခုနှစ်များအတွင်းတွင် စစ်အာဏာရှင်တို့၏ လက်အောက်၌ ဒုက္ခဆင်းရဲရောက်၊ ဘဝပျက်၊ ဘဝပျောက်ခဲ့ကြသည်။ ရက်စက်သော မောင်းပြန်သေနတ်ကိုင် စစ်သားတို့၏ မျက်နှာကိုပင် ရဲရဲမကြည့်ဝံ့။ အကျဉ်းထောင်ပို့လည်းခံ၊ သေနတ်နှင့် ပစ်သတ်လည်း ပြန်မပြောဝံ့၊ လကွယ်နေသည့် သန်းခေါင်ယံတွင် မှိုင်းမှောင်ကျနေသော တောနက်ကြီးထဲ၌ ပြည်သူတို့ လမ်းပျောက်နေကြသည်။

ဤအချိန် ဤကာလတွင် ၁၉၈၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သည် ရှစ်လေးလုံး အရေးတော်ပုံကြီး၌ ပြည်သူတို့ အားကိုးအားထားပြုနိုင်မည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ပေါ်ထွက်လာသည်။ ပြည်သူ့အသည်းနှလုံးကြားထဲက ရဲရဲတောက် သူရဲကောင်း ဒေါ်အောင်ဆန်းစုကြည်။



စစ်အစိုးရအဆက်ဆက်သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်တော့မှ မမေ့နိုင်ကြပေ။ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မိမိတို့ဘဝကို စစ်အာဏာရှင်တို့လက်အောက်မှ လွတ်မြောက်အောင် ကယ်တင်စောင့်ရှောက်ပေးနိုင်လိမ့်မည်ဟု ပြည်သူလူထုကလည်း အခိုင်အမာ ယုံကြည်ထားခဲ့သည်။

မြန်မာပြည်သူတို့ ကံထူးသည်မှာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နောက်မှ ထက်မြက်ရဲရင့်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးပေါ်ထွက်လာသည်ကို ပိုင်ဆိုင်ခွင့်ရခြင်းပင်ဖြစ်သည်။ အငြိမ်းစား ဗိုလ်ချုပ်ကြီး သူရ ဦးတင်ဦးတည်း။

သူရဦးတင်ဦးသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်မှ ထပ်ချပ်မကွာ လိုက်ပါလာသော တပ်မတော်အဆင့်မြင့်အရာရှိကြီး (ငြိမ်း) ဖြစ်သည်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက ဖိနှိပ်တိုက်ခိုက် အန္တရာယ်ပြုသည့်အခါတိုင်း သူရဦးတင်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယခေါင်းဆောင်တစ်ဦးအဖြစ် လိုက်ပါမြဲဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်၊ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကြည်ရွာ၌ မသေကောင်းမပျောက်ကောင်း ကြုံခဲ့ရသည့် လူသတ်ပွဲ အရေးအခင်းကြီးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူပါသည့် အခြား ကားတစ်စင်းထဲမှ သူရဦးတင်ဦးသည် အကြမ်းဖက် လူရမ်းကားတို့၏ ရိုက်နှက်၊ ထိုးကြိတ်၊ ထုထောင်း အန္တရာယ်ပြုသည့် အန္တရာယ်ကို အကြီးအကျယ်ခံခဲ့ရသည်။ နောက်ဆုံးတွင် ဒေါ်အောင်ဆန်းစုကြည်လည်း အင်းစိန်ထောင်သို့ရောက် သူရဦးတင်ဦးသည်လည်း နှစ်ပေါင်းများစွာပင် စစ်အစိုးရ၏ အကျဉ်းသားဘဝတွင် ကျင်လည်ချုပ်နှောင်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ချစ်စွာသော စာရှုသူခင်ဗျား။

ယခု စာရှုသူ၏ လက်ထဲသို့ ရောက်နေသော **“မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရ ဦးတင်ဦး”** စာအုပ်သည် စင်စစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုနောက်တွင် ထပ်ချပ်မကွာ လိုက်ပါလာသော သူရဦးတင်ဦး၏ ဒီမိုကရေစီရေးလှုပ်ရှားမှု မြင်ကွင်းများ မပါဝင်သေးပါ။

မကြာမီ ဆက်တိုက်ထွက်ပေါ်လာမည့် **“မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး”** စာအုပ် ဒုတိယတွဲတွင်မှသာ သူရဦးတင်ဦး၏ ဒီမိုကရေစီရေး လှုပ်ရှားမှုများကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း ဖတ်ရှုနိုင်ကြမည် ဖြစ်ပါသည်။

ဤအမှာစာကို နိဂုံးမချုပ်မီ စာရေးသူတင်ပြလိုသော အဓိကအချက်မှာ သူရဦးတင်ဦးသည် ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ခဲ့သည့် မြန်မာ့တပ်မတော်ကြီးကို ဒီမိုကရေစီလမ်းကြောင်းက ဗီလာဆန့်ကျင် ဖျောက်လှမ်းချင်ကြသော လက်တစ်ဆုပ်စာ စစ်အာဏာရှင်တို့အထဲမှ ရှားရှားပါးပါး ထွက်ပေါ်လာသော ဒီမိုကရေစီးဘက်တော်သား ရှာမှာရှားသည့် **“သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်ရေ”** ဖြစ်ကြောင်းပင်။

ဤအမှာစာ၏ အစပိုင်း၌ ဖော်ပြခဲ့သလို မြန်မာနိုင်ငံသည် နိုင်ငံရေးအရှုပ်အထွေး အကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့သည့်အခါတိုင်း နိုင်ငံရေးခေါင်းဆောင်တစ်ဦး ပေါ်ထွက်လာမြဲဖြစ်သည်။ သို့သော် နှစ်ပေါင်း (၅၀) ကျော် စစ်အာဏာရှင်တို့၏ ရက်စက်မှုအပေါင်း သရဖူဆောင်းသည့် အတွေ့အကြုံများနှင့် ရင်ဆိုင်ရသည့်အချိန်၌ မြန်မာပြည်သူလူထုသည် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းသာ မဟုတ်ဘဲ နောက်မှထပ်ချပ်မကွာ လိုက်ပါလာသော ခေါင်းဆောင်တစ်ဦးကို တွေ့မြင် ပိုင်ဆိုင်ရပြီဖြစ်သည်။ အသက်အရွယ်အားဖြင့် (၉၀) နီးနေသော ထိုပုဂ္ဂိုလ်မှာ သူရဦးတင်ဦးပင်ဖြစ်သည်။ ယခုအခါ သူရဦးတင်ဦးသည် မြန်မာ့နိုင်ငံရေးခရီး၌ တစ်ဦးတည်းသော စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံ



များဖြင့် ရင့်ကျက်နေသော ခေါင်းဆောင်တစ်ဦးဖြစ်သလို ပြည်သူလူထုကို ဒီမိုကရေစီပန်းတိုင်အထိ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ စည်းရုံး ဦးဆောင်သွားမည့် ခေါင်းဆောင်တစ်ဦးဖြစ်နေကြောင်းမှာ ယုံမှားသံသယရှိဖွယ် မမြင်ပေ။

သူရဦးတင်ဦး၏ ဒီမိုကရေစီရေး ကြိုးပမ်းမှုခရီးကို ပြီးခဲ့သော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး၌ အောင်ပွဲခံ မြန်မာနိုင်ငံ ပြည်သူလူထု တွေ့မြင် လေ့လာသုံးသပ် ဝေဖန်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီခရီး၌ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုနှင့်အတူပင် အစဉ်လိုက်ပါလျက်ရှိသော သူရဦးတင်ဦး အသက်ရာကျော်ရှည်ပါစေကြောင်း မေတ္တာမွန်ဖြင့် ဆုတောင်းမှု ပြုရပေသည်။

တက္ကသိုလ် စိတ်တင်

၃၁- ၁ - ၂၀၁၆

www.burmeseclassic.com




ဖခင်ဦးမောင်ကြိုင်



မိခင်ဒေါ်မြတင်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဘဝ။ [၁၉၈၀]




ဗိုလ်ချုပ်ကြီး [ကာကွယ်ရေးဦးစီးချုပ် - ၁၉၇၅ - ၁၉၇၆]

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရေးတပ်(BRC)-မေမြို့ သင်တန်းဆရာများနှင့်အတူ။(၁၉၄၆)



ပုသိမ်မြို့ နေရှင်နယ်အထက်တန်းကျောင်း/ဗဟိုအမျိုးသား အထက်တန်းကျောင်း။
[ယခုအမှတ် - ၂ အစိုးရအထက်တန်းကျောင်း]ပင်နီလူငယ်အဖွဲ့။(၁၉၃၇ - ၃၈)

www.burmeseclassic.com


www.burmeseclassic.com



ဒုတိယဗိုလ်ဖြစ်စ၊မေမြို့၌
အရာရှိသင်တန်းတက်ရောက်စဉ် [၁၉၄၆]



Singapore သ
ကျောင်းသွားရောက်တက်စဉ် [၁၉၄၇




ဖေယျူကျော်ထင်ဘွဲ့တံဆိပ်ကိုယ်စီနှင့်၊
ဒုတိယဗိုလ်မှူးကြီး ခင်ဇာမောင်နှင့်အတူ၊ [၁၉၅၄]




ဒုတိယတပ်ရင်းမှူးဗိုလ်မှူးဘဝ၊ ဗိုလ်မှူးကြည်ဟန်နှင့်အတူ၊
ဗိုလ်မှူးကြည်ဟန်မင်္ဂလာဆောင်တွင်
သတို့သား အရံအဖြစ် လိုက်ပါစဉ် [၁၉၅၀]

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတ မန်းဝင်းမောင်မှ သူရဘွဲ့တံဆိပ် ချီးမြှင့်နေစဉ်။ (၁၉၅၅)




ဗိုလ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးဘဝ၊ သင်တန်းအမှတ်စဉ် (၁၈)၊
ကျောင်းဆင်းဒုတိယဗိုလ်များနှင့်အတူ (၁၉၅၆ - ၅၇)

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ချန်ယီကိုယ်တိုင်
ပီကင်းလေဆိပ်တွင် ကြိုဆိုစဉ်။ (၁၉၆၄)



တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ချန်ယီနှင့်အတူ
ပီကင်းလေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေစဉ်။ [၁၉၆၄]



တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်
ချန်ယီ၏ ဂုဏ်ပြုဧည့်ခံပွဲ၌တွေ့ရစဉ်။ (၁၉၆၄)

www.burmeseclassic.com


www.burmeseclassic.com



[ ၁၅ နှစ်မြောက် တရုတ်လွတ်မြောက်ရေး အခမ်းအနားညတွင်ဥက္ကဋ္ဌကြီးမော်စီတုံး၏ ညစာစားပွဲ၌ တွေ့ရစဉ်။ ( ၁၉၆၄ ]



တရုတ်ပြည်သူ့သမ္မတနိုင်ငံ
သရုပ်ပြ လေသူရဲများနှင့်အတူ တွေ့ရစဉ်။ [၁၉၆၄ ]



တရုတ်ပြည်သူ့သမ္မတနိုင်ငံ
သရုပ်ပြ လေသူရဲခေါင်းဆောင်အား နှုတ်ဆက်နေစဉ်။ [ ၁၉၆၄ ]

www.burmeseclassic.com

www.burmeseclassic.com



၁၅ နှစ်မြောက် တရုတ်လွတ်မြောက်ရေး အခမ်းအနား
ဝန်ကြီးချုပ်ချောင်အင်လိုင်၏ညစာစားပွဲ၌ တွေ့ရစဉ်။ [ ၁၉၆၄ ]



၁၅ နှစ်မြောက် တရုတ်လွတ်မြောက်ရေး အခမ်းအနား
တရုတ်ခေါင်းဆောင်များနှင့်အတူ ညစာစားပွဲ၌ တွေ့ရစဉ်။ [ ၁၉၆၄ ]



ဂျပန်ဘုရင်နှင့်တွေ့ဆုံရန် ဘုရင့်နန်းတော်ရိပ်သာတွင်
ဗိုလ်ချုပ်သောင်းဒန်နှင့်အတူတွေ့ရစဉ်။ [ ၁၉၆၆ ]




တောင်ပေါ်ကရင်ခေါင်းဆောင်များနှင့် ပဲခူးရိုးမ တွေ့ဆုံပွဲအပြီး။ [ ၁၉၇၀ ]

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှူးကြီးဘာဝပြည်ထောင်စုနေ့ အခမ်းအနား။



စစ်တက္ကသိုလ်သင်တန်း အမှတ်စဉ်(၁၄)ကျောင်းဆင်းပွဲ အခမ်းအနား။ [၁၉၇၂]



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်
ဝပလီရောက်ရှိလာရာ ကြိုဆိုနုတ်ဆက်သူများနှင့်အတူတွေ့ရသည့်
အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကြီးဘာဝ၊




စစ်တက္ကသိုလ်သင်တန်း အမှတ်စဉ်(၁၄)ကျောင်းဆင်းပွဲ အခမ်းအနား။ [၁၉၇၂]

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်တော်လှန်ရေးနေ့နှစ်ပတ်လည်၊ တော်လှန်ရေးရဲဘော်ဟောင်းများ ပြန်လည်တွေ့ဆုံပွဲ။ [ ဗိုလ်ချုပ်ပန်းခြံ - ၁၉၇၁ - ၇၂ ]



ကာကွယ်ရေးဦးစီးချုပ်ဘဝ၊ သံတမန်ဧည့်ခံပွဲတွင် သံတမန်များနှင့်အတူတွေ့ရစဉ်။ [ ၁၉၇၄ ]



ဒုတိယ ကာကွယ်ရေးဦးစီးချုပ်ဘဝ၊ လူရည်ချွန်များကို လက်မှတ်ရေးထိုးပေးနေစဉ်။ [ ၁၉၇၂ ]



ကာကွယ်ရေးဦးစီးချုပ်ဘဝ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲတွင် သံတမန်များအားနှုတ်ဆက်နေစဉ်။ [ ၁၉၇၄ ]

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည် ဒေါက်တာ တင်မိုးဝေ။



ဧလေးလုံးအရေးတော်ပုံ၊ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌
လူထုအား ဟောပြောနေစဉ်။ (ဩဂုတ် - ၂၇ ရက်၊ ၁၉၈၈)



ဧလေးလုံးအရေးတော်ပုံအတွင်း လူထုဟောပြောပွဲတစ်ခု။ (၁၉၈၈)



အင်းစိန်ထောင်တွင် (၁၀)နှစ် ဖမ်းဆီးခံရစဉ် အမေရိကန်
ကွန်ဂရက်လွှတ်တော်အမတ်နှစ်ဦး လာရောက်တွေ့ဆုံစဉ်။ (၁၉၉၄)

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၏ ဓားကို
ထုတ်၍ ဓားဖြင့် အလေးပြုပုံကို
ဒေါ်အောင်ဆန်းစုကြည်
မြင်ဖူးအောင် သရုပ်ပြနေစဉ်။



ဒေါ်အောင်ဆန်းစုကြည်၊ဦးဝင်းတင်
တို့နှင့်အတူ။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ
ဦးအောင်ရွှေနှင့်အတူ။ (၁၉၉၅)



ဒေါ်အောင်ဆန်းစုကြည်၏သား၊ မောင်ထိန်လင်း
လာရောက်ကန်တော့စဉ် ဆုံးမပေးနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်၏အသက်(၇၀)ပြည့်မွေးနေ့ပွဲတွင် အမှတ်တရ
လက်မှတ်ရေးထိုးနေစဉ်။ (၂၀၁၂)



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမစ္စဟီလာရီကလင်တန်းသံအမတ်ကြီး
မစ္စတာဒေးရစ်မစ်ချယ်၊ဒေါ်အောင်ဆန်းစုကြည်၊
ဦးဝင်းတင်တို့နှင့်အတူ တွေ့ရစဉ်။ (၂၀၁၂)

## မာတိကာ


အခန်း (၁)။ ကာကွယ်ရေးဦးစီးချုပ်လောင်း
စစ်သားကလေးတစ်ဦး မွေးဖွားခြင်း ၁

အခန်း (၂)။ ဗဟိုအမျိုးသားအထက်တန်းကျောင်း
ကျောင်းသားဘဝအစ ၁၃

အခန်း (၃)။ ၁၃၀၀ ပြည့် အရေးတော်ပုံနှင့်
ဗိုလ်အောင်ကျော် ကျဆုံးခြင်း ၂၁

အခန်း (၄)။ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာပြီ ၃၃

အခန်း (၅)။ တပ်မတော်သားကောင်းတစ်ယောက်ဘဝကို
ရအောင် ယူတော့မည် ၄၅

အခန်း (၆)။ ဂျပန်ခေတ် စစ်တက္ကသိုလ် တတိယပတ်
ဗိုလ်သင်တန်းကျောင်းသို့ ၅၅

အခန်း (၇)။ တပ်ကြပ်မောင်ထူး ဗိုလ်မြင့်ဦးနှင့်
မြင်းစီးရာဝယ် ရွှေလုံးပယ်လော့ ၆၇

အခန်း (၈)။ ဂျပန်စစ်သားတို့နှင့် ပဋိပက္ခဖြစ်၊
ဗိုလ်မှူးရန်နိုင်၏ မှတ်သားဖွယ် ဆုံးမစကား ၈၁

အခန်း (၉)။ ဗိုလ်မှူးကြီး ဗထူးတပ်သို့ တာဝန်ပေး၍
မန္တလေးသို့ ခရီးဆက်ခဲ့ပြီ ၉၁

အခန်း (၁၀)။ အနီးကပ်ဆုံးရန်သူကို ရှာပြီး တိုက်ကြ ၁၀၇

အခန်း (၁၁)။ လေထီးဆင်း ရဲဘော်များကို သွားကြိုစဉ်
ညဥ့်မှောင်မှောင်မှာ အပြန်လမ်းရှာမတွေ့ ၁၁၇

အခန်း (၁၂)။ ရိုးရာသကြံန်မှာ ရွာသူအပျိုတစ်စုက
ကြိုးချည်ချုပ်နှောင် ရေလောင်းခံရသော
လူပျိုကြီး စစ်ဗိုလ် ၁၂၇


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အခန်း (၁၃)။ ဗမာ့တပ်မတော်နှင့် ဗြိတိသျှတပ်တို့ အထင်အမြင်မှားခဲ့သော တိုက်ပွဲ | ၁၃၅ |
| အခန်း (၁၄)။ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် သခင်သန်းထွန်းနှင့် တွေ့ခဲ့စဉ်က | ၁၄၃ |
| အခန်း (၁၅)။ ဗိုလ်ချုပ်အောင်ဆန်းကို နောက်ဆုံးအကြိမ် တွေ့ဆုံ အလေးပြုရခြင်း | ၁၈၁ |
| အခန်း (၁၆)။ စင်ကာပူသို့ စစ်ပညာသင်ရန် သွားခဲ့စဉ်က | ၂၀၁ |
| အခန်း (၁၇)။ ယိုယွင်းလာသော မြန်မာပြည်နိုင်ငံရေး | ၂၁၉ |
| အခန်း (၁၈)။ မိတ္ထီလာမြို့ကို ကေအင်ဒီအို သိမ်းပြီ | ၂၂၇ |
| အခန်း (၁၉)။ ပြင်းထန်သော မေမြို့အနီးစခန်းတိုက်ပွဲ | ၂၃၅ |
| အခန်း (၂၀)။ ဗြိတိသျှ ယူနီယံဂျက် အလံထူ၍ ရန်သူကြားမှ လွတ်မြောက်ခဲ့ခြင်း | ၂၄၇ |
| အခန်း (၂၁)။ ဗိုလ်ချုပ်အောင်ဆန်း စီစဉ်ခဲ့သော မူလ ပြည်ထောင်စုတပ်မတော် | ၂၅၉ |
| အခန်း (၂၂)။ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးစဝ်ခွန်ချိုနှင့် ရှမ်းတပ်ရင်း | ၂၇၇ |
| အခန်း (၂၃)။ အလံနီသခင်စိုး ဗိုလ်ကျနေသော ပေါက်မြို့သို့ ချီတက်ခဲ့ပြီ | ၂၈၇ |
| အခန်း (၂၄)။ ရဲဘော်သုံးကျိပ် ဗိုလ်ရန်အောင် အရှုံးကြီး ရှုံးသော တိုက်ပွဲ | ၂၉၉ |
| အခန်း (၂၅)။ ရဲဘော်သုံးကျိပ် ဗိုလ်တောက်ထိန်နှင့် ဖဆပလ သခင်ကြည်ရှိန်တိုက်ပွဲ | ၃၀၇ |
| အခန်း (၂၆)။ ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် နေကြာစခန်းတိုက်ပွဲ | ၃၂၉ |
| အခန်း (၂၇)။ အသက်စွန့်လွှတ်၊ စွန့်စားတိုက်ရသော ပင်လယ်ဘူးတိုက်ပွဲ | ၃၅၁ |
| အခန်း (၂၈)။ ရန်သူ့ကျည်ဆန်ထိမှန်သော လက်ဖက်ခြောက်ပုံးလေယာဉ် | ၃၆၅ |
| အခန်း (၂၉)။ စစ်ဆင်ရေးကြီး ပြင်ဆင်မှုနှင့် ဗိုလ်မှူးချုပ်ကျော်ဇော | ၃၈၃ |
| အခန်း (၃၀)။ ဗိုလ်မှူးချုပ်မောင်မောင်နှင့် စစ်သံမှူးများ တက်ရောက်သော တရုတ်ဖြူတိုက်ပွဲ လေ့ကျင့်ခန်း | ၃၉၅ |
| အခန်း (၃၁)။ မိုင်းဆတ် တရုတ်ဖြူ ဌာနချုပ်ကို တပ်မတော်က ဖြိုချလိုက်ပြီ | ၄၀၇ |
| အခန်း (၃၂)။ မိုင်းဆတ် လေယာဉ်ကွင်းသို့ ထိုးဆင်းလာသော ရန်သူ တရုတ်ဖြူလေယာဉ် | ၄၁၇ |
| အခန်း (၃၃)။ ဗမာနတ်နှင့် ရှမ်းနတ်တို့ တန်ခိုးပြိုင်ကြသည့် ထူးဆန်းသောဖြစ်ရပ် | ၄၂၅ |
| အခန်း (၃၄)။ ယိုးဒယားသွား မြန်မာစစ်မစ်ရှင် ဗိုလ်ချုပ်အောင်ကြီး နှင့် ဗိုလ်ချုပ်ကျော်ဇော | ၄၃၃ |
| အခန်း (၃၅)။ ဒေါင်းဖိုမ မောင်နှံကိုပစ်မိပြီး သေကံမရောက် သက်မပျောက်ခဲ့သည့် တိုက်ပွဲမှာ ဒဏ်ရာရခြင်း | ၄၄၁ |
| အခန်း (၃၆)။ ကာကွယ်ရေးဦးစီးချုပ်က တပည့်ဗိုလ်တင်ဦးကို အိမ်ထောင်ပြုရန် အမိန့်ပေးခြင်း | ၄၄၇ |
| အခန်း (၃၇)။ ရဲဘော်ဖြူဗိုလ်ဂါမဏီနှင့် စိန်ဓားမြှောင်ဘွဲ့ခံ အမျိုးသမီးဆရာဝန် | ၄၅၉ |
| အခန်း (၃၈)။ ကာကွယ်ရေးဝန်ကြီး ကျားကြီးဗဆွေနှင့် ဖဆပလ ဦးကျော်ငြိမ်းတို့က စစ်တပ်ကို ဖိအားပေးခြင်း | ၄၆၃ |
| အခန်း (၃၉)။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ခါးကို ဖက်၍ငိုရင်း ကယ်တော်မူပါဟု ပြောသည့် သမခန်း ရှမ်းစော်ဘွား | ၄၇၁ |
| အခန်း (၄၀)။ စစ်တပ်က သေနတ်ဖောက်နေစဉ် မကြောက်မရွံ့ဘဲ နီတယ်ဟော့ အော်ပြီး မဲဆန္ဒပေးရန်လာသော ပြည်သူများ | ၄၇၇ |
| အခန်း (၄၁)။ ချုံခိုတိုက်ပွဲမှာ အသက်ဆုံးရှုံးရှာသူ အမေရိကန်ပြန် ဗိုလ်မှူးထင်အောင် | ၄၈၇ |


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၄၂)။ တပ်မတော်နှင့် ရခိုင်သူပုန် ဗိုလ်ပေါက်သာကျော်
ဦးစိန္တာ၊ ဦးပညာသီဟ ၄၉၃

အခန်း (၄၃)။ မုန့်ဟင်းခါးဆိုင်ကို ပြည်သူပိုင် မသိမ်း၍
ရာထူးဖြုတ်သော စစ်တိုင်းမှူး ၄၉၇

အခန်း (၄၄)။ ပါကစ္စတန်နှင့် မြန်မာနယ်စပ်က ကျွန်းလှတိုက်ပွဲ ၅၀၅

အခန်း (၄၅)။ မြန်မာနိုင်ငံ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်
ပါကစ္စတန် သမ္မတ ဗိုလ်မှူးကြီး အယူ့တ်ခံတို့
ထိပ်တိုက်တွေ့စဉ် ၅၁၃

အခန်း (၄၆)။ တပ်မတော်ကို ပြည်သူတို့ မကြည်ညိုဟု
ဖော်ပြသော ၁၉၅၉ ခုနှစ် စစ်တမ်း ၅၂၃

အခန်း (၄၇)။ ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီးတွေကို ရာထူးဖြုတ်
အပြစ်ပေးခဲ့သော ကာကွယ်ရေးဦးစီးချုပ် ၅၃၃

အခန်း (၄၈)။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်
နှစ်ဦးကို အသေ ပစ်ဖမ်းခဲ့တဲ့ ရဲအုပ် ၅၄၉

အခန်း (၄၉)။ နေဝင်း စတင်းဂန်း မောင်းပြန်သေနတ်၏
သမိုင်းစဉ် ၅၅၅

အခန်း (၅၀)။ ရုပ်ရှင်မင်းသားစတိုင် ကရင်သူပုန်
ဗိုလ်လင်းထင် ၅၆၅

အခန်း (၅၁)။ မြန်မာ့နိုင်ငံရေးကို တပ်မတော်မှ
လက်နက်အင်အားဖြင့် လွှမ်းမိုးရန် ကြံစည်နေပြီ ၅၇၅

အခန်း (၅၂)။ စစ်တပ်က နိုင်ငံတော် အာဏာ သိမ်းတော့မည် ၅၈၁

အခန်း (၅၃)။ စစ်တပ်က အာဏာသိမ်းသည့်
ဗိုလ်ချုပ်ကြီး နေဝင်း ကြေညာချက် ၅၈၉

နောက်ဆက်တွဲ (၁)။ စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်မှတ်တမ်းများနှင့်
တက္ကသိုလ်စိန်တင်ပြုစုသော သူရဦးတင်ဦး
အတ္ထုပ္ပတ္တိ ၅၉၅

နောက်ဆက်တွဲ (၂)။ တရုတ်ဖြူတိုက်ပွဲ၊ ရန်ကြီးအောင်
စစ်ဆင်ရေး ၆၀၁


## အခန်း (၁)

## ကာကွယ်ရေးဦးစီးချုပ်ဟောင်း စစ်သားကလေးတစ်ဦး မွေးဖွားခြင်း

**တက္ကသိုလ်စိန်တင်**။ ။ ဒီနေ့ဟာ ၂၇.၉.၂၀၁၂ ဖြစ်ပါတယ်။ **မြန်မာ့ဒီမိုကရေစီခရီးနှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး သူရဦးတင်ဦး** စာအုပ်အတွက် မှတ်တမ်းတင် အသံသွင်းဖို့ ရန်ကုန်မြို့ ဇောဓိရိပ်သာလမ်း၊ အမှတ် ၃၀ ရှိ အငြိမ်းစားဗိုလ်ချုပ်ကြီး၊ ဓမ္မာစရိယ သူရဦးတင်ဦးအိမ်ကို တက္ကသိုလ်စိန်တင် ရောက်ရှိနေပါတယ်။ သူရဦးတင်ဦးက မွေးဖွားသည့်နေ့ကစလို့ နိုင်ငံတော်အတွက် အသက်ပေးထမ်းဆောင်ခဲ့ရတဲ့ ဘဝကို မှျတပြည့်စုံစွာ ပြောပြစေချင်ပါတယ် ခင်ဗျာ။

**သူရဦးတင်ဦး**။ ။ ကျွန်တော့်ကို ယခုလို စေတနာ မေတ္တာထားပြီးတော့ စာအုပ်ကောင်းတစ်အုပ်ထွက်ဖို့ ဆောင်ရွက်ပေးမယ့် **စာရေးဆရာကြီး တက္ကသိုလ်ဦးစိန်တင်** ကို ကျွန်တော်က များစွာ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွေ့အကြုံ အတ္ထုပ္ပတ္တိကို စာတစ်အုပ် ပြုစုရေးသားထုတ်ဝေဖို့ လာရောက်မေတ္တာရပ်ခံတာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျကျနန စာတစ်အုပ်လုပ်ပါတော့လို့ ကျွန်တော် မပြောခဲ့ဖူးပါဘူး။ အတိုအထွာကလေး၊ ဆောင်းပါးကလေးတွေတော့ ဟိုမှာ ဒီမှာ ရေးသားဖော်ပြခဲ့ကြတာတော့ ရှိခဲ့တာပေါ့လေ။ ထားပါတော့။

ယခုအခါမှာတော့ ကျွန်တော်က မြန်မာနိုင်ငံရဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသား လွတ်မြောက်ရေး၊ ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေး၊ မြန်မာ့လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်ရေး သမိုင်းခေတ်ဦးကစပြီး တောက်လျှောက် ပါဝင်ခဲ့တဲ့ အငယ်ဆုံး စစ်သည်တစ်ယောက်ပေါ့နော်။ အဲသည်လို ပါရှိလာခဲ့ပြီး ယခုဆိုလို့ရှိရင် တပ်ပိုင်းဆိုင်ရာအနေနဲ့၊ တပ်မတော်အနေနဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ထဲက အစဉ်အလာတွေကို ဆက်လက်ပြီးတော့ မှီလာခဲ့တဲ့ ပုဂ္ဂိုလ်အနေနဲ့ ကျွန်တော်တစ်ယောက်ပဲ ကျန်ရှိပါတော့တယ်။ သို့သော် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးများ ဖြစ်တဲ့ ရဲဘော်သုံးကျိပ်ဝင်များထဲက ပုဂ္ဂိုလ်တွေအနေနဲ့ ယခုအချိန်မှာ **ဗိုလ်ချုပ်ကျော်ဇော**[1] နဲ့တကွ **ဗိုလ်မှူးရဲထွဋ်** နှစ်ဦးပဲ။ အသက် ရှည်ကျန်တယ်။ ဗိုလ်မှူးရဲထွဋ်ဆိုရင်လည်း သိပ်ပြီး ကျန်းကျန်းမာမာ မရှိ တော့ဘူး။ နောက်ပြီးတော့ ကျွန်တော်များစွာ ချစ်မြတ်နိုးတဲ့၊ များစွာ လေးစား ကြည်ညိုတဲ့ စိတ်ထဲမှာ တမြတ်တနိုးထားတဲ့ ဗိုလ်ချုပ်ကျော်ဇောပေါ့နော်။ ဗိုလ်ချုပ်ကျော်ဇောကလည်း ယခုအခါမှာ တရုတ်ပြည်ကို ရောက်ရှိနေပြီး အသက်အရွယ်လည်း ကြီးရင့်အိုမင်းနေရှာပြီ။ ကောင်းစွာလည်း မကျန်းမမာ လှဘူးလို့ ကြားသိနေရတယ်။ (ဤစာရေးသည့်နေ့တွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၊ တရုတ်ပြည်တွင် ကွယ်လွန်ခဲ့ရှာသည်မှာ ၃ လကျော်ခန့် ရှိခဲ့ပြီ၊ စာရေးသူ)

ယခု ကျွန်တော်ဘဝမှာ မှတ်မိသမျှ ပြောနိုင်သမျှကို ပြောပြပါ့မယ်။

ကျွန်တော့်ကို ပုသိမ်မြို့ ဗိုက်ကြီးတန်းလမ်းမှာ အဖ ဦးမောင်ကြိုင်၊ အမိ ဒေါ်မြတင်တို့က မွေးခဲ့တဲ့ သားသမီး ၆ ဦးတွင် အကြီးဆုံးသား ကြီး ဖြစ်ပါတယ်။ ကျွန်တော့်ကို ခရစ် ၁၉၂၇ ခုနှစ်၊ မတ်လ ၁၂ ရက် နေ့မှာ ညနေ ၂ နာရီနဲ့ ၄ နာရီကြားမှာ မွေးဖွားခဲ့ပါတယ်လို့ အမေက အဲဒီလို ပြောပါတယ်။

## သားဦး စနေ

အဲဒီ ခရစ်နှစ်မွေးနေ့ကို မြန်မာသက္ကရာဇ်နဲ့ ပြောရရင် ၁၂၈၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် စနေနေ့ ဖြစ်ပါတယ်။ ကျွန်တော့်ကို ဖွားစဉ်က အမေရဲ့အမေ ကျွန်တော့်အဘွားက လာရောက်ကူညီလုပ်ကိုင်ပေးတော့ နည်း

---

၁။ ယခုအခါ နှစ်ဦးစလုံး ကွယ်လွန်သွားကြရှာပြီ။



နည်း အယူသည်းတယ် ထင်ပါရဲ့။ မယ်တော်ကြီးတို့ရွာက မြောင်းမြနဲ့ပုသိမ် ကြားမှာဆိုတော့ ကျွန်တော့်ကို သားဦးစနေ မီးလိုမွေးဆိုပြီး နာမ်နှိမ်တဲ့ အနေနဲ့ပေါ့နော်။ ယကြာချေတဲ့အနေနဲ့ အဖွားဒေါ်မိုးက ဓားမကြီး ထမ်းပြီး ကျွန်တော့်ကိုယ်ပေါ်မှာ ခုနစ်ကြိမ်၊ ခုနစ်ခါကျော်တယ်ပေါ့ဗျာ။

## (၂)

အငြိမ်းစား ဗိုလ်ချုပ်ကြီး ဦးတင်ဦးက သူ၏ ငယ်ဘဝဖြစ်စဉ်ကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ထိုသို့ပြောနေလေသည်။ Sony အမျိုးအစား ကက်ဆက် အသံသွင်းကြိုးခွေကလေးသည်၊ အေးဆေးတည်ငြိမ်စွာ ပြောဆိုနေသော သူရဦးတင်ဦး၏ ဘဝမှတ်တမ်း အညတရ စစ်သည်တစ်ဦး၏ ဖြစ်ကြောင်း ကုန်စင်ကို ဤသို့ တပုံတပင် မှတ်တမ်းတင်လေတော့သည်။

ဤတွင် အထင်ကရ တင်ပြရန် လိုအပ်သည်မှာ သူရဦးတင်ဦးကို မွေးဖွားခဲ့သော ဇာတိရပ်ရွာ ပုသိမ်မြို့အကြောင်းပင်တည်း။

သည်တော့ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၆ စာမျက်နှာ ၃၄၇ ရှိ ပုသိမ်ခရိုင်အကြောင်း သောင်းပြောင်းထွေလာ မှတ်ဖွယ်မှတ်ရာကို မွေ့ရှာ တင်ပြရဦးမည်။

**ပုသိမ်ခရိုင်။** ။ ပုသိမ်ခရိုင်သည် အောက်မြန်မာနိုင်ငံ၊ ဧရာဝတီ တိုင်း၏ အနောက်တောင်ဘက်အစွန်တွင် တည်ရှိသည်။ ဧရာဝတီတိုင်း၏ အကျယ်ဝန်းဆုံးသော ခရိုင်ဖြစ်၍ ပုံပန်းသဏ္ဌာန်မှာ အပေါ်ကား၍ အောက် ပိုင်း ရှူးသည်။ ပုသိမ်ခရိုင်၏ မြောက်ဘက်တွင် ဟင်္သာတခရိုင်နှင့် သံတွဲ ခရိုင်၊ အရှေ့ဘက်တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်တို့ အသီးသီးရှိကြသည်။

ရခိုင်ရိုးမတောင်တန်းသည် ပုသိမ်ခရိုင်၏ အနောက်ဘက်ပိုင်းတွင် ကမ်းရိုးတန်းနှင့် ယှဉ်ပြိုင်လျက် မြောက်မှတောင်သို့ သွယ်တန်းပြီးလျှင် မော်တင်စွန်းတွင် အဆုံးသတ်လေသည်။

ပုသိမ်ခရိုင်အတွင်း၌ မြစ်ငယ်ချောင်းငယ်များစွာ ဖြတ်သန်းစီးဆင်း လျက်ရှိသည်။ အရေးအပါဆုံးသော မြစ်မှာ ပုသိမ်မြစ် (ငဝန်မြစ်) ဖြစ် သည်။ ထိုမြစ်သည် ဟင်္သာတမြို့အထက်၌ ဧရာဝတီမှခွဲထွက်၍ မြောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ တောင်ဘက်သို့ စီးဆင်းကာ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်လေသည်။ ငဝန်မြစ်ဝတွင် ကျွန်းကလေးများ အများအပြားရှိရာ အထင်ရှားဆုံးမှာ ဟိုင်းကြီးကျွန်း၊ လိပ်ဥအမြောက်အမြားထွက်သော လိပ်ကျွန်းခေါ် သမီးလှကျွန်း၊ အင်္ဂလိပ်အခေါ် ဒိုင်းမွန်းကျွန်းတို့ ဖြစ်ကြသည်။

ပုသိမ်၊ ငဝန်မြစ်၏ မြစ်လက်တက်များမှာ ပုသိမ်မြို့အထက် ၁၄ မိုင်ခန့်တွင် စီးဝင်သော ဒကမြစ်၊ ပုသိမ်မြို့တောင်ဘက် ၂၈ မိုင်တွင် စီးဝင်သော ပမ္မဝတီမြစ်တို့ ဖြစ်ကြသည်။

ပုသိမ်ခရိုင်သည် ဆန်စပါး အများအပြားထွက်၍ ဆန်၊ သစ်နှင့် ငါးပိလုပ်ငန်းတို့ဖြစ်သည်။

၁၈၇၂-၇၃ မှစ၍ ရန်ကုန်-ပုသိမ် သင်္ဘောလမ်းကို ဧရာဝတီသင်္ဘောကုမ္ပဏီက ဖွင့်လှစ်ခဲ့သည်။ ပုသိမ်ခရိုင်၏ တစ်ခုတည်းသော မီးရထားလမ်းမှာ ပုသိမ်-ဟင်္သာတလမ်း (၈၆) မိုင်ရှည်လျားသည်။

ပုသိမ်ခရိုင်သည် ၄၁၄၉ စတုရန်းမိုင်ကျယ်ဝန်း၍ ၁၉၅၆ ခန့်မှန်းသန်းခေါင်စာရင်းအရ လူဦးရေ ၇၇၅,၅၄၈ ယောက်ရှိသည်။

ပုသိမ်ခရိုင်သည် ရှေးမြန်မာနှင့် မွန်ဘုရင်တို့လက်ထက်ကပင် ထင်ရှားခဲ့သော ဒေသဖြစ်၍ ရာမညတိုင်း မွန်သုံးရပ်တွင် ပါဝင်ခဲ့သည်။ **ကုသိမ မဏ္ဍလ** ဟူ၍လည်းကောင်း၊ **ကုသိမရဋ္ဌတိုင်း** ဟူ၍လည်းကောင်း၊ **မွန်ည** ဟူ၍လည်းကောင်း ခေါ်တွင်သော မွန်တိုင်းတို့တွင် ပါဝင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် နန်းတက်သော ပုဂံနိုင်ငံတော် **နရပတိစည်သူမင်း** လက်ထက်၊ ရွှေတိုက်တော်စာရင်းတွင် ပုသိမ် ၃၂ မြို့၏ အမည်များ မှတ်တမ်းတင်ထားသည်။ ပုသိမ်သည် ရှေးနှစ်ပေါင်းများစွာကပင် ပင်လယ်ကူး သင်္ဘောဆိပ်မြို့ ဖြစ်ခဲ့သည်။ မွန်နှင့် ဗမာတို့သည် နှစ်ပေါင်းများစွာကပင် ပုသိမ်တွင် နိုင်ငံရေးအင်အားပြိုင်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အခြေစိုက်ရန် နှစ်ကြိမ်တိုင် ကြိုးပမ်းခဲ့ရာ မအောင်မြင်။ ခရစ်နှစ် ၁၆၈၇ ခုနှစ်တွင် ဗြိတိသျှတို့သည် ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းတွင် အခြေစိုက်ပြီး အရှေ့အိန္ဒိယကုမ္ပဏီကို ပုသိမ်မြို့တွင် ဖွင့်လှစ်ခဲ့သည်။



ခရစ်နှစ် ၁၇၅၇ ခုနှစ်တွင် ကုန်းဘောင်မင်းဆက် အလောင်းမင်းတရားကြီးနှင့် မွန်တို့၏ အရေးအခင်း၌ ဗြိတိသျှအစိုးရသည် မွန်တို့ဘက်မှ ကူညီခဲ့၍ အလောင်းမင်းတရားကြီးက ဗြိတိသျှတို့ရှိနေသော ဟိုင်းကြီးကျွန်းသို့ ဗမာတပ်များ စေလွှတ်၍ ဗြိတိသျှစစ်ခံတပ်ကို တိုက်ခိုက်ဖြိုဖျက်ခဲ့သည်။

**ပုသိမ်မြို့**။ ။ ပုသိမ်မြို့သည်၊ မြန်မာနိုင်ငံအောက်ပိုင်း၊ ဧရာဝတီတိုင်း၏ အုပ်ချုပ်ရေးဗဟိုဌာနဖြစ်သည်။ ဧရာဝတီတိုင်းမင်းကြီးရုံး၊ ပုသိမ်ခရိုင်ဝန်ရုံး ရုံးစိုက်ရာမြို့ဖြစ်သည်။ ပုသိမ်မြို့သည် ငဝန်မြစ်ကမ်းပေါ်၌ တည်ရှိ၍ ပင်လယ်ဒေသနှင့် ၇၅ မိုင်ဝေးသည်။ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရပ်နားနိုင်သည်။

ပုသိမ်မြို့သည် ရှေးကျသော သင်္ဘောဆိပ်မြို့ကြီးဖြစ်ရာ မြန်မာနိုင်ငံနှင့် အိန္ဒိယ မဇ္ဈိမဒေသ သီဟိုဠ်ကျွန်း စသည်တို့သို့ နိုင်ငံရပ်ခြားကူးသန်းသွားလာရာတွင် ပုသိမ်ဆိပ်ကမ်းမြို့သည် အရေးပါခဲ့သည်။

မြို့သက်ရှည်ကြာသော ပုသိမ်မြို့ကို မဇ္ဈိမဒေသ သီရိဓမ္မာသောကမင်းလက်ထက် သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်ဆီက အတိသဗ္ဗာနဂရဟု ခေါ်တွင်ခဲ့၏။ ထို့နောက် ကုသိမရဋ္ဌဟု ခေါ်ပြန်၍ ပုဂံနိုင်ငံတော် မင်းယဉ် နရသီခ်ီမင်းလက်ထက်တွင် ကုသိမ်ကို ပုသိမ်ဟု နာမည်ပြောင်းခဲ့သည်။

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်သော ခရစ် ၁၈၂၄ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးက ပုသိမ်မြို့ကို သိမ်းပိုက်ခဲ့ပြီး ရန္တပိုစာချုပ်အရ လက်လွှတ်ရသည်။ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ ခရစ် ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးက ပုသိမ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

## ဗုဒ္ဓဘာသာဝင်များ

ပုသိမ်မြို့သည် ၁၂ စတုရန်းမိုင် ကျယ်ဝန်း၍ ၁၉၅၃ ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၇၇,၉၀၅ ယောက်ရှိသည်။ ဗမာဗုဒ္ဓဘာသာဝင် များပြား၍ ဒုတိယအများဆုံးမှာ ခရစ်ယာန်ဘာသာဝင်၊ ကရင်လူမျိုးတို့ ဖြစ်ကြသည်။ ပုသိမ်မြို့သည် ပုသိမ်မြို့၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့တွင် တည်ရှိပေရာ အရှေ့ဘက်ကမ်းတွင် မြို့သစ်အကွက်ရှိ၍ အစိုးရရုံးနှင့် ဈေးရုံကြီးရှိသည်။ မြစ်အနောက်ဘက် သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရပ်ဘက်၌ ဆန်စက်များရှိသည်။ ပုသိမ်မြို့၏ ရပ်ကွက်များမှာ အသည်ကြီး၊ တလိုင်းချောင်း၊ ယိုးဒယားကုန်း၊ မရမ်းချိုကုန်း၊ အတီးစု စသည်တို့ဖြစ်သည်။ ထင်ရှားသော လမ်းများမှာ မန်ကျည်းပင်တန်း၊ ပဒင်းတန်းလမ်း၊ ဦးလူလမ်း၊ တံတားကြီးတန်းလမ်းတို့ဖြစ်ကြသည်။

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီမှာ ပုသိမ်မြို့တွင် အထင်ရှားအကျော်ကြားဆုံး စေတီတော်ဖြစ်သည်။ စေတီတော်များသည် ပုသိမ်မြို့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ သမိုင်းမှတ်တမ်းများအရ ရွှေမုဋ္ဌောစေတီမှာ အိန္ဒိယပြည် သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော်ဖြစ်သည်။ နောင်တွင် ပုဂံ၊ အလောင်းစည်သူမင်းကြီးက ဆက်လက်မွမ်းမံတည်ပြီး ပြင်ဆင်ခဲ့သည်။ ပုသိမ်မြို့ရှိ မဟာဗောဓိ၊ ကိုးသိန်းကိုးသန်း၊ တကောင်းဘုရား၊ ရွှေစည်းခုံစေတီတို့သည်လည်း ထင်ရှားသော ဘုရားစေတီများ ဖြစ်လေသည်။

ပုသိမ်မြို့၏ ရာသီဥတုမှာ သင့်တင့်ကောင်းမွန်သည်။ နွေအခါ ပင်လယ်လေရသဖြင့် အပူရှိန်သက်သာသည်။ နှစ်စဉ်မိုးရွာသော ရက်၊ ပျမ်းမျှ ၁၁၇ ရက်ဖြစ်၍ ပျမ်းမျှမိုးရေချိန်မှာ ၁၀၆ လက်မ ဖြစ်လေသည်။

မြန်မာ့စွယ်စုံကျမ်းဆရာက မွေမွေရှာရှာ တင်ပြလာ၍ သူရဦးတင်ဦး ဆိုသော အညတရ စစ်သည်ကလေးတစ်ဦး မွေးဖွားခဲ့သော ပုသိမ်မြို့အကြောင်း စာသောင်းပြောင်းကို မှတ်သားခဲ့ကြရပေပြီ။ ယခုအချိန်အခါသည်ကား သူရဦးတင်ဦးကိုယ်တိုင် ပြောပြမည့် အညတရစစ်သည်တော်ကလေးတစ်ဦးဘဝမှ ထင်ရှားကျော်ကြားလှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တက်လှမ်းလာခဲ့ပုံ ဖြစ်ကြောင်းရယ်အစုံစုံတည်း။

ရှေ့ပိုင်းတွင် ပြောခဲ့သလိုပင် ကျွန်တော့်အပေါ်ကို အဘွားဒေါ်မိုးက ခားမထမ်းပြီး ခုနစ်ကြိမ်၊ ခုနစ်ခါကျော်ရုံဖြင့် စိတ်မကျေနပ်ကြသေး။ ဒီစနေသား သားဦးကလေးကို သီလရှင်တစ်ပါးပါးထံ မွေးစားသည့်သဘော လုပ်ချင်ကြပြန်သေးသည်။ ဒါကလည်း အကြောင်းမဲ့မဟုတ်၊ နိုင်လုံသော



အကြောင်းပြချက်တစ်ခုရှိသေးသည်။ အမေက ကျွန်တော့်ကို မွေးဖွားပြီး သုံးလေးရက်အကြာမှာ အမေ နံနက်မျက်နှာသစ်အပြီး မီးဖိုချောင်ထဲ ကိစ္စတစ်ခုဖြင့် ဝင်သွားသည်။ ဤမှာပင် အမေ့ပခုံးပေါ်က မျက်နှာသုတ်ပဝါစောင်ပိုင်းက မီးဖိုထဲ လျှောကျသွားပြီး မျက်နှာသုတ်ပဝါစောင်မှာ မီးဟုန်းဟုန်းလောင်မြိုက်လေတော့သည်။ ပထမက **သားဦးစနေ၊ မီးလိုမွှေ** ဆိုသော အစွဲကလည်း ရှိနေ။ ထို့ပြင် အမေ့ပခုံးပေါ်က မျက်နှာသုတ်ပဝါ မီးစွဲလောင်သည့်အကြောင်းကရှိပြန်တော့ ဒီစနေသားကလေးအတွက် နောက်ထပ် အကာအကွယ်တစ်ခုခုတော့ လုပ်ဦးမှဖြစ်မည်ဟု လူကြီးသူမတို့ ကြံစည်မိကြပြန်လေသည်။ ဤမှာပင် ပုသိမ်မြို့ တာဝတိံသာရပ်၊ သီလရှင်ကျောင်းတစ်ကျောင်းမှ အပတ်စဉ် ဆန်အလှူခံကြွရောက်သော သီလရှင်တစ်ပါးထံ ကျွန်တော့်ကို မိဘများက အပ်နှံကြပြန်သည်။

“သီလရှင်ဆရာလေးရယ် တပည့်တော်မတို့ စနေသားကလေး အန္တရာယ်ကင်းချင်လို့ ဆရာလေးရဲ့သားအဖြစ် ပေးအပ်ပါရစေ”ဟု ပြောပြီး အပ်နှံကြပြန်သည်။ သီလရှင်ဆရာလေးကလည်း ဆန်ခံသော ဗန်းကို ဘေးမှာချထား၍ ကျွန်တော့်ကို ပွေ့ချီမြှူချော့ပြီး တကယ့်သားအရင်းပမာ ရင်ခွင်ထဲမှာ ထည့်ထားသည်။ ထိုနေ့ကစ၍ ဤသားဦးစနေသည် အမေတို့သား မဟုတ်တော့ပြီ။ သီလရှင်ဆရာလေး၏ မွေးစားသားဖြစ်သွားပြီ။ ဤသို့ဤနှယ် လူကြီးမိဘများမှာ “သားဦးစနေ မီးလိုမွှေ”ဆိုသော အစွဲအလမ်းကြောင့် ကောင်းနိုးရာရာ လုပ်ကြရရှာလေသည်။ ဤအကြောင်းဖြစ်ရပ်တို့မှာ ကျွန်တော် လူလားမြောက်၍ သိတတ်စအရွယ်သို့ရောက်မှ မိဘများ ပြန်ပြောပြ၍ သိရခြင်းများ ဖြစ်ပေသည်။

ကျွန်တော့်ကို ပုသိမ်မြို့ ဗွက်ကြီးတန်းရပ်တွင် မွေးဖွားပြီးနောက် အသက် ၄ - ၅ နှစ် အရွယ်ရောက်သောအခါ မိဘများသည် တာဝတိံသာရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ကြ၏။ ဤတွင် ကျွန်တော့်ကို မိဘများက ကျောင်းထားရန် စီစဉ်ကြသည်။ ကျွန်တော့်ကို တံတားကြီးလမ်းက ဆရာမဒေါ်ပုလေး၏ သူငယ်တန်းကျောင်းသို့ မိဘများက ပညာသင်ရန် အပ်နှံကြလေသည်။ ဆရာမဒေါ်ပုလေးမှာ စာသင်ကောင်း၍ နာမည်ကြီးဆရာမတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို နေ့စဉ် ကျောင်းသို့သွားရန် လာခေါ်သူမှာ မခင်မြဖြစ်သည်။ မခင်မြမှာ ထိုစဉ်က အတန်းကြီးကျောင်းသူဖြစ်ရာ မခင်မြ၏ စောင့်ရှောက်ခေါ်ငင်မှုဖြင့် ကျွန်တော်သည် နေ့စဉ် ဒေါ်ပုလေးကျောင်းသို့ တက်ရသည်။

ပြောရဦးမည်။ တစ်နေ့တွင် မခင်မြ မပါဘဲ ကျွန်တော်အိမ်ပြန်လာသည်။ ထိုစဉ်မှာ သူငယ်တန်း၊ ကကြီး ခခွေးတန်း၊ အတန်းထဲက ကျောင်းသား သုံးလေးယောက်က ကျွန်တော့်ကို ရန်စပြီး သူတို့လက်ထဲက ထီးဖြင့် ခုတ်ကြရိုက်ကြသည်။ ကျွန်တော်ကလည်း တစ်ယောက်နှင့် သုံးယောက်ဖြစ်ပေမယ့် ရှောင်မပြေးဘဲ သူတို့ကို ခံချသည်။ လက်ထဲတွင် ပါရှိသော ထီးဖြင့် ပြန်ခုတ်သည်။ ရိုက်သည်။ သို့သော် သူတို့က သုံးယောက်ဖြစ်နေ၍ ကျွန်တော် မနိုင်။ ကျွန်တော်၏ခေါင်းမှာ ပေါက်ပြဲဒဏ်ရာများရပြီး အိမ်ပြန်လာရသည်။ ထိုကိစ္စကို မိဘများသိတော့ နောက်တစ်နေ့ ကျောင်းသို့ လိုက်လာပြီး ဆရာမကြီး ဒေါ်ပုလေးကို တိုင်ကြတောကြသည်။ သို့သော် ထိုကိစ္စမှာ ထိုမျှနှင့် မရပ်ချေ။ ကျွန်တော့်ကို ရန်လုပ်ချင်နေကြသော ထို လူဆိုးကလေးတို့သည် နောက်တစ်ကြိမ် အလစ်ချောင်းပြီး ကျွန်တော့်ကို ရန်လုပ်ကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ကျွန်တော့်မှာ သူတို့ ဝိုင်းရိုက်သဖြင့် ဒဏ်ရာ အနာတရ ရခဲ့ပြန်လေသည်။

သည်တစ်ကြိမ်တွင် အမေက ကျွန်တော့်အပေါ် စိတ်ဆိုးပြီး "နင်၊ ဒီလောက်တောင် ညံ့ရသလား၊ ဖျင်းရသလား၊ ပြန်လုပ်ပါလား၊ ပြန်ခုတ်ပါလား" ဟု ဆူပူကြိမ်းမောင်းပြီး ရိုက်လေသည်။

အမေက ကျွန်တော့်ကို ထီးအသစ်တစ်လက် ဝယ်ပေးသည်။ ထီး၏ ထိပ်တွင် သံချွန်၊ သံချောင်းတွင် စည်းနှောင်ပေးလိုက်သည်။ "နောက် တစ်ခါ ငါ့သားကိုလာပြီး ရန်လုပ်ရင် ဒီထီးထိပ်က သံချွန်နဲ့ ပြန်ခုတ်၊ ပြန်လုပ်၊ ပြန်ရိုက်" ဟု သင်ပေးလိုက်သည်။

## ထီးသံချွန်နှင့် ထိုး

သည်လိုနှင့် တစ်နေ့ကျောင်းဆင်းချိန်တွင် ကျွန်တော့်ကို လာ၍ လူဆိုး ကလေးများ ရန်စ ထိုးနှက်ရန် လုပ်ကြသည်။ ဤတစ်ကြိမ်၌



ကျောင်းနှင့် မနီးမဝေးတွင် စောင့်ကြည့်နေသော အမေက ပြေးလာပြီး ကျွန်တော့်ကို "ဟေ့၊ ဘာလို့ ငြိမ်ခံနေသလဲ၊ နင့်လက်ထဲက ထီးနဲ့ ပြန်ခုတ်ပါလား"ဟု အော်ဟစ်အားပေးတော့သည်။ ကျွန်တော်လည်း အမေ့ကို မြင်တော့မှ အား တက်သွားတော့သည်။ လက်ထဲက ထီးမှ သံချွန်နှင့် ထိုး၊ ခုတ်လိုက်၊ ရိုက်လိုက်လုပ်ရာ ဟိုကောင်တွေ သံချွန်မှ ဒဏ်ထိ၍ သွေးထွက်သံယိုဖြစ် ကာ ငိုယိုပြီး အိမ်ပြန်ပြေးကြလေသည်။ ဤတွင် ဒီကောင်တွေ ကျွန်တော့် ကို နောက်ထပ် ရန်မလုပ်ရဲကြတော့ပေ။

သြော် အမေ့အကြောင်းပဲ ပြောနေရသည်။ ယခုအချိန်အထိ အဖေ့ အကြောင်း မပြောရသေး။ အဖေက ပုသိမ်ခရိုင် ကျောင်းကုန်းမြို့အပိုင် ခြောက်အိမ်တန်း စပယ်ရုံရွာသား ဖြစ်သည်။ ပုသိမ်မြို့နှင့် ကျောင်းကုန်း မြို့မှာ မိုင်လေးငါးဆယ်လောက်ဝေးမည် ထင်၏။ တိတိကျကျတော့ မမှတ် မိ။ ယခုတော့ ပုသိမ်နှင့် ကျောင်းကုန်းသွား ကားလမ်းမှာ ကတ္တရာလမ်း ချောဖြစ်၍ လမ်းကသိပ်ကောင်းနေပြီဖြစ်သည်။ အဖေတို့ရွာကို သွားလိုလျှင် ကျောင်းကုန်းမြို့မှ ဒကမြစ်တွင်း လှေဖြင့် သွားရပြီး ခြောက်အိမ်တန်းရွာ သို့ရောက်သည်။ အဖေ၏ ဖခင် အဘိုးဘက်က အမျိုးတွေက ကျောင်းကုန်း ဝက်ချောင်းရွာမှ ဖြစ်သည်။ ကျောင်းကုန်းမြို့မှာ ဘုန်းတော်ကြီးနှစ်ပါး သီတင်းသုံးသည်။ ဘုန်းကြီးတစ်ပါး၏ ဘွဲ့မှာ ဦးကောဝိဒ၊ နောက်တစ်ပါး က ဦးဇနိန္ဒဖြစ်သည်။ ညီတော်နောင်တော်နှစ်ပါး ဖြစ်ကြသည်။ ကျောင်း ကုန်းမြို့ဇာတိဖြစ်၍ ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ သင်ကြားဖတ်မှတ် ရမည့် စာပေများ ပို့ချနေကြသည်။ ဘုန်းတော်ကြီးများမှာ ကျောင်းကုန်း မြို့ နိကြောဓါရုံကျောင်းတိုက်တွင် သီတင်းသုံးကာ စာဝါပို့ချနေကြသည်။ ဘုန်းတော်ကြီး ဦးကောဝိဒမှာ အဖေ့ဘကြီးတော်စပ်၍ ဦးဇနိန္ဒမှာ အဖေ၏ ဘထွေးတော်စပ်ပေသည်။ အဖေက ဘကြီး ဘထွေးဘုန်းတော်ကြီးများနှင့် လိုက်သွား၍ နိကြောဓါရုံကျောင်းတိုက်အနီးရှိ မြန်မာဘာသာသင် ခါတော်မှီ ကျောင်းမှာ ပညာသင်ကြားသည်ဟု သိရသည်။ ခါတော်မှီကျောင်းတွင် အဖေက သတ္တမတန်း အောင်ခဲ့သည်။ အဖေ သတ္တမတန်းအောင်လျှင် ခေတ်နှင့်အညီ လိုအပ်နေသော မြေတိုင်းစာရေးဖြစ်လာသည်။ အလုပ်သင် မြေတိုင်းစာရေးအဖြစ် အမှုထမ်းသည်။ တစ်လလျှင်လခ ၂၀ ကျပ်ရသည် ဟု အဖေက ပြောပြဖူးသည်။ ထိုအချိန်က ငွေကျပ် ၂၀ ဆိုသော လခ

www.burmeseclassic.com

www.burmeseclassic.com



မှာ နည်းပါးလှသော်လည်း အမေ့ရွာက မြေပိုင်ရှင်တွေ၊ ငွေကြေးချမ်းသာသူတွေက စောင့်ရှောက်ချီးမြှင့်သဖြင့် အဖေက ကုံလုံပြည့်ဝစွာ မပူမပင်နေနိုင်သည်။ အဖေသည် ဘဝတက်လမ်းကို အစဉ်မျှော်မှန်းနေသူဖြစ်တော့ မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်း အင်္ဂလိပ်ဘာသာသင် သတ္တမတန်းစာမေးပွဲကို ထပ်မံဖြေဆိုပြန်သည်။ ထိုခေတ်က အင်္ဂလိပ်အစိုးရ အုပ်စိုးနေချိန်ဖြစ်ရာ အင်္ဂလိပ်ဘာသာမှာ အလွန်အရေးပါနေသော ကာလဖြစ်ပေသည်။ ပြီးတော့ အဖေ ယခု တာဝန်ထမ်းဆောင်နေသည်မှာ ယာယီမြေတိုင်း စာရေးသာဖြစ်သည်။ အမြဲတမ်း မြေတိုင်းစာရေးဖြစ်ရန်ကား အင်္ဂလိပ်စာကျွမ်းကျင်မှ အဆင်ပြေပေမည်။

အဖေက အင်္ဂလိပ်ဘာသာ သတ္တမတန်းစာမေးပွဲတွင် အောင်မြင်သောအချိန်မှာ ကျွန်တော့်အောက်ညီငယ် မောင်စိန်အောင်ကို အမေက ဖွားမြင်ခဲ့သည်။ အင်္ဂါသားကလေးဖြစ်သည်။ ထိုအချိန်မှာ မောင်စိန်အောင်၏ ကုသိုလ်ကံပင်ဖြစ်မည် ထင်ပါ၏။ အဖေသည် အလုပ်သင် ယာယီမြေတိုင်းစာရေးဘဝမှ အမြဲတမ်းမြေတိုင်းစာရေးအဖြစ် ခန့်ထားခံရပြီး အဖေ့လစာမှာ နှစ်ဆတိုးသွားလေပြီ။ တစ်လလျှင် အဖေ့လခ ကျပ် ၄၀ ရလေတော့သည်။ ထိုအချိန် ထိုကာလက ငွေကျပ် ၄၀ ဆိုသည်မှာ စားဝတ်နေရေးအတွက် အလွန်အဆင်ပြေနိုင်သော ဝင်ငွေဖြစ်လေသည်။

ယခုအခါ အဖေက အမြဲတမ်း မြေတိုင်းစာရေးဖြစ်ပြီ။ ဒီသည်တော့ အဖေ့အတွက် ကံဇာတာ တက်လာပြီ။ အမြဲတမ်းမြေတိုင်းစာရေးဖြစ်သူတို့အား မြေတိုင်းပညာကို စနစ်တကျ သင်ပေးနိုင်ရန် နိုင်ငံတော်အစိုးရက ဖွင့်ထားသော မြေတိုင်း သင်တန်းကျောင်းသို့ တက်ရလိမ့်မည်။ သို့သော် အဖေ့ကို မြေတိုင်း သင်တန်းကျောင်းသို့ မပို့သေး။ အခြေခံမြေတိုင်းပညာကို ကျွမ်းကျင်ရန် အလုပ်သင်ဖို့ ရေကြည်မြို့သို့ ပထမပြောင်းရွှေ့ရသေးသည်။ အဖေ့ကို ရေကြည်မြို့သို့ အခြေခံမြေတိုင်းပညာလေ့လာဖို့ လွှတ်စဉ်က ကျွန်တော့်အသက်မှာ ဘာရှိသေးလို့လဲ၊ ၆ နှစ်ကျော် ၇ နှစ်ခန့်လောက်ပဲ ရှိပေဦးမည်။ ပုသိမ်နှင့် ရေကြည်မြို့မှာ မီးရထားလမ်းပေါက်နေပြီ။ ခရီးအကွာအဝေးသည် မိုင် ၃၀ ခန့်တော့ရှိမည်ထင်၏။ ပုသိမ်မြို့က ဟင်္သာတမြို့သို့ သွားသောလမ်းပေါ်တွင် ရေကြည်မြို့ရှိသည်။ ပုသိမ်၊ ဟင်္သာတသွား မီးရထားလမ်းတွင် အသုတ်၊ ယိုးဒယားတစ်ဘက်မှတစ်ဆင့်



ကွင်းယား၊ ရေကြည်မြို့ ရှိလေသည်။ ထိုစဉ်က ရေကြည်မှာ မြို့မဖြစ်သေး။ ရွာကြီးသာသာပင်ဖြစ်သည်။ ငါးသိုင်းချောင်းမြို့မှာ မြို့ကြီးတစ်မြို့ ဖြစ်နေပြီ။ ရေကြည်မှာ ရွာဖြစ်သော်လည်း မီးရထားလမ်းဖောက်၍ အစိုးရရုံးစိုက်လိုက်သဖြင့် ငါးသိုင်းချောင်းမြို့နယ်ဝင် ရေကြည်မြို့ ဖြစ်လာလေသည်။ ရေကြည်မှာ မြို့ကလေးသာဖြစ်တော့ လူဦးရေ သိပ်မများ၊ ငါးသိုင်းချောင်းမြို့ကား လူဦးရေများသည်။ စီးပွားရေးလည်း ကောင်းသည်။ ငါးသိုင်းချောင်းမြို့မှာ လောကီ လောကုတ္တရာနှစ်ဖြာ ပညာတတ်များစွာ ပေါ်ထွန်းသောမြို့ ဖြစ်ပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## ဗဟိုအမျိုးသား အထက်တန်းကျောင်း ကျောင်းသားဘဝ အစ

အဖေက အလုပ်သင်မြေတိုင်းစာရေးအဖြစ် ရေကြည်မြို့သို့ ပြောင်းရွှေ့အမှုထမ်းစဉ်မှာ ကျွန်တော်၏ ပညာသင်ကြားရေးဘဝ နိဒါန်းစလေသည်။ ရေကြည်မြို့ အထွက်နားတွင်ရှိသော ဆရာကြီး ဦးထွန်းမောင် ကျောင်းသို့ ကျွန်တော့်ကို ပညာသင်ကြားရန် မိဘများက ပို့သည်။ သူငယ်တန်းမှ စတင်၍ ပညာသင်ကြားရစဉ်က ကျွန်တော့်အသက်မှာ ရှေ့ပိုင်းက ပြောခဲ့သလို ခုနစ်နှစ်ပင် မပြည့်သေးချေ။

ရေကြည်မြို့တွင် အဖေက အမြဲတမ်း မြေတိုင်းစာရေးအဖြစ် အမှုထမ်းနေစဉ် ရွှေဘိုမြို့ မြေတိုင်းသင်တန်းကျောင်းသို့ တက်ရောက်ရန် အခြေအနေပေးပြီ။ သည်မြေတိုင်းစာရေးအလုပ်ဖြင့် အမှုထမ်းမည်ဆိုလျှင် အစိုးရမြေတိုင်းသင်တန်းကျောင်းသို့ မတက်မနေ တက်ရောက်မှ ဖြစ်ပေမည်။ သည်တုန်းက ရွှေဘိုမြို့ မြေတိုင်းသင်တန်းကျောင်း၊ ကျောင်းအုပ်မှာ အင်ဂလိုအိန္ဒိယလူမျိုး၊ ဆိုကြပါစို့ အင်္ဂလိပ် အိန္ဒိယ ကပြားလူမျိုးဖြစ်သည်။ ဒါကလည်း အဖေ မြေတိုင်းသင်တန်းကျောင်းဆင်းစဉ် ကျောင်းသားနှင့် ဆရာများစုပေါင်းဓာတ်ပုံရိုက်ကြစဉ် မြင်တွေ့ရ၍ သိလိုက်ခြင်းပင်။ အဖေ၏ မြေတိုင်းသင်တန်းကျောင်းတက်ရမည့်အချိန်မှာ တစ်နှစ်နီးပါးကြာမည်။ ထို့ကြောင့် အဖေသင်တန်းတက်နေစဉ် ကျွန်တော်တို့မိသားစု အမေနှင့် ကျွန်တော့်ညီလေး

www.burmeseclassic.com



မောင်စိန်အောင်တို့ ကျောက်ကုန်းမြို့သို့ ခေတ္တ ပြောင်းရွှေ့ နေထိုင်ရမည်ဖြစ်သည်။ ကျောက်ကုန်းမြို့တွင် ကျွန်တော့်မိခင်၏ အစ်ကိုဖြစ်သူ ဦးထွန်းတင်ရှိသည်။ သူ့ဇနီးက ဒေါ်ညိုညို။ ဒေါ်ညိုညိုတို့က ကျောက်ကုန်းမြို့ ဝက်ချောင်း ရွာသူရွာသားများ ဖြစ်သည်။ ကျောက်ကုန်းမြို့ရောက်တော့ ကျွန်တော့်ကို **ဘကကျောင်း** ဟုခေါ်ကြသော ဘုန်းတော်ကြီးသင် လောကဓာတ်ကျောင်းသို့ အမေက ပို့ပေးသည်။ သည်ကျောင်းမှာ အင်္ဂလိပ်စာကို အနည်းအကျဉ်း အေ ဘီ စီ ဒီလောက်သာ သင်ပေးသည်။ မြန်မာစာသင်ကျောင်းပင်ဖြစ်သည်။ အထူးသဖြင့် ဘုန်းတော်ကြီးကျောင်းဖြစ်သောကြောင့် ဗုဒ္ဓကျမ်းစာများကို အဓိကထား၍ သင်ကြားပေးလေသည်။

ဘကကျောင်းတွင် ကျွန်တော် ဒုတိယတန်းပညာများ သင်ကြားရသည်ကို မှတ်မိ၏။ ထိုအချိန်တွင် ရွှေဘိုမြို့၊ မြေတိုင်းပညာသင်တန်းကျောင်းတက်နေသော အဖေက ကျောင်းတက်ချိန် ၇ လခန့်တွင် လက်တွေ့သင်တန်းများဆင်းရန် အချိန်ရောက်လာသည်။ အဖေ၏ မူလ မိခင်အလုပ်ဌာနက ရေကြည်ဖြစ်၍ အဖေ့ကို မြေတိုင်းလက်တွေ့သင်တန်းဆင်းရန် ရေကြည်သို့ ခေတ္တပြန်ပို့သည်။ ထိုအခါ အဖေသည် မြေရိုင်း မြေလွတ်များကို လယ်မြေကွက်ဖော်ရန် လေ့ကျင့်ရမည်။ ထို့ကြောင့် ကျွန်တော်တို့မိသားစုမှာ အသုတ်မြို့နှင့် လေး၊ ငါး၊ ခြောက်မိုင်ခန့်ကွာဝေးသော သရက်ကုန်းရွာသို့ ပြောင်းရပြန်လေသည်။ အဖေ လက်တွေ့မြေတိုင်းပညာ ကွင်းဆင်းရာသို့ မိသားစုလိုက်ပါသွားကြရသဖြင့် ကျွန်တော့်ပညာရေးသည် ဒုတိယတန်းမှာ ရပ်တန်းက ရပ်သွားပြန်လေပြီ။ သရက်ကုန်းရွာတွင် နေထိုင်ကြစဉ် ကျွန်တော့်ညီမလေး မအုန်းကြည်ကို မွေးဖွားလေသည်။ မအုန်းကြည်၏ ကြီးနာမည်မှာ ဒေါ်ကြည်ကြည်မြင့်ဖြစ်သည်။ ရန်ကင်းမြို့၊ အစိုးရအထက်တန်းကျောင်း အထက်တန်းပြဆရာမ အငြိမ်းစားဖြစ်သည်။ ကျန်းမာစွာရှိလေသည်။ ယခု ကျွန်တော့်ညီမလေး ဒေါ်ကြည်ကြည်မြင့် အသက်မှာ ၇၈ နှစ်ရှိပေပြီ။

အဖေက ရွှေဘိုမြို့၊ မြေတိုင်းပညာသင်တန်းကျောင်း ဆင်းလာသောအခါ အဖေ့အလုပ်တာဝန်မှာ ပုသိမ်မြို့တွင်ဖြစ်သည်။ သည်မှာပင် ကျွန်တော်တို့ မိသားစုလည်း ပုသိမ်မြို့ပေါ်သို့ ပြောင်းရွှေ့ရပြန်သည်။ ပုသိမ်မြို့



မြူနီစီပယ်ကျောင်းတွင် ကျွန်တော်၏ပညာရေး ခရီးဆက်ရ၏။ ပုသိမ်မြို့ မြူနီစီပယ်ကျောင်းတွင် ပညာဆက်သင်ရင်း ထိုကျောင်းမှ ကျွန်တော် စတုတ္ထတန်း အောင်လေသည်။ ထိုကျောင်းမှာ လက်မှုပညာကိုလည်း ပူးတွဲသင်ကြားပေးသည်ကို မှတ်မိနေ၏။ ကြိမ်ထိုးပညာ၊ ကြိမ်ဖြင့် လူမှု အသုံးအဆောင်ပစ္စည်း ပြုလုပ်နည်း၊ ထို့ပြင် သံထည်ဖြင့်ပြုလုပ်သော တွင်ခုံပညာတို့ဖြစ်သည်။ ကျောင်းစာသင်ချိန်နှင့် တွဲ၍ မိနစ် ၃၀ တစ်ချိန် အပြည့်သင်တန်းချိန်ရှိသည်။ ကိုယ်လုပ်သည့်ပစ္စည်းများကို ကိုယ့်နာမည် ကပ်ပြားကလေး ချိတ်ဆွဲပေးထားရသည်။ တစ်နှစ်တာ ကျောင်းသင်ပညာ အချိန်ကုန်ဆုံးသောအခါ လက်မှုပညာ သင်တန်းဆင်းပွဲကျင်းပ၍ မိမိ ထိုးခဲ့သော ကြိမ်ထည်၊ လူသုံးပစ္စည်းကို ပြုလုပ်သူ ကျောင်းသားအား အပိုင်ပြန်ပေးလေသည်။ ကျောင်းသားတွေနှင့်အတူ ကျောင်းသူကလေးများကိုလည်း စက်ချုပ်ပညာ၊ ဇာထိုးပန်းထိုးပညာ စသည်တို့ သင်ပေး၏။ သူတို့အသီးသီး ပညာသင်ကြားရင်း ပြုလုပ်ကြသော လက်မှုပညာ၊ အထည်၊ အင်္ကျီ၊ ဖျင်ထိုး ဇာထိုး အဝတ်အထည်များ အပိုင်ပေးလိုက်မြဲ ဖြစ်သည်။ ကျောင်းမှာ မြူနီစီပယ် အလယ်တန်းကျောင်းဖြစ်၍ သတ္တမတန်းအထိ ပညာသင်ကြားခွင့်ရပေသည်။ ထိုစဉ်က ကျွန်တော် စတုတ္ထတန်း အောင်မြင်သောအခါ အဖေက ကျွန်တော့်ကို ကျောင်းပြောင်းရန် စီမံလေသည်။ ခုနှစ်အားဖြင့် တွက်လျှင် ၁၉၃၃-၃၄ ပညာသင်နှစ် ဖြစ်မည်။

သည်တုန်းက အဖေ၏ အလုပ်တာဝန်မှာ အစိုးရ အမှုထမ်းဖြစ်ရကား အစိုးရ အထက်တန်းကျောင်းသို့ ပို့၍ ကျွန်တော့်ကို ကျောင်းထားရန်ဖြစ်လာသည်။ သို့သော် အဖေက ကျွန်တော့်ကို အစိုးရအထက်တန်းကျောင်းမှာ မထားချင်။ ထိုစဉ်ကတော့ သိကြသည့်အတိုင်း မြန်မာတို့မှာ အမျိုးသားရေးစိတ်ဓာတ်တွေ တက်ကြွနေချိန်ဖြစ်ရာ ကျွန်တော့်ကို ဗဟိုအမျိုးသားအထက်တန်းကျောင်း Central National High School သို့ပို့ရန် အဖေ့ဆန္ဒ ပြင်းပြနေလေသည်။ သည်တုန်းက မူလအမျိုးသားကျောင်းမှာ ပုသိမ်မြို့ နိဗ္ဗာန်ဂြောမ်ရုံဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှာရှိသည်။ ကျောင်းဆရာ၊ ဆရာမတွေမှာ လခငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မရကြချေ။ မြို့ထဲက ချမ်းသာပြည့်စုံသူတွေ စေတနာအလျောက် ထောက်ပံ့ပေးကမ်းသော ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ပစ္စယ အထောက်အပံ့ကိုသာ ရကြ၏။ ပုသိမ်မြို့ ကုန်သည်ကြီးများအသင်း ဦးရွှေဖြူ အစရှိသော ချမ်းသာကြွယ်ဝသူတို့က အမြဲမပြတ် ထောက်ပံ့ကြသည်။ ကုန်သည်ကြီးတွေ သစ်ကုန်သည်၊ ဆန်ကုန်သည်များ ဖြစ်ကြပေရာ နောင်အခါတွင် အမျိုးသားအထက်တန်းကျောင်းကို ပုသိမ်မြို့ထဲသို့ ရွှေ့ပြောင်းပြီး ခိုင်ခံ့သော အဆောက်အအုံတစ်ခု ဖြစ်လာစေသည်။ ယခု ပုသိမ် မြို့ အမှတ် ၂ အစိုးရ အထက်တန်းကျောင်းမှာ ယခင်က အမျိုးသား အထက်တန်းကျောင်းပင် ဖြစ်လေသည်။ သည်မှာ ထူးခြားတာကတော့ အစိုးရအထက်တန်းကျောင်းမှာ မဖြစ်မနေ လုပ်ကြရသော Scout ကင်းထောက်လုပ်ငန်း မလုပ်ရ၊ မသင်ရတော့ချေ။ ကင်းထောက်အဖွဲ့အစား Peinny Boys ပင်နီဘွိုင်းစ်၊ ပင်နီလူငယ် အဖွဲ့ဖွဲ့ပြီး အမျိုးသားရေးသဏ္ဌာန် ပေါ်လွင်စေရန် အားထုတ်မှုဖြစ်သည်။ နယ်ချဲ့ကျွန်ဝတ်ရုံလွှာ စကောက်ခေါ် ကင်းထောက်လုပ်ငန်းကို စွန့်လွှတ်လိုက်ပြီ။

သည်မှာတင် ထူးထူးခြားခြား ဖြစ်သွားသည်ကား ယခင် မြူနီစီပယ်ကျောင်းမှ စတုတ္ထတန်း အောင်မြင်လာသော ကျွန်တော့်ကို စတုတ္ထတန်းတွင်ပင် ပြန်လည်တက်ရောက်ရခြင်း ဖြစ်သည်။ ပြဿနာက မြူနီစီပယ်ကျောင်းတွင် အင်္ဂလိပ်စာသင်ကြားခြင်း ချို့တဲ့ခဲ့သဖြင့် ကျွန်တော့်ကို စတုတ္ထတန်းမှာ ပြန်ထားပြီး အင်္ဂလိပ်စာနှင့် ပတ်သက်သော သဒ္ဒါနှင့် ဖတ်စာများ သင်ကြားရန်ဖြစ်သည်။ ကျောင်းတွင် Special class ခေါ် အင်္ဂလိပ်စာ အထူးပြု သင်တန်း သင်ကြားပေးသည်။ တစ်ခု ထူးခြားသည်မှာ ယခင်က လစာငွေမရရှိဘဲ စေတနာ့ဝန်ထမ်းသာသာ ဆန်၊ ဆီ၊ ပဲ၊ ရိက္ခာထောက်ပံ့ခြင်းသာ ရှိခဲ့သော ဆရာ၊ ဆရာမတို့မှာ အင်္ဂလိပ်ဘာသာဖြင့်ခေါ်လျှင် Aided School အစိုးရအထောက်အပံ့ခံ၊ အမျိုးသား အထက်တန်းကျောင်း ဖြစ်လာသည်။ ဆရာ၊ ဆရာမတို့မှာ လစာ အခွင့်အရေး အသင့်အတင့် ပေးအပ်ခြင်း ခံကြရပြီ။ ထို့ပြင် အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားများသည် ကျောင်းလခ၊ ကျောင်းဝင်ကြေး အနည်းအကျဉ်းပေးရသေးသည်။ တစ်ခု ထူးခြားသည်မှာ ယခုအခါ အမျိုးသား အထက်တန်းကျောင်းတွင် ထင်ရှားကျော်ကြားသော ထူးချွန်ဆရာ၊ ဆရာမများကို ခေါ်ယူခန့်ထားနိုင်ခြင်း ဖြစ်ပေသည်။ မှတ်မိသမျှ ဆရာများတွင်



အိန္ဒိယနွယ်ဝင် မူကာဂျီဆိုသော ဆရာတစ်ဦးကိုပင် သတိရနေသည်။ ဆရာမူကာဂျီက သိပ္ပံပညာသင်ထူးချွန်သည်။ နောက်တစ်ဦးမှာ ဆရာမစ်ထရာ၊ သူလည်း အိန္ဒိယနွယ်ဝင် နိုင်ငံခြားသားဆရာဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှာ ဆရာကြီးဦးရွှေကျော်၊ ဒုတိယကျောင်းအုပ်က ဆရာကြီး ဦးသာဒင် ဖြစ်သည်။ ဆရာကြီး ဦးသာဒင်မှာ နောင်အခါတွင် မုံရွာမြို့၌ ကျောင်းအုပ်ကြီးဖြစ်လာ၍ ယခုအခါ ကွယ်လွန်ရှာပြီ။

ပြောရဦးမည်။ ကျွန်တော်တို့ကို အထူးအင်္ဂလိပ်စာသင်တန်းဆိုပြီး အခန်းငယ်ကလေးတစ်ခုတွင် သင်ကြားပေးသည်။ ယခု သင်ကြားရသော အင်္ဂလိပ်ဘာသာမှာ အတော်ပင် အဆင့်မြင့်၏။ အေဘီစီဒီ အတန်းတွေကို ကျော်လွန်ပြီး Lesson in English ဆိုသော ပုံနှိပ်စာအုပ်များဖြစ်လာပြီ။ Book one, Book two, Book three နှင့် Book four ဆိုသော စာအုပ်များဖြစ်သည်။ သတိရသေးသည်။ ထိုစာအုပ်များမှာ The Cat set on the map စသည်တို့ သင်ကြားရသည်။ လေး၊ ငါးလလောက်ရှိတော့ ကျွန်တော်တို့ အင်္ဂလိပ်စာဘာသာရပ်ကို အတော်ကလေးပင် ကျွမ်းကျင်စပြုလာပြီ။ သည်အချိန်မှာ ဆရာတွေက ကျွန်တော်တို့ကို The New Method Reader စတင် သင်ကြားရပြီ။ ကျွန်တော် မှတ်မိသည်မှာ Ali Ba Ba and Forty Thieves အလီဘာဘာနှင့် ခိုးသားလေးဆယ်၊ Aladen and The Lamp အာလာဒင်နှင့် မီးခွက်စသည်တို့ဖြစ်သည်။ မှတ်မိနေသည့် အင်္ဂလိပ် စာသင်ဆရာမများမှာ ဆရာမကြီး ဒေါ်သန်းအောင်[၁]၊ ဆရာမကြီး ဒေါ်တင်တင်၊ ဒေါ်တင်တင်မှာ နောင်အခါ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက် တည်ထောင်သူ ဗိုလ်သိန်းဆွေ၏ အစ်မဖြစ်သည်။ နောက်ဆရာမတစ်ဦးက ဒေါ်ခင်စီ သူတို့သုံးယောက်မှာ အင်္ဂလိပ်စာအသင်အပြ အလွန်ပင် တော်ကြပေသည်။ ဆရာမကြီးတွေက သုံးဦး တာဝန်ခွဲယူကြသည်။ အင်္ဂလိပ်ဖတ်စာသင်သူကတစ်ဦး၊ Lesson in English သင်သူတစ်ဦး၊ Grammer and Composition အင်္ဂလိပ်စာသဒ္ဒါ သင်သူက တစ်ဦး ဖြစ်သည်။

၁။ ဒေါ်သန်းအောင် (နောင်တွင် တာတွယ်ရေးဦးစီးချုပ်ဘဝမှ ဗိုလ်ချုပ်ကြီးတင်ဦးကို ဖြုတ်ချအရေးယူခံပြီးနောက် ထောက်လှမ်းရေးက ဆရာမ ဒေါ်သန်းအောင်ကို သွားရောက်စစ်မေးခဲ့ပေသည်)

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အင်္ဂလိပ်စာဘာသာရပ်တွင် ကြပ်ကြပ်မတ်မတ် သင်ပေးပြီးနောက် ထိုနှစ်တွင်ပင် ကျွန်တော်တို့ စတုတ္ထတန်းကျောင်းသားများကို ပဉ္စမတန်းသို့ တက်ခွင့်ပေးလိုက်ကြလေသည်။

ကျွန်တော်တို့ ပဉ္စမတန်းတွင် သိပ်ကြာကြာ မနေကြရဘဲ နှစ်ကုန်၍ စာမေးပွဲစစ်သောအခါ ပဉ္စမတန်း အောင်မြင်၍ ဆဋ္ဌမတန်းသို့ တက်ရောက်ကြရလေသည်။

ဩော် သတိရတာလေး ပြောရဦးမည်။ ပဉ္စမတန်းသို့ တက်ခဲ့စဉ်က ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူများအားလုံး ဝါတွင်းကာလတွင် ဥပုသ်နေ့များ၌ ဥပုသ်သီတင်း စောင့်ကြရခြင်းတည်း။ ရှစ်ပါးသီလ ယူရခြင်းဖြစ်သည်။ ကျောင်းအနီးတွင်ရှိသော မန်းကျောင်းဘုန်းတော်ကြီးက သီလပေးသည်။ ဘုန်းကြီးကျောင်းက အိုးဘိုလမ်းနှင့်နှစ်ကျိပ်ရှစ်ဆူဘုရားလမ်း၏ ထောင့်၊ ကုန်းပေါ်မှာရှိသည်။ မန်းကျောင်းဘုန်းတော်ကြီးက သူပိုင် သာသနာ့မြေကို ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်ရန်သာ မြေယူ၍ ကျန်မြေများကို အမျိုးသားအထက်တန်းကျောင်း ဆောက်လုပ်ခွင့်ပေးခဲ့၍ အုတ်တိုက်ကျောင်းအဖြစ် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ကျွန်တော်တို့ ဆဋ္ဌမတန်းရောက်သောအခါ ဗုဒ္ဓဘာသာ သင်ခန်းစာများ သင်ကြားရသည်။ မှတ်မိသမျှ ပြောပြရလျှင် ကျွန်တော်တို့ ပုသိမ်၊ အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းထားခြင်းပင် ဖြစ်သည်။ သမဂ္ဂ ဥက္ကဋ္ဌက ဆယ်တန်းကျောင်းသား ကိုသာထွန်းအောင် ဖြစ်လေသည်။ ကိုကြီးမောင်က အတွင်းရေးမှူး၊ ကိုကိုလေးက တွဲဖက်အတွင်းရေးမှူး တာဝန်ယူကြသည်။ ကျောင်းသားသမဂ္ဂလုပ်ငန်းများကို ကျွန်တော်တို့ တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ကြသည်။ ထိုစဉ်က ရန်ကုန်မြို့မှ ကျောင်းသားခေါင်းဆောင်၊ သံမဏိမောင်မောင်လည်း ပုသိမ်မြို့ ကျောင်းသားသမဂ္ဂသို့ အချိန်ပြည့် လာရောက်စည်းရုံးလှုပ်ရှား ကူညီခဲ့သည်။ သံမဏိမောင်မောင်သည် စာမေးပွဲများအပြီးတွင် ရောက်လာ၍ တစ်ချိန်လုံး ကျွန်တော်တို့ကျောင်းမှာနေသည်။ ယခုအခါ သံမဏိမောင်မောင်မှာ အသက်အရွယ် ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးရော့မည်။ ရန်ကုန်မြို့တွင် ကျန်းကျန်းမာမာရှိနေသည်ဟု သိရသည်။ သံမဏိမောင်မောင် ရောက်လာ၍ **ရန်ကုန်**



**တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း**၊ တို့ဗမာအစည်းအရုံး စတင်တည်ထောင်သူ **သခင်ဘသောင်း**တို့အကြောင်းကို ကြားဖူးခဲ့သည်။

ထိုအချိန်က မြန်မာ့နိုင်ငံရေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ဦးပု (ဖေပုရှိန်) က ဂဠုန်ဦးစောနှင့် ပေါင်း၍ နန်းရင်းဝန် ဒေါက်တာဘမော်ကို ရာထူးမှ ဖြုတ်ချခဲ့သည်။ သို့သော် နန်းရင်းဝန်သစ်ဖြစ်လာသော ဦးပုလည်း ရာထူးတွင် ကြာရှည်မခံ။ ဂဠုန်ဦးစောသည် လွှတ်တော်တွင် သူ့ကို ထောက်ခံသူရရှိအောင် လှုစုပြီး နန်းရင်းဝန်ဦးပုကို ရာထူးက ဖြုတ်ချလေသည်။ ဦးစော နန်းရင်းဝန် ဖြစ်လာပြီ။ ဤသို့သော မတည်ငြိမ်သည့် နိုင်ငံရေး အခြေအနေအရပ်ရပ်ကို သံမဏိကိုမောင်မောင်ထံက ကျွန်တော်တို့ နိုင်ငံရေးတရား နာကြလေသည်။

သည်တုန်းက မြန်မာ့နိုင်ငံရေးလောက၏ အရုပ်တော်ပုံကို သီချင်းများ သီကုံးဖွဲ့ဆိုကြသည်။ မှတ်မိသေးတော့၏။ "ဘမော်-ဘဦးတို့က ရှုပ်သနော်" တဲ့။ ဒေါက်တာဘမော်က ဘယ်လိုရှုပ်သလဲ၊ ဦးဘဦးက ဘယ်လိုရှုပ်သည်လဲ မသိပါ။

ဂဠုန်ဦးစောနန်းရင်းဝန်ဖြစ်လာပြီးနောက် ပုသိမ်မှ ကျောင်းသားတွေက ဦးစောကို ပြောင်လှောင်ပြီး သီချင်းစပ်ဆိုကြသည်။ ထိုသီချင်းကို တစ်ပိုင်းတစ်စ မှတ်မိသေး၏။

**ဂဠုန်တောင်ပံ၊ ရိုက်နှက်သံ၊ ဗမာတပြည်လုံးည်း၊ အထူးယောခွဲပြန်၊ ဦးစောရဲ့ ဉာဏ်၊ ဘယ်သူတွေ ဘာပြောပြော၊ ငါစားရရင် ကျေနပ်တယ် အမှန်။ တော်ပါပေတယ် ဗမာပြည်ခေါင်းဆောင်၊ မင်းခေါင်းဆောင်ဖြစ်မှ သခင်တွေထောင်နန်းစံ။ တော်ပါပေတယ် ဗမာပြည်ခေါင်းဆောင်၊ ယောစဉ်တုန်းက မျိုးချစ်စိတ်ရှိသယောင်ယောင် ရာထူးတောင် မယူပါဘူးလို့ သူလိမ်တာပြောင်း၊ ဩော်... အထင်မှားတော့မလေ၊ ပြောစမ်းပါရစေ။ လယ်သမားတွေ ဒုက္ခရောက်ရသလေ၊ မင်းကို ငွေးတာ့ဆွဲ့ မျိုးမြှင့်လိုက်ပေပြီ။**

ဒါက ဂဠုန်ဦးစောနှင့် ပတ်သက်၍ ပုသိမ်မြို့ရှိ ကျောင်းသားတွေ သီကုံးစပ်ဆိုကြသော သီချင်းပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ငယ်စဉ်က အကြောင်းတွေ ပြန်ပြောရင်း ဒီသီချင်းကို သီဆိုပြတော့ **ဒေါ်အောင်ဆန်းစု ကြည်** တော်တော်သဘောကျပြီး ရယ်မောခဲ့သေးသည်။ သူ့ဖခင် ဗိုလ်ချုပ် အောင်ဆန်းကို သတ်ခဲ့သူ လူသတ်တရားခံ ဦးစောအကြောင်းပေကိုး။

ဦးစောက မြန်မာပြည်နိုင်ငံရေးမှာ ရေပန်းစားသူမဟုတ်။ သူ့ဆရာ တင်ထားသော နန်းရင်းဝန် ဦးပုအပေါ် သစ္စာဖောက်ပြီး ဖြုန်းခနဲ နန်းရင်း ဝန်ဖြစ်လာသူဖြစ်သည်။ ဦးစောက နိုင်ငံရေး အကွက်ဆင်တတ်သူဖြစ်သည်။ လယ်သမားတွေကို စည်းရုံးရန် လယ်ထွန်မင်္ဂလာဆင်းသည့် အခမ်းအနား လုပ်ခဲ့သည်။ ဂဠုန်ငှက်အသွင် ချုပ်လုပ်ထားသော စစ်သူကြီး ဝတ်စုံကို ဝတ်ဆင်၍ ထွန်တုံးကို စီးကာ ဆိုင်းဗုံတီး၍ စတန့်ထွင်ခြင်း ဖြစ်လေသည်။ ပြီးတော့ ဓာတ်ပုံရိုက်ကာ သူပိုင်သော သူရိယသတင်းစာတွင် ထည့်သွင်း ဖော်ပြသည်ကို သတိရသေး၏။

❐

# အခန်း (၃)
# ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် ဗိုလ်အောင်ကျော် ကျဆုံးခြင်း

ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ ၁၉၃၆ ခုနှစ် သပိတ်ပေါ်ထွန်းလာသည်။ ရန်ကုန်က ကျောင်းသားသပိတ်သည် နယ်သို့ လည်း ပျံ့နှံ့လာ၏။ ကျွန်တော်က သည်တုန်းက ၆ တန်းကျောင်းသား ဘဝသာ ရှိသေးသည်။ ထိုစဉ် ကျွန်တော်တို့သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကို ကြားသိရုံသာ ကြားသိလိုက်ရသည်။ ထဲထဲဝင်ဝင် ဘာမျှမလုပ်ဖြစ်ကြချေ။ သို့သော် **၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ဖြစ်ပွားသော ဗိုလ်အောင်ကျော်အရေးတော်ပုံတွင်**ကား၊ ကျွန်တော်တို့ ပုသိမ် ကျောင်းသားသမဂ္ဂမှ ဦးဆောင်၍ ကျောင်းသားလှုပ်ရှားမှုများ လုပ်ကြလေ သည်။ မှတ်မိသေးသည်။ ကျွန်တော်တို့ ပုသိမ်မြို့ အမျိုးသားအထက်တန်း ကျောင်း၊ ကျောင်းသားများသမဂ္ဂမှ ဦးဆောင်၍ လက်မောင်းတွင် ဖဲကြိုး အနက်ပတ် ဗိုလ်အောင်ကျော်အတွက် ဝမ်းနည်းကြောင်း ကန့်ကွက်ဆန္ဒပြကြ လေသည်။ ကျွန်တော်တို့ အမျိုးသားအထက်တန်းကျောင်းက ခရိုင်ကျောင်း သားသမဂ္ဂဖြစ်၍ မြို့နယ်အတွင်းရှိ အခြားကရင်ကျောင်းများ၊ စကောကရင်၊ ပိုးကရင်စသည်ဖြင့် မခွဲခြားဘဲ စုပေါင်းကန့်ကွက်ဆန္ဒပြကြသည်မှာ ညီညီ ညာညာပင်။ ပြောရဦးမည်။ ပုသိမ်မြို့တွင် အေဘီအမ်အထက်တန်းကျောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အစိုးရအထက်တန်းကျောင်း၊ အမျိုးသားအထက်တန်းကျောင်း စကောကရင်နှင့် ပိုးကရင် အထက်တန်းကျောင်း ဘယ်ကျောင်းမဆို နယ်ချဲ့ဗြိတိသျှအစိုးရကို ကန့်ကွက်ဆန္ဒပြမည်ဟု ဖိတ်ခေါ်သောအခါ ညီညီညာညာ ရောက်လာကြ၏။ မလာသူမရှိ။ ကျွန်တော်တို့ ပုသိမ်ခရိုင် ကျောင်းသားများသမဂ္ဂမှ ဦးဆောင်၍ ဗိုလ်အောင်ကျော်အား ရက်စက်စွာ သတ်ဖြတ်ရိုက်နှက်သူ ဗြိတိသျှအစိုးရအပေါ် ကန့်ကွက်ကြောင်း ကြွေးကြော်သံများနှင့် စီတန်းလှည့်လည်ကြသည်ကို သတိရသေးတော့။

ဩော် ပြောရဦးမည်။ ဗိုလ်အောင်ကျော် ကျဆုံးရခြင်းမှာ ချောက်မြို့က ရေနံမြေသပိတ်ကြီးနှင့် ဆက်စပ်လျက်ရှိပေသည်။ ချောက်ရေနံမြေက စတင်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ရန်ကုန်မှ **ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုဘဟိန်းနှင့် ကိုဗဆွေတို့ကို နယ်ချဲ့ဆန့်ကျင်ရေးတရား ဟောပြောမှုနှင့် ဖမ်းဆီးခဲ့သည်။** ကျောင်းသားခေါင်းဆောင်များကို လွှတ်ပေးရန် ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ဗိုလ်အောင်ကျော်နှင့် အခြားကျောင်းသားများက ဦးဆောင်ဆန္ဒပြခဲ့ရာ ဗြိတိသျှမြင်းစီးပုလိပ် တုတ်ရိုက်သောဒဏ်ဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးရခြင်းဖြစ်လေသည်။ ဤဖြစ်ရပ်များကို ကျောင်းသားထုအစည်းအဝေးတွင် ခရိုင် ဥက္ကဋ္ဌ ကိုသာထွန်းအောင်တို့က လက်သီးလက်မောင်းတန်း၍ ကြွေးကြော် တရားဟော၏။ ကျွန်တော်တို့ကျောင်းသားထုကြီးမှာ များစွာ ကြေကွဲဝမ်းနည်းကာ ဒေါသဖြစ်ကြလေသည်။

ပြောချင်သေးသည်။ ကျွန်တော်တို့ကျောင်းသားသမဂ္ဂမှ ဤသို့ သွေးတကြွကြွ ဟောကြပြောကြသည်ကို ဗြိတိသျှပုလိပ်အဖွဲ့က ဌာနအုပ်၊ ရာဇဝတ်အုပ်စသူတို့က ကျောင်းတွင် ကျောင်းအုပ်ဆရာကြီးထံ ခွင့်တောင်း၍ ကျောင်းသားခေါင်းဆောင်များကို ခေါ်ယူသွားပြီး မေးမြန်းစစ်ဆေးသည်။ ထိုစဉ်ကတော့ ပုလိပ်က သာမန်ပဲမေးပြီး ပြန်လွှတ်လိုက်သည်။ ရိုက်နှက်ညှဉ်းဆဲခြင်း၊ အော်ငေါက်ခြင်း လုံးဝမရှိ။ သို့သော် ကျွန်တော်တို့ကား ဗြိတိသျှအစိုးရအပေါ် မကျေမနပ်ဖြစ်ဆဲ၊ ဒေါသဖြစ်နေဆဲ။

ပြောရဦးမည်။ သည်တုန်းက ဗိုလ်အောင်ကျော် ကျဆုံး၍ ဆန္ဒပြကြသော ကျောင်းသားသမဂ္ဂခေါင်းဆောင်များကိုသာ ပုလိပ်က ခေါ်ယူစစ်ဆေး



မေးမြန်းခဲ့သည် မဟုတ်သေး။ ကျွန်တော်တို့ ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးကိုပင် ဗိုလ်အောင်ကျော်ကျဆုံး၍ မကျေမနပ် စီတန်းလှည့်လည်ကြသော ကျောင်းသားထုကို မထိန်းသိမ်းရကောင်းလားဆိုသော ပြစ်မှုဖြင့် ပုလိပ်က နှစ်ကြိမ်တိတိ ဖမ်းဆီးစစ်ဆေးခဲ့သည်။

ပြဿနာက ဒီလို။ ကျွန်တော်တို့ ပုသိမ်မြို့မှာ အမျိုးသားအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုသာထွန်းအောင်နှင့် အမှုဆောင်များကို ပုလိပ်က လာရောက်ခေါ်ယူ စစ်ဆေးနေစဉ် ကျွန်တော်တို့ ကျောင်းသားများက ပုသိမ်မြို့ပေါ်ရှိ အခြားအထက်တန်းကျောင်း ကျောင်းသားများနှင့်အတူတူ ပုလိပ်ဌာနသို့ ချီတက်ဝိုင်းဝန်း ဆန္ဒပြ ကြွေးကြော်ကြသည်။ **ဖမ်းဆီးသွားတဲ့ တို့ခေါင်းဆောင် အမြန်လွှတ်၊ အမြန်လွှတ်** ဟုကြွေးကြော်ကြသည်မှာ ပုသိမ်ပုလိပ်ဌာနဝင်းတစ်ခုလုံး ကမ္ဘာပျက်သည့်နှယ် ဆူပွက်စီစီညံနေလေတော့သည်။

ဤအရေးအခင်းတွင် အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးကိုယ်တိုင် ကျောင်းသားထုကြီးကို ရဲရဲတောက် တရားဟောခဲ့သည်။ မှတ်မိပါသေး၏။ ဆရာကြီးက **နိုင်ငံရဲ့အသက်ဟာ မင်းတို့ကျောင်းသားတွေ လက်ထဲမှာ ရှိတယ်။ နိုင်ငံရဲ့ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်အောင် မင်းတို့ ကျောင်းသားတွေ ကြိုးပမ်းရမှာ ဖြစ်တယ်** စသဖြင့် ကျောင်းသားထုကြီး သွေးမကြွလျှင် ကြွအောင် စွမ်းဆောင်လှုံ့ဆော် ဟောပြောခဲ့လေသည်။ ကျောင်းအုပ်ကြီး **ဦးရွှေကျော်**သည် ကျောင်း၌ သမိုင်းရာဇဝင် သင်ခန်းစာ သင်တိုင်း သင်တိုင်းလည်း ကျွန်တော်တို့ ကျောင်းသားတွေ အမျိုးသားလွတ်လပ်ရေးစိတ်ဓာတ် တက်ကြွစေမည့် သမိုင်းကို အမြဲမပြတ် ထည့်သွင်းဟောပြော သင်ကြားလေ့ရှိသည်။ ဥပမာဆိုရလျှင် ပထမအင်္ဂလိပ် မြန်မာစစ်ပွဲ ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားပြီး လက်နက်အင်အား မမျှတ၍ မြန်မာဘုရင့်အစိုးရက စစ်ရှုံးခဲ့ကြောင်း၊ **ရန္တပိုစာချုပ်**မှာ မြန်မာတို့ဘက်ကို ဖိနှိပ်ချုပ်ချယ်ပြီး ဗြိတိသျှအစိုးရက အကျိုးအမြတ်တွေ မတရား ရယူသွားခဲ့သည့် စာချုပ်ဖြစ်ကြောင်း၊ အမြဲတမ်း သင်ကြားပို့ချလေသည်။

ကျောင်းအုပ်ကြီး၏ သမိုင်းရာဇဝင် သင်ခန်းစာများကို အထပ်ထပ်အခါခါ သင်ကြားမှတ်သားပြီးသောအခါ ကျွန်တော်တို့ ကျောင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဗြိတိသျှအစိုးရ မတရားလုပ်တာကို ခံရလေခြင်းဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကြသည်။ "နေနှင့်ဦးကွ ဗြိတိသျှ၊ မင်းအလှည့်ကျရင် မင်းလည်း မနွဲ့နဲ့ကွ၊ ငါတို့ သတ္တိပြမယ်" ဆိုသော၊ ခံချချင်သည့်စိတ်ဓာတ်တွေ တအုန်းအုန်းထနေလေသည်။ ကျောင်းအုပ်ကြီး အစီအစဉ်ဖြင့်ဖွဲ့စည်းထားသော Pinny Boys ပင်နီဘွိုင်းစ်အသင်းကလည်း အစိုးရအထက်တန်းကျောင်းက Scout ကင်းထောက်အဖွဲ့နှင့် ပခုံးချင်းယှဉ် လှုပ်ရှားနေသည်။ Scout ကင်းထောက်အဖွဲ့က GOD SAVE THE KING ခေါ် "ဘုရင်မင်းမြတ်ကို ဘုရားသခင်စောင်မ ကယ်တင်ပါစေ" သီချင်းဆို၍ ယူနီယံဂျက် ဗြိတိသျှအလံတော်ကို အလေးပြုနေစဉ်မှာ ကျွန်တော်တို့က တို့ဗမာအစည်းအရုံး၏ ကမ္ဘာမကြေသီချင်းသီဆိုပြီး အဝါခံ၊ ဒေါင်းအလံကို အလေးပြုနေကြသည်။ အလံတော်ကို ကြည်ညိုစွာ အလေးပြုရသည်ကို ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်မိကြ၏။ အဝါခံမှာ ဒေါင်းကြီးတောင်ပံဖြန့်၍ ကနေပုံအလံမှာ လွန်စွာ ကျက်သရေရှိလှ၏။ အလံထိပ်ဖျားမှာ နှစ်ခွချွန်၊ ကြက်လျှာပုံသဏ္ဌာန်ဖြစ်လေသည်။ လေတွင် တလူလူလွင့်ပျံနေသော မြန်မာ့အလံတော်ကြီးကို ကြည့်၍ ကျွန်တော်တို့ ပင်နီဘွိုင်း၊ ပင်နီအမျိုးသား လူငယ်တွေ လွတ်လပ်ရေးစိတ်ဓာတ်တွေ တဖွားဖွား၊ ဝင့်ဝင့်ကြွားကြွား ဖြစ်နေလေတော့သည်။

သည်တွင် သတိရတာကလေး ပြောပြချင်သေးသည်။ ကျွန်တော်တို့ အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ကြီးကို ပုလိပ်က စစ်ဆေးရန် ဖမ်းသွားစဉ်ကလည်း ကျွန်တော်တို့ ကျောင်းသားထုကြီးက ပုသိမ်မြို့ အရေးပိုင်ရုံးကို သွားရောက်ဝိုင်းဝန်းဆန္ဒပြ ကြွေးကြော်ကြသေးသည်။ **"ဖမ်းထားတဲ့ ကျောင်းအုပ်ဆရာကြီး အမြန်လွှတ်၊ အမြန်လွှတ်"** စသည့် ကြွေးကြော်သံတွေ တိုင်ပြီး အရေးပိုင်ရုံးကို သွားဝိုင်းကြသည်။ ကျောင်းသားခေါင်းဆောင်များကို အရေးပိုင်ကိုယ်တိုင် လက်ခံတွေ့ဆုံပြီး ကျောင်းအုပ်ဆရာကြီးကို ဖမ်းဆီးအပြစ်ပေးရန် အစီအမံ မရှိကြောင်း ဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်ကို ပြတ်ပြတ်သားသား သိရှိနိုင်ရန် ခေါ်ယူဆွေးနွေးနေခြင်းသာဖြစ်ကြောင်း ရှင်းပြသည်။ ကျောင်းအုပ်ဆရာကြီးကို ပုလိပ်က ဤသို့ နှစ်ကြိမ်တိတိ ခေါ်ယူစစ်ဆေးရာတွင် ပုလိပ်ဂတ်တဲ၌ ယဉ်ယဉ်



ကျေးကျေး၊ လေးလေးစားစား ကောင်းမွန်စွာထားပြီး ကျောင်းသားများ အေးဆေးတည်ငြိမ်သွားအောင် ဆုံးမရန် တိုက်တွန်းသည်ဟု သိရသည်။

တစ်ခုကောင်းသည်မှာ ပုသိမ်မြို့က ပုလိပ်တွေ မြို့ထဲတွင် အရိပ်အရောင် မပြကြခြင်းပဲဖြစ်၏။ တစ်မြို့လုံးကို လက်ပတ်အနက်ဝတ် ကျောင်းသားတွေ အုန်းအုန်းထအောင် ကြွေးကြော် အော်ဟစ် လှည့်ပတ်နေကြသော်လည်း ပုသိမ်မြို့ခံ ပုလိပ်တွေကို ဟိုနား၊ ဒီနား သွားလာနေသည်ကိုပင် လုံးဝ မမြင်ရပေ။ မိုင်ဒါကွင်းကြီးထဲတွင် ကွိုင်လီ - KOYZ၊ King's Own Yoreshire Infantry ခေါ် ဗြိတိသျှ စစ်တပ်အုပ်စုတစ်စု နံနက်နှင့်ည ဘင်ခရာနှင့် ဘယ်ညာနင်း သီချင်းဆိုတာမျိုးတွေကို နေ့စဉ်မြင်နေရသည်။ သူတို့ ယူနီဖောင်းက ခန့်ခန့်ညားညားကိုး။ သူတို့ စစ်ရေးပြလျှင် လူတွေက ဝိုင်းကြည့်ကြသည်။ စနေနေ့ နေ့လယ် ၁၂ နာရီ တိတိတွင် အမြောက်တစ်ချက်ပစ်သည်။ ဒိန်းဆိုသော အသံကြီး မြည်ဟည်းသွားစဉ် ကြားရသူတွေက ဒါ နေ့လယ် ၁၂ နာရီတိတိပဲဆိုပြီး နာရီကိုတိုက်ကြသည်။ ဒါက ကျွန်တော်တို့ ကျောင်းသားတွေကို ကြောက်ရုံ၊ ခြောက်ရုံ၊ လှန့်ရုံ လုပ်တာပဲ ဖြစ်ချင်ဖြစ်နိုင်သည်။ ကျွန်တော်တို့ကလည်း မြို့လှည့် ကြွေးကြော်သံတိုင်၊ ပုလိပ်ဌာနဝိုင်း အရေးပိုင်ရုံး ဝိုင်းရုံကလွဲပြီး ဆူပူအကြမ်းဖက်ခြင်း ဘာမျှမရှိ။ ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီးကလည်း "မင်းတို့ ဆန္ဒပြတာဟာ ဆန္ဒကို အထက်အာဏာပိုင်တွေ သိရန်ပဲပြု၊ စည်းကမ်းမဲ့တဲ့ အပြုအမူလုပ်မိရင် သူတို့ခွင်ထဲဝင်သွားပြီး မလိုလားအပ်တာတွေ ဖြစ်ကုန်မယ်"ဟု အမြဲပင် တင်းကျပ်စွာ သတိပေးထားပေသည်။

သြော်... ပြောရဦးမည်။ ကျွန်တော် ငယ်ငယ်က တစ္ဆေ သူရဲဆိုလျှင် အလွန်ကြောက်သည်။ တစ္ဆေကိုသာ ကြောက်ခြင်းဖြစ်သည်။ လူချင်းကတော့ ဘယ်သူကိုမျှ မမှု၊ ဘယ်သူ့မှ မကြောက်တတ်။ ဒါကို ပြောရတာကလည်း အကြောင်းရှိသည်။ ကျောင်းမှာ ကိစ္စနှစ်ခုဖြစ်ခဲ့သည်။ ပုသိမ်မြို့တွင် ဦးခင်ဂွမ်အန်းနှင့် ဦးချမ်းမားသန်းဆိုသော စက်သူဌေးကြီးနှစ်ဦးရှိသည်။ တရုတ်အမျိုးသား၊ မြန်မာတရုတ် ကပြားတွေဖြစ်သည်။ ကျွန်တော်တို့ နေရှင်နယ်ကျောင်းကိုလည်း အလှူငွေများ လှူဒါန်းနေသူများဖြစ်ကြသည်။ ထိုတရုတ်သူဌေးကြီးတို့၏ သားသမီးတွေက နေရှင်နယ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ပညာသင်ကြားနေကြသည်။ သားသုံးလေးယောက်ရှိမည် ထင်သည်။ သူတို့ သားသမီးတွေကို တခြားကျောင်းတွေက မိတ်ဖြစ်ရန် လက်မခံဟု သိရသည်။

ဦးချမ်းမား၏သားက လူချမ်းသာသားဆိုတော့ ကျောင်းကို ကားဖြင့် တက်သည်။ သူ့ကို ကျောင်းကမိန်းကလေးတွေ ခေါ်ချင်၊ ပြောချင် မျက်နှာ ပွင့်သည်။ စိတ်ကစားသည့်အရွယ်မို့ မိန်းကလေးတွေနှင့် အတူရပ်ပြီး ချစ်စကား ကြိုက်စကား ပြောတာရှိသည်။ ကျွန်တော်တို့ သတ္တမတန်းတွင် သူငယ်ချင်း မစိန်စိန်တို့၊ မတင်တင်တို့ ရှိကြသည်။ သည်တုန်းက မိန်းကလေး တွေ၏ နာမည်တွေကလည်း အလွန်မှတ်၍ လွယ်သည်။ ကြင်ကြင်၊ ခင်ခင်၊ ရင်ရင်တဲ့။ ယောက်ျားကလေးတွေ နာမည်ကလည်း သည်လိုပါပဲ၊ ရိုးရိုးပါပဲ။ ခင်မောင်၊ လှကြည်၊ တင်မောင်၊ မောင်ဦးတို့ စသည်ဖြင့်။

ယခုခေတ် မိန်းကလေးတွေ၏ နာမည်ကား ရှည်လည်း ရှည်သည်။ ခေါ်ရခက်သည်။ ပြီးတော့ ယခုခေတ် မိန်းကလေးတွေက ဟိုတုန်းကထက် ပိုလှသည်ကား အမှန်ပင်။

တစ်နေ့တော့ ကျွန်တော့်အတန်းဖော် သူငယ်ချင်းစိန်စိန်က ပြောသည်။ "တင်ဦးရယ်၊ ငါကျောင်းပြန်ရင် ကောင်ကလေးတွေက ငါ့ကိုလိုက်ပြီး နှောင့်ယှက်ကြတယ်၊ ငါ့ကို ကူညီပါဟယ်၊ ငါနဲ့ အဖော်လိုက်ပြန်ပေး ပါကွယ်"တဲ့။

ကျွန်တော်က "အေးအေး၊ ငါကူညီပါ့မယ်"

တစ်နေ့ ကျောင်းဆင်းလို့ စိန်စိန်တို့ ကျောင်းသူတွေ ကျောင်းခန်းထဲက ထွက်ခါနီးမှာ သူ့ဗွေးသားက စာထောင်ပြသည်။ စိန်စိန်က ကျွန်တော့် ကိုပြောသည်။ "တင်ဦး၊ တင်ဦး၊ တွေ့လား၊ ဟိုကောင် ငါ့ကို စာထောင်ပြ နေပြီ"

ကျွန်တော့်စိတ်က မခံချင်ဖြစ်သွားသည်။

သို့နှင့် ကျောင်းကလည်း မဆင်းသေးတော့ အတန်းပိုင်ဆရာကို ကျွန်တော်က ခွင့်တောင်းသည်။

May I go out Please ဟု ဆရာ့ကိုပြောပြီး လက်ညှိုးတစ်ချောင်း ထောင်ပြ၏။ စာသင်ခန်းထဲက ထွက်လာသည်။ ကျောင်းဆင်းချိန်နီးပြီ။



ညနေ ၃ နာရီခွဲခန့်ရှိမည်ထင်သည်။ ကျွန်တော်က စာသင်ခန်းအပြင်သို့ ရောက်တော့ စာထောင်ပြသည့် ကျောင်းသားကို မေးလိုက်သည်။

"ဟေ့ကောင်၊ ဒါဘာလုပ်တာလဲ"

"ဘာလုပ်လုပ်၊ မင်းနဲ့ဘာဆိုင်လို့လဲ"

"ဒါ ငါတို့အတန်းက ကျောင်းသူကွ၊ မင်း ဒီလို မလုပ်နဲ့"

"လုပ်တော့ ဘာဖြစ်လဲကွ"

"လုပ်ရင် မင်းကို ငါချမယ်ကွ"

"ကောင်းပြီ၊ ချမယ်လေ လာခဲ့"

သူတို့က လူစုနှင့် ပြန်ပြောသည်။

"ကောင်းပြီ ကျောင်းအပြင် လိုက်ခဲ့"

ဒါနှင့် ကျွန်တော် ကျောင်းခန်းထဲ ပြန်ဝင်လာသည်။ သူ့ဗွေးသား တွေက ညီအစ်ကိုတစ်စုဆိုတော့ ကျွန်တော်လည်း ကျောင်းခန်းထဲ ပြန်ဝင် ကျွန်တော့်ထက် တစ်တန်းငယ်သော ညီဝမ်းကွဲ ကိုစံတင်ကို သွားခေါ်ပြီး၊ ပြောရသည်။ "မင်းတို့အတန်းထဲက ကောင်တွေနဲ့ ချဖို့ ငါချိန်းထားတယ်၊ ကျောင်းဆင်းရင် လာခဲ့" ပြောတော့ ကိုစံတင်က လာခဲ့မယ်ဟု ပြောသည်။ "ဟုတ်ကဲ့ အစ်ကိုကြီး ကျွန်တော်လည်း ဒီပွဲမှာပါမယ်"

ညနေကျောင်းဆင်းပြီ။ ကျွန်တော်က ညီဝမ်းကွဲ ကိုစံတင်နှင့်အတူ အရင်ဆင်းသွားပြီး ကျောင်းအပြင်က ကြို၍ စောင့်နေသည်။ သူ့ဗွေးသား တွေက ကျောင်းထဲမှ ထွက်အလာတွင် ကျွန်တော်က လက်ဦးအောင်ပြေး ၍ လက်သီးဖြင့် ထိုးလိုက်သည်။ သူတို့ကလည်း အုပ်နှင့် ပြန်ထိုးကြသည်။ ကျောင်းရှေ့ ကုံကော်ပင်အကွယ်မှာ ကျောင်းက ဆရာကြီးတွေ မမြင်ရသည့် နေရာကို ရွေးပြီးစောင့်၍ ပြေးထိုးခြင်းဖြစ်သည်။ သူတို့က ထိုး၊ ကိုယ့် အုပ်စုက ထိုးနှင့် တအုန်းအုန်း ဖြစ်နေကြသည်။ ဘေးမှ သူငယ်ချင်းတွေက ဝိုင်းဖျင်ကြတော့ ရန်ပွဲပြီးသွားလေသည်။ ကျွန်တော်တို့ရော သူ့ဗွေးသားတွေ ရော ကွဲသူကွဲ၊ နာသူနာဖြစ်ကြလေသည်။

ထိုနေ့ည အိမ်တွင် ထမင်းစားသောက်ပြီးချိန်မှာ ကျောင်းက ဆရာ တွေ ရောက်လာလေ၏။ ဆရာကြီး ဦးရွှေကျော်၊ ဆရာဦးအောင်တင် ပြီး တော့ အတန်းပိုင်ဆရာ ဦးထွန်းလွင်တို့ သုံးယောက် လံချားအစီးယာဉ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်။ ဟိုတုန်းကတော့ ကျွန်တော်တို့မိဘတွေမှာ ကျောင်းက ဆရာကြီးတွေကို အလွန်ရိုသေကြသည်။ ကျောင်းကဆရာကြီး တွေ ရောက်လာသည်ဆိုတော့ ဖျာပျာသလဲနှင့် ဘုရားစင်ရှေ့မှာ သင်ဖြူး ဖျာကလေး ခင်းပေးသည်။

ဆရာကြီးက အဖေ့နာမည်ကို ခေါ်လိုက်သည်မှာ ဤသို့။

**ဆရာကြီး**။ "မောင်ကြိုင်"

**ဖခင်**။ "ခင်ဗျား"

**ဆရာကြီး**။ "မင့်သား၊ တင်ဦး၊ ကျောင်းမှာ ရန်ဖြစ်တယ်ကွ၊ ဦးချမ်းမားသားတွေနဲ့ ဒီနေ့ကျောင်းမှာ ရန်ဖြစ်ကြတယ်၊ အဲဒါမိဘချင်း သင့်သင့်မြတ်မြတ်ရှိဖို့နဲ့၊ ကလေးချင်းလည်း သင့်သင့်မြတ်မြတ်ရှိကြဖို့ နောင် ရန်မဖြစ်ကြဖို့ ငါလာပြောတာပဲ၊ မင်းတို့သားလည်း မင်းတို့ထိန်းကြပေါ့"

ဆရာကြီးတွေက အိမ်သို့ လာရောက်၍ ဆုံးမစကားပြောသောအခါ ကျွန်တော့်အဖေ ဦးကြိုင်မှာ ရှိသေကြောက်ရွံ့ရလွန်း၍ နေစရာပင် မရှိသည့် ပမာရှိနေသည်။ အဖေက ဆရာကြီးတွေ ပြန်သွားတော့ ကျွန်တော့်ကို ဆူပူကြိမ်းမောင်းတော့သည်။

နောက်တစ်နေ့နံနက် ကျောင်းတက်ရန် သွားသောအခါ သူငယ်ချင်း စိန်စိန်နှင့် တွေ့သည်။ စိန်စိန်က ကျွန်တော့်ကို သတင်းမေးသည်။ ကျွန်တော်က ယမန်နေ့ညနေမှာ ဆရာကြီးတွေ အိမ်ရောက်လာ၍ အဖေ့ကို တိုင်ပြောကြပုံ ပြောပြသည်။ စိန်စိန်က "ငါလည်း နင့်အတွက် စိတ်ပူနေတာ၊ နင်အရိုက်ခံရမယ်ထင်နေတာ"

ကျွန်တော်က "အဖေကတော့ မရိုက်ပါဘူး၊ ငါ့ကို ဆူပူကြိမ်းမောင်းတာပေါ့၊ မတတ်နိုင်ဘူးဟာ၊ ငါက ဦးချမ်းမားသားကို သွားပြောတော့၊ သူက ရန်လုပ်တာနဲ့ ငါလည်း ရှက်ရှက်နဲ့ ချိန်းလိုက်တာ၊ ချမယ်ပေါ့၊ ထိုးတာပဲ"

အဲသည့်ကိစ္စမှာ ထိုမျှနှင့် ပြီးသွားသည် ထင်ရသည်။ သို့သော် မပြီးသေးချေ။ ကျောင်းတက်သည့်အခါ ပထမစာသင်ချိန်တွင် မခေါ်သေး၊ ဒုတိယစာသင်ချိန်တွင် စာသင်ခန်းထဲသို့ စာအုပ်နီကြီး ရောက်လာလေသည်။ အတန်းပိုင်ဆရာ ဦးထွန်းလွင်က ပြောသည် "တင်ဦး၊ မင်းသိတဲ့အတိုင်း



ပဲ၊ မနေ့က ကိစ္စ ဆရာကြီးခေါ်နေပြီ" ထိုနေ့က ကျောင်းအုပ်ဆရာကြီး က ကျွန်တော်နှင့် ဦးချမ်းမားသား အကြီးကောင် နှစ်ယောက်တည်းကိုသာ ခေါ်သည်။ ကျွန်သည့် အကူဝင်ထိုးကြသူတွေကို မခေါ်ပေ။

ဆရာကြီးက "မင်းတို့ ရန်ဖြစ်တဲ့ခေါင်းဆောင်နှစ်ယောက်ကို ဆုံးမ ရမယ် ရန်ဖြစ်တာက တော်တော် ကြီးကြီးကျယ်ကျယ် ဖြစ်တာဆိုတော့ ငါသည်းမခံနိုင်ဘူး မင်းတို့နှစ်ယောက်ကို ဆုံးမရမှာပဲ"

ကျွန်တော်က ကြိုတင်မှန်းဆပြီးဖြစ်သည်။ သည်လိုရန်ဖြစ်သောကိစ္စ မှာ ပေါ့သေးသေးမဟုတ်။ ဆရာကြီးက ရိုက်ဆုံးမချင် ဆုံးမနိုင်သည်။ ဤသို့ တွက်ဆပြီး အတွင်းခံဘောင်းဘီအထူကြီး ဝတ်သွားသည်။

ဆရာကြီးက "တင်ဦးပုဆိုးကို အပေါ်လှန်ပြီး စားပွဲမှာ ကုန်း" ပြောပြောဆိုဆိုနှင့် ကြိမ်လုံးကြီးဖြင့် သုံးချက်ရိုက်သည်။ ဟိုကောင်ကို လည်း သုံးချက်ရိုက်သည်။ "မင်းတို့နောက်ကို ရန်ဖြစ်ရင် ကျောင်းထုတ် ပစ်မယ်" ဟုလည်း ပြောသည်။ ဆရာကြီးက ကျွန်တော်တို့နှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ကြဟု ခိုင်း၍ လက်ဆွဲနှုတ်ဆက်ကြရသေးသည်။ ကျွန် တော်တို့မှာ ထိုနေ့ကစ၍ ရန်မဖြစ်ရဲကြတော့။ သို့သော် ကျွန်တော်က နောက်တစ်ကြိမ်မှာ သူငယ်ချင်းတစ်ဦးနှင့် ရန်ဖြစ်ခဲ့ပြန်သည်။ သူက ကျွန် တော့်သူငယ်ချင်း အောင်သိန်း။ နောင်တွင် တပ်မတော်မှာ ဒုတိယ ဗိုလ်မှူး ကြီးဖြစ်ပြီးမှ အငြိမ်းစားယူခဲ့သည်။ တလောကပင် အိမ်လာလည်သေးသည်။ သူက ရပ်စောက်မြို့မှာ လိမ္မော်ခြံစိုက်၍ အသက်မွေးနေသည်။ အောင်သိန်း နှင့် ကျွန်တော် ရန်ဖြစ်သည်ကလည်း သူက ကျွန်တော့်ကို လိုက်နောက်ပြောင် ၍ဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က အမေ့သဘောကျ သနပ်ခါးလိမ်း ခဲ့ရသည်။ ရေချိုးပြီး သနပ်ခါးလိမ်းရသည်။ သနပ်ခါး မလိမ်းလျှင် အမေက ရိုက်သည်။ ကျောင်းတက်လျှင် သနပ်ခါးတွေ ဖျက်ပစ်သည်။ အိမ်မှာနေလျှင် မျက်နှာကို သနပ်ခါး အဖွေးသား လိမ်းရသည်။ အဲသည့် သနပ်ခါးလိမ်းသောကိစ္စနှင့် ပတ်သက်ပြီး အောင်သိန်းနှင့် ကျွန်တော်ရန်ဖြစ် ရသည်။ စနေသား ကျွန်တော်က စိတ်တိုတတ်တော့ ပြောရင် လက်ပါတတ် သည်။ ကျွန်တော့်မျက်နှာမှာ ညည သနပ်ခါးလိမ်း၍ အိပ်တော့ မနက် ကျောင်းသွားလျှင် သနပ်ခါးအချို့မှာ မဖျက်မိဘဲရှိသည်။ ဒါကို အတန်းတူ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အောင်သိန်းကမြင်တော့ ကျွန်တော့်ကို "မတင်ဦး၊ မတင်ဦး" ဟု နောက်ပြောင်၍ ခေါ်သည်။ သူက အဲသည်ကို နောက် ပြောင်ခေါ်လျှင် ကျွန်တော်က မကျေနပ်၊ ကျွန်တော်က ပထမတွင် အောင်သိန်းကို ကောင်းကောင်း ပြောပါသေးသည်။

"ဟေ့ကောင် အောင်သိန်း မင်းငါ့ကို အဲဒီလို မနောက်နဲ့"

ဒီတော့ သူက "နောက်တော့ ဘာဖြစ်သလဲ မတင်ဦး"

ကျွန်တော်က "ငါပြောတာမရရင် မင်းကို ငါထိုးမိလိမ့်မယ်"

အောင်သိန်းက "ထိုးရင်ထိုးပေါ့ကွ၊ မင်းက မိန်းမတွေလို သနပ်ခါးလိမ်းလို့ မတင်ဦးခေါ်တာ ဘာဖြစ်လဲ"

ဒီလိုနှင့် ညနေကျောင်းဆင်းတွင် ကုံကော်ပင်နားမှာ ကျွန်တော်က အုတ်ခဲတစ်လုံးကိုင်ပြီး စောင့်နေသည်။ ကျောင်းဝင်းထဲက အောင်သိန်း ထွက်လာပြီး ကျွန်တော့်ကို တွေ့သည်နှင့် "မတင်ဦး" ဟု ခေါ်တော့သည်။

ကျွန်တော်စိတ်ဆိုးပြီး မအေ… မင်း သေပေတော့ဟု နှုတ်ကပြောပြီး အုတ်ခဲနှင့် ပစ်လိုက်သည်။ ကံကောင်း၍ အုတ်ခဲက အောင်သိန်းကို မထိဘဲ လွဲသွားသည်။ သို့နှင့် ကျွန်တော် ဒေါသမပြေဘဲ အောင်သိန်းကို ဝင်လုံးတော့သည်။ မှတ်မှတ်သားသားဖြစ်အောင် သူ့ကို ဆွဲထိုးသည်။ အောင်သိန်း တစ်ယောက် မှတ်လောက်သားလောက် ဖြစ်သွားသည် ထင်ပါရဲ့။ နောက်တော့ ကျွန်တော့်ကို "မတင်ဦး" ဟု မခေါ်တော့ပြီ။

ပြောရဦးမည်။ ပုသိမ်မြို့တွင် ကျွန်တော် စစ်ဌာနချုပ်တိုင်းမှူး ဖြစ်သည့်အချိန်၊ ငယ်သူငယ်ချင်း စိန်စိန်နှင့် ပြန်တွေ့ကြသည်။ မစိန်စိန်မှာ ပညာရေး အားနည်းရှာသည်။ ဘွဲ့မရသဖြင့် မူလတန်းကျောင်းဆရာမပဲ ဖြစ်နေသည်။ တပ်မတော် ရိက္ခာထောက်ပံ့ရေး တပ်ခွဲမှ တပ်ကြပ်ကြီး တစ်ဦးနှင့် အိမ်ထောင်ကျနေသည်။

ကျွန်တော် သတ္တိကောင်းပုံ ပြောချင်သေးသည်။ ငယ်ငယ်တုန်းက အလွန်တစ္ဆေ ကြောက်တတ်သည်ကို ရှေ့ကပြောခဲ့သည်။ မော်ဆရာမှတ်တမ်းတို့၊ ကဝေရန်စွယ် တစ္ဆေပုံပြင်တို့ စာအုပ်တွေ ဖတ်နေပြီး အိမ်မှာနေလျှင် တစ်ယောက်တည်း မနေတတ်တော့ချေ။



မော်ဆရာမှတ်တမ်းစာအုပ်မှာ ကိုကိုလေးဆိုသော စာရေးဆရာက ရေးသည်။ နောက်မှသိရသည်မှာ မော်ဆရာမှတ်တမ်းစာအုပ် ရေးသူက စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး ကလောင်ခွဲဟု သိရသည်။ အဲဒီ စာအုပ် အဖုံးတွင်းမှာ လူ့ရိုးခေါင်းပုံတွေ ဆွဲထားသည်။ မီးခိုးတွေ ထွက်နေသော မီးဖိုမှာ တစ္ဆေသူ့ရဲ့ပုံတွေ ရေးထားသည်က သည်းထိတ်ရင်ဖို ကြောက်စရာ၊ လန့်စရာ။ ကျွန်တော် ဘယ်လောက်တောင် တစ္ဆေကြောက်သည်လဲဆိုလျှင် ညဦးအချိန်မှာ နောက်ဖေးဘက်ဝင်ပြီး ရေတစ်ခွက် ခပ်မသောက်ရဲ။ အိမ်ရှေ့မှာ ထိုင်လျှင် အမှောင်ထဲ မသွားရဲ၍ မီးလင်းသောနေရာမှာ ရှာပြီးထိုင်သည်။

သို့နှင့် ရေဆာလျှင် ဧည့်ခန်းတွင်ရှိနေသော ရေတံခေါင်းအိုးက နှုတ်သီးမှာ ခွက်ခံပြီး သောက်ရသည်။ ရေတံခေါင်းက ရေမှာ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ အသံမြည်သည်ဟု ထင်ရသည်။ နောက်ဖေးမီးဖိုဘက်သို့ တစ္ဆေ ကြောက်၍ တံခါးဖွင့်ပြီး မသွားဝံ့ ကြုံရပုံများ ပြောလို့မကုန် ဓာတ်လမ်းတုံ။

❐

www.burmeseclassic.com

www.burmeseclassic.com

## **အခန်း (၄)**
## **ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာပြီ**

သည်လိုနှင့် ကျွန်တော်ရှစ်တန်းအောင်ပြီး ကိုးတန်းရောက်လေပြီ။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ စာမေးပွဲမစစ်မီ သုံးလအလိုအထိ စာသင်ရသေးသည်။ ထိုနှစ်က စာမေးပွဲမဖြစ်။ ဒုတိယ ကမ္ဘာစစ်မီးကြီး၏ အစ၊ **ဂျပန်တပ်မတော်နှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော** ဗမာ့လွတ်လပ်ရေး တပ်မတော်က မြန်မာပြည်တွင်းသို့ ဝင်ခဲ့လေပြီ။

သတိရပါသေးသည်။ ကမ္ဘာတစ်ခွင်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသည်မှာ ၁၉၃၉ ခုနှစ်ကတည်းကပင်။ အင်္ဂလိပ်နှင့် ဂျာမနီတို့ ဥရောပစစ်မြေပြင်မှာ ရင်ဆိုင်တိုက်နေကြလေပြီ။ သည်တုန်းက ကျွန်တော်တို့က အင်္ဂလိပ်ကို မုန်းသည်။ ဂျာမနီကို နိုင်စေချင်သည်။ ထိုစဉ်ကလည်း တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံက **"အင်္ဂလိပ်အခက်၊ ဗမာ့အချက်"** တဲ့။ စစ်ကြီးပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပါမည်ဟု အင်္ဂလိပ်က ကတိပေးလျှင် အင်္ဂလိပ်ကို မြန်မာနိုင်ငံက စစ်ပွဲတွင် ကူညီမည်ဟု နိုင်ငံရေးတရားပွဲတွေမှာ တို့ဗမာအစည်းအရုံးဝင် သခင်တွေက ဟောကြ ပြောကြရာ ဟောပြောသူ သခင်နုကို ဗြိတိသျှအစိုးရက ဖမ်းဆီးပြီး ထောင်ထဲသွင်းလေသည်။ ထိုစဉ်က တရားဟောကောင်းသော သခင်နု၊ သခင်ထိုး၊ သခင်သန်းထွန်းစသော သခင်နာမည်ကြီး ခေါင်းဆောင်တွေ အားလုံး ထောင်ထဲ ရောက်ကုန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အင်္ဂလန်နှင့် ဂျာမနီ စစ်ပွဲကြီး စတင်တိုက်ခိုက်နေရာ အင်္ဂလန်ကို နာကြည်းနေသော ကျွန်တော်တို့ ကျောင်းသားများသည် ဂျာမနီ အာဏာရှင် ဟစ်တလာကို သူ့ရဲကောင်းတစ်ဦးအဖြစ် သဘောထားပြီး **ဟစ်တလာကို** ကြိုက်နေကြလေသည်။ ဟစ်တလာကို ကြိုက်ပြီဆိုသောအခါ တွင် ဟစ်တလာ၏ အမှတ်တံဆိပ် စကြာပုံသဏ္ဌာန်ကို အလွန်ပင် သဘော ကျနေကြသည်။ ဟစ်တလာ၏ မဟာမိတ်ဖြစ်သော ဖက်ဆစ်အီတလီခေါင်း ဆောင် **မူဆိုလီနီ** ကိုလည်း သဘောကျနှစ်ခြိုက်နေကြသည်။

ထိုအချိန်က ကျောင်းသားသမဂ္ဂ အစည်းအဝေးများတွင်လည်း ဂျာမနီ ဟစ်တလာသည် အင်္ဂလိပ်ကို စစ်ဆင်နေသည်ဖြစ်သဖြင့် မိမိတို့ မြန်မာနိုင်ငံ က ဂျာမနီနိုင်ငံ အာဏာရှင် ဟစ်တလာကို အားပေးရမည်ဟုသာ ဟော ပြောကြသည်။

ဤအချိန်တွင် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ လဆန်း၌ စင်ကာပူအခြေ စိုက် အမေရိကန်ရေတပ်စခန်း Pearl Habour ပုလဲဆိပ်ကမ်းကို ဂျပန် စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့နောက် နိုင်ငံတကာ သတင်းများ၌ ဂျပန်နိုင်ငံက အင်္ဂလိပ် အမေရိကန်တို့ကို စစ်ကြေညာပြီဟု ပါရှိလာတော့သည်။ ထိုအချိန်၌ ကျွန်တော်တို့အဖေ၏ အသိုင်းအဝန်းစကား ဝိုင်းတွင် ထူးဆန်းသောသတင်းတစ်ရပ် ပြောနေကြသည်။ **အောင်ဆန်းထွက် သွားပြီ၊ သခင်အောင်ဆန်း၊ ဂျပန်ပြည်ရောက်သွားပြီ။ သခင်အောင်ဆန်း မြန်မာပြည်သို့ လျှို့ဝှက်ပြန်လာပြီး သူနှင့်အတူ မြန်မာလူငယ်ရဲဘော်တွေ ခေါ်သွားပြီ။** နောက်ထပ်ဆက်၍ ကြားရသော သတင်းတွေကား ထူးခြား အားတက်ဖွယ်ပင်။ **ဗိုလ်အောင်ဆန်းနှင့် သူ့ရဲဘော်တွေ ယိုးဒယားနိုင်ငံမှာ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ဖွဲ့စည်းလိုက်ပြီ။**

ထိုအချိန်က ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလကုန်ရက်ပိုင်း ဖြစ်သည်။ ကျွန်တော်တို့ကျောင်း အပါအဝင် ကျောင်းတွေအားလုံး ရက်အကန့်အသတ် မရှိ ပိတ်လိုက်ပြီ။ သည်မှာပင် ဗြိတိသျှဘုရင်ခံ၏ အစီအမံဖြင့် အရေးပိုင်က ဦးဆောင်ကာ ကျွန်တော်တို့ ပုသိမ်မြို့တွင် Town Guards ခေါ် မြို့လုံခြုံ ရေးတပ် ဖွဲ့စည်းခဲ့သည်။ အစိုးရအမှုထမ်းအားလုံး၊ Town Guards အဖွဲ့ သို့ မဝင်မနေရ အားလုံးပင် ဝင်ကြရသည်။



ထိုတပ်ဖွဲ့ယူနီဖောင်းမှာ ဖော့ဦးထုပ်ဆောင်း၊ ကာကီအင်္ကျီနှင့် ဘောင်းဘီ၊ သားရေခြေပတ်နှင့် ရှူးဖိနပ်စီးရသည်။ ရင်ပတ်မှာ Town Guards ဆိုသော တံဆိပ်ချိတ်ရ၏။ ထိုအဖွဲ့ကို အုပ်ချုပ်သူမှာ S.D.O (Sub.Divisional Officer) နယ်ပိုင်ဝန်ထောက် ဦးဖေသန်း ဖြစ်၏။ နောက်ရက်များ မကြာမီ ကျွန်တော်တို့မိသားစုကို အဖေက တောသို့ လိုက် ပို့သည်။ အဖေက အစိုးရအမှုထမ်းဖြစ်၍ ပုသိမ်မြို့မှာ နေရသည်။ ကျွန်တော် တို့အမေနှင့် သားသမီးများ သရက်ကွင်း၊ ရေကျော်ကြီးရွာသို့ သွား၍ စစ်ပြေးပုန်းရှောင်ရသည်။ ပုသိမ်ကထွက်လျှင် သဲဖြူ၊ တံခွန်တိုင်၊ ကန့်ကော် ခါး၊ ရေတွင်းဆိပ်၊ ရေကျော်ကြီး၊ သရက်ကွင်း၊ ကျွန်တော်တို့ရွာသို့ ရောက် ပြီ။ အဖေက ပုသိမ်မှာ ကျန်ခဲ့ပြီး သုံးလခန့်ကြာသော် ကျွန်တော်တို့ရွာသို့ အဖေရောက်လာ၏။ မြို့မှာ "အင်္ဂလိပ်အစိုးရ မရှိတော့ဘူး၊ ပုသိမ်က ထွက်ပြေးသွားပြီ" ဟု အဖေက ပြောလေသည်။ ထိုအချိန်က ကျွန်တော်တို့ မြို့ကို အုပ်ချုပ်နေသူမှာ ရှေ့နေ ဦးမြဘူးဖြစ်သည်။ **ဦးမြဘူးက** နောင် နိုင်ငံ တော်သမ္မတဖြစ်လာသော **ဒေါက်တာဘဦး**၏ ညီအရင်းဖြစ်သည်။ ဦးမြဘူး ဆိုတာက ယခု ကျွန်တော့်ဇနီး၏ မိခင်နှင့် မောင်နှမဝမ်းကွဲတော် စပ်သူ ဖြစ်သည်။ သူတို့က ဥပဒေပညာရှင် မိသားစုများဖြစ်သည်။ နောက် ဦးအော်လူးဆိုသူက ကုန်သည်ကြီးများအသင်း။ နောက် ဦးကွန်းဟူ၍ ရှိသေး သည်။ အင်္ဂလိပ်အစိုးရ ထွက်ပြေးသွားစဉ်မှာ ပုသိမ်မြို့ကို ဦးမြဘူး၊ ဦးအော် လူး၊ ဦးကွန်းတို့က လုံခြုံကာကွယ်ရေး အုပ်ချုပ်နေကြပြီဟု မြို့က ရောက် လာသော အဖေက ပြောလေသည်။

ဤသို့ ရှိစဉ်မှာပင် တစ်နေ့တွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ပုသိမ်မြို့သို့ ချီတက်ရောက်ရှိလာပြီဟု ကြားသိရသည်။ ဘီအိုင်အေတပ်သည် မြောင်းမြမြို့မှ မြင်းကဆိပ်ကို ဖြတ်ကျော်၍ ကျွန် တော်တို့ရွာကို ရောက်လာကြသည်။ ဘီအိုင်အေတပ်မှူးလုပ်သူက ရွာလယ် ဇရပ်တွင် အခြေချပြီး ရွာရှိလူကြီးများကို ခေါ်ယူတွေ့ဆုံရာ အဖေနှင့် ကျွန်တော်တို့ ရောက်ရှိသွားသည်။ ဘီအိုင်အေတပ်ဖွဲ့ဝင် ခြောက်ယောက်၊ ခုနစ်ယောက်ခန့်ပဲရှိမည်။ တပ်မှူးလုပ်သူနာမည်ကို မှတ်မိနေသည်။ **ဗိုလ် အောင်**တဲ့။ ဗိုလ်အောင်မှာ နောင်အခါတွင် တပ်မတော်၌ ထင်ရှားကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြားသော **ဗိုလ်မှူးချုပ်အောင်မောင်** ဖြစ်လေသည်။ ထိုစဉ်က ပါရှိသူ **ဗိုလ်ဘစံ**မှာ နောင်သောအခါ **ဗိုလ်မှူးကြီးဝင်း** ဖြစ်လာသည်။ သူတို့နှင့် အတူ တက္ကသိုလ်ကျောင်းသား ကိုအောင်စိန်လှလည်း ပါလာလေ၏။ ထိုစဉ်က ရွာလယ်ဇရပ်ကြီးတွင် စုဝေး ရောက်ရှိလာကြသူ လူအုပ်ကို ဗိုလ်အောင်က မိန့်ခွန်းပြောသည်မှာ "ယခုအခါ ဘီအိုင်အေ တပ်မတော်ကြီးသည် ဗြိတိသျှစစ်တပ်များကို မြို့များ၊ ရွာများမှ တိုက်ထုတ်လျက်ရှိပြီ။ ပုသိမ်မြို့ကို ယခုအခါ ဘီအိုင်အေတပ်မှူး ဗိုလ်သိန်းဆွေက အုပ်ချုပ်နေပြီ။ မိမိတို့ တပ်ဖွဲ့လည်း ဗိုလ်သိန်းဆွေတပ်နှင့် မကြာမီ သွားရောက် ပူးပေါင်းတွေ့ဆုံမည်။ (ဗိုလ်သိန်းဆွေမှာ နောင်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက် တည်ထောင်သူ၊ နောက်တွင် ရဟန်းဝတ်၍ ယခုအခါ ကွယ်လွန်ရှာပြီ) ယခုအခါ ဘီအိုင်အေတပ်မတော်နှင့် နိပ္ပွန်၊ ဂျပန် တပ်မတော်ကြီး ပူးပေါင်း၍ အင်္ဂလိပ်စစ်တပ်များကို မြန်မာနိုင်ငံပြင်ပသို့ တိုက်ထုတ် အောင်မြင်နေပြီ"

ထို့နောက် ဗိုလ်အောင်က ဆက်၍ ပြောသည်မှာ "မြန်မာလူငယ်တွေ၊ ဘီအိုင်အေတပ်မတော်သို့ ဝင်ကြပါ။ ထိုသို့ဝင်လာသော တပ်သားသစ်များ ကိုင်ဆောင်ရန် သေနတ်လိုအပ်သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ဆုပေးထားသော သေနတ်ရှိသူတွေ မိမိတို့ကို ကူညီသော့ သဘောဖြင့် ပေးအပ်ကြပါ"

ကျွန်တော်တို့ ရွာက အိမ်ခြေလေးငါးရာခန့်ရှိသော ရွာကြီးဖြစ်သည်။ နှစ်လုံးပြူးသေနတ်၊ လေးငါးလက်ခန့် ပိုင်ဆိုင်သူတွေရှိသည်။ ရွာသူကြီးမှာလည်း ဩဇာညောင်းသူဖြစ်သည်။ သူကြီးကိုယ်တိုင်ကိုင်သော ဆုရထားသည့် ခြောက်လုံးပြူးသေနတ် ၂ လက် ရွာထဲက နှစ်လုံးပြူးသေနတ်၊ စုစုပေါင်း သေနတ် ၁၀ လက်တို့ကို ဗိုလ်အောင်တို့အဖွဲ့အား အပ်နှံရလေသည်။ ရွာထဲမှာ တခြားသေနတ် တစ်လက်၊ နှစ်လက်တော့ အပ်နှံခြင်း မပြုဘဲ ကျန်ခဲ့သည်။ ရွာက မောင်ရိန်းဆိုသူ လူငယ်တစ်ဦးသာ ဗိုလ်အောင်တို့နှင့်အတူ စစ်ထဲလိုက်ရန် ပါသွားလေသည်။

ပြောရဦးမည်။ ဗိုလ်အောင်တို့၊ ဘီအိုင်အေတပ်ဖွဲ့ ကျွန်တော်တို့ ရွာမှ ထွက်သွားပြီး ဘာမျှမကြာသောရက်တွင် ရေဝတီတိုင်း၌ ကရင်-



ဗမာ အရေးအခင်း ပဋိပက္ခကြီးဖြစ်တော့သည်။ ထိုပဋိပက္ခ စတင်သည်မှာ မြောင်းမြမြို့က ဖြစ်လေသည်။ ကျွန်တော်တို့၏ ရွာနီးချုပ်စပ် ကျေးရွာများတွင် နံနက်လင်းသောအခါ မီးခိုးတွေ တလူလူနှင့် **ကရင်-ဗမာလူမျိုးရေး အဓိကရုဏ်းကြီး** ဖြစ်ခဲ့သည်။ ဖြစ်ရပ်မှာ ရွာများသို့ ဘီအိုင်အေတပ်က ဝင်၍ လက်နက်သိမ်းသည်က စတင်သည်ဟု ထင်သည်။ ဗြိတိသျှတပ်ကလည်း သူတို့ ဆုတ်ခွာသွားစဉ် ကရင်အမျိုးသားအချို့ကို လက်နက်ပုန်းများ ပေးဝေခဲ့ပြီး အခွင့်သင့်လျှင် ဗမာစစ်တပ်ကို ခံချရန် သွေးထိုး လှုံ့ဆော်ပေးခဲ့သည်ဟု သိရသည်။ ဤသို့ ရုတ်ရုတ်သဲသဲဖြစ်နေချိန်၌ ရွာသူကြီး ဦးလှမောင်က ပုသိမ်မြို့သို့သွား၍ လက်နက် တစ်လက်၊ နှစ်လက်သွားရှာရန် ကြံစည်လေသည်။ သူကြီးဦးလှမောင်က အဖေ့ကို ပုသိမ်မြို့သို့ စေလွှတ်၍ ရွာတွင် ကျီးလန့်စာစား ထိတ်လန့်နေပုံကိုပြောပြပြီး လက်နက်ရှာခဲ့ရန် စေလွှတ်လေသည်။ အဖေပုသိမ်မြို့သို့သွားပြီး တစ်ရက်လည်း ပြန်မလာ၊ နှစ်ရက်လည်း ပြန်မလာ၊ ဘာဖြစ်သည်မသိ။ အမေက သိနေပုံရသည်။ သို့နှင့် အမေ့ကို မေးကြည့်သည်။

"အမေ၊ အဖေ ဘာဖြစ်လို့မြို့မှာ ကြာနေ တာလဲ"

အမေက မျက်နှာမကောင်း "နင့်အဖေ ပုသိမ်မှာ အဖမ်းခံနေရတယ်"

သို့သော် ရက်သတ္တတစ်ပတ်လောက်အကြာတွင် အဖေတစ်ယောက် အချုပ်က လွတ်လာလေ၏။ သည်တော့မှ အဖေက ဖြစ်ပုံပျက်ပုံကို ပြောပြတော့သည်။ အဖေက ကျေးရွာမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသဖြင့် သူကြီးက သေနတ်တောင်းခိုင်းကြောင်း ပုသိမ်မြို့က အုပ်ချုပ်နေသူ လူကြီးတွေကို တင်ပြသည်။ ဤတွင် မြို့အုပ်ချုပ်ရေးကော်မတီက အစိုးရအမှုထမ်း ဖြစ်ပါလျက် လက်နက်လာတောင်းသည့်ကိစ္စ ရှုပ်ရှုပ်ထွေးထွေး လုပ်ရမည်လားဆိုပြီး ဖမ်းဆီး၍ အချုပ်ထဲ ထည့်ထားခြင်းဖြစ်လေသည်။ ဖမ်းသည့် အဖွဲ့ခေါင်းဆောင်က ဗိုလ်သိန်းဆွေပင်ဖြစ်သည်။ အဖေ့ကို ဖမ်းထားသည့် သတင်းကို့ကော်တောင် ဆရာတော်က ကြားသဖြင့် အဖေ့ကို စာသင်ပေးခဲ့သည့် ဆရာတော် ဦးဇနိန္ဒကို သွားလျှောက်သည်။ ဆရာတော် ဦးဇနိန္ဒမှာ သီဟိုဠ်နိုင်ငံတွင် သွားရောက်၍ ပညာသင်ကြားပြီး ပြန်လာ၍ ပုသိမ်မြို့တွင် အတော်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဩစာသင်ပြနေသော တန်ခိုးကြီး ဆရာတော်ဖြစ်သည်။ ဆရာတော်ဦးဖန်နှ က အဖေ ဒုက္ခရောက်နေသော သတင်းကြားတော့ မိဂဒါဝုန်ဆရာတော်ထံ သွားလျှောက်သည်။ “သည်လိုပဲ မောင်ကြိုင့်ကို မြို့အုပ်ချုပ်ရေးအဖွဲ့က ဖမ်းထားသည် မောင်ကြိုင်က ငါတို့ကျောင်းက ထွက်သွားတဲ့ တပည့်၊ တူလည်း တော်တယ်၊ အဲဒါ ဒီကောင်လေး လွှတ်ပေးအောင် ကြံဆောင်ပါဦး”

မိဂဒါဝုန်ဆရာတော်က ဒကာရင်း ဦးဘိုးရင်ကို ကျောင်းသို့ ခေါ်ပြောသည်။ “ဒကာတော် ဦးဘိုးရင်၊ ဘုန်းကြီးတို့ တပည့်ရင်း မောင်ကြိုင်ကို ယခုမြို့အုပ်ချုပ်ရေးက ဖမ်းထားတယ်၊ ပြန်လွှတ်ပေးဖို့ ကူညီပါဦး”

ဦးဘိုးရင်ကား မြို့အုပ်ချုပ်ရေးအဖွဲ့က ဘီအိုင်အေ ဗိုလ်သိန်းဆွေ၏ ဖခင်တည်း။ ဦးဘိုးရင်က မိဂဒါဝုန်ဆရာတော်ကို အလွန်ကြည်ညိုသည်။ ပန္နည်းဥစ္စာကလည်း ပြည့်စုံကုံလုံ၍ မိဂဒါဝုန်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းသွားခဲ့သေးသည်။ ဦးဘိုးရင်မှာ ကျွန်တော့်ဆရာမ ဒေါ်တင်တင်၏ ဖခင်လည်း ဖြစ်လေသည်။ ဦးဘိုးရင်က သူ့သားဗိုလ်သိန်းဆွေကို ပြောပေး၍ အဖေဦးကြိုင် အချုပ်က လွတ်လာတော့သည်။

ဤတွင် အဖေနှင့်အတူ ဘာသေနတ်တစ်လက်မျှ မရခဲ့၍ ရွာမှာ လုပ်သေနတ်တွေ ခေတ်စားလာသည်။ သံပိုက်ကိုဖြတ်၊ သေနတ်ဒင်တပ်၊ စပရိန်နှင့် မောင်းခလုတ်တပ်ကြသည်။ သေနတ်အတုလုပ်ရင်း ပစ်ကြည့်၊ ပိုက်ကွဲပြီး ဒဏ်ရာရသူတွေရ၊ ပြီးတော့ ပန်းပဲဖိုမှာ လှံတွေ၊ ဓားတွေ လုပ်နေကြရာ မီးတရဲရဲ။ လူမျိုးရေး အဓိကရုဏ်း ဖြစ်နေချိန်မို့ ရွာကိုဝင်လာလျှင် ခုခံရန် အလုပ်တွေများ၊ အကြံအဖန်တွေ ဖြစ်နေကြတော့သည်။ စိတ်မကောင်းစရာ ဖြစ်ရပ်ပင်။

သည်အတွင်း အဖေဦးမောင်ကြိုင်မှာ သူကြီးအိမ်မှာနေရင်း ဝမ်းရောဂါဖြစ်လာသည်။ သူကြီး ဦးလှမောင်အိမ်မှာ အဖေနေရင်း ယခုလို ဝမ်းရောဂါဖြစ်တော့ သူကြီးကို အားနာပြီး အမေ့အဖေအိမ်သို့ ပြောင်းလာသည်။

အဖေ့ရောဂါ မသက်သာသဖြင့် ကျွန်တော်တို့ ဆေးဆရာပင့်ရန် သဲဖြူကွင်းရွာ သွားကြရ၏။ သဲဖြူကွင်းရွာသို့ သွားဖို့ လမ်းမှာ သံချိုင်းကုန်း



ကို ဖြတ်ကြရသည်။ ဤတွင် ထူးခြားသည်ကား အဖေ့ရောဂါကုရန် ဆေးဆရာတစ်ဦးရမှ ဖြစ်မည်ဆိုတော့ သံချိုင်းကုန်းကိုလည်း ညဥ့်မှောင်မှောင်မှာ ဖြတ်ကြစဉ် ကျွန်တော့်မှာ တစ္ဆေမကြောက်နိုင်ပြီ။ တစ္ဆေထက်ကြောက်သည်မှာ အဖေသေမည့်သောတည်း။ သဲဖြူကွင်းရွာရောက်တော့ မှောင်လှပြီ။ ဆေးဆရာကို အကျိုးအကြောင်း ပြောပြတော့ ကု၍ ရတော့မည် မထင်၍ ဆေးဆရာက မလိုက်ချင်။ အတော်ပင် တောင်းပန်တိုးလျှိုးတော့မှ မလိုက်ချင်လိုက်ချင်နှင့် ဆေးဆရာ လိုက်လာသည်။ ဆေးဆရာထံ၌ နနွင်းမှုန့်၊ သံချောင်းတစ်ချောင်းနှင့် ခွက်တစ်လုံးသာ။ အဖေ့ထံရောက်တော့ အဖေ့ရောဂါမှာ အတော်ပင်သည်းထန်နေရှာလေပြီ။ အဖေ့ဝေဒနာ ပြင်းထန်နေသဖြင့် ကြွက်တက်နေရှာပြီ။ ဆေးဆရာသည် သူ ယူလာသော ခွက်ထဲသို့ နနွင်းမှုန့်များထည့်ပြီး ရေထည့်ကာ မီးအပူပေးသည်။ နနွင်းခွက် ပွက်ပွက်ဆူလာသောအခါ သံချောင်းကို မီးဖုတ်၍ မီးရဲနေသော သံချောင်းကို ထည့်လိုက်သည်။ ရှဲခနဲ အသံကြားတော့ နနွင်းရေပူကို အအေးခံကာ ဖွန်းဖြင့်ခပ်လျက် ဝမ်းရောဂါသည် အဖေ့ကို တိုက်တော့သည်။ အဖေ့ခမျာ နနွင်းဆေးကို သောက်ပြီး အန်လေ၏။ ဆေးဆရာကလည်း သူ့ဆေးကို ထပ်တိုက်ပြန်လေ၏။ အဖေလည်း ဆေးသောက်ပြီး အန်ပြန်လေ၏။ အဖေ့ရောဂါကား ပိုဆိုးလာလေသည်။

နောက်တစ်နေ့နံနက် ၁၀ နာရီခန့်တွင် အဖေ့ရောဂါဝေဒနာမှာ အသည်းသန်ဆုံး အခြေအနေသို့ ရောက်လေပြီ။ ဤအခြေအနေ၌ အဖေ့ရောဂါဝေဒနာမှာ နာလန်ထူရန် မမြင်တော့ချေ။ ထိုအခါ အမေက ကျွန်တော်တို့ သားနှစ်ယောက် ရှင်မပြုရသေးသည်ကို သတိရသည်။ အဖေ မကွယ်လွန်မီ သားနှစ်ယောက်ကို သင်္ကန်းဖြင့် မြင်သွားစေချင်သည်။ ထို့ကြောင့် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ရွာဦးကျောင်းသို့ ပြေးပြီး ဘုန်းတော်ကြီးထံတွင် ကတုံး တုံး၍ သင်္ကန်းဆည်းရလေသည်။ ဘုန်းတော်ကြီးကျောင်းဝင်းတွင် ဆရာတော် ဦးဉာဏဝံသ၊ ဦးသောဘိတ၊ ဦးပဏ္ဍိတ၊ ဦးကုသလတို့ ရှိကြသည်။ ဘုန်းတော်ကြီးထံတွင် သင်္ကန်းတောင်း၊ သင်္ကန်းဆည်းခြင်းဖြင့် ညီအစ်ကိုနှစ်ယောက်တို့ ကိုရင်နှစ်ပါးဖြစ်ခဲ့ပြီ။

ကျွန်တော်တို့ ကိုရင်နှစ်ပါး အိမ်ပြန်ရောက်တော့ အဖေ့မှာ အမောပင်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်နေရှာပြီ။ သို့သော် အဖေသတိရှိနေသေးသည်။ အမေက "ကိုရင်တွေ ရောက်ပြီ၊ ကိုရင်တွေ ရောက်ပြီ" အော်ပြောနေသည်။ ကျွန်တော်တို့ ကိုရင်နှစ်ပါးကို အဖေ လက်အုပ်ချီ ကန်တော့ရန် အခက်တွေ့နေရှာပြီ။ ထို့ကြောင့် အမေက အဖေ့လက်အုပ်ကိုချီပေး၍ သားကိုရင်နှစ်ပါးကို ကန်တော့စေသည်။ အဖေ့နှုတ်က တရွရွနှင့် တစ်စုံတစ်ရာကို ပြောချင်ဟန်ရှိနေ၏။ အဖေ့အသံက ပီပီသသ ထွက်မလာနိုင်။ သို့ဖြင့် အမေက အဖေ့နှုတ်ခမ်းနားသို့ နားကိုကပ်ပေး၏။ သည်တော့မှ သိရပြီ။ အဖေက သား ကိုရင်နှစ်ပါး၏ ဘွဲ့မည်ကို မေးမြန်းနေပါသတဲ့။

ထိုအခါတွင်မှ ကျွန်တော်က နှုတ်မှ အသံခပ်ကျယ်ကျယ်ဖြင့် အော်ပြောလိုက်ရသည်။ "ရှင်နန္ဒသာရ၊ ရှင်နန္ဒသာရ"

ထိုအခါတွင်မှ အဖေ့နှုတ်က အသံတိုးတိုးကလေး ရွတ်လေသည်။ "ဪ ရှင်နန္ဒသာရ၊ ရှင်နန္ဒသာရ"

ထိုစဉ်ကတော့ အသက်ကလည်း ငယ်သေးတော့ လေးလေးနက်နက် ဘာမျှမတွေးမိခဲ့သည်မှာ အမှန်ပင်။ သို့သော် အနည်းငယ်ရင့် အတွေးအခေါ် ရင့်ကျက်လာခဲ့သောအခါ ဪ... ငါ့အဖေကို ဘဝကူး ကောင်းအောင် ကွယ်လွန်ခါနီးအချိန်၌ သင်္ကန်းဆည်း ကိုရင်ဝတ် ကျေးဇူးဆပ်နိုင်ခဲ့ပါလားဟု တွေးမိ ကျေနပ်မိသည်မှာ အမှန်ပင်။ နောက်ပိုင်း ကျွန်တော် အသက်အရွယ်ကြီးသည့်အခါ ဒုက္ခ သုက္ခရောက်ရစဉ်မှာ ငယ်ငယ်တုန်းက အဖေကွယ်လွန်ခါနီး သင်္ကန်းဆည်း၍ အဖေဘဝကူးကောင်းအောင် လောကုတ္တရာအားဖြင့် ကျေးဇူးပြုခဲ့သည်ကို သစ္စာဆို ဆုတောင်းခဲ့ဖူး၏။

အဲဒီတုန်းက ကျွန်တော်သင်္ကန်းဝတ်နှင့် ကိုရင်ဘဝမှာ တစ်ဝါရခဲ့သည်။ အဖေ့အလောင်းမြေကျပြီးမှ ကျွန်တော်တို့ညီအစ်ကို ရှင်လောင်းလှည့်နတ်ပြ စသည်ဖြင့် ရှင်လောင်းတစ်ပါး၏ လုပ်ရိုးလုပ်စဉ်တွေကို လုပ်ကြရသေးသည်။ ထားပါ။ အဲဒီလို ကျွန်တော်သင်္ကန်းဝတ်နှင့် တစ်ဝါရပြီးတော့ ကိုရင်လူထွက်ကာ ပုသိမ်မြို့သို့ ပြန်ပြောင်းကြရန် အမေက စနစ်တကျ စီစဉ်လေသည်။

ထိုစဉ်က ရွာမှ အမေ့ဆွေမျိုးတွေက အမေ့ကို မြို့မပြန်စေချင်ကြပေ။ ရွာမှာပဲ ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေစေချင်ကြသည်။ သို့သော်



အမေ စဉ်းစားသည်က တစ်မျိုးဖြစ်သည်။ ကျွန်တော့်ပညာရေးမှာ စကောစက ဖြစ်နေသည်။ ကျွန်တော့်ကို အမေက ကျောင်းပြန်တက်စေချင်နေသည်။ အမေက ဆွေမျိုးတွေကို ပြောသည်မှာ "ညည်းတို့ ငါ့ကို မတားကြနဲ့၊ ကလေးတွေ ဒီရွာမှာနေရင် ဒီလိုပဲ စာမတတ်ဘဲ ဖြစ်သွားမှာပဲ၊ မြို့ရောက် တော့မှ သူတို့ကလေးတွေရဲ့ ဘဝ တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားကြရမယ်"

အမေ့ရည်ရွယ်ချက်ကား ကောင်းလှပါပေသည်။ ကျွန်တော်တို့ သားနှစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ ပညာသင်ရမည်ဟု အမေက စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။ ဆွေမျိုးသားချင်းတွေ၏ အမြင်မှာ ကျွန်တော့်ကို ရွာမှာပဲနေစေပြီး ရွာက မိန်းကလေးတစ်ဦးဦးနှင့် အိမ်ထောင်ရက်သား ချထားဖို့အထိ မျှော်လင့်ထားကြပုံပေါ်သည်။

ကျွန်တော်တို့မိသားစု ပုသိမ်ပြန်မည်ဆိုတော့ ရွာသူကြီး ဦးလှမောင်က သူ့မော်တော်ဘုတ်ကလေးဖြင့် လိုက်ပို့သည်။ မော်တော်ဘုတ်က အို အို မင်းမင်းစက်ကလေးဆိုတော့ အတော်ပင် စက်ကို လှည့်နှိုးရသည်။ နောက်တော့ စက်နိုးသွား၍ ကျွန်တော်တို့ မိသားစု ပုသိမ်မြို့သို့ ရေလမ်းခရီးမှ မပင်မပန်း ရောက်သွားလေသည်။

ကျွန်တော်တို့ ပုသိမ်ရောက်တော့ အိုးဘိုလမ်းက အိမ်မှာနေကြသည်။ ကျွန်တော်က အဖေ့နေရာကိုယူပြီး အိမ်ထောင်ဦးစီးဘဝဖြင့် စီးပွားရှာ ကာ အမေ့ကို လုပ်ကျွေးရလေသည်။ အမေက စီးပွားရေးမှာ ဘာမျှမလုပ်တတ် မကိုင်တတ်။ ရွာက လိုက်လာသော အမေ့မောင် ဦးထွန်းလွင်က စီးပွားရေးမှာ ဘာလုပ်ဘာလုပ်ဟု အကြံပေးသည်။ ငါးပိလုပ်ငန်းလုပ်ရန် ဖြစ်သည်။

ဪ ပြောရဦးမည်။ ကျွန်တော်တို့ရွာမှာ ဆရာတော် ဦးတိက္ခဆိုသော ကရင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ကျောင်းထိုင်သည်။ ကရင်ကိုလည်း ဩဇာညောင်းသည်။ ဗမာကိုလည်း ဩဇာညောင်းသည်။အလွန် တန်ခိုးကြီးသော ဆရာတော်ပင်။ ဒါကြောင့် ကျွန်တော်တို့ရွာနီးချုပ်စပ် ရွာများဖြစ်သော မြင်းတဆိပ်ရွာ၊ မောင်းတီးရွာ၊ လက်ဆောင်ကုန်းရွာ အညာစုတို့၊ ကံရွာတို့မှာ ဆရာတော် ဦးတိက္ခ တန်ခိုးဩဇာကြောင့် ဘာနိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ပဋိပက္ခမှ မဖြစ်ကြ။ သို့သော် သည်ရွာတွေမှာ အဖျားလိုပဲ ဝမ်းရောဂါဖြစ်လို့ သေဆုံးကြသည်မှာ နှစ်ရာကျော်၊ သုံးရာခန့်တော့ ရှိကြလိမ့်မည်။ သည်ရွာတွေမှာ နောက်ထပ်ရောဂါဆိုးတစ်ခု ဖြစ်ပြန်သည်။ ဖက်ခွက်နာ ပေါက်ကြခြင်းပင်။ သည်ဖက်ခွက်နာက အနာဖြစ်ပြီဆိုလျှင် မကျက်တော့ချေ။ ဆေးလည်း မရှိ။ ဒေသခံ တိုင်းရင်းဆေး ဆေးမြီးတို့နှင့် ကုသ၍လည်း မပျောက်တော့ပေ။ အနာက အသားတွေ လိုက်စားပြီး အရိုးတွေပင် ပေါ်လာသည်အထိ ဒုက္ခပေးခဲ့သည်။ သို့သော် ဒါက ဘီအိုင်အေတပ်တွေ ဝင်ခါစကာလမှာ ဖြစ်သော ရောဂါ။ နောက်ပိုင်း ဂျပန်စစ်တပ်တွေ မြို့ထဲ ရွာထဲ ဝင်လာကြတော့ သည်ဖက်ခွက်နာ၊ ဂျပန်တွေပေးသော ဆေးနှင့် ပျောက်သွားပါလေရော။

ထိုအချိန်၌ ပုသိမ်မြို့တွင် မြို့ပြအုပ်ချုပ်ရေးက စနစ်တကျဖြစ်ပြီး ဆေးရုံဆေးခန်းတွေလည်း ပြန်ဖွင့်လေရာ ဆေးရုံကဆေးကလည်း စွမ်းပါပေသည်။ ဖက်ခွက်နာဆိုတာ ဘာမှန်းမသိတော့အောင် ပြေးပါလေပြီ။

ထိုအချိန်တွင် ယခင်က ပုသိမ်မြို့ကို အုပ်ချုပ်ခဲ့သော အရေးပိုင်တွေ၊ နယ်ပိုင်ဝန်ထောက်တွေ ပြန်ရောက်လာကြပြီ။ DC ခေါ် အရေးပိုင် ဦးထွန်းအောင်တို့ မြို့ပြလုံခြုံအုပ်ချုပ်ရေး စနစ်တကျ ကိုင်နေကြလေသည်။ အုပ်ချုပ်ရေးယန္တရား လည်ပတ်နေပြီဖြစ်သော်လည်း ဘီအိုင်အေတပ်၏ ဩဇာကပင် မြို့အုပ်ချုပ်ရေးအပေါ်မှာ ညောင်းနေဆဲ။

ကျွန်တော်တို့ ငါးပိကုန်သည်ဘဝကို ပြောပြရဦးမည်။ ဟိုတုန်းက လံချားဆွဲ အိန္ဒိယ အမျိုးသားတွေ ရှိသေးသည်။ ပင်လယ်ပိုင်းက လှေတွေဆိုက်သောအခါ ငါးပိခြင်းတောင်းတွေကို လံချားလှည်းများနှင့် သယ်ယူလာပြီး အိမ်ရောက် ငါးပိတွေကို ဖွဲနုမှုန့်၊ ဆားနှင့် အရောင်ဆေးထည့်ကာ နင်းကြရသည်။ အိမ်ထဲမှ အခန်းကျယ်ကြီးမှာ ငါးပိများ သွန်ချပြီး စောစောကပြောသည့် ပစ္စည်းတွေ စုပြုံထည့်ကာ ခြေထောက်နှင့် နင်းရခြင်းဖြစ်သည်။ ဒါကတော့ ငါးပိလုပ်ငန်းပင်။

နောက်တော့ ကျွန်တော်တို့အမျိုးသားအထက်တန်းကျောင်း ပြန်ဖွင့်ရာ ကျွန်တော်က ၁၀ တန်း တက်ရ၏။ ကျောင်းသင်ခန်းစာတွေက မြန်မာစာ၊ သမိုင်း၊ သင်္ချာတို့ကို မြန်မာဘာသာဖြင့် သင်ကြားရသည်။



အင်္ဂလိပ်စာ လုံးဝ မသင်ရ။ ဂျပန်စာကို အဓိကထား၍ သင်ကြားရလေသည်။ တစ်နေ့လုံးမှာ ဂျပန်စာကို နေ့တစ်ဝက် သင်ရသည်။

ဂျပန်စာကို ဂျပန်ဆရာက သင်သည်။ ဂျပန်စာသင်သော ဆရာမှာ အလွန်ယဉ်ကျေးလှပေသည်။ စစ်သင်တန်းတွင် သင်တန်းသားများ ပါးရိုက်၊ နားရိုက် ဆဲဆို၍ စစ်ပညာသင်ပေးသော ဂျပန်ဆရာတို့နှင့်ကား အကွာခြားကြီး ကွာခြားလှပေသည်။ ဂျပန်စာသင်သော ဂျပန်တို့မှာ အုပ်ချုပ်ရေးပိုင်းက ဂျပန်အရာရှိများနှင့် အတူတကွ ပါရှိလာသူများဟု သိရပေသည်။ စာသင်ရာတွင် အလွန်သိမ်မွေ့လှသည်။ စာသင်ရာ၌ အပြောအဆို ယဉ်ကျေးရုံသာမဟုတ်၊ ဂျပန်သီချင်းကလေးတွေလည်း သင်ပေးကြသေးသည်။ ပျော်ရွှင်ဖွယ် ကောင်းလှပေ၏။

ဂျပန်စာကို စတင် သင်ကြားသောအခါ ဂျပန်စာသင်ပုန်းကြီးက စတင်လေသည်။ မှတ်မိပါသေး၏။ အ၊ အိ၊ အု၊ အေး၊ အော။ ပြီးတော့ ခ၊ ခိ၊ ခု၊ ခေး၊ ခေါ ... စသည် စသည်။ ဂျပန်စာသင်ရသည်မှာ တတ်လွယ်ပေသည်။ သိပ်ပြီးခက်ခဲလှသည် မဟုတ်။ ဤသို့ဖြင့်ကာလ အတန်ကြာ တစ်လ၊ နှစ်လရှိလျှင် ကျွန်တော်တို့သည် ဂျပန်စာကိုလည်း ရေးတတ်ကြပါပြီ။ ဂျပန်စကားကိုလည်း အတော်ကလေး ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ခဲ့ပြီ။ ဂျပန်စာနှင့် ဂျပန်စကားကို ယခုလို ကျွမ်းကျွမ်းကျင်ကျင် အခြေခံမှ အစ တတ်ကျွမ်းကြပြီဖြစ်၍ ဂျပန်အုပ်ချုပ်ရေးရုံးများတွင် အလုပ်လျှောက်ခွင့်ရကြလေသည်။

သည်မှာပင် တစ်လလျှင် ဂျပန်ငွေ ၆၀ကျပ်ဖြင့် ကျွန်တော် စာရေးအလုပ်ရခဲ့ပြီ။ စာရေးအလုပ်ဆိုသည်မှာ ဂျပန်အရာရှိတို့နှင့် မြန်မာအမျိုးသား အလုပ်ကိစ္စ ပြောဆိုကြလျှင် ဘာသာပြန်ပေးရခြင်း ဖြစ်လေသည်။

ဤတွင် စိတ်မချမ်းသာစရာအချို့ ကြုံရသည်ကို ပြောရဦးမည်။ တစ်ကြိမ်တွင် ဂျပန်တွေ ဖမ်းဆီးလာသော ကရင်-ဗမာ အဘိုးကြီးတစ်ဦးကို စစ်ဆေးနေစဉ် မြန်မာဘာသာပြန်ရ၊ ဂျပန်ဘာသာပြန်ရလေသည်။ ဂျပန်အရာရှိက ဖမ်းဆီးလာသော အဲသည့်အဘိုးအိုအား ငေါက်ငမ်း၍ ကြမ်းကြမ်းတမ်းတမ်း စစ်မေးနေလေသည်။ ကြားရသည်မှာ စိတ်မကောင်း။ သွေးကစကားပြောခြင်းပဲ ဖြစ်ပေမည်။ စိတ်ဆင်းရဲရသည်မှာ ရှိသေး၏။ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်များက ပုသိမ်မြို့ကို ဗုန်းကြဲတိုက်ခိုက်သော ဖြစ်ရပ်တည်း။ ထိုအချိန်တွင် ဆုတ်ခွာသွားသော ဗြိတိသျှတို့သည် တန်ပြန်စစ်ဆင်ရေးကို စတင်ကြလေပြီ။ မြန်မာနိုင်ငံအတွင်းရှိ မြို့များ၊ ရွာများကို ဘီ ၂၉ ခေါ် သော အင်္ဂလိပ်လေယာဉ်ကြီးတွေက ဗုံးကြဲတိုက်ခိုက်နေခဲ့ကြသည်။ ဤတွင် ကျွန်တော် ကြောက်လာသည်။ ဗုန်းတွေကြဲလွန်းတော့ မြို့မှာနေရန် ဆန္ဒနည်းလာသည်။ ထို့ကြောင့် မိဂဒါဝုန်ကျောင်းသို့ပြေး၍ သင်္ကန်းဝတ်ရန် အကြံရသည်။ ကျွန်တော် သာသနာ့ဘောင်သို့ ဝင်လေသည်။ ကျွန်တော်တစ်ယောက် ဒုတိယအကြိမ် ကိုရင် ဖြစ်ခဲ့ပြန်သည်။ ကိုရင်ဘဝတွင် ကျွန်တော့်ဆရာရင်းက ဦးအာစိဏ္ဍဖြစ်သည်။ ဘုန်းတော်ကြီးက ကျွန်တော့်ကို ဘုန်းကြီးစာသင်ပေးသည်။ စာဝါတွေလိုက်ရပြီ။ ဘုန်းတော်ကြီးက ကျွန်တော့်ကို ပြောသည်။ "ကိုရင် သာသနာ့ဘောင်မှာ တစ်သက်လုံးနေမယ်ဆိုရင် ဘုန်းကြီးစာ သင်ရမှာပဲ၊ ဘုန်းကြီးစာဆိုလို့ ပေ့်သေးသေး မထင်နဲ့၊ ပရိယတ္တိစာပေတွေက နက်နဲပြီး ကျယ်ပြန့်တယ်။ အဲဒါ ဘယ်လိုစဉ်းစားသလဲ၊ တိတိကျကျပြော ပါ"ဟု ဆိုသည်။ ကျွန်တော့်စိတ်တွေ ဇဝေဇဝါ ဖြစ်နေသည်။ အနာဂတ်ဘဝအတွက် ကျွန်တော် ဘယ်လမ်းကို ရွေးမည်လဲ။ လောကီလား၊ လောကုတ္တရာလမ်းလား။ ထိုအချိန်တွင် ကျွန်တော့်သူငယ်ချင်းတွေထဲက သန်းစိန်တို့ တစ်တွေ စစ်ထဲဝင်သွားကြသည်ဟု သတင်းကြားရသည်။ ဂျဒ်ဆင်ကျောင်းက ရွယ်တူ သူငယ်ချင်းတွေလည်း စစ်ထဲဝင်ရန် ရန်ကုန်သို့ သွားကြပြီဟု ကြားရသည်။ ကျွန်တော့်စိတ်ထဲမှာ သူငယ်ချင်းတွေလိုပဲ စစ်ထဲဝင်ရင် ကောင်းမည်လား၊ စဉ်းစားနေပြီ။

❐

## အခန်း (၅)
## တပ်မတော်သားကောင်းတစ်ယောက်ဘဝကို ရအောင် ယူတော့မည်

ဘုန်းတော်ကြီးက "မင်း ဘာဆက်လုပ်မှာလဲ ကိုရင် စဉ်းစား"ဟု ပြောလာတော့ ကျွန်တော့်စိတ်ကို ဆုံးဖြတ်လိုက်သည်။ စစ်ထဲဝင်မည်။ တပ်မတော်သားကောင်းတစ်ယောက်ဘဝကို ရအောင် ယူမည်။ သို့နှင့် ကျွန်တော်က ကေဝစန် တစ်ခွန်းတည်းသော စကားကို လျှောက်ထားလိုက်ပြီ။

"တပည့်တော် စစ်ထဲဝင်ပါမယ် ဘုရား"

ထိုအချိန်က အမေရှေ့မှာဖြစ်တော့ အမေက မျက်နှာပျက်သွားသည်။ ဘုန်းတော်ကြီးက မိန့်ကြားသည်မှာ "ဒါဆို မင်းဆန္ဒရှိတာ မင်းလုပ်ပေါ့ကွာ" တဲ့။

ဒါနှင့်ပင် ကျွန်တော် ကိုရင် လူထွက်ပြီး ရွာသို့ခေတ္တပြန်သွားသည်။ ရွာရောက်တော့မှပင် သတင်းစုံကြားရသည်။ **ဗမာ့လွတ်လပ်ရေး တပ်မတော်**ကို ဖျက်သိမ်းပြီး **ဗမာ့ကာကွယ်ရေးတပ်မတော်** နာမည်ဖြင့် တပ်မတော် အသွင်ပြောင်းသွားသည်။ မြန်မာ့လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် ဘီဒီအေ ခေါ် ဗမာ့ကာကွယ်ရေး တပ်မတော်ဖွဲ့မည့် ကြေညာစာရွက်တွေ ဖြန့်ဝေနေပြီ။ ရွာထဲမှာ ပိုစတာစာရွက်တွေ ကပ်ထားသည်။ **"ဗမာ့ကာကွယ်ရေး တပ်မတော်အတွက် တပ်သားသစ်များ အလိုရှိသည်။ ကျန်းမာသန်စွမ်း၍ ရောဂါကင်းသော ဗမာလူငယ်များ ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ဝင်**

www.burmeseclassic.com

www.burmeseclassic.com



**ကြလော့**"ဟူသော စာတန်းကို ဖတ်ရစဉ် ကျွန်တော်စိတ်ဓာတ်တွေ တက်ကြွနေလေသည်။ နောက်ထပ် ကြော်ငြာစာရွက်တစ်စောင်က ကျွန်တော့်စိတ်ကို ပို၍ နိုးဆွလေသည်။ ဗိုလ်သင်တန်းတက်ရန် ကြော်ငြာဖြစ်သည်။ **မြန်မာလူငယ်ပညာတတ်တွေကို ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်သင်တန်း အမှတ်စဉ် ၃ အတွက် အလိုရှိနေသည်။ ယခု ဗိုလ်သင်တန်းအမှတ်စဉ် ၁ နှင့် ၂ ပြီးဆုံးသွားပြီ။ အမှတ်စဉ် ၃ အတွက် ဗိုလ်လောင်းလျှောက်လွှာတွေ တင်သွင်းနိုင်ပြီ** ဟု ကြေညာချက်တွေက သေချာကျနစွာ ဆိုလေသည်။ ဤတွင် ကျွန်တော့်ရင်ထဲနှလုံးသားထဲက ဆန္ဒတွေ ပြောင်းလဲသွားပြီ။ ပထမတွင် ကျွန်တော်စစ်ထဲဝင်မည်ဟူသော ဆန္ဒ။ ယခု ဒုတိယမှာ ကျွန်တော်စစ်ဗိုလ် ဖြစ်ချင်ပြီဆိုသော ဆန္ဒ။

ကျွန်တော်ရွာက ပြန်လာတော့ ဘီဒီအေ ဗိုလ်သင်တန်းတက်ရန် လျှောက်လွှာပုံစံကလေး ပါရှိလာ၏။ ထိုပုံစံကလေးကို ဆရာကြီးဦးလှရွှေထံ ပြသောအခါ ဆရာကြီးက ဗိုလ်သင်တန်းတက်ခွင့်လျှောက်လွှာကလေး တစ်စောင် ရေးသားပေး၍ ကျွန်တော်လက်မှတ်ထိုးပြီး တင်လိုက်လေသည်။

ဗိုလ်သင်တန်းလျှောက်လွှာတင်ပြီးပြီ။ လိုအပ်သည်မှာ ကျွန်တော် ရန်ကုန်သို့သွားရမည်။ လျှောက်လွှာတင်ပြီးတော့ ကျွန်တော့်လျှောက်လွှာကို ဗိုလ်သင်တန်းကျောင်းက လက်ခံမည်လား၊ လက်မခံဘူးလား သိချင်လာသည်။ ထို့ကြောင့် ကျွန်တော် ရန်ကုန်သို့ မီးရထားနှင့်သွားမည်။

ပြောရဦးမည်။ ကျွန်တော် ရန်ကုန်သို့ထွက်ခွာလာသောနေ့က အဖြစ်အပျက်ကို ယနေ့ထိ သတိရနေသေးသည်။ အမေ။ အမေ။ ပြောရမည်ဆိုလျှင် ကျေးရွာရှင်မွေးဖခင် အဖေကွယ်လွန်ခဲ့ပြီဖြစ်ရာ ကျွန်တော်နှင့်အမေတို့ဘဝကို ဤသို့ဆိုလျှင် ရလိမ့်မည်။ **အမေတစ်ခု သားတစ်ခု။** ယခု ကျွန်တော်က ရန်ကုန်သို့သွားတော့မည်။ အမေ့ရင်တွင် မည်သို့ခံစားရချိမ့်မည်နည်း။

ထိုနေ့က ရန်ကုန်ရထားစီးဖို့ ပုသိမ်ဘူတာရုံသို့သွားရန် ကျွန်တော်နှင့်အမေတို့ ဆိုက်ကားတစ်စီးဖြင့် အိမ်ကထွက်လာကြသည်။ မီးရထားက နံနက် ၆ နာရီထွက်မည်ဖြစ်၍ ကျွန်တော်တို့သားအမိ နံနက် ၅ နာရီတွင် အိမ်ကထွက်လာကြခြင်းဖြစ်သည်။ ပုသိမ် မီးရထားသည် ဟင်္သာတသို့ထွက်မည်ဖြစ်သည်။



ထိုနေ့က ရထားပေါ်သို့ တက်ခါနီးတွင် အမေ့ကို ကျွန်တော်က မြေပြင်မှာ ဒူးထောက်ဝပ်ချပြီး ကန်တော့ရသည်။ ကျွန်တော်လည်း အမေ့ကို တစ်ခါမှ မခွဲဘူးလေတော့ စိတ်ထဲမှာ ထိခိုက်စွာ ခံစားနေရသည်။ အမေ့ကို ကန်တော့ရင်း ဝမ်းနည်းလာ၍ ကျွန်တော် မျက်ရည်ကျလေသည်။ ကျွန်တော်ငိုတာ မြင်တော့ အမေက မငိုဘဲ စကားတစ်ခွန်း ပြောလေသည်။

**အမေ။** "မောင်တင်ဦး၊ စစ်ထဲဝင်တာ မင်းသဘောနဲ့ မင်းဝင်တာပဲ၊ **သေရင်မြေကြီး၊ ရှင်ရင်ရွှေထီး** လို့ မှတ်ထား၊ စစ်တိုက်ရမှာ ကြောက်လို့တော့ အစ်မဆီ ပြန်မလာခဲ့နဲ့၊ အစ်မရှက်တယ်" တဲ့။

ထိုစဉ်က ပြောနေကျဓလေ့ထုံးစံအရ အမေကို အစ်မဟုခေါ်ကြသည် မဟုတ်လား။ **ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်** လည်း သူ့မိခင်ဒေါ်နန်းသောင်ကို အစ်မဟုခေါ်သည်။ **ဗိုလ်ချုပ်အောင်ဆန်း**လည်း သူ့မိခင်၊ ဒေါ်စုကို အစ်မဟုပဲခေါ်လေ့ရှိကြသည့် ခေတ်ပင်။

မကြာမီ မီးရထားထွက်လေပြီ။ ကျွန်တော်သည် အမေ့ကို မီးရထားပေါ်မှ လှမ်းကြည့်သည်။ မီးရထား သွားနေသော သံလမ်းဘေးက အမေလျှောက်သွားနေသည်ကို ကျွန်တော်မျှော်ကြည့်၏။ အမေသည် ကျွန်တော့်ရှေ့တွင် မျက်ရည်မကျသော်လည်း မီးရထားသံလမ်းဘေးက လျှောက်သွားစဉ် အမေငိုသွားသည်ကို လှမ်းမြင်ရလေသည်။ ကျွန်တော်လည်း အမေငိုသည်ကို မြင်ရသောအခါ ရင်မှာ နာကျင်စွာ ခံစားရလေသည်။

**ဟင်္သာတသို့** ရောက်ပြီ။ ဟင်္သာတတွင် ကျွန်တော်သည် ဆရာကြီးဦးအောင်တင့်ကို လိုက်ရှာရသည်။ ဆရာကြီးဦးအောင်တင့်က ဆွေမျိုးတော်သည်။ ဟင်္သာတမြို့ ပွဲရုံလမ်းတွင်နေသည်။ ဦးအောင်တင့်အိမ်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်တွင် ဦးအောင်တင့်က ကူးတို့ဆိပ်သို့ ကျွန်တော့်ကိုလိုက်ပို့သည်။ ဟင်္သာတမြို့ ကူးတို့ဆိပ်က တစ်ဖက်ကမ်း **သာရဝေါမြို့**သို့ ကူးတို့လှေကလေးဖြင့်ကူး၊ သာရဝေါက **လက်ပံတန်းမြို့**ကို ရထားဖြင့်သွားရသည်။ သာရဝေါရထားမှာ လမ်းဆိုးလှသည်။

လက်ပံတန်းကနေ ရန်ကုန်မြို့သို့ ခရီးဆက်ကြသည်။ တိုက်ကြီးမြို့သို့ ထမင်းစားချိန်အမီ ရောက်လေသည်။ အုံးသြဖို့ကောင်းသည်မှာ တိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် စားရသော ပုစွန်ဟင်းနှင့် ထမင်းအစားမှ ဂျပန်ငွေ ၇၅ ဆင့်မျှသာ။ ဟင်းချိုတစ်ခွက်နှင့် ငါးပိရည်၊ တို့စရာလည်း ပါသေးသည်။ စားရသည်မှာ ဈေးပေါလှသည်။ မကြာမီ မီးရထားထွက်သည်။ မော်ဘီရောက်တော့ ရထားက ရှေ့ဆက်မသွားတော့ဘဲ ရပ်နေလေတော့သည်။ ဤတွင် ကျွန်တော်တို့ ရန်ကုန်သွားဖို့ ကားဖြင့် ခရီးဆက်ကြရလေသည်။

ပြောရဦးမည်။ ဂျပန်ခေတ်က ဘတ်စကားဆိုသည်မှာ ဓာတ်ဆီဖြင့် မောင်းခွင့်မရှိ။ ကညင်ဆီဖြင့် မောင်းရသည်။ ကားကိုစက်နှိုးသောအခါ ရှေ့မှ ဇေါက်တံဖြင့် အပတ်ပေါင်းများစွာ လှည့်ရသည်။ အင်ဂျင်စက်ထဲကို ဓာတ်ဆီကလေးတစ်စက်၊ နှစ်စက်ထည့်ရ၏။ ၄င်းခနဲ ကားစက်နိုးသောအခါ ခေါင်မိုးပေါ်ရှိ ကညင်ဆီပုန်းထဲက ကညင်ဆီကို ပိုက်ကလေးဖြင့် အင်ဂျင်စက်အတွင်း ဆီဖြန်းကိရိယာ ကာဗျူရေတာသို့ ပို့သည်။ ဤသို့ ကညင်ဆီဖြင့်မောင်းသော ဘတ်စကားစီး၍ ရန်ကုန်မြို့၊ မြေနီကုန်းသို့ ရောက်လေ၏။ မြေနီကုန်းတွင် ဟိုမေး ဒီမေးဖြင့် စစ်ဝန်ကြီးရုံးဆိုတာ ဘယ် မှာလဲ၊ ဘယ်မှာလဲ။

နောက်တော့ **ပါးစပ်ပါ ရွာရောက်** ဆိုသလို စစ်ဝန်ကြီးရုံးကို သိသွားသည်။ ယနေ့ ရန်ကုန်မြို့၏ ဦးဝိစာရလမ်း၊ မရမ်းခြံ မိန်းကလေး အထက်တန်းကျောင်းဘေးက လမ်းကလေးအထဲဝင်သွားလျှင် အတွင်းမှာ **ဂျပန်ခေတ်မြန်မာအစိုးရအဖွဲ့ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုံး** ရှိခဲ့လေသည်။ ရုံးအဝင်ဝ ကင်းရုံကလေးတွင် တွေ့ချင်သူကို စုံစမ်း၍ ရပေသည်။ ပုသိမ်က လိပ်စာတစ်ခုပါလာသည်။ "ရန်ကုန်မြို့၊ စစ်ဝန်ကြီးရုံးတွင် ဆရာမောင်ရိမ်းဆိုတာရှိသည်၊ သူ့ကိုမေးပေးပါ၊ ပြောပေးပါ၊ ပုသိမ်ကတင်ဦး ရန်ကုန်လိုက်လာတယ်၊ တွေ့နိုင်မည်လား"

စစ်ဝန်ကြီးရုံး၊ ကင်းရုံထဲက တပ်သားက "မေးပေးမယ်၊ ခဏစောင့်နေ"

ကင်းသမားရဲဘော်က ရုံးထဲသို့ တယ်လီဖုန်းဆက်မေးပေးသည်။ ဟိုက ပြန်ဖြေသည်။ "ဆရာမောင်ရိမ်းရှိတယ် တွေ့ချင်ရင် ခဏစောင့်"

သိပ်မကြာလိုက်ပါ။ စစ်ဝန်ကြီးရုံးဝင်းထဲက ဆရာမောင်ရေး အပြေးအလွှား ဝမ်းသာအားရ ပြေးထွက်လာသည်။ သူ့ရာထူးက ဝမ်းလိုင်း၊ ဝမ်းစတားတဲ့။ တပ်ကြပ်ကလေး ဖြစ်နေသည်။



ဆရာမောင်ရေးအကြောင်း ပြောရဦးမည်။ သူက ကျွန်တော်တို့ရွာသို့ ဘီအိုင်အေတပ်တွေ ဝင်လာစဉ်က စစ်ထဲဝင်မည်ဆိုပြီး လိုက်သွားသူ။ နောက်တော့ ဘီအိုင်အေတပ်ဖျက်သိမ်းပြီး ဘီဒီအေတပ်ဖွဲ့ရန် လူစုကြတော့ ဆရာမောင်ရေး ကျွန်တော်တို့ရွာရောက်လာသေးသည်။ ဘီဒီအေ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ယူနီဖောင်းနှင့် ဆရာမောင်ရေးပုံက စမတ်ကျကျ ခန့်ခန့်ထည်ထည်။ သူကပင် ရွာကလူငယ်တွေ စစ်ထဲဝင်ကြရန် တရားဟောနှိုးဆော်သည်။ ထို့ပြင် သူ့လိပ်စာလည်း ပေးသွားသည်။ ဘီဒီအေတပ်မတော် ထဲဝင်လိုလျှင် ဒီလိပ်စာအတိုင်း လိုက်လာခဲ့။ ငါကူညီမယ်ဟုလည်း ပြောခဲ့သည်။ အဆင်ပြေလှပြီ။ တွေ့ချင်သော ဆရာမောင်ရေးကို ယခု နှဖူးတွေ့ဒူးတွေ့တွေ့ရပေပြီ။

ဆရာမောင်ရေးကပြော၏။ "တင်ဦးရေ၊ ယခုဗိုလ်သင်တန်းကျောင်းက သင်တန်းသားသစ် မခေါ်သေးဘူး၊ စောင့်ရဦးမယ်"ဟု ပြောသည်။

ထိုစဉ်က ဆရာမောင်ရေးသည် စစ်ဝန်ကြီးရုံးတွင် ရုံးတက်ရန် စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းရှိ ဦးကံအိမ်က လာရသည်။ ကျွန်တော်တို့လည်း ဆရာမောင်ရေးနှင့်အတူ ခေတ္တတည်းခိုနေထိုင်ကြရသည်။

ပြောရဦးမည်။ သည်အချိန်က ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလခန့်ဖြစ်သည်။ ဗြိတိသျှစစ်လေယာဉ်ကြီးများသည် ရန်ကုန်မြို့ကို ဗုန်းကြဲတိုက်ခိုက်ရန် ညစဉ်ညတိုင်း ရောက်လာကြသည်။ ရန်သူလေယာဉ်လာပြီဆိုလျှင် သံချောင်းခေါက်သံများ ဆူညံစွာကြားကြရသည်။ ကျွန်တော်တို့ တောသားတွေမှာ လေယာဉ်လာကြောင်း သတိပေး သံချောင်းခေါက်သံကြားလျှင် ဗုန်းခိုကျင်းတဲဝင်ပုန်းကြသည်။ ရန်ကုန်သူ၊ ရန်ကုန်သားတို့မှာ ဗုံးကျင်းထဲသို့ ပြေးမဝင်ဘဲ ရန်သူလေယာဉ်လာသောဘက်ကို လိုက်၍ ကြည့်နေကြသည်။ ညဦးအချိန် ရန်သူလေယာဉ်လာလျှင် မြေပြင်က မီးဆလိုက်ကြီးများ နောက်ကလိုက်၍ ထိုးကြသည်။ မီးဆလိုက်ကြီး လေးငါးခြောက်စင်း ဆုံရပ်တွင် ရန်သူ့လေယာဉ်အုပ်စုကို ထင်ရှားစွာ မြင်နေရပေသည်။ ရန်သူ့လေယာဉ်တွေက မင်္ဂလာဒုံဘက်က လာကြသည်။ ရန်ကုန်မြို့လည်ဘက်သို့ ဦးတည်လာပြီး မြို့လယ်တည့်တည့်တွင် ဗုံးကြဲလေ့ရှိကြသည်။ စမ်းချောင်းဘက်က လူတွေမှာ မိမိတို့ ခေါင်းပေါ်တည့်တည့်သို့ ရန်သူ လေယာဉ်ပျံတွေရောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဗုန်းခိုကျင်းထဲသို့ ဆင်းကြသည်။ ရန်ကုန်မြို့လယ်ဘက်သို့ ရန်သူလေယာဉ်တွေ သွားနေလျှင် စမ်းချောင်းလူတွေက ပွဲကြည့်ပရိသတ်လို ရယ်မောၡ ကြည့်နေကြသည်။ လုံးဝ မကြောက်။

ဗြိတိသျှလေယာဉ်ကြီးများသည် ရန်ကုန်မြို့ ဒေါင်းတောင်းဧရိယာ Down Town Area ခေါ် ရန်ကုန်မြစ်ကမ်းနားတစ်ဝိုက်၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ကွမ်းခြံဘူတာကြီးနားတစ်ဝိုက်၊ ပြောရလျှင် ဂျပန်စစ်တပ်များ စခန်းချသော နေရာတစ်ဝိုက်ကို သဲကြီးမဲကြီး ဆော်ကြ၊ တီးကြသည်။ ထိုနေရာဒေသတွေမှာ ဗုန်းကြဲခံရလွန်း၍ ဖွတ်ဖွတ်ညက်ညက်ကြေနေပါပြီ။ အမှန်က ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေမှာ ထိုနေရာတွင်မရှိ။ ဗမာ့တပ်မတော် အများဆုံး စခန်းချသည်မှာ စစ်ဝန်ကြီးရုံးဘေးမှာ ရှိသည်။ စမ်းချောင်းတွင် ရှိသည်။ အလုံမှာရှိသည်။ ကြည့်မြင်တိုင်မှာ ရှိသည်။ ဘောက်ထော်မှာရှိသည်။ ဗမာ့တပ်မတော်ကို တပ်ဖြန့်ထားသည်။ အများဆုံး ကား ပဲခူး အင်းတကော်တွင် ရှိသည်။

ဤသို့ဖြင့် ကျွန်တော်တို့ တည်းခိုနေသော စမ်းချောင်းအိမ်တွင် ရက်ကြာလာသဖြင့် အနည်းငယ် အားနာလာသည်။ အိမ်ကပါလာသော ပိုက်ဆံကလည်း နည်းလာပြီ။ သို့နှင့် ဆရာမောင်ရေးက တပ်သားအဖြစ် ဝင်မည်လားဟု မေးလာသည်။ "တပ်သားအဖြစ်ဝင်ဆိုလည်း ဝင်မယ်လေ၊ အစကတည်းက တပ်ထဲဝင်ဖို့ လာခဲ့တာပဲ"ဟု ပြောလိုက်သည်။ စစ်ဝန်ကြီးရုံးကင်းတပ်မှာလည်း တပ်သားတွေ လိုနေသည်ဆို၍ ကျွန်တော်တို့ တပ်ထဲ ဝင်ကြသည်။ ပုသိမ်က သူငယ်ချင်းရောင်းရင်း ခင်လှ၊ တင်မောင်ဝင်း၊ ဝင်းမောင်၊ ကျော်ဟန်တို့လည်း အတူတကွ ပါလာကြသည်။ စစ်ဝန်ကြီးရုံးကင်းတပ်တွင် လေ့ကျင့်ခန်းဆင်းနေကြစဉ်၊ မကြာမီ ဗိုလ်သင်တန်းလျှောက်ထားသူတွေ စာမေးပွဲဖြေရမည်ဟု ခေါ်စာရောက်လာသည်။ ထို့ကြောင့် ကျွန်တော်တို့ ဗိုလ်လောင်းလျှောက်ထားသူတွေ ကျောက်မြောင်းက ဆုရှကီးဆေးရုံဟောင်းမှာ စာမေးပွဲဖြေကြရသည်။ ဗိုလ်လောင်းဝင်ခွင့် စာမေးပွဲမှာ ဆယ်တန်းစာမေးပွဲအဆင့်ဖြစ်သည်။ ဂျပန်ဘာသာ၊ မြန်မာစာ၊ သင်္ချာ၊ သမိုင်း၊ ပထဝီ စသည့် ဘာသာတွေ ရေးဖြေရသည်။ စာမေးပွဲဖြေရသည်မှာ ၂ ရက်ကြာသည်။ တစ်ရက်လျှင် သုံးဘာသာဖြေရသည်။ ၁၀ တန်း စာမေးပွဲအတိုင်းဖြေရသည်။ ဖြေနိုင်ပါသည်။



စာမေးပွဲဖြေပြီးတော့ အင်တာဗျူးလုပ်ပြန်သည်။ အင်တာဗျူးလုပ်သည်မှာ စစ်ဝန်ကြီးရုံး **ဗိုလ်ချုပ်အောင်ဆန်း**၏ ရုံးဘေးမှဝင်ရသော စစ်ဦးစီးမှူးရုံးသို့ သွားရသည်။ စာမေးပွဲဖြေသူအားလုံးနှင့် အင်တာဗျူးဝင်ရ၏။ ကျွန်တော့်နာမည် တင်ဦးဟုခေါ်၍ ဝင်သွားတော့ အခန်းအတွင်းမှာ တွေ့ရသူက **ဗိုလ်ဇေယျ (ရဲဘော်သုံးကျိပ်)** ပင် ဖြစ်လေသည်။ ယခင်က နာမည်သာကြားဖူး၍ ယခုမှ လူကိုယ်တိုင်တွေ့ဖူးရသည်။ ဗိုလ်ဇေယျကား လူချောပင်။ စကားပြော ယဉ်သည်။ ဗိုလ်ဇေယျမှာ ဖိုးလိုင်းဝမ်းစတား တံဆိပ် တပ်ထားသည်။ ဗိုလ်မှူးလေးရာထူး။

ဗိုလ်ဇေယျက မေးသည်မှာ ဘယ်ကလာသလဲ။ ကျွန်တော်က "ပုသိမ်က"ဟု ဖြေလိုက်သည်။ မင်းဗိုလ်သင်တန်းကျောင်း ဘာဖြစ်လို့ လျှောက်တာလဲ။ **ကျွန်တော်က "ဗိုလ်ဖြစ်ချင်လို့"**။ "မင်းတပ်ထဲဝင်တာ၊ ဘာရည်ရွယ်ချက်နဲ့ ဝင်တာလဲ"။ **"ကျွန်တော်တို့ ပုသိမ်မြို့မှာ ကျောင်းသားသမဂ္ဂ ရှိပါတယ်၊ သမဂ္ဂမှာ ဝင်ရောက်ဆောင်ရွက်ရင်းက လွတ်လပ်ရေးတိုက်ပွဲ ဝင်ချင်တယ်၊ ဒါကြောင့် တပ်ထဲဝင်ခဲ့တာပါ"**၊ "မင်းက ဗိုလ်ဖြစ်ချင်တယ်ဆိုတာ ဓားချိတ်ချင်လို့လား"၊ ဒီနေရာမှာ ကျွန်တော်က ဓားချိတ်ချင်လို့ မဟုတ်ပါဘူး ဖြေ၍ မဖြစ်နိုင်။ ထို့ကြောင့် **"အဆောင်အယောင်သဘောဆိုတော့ ဓားချိတ်ရမှာပေါ့"** ဗိုလ်ဇေယျက ဆက်မေးပြန်သည်။ **"စစ်ရေး အခြေအနေနဲ့ ပတ်သက်ပြီး မင်း ဘယ်လောက် နားလည်သလဲ"**

"ဗမာ့တပ်မတော်နဲ့ နီပွန်တပ်မတော်တို့ ပေါင်းစည်းပြီး နယ်စပ်ဒေသ တမူးမြို့၊ အင်ဖာမြို့တွေမှာ စစ်ပွဲကြီးတွေ တိုက်နေကြပြီ"ဟု ကျွန်တော်က ဖြေလိုက်သည်။

**ဗိုလ်ဇေယျက** ဆက်မေးသည်။

"မဟာမိတ်များရဲ့ စစ်ရေးကွပ်ကဲမှု ဌာနချုပ်၊ ဘယ်မှာရှိသလဲ"

**ကျွန်တော်။** "သီဟိုဠ်နိုင်ငံ၊ ကိုလံဘိုမြို့မှာ ရှိပါတယ်"

**ဗိုလ်ဇေယျ။** "အေးကွာ၊ အဲဒီကိုလံဘို မဟာမိတ်စစ်ဌာနချုပ် တပ်မှူးကြီးကို မင်းသိသလား"

**ကျွန်တော်။** "တပ်မှူးကြီး ဖိလစ်မောင့်ဘက်တန်ပါ။

**ဗိုလ်ဇေယျ။** "တကယ်လို့ မင်း ဗိုလ်လောင်းမဖြစ်ရင် ဘာဆက်လုပ်မလဲ၊ ပုသိမ်ပြန်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်**။ "ကျွန်တော်တပ်ထဲဝင်ဖို့လာတာ၊ တပ်ထဲမှာပဲနေမယ်"

ဗိုလ်ဖေယျမေးသမျှ အားလုံးပင် ကျွန်တော်ဖြေနိုင်သည်။ သို့သော် အောင်စာရင်းထွက်ပြီဆို၍ ကျွန်တော်သွားကြည့်တော့ နာမည်မပါလာချေ။ ဗိုလ်လောင်းစာမေးပွဲဖြေသူ ၆ဝ ခန့်တွင် အောင်သူ ၃ဝ တိတိ။ တပ်ကြပ်မောင်ရေးကတော့ ကျွန်တော့်ကို ကြိုတင်ပြောဆိုထားသည်။ "တင်ဦးရယ်၊ မင်းစိတ်မကောင်းမဖြစ်နဲ့၊ မင်းနာမည် ဗိုလ်လောင်းစာရင်းမှာ မပါဘူး"

ကျွန်တော်ကပြန်ပြောသည်။ "လာကတည်းက တပ်ထဲမှာနေဖို့လာတာ၊ ဗိုလ်မဖြစ်ရင်လည်း ရပါတယ်၊ ကိစ္စမရှိဘူး"

ကျွန်တော်တို့သူငယ်ချင်းတစ်စုမှ ဝင်းမောင် ဗိုလ်လောင်းစာမေးပွဲအောင်သွားသည်။ တင်မောင်ဝင်း၊ ခင်လှနှင့် ကျော်ဟန်တို့ ကျွန်တော်နှင့်အတူ တပ်ထဲမှာ ကျန်ရစ်ခဲ့သည်။

နောက်တစ်ရက်နှစ်ရက်အကြာတွင် ကျွန်တော်တို့တပ်က ဗိုလ်ညွန့်မောင်၊ သရီးလိုင်းဝမ်းစတားက ပြောရသည်။ "မင်းတို့တပ်ပြောင်းရမယ်"

ဗိုလ်ညွန့်မောင်က "ဝင်ဆာလမ်း တပ်ထဲမှာ ဆက်သွယ်ရေးတပ်ခွဲဖွင့်မယ်၊ တင်ဦးတို့ ဝင်ဆာလမ်းတပ်ကို ပြောင်းရမယ်"

သို့ဖြင့် ကင်းတပ်မှာ စစ်သင်တန်းတစ်ဝက်ပဲ တက်ရသေးသည်။ ကျွန်တော်တို့ ဝင်ဆာလမ်း ဆက်သွယ်ရေးတပ်သို့ ပြောင်းခဲ့ကြသည်။ ဝင်ဆာလမ်း ဆက်သွယ်ရေးတပ်မှာ နံနက်စောစော ကျန်းမာရေးလေ့ကျင့်ခန်း၊ နောက်တော့ ဂျပန်ဆရာများနှင့် ဆက်သွယ်ရေး ပညာရပ် သင်ရသည်။ ဆက်သွယ်ရေးပညာမှာ မြန်မာသင်္ကေတ မထွက်သေးသဖြင့် ဂျပန်ဘာသာသင်္ကေတပဲ။ ဂျပန်မော့စ်ပဲ သင်ကြားကြရသည်။ ဂျပန်ဘာသာ အတော်အသင့် တတ်ကျွမ်းထား၍ လွယ်ကူပါသည်။ ထိုစဉ်က ဂျပန်တပ်မှာ ဆက်သွယ်ရေးတပ်က အကြံပေးတာဝန်၊ မြန်မာ့ဆက်သွယ်ရေးတပ်ကို ကြီးကြပ်အုပ်ချုပ်ရသူမှာ ဗိုလ်သိန်းတန်ဖြစ်သည်။

အဲဒီ ဗိုလ်သိန်းတန်ဆိုသူမှာ ပထမ ကွန်မြူနစ်ဖြစ်ပြီး တောခိုသူပုန်ထ၊ အလင်းဝင်လာ၊ နောင် ဗိုလ်နေဝင်းအစိုးရက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင် ရာထူးကြီးကြီး ချီးမြှင့်ပေးထားသော ဦးသိန်းတန် ဖြစ်လေသည်။

ဗိုလ်သိန်းတန်က ဂျပန်ခေတ် ဘီဒီအေတပ်မတော်၌ သရီးလိုင်းတူးစတားဗိုလ်ဖြစ်သည်။ ဂျပန်စစ်တပ်က ကြီးကြပ်လျက် အကြံပေးနေသော



ဆက်သွယ်ရေးတပ်အကြီးအကဲ ဖြစ်လေသည်။ ဗိုလ်မောင်မောင်ကြီးဆိုသူက သရီးလိုင်း၊ ဗိုလ်။

ကျွန်တော်တို့က ဆက်သွယ်ရေးတပ်မှူး ဗိုလ်သိန်းတန်ကို အလွန်ကြောက်ကြရသည်။ အဲဒီမှာ ကျွန်တော်တို့ဆက်သွယ်ရေးတပ်က ရှိုးဘန်းခေါ်သော ရုံးအမှုထမ်းများ စစ်ဝန်ကြီးရုံးသို့ စာပို့အသွား၊ အပြန်မှာ သတင်းတွေပါလာတတ်သည်။

"ဟော့ ဘယ်သူ ဘယ်သူတော့ဖြင့် ဗိုလ်သင်တန်းတက်ဖို့ စာရင်းထွက်လာတယ်"

အဲဒီသတင်း အပြောခံရသည့် ရဲဘော်များ ဝမ်းသာပြီး သူ့ကိုယ်ပိုင်ယူနီဖောင်း အဟောင်းအနွမ်းတွေ နီးစပ်ရာ သူငယ်ချင်းအမှုထမ်းတွေကို စွန့်ကြဲပေးကမ်းပစ်သည်။ နောက်တစ်နေ့ နံနက်ကျတော့ ဘာအမိန့်မှမရောက်လာ။ အဝတ်အစားဟောင်းတွေ စွန့်ကြဲမိသူတွေမှာ သူတို့အဝတ်အစားတွေကို ပြန်တောင်းကြသည်။ ဤတွင် တစ်ဦးနှင့်တစ်ဦး နောက်ကြပြောင်ကြ ဗိုလ်ရူး ဗိုလ်ရူးဟုခေါ်ကြ၊ အော်ကြ၊ ပျော်ကြ၊ ရွှင်ကြ။

တစ်နေ့တွင် ရခိုင်စစ်မျက်နှာမှ ပြန်လာသော ဘီဒီအေတပ်ရင်း(၁)၊ ကျွန်တော်တို့ ဆက်သွယ်ရေးတပ်အနီး ဝင်ဆာလမ်းစခန်းသို့ ရောက်လာသည်။ တပ်မှူးက သရီးလိုင်းသရီးစတား **ဗိုလ်ကြီးတင်ဖေ** နောင်စာရေးဆရာမ မမြတ်လေး၏ခင်ပွန်း ဗိုလ်မှူးချုပ်တင်ဖေ။

ထိုစဉ်က ဗိုလ်ကြီးတင်ဖေ၏ တပ်မှာ ရခိုင်တွင် တာဝန်ပြီးဆုံး၍ ရန်ကုန်သို့ ပြန်ပြောင်းလာခြင်းဖြစ်သည်။ ဗိုလ်ကြီးတင်ဖေက သူ့တပ်သားတွေကို ကောင်းကောင်း ချက်ကျွေးသည်။ အသားဟင်းက မပြတ်စေရ။ ဗိုလ်ကြီးတင်ဖေက စိတ်ထားသဘောထား ဖြူစင်ကောင်းမွန်သည်။ ဒီဘက်မှာ ဆက်သွယ်ရေးတပ်သား ကျောင်းသားတွေရှိနေတာ သိတော့ ဗိုလ်တင်ဖေက ဟင်းတွေ ပိုပိုလျှံလျှံချက်ပြီး "ဆက်သွယ်ရေးကျောင်းသားတွေကို ခေါ်ကျွေးပါကွာ" ဟု ပြောပြသည်မှာပင် ကျွန်တော်တို့ပွဲတော်တိုးလေသည်။ ဗိုလ်ကြီးတင်ဖေတပ်က ပိုလျှံသော အသားဟင်းတွေနှင့် သွားစားကြလေသည်။ နံနက်တော့ မစားရပေ။ ညနေတိုင်း ကျွန်တော်တို့တပ်သား၊ လေးငါးခြောက်ယောက် နေ့စဉ်လိုလို သွားစားကြလေသည်။

www.burmeseclassic.com



ဒါကလည်း ကျွန်တော်တို့တပ်သားအချင်းချင်းကိုပင် လွတ်လပ်ရေးတိုက်ပွဲဝင်နေကြသော ရဲဘော်ဟု အသိအမှတ်ပြုကာ ထမင်းလာစားဖို့ ခေါ်ကြခြင်းပင်။ ကျွန်တော်တို့တပ်ထဲမှာ အဆင့်အတန်းက ဤသို့ခွဲထားသည်။ တပ်သား၊ တပ်သားကြီး၊ တပ်သားကျော်။ ဒီမှာပင် တပ်သားကျော်က တပ်သားထဲမှာ ရာထူး အမြင့်ဆုံး။

တပ်သားက အစိမ်းခံမှာ ကြယ်တစ်ပွင့်၊ တပ်သားကြီးက ကြယ်နှစ်ပွင့်၊ တပ်သားကျော်က ကြယ်သုံးပွင့်။ ဂျပန်စစ်သားတွေကလည်း ဒီအဆင့်ပင် (သို့သော်) သူတို့က အနီခံတွင် ကြယ်ပွင့်၊ အရာခံတပ်ကြပ်ကလေး တစ်လိုင်း၊ ဝမ်းလိုင်း။ တပ်ကြပ်ကလေးက ဝမ်းလိုင်းဝမ်းစတား၊ တစ်လိုင်းနှင့် ကြယ်တစ်ပွင့်။ တပ်ကြပ်က ဝမ်းလိုင်းတူးစတား၊ တစ်လိုင်းနှင့် ကြယ်နှစ်ပွင့်။ တပ်ကြပ်ကြီးက ဝမ်းလိုင်း သရီးစတား၊ တစ်လိုင်းနှင့် ကြယ်သုံးပွင့်။ အရာခံဗိုလ်က သရီးလိုင်း သုံးလိုင်း။ အရာခံဗိုလ်ကြီးက သရီးလိုင်း ဝမ်းဘား၊ သုံးလိုင်းနှင့်တစ်ဘား။ ဒုတိယဗိုလ်က သရီးလိုင်း ဝမ်းစတား သုံးလိုင်းနှင့် ကြယ်တစ်ပွင့်။

နောက်ရာထူးအဆင့်တွေက သရီးလိုင်းတူးစတား၊ သရီးလိုင်းသရီးစတား စသည်ဖြင့် ရာထူးအဆင့်ဆင့် တက်သွားသည်။ ဗိုလ်ချုပ်အောင်ဆန်း ရာထူး စစ်ဝန်ကြီးနှင့် စစ်သေနာပတိ၊ ဂိုးပလိတ် Gold Plate၊ တူးစတား။ ရွှေပြားခံ ကြယ်နှစ်ပွင့်။ အမိပတိကြီး **ဒေါက်တာဘမော်က ဂိုးပလိပ် သရီးစတား။ ရွှေပြားခံ၊ ကြယ်သုံးပွင့်။**

□

# အခန်း (၆)

## ဂျပန်ခေတ် စစ်တက္ကသိုလ်
## တတိယပတ်ဗိုလ်သင်တန်းကျောင်းသို့

ကျွန်တော်ဗိုလ်သင်တန်းတက်ခွင့်ရပုံ ပြောပြရဦးမည်။ တစ်ညနေမှာ ရဲဘော်တစ်ဦးက ကျွန်တော့်ကို လာပြောသည်။ "တင်ဦး၊ မင်း ဗိုလ်သင်တန်းပါတယ်"

ကျွန်တော်က "လုပ်မနေနဲ့၊ မယုံဘူး၊ မင်းမုန့်စားချင်ရင် သီးသန့်ကျွေးမယ်" ဟိုနေ့ညက ည ၉ နာရီ တန်းစီပြီး မီးပိတ်ရမည့်အချိန်မှာ မီးလည်းမပိတ်။ တန်းလည်းမဖြုတ်။ ခဏကြာလျှင် အလေးပြုလိုက်ရန် အော်သံကြီးကြားရပြီး တာဝန်မှူးဝင်လာ၍ ကျွန်တော်တို့ အလေးပြုကြရသည်။

တာဝန်မှူးက ကျွန်တော်တို့ရှေ့တွင်ရပ်ပြီး မိန့်ခွန်းပြောသည်မှာ "ငါတို့တပ်က ဂုဏ်ယူစရာတစ်ခု ပြောရဦးမယ်ကွ၊ ငါတို့တပ်ဖွဲ့ထဲက တပ်သားတစ်ယောက်၊ ဗိုလ်သင်တန်းကျောင်းတက်ဖို့ အရွေးခံရတယ်"

သူပြောတာကို ကျွန်တော်တို့ နားထောင်နေစဉ်မှာပင် "တင်ဦး" ဟု တာဝန်မှူးက ခေါ်လိုက်သည်။

ကျွန်တော်က "ရှိ" လို့ ပြန်အော်ပြီး တပ်ရှေ့သို့ ထွက်ရပ်ရသည်။

"တင်ဦး မင်း ဗိုလ်သင်တန်းကျောင်း တက်ရမယ်" အဲဒီတော့မှပင် ကျွန်တော်လည်း ဗိုလ်သင်တန်းတက်ဖို့ တိတိကျကျ သေချာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်မှူးက ဆက်ပြောသည်။ "တင်ဦး၊ မင်း မနက်သွားရမယ်၊ အထုပ်အပိုးတွေ ပြင်ထား၊ စစ်ဝန်ကြီးရုံးကတစ်ဆင့် မင်းကို ကားနဲ့ ပို့ပေးမယ်၊ စစ်ဝန်ကြီးရုံးကို မနက် မင်းလာခဲ့ပါ"

ထိုအခိုက် သည်းလှိုက်အူလှိုက် ဝမ်းသာလိုက်သည်မှာ မပြောနိုင်တော့။ မျှော်လင့်ချက်ကြီးစွာနှင့် ဗိုလ်သင်တန်းစာမေးပွဲဝင်ဖြေတုန်းက မျှော်လင့်ချက်နှင့် ဝေးခဲ့သည်။ ဗိုလ်မှူးဖေယျက ဘားချိတ်ချင်လို့ ဗိုလ်ဖြစ်ချင်တာလားဟု မေးစဉ်က ပြန်ဖြေရတာပင် ရှက်ကိုးရှက်ကန်း ဖြစ်နေသေးသည်။ ယခုတော့ မျှော်လင့်ချက်ရောင်ခြည်ကြီးသည် ထိန်ထိန်မားမား တင့်ဆန်းပွင့်လန်းလာခဲ့ပြီ။

ထိုနေ့ညက သူငယ်ချင်းတွေ ကျွန်တော့်ထံ ဝိုင်းလာပြီး ဟိုပစ္စည်းတောင်း ဒီပစ္စည်းဆွဲလုပ်ကြသည်။ "နေကြပါဦးကွာ၊ ဘောင်းဘီတစ်ထည်၊ အင်္ကျီတစ်ထည်တော့ ချန်ထားပါဦးကွ" မနက်ကျရင် စစ်ဝန်ကြီး ရုံးသွားတော့ ဝတ်သွားဖို့ ဝတ်စုံတစ်စုံကို ဖွတ်ဆွဲ ချန်ထားရသည်။ သူတို့ပြောသည်က "တင်ဦးရာ မင်းဗိုလ်သင်တန်းကျောင်းရောက်ရင် အားလုံးအသစ်တွေရမှာပဲကွ၊ မင်းမှာရှိသမျှ ပစ္စည်း အကုန်ထားခဲ့ရမယ်၊ ဘာတစ်ခုမှ မယူသွားနဲ့"

တော်တော်ဆိုးသည့် သူငယ်ချင်းတွေ။ ကျွန်တော်ဝတ်သွားရန် ဦးထုပ်စုတ်၊ ဘောင်းဘီအစုတ်၊ အင်္ကျီအစုတ်၊ ဖိနပ်အစုတ်သာ ချန်ပေးပြီး ကောင်းတာမှန်သမျှ အကုန်ယူသွားကြတော့သည်။ နောက်တစ်နေ့ နံနက်စောစော အိပ်ရာထ နံနက်စာစားပြီးလျှင် မြေနီကုန်း ဝင်ဆာလမ်းမှ စစ်ဝန်ကြီးရုံးရှိရာ ဦးဝိစာရလမ်းသို့ ခြေကျင်ထွက်လာသည်။ ကျွန်တော့်စိတ်တွေ တက်ကြွနေသည်။ မျှော်လင့်ချက်၊ ရည်ရွယ်ချက် စိတ်ကူးယဉ်ခဲ့တာတွေ အကောင်အထည်ပေါ်လာတော့မည် မဟုတ်ပါလား။

နံနက် ၁၁ နာရီခန့်တွင် စစ်ဝန်ကြီးရုံးသို့ ရောက်ပြီ။ ကျွန်တော့်ကို စားရိပ်သာမှာ ထမင်းကျွေး၍ ဝင်စားဖြစ်သေးသည်။ နောက်မှ တပ်ကကားဖြင့် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းသို့ လိုက်ပို့ပေးသည်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းမှာ နောင်အခါ လမ်းစဉ်ပါတီခေတ်၊ ဗဟို နိုင်ငံရေးသိပ္ပံကျောင်းနေရာ ဖြစ်လေသည်။ ကျွန်တော့်ကို လိုက်ပို့သော တပ်ကြပ်က ရုံးခန်းသို့ ကျွန်တော့်ကို လိုက်ပို့၏။



ထိုစဉ်က ဗိုလ်သင်တန်းကျောင်းအုပ်မှာ **ရဲဘော်သုံးကျိပ်၊ ဗိုလ်ဇေယျ** ဖြစ်သည်။ ဒုတိယကျောင်းအုပ်က **ဗိုလ်သန်းရွှေ**။ နောင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်၍ တရုတ်ပြည် ဗကပတွင် တာဝန်ယူရသူဖြစ်သည်။ သူက သရီးလိုင်းတူးစတား။ နာမည်ကျော် ဗိုလ်မြင့်ဦးက သရီးလိုင်းတူးစတား။

ပြောရဦးမည်။ ထိုစဉ်က ဗိုလ်သင်တန်းကျောင်းမှာ **ဗိုလ်မြင့်ဦး**သည် အလွန်တန်ခိုးကြီးသည်။ သူ့ကို တပ်သားတိုင်းက မော့မကြည့်ရဲအောင် ကြောက်ကြရလေသည်။ သူက တပ်ခွဲမှူးဖြစ်သည်။ ဘီအိုင်အေတပ်မှာကတည်းက ပါလာသူ ဗိုလ်မြင့်ဦးသည် အဆဲသန်သည်။ အရိုက်ကြမ်းသည်။ ထိုစဉ်က မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းတွင် ထင်ရှားသူသုံးဦးမှာ တပ်ကြပ်မောင်ထူး၊ ဗိုလ်မြင့်ဦးနှင့် အလွန်ကြမ်းသော ရွှေလုံးခေါ်သည့် မြင်း။ ထို့ကြောင့် စာဆိုပင်ရှိပါသေး။ "**တပ်ကြပ်မောင်ထူး၊ ဗိုလ်မြင့်ဦးနှင့် မြင်းစီးရာဝယ် ရွှေလုံးပယ်လော့တဲ့**"

ကျွန်တော် တက်ရသည့်ကျောင်းမှာ တတိယပတ် ဗိုလ်သင်တန်းကျောင်း မင်္ဂလာဒုံဖြစ်သည်။ ကိုယ်ပိုင်နံပါတ်ပေးပြီး စာရင်းသွင်းရသည်။ ဂျပန်ဘာသာနှင့် ဘိရမာရှိခန်းဂတ်ကော၊ ကျွန်တော်တို့ တပ်စု။

ဒီတုန်းက တပ်စု ၁၊ ၂၊ ၃၊ ၄ ဆိုပြီး ရှိခဲ့သည်။ ၄ က တက္ကသိုလ်တက်ဖူးသူတွေကို ထည့်ထားသည်။ သူတို့ကို သင်တန်းပြီးလျှင် ဦးစီးအရာရှိပေးမည်ဟု ဆိုသည်။

ပြောရဦးမည်။ ကျွန်တော်တို့ပါဝင်သော တပ်စု ၁ တွင် ဗိုလ်စိန်လွင်၊ ယခုကွယ်လွန်သွားရှာပြီဖြစ်သော **နိုင်ငံတော်သမ္မတဦးစိန်လွင်။ ဗိုလ်စိန်လွင်က ဘုန်းကြီးလူထွက်**။ သူက ဘီအိုင်အေထဲဝင်ပြီး ယခု ဂျပန်ခေတ် ဗိုလ်သင်တန်းကျောင်း ရောက်လာခြင်းဖြစ်သည်။ ဗိုလ်စိန်လွင်က တပ်စု ၁ တွင် အခန်း ၁ မှ နေရာရသည်။ နောင်သောအခါ သံအမတ်ဖြစ်လာသူ **ဗိုလ်မှူးကြီးဖေအောင်** (ထားဝယ်)၊ ဗိုလ်ဖေအောင်ပါသည်။ နောက် နိုင်ငံခြားရေး ဒုတိယဝန်ကြီးဖြစ်လာသူ ဗိုလ်တင်အောင်ပါမည်။ မျက်ဖြူတင်အေးပါသည်။ မျက်ခမ်းလေးနားမှာ၊ အဖြူမှတ်စလေးရှိ၍ မျက်ဖြူတင်အေးဟုခေါ်သည်။ ကျွန်တော်တို့အခန်းထဲမှာ သူငယ်ချင်း တင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်း၊ တင်မောင်ဝင်အနားမှာ မကြာမီက ကွယ်လွန်သွားသူ **ဟာဂျီကျော်ဝင်း** [စာရေးဆရာ **ကျော်ဝင်းမောင်**၊ ဝမ်းအိုဝမ်း] သူက မြစ်ကြီးနားသား၊ ဗိုလ်သင်တန်းမပြီးမီ ထွက်သွားပြီး အင်္ဂလိပ်စစ်တပ်၊ ဝမ်းအိုဝမ်းကို သွားဆက်သွယ်၍ အင်္ဂလိပ်စစ်တပ်နှင့် ပြန်ပါလာသူဖြစ်လေသည်။ နောက်တော့ ကွန်မြူနစ်ဖြစ်ပြီး တောခိုသွားခဲ့သေးသည်။ အိမ်စောင့်အစိုးရခေတ်မှာ အလင်းဝင်လာသဖြင့် ကျွန်တော်တို့ ပြန်ဆုံကြလေသည်။ ကျော်ဝင်းအခန်းနှင့် ကပ်လျက် ကျော်မြင့်။ သူက ခရမ်းမြို့နယ် လမ်းစဉ်ပါတီဥက္ကဋ္ဌ လုပ်၍ ယခုဆုံးရှာပြီ။ ကျော်မြင့်ပြီးတော့ အောင်မွှင့်။ အောင်မွှင့်ကတော့ တစ်ဆက်တည်းပါလာသည်။ လမ်းစဉ်ပါတီမှာ လူကြီးဖြစ်လာသေးသည်။ နောက်တော့ ထွန်းစိန်၊ သူက ပြည်သူ့ပိုင်သိမ်း၊ ကြက်ဆင်ဖဲထီးစက်ရုံမှာ မန်နေဂျာ။ ထွန်းစိန်ပြီးတော့ ကျွန်တော်တင်ဦး။ ပြီးတော့မှ ရဲထွန်း။ ရဲထွန်းက စစ်သံမှူး ဗိုလ်မှူးကြီး ရဲထွန်း၊ တပ်မတော် ပညာရေးမှာ တာဝန်ယူခဲ့သေးသည်။

ကျွန်တော်တို့အခန်း ဟိုဘက်က အောင်ရှင်း၊ သိန်းဟန်၊ ဘတင်၊ မြင့်ဦး၊ အောင်ကြည် စသည်ဖြင့် မှတ်မိနေသည်။ ကျော်လွင်၊ စိုးမောင်၊ မောင်မောင်စိုး သိမ်းနွဲ့ စသည်ဖြင့်။

ကျွန်တော်တို့ကို စောင်နှစ်ထည်၊ ခေါင်းအုံးတစ်လုံးပေးထားသည်။ ဖိနပ်က လေ့ကျင့်ခန်းဆင်းဖို့ တစ်ရန်၊ သာမန်စီးဖို့ တစ်ရန်။ ညတိုက်ပွဲဆင်းလျှင် စီးရန် ဖိနပ်အနက် တစ်ရန်ပေးသည်။ ညတိုက်ပွဲပြီးလျှင် ဖိနပ်အနက်ကို ပြန်ပေးလိုက်ရသည်။ အားကစားလေ့ကျင့်ရန် ကင်းပတ်ဖိနပ် တစ်ရန် ပေးပါသေးသည်။ အဝတ်အစားမှာ လေ့ကျင့်ခန်းဆင်းရန် နှစ်ထည်၊ အပြင်ထွက်လည်လျှင် လုလုပပဝတ်ရန် တစ်ထည်၊ ဘောင်းဘီက ဂျပန် ပြည်ချုပ်တစ်ထည်၊ အညာဒေသက ချည်ကြမ်းဖြင့်ချုပ်သော ဘောင်းဘီ၊ စစ်ရောင် ဆေးဆိုးထားသည်။ ဒါက ပြဲလွယ်၍ မကြာခဏ လဲလှယ်ရသည်။ ဗမာ့တပ်မတော်က နောက်အပတ်တွေမှာ ကျွန်တော်တို့လောက်တောင် မပေးနိုင်ဘဲ ရှားပါးသွားလေပြီ။

ကျွန်တော့်ကိုယ်ပိုင်နံပါတ်က ၄၈ ဂျပန်လို ယွန်းကျူးဟာတ်ချိ။ ဟိုက ဂျပန်က ဌာန်ဂိုဟာတ်ရှိဟု ခေါ်လိုက်လျှင် **တင်ဦးကော်ယောခေး၊ တင်ဦး ကျောင်းသား**ဟု ကျွန်တော်က အော်လိုက်ရသည်။



ကျွန်တော်က တပ်စု ၁၊ အခန်း ၂ မှာ နေရ၏။ တပ်စု ၂ က နှစ်ခန်း၊ တပ်စု ၃ က နှစ်ခန်း၊ တပ်စု ၄ က တစ်ခန်း။ ကျွန်တော့်တပ်ခွဲကို ဘယ်သူက အုပ်ချုပ်သည်လဲဆိုတော့ ကွယ်လွန်သွားပြီဖြစ်သော **ဗိုလ်မှူးကြီးထွန်းအောင်ကျော်** ဖြစ်သည်။ တပ်စုမှူးက ဂျပန်၊ နာကာရာမ၊ တပ်စု ၂ က မတ်စုမူရိန်။ တပ်စု ၃ က ဒွိမော်ဒိုနော်၊ တပ်စု ၄ က ဟာတ။ သူတို့ဂျပန်တွေက ကိုယ့်တပ်စုက ရဲဘော်တွေကို သိပ်ကောင်း သိပ်တော် စေချင်ကြသည်။ သူတို့ သဘောမကျလျှင် ပါးရိုက်သည်။

နံနက် ၅ နာရီခွဲလျှင် ခရာမှုတ်သည်။ ထိုအချိန်တွင် ကီရှိုး၊ အိပ်ရာက ထရသည်။ ခရာသံကြားလျှင် ကိုယ့်ခြင်ထောင်ကို မြန်မြန်ဖြုတ်၊ ညီအောင်ခေါက်၊ ကိုယ့်စောင်ကို ညီအောင်ခေါက်၊ အားလုံးတစ်တန်းတည်း ညီအောင်ထား။

နောက်တော့ စောစောစီးစီး စောင်ခေါက်ပြီး ခေါင်းအုံးအောက်မှာ ထား၊ ခြင်ထောင်ကို ကြိုးလျှော့ထား၊ ခရာသံကြားလျှင် မြန်မြန်ထပြီး ခြင်ထောင်ကို ခေါက်။ ဂျပန်ဆရာက လာစစ်၍မပြီးလျှင် ပါးရိုက်သည်။ ပါးရိုက်မခံရအောင် ကြိုတင် ပြင်ဆင်ထားရသည်။

ဂျပန်ဆရာက အခန်းဝမှာ ရောက်နေပြီ။ သို့နှင့် စစ်ရေးပြကွင်းသို့ အပြေးသွားရသည်။ ဂျပန်ဆရာက စစ်ရေးပြကွင်းမှာ ဘန်ကောဟု အော်လိုက်သည်။ နံပါတ်ရေတွက်ရန်ဖြစ်သည်။ (အီ၊ နီ၊ စံ၊ စီ) တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်စဉ် နံပါတ် ၁၀ ကျော်မှ ရောက်လာသူတွေ စစ်ရေးပြကွင်းကို သုံးပတ်ပြေးရသည်။ တန်းစီလျှင် အတန်းကို ညီအောင်စီရသည်။ မညီလျှင် ဘတ်ကဲရိုးဆိုပြီး ရိုက်ပြန်သည်။ ဘတ်ကဲရိုးဆိုတာ ဂျပန်ဘာသာဖြင့် ဆဲခြင်းဖြစ်သည်။ ကျွန်တော်တို့တပ်စုတွေကို သုံးပတ်၊ လေးပတ် ကျန်းမာရေးလေ့ကျင့်ခန်းများ ဂျပန်ဆရာက ပြသည်။

နောက်ပိုင်းတွင် ဂျပန်ဆရာ မပါတော့ပြီ။ မင်းတို့တပ်စု၊ မင်းတို့ ဗိုလ်လောင်းတွေပဲပြကြတော့ဟု ဂျပန်ဆရာက အမိန့်ပေးသည်။ သို့နှင့် သုံးပတ်၊ လေးပတ်ခန့်အကြာတွင် ကျွန်တော်တို့ ကိုယ့်တပ်စုနှင့်ကိုယ် ကျန်းမာရေး၊ လေ့ကျင့်ခန်းဆင်းကြရတော့သည်။ လေ့ကျင့်ခန်းပြီးတော့မှ ချွေးတွေသံတွေနှင့် တန်းလျားပြန် မျက်နှာသစ်၊ သွားတိုက်သန့်စင်ပြီး ထမင်းကြော် သို့မဟုတ် ဆန်ပြုတ်သောက်ရသည်။ ရေချိုးတစ်ခွက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီ ထိုးပြီ။ သည်တော့မှ ကိုယ့်သေနတ်ကိုယူပြီး စစ်လေ့ကျင့်ခန်း သင်တန်းဆင်းရသည်။ သေနတ်ကိုင်နည်း၊ သေနတ်ကို ဖြုတ်နည်း၊ တပ်နည်း၊ ကိုယ့်နေရာနှင့်ကိုယ် ဂျပန်ဆရာတွေက အနီးကပ် သင်ပေးကြသည်။ လက်နက်နှင့်ပတ်သက်၍ ရက်သတ္တနှစ်ပတ်ခန့်ကြာ သင်ရသည်။ သေနတ်မျိုးစုံကို ဖြုတ်နည်း၊ တပ်နည်းတွေ သင်ရသည်။ ဤတွင် အမှတ် ၁၁ စက်သေနတ်ကြီး သင်ရသည့်အခါ အခက်တွေ့လေသည်။ ထိုစဉ်က ၁၉၄၄ ခုနှစ်၊ ကျွန်တော့်အသက် ၁၇ နှစ်ပြည့်ရုံရှိသေးသည်။ ဂျပန်စက်သေနတ်ကြီးအမှတ် ၁၁ ကို ကိုင်တွယ်သင်ကြားရသောအခါ သေနတ်နှင့် ကျွန်တော့်အရပ်က အမြင့်တူနေလေသည်။

ထိုစဉ်က ပထမတွင် ရိုင်ဖယ်၊ နောက်စက်သေနတ်၊ နောက်စိန်ပြောင်းပစ်နည်းများ သင်ကြရသည်။ ကျွန်တော်က စက်သေနတ်ကြီးကို မနိုင့်တနိုင်ဖြစ်နေလျှင် ဗိုလ်လောင်းဝင်းမောင် (ကျော်ဝင်းမောင်) က ဝင်ရောက် ကူညီပေးသည်။

အားလုံးသော လက်နက်များကို ကိုင်တွယ်ပစ်ခတ် လေ့ကျင့်ပြီးသောအခါ တိုက်ပွဲလေ့ကျင့်ခန်း ဆင်းကြရသည်။ တိုက်ပွဲများမှာ တပ်စိပ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ တပ်ခွဲတိုက်ပွဲများ ဖြစ်သည်။ ကိုယ်စီတိုက်ပွဲ တပ်စိပ်တိုက်ပွဲက ၁၀ ဦး၊ တပ်စုတိုက်ပွဲက ၄၀ဦး၊ တပ်ခွဲတိုက်ပွဲက တစ်ရာကျော်ခန့် ပါဝင်လေသည်။ တပ်ခွဲတိုက်ပွဲကတော့ နောက်မှ လေ့ကျင့်ကြရသည်။ ပထမတော့ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲတွေကို ထပ်မနား လေ့ကျင့်နေကြရသည်။

ဂျပန်တွေ စည်းကမ်းရှိသည့်အကြောင်း ပြောပြဦးမည်။ စိန်ပြောင်းပစ်သင်တန်း သင်နေစဉ်မှာ စိန်ပြောင်းက မောင်းခလုတ်ကလေးတစ်ခု ပြုတ်ကျနေခဲ့သည်။ ဘယ်မှာပြုတ်ကျခဲ့သည်လည်း မသိ။ ရှာမရ။ ဖွေမရ။ ဒါကို ဂျပန်ဆရာတွေက သဘောမကျ။ "မင်းတို့ ဒီစိန်ပြောင်းခလုတ်ကလေးကို မရရအောင် ရှာရဖွေရမည်၊ ဒါ ငါတို့ ဘုရင်မင်းမြတ် **တင်နော်ယောကာ** ရဲ့ ပစ္စည်း၊ မတွေ့လို့မဖြစ်ဘူး၊ တွေ့အောင်ရှာရမည်"ဟု တင်းတင်းကျပ်ကျပ် သတိပေးလေသည်။ သို့နှင့်ပင် ကျွန်တော်တို့တစ်တွေမှာ စိန်ပြောင်းမှ ပြုတ်ကျနေသော ခလုတ်ကလေးကို တွေ့အောင်ရှာကြရသည်။ ဤမျှ စည်းစနစ်ကျသော ဂျပန်တို့ပင်ဖြစ်သည်။



နမူနာစံပြဖြစ်အောင် ကြံခဲ့ရသော ထိုနေ့က ပစ္စည်းပျောက်ရှာပုံကို ပြောပြချင်သေးသည်။ စိန်ပြောင်းတိုက်ပွဲ ပထမတစ်ပွဲ နှစ်ပွဲ လေ့ကျင့်အပြီးတွင် ခရီးကလည်း အတော်ရောက်လာပြီ။ ဤတွင် တတိယအကြိမ် လေ့ကျင့်ခန်းဆင်းမည်ပြုစဉ် စိန်ပြောင်းကိုင်ရဲဘော်က သတင်းပို့သည်။ စိန်ပြောင်းက ခလုတ်တစ်ခုပြုတ်၍ တစ်နေရာတွင် ပြုတ်ကျကျန်နေခဲ့သည့်အကြောင်း ဤတွင် ဂျပန်ဆရာက **"ယာမေး"** ဟု အော်လိုက်သည်။ ဂျပန်ဘာသာဖြင့် ရပ်ကြဟု အော်ဟစ်အမိန့်ပေးခြင်းဖြစ်သည်။ နောက်တော့မှ ဆရာက ဤသို့ အမိန့်ပေးတော့သည်။ အားလုံး လူ ၂၀ စီ ခွဲကြ။ ဝီစီခရာမှုတ်လိုက်လျှင် ရှေ့ကလူ ၂၀ က မြက်ပင်တွေပေါ် ဒူးထောက် ရှေ့ကာ ရှေ့ကာ ပျောက်သည့်ပစ္စည်းကိုရှာ။ ဒူးထောက်၍ ရှေ့ကို တရွေ့ရွေ့တက်။ သူတို့နောက်က လူ ၂၀ က ထပ်၍တက်၊ အဲသည်လိုနှင့် ဗိုလ်လောင်းတစ်ယောက်က ပျောက်နေသော စိန်ပြောင်းခလုတ်ကလေး တွေ့သွားသည်။ ကျွန်တော်တို့မှာ နံနက် ၉ နာရီခွဲမှစတင်၍ ရှာဖွေနေရသော ပစ္စည်းကို နေ့လယ် ၁၂ နာရီထိုးခါနီးမှ ရှာတွေ့ပြီး ပျော်ရွှင်သွားကြတော့သည်။

ကျွန်တော်တို့ ဗိုလ်လောင်းစစ်သင်တန်းတက်ရသည်မှာ စုစုပေါင်း ၇ လကြသည်။ စနေနေ့တိုင်း နံနက်ပိုင်းတွင် စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းတက်ရသည်။ ထိုသို့စိတ်ဓာတ်မြှင့်တင်ရေးသင်တန်း၌ ပထမ ၃ လခန့်တွင် ကျောင်းအုပ်ကြီး **ဗိုလ်စေယျ(ရဲဘော်သုံးကျိပ်)** လာရောက်ပို့ချခဲ့သည်။ နောက်ပိုင်း ၄ လမှာ **ဗိုလ်ရန်နိုင်(ရဲဘော်သုံးကျိပ်)** က သင်ကြားပို့ချသည်။ စနေနေ့တစ်ရက်တွင် **ဗိုလ်ချုပ်** တစ်ကြိမ်လာဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ခပ်ဝေးဝေးကပင် မြင်ခွင့်ရသည်။ ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းက စကားကို တိုတိုပဲပြောသွားသည်။ **"ရဲဘော်တို့ယခုလို စစ်သင်တန်းတက်နေကြတာတွေ့ရတော့ ဝမ်းသာတယ်။ စစ်ကြီးအောင်နိုင်ဖို့အတွက် တို့တစ်တွေ အများကြီးလုပ်ကြရမယ်။ မင်းတို့နဲ့ ပတ်သက်လို့ ပြောရရင် အကျိုးအမြတ် ဘာမှမမျှော်မှန်းကြနဲ့၊ တိုင်းပြည်အတွက် လုပ်နေကြတယ်ဆိုတာပဲ၊ သိထားကြ**ဟု ပြောသွားသည်။ ဗိုလ်ချုပ်ကဆက်၍ **မင်းတို့စစ်ရှိတဲ့အခါ ကျောက်ခဲသလဲပေါ် အိပ်ရမယ်။ စားရတဲ့အခါလည်း ရှိမယ်၊ ငတ်တဲ့အခါလည်း ရှိမယ်။ မင်းတို့ စစ်မြေပြင်မှာ ဆင်းရဲဒုက္ခတွေ**

www.burmeseclassic.com

www.burmeseclassic.com



**ရင် ဘယ်ခွေးမျိုးမှ မင်းတို့ကို လာစောင့်ရှောက်နိုင်မှာ မဟုတ်ဘူး။ ရဲဘော်ချင်းပဲ စောင့်ရှောက်ကြရမှာဖြစ်တယ်။ မင်းတို့တစ်တွေဟာ စစ်သားတွေဖြစ်လို့ စစ်သားစည်းကမ်းဥပဒေကို လိုက်နာရသလို အရပ်သူအရပ်သားတွေရဲ့ ဥပဒေကိုလည်း လိုက်နာကျင့်သုံးရမယ်။** ဥပမာကွာ သင်္ကန်းဝတ်ထားတဲ့ ဘုန်းကြီးတစ်ပါးဆိုပါစို့။ **ဘုန်းတော်ကြီးတွေ လိုက်နာကျင့်ကြရမယ့် ဝိနည်းတော်ကို လိုက်နာကျင့်သုံးရသလိုပဲ၊ လူတွေလိုက်နာကျင့်သုံးရမယ့် ဥပဒေကိုလည်း လိုက်နာကျင့်သုံးရမှာ ဖြစ်တယ်။ အရေးအကြီးဆုံးက ပြည်သူဟာ တို့ရဲ့ မိဘများဖြစ်တယ်ဆိုတာကို အသည်းထဲမှာ စွဲမြဲနေအောင် မှတ်သားထားရမယ်။ ပြည်သူတွေရဲ့စိတ်ထဲမှာ ငြိုငြင်လာမယ့်လုပ်ရပ်များကို ရှောင်ရှားကြရမှာဖြစ်တယ်။ ယခု ငါပြောတာတွေကို မင်းတို့ မလိုက်နာနိုင်ဘူးဆိုရင် ယခုကတည်းက မင်းတို့ပြန်သွားနိုင်ကြတယ်"**

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရဲဘော်သုံးကျိပ် ဗိုလ်ရန်အောင်လည်း ပါလာသည်ကို တွေ့ရ၏။ စနေနေ့တိုင်း စိတ်ဓာတ်အားပေး သင်တန်းတွင် ဗိုလ်သင်တန်းကျောင်း အကြံပေး အရာရှိ ဂျပန်ဗိုလ်မှူးကြီး ဧာဆလည်း တစ်ကြိမ်တွင် ဟောပြောသေးသည်။ ပြောရဦးမည်။ အိန္ဒိယ အမျိုးသား တပ်မတော် စစ်သေနာပတိချုပ် **ဆူဘတ်ချန္ဒရာဘို့စ်**ကို ကျွန်တော်မြင်ဖူးသည်။ အိန္ဒိယလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသော (Indian National Army ခေါ် INA အိန္ဒိယအမျိုးသားတပ်မတော်ကို ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းနှင့် ကပ်နေသော စစ်တန်းလျားတွင် နေရာချထားပေးသည်။ ဆူဘတ်ချန္ဒရာဘို့စ်လာလျှင် အိန္ဒိယ အမျိုးသားတပ်မတော်သားတို့သည် "နေတာဂျီကီဂျေး" ဟု အော်ဟစ်ကြိုဆိုကြသည်။ နေတာဂျီဆိုတာ ဆူဘတ်ချန္ဒရာဘို့စ်ကို ခေါ်သောအမည် ဖြစ်သည်။ ကီဂျေးဆိုသည် မှာ အောင်မြင်ပါစေဟု အဓိပ္ပာယ်ရပေသည်။ ခေါင်းဆောင်ကြီး ဆူဘတ်ချန္ဒရာဘို့စ်ကို တစ်ကြိမ် နှစ်ကြိမ်မြင်ဖူးသည်။ ဥပမိရုပ်သန့်သန့် တောင့်တောင့်တင်းတင်း ခံ့ခံ့ညားညား လေးစားဖွယ် ရုပ်ရည်ရှိပေသည်။ နေတာဂျီဘို့စ်လာလျှင် သူ့အတွင်းရေးမှူး လက်ချ်မီအမည်ရှိ **အိန္ဒိယအမျိုးသမီးငယ်တစ်ဦး** အမြဲပါလာလေ့ရှိပေသည်။ လက်ချ်မီကလည်း ဂျပန်စစ်တပ်ပုံစံ ဓားကို ခါးမှာ ချိတ်ထားသည်။



နေတာဂျီဘို့စ်လာလျှင် ဓားချိတ်ထားသော လက်ချမီအမည်ရှိ အမျိုးသမီးအရာရှိ ခါးမှာ ဓားချိတ်လျက်ပါလာသလို ဗိုလ်ချုပ်အောင်ဆန်းလာလျှင် အမျိုးသမီးအရာရှိ ဗိုလ်ကြီးဒေါ်ခင်မျိုးချစ်လည်း ဂျပန်စစ်ယူနီဖောင်း၊ ဘောင်းဘီရှည် ဝတ်၊ ခါးတွင် ဓားချိတ်လျက် အမြဲပါလာတတ်သည်။ ဗိုလ်ကြီး၊ ဒေါ်ခင်မျိုးချစ်မှာ ပိန်ပိန်ပါးပါးဖြစ်သည်။ အလွန်ကြည့်ကောင်း၍ ခံ့ညားလှသည်။

ဗိုလ်သင်တန်းကျောင်းတွင် ကျွေးသော ထမင်းဟင်းမှာ ဆင်းရဲလှသည်။ ဆန်ကတော့ ကောင်းသည်။ သို့သော် ချဉ်ပေါင်ဟင်းကို ဝက်သားနှင့် ရောချက်ရာ ဝက်သားဖတ်ရှာမရ။ ထို့ကြောင့် ထမင်းစားကြလျှင် ပြောစမှတ်ဖြစ်နေ၏။ "ဝက်သားစားချင်ရင် ချဉ်ပေါင်ဟင်းထဲ ဒိုင်ဗင်ထိုးပြီး ရှာရမှာကွ" တဲ့။

တော်လှန်ရေးကောင်စီခေတ်တွင် ကောင်စီဝင်ဖြစ်လာသော ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးကြည်ဟန်တို့သည် ဗိုလ်လောင်းသန်းစိန်နှင့် ဗိုလ်လောင်းကြည်ဟန်အဖြစ် တပ်စု ၂ တွင် ပါလာကြ၏။

တစ်ညတွင် ဗိုလ်လောင်းသန်းစိန်နှင့် ဗိုလ်လောင်းကြည်ဟန်တို့ ညဥ့်သန်းခေါင်ချိန် ကင်းလှည့်စဉ် ထမင်းရုံနားကဖြတ်ပြီး ပြန်လာသည်။ ထမင်းရုံထဲက ဝက်ခေါင်းပြုတ်ထားရာ ဗိုလ်လောင်းကြည်ဟန် ထမင်းဆာလာသည်ကြောင့် ထမင်းရုံထဲသို့ တံစက်မြိတ်ကိုတက်၍ ခိုးဝင်ရန် ကြိုးစားသည်။ အထဲရောက်သွားတော့ ဝက်ခေါင်းပြုတ်ထားသည့် အိုးထဲမှ ဝက်နားရွက်တွေ၊ ဝက်သားပြုတ်တွေ ဖွဲ့ပြီး ဘောင်းဘီအိတ်ထဲ ထိုးထည့်သည်။ အထဲမှာရသလောက်လည်း စားသေးသည်။ သို့သော် ထမင်းရုံထဲသို့ ဝင်သွားစဉ်က ချောချောမောမော ဝင်သွားသလောက် ပြန်ထွက်မည်ကြံတော့ အထွက်ခက်နေပြီ။ ထွက်၍မရ။ ထို့ကြောင့် ဗိုလ်လောင်းသန်းစိန်သည် တပ်စု ၂ တပ်စုမှူးဆရာရွှေကို သွားခေါ်ရသည်။ "ဆရာရယ် ကျွန်တော်တို့ ဆာလွန်းလို့ ထမင်းရုံထဲဝင်ပြီး ဟင်းခိုးစားပါတယ်၊ အဲဒါ ရဲဘော်ကြည်ဟန် အထဲကပြန်ထွက်လို့မရ ဒုက္ခရောက်နေပါတယ်၊ ကယ်ပါဦး ဆရာ"

တပ်စုမှူးဆရာရွှေမှာ သဘောကောင်း၍ ပြောရ ဆိုရလွယ်သည်။ ဆဲဆိုကြိမ်းမောင်းပြီး လိုက်လာကာ ထမင်းရုံတံခါးကို ဖွင့်ပေးပြီး ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



ကြည်ဟန်ကို ကယ်တင်လိုက်သည်။ သို့သော် နောက်တစ်နေ့ နံနက်၊ ထမင်းရုံစားဖိုမှူးက ထမင်းရုံထဲ ဝင်လာသောအခါ ဝတ်နားရွက်ပြုတ် အပါအဝင် ဟင်းတွေ ပျောက်နေသည်။ ဤတွင် ထိုအမှုကို စစ်ဆေးရာ တရားခံမပေါ်။ ကေန္တတော့ ကျွန်တော်တို့ စစ်တန်းလျားနှင့် ကပ်နေသော လူငယ်ကျောင်းသားတပ်ဖွဲ့ဝင်တွေ ဖြစ်ရမည်ဟု တစ်ဖက်သတ်ဆုံးဖြတ်ကာ လူငယ်ကျောင်းသားတွေကို ကွင်းပတ်၍ ပြေးသောဒဏ် ပေးတော့သည်။ လူငယ်ကျောင်းသား၊ ယောနင်းတို့မှာ သူတို့လည်း ခိုးမစားရဘဲ ယခုကဲ့သို့ ဒဏ်ပေးခံရသောအခါ ဒေါသထွက်ကြပြီ။ ဘောလုံးကွင်းကို ပတ်ပြေးရင်းက ဗိုလ်လောင်းလူကြီးတွေကို မအေ၊ နှမ၊ မိုးမွှန်အောင် ဆဲလေတော့သည်။ ဘောလုံးကွင်းကို တစ်ပတ်ပတ်ပြေးရင်း ကျွန်တော်တို့ တပ်စုစခန်းအနီးရောက်လျှင် ခေတ္တရပ်လိုက်ပြီး ငါနှင့်ကိုင်တုပ် အားရအောင် ဆဲပြီးတော့မှ ကွင်းကို ပတ်ပြေးကြလေသည်။ ကျွန်တော်တို့ လူကြီးတွေမှာ ကိုယ့်အဖြစ်နှင့်ကိုယ် ကလေးတွေဆဲတာ ငြိမ်ခံနေကြရလေသည်။ ဒီကလေးတွေ ဆဲဆိုကြသည်မှာ မကြားဝံ့မနာသာ။ "သူတောင်းစားတွေ၊ အငတ်တွေ၊ ကိုယ့်ဖာသာ ခိုးစားရင် ခိုးစားတယ် ဝန်မခံဘူး၊ ငါတို့ကို လွှဲချတယ်" စသည်ဖြင့် အော်ဟစ်ဆဲဆိုကြလေသည်။

ကျွန်တော်တို့ ဗိုလ်သင်တန်း၌ မြင်းစီးသင်တန်းလည်းပါသည်။ မြင်းတွေမှာ စင်ကာပူမှ သယ်ယူလာသော ပြိုင်မြင်းကြီးများဖြစ်သဖြင့် အရပ်ထွားထွား၊ ခံ့ခံ့ညားညား။ မြင်းပေါ်သို့တက်ရန် ခြေနင်းကွင်း နင်း၍တက်ခွင့်မရှိ။ မြင်းလည်ဆံမွေးကိုင်ကာ ခုန်တက်စီးနင်းရလေသည်။ ထိုမြင်းတွေထဲမှာ အဆိုးဆုံးက **ရွှေလုံးဆိုသော** မြင်းပင်ဖြစ်သည်။ တခြားမြင်းတွေက သူ့လောက်မဆိုး။ ရွှေလုံးဆိုသော မြင်းကား အများက ဩချရသောမြင်း ဖြစ်သည်။

ပြောရဦးမည်။ မြင်းစီး မသင်မီ ကျွန်တော်တို့က ကိုယ်စီးမည့်မြင်းကို ကိုယ်က တပည့်ခံရလေသည်။ တပည့်ခံရပုံကသည်လို။ မြင်းအနားကပ်သွားပြီး သူ့ခေါင်းကို နိုရာ နိုရာဟုပြော၍ ပွတ်ပေးရလေသည်။ ကိုယ်စီးမည့် မြင်းကို ကိုယ်နှင့်ရင်းနှီးသွားအောင် ချော့မော့နှုန်းနှပ်ရခြင်း ဖြစ်ပေသည်။ မြင်းဆံပင်ကို ဆန့်ကျင်၍ ပွတ်၍မရ။ အလိုက်သင့်ကလေး သူ့ဆံပင်ကို ပွတ်သပ်ချော့မြှုရခြင်း ဖြစ်တော့သည်။



ရွှေလုံးဆိုသော မြင်းက နက်ပြာရောင်၊ သူ့ကျောပေါ်တက်လာသည့် လူကို စီးတတ်သူလား၊ မစီးတတ်သူလား၊ ပြေးရင်း ပြေးရင်း မြင်းက သိလာသည်။ ငါ့ကို သူကွပ်ကဲနိုင်မည့်သူ ဟုတ်မဟုတ်။ မြင်းက သိနေသည်။ ပထမခရာမှုတ်သည့်အချိန်မှာ သုံးချောင်းထောက်ပြေးရသည်။ နောက်တစ်ကြိမ်ခရာမှုတ်လျှင် ဒုန်းစိုင်းရသည်။ ဒုန်းစိုင်းစဉ် ရုတ်တရက် မြင်းက ဆောင့်ရပ်လိုက်လျှင် စီးသည့်လူက မြင်းပေါ်က လွင့်ကျတတ်သည်။ သူ့ကို စီးရဲသည့်သူက အင်းတော်ဘက်မှလာသော မြင့်ဦးဖြစ်သည်။ မြင့်ဦးက မြင်းတပ်ကလာတော့ မြင်းတွေအကြောင်း ကောင်းကောင်း သိနေလေသည်။ မြင့်ဦးစီးလျှင် မြင်းက သေသေချာချာ အစီးခံသည်။ ဘာပြဿနာမှမရှိ။

သည်မြင်းတွေကို ညမှာ ရေစိမ်ထားသည့်ပဲ ကျွေးရသည်။ ဆင်ခေါင်းပဲခေါ် ကုလားပဲလုံးဖြစ်သည်။ ကျွန်တော်တို့က ငတ်တော့ မြင်းကျွေးရမည့်ပဲကို နည်းနည်းပဲကျွေးသည်။ ကျန်တာတွေကို ဘောင်းဘီအိတ်ထဲ ထည့်ပြီး ပြန်ယူလာသည်။ နေ့ခင်းကျတော့မှ ကိုယ်နည်းကိုယ့်ဟန်နှင့် ပြုတ်ပြီး ဆားနှင့်စားကြလေသည်။ မြင်းတွေကို အစာလျှော့ကျွေးထား၍လားမသိ။ နောက်တနေ့ သူ့ကို ပြေးခိုင်းသောအခါ ကောင်းကောင်း မပြေးနိုင်။ အားမရှိ ရှာကြတော့ပေ။ ညစဉ်ညတိုင်း မြင်းနှင့် ရင်းနှီးအောင်လုပ်ရင်း ညပိုင်းမှာ တစ်ခါပဲ အစာကျွေးကြရသည်။ မြင်းစာက ကုလားပဲ သို့မဟုတ် ပဲပြုတ်ပြုတ်သည့်ပဲ၊ တစ်ပြည်နီးပါးကျွေးရသည်။ ပဲတွေကို အုတ်ကန်ထဲမှာ ရေစိမ်ထားရသည်။ အဲသည့် ရေစိမ်ပဲကို ကျွန်တော်တို့က ပုံးတစ်လုံးနှင့် သွားယူ၍ မြင်းစာကျွေးရလေသည်။ နက်ဖြန်နံနက် ကိုယ်စီးမည့်မြင်းကို ကိုယ်ရင်းနှီးဖို့ ညမြင်းစာကျွေးရခြင်းဖြစ်သည်။ အဲသည်လို မြင်းကို အစာကျွေးသည့်အခါ အစာလျှော့ကျွေးမိ၍ မြင်းက မပြေးနိုင်လျှင် ကျွန်တော်တို့မှာ ဆရာ အဆူခံကြရသည်။

မြင်းပေါ်တက်စီးနည်းကို ပြောပြဦးမည်။ မြင်း၏ လည်ဆံမွေးကို လက်ဝဲဘက်လက်ဖြင့် ဆုပ်ကိုင်ပြီး ညာလက်ဖြင့် မြင်းတင်ပါးသားကို တဖုတ်ဖုတ် ရိုက်ပေးနေရသည်။ မြင်းပေါ်တက်ခါနီးတွင် ယွတ်ဟုအော်လိုက်စဉ် မြင်းက သူ့ကျောကုန်းပေါ် တက်နိုင်ရန် အနည်းငယ် ခါးညွှတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြင်းပေါ်ခုန်တတ်။ မြင်းကုန်းနှီးပေါ်သို့ နေသားကျအောင် နေ့ရာယူထိုင်ရသည်။ ဂျပန်ကတော့ ဒီလို မြင်းတင်ပါးကို တစ်ချက်ရိုက်ပြီးသာ တက်သွားလေ့ရှိသည်။ လေးငါးချက်ရိုက်နေရန်မလို။

ပြောရဦးမည်။ မြင်းခြေထောက်ကိုလည်း နှိပ်ပေးရသည်။ ပြီးတော့ မြင်းခြေထောက်ရှိ သံခွာထဲမှာ ဝင်နေသော ရွှံ့တွေ သန့်စင်ပေးရသည်။ ရှေ့ခြေထောက်နှစ်ချောင်း သံခွာထဲက ရွှံ့တွေကို သန့်စင်ပေးရာ၌ သိပ်ပြဿနာမရှိ။ မြင်း၏ နောက်ခြေထောက်ထဲက သံခွာမှ ရွှံ့တွေကို သန့်စင်ပေးနေစဉ် သူ့ခြေထောက်ကို ကိုယ့်ဒူးနှစ်ဖက်ထဲမှာ ညှပ်ထားပြီး လုပ်ဆောင်ရသည်။ လန့်ပြီး ကန်ထည့်လိုက်လျှင် ခံရချက် မသက်သာချေ။ ထို့ကြောင့် အထူးပင် ဂရုစိုက်ရပေသည်။

❒

**အခန်း (၇)**

**တပ်ကြပ်မောင်ထူး ဗိုလ်မြင့်ဦးနှင့်**
**မြင်းစီးရာဝယ် ရွှေလုံးပယ်လော့**

ရွှေလုံးဆိုသောမြင်းကို ကျွန်တော်တစ်ကြိမ်မျှမစီးဘဲ ဝေးဝေးရှောင်လေသည်။ ရွှေလုံးက သူ့ကျောပေါ်ရောက်လာသောသူကို သိသည်။ သည်လူ သိပ်အတတ်မကျတော့၊ ငါနှင့် မဟန်တော့ဘူးဆိုတာ သူသိသည်နှင့် ဒုက္ခပေးရန် ကြံစည်တော့သည်။ စပြီးထွက်ကတည်းက ကျောပေါ်မှလူကို ခါချတော့သည်။ ရွှေလုံးက စိတ်ထားညံ့သည့်မြင်းဖြစ်လေတော့ ဟိုခုန်ဒီခုန်လှုပ်ကာ ကျောပေါ်ကလူ လိမ့်မကျ ကျအောင် ရမ်းလေတော့သည်။ တချို့က ခုန်တဲ့အဆင့်အထိရောက်မှ ကျကုန်သည်။ တချို့ဟာ မြင်းပေါ်ရောက်ပြီး ရှေ့တိုးနောက်ဆုတ်လုပ်ရန် ခိုင်းနေစဉ်မှာပင် အဆင်မပြေကြ။ မြင်းပေါ်လူရောက်လျှင် ရှေ့က ဂျပန်ဆရာက အမိန့်ပေးသည့်မြင်းကို မစီးမိဘယ်လှည့်၊ ညာလှည့် ရှေ့ချီ နောက်ဆုတ် ဂျပန်အမိန့်အတိုင်း လုပ်နေရလေသည်။ ဂျပန်က "မိုက်အေ"ဟုဆိုလျှင် မြင်းကို ရှေ့တက်လိုက်သည်။ "အတိုးက"ဟု ဆိုလိုက်လျှင် မြင်းကို နောက်ဆုတ်ရသည်။ ဂျပန်ဆရာက အလံပြရင်း "ဆူစု"ဟု အော်လိုက်စဉ် ရှေ့ကို စီးထွက်ရန်ပြင်၊ "မေး"ဟု အော်လိုက်လျှင် ရှေ့ကို စီးသွားရတော့သည်။ သည်နေရာမှာ အခြားမြင်းတွေစီးလျှင်လည်း မတော်လို့ မစီးနိုင်လို့ကျတာပဲ ဖြစ်မည်။ ရွှေလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မြင်းကတော့ သူ့ကျောပေါ် တက်လာသူကို သူ့ကျောပေါ်က လိမ့်ကျအောင် ခါချတတ်သော မြင်းမျိုး။ တော်တော်ဆိုးသည့်ကောင် ဖြစ်လေသည်။ ရွှေလုံးကို စင်ကာပူက ခေါ်လာခြင်းဆိုတော့ သူ့ကျော်ကီနှင့်သူပဲ စီးရတာ အဆင်ပြေပေမည်။

အားလုံးကြားဖူးနေသော စာဆိုဖော်ပြခဲ့ပြီး မဟုတ်လား။ ဂျပန်ခေတ် ဗိုလ်သင်တန်းကျောင်းမှာ **"တပ်ကြပ်မောင်ထူး၊ ဗိုလ်မြင့်ဦးနှင့် မြင်းစီးရာဝယ်၊ ရွှေလုံးပယ်လော့"** တဲ့။ မြင်းရွှေလုံးဆိုးသလို တပ်ကြပ်မောင်ထူးက အရိုက်အနှက် အလွန်ကြမ်းလေသည်။ တပ်ကြပ်မောင်ထူး၏ ငယ်ဘဝက မိဘမရှိဘူး။ အဘိုးနှင့် နေရထိုင်ရ ကြီးပြင်းလာသူဟု သိရသည်။ ငယ်စဉ်က ဆိုင်းဆရာဟုဆိုသည်။ ထို့ကြောင့်ဖြစ်မည်။ ဗိုလ်မှူးရာထူးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အထူးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်သွားခဲ့သည်။ တပ်ကြပ်မောင်ထူးက ပထမတွင် တပ်ကြပ်သင်တန်းကျောင်းသို့ တက်ရောက်သင်ကြားခဲ့သည်။ ကျောင်းဆင်းသောအခါ အရည်အချင်းတော်၍ ဗိုလ်သင်တန်းတွင် သင်တန်းဆရာ၊ အကြပ်ရာထူးခန့်ထားခဲ့ခြင်း ဖြစ်သည်။ တပည့်ဗိုလ်လောင်းတွေအပေါ် တပ်ကြပ်မောင်ထူး အရိုက်ကြမ်းပုံမှာ စာဖွဲ့လောက်ပေသည်။

ထိုစဉ်က ဗိုလ်မြင့်ဦးကြမ်းပုံကလည်း မှတ်မှတ်သားသားပင်။ သူ့ရှေ့တွင် ဗိုလ်လောင်းတစ်ဦးလမ်းလျှောက်လာစဉ် ဗိုလ်မြင့်ဦးကိုမြင်ပါလျက် အလေးပြုနောက်ကျလျှင် ဗိုလ်မြင့်ဦးက ခေါ်သည်။

"ဟေ့ကောင် လာဦး"

ဗိုလ်လောင်းက ဗိုလ်မြင့်ဦးရှေ့မှာ ရပ်ရသည်။

"မင်း ဘာလဲ"

"ကျွန်တော်ကျောင်းသားဗိုလ်လောင်းပါ"

"ငါ ဘာလဲ"

"ဗိုလ်ကြီးပါ"

"မင်း ဘာကြောင့် ငါ့ကို အလေးပြုတာ နောက်ကျရတာလဲ၊ ကဲကွာ"၊ ကျောင်းသားဗိုလ်လောင်း၏ပါးမှာ ဗိုလ်မြင့်ဦး၏ လက်ဝါးစာနာနာကလေး ထိသွားတော့သည်။ ထူးခြားသည်မှာ ဗိုလ်မြင့်ဦးက တပ်စု



၄ က ဖြစ်၍ သူ့တပ်စုက ရဲဘော်ဗိုလ်လောင်းတွေကိုတော့ မရိုက်၊ မနှက်။ တခြားတပ်စုကကောင်တွေကိုမှ မထင်လျှင် မထင်သလို ရိုက်တော့၏။

ဒါနှင့် တပ်ကြပ်မောင်ထူးအကြောင်း သတိရတာ ပြောပြဦးမည်။ ကျွန်တော်တို့က တနင်္ဂနွေလို ရက်အားမှာ တပ်အပြင်သို့ ထွက်လည်ခွင့် Out Pass ရသည်။ ပထမတော့ ဒညင်းကုန်းလောက်ပဲ ထွက်လည်ဖြစ်ကြသည်။ နောက်တော့ မြေနီကုန်းဘက်ကို သွားလည်ရန် စိတ်ကူးမိသည်။ တနင်္ဂနွေတစ်နေ့တွင် ကျွန်တော်နှင့် ရဲဘော်တစ်စုတို့၊ တပ်ဝင်းထဲက ထွက်လာစဉ် ဂျပန်ကားတစ်စီးတွေ့၍ မြေနီကုန်းသို့ ကားကြုံစီးလိုက်ကြသည်။ မြေနီကုန်းရောက်တော့ စားစရာ၊ သောက်စရာ ဟိုဆိုင် ဒီဆိုင်ဝင်စား၊ ထို့နောက်အချိန်ရသဖြင့် ဆကုရ ရုပ်ရှင်ရုံသို့ဝင်ပြီး ရုပ်ရှင်ကြည့်ကြသည်။ မြေနီကုန်းစမ်းချောင်းက ယခု ပဒုမ္မာကွင်းအနားမှာရှိသည့် ဆကုရရုံမှာဝင်၍ ရုပ်ရှင်ကြည့်ခြင်းဖြစ်သည်။

ထိုနေ့က ကြည့်ရသည်မှာ ဂျပန်စစ်ကားဖြစ်၏။ သို့သော် ပြန်ချိန်နီးနေ၍ စိတ်ကမဖြောင့်၊ ဇာတ်ကားမပြီးမီ ရုံထဲက ပြန်ထွက်လာကြသည်။ ကျွန်တော်ရယ်၊ သူငယ်ချင်းဝေရှိန်ရယ်၊ လေးငါးခြောက်ယောက်လောက် ရှိမည်။ မြေနီကုန်းမှ မင်္ဂလာဒုံသို့ ပြန်နေကျ ကားကြုံကို မမီလိုက်တော့ဘဲ လွတ်သွားကြသည်။ ဗိုလ်သင်တန်းကျောင်းပြန်ရန် ကားလွတ်သွားပြီဆိုတော့ ကျွန်တော်တို့ မျက်ကလဲဆန်ပြာ ဖြစ်ကုန်ကြပြီ။ ဒုက္ခရောက်တော့မည်။ တပ်ထဲပြန်ဝင်ရန် သတ်မှတ်ချိန်ထက် နောက်ကျတော့မည်။ ဘယ့်နှယ်လုပ်ကြမည်နည်း။

ဤတွင် ရဲဘော် ဗိုလ်လောင်းဝေရှိန်ကပြောသည်။ "ဒီလို လုပ်မယ်ကွာ၊ စစ်ရုံးသွား ရဲဘော်သုံးကျိပ်ဗိုလ်မှူးဇေယျကို အကျိုးအကြောင်း ပြောပြတောင်းပန်ပြီး စာတစ်စောင် တောင်းသွားမယ်၊ ဗိုလ်မှူးဇေယျနဲ့ ငါတို့က မန္တလေးမှာ တစ်ကျောင်းတည်းကွ၊ ကျောင်းသားသမဂ္ဂမှာ သူက ဥက္ကဋ္ဌ လုပ်စဉ်တို့က နောက်လိုက်ကျောင်းသားတွေပေါ့ကွာ"

သို့နှင့် ဒီအကြံကောင်းသည်ဆိုပြီး ဗိုလ်ဇေယျထံသွားကြသည်။

ဝေရှိန်က မြစ်သားမြို့သားဖြစ်သည်။ ဗိုလ်ဇေယျက မန္တလေးမှာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုလှမောင်။ နောက် တို့ဗမာအစည်းအရုံးထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင် **သခင်လှမောင်**ဆိုတာ သူပင်ဖြစ်သည်တဲ့။ ဝေရှင်မှာ နောင်အခါ ပြည်သူ့ရဲဘော်အဖြစ် တောခိုစဉ် တောထဲမှာ တိုက်ပွဲဖြစ်၍ ကျသွားရှာသူ။ တပ်မတော်နှင့် ရင်ဆိုင်တိုက်ကြရာမှာ မန္တလေးမြို့နှင့် မိုင် ၄၀ အကွာ ကျောက်ဆည်မြို့နားမှာ ရဲဘော်ဖြူ၊ ဗိုလ်မှူးဝေရှင်ကို တပ်မတော်က ပစ်သောကျည်ထိ၍ ကျဆုံးခဲ့ရှာသည်။ အချင်းချင်း သတ်ကြဖြတ်ကြသည့်အကြောင်း ပြန်ပြောရတာ စိတ်ထိခိုက်စရာ ကောင်းလှသည်။

ကျွန်တော်တို့ ထိုနေ့က စစ်ရုံးရောက်တော့ ဗိုလ်လောင်းဝေရှိန်က ဗိုလ်မှူးဗေယျရုံးကို တက်သွားသည်။ ဗိုလ်မှူးဗေယျရုံးက ဆင်းလာတော့ ဝေရှင်က "စာပါလာတယ်၊ ဗိုလ်မှူးကြီးဗေယျက စာရေးပေးလိုက်တယ်" ဟု ဝမ်းသာအားရပြော၍ ကျွန်တော်တို့ ဝမ်းသာသွားကြသည်။

ကျွန်တော်က ဝေရှိန်ကိုမေးသည်။ "ဟေ့ ဝေရှင် မင်းက ဘယ်လိုပြောလို့ ဗိုလ်မှူးဗေယျက ဒီစာကို ရေးပေးလိုက်တာလဲ"

**ဝေရှိန်**။ "ဒီလိုကွ၊ ငါက ဗိုလ်မှူးဗေယျကို ဝင်အလေးပြုပြီး ပြောရတယ်၊ ဗိုလ်မှူးရယ်၊ ကျွန်တော်တို့ ဗိုလ်လောင်းတွေပါ မြေနီကုန်းမှာ စားကြသောက်ကြပြီး ဆကုရရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်တုန်း ပြန်ဖို့စုရပ်သွားတော့ ကျွန်တော်တို့နည်းနည်း နောက်ကျသွားတယ်၊ ကားကိုမမီတော့ဘူး၊ အဲဒါ ဗိုလ်မှူးဆီကိုလာပြီး သတင်းပို့ ခွင့်တောင်းတာပါ၊ ကျွန်တော်တို့ ကျောင်းကိုရောက်အောင် ပြေးသွားပါ့မယ်၊ ကျောင်းနောက်ကျတာ ခွင့်လွှတ်ဖို့၊ ဗိုလ်မှူးစာကလေးတစ်စောင် ရေးပေးလိုက်ပါခင်ဗျာ"

ဝေရှိန်က အိတ်ပိတ်ထားသော စာကလေးတစ်စောင်ကို ဝမ်းသာအားရ ပြလေသည်။ ကျွန်တော်တို့လည်း ဝမ်းသာနေကြပေသည်။

ကျွန်တော်တို့ ဦးဝိစာရလမ်း စစ်ရုံးက မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းအထိ (အိချိနိ၊ ဇွန်၊ စံ၊ စီ) တစ်၊ နှစ်၊ သုံး၊ လေး အော်ပြီး ပြေးကြသည်။ ည ၈ နာရီတွင် ကျောင်းသို့ ရောက်ကြလေပြီ။ ညနေ ၆ နာရီ ရောက်ရမည်ကို ၈ နာရီရောက်တော့ ၂ နာရီ နောက်ကျပြီးမှ ရောက်ကြခြင်းပင်။

ဗိုလ်သင်တန်းကျောင်းဝင်းဝမှာ နာမည်ကျော် တပ်ကြပ်မောင်ထူးရှိနေသည်။ သူ့ကိုမြင်တော့ ကျွန်တော်တို့ အော်လိုက်ကြသည်။ "ချီသရေးအချိန်မှတ်လျှောက်" တပ်ကြပ်မောင်ထူးကို ဝေရှင်နှင့် ကျွန်တော်တို့ရပ်အလေးပြုပြီး ဝေရှင်က ဗိုလ်မှူးဗေယျစာကို တပ်ကြပ်မောင်ထူးထံပေးပြီး တပ်ဝင်းထဲသို့ အချိန်မှတ်လျှောက်ပြီး ဝင်လာသည်။



တပ်ကြပ်မောင်ထူးက နောက်က "ရပ်မေ့" "ခဏရပ်လိုက်ဦး" ဟု အော်လိုက်သည်။ ကျွန်တော်တို့ အချိန်မှတ်လျှောက်ရင်း ရပ်လိုက်ကြ၏။

ဤတွင် တပ်ကြပ်မောင်ထူးက နောက်က လိုက်လာပြီး မေးလေသည်။

"မင်းတို့ ဘာဖြစ်လို့ နောက်ကျတာလဲ"

"ကျွန်တော်တို့ ကားမမီလို့ ပြေးလာကြလို့ နောက်ကျတာပါ"

**တပ်ကြပ်မောင်ထူးက**။ "မင်းတို့ အပြစ်ရှိသလား"

**ကျွန်တော်တို့က**။ "အပြစ်ရှိပါတယ်၊ ဒါပေမယ့် အခက်အခဲရှိလို့ တပ်ပြန်တာ နောက်ကျရတဲ့အကြောင်း စစ်ဝန်ကြီးရုံးကို သတင်းပို့ပါတယ်"

**တပ်ကြပ်မောင်ထူး**။ "ဟုတ်လား၊ မင်းတို့စစ်ဝန်ကြီး ရုံးတောင်ရောက်ပြီး သတင်းပို့ခဲ့တာလား"

တပ်ကြပ်မောင်ထူးက ထိုအခါမှ **ဗိုလ်မှူးဗေယျ**ပေးသောစာကို ဖွင့်ဖတ်သည်။ ပြီးတော့ သူက စာဖတ်ပြီး ဤသို့ပြောလေသည်။

**တပ်ကြပ်မောင်ထူး**။ "မင်းတို့က ထန်းပင်ပေါ်တက်တာကိုးကွ၊ အေး အေး ကောင်းတယ် ကောင်းတယ်၊ ဗိုလ်မှူးဗေယျရေးပေးလိုက်တဲ့စာကို ငါဖတ်ပြမယ်"

ကျောင်းအုပ်ကြီး။ **ဗိုလ်သင်တန်းကျောင်းက ဝေရှိန် ခေါင်းဆောင်သော ရဲဘော်တစ်စု အနားရလို့ မြေနီကုန်းလာတယ်။ ပြန်ကာနီးမှာ ကားကြုံမရှိလို့ နောက်ကျမှပြန်ရ**တယ်။ အဲဒီတော့ တပ်မတော်ကို ဗိုလ်ဖြစ်မယ့်သူသည် စည်းကမ်းကို လိုက်နာရမည်။ တပ်မတော်ကို ကွပ်ကဲအုပ်ချုပ်မယ့် စစ်ဗိုလ်လုပ်မယ့်သူသည် အချိန်ကို မလေးစားတာဖြစ်တဲ့ အတွက် လိုက်သင့်သော ပြစ်ဒဏ်ကိုပေးပါ။

**ဗေယျ**

www.burmeseclassic.com

www.burmeseclassic.com



သည်မှာပင် ကျွန်တော်တို့ကို တန်းစီပြီး ပါးရိုက်ပါတော့သည်။ တပ်ကြပ်မောင်ထူး စိတ်တိုင်းကျ ပါးရိုက်ခွင့်ရသွားသည်ကိုး။

ပြဿနာက သည်မျှနှင့် မပြီးသေး။ ညကျတော့ အိပ်ချိန်မှာတစ်ခါ တာဝန်မှူး ဗိုလ်ကျော်မြင့်ရောက်လာပြီး ဘယ်မှာလဲကွ နောက်ကျပြန်ရောက်လာတဲ့ကောင်တွေလို့ခေါ်တော့ ထွက်ကြရပြန်ပါသည်။ ဤတွင် တာဝန်မှူး ကျော်မြင့်က ကျွန်တော်တို့ နှစ်ယောက်စီ တန်းစီပြီး သူ့ပါးကို ကိုယ်ကရိုက်၊ ကိုယ့်ပါးကို သူကရိုက်၊ ရိုက်နည်းပါသင်ပေးသည်။ တစ်ယောက်နှင့်တစ်ယောက် ရိုက်ရာမှာ ဖော့ရိုက်တာတွေ့လျှင် တာဝန်မှူးက ဖော့ရိုက်မှုကို ဝင်ရိုက်ပြီး ဒီလိုရိုက်ရတယ်ကွဟု လက်ကုန်အရှိန်ပြင်းစွာ ရိုက်ပြသည်။

တပ်ကြပ်မောင်ထူးဆိုးပုံတစ်ခု ပြောပြဦးမည်။ ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းဆင်းခါနီး၊ ကင်းတာဝန်ယူကြရတော့ မောင်ရီဆိုသော ဗိုလ်လောင်း ဝါးခယ်မသားတစ်ယောက်ရှိသည်။ မောင်ရီက လူကောင်းပါပဲ။ လူတော်လည်း လူတော်ပင်။ ထိုနေ့မှာ ကင်းတာဝန်များကို တပ်ကြပ်မောင်ထူးက စစ်ရသည်။ ထိုနေ့က မောင်ထူးမှာ အရက်မူးနေသည်။ အရက်မူးပြီး ကင်းတာဝန်လိုက်စစ်သည်။ ဤတွင် ဘာသဘောမကျသည်မသိ မောင်ရီကို အရက်မူးနေသော မောင်ထူးက ပယ်ပယ်နယ်နယ် ရိုက်နေသည်။ မောင်ရီက မကြာမီ ဗိုလ်ဖြစ်တော့မည်မို့ ကင်းတာဝန်ဝင်နေရခြင်းဖြစ်သည်။

ဂျပန်ပါးရိုက်နည်းက အရိုက်ခံရသူသည် "ယောရို (ပို့ရှ်)"ဆိုပြီး ရှေ့ကို ခုန်တက်ရသည်။ ထပ်ရိုက်နိုင်ရန် အရိုက်ခံသူက ရှေ့တိုးနေရာယူရသည်။ အရိုက်ခံနိုင်သည်။ သတ္တိရှိသည်ဆိုခြင်း ပြသည့်သဘောဖြစ်သည်။

ထိုနေ့က ဗိုလ်လောင်းမောင်ရီကို တပ်ကြပ်မောင်ထူးက "ဖားထိုင်ထိုင်"ဟု အမိန့်ပေးသည်။ မောင်ရီက ဖားထိုင်ထိုင်ပေးရသည်။ ဤတွင် တပ်ကြပ်မောင်ထူးကက မောင်ရီကို မင်းထိုင်တဲ့ပုံက ဖားထိုင်ထိုင်တာမဟုတ်ဘူး။ ခြင်္သေ့ထိုင် ထိုင်တယ်။ ကေသရာဇာ ထိုင်တယ်။ ဒါ ငါ့ကို အန်တုတာဟုဆိုပြီး မောင်ရီကို တပ်ကြပ်မောင်ထူးက ရိုက်ပြန်သည်။ မောင်ရီမျက်နှာကို ခြေထောက်နှင့်ကန်ထည့်လိုက်ရာ မောင်ရီတော်တော်နာသွားသည်။ မောင်ရီ့မျက်နှာကြီး နီရဲသွားလေသည်။ ယခုတိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တစည ဥက္ကဋ္ဌ လုပ်နေသော ဒုဗိုလ်ချုပ်ကြီး (ငြိမ်း) ထွန်းရီက ကျွန်တော်တို့အခန်း (၁)ကပင်။ ဗိုလ်လောင်းထွန်းရီက လှမ်းအော်သည်။ "မောင်ရီ၊ ခံချကွ၊ ခံချဟေ့" ကျွန်တော်တို့က စိုးရိမ်ပြီး ထွန်းရီကို ပြောရသည်။ "ဟေ့ ထွန်းရီ၊ တော်တော်ကြာ တို့ကိုပါ မဲလာပါလိမ့်မယ်ကွာ" ဟု တားရသည်။ ဤတွင် တခြားကျောင်းသားတွေကပါ အော်ပြောကြသည်။ "ဟေ့ မောင်ရီ ခံချကွ၊ ဒီကောင် ဘာကောင်မို့လို့လဲကွ၊ ဒီလောက်လူပါးဝတာ" စသည်ဖြင့် အော်ဟစ်ကြသည်။



မောင်ရီမှ ထိုညက တော်တော်နာသွားသည်။ မောင်ရီက တပ်ကြပ်မောင်ထူးကွယ်ရာမှာ ကြိမ်းသည်။ "ငါသာဗိုလ်ဖြစ်ရင် ဒီမောင်ထူးဆိုတဲ့ကောင်၊ ချမယ်ကွာ"တဲ့။

မောင်ထူးကား လူပါးပင်။ သူက ဗိုလ်သင်တန်းဆင်းသည့်နေ့တွင် မောင်ရီအတွက် တံဆိပ်၊ မောင်ရီအတွက် ကြယ်သီး၊ မောင်ရီအတွက် အင်္ကျီဘောင်းဘီ စသည်တို့ကို အဆင်သင့်ပြင်ထားသည်။ ပြီးတော့ မောင်ရီ့ထံသွား၍ "ဗိုလ်လေး ဗိုလ်လေးအတွက် ပစ္စည်းတွေ အဆင်သင့်လုပ်ထားပါတယ်"ဟု သွားပြောသည်။ မောင်ရီခွကျသွားတော့သည်။ ဗိုလ်ဖြစ်သည့်နေ့မှာ တပ်ကြပ်မောင်ထူးကို အပြစ်ရှာပြီး ရိုက်တော့မည်ဟု ကြုံးဝါးထားခဲ့လေသမျှ သဲရေကျဖြစ်သွားတော့သည်။ ထိုနေ့က ဝမ်းလိုင်းသရီးစတားနှင့် အဝါးကြယ် စစ်ဗိုလ်လေးတံဆိပ်ကို မောင်ထူးက ဗိုလ်လောင်းမောင်ရီကို ပခုံးမှာ တပ်ပေးလိုက်သည်။ ကောင်းပါ၏။ မောင်ရီကပြန်၍ လက်စားချေ အပြစ်ရှာရိုက်မှာ တပ်ကြပ်မောင်ထူး မခံရတော့ပြီ။ တပ်ကြပ်မောင်ထူးကား အဲသည်လို လူလည်။

ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းမှာ စားရသောက်ရသော အစားအစာမှာ ဆင်းရဲလှစွာ၏။ ချဉ်ပေါင်ရွက်ပြုတ်၊ ပဲပင်ပေါက်ပြုတ်၊ ဆီကလေး ဘာကလေး နည်းနည်းပါးပါးတော့ ပါကောင်းပါပါ၏။ ဒါက နှစ်ဝက်မတိုင်မီ ကျွေးမွေးကြသည့်ပုံစံ။ သို့သော် နှစ်ဝက်ကျိုးသွားသောအခါ ထမင်းကောင်း၊ ဟင်းကောင်း တစ်ကြိမ် စားရသေးသည်ကို မှတ်မိသည်။ ထိုစဉ်က အမဲသားနှပ်၊ ငါးခူကြော်နှင့် ငါးပိတို့စရာအစုံနှင့် သေသေချာချာ ကျွေးမွေး ဧည့်ခံခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသေးသည်။ ထိုစဉ်က ကျွန်တော်စားရသည့် အမဲသားဟင်း ၄ တုံးထဲမှ တစ်တုံးကို ရေဆေးပြီး အထုပ်ကလေးနှင့်ထုပ်၍ ပုသိမ်မြို့ရှိ အမေထံ စာတိုက်က ပါဆယ်ထုပ်ပို့လိုက်သည်။ စာလည်း ရေးလိုက်သေးသည်။ "အမေရေ ငယ်ငယ်တုန်းကတော့ အမေ့အိမ်မှာ ဟင်းကိုးမျိုးခဲ့တဲ့ ကျွန်တော်၊ ယခုတော့ ဝဋ်လည်ပါပြီဗျ။ ထမင်းဟင်းစားရတာ ဆင်းရဲပေမယ့် ယခုတော့ အမဲသားဟင်းနဲ့ စားရတယ်။ အမဲသားတစ်တုံးကို ယခု အမေ့ထံ အမှတ်တရ ပါဆယ်နဲ့ ပို့လိုက်ပါတယ်"

အမေ့မှာ ကျွန်တော့်စာနှင့် အမဲသားတစ်တုံးကို စာတိုက်က ပါဆယ် ရောက်လာတော့ စာဖတ်ပြီး မျက်ရည်ကျရရှာသည်ဟု နောက်အမေနှင့် ပြန်တွေ့တော့ ပြောပြလေသည်။ ကျွန်တော့်ထံလည်း ပုသိမ်က အမေ့ထံမှ စာပြန်လာသေးသည်။ အမေ့သား အစားအသောက် ဆင်းဆင်းရဲရဲနဲ့ ကျောင်းတက်ရတာ အမေ စိတ်မကောင်းဘူး၊ မျက်ရည်ကျရသေးတယ်ဟု အမေ့စာက ဆိုသည်။ အမေ့ပြန်စာရသောအခါ စစ်သားရင့်မကြီး ကျွန်တော့်မျက်လုံးမှာ မျက်ရည်စတွေနှင့် ထိုအချိန်ကစ၍ အမေက ပုသိမ်မြို့မှနေ၍ ငါးပိကြော်တစ်ဘူး၊ တစ်လတစ်ကြိမ်၊ ပါဆယ်နှင့် ပုံမှန်ပို့ပေးလေသည်။

ပြောရဦးမည်။ ဗိုလ်သင်တန်းကျောင်းကို စစ်ဝန်ကြီး **ဗိုလ်ချုပ်အောင်ဆန်းလာလျှင်** ကျွန်တော်တို့ စစ်ရေးပညာ မည်မျှခရီးပေါက်နေပြီလဲဆိုတာ သင်ခန်းစာ လုပ်ဆောင်ပြရလေ့ရှိသည်။ တစ်ကြိမ်တွင်တော့ ဂျပန်ဧကရာဇ်ဘုရင် တင်နော်ဟေကာဆွေမျိုး မင်းသားတစ်ပါး ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွက်ကို လာရောက်စစ်ဆေးမည်ဟု ဆိုသည်။ ဘုရင့်ဆွေမျိုးမင်းသားတစ်ပါး ကြွချီတော်မူလာမည်ဆိုသောအခါ ဗိုလ်သင်တန်းကျောင်း အုပ်ချုပ်သူ ဂျပန်တွေအလုပ်များကြတော့သည်။ ဂဝံလမ်းတွေ အလယ်မှာ သဲဖြူတွေခင်း ရာဇမတ်ကာ ငှက်ပျောပင်တွေစိုက်၊ လုပ်လိုက်ရသည်မှာ ပင်ပန်းပါ၏။ ပြီးတော့ ရင်ဆိုင်တိုက်ပွဲ လေ့ကျင့်ခန်းလည်း လုပ်ရသေးသည်။ ဂျပန်တွေက မှာထားသည်။ ဂျပန်မင်းသားကို လှည့်မကြည့်ရ။ ရှေ့တည့်တည့်သာ ကြည့်ရမည်တဲ့။

ဂျပန်မင်းသား ကြွချီတော်မူလာပြီ။ မင်းသားသည် သဲဖြူခင်း ရာဇမတ်ကာ ငှက်ပျောပင်စိုက်ထားသော လမ်းက တောင်ကုန်းပေါ်အထိ



လျှောက်သွားပြီး တောင်ကုန်းကလေးပေါ်ကနေ၍ ရှုစားတော်မူသည်။ ကျွန်တော်တို့က စစ်မြေပြင်တွင် ရန်သူနှင့်ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲပုံကို ကျည်ဆန်အတုများဖြင့် ပစ်ခတ်ပြရသည်။ ကျည်ဆန်အတုမှာ အသံသာ မြည်သလောက် သကြံန်အမြောက်လို ကျည်ဖူးမပါချေ။ သေနတ်တွေလည်း ပစ်ကြသည်မှာ တဒိန်းဒိန်း၊ တဒိုင်းဒိုင်း။ စိန်ပြောင်းမော်တာကလည်း ထိပ်ဖူးသာ ထွက်သွားပြီး ပေါက်ကွဲခြင်းမရှိ။ ဂျပန်မင်းသားကား ကျွန်တော်တို့စစ်ရေးပစ်ခတ်ကြသော တိုက်ပွဲအတုကို အဝေးရှုစားတော်မူပြီး စားသောက်ဖွယ်များ ပွဲတော်တည်ကာ ပြန်ကြွချီတော်မူသွားလေ၏။ ဂျပန်မင်းသားမျက်နှာဖြူသည် မည်းသည်ကို ကျွန်တော်တို့အနီးကပ် မမြင်ရပေ။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်း၊ တတိယပတ် ကျောင်းသားတွေ မြန်မာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည်ပွဲ ဆင်နွှဲခွင့်ရလေသည်။ ထိုအခမ်းအနားကို ကန်တော်ကြီး မြိုင်ရပ်ရှင်ရုံ ကွင်းပြင်တွင် ကျင်းပပြုလုပ်ရာ အခမ်းအနား၌ ကျွန်တော်တို့သည် ဂျပန်ပြန်ရဲဘော်သုံးကျိပ်တို့ကို ပထမဆုံးအကြိမ် အနီးကပ်မြင်ဖူးကြသည်။ ဗိုလ်တောက်ထိန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်တာရာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်နိုင် စသည်ဖြင့်။ သို့သော် အခမ်းအနားတွင် ရဲဘော်သုံးကျိပ်၊ ဗိုလ်ရန်အောင် (သူတို့ရာထူးအခေါ်) ဗိုလ်မှူးလေးရန်အောင် (သခင်လှမြိုင်) ကို စတင်မြင်ဖူးသည်။ မှတ်ဆိတ်မွေးအရှည်ကြီး အရပ်ကလည်း ထောင်ထောင်မောင်းမောင်း သူရုပ်သွင်ကပင် ကြောက်ရွံ့ချင်စရာ ပုံပန်းသဏ္ဌာန်ရှိနေပေသည်။ အဆိုပါ ရဲဘော်သုံးကျိပ်ဝင်၊ ဗိုလ်မှူးလေးတို့ ကားကိုယ်စီဖြင့် ရောက်လာပြီး အတော်ကြီးကြာမှ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိနှင့် စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း ကားတစ်စီးဖြင့် ရောက်လာလေသည်။ သည်တော့မှပင် ကျွန်တော်တို့လည်း ဗိုလ်ချုပ်အောင်ဆန်းကို အနီးကပ် မြင်ဖူးလေတော့သည်။

ထိုနေ့က စစ်သေနာပတိချုပ် ဝတ်စုံနှင့် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်လည်း တက်ရောက်လာသည်။ အဓိပတိကြီး၏ ကားဆိုက်မှ၌ **အဓိပတိကြီး**ဟု အရာရှိတစ်ဦးက အော်ဟစ်ပြောလိုက်သည်။ ကျွန်တော်တို့ ဗိုလ်လောင်းများအားလုံး အလေးပြုကြလေသည်။

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် စင်မြင့်ပေါ်သို့တက်၍ လွတ်လပ်ရေး မိန့်ခွန်းချွေတော့သည်။ ဗိုလ်ချုပ်က လွတ်လပ်ရေး နှစ်ပတ်လည် မိန့်ခွန်းကို တိုတိုနှင့်ပြတ်ပြတ် ပြောလေသည်။

**ရဲဘော်တို့ ဒီကနေ့မှာ ဗမာ့လွတ်လပ်ရေး ကြေညာခဲ့ပြီး တစ်နှစ်တိတိ ပြည့်တဲ့နေ့ဖြစ်တယ်။ လွတ်လပ်ရေးဆိုလို့ ပြောရရင် ဒီထက်စစ်မှန်တဲ့၊ ဒီထက် အခွင့်အရေး ပြည့်ဝတဲ့ လွတ်လပ်ရေးမျိုးကို ပိုပြီး လိုချင်တာ အမှန်ပဲ။**

(ဤနေရာတွင် ဗိုလ်ချုပ်က ပါးပါးနပ်နပ် ပြောသွားခြင်းဖြစ်သည်။ ဂျပန်ပေးသော ရွှေရည်စိမ် လွတ်လပ်ရေးဟုသူမပြော။ လွတ်လပ်ရေးအတု အယောင်ဟုလည်း မပြော။ လွတ်လပ်ရေး ဒီထက်စစ်မှန်တဲ့ လွတ်လပ်ရေး ရအောင် ကြိုးပမ်းရဦးမည်ဟု သွယ်ဝိုက်၍ ပရိယာယ်ဖြင့် ပြောလေသည်) **ငါပြောတဲ့အကြောင်းအရာတွေ မင်းတို့ဗိုလ်လောင်းတွေ စိတ်ထဲ မြဲမြဲမှတ်ထား**ဟုလည်း ပြောသေးသည်။ "**ရဲဘော်တို့၊ ရဲဘော်တို့ရဲ့ ရှေ့ခရီးဟာ အစဉ်ချောမွေ့နေမယ် မထင်ကြနဲ့၊ ရှေ့မှာ ဒီထက်ကြမ်းတမ်းတဲ့ ခရီးကို သွားဖို့ ရှိသေးတယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားကြ။ အဲဒီရှေ့ခရီးမှာ ရဲဘော်တို့ဟာ ကိုယ့်တပ်သားတွေကို ကိုယ့်သားသမီးလို ပြုကျင့် ဆက်ဆံကြရမယ်**" စသဖြင့် မိန့်ကြားခဲ့သည်။

စစ်သေနာပတိ မိန့်ခွန်းပြောပြီးသောအခါ စစ်သေနာပတိချုပ်နှင့် အမိပတိကြီး ဒေါက်တာဘမော် မိန့်ခွန်းပြောလေသည်။ အမိပတိကြီး၏ မိန့်ခွန်းမှာလည်း "ဒီနေ့ဟာ ဗမာ့လွတ်လပ်ရေးကြေညာတာ တစ်နှစ်ပြည့် အထိမ်းအမှတ်နေ့ဖြစ်ကြောင်း လွတ်လပ်ရေးကို ကာကွယ်ကြရမည်ဖြစ်ကြောင်း" သည်မျှသာ မိန့်ကြားခဲ့သည်။

ပြောရဦးမည်။ အဲဒီတုန်းက နိုင်ငံတော်စစ်သေနာပတိချုပ် အမိပတိ ဒေါက်တာဘမော်ပုံက အလွန်ခန့်ညားလှသည်။ စစ်သေနာပတိချုပ် ယူနီဖောင်းနှင့် ဥပမိရုပ်ကလည်း ချောမောတော့ များစွာခန့်ညားလှပေသည်။ မိန့်ခွန်းပြောရာတွင် အမိပတိ ဒေါက်တာဘမော်ကား မာန်ပါလှသည်။

ထိုနေ့က ကျွန်တော်တို့ လွတ်လပ်ရေးနှစ်ပတ်လည်အခမ်းအနားက ပြန်လာသောအခါ ပျော်ကြသည်မှာ မပြောနှင့်တော့။ စစ်ချီသီချင်းတွေ



သံပြိုင်သီဆိုလာလေသည်။ တစ်သက်မှာတစ်ခါ မမေ့နိုင်သော ပျော်စရာ အခင်းလေးပင်။ မှတ်မှတ်ရရ ပြောပြချင်သည်မှာ ထိုနေ့က မင်္ဂလာဒုံသို့ အပြန် လမ်းခရီးတွင် ကျွန်တော်တို့ ဗမာစစ်သားများနှင့် ဂျပန်စစ်သားတို့ ပဋိပက္ခဖြစ်ကြခြင်းပေတည်း။

ထိုအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြရဦးမည်။

ကျွန်တော်တို့ ဗမာစစ်ဗိုလ်လောင်းတွေ ကားများတန်းစီပြီး ထွက် လာကြတော့ စစ်ချီသီချင်းတွေ ဆိုလာကြသည်။

**"တို့ယုဒ္ဓကာလေ၊ တကယ်ပဲစွမ်းအားပြချင်တယ်၊ ဗမာ့**
**သတ္တိ၊ ကမ္ဘာကသိအောင် ငါတို့ပြလိုက်မယ်၊ သေပစေ တို့**
**အသက်ကို ဖက်ရှက်မှတ်ပါတယ်၊ တောတောင်အထပ်ထပ်ကို**
**ချီတက်တိုက်နိုက်မယ်"**

သည်စစ်ချီသီချင်းတွေ သီဆိုလာကြသည့်အချိန်မှာ ကျွန်တော်တို့ ဗမာစစ် သားတွေမှာ သွေးတကြွကြွ စိတ်တထထဖြစ်နေကြတော့သည်။

မှတ်မိသေးသည်။ ထိုနေ့က ကျွန်တော်တို့ စစ်ကားတွေ ဗဟန်း အဝိုင်းကိုပတ်၍ ထောင်ဘိုလမ်းကို တက်သွားကြစဉ် ပြဿနာဖြစ်တော့ သည်။ ကျွန်တော်တို့ တပ်စု ၁၊ တပ်စု ၂၊ တပ်စု ၃ ကားတွေ ရှေ့ ဘက်သို့ တက်လာကြစဉ် နောက်တွင် ကျန်ခဲ့သော တပ်စု ၄ ကားနှင့် ဂျပန်စစ်ကားတစ်စီး ပြဿနာဖြစ်လေသည်။

နောက်ပိုင်းမှာ ကားတစ်စီးပြဿနာဖြစ်ပြီဆိုတော့ ရှေ့က ကားတွေ "ရပ်"ဟု အော်သံကြားရသည်။ ကားတွေအားလုံး ရပ်သွားကြသည်။ ပြဿနာက ဘာလဲ ဘာလဲ ဘာလဲနှင့် မေးကြသောအခါ သိရပါပြီ။

ကျွန်တော်တို့ ဗမာစစ်သားတွေစီးလာသော ကားများထဲက ကားတစ် စီးက ရှေ့နောက် နည်းနည်းကွာဟသွားသည်။ တပ်ကားတွေသွားနေစဉ် မည်သည့်ကားမျှ ကြားဖြတ်ခွင့်မရှိ။ ယခုကားတစ်စီးက ကြားဝင်ဖြတ် သည်။ ဖြတ်သည့်ကားက နယ်နယ်ရရကား မဟုတ်။ ဂျပန်စစ်ကားဖြစ်နေ သည်။ တကယ့်ရာဇဝတ်အိုးကိုမှ တုတ်နှင့်ထိုးမိပေသကိုး။

သည်မှာပင် ဗမာစစ်ကားပေါ်မှ စစ်သားတွေက ဂျပန်စစ်သားကို ရန်လုပ်တော့သည်။ ကျွန်တော့်အထင် ဂျပန်စစ်သားကို ဗမာစစ်သားက

www.burmeseclassic.com

www.burmeseclassic.com



လုံ့စွပ်နှင့် လိုက်ထိုးသည်လားမသိ။ စစ်ကားပေါ်က ဂျပန်တွေကားပေါ်မှ ဆင်းပြေးကြရသည်။ ဂျပန်စစ်ကားက ထိုးရပ်သွားသည်။ မကြာမီနောက်က လုံခြုံရေးတပ်ဖွဲ့ရောက်လာကာ ဖြေရှင်းပေး၍ ထိုကိစ္စပြီးသွားသည်။

ကျွန်တော်တို့ ကျောင်းသားတွေက ဂျပန်ဆရာတွေအပေါ် ဆက်ဆံရာတွင် လေးလေးစားစား ဆက်ဆံကြသည်။ တခြားဂျပန်တွေအပေါ်တွင်ကား ငပုတွေ၊ ငပုတွေ ဆိုပြီး သိပ်ပြီး မထီလေးစား ဆက်ဆံကြသည်။

ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်း အကြပ်ကျောင်းအုပ်ကြီးနောရစေဘဆိုလျှင် အလွန်ပင်ချစ်ဖို့ကောင်းသည်။ အသားဖြူဖြူ ရုပ်သန့်သန့် ခန့်ညားသည်။ သူက ဂျပန်နှင့် သိပ်မတူဘဲ အနောက်နိုင်ငံသားကပြားလိုလိုပုံဖြစ်သည်။ သူ့သားသမီးတွေက ကျွန်တော်တို့အရွယ်ဆိုတော့ သူက ကျွန်တော်တို့ကို သူ့သားသမီးလို သဘောထားဆက်ဆံလေသည်။

ဒုတိယကျောင်းအုပ်က မိစာကူချိဟုခေါ်သည်။ သူက သရီးလိုင်းသရီးစတား၊ သူက အဝေးခပ်လှမ်းလှမ်းကသွားလျှင် ကျွန်တော်တို့ကလည်း သူ့ကို အလေးမပြုဘဲ ထွက်လာသည်။ သည်မှာပင် သကောင့်သားက တစ်ဖက်ပြန်လှည့်လာပြီး ''ယာမေး''ဟု အော်လိုက်သည်။ ယာမေးဆိုတာ ဂျပန်ဘာသာဖြင့် ရပ်ဟုပြောခြင်းဖြစ်သည်။

သူကမေးသည်။ ''မင်းတို့က ကျောင်းဆင်းတော့မယ့် ဗိုလ်လောင်းတွေမဟုတ်လား'' ''ကရေးဆင့်က'' မင်းတို့အလေးပြုရမယ်ဆိုတာ နားမလည်ဘူးလား။ ကျွန်တော်တို့က ''ဟိုက်'' သိပါတယ်။

ဒီတော့ သူကမေးပြီ။ ''ငါဘယ်သူလဲ သိလား''

ကျွန်တော်တို့က ''သိပါတယ်၊ ဗိုလ်ကြီးမိစာယိုရှချိုးပါ''

သူက ''မင်းတို့ အလေးပြုရမှာ မသိဘူးလား၊ သွား တစ်ပတ်ပြန်ပြေးသွား အလေးပြု''

သည်မှာပင် ကျွန်တော်တို့တစ်ပတ် ပြန်ပြေးကြရသည်။ ဦးဆောင်သော ကျောင်းသားက ''ဗိုလ်ကြီးမိစာယိုရှချိကို အလေးပြု'' လို့ အော်သည်။ အချိန်မှတ်လျှောက်လာသော ကျွန်တော်တို့က သူ့ကို အလေးပြုသည့်အခါ ကျေနပ်သွားသည်။

သူက ''ရော'' ဟု အော်လိုက်သေးသည်။



သည်ဂျပန်ကောင် ဤသို့ပင် အမြဲတမ်း အလေးပြုခံချင်နေသည်။ ကျွန်တော်တို့ကလည်း သူ ထိုသို့ အလေးပြုခံချင်နေခြင်းကိုပင် အလွန်မုန်းသည်။

ထိုနေ့က မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းသို့ ရောက်ကြပြီ။ ထိုအချိန်တွင် ကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင်၊ ရဲဘော်သုံးကျိပ်က ကျွန်တော်တို့ ဗိုလ်သင်တန်းသားအားလုံးကို စုဝေးစေလိုက်သည်။ ကျွန်တော်တို့ လမ်းခရီးမှာ ဂျပန်ငပုတွေ့နှင့် တွေ့ခဲ့သော ပြဿနာမှာ ကျောင်းသို့ သတင်းရောက်နေခဲ့ပြီ။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဂျပန်စစ်သားတို့နှင့် ပဋိပက္ခဖြစ်၊ ဗိုလ်မှူးရန်နိုင်၏ မှတ်သားဖွယ် ဆုံးမစကား

ဗိုလ်မှူးရန်နိုင်က ကျွန်တော်တို့၏ ဗိုလ်သင်တန်းကျောင်းသားများကို ဆုံးမစကားပြောလေသည်။

**ဗိုလ်မှူးရန်နိုင်။** "ရဲဘော်တို့ မင်းတို့မျိုးချစ်စိတ် ထက်သန်လို့ ယခုလိုဖြစ်ခဲ့တာကို ငါသိရပြီ။ ရဲဘော်တို့ မျိုးချစ်စိတ်ထန်သန်ကြတာကို ငါ ချီးကျူးတယ်။ ယခုကိစ္စမှာ ဂျပန်စစ်သားတွေလုပ်တာ မှားတယ်၊ ဒါပေမယ့် သူတို့ရဲ့ လုပ်ရပ်အမှားကို ငါတို့ရဲဘော်တွေ လုပ်ရပ်အမှားနဲ့ တုံ့ပြန်တာက အမှားကြီးမှားသွားတယ်။ ဒီ ကိစ္စမှာ သူတို့လုပ်တာမှားကြောင်း အထက်ပုဂ္ဂိုလ်တွေဆီ တိုင်ရင်တောရင် တို့ဘက်က အကဲသာတယ်။ ဒါပေမယ့် ရဲဘော်တို့က ယခုလို သူတို့အမှားကို တို့အမှားနဲ့ တုံ့ပြန်တော့ အကျိုးမရှိ ဖြစ်သွားတယ်။ တို့ဘက်က အပြစ်ဖြစ်သွားပြီ။ ဒီအမှားမျိုးကို နောင်မဖြစ်စေနဲ့" ဟု ဗိုလ်မှူးရန်နိုင်က ကျွန်ုပ်တော်တို့အား ဆုံးမသြဝါဒ ပေးခဲ့လေသည်။

ဗိုလ်မှူးရန်နိုင် ဆုံးမစကားပြောပြီးသောအခါ ဂျပန်ကျောင်းအုပ်ကြီးက ဂျပန်ဘာသာဖြင့် ထပ်မံ၍ ဆုံးမစကား ပြောကြားပြန်လေသည်။ ဂျပန်ကျောင်းအုပ်ကြီးက "ယခုလို၊ ဗမာကျောင်းသားတို့နှင့် ဂျပန်စစ်သားတွေ ပဋိပက္ခဖြစ်ကြရခြင်းမှာ များစွာ ဝမ်းနည်းဖွယ်ကောင်းကြောင်း၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့သိပြီးဖြစ်သည့်အတိုင်း ကိုဂျပန်နိုင်ငံ တပ်မတော်ကြီးဟာ မင်းတို့နိုင်ငံကို ယခုလို အသက်စွန့်တိုက်ခိုက်ပြီး ရောက်ရှိလာခြင်းမှာ အရှေ့အာရှသားများ သာတူညီမျှ ကောင်းစားရေးမူဝါဒအရ မင်းတို့နိုင်ငံကို ဗြိတိသျှနယ်ချဲ့သမားတို့ရန်က ကယ်တင်ရန်ဖြစ်ကြောင်း၊ ယခုလို ဂျပန်နှင့် ဗမာ ချစ်ချစ်ခင်ခင် ပူးတွဲဆောင်ရွက်ကြရမည့်အချိန်မှာ ညီအစ်ကိုအချင်းချင်း ပဋိပက္ခဖြစ်ကြရခြင်းမှာ များစွာ စိတ်မကောင်းဖွယ်ဖြစ်ကြောင်း'' စသည်ဖြင့် ပြောကြားသည်။ ဆုံးမလေသည်။ ဒါနှင့်ပဲ ဒီကိစ္စ ဒီမှာပဲ ပြီးသွားပြီဟု ထင်ခဲ့သည်။ သို့သော် ကျွန်တော်တို့ထင်သလို မပြီးခဲ့ချေ။ သည်ကိစ္စမှာ ရပ်မသွားခဲ့ချေ။ ထိုစဉ်မှာ တပ်စု ၃ က ရဲဘော်ဗိုလ်လောင်းများစွာ (နောင်သောအခါ မုံရွာမြို့နယ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌ။ သူက ဗဟိုကော်မတီဝင်လည်းဖြစ်သူ ဗိုလ်ချစ်ဆွေ) ကျွန်တော်တို့နှင့် အတူတူတက်နေသော ဗိုလ်သင်တန်းကျောင်းသား။ သူကပြောပြ၍ သိရသည်မှာ ဤသို့။ ဗိုလ်ချစ်ဆွေမှာ ထိုစဉ်က Under Ground အဖွဲ့ဝင်၊ အပြင်မှာ သူနှင့် အဆက်အသွယ်ရှိသည်။ တစ်နေ့တော့ ဗိုလ်လောင်းချစ်ဆွေကိုဖမ်းပြီး အချုပ်မှာ ချထားလိုက်သည်ဟု ကြားရသည်။ ဗိုလ်လောင်းချစ်ဆွေကို ချထားသော ကွာတားမှာ အပြစ်ဒဏ်ကြီးသူတွေကို ချသော ကွာတား။ နံနက်မှာ ထမင်းတစ်ထုပ်နှင့် ဆား၊ ရေတစ်ခွက်။ ညနေမှာ ထမင်းတစ်ထုပ်၊ ဆားနှင့် ရေတစ်ခွက်။ အစားအစာက ဒါပဲကျွေးသည်။ သို့သော် နောင်အခါ ဗိုလ်လောင်းချစ်ဆွေကို အချုပ်က ပြန်လွှတ်သည်။ ရေတစ်ခွက်၊ ထမင်းနှင့် ဆားသာ စားရသဖြင့် ဒုက္ခရောက်ကြောင်း ဗိုလ်လောင်းချစ်ဆွေက ညည်းရှာသည်။

ကျွန်တော်တို့ ဗိုလ်သင်တန်းမှာ ခုနစ်လကြာခဲ့သည်။ မေလဆန်းက စတင်ခဲ့ပြီး နိုဝင်ဘာလတွင် သင်တန်းပြီးဆုံးသည်။ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ ၃၀၊ ၇ လကြာသည်။ နောက်ဆုံးသင်တန်းမှာ လုံ့စွပ်ထိုးတိုက်ပွဲသင်တန်းဖြစ်သည်။

သင်တန်းဆင်းတာက ၁၉၄၄ နိုဝင်ဘာ ၃၀ ရက်။ အဲသည်တုန်းက အင်္ဂလိပ်လေယာဉ်ပျံတွေ ရန်ကုန်မြို့ကို နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဗုံးလာကြဲကြသည်ကို ကြည့်ရသည်မှာ ပွဲကြည့်ရသလိုပင်။ မင်္ဂလာဒုံ တပ်မြို့ကို အထူးဗုံးကြဲကြသည်။ ကျွန်တော်တို့က ဗုံးခိုကျင်းအပေါက်ဝ



က မြင်နေကြရသည်။ ဂျပန်တွေကလည်း သူတို့ ဇီးရိုးလေယာဉ်ပျံ ကလေးတွေနှင့် ကောင်းကင်ကို တက်တိုက်သည်။ ဗြိတိသျှလေယာဉ်တွေက ပစ်၍ ဂျပန်လေယာဉ်ကို ထိမှန်လျှင် မီးလုံးကြီးတွေ ထွက်လာသည်။ ဂျပန်လေယာဉ်တွေအထိနာကြ၍ နောက်တော့ ကောင်းကင်ပျံတက်တိုက်ရန်ပင် လေယာဉ်မရှိတော့ပြီ။ နောက်ပိုင်းတွင်ကား ရန်ကုန်မြို့တွင် HIGH POWER ကို မဟာမိတ်ဗြိတိသျှတပ်များက စီးနင်းထားတော့သည်။ ဂျပန်ကအောက်က အမြောက်နှင့် ပစ်ရုံသာပစ်နိုင်ပေရာ အရာမရောက်လှပေ။ အောက်ကနေ တဖောက်ဖောက်နှင့် မင်္ဂလာဒုံက အမြောက်ကြီးနှင့် ပစ်ကြသည်။ ဂျပန်အမြောက်တွေက ဗြိတိသျှလေယာဉ်တွေကို ပစ်ရာမှာ မမီနိုင်ဖြစ်နေ၏။ သည်အတွင်း တစ်ကြိမ်မှာတော့ ဗြိတိသျှလေယာဉ်တစ်စီး၊ ကံဆိုးရှာသည်။ ဂျပန်အမြောက်ထိ၍လား မသိ၊ တစ်စင်း ပျက်ကျခဲ့သည်။ ကျွန်တော်အထင်တော့ ဂျပန်ကပစ်၍ မဟုတ်၊ သူတို့အချင်းချင်း မတော်တဆ ပစ်မိ၊ ထိမိ၍ ပျက်ကျတာဟုပင် ထင်သည်။ လေယာဉ်က မီးခိုးလုံးကြီးတွေ ထွက်စဉ် ထီးဖြူနှစ်စင်းနှင့် စစ်သားနှစ်ဦး လေထီးဖြင့် ခုန်ဆင်းသည်ကို တွေ့ရသည်။ ဂျပန်က လိုက်ဖမ်းမည်မှာ သေချာသည်။ မိလျှင်လည်း အရှင်ထားမည်မဟုတ်။ သတ်ပစ်နိုင်သည်။

ဤသို့ဖြင့် နိုဝင်ဘာ ၃၀ ရက်တွင် ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းဆင်းပွဲကျင်းပသည်။ ကျောင်းဆင်းပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း မလာနိုင်။ ဗိုလ်နေဝင်းပဲ ရောက်လာသည်။ ထိုစဉ်က စစ်ဝန်ကြီးရုံးတွင် စစ်ဦးစီးဗိုလ်မှူးကြီးက ကာနယ်နေဝင်း။

ဒီတုန်းက ဗိုလ်နေဝင်းက ဖိုးလိုင်းသရီးစတား၊ ဗိုလ်လက်ျာလည်း ဖိုးလိုင်းသရီးစတား၊ ဗိုလ်ဇေယျ ဖိုးလိုင်းဝမ်းစတား။

ရဲဘော်သုံးကျိပ်တို့တွင် မြင်ရသော ခန့်ချောချောသူတို့မှာ ဗိုလ်နေဝင်းနှင့် ဗိုလ်လရောင်တို့ပင်။ အရပ်မြင့်မြင့်၊ စစ်ယူနီဖောင်းနှင့် တင့်တယ်လှ၏။ ဗိုလ်ချုပ်အောင်ဆန်းကတော့ ရာထူးအကြီးဆုံးဖြစ်ပေမယ့် လူကသေးတော့ အဟန့်နည်းနည်းကလေးငယ်သည်။ ဗိုလ်ချုပ်က လမ်းလျှောက်လျှင် ဘယ်သူမှမကြည့်ဘဲ စိုက်စိုက် စိုက်စိုက်နှင့်သွားသည်။ သူ့ကိုအလေးပြုလျှင်တော့ ဗိုလ်ချုပ်က ပြန်ပြီး အလေးပြုသည်။ စကားလည်း သိပ်မပြော၊ ရယ်တာ မောတာလည်း မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သင်တန်းဆင်းပွဲအကြောင်း ပြောရဦးမည်။ ဗိုလ်လောင်းတွေ တန်းစီပြီး ဗိုလ်နေဝင်းကို သေနတ်မြှောက်၍ အလေးပြုသည်။ ကျွန်တော်တို့တွင် စားရှည်ကိုယ်စီဖြင့် ခံ့ခံ့ထည်ထည် ဖြစ်နေကြပြီ။

ဗိုလ်သင်တန်းဆင်းတော့ စစ်ဝန်ကြီးရုံးက ဗိုလ်တွေကို အားလုံး ဖိတ်သည်။ အိန္ဒိယ လွတ်လပ်ရေး တပ်မတော်က ဗိုလ်ချုပ် ဆူဘတ်ချန္ဒြာဘို့စ်လည်း တက်သည်။ သည်တုန်းက ကျောင်းဆင်းပွဲမှာ အသံချဲ့ စကားပြော မိုက်ခွက်တွေ မရှိပေ။ သေနတ်မြှောက် အလေးပြုရတာကို မှတ်မိနေသည်။ သေနတ်မြှောက်အလေးပြုစဉ် ခါးမှာ ခံ့ခံ့ညားညား စားရှည်ရှိသည်။ ကျွန်တော်တို့ရှေ့မှ ခေါင်းဆောင်အရာရှိတွေကို စားတွေကိုင်ပြီး အလေးပြုရသည်။

ကျောင်းဆင်းပွဲ မိန့်ခွန်းကို ကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင်၊ ရဲဘော်သုံးကျိပ်က ပြောလေသည်။ ဗိုလ်ရန်နိုင်မိန့်ခွန်းက ပြောရိုးပြောစဉ်အတိုင်း တိုင်းပြည်ရန်သူများကို ညီညီညွတ်ညွတ် စုပေါင်းတိုက်ဖျက်ရန် စသည်ဖြင့် ပါပဲ။

ဗိုလ်ရန်နိုင်မိန့်ခွန်းပြောပြီးသောအခါ ဆုချီးမြှင့်ပွဲလုပ်သည်။ မိတ္တီလာက ဗိုလ်လောင်းအေးမောင်။ နောင်အခါ မြန်မာစာပေလောကမှာ နာမည်ကျော် ဘာသာပြန် စာရေးဆရာဖြစ်လာသော **ဗိုလ်အေးမောင်** ဖြစ်သည်။ ဗိုလ်အေးမောင်က ပထမဆုရရှိလေသည်။

ပြောရဦးမည်။ ဗိုလ်အေးမောင်က ဂျပန်စာ သိပ်တော်သည်။ နာမည်ကျော် ဂျပန်စာခန်းကြီးကို ကောင်းစွာဖတ်တတ်သည်။ တစ်ကျောင်းလုံးနှင့်ပတ်သက်သော ဂျပန်စကားပြန်လည်း ဗိုလ်အေးမောင်ပင်။

ထိုစဉ်က ဒုတိယဆုရသူမှာ ဗိုလ်လောင်း ကြည်အေး ဖြစ်သည်။ ကိုကြည်အေးကလည်း ဂျပန်စာတော်သူဖြစ်သည်။ ဗိုလ်မှူးကြီးကြည်အေးအဖြစ် တပ်မတော်မှ တပ်ရင်းမှူး တာဝန်ထမ်းဆောင်ပြီး နောက်တွင် တပ်က ထွက်၊ လမ်းစဉ်ပါတီမှာ ဌာနကြီးမှူးတာဝန်နှင့် အငြိမ်းစား ယူသွားလေသည်။ ဗိုလ်ကြည်အေးက ဖက်ဆစ်တော်လှန်ရေးအပြီးမှာ ကျောင်းပြန်တက်သည်။ နောက်တပ်ထဲ ပြန်ရောက်လာသည်။

ထိုစဉ်က တတိယဆုရရှိသော သူက ဝိန်ဝိန်သွယ်သွယ်ပင်။ ယခု



ထက်တိုင် မျက်စိထဲ ပေါ်နေသေးသည်။ သူ့နာမည်မေ့နေပြီ။ ထိုစဉ်က ပထမဆုရရှိသော ဗိုလ်လောင်းအေးမောင်ကို စားဆုပေးသည်။

ဒုတိယ၊ တတိယ ဆုရသူတွေကတော့ ဂုဏ်ပြုလက်မှတ်ပဲ ရလေသည်။ ကျောင်းဆင်းဗိုလ်လောင်း အားလုံးကို လက်မှတ်ပေးသည်။ ဗမာ့ကာကွယ်ရေးတပ်မတော် တတိယပတ် ဗိုလ်လောင်းသင်တန်းဆင်းလက်မှတ်ဖြစ်သည်။ လက်မှတ်မှာ ဂျပန်စာနှင့် စာနှစ်ကြောင်း၊ သုံးကြောင်း ရေးပြီး အောက်ကနာမည်ကို မင်ထူထူနှင့်ရေး၍ ဗိုလ်ရန်နိုင်က ကျောင်းအုပ်ကြီး လက်မှတ်ထိုးပေးသည်။

ထိုစဉ်က ကျွန်တော်တို့ကို ပေးသောရာထူးမှ သရီးလိုင်း၊ ဝမ်းစတား။ Three Line/ one star ဖြစ်သည်။ သို့သော် ကျောင်းဆင်းရာ၌ ထိုရာထူးကို တစ်ခါတည်း မပေးလိုက်ချေ။ ဝမ်းလိုင်း၊ သရီးစတား၊ စပယ်ရှယ်စတား၊ One line three star-special star ဖြစ်သည်။ ဗိုလ်လောင်းရာထူး။

တပ်ကို သတင်းပို့ပြီး ၆ လကြာလျှင် တပ်မှူးက အလိုအလျောက် သရီးလိုင်းဝမ်းစတား Three line one star ပေးရ၏။ ပုံစံက ယခင်ဗမာ့တပ်မတော် အလုပ်သင်ဗိုလ်ရာထူးပေးသလိုပင်။ ကျောင်းဆင်းသောအခါ တပ်ကြပ်ကြီးရာထူးနှင့်သွား။ တစ်နှစ်ကျော်မှ တပ်ရင်းက သူ့ကို ဒုဗိုလ်ဖြစ်ပြီဆို၍ တစ်ပွင့်ပေးသည်။ ကျွန်တော်တို့ ဂျပန်ခေတ် စစ်တက္ကသိုလ်မှ ဆင်းစဉ်ကလည်း အလုပ်သင်ဗိုလ်ရာထူးသဘောပင်။

ပြောရဦးမည်။ ဂျပန်ခေတ်စစ်တက္ကသိုလ်မှာ ကျွန်တော်တို့ သမိုင်းဘာသာသင်ကြားရ၏။ သမိုင်းသင်ဆရာကြီးက ဟစ်စ်ထရီ "ထရီးဟာရဒေါနော"။ သူ့ကို ကျွန်တော်တို့က ဟစ်စထရီးဆရာကြီးဟုခေါ်သည်။

ထရီးဆရာကြီးက သမိုင်းသင်တန်းမစမီ သည်လိုပြော၏။

"ဝါတာကုရှိဝ၊ တိုက်တော တောနော တိုကျိုနော ဒိုက်ကုဒိကဒါ ဒေးတ"

အဓိပ္ပာယ်က "ငါဟာ တိုကျိုမှာကျောင်းတက်ပြီး အောင်လာတယ်၊ ငါ သမိုင်းဘာသာရပ်နဲ့ အောင်တယ်"

သူက အဲသည်လို ခပ်ကြွားကြွားပြောပြီး သမိုင်းဘာသာရပ်သင်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မှတ်မိသေး၏။ တစ်နေ့တော့ ထရီးဆရာကြီးက မေးသည်။ ကျွန်တော်တို့သမိုင်းကျောင်းသားတွေ အားလုံးထိုင်နေကြပြီးတော့မှ သမိုင်းဘာသာကို စတင်သင်ကြားနေပြီ။ အမှန်တော့ သမိုင်းဘာသာရပ်သင်သည်ဆိုရာမှာလည်း မြန်မာသမိုင်း၊ အင်္ဂလိပ်သမိုင်း မဟုတ်ချေ။ ဂျပန်နိုင်ငံသမိုင်းကိုပင် သင်ကြားနေခြင်းဖြစ်သည်။ ဂျပန်လူမျိုးတို့သည် "နေဘုရားအိုကာမီဆာ"က ဆင်းသက်လာသည်။ "ရှိုဂိုးနိတ်" ဂျပန်စစ်သားသမိုင်းလည်း သင်သည်။ "ဆာမူရိုင်း" ဂျပန်သူရဲကောင်း သမိုင်းလည်း ပါဝင်သည်။ နောက်ဆုံးတော့ မီဂျီအေရာ MEJI ERA မီဂျီဘုရင်ခေတ်လည်း ပါသည်။

ထိုသို့ သမိုင်းဘာသာသင်ပေးနေရင်း ဆရာကြီးက မေးခွန်းထုတ်သည်။ ဒါကို ဖြေနိုင်သော သူက ဖြေပါ။ "ဘိရုမာနော့ ဒေါ့ကုရိုစုအိုဒါရေးက မွတ်တော့ပူကီ ဒစ်စကား" တဲ့။

သမိုင်းဆရာကြီးပြောသည်မှာ "မြန်မာနိုင်ငံလွတ်တော်ကို၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ဘယ်သူ ယူသွားသလဲ၊ ဘယ်သူသိမ်းသွားသလဲ"

သည်တုန်းက ကျွန်တော်တို့ ဗိုလ်လောင်းကျောင်းသားတွေထဲမှာ ရန်ကုန်တက္ကသိုလ်က ထွက်လာသော ကျောင်းသားတွေပါရှိနေ၏။ ဗိုလ်လောင်းထွန်းစိန်က ရန်ကုန်တက္ကသိုလ်က ထွက်သူဖြစ်သည်။ ကျောင်းသား-တစ်ဦးက "ဟေ့ ထွန်းစိန်ကြီး မင်းက တက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံဘာသာ ယူလာတာပဲ၊ မင်းပြောလေ" ဟု ပြော၏။ ထွန်းစိန်က "အေး၊ ငါပြောမယ်" ဗိုလ်လောင်းထွန်းစိန် "အေးက မွတ်တေးယူ ကီမတ်စတား။ နော် မုဒုတေးဝန်စ" (အဓိပ္ပာယ်က မြန်မာနိုင်ငံကို အင်္ဂလိပ်က သိမ်းသွားတယ်)

ဗိုလ်လောင်းထွန်းစိန်က ဤသို့ ပြောလိုက်သောအခါ ဂျပန်သမိုင်းဆရာကြီးက ထွန်းစိန်ခေါင်းကို ဓားနှင့် ခေါက်ခနဲ ခေါက်လိုက်ပြီး "ထွန်းစိန်ပြောတာ မှားတယ်"ဟု ပြော၏။

"ချိဂခွရေး" (မင်း မှားတယ်၊ ထိုင်)

ဆရာက သည်လိုပြောတော့ ဗိုလ်လောင်းထွန်းစိန်လည်း ခပ်ကြောင်ကြောင်နှင့် ထိုင်လိုက်ရသည်။ ဂျပန်ဆရာကြီးက ထပ်မေးပြန်သည်။ "သိတဲ့သူ ပြောကြစမ်း"



သို့နှင့် နိုင်ငံရေးသမိုင်းသင်ခဲ့ဖူးသူ ဗိုလ်လောင်းလှရွှေကို ကျောင်းသားတွေက "ဟေ့ လှရွှေ၊ မင်းပြောစမ်းကွာ"

ထိုအခါ ဗိုလ်လောင်းလှရွှေက "ဟာ ငါလည်း ဒါပဲ သိတယ်ကွ"

သို့နှင့် ကျောင်းသားတစ်ဦးက "ဟေ့၊ လှရွှေ ဗေ့လို့ပြောကွ၊ ဗေ့နဲ့ အင်္ဂလိပ်နဲ့ အတူတူပဲ"

ဗိုလ်လောင်းလှရွှေက "အေး ဘေးဂယူကီမဆား" (အင်္ဂလိပ် အမေရိကန်ကို ဂျပန်ခေါ်သော နာမည်)

သည်လိုဖြေလည်း မရပြန်ချေ။ ဗိုလ်လောင်းလှရွှေကို ဂျပန်ဆရာကြီးက ဓားရှည်နှင့်ခေါက်လိုက်ပြန်သည်။

နောက်ထပ် ဗိုလ်လောင်းတစ်ယောက်က ထ၍ ဖြေပြန်သည်။ "ကြည့်နေ ငါဖြေပြမယ်၊ ငါသိတယ်" တဲ့ ပြော၏။

**ဗိုလ်လောင်း**။ "မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ကိုလိုနီနယ်ချဲ့သားတွေက သိမ်းယူသွားတယ်"

အဲသည်လို ပြောပြန်တော့လည်း ဂျပန်ဆရာကြီးက မဟုတ်ပြန်ဘူးဆို၍ ဓားရှည်နှင့် ခေါင်းကို ခေါက်ပြန်သည်။ နောက်ဆုံးကျတော့မှ သမိုင်းဆရာကြီးက ဤသို့ဖြေလေ၏။

ဆရာကြီးက -

(မြန်မာနိုင်ငံလွတ်လပ်ရေးကို အရှေ့အိန္ဒိယကုမ္ပဏီက ယူသွားတာကွ)

ယခုလိုပြောတော့လည်း မှန်တော့ မှန်ပေသားပင်။

သူက ထပ်ပြောသေး၏။

"အိစ်အင်ဒီယကုမ္ပဏီတို့ မုတုကိမ စတာ"

ကျန်နေတာလေး ထပ်ပြောရဦးမည်။ ဂျပန်ခေတ် စစ်တက္ကသိုလ်တွင် ညတိုက်ပွဲဆင်းရန် လော့ကားသို့ သုံးညအိပ် ချီတက်ကြရသေးသည်။ အလွန်ပျော်စရာကောင်းသော ခရီးပင်။ နေ့တိုက်ပွဲ၊ ညတိုက်ပွဲများ ဆင်းပြီးပြန်လာကြရာ အိပ်၍ မပျော်ကြ။ ခြင်ထောင်ကြီးတွေ ကြိုးဖြုတ်၍ ဈေးကား ရေကန်ထဲဆင်း၊ ခြင်ထောင်ကို ပိုက်လုပ်၍ ငါးဖမ်းကြလေသည်။ ဖမ်းမိသည့်ငါးတွေ၊ ပုစွန်တွေကို၊ ကြော်စား၊ မီးကင်စား၊ ပျော်စရာကောင်းလှသော လော့ကားခရီးဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လော့ကားကန်ရိပ်သာမှာ ၃ ရက်လောက် ပျော်ပျော်ပါးပါး စားစားသောက်သောက်နှင့် ညတိုက်ပွဲဆင်းပြီး ပြန်လာတော့ စစ်တက္ကသိုလ် ကျောင်းဆင်း ညစာ ထမင်းစားပွဲကြီး ကျင်းပလေသည်။ ကျောင်းဆင်းပွဲမှာ ထမင်းကောင်း ဟင်းကောင်းချက်ကျွေးတာ ကောင်းစွာ သတိရ၏။ သင်တန်းကာလအတွင်း ဟင်းကောင်းကောင်း၊ ထမင်းကောင်းကောင်း မစားခဲ့ရသည်ကို အတိုးချ ချက်ကျွေးကြသည် ထင်ပါ၏။ ညစာစားပွဲမှာ ကြက်သားဟင်း၊ ငါးနသန်းကို ဆီပြန် ပြန်ချက်ထားသည့်ဟင်း၊ ဟင်းရွက်ကြော်နှင့် ငါးပိလို့ကောင်းလှသည့် ညစာ ကျောင်းဆင်း ထမင်းပွဲကို မမေ့နိုင်ချေ။

စစ်တက္ကသိုလ် ကျောင်းဆင်းပွဲတွင် ရာထူးတံဆိပ်တပ် ဓားအပ်နှင်းသည့်ပွဲကိုလည်း အထူးဂုဏ်ယူ၍ သတိရလျက်ပင်။ ကျွန်တော်တို့၏ ရာထူးတံဆိပ်ကို သင်တန်းဆရာများက ချီးမြှင့် တပ်ဆင်ပေးကြ၏။ ကျွန်တော်တို့နှင့်အတူ ကျောင်းဆင်းသော ဗိုလ်လောင်းမောင်ရီ၏ ရာထူးတံဆိပ်ကိုတော့ နာမည်ကျော်၊ တပ်ကြပ်မောင်ထူးက တပ်ပေးရာ၏။ တပ်ကြပ် မောင်ထူးနှင့် ဗိုလ်လောင်းမောင်ရီတို့၏ ပဋိပက္ခပြဿနာမှာ နောက်ဆုံးတွင် အဆင်ပြေသွားသဖြင့် အားလုံးက ဝမ်းသာကြရသည်။ တပ်ကြပ်မောင်ထူးက အလိုက်သိသည်။ ဗိုလ်လောင်းမောင်ရီ ဗိုလ်ဖြစ်လာသည့်အချိန် သူ့ကို ဆော်မည်၊ တီးမည်ကို စိုးရိမ်ကြောက်ရွံ့ပြီး အဆင်ပြေအောင် ကြိုးစားရှာလေသည်။

သည်တုန်းက တပ်ကြပ်မောင်ထူး၏ ဆရာရင်း ဗိုလ်မြင့်ဦးမှာ နောက်တော့ ဗိုလ်ချုပ်အောင်ဆန်းနောက်ပါသွား၍ ပြည်သူ့ရဲဘော် (ဖြူ) ဖြစ်သွားလေသည်။ ရဲဘော်ဖြူအဖြစ် တောခိုသည်။ အလင်းပြန်ဝင်ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနမှာ အရာရှိဖြစ်လာသည်။ ဗိုလ်မြင့်ဦး ကွယ်လွန်စဉ်က သူ့အသုဘကို ကျွန်တော် အမှတ်တရ လိုက်ပို့လိုက်ပါသေးသည်။

ထိုစဉ်က တပ်စု ၁ မှ ဗိုလ်ထွန်းအောင်ကျော်၊ တပ်မတော်မှာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်ပြီး ယမန်နှစ်က ကွယ်လွန်သွားရှာသည်။ သူ့အသုဘကိုလည်း ကျွန်တော် လိုက်ပို့ဖြစ်သည်။

ပြောရဦးမည်။ ဗိုလ်ထွန်းအောင်ကျော်က NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှာ ပါဝင်လာ၍ ရခိုင်ပြည်နယ်မှာ ၁၉၉၀ ပြည့်နှစ် ရွေး



ကောက်ပွဲ ပါဝင်ဆင်နွှဲခဲ့သေး၏။ ရှုံးသွားသည်။ ရခိုင်တိုင်းရင်းသားပါတီက အနိုင်ရသွားလေသည်။

ထိုစဉ်က ဂျပန်ခေတ် စစ်တက္ကသိုလ်မှာ တပ်စု ၂ က တပ်စုမှူး ဗိုလ်မောင်မောင်ခက နောက်ပိုင်းမှာ တောခိုသွားသည်။ တောထဲမှာပဲ ကျဆုံးသွားရှာသည်။ ဗိုလ်မောင်မောင်ခကတော့ ပြည်သူ့ရဲဘော်မဟုတ်။ ကွန်မြူနစ်ဖြစ်သွားသည်။ သူကလည်း ဗိုလ်သန်းရွှေနှင့် အတူတောခိုသွားခြင်းဖြစ်သည်။ ဗိုလ်သန်းရွှေလည်း တောခိုကွန်မြူနစ်ဘဝမှနေ ပီကင်း ရောက်သွားသည်။ ယခုတော့ ဗိုလ်သန်းရွှေမှာ ကွန်မြူနစ်ပါတီတာဝန်ဖြင့်ပင် တရုတ်ပြည်၌ ကွယ်လွန်သွားပြီဟု သိရသည်။

ဗိုလ်သန်းရွှေကလည်း မင်္ဂလာဒုံ စစ်တက္ကသိုလ်မှာ ကျွန်တော်တို့၏ သင်တန်းဆရာဖြစ်ခဲ့ဖူးသေးသည်။ Three Line one star သုံးလိုင်းတစ်ပွင့် အရာရှိ ဖြစ်လေသည်။ နောက်တစ်ဦးရှိသေး၏။ သူ့နာမည်က ဗိုလ်စိုးလှိုင်။ သူက ကျွန်တော်တို့ထက် တစ်ပတ်စောပြီး ဆင်းသွားသော အလုပ်သင် ဗိုလ်ပင်။ တပ်စုမှူးအဆင့်ဖြင့် စစ်တက္ကသိုလ်မှာ ဆရာဖြစ်ခဲ့၏။ လမ်းစဉ်ပါတီခေတ် နိုင်ငံတော်ကောင်စီဝင် ဖြစ်လာသော ဦးစိုးလှိုင်ပင်။

ဦးစိုးလှိုင်က တပ်မတော်ကို တော်တော်ကလေးနောက်ကျပြီးမှ ဝင်လာသူဖြစ်သည်။ ကျွန်တော် တပ်ရင်းမှူးဘဝတုန်းက သူက ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးစိုးလှိုင်။ နောက်တော့ တပ်မတော်မှာ ကျွန်တော် ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ရာထူးက အနားပေးချိန်၌ ဦးစိုးလှိုင်က လမ်းစဉ်ပါတီမှာ အမတ်အရွေးခံရသည်။ နောက်တော့မှ နိုင်ငံတော်ကောင်စီဝင် ဖြစ်လာသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ဗိုလ်မှူးကြီး ဗထူးတပ်သို့ တာဝန်ပေး၍ မန္တလေးသို့ ခရီးဆက်ခဲ့ပြီ

၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်းကျောင်း တတိယပတ် ဗိုလ်သင်တန်းကျောင်းဆင်း ညစာစားပွဲလည်းပြီးရော နောက်တစ်နေ့ အမိန့်ထွက်လာသည်။

အမိန့်ထွက်သည့်အခါ တာဝန်ကျတိုင်းတွေခဲ့တော့ ကျွန်တော်နှင့် ဗိုလ်လောင်းမြသွေး (နောင်ဆိုရှယ်နီဗိုလ်မြသွေး)၊ ဗိုလ်လောင်းတင်ညွန့်၊ ဗိုလ်လောင်းချိုကာဂို သန်းညွန့်တို့တစ်စု မန္တလေးတိုင်း ဗိုလ်မှူးဗထူးတပ်ကို တာဝန်ကျသည်။

ဗိုလ်မြသွေးဆိုတာ ဗိုလ်သင်တန်းကျောင်းတက်စဉ်က သူ့နာမည်ကိုမြ၊ နောက် ဗိုလ်လောင်းဗိုလ်မြ၊ နောက်ကျမှ ပြည်သူ့ရဲဘော်အဖွဲ့ခေါင်းဆောင် ဗိုလ်မြသွေး။ မင်္ဂလာဒုံစစ်တက္ကသိုလ်မှာ တပ်စု ၄ ကပဲ။ အဲသည် ဗိုလ်မြသွေးနှင့် ကျွန်တော်တို့သုံးဦးပေါင်း ၄ ယောက်ကို မန္တလေးတိုင်း အနောက်မြောက်သို့ တာဝန်နှင့် ပို့လိုက်လေသည်။

ထိုစဉ်က မန္တလေးတိုင်း ဗိုလ်မှူးဗထူးတပ်ကို သွားကြသော ကျွန်တော်တို့မှာ ခေတ်စကားဖြင့်ဆိုရသော် လေးယောက်ပေါင်း လောင်းကျော်ဟု ပြောရလိမ့်မည်။ ဗိုလ်မြသွေး (ဗိုလ်လောင်းဗိုလ်မြ)၊ ကျွန်တော် ဗိုလ်လောင်းတင်ဦး၊ ဗိုလ်လောင်းတင်ညွန့်။ ကျောင်းတုန်းက ချိုကာဂိုပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



အပြောကောင်းသော ချီကာဂိုသန်းညွန့် (ဗိုလ်လောင်းသန်းညွန့်) အဲသည် ဗိုလ်သန်းညွန့်မှာ နောင်အခါ ဗမာ့တပ်မတော် လေထီးတပ် တပ်ရင်းမှူး ဖြစ်ခဲ့ပြီး ယခုတော့ ကွယ်လွန်ရှာပါပြီ။

ကျွန်တော်တို့ မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်လောင်းများ ကျောင်းဆင်း၍ မန္တလေးမြို့ ဗိုလ်မှူးဗထူးတပ်ကို သွားကြသည့်ခရီး ဆက်ပြောပြပါဦးမည်။

ထိုစဉ်က ကျွန်တော် ဗိုလ်တင်ဦး၊ ဗိုလ်မြ (ဗိုလ်မြသွေး)၊ ဗိုလ်သန်းညွန့် (ချီကာဂို) နောက်ပြီး ဗိုလ်တင်ညွန့်တို့လေးယောက် ခရီးထွက်ကြရသည်။ ထိုစဉ်က ဗိုလ်တင်ညွန့်သည် နောက်ပိုင်းတွင် ဗိုလ်မှူးကြီးတင်ညွန့် ဖြစ်လေသည်။

ကျွန်တော်တို့ မန္တလေးသို့ ခရီးထွက်ကြသည့်အကြောင်း ပြန်ဆက်ပါမည်။ ပထမဦးဆုံး စ၍ ထွက်လျှင်ထွက်ချင်း မီးရထားခရီး။ မီးရထားက ထုံးစံအတိုင်း ကျောက်မီးသွေးလောင်စာနှင့် မောင်းသည်မဟုတ်။ သစ်ပင်တွေခုတ်ပြီး ထင်းလောင်စာဖြင့် မောင်းသော မီးရထားဖြစ်သည်။

ပြောပြဦးမည်။ မီးရထားကို ခရာမှုတ်၍ ထိန်းသော ဂါတ်ဗိုလ်က ဂျပန်စစ်သား၊ အဲသည့်မီးရထားကို ဦးစီးသူဂျပန်က စက်ခန်းမှာပါသည်။ အမှုထမ်းကတော့ မြန်မာတွေပါပဲ။

ရန်ကုန်ဘူတာကြီးက မီးရထားကြီးထွက်လာ၍ ထူးကြီးဘူတာရောက်တော့ မီးရထားကြီး မီးပေါင်ကျပြီး စက်ရပ်သွားရော။ ဆက်မောင်း၍ မရတော့ပြီ။ ထိုအခါ မီးရထားစက်ခေါင်းမှ ဂျပန်က ဝီစီကို တရှိုရှိုမှုတ်လေ၏။ ဂါတ်ဗိုလ်ဂျပန်ကလည်း ဝီစီခရာကို တရှိုရှိုမှုတ်လေတော့သည်။

မီးရထားကြီး မီးပေါင်ကျပြီးရပ်သွားသည့်အခါ မီးရထားစီးခရီးသည်တွေအားလုံး မီးရထားပေါ်က ပြေးဆင်း၍ မီးရထားကို လူအင်အားဖြင့် တွန်းကြရ၏။ မီးပေါင်တက်အောင် ထင်းတွေ ထပ်ထိုး ခရီးသည်တွေကလည်း တွန်း၊ ထိုသို့ တွန်းကြစဉ်မှာ ဂျပန်သီချင်းလည်း နှုတ်ကအော်ဆိုရင်း တွန်းရလေ၏။ ''ဟာစ်စ-ဟာစ်စ-ဟာစ်စ-ဟာစ်စ''

ထိုစဉ်က မီးရထားတွေမှာ အရပ်သားခရီးသွား သိပ်မလိုက်ပေ။



စစ်သား၊ စစ်ဗိုလ်တွေသာလျှင် တာဝန်အရ ခရီးသွားကြရ၏။ သည်တော့ မီးရထားစီး ခရီးသည် စစ်သားတွေ စစ်ဗိုလ်တွေမှာ အားလုံးရထားပေါ်က ဆင်း၊ အားကုန်စိုက်၍ မီးရထားကြီးကို တွန်းလိုက်ကြရသည်။ တစ်မိုင်နီးပါးမျှ မီးရထားကြီးကို တွန်းနေစဉ် ထင်းတွေ ဆက်ကာ ဆက်ကာ ထိုးတော့ မီးရထားကြီး မီးပေါင်တက်၍ ခရီးဆက်ရလေ၏။ ဂျုန်းဂျုန်းဂျုတ်ဂျုတ် ဂျုံးဂျုံးဂျုတ်ဂျုတ်၊ မီးရထားကြီးစက်ခုတ်သံ ကြားရသည်မှာ နားဝသာယာလေစွ။

ထိုစဉ်က ၁၉၄၄ ခုနှစ် ဒီဇင်ဘာလရောက်နေပြီ။ သည်အချိန်မှာ မန္တလေးတိုင်းက ဗိုလ်မှူးကြီးဗထူးတို့က ရုတ်တရက် မမျှော်လင့်ဘဲ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ရေးစတင်ဖို့ ပြင်ဆင်နေပြီ။ နံနက် ၅ နာရီ ပဲခူးဘူတာရောက်တော့ တွဲတွေကို အကုန်ဖြုတ်ချလိုက်သည်။ မီးရထားမှာ ရပ်ဖျက်သော ပိုက်ကွန်တွေ ပါလာသည်။ မီးရထားခေါင်မိုးကို ပိုက်ကွန်တွေနှင့်ဖုံး အကာအရံတွေ လွှမ်းဖုံးရသည်။ အဲသည်မှာ ဗြိတိသျှလေယာဉ်ကျဲညီနောင်အနက်ကြီး နှစ်စင်း၊ လာချိန်ရောက်ပြီကိုး။

အဲသည်နေ့က ပဲခူးမြို့ပေါ်မှာ ကျွန်တော်တို့ လေးယောက် လျှောက်လည်ကြ၊ ပဲခူးရွှေမော်ဓောဘုရားဖူးကြသည်။ ကျောင်းဆင်းတော့ ကျွန်တော်တို့ ဗိုလ်လောင်းလစာ တစ်ယောက်ကို ဂျပန်ယန်း ၁၂၀ ရရှိသဖြင့် သုံးစွဲရန်ငွေကလေးရှိနေရာ ဟိုဆိုင်ဝင်စား၊ ဒီဆိုင်ဝင်စား ပျော်ရလေ၏။

ညနေ ၃ နာရီလောက်မှာ ဘူတာရုံ၌ ပြန်စုကြသည်။ ရထားတွဲတွေ ဖုက်ထား၊ ဖုံးထားသောနေရာက လမ်းပေါ်ပြန်တင်၊ စက်ခေါင်းနှင့်ချိတ်၊ ထိုနေ့ညပိုင်း မီးရထားကြီးပြန်ထွက်ရာ တစ်ညလုံးမောင်းသဖြင့် နံနက်စောစောတွင် ညောင်လေးပင်မြို့ ဘူတာရောက် တစ်ထောက်နားကြရပြန်သည်။

ညောင်လေးပင်မြို့တွင် မီးရထားရပ်နားရသည်မှာ ပျော်စရာကောင်းလှသည်။ အဘယ်ကြောင့်ဆိုလျှင် ညောင်လေးပင်မြို့မှာ စားစရာ၊ သောက်စရာ၊ အလှုန်ပေါများလှသည်။ ဘူတာမှာရော၊ မြို့ထဲမှာပါ စားစရာ သောက်စရာတွေ ဆိုင်ပေါင်းစုံလှပေသည်။ နောက်တစ်နေ့ ညခရီးဆက်ထွက်ရာ တောင်ငူမြို့တွင် တစ်ည အိပ်ရပြန်သည်။ နောက်တစ်နေ့ ညဆက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးမောင်း၍ ပျဉ်းမနားမြို့ရောက်တော့ တစ်နေ့တာနားရ ပြန်လေသည်။

ထူးဆန်းသည်မှာ ပျဉ်းမနားမြို့ပေါ်၌ မြို့သူမြို့သားတွေမရှိ။ ပျဉ်းမနားမြို့ပြင်က သချိုင်းကုန်းမှာ စားသောက်ဆိုင်တွေ လူနေအိမ်တဲတန်းတွေ ရောက်နေသည်။ ဗြိတိသျှလေယာဉ် ကျွဲညီနောင်အနက်ကြီးတွေ ပျဉ်းမနားမြို့ကို ဗုံးကြဲလာခဲ့သည်။ လွတ်ကင်းအောင် မြို့ထဲက မိသားစုတွေ မြို့ပြင်ထွက်၊ သချိုင်းကုန်းထဲမှာ စားသောက်ဆိုင် လူနေအိမ်တွေ စည်ကားနေပေသည်။ ထူးခြားလှပေသည်။

ပြောရဦးမည်။ သချိုင်းကုန်းက အုတ်ဂူတွေပေါ်မှာ သစ်သားတန်းတင် တဲအိမ်တွေဆောက်ပြီး ကလေးလူကြီး ဘာမှုမမှုဘဲနေကြသည်။ တစ္ဆေမကြောက် သရဲမကြောက်၊ စားသောက်ဆိုင်တွေလည်း တန်းစီလျက်ရှိသည်။

ကျွန်တော်တို့ ခရီးလမ်းကား ပျဉ်းမနားတွင် ခရီးလမ်းဆုံးချေပြီ။ ထိုနေ့က ကျွဲညီနောင်လေယာဉ်နက်ကြီးနှစ်စင်း၊ ပျဉ်းမနားမြို့ပြင်က တဲစုတ်တဲပုတ်ကလေးတွေနှင့် မီးရထားဘူတာရုံကို ဝင်ပစ်ရာ ခရီးလမ်းမှာ တစ်ခန်းရပ်ပြီ။ မီးရထားဆက်မောင်း၍ မဖြစ်ဘူးဆိုတော့ ကားဖြင့် ခရီးဆက်ရန် ကြံရလေ၏။ ထိုနေ့က ကျွန်တော်တို့ခေါင်းဆောင် ဗိုလ်မြ၊ အရည်အသွေး ပြလေပြီ။ မန္တလေးသို့ ထွက်ခွာမည့်ကားတစ်စင်းရှိသည်။ ကားထဲမှာ ပစ္စည်းတွေ အပြည့်တင်လျက် လူတွေက ကားခေါင်မိုးပေါ်က ဝက်ခြံထဲမှာ ထိုင်လိုက်ရန်ဖြစ်လေသည်။

ကားမောင်းရန် ခါတ်ဆီမရှိ။ ကညင်ဆီနှင့် မောင်းသောကားပင် ဖြစ်ပေသည်။ သည်ကားကလည်း ညမောင်းမည့်ကားပင်ဖြစ်၏။ နေ့တွင် ကားထွက်၍ မရပါချေ။ ကျွဲညီနောင်လေယာဉ်နက် လက်ချက်မိသွားနိုင်သည်။

ပျဉ်းမနားမြို့က ကားဖြင့် တစ်ညလုံး ခရီးဆက်ခဲ့ရာ ရမည်းသင်းမြို့ရောက်သည်။ ကားက မီးရထားထက် သွားပေသည်။ မီးပေါင်ကျ၍ ရပ်ထားရသည်မရှိ။ သူ့ဘာသာသူ မှန်မှန်ခရီးဆက်သွားနေပေသည်။ ကညင်ဆီပုံးကို ကားခေါင်မိုးပေါ်မှာတင်၍ ကားစက်ထဲသို့ ပိုက်သွယ်၍ ဆင်းစေသည်။ ကျွန်တော်တို့ ကားခေါင်မိုးပေါ်မှာ ဘေးက ကာရံထားသော



သစ်သားတန်းကို မှီ၍ ငုတ်တုတ်အိပ်လိုက်ရပေသည်။ ပြဿနာက ညအခါ ဆောင်းလေက တဟူးဟူး တိုက်နေစဉ် ဒီဇင်ဘာလ၏ အအေးဓာတ်က သွေးခဲလောက်အောင် ချမ်းတော့၏။ ချမ်းလှ၏။ မျက်နှာကို ကားခေါင်မိုးမှာ မှောက်ကပ်ထား၍ ဝပ်ပြီး အိပ်ရပေသည်။ အသက်ငယ်စဉ်ဖြစ်သောကြောင့် အိပ်ပျော်သည်။ အနည်းဆုံး သုံးနာရီတော့ အေးအေးဆေးဆေး ချမ်းချမ်းစီးစီးမှာ အိပ်ပျော်လေသည်။ အိပ်ရာကနိုးလျှင် ထထိုင် ဘေးပတ်ဝန်းကျင်မှောင်ထဲကိုကြည့်။ ငိုက်မျဉ်းသောအခါ ပြန်အိပ်ရပေသည်။ နံနက်မိုးလင်းခါနီးတွင် ရမည်းသင်းမြို့ရောက်လေ၏။ ရမည်းသင်းမြို့မှာ လူနေအိမ်ခြေမရှိ။ မြို့ပြင်ခပ်ဝေးဝေးက သိမ်ကုန်းရွာမှာ လူတွေစည်ကားနေ၏။ သိမ်ကုန်းရွာမှာ ရှေ့တန်းက စစ်ရှုံး၍ ဆုတ်ခွာလာသော ဂျပန်စစ်တပ်တွေ ရောက်နေသည်။ ထို့ပြင် အိန္ဒိယအမျိုးသားတပ်မတော် Indian National Army (INA)က အိန္ဒိယစစ်သားတွေလည်း ရောက်နေကြသည်။ အိန္ဒိယစစ်သားတွေကတော့ သူတို့ဗိုလ်ချုပ် ဆူဘတ်ချန္ဒရာဘို့စ်ထံသွားရန် ဖြစ်ကြသည်။

သည်နေရာတွင် မကောင်းသတင်းကြားရသည်မှာ အိန္ဒိယ လွတ်မြောက်ရေးတပ်မတော်သားတို့၏ လုယက်မှုသတင်းများပင်။

သိမ်ကုန်းရွာရောက်တော့ ရွာလူထုက ကျွန်တော်တို့ကို ဝမ်းသာအားရ ကြိုဆိုကြလေသည်။ ပြီးတော့ ပြောသေး၏။ “ဗမာ့ရင်သွေးရတနာကလေးတွေ ခုမှပဲ မြင်ဖူးတယ်”တဲ့။ သူတို့ကပင် ပြောသေးသည်။ “အိန္ဒိယစစ်တပ်က မြန်မာဈေးဆိုင်တွေမှာ အလုအယက်ရှိသည်”တဲ့။

ညရောက်တော့ ဗိုလ်မြသွေးကပြောသည်။ “အိန္ဒိယစစ်သားတွေကို ကျွန်တော်ဓားနဲ့ ခုတ်ချင်တယ်” ကျွန်တော် “ဟာ ကိုမြ မလုပ်ပါနဲ့ဗျာ၊ ဒုက္ခများနေပါဦးမယ်၊ ကျွန်တော်တို့တာဝန်က အနောက်မြောက်တိုင်း မန္တလေးမြို့ကို သတင်းသွားပို့ရမှာ၊ ခင်ဗျား ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲဗျာ”

ထိုသို့ပြောရင်း ကျွန်တော်တို့ ထမင်းစားနေကြစဉ် ဆိုင်ထဲသို့ အိန္ဒိယစစ်သားနှစ်ဦးဝင်လာသည်။ အိုင်အင်အေ အိန္ဒိယ အမျိုးသားတပ်မတော်က တပ်သားများပင်။ သူတို့မှာ သေနတ်တော့မပါ။ အိန္ဒိယစစ်သားနှစ်ဦး အရက်လည်း မူးနေကြမည် ထင်ပါ၏။ သူတို့နှစ်ဦးက ဈေးဆိုင်ထဲက ဟိုပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တောင်း သည်ပစ္စည်းယူနှင့် ဆိုင်ရှင်နှင့် အငြင်းအခုံ ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီ။ သည်အချိန်မှာ ဆိုင်ထဲမှာရှိနေသော လူတွေက ကျွန်တော်တို့ မြန်မာ့တပ်မတော် စစ်အရာရှိတွေကို အားကိုးတကြီး ကြည့်နေကြသည်။

"တို့ဗမာစစ်ဗိုလ်တွေ ဘာလုပ်နေကြသလဲ၊ အိန္ဒိယစစ်သားတွေ စော်ကားမော်ကား လုပ်နေတာကို ဒီလိုပဲ ငုံ့ခံနေကြတော့မှာလား" ဆိုသည့် အကြည့်ဖြင့် မေးခွန်းထုတ်နေကြသော ပုံသဏ္ဍာန်တည်း။

သည်လိုအချိန်ကာလမှာ ကျွန်တော်တို့လည်း တစ်ခုခုလုပ်မှဖြစ်တော့မည်။ ဤတွင် ဗိုလ်မြသွေးနှင့် ချိုကာဂိုသန်းညွှန့်တို့နှစ်ယောက်က "ဆော်မယ်ဗျာ"ဟု ပြော၏။

ကျွန်တော်တို့ လေးယောက်ထဲမှာ အငယ်ဆုံးတွေဆိုတော့ "ခင်ဗျားတို့ သဘောပဲဗျာ" ဟု ပြောလိုက်ရသည်။ သည်လိုမပြောလို့ မဖြစ်။ ဗိုလ်မြသွေးတို့က အလွန့်အလွန် ဒေါသထွက် စိတ်ပြင်းထန်နေချေပြီ။

ဗိုလ်မြသွေးက စားသောက်ဆိုင်ထဲမှာ ထွန်းထားသော ကညင်ဆီမီးအိမ်ကို ဓားဖြင့် ပထမ ခုတ်ချလိုက်၏။ ပြီးတော့မှ ဗိုလ်မြသွေးနှင့် ဗိုလ်သန်းညွန့် ချိုကာဂိုတို့နှစ်ဦးစလုံးက အိန္ဒိယစစ်သားနှစ်ကောင်ကို တစ်ယောက်စီ ဓားနှင့် ဝင်ခုတ်သည်။ ထိုသို့ ဓားနှင့်လည်း ခုတ်ရော အိန္ဒိယစစ်သားနှစ်ယောက် အရုပ်ကြိုးပြတ် လဲကျသွားကြစဉ် "ပြေးဟေ့ ပြေးဟ" ဆိုသည့်အသံနှင့်အတူ ကျွန်တော်တို့လည်း တစ်ခါတည်း မှောင်မှောင်မည်းမည်း ထွက်ပြေးလာကြသည်မှာ ရမည်းသင်းမြို့လမ်းထောင့်ဆီသို့ပင် ရောက်သွား တော့၏။ မောလိုက်သည်မှာကား ဟောဟဲလိုက်နေသည်။ နောက်မှာ Indian Army အိန္ဒိယစစ်တပ်ကြီးရှိ၍ လိုက်လာမည့် အန္တရာယ်က မသေး ဘူး မဟုတ်လား။ အရေးထဲမှာ ညငှက် တစ်ကောင်က သစ်ပင်ပေါ်မှ အော်သည်ကို "လိုက်ဟ လိုက်ဟ" ဟု နောက်က အော်၍ လူတွေ အုပ်လိုက် လိုက်လာသည်ထင်ရင်း ပြေးရင်းပင်။

ထိုသို့ပြေးရင်း ကျွန်တော်က ဗိုလ်မြသွေးကို ပြောမိသည်။ "ခက်တာပဲ ပြည်သူလူထုကို သူတို့နှိပ်စက်လို့ ဒုက္ခရောက်ကုန်ကြတော့မယ်"

ဗိုလ်မြသွေး "မပူပါနဲ့ကွာ၊ ပြည်သူလူထုလည်း သူ့အင်အားနဲ့သူရှိပါတယ်၊ သူ့လူနဲ့သူ ဖြစ်သွားမှာပေါ့"



ဤသို့ဖြင့် မြို့ပြင်က မန်ကျည်းပင် အုပ်အုပ်ကလေးအောက် ရောက်တော့ "ဒါလောက်ဆို လွတ်ပါပြီကွာ၊ အိပ်ကြစို့" ဟု ဗိုလ်မြသွေးက ပြောသည်။

သို့နှင့် မန်ကျည်းပင်ရင်းက ဝါးကွပ်ပျစ်ကလေးမှာ ၄ ယောက်သား အိပ်လိုက်ကြသည်မှာ ခဏအတွင်း မောမောနှင့် အိပ်ပျော်သွားကြသည်။ ထိုအချိန်မှာ ညဦး ၁၀ နာရီခန့်ရှိပြီ။ ထို့နောက် နောက်တစ်နေ့ နံနက် ၂ နာရီထိုးခန့်မှာ အားလုံးအိပ်ရာက နိုးလာကြလေသည်။ ထိုအချိန်မှာ ရမည်းသင်းမြို့ဘက်ဆီက ကားတစ်စင်း မောင်းလာသည်။

ထိုကားမှာ ဂျပန်စစ်တပ်က ကားဖြစ်သည်။ ကျွန်တော်တို့က "အိုနင်းဂရို မတ်စ်"ဆိုပြီး ဂျပန်လိုပြော၍ ရပ်ခိုင်းသောအခါ ကားမှာ မိတ္ထီလာက ဂျပန်စစ်သားတွေ တင်ခေါ်လာပြီး မိတ္ထီလာပြန်မည့် အလွတ်ကား၊ လူမပါချေ။ "အိုနင်းကရှိမတ်စ်" ဘယ်သွားမှာလဲ မေးတော့ မိတ္ထီလာကိုတဲ့။ "လိုက်ခဲ့ကြ"ဟု ယာဉ်မောင်းဂျပန်ကပြောသဖြင့် ကျွန်တော်တို့ ဝမ်းသာအားရ ကားပေါ်ခုန်တက်ပြီး လိုက်သွားကြ၏။ ကားထွက်လာမှ သတိရသည်။ ဒုက္ခလှလှရောက်ပါပေါ့။ ကျွန်တော့်ကို ဗိုလ်သင်တန်းကျောင်းက ပေးလိုက်သည့်အိတ်က ကျန်ရစ်ခဲ့သည်။

**ကျွန်တော်။** "ဟာ ကိုမြ၊ ကျွန်တော့်အိတ် မေ့ကျန်ခဲ့ပြီ"

**ဗိုလ်မြသွေး။** "အို ကျန်ကျန်ကွာ မယူနိုင်ဘူး၊ သွား"

(ဖြေရင်း ငေါက်၏)

**ကျွန်တော်။** "မယူနိုင်ရင် ကားပေါ်က ကျုပ်ခုန်ချနေခဲ့မယ်ဗျာ၊ ဒီပစ္စည်းမပါလို့ မဖြစ်ဘူးလေ၊ ကျွန်တော်တို့ လက်မှတ်တွေ၊ အမိန့်စာရွက်တွေ၊ ဒီအိတ်ထဲမှာ အကုန်ကျန်ရစ်တယ်"

သည်တော့မှ ဗိုလ်မြသွေးက ဒေါသတကြီးနှင့် ကျွန်တော့်ကို ဆဲဆိုအပြစ်တင် ကြိမ်းမောင်းပြီး ကားခေါင်းမိုးကို ခေါက်လိုက်တော့ ဂျပန်ကား ရပ်သွားသည်။

ဂျပန်ယာဉ်မောင်းက "ဘာလဲ"

ကျွန်တော်က "ရမေ့" (ရပ်ပေးပါ)

ကားရပ်သွားစဉ် ကျွန်တော်တို့ ၄ ယောက်စလုံး ကားပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းကြ၏။ ကားက ထွက်သွားသည်။ ဗိုလ်မြသွေးက ကျွန်တော့်ကို ဆဲဆိုကြိမ်းမောင်းလေတော့၏။ ''မင်းကြောင့် ဒုက္ခရောက်ရတယ်''

**ကျွန်တော်**။ ''စိတ်မပူပါနဲ့၊ ဒီထက်ကောင်းတဲ့ကားရရင် ရမှာပါဗျ''

ဖြစ်ပုံက ကျွန်တော့်အိတ်ကို မန်ကျည်းပင်မှာ မှီထားသည်။ ''ကားလာပြီဟေ့'' ဆိုသည်နှင့် ကျွန်တော်လည်း လဲအိပ်နေရာက ရုတ်တရက်ထ ကားဆီသို့ထွက်လာရာ မန်ကျည်းပင်မှာ မှီချထားသော ဗိုလ်သင်တန်းကျောင်းကပေးသည့်အိတ် မေ့ကျန်ခဲ့လေသည်။ မန်ကျည်းပင်က ဝါးကွပ်ပျစ်ကလေးမှာ အိတ်တွေပုံပြီး အိပ်နေကြရင်း ကျွန်တော် တစ်ဦးတည်း၏ အိတ် ကျန်ခဲ့ခြင်းဖြစ်၏။

သို့ဖြင့် မန်ကျည်းပင်က ကွပ်ပျစ်ပေါ်မှ ကျွန်တော့်အိတ်ယူပြီး ပြန်ထွက်လာကြစဉ် ဂျပန်ကားနှင့် တွေ့ပြန်သည်။ ဂျပန်စစ်တပ်က ဗိုလ်မှူးကြီး၏ကား အလံနီလွှင့်၍ မောင်းလာ၏။ နောက်က အစောင့်ကိုယ်ရံတော်ကားပါလာသည်။

ကျွန်တော်တို့က ဂျပန်စစ်ကားကို လက်တားရပ်ခိုင်းပြီး ကားပေါ်မှာပါသည့် ဂျပန်စစ်အရာရှိ (မေဂျာအဆင့်) ကို အလေးပြု ''ရှိုးကန်းဒေါ်မော့'' ဟု ပြောရာ စိတ်ကောင်းရှိဟန်တူသူ ဂျပန်စစ်ဗိုလ်က မေး၏။

''မင်းတို့ ဘယ်သွားမှာလဲ''

''ကျွန်တော်တို့ မိတ္ထီလာသွားမလို့၊ မန္တလေးကို ဆက်သွားပြီး ထမ်းဆောင်ဖို့ပါ''

''ဒါဆိုရင် ကားနဲ့လိုက်ခဲ့''

ကျွန်တော်တို့ ခရီးအဆင်ပြေသွားသည်။ ဤသို့ဖြင့် မိတ္ထီလာသို့ နံနက် ၇ နာရီခန့်မှာ ချောချောမောမော ရောက်သွား၏။ အစစအရာရာ ချောမောလိုက်သည်မှာကား အတိုင်းထက်အလွန်ဟု ဆိုရတော့မည်။ မိတ္ထီလာမြို့ပြင်က ကုန်းကမူကလေးပေါ်တွင် လူတွေ အတော်စည်ကားလှ၏။ ကျွန်တော်မှတ်မိသေးသည်။ ကျွန်တော်တို့ ဘူးသီးကြော်နှင့် ငှက်ပျောကြော် ပူပူနွေးနွေး ဝယ်စားရသည်မှာ မျော်စရာပင်။

မိတ္ထီလာ၌ စိတ်ပျက်စရာကောင်းလှသည်မှာကား ဂျပန်တပ်များ



အိန္ဒိယ-မြန်မာ နယ်စပ်မှ စစ်ရှုံးပြီးပြန်လာကြသည်ကို တွေ့ရခြင်းဖြစ်၏။ အဝတ်အစား၊ ယူနီဖောင်း အဟောင်းအနွမ်းဝတ်လျက် စုတ်ပြတ်နေသော ဘောင်းဘီအင်္ကျီ ဖရိုဖရဲနှင့် ကားစီးစရာမရှိ၍ ခြေကျင်ပြန်လာကြရာ ယိုင်တိယိုင်တိုင် ငေးငေးငိုင်ငိုင်။

ဂျပန်စစ်ရှုံးတပ်သားတွေ မျက်နှာတွေမှာလည်း မည်းညစ်ပေစုတ်နေသည်။ သည်တုန်းက ကျွန်တော်တို့က ဂျပန်တွေကို မာစတာ Master ဟု ခေါ်ကြရ၏။ အဲသည့် မာစတာဂျပန်တွေ အိမ်တကာဝင်ပြီး မြန်မာတွေထံက တောင်းရမ်း စားသောက်နေကြရရှာသည်ကို မြင်ရ၏။

ထိုအချိန်မှာ ဗြိတိသျှမဟာမိတ်စစ်တပ်ကြီးက အမြောက်သံတွေ တဒုန်းဒုန်း၊ တဝုန်းဝုန်း ထုပြီး စစ်ရှုံး ဖရိုဖရဲ ဂျပန်တပ်တွေ နောက်ဘက်က စနစ်တကျ ချီတက်လာနေပြီ။ ထို့ကြောင့် ကျွန်တော်တို့စီးလာသော ကားရှေ့သို့ ခရီးမဆက်နိုင်ပြီ။ အရပ်သားတွေ မိတ္ထီလာမြို့မှ ရှေ့သို့ ဘယ်သူ့ကိုမှ သွားခွင့်မပြုနိုင်တော့ဘူးဟု သိရသည်။ ကျွန်တော်တို့ ရောက်နေသည်မှာ မိတ္ထီလာမြို့အနီးက ဆိတ်ဖူးကုန်းရွာဖြစ်သည်။ ဆိတ်ဖူးကုန်းရွာမှာ စားသောက်ဆိုင်များဖြင့် စည်ကားလှပေသည်။ ထိုအခါ ရှေ့သို့ ခရီးထွက်ဖို့ နွားလှည်းစီးရန်သာ ရှိတော့၏။

နွားလှည်းနှင့် သွားရသည်မှာ အဆင်ပြေလှ၏။ လှည်းအိမ်ပါလာသည်ဖြစ်၍ မိုးနိုင်၊ အိပ်နိုင်၊ ယခုမှပင် စည်းစိမ်ရှင်ဘဝရောက်လေ၏။ သို့သော် လှည်းနှင့် သွားရာ၌ နွားတွေကို ခရီးအဆုံးအထိ မောင်း၍မဖြစ်။ သူ့ခမျာများ ပင်ပန်းကြီးစွာဖြင့် တောလမ်းခရီး တစ်ကုန်းဆင်း၊ တစ်ကုန်းတက်သွားကြရရာ နွားများ မပင်ပန်းစေရန် လမ်းတွင်ရှိသော ကျေးရွာမြို့များသို့ဝင်၍ နွားချင်းလဲပြီး လှည်းမှာ တပ်ရ၏။ နွားကိုသာ လဲလှယ်ပြီး လှည်းအိမ်ကို လဲလှယ်ရန်မလိုပေ။ မိတ္ထီလာမှတစ်ဆင့် ကျောက်ဆည်မရောက်မီ နွားတစ်ရှဉ်းဝင်လဲတပ်ကာ ခရီးတစ်ထောက် ဆက်ရ၏။ ခရီးသွားရသည်မှာ အဆင်ပြေလှစွာ၏။ သို့သော် လမ်းခရီးတွင် အဆင်မပြေသည်မှာ စားရေးသောက်ရေးပင် ဖြစ်တော့၏။ အညာသားတွေအဖို့ သူတို့လမ်းက ရွာတွေမှာ စားရသော ထမင်းသည် အိုကေမှာ စိုပြည်နေပါလိမ့်မည်။ ဆန်ကြမ်းကြမ်း စားလိုက်ကြသည်မှာ ဘာမှမဖြစ်ပါချေ။ မြစ်ဝ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်သား ပုသိမ်ကလာသူ ကျွန်တော့်အဖို့မှာ လမ်း၊ ကျေးရွာတွေက ကျွေးမွေး ဧည့်ခံသော ထမင်းမာမာ ဆန်ကြမ်းကြမ်းကို ဘယ်လိုမှဝါး၍ မျို၍ မရခဲ့ချေ။ ထို့ပြင်စားရသည်က ဆီပြန်ဟင်း၊ ငါးဟင်း၊ အသားဟင်း မဟုတ်။ ဘူးသီးကြော်၊ မြေပဲကြော် စသည်ဖြင့် အဆင်ပြေသည့် ဟင်းနှင့် ကျွေးကြ ဧည့်ခံကြရာ စေတနာကောင်းကြရှာပေမယ့် စားလို့ မဝင်ခဲ့ချေ။

နွားလှည်းကတော့ တစ်နေ့လုံး မောင်းသွားလို့ရပါ၏။ နွားတွေ ပင်ပန်းလျှင် လမ်းတွင်ရှိသော မြို့နယ်ကျေးရွာများဝင် နွားချင်းလဲ ခရီးဆက်ခဲ့ကြရာ လမ်းမှာ ရေဆာလျှင်တွေ့သည့် ရွာဝင် "ဟေ့ကောင်တွေ ငါတို့ ပါကွ၊ ခရီးသွားရင်း ရေဆာလို့ဝင်လာတာ" ပြောပြောဆိုဆို လူတွေ့လည်း ရေတောင်းသောက်၊ ရေနွေးကြမ်းနှင့် တင်းတိမ်ကာ ခရီးဆက်ရပြန်ပါ သည်။ သည်လိုနှင့် တစ်လမ်းလုံး နေ့လည်းမောင်း၊ ညလည်းမောင်း နှစ်ည အိပ်မောင်း၍ ကျောက်ဆည်မြို့ ရောက်လေသည်။

ကျောက်ဆည်မြို့ရောက်သောအခါ ပျော်သွားလေသည်။ ဘာကြောင့် ဆို မြို့နှင့်တူတူတန်တန် စားသောက်ဖွယ်ရာ ဆိုင်တွေရှိသည်။ ကျောက် ဆည်မြို့ကား ဆည်ရေသောက်မြို့ထင်ပါသည်။ ဘယ်ဆီကို ကြည့်ကြည့်၊ စိမ်းစိမ်းစိုစို ညို့ညို့ဆိုင်းဆိုင်း မျှော်လိုက်တိုင်း ရင်အေးစရာမြို့ပင်တည်း။

ကျောက်ဆည်မြို့ရှိ တောင်ပေါ်ကဘုရားမှာ လူတွေ စည်စည်ဝေဝေ နှင့် ဘုရားဖူးတွေ လာကြ၊ သွားကြ၊ ဘုရားဖူးကြ၊ ကျောင်းတက်ကြ၊ ဗုဒ္ဓဘာသာဝင်တို့နှင့် စည်ကားနေသော ခရိုင်မြို့ကြီးပင်။

ကျွန်တော်တို့ ဘုရားဖူးကြပြီး စားသောက်ဆိုင်ဝင် ထမင်းစားကြ သည်။ ကျောက်ဆည်မြို့ရှိ အိမ်တွေ ဘုန်းကြီးကျောင်းတွေ ဇရပ်တွေ ဗြိတိသျှ ကျွဲညီနောင်လေယာဉ်ကြီးနှစ်ကောင် စက်သေနတ်နှင့် တရစပ် ပစ်ထားရာ သွပ်မိုး၊ အိမ်အကာ၊ အုတ်တိုက်၊ သစ်ပင်တွေပါမကျန် ကျည် ဆန်ရာတို့ဖြင့် မွမွကြေနေသည်မှာ ကြည့်လို့ပင် မကောင်းပါချေ။ သို့သော် ဘုရားစေတီ၊ တင့်တင့်တယ်တယ် တည်ထားကိုးကွယ်ထားသည့် ကျောက် ဆည်တောင်ပေါ်ကနေ၍ မြို့ကို စီး၍ကြည့်ရသော ရှုခင်းမှာ သာယာလှပ ပါချေ၏။ ကြည့်ရသည်မှာ ပျော်စရာပင်။ ကျောက်ဆည်တောင်ပေါ်က ကြည့်ရသောအခါ စိမ်းညို့နေသော သစ်ပင်အုပ်နှင့် ဧရာဝတီမြစ်ရှုခင်းမှာ



ရင်တွင်း၌ အေးမြကြည်နူးစွာ ခံစားရပါချေ၏။ ကျွန်တော် ပီတိလွှမ်းသွား ၍ မြစ်ဝကျွန်းပေါ်က ဒေသနှင့် အသွင်တင့်တူလှချေကလားလေ။

ကျွန်တော်တို့တစ်တွေ ကျောက်ဆည်မြို့ကနေ ရှေ့သို့ခရီးဆက်ခဲ့ရာ တံတားဦးမြို့သို့ရောက်၏။ တံတားဦးမြို့တွင် တပ်မတော်ဆေးမှူး ဆရာ လှဟန် (နောင် လမ်းစဉ်ပါတီခေတ် ဗိုလ်မှူးကြီးလှဟန်) နှင့် တွေ့ရ၏။ ထိုစဉ်က ဆရာလှဟန်၏ နာမည်မှာ ဗိုလ်ကြီးလှသမိန်ဟု သိရလေသည်။ သူက အထက်မြန်မာပြည် စစ်ဒေသ တိုင်းဆေးမှူးရာထူးနှင့်။

ဆေးမှူးဗိုလ်ကြီးလှဟန်မှာ ဆေးသိပ္ပံကျောင်းက အစောကြီးဆင်း ပြီး LMP ဘွဲ့ရထားပြီးသူဖြစ်၍ Three Lines Three Stars သုံးလိုင်း၊ ကြယ်သုံးပွင့်နှင့် အရာရှိအဖြစ် တပ်မတော်ထဲ ဝင်လာသူ ဗိုလ်ကြီးလှသမိန် အဖြစ် လူသိများပေ၏။ နောင်အခါ ဆေးသိပ္ပံပြန်တက်ပြီးမှ M.B.B.S. ဘွဲ့ရသည်ဟုသိရသည်။

ထိုစဉ်က ဗိုလ်ကြီးလှသမိန်မှာ အိမ်ထောင်ကျနေပြီ။ သူနှင့်အတူ မိန်းမငယ်တစ်ဦး တွေ့ရသည်။ သူ့ဇနီးဟုဆို၏။ နောက် ဖက်ဆစ်တော် လှန်ရေးဆင်နွှဲစဉ် ထိုဇနီးကလေးကို ရှေ့တန်းခေါ်သွား၏။ သို့သော် ရှေ့ တန်းမှာ ဗိုလ်ကြီးလှသမိန်ကတော် မပျော်ပိုက်၍ သူ့မိဘထံ ပြန်ပို့လိုက်ရ သည်။ ယခု ဗိုလ်မှူးကြီးလှဟန်၏ဇနီးမှာ နောက်အိမ်ထောင်ပင်။ ယခု အခါ ဗိုလ်မှူးကြီးလှဟန် ကွယ်လွန်သွားရှာလေပြီ။

ကျွန်တော်တို့ တံတားဦးမြို့ရောက်တော့ စီးလာသောလှည်းကို အခ ကြေးငွေ ရှင်းလင်းပေးပြီး ပြန်လွှတ်လိုက်သည်။ ကျွန်တော်တို့ကို ဗိုလ် ကြီးလှသမိန်၏ ကားကလေးဖြင့် မန္တလေးမြို့ရှိ တပ်မတော်စခန်းသို့ ခေါ် သွားလေသည်။

ထိုစဉ်က စစ်ဒေသတိုင်း တိုင်းမှူး ဗိုလ်မှူးကြီးဗထူးကို စတင်မြင်ဖူး ခဲ့၏။ ဗိုလ်ဗထူးမှာ ပိန်ပိန်သေးသေးသွယ်သွယ် ကိုယ်ဟန်အနေအထားနှင့် မျက်နှာထား တည်ကြည်၍ အတော်ပင် စိတ်ဓာတ်ကြံ့ခိုင်သည့်အသွင် လေးစားကြည်ညိုဖွယ်ရှိလှသည်။ အံ့သြရသည်မှာကား ဂျပန်ပြန်၊ ရဲဘော် သုံးကျိပ်ဝင်အချို့မှာ ထိုအချိန်က ဗိုလ်ကြီးရာထူးနှင့် ရှိသေးသူပင် ရှိကြ၏။ ယခု ဗိုလ်ဗထူးကို ဗိုလ်မှူးရာထူး (နောင်ဗိုလ်မှူးကြီး) ရာထူးပေး၍ တိုင်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ဒေသမှူး ခန့်ထားခဲ့ရသည်မှာ ဗိုလ်ဗထူးအပေါ်တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်ကိုးစားမှုကို အထူးမြင်နိုင်ပေသည်။

ထိုစဉ်က ရဲဘော်သုံးကျိပ် ဗိုလ်မှူးဗလပင် နောင်ရာထူးပြုတ်၍ ဗိုလ်ကြီးဖြစ်သွားသေးသည်။ ထိုစဉ်က ဂျပန်ပြန် ရဲဘော်သုံးကျိပ်တို့တွင် မပါဝင်ဘဲ ဘီအိုင်အေတပ် ထားဝယ်မြို့ရောက်တော့မှ တပ်ထဲဝင်သူ။ ဗိုလ်ဗထူးမှာ ရာထူးကြီးနှင့်ဖြစ်နေ၍ သူ့အဆင့်ကို အထူးကြည်ညိုလေးစားရ၏။ ရာထူးမှာ ဗိုးလိုင်းဝမ်းစတား ဖြစ်သည်။

အခေါ်အဝေါ်ကတော့ ဗိုလ်မှူးလေးဗထူး။ သည်တုန်းက ဗိုလ်မှူးလေးဗထူးနှင့် ရာထူးအဆင့် တူကြသူတွေမှာ ရဲဘော်သုံးကျိပ်ဗိုလ်ဇေယျနှင့် ရဲဘော်သုံးကျိပ် ဗိုလ်ရန်နိုင်တို့ပင် ဖြစ်သည်။

ဗိုလ်မှူးဗထူးက အတော်ပင် ထူးချွန်ပြောင်မြောက်သူပင်။ ကျွန်တော်တို့ ရောက်သွားတော့ ကျောင်းဆင်းဗိုလ်လောင်းတွေ မြင်ဖူးချင်တယ်ဆိုပြီး သူ့ရုံးကို ပို့လိုက်ပါပြော၍ ကျွန်တော်တို့ ကျောင်းဆင်းဗိုလ်လောင်း ၄ ဦး တိုင်းမှူးရုံးသို့ သွားရောက် ဂါရဝပြုကြရသေးသည်။

တိုင်းမှူး၊ ဗိုလ်မှူးဗထူးကိုတွေ့၍ အလေးပြုပြီးနောက် တိုင်းမှူးက ပြောသည်။ မိမိ၏ဒေသ တနင်္သာရီတိုင်းမှူး ဆွေမျိုးသားချင်းတို့မှာ ဂျပန်ကင်ပေတိုင် စစ်ပုလိပ်တို့ နှိပ်စက်ခံရသဖြင့် ဒုက္ခတွေ့ကြရသည့်အကြောင်း၊ အဖမ်းအဆီး အချုပ်အနှောင် ခံရသည်ဟု ကြားသိရကြောင်း ပြောပြသည်။

ထိုစဉ်မှာ ကျွန်တော်တို့က တိုင်းမှူးကို အလေးပြု၍ နေရာယူပြီးစဉ် တိုင်းမှူးထံ ရဲဘော်တစ်ဦးက စာတစ်စောင်လာပေး၍ စာဖွင့်ဖတ်သည်။ ဗိုလ်မှူးဗထူးက အရေးကြီးသော စကားတစ်ခွန်း မိန့်ကြားသည်ကို ကြားနာမှတ်သားရဖူး၏။ သူ့ဆွေမျိုးများနှင့် ပတ်သက်သော စကားပင်။

**ဗိုလ်မှူးဗထူး။** "ခုနေအခါမှာ ငါ့အမျိုးမှ ငါ့အမျိုးလို့ တွက်နေလို့ မရဘူး၊ အားလုံး ပြည်သူပြည်သား အားလုံးဟာ ငါ့အမျိုးပဲ၊ ဒီကိစ္စနှင့် ပတ်သက်လို့ ငါ ဘယ်လိုမှ သဘောမထားဘူး၊ မင်းတို့လုပ်စရာရှိတာ ဆက်လုပ်၊ မင်းတို့ကျောင်းမှာ အစားအသောက် အနေအထိုင် သိပ်ဆင်းရဲကြတယ်လို့ ကြားသိရတယ်၊ တော့ ရဲဘော်၊ ဗိုလ်လေးတွေကို မင်းတို့ကောင်းကောင်း ကျွေးလိုက်ကြပါကွာ"



ထိုနေ့က တိုင်းမှူး၊ ဗိုလ်မှူးဗထူးနှင့် တွေ့ဆုံဂါရဝ ပြုရသည်မှာ များစွာကျေနပ်အားရခဲ့၏။ ငါ့အမျိုးမှ ငါ့အမျိုး မဟုတ်၊ တစ်တိုင်းပြည်လုံး ငါ့အမျိုးတွေပဲဆိုသော တိုင်းမှူးစကား နာကြား မှတ်သားရသဖြင့် တန်ဖိုးကြီးသော စကားဟု နားလည်ရ၏။ ထို့ပြင် ကျွန်တော်တို့ကို ကောင်းကောင်း ကျွေးလိုက်ကြဟု တိုင်းမှူးက အမိန့်ပေးခဲ့သောကြောင့် ကျွန်တော်တို့ ဗိုလ်လောင်း ၄ ဦး နံနက်စာ၊ ညဘက် ထမင်း၊ ဟင်း၊ ကောင်းစွာ စားရသည်မှာ ပျော်စရာပင်တည်း။ ထိုနေ့က ကျွန်တော်တို့ နံနက်စာ ငါးမြင်း ဆီပြန်ဟင်း၊ ပဲနှပ်၊ ငါးပိရည် တို့စရာ၊ ချဉ်ရည်ဟင်းနှင့် ပထမဦးဆုံး ဟင်းကောင်း ထမင်းကောင်း စားရခြင်းပင်။

ကျွန်တော်တို့ ရောက်သောနေ့ နံနက်က နာမည်ကျော် ဗြိတိသျှလေယာဉ်နက်ကြီးတွေ ကျွဲညီနောင်နှစ်ကောင် မန္တလေးမြို့ပေါ်ဝင်လာသည်ဟု ပြောကြသည်။ ဗြိတိသျှမဟာမိတ် စစ်တပ်များက မန္တလေးမြို့နှင့် နီးနေသဖြင့် ယခုလို နေ့စဉ် နံနက်တိုင်း ကျွဲညီနောင်နှစ်ကောင် လေယာဉ်နက်ကြီးတွေ ရောက်လာနိုင်ခြင်းဟု သိရပေသည်။ ကျွဲညီနောင်လေယာဉ်ကြီးတွေကို အောက်က ဂျပန်စစ်တပ်က အမြောက်နှင့်ပစ်သံ တဝုန်းဝုန်း ကြားနေရ၏။ ကျွဲညီနောင်လေယာဉ်ဝင်စဉ် ရွှေနန်းတော် ဗုံးကျင်းထဲ ဆင်းဝပ်နေရသေး၏။

ထိုနေ့က ဗိုလ်မှူးဗထူးက ပြောပါသေးသည်။ "ဒီဗိုလ်လေး ၄ ယောက်ကို မင်းတို့ လစ်လပ်တဲ့နေရာမှာ ခေါ်ထားပါ"တဲ့။ ပြီးတော့ မန္တလေးမြို့က မင်းနေပြည်တော်ဖြစ်တော့ ဗိုလ်လေးတွေ နေပြည်တော်မှာ လျှောက်လည်ဖို့ စီစဉ်ပို့ဆောင်ပေးလိုက်ဟုပြောသည်။ ထို့နောက် ဗိုလ်ကြီးလှသမိန်ကို ဤသို့ပြောသည်။

**ဗိုလ်မှူးဗထူး။** "ဗိုလ်လှသမိန် ဒီကလေးတွေကို အောက်ပြည်အောက်ရွာကို ခင်ဗျားပဲ ဦးဆောင်ပြီး ခေါ်သွားဗျာ၊ ခင်ဗျားတာဝန်လည်း အောက်ရပ်ဒေသကို ပြောင်းရမယ်မဟုတ်လား"

ထိုနေ့က ဗိုလ်မှူးဗထူး၏ အမိန့်ဖြင့် ဗိုလ်ကြီးလှသမိန်က ကျွန်တော်တို့ ၄ ယောက်ကို မန္တလေးတောင်နှင့်တကွ မန္တလေးမြို့ပေါ်ရှိ ကြည့်ဖွယ်၊ ရှုဖွယ်၊ လေ့လာဖွယ်နေရာဌာနများသို့ ပို့ရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်တို့ ၄ ဦး ကံမကောင်းလှပါ။ ဘာကြောင့်ဆို ထိုနေ့က မန္တလေးနန်းတော်တွင်းရှိ ဂျပန်စစ်တပ်များသည် မန္တလေးမြို့မှ အောက်ပြည်အောက်ရွာဒေသသို့ အပြင်းအထန် အရှိန်အဟုန်ဖြင့် ဆုတ်ခွာစဉ် မန္တလေးနန်းတော်ကြီးနှင့်တကွ သမိုင်းဝင် အထင်ကရ အဆောက်အအုံများကို မီးရှို့သွားကြပြီဖြစ်၍တည်း။ ကျွန်တော်တို့ ၄ ယောက်မှာ ကံကုသိုလ်နည်းရှာ၍ မီးဟုန်းဟုန်းတောက် ပြာကျလျက်ရှိပြီဖြစ်သော မန္တလေးရွှေနန်းတော်ကြီးကို စိတ်မှန်းနှင့်သာ ကြည့်ညို၍ နေကြရ၏။ အလွန့်အလွန်နှမြောစရာကောင်းလှပေသော သမိုင်းတန်ဖိုးကြီးမားသည့် ဆုံးရှုံးမှုကြီးပင် ဖြစ်တော့သည်။

မန္တလေးမြို့တွင် ကျွန်တော်တို့ နောက်ထပ် ၂ ရက်ခန့်နေကြပြီး ဗိုလ်ကြီးလှသမိန်၏ အော်စတင်ကားကလေးဖြင့် အောက်ပြည်အောက်ရွာသို့ ပြန်လာခဲ့ကြသည်။ ကျွန်တော်တို့ မန္တလေးမြို့မှ ပြန်လာပြီး မကြာမီရက်အတွင်း မန္တလေးမြို့အခြေစိုက် အထက်မြန်မာပြည် ဗိုလ်မှူးဗထူးတပ်က ဂျပန်တပ်များကို တော်လှန်တိုက်ခိုက်နေပြီဖြစ်ကြောင်း ကြေညာချက်ထွက်လာသည်။ ထိုသို့ မကြေညာလျှင်လည်း မဖြစ်တော့သော အခြေအနေသို့ ရောက်နေပေပြီ။ အကြောင်းမှာ ဗြိတိသျှမဟာမိတ်တပ်ပေါင်းစုံကအထက်မြန်မာပြည် မြစ်ကြီးနားမြို့ဆီမှနေ၍ မြားပစ်သလို ၎တစ်ရှိန်ထိုးချီတက်လာနေပေရာ မကြာမီပင် မန္တလေးနေပြည်တော်သို့ ဝင်လာပေတော့မည်။ ထို့ကြောင့်ပင် ဗိုလ်မှူးဗထူး၏ အထက်မြန်မာပြည်တိုင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဖက်ဆစ်ဂျပန်တပ်များကို ထင်ထင်ရှားရှားတော်လှန် တိုက်ခိုက်နေပြီဆိုသော ကြေညာချက်ထွက်လာခြင်း ဖြစ်တော့သည်။

ကျွန်တော်တို့ ဗိုလ်လောင်းလေးဦးနှင့် ဗိုလ်ကြီးလှသမိန်တို့သည် မန္တလေးမြို့မှ ကားကလေးဖြင့် ထွက်ခွာလာကြစဉ် လမ်းခရီးတွင် ရွာသူရွာသားများအား ဂျပန်စစ်သားများက နှိပ်စက်ညှင်းဆဲပြုသည်ကို တားဆီးကာကွယ်မှုမပြုသော ရွာသူကြီးတစ်ဦးအား ဗိုလ်ကြီးလှသမိန်က ဒေါသတကြီးနှင့် ဆွဲထိုးပစ်ခဲ့သေးသည်။ ကျွန်တော်တို့စီးလာသော ကားကလေးပဲခူးမြို့သို့ရောက်သောအခါ ကျွန်တော်တို့ကို ပဲခူးရှိ ဗိုလ်ကြီးဗလ (ရဲဘော်



သုံးကျိပ်) တပ်တွင် အပ်နှံခဲ့သည်။ ဗိုလ်ကြီးလှသမိန်က ရန်ကုန်ပြန်သွားခဲ့သည်။

ကျွန်တော်တို့ ၄ ဦးကို ဗိုလ်ကြီးဗလက ရွှေတောင်ရိုးစခန်းမှာနေရာချထားပေးသည်။ ရွှေတောင်ရိုးစခန်းတောင်ကုန်း၊ တပ်မတော်စခန်းမှူးကြီးရုံးတွင် နေကြရသည်။ ကျွန်တော်တို့ကို တပ်မတော် စက်မှုလက်မှုတပ်ရင်းမှာ တွဲပေးထားသည်။

ပြောရဦးမည်။ ယခင်ယခင်က ကျွန်တော် အရက် မသောက်တတ်ခဲ့ပေ။ ရန်ကုန်သို့ ပြန်သွားသော ဗိုလ်ကြီးလှသမိန်က ပဲခူးကို မကြာခဏပြန်လာစဉ် ရုပ်ရှင်မင်းသားကြီး "တင်မေ" ဖွင့်ထားသော ပျော်ပွဲစားရုံကို ခေါ်သွားရာက ကျွန်တော် အရက်သောက်တတ်လာလေသည်။

ဆရာဖြစ်သူ ဗိုလ်ကြီးလှသမိန်က "ဟေ့ ဗိုလ်တင်ဦး၊ မင်းက အရိုင်းလား၊ အရက်မသောက်တတ်ဘူးလား၊ စစ်သားဆိုတာ အရက်နဲ့ မကင်းဘူးကွ၊ ရော့ တစ်ခွက်လောက် ချကြည့်စမ်းပါ" ဟု ပြောရာက ကျွန်တော်အရက်သောက်တတ်လာခဲ့သည်။

နောက်တော့ ကျွန်တော့်ဖြစ်ပုံ ပြောရဦးမည်။ အဲသည့် အရိုင်းကျွန်တော်၊ တစ်ခါတွင် မိတ်ဆွေတစ်ဦးက ထမင်းဖိတ်ကျွေးစဉ် အရက်ပါတော့ တစ်ခွက်ပြီးတစ်ခွက် သောက်မိသည်။ မိတ်ဆွေအိမ်က ပြန်သည့်အခါကျွန်တော် တပ်စခန်းပြန်မရောက်ဘဲ ပဲခူးက ရွှေမော်ဓောစေတီ ကုန်းတော်ပေါ်ရောက်သွား၏။ ထိုနေ့က ဘုရားကုန်းတော်ပေါ်တွင် အရိုင်း ကျွန်တော်အန်လိုက် အိပ်ပျော်လိုက် ကျောက်စာချပ်တွေကြားထဲမှာ လဲနေသည်။ အိပ်ပျော်သွားသည်။ နေ့လယ်ထမင်းစားပြီး ပြန်လာ၊ မူးလာသည်နှင့် ဘုရားပေါ်တက်ပြီး အိပ်ပျော်သွားခဲ့သည်မှာ ည ၉ နာရီရောက်သည်။ ဤတွင်တပ်က ရဲဘော်တွေ ကျွန်တော့်ကို လိုက်ရှာကြသည်။ ထမင်းစားပွဲတွင်အရက်သောက်ကြစဉ်က ကျွန်တော်တို့ စုစုပေါင်း ၅ ယောက်။ ကျွန်တော်ဗိုလ်မြသွေး၊ ဗိုလ်သန်းညွန့်(ချီကာဂို) ဗိုလ်တင်ညွန့်နှင့် ဗိုလ်အေးမောင်။ သို့သော် အရက်မူးမူးနှင့် ကျွန်တော် တစ်ယောက်တည်း ဘယ့်နှယ်ကဘယ့်နှယ် လူကွဲ၍ ရွှေမော်ဓောဘုရားစေတီပေါ် ရောက်သွားသည်ဟု မသိနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်တော်တို့နှင့် အတူပါလာသူ ဗိုလ်အေးမောင်က ဂျပန်ခေတ် စစ်တက္ကသိုလ်မှာ အသက်အကြီးဆုံးဖြစ်သည်။ ဗိုလ်အေးမောင်က အာမခံကုမ္ပဏီက ဘီအိုင်အေတပ်ထဲဝင်သည်။ ဘီအိုင်အေတပ်မတော်က ဗိုလ်သင်တန်းကျောင်းရောက်လာသည်။ ပုသိမ်သားဗိုလ်အေးမောင်က ပဲခူးရှိ ဗိုလ်ဗလတပ်ကို အရင်ဦးစွာ တာဝန်ကျခဲ့ရာမှာ ထိုနေ့က ကျွန်တော်တို့နှင့် မိတ်ဆွေတစ်ဦး ထမင်းကျွေးရာ ပါလာသည်။ ဗိုလ်အေးမောင်မှာ အသက် ၃၀ ခန့်ရှိ၍ အိမ်ထောင်ကျနေပြီ။ ဩော် မေ့တော့မလို့ အဲသည့်နေ့က ဗိုလ်ကြီးလှသမိန်လည်း ပါလာပြီး အရက်သောက်သည်။ ပထမတော့ ဗိုလ်အေးမောင်၏မိတ်ဆွေ ပဲခူးမြို့ထဲက ကိုဉာဏ်ဝင်းအိမ်မှာ သွားပြီး ထမင်းစားရင်း အရက်သောက်ကြသည်။ ကိုဉာဏ်ဝင်းနှင့် ဗိုလ်အေးမောင်တို့က ကောလိပ်ကျောင်းမှာ ကျောင်းနေဖက်ဖြစ်၍ ထမင်းဖိတ်ကျွေးခြင်း ဖြစ်သည်။ သည်တုန်းက သောက်ကြသည်မှာ တောချက်အရက်ဖြစ်၍ မူးလိုက်သည်မှာ သတိလစ်အောင်ပင်။

ထိုညက ရဲဘော်တွေ လိုက်ရှာကြသဖြင့် ကျွန်တော့်ကို ရွှေမော်ဓော ဘုရားပေါ်တွင် ရှာတွေ့ကြ၍ တပ်သို့ ပြန်ခေါ်သွားကြ၏။

သည်တုန်းက ရန်ကုန်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေကြပြီ။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့ကာကွယ်ရေး တပ်များသည် ရွှေတိဂုံစေတီတော်အနီး မြေကွက်လပ်တွင် (ယခုတော်လှန်ရေးပန်းခြံနေရာ) ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့က တော်လှန်ရေးတပ်ထွက်ပွဲကို ကျင်းပခဲ့ပြီးကြပြီ။

□

# အခန်း (၁၀)
# အနီးကပ်ဆုံးရန်သူကို ရှာပြီး တိုက်ကြ

ထိုစဉ်က အိန္ဒိယ မြန်မာနယ်စပ် ရှေ့တန်းချီ ဗမာ့ကာကွယ်ရေး တပ်မတော်အသွင်ယူထားသော တပ်ထွက်ပွဲ၌ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "အနီးကပ်ဆုံးရန်သူကို ရှာပြီး တိုက်ကြ" ဆိုသည့် အမိန့်ပြန်နှစ်ခွ ထွက်စေသော မိန့်ခွန်းကို မိန့်ကြားခဲ့၏။ အနီးကပ်ဆုံးရန်သူဆိုသည်မှာ ဘာလဲ၊ ဘယ်သူလဲ။

ဗြိတိသျှမဟာမိတ်တပ်လား၊ ဖက်ဆစ်ဂျပန်တပ်လား၊ အမိန့်ပြန်ကား မကွဲမပြား။ သို့သော် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်မှူးတို့ကား သိပြီး ထားကြပြီ။ အနီးကပ်ဆုံးရန်သူဆိုသည်မှာ ဖက်ဆစ်ဂျပန်တည်း။

ထိုစဉ်အခါက ပဲခူးမှာ ဗိုလ်ကြီးဗလ(ရဲဘော်သုံးကျိပ်) သည် စခန်းမှူးကြီး။ ဗိုလ်အေးမောင်က တပ်ရင်းမှူး။ ဗိုလ်အေးမောင်က နောင်အခါ တပ်မတော် ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးဖြစ်ခဲ့သေးသည်။ တပ်မတော်မှာ အဆင့်မြင့်အရာရှိကြီးလည်း ဖြစ်ခဲ့သေးသည်။ ယခု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိသားစု ဆရာဝန် ဒေါက်တာ တင်မျိုးဝင်း၏ ခယ်မ၊ မဂျူရီ၏ဖခင်ဖြစ်သည်။

၁၉၄၅-၄၆ ဗြိတိသျှမဟာမိတ်တပ်တွေ မြန်မာပြည်ဝင်လာစဉ် တပ်မတော်မှာ ကော်မရှင် ရာထူးဗိုလ်အဆင့်ပေးတော့ ဗိုလ်အေးမောင်လည်း ကျွန်တော်တို့နှင့်အတူ ပြန်ပါလာ၏။ နောက် ကျွန်တော်တို့သက် အရင်

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်မှာ တပ်ရင်းမှူးဖြစ်သွားခဲ့သည်။ ဗိုလ်အေးမောင်သည် တော်လှန်ရေးကောင်စီခေတ်တွင် စစ်သံအဖြစ် နိုင်ငံခြားသွားပြီး အမှုထမ်းရသေးသည်။ စစ်သံကပြန်လာ၍ ၁၉၈၈ ခုနှစ် အရေးတော်ပုံ၌ ပါလာသေးသည်။ ယခုတော့ ကွယ်လွန်ရှာပါပြီ။

၁၉၄၅ ခုနှစ် ရောက်ပြီ။ စက်မှုလက်မှုတပ်ရင်းကို ကွပ်ကဲသူက နောင်အခါမှာ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် ဖြစ်လာသူ ဗိုလ်ကြာညွန့် ဖြစ်သည်။ ဗိုလ်ကြာညွန့်သည် ဗိုလ်သင်တန်းကျောင်းတက်စဉ်က ပထမပတ်ဝါရင့်တပ်မှူး။ ကျွန်တော်တို့က တတိယပတ်ဖြစ်၍ ဗိုလ်ကြာညွန့်ထက် ဝါငယ်လေသည်။

ပဲခူးမြို့ တပ်မတော် တပ်စခန်းမှူးကြီး ဗိုလ်ကြီးဗလနေရာကို နောင်တွင် ရဲဘော်သုံးကျိပ် ဗိုလ်မှူးကျော်ဇောရောက်လာသည်။ ဗိုလ်မှူးကျော်ဇော ရောက်လာပြီး မကြာမီပင် ဗိုလ်ကြာညွန့်က ကျွန်တော့်ကိုခေါ်ပြောသည်။ "ဗိုလ်တင်ဦး မင်းတို့ကျောင်းဆင်း ဗိုလ်လေးယောက် ခရီးထွက်ဖို့ရှိတယ်၊ အသင့်ပြင်ထားကြ၊ တပ်နဲ့ပတ်သက်တဲ့ လက်နက်ကိရိယာကအစ အားလုံးပြည့်စုံပါစေ"တဲ့။

ဗိုလ်ကြာညွန့်က ပြောသေးသည်။ "မင်းတို့ ၄ ယောက်ကို ပဲခူးချောင်းဖျားကို တာဝန်နဲ့ စေလွှတ်ဖို့ရှိတယ်"

ထိုစဉ်က ပဲခူးတပ်ရင်းသို့ ဗိုလ်မှူးကျော်ဇော (ရဲဘော်သုံးကျိပ်) ရောက်လာစဉ် ပထမဆုံးအကြိမ် ဗိုလ်ကျော်ဇောကို မြင်ဖူး၊ တွေ့ဖူးခြင်းဖြစ်သည်။

ဗိုလ်မှူးကျော်ဇောက ပြောသည်။ "စစ်သေနာပတိ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ တို့ပဲခူးတပ်ရင်းကို လာဖို့ရှိတယ်၊ ညစာ ထမင်းစားပွဲရှိတယ်၊ အဲဒီထမင်းစားပွဲကို မင်းတို့ ဗိုလ်တွေ အားလုံးတက်ရမယ်"

ဗိုလ်ချုပ်အောင်ဆန်း ပဲခူးတပ်ရင်းစခန်းသို့ ရောက်လာပြီးတော့ ထမင်းစားပွဲ ကျင်းပသည့် ခန်းမဆောင်ကို ကျွန်တော်တို့ ကျောင်းဆင်း ဗိုလ် ၄ ဦး ရောက်သွားသည်။ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တို့ ဗိုလ် ၄ ယောက်ကို တွေ့ချင်သည်ဆို၍ ထမင်းစားသည့်အခါ သူ့အနီးမှာ နေရာချထားပေးသည်။



ထမင်းစားပွဲက ညနေ ၅ နာရီလောက်မှာ ကျင်းပသည်။ ကျွန်တော်တို့ ၄ ဦး ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုပြီး ချထားပေးသော နေရာမှာ ဝင်ထိုင်ရသည်။

ဗိုလ်ချုပ်ကရောက်လျှင် ရောက်ချင်း ရာထူးကြီးသူ အရာရှိများနှင့် ခေတ္တမျှစကားပြောပြီး ကျွန်တော်တို့နှင့် စကားပြောသည်။ ထမင်းစားကြသည်မှာ ဝါးတန်းလျားနှင့် ဝါးစားပွဲဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို ယခု တစ်ကြိမ်မြင်ဖူးသည်မှာ နှစ်ကြိမ်မြောက်ဖြစ်သည်။ ဗိုလ်သင်တန်းကျောင်း ကျောင်းဆင်းပွဲတွင် ယခင်က တစ်ကြိမ် မြင်ဖူးရာ ယခုလောက် နီးနီးကပ်ကပ် တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူး။

မှတ်မိသေး၏။ ထိုနေ့က ညနေစာ ထမင်းမစားကြမီ ဗိုလ်ချုပ်အောင်ဆန်းက စားပွဲပေါ်တွင် ချည့်ခံထားသော ဆေးပေါ့လိပ် မီးညှိပြီး ဖွာနေသည်ကို တွေ့ရ၏။ ဗိုလ်ချုပ်က ဆေးပေါ့လိပ်ကို ဖွာရုံသာဖွာသည်။

ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တို့ ကျောင်းဆင်းဗိုလ်လေးတွေကို နာမည်မေးပြီး နှုတ်ဆက်၏။ "နာမည်ဘယ်သူလဲ၊ ဘယ်အပတ်ကျောင်းဆင်းလဲ" "ဘယ်မြို့ကလဲ၊ မိဘတွေရှိသေးလား"

ဗိုလ်ချုပ်က ရင်းရင်းနှီးနှီး မေးမြန်းပြောဆိုနေသည်။ ကျွန်တော်တို့ ရှေ့မှာ အသက်ငယ်ရွယ်သော်လည်း တပ်မတော် အကြီးအကဲတာဝန်ကို ထမ်းဆောင်နေသူ ဗိုလ်ချုပ်အောင်ဆန်းကို ကြည့်ပြီး အများကြီး အားတက်ရွှင်လန်း ချမ်းမြေ့ခြင်းဖြစ်ရသည်။ လေးစားကြည်ညို မြတ်နိုးခင်တွယ်မှုလည်း ဖြစ်ရချေ၏။

ဗိုလ်ချုပ်အောင်ဆန်းက မေးခွန်းတစ်ခုမေး၏။

"မင်းတို့ပျော်ရဲ့လား"

ကျွန်တော်တို့ ၄ ဦး။ "ပျော်ပါတယ် ခင်ဗျ"

ထိုသို့ ပျော်ပျော်ပါးပါး စကားပြောကြပြီး ပျော်ပျော်ပါးပါးပင် ထမင်းစားကြရလေ၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ထမင်းစားရသည်ဖြစ်တော့ ဟင်း ကောင်းဟင်းမွန်တော့ ပါလေသည်။ ငါးဆီပြန်ဟင်း၊ ငါးပိကြော်၊ ဟင်းချို တစ်ခွက်၊ တို့စရာ၊ အသီးအရွက်စုံ၊ ကြက်သား၊ ဝက်သား မပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ထမင်းစား၍ ကောင်းကြသည်။ ခါတိုင်းဆို နံနက်စာဆိုလျှင် ငါးပိကြော်၊ ပဲဟင်း။ ညနေဘက်မှာတော့ အသားဟင်းတစ်ခွက်ပါလေ့ ရှိသည်။ ငါး၊ ဝက်၊ ကြက်သားလည်း တစ်ခါတလေ ပါတတ်သည်။

နောက်မှသိရသည်က ဗိုလ်ချုပ်အောင်ဆန်း ပဲခူးသို့ လာရောက်ခြင်းမှာ ဖက်ဆစ်တော်လှန်ရေးကိစ္စများအတွက် စီစဉ်ညွှန်ကြားရန်၊ ကျွန်တော်တို့ လူငယ်များအနေနှင့် အမိန့်ကိုသာ စောင့်ဆိုင်းလိုက်နာရန် ဖြစ်ပြီး ဘာမျှမေးခွင့်မရှိ။ စူးစမ်းခွင့် မရှိပါချေ။

ဗိုလ်ချုပ်အောင်ဆန်းသည် ထမင်းစားသောက်ပြီး ရန်ကုန်သို့ ပြန်သွားလေ၏။ ဗိုလ်ချုပ်ပြန်သည့်အခါ ကျွန်တော်တို့ အရာရှိကြီးငယ်များ တန်းစီလျက် ဗိုလ်ချုပ်ကို အလေးပြုလိုက်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်သို့ပြန်သွားသော ညတွင်ပင် ဗိုလ်ကြာညွှန့်က ကျွန်တော့်ကို ခေါ်၏။

**ဗိုလ်ကြာညွှန့်။** "ဗိုလ်လေးတင်ဦး၊ ဒီနေ့ည တပ်ထွက်ရမယ်၊ မင်းတို့နဲ့ ရဲဘော် ၆ ယောက်ပါမယ်၊ တပ်ကြပ်တစ်ဦး ကွပ်ကဲဖို့ပါမယ်၊ ကျန်တာကတော့ တပ်ကြပ်ကလေး ဒုတပ်ကြပ်နဲ့ ရွေးထားတဲ့ ရဲဘော် ၆ ယောက် ပါဝင်ကြမယ်၊ ဒီတော့ မင်းတို့တာဝန်က ပဲခူးရိုးမ ချောင်းဖျားကို သွားရမယ်၊ ပဲခူးချောင်းဖျားမှာ မဟာမိတ်တပ်က လေထီးတွေကျနေတဲ့ သတင်းရတယ်၊ အဲဒါ မင်းတို့ စုံစမ်း အဆက်အသွယ်ယူပြီး အမြန်သတင်းပို့ရမယ်၊ သို့သော် တပ်ဝင်းကအထွက်မှာ ဂျပန်စစ်သား ကင်းအဖွဲ့ရှိမယ်၊ ဗိုလ်လေးတင်ဦးက ဂျပန်လိုစကားပြောတတ်တော့၊ မင်းကို ဂျပန်ကမေးရင် လေထီးတွေကျတယ် သတင်းကြားလို့ လေထီးတပ်သားတွေကို တိုက်ခိုက်ဖို့၊ သတင်းယူဖို့သွားမယ် ပြောသွားပါ"

ဗိုလ်ကြာညွှန့်က ဆက်ပြောသေးသည်။

"စောင်းလျားကုန်းရွာရောက်ရင် မင်းဆီလူတစ်ယောက် လာတွေ့လိမ့်မယ်၊ အဲဒီလူနောက်ကို မင်းလိုက်သွား၊ ဘာဆက်လုပ်ရမယ်ဆိုတာ သိလိမ့်မယ်၊ ပဲခူးအလွန်၊ ပဲခူးချောင်းဖျားထွက်တဲ့ အပေါက်မှာ မြို့အလွန် သုံးလေးမိုင်ကျတော့ စောင်းလျားကုန်းကျေးရွာပါပဲ၊ အဲဒီမှာ ဗိုလ်လေးတင်ဦး ခဏစောင့်နေ၊ ငါလာခဲ့မယ်၊ မင်းရှေ့ဆက်သွားဖို့ လူတစ်ယောက် ငါထည့်ပေးမယ်"



ဗိုလ်ကြာညွှန့် အမှာစကားက မပြီးသေး။

"အဲဒီလူခေါ်ရာ မင်းလိုက်သွားပြီး ဂျပန်စစ်သားနဲ့တွေ့ရင် ခုနပြောခိုင်းတဲ့စကားကိုပဲ ပြောရမယ်"

ထိုနေ့ညက ကျွန်တော်တို့ တပ်စု ထွက်လာသောအခါ ဝင်းဝမှာ ဂျပန်ကင်းအဖွဲ့နှင့်တွေ့သဖြင့် နှုတ်က ဗိုလ်ကြာညွှန့် အမှာစကားအတိုင်း ပြော၍ Movement Order ခရီးသွားအမိန့်ကို ပြလိုက်သည်။

ဂျပန်ကင်းက "ဘယ်သွားမှာလဲ"

ကျွန်တော်တို့လက်ထဲက ခရီးသွားအမိန့်စာတွေ့တော့ "သွား"ဟု ခွင့်ပြုလိုက်သည်။

ထိုစဉ်က ကျွန်တော့်ထံ၌ လက်နက်၊ ဂျပန်ဓားရှည်ပါသည်။ ပြီးတော့ ခြောက်လုံးပြူးသေနတ် တစ်လက်ပါသည်။ ရဲဘော်တွေကတော့ ဂျပန်ရိုင်ဖယ်သေနတ်ကိုယ်စီပါသည်။ ဗိုလ်ကြာညွှန့်က "ဗိုလ်လေးတင်ဦး မင်းတို့အတွက် လှည်းတစ်စီး စီစဉ်ထားတယ်" ဟု ပြောသည်။ လှည်းမှာ အခင်းအဖြစ် ကောက်ရိုးအုပ်ပေးလိုက်သည်။ လှည်းပေါ်က ကောက်ရိုးအောက်မှာ လက်နက်ပါ-မပါဆိုသည်ကိုကား ကျွန်တော်မသိပေ။ "လှည်းပေါ်မှာ ပစ္စည်းပါတယ်၊ မင်းသွားရင် ယူသွား" ဟုတော့ မှာသည်။

ထိုနေ့ညက မှောင်မှောင်မှာ စောင်းလျားကုန်းရွာရောက်သည်။ စောင့်နေစဉ် မြင်းခွာသံကြားသည်။ မြင်းပေါ်မှာ ဗိုလ်ကြာညွှန့်နှင့် ရဲဘော်တစ်ဦး ပါလာသည်။

ဗိုလ်ကြာညွှန့်နောက်က မြင်းပေါ်မှာပါလာသူက နာမည် "ပြာတီး" ဟု သိရသည်။ အရုပ်အလွန်ဆိုးသော လူပင်၊ သရဲလိုရုပ်မျိုး။

နောက်မှသိရသည်။ ပြာတီးက မြေအောက်မှာ လှုပ်ရှားနေသော တော်လှန်ရေးရဲဘော်။ အိန္ဒိယက လွှတ်သော ရဲဘော်ကိုတင်ရှွေတို့ လေထီးကျစဉ်က ကိုပြာတီးက သွားကြို စောင့်ရှောက် နေရာချထားပေးရသည်ဟု သိရသည်။

ထိုအခါကျမှ လှည်းပေါ်မှာပါလာသော လက်နက်များကို အောက်သို့ချရသည်။ လှည်းပေါ်ကချသော လက်နက်များမှာ ဂျပန်လက်နက် သေနတ်အတိုတွေပါ၏။ လုပ်သေနတ်တွေလည်း ပါသည်။ လှုပ်သက်ပစ်ဗုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်းပါသည်။ လက်ပစ်ဗုံးများမှာ အင်္ဂတေသားကို အထဲက ယမ်းထည့်ပြီး စနက်တံကို မီးရှို့ပြီး ပစ်ရသော လက်ပစ်ဗုံးများဖြစ်သည်။ အင်္ဂတေနှင့် သံကျွတ်နှင့်ရောပြီး လုပ်ထားသည်။

ပထမဆုံးအကြိမ် ကိုတင်ရွှေတို့ လေထီးဆင်းစဉ်က ချောချောမောမောပင်။ ကြိုသူနှင့်တွေ့၍ အစစအရာရာ အခက်အခဲမရှိ။ နောက်တစ်သုတ်ချသည့်အခါ အဆက်အသွယ်မရ။ လေထီးချင်း ကြိုးငြိ၍ ရွှေလောင်းရွာထဲသို့ ကျသွားရာ ကရင်တွေက အလောင်းတွေသင်္ဂြိုဟ်ပြီး ပါလာသော ပစ္စည်းတွေ သိမ်းထားပေးကြသည်။ လေထီးရဲဘော်တွေမှာ ကံဆိုးကြရာသည်။ လေယာဉ်ပေါ်က ခုန်ဆင်းစဉ် ကြိုးချင်းငြိ၍ လေထီးမပွင့်တော့ဘဲ ကျောက်တုံးကြီးပေါ်ကျ၍ ပွဲချင်းပြီး ကွယ်လွန်ကြရာလေသည်။

ဗိုလ်ကြာညွန့်က ကျွန်တော့်ကိုပေးသောတာဝန်မှာ လေယာဉ်ပေါ်က ကျလာသော လေထီးရဲဘော်ကို ကြိုဆို၊ အင်္ဂလိပ်လို ပြောဆို ကူညီဖို့ပဲ။ ဒါပဲ။

သည်မှာ တာဝန်ပေးလာသည်ကို ကြား၍ ကျွန်တော် နည်းနည်းစိုးရိမ်သွားသည်။ "ဟာ ငါလုပ်ရမယ့်အလုပ်က မသေးပါလား၊ အရေးကြီးတဲ့ တာဝန်ပဲ၊ အဆင်ပြေမှပြေပါ့မလား" စိတ်ထဲမှာ ဝမ်းနည်းသလိုလို၊ ကြောက်သလိုလို။

ထိုညက တစ်ညလုံး စောင့်နေကြသည်။ ဗိုလ်ကြာညွန့်ထံမှ ဘီစကစ်မုန့်တွေ ပါလာသည်။ ဆာရင် ဘီစကစ်စား ရေသောက်ရသည်။ ထိုအချိန်တွင် ကျွန်တော်နှင့်အတူပါလာသော ဗိုလ်ထွန်းညွန့်က ဗိုလ်ကြာညွန့်နှင့် မြင်းစီးပြီး ပဲခူးသို့ ပြန်သွားလေပြီ။

ကျွန်တော်နှင့် ကိုပြာတီးတို့သည် တောတွင်းသို့ လျှောက်ဝင်လာသည်။ နာမည်က ပြာတီး လူရုပ်က သရဲရုပ်ဖြစ်သော်လည်း ဆက်ဆံရေးမဆိုး။ ကျွန်တော့်အပေါ်တွင် လေးလေးစားစား ဂရုတစိုက် နေရာထားဆက်ဆံသည်။

အမှန်ကတော့ သူ့အဆင့်အတန်းက အရာရှိအဆင့်မဟုတ်။ မြေအောက်လုပ်ငန်း ရဲဘော်သာဖြစ်သည်။ သို့သော် သူက သမိုင်းရှိ၏။ လယ်သမားတော်လှန်ရေး ခေါင်းဆောင်ကြီး ဆရာစံ၏တပည့်၊ တော်လှန်



ရေး သူပုန်ကြီး ကိုထွန်းမြတ်၏သား။ ဆရာစံသူပုန်ထစဉ်က ဦးထွန်းမြတ်နှင့် ဦးထွန်းအောင်၊ ဗိုလ်ရမ်းတို့ ၃ ဦး အကျဉ်းကျ တစ်ကျွန်းအပို့ခံရသည့် သမိုင်းကျန်ခဲ့သည်။ ပြောရဦးမည်။ ထိုညက ကိုပြာတီးခေါ်ရာသို့ ချမ်းချမ်းစီးစီး လိုက်သွားရ၏။ ကိုပြာတီးက ပြော၏။

"ဗိုလ်လေးတင်ဦး ခင်ဗျားတို့ ဒီည ဒီမှာအိပ်ရမယ်၊ သူတို့ လေထီးဆင်းမယ့် သတင်းနားထောင်ရင်း ကျွန်တော် အစားအစာယူဖို့ သွားမယ်၊ ခင်ဗျားတို့ ယခုရောက်နေတာ အောက်တကဲရွာ ထန်းတောကြီးရွာမရောက်မီ အောက်တကဲရွာရဲ့ ၄ မိုင်အကွာမှာ ဒီနေရာက ဘယ်မှမရွှေ့ပါနဲ့၊ ကျွန်တော်ပြန်လာရင် ဝါးကို သုံးချက်ခေါက်ပြီး အချက်ပေးမယ်"

သို့နှင့် ကိုပြာတီး ထွက်သွားသည်။ ကျွန်တော်တို့ တည်းခိုသော အဆောက်အအုံကို တံခါးပိတ်ပေးသွားသည်။ ညသန်းခေါင် နာရီပြန် နှစ်ချက်လောက်တွင် ဝါးခေါက်သံ သုံးချက်ပေးပြီး ကိုပြာတီးပြန်လာသည်။ သူနှင့်အတူ လူနှစ်ယောက်ပါလာသည်။ တစ်ယောက်က ဦးထွန်းအောင်၊ တစ်ဦးက ဗိုလ်ရမ်း။ ထိုစဉ်က ကျွန်တော့်အသက်က ၂၀ တစ်ကျွန်းပြန် သူပုန်လက်ဟောင်းတွေက အသက် ၅၀ ခန့် ရှိကြမည်။ တစ်ဦးက သျှောင်ထုံးဆံပင်၊ တစ်ဦးက ကတုံး။ ဗိုလ်ရမ်းက ကတုံး၊ ဗိုလ်ထွန်းအောင်က သျှောင်ထုံး။

ကိုပြာတီးက ပြော၏။ "သည်လူတွေလည်း တော်လှန်ရေးသမားတွေပဲ၊ ဖက်ဆစ်တော်လှန်ရေးမှာ လိုအပ်သမျှ ကူညီမယ့်သူတွေပဲ"

သို့နှင့် တစ်ကျွန်းပြန် သူပုန်နှစ်ဦးကို ကျွန်တော်က ဂျပန်ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန် ၅၀ စီ ထုတ်ပေးရသည်။

ဗိုလ်ရမ်းက သူတို့ရသော သေနတ်တွေ ကျည်ဆန်တွေကြည့်ပြီး အများကြီး ကျေနပ်နေသည်။ "ငါတို့၊ အင်္ဂလိပ်အစိုးရကို ပုန်ကန်တုန်းက ဒီလိုလက်နက်သာရရင် ဘယ်လောက်ချလို့ ကောင်းမှာလဲ၊ တို့တုန်းက တစ်လုံးပြူးသေနတ်ကို သံခွေတွေနဲ့ မောင်းတင်ပြီး ပစ်ရတာ၊ ဒါကြောင့် ရှုံးရတာ"

လယ်သမားခေါင်းဆောင်ကြီး ဆရာစံတော်လှန်ရေးမှာ ၁၉၃၀ ပြည့်နှစ်။ ယခု ၁၉၄၅ ခုနှစ်။ လွန်ခဲ့သော ၁၅ နှစ်က ကြုံရသည်တို့ကို ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရမ်းတို့က တက်တခေါက်ခေါက်။ ထိုစဉ်က ကျွန်တော်တို့ တပ်မတော်သားတွေ ယူနီဖောင်းဝတ်စုံ တူညီသေနတ်နှင့် ဓားနှင့် အလွန်ပင် ရှိုးကျသော အသွင်ကို ဆရာစံလယ်သမား တော်လှန်ရေး တပ်သားဟောင်းကြီးတွေ သဘောကျနေကြသည်။ ကျွန်တော်တို့ တပ်မတော်သားတွေ စုစုပေါင်း ကျွန်တော်ပါ ၇ ယောက်။ နာမည်အားလုံး မှတ်မိနေသည်။ သစ်ကြည်၊ မင်းအောင်၊ အောင်ရွှေ၊ တင်ညွှန့်၊ ထွန်းမောင်၊ မောင်ငယ်။

ထိုနောက် အိပ်ပြီးတော့ စားကြသောက်ကြပြီး ရှေ့ခရီးဆက်ရသည်။ တောနက်ထဲသို့ တစ်ညလုံးလျှောက်ဝင်ရသည်။ စိမ့် စိမ့်၍ အေးလှချေ၏။

သြော် မေ့တော့မလို့။ ပြောရဦးမည်။ အဲသည့်သက စားရသောထမင်းမှာ ဆာဆာလောင်လောင်နှင့် စားရသဖြင့် စားကောင်းလှ၏။ ဟင်းက ဘာမှမပါ။ ချက်လာသော ထမင်းက ဆန်ကောင်းသည်။ ငါးပိရေကျိုကို ငါးအရိုးတွေနှင့် ရောကျိုပြီး ငရုတ်သီးတွေထောင်းပြီး ငါးပိရည်ပေါ်က ဖြူးလာသည်။ တို့စရာအဖြစ် ဘူးညွန့်ကို အသီးကလေးတွေပါ တစ်ပင်လုံး ခွဲချို၍ ပြုတ်ယူလာခြင်းပင်။ ဘူးပင်က အခွေလိုက်ကြီးနှင့်။ ဘာပဲဖြစ်ဖြစ် ဆာလွန်း၍ ထိုနေ့က ထမင်းမြိန်ပုံကို မမေ့နိုင်ချေ။

ထိုနေ့လယ်က ထမင်းစားပြီး ခရီးဆက်ခဲ့ကြရာ သစ်ပင်ကြီးတွေအကြား တဖြည်းဖြည်း တောနက်လာသည်။ ရာသီကလည်း တစိမ့်စိမ့် အေးလှသည်။ နံနက် ၃ နာရီတွင် ကိုပြာတီးက ပြော၏။

"ဒါ ကြပ်ပြေးစခန်းပဲ၊ သိပ်လုံခြုံနေပြီ၊ ဗိုလ်ရမ်းနဲ့ ဗိုလ်ထွန်းအောင်တို့က ဗိုလ်လေးတို့ကို အဘက်ဘက်က စောင့်ရှောက်လိမ့်မယ်"

ဤသို့ပြောပြီး ကိုပြာတီး ပြန်ထွက်သွားသည်။ ညနေကျတော့မှ သူပြန်ရောက်လာသည်။ ငါးပိ၊ ပဲနှင့်ဆန်ပါလာသည်။ ကိုပြာတီးကပြော၏။

"ဗိုလ်လေးတင်ဦး၊ ဒီနေ့ မတ်လ ၂၇ ရက်နေ့ ဖက်ဆစ်တော်လှန်ရေးစတင်ပြီ၊ ဂျပန်တွေကို တော်လှန်ရေးတပ်သားတွေက ဝင်တိုက်ကုန်ပြီ" သည်တော့မှ ကျွန်တော်တို့ ဗမာ့တပ်မတော်က တော်လှန်ရေးဆင်နွှဲပြီဆိုခြင်းကို သိရတော့၏။ အထက်လူကြီးတွေ၏ လျှို့ဝှက်သော နည်းစနစ်ကား လုံခြုံလှပေ၏။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး စတင်ပြီဆိုတာ သိရတော့ ကျွန်



တော်လည်း အသက် ၂၀ ရွယ် ကလေးတွေး တွေးပြီးပူမိသည်။ အင်အားကြီးမားသော ဂျပန်စစ်တပ်ကြီးကို ကျွန်တော်တို့ လူနည်းစု မြန်မာ့တပ်မတော်က မည်သည့်နည်းဖြင့် ရင်ဆိုင်မည်နည်း။ တော်လှန်ရေးကြီး စတင်ပြီဆိုတော့ ဒါက ဘယ်တော့ နိဂုံးကမ္ပတ်အဆုံးသတ်မှာလဲ။ တော်လှန်ရေးမပြီးမီ အမေနှင့်တော့ တော်တော်နှင့် တွေ့ရဦးမည် မထင်သေး၊ စသည်ဖြင့် တွေးပြီး ပူပန်သောက ရောက်ရသေးသည်။ စိတ်ထဲမှာ ဟာတာတာကြီး ဝမ်းနည်းသလိုလို အားငယ်သလိုလိုပင်။

ကိုပြာတီး၏ နာမည်ရင်းက "သိန်းမောင်"တဲ့။ သူက ပြော၏။

"ဗိုလ်လေးတင်ဦး ဒီနေ့ည စီတီကွင်းမှာ လေထီးချမယ်"

သူပြောသော စီတီကွင်းဆိုသည် ဘယ်လောက်ဝေးသည်လည်း မသိ။ သူပြောတော့ "ဒီတောစပ် ဟိုနားမှာ"တဲ့။ ကိုပြာတီးက သည်နားပတ်လည် သူ့ခြေရာချည်းပင်။ နယ်မြေကျွမ်းသည်။

"ဗိုလ်လေးတင်ဦးနဲ့ လေထီးကျရဲဘော်တွေကို နက်ဖြန်နံနက်ကျရင် မိတ်ဆက်ပေးမယ်"ဟု ပြောပြီး ပြန်ထွက်သွားပြန်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## လေထီးဆင်း ရဲဘော်များကို သွားကြိုစဉ် ညဥ့်မှောင်မှောင်မှာ အပြန်လမ်းရှာမတွေ့

ထိုနေ့ ညနေ ၅ နာရီခန့်တွင် လေယာဉ်တစ်စင်း ကောင်းကင်မှာ ဝဲလာသည်။ ခဏကြာတော့ လေယာဉ်က အဖြူပွင့်ကလေးတွေ ကျလာသည်။ လေထဲမှာ အဖြူပွင့်ကလေးတွေ ဝဲနေသည်။ ကြည့်ရသည်မှာ သိပ်လှပါ၏။ အားလုံးပေါင်း လေထီးပွင့် ဖြူဖြူကလေးတွေက ၁၂ ပွင့်တိတိ။ ရဲဘော် ၁၂ ယောက် လေယာဉ်ပေါ်မှချပေးပြီး ပြန်သွားတော့သည်။

ဤတွင် ကျွန်တော် စဉ်းစားပြီး ဆုံးဖြတ်သည်။ လေထီးရဲဘော်တွေ ကျသောနေရာကိုသွားရန် ကျွန်တော့်တာဝန်ပင်။ ကျွန်တော် ထိုနေရာသို့ သွားမည်။

သို့သော် ရဲဘော်တွေက "ဗိုလ်လေး မသွားပါနဲ့၊ ကိုပြာတီးကလည်း ဒီမှာပဲနေဖို့ မှာသွားတယ်"

**တပ်ကြပ်။** "စီတီးကွင်းဆိုတာ ဘယ်မှာရှိသလဲမှ မသိတာဘဲ။ ဗိုလ်လေးသွားလို့ မဖြစ်ပါဘူး"

**ကျွန်တော်။** "ဟာ လေထီးတွေကျတာ အဲဒီနေရာပဲ၊ စီတီးကွင်းဆိုတာ ဒီနေရာမှာရှိတယ်၊ အဲဒီနေရာမှန်းပြီးသွားရင် ရောက်မှာပေါ့"

**ရဲဘော်များ။** "ဟာ ဗိုလ်လေး မသွားပါနဲ့၊ ကျွန်တော်တို့ကို ထားပြီးသွားလို့ ဘယ်ဖြစ်မှာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်။** "ငါ ခုချက်ချင်း ပြန်လာမယ်၊ မင်းတို့ မတားနဲ့၊ ငါက တာဝန်အရလုပ်တာ၊ ငါ အကုန်လုံး မခေါ်သွားဘူး၊ ဟေ့ကောင် ကျော်အေး မင်းလိုက်ခဲ့၊ ဟန်စိန်လည်း လိုက်ခဲ့"

ကျွန်တော်နှင့် ရဲဘော်ကျော်အေး၊ ရဲဘော်ဟန်စိန်တို့ ထိုစခန်းက ထွက်လာကြသည်။ သို့သော် မကြာခင် အမှောင်ရောက်လာ၍ တောက နက်သည်ထက် နက်လာသည်။ ရှေ့ဆက်မသွားတတ်တော့ပြီ။ ခရီးက ၄ မိုင်လောက် ပေါက်ခဲ့ပြီ။ ဘာမှလည်း မတွေ့။ ဘယ်သူတစ်ဦးတစ်ယောက်မှလည်း မရှိ။ ဘာသံမှလည်း မကြားရ။ ဘယ်ကြားရ တွေ့ရတော့မှာလဲ။ လေထီးဆင်းစစ်သည်တွေက ကျလာလာချင်း လေထီးကို ထုပ်ပိုးပြီး မြေကြီးထဲတွင်းတူးမြှုပ် မိမိတို့ ခရီးဆုံး ရည်မှန်းချက်ဒေသကို သွားကြတော့သည်ကိုး။

လေထီးဆင်းစစ်သည်တွေကို ရှာမတွေ့၍ စခန်းကို ပြန်လာတော့ ခက်ကပြီ။ လမ်းကိုရှာမတွေ့၊ မှောင်ထဲမှာ စမ်းတဝါးဝါး။

ထိုနေ့ညက ၇ နာရီလောက် စခန်းက ထွက်လာသည်မှာ ပြန်မည်ဆိုတော့ လမ်းပျောက်နေ၍ ညဉ့်နက်သန်းခေါင်ရောက်ပြီ။ ခဏ္ဍဝေးဝေး ရွာကလေးများက သန်းခေါင်ကြက်ပင် တွန်ပါချေပြီ။ လာလမ်းကို မှန်းဆရှာဖွေ၍မရ။ သည်မှာပင် အတူပါသော ရဲဘော်နှစ်ဦးက ကျွန်တော့်ကို အပြစ်တင်စကား ပြောကြားပါလေပြီ။

"ဗိုလ်လေး စပ်စုတာနဲ့ ကျွန်တော်တို့ လမ်းပျောက်ပြီး ဒုက္ခရောက်ရပြီဗျာ"

"မပူပါနဲ့ကွ၊ မိုးလင်းရင် စခန်းပြန်ရောက်မှာပါ" ဟု ကျွန်တော်က အားပေးစကား ပြောရသည်။

သို့နှင့် ကျွန်တော်အကြံရကာ ညဉ့်နက်သန်းခေါင်တွင် လှမ်းအော်ခေါ်ကြည့်သည်။

"ဖေသန်းရေ ဟေ့ဖေသန်း"

ဖေသန်းဆိုသည်မှာ ကျွန်တော့်တပ်ကြပ်ဖေသန်းဖြစ်၏။ အာကာလ ညဉ့်နက်ချိန်မှာ ကျွန်တော်၏ အော်ခေါ်သံသည် စူးစူးနက်နက် ထွက်ပေါ်လာရာ တပ်ကြပ်ဖေသန်း မုချကြားရမည်ဟုသာ မျှော်လင့်၏။ သို့သော် ထူးသံမကြား။



ကျွန်တော်သည် ညဉ့်မှောင်မှောင်တွင် ရှေ့သို့ သုံးလေးလှမ်းသွားခဲ့ပြီး ထပ်အော်ပြန်သည်။

"ဖေသန်းရေ ဟေ့ ဖေသန်း"

"ဝူး ဒီမှာဗျ၊ ဒီမှာ"

ဝူးဟု ပြန်ထူးသည်။ သုံးလေးကြိမ်ခေါ်၍ သုံးလေးကြိမ် ထူးသည်တွင် ကျွန်တော့်အကြံ အောင်မြင်လေပြီ။

"ဝူး ဝူး"

"ဟေ့ ဖေသန်း၊ မီးလေး ဘာလေး ဖိုစမ်းပါကွ"

ဤသို့ဖြင့် တပ်ကြပ်ဖေသန်းက မီးဖို၍ မီးရောင်ကို မှန်းပြီးသွားရာ အရှေ့တက်လုနီးတွင် စခန်းရှိရာသို့ ကျွန်တော်တို့ သုံးယောက် ချောချောမောမော ပြန်ရောက်သွားတော့သည်။

ကျွန်တော်နှင့်အတူပါသူ ရဲဘော်တွေကရော၊ စခန်းတွင် ကျန်ရစ်သူတွေကရော ကျွန်တော့်ကို "ဖြစ်မှဖြစ်ရလေ ဗိုလ်လေးရာ"ဟု ဗျစ်တောက် ဗျစ်တောက် အပြစ်တင်ကြရာ ကျွန်တော်လည်း ကိုယ့်အကြောင်းနှင့် ကိုယ်မို့ ဘာမျှပြန်မပြော ဖြစ်ခဲ့တော့ချေ။

စခန်းပြန်ရောက်သည့်နေ့ နံနက် ၉ နာရီတွင် ရဲဘော်ပြာတီးတစ်ယောက် ပေါက်ချလာတော့သည်။ ရဲဘော်ပြာတီးက ပြောသည်။ ယမန်နေ့ညက ဆင်းသော လေထီးဆင်းရဲဘော်များနှင့် သူတို့ အဆက်အသွယ်ရပြီဟု ဆို၏။

**ရဲဘော်ပြာတီး။** "လေထီးဆင်းရဲဘော်တွေကို ခေါင်းဆောင်လာသူက ဗိုလ်ကြီးအုန်းစိန်။ သူနှင့်အတူပါသူတွေက ရဲဘော်တင်အောင်၊ ရဲဘော်ကိုသော်၊ ဆာဂျင်အဆင့်တွေတဲ့၊ နောက်ပြီး ချင်း၊ ကရင်နဲ့ လီဆူးရဲဘော်အားလုံးဆယ့်တစ်ယောက်ပါတယ် ဗိုလ်လေး၊ အုပ်ချုပ်သူက ဗိုလ်ကြီးအုန်းစိန်ပါပဲ"

**ကျွန်တော်။** "ဒီလိုဆိုရင် အဆက်အသွယ်ရအောင် ကျွန်တော်နဲ့တွေ့ပေးဗျာ"

**ရဲဘော်ပြာတီး။** "တွေ့ပေးမယ်၊ တစ်ရက်တော့ စောင့်ပါ၊ သူတို့အားလုံးရှိနေတဲ့၊ ကျွန်တော် ဝှက်ထားခဲ့တဲ့နေရာကို ခေါ်သွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်တစ်နေ့တွင် "အဆက်အသွယ်ရပြီ ခေါ်သွားမည်" ဟု ရဲဘော်ပြာတီး လာပြော၏။ ဗိုလ်ရမ်းနှင့် ဗိုလ်ထွန်းအောင်တို့လည်း ပါလာသည်။

ကျွန်တော်နှင့်စိန်သန်း၊ စစ်ကြည်တို့ကို ခေါ်သွားသည်။ ကျွန်တော်က ယူနီဖောင်းအပြည့်အစုံ လက်နက်အစုံ ဓားချိတ်လျက်လိုက်သွား၏။ တောနက်ထဲတွင် ဝါးခေါက်သံ အချက်ပေးလျက် တောက် တောက် ခေါက်သွားသည်။ စခန်းက ထွက်သွားကြသည်မှာ တော်တော်ဝေးသည်။ ရဲဘော်ပြာတီးနှင့် ကျွန်တော်တို့ ရဲဘော်များ တောထဲဝင်သွားရာ ရဲဘော်ပြာတီးက "ရောက်ခါနီးပြီ၊ သတိထား"ဟု ပြောသည်။

အချက်ပေးလိုက်တော့ တောထဲက အချက်ပြန်ပေးသည်။ ရဲဘော်ပြာတီးက "ဗိုလ်လေးတင်ဦး ဝင်လို့ရပြီ" တဲ့။ သို့နှင့် ကျွန်တော်တို့ ဝင်လည်းသွားရော "နေရာယူပစ်မယ်" ဟု အသံကြားပြီး လေထီးရဲဘော်တွေ ကုန်းပေါ်ပြေးတက်သွားကြသည်။ ကိုပြာတီးက "ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေး တပ်မတော်သား ရဲဘော်တွေပါ"

သည်တော့မှ လေထီးစစ်သားတစ်ဦး ထွက်လာပြီး ကိုပြာတီးနှင့် စကားပြောနေသည်။

ကိုပြာတီးက ကျွန်တော့်ကို ပြောသည်မှာ "ဗိုလ်လေးတို့ကို ဂျပန်စစ်ယူနီဖောင်း ဓားချိတ်လို့ လူမှားတာပါ" ကျွန်တော်က စတိုင်ကျကျ ဝတ်သွားမိသည်။ မကြာမီ ဗိုလ်ကြီးအုန်းစိန် အထဲက ထွက်လာသည်။

**ဗိုလ်ကြီးအုန်းစိန်။** "ဟာ ခင်ဗျားတို့ ဒီလိုတော့ မဖြစ်ဘူး၊ ခင်ဗျားတို့ ဝတ်စုံတွေ အကုန်ချွတ်ဗျာ"

**ကျွန်တော်။** "မချွတ်နိုင်သေးဘူးဗျ"

**ဗိုလ်ကြီးအုန်းစိန်။** "မချွတ်လို့ မဖြစ်ဘူး၊ တိုက်တဲ့အခါ အကုန်လိုး မှားယွင်းကုန်မယ်"

သို့နှင့် ကျွန်တော်က အင်္ကျီကို ချွတ်လိုက်သည်။ "ကဲ အင်္ကျီအစားဘယ်ကရမှာလဲဗျ"

**ဗိုလ်ကြီးအုန်းစိန်။** "မပူပါနဲ့ဗျာ၊ ခင်ဗျားတို့နဲ့ အဆက်အသွယ်ရရင်ပေးဖို့၊ ဗြိတိသျှတပ်က ယူနီဖောင်းတွေ၊ အင်္ကျီတွေ အစုံပါလာပါတယ်"



ဗိုလ်ကြီးအုန်းစိန်က အင်္ကျီဘောင်းဘီများ ထုတ်ပေး၍ ချက်ချင်းလဲလှယ်ဝတ်လိုက်ရာ ကျွန်တော်တို့ ကိုယ်တိုင်းနှင့်အံကိုက်ပါပဲ။ မဆိုးဘူးပြောရမည်။

ကျွန်တော်တို့မှာ ဝတ်လာသော ဂျပန်တပ်ဝတ်စုံအကုန်ချွတ်၊ အထုပ်တစ်ထုပ် ထုပ်ရ၏။ ဓားကိုလည်း ထည့်ပြီး ထုပ်ရသည်။ ကျွန်တော်တို့အတွက် အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ အစုံထုတ်ပေးသည်။ ယူနီဖောင်းကိုတော့ ဗြိတိသျှ ယူနီဖောင်းနှစ်စုံစီ ထုတ်ပေး၏။ ဦးထုပ်တော့ မပါ။

ဗိုလ်ကြီးအုန်းစိန်က "မင်းတို့ကိုင်တဲ့ ဂျပန်သေနတ် အစုတ်ပလုတ်တွေ လွှင့်ပစ်ကွ၊ ဗိုလ်တင်ဦး မင်းအတွက် အင်္ဂလိပ်လုပ် စတင်းဂန်း၊ ဟိုရဲဘော်တွေအတွက် အင်္ဂလိပ်လုပ် ရိုင်ဖယ်သေနတ် အသစ်တွေယူသွား"

ထိုစဉ်က ကျွန်တော်ကိုင်သော ဓားရှည်ကို ကျွန်တော်ပြန်သိမ်းခဲ့သည်။ ယခု အိမ်မှာ သိမ်းထားလျက်ရှိ၏။

ကျွန်တော်တို့ကို ဗိုလ်ကြီးအုန်းစိန်က နံနက်စာထမင်းကျွေးသည်။ ထမင်းနှင့်အတူ ဟင်းကတော့ ဘူးထဲက ပဲသီးဘူး၊ အမဲသားဘူး စသည်ဖြင့် အကုန်ဖောက်ကျွေးရာ ဂျပန်တစ်ခေတ်လုံး မမြင်ဖူးသော အစားအစာအကောင်းစားတွေပင်။ ဒါတွေဘာဟုတ်သေးလို့လဲ ရမ်အရက်ပုလင်းဖောက်ဧည့်ခံပြန်သည်။ ဂျမေကာနိုင်ငံ အကောင်းစား ရမ်အရက်နှင့် ကျွန်တော်တို့ ပွဲတော်ကြီး တိုးနေလေသည်။

ကျွန်တော်တို့ ကြပ်ပြေးစခန်းကို ရောက်သည့်နေ့က ရဲဘော်ပြာတီးယူလာသော ချက်အရက်သောက်ရသည်။ အုန်းသီးလည်း ပါလာသဖြင့် အုန်းရည်နှင့် ရောသောက်ရ၏။

ယခု သူတို့အခေါ် တဂုတ်ကျောက်ခွက်စခန်းမှာ ဗိုလ်ကြီးအုန်းစိန်ဧည့်ခံသော ဂျမေကာရမ်အရက်နှင့်တော့ ကိုပြာတီးယူလာသော တောချက်အရက် ဘယ်လဲနိုင်မှာလဲလေ။

ထိုနေ့က ကျွန်တော်နှင့် ရဲဘော်များ၊ ဗိုလ်ကြီးအုန်းစိန်ကို အလေးပြုပြီး နှုတ်ဆက်ပြန်လာခဲ့ရာ စခန်း၌ ကျန်ခဲ့သော ရဲဘော်များအတွက် ဂျမေကာရမ်နှင့် သစ်သီးဘူး၊ အမဲသားဘူး၊ စားစရာတွေ သောက်စရာတွေ ရိက္ခာအပြည့်အစုံ ထည့်ပေးလိုက်၏။ ဗိုလ်ကြီးအုန်းစိန်ထံ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်တော်လှန်ရေးတပ်သား ၆ ဦးအမည်နှင့် အရာရှိတစ်ဦးနာမည်စာရင်း ရေးပေးခဲ့ရာ ချက်ချင်းပင် ဝိုင်ယာလက်ဖြင့် ရှေ့တန်းဗြိတိသျှ မဟာမိတ်ဌာနချုပ်သို့ ပေးပို့၏။ နောက်ထပ်ပစ္စည်းပို့လျှင် ဤစာရင်းအရ ထပ်မံထုတ်ယူရပေမည်။

ထိုနေ့က ကိုပြာတီးက ကျွန်တော့်ကို ပြော၏။ တပ်မတော်မှ ဗိုလ်မှူးလေးအောင်ရွှေ (ယခု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး) နှင့် တပ်ဖွဲ့သည် တဂုတ်ကျောက်ခွက်စခန်းနှင့် မနီးမဝေး ကြောရွာတွင် စခန်းချနေသည်ဟုဆို၏။

ဗိုလ်မှူးလေးအောင်ရွှေမှာ မင်းဘူးမြို့သားဖြစ်သည်။ သူက တပ်မတော်တွင် Four Line one star ဖိုးလိုင်းဝမ်းစတား ရာထူးရ၏။ ဗိုလ်မှူးကျော်ဇော(ရဲဘော်သုံးကျိပ်) က Four Line Two Star တစ်ဆင့် မြင့်သော ဖိုးလိုင်းတူးစတားရာထူး။

ပဲခူးချောင်းဖျားနယ် ဖက်ဆစ်တော်လှန်ရေး ဗိုလ်မှူးလေး အောင်ရွှေကို တာဝန်ချထားပေးလိုက်ပြီးပြီ။ ဗိုလ်မှူးလေးအောင်ရွှေနှင့်အတူ ဗိုလ်မောင်မောင် (ရုပ်ရှင်မင်းသမီး ကြူကြူ၏ခင်ပွန်း)၊ ဗိုလ်မြင့်ဆွေ (ယခု ဦးတေဇထူးကုမ္ပဏီ၏ဖခင်) သူတို့က ကျွန်တော်တို့ထက် ရာထူးတစ်ဆင့် မြင့်သောကြောင့် Three line one star သရီးလိုင်းဝမ်းစတားအဆင့်။

ထို့ပြင် ထူးထူးဆန်းဆန်းပါသူတစ်ဦးကတော့ နောင် တော်လှန်ရေးချုပ် ဗိုလ်မှူးကြီးလွင်ဖြစ်လာမည့် ဗိုလ်လွင် (နှုတ်ခမ်းမွေး ဗိုလ်လွင်) ဗိုလ်လွင်က ပထမတော့ ဂျပန်ကေဘိုထိုင်တပ် (ကင်ပေတိုင်မဟုတ်) ကပါပဲ။ နောက်တော်လှန်ရေးတိုင်းတွေခွဲတော့ ပဲခူးတိုင်းထဲ ရောက်လာသည်။ နောက်ပဲခူးတိုင်းမှာ ဗိုလ်ကြီးလှသမိန် (နောင် ဗိုလ်မှူးကြီးလှဟန် ဆေးမှူး) လည်း ပါဝင်လေသည်။

မကြာမီ ဒုတိယအကြိမ် လေထီးရဲဘော်တွေဆင်းကြတော့ မြန်မာနိုင်ငံ လက်ဝှေ့ကောင်စီဥက္ကဋ္ဌ မစ္စတာကိုးလ်ဘတ်၊ မစ္စတာလမ်းတော့ဝ်တို့ ပါလာသည်။ နောက်မကြာမီ ကျွန်တော့်ကိုလှမ်းခေါ်၍ ဗိုလ်မှူးအောင်ရွှေတို့ စခန်းကို ရောက်သွားရာ ရွာက ဆောက်ပေးသော တဲဖြင့် စမတ်ကျကျခံ့ခံ့ထည်ထည် တောစခန်းက တော်လှန်ရေးဌာနချုပ်တစ်ခု။ မည်မျှ အခြေလှ



နေသော တော်လှန်ရေးစခန်းလည်းဆိုလျှင် သန့်စင်ခန်းပင် စနစ်တကျ တွဲဖက်ဆောက်ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့ ပဲခူးတိုင်း ဖက်ဆစ်တော်လှန်ရေးဌာနခွဲနှင့် တွဲဖက်ထားသူမှာ ဗြိတိသျှမဟာမိတ် တပ်မတော်က မေဂျာဆော်လီဆိုသူဖြစ်၏။ သူက Force-136 ဖို့ ၁၃၆ တပ်ကဖြစ်၍ မြန်မာ့တော်လှန်ရေးအင်အားစုနှင့် ဆက်သွယ်ရေးအရာရှိပင်။

သည်အချိန်၌ ကျွန်တော်တို့ တော်လှန်ရေးအင်အားစုအတွက် ကြိုးမဲ့ ကြေးနန်းစက် ရထားပြီ။ ကြိုးမဲ့ကြေးနန်းစက်က လက်နှင့်လှည့်၊ လျှပ်စစ်ဓာတ်အား သွင်းယူ ဆက်သွယ်ရသောစက်ပင်။

ရိက္ခာကတော့ အလျှံပယ်ရသည်။ ဆိတ်သားမုန့် ပဲဗူး၊ အမဲသားဗူးစုံနေသည်။ ချိစ်၊ နို့ဒိန်ခဲဗူးတွေလည်း ပါသည်။ ရရှိသော ရိက္ခာတွေကို ဗိုလ်မှူးလေး အောင်ရွှေတို့စခန်းက သယ်ယူလာပြီး ကျွန်တော်တို့ တော်လှန်ရေးစခန်းသစ် တမာပင်ရွာမှာ သိမ်းဆည်းသည်။

ထိုတမာပင်စခန်းက ပဲခူးချောင်းဖျားမှာပဲရှိသည်။ ထိုတမာပင်ရွာက ပဲခူးတိုင်း ဖက်ဆစ်တော်လှန်ရေးတိုင်းခွဲ အမှတ် ၇ ဌာနခွဲဖြစ်သည်။ ထိုနေရာတွင် ရွာတွေဆက်နေ၏။ ကမ်းမြစ်ရွာ၊ နတ်စက်ရွာ၊ တမာပင်ရွာ၊ ဒီးတောရွာ၊ ဇောင်းတူရွာ၊ ဇောင်းတူက ဖျူပုံကြီးသို့ သွားရာလမ်းခုလတ်ဖြစ်သည်။

ထိုစဉ်က ကြုံရသော ရယ်စရာဟာသတစ်ကွက်ကို ပြောရဦးမည်။ ကျွန်တော်တို့အတွက် လေယာဉ်ပျံကချပေးသော ရိက္ခာပစ္စည်းများထဲမှ ဒိန်ခဲချိစ်သံပုံးကြီးတွေမှာ ကျွန်တော်တို့ တပ်သားရဲဘော်တွေ စားလို့မကုန်နိုင်။ ထို့ကြောင့် အဆိုပါ ဒိန်ခဲချိစ်တွေကို ကျေးရွာသူရွာသားများ စားဖို့ လက်ဆောင်ပေးခဲ့၏။ သို့သော် နောက်တစ်နေ့တွင် အဆိုပါရွာသားများ ကျွန်တော်တို့စခန်းသို့ ရောက်လာကြပြီး "ဗိုလ်လေး၊ မနေ့ကပေးလိုက်တဲ့ ဒိန်ခဲတွေ ရှိသေးရင် ထပ်ပေးပါဦး"

**ကျွန်တော်**။ "အောင်မယ်၊ မင်းတို့က ဒိန်ခဲကို လျှာလည်သွားပြီလား၊ ငါတို့ထက်ပိုကြိုက်သလား"

**ရွာသားများ**။ "ဟုတ်ကဲ့၊ ကြိုက်နေပြီ၊ ဒီလိုပါခင်ဗျား၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒိန်ခဲကို လှည်းပန်းတောင်းထဲ ထည့်ရင် လှည်းဘီးဝင်ရိုး အသံမမြည်တော့ဘူး ခင်ဗျ”

**ကျွန်တော်**။ “ဟာ မဟုတ်သေးပါဘူး၊ မင်းတို့က လူစားတဲ့ ဒိန်ခဲကို လှည်းပန်းတောင်းထဲ ထည့်သလား”

**ရွာသားများ**။ “ဟုတ်တယ် ခင်ဗျား၊ အဲဒီ ဒိန်ခဲကို လှည်းပန်းတောင်းထဲထည့်ရင် ညအချိန် လှည်းဘီးအသံ မကြားရတော့ဘူး၊ နွားတွေလည်း မပင်ပန်းတော့ဘူး”

မှန်ပါသည်။ ရွာသားတွေမှာ ကျွန်တော်တို့ ပုံးလိုက်ရသော ချိစ် ဒိန်ခဲကို ပုံးလိုက်ပေးလိုက်ရာ အတော်ပင် သဘောကျနေကြတော့သည်။

ထိုစဉ်က ဗိုလ်မှူးလေးအောင်ရွှေတို့ ကြီးကြပ်မှုဖြင့် လေထီးဆင်း ရဲဘော်များကို နောက်ထပ်နှစ်ကြိမ် ကြိုကြရသည်။ တောင်ငူဘက်တွင်လည်း လေထီးဆင်းရဲဘော်များကို ဖက်ဆစ်တော်လှန်ရေးရဲဘော်များက ကြိုဆိုကြရာ ရဲဘော်တစ်ဦးမှာ ကိုယ်အလေးချိန်များသဖြင့် လေထီးဆင်းရာ၌ ပေါင်ကျိုးသွားသည်ဟု သိရသည်။ ထိုရဲဘော်မှာ ကရင်အမျိုးသား လေထီး ရဲဘော်။ နောက်မှသိရသည်မှာ ရဲဘော်မန်းဝင်းမောင်ဖြစ်သည်။ နောင်အခါ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး မန်းဝင်းမောင်ပင်တည်း။

ထိုစဉ်က ကျောင်းဆင်းဗိုလ်လောင်း ၄ ဦးကို တာဝန်ခွဲဝေချထားခဲ့ရာ ယခင်ဆေးတပ်ကြပ်တာဝန် ထမ်းဆောင်ဖူးသော ဗိုလ်ကလေးတင်ညွန့်က ဆရာဆေးမှူး ဗိုလ်ကြီးလှသမိန်နှင့်အတူ ပဲခူးချောင်းဖျားဌာနချုပ်မှာ တာဝန်ကျ၏။ ကျွန်တော်က ဓောင်းတူဧရိယာမှာ တာဝန်ယူရ၏။ ပဲခူး ချောင်းဖျား၏ အဖျားဒေသ မြောက်ဘက်တက်သွားလျှင် ထားဝယ်ရွာ တိုက်ကြီးမြို့၊ အနောက်ဘက်စွန်းမှာ လက်ပံတန်းမြို့ ရောက်သွားသည်။ အရှေ့ဘက်တွင် လျှောက်ကုန်းကြီး၊ လျှော်တုန်းလေးရွာမှ တစ်ဆင့် ပျဉ်ပုံကြီး ရောက်၏။

ဤသို့ဖြင့် ကျွန်တော်ဓောင်းတူ ဧရိယာမှာ တာဝန်ကျသည်။ ဒေသ တစ်ခွင်က စောစောကပြောသလို ထားဝယ်ရွာ တိုက်ကြီးမြို့၊ ပိန်းအိုင်၊ ဓောင်းတူရွာ။ တစ်ဖက်တွင် ရွှေလောင်း၊ ဒီးတော၊ နတ်စပ်၊ တမာပင်၊ တောနက်ကြီး၊ ထန်းတောကြီး။ ဒါကိုပင် ဓောင်းတူဧရိယာဟု သတ်မှတ် ထားပေသည်။



ကျွန်တော့်ရုံးကို တမာပင်ရွာမှာ ထား၏။ တမာပင်ရွာက အလယ်ကျ၏။ ဆက်သွယ်ရေးလမ်းကြောင်းအရ ဌာနချုပ်နှင့် ဆက်မည်ဆိုလျှင် ဗဟိုမှတ်ဖြစ်သည်။ ထိုစဉ်က ကျွန်တော့်ဓောင်းတူ ဧရိယာတွင် စုစုပေါင်း ဖက်ဆစ်တော်လှန်ရေးတပ်သား ၂၆ ဦးရှိနေပြီ။ နောက်ပိုင်း ဂျပန်စစ်တပ် ဆုတ်သည့် နေရာလမ်းကြောင်းကျနေ၍ ကျွန်တော်တို့တပ်ကို လက်ပံတန်းမြို့ဘက်ခြမ်း သုံးတန်ဂူရွာသို့ ရွှေ့၍ နေရာချထားပေးသည်။ ထိုအချိန်၌ ဖက်ဆစ်တော်လှန်ရေး တိုင်း ၄ တိုင်းမှူး၊ ဗိုလ်မှူးကျော်ဇော (ရဲဘော်သုံးကျိပ်) ရာထူးတက်၍ ဗိုလ်မှူးကြီးကျော်ဇော ဖြစ်သွားပြီ။

▢

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ရိုးရာသင်္ကြန်မှာ ရွာသူအပျိုတစ်စုက ကြိုးချည်ချုပ်နှောင် ရေလောင်းခံရသော လူပျိုကြီး စစ်ဗိုလ်

ဗိုလ်ချုပ်အောင်ဆန်း၏ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်က သရက်ခရိုင် ပုဏ္ဏားရွာမှာ နေရာယူပြီးလေပြီ။

ထိုသို့ တာဝန်ယူနေရစဉ်မှာ ၁၉၄၅ ခုနှစ် ဧပြီလ ၁၃ ရက် မြန်မာသင်္ကြန်ကျလေသည်။ ဤတွင် နယ်မြေ အခြေအနေအရ ကျွန်တော်တို့ တမာပင်ရွာကို ပြန်ပြောင်းလာသည်။ ကျေးရွာခလေ့ ရေပက်ကစားကြသော အသံတွေ ဆူညံညံ ရွာထဲမှာ ကြားနေရ၏။

ကျွန်တော်က သင်္ကြန်ပွဲ မဆင်နွှဲချင်။ ထို့ကြောင့် ဂျပန်ခေတ် စစ်တက္ကသိုလ်က ထုတ်ပေးသော စစ်သင်တန်းစာအုပ်၊ လေနတ်သားခေါ် လေယာဉ်က ကြဲချသော သတင်းလွှာများ ဖတ်နေသည်။

ရဲဘော်တွေကို ပြောထား၏။ "ရွာသူရွာသားတွေနှင့် ရေကစားချင်ရင် ကစားကြ၊ ရန်မဖြစ်ကြနဲ့" ကျေးရွာက မိန်းမပျိုကလေးတစ်သိုက်က ကျွန်တော့်ကို ရေပက်ကစားချင်သည်။ ဗိုလ်လေးကို ရေပက်ချင်သည်ဟု ရဲဘော်တွေနှင့်တစ်ဆင့် ပြောခိုင်းလေသည်။ သို့သော် ကျွန်တော်က ရေကစားတာ ဝါသနာမပါဘူးဟု ပြောလိုက်၏။

ထိုစဉ်က ကျွန်တော်တို့ တည်းခိုသည်က အိမ်အပေါ်ထပ်မှာ။

ကျွန်တော် စာဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မှာပင် လှေကားက မိန်းမပျိုတစ်သိုက်တက်လာ၍ ပြတင်းပေါက်မှတစ်ဆင့် ကျွန်တော့်ကို ရေလောင်းသည်။ ကျွန်တော်က စိတ်ဆိုးပြီး "ဘာလုပ်တာလဲ ငါရေမကစားချင်ဘူး ပြောထားတယ်" ဆိုကာ ရန်တွေ့သည်။

မိန်းမပျိုတွေက ကျွန်တော့်ကို မခံချင်အောင် ဤသို့ပြော၏။ "ရွာမှာလာနေတဲ့ မျောက်၊ ဘာမျောက်လဲ၊ ဒီအရွယ်ကြီးအထိ အမြီးမပေါက်တဲ့ မျောက်၊ ဘာမျောက်လဲ"

သူတို့ တတွေမှာ ကျွန်တော်ကလည်း တပ်မှူး လူပျိုလေးမှန်းသိတော့ ရေလောင်းကစားချင်သည်။ သည်တော့ ရွာထဲက မိန်းမကြမ်းကြီး ၄-၅ ဦးကို ခေါ်လာကြပြီး ကျွန်တော့်ကို ဝိုင်း၍ ဖမ်းချုပ်ကြသည်။ မိန်းမတွေက ကျွန်တော့်ကို ဝိုင်းဖမ်း ခြေလက်တွေကို ကြိုးနှင့်တုပ်၍ ရွာလယ်ခေါင်က ရေတွင်းကို ချီသွားကြ၍ ရေလောင်းကြသည်။ ရဲဘော်တွေကလည်း ရှောင်နေကြသည်။ ကျွန်တော့်ကို ဝိုင်းကူညီမလုပ်ကြ။ မိန်းမကြမ်းကြီးတွေနှင့် မိန်းမပျိုတွေက ရေတွင်းထဲက ရေခပ်ပြီး ကျွန်တော့်ကို တရစပ်လောင်းကြသည်။ ပြီးတော့ ကျွန်တော့်မျက်နှာကို အိုးမည်းသုတ်ကြပြန်သည်။

အဆိုးဆုံးကတော့ ကလေးနို့တိုက်နေသော မိန်းမကို ခေါ်လာပြီး ကျွန်တော့်ရှေ့တွင်ပင် နို့ညှစ်၍ ကျွန်တော့်ပါးစပ်ဖြဲကာ နို့တွေအတင်းတိုက်ပြန်တော့သည်။ ကျွန်တော်လည်း သည်းမခံနိုင်တော့၍ စိတ်ဆိုးဒေါသထွက်တော့၏။

ထိုအချိန်ကျမှ မိန်းမကြမ်းကြီးတွေနှင့် မိန်းမပျိုတွေက "ကဲ ကဲ တော်လောက်ပါပြီ၊ ဒီလောက်သင်္ကြန်တစားရရင် တော်ပါပြီ" ဆိုပြီး ကြိုးဖြည်ပြီး ပြန်လွှတ်လေတော့သည်။

ကျွန်တော်က စိတ်တိုလာပြီ။ "ကြိုးတွေမြန်မြန်ဖြည်ပါဗျ၊ ခင်ဗျားတို့ ဘာလုပ်ချင်တာလဲ" ဟု ပြောရာ သူတို့က ပြော၏။

ရွာဓလေ့ထုံးစံအရ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေသဘင်ပွဲတွင် သူလည်း ရေလောင်း၊ ကိုယ်လည်း ရေလောင်း ပျော်ပျော်ပါးပါး ရေကစားကြမှ ဖြစ်တော့မှာပေါ့၊ ကျွန်မတို့ မဟာသင်္ကြန်ရေသဘင် ပွဲမှာ



ဗိုလ်လေးမပါဘဲ သီးခြားနေတာမို့၊ ပါဝင်လာဖို့ လုပ်ကြရတာပါ" ဟု ပြောကြသည်။

ကျွန်တော့်ကို ကြိုးဖြည်ပေးပြီးတော့ မိန်းကလေးတွေက ပြော၏။ နောက်တစ်နေ့ ရွာဦးစေတီမှာ ရေသပ္ပာယ်ပူဇော်ကြမည်ဖြစ်၍ ဗိုလ်လေးလည်း ပါဝင်စေချင်သည်ဆို၏။

ကျွန်တော်က "ဒါမျိုးတော့ ပါရမှာပေါ့ဗျာ၊ ကုသိုလ်ရေးပဲ မပါဝင်လို့ ဘယ်ဖြစ်မှာလဲ"ဟု ပြောရ၏။ ကျွန်တော့်ကို မိန်းမပျိုတွေက ပြောကြပြန်သေး၏။ ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော် ရေသပ္ပာယ်ပွဲကို မလာရင် ဗိုလ်လေးကို ဒီထက်ပြင်းထန်တဲ့ အပြစ်ပေးမယ်ဟု ဆိုကြလေသည်။ ကျွန်တော်ပါ ပါဝင်ပြီး၊ တပ်ကရဲဘော်တွေပါ တပျော်တပါး ရေသပ္ပာယ်သွားကြ၏။ တောင်ပေါ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရွာလူထုနှင့် ကျွန်တော်တို့ စည်စည်ကားကား ညီညီညွတ်ညွတ် ကုသိုလ်ပြုလုပ်ခဲ့ကြသည်ကို မမေ့နိုင်တော့ပေ။

ထိုစဉ်က ဖက်ဆစ်တော်လှန်ရေးဆင်နွှဲနေစဉ်ကာလ၌ အထက်က ပေးထားသော စည်းမျဉ်းစည်းကမ်းမှာ တင်းကျပ်လှပေ၏။ တစ်ရွာသားစစ်သားတွေကို ထိုသို့စည်းမျဉ်းစည်းကမ်း နည်းလမ်းတင်းကျပ်ခြင်းမှာ အမှန်ပင် လိုအပ်၍ ပြုလုပ်ခြင်းပင်။

ပြောရပေဦးမည်။ ထိုကဲ့သို့ စည်းကမ်းတင်းကျပ်သော ကြားမှပင် စည်းကမ်းဖောက်ချင်သော လူဆိုးလူမိုက်များ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်လာခဲ့ရာ၊ ကျွန်တော့်မှာ ရင်ထုမနာ များစွာမှ မသက်မသာ ဖြစ်ရချေသည်။

၁၉၄၅ ခုနှစ် ဧပြီလထဲတွင် ဖြစ်မည်ထင်သည်။ ကျွန်တော်အုပ်ချုပ်သော တော်လှန်ရေးစခန်းတွင် စိတ်မချမ်းမြေ့စရာ အမှုအခင်းတစ်ရပ်နှင့် ကြုံခဲ့ရ၏။ ထိုဖြစ်ရပ်ကို ယခုပြန်တွေးလျှင် ယခုပင် အဟောင်းတွေအသစ်ဖြစ်ပြီး စိတ်ဆင်းရဲမှုကြီး ပြန်လည်ခံစားရပါချေသည်။

ဖြစ်ရပ်အမှန်က တောလက်ကျေးရွာတွင် တပ်မတော်က တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး ဦးစားပေးဆောင်ရွက်နေသည်ကို ထင်ရှားစေလို၍ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်တော့၏။ ထို့ပြင် စစ်ဖြစ်နေသောအချိန်ကာလအတောအတွင်း မည်သို့တရားစီရင်ခဲ့ခြင်းကို ပေါ်လွင်စေလိုသဖြင့် ဤဖြစ်ရပ်ကို ပြန်လည်ပြောပြရခြင်းလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အထက်အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲတို့က ဥပဒေအရ ညွှန်ကြားထားသည်မှာ ကျွန်တော်တို့ တာဝန်ထမ်းဆောင်သည့်အခါ စစ်ရေးနှင့် အချစ်ရေးကြုံလာလျှင် စစ်ရေးသည် အဓိက၊ အချစ်ရေးသည် သာမည။ ထို့ပြင် ကျေးရွာလူထုထံမှ ပစ္စည်းတစ်ခုခုယူပြီးလျှင် ထိုပစ္စည်းကို ယူထားသော အိမ်၌ စနစ်တကျ ပြန်ထားရမည်။ ကိုယ့်ဘက်က အဖိုးမတန်သော်လည်း သူ့ဘက်က အဖိုးတန်ပစ္စည်း ဖြစ်နေလိမ့်မည်။ ထို့ပြင် အိမ်တစ်အိမ်ကို ဝင်နေခဲ့လျှင် ထိုအိမ်က ထွက်သွားသောအခါ မူလရှိရင်းစွဲအတိုင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လုပ်ပေးခဲ့ရန်လိုသည်။

အရေးအကြီးဆုံးမှာ ကျေးရွာရှိ မိန်းမပျိုများအပေါ်တွင် လူမှုရေးထိပါးမှု မဖြစ်ရန် ဂရုစိုက်ရမည်။ အပြစ်ကျူးလွန်သူရှိလျှင် ကြီးလေးသော အပြစ်ဒဏ်ချမှတ်ရမည်။ ထိုစဉ်က ဖက်ဆစ်တော်လှန်ရေးကာလ၌ စည်းကမ်းချက် နည်းလမ်းဥပဒေများကို ဗဟိုဌာနချုပ်က ချမှတ်ပေးသည်လည်း ရှိ၏။ ထို့ပြင် ဒေသ တိုင်းဌာနချုပ်က ထုတ်ပြန်သည်လည်း ရှိပေသည်။

ဗဟိုကထုတ်သောအမိန့် စည်းကမ်းများတွင် ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ရန်သာ အဓိကထား၍ ဆောင်ရွက်ရမည်။ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများကို နောက်သို့ထားရမည်။ ထိုအမိန့်တွေကို လက်ရေးနှင့်တစ်မျိုး၊ လက်နှိပ်စက်နှင့် တစ်သွယ်၊ ဌာနချုပ်က ထုတ်ပြန်သည်က များပေသည်။

ထိုသို့ ဥပဒေနည်းလမ်း စည်းကမ်းတွေ ထုတ်ပြန်ထားသည့်ကြားမှပင် ကျွန်တော်စီမံအုပ်ချုပ်နေသော ဓောင်းတူရေိယာတွင် မမျှော်လင့်သော ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့လေသည်။ ဖြစ်ပုံက သည်လိုပင်။

ကျွန်တော်တို့ အုပ်ချုပ်ကွပ်ကဲသော နယ်မြေ ဓောင်းတူဧရိယာ ဖက်ဆစ်တော်လှန်ရေးဒေသက တပ်သားနှစ်ယောက် ပျောက်နေသောကိစ္စ။ သူတို့နှစ်ဦးမှာ ဂျပန်တွေ၏ရန်က အေးချိန်တွင် ကုန်ကူးသွားမည်ဆိုပြီး ရွာက ထွက်သွားသည်။ ဤသို့ ပြန်ရောက်သင့်သောအချိန်တွင် ထိုရွာသားနှစ်ဦး ပြန်မရောက်ကြ။ ထိုကိစ္စက ပဲခူးတိုင်းဒေသဌာနချုပ်သို့ သတင်းရောက်သွားပြီး အမိန့်ရောက်လာသည်။

လူနှစ်ယောက် ပျောက်နေသော သတင်းကြားရသည်။ ဗိုလ်လေး



တင်ဦး နယ်မြေကဖြစ်၍ မတွေ့တွေ့အောင် လိုက်ရှာပါ။ သို့ဖြင့် ရွာထဲကို စုံစမ်းသောအခါ ဘယ်နေရာကမျှ သတင်း အစအနမရ။

ထိုအချိန်၌ တပ်ကြပ်ဖေသန်းက ကျွန်တော့်ကို လာပြောလေသည်။ ကျွန်တော်နှင့်ပါလာသော ရဲဘော်ဟန်ရွှေက ပဲခူးတိုင်း နတ်စက်သို့ ခွင့်မတိုင်ဘဲ မကြာခဏ ထွက်သွားတတ်သည်။ သူ့မိန်းမဆီသွားတာပါဟုလည်း ပြောသည်။ ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးတပ် ထွက်လာကြစဉ်က ဘယ်သူမှလည်း မိန်းမတစ်ယောက်မျှမပါလာခဲ့။ ဤသို့ဖြစ်စဉ် ရဲဘော်ဟန်ရွှေက မိန်းမဆီသွားမည်ဆိုပြီး ပျောက်ပျောက်သွားသည်မှာ မသင်္ကာဖွယ်ရာ စဉ်းစားစရာ ဖြစ်နေသည်။

ရဲဘော်ဟန်ရွှေအကြောင်း တပ်ကြပ်ဖေသန်းကပင် ပြောသေးသည်။ "ဗိုလ်လေး ဒီကိစ္စကို သေသေချာချာ မစစ်ဆေးရင် အားလုံး စည်းကမ်းပျက်ကုန်လိမ့်မယ်၊ ဟန်ရွှေက မိန်းမကို ဒီနယ်မှာပဲ ယူထားတာလား၊ အစကတည်းက ခေါ်ထားတာလား စုံစမ်းသင့်ပါတယ်"

သို့ဖြင့် ကျွန်တော်လည်း နတ်စက်သို့ လိုက်သွားသည်။ ကျွန်တော် ထွက်သွားစဉ်က ညနေ ၃ နာရီခန့်ရှိပြီး နတ်စပ်ဆိုသည်မှာ ကျွန်တော်တို့ နေထိုင်သော တမာပင်ရွာ၏ မြောက်ခြမ်း၊ ကမ်းမြစ်ရွာ၊ သပြေတောရွာ၊ ဓောင်းတူရွာရောက်သည်။ ထိုစဉ်က ရဲဘော်ဟန်ရွှေ၊ နတ်စပ်ရွာရောက်နေသည်ဆို၍ လိုက်သွားရာ ရဲဘော်ဟန်ရွှေနှင့် တည့်တည့်ကြီး တိုးတော့သည်။ ကျွန်တော်က ရဲဘော်ဟန်ရွှေကို "ဟ ဟန်ရွှေ၊ မင်းဒီမှာ ဘာလာလုပ်နေတာလဲ"ဟု မေးတော့ သူက ပြန်ဖြေသည်။

"ကျွန်တော့်မိန်းမဆီ ခဏပြန်လာတာပါ"

သို့နှင့် ကျွန်တော်က "ဒါဆိုရင်လည်း အစကတည်းက မင်းပြောထားရမှာပေါ့၊ ဒါပေမယ့် ယခုတော့ မင်းကို ခွင့်လွှတ်လို့ မဖြစ်ဘူး၊ ဥပဒေစည်းကမ်းလည်း မင်း နားလည်ပြီးသားပဲ"

"ဒါကြောင့် စည်းကမ်းဖောက်မှုနဲ့ မင်းကို အရေးယူအပြစ်ပေးရမယ်"

ရဲဘော်ဟန်ရွှေကို ထိုသို့ပြောပြီး ကျွန်တော်တို့စခန်းချရာ တမာပင်ရွာသို့ ခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တမာပင်ရှာရောက်ပြီး ရဲဘော်ဟန်ရွှေကို စစ်ဆေးနေစဥ်မှာ သူက သူ့လက်ထဲက ဓားကို ပစ်ပေါက်ပြီး နေရာက ထ၍ ထွက်ပြေးတော့သည်။

ဤတွင် ရဲဘော်တွေက သူ့နောက်က ပြေးလိုက်၍ "လိုက်ဟ- လိုက်ဟ" အော်ကြသည်။ ထိုအချိန်တွင် ကျေးရွာသားတွေကလည်း ဂျပန်စစ်ပြေးတွေ ဝင်လာသည်ထင်ပြီး တစ်အိမ်တစ်ယောက် ပြေးလာကြရာ လူအုပ်စုကြီးဖြစ်သွားသည်။ ရဲဘော်ဟန်ရွှေသည် ရှေ့ကနေ ပြေးရင်းပြေးရင်း အင်တိုင်းပင်တောထဲ ဝင်ရောက်ပျောက်သွားလေ၏။

ဤတွင် ရဲဘော်ဟန်ရွှေကိုရှာရင်း အင်တိုင်းတောကြီးကို ကျေးရွာလူအုပ်နှင့် ဝိုင်းထားကြသည်။ ရွာလူထုက ထွက်ခဲ့ ထွက်ခဲ့နှင့် အော်ဟစ်နေရင်း အမှောင်သမ်း၍ ညချမ်းချိန်ခါ ရောက်လာတော့၏။ သည်မှာပင် ရွာသားတွေက အင်တိုင်းတောကို မီးရှို့ကြသည်။ မီးရောင်မှာ ကြည့်လိုက်သည့်အခါ အင်ပင်ဖျားပေါ်မှ တွယ်ကပ်နေသည့် ရဲဘော်ဟန်ရွှေကို တွေ့ရတော့သည်။

"ဟေ့ကောင် ဆင်းခဲ့၊ ဆင်းခဲ့" ဟု အော်ခေါ်သောအခါ ကြောက်ကြောက်လန့်လန့်နှင့် ဆင်းလာသည်။ အောက်သို့ရောက်၍ မီးပုံများရောက်မှ ရဲဘော်ဟန်ရွှေက မှောင်ထဲသို့ ပြေးထွက်သွားပြန်၏။ ကျွန်တော်က "ဟေ့ကောင် ဟန်ရွှေ မပြေးနဲ့၊ မပြေးနဲ့၊ ငါပစ်မယ်နော်၊ ပစ်မယ်နော်" ဟု အော်ဟစ်သတိပေးသည်။ ဟန်ရွှေက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်၍ ဆက်ပြေးပြန်သည်။ ထိုအချိန်မှာ ကျွန်တော်က လက်ထဲမှ ခြောက်လုံးပြူး သေနတ်နှင့် တစ်ချက်ပစ်လိုက်သည်။ သူ့တင်ပါးကို မှန်သွားသည်။ ဆက်ပြေးပြန်သည်။ ကျွန်တော်က နောက်တစ်ချက် ပစ်လိုက်ပြန်သည်။

ရဲဘော်ဟန်ရွှေ လက်ပြင်ကို သေနတ်ထိမှန်ပြီး မြေပြင်မှာ လဲကျသွားလေ၏။ ရဲဘော်ဟန်ရွှေ မြေပေါ်သို့ လဲကျသွားစဥ်မှာ ဘေးက ရဲဘော်တင်မောင်က ဟန်ရွှေကို ဓားဖြင့် ဝင်ခုတ်ပြန်သည်။ လည်ပင်းကို ခုတ်မိ၍ ရဲဘော်ဟန်ရွှေလည်ပင်းက သွေးတွေ စီးကျလာလေသည်။

ကျွန်တော်က ရဲဘော်တင်မောင်ကို တားလိုက်ရသည်။ "ဘာလို့ ဓားနဲ့ ဝင်ခုတ်တာလဲ၊ ဒီကောင်ကို စစ်မေးစရာရှိတယ် မသေစေနဲ့"

ထိုသို့ပြော၍ ရဲဘော်ဟန်ရွှေကို ဝိုင်းဝန်းပွေ့ချီကာ ရွာထဲသို့ သယ်ယူ



မည်ပြုစဥ် ရွာသား ရွာလူကြီးအချို့က ပြောပြန်သည်။ လည်ပင်းမှာ ဓားဒဏ်ရာ၊ လက်ပြင်နှင့် တင်ပါးမှာ သေနတ်ဒဏ်ရာရရှိထားသော ဟန်ရွှေကို ရွာထဲသယ်ယူလို့မဖြစ်ဘူး။ သူ့ကို ရွာပြင်မှာပဲ ထားရမယ်ဟု ပြောကြလေသည်။

ဤတွင် ကျွန်တော်လည်း သူတို့ပြောသည့်အတိုင်းပင် ဆောင်ရွက်ရတော့၏။ ရွာလူထုက ဒဏ်ရာရသူရဲဘော်ဟန်ရွှေတို့ ရွာထဲသို့ သယ်ယူခွင့်မပြုသဖြင့် ကျွန်တော်တို့က ရွာပြင်မှာ ကောက်ရိုးများခင်း၍ လူနာကိုထားရ၏။ ကျွန်တော်တို့ ထိုညအိပ်ကြပြီး နံနက်လင်းသောအခါ ရဲဘော်ဟန်ရွှေကို ကြည့်တော့ ထားခဲ့သည့် ကောက်ရိုးပုံတွင် မရှိတော့ချေ။ လိုက်ရှာသောအခါ ကျေးရွာသင်္ချိုင်းကုန်းအနီးမှာ တင်ပါးတရွတ်တိုက် သွားနေသော ဒဏ်ရာရလူနာ ဟန်ရွှေကို တွေ့ရလေတော့၏။ ဤတွင် ရဲဘော်ဟန်ရွှေကို ထမ်းစင်နှင့် ထမ်း၍ အမှုစစ်ဆေးရန် တော်လှန်ရေးတိုင်းဌာနချုပ် ပဲခူးသို့ပို့ပြီး အမှုတွဲနှင့်အတူ အပ်နှံရပေသည်။

နောက်တော့မှပင် အမှုဖြစ်ပုံ အလုံးစုံကို ရဲဘော်ဟန်ရွှေက အစစ်ခံလေတော့သည်။ သူနှင့်အတူ ရဲဘော်တစ်ဦးတို့သည် ဖောင်းတူရွာအသွားခရီးနှင့် ထန်းတောကြီးရွာမှအပြန် ခရီးသည်များကို ဓားပြတိုက်ကြသည်။ ရဲဘော်ဟန်ရွှေလည်ပင်းကို ဓားနှင့်ခုတ်သူ ရဲဘော်တင်မောင်နှင့် ရဲဘော်ဟန်ရွှေတို့နှစ်ဦးပေါင်း၍ ဓားပြမှု ကျူးလွန်ကြသည်။ ရသည့်ပစ္စည်းများကို ရောင်းစားကြသည်ဟု အစစ်ခံလေ၏။

သည်တွင် ရဲဘော်ဟန်ရွှေနှင့်အတူ ဓားပြတိုက်သော ရဲဘော်တင်မောင်ကိုပါ ဖမ်းဆီး စစ်ဆေးရသည်။ အမှုကို စစ်ဆေးသူမှာ ဗိုလ်မှူးလွင် (နောင်) ထောက်လှမ်းရေးမှူးချုပ်၊ နုတ်ခမ်းမွေးဗိုလ်မှူးကြီးလွင်ဖြစ်သည်။ ဆေးမှူး ဗိုလ်ကြီးလှသမိန်က ရဲဘော်ဟန်ရွှေ၏ ဒဏ်ရာများကို ဆေးကုသပေးသည်။ ရဲဘော်ဟန်ရွှေ၏ ဒဏ်ရာများမှာ ရက်တာရက် ဆေးမကုရဘဲ ရက်အတန်ကြာခဲ့သဖြင့် အနာတွေမှာ ပိုးလောက်တွေပင် တွယ်နေလေသည်။ ရောဂါဝေဒနာ ဒဏ်ရာကို အရင် ကုသပြီး ကျန်းမာလာတော့မှ သူ့ကို တရားစွဲတင်ရပေသည်။

ရဲဘော်ဟန်ရွှေက စစ်တရားရုံးတွင် ဖြောင့်ချက်ပေးသည်။ ဓားပြမှု

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခဲ့ကြောင်း။ သူ့မှာ မိန်းမနှစ်ယောက်ရှိကြောင်း၊ တစ်ယောက်က ဒီကျေးရွာရောက်မှရသည်။ တစ်ယောက်က ဒီသို့ မပါလာခဲ့။

ရဲဘော်ဟန်ရွှေမိန်းမကလည်း သူ့ယောက်ျား အစားအသောက်လာပို့ စောင့်ရှောက်ပြီး "ကိုဟန်ရွှေ ကျွန်မအတွက် မပူပါနဲ့၊ ရှင်ကျန်းမာအောင်သာ လုပ်ပါ" ဟု အားပေးရှာသည်။

ရဲဘော်ဟန်ရွှေက "ငါ့ကို စစ်တရားရုံးက စစ်ဆေးပြီးရင် ပြင်းထန်တဲ့ အပြစ်ဒဏ်ချမှတ်မှာပဲ၊ သေဒဏ်ချမှတ်လို့ ငါသေသွားရင်တော့ မင်းတစ်ယောက်တည်း မနေပါနဲ့၊ နောက်အိမ်ထောင်ပြုပါ၊ ငါခွင့်လွှတ်တယ်"

ရဲဘော်ဟန်ရွှေမိန်းမက "မဟုတ်တာဘဲ၊ ကိုဟန်ရွှေရယ် ရှင်မရှိရင် ကျွန်မ နောက်အိမ်ထောင်မပြုချင်တော့ပါဘူး" ဟု ပြန်ပြောသည်။

ရဲဘော်ဟန်ရွှေနှင့် ရဲဘော်တင်မောင်တို့၏ အမှုကို ဥက္ကဋ္ဌ ဗိုလ်လွင်၊ အဖွဲ့ဝင် သခင်ပုနှင့် တပ်မတော်အရာရှိတစ်ဦးပါဝင်သော စစ်ခုံရုံးက အကျဉ်းနည်းဖြင့် တရားစီရင်ကြသည်။

အမှုကို စီရင်ချက်ချမှတ်ရာ၌ တပ်မတော်သားတို့၏ အဓိကတာဝန်မှာ ကျေးရွာနေပြည်သူလူထုကို စောင့်ရှောက်ကာကွယ်ရန်သာဖြစ်၍ ယခုကဲ့သို့ ပြည်သူတို့ဘဝကို အန္တရာယ်ပြုရန် လုံးဝ မဟုတ်။ ယခုအမှုတွင် ကျေးရွာနေပြည်သူတို့အား စောင့်ရှောက်ရမည့် ဝတ္တရားပျက်ကွက်ယွင်းရုံသာ မဟုတ်သေး ပြည်သူတွေကို ဓားပြတိုက်၊ အန္တရာယ်ပေးခဲ့သဖြင့် တော်လှန်ရေးဆင်နွှဲနေသည့်ကာလတွင် စံပြအဖြစ် နောက်လူတို့ မကျူးလွန်ဝံ့အောင် ထိရောက်သော ပြစ်ဒဏ်ချမှတ်ရမည်။ ဓားပြမှု ကျူးလွန်သော ရဲဘော်ဟန်ရွှေနှင့် ရဲဘော်တင်မောင်တို့ကို သေဒဏ်ကျခံစေရန် စီရင်ဆုံးဖြတ်သည်။

□

## အခန်း (၁၃)
## ဗမာ့တပ်မတော်နှင့် ဗြိတိသျှတပ်တို့ အထင်အမြင်မှားခဲ့သော တိုက်ပွဲ

စစ်ခုံရုံးက စီရင်ဆုံးဖြတ်သည့်အတိုင်း တရားခံရဲဘော်နှစ်ဦးကို တရားစီရင်သည့်နေ့က သေနတ်ဖြင့် ပစ်သတ်စီရင်သည့်နေ့တွင် ကျွန်တော် မလိုက်တော့ပေ။ ကြည့်လည်း မကြည့်ချင်၊ မကြည့်ရက်တော့ပေ။

မှတ်မိသေးသည်။ တရားခံနှစ်ဦးကို သေဒဏ်စီရင်မည့် တပ်သားမှာ ထားဝယ်သား ကျော်အေးဖြစ်သည်။ လိုက်မသွားသည်မှာ ကျွန်တော့်အဖို့ ကိုယ့်သားတွေလို သဘောထားရမည့် ရဲဘော်များကို ကိုယ့်ရှေ့မှာ ပစ်သတ်မည့်ကိစ္စ မကြည့်ရက်၍ပင်။

တရားခံရဲဘော်နှစ်ဦးအား သေဒဏ်စီရင်မည့် ရဲဘော်ကို တပ်ထဲမှာ မနိုက်စေရ၏။ ထားဝယ်ကျော်အေးက မဲကျသည်။ ကျွန်တော်က တပ်ကြပ်ဖေသန်းအား "ဖေသန်း မင်းလိုက်သွားကွာ၊ မဲကျတဲ့ ထားဝယ်ကျော်အေးကို ခေါ်သွား၊ ငါတော့ စိတ်မကောင်းလို့ မလိုက်ချင်ဘူး" ဟု ပြောလိုက်သည်။ တပ်ကြပ်ဖေသန်းက "ရတယ် ဗိုလ်လေး၊ ကျွန်တော်တို့တပ်က ဆိုတော့ ရှက်စရာကောင်းတယ်၊ ကျွန်တော့်ခိုင်းရင်လည်း လုပ်မယ်" ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



တရားခံနှစ်ယောက်ကို သေနတ်ဖြင့်ပစ်၍ စီရင်သောနေ့က တရားခံတစ်ဦးဖြစ်သူ ရဲဘော်တင်မောင်က "ဖြစ်လေရာဘဝတွင် ဤကဲ့သို့ အဖြစ်ဆိုးမျိုး မကြုံရပါလို၏" ဆုတောင်းသွားသည်ဟု ပြန်ကြားရသည်။ ရဲဘော်ဟန်ရွှေကမူ "လုပ်ရဲရင် ခံရဲရမှာပေါ့"ဟု ပြော၍ ရဲရဲဝံ့ဝံ့ပင် သေနတ်ဖြင့်ပစ်၍ စီရင်ခြင်းကို ခံသွားသည်ဆို၏။ အောင်မယ် ရဲဘော်ဟန်ရွှေက သူ့ကို မစီရင်မီ "ဗိုလ်လေးတင်ဦးကို သူ ကန်တော့ခဲ့ကြောင်း ပြောပေးပါ"ဟုပင် မှာကြားသွားသေးသည်ဆို၏။ ရဲဘော်ဟန်ရွှေကို သေနတ်ဖြင့်ပစ်သောအခါ တော်တော်နှင့် မသေဟုဆိုသည်။ သူ့ကိုပစ်ပြီး တော်တော်ကြာမှ သေသည်ဟု ဆိုသည်။ တရားခံနှစ်ဦး၏အလောင်းကို မြေကြီးထဲမှာ ကျင်းတူးပြီး မြှုပ်လိုက်ကြလေသည်။

ပြောရဦးမည်။ နောင်အခါတွင် ကျွန်တော်က တပ်ရင်းမှူးရာထူးနှင့် ဖြစ်လာချိန် ထိုစဉ်က ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလွင် (နွတ်ခမ်းမွေး) ကို ဤသို့ နောက်ပြောင်ဖူး၏။

**ကျွန်တော်။** "အဘလွင် ဖက်ဆစ်တော်လှန်ရေးတုန်းက အဘလွင် တရားစီရင်ခဲ့တာ ကျွန်တော် ပြောပြလိုက်ရမှာလား"

**ဗိုလ်မှူးကြီးလွင်။** "ဘာလဲကွ၊ ဒါက ဖက်ဆစ်တော်လှန်ရေးတုန်းက စည်းနဲ့ ကမ်းနဲ့ လုပ်ရတာပဲ"

**ကျွန်တော်။** "အဘလွင်က တရားစီရင်တော့ သေဒဏ်ပေးတယ်လေ၊ အဲဒါ အယူခံလည်း တက်ခွင့်မပြုခဲ့ဘူး မဟုတ်လား"

**ဗိုလ်မှူးကြီးလွင်။** "ယောကောင်၊ မင်း ကတ်သီးကတ်ဖွဲ့ လာမပြောနဲ့၊ တောထဲမှာ တရားစီရင်ရတာ၊ ပြီးတော့ တပ်မတော်ကို ပြည်သူတွေ ယုံကြည်အောင် ဒေသ အေးချမ်းအောင် လုပ်ခဲ့ရတာကွ"

သည်လိုနှင့် ရဲဘော်ဟန်ရွှေတို့ကိုလည်း ပြစ်ဒဏ်စီရင်ပြီးရော မကြာခင်မှာပင် နေ့ချင်းညချင်းဆိုသလို ဗြိတိသျှ မဟာမိတ်တပ်တွေ တက်ရောက်လာကြလေသည်။ ဗြိတိသျှ မဟာမိတ်တပ်မတော် ချီတက်လာပုံကား ကြမ်းတမ်းလှ၏။ ရှိန်သူရှိရှိ၊ မရှိရှိ တရကြမ်း ချေမှုန်းပစ်ခတ်၍ တက်လာသည်။ သံချပ်ကာကားတွေက ရှေ့က၊ နောက်မှာ တင့်ကားကြီးတွေ အမြောက်လက်နက်တွေ ပစ်ခက်တက်လာကြ၏။ ကောင်းကင်မှာ လေယာဉ်ကြီးတွေက



အုပ်လိုက်ပျံသန်းလျက် လိုက်လာသည်။ ထိုအချိန်မှာ ဧပြီလကုန်လောက်ဖြစ်၍ ရန်ကုန်မြို့ပင် ရန်သူ့ဂျပန်တွေ လက်က သိမ်းယူပြီးလောက်ပေပြီ။

ထိုစဉ်က ဂျပန်တပ်များ အလူးအလဲခံရသည်မှာ မိုးအင်းကြီးဆည်တွင် ဖြစ်သည်ဟု သတင်းကြားရသည်။ ဂျပန်စစ်တပ်ကြီးက မိုးအင်းကြီးရေပြင်ကို ညဥ့်မှောင်မှောင်မှာ မြက်ခင်းပြင်မှတ်၍ ဖြတ်သည်။ အင်းရေပြင်ကြီးဖြစ်နေသဖြင့် တစ်ညဥ့်လုံး အင်းရေထဲမှာ ဝရုန်းသုန်းကားဖြစ်၍ ကူးနေရခိုက် နောက်တစ်နေ့နံနက်တွင် ဗြိတိသျှ ကျွဲညီနောင်လေယာဉ်ကြီးတွေ တစ်အုပ်ပြီးတစ်အုပ် ပျံသန်းလာ၍ စိတ်ကြိုက် စက်သေနတ်နှင့်ပစ်၊ ဗုံးကြဲရာ ဂျပန်တွေ အတုံးအရုံး မြင်မကောင်းအောင် အလောင်းချင်းထပ်သေကြသည်ဟု သတင်းကြားလိုက်ရသည်။

ထိုစဉ်က မြန်မာ့ဖက်ဆစ်တော်လှန်ရေးတပ်ဖွဲ့နှင့် ဗြိတိသျှ မဟာမိတ်တပ်မတော်တို့အကြား အထင်အမြင်မှားပြီး တိုက်ပွဲဖြစ်ပွားသည့် မဟာပြဿနာတစ်ရပ်ကို ပြောဆိုတင်ပြချင်သေးသည်။

ထိုစဉ်က ဗြိတိသျှ မဟာမိတ်တပ်က ကားတွေ သံချပ်ကာကားတွေမှာ ထူးခြားသော တံဆိပ်တပ်လာကြသည်။ ဂျပန်နိုင်ငံ၏ နေတံဆိပ်ကို အနက်သောင် ပိုင်းထားသည့် တံဆိပ်။ သဘောကတော့ ဂျပန်တို့၏ နေတံဆိပ်ကို အမဲလေးထောင့်ပိုင်း၍ အနိုင်ရပြီဟု ဖော်ပြချင်သည်။ ထိုကားတွေ တောင်ပေါ်ကဆင်းလာစဉ် ကျွန်တော့်တပ်မှ ရဲဘော်တွေက ဂျပန်စစ်တပ်ဆုတ်ခွာလာသည်ဟုထင်ပြီး ဝင်တိုက်ကြလေသည်။ ကျွန်တော်တို့တပ် တပ်စုတစ်စုက ဝင်တိုက်ကြရာ ဟိုက သံချပ်ကာအမ်းမတ်ကားမှ ပြန်ပစ်ကြသဖြင့် ကျွန်တော်တို့တပ် မလှုပ်နိုင်ပြီ။ ကျွန်တော်တို့ဆီက သွားတိုက်သည့် ရဲဘော်တွေအားလုံး အဖမ်းခံကြရတော့သည်။ ကျွန်တော်တို့ကို ထုတ်ပေးထားသော သေနတ်၊ လက်နက်တွေ အားလုံးပင် မဟာမိတ်ဗြိတိသျှတပ်က သိမ်းယူသွားခြင်း ခံရလေသည်။ ကျွန်တော်တို့တပ်က ရဲဘော်တွေကို မသတ်ဘဲ ဖမ်းဆီးသွားကြလေသည်။

ဤကိစ္စ အကြီးအကျယ် အငြင်းပွား ပဋိပက္ခဖြစ်၍ ဗိုလ်မှူးလေးအောင်ရွှေတို့နှင့် ဗြိတိသျှတပ်မှ ဗိုလ်ကြီးဆော်လီ၊ ဗိုလ်ကြီးလန်းဘော့တို့ အကြီးအကျယ် စကားများကြရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ဆွေးနွေးကြ ဖြေရှင်းကြပြီး ပြဿနာတွေ ပြေလည်သွားကာ ဖမ်းဆီးခံထားရသော ရဲဘော်တွေအားလုံးကို ပြန်လွှတ်ပေးလိုက်ကြ၏။ ယူနီဖောင်းဝတ်စုံတွေတော့ မူရင်းအတိုင်း ဝတ်ဆင်လျက်။ သို့သော် လက်နက်သေနတ်တွေကိုတော့ အကုန်သိမ်းယူထားလိုက်ကြသည်။ သည်လိုမှားယွင်းပစ်ခတ်ခဲ့ကြသော ကိစ္စအတွက် ကျွန်တော်လည်း အတော်ပင် အရှက်ရမိပေသည်။ စိတ်လည်း ဆိုးမိသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် ဗိုလ်မှူးလေးအောင်ရွှေက ကျွန်တော်တို့ လှမ်းခေါ်သောကြောင့် ပဲခူးရိုးမ ချောင်းဖျားရှိ တိုင်းဌာနချုပ်ရုံးကို လမ်းမှာ တစ်ညအိပ်၍ ရောက်သွား၏။ နောက်တစ်နေ့နံနက်မှ ရောက်သွားသည်။ ရောက်လည်း ရောက်ရော ဗိုလ်အောင်ရွှေက ကျွန်တော့်ကို ဆူပူဆုံးမသည်။ ကျွန်တော်က ဗြိတိသျှမဟာမိတ်တပ်က သိမ်းယူသွားသော လက်နက်များ ပြန်ရအောင် လုပ်ပေးပါ။ လေထီးဆင်းတပ်သားတွေ ကိုင်ရန်လက်နက် မရှိဘူးဖြစ်နေသည်ဟု ပြောပြသဖြင့် ဗိုလ်မှူးအောင်ရွှေက စာတစ်စောင် ရေးပေး၏။

To whom it may concern ဟု ထိပ်ပိုင်းမှာရေးပြီး သက်ဆိုင်သော ပုဂ္ဂိုလ်များ ခင်ဗျား။ ယခု ဤစာကို သယ်ဆောင်လာသူသည် Burma National Army B.N.A မှ အရာရှိအဆင့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ တပ်မတော် အချင်းချင်း မှားယွင်းပစ်ခတ်မိသော အမှုအခင်းကြောင့် မိမိတို့ လက်နက် ခဲယမ်းများကို သက်ဆိုင်ရာက သိမ်းယူသွားပါသည်။ ဤကိစ္စကို ညှိနှိုင်း စစ်မေးပြီးလျှင် သိမ်းယူသွားသော လက်နက်များကို အမြန်ပြန်လည် ထုတ်ပေးပါရန်ဆိုသည့်စာကို ကျွန်တော့်ထံ ရေးပေးလိုက်သည်။

ဗိုလ်မှူးအောင်ရွှေထံမှ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာကို ယူ၍ လိုက်သွားသည့်အခါ လက်နက်သိမ်းသွားသောတပ်ကို မမီလိုက်တော့ပေ။ ထိုစစ်တပ်မှာ ထွက်သွားပြီဆိုသဖြင့် ကျွန်တော်တို့ တောနက်ကြီးသို့ ဆင်းလိုက်သွား၏။ ထိုနေရာကမှနေ၍ ဝင်ကဘော်ရွာ နောက်ဘောနက်ကြီးရွာကနေ ဘုရားကြီးကျေးရွာသို့ သွားရ၏။ လမ်းမှာ ဂျပန်တပ်ပြေး စစ်သားတို့ အလောင်းများ ပြန့်ကြဲလျက် တွေ့ရသည်မှာ မြင်၍မကောင်း ရှု၍ မကောင်း။ ရွာလူထုက ဂျပန်စစ်ပြေးတွေအလောင်းမှ ရသရွေ့ဆွဲခွာယူရာ ဂျပန်အလောင်းတွေမှာ ရစရာမရှိ ပျက်စီးနေကြပြီ။ ဂျပန်အလောင်းတစ်



လောင်းမှာကား ပါးစပ်ထဲက ရွှေသွားကိုပင် လှီးဖြတ်ယူကြရာ စိတ်ချမ်းသာစရာ တစ်ကွက်မျှမရှိ။ ဂျပန်စစ်သားအလောင်းတို့၏ ဦးထုပ်၊ အင်္ကျီ၊ ဘောင်းဘီအပြင် စစ်ဖိနပ်ပါ ချွတ်ယူသွားကြသည်။ သြော် လူသန်္ဓါရ ပစ္စည်းလည်း သင်္ခါရ၊ ဂျပန်စစ်သားလည်း သင်္ခါရ၊ ဂျပန်ဖက်ဆစ်ဝါဒ ဆိုးလည်း သင်္ခါရအဖြစ် အမြစ်က ချိုးဖွဲ့ချေမှု ခံရသည်တကား။ တရားရစရာပင်တည်း။

ထိုအချိန်က ဂျပန်တွေ စစ်ရှုံးပြီး ထမင်း အငတ်ငတ်၊ အပြတ်ပြတ်ဟိုရွာဝင် ထမင်းတောင်းစား သည်ရွာဝင် ထမင်း တောင်းစား၊ ရွာထဲက လူဆိုးသူခိုးတွေက လိုက်ရိုက်၊ လုယက်သတ်ဖြတ်လျှင် ထွက်ပြေး၊ ဂျပန်အလောင်းတွေကို တွေ့ရာနေရာမှာ စွန့်ပစ်ခဲ့၊ ပုပ်စော်နံ နှာခေါင်းမခံနိုင်။ သြော် ဤကား စစ်၏ ဆိုးရွားသော အနိဋ္ဌာရုံတည်း။

ထိုနေ့က ကျွန်တော်တို့၏ မဟာမိတ် ဗြိတိသျှစစ်တပ် ရှာပုံတော်ခရီးမှာ ဘုရားကြီးရွာသို့ပင် ရောက်သွားခဲ့၏။ ဘုရားကြီးရွာ၌ 82/ West African Division အမှတ် ၈၂၊ အနောက်အာဖရိက ဒီဗီဇံတပ်မကြီးမှ အသားမည်း ကပ္ပလီတပ်နှင့် တွေ့သည်။ မှတ်မိကြပါလိမ့်မည်။ To Hell and Back အင်္ဂလိပ်ရုပ်ရှင်ကားတွင် သရုပ်ဆောင်ပါဝင်ခဲ့သော ကပ္ပလီရုပ်ရှင်မင်းသား၊ သူကိုယ်တိုင် ဗြိတိသျှမဟာမိတ် စစ်တပ်တွင် ပါဝင်အမှုထမ်းစဉ် စွန့်စားတိုက်ခိုက်မှု စွမ်းရည်ကြောင့် Victoria Cross ခေါ် သူရသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ရရှိသော အော်ဒီမာဖီတို့ ပါဝင်သော နာမည်ကျော် ကပ္ပလီ ဒီဗီဇံတပ်မပင်တည်း။

ထိုစဉ်က အော်ဒီမာဖီမှာ ယင်းတပ်မကြီးတွင် တပ်ကြပ်ကြီးအဆင့် စစ်လည်းတိုက်ရင်း စားဖိုမှူး ထမင်းချက်အဖြစ် ပါလာသည်ဟု သိရပေသည်။ အော်ဒီမာဖီအကြောင်း သိရသည်မှာ သူတို့ ယူဂန်ဒါနိုင်ငံသမ္မတအကြောင်း စာအုပ်ထွက်လာသဖြင့် ဆက်စပ်ဖတ်ကြည့်ရာက ဖြစ်ပေသည်။ ထိုစဉ်က ယူဂန်ဒါနိုင်ငံကို Rodisia ရိုဒီးရှားနိုင်ငံဟုခေါ်သည်။

ထိုနေ့က အာဖရိကန် အသားမည်းစစ်တပ်နှင့် တွေ့စဉ် ကျွန်တော် ဝင်သွားရာ သူတို့ဆက်ဆံပုံက သိပ်မယဉ်ကျေးလှ။ ခပ်ရိုင်းရိုင်းပင် ပြောဆိုပြုမူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အာဖရိကန်စစ်သားက မေးရာ

Who is that (ဘယ်သူလဲ)

**ကျွန်တော်။** I am officer from BNA
(ငါက ဗမာအမျိုးသားတပ်မတော်က စစ်အရာရှိပဲ)

**သူတို့က။** I don't know BNA
(ဘီအင်အေကို ငါမသိဘူး)

**ကျွန်တော်က။** "မင်းတို့အထဲမှာ အုပ်ချုပ်တဲ့ လူ မရှိဘူးလား"

**စစ်သား။** "အုပ်ချုပ်တဲ့လူရှိတယ်"

သည် အာဖရိကန်စစ်သားတွေ အင်္ဂလိပ်လိုပြောလျှင် နားလည်ကြသည်။ သူတို့ပြောသော စကားလုံးကတော့ မပီမသပင်။

**ကျွန်တော်က။** I want to contect to your officer.
မင်းတို့အရာရှိနဲ့ တွေ့ချင်တယ်။

ဤသို့ပြောတာ သူတို့က လက်မခံဘဲ အကွယ်အကာယူ နေရာယူသည်။ ကျွန်တော့်မှာ ရုတ်တရက် ပစ်ရခတ်ရများ ဖြစ်မည်လားဟု စိတ်ထဲလန့်သွားသေးသည်။ ပစ်ရမည်ဆိုလျှင်လည်း ကျွန်တော်တို့က တပ်စုနှင့်သွားသည်မို့ အသင့်ပင်ဖြစ်၏။ ကျွန်တော်တို့မှာ တပ်ဖွဲ့ဝင် ၁၅ ယောက်ခန့် ပါသွားသည်။

ခဏကြာတော့မှ သူတို့အာဖရိက စစ်သားများထဲမှ တစ်ဦးက "စောင့်ဦး" Please wait ဟုပြောပြီး ထွက်သွားသည်။ သူတို့တပ်ဖွဲ့အုပ်ချုပ်သူ ဗြိတိသျှအမျိုးသား အရာရှိကို ခေါ်လာလေသည်။ စစ်ဗိုလ်လေးမှာ အသားဖြူဖြူ အသက်ငယ်ငယ် လူချောလူသန့်ကလေး တစ်ဦးပင်။

**ကျွန်တော်။** "ဗမာအမျိုးသားတပ်မတော်က စစ်အရာရှိပါ"

**မျက်နှာဖြူဗိုလ်။** "ဟုတ်ပြီ၊ သိတယ်၊ မင်းတို့က ငါတို့နဲ့ အတူတွဲပြီး
တိုက်နေတယ်ဆိုတာ သိတယ်"

ထိုအချိန်မှာ ကျွန်တော်က အကျိုးအကြောင်း ပြောပြရသည်။ "ငါတို့တပ်က လက်နက်တွေကို မင်းတို့ ဗြိတိသျှမဟာမိတ်တပ်က သိမ်းယူသွားပြီး လူတွေကိုတော့ ပြန်လွှတ်လိုက်ပြီ။ အဲဒီလက်နက်တွေ ပြန်ပေးပါ။ ဒီမှာ ငါတို့အကြီးအမှူးထံက စာကိုဖတ်ပါ။



ဗြိတိသျှစစ်အရာရှိက စာကိုဖတ်ကြည့်ပြီး "အဲဒီလက်နက်တွေကို ရန်ကုန်ပို့လိုက်ပြီ၊ မင်းတို့နဲ့ ထိပ်တိုက်တိုးတဲ့တပ်က ရန်ကုန်ဝင်သွားပြီ၊ တို့ဆီမှာတော့ အဲဒီလက်နက်တွေ မရနိုင်ဘူး"

**ကျွန်တော်က။** "ဒီလက်နက်တွေကို မရလို့ မဖြစ်ဘူး၊ ငါတို့လက်နက်
ယူသွားတာ ပြန်ရမှဖြစ်မယ်"

ဗြိတိသျှစစ်အရာရှိမှာ သဘောသဘာဝ ပြည့်ဝသူဖြစ်ဟန်ရှိသည်။ သူက ကျွန်တော့်ကို "ဒါဆိုရင် လိုက်ခဲ့"ဟု ပြောကာ ခေါ်သွားသည်။ သူခေါ်သွားရာသို့ ကျွန်တော်လိုက်သွား၏။ သူခေါ်သွားသည်မှာ BIC ခေါ် ထောက်လှမ်းရေးအဖွဲ့ဖြစ်သည်။ အဖွဲ့ဝင်တွေမှာ မြန်မာတွေဖြစ်နေသည်။ ယင်းအဖွဲ့တွင် မြန်မာအမျိုးသားအရာရှိတွေ ပါလာသည်။ ဗိုလ်ကြီးတွေ ပါသည်။ မြန်မာအဖွဲ့ဝင်တွေမှာ အိန္ဒိယနိုင်ငံမှ လိုက်ပါလာသူများဖြစ်ရာ ကျွန်တော်တို့ဆီက ဖြစ်ခဲ့သော အခြေအနေကို မသိကြ။ သို့သော် ဗမာတွေနှင့်တွေ့ ဗမာစကားပြောရသဖြင့် ကျွန်တော်လည်း ပျော်သွားသည်။ သူတို့လည်း ပျော်လျက်၊ ကျွန်တော်တို့ ဗမာ့တပ်မတော်က တော်လှန်နေသော သတင်းကို သူတို့သိရှိ၍ ဝမ်းသာအားရဖြစ်ကြောင်း ပြောလေသည်။

ကျွန်တော်တို့၊ ယခုဖြစ်ရသည့် လက်နက်အသိမ်းခံရသောကိစ္စအတွက် ဗမာ့ထောက်လှမ်းရေးအမှုထမ်းတွေက သူတို့ BIC အဖွဲ့ အကြီးအမှူး မစ္စတာဂရိကို တွေ့ပေးမည်။ မစ္စတာဂရိက "ဒီကိစ္စတော့ ငါလည်း မသိရဘူး၊ ဒါပေမယ့် မင်းတို့ ဗမာအဖွဲ့တစ်ဖွဲ့ ဘုရားကြီးကျေးရွာမှာ ရှိတယ်၊ အဲဒီကို လိုက်သွားကွာ"

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် သခင်သန်းထွန်းနှင့် တွေ့ခဲ့စဉ်က

မန္တလေးဂရိပြောသည့်အတိုင်း ကျွန်တော်တို့ ဘုရားကြီးကျေးရွာသို့ လိုက်သွားကြသည်။ ဘုရားကြီးကျေးရွာတွင် သံပြားကြီးများခင်း၍ လေယာဉ် ပျံ ဆင်းတက် ပြုလုပ်နိုင်ရန် လေယာဉ်ပျံကွင်း တည်ဆောက်နေကြသည်။ ဘုရားကြီးမှာ စစ်သားတွေ ဖွေးဖွေးလှုပ်နေသည်။ တပ်တွေမှာ ဝင်လာမစဲ တသဲသဲ။ ချီတက်ထွက်ခွာနေဆဲ မဟာမိတ်တပ်တွေလည်း အများကြီး။ ရှက်ဖျင်တဲကလေးတွေ တဲကလေးတွေနှင့်။ ထို့ပြင် စစ်လေယာဉ်ဆင်းရန် လည်း သံပြားပေါက်တွေခင်း၍ လေယာဉ်ကွင်းလုပ်ပြီးနေလေပြီ။ ထို့ပြင် ယာယီလေယာဉ်ပျံကွင်းတွင်ပင် လေယာဉ်ငယ်ကလေးတွေ တက်လိုက် ဆင်းလိုက် လုပ်နေကြတာလည်း တွေ့ရ၏။

ဘုရားကြီးရွာစခန်းမှာ အားလုံးတပ်ဖွဲ့တွေ အတည်တကျ ဖြစ်နေပြီ။ မြန်မာ ခေါင်းဆောင်တွေလည်း ရုံးစိုက်၍ အလုပ်လုပ်နေကြပြီ။ ဘုရားကြီး ရွာ၌ အတည်တကျ အလုပ်လုပ်နေသူမှာ ဗမာ့တော်လှန်ရေးတပ်မတော်မှ နိုင်ငံရေးသဘောတရားခေါင်းဆောင် သခင်သန်းထွန်း။ ကျွန်တော်တို့အဖွဲ့ကို လိုက်ပို့သော အရာရှိက သခင်သန်းထွန်း ရုံးထိုင်နေရာသို့ ခေါ်သွားသည်။ ဤအကြိမ်မှာ သခင်သန်းထွန်းကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင်။

သခင်သန်းထွန်းက “မင်းတို့ ဘယ်တပ်ကလဲ” ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်။** "ကျွန်တော်တို့ ဗိုလ်မှူးကျော်ဇောရဲ့ တိုင်းကပါ၊ ကျွန်တော်တို့တပ်မှာ ဗိုလ်မှူးလေးအောင်ရွှေ ပါလာပါတယ်၊ နိုင်ငံရေးမှူး သခင်ပုလည်း ပါတယ်"

**သခင်သန်းထွန်း။** "သခင်ပုကို ငါသိပါတယ်၊ ဒါဆို မင်းတို့တပ်မှာ Anti Facist Organization ဖတပလ၊ (ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူလွတ်လပ်ရေးအဖွဲ့) ဖွဲ့ပြီးပြီလား။

**ကျွန်တော်။** "ကျွန်တော်တို့ ဒါတွေ ဘာမှ မသိရသေးပါဘူး၊ ကျွန်တော်တို့ ယခုလာတာ စစ်ရေးကိစ္စနဲ့ လာတာပါ ခင်ဗျ"

သည်မှာပင် သခင်သန်းထွန်းက ကျွန်တော့်ကို ဆူတော့သည်။ "ငါတို့ဒီမှာ AFO ဖွဲ့ဖို့ လုပ်နေကြတာကြာပြီ။ ယခုလို တို့နဲ့မဟာမိတ်တပ် ဆက်ဆံရေး အခြေအနေ သိပ်ကောင်းနေချိန်မှာ ဖတပလ ဖွဲ့ရမယ်၊ ယခုထက်ထိ ဘာကြောင့် ပဲခူးတိုင်းမှာ ဖတပလ မဖွဲ့သေးတာလဲ"

သခင်သန်းထွန်းက ကျွန်တော့်ကို ဖတပလဖွဲ့ရန် ညွှန်ကြားချက်စာရွက်လက်ကမ်းစာစောင်၊ ကြေညာချက်စာရွက်တွေ ထုတ်ပေးသည်။ "ဒီစာရွက်တွေကို ယူသွားပါ၊ ပဲခူးတိုင်းဌာနချုပ်ကို ပေးပါ၊ သခင်ပုတို့ရှိနေရင် ဒီအဖွဲ့ဖွဲ့စည်းနိုင်ရမယ်"

ဒီမှာ သခင်သန်းထွန်းက ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးအဖွဲ့အစည်း လက်ပတ်တွေ ထုတ်ပေးသည်။ အနီခံတွင် ကြယ်ဖြူတစ်ပွင့်နှင့် လက်ပတ်များဖြစ်သည်။ သခင်သန်းထွန်းက ဆက်ပြောပါသေးသည်။

"ဒါတွေ ငါတောင်ငူက ပြန်လာလို့ လုပ်လာခဲ့တာ၊ အများကြီးတော့ မပေးနိုင်ဘူး၊ ရှိသလောက်ယူသွား၊ ဟိုမှာရှိတဲ့ လူတွေနဲ့ မင်းတို့ မျှတာပြီး လုပ်ကြပေါ့"

သည်တော့မှ ကျွန်တော်လည်း ဖက်ဆစ်တော်လှန်ရေးလက်ပတ်အနီခံကြယ်ဖြူပွင့်ကို စတင်မြင်ဖူးခြင်း ဖြစ်ပေသည်။ သခင်သန်းထွန်းတိုင်သော ဌာနချုပ်ရုံးတွင် ဗိုလ်တိုးလွင်နှင့် တွေ့ရသည်။ ဗိုလ်တိုးလွင်မှာ ဂျပန်ခေတ်စစ်တက္ကသိုလ် ဒုတိယပတ်ဆင်းဖြစ်၍ ကျွန်တော်တို့ တတိယပတ်ဆင်းသူတွေထက် တစ်ပတ်ပိုစောပြီးဆင်းခဲ့သူ။ စစ်တက္ကသိုလ်တွင် ကျွန်တော်တို့ တတိယပတ်သင်တန်းကို အုပ်ချုပ်ကွပ်ကဲခဲ့သော ခေါင်းဆောင်ဖြစ်



၏။ ယခု သခင်သန်းထွန်းတို့အဖွဲ့ တောင်ငူက ထွက်လာစဉ် ဗိုလ်တိုးလွင်လည်း အတူပါလာခြင်းဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးရပြီးချိန်မှာ ဗိုလ်ကြီးတိုးလွင် ပြည်သူ့ရဲဘော်ဖြူတို့နှင့်အတူ တောခိုသွားပြီး နောင်အလင်းဝင်လာခဲ့သည်။ အလင်းဝင်လာပြီးမှ ကျွန်တော်တို့အိမ်အနီးမှာပင် တစ်ရပ်ကွက်တည်း အိမ်ဆောက်၍ လာနေသည်။ ယခု ကွယ်လွန်ရှာပြီ။

ဗိုလ်တိုးလွင်က တော်ပါသည်။ သူပင် အဆက်အသွယ် လုပ်ပေး၍ ကျွန်တော်တို့ထံက သိမ်းယူသွားသော လက်နက်တွေ ပြန်ရခဲ့၏။ မူလလက်နက်တွေတော့ မဟုတ်။ ယခု ပြန်ရသည်မှာ ယခင် လက်နက်တွေအစား ပြန်ထုတ်ပေးခြင်းပင်။ သေနတ်တွေက အသစ်တွေမဟုတ်။ တစ်ပတ်နွမ်းပင်။ စတင်းဂန်း တော်မီဂန်း စသော မောင်းပြန်သေနတ်တွေ ပြန်လည်ထုတ်ပေး၍ လက်ခံရရှိခဲ့သည်။ ရိုင်ဖယ်သေနတ်လည်းပါ၏။ တချို့ရိုင်ဖယ်သေနတ်တွေမှာ ဂျပန်တပ်စခန်းက ဖမ်းမိသော လက်နက်အသစ်တွေပင်ပါသေး၏။

ထိုနေ့က လက်နက်တွေ ပြန်ရသောအခါ ပဲခူးတိုင်း ဖက်ဆစ်တော်လှန်ရေးဌာနချုပ်ကို သုတ်ခြေတင်ပြီး သွားရသည်။ သခင်သန်းထွန်းပေးလိုက်သည့် စာရွက်စာတမ်းများ ညွှန်ကြားချက်များ၊ ကြေညာချက်များကိုလည်း ပဲခူးတိုင်းဌာနချုပ်မှ သခင်ပုထံ ပေးခဲ့ရသည်။

ပြောရဦးမည်။ ဘုရားကြီးစခန်းတွင် သခင်သန်းထွန်းကိုတွေ့စဉ်က စစ်ယူနီဖောင်း အစိမ်း ဝတ်ထားသည်။ ဘောင်းဘီ၊ အင်္ကျီ၊ အင်္ကလိပ် စစ်တပ် အဆင်အသွေးပင်။ စတွေ့လျှင်တွေ့ချင်းမှာ ဒေါသတကြီးနှင့် ဆူပူနေသဖြင့် သူ့ရုပ်သွင်မှာ ဆိုးလှသည်။ မတင့်တယ်လှ။ ဒါတော့ ကောင်းကောင်း မှတ်မိသည်။

သခင်သန်းထွန်းတို့ဌာနချုပ်က ပြန်လာ၊ ဗိုလ်မှူးလေးအောင်ရွှေနှင့် ဗိုလ်ပု (သခင်ပု) တို့ဆီကိုဝင်ပြီး သခင်သန်းထွန်း တာဝန်ပေးလိုက်တာတွေ ပြောပြရသည်။ လက်ပတ်တံဆိပ်များနှင့် ညွှန်ကြားချက် စာရွက်စာတန်းများ၊ ကြေညာချက်ဖို့လည်း ပြောကြားခဲ့သည်။

မကြာမီ ကျွန်တော်တို့ တော်လှန်ရေးစခန်းသို့ ဗိုလ်မှူးအောင်ရွှေနှင့် သခင်ပု (ဗိုလ်ပု) တို့အဖွဲ့ရောက်လာကြသည်။ ဗိုလ်ပုက၊ နောင်အခါ သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗဟို

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ ဖြစ်လာသူပင်။ ဗိုလ်မှူးအောင်ရွှေနှင့် သခင်ပုတို့ဦးဆောင်၍ ထန်းတောကြီးရွာ ဖတပလအဖွဲ့ ဖွဲ့စည်းရန် လူထုအစည်းအဝေးတစ်ခု ပြုလုပ်ကြသည်။

ထိုနေ့က စိတ်မကောင်းစရာဖြစ်ခဲ့သည်မှာ ဗိုလ်မှူးအောင်ရွှေနှင့် တော်လှန်ရေးတပ်မတော်သားတို့ ထန်းတောကြီးရွာသို့ ဝင်လာသည်ကို သတင်းမှားပေးသူကြောင့် ဂျပန်တပ်တွေ ဝင်လာသည်ဟု ယူဆပြီး ဝိုင်းဝန်း ပစ်ခတ် တိုက်ခိုက်ခံရခြင်းပင်။ လူထုအစည်းအဝေးပွဲကို တက်ရောက်ကြသော ရွာသားအချို့ သေဆုံး ဒဏ်ရာရကြသည်။ သခင်ပု ကိုယ်တိုင်ပင် သေနတ် ဒဏ်ရာ ရခဲ့သည်။

ပစ်သူက ဘယ်သူထင်သလဲ။ မဟာမိတ်တပ်က မှားပြီးလာပစ်သည်။ လေယာဉ်ပျံပေါ်မှ စက်သေနတ်ဖြင့်ပစ်သည်။ ကျွန်တော်တို့ ထန်းတောကြီးရွာထဲမှာ စုဝေးကြသူတွေ ဖရိုဖရဲ ပြေးကြပုန်းကြ တော်တော် ကလေး ဆိုးဆိုးရွားရွား ကြုံရသည့် အဖြစ်ဆိုးပင်။

ကျွန်တော်မှတ်မိသလောက် ၁၀ ယောက်ခန့် သေနတ်ထိမှန် သေဆုံးခဲ့သည်။ ထိုစဉ်က ဗိုလ်အောင်ရွှေတစ်ယောက် စိတ်ဆိုးဒေါသဖြစ်ပြီး ပဲခူးဌာနချုပ်ပြန်သွား၍ ဗြိတိသျှစစ်ဘက်မှ ဗိုလ်တတ်တို့ကို မင်းတို့သတင်း မှားပေးလို့ ပြည်သူတွေ ထိခိုက်သေဆုံးရသည်ဆိုပြီး သတ်မယ်၊ ဖြတ်မယ်၊ တကဲကဲ လုပ်နေသဖြင့် မနည်းကြီး စိတ်ပြေအောင် တောင်းပန်ရ၏။

သည်တွင် ဖတပလ အဖွဲ့ကလည်း ဖွဲ့ရန်ရှိနေ၍ ဆရာစံသူပုန်တပ်သားဟောင်းများဖြစ်သည့် ဦးထွန်းမြတ်၊ ဦးပြားကြီးတို့က ဦးဆောင်၍ ရွာနားနီးချင်းရှိ ကျေးရွာသားများတို့ စည်းဝေးခေါ်ယူ ဖွဲ့စည်းကြရလေသည်။ သူတို့က သည်ရွာနီးနားတစ်ဝိုက်တွင် အတော်ပင် ဩဇာညောင်းသူများ ဖြစ်လေသည်။

ပဲခူးချောင်းဖျားဒေသ ထန်းတောကြီးရွာ တောင်ပိုင်းဒေသတွေမှာ ဗိုလ်မြသွေးက ဦးဆောင်၍ ဖတပလအဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်၏။ ဖက်ဆစ်စနစ်၏ ဆိုးရွားရက်စက်မှုကြောင့် ဗမာ့တပ်မတော်က စစ်ရေးအရ တော်လှန်ရေးဆင်နွှဲစဉ် ကျေးရွာလူထုအနေဖြင့် ဖတပလအဖွဲ့သို့ ဝင်ရောက်၍ တော်လှန်ရေးကြီးအောင်မြင်ရန် ကူညီပံ့ပိုး ဆောင်ရွက်ကြရန် လိုကြောင်း ဟောပြော စည်းရုံးရပေသည်။



အချိန်ကာလမှာ ၁၉၄၅ ခုနှစ် မေလကုန် ဇွန်လဆန်းသို့ ရောက်ခဲ့ပြီ။ ထိုအချိန်တွင် ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးတပ်ဖွဲ့များ ဌာနချုပ်သို့ ပြန်ကြရန် အစီအစဉ်ဖြစ်လာသည်။ မိုးရာသီရောက်ပြီဖြစ်၍ ပဲခူးချောင်းဖျားမှာ ရေတွေ ကျလာနေပြီ။

ထိုအချိန်တွင် ပဲခူးတိုင်းဌာနချုပ်မှ ဗိုလ်မှူးအောင်ရွှေ၏ အမိန့်စာတစ်စောင် ကျွန်တော့်ထံရောက်လာသည်။

**ဗိုလ်လေးတင်ဦး**။ ဒီစာရလျှင် မင်းတို့တပ်ဖွဲ့ နောက်ချန်နေရစ်ခဲ့ပါ။ ငါတို့ ပဲခူးတိုင်းဌာနချုပ်ကနေပြီး ပဲခူးမြို့ကို ပြန်ကြမယ်။ ဒဏ်ရာရထားတဲ့ အရေးကြီးပုဂ္ဂိုလ်၊ သခင်ပုကိုလည်း ပဲခူးမြို့ကို ထမ်းစင်နဲ့ ခေါ်သွားပြီး ဆေးကုရဦးမယ်။

ထိုစဉ်က သခင်ပုမှာ ခြေထောက်တွင် ဒဏ်ရာရသွားခြင်းဖြစ်သည်။ ထို့ကြောင့် လမ်းမလျှောက်နိုင်ဘဲ ထမ်းစဉ်ဖြင့် ထမ်းခေါ်သွားရမည်ဖြစ်သည်။

သခင်ပုကို ထမ်းစင်ဖြင့် ခေါ်သွားရမည်ဖြစ်၍ ချီတက်နှုန်းနှေးမည်။ ဂျပန်စစ်ပြေးတို့ရန်က ရှိသေး၍ ကျွန်တော်က နောက်ပိုင်းလုံခြုံကာကွယ်ရေး တာဝန်ယူရမည်ဖြစ်သည်။

သို့သော် ဗိုလ်မှူးအောင်ရွှေက ကျွန်တော့်ကို နောက်ချန်ထားခဲ့ခြင်း အပေါ် လူငယ်ပီပီ များစွာ စိတ်ထိခိုက်ခြင်း ဖြစ်ရ၏။ ကျွန်တော့်ကို ပစ်သွားသည်။ စွန့်သွားသည်ဟု အားငယ်မိသည်။

ဗိုလ်မှူးအောင်ရွှေတို့ သွားမည့်လမ်းက ခောင်းတူရွာကိုဖြတ်ပြီး ရွှေလောင်းရွာ၊ ဇီးတောရွာ ပြီးတော့ ရော်တွင်းကြီး၊ ပျဉ်ပုံကြီးမှတစ်ဆင့် ပဲခူးသို့ သွားရမည့်ခရီးပင်။

ဗိုလ်မှူးလေးအောင်ရွှေတို့ ပြန်သွားပြီး ရက်အတော်ကြာတော့ ကျွန်တော်နှင့်တပ်ဖွဲ့ ပဲခူးကိုသွားဖို့ စီစဉ်ရသည်။ ဤတွင် ကျွန်တော့်မှာ နှလုံးသားပြဿနာတစ်ရပ်နှင့် ကြုံရလေသည်။ တမာပင်ရွာ၌နေစဉ်က ကျွန်တော်နှင့် ကျေးရွာသူ ပျိုဖြူကလေးတစ်ဦး လူငယ်တို့သဘာဝ မေတ္တာမျှလုနီးရှိခဲ့ကြသည်။ သည်မှာ သမီးရည်းစားအဆင့်အထိ မရောက်။ သူက ကိုယ့်ကို သံယောဇဉ်တွယ်နေသည်ဟု ထင်ထားသည်။ ကျွန်တော်ကလည်း သူ ကလေး အပေါ်တွင် သံယောဇဉ်ရှိနေမိသည်မှာ အမှန်ပင်။ နှစ်ဦးသဘောချင်း ပွင့်လင်းစွာ ပြောဆိုပြီးသည့်အဆင့်တော့ မရောက်ခဲ့သေး။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကလေးက တမာပင်ရွာမှာတော့ ကွမ်းတောင်ကိုင်ဖြစ်ပေမည်။ ယဉ်စစနှင့် တောသူချောကလေး ချောသည်။ ချစ်ချင်စဖွယ် အမူအရာနှင့် သိမ်သိမ်မွေ့မွေ့ရှိလှ၏။ ယခု ကျွန်တော့်တပ်က အပြီးပြန်တော့မည်ဆိုသော အခါ စီးတောရွာမှတစ်ဆင့် တမာပင်ရွာရှိ သူကလေးကို ပြေးပြီးနှုတ်ဆက် လိုက်ချင်သေးသည်။ မိန်းမပျိုကလေးက တမာပင်ရွာမှာ ကျွန်တော်တို့စားဖို့ သောက်ဖို့ ချက်ပြုတ်ကျွေးခဲ့ဖူးသဖြင့်လည်း ရင်းနှီးကျွမ်းဝင်ကြခြင်းပင်။

သို့နှင့် ကျွန်တော်က ကျွန်တော့်တပ်ကိုပြောသည်။ "သူ့ကို နှုတ်ဆက် ဖို့ ငါသွားမယ်၊ ဒါပေမယ့် ငါဒီနေ့ ညဦးမရောက်မီ ငါပြန်ရောက်မယ်၊ ပြီးရင် ငါတို့ညဥ့်သန်းခေါင်မှာထွက်မယ်၊ ရွှေလောင်းကျွန်းပင် ရွာကနေပြီး ရေကွင်းရွာကိုဖြတ်မယ်"

ထိုသို့ပြောခဲ့ပြီး တမာပင်ရွာသို့ ကျွန်တော်ထွက်လာခဲ့သည်။ ထွက်လာ သည့်အချိန်မှာ ညနေစောင်းကလေးပင် ဖြစ်သည်။ သူကလေးကို တွေ့မြင် နှုတ်ဆက်လိုသော ဆန္ဒပြင်းပြနေ၍ ထင်ပါရဲ့၊ ခြေလှမ်းက သွက်နေသည်။ စိတ်က လောနေသည်။ နှစ်ဦးသား ဘာမျှမဖြစ်ကြသေးဘူး။ သို့ပေမယ့် သံယောဇဉ်ကြိုးနွယ်နေမိသည်ကိုကား ဝန်ခံရပေမည်။

ထိုစဉ်က ပဲခူးချောင်းဖျားမှာ ရိုးမရေက သိပ်မဆင်းသေး။ ချောင်းကို ဖြတ်လျှောက်သွား၍ ရသေးသည်။ ကျွန်တော် တမာပင်ရွာရောက်သွားတော့ ရွာထဲမှာ မည်သူမျှမရှိကြ။ သို့သော် ကျေးရွာက လူအများ ခိုအောင်းနေ တတ်သော တောစပ်သို့ လိုက်သွားတော့ သိကျွမ်းဖူးသူ ညိုမောင်နှင့်တွေ့၏။ ညိုမောင်က နောက်ပိုင်း ကျွန်တော်လူကြီးဖြစ်လာတော့လည်း အိမ်သို့ခေါ်ပြီး မကြာခဏ ကျွေးမွေးနေသူပင်။ ကျွန်တော်နှင့် ညိုမောင်တို့တွေ့ကြတော့ ဝမ်းသာသွားမိသည်။

"ညိုမောင်၊ မင်းတို့ဘယ်မှာလဲ"

"ဂျပန်တွေ ဆုတ်လာတာ၊ ခဏ ခဏ ရွာကိုဝင်လာပြီး စားစရာ တောင်းလွန်းတော့ ကျွန်တော်တို့လည်း မနေရဲလို့ တောထဲပြေးနေရတာ"

"အေးဟုတ်ပါပြီ၊ မအုန်းမြင့်ကလေးတို့ကော မင်း သိလား၊ သူတို့ ဘယ်ရောက်နေကြသလဲ"

"သိတယ်ဗျ၊ သိပါတယ်၊ သူတို့မိသားစုလည်း ပြေးရင်းရှောင်ရင်း



ဘယ်ဘက်ပါသွားသလဲ မသိဘူး၊ မှန်းပြီး လိုက်ရှာပေးမယ်လေ၊ ကျွန်တော် နှင့်လိုက်ခဲ့ပါ"

သို့နှင့် ကျွန်တော်လည်း မအုန်းမြင့်ကလေးကို တွေ့ချင်၊ မြင်ချင်၊ နှုတ်ဆက်ချင်၍ ညိုမောင်နောက်သို့ လိုက်သွားသည်။ ဤနေရာ၌ ကြားဖြတ် ပြောရဦးမည်။ မအုန်းမြင့်မှာ ယနေ့ထက်တိုင် သက်ရှိထင်ရှား ကျန်းမာလျက် ရှိသေးသည်။ နောက်တော့ အိမ်ထောင်ကျပြီး သားတွေ၊ သမီးတွေနှင့် ဖြစ်နေပြီ။ ကျွန်တော် အဖွဲ့ချုပ်ကိစ္စနှင့် ပဲခူးရောက်စဉ် မအုန်းမြင့်နှင့် မကြာ ခဏ ဆုံဖြစ်၏။ ယခုအခါ တော်တော်ပင် ဝဝဖိုင့်ဖိုင့်နှင့် သူ့ခင်ပွန်းက ဘွဲ့ရ မူလတန်းကျောင်းအုပ်ဖြစ်သဖြင့် စီးပွားဥစ္စာ တော်တော်ကလေး တင့် တောင့်တင့်တယ်ပင်။

မအုန်းမြင့်ကလေးကို နှုတ်ဆက်ရန် ၁၉၄၅ ခုနှစ် ဖွန်လက ညိုမောင် နှင့် လိုက်သွားခဲ့ရာ ပထမတော့ တောထဲမှာ ရှာမတွေ့။ သို့သော် တော်တော် ကလေး မှောင်စပျိုးတော့မှ မအုန်းမြင့်တို့ မိသားစုနှင့်တွေ့သည်။

ထိုညနေမှောင်စပျိုးချိန်မှာ မအုန်းမြင့်ကလေးနှင့် ဆုံမိ၍ ဝမ်းသာ သွားသည်။

"မအုန်းမြင့်ရေ လာနှုတ်ဆက်တာပါ၊ တို့ပြန်ရတော့မယ်၊ နောက် ဒီဘက်ရောက်ရင်လည်း တို့ဝင်ခဲ့မယ်"

တွေ့ကြပြီဆိုတော့လည်း ဤမျှသာ နှုတ်ဆက်စကားပြော၍ ပြန်လာ ခဲ့ရသည်။ မအုန်းမြင့်ကလေးမှာလည်း ကျွန်တော်ပြန်ရတော့မယ်ဆိုတော့ စိတ်မကောင်းသည့် မျက်နှာနှင့် "နောက်လာခဲ့ဦးနော် အစ်ကို" ဟု တစ်ခွန်းနှစ်ခွန်းသာ ပြောနိုင်ရှာသည်။ ထိုညက မအုန်းမြင့်နှင့်တကွ သူ့မိဘ များကိုပါ နှုတ်ဆက်စကားပြောပြီး ထိုင်ပင် မထိုင်နိုင်ဘဲ အချိန်မရသော ကြောင့် ပြန်လာခဲ့ရပေသည်။

အပြန်ကျတော့ ပဲခူးချောင်းဖျားတွင် ရေတွေ ကျနေပြီ။ ထို့ကြောင့် ချောင်းကိုဖြတ်ရန် အခက်တွေ့နေတော့သည်။ ညိုမောင်ကပြောသည်။

"ဗိုလ်လေး ဒီလိုကူးလို့တော့မရဘူး။ ဒီတော့ ကျွန်တော် ဝါးလုံးတစ် လုံး သွားဖြတ်ခဲ့မယ်၊ ဝါးရှည်ကိုအရင်းက ကျွန်တော်ကိုင်ထားမယ်၊ ဗိုလ် လေးက အဖျားကကိုင်ထား၊ ဗိုလ်လေးက ကန်လိုက်ရင် ရေနဲ့လည်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အဖျားက ရွေ့လာလိမ့်မယ်၊ ရွေ့လာရင် ဝါးလုံးအဖျားက ဟိုဘက်ကမ်းနဲ့ နီးသွားလိမ့်မယ်၊ အဲဒီအခါ ကျွန်တော်ကဝါးလုံးကို တွန်းလွှတ်လိုက်မယ်၊ ဗိုလ်လေးသွားမလား''

ကျွန်တော် ''အေးကွာ၊ ဒါဆိုရင် ဝါးခုတ်'' ဟု ပြောလိုက်သည်။ သူတို့တောက လူတွေမှာ ဘယ်သွားသွား၊ ဓားမရှည်တစ်ချောင်းက အမြဲပါရှိနေကျပင်။ သည်တော့ အဆင်သင့်ပဲ။ ညိုမောင်က ဝါးလုံးရှည်တစ်လုံး သွားခုတ်ယူလာခဲ့သည်။ ရေကျချောင်းက သိပ်အကျယ်ကြီးမဟုတ်။ ၁၅ ပေခန့်တော့ ကျယ်လိမ့်မည်။

ညိုမောင်ခုတ်လာသော ဝါးလုံးကလည်း အတော်ရှည်သည်။ ပေ ၂၀ ခန့်ရှိမည်ထင်သည်။ ကျွန်တော်က ဝါးအဖျားကို ကိုင်ထားသည်။ ညိုမောင်က ဝါးအရင်းကိုင်ထားစဉ် ကျွန်တော်က ဝါးအဖျားကိုကိုင်လျက် ကမ်းကိုခြေနှင့် ကန်လိုက်သည်။ ဝါးသည် လည်သွားပြီး ကျွန်တော်ရေလယ်သို့ ရောက်သွားသည်။

**ညိုမောင်က။** ''ကျွန်တော် တွန်းလိုက်မယ်နော် ဗိုလ်လေး''

**ကျွန်တော်က။** ''တွန်းလိုက် တွန်းလိုက်''

ညိုမောင်က ဝါးလုံးအရင်းကနေပြီး တွန်းပေးလိုက်ရာ ကျွန်တော်မှာ ဟိုဘက်ကမ်းကို မမှီတမီ ဖြစ်သွားသည်။ ကျွန်တော် ကမ်းပေါ်သို့ မရောက်နိုင်ဘဲ ရေစီးထဲမျောပါသွားသည်။ ခပ်ဝေးဝေးကျတော့မှ ကမ်းစပ်က မြေကြီးစွန်းမှာ သွားတင်နေသည်။ တော်ပါသေးရဲ့။ ဩော် သံယောဇဉ်တစ်မျှင်ကြိုးကြောင့် ကံကောင်း၍သာလျှင် ဒုက္ခဆိုးဆိုးနှင့် မကြုံရ။ မအုန်းမြင့်ကလေးကို နှုတ်ဆက်ရန် မသွားလျှင်၊ သည်ဒုက္ခ ကြုံမည် မဟုတ်ပေ။

ကျွန်တော်တစ်ယောက်တည်း ကမ်းစပ်မြေစွန်းကလေးမှာ မောလွန်း၍ မထနိုင်ဘဲရှိနေသည်။

ထိုအချိန်မှာ တစ်ဖက်ကမ်းမှ ညိုမောင်က သစ်ရွက်ခြောက်တွေ စုပုံ၊ သစ်ကိုင်းခြောက်တွေချိုးပြီး မီးပုံရှို့သည်။ မီးဟုန်းဟုန်းတောက်တော့ လှမ်းအော်ခေါ်သည်။ ''ကိုဖိုးဖြူ၊ ကိုဖိုးဖြူ''

တစ်ဖက်ကမ်းမှ ''ဟော့ ဘာလဲကွ''

**ညိုမောင်။** ''ဗိုလ်လေးရေကူးပြီး မောရင်း လဲနေတယ်၊ ခင်ဗျားတို့ လာပြီး ထမ်းခေါ်ဦးဗျ''



သည်တော့မှ ကိုဖိုးဖြူနှင့်အဖွဲ့ ကမ်းစပ်သို့ ပြေးဆင်းလာကြသည်။ ကျွန်တော့်ကို ရှာတွေ့သွားပြီး သယ်ယူ၍ ရေစိုအဝတ်တွေ လဲလှယ်ပေး။ မကြာခင် ဓိုးတောရွာက ရဲဘော်တွေပါ ရောက်လာကြသည်။ တပ်ကြပ်ဖေသန်းက ကျွန်တော့်ကို ဆူလည်းဆူ၊ ပြောလည်းပြော၊ ''ဗိုလ်လေးရယ်၊ တစ်ခါတည်း သွားမှသွားတတ်ပလေတယ်။ ကံကောင်းလို့ မသေတာဗျာ'' ကျွန်တော်က ''အေးကွာ၊ ငါမှားသွားတယ်၊ ဖေသန်းရာ၊ ကဲကဲ သွားရမယ့် ခရီးက ရှိသေးတယ်၊ ခရီးဆက်ဖို့လုပ်ကွာ''

ကျွန်တော်တို့ ဓိုးတောရွာပြန်ကြပြီး ည ထမင်းစားဖို့ ပြင်ကြသည်။ အမဲသားဘူးဖောက်၊ သရက်သီး အသေးအရိုင်း၊ ငှက်စာခေါ်တာကလေးတွေကို တို့စရာမြှုပ်စား အသားဘူးတွေကို ဗူးထဲမှာပဲ မီးဖိုပေါ် တင်ချက်၊ ညစာ စားကြ၏။ ထမင်းစားပြီးသည်နှင့် ညတွင်းချင်း ခရီးဆက်ရာ နံနက်မိုးသောက် ကျွန်းပင်ရွာရောက်သည်။ ရွာထိပ်က နတ်စင်မှာ ကျားနတ်ကို တင်ပြီး ပသထားသော ကောက်ညှင်းနှင့် ဝက်သားတွေ၍ ကျွန်တော်တို့ နံနက်စောစောစာ Breakfast ဖြစ်သွားသည်။ ယမန်နေ့ညက ရွာထဲကျားဝင်၍ နတ်တင်ထားသတဲ့။

ကျွန်းပင်ရွာက လက်ရှိသူကြီးမှာ ပခုက္ကူဘက်ကဟု သိရ၏။ သူကနောက်ခံဇာတ်လမ်းရှိသည်။ ပခုက္ကူဘက်မှာ လူသတ်မှုဖြစ်၍ ရှောင်ရင်းတိမ်းရင်း ပဲခူးခရိုင် ကျွန်းပင်ရွာမှာ သူကြီးလုပ်နေသူဟု သိရ၏။ သူကြီးက ကျွန်တော်တို့တပ်စုကို ကောင်းကောင်းမွန်မွန် ပြုစု ကျွေးမွေးဧည့်ခံပြီးမှ လိုက်ပို့သည်။ အဲသည့်နေ့ တစ်နေလုံး လျှောက်ကြရသည်။ ကျွန်တော်တို့တွင် လူအင်အား ၂၀ ပါလာသည်။

ထိုနေ့က ကျွန်တော်တို့ ဆက်လျှောက်ကြရာ လျှော်တုံးကြီးရွာ၊ ပြင်ပုံဆင်းရွာတွေရောက်သည်။ ပြင်ပုံဆင်းရွာမှနေ၍ ကျွန်တော်တို့ ဗဟိုနှင့် အဆက်အသွယ်လုပ်ရန် ကြိုးစားရာ ဘာအဆက်အသွယ်မှမရဘဲ၊ မမျှော်လင့်သည့် မဟာမိတ် ဗြိတိသျှတပ်နှင့် တိုးတော့သည်။

အင်္ဂလိပ်စစ်ဗိုလ်က ကျွန်တော်တို့ ရှေ့ဆက်မသွားရန် ထိန်းသိမ်းထားသည်။ ကျွန်တော်တို့က ဗမာ့အမျိုးသားတပ်မတော်ကပါ။ နောက်ချန်တပ်အဖြစ် နေရစ်ခဲ့ပြီး ယခု ပဲခူးတိုင်းဌာနချုပ်သို့ သွားနေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။ ဗြိတိသျှစစ်အရာရှိက မယုံကြည်။ ကျွန်တော်က ဗိုလ်မှူးလေး အောင်ရွှေပေးလိုက်သောစာကို ထုတ်ပြသည်။ သည်တော့ ဗြိတိသျှစစ်အရာရှိက "မင်းတို့ပြောတာ၊ ဟုတ် မဟုတ် သက်ဆိုင်ရာကို မေးမြန်းအတည်ပြုရမယ်၊ ဟိုက Yes လို့ ပြောပြီး ထောက်ခံရင် မင်းတို့တပ်ကို ပြန်ပို့မယ်"

ဤသို့ဖြစ်ရသည်မှာ အမှန်က ပျဉ်ပုံကြီးတွင် သည်ကောင် ဗြိတိသျှစစ်ဗိုလ်က ညစ်ကျယ်ကျယ်လုပ်ခြင်းသာတည်း။ ဘယ်နှယ်ဗျာ ဆင်ကောင်ကြီးကိုတွေ့ပြီးမှ ဆင်ခြေရာကို လိုက်ရှာနေရသလား။ တံဆိပ်တို့နှင့် လက်မှတ်နှင့် အင်္ဂလိပ်ဘာသာ စာဖြင့် ရေးသားထားသောစာကို တွေ့မြင်ပါလျက် ဘာအတွက်ကြောင့် အထက်ကို Yes စကားလုံးရအောင် တောင်းနေခြင်းလဲ။ သည်အင်္ဂလိပ်စစ်ဗိုလ်လောက် ကတ်သီးကတ်ဖဲ့လုပ်သူ တခြား ဗြိတိသျှ အရာရှိ တစ်ဦးတလေမျှ မမြင်ဖူး မကြားဖူးချေ။ ထားပါ။ ထိုနေ့က ကျွန်တော်တို့တပ်စု ဝမ်းဘဲအင်းရွာရောက်မှ ကျွန်တော်တို့ကို ထိုင်နိုင်းထားသည်။

ထိုစဉ်က ဖြစ်ပုံကို မှတ်မိသေးသည်။ နောင်အခါတွင် မြန်မာ့လက်ရွေးသမား၊ ရွှေတံဆိပ်ဆုရှင် ထွန်းမောင်လည်း ကျွန်တော်တို့တပ်ထဲမှာ ပါလာသည်။ ထွန်းမောင်မှာ ထိုစဉ်က အသက် ၃၀ ခန့် ရှိမည်ထင်သည်။ ထွန်းမောင်က ဤသို့ပြောရှာသည်။ ဒိုလည်း ဒိုနေသည်။

"ဗိုလ်လေးရယ်၊ ကျွန်တော်တို့ ဒီတစ်ကြိမ်တော့ ဖတ်သိမ်းပြီပေါ့"တဲ့။

ကျွန်တော်က ပြောရသည် "ဟိတ်ကောင် ထွန်းမောင်၊ မင်းပါးစပ်ပုပ်ကြီးနဲ့ မဟုတ်တာတွေ မပြောနဲ့ကွ၊ ဂျပန်စစ်တပ်နဲ့ တွေ့ရင်သာ တို့ကို သတ်မှာ၊ ဗြိတိသျှတပ်ကဆိုရင် တို့ကို ဘယ်တော့မှ မသတ်ဘူး၊ မှတ်ထား"

"အနည်းဆုံး အချုပ်ခန်းထဲတော့ ထည့်ချင် ထည့်ထားမှာပါကွာ၊ ဘာမှစိုးရိမ်စရာမရှိဘူး" ဟုလည်း အားပေးစကား ပြောမိပါသည်။

ထိုစဉ်က ဗြိတိသျှစစ်ဗိုလ်က ကျွန်တော်တို့ကို အချုပ်ထဲတော့ မထည့်ပါ။ အိမ်တစ်လုံးမှာ ချောင်ချောင်ချိချိ နေရပါသည်။ သို့သော် ဗြိ



တိသျှစစ်ဗိုလ်က ပြောသည်။ "မင်းတို့ ဘယ်မှ မသွားရဘူး၊ ငါတို့က ထိန်းသိမ်းထားတာ၊ ဟိုက အဆက်အသွယ် မရမချင်း မင်းတို့ကို မလွှတ်နိုင်ဘူး"

အင်္ဂလိပ်တွေ ကောင်းတာတစ်ခုရှိသည်။ "ငါတို့ ဘာမှမစားရသေးဘူး" ဟု ပြောလိုက်သောအခါ အိန္ဒိယတပ်က စစ်သားတွေလုပ်ထားသည့် ချပါတီမုန့်ချပ်နှင့် ပဲနှပ်ကို ကျွေးသည်။ ပြောရဦးမည်။ အိန္ဒိယစစ်တပ်က သူတို့ရိုးရာစာတော်ကြီးသူတွေကိုး။ သူတို့ပန်းကန် ခွက်ယောက်တွေကို ကျွန်တော်တို့ မြန်မာတွေအား ထိခွင့်ကိုင်ခွင့်မပေး။ သူတို့ကအပေါ်က ပစ်ပေးသော ချပါတီကို လက်ခုပ်နှစ်ခုနှင့်ခံ၍ ပဲနှပ်ကိုအပေါ်က သူတို့လောင်းပေးသည်။ သည်လိုပဲ စားရ၏။ ဩော် ကြုံရ ကြုံရ၊ စစ်သားဘဝမှာ ဇာတ်လမ်းမျိုးစုံ တွေ့ပြီးနေရပါကလားဟု စဉ်းစားမိရင်း ပြုံးမိသည်။ ဆာနေတော့လည်း စားရသည်မှာ အရသာရှိလှ၏။ တော်တော်ကလေး ညဉ့်နက်တော့မှ အဆက်အသွယ် ရသည်။

ဗြိတိသျှစစ်အရာရှိက "ဟုတ်တယ်၊ မင်းတို့ထဲမှာ အရာရှိဗိုလ်တင်ဦးနှင့် တပ်စုကျွန်ခဲ့တယ်လို့ အကြောင်းပြန်တယ်၊ ဒါကြောင့် မင်းတို့ကို ချောချောမောမော ပို့ပေးပါလို့ ကြိုးမဲ့ကြေးနန်းနဲ့ ပြောတယ်" ဟု ပြောလေသည်။ ကျွန်တော်တို့လည်း ယခုမှပင် ရင်ထဲက အလုံးကြီး ကျသွားလေ၏။ ညတွင်းချင်းပင် ပဲခူးသို့ ကားဖြင့် လိုက်ပို့မည်ဆို၏။ ထိုစဉ်က ဖြစ်ရပ်ကို မှတ်မိသေး၏။ ကားရှေ့ခန်းက ဒရိုင်ဘာအေးကို ညွှန်ပြပြီး "မင်းက ကားရှေ့ခန်းမှာထိုင်၊ အရာရှိနေရာပဲ" တဲ့ ပြော၏။

ကျွန်တော်က "ငါက ငါ့ရဲဘော်တွေနဲ့ အတူတူ နောက်မှာပဲ ထိုင်မယ်" ပြော၏။

ဗြိတိသျှဗိုလ်က "ဒီလိုလုပ်လို့ မဖြစ်ဘူး၊ အရာရှိ officer ဆိုတာ ကားရှေ့ခန်းမှာ ထိုင်ရတာ ထုံးစံပဲ"

ကျွန်တော်က မလျှော့။ "မဟုတ်ဘူး၊ ငါ့ရဲဘော်တွေနဲ့အတူတူ နေရမှ ထိုင်မယ်" ဟု ဖြတ်ပြော၍ ကားနောက်ခန်းကို ခုန်တက်ပြီး ထိုညတွင် ပဲခူးမြို့ ရောက်လေ၏။ ဤသို့ဖြစ်ရသည်မှာ ကျွန်တော်တို့တွင် အင်္ဂလိပ်မှာ ကြယ်ဖြူပွင့် လက်ပတ်ကလွဲ၍ အခြား အသိအမှတ်ပြု တံဆိပ်ဘာမှမရှိသဖြင့် ယခုလို ပြဿနာဖြစ်ရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရောက်စဥ် ရွှေမော်ဓောဘုရားရှေ့မှာ တော်တော်တော့ ဟန်ကျသည်။ ကိုးမြတ်ရှင်ဘုရားနားမှာ ရုပ်ရှင်ပြနေသည်။ ရှေ့တန်းရုပ်ရှင်ဆိုပါစို့။ ကျွန်တော်လည်း ထိုင်ကြည့်နေသည်။ ကြည့်နေရင်းနှင့် ခဏနေတော့ သတိရသည်။ သန်းခေါင်ကျော်သွားပါပြီ။ “ငါတို့ကို ပြန်ပို့မှဖြစ်မယ်၊ ရွှေတောင်ရိုးစခန်းကို သွားမယ်”ဆိုတော့ ရပါတယ်။ သူတို့မှာပို့ဖို့ တာဝန်ရှိသည်တဲ့။ သူတို့ လိုက်ပို့သည်။ officer အရာရှိကိုယ်တိုင် လိုက်ပို့ပေးသည်။ ရွှေတောင်ရိုးစခန်း ရောက်တော့ အကုန်ပြန်တွေ့သည်။ ဗိုလ်မှူးလေးအောင်ရွှေ၊ ဗိုလ်မှူးလှသမိန်၊ နောက်တော့ ဗိုလ်အေးမောင်၊ ကိုမောင်မောင် အကုန်လုံး ပြန်တွေ့သည်။ ကျွန်တော်ကလည်း ဝမ်းနည်းပက်လက်နှင့် ငိုမိတော့သည်။ “ခင်ဗျားတို့ဗျာ ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့တယ်၊ ကျွန်တော်တို့ ဖမ်းဆီး ထိန်းသိမ်း ဒုက္ခတွေကြားထဲမှာ”

“ငါတို့က မင်းတို့ကိုထားခဲ့ပြီး အလကားနေတာမှ မဟုတ်ဘဲ၊ တို့က အဆက်အသွယ်ရထားတာပဲ၊ အဆက်အသွယ်ရထားတော့ ကောင်းကောင်းမွန်မွန် မင်းတို့ ကျန်ရစ်ခဲ့တဲ့အကြောင်းကို မှာခဲ့တယ်၊ ပြောခဲ့တယ်၊ ဒီတော့ ချောချောမောမော နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ ပြန်ရောက်ပြီးရောပေါ့ကွာ”တဲ့။

ရိက္ခာတွေ ကောင်းကောင်းရပြီ။ စားကောင်းသောက်ဖွယ်တွေ၊ အသားဘူးတွေ စုံနေသည်။ စားသောက်ပြီးတော့ ကျွန်တော်ဖျားသည်။ ငှက်ဖျား စဖျားသည်။ ငှက်ဖျား ဖျားတော့ ချမ်းလိုက်တာ မပြောနှင့်တော့။ ဒါပေမယ့် ကောင်းပါသည်။ ငှက်ဖျားဖျားပြီးတော့ ဆရာလှသမိန်က (နောင်) ဗိုလ်မှူးကြီး ဒေါက်တာလှဟန်၊ သူကိုယ်တိုင်ပဲ ကြပ်မတ်ပြီးတော့ ကုသပေးသည်။ ဆေးကသောက်ဆေး၊ ဆေးအဝါလေးတွေ မက်ပါကရင်၊ အဲဒီမယ်လ်ဘာတင်ကို တစ်နေ့ကို မနက်တစ်လုံး၊ နေ့ခင်း တစ်လုံး အဖျားပြတ်သည်အထိ သောက်ရမည်။ ဆေးသောက်မှ ကျွန်တော် အဖျားပြတ်သွား၏။ အသားတွေလည်း ဝါသွားသည်။ အဖျားပျောက်၍ နည်းနည်းလေး အားလည်းရှိတော့မှ ဖက်ဆစ်တော်လှန်ရေးအတွက် တာဝန်ပြန်ခွဲပြန်သည်။ ကျွန်တော်သိပြီ။ ဘာသိလဲဆိုတော့ တိုင်း ၄ မှာ ဗိုလ်မှူးကြီးကျော်ဇော အုပ်ချုပ်သည်။ ရုံးအုပ်က ဗိုလ်မှူးလေးအောင်ရွှေ။ ပွဲ့စည်းပုံကျပြီ ကျွန်တော့်တပ်က



၁၀၂ တပ်ရင်း၊ တပ်ရင်းမှူးက ဗိုလ်ကြီးအေးမောင်။ ဗိုလ်အေးမောင် နောင်အခါ စစ်သံဖြစ်ပြီးတော့မှ နောက်အတူးအရာရှိဖြစ်၊ တပ်မတော်က အနားယူသွားသည်။ ယခု အမေရိကန်သံရုံးအမှုထမ်း ဂျူရီတို့ဖခင်။

ဗိုလ်အေးမောင်က ရှေးဦးအေးမောင်ဟုခေါ်သည်။ အင်္ဂလိပ်ကပြားလို မျက်နှာပေါက်ပင်။ ရှေးဦးဘက်က ရန်ကုန်ကောလိပ်မှာ တက်သည်။ ကျွန်တော်တို့နှင့် တောက်လျှောက်ပါလာသူပင်။ နယ်ချဲ့တော်လှန်ရေးကို ကျောင်းသားဘဝထဲက ပါလာသူ။ နိုင်ငံရေးအမြင်ရော လုပ်တာကိုင်တာရော ကောင်းသည်။ သည်မှာပင် တော်လှန်ရေးတာဝန်တွေ ခွဲသည်။ ကျွန်တော်နှင့် ဗိုလ်သန်းညွန့် ဗိုလ်တင်ညွန့် ၃ ယောက်က တစ်ပေါင်းတည်း။ ဆိုရှယ်နီဗိုလ်မြသွေးကတော့ ဖတပလဖွဲ့ရန်ဆိုပြီး ရန်ကုန်ရောက်သွားသည်။ ဗိုလ်သန်းညွန့်ဆိုတာ ဗိုလ်သင်တန်းကပါလာသူ ချီကာဂိုသန်းညွန့်၊ သူနှင့် ဗိုလ်တင်ညွန့် ကျွန်တော်တို့ ပြန်ပြီးတော့ ၃ ယောက် တစ်ပေါင်းတည်း ကြပ်ပြေးကို ပြန်သွားရသည်။ ဆုတ်လာသော ဂျပန်ဖက်ဆစ်တပ်တွေကိစ္စ မပြီးသေး။ သွားသည့်အခါ အင်္ဂလိပ်တပ်နှင့် ဂေါ်ရခါးတပ်က ကျွန်တော်တို့၏ အကူအညီ အထောက်အပံ့ဖြစ်လာသည်။ ကျွန်တော်တို့ချည်း မဟုတ်တော့။ ကြပ်ပြေးရောက်ပြီးတော့ တစ်ကြိမ် ဖျားပြန်သည်။

ကျွန်တော်တို့ တပ်စခန်းချသည့် ရွာနာမည်က ကျိုက်ဒေးရုံ၊ ကျိုက်ဒေးရုံဆိုတာ ယခုရှိသည်။ ကျိုက်ဒေးရုံရွာကြီးပင်။ ကျိုက်ဒေးရုံရွာကြီးမှာ နေပြီးတော့ ဖက်ဆစ်ဂျပန် အကြွင်းအကျန်တွေကို တိုက်ရမည်။ သည်မှာ တိုက်ပွဲတစ်ကြိမ် ဖြစ်သည်။ ဂျပန်တစ်ယောက်မိသည်။ မိတာလည်း သနားစရာကောင်းပါသည်။ မပြေးနိုင်လို့ မိသည်။ အစားအသောက်က မရှိ၊ ဝတ်ပြတ်၊ သူတို့မှာ ပါလာသော အင်္ကျီကလည်း အဖာအထေးနှင့်။ တစ်ခုတော့ ချီးကျူးဖို့ကောင်းသည်။ သူတို့ စိတ်ဓာတ်ကတော့ တကယ် မာသည်။ ဂျပန်ကို ကြည့်လိုက်လို့ရှိလျှင် သူ့မှာရှိတဲ့ အင်္ကျီအစုတ်အပြဲလေးကို သူ့ဘာသာသူ ဖာထေးဝတ်ထားသည်။ အပ်ချုပ်သော အပ်ကလေးတွေ သူလုပ်ထားသည်။ နောက်ပြီး မီးထွန်းဖို့ ဂွမ်းကို ရေနံဆီနှင့် စိမ်ပြီးတော့ အဖော့ကလေးတွေ အဖတ်ကလေးတွေ လုပ်ပြီးထားသည်။ သစ်သားခွက်ကလေးပေါ်မှာ ထည့်ပြီးတော့ ကျောက်နှင့်ခြစ်သောမီးနှင့် မွှေးပြီးတော့ မီးတောက်

www.burmeseclassic.com

www.burmeseclassic.com



ကလေး လုပ်ထားသည်။ မီးတောက်ကုန်သွားလျှင် ရေနံဆီစိမ် ဂွမ်းအလုံးလေးတစ်ခု ထည့်လိုက်သည်။ သူက ညကို မီးထွန်းပြီးတော့မှ နေသည်။ ကျွန်တော်တို့ ဝင်တိုက်တော့ သူက နည်းနည်း မကျန်းမာဖြစ် ကျန်ရစ်ခဲ့ပြီး လက်နက်တစ်လက်နှင့် မိသည်။

ကျိုက်ဒေးရုံရွာ၏ မြောက်ဘက်ခြမ်းတောရွာထဲမှာ သူ့ကို မိသည်။ ဂျပန်တွေရှိသည် သတင်းရ၍ သွားတိုက်ကြသည်။ တိုက်ပွဲပြီးတော့ အားရှိသော ဂျပန်တွေက လွတ်သွားသည်။ နောက်တစ်ခုပြောရဦးမည်။ ရယ်စရာပါ။ ကျိုက်ဒေးရုံရွာ မြောက်ဘက်မှာ ကင်းချောင်းရှိသည်။ ဂျပန်တပ်တွေက ဆုတ်လာသည်။ ကင်းချောင်းထဲက သင်္ချိုင်းမှာ ထုနှင့်ရှိနေသည်။ တိုက်ရမည်ဟု သတင်းလာ၍ ကျွန်တော်တို့ သွားရသည်။ ကျွန်တော်နှင့် ဂေါ်ရခါးတပ် ပါလာသည်။ ကျွန်တော်က ဂေါ်ရခါးတပ်ကို ခေါ်သွားသည်။ သင်္ချိုင်းကုန်းရောက်တော့ ကြည့်လိုက်သည့်အခါ ဂျပန်သံခမောက်လေးတွေက သင်္ချိုင်းဂူထိပ်များမှာ အစောင်းလေးတွေ မြင်နေရသည်။ ရန်သူဆိုတာ တွေ့ပြီပေါ့၊ တွေ့ပြီဆိုတော့ ပစ်သည်။ သူတို့ကလည်း ပြန်ပစ်သည်။ ကျွန်တော်တို့မှာ ဂေါ်ရခါးတပ်သား ၂၆ ယောက် ပါသည်။

ဂေါ်ရခါးတပ်ကို ပြောသည်။ "ဟိုမှာ ရန်သူ ချမယ်" ဆိုကာ ကျွန်တော်တို့က လက်နက်အားနှင့် သူတို့ကို ပစ်သည်။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ပစ်ကြခတ်ကြ။ ဟိုက မလှုပ်ဘူး။ ရန်သူပစ်ပြီးတော့ ငြိမ်သွားသည့်အခါကျတော့ ကျွန်တော်ကပြောသည် "မရှိတော့ဘူးကွ" ဆိုတော့ "ဟာ ရှိတယ်" "မဟုတ်ဘူး မရှိဘူး၊ ဒီကောင်တွေ သွားကုန်ပြီ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့အကြောင်းကို ကျွန်တော် သိတယ်" ဟု ပြောလိုက်သည်။

ဒါနှင့် ရှေ့ဘက်သွားကြည့်တော့ ခမောက်ပဲ တွေ့ရသည်။ ဘာမှ မရှိဘူး။ ပြီးတော့ ပြန်လာကြသည်။ နောက်တစ်ကြိမ် ဒီနေရာမှာ သတင်းရသည်။ သတင်းရသည်ဆိုတာ တောင်ကြောအဆင်း၏ အကွေ့အောက်များမှာ ရန်သူတွေ သူတို့စုပြီးတော့ ရေချောင်းနားမှာ အစာစားနေသည်။ တိုက်ရမည်ဆိုတော့ ဂေါ်ရခါးတပ်နှင့် သွားသည်။ ကျွန်တော်တို့နှင့် လမ်းပြပါသွားသည်။ လမ်းပြကို ခေါ်သွားပြီး အနီးနားကျလျှင် တို့အစီအစဉ်နှင့် တိုက်မည်။ သွားတော့ ဂျပန်ကောင်တွေက ခပ်လှမ်းလှမ်း ဟိုးရေစပ်အောက်ဘက်မှာ



လေး၊ ငါး၊ ခြောက်ယောက်၊ ခုနစ်ယောက် စားသောက်နေကြသည်။ ကျွန်တော်တို့က တိုက်ဆိုတော့ ဂေါ်ရခါးဗိုလ်က ကျွန်တော်ထိပ်ကို ဝိတ်ရိုက်လိုက်သည်။ ကျွန်တော့်ကို ဘုန်းဆိုရိုက်ပြီးတော့ ပြောသည်။ "ဘာဖြစ်လို့ ဒီလောက် နီးနီးခေါ်လာရလဲ၊ ခပ်လှမ်းလှမ်းကဆိုရင် တို့ပစ်မှာပေါ့ ပြန်ဆုတ်" ကျွန်တော်တို့ ပြန်ဆုတ်ပြီးတော့ အမြောက်နှင့် ပစ်ကြသည်။

ကျွန်တော်ကတော့ ရောက်လာပြီးမှ ဂျပန်တွေ လစ်သွားရင် မရတော့ဘဲ ဖြစ်မည်စိုးရိမ်သည်။ ဂေါ်ရခါးတပ်က မတိုက်။ စစ်နိုင်နေပြီ၊ စစ်နိုင်နေပြီ ဆိုတော့ အသားကို အနာမခံဘူး၊ အထိခိုက်မခံဘူး၊ ရန်သူကို ခပ်ဝေးဝေး နေပြီး တိုက်သည်။ သတင်းကြားလျှင် အမြောက်ကို ခေါ်ပြီး ပစ်ခိုင်းသည်။

ဂျပန်ကတော့ အပေါ်က ဆူညံဆူညံနှင့်ဆိုတော့ ဘာရမလဲ ပြေးရှောင်သွားသည်။ အမြောက်နှင့် ပစ်တော့လည်း ဖွတ်ဖွတ်ကျေသွားသည်။ နောက်တစ်ကြိမ်မှာတော့ ဂျပန်တစ်ယောက်မိလာသည်။ ပြောရမှာ စိတ်မကောင်းစရာပင်။

ပထမတော့ ဂျပန်ကို အင်္ဂလိပ်စစ်တပ် အပ်လိုက် ပြီးသွားပြီ။ ယခု ဂျပန်စစ်သားတစ်ဦး မိပြန်ပြီ။ တော်တော်လည်း မကျန်းမမာ ဖြစ်နေရှာသည်။

ဂျပန်စစ်သားလည်း အင်မတန်ကို မသန်မစွမ်းဖြစ်ပြီးတော့ကာ ယိုင်တီယိုင်တိုင်နှင့် ဖမ်းမိသည်။ ကျွန်တော်က ဂျပန်စကားတတ်သည်။ သူ့ကို မေးမြန်းစကားပြောပြီး တော်တော်ကို ခင်မင်သွားသည်။ သူနှင့် ကျွန်တော် နေလိုက်သည်က ရက်သတ္တတစ်ပတ်ကျော်ကျော် ရှိမည်။ ၁၄ ရက်။ ထမင်းစားချင်လျှင် ဂျပန်လိုပြောသည်။ ကျွန်တော်သည် ဂျပန်လို နားလည်သည်။ သူစားဖို့ စီစဉ်ပေး၊ ကောင်းကောင်းမွန်မွန် စားစေသည်။ သူပြောတာက ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါ။ ကျွန်တော် ဘာမဆို အကုန်လုပ်ပါမယ်။ ကျွန်တော့်ကို မသတ်ပါနှင့်ဟု တောင်းပန်သည်။ အထက်အမိန့်က ဂျပန်ကို သုတ်သင်ရမည်ဟု ပြောလာ၏။ စိတ်မကောင်း ဖြစ်ရသည်။ ထိုနေ့ညက ကျွန်တော်သည် ပါးစပ်က ထုတ်ပြောရမှာလည်း သနား၊ ဒါပေမယ့် တပ်ကလည်း တာဝန်ရှိနေသည့် အမိန့်အရ လုပ်ကြရသည်။

ထိုညက သူ့ကို ကျွန်တော် ဂျပန်လိုပြောရသည်။ "ဒီည မင်းကို ရှင်းရမယ်" ဆိုတော့ ဒီကောင်က သတ္တိကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ဘုရင့်အတွက်ဆို ဘယ်နေရာမဆို အသေခံရဲရတယ်၊ (ဂျပန်ကပြောသည်) မြန်မြန်သေသွားလို့ရှိရင် တို့ဟာ ဂျပန် မြန်မြန်ပြန်ရောက်မယ်၊ ဂျပန်မှာ ပြန်ပြီးတော့ တို့ရဲ့ရှင်ဘုရင်ကို ပြန်ပြီး အမှုတော်ထမ်းမယ်" ဟု ရဲရဲဝံ့ဝံ့ကြီး ပြောလေသည်။

သူ့စိတ်ဓာတ်က မာသည်။ "မင်းတို့ သတ်ရင်သတ် ရတယ်" သူကို ပြောခါစတော့ သူ စိတ်ညှိုးသွားပုံရသည်။ အမှန်သတ်မည့် အချိန်ကျတော့ သူက ရဲရင့်လာသည်။ ရဲရင့်လာပြီးတော့ သူက ပြောသည်။ သူ့ကို အချိန်ပေးပါတဲ့ ဘုရားရှိခိုးဖို့ဆိုပြီး ဘုရားရှိခိုးသည်။ ဘုရားရှိခိုးတာကတော့ မတ်တတ်ရပ်ပြီး လက်ခုပ်တီးပြီး ရှိခိုးသည်။ ကျွန်တော်မှတ်မိသေးသည်။ ထိုညက သူ့ကိုပစ်သတ်ပြီး သူ့အလောင်း မြေချလိုက်ရသည်။

ဂျပန်စစ်သားကို ချိုကာကိုသန်းညွန့်က ပစ်သည်။ ကျွန်တော်က စိတ်မကောင်းလွန်း၍ ဘေးကနေ ကြည့်နေလိုက်သည်။ သူတို့ပစ်သတ်ပြီး အလောင်းကို မြေချသည်။ ကိုသန်းညွန့်က ပစ်သည့်အပြင် ဓားနှင့်တောင် ခုတ်သေးသည်။ ကျွန်တော်ကတော့ ကျောင်းတုန်းက တို့ရဲ့ ဂျပန်ဆရာပဲဟု သဘောထားသည်။ စိတ်ထဲမှာတော့ မကောင်းလှ။ ကျွန်တော် ဂျပန်လို ဘာသာပြန်သင်ပေးသည်။ နောက် သူနှင့်ပတ်သက်တာ အားလုံးကို၊ သူ ပြောချင်တာ မှာချင်တာ အားလုံးကို မှားထောင်လိုက်ရသည်။ အဓိပ္ပာယ်ကတော့ ဂျပန်ကို သူမြန်မြန်ပြန်ရောက်မည်။ ဘုရင့်အမှုတော် မြန်မြန် ပြန်ထမ်းမည်။ သူမှာကြားခဲ့ပြီး သေရှာသည်။ နောက်ပိုင်း မိုးလည်း ဖြိုင်ဖြိုင်ကျတော့မှ ဒီဘက်မှာ ရန်သူတွေ အေးသွားပြီ။ ရန်သူတွေ ဘယ်မှာများနေလဲဆိုတော့ စစ်တောင်းချောင်းဖျားမှာ စစ်တောင်းချောင်းဘက်က ဂျပန်တစ်တွေ ဆင်းလာသည်ဆို၍ ကျွန်တော်တို့က ချက်ချင်း သွားရသည်။

တစ်ခုတော့ ကောင်းသည်။ ဌာနချုပ်က အလှူ့ပယ် ရိက္ခာရောက်လာသည်။ စစ်ကြီး ပြီးသွားတော့ ရိက္ခာ ပေါသည်။ တောင်းလျှင်တောင်း သလောက် ပစ္စည်းတွေ ပေးသည်။ စားစရာ ပစ္စည်းဆိုတာကလည်း အကုန်လုံး ဘူးတွေ ခွက်တွေချည်းဖြစ်သည်။ လက်ဖက်ခြောက်ထုပ်၊ နို့ဆီးဘူး၊ သကြားဘူး၊ နောက်ပြီးတော့ ဆိတ်သားခြောက်၊ အမဲသားဘူး၊ ဆိတ်သားဘူး



လုံးတွေ ပါလာသော ရသာစုံမှုန့် ရောချက်လိုက်လျှင် သိပ်စားလို့ ကောင်းသည်။ ချောင်းဖျားမှာတုန်းက ရွာကို မှီခိုရသည်။ နောက် ကျိုက်ဒေးရဲ့ ရောက်တော့ ကျွန်တော်တို့က ရွာသူရွာသားတွေကို ပြန်ပေးနိုင်သည်။ ဒိန်ခဲတွေ သူတို့ စားတတ်သွားပြီ၊ ငရုတ်သီးနှင့် ကြော်စားတာ လုပ်တတ်သွားပြီ။

၁၉၄၅ မေလကုန် ဇွန်လတောင် ရောက်နေပြီ။ သည်တော့မှ ကျွန်တော်တို့ တပ်ပြန်ဖွဲ့ပြီး စစ်တောင်းဘက်ကို ချီကြသည်။ သနပ်ပင်မြို့ ရောက်တော့မှ ဒဏ်ရာရပြီး ပြန်လာသော ဗိုလ်ကြီးကျော်ဇောနှင့် တွေ့သည်။ နောင်သောအခါမှာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အစ်ကို၊ ကျွန်တော်နှင့် တလောတုန်းက တွေ့သည်။ ယခုတော့ ရောဂါနှင့် ဆုံးသွားပါပြီ။ ဗိုလ်မှူးချုပ်ဖြစ်ပြီးတော့မှ ဆုံးရှာသည်။ သံရုံးမှာ ကောင်စစ်ဝန်ဖြစ်သေးသည်။ သနပ်ပင်မှာ ဗိုလ်ကျော်ဇောကို သွားကြည့်တော့ သူက ပေါင်မှာ ဒဏ်ရာရသည်။ ကျွန်တော်တို့ ရှေ့ဆက် ချီတက်သွားပြီးတော့မှ မင်းရွာ ရောက်သည်။ ကျွန်းကြီး၊ ကျွန်းကုန်း၊ ဝဲပြန် ရွာတွေထဲက ကျွန်းကြီးရွာမှာ ကျွန်တော်တို့ကို တာဝန်ချသည်။ ရန်သူကလည်း ပါးသွားပြီဗျ။ ဂျပန်တွေ သူတို့ဘာသာသူတို့ ရှောင်တိမ်းသွားသည်။ တစ်နေ့ကျတော့ ဩဂုတ်လ ၁၆ ရက်နေ့မှာ ထင်ပါသည်။ ဗိုလ်ကြီးအေးမောင်က ပြောသည်။ ဂျပန်တွေ ကျွန်းကြီးရွာနှင့် ကပ်နေသော ဝဲပြန်ရွာ ရောက်လာသည်။ နည်းနည်း အင်အားကောင်းသည်။ သူတို့ ဂျပန်တပ်ခွာလာသည်ကို ဗိုလ်လေးတင်ဦးတပ်က တိုက်ရမည် အမိန့်ကျသည်ဆိုတော့ ကျွန်တော့်တပ်မှာ သည်တုန်းက ၃၀ နီးပါးလောက်တောင် ဖြစ်သွားပြီ။ တပ်စု တစ်စုလောက်ရှိနေပြီ။ တပ်သားတပ်ထွက်ခါနီးမှာ ဗိုလ်အေးမောင်က 'ဟိတ် ရဲဘော်လေး တင်သွားလိုက်ဦးကွ' ဟု ပြောသည်။ 'ဘာလုပ်တာလဲ' မေးတော့ 'ငါ အရက်ချက်ထားတယ်၊ ဒါပေမယ့် မင်းသောက်ချင်တယ်ဆိုရင် ငါလုပ်ပေးမယ်' ဆိုပြီးတော့ သကြားကို ခွက်ထဲမှာ လှော်လိုက်သည်။ သကြားက နက်သွားစဉ် ချက်အရက်နှင့် ရောလိုက်သည့်အခါ ပယင်းရောင် အရက်ရသည်။ "မင်းတို့ သောက်ချင်တဲ့ကောင် သောက်" ဆိုတော့ ကျွန်တော် မှတ်မိသေးသည်။ ကျွန်တော်လည်း နှစ်ခွက်သောက်သည်။ ရဲဘော်တွေလည်း သောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော်တို့ တပ်ထွက်လာသည်။ ဩဂုတ်လကြီးဆိုတော့ ချောင်းတွေမှာ ရေတွေက သိပ်များသည်။ ခါးလောက်ရှိသည်။ ရေထဲမှာရှိသော မြွေက ကြောက်စရာ သိပ်ကောင်းသည်။ မြွေကြီးတွေမှ နည်းသည့် အကောင်ကြီးတွေ မဟုတ်။ ကြည့်တော့သာ သေးသေး၊ ရေထဲမှာ တန်းတန်း သေးသေး၊ လူကို တွယ်လိုက်လို့ရှိလျှင် အကြီးကြီးတွေ ဖြစ်လာသည်။ သူတို့တွယ်လျှင် ဖြုတ်လိုက် ပြန်တွယ်လိုက် ဖြစ်နေသည်။

မြွေကြီးတွေက လယ်ထဲမှာ ရေပေါ်တက်လာသည်။ သည်ရွာတွေက တံငါလုပ်ငန်းများသည်။ အင်းတွေ၊ အိုင်တွေ များသည်။ မင်းရွာကို ရောက်၊ မင်းရွာကနေပြီးတော့ အောင်တကဲရွာရောက်သည်။ ကျွန်တော် ဟိုတလောကလည်းပဲ NLD စည်းရုံးရေးသွားတော့ အောင်တကဲပြည်သူတွေနှင့် ပြန်တွေ့သည်။ ခင်ဗျားတို့ မိဘတွေ ဆွေမျိုးတွေကို အများကြီး ကျေးဇူးတင်တယ်ဗျာ ပြောခဲ့၏။ ကျွန်တော်တို့ ရွာရောက်သွားချိန်မှာ ခဏ နေတာနှင့် သိပ်မကြာဘူး။ ထမင်းပွဲ အဆင်သင့်ဖြစ်သည်။ ရောက်ပြီး ၁၅ မိနစ်ဆိုလျှင် ထမင်းပူပူနှင့် ဟင်းတွေ ရောက်လာတော့သည်။

သူတို့ရွာက အကျင့်ဖြစ်နေပြီ။ တော်လှန်ရေးတပ်သားတွေ ကျွေးရတာ၊ ကျွေးရတာ အကျင့်ဖြစ်နေသည်။ ဟိုတုန်းက သူတို့မှာ ငါးပိပေါသည်။ ငါးပိနှင့်ထမင်းက သိပ်လိုက်သည်။ အသီးအနှံအရွက်ကို ငါးပိရောလိုက်သည်။ နောက် ငါးတွေရ ဟင်းဖြစ်သည်။ ကျွန်တော်တို့ သည်ရွာမှာ နှစ်ရက်နေပြီး ကျွန်းကြီးရွာရောက်သည်။ အစားအသောက်က မငတ်ပါ။ ငါးတို့ ဆန်တို့ ဘာတို့ကလည်း အလျှံပယ်ပါပဲ၊ ပြည့်စုံပါသည်။ သည်ရွာမှာ တပ်ရင်း ၁၀၂ တပ်ခွဲ (က)၊ တပ်ခွဲ (ခ) ဆိုပြီး နှစ်ခုရှိသည်။

တပ်ရင်းမှူးက ဗိုလ်ကြီးအေးမောင် နောက်ပြီးတော့ (က) တပ်ခွဲက ဗိုလ်မောင်မောင်၊ ဗိုလ်မောင်မောင်ဆိုတာက ကျောက်ဆည်မောင်မောင်၊ သွားခေါ်မောင်မောင်ဟုလည်း ခေါ်သည်။ စာရေးဆရာမောင်မောင် ကျောက်ဆည်။ နောက်တပ်ခွဲနှစ်က ဗိုလ်မြင့်ဆွေ။ ဗိုလ်မြင့်ဆွေက ယခုသန်းကြွယ် သူဌေး ကိုတေဇ၏ဖခင်။ တပ်ခွဲသုံးမှာ ဗိုလ်ကျော်အေး၊ စောစောက ပေါင်မှာ ဒဏ်ရာရခဲ့သော ဗိုလ်ကျော်အေး၊ ကျွန်တော်တို့ တပ်စု ၃ စုက သည်ရွာမှာ နေရသည်။ ကျွန်တော့်တပ်ခွဲ ဌာနချုပ်က မင်းရွာမှာ။ ကျွန်တော်က ကျွန်တော့် တပ်စုနှင့် ကျွန်းကြီးရွာမှာ ကျွန်တော်တို့က နေရသည်။



တိုက်ပွဲဖြစ်သေးသည်။ ပြောပြဦးမည်။ ကျွန်းကြီးမှာနေစဉ် ဝဲပြန်ရွာမှာ ရန်သူရောက်နေသည်။ သွားတိုက်ရမည်ဆိုပြီးတော့ ကျွန်တော်တို့ကို လွှတ် သည်။ ဝဲပြန်ကို ည ၈ နာရီလောက် ရောက်သည်။ မှောင်စပျိုးတာနှင့် ပစ်သည်။ တိုက်သည်။ တိုက်တော့ ဘာမှ မတုံ့ပြန်ဘူး။ ဝဲပြန်က ရေတွေ နည်းနည်းပါးသွားပြီးတော့ ကုန်းလေးဖြစ်နေသည်။ ကုန်းစောင်းလေးရောက်တော့ ပစ်ကြသည်။ ရန်သူ ဂျပန်က ပြန်မပစ်ဘူး။ ပြန်မပစ်၍ ကျွန်တော်တို့လည်း နည်းနည်း ချဉ်းကပ် ချဉ်းကပ်သွားသည်။ သည်တုန်းက ရွာထိပ်နားကနေပြီး စပစ်တာ ကျွန်တော်တို့ကို ဘာမှပြန်မပစ်ကြချေ။

သည်လိုနှင့် အဲသည့်နေ့ည ၉ နာရီလောက်ကျတော့ 'ဆက်သားလာတယ်၊ ဆက်သားလာတယ်' ဆိုပြီးတော့ ပြောသည်။ 'ဗိုလ်လေးတင်ဦးဆီ ဆက်သားလာတယ်' ဟုပြောသည်။ ညကြီး ၉ နာရီလောက်ရှိပြီ။ 'ဗိုလ်လေး တင်ဦးဆီ ဆက်သားလာတယ်၊ ဆက်သားလာတယ် ဗိုလ်လေးတင်ဦးတဲ့' 'ဟေ့ ငါ ဒီမှာ ဒီမှာ' ဆိုတော့ စာပို့စစ်သားရောက်လာသည်။ စာအလိပ်ကလေးကို မီးခြစ်ဘူးလေးနှင့် ထည့်ပြီးရောက်လာသည်။ ဖွင့်လိုက်တော့ စာက တိုတိုလေးပါ။ ဗိုလ်ကြီးအေးမောင်က ရေးလိုက်သည်။ **ဗိုလ်လေးတင်ဦး စစ်ကြီးပြီးပြီ၊ အမြန်ပြန်လာခဲ့**ဟု စာထဲမှာပါသည်။ ဝမ်းသာလိုက်သည်မှာ အတိုင်းမသိ။ စစ်ကြီးပြီးသွားပြီတဲ့။ အမြန်ပြန်လာခဲ့တဲ့။ တပ်သားတွေ လှမ်းခေါ်ရသည်။ တပ်သားတွေ အားလုံးက ပြန့်ကြဲနေသည်။ အချိန်အကြာကြီး ပြန်စုနေရသည်။ တော်တော်ကြာသွားသည်။ နွားတင်းကုပ်ကလေးကို ပြန်ဆုတ်လာတော့ လူစစ်ပြီး ကျွန်တော်တို့ ပြန်လာသည်။ နံနက် ၃ နာရီလောက် ပြန်ရောက်ကြသည်။

ပြန်လာတော့ ကျွန်တော် စခန်းရောက် ညအိပ်ခါနီးကျတော့ လာသည်။ 'ကဲကွာ ထွန်းအောင်ကျော်၊ ထွန်းအောင်ကျော် ဆာဂျင်မေဂျာ ထွန်းအောင်ကျော်၊ မျက်မှန်တင်ဦး One and Half ၏ ဦးလေး။ သူက မှန်တိုင်းရင်းသား။ သူရောက်လာသည်။ ကျွန်တော့်တပ်ကြပ်ကြီးပါပဲ။ အင်မတန် ချစ်ဖို့ကောင်းသည်။ နောင်တပ်ရင်းမှူး ဖြစ်သွားသည်။ သတိရသေးသည်။ ထွန်းအောင်ကျော်က မှန်။ မှန်က ညကျရင် အပျိုအိမ်အောက်ကြိုက်တဲ့ အကြောင်းပြောသည်။ ကျွန်တော်တို့ နားထောင်ကောင်းလွန်း၍ ခဏ ခဏ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တရားဟောခိုင်းရသည်။ "ကိုထွန်းအောင်ကျော် ဘာရှိလဲကွာ၊ တို့စားဖို့ နည်းနည်းစီစဉ်လိုက်ပါ" ကျွန်တော်က ထင်တာကတော့ ထမင်းနှင့် အသားဘူးလေး လုပ်မည်။ နံနက်လင်းခါနီးလောက်ကျတော့ 'ဗိုလ်လေး ဗိုလ်လေး ထ ထ ထမင်းစားရအောင်' ဟု လာနှိုးသည်။ အိပ်ရာကထပြီး ထမင်းပွဲ ဟင်းက ကောင်းကောင်းမွှန်မွှန် ငရုတ်သီးလေးနှင့် ချက်တော့ စားလိုက်သည်။ ထမင်းစားပြီးတော့ နံနက် ၇ နာရီလောက်ကျတော့ "ကိုထွန်းအောင်ကျော် ငါ့ကြောင်လေး ဘယ်ရောက်နေလဲကွ" ဗိုလ်လေး တင်ဦး ဗိုက်ထဲမှာလေတဲ့။ ကြောင်သားဟင်း ချက်ကျွေးတာ သိရပြီ။ တော်တော် ဆိုးသည်။ ကျွန်တော် မွေးထားသော ကြောင်လေးပါ။ "မင်းကွာ တော်တော်ဆိုးတဲ့ကောင် ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲကွ" ဆိုတော့ ဗိုလ်လေးက ဆာတယ်ဆိုတာကိုးဗျဟုပြောသည်။ "ဆာတယ်ပြောလည်း ရှိတဲ့ဟင်း ချက်ကျွေးလည်းရတာပဲ" ဆိုတော့ "မဟုတ်ဘူးလေ ကောင်းမွှန်မွှန် အောင်ပွဲခံတဲ့အနေနဲ့ အသားလေးပါအောင် ကျွန်တော် လုပ်လိုက်တာ"ဟု ပြောသည်။

ပြောပြဦးမည်။ ကျွန်တော်က ကြောင်လေးတစ်ကောင် မွေးထားသည်။ ကျွန်တော်သည်ကြောင်နှင့်အတူ နေတာကြာပြီ။ ကြောင်ကလေးက လည်း ကျွန်းကြီးကျမှရသည့် ကြောင်။ ကြောင်ကလည်း ထမင်းကျွေးရင်း မွေးရင်းနှင့် ရင်းနှီးပြီး ကျွန်တော့်အိပ်ရာဘေးမှာ အမြဲတမ်း လာအိပ်သည်။ သူကလည်း လူနားကပ်အိပ်တော့ ယဉ်နေသည့်ကြောင်။ ကျွန်တော် ပြန်လာတော့ မနက်မိုးလင်းတော့ ကြောင်ပျောက်နေသည်။ ကြောင် ဘယ်ရောက်သွားသလဲဆိုတော့ ဗိုလ်လေးဗိုက်ထဲမှာတဲ့။ စိတ်ဆိုးလိုက်သည်မှာ မပြောနှင့်။ "မင်း မလုပ်ကောင်းတဲ့ဟာ လုပ်တယ်ကွာ" ဟု ပြောလိုက်မိသည်။

ထွန်းအောင်ကျော်က မျက်မှန်တင်ဦး၏ ဦးလေး၊ သူတို့က မွန်တိုင်းရင်းသား။ မုဒုံကဖြစ်ပြီးတော့ တော်လှန်ရေး ကောင်စီခေတ်မှာ သူက ဌာနကြီးမှူးဖြစ်သွားသည်။ ကျွန်းကြီးမှာ ထမင်းစားပြီးတော့ ဂျပန်တပ်က စာပေးသည်။ သူတို့လည်း စစ်ရှုံးလို့ တင်နော်ဟောကာ ဂျပန်ဘုရင် လက်နက် ချလိုက်သည်ဆိုတာ သူတို့ သိသည်။ သူတို့က တိုက်ပွဲမဖြစ်လိုတော့ဘူး။ အခုအချိန်ကစပြီးတော့ မိတ်ဆွေဖြစ်ကြပြီ။ သူတို့ထံက စာလာသည်။ ဝဲပြန်နှင့်



ကျွန်းကြီးနားမှာ ဂျပန်တပ်ရှိသည်။ သူတို့လည်း မတိုက်တော့ဘူး။ ကျွန်တော်တို့လည်း မတိုက်တော့ဘူး။ စစ်ပြီးသွားတော့ သူတို့အဆက်အသွယ် လုပ်လာသည်။ မှတ်မိသေးသည်။ ဂျပန်တွေက နွားသတ်ပြီးတော့ လက်ဆောင် အမဲသားကို ကျွန်တော်တို့ဆီ ပို့သည်။ ကျွန်တော်တို့ စားဖို့ မိတ်ဆွေအဖြစ် လက်ဆောင်ပို့သည်။ ကျွန်တော်တို့က စာပြန်ပို့သည်။ ကျေးဇူး တင်ကြောင်း စာ။

ဂျပန်တပ်အင်အား သိပ်မရှိလောက်ဘူး။ တပ်သား ၃၀ လောက်ပဲ ရှိသည်။ သူတို့က တပ်ကွဲပြီးတော့ ရောက်လာသော တပ်ပင်။ ကျွန်တော်တို့ ည သွားတိုက်သည့် တပ်ဖြစ်သည်။

သူတို့ သုံ့ပန်းမဖြစ်ဘူး။ သူတို့ဘာသာ သူတို့နေကြသည်။ ကျွန်တော်တို့က ဆန်တွေ၊ စားစရာ သောက်စရာတွေ ပေးသည်။ ပထမ မူလက သူတို့ အလင်းဝင် လက်နက်ချမည်ဆိုတော့ ကျွန်တော်တို့ စီစဉ်သေးသည်။ မှတ်မိသေးသည်။ နောက်ကျတော့ စာလာတာက သူတို့ပြောတဲ့စကားက တစ်မျိုး ချစ်ဖို့ကောင်းသည်။ သူတို့က ကျွန်တော်တို့ မြန်မာတပ်ကို သင်တန်း ထရိန်နင်ပေးခဲ့သောကြောင့် ဗမာ့တပ်မတော်မှာတော့ လက်နက်မချလိုပြီ။ မဟာမိတ်တပ်က မော်လမြိုင်မှာ ရှိသည့်အတွက် မော်လမြိုင်ဌာနချုပ်ကို စုဝေးပြီး လက်နက်ချပါမည်။ ကျွန်တော်တို့ ဂျပန်တပ် မော်လမြိုင်ကို သွားပါမည်။ သူတို့ အကုန်လုံး စုရုံးပြီး မော်လမြိုင်ကို ဆင်းသည်။

မော်လမြိုင်က မဟာမိတ်တပ်တွင် လက်နက်ချကြသည်။ သည် အချိန်မှာ ကျွန်တော်တို့ တပ်ကိုပြန်ပြီး ဖွဲ့စည်းရမည်ဆိုတော့ ကျွန်းကြီးကနေ ပြီးတော့ မင်းရွာကို ပြန်လာသည်။ မင်းရွာကနေပြီး သနပ်ပင်နားက အောက် တကဲရွာက တပ်ခွဲ ၈ ဗိုလ်ကြီးကျော်ဇော၏တပ်တွင် ဆက်သွယ်ရသည်။

ဗိုလ်သင်တန်းမှာ အမှတ်စဉ် ၂ ဆင်း ဗိုလ်ကျော်ဇော။ ကျွန်တော်က ၃ သူက ၂ ဆိုတော့ သူက တပ်ခွဲမှူး။ နောက် အမှတ်စဉ် ၂ ဗိုလ် မြင့်ဆွေ သူက ထူး ကုမ္ပဏီ ဗိုလ်တေဇ၏ဖခင်။ ကျွန်တော်က တပ်ခွဲမှူး ကျွန်တော်တို့တပ်ခွဲမှာ အရာရှိ ၂ ယောက်ပဲ ရှိသည်။ တပ်ခွဲ က က ဗိုလ်မောင်မောင်၊ ခ က ဗိုလ်မြင့်ဆွေ၊ ဂ က ဗိုလ်ကျော်ဇော၊ ကျွန်တော် တို့တပ်တွေစုဝေးပြီး မချစ်စု ရွာထိပ်နားမှာ နေကြသည်။ တပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ကဲအုပ်ချုပ်သူ တပ်ရင်းမှူး ဗိုလ်အေးမောင်၏ တပ်ရင်း ရုံးစိုက်ထားသည်။

ရွာနာမည်က မချစ်စု။ ယခုရှိသည်။ မချစ်စု သရက်သီးဆိုသည်မှာ သည်ရွာက လာသည်။ မချစ်စုရွာမှာ ကောင်းပါသည်။ သည်အချိန်မှာ ကျွန်တော်တို့က အင်္ဂလိပ်တပ်နှင့် အဆက်အသွယ်ရတော့ အဆင်ပြေသွားသည်။ မှတ်မိသေးသည်။ ရိက္ခာသယ်ရသည်မှာ ပျော်စရာကောင်းသည်။ လှေကို တိုင်ချိတ်ချည်ပြီးတော့ တူးမြောင်းမှာ ဆိုင်ကယ်ရာဘာကွင်းတွေ ချည်ပြီးတော့ တစ်ယောက်တစ်လဲ ဆွဲရသည်။ ကျွန်တော်က တစ်လှည့်၊ ရဲဘော်တွေက တစ်လှည့်၊ တပ်ကြပ်က တစ်လှည့် ဆွဲရသည်။

ရိက္ခာသွားထုတ်လျှင် လှေကြီးကိုဆွဲပြီး ရိက္ခာသွားထုတ်။ ပြန်လာ ကျွန်တော်တို့ ရိက္ခာတော်တော်ရွှင်နေသောအချိန်၊ ရိက္ခာ မရသောအဖွဲ့လည်း ရှိသေးသည်။ အထက်ဗမာပြည်က ဆင်းလာသော ဗိုလ်မှူးစိန်ဝင်း။ နောက်တော့ ဝန်ကြီးချုပ်ဖြစ်သူ။ နောက်ဗိုလ်မှူးလွင်၏အစ်ကို ဗိုလ်ကြီးအေးနှင့် ဗိုလ်ကြည်ဟန်တို့ တပ်။ သူတို့က စစ်ကိုကျော်ပြီး ဆင်းလာ၍ ရိက္ခာစာရင်းထဲမှာ မဝင်။ ရိက္ခာ မထုတ်နိုင်ကြ။

မေဂျာစိန်ဝင်းနှင့်ပါလာသူကို ကျွန်တော်မှတ်မိသေးသည်။ "တို့ဘာမှ မရဘူးကွာ"တဲ့။ နောက်တော့ သက်ဆိုင်ရာကို သထွင်းပို့တော့ ဗိုလ်စိန်ဝင်းတို့၊ ဗိုလ်ကြည်မာန်တို့တပ်တွေလည်း ရိက္ခာရသွားသည်။ ရိက္ခာတွေက ပုံနေသည်။ စစ်ကြီးက ပြီးပြီ။ ရှေ့တိုက်ဖို့အတွက် ပုံထားသော ရိက္ခာတွေ ရောက်လာတော့ အလျှံပယ်ဖြစ်သွားသည်။

သည်အချိန်မှာ ရန်ကုန်လည်း ကျသွားပြီ။ အကုန်ပြေလည်နေပြီ။ ကျွန်တော်တို့ဘက် အေးချမ်းသွားပြီ။ ဂျပန်ပိုက်ဆံက ပထမရောက်ခါစ၊ ပဲခူးသနပ်ပင်မှာ ကောက်ညှင်းထုပ်တစ်ထုပ်က ၉ ယန်း ပေးရ၏။ ဒါတောင် များလှပြီ အောက်မေ့တာ၊ ဟာ မကြာဘူးဗျာ နေ့ချင်းညချင်းပဲ တက်တက်သွားလိုက်တာကို နောက်ဆုံး ဂျပန်ပိုက်ဆံတွေ ထောင်မလဲ သဲကော်ငွေစက္ကူတွေ ပျောက်သွားပြီ။ အဲဒီနေရာမှာ စစ်အုပ်ချုပ်ရေးက CAS (B) Civil Affair Service (Burma) ဝင်လာသည်။ ထိုအခါမှာ အနီပွင့်ကြီးနှင့် ပိုက်ဆံတွေ ထွက်လာသည်။ သည်အချိန်မှာ ကျွန်တော်တို့



တပ်ကို ဖျက်မည်။ တပ်ကို ဖျက်သိမ်းမည် ကြားရသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာမှာ ကျွန်တော်တို့ ကြားသည်။ သို့သော် အောက်တိုဘာ မဖျက်သိမ်းဘဲ စာရင်းတွေ လာယူသည်။ စာရင်းလာယူသူက မေဂျာအောင်သိန်းတို့ဖြစ်သည်။ အင်္ဂလိပ်တပ်က အရာရှိတွေနှင့် ကျွန်တော်တို့ဆီကို တာဝန်ခံပြီး စာရင်းတွေ သိမ်းသည်။ ဗိုလ်ကြီးလှသမိန်က (ဗိုလ်မှူးကြီးလှဟန်) အင်္ဂလိပ်လိုလည်း ပြောနိုင်သည်။ သူက ကွပ်ကဲပြီးတော့ စာရင်းတွေယူသည်။ စာရင်းယူပြီးတော့မှ တပ်ဖျက်သည်ဆိုတဲ့နေ့ကို မှတ်မိသေးသည်။ အင်္ကျီ ၂ ထည်၊ ပုဆိုး ၂ ထည်၊ မျက်နှာသုတ်ပဝါ ၁ ခု၊ နောက်ပြီးတော့ ငွေကတော့ ကျွန်တော်တို့ ရဲဘော်ဆို ရဲဘော်လစာနဲ့ ရမည်။ ကျွန်တော်ကတော့ ဗိုလ်လောင်းကနေ ၆ လ ဆိုတော့ ဗိုလ်ဖြစ်သွားပြီ။ စစ်ဝန်ကြီးရုံးကနေ ကြေညာလိုက်သည့်အတွက် ယခုအချိန်မှာ ဖက်ဆစ်တော်လှန်ရေးကို စစ်ကြီးပြီးဆုံးအောင် အောင်မြင်အောင် တိုက်ခိုက်ခဲ့သည့်အတွက်ဆိုပြီး လက်မှတ်တစ်စောင်ပေးသည်။ ကျွန်တော် မှတ်မိသေးသည်။ ထိုလက်မှတ်က "**၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အတွင်း နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်ဆန့်ကျင်ရေးကို ယှဉ်တွဲတိုက်ခိုက်ရာတွင် ငါနှင့်အတူပါသော ရဲဘော်၏ သူရသတ္တိနှင့် စိတ်ဓာတ်ကို ငါ လေးစားသည့်အပြင် ဘယ်သောအခါမျှ မေ့မည်မဟုတ်ပါကြောင်း။ အောင်ဆန်း စစ်သေနာပတိ**" ဆိုပြီး လက်မှတ်ရသည်။ သည်လက်မှတ်က အိမ်မှာထားရင်းနှင့် ပုသိမ်ကို ကေအင်ယူက မီးရှို့တော့ ပါသွားပြီ။ ကျောင်းဆင်းလက်မှတ်ကတော့ ယခုလည်းရှိသည်။ သူတို့ အမိန့်ထုတ်သည့်အခါ စစ်ဝန်ကြီးရုံးက အခုလက်ရှိ ရှိသော ရာထူး တစ်ဆင့်တိုးပေး၍ ၄င်းတို့အား ဒီလိုလစာနှင့် ဒီလိုထုတ်ပေးသည်ဆိုတော့ ကျွန်တော်က လက်ဖတင်နှင့် လစာရသည်။ လက်ဖတင်နှင့် လစာဆိုတော့ အင်္ဂလိပ်ငွေ ၄၂၅ ကျပ်။

အင်္ဂလိပ်သုံး သောမတ်စ်ဒီလာရူးကုမ္ပဏီက ရိုက်သည့်ငွေ။ အင်္ဂလန်က ပုံနှိပ်သည် ခေါင်းရပ်နှင့် ခေါင်းရပ်မှာ အစက်အပြောက် အပြောက်အပြောက်လေးတွေနှင့်။ တစ်ဖက်က ရွှေတိဂုံဘုရား။ စစ်အတောအတွင်းမှာ လစာတွေရတော့ ပိုက်ဆံက သိပ်တန်ဖိုးရှိသည်။ အဲဒီကျတော့ ဂျပန်ပိုက်ဆံတွေကတော့ အထုပ်ကြီးတွေနှင့်ပေးလည်း တဖြည်းဖြည်း တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတော့သည်။ ကျွန်တော်မှတ်မိသေးသည်။ ကျွန်တော်က မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ၇ လစာရသည်။

လစာငွေပေးတော့ ကျွန်တော်က ထောင်ချီရသည်။ အောက်ဆုံးရဲဘော်က ၂၈ ကျပ်ရသည်။ နောက်ပြီးတော့ ဒုတပ်ကြပ် လင့်စ်ကော်ပိုရယ် ၃၅ ကျပ်လား ရသည်။ တပ်ကြပ်ကော်ပိုရယ်က ၄၅ ကျပ် ဆာဂျင်က ၆၀၊ အရာခံဗိုလ်က ၁၀၀ တောင် မပြည့်၊ သူ့ခများများ နည်းနည်းပဲရသည်။ ကျွန်တော်တို့ ဗိုလ်ဆိုတော့ များများရသည်။ မှတ်မိသေးသည်။ အပြင်ထွက်လာသည့်အခါ ဘယ်နေနိုင်မလဲ။ သူတို့တွေ့တော့ ငွေအထုပ်ကြီးကိုင်ပြီးတော့ 'ဟေး ဟေး' တပည့်တွေကို 'ကျွန်တော့်လည်း ပေးဦးဗျ၊ သူ့လည်း ပေးဦးဗျ' ဆိုတော့ 'ရော့ဟာ ရော့ဟာ' ဆိုပြီး ခေါ်ခေါ်ပြီးတော့ ပေးသည်။

ကျပ် ၁၀ တန်တွေ ထောင်ချူပ်။ တစ်ဆယ်တန် ၁၀ ရွက်ဆိုတော့ ၁၀၀ မှတ်မိသေးသည်။ သူတို့ချူပ်တာ ကလစ်မဟုတ်ဘူး၊ စတန်းပင်တွေနှင့် ရိုက်ထားပြီး ကလစ်စွပ်ထားသည်။ သည် ငွေစက္ကူကို ဆွဲလှန့်လိုက်ပြီး ခွာခွာပြီးပေးရသည်။ မှတ်မိသေးသည်။ ငွေစက္ကူတွေပေးပြီးတော့ မြန်မာ့ခါနီးမှာ တစ်ယောက်နှင့် တစ်ယောက် ခွဲခွာရမှာ သိပ်ဝမ်းနည်းသည်။ လိပ်စာတွေယူ၊ ဝမ်းနည်းစိတ်ထိခိုက်သည်။ ကျွန်တော်တို့ ရန်ကုန်ရောက်စဉ် ဘယ်သူပါလာသလဲဆိုတော့ ကျွန်တော် အင်မတန်ခင်သော တက္ကသိုလ်ကျောင်းကို တက်ခဲ့ဖူးသူ ဆာဂျင်ခင်မောင်ရင် နောင်သောအခါမှာ တက္ကသိုလ်မှာ သမိုင်းပါမောက္ခ ဖြစ်သွားသည်။ အရက်သိပ်သောက်လွန်းပြီး ကွယ်လွန်သွားရှာပြီ။

သမိုင်းပါမောက္ခ ဦးခင်မောင်ရင်၊ သူက ကျွန်တော်နှင့်အတူတူပဲ၊ ဗိုလ်ဖြစ်ခွင့်မရဘူး။ ဆာဂျင်လစာရသည်။ သူ့ကိုချစ်လို့ ကျွန်တော်နှင့်အတူ ရန်ကုန်ရောက် သူ့အမျိုးတွေအိမ်မှာတည်းသည်။ မအူပင်မှာ သူ့ဖခင်က နယ်ပိုင်ဝန်ထောက် အလုပ်ပြန်ရတော့ လိုက်နေလိုက်သေးသည်။ အမေကတော့ သူများတွေ ပြန်လာလို့ ကျွန်တော် ပြန်မလာသေးတော့ သေပြီဟု မှတ်ထင်နေသည်။ ကျွန်တော်လည်း နောက်အမေ့ဆီပြန်သွားတော့ ငွေကျပ် ၅၀၀ ထုပ်ကလေးပဲ ကျန်တော့သည်။ သည်ငွေကို ပေါင်မှာ ချည်ထားရ



သည်။ သူများမြင်သွားလျှင် ပေးရဦးမည်။ အမြဲတမ်း သွားလေရာမှာ ပေါင်မှာ သားရေနှင့် ချည်ထားရသည်။ အမေ့ပေးဖို့ပါပဲ။

အမေ့ပေးဖို့ ငွေမို့ မပြရဲဘူး။ ပြလိုက်လျှင် ဟိတ်ကောင် မင်း ပေးဦးဆိုပြီး ပါသွားမည်။ မပေးလို့ မရဘူး။ ကျွန်တော်တို့က ကိုယ်နှင့်လုပ်ဖော်ကိုင်ဖက်ဆိုတော့ တစ်ရွက်ပေး၊ နှစ်ရွက်ပေး ပေးရသည်။ ရတုန်းကတော့ တစ်ထပ်ကြီးပါပဲ။ အဲ့တော့ ပုသိမ်သွားမယ်ဆိုပြီး အမေ့ဆီသွားမယ်လည်း ကြံရော မအူပင်ကိုရောက်တော့ တင်မောင်ဝင်း ဖခင်အိမ်မှာ ပြေလည်သွားသည်။ သူ့ဆီရောက် စားသောက်နေတော့ ပိုက်ဆံမကုန်တော့ဘူး။ နောက်မှ ကျွန်တော်က အမေ့ထံပြန်သွားသည်။

ပုသိမ်မှာ ကျွန်တော်ရောက်သည့်အခါ အမေ့ကို မေးလိုက်တဲ့အခါ မေးလို့မရဘူး။ ကျွန်တော်တို့ ပုသိမ်သင်္ဘောဆိပ်အတက်မှာ ငါးပိရောင်းတဲ့မိန်းမကြီးရှိသည်။ အရင်တုန်းက ကျွန်တော်တို့ အမေက အဖေဆုံးပြီးနောက် ငါးပိလုပ်ငန်းလုပ်စဉ် အဆက်အသွယ်ရှိသည်။ ငါးပိသည်ကြီး အဒေါ်ကြီးကို သွားမေးတော့မှ သူက "ဟဲ့ နင်အမေက အရင်နေရာမှာ မဟုတ်၊ တကောင်းဘုရားက ဆင်မင်းခံကျောင်းထဲမှာ နေတယ်လို့ ကြားတယ်"ဟု ပြောသည်။ စစ်အတောအတွင်းတုန်းက စစ်ဒုက္ခသည်အားလုံးက ဆင်မင်းခံကျောင်းထဲမှာ စုထားပြီးတော့ ဘုန်းကြီးကနေ ဂရုစိုက် စောင့်ရှောက်ထားသည်။ "အဲ့ဒီမှာ နင်သွားရှာပါလား" ကျွန်တော် သွားမယ်ဆိုပြီး တကောင်းဘုရား သွားရော။ ပုသိမ် တကောင်းဘုရားဆိုတာ ကျွန်တော်တို့ မြို့အစွန်နဲ့ပဲ။ တကောင်းဘုရား ရောက်သည့်အခါ မေးတော့ ဆင်မင်းခံကျောင်းထဲမှာ ရှိသည်ဟုပြောသည်။ ဘုန်းတော်ကြီးတစ်ပါးက ဒကာကြီး တကောင်းဘုရားရဲ့ ဟိုဘက်ကျောင်းတိုက်က ဆင်မင်းခံကျောင်း၊ ဘုန်းကြီးတို့နဲ့ တစ်ဝိုင်းတည်းပါပဲ။ ဆင်မင်းခံကျောင်းထဲမှာတော့ ဒကာမတွေ စစ်ပြေးတွေ ရှိတယ်လို့ ကြားတယ်။ ဒီမှာလည်း ရှိတယ်၊ မင်းကြည့်သွားရင်လည်း ကြည့်သွားဆို၍ ကြည့်တော့ မတွေ့ဘူး။ ဟိုဘက်ကျောင်းကို ကူးပြီး မေးတော့ ဇရပ်ကလေး သေးသေးလေးပါပဲ၊ အပေါ်က အမိုးလေးနှင့် ဇရပ်ပါပဲ။ အဲ့ဒီမှာ အမေက တံမြက်စည်းလှည်းနေသည်။ ဝမ်းသာပြီး ကျွန်တော်က 'အမေ' ဟုခေါ်တော့ သူက လှည့်ကြည့်ပြီး ကြောင်နေသည်။ ကျွန်တော်က ချက်ချင်းပြန်ရောက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုး။ "ဟာ ငါက နင် သေပြီလို့ မှတ်တာ၊ နင်အသက်ရှင်ပြီးတော့ ပြန်လာတယ်ပေါ့ ဟုတ်လား၊ နင် တင်ဦး ဟုတ်ပါတယ်နော်" "ဟုတ်ပါတယ် အမေ ကျွန်တော်တင်ဦးပဲ၊ အသက်ရှင်လို့ ပြန်လာတာ၊ ဘာမှမဖြစ်ပါဘူး"

ကျွန်တော်က သည်တုန်းက သူတို့ပေးသော ယူနီဖောင်းဝတ် ဆောင်းဘီက အပြာ၊ အပေါ်က အင်္ကျီအစိမ်း။ နောက်ပြီးတော့ ဦးထုပ်ကတော့ ဖော့ဦးထုပ် ဆောင်းထားသည်။ ကျွန်တော်က ယူနီဖောင်း အင်္ကျီအစိမ်း မဝတ်တော့ဘူး။ အင်္ကျီအဖြူနှင့် ထိုစဉ်က လေထီးချသော အင်္ကျီစက ခေတ်စားတော့ ဝတ်သည်။ နောက်ဖိနပ်က ညှပ်ဖိနပ်ပဲ၊ စစ်ဖိနပ်မစီး တော့ဘူး။

ကျွန်တော့်ကို မြင်တော့ အမေက ဝမ်းနည်းပက်လက်ငိုရှာသည်။ ကျွန်တော်က 'အမေ မငိုပါနဲ့' ကျွန်တော် ပြန်လာပြီပြောပြီး ချော့ရသည်။ အမေ့ကို ကျွန်တော့်ချေးနဲ့စာ ငွေ ၅၀၀ ကျပ်ဖြင့် ကန်တော့နိုင်ပေသည်။ ကျွန်တော် ဒုက္ခ သုက္ခဖြစ်တိုင်းမှာ ငါဟာ ငါ့အမေကို စစ်မြေပြင်မှာ အသက်အရွယ်နဲ့ မလိုက်အောင် သက်စွန့်ကြိုးပမ်းဆောင်ရွက်လို့ရသည့် ငွေကို ကန်တော့ခဲ့နိုင်သည်။ ဤ မှန်ကန်သော သစ္စာဆိုရသည့်အတွက် ဤဘေးသည် ကင်းပါစေတည်း။ သစ္စာဆိုတဲ့အခါ ထည့်ဆိုသည်။ ဒုက္ခ သုက္ခဖြစ်ပြီဆို ကျွန်တော် ဒီသစ္စာဆိုသည်။ ဘုရားရှိခိုးပြီးလျှင်လည်း ကျွန်တော်က သည်သစ္စာနှင့် အာရုံပြုသည်။ ကျွန်တော့်စိတ်ထဲမှာ ယုံသည်။ ယခုလည်း အမေ့၏ ဓာတ်ပုံပါ ဝတ်ဘီစပာ ကျွန်တော့်ခေါင်းအုံးအောက်မှာ ရှိသေးသည်။ ကျွန်တော်အမေ့ဓာတ်ပုံ ရေမွှေးဆွတ်ပြီးတော့ အခုထက်ထိ၊ ခေါင်းအုံး အောက် မှာထားသည်။

ထိုစဉ်က အမေ အသက် ၄၅ နှစ် ပတ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။ အမေက အသက် ၇၇ နှစ် အထိ နေသွားသည်။ ကျွန်တော်တို့ အမေနှင့် ပြန်တွေ့ပြီးတော့ မူလရွာကို ပြန်နေမယ်ဆိုပြီး ကျွန်တော်တို့ ရွာပြန်နေသည်။ ရွာပြန်နေပြီးတော့ "အမေ ကျွန်တော် စစ်ဆိုရင် ရေတောင် စစ်မသောက် တော့ဘူး" ဆိုတော့ အမေက "ငါ့သား သိပ်ဝမ်းသာတယ် စစ်ဆိုရင် ရေတောင် စစ်မသောက်နဲ့တော့၊ စစ်အတောအတွင်းတုန်းကလည်း ဒုက္ခ ရောက်တယ်၊ မင်းမရှိတော့လည်း တို့မှာ ဖြစ်သလိုနေရတယ်၊ အမေတို့နဲ့ပဲ



အတူလုပ်ကိုင်စားပါ" ဟုပြောသည်။ နောက်တော့ ကျွန်တော်တို့ ရွာမှာ ချည်းပဲ နေလို့မဖြစ်ဘူး၊ မြို့မှာပဲ တက်နေရအောင်ဟု ပြောဆိုပြီးတော့ ပုသိမ်မြို့ အိုးဖိုတန်းမှာ အိမ်ကလေးတစ်လုံးငှားပြီး တက်နေကြသည်။ ကျွန်တော့်ကို မွေးဖွားတုန်းကလည်း အိုးဖိုတန်းပဲ၊ မူလအိမ်တော့ မဟုတ်တော့ ဘူး၊ တခြားအိမ်ပဲ အသစ်ပြန်ဆောက်ပြီး နေကြသည်။

အိမ်လခ ပေးရသည်။ တစ်လ ၁၀ ကျပ် ဟိုတုန်းကတော့ အိမ်က ချစ်တီးပိုင်၊ အခုတော့ ဗမာပိုင်ဖြစ်သွားပြီ။ စစ်အတောအတွင်း ချစ်တီးတွေ ကုလားတွေ ပြေးကြပြီ။ အိမ်ကို နောက်တက်နေသူတွေကလည်း သူတို့နည်း သူတို့ဟာနှင့် ယူထားသည်။ အိမ်က ကောင်းကောင်းမွန်မွန် ပါပဲ။

သည်အချိန်မှာ တပ်မတော် ပြန်လည် ဖွဲ့စည်းဖို့ သတင်းစာတွေမှာ ခေါ်နေသည်။ ကန္တီစာချုပ်အရ တပ်ကို ပြန်ဖွဲ့မည်။ ရန်ကုန်ကို ကျွန်တော် စာသွားသင်မည်ဟု အမေ့ကိုပြောသည်။ ဆရာဝန်ဖြစ်ချင်သည်။ 'အမေ ကျွန်တော် ကျောင်းတက်မယ်' ပြောတော့ 'အေး မင်းကျောင်းတက်' ဟု ပြော၍ ကျွန်တော် ကျောင်းပြန်တက်သည်။ သည်လိုနှင့် ကျွန်တော် ရန်ကုန်ရောက်သည်။ ၁၉၄၆ ခု၊ ဖေဖော်ဝါရီလ။ ရန်ကုန်ပြန်လာပြီးတော့ ရွှေဘုံသာလမ်းက ဦးလေးအိမ်မှာ ကျူရှင်ဖွင့် စာသင်နေသည်။

အင်္ဂလိပ်စာ သင်ပေးရသည်။ ကျူရှင်က ပိုက်ဆံသိပ်ရသည်။ အဲ့ဒီမှာ တစ်လပြတ်တို့၊ သုံးလပြတ်တို့ သင်နေသည်။ ကျွန်တော့်ဦးလေးကလည်း အမေ့ဘက်ကတော်စပ်သော ဦးလေး။ 'မင်း စိတ်ကူးမလွဲနဲ့ကွ၊ ငါနဲ့လိုက်ပြီး စာလိုက်ပြ ပိုက်ဆံရတယ်ကွ' ဟု ဦးလေးက ပြောသည်။

ဦးလေးနာမည်က ကျောင်းဆရာ ကိုမောင်နု။ ကျွန်တော် စာသင်ပေး တော့ နည်းနည်းဟန်ကျနေသည်။ ဦးလေးအိမ်က ကျောက်မြောင်း ဩဘာ လမ်းထဲမှာ၊ ကျောက်မြောင်းကနေ မဂိုလမ်းမှာ လာပြီး စာသင်နေသည်။ သူ့အိမ်မှာလည်း သင်သည်။ ကျွန်တော် အင်္ဂလိပ်စာသင်ပြရတာ ၄ တန်း၊ ၅ တန်း၊ ၆ တန်း၊ ၇ တန်း ကျွန်တော်ကတော့ ၁၀ တန်းအထိ စာသင်ခဲ့ ရသည်။ သူတို့ကလေးတွေက အင်္ဂလိပ်စာက လုံးဝမှ မတတ်ဘဲ အေဘီစီဒီ က စပြီး သင်ရသည်။ ကျွန်တော့်အစ်မကလည်း သင်သည်။ သူ့ကိုတွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးရသည်။ သူက လစာမယူဘူး၊ ထမင်းကျွေးရင် ပြီးရော။ ကြာတော့ မနေနိုင်ပါဘူး။ ထမင်းစားသောက်ပြီးပြီဆိုလျှင် ညနေသင်တန်းမရှိသည့် အချိန် ကျွန်တော် အားနေသည်။ မင်းကွန်းတောရမှာ ပြည်သူ့ရဲဘော် ဌာနချုပ် ဖွင့်ထားသည်။ ဌာနချုပ်ဖွင့်ထားသည်မှာ ဟိုဘက်က ဖဆပလ။ သည်ဘက်က ပြည်သူ့ရဲဘော်။ ယောင်လည်ယောင်လည်နှင့် သွားသွား ကြည့်သည်။ သူငယ်ချင်းတွေ ပြန်ဆုံသည်။

ပြည်သူ့ရဲဘော်ဌာနချုပ်မှာ စစ်သားပုံစံအသစ် လူတန်းစားတစ်ခုလည်း တွေ့သည်။ ဂျပန်ပြည်မှာ စစ်အတောအတွင်း တပ်မတော် ပညာသင်သူတွေ ပြန်လာသည်။ ဗိုလ်တင်မောင်တို့ ရောက်လာသည်။ သူတို့ ယူနီဖောင်းက အမေရိကန် ကာကီရောင်၊ သူတို့ကို ကြည့်လိုက်လို့ရှိလျှင် ကျွန်တော်တို့ နှင့်မတူ။ သူတို့ကတော့ အပေါ်က ကာကီအကျႌ၊ ခါးပတ်၊ ဘောင်းဘီရှည်၊ ရှူးနှင့် လာသည်။

ပြည်သူ့ရဲဘော်ဌာနချုပ်မှာ ရဲဘော်ဟောင်းတွေနှင့်တွေ့၊ သူငယ်ချင်း တွေနှင့်တွေ့တော့ ဝိုင်းဖွဲ့စကားပြောကြရင်း တပ်မတော်ကခေါ်နေပြီ။ တပ် ထဲပြန်ဝင်ကြရအောင်ဟု တိုင်ပင်ပြီး သွားကြသည်။ တပ်မတော်မှာ အကြီး အမှူးက ဗိုလ်လက်ျာ။ စထွက်သည့်အချိန်မှာ Burma section ဆိုပြီးတော့ 14 Army မှာ ကျွန်တော်တို့ စဝင်လာသည်။ ဗြိတိသျှ 14 Army ဆာဝီ လျံစလင်း အုပ်ချုပ်သော တပ်မဟာ ၁၄ ပြန်ဖွဲ့လိုက်စဉ်မှာ တပ်ရင်း ၃၊ တပ်ရင်း ၄၊ တပ်ရင်း ၅ ကန္တီစာချုပ်အရ ပြန်ပြီး တိုးချဲ့ဖွဲ့စည်း ဖို့အတွက် စီစဉ်နေချိန် ဗိုလ်ချုပ်အောင်ဆန်းကတော့ စစ်ယူနီဖောင်းချွတ်ပြီး ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ။ တပ်ကို ဗိုလ်မှူးကြီး လက်ျာနှင့် ထားခဲ့သည်။

တပ်ရင်း ၄ မှာ မေဂျာနေဝင်းရှိသည်။ တချို့က ဗိုလ်နေဝင်းဆီသွား မည်။ တချို့ကတော့ မေဂျာကျော်ဇောဆီသွားမည်။ မေဂျာဇေယျသွားမည် စသည်ဖြင့် ရှိကြသည်။ သူတို့ ၃ ယောက်က လက်ဖနင်ခန့်သည်ဆို၍ သွားကြသည်။ ဗိုလ်ချုပ်လက်ျာအောက် မှာ ဗိုလ်မှူးအဆင့်နှင့် ကျော်ဇော၊ နေဝင်း၊ ဇေယျတို့ ရှိကြသည်။

နောင် တပ်မတော်ငွေစာရင်းကိုင်သော ဗိုလ်မှူးချုပ်ကျော်ဝင်းလည်း မေဂျာပါပဲ။ ဓမ္မိကဘာသန်းကြီးကတော့ လက်ဖတင်နင်၊ ဗိုလ်မှူးဘာသက်က



ဗိုလ်၊ သူတို့ကို အရင်တုန်းက ABRO Army in Burma Research Officer သူတို့ကို officer တွေ ခန့်ဖို့အတွက် officer course ပေးပြီးတော့ ABRO နံပါတ်ပေးသည်။

ကျွန်တော်တို့ကို အင်္ဂလိပ်တပ်က ရိက္ခာပေးပြီး မြန်မာထမင်းဟင်း ရပြီ။ မြန်မာအစားအစာပေးသည် မဟုတ်။ ကုလားရိက္ခာကို ဗမာလိုချက် ထားသည်။ ထမင်း၊ ပဲတို့ဆို သူတို့ ဆိတ်သားအမှုန့်တွေ ရောပြီးတော့ ချက်သည်။ ကျွန်တော် စုံစမ်းရင်းနှင့် ဓမ္မိကဘာသန်းတွေ့တော့ သူက 'မင်း ဘယ်တိုင်းကလဲ' ဟု မေးသည်။ 'ကျွန်တော်က တိုင်း ၄ ကပါ၊ 'ဒါဆို တိုင်း ၄ က ဘယ်တပ်ခွဲကလဲ' မေး၍ 'ကျွန်တော်က ၁၀၂ (ခ) တပ်ခွဲကပါ' ပြောတော့ သူက စာအုပ်တွေ လှန်သည်။ ပြီးတော့ သူက "ဟာ မင်းကို ဒီမှာ အရာရှိတန်းခန့်ဖို့ ရေးထားသည်ဟု" ပြောသည်။

'မင်းတပ်ခွဲမှာ မင်းတစ်ယောက်တည်းကို ရေးထားတယ်' ဟု ပြော သည်။ 'Recommended for direct commission or to under go sand hurst training' ဆိုပြီး ရေးထားသည်။ 'မင်းစိတ်ကူးမလွဲနဲ့ တပ်ထဲ ပြန်ဝင်' ဓမ္မိကဘာသန်းက ပြောသည်။ 'ဟာ ကျုပ်ကျောင်းနေမလို့ မဝင် တော့ဘူး ဗျာ' ဆိုတော့ 'ဟာ မင်းလောက် မိုက်တဲ့ကောင် ဘယ်ရှိမလဲ သူများတွေမှာ ရာထူးမရလို့ ဟိုကောင်တွေမှာ တပ်သားနဲ့သွား ဘာနဲ့သွား၊ မင်းက ဒီမှာရခဲ့တာကို မင်းက မလုပ်ချင်လို့ ဘယ်ဖြစ်မလဲ၊ မင်းစိတ်ကူးမလွဲ နဲ့ကွာ' ပြောသည်။ 'ကျွန်တော် မလုပ်တော့ဘူးဗျာ၊ ကျွန်တော် စာမေးပွဲပဲ ဖြေမယ် မလုပ်ချင်တော့ဘူး' ဟု ပြန်ပြောတော့၊ ဘယ်သူတွေ ဘယ်သွား ကုန်ပြီ မင်းပဲ ကျန်နေတာ။ ဟာ လက်မှတ်ထိုးကွာ ဝင်၊ လက်မှတ်ထိုးဆိုတော့ ပုံစံမှာ ကျွန်တော် လက်မှတ်ထိုးလိုက်သည်။ ပုံစံကတော့ အရာရှိအဖြစ် ကောက်ယူသည့် ပုံစံပါပဲ။ ပုံစံပေးလိုက်ပြီးတော့ နှစ်ပတ်လောက်ကြာတော့ 'မင်း ဆေးသွားစစ်ရမယ်၊ ဘယ်မှာ စစ်ရမလဲဆိုတော့ ဂျင်မခါနာဆေးရုံ မှာ' ဟု ပြောသည်။

သည်လိုနှင့် ကျွန်တော် တပ်မတော်ထဲ ပြန်ဝင်သည်။ ဂျင်မခါနာ ဆေးရုံမှ ဆေးစစ်ပေးသော မိန်းမကြီးက စကော့တလန် အမျိုးသမီး အဘွားကြီး၊ သူက အသက်ကြီးပါပြီ၊ ကျွန်တော်က ဆေးစစ်မယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လွှာပေးတော့ သူက ကျွန်တော့်ကိုကြည့် ပြီး 'မင်းက လူမိုက်ပဲတဲ့' You are very silly ဟု ပြောသည်။ 'တို့မှာ အခု စစ်ကြီးပြီးလို့ မင်းအရွယ် သားသမီးတွေ ကျန်ရစ်ခဲ့တယ်၊ အခု ငါတို့မှာ တွေ့ရမယ်ဆိုပြီး ဝမ်းသာ နေတယ်၊ မင်းက အခုစစ်ထဲဝင်မယ် ဘာလဲကွ' ဟု ငေါက်လိုက်သည်။

သူက ဆက်ပြောသည်။ 'အခု စစ်ကြီးပြီးပြီ၊ အင်မတန် ပျော်ပျော် ရွှင်ရွှင်နဲ့ တို့က တို့မိသားစုနဲ့ တွေ့ရဖို့အတွက် မျှော်လင့်နေတယ်၊ မင်းတို့ အရွယ် သားသမီးရှိတာ ငါပြန်ရဖို့အတွက် ဝမ်းသာနေတုန်း မင်းက စစ်ထဲ ဝင်မယ်ဆိုတော့ မိုက်တယ်' ကျွန်တော်က 'ကျွန်တော်က မမိုက်ဘူး၊ ကျွန်တော် တာဝန်ရှိလို့'

ကျွန်တော်က ပြောလိုက်သည်။ 'ကျွန်တော်တို့ ဆက်လုပ်ရဦးမှာ' ဆိုတော့ 'ဘာဆက်လုပ်မှာလဲ' တဲ့။ 'လွတ်လပ်ရေးအတွက် ဆက်လုပ်ရ မယ်၊ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက အခု ဆက်လုပ်နေတယ်၊ တို့လည်း ဆက်လုပ်ရမယ်၊ အခု ခုနလို့ပဲ Regional general ဗိုလ်လက်ျာတို့ လည်း သွားနေပြီ' လို့ပြောသည်။ ဒီလိုဆိုရင်လည်း မင်း စိတ်ပါရင် ပြီး ရောဟု ပြောသည်။ သူက ကျွန်တော့် ဒီရင်ဘတ်ကလေး နားကြွပ်နှင့် ထောက်ပြီးတော့ plus, plus ဆိုပြီး ထောက်ခံစာ ရေးပေးလိုက်၍ အောင် သွားသည်။ 'မင်း ဒီလောက် စိတ်ဓာတ်တက်ကြွနေတာ မင့်ကြည့်ရတာ သန်မာတာပဲ၊ မင်းလုပ်ချင်ရင် ရတယ်ရှော့' ဆိုပြီး ဆေးအောင်လက်မှတ် ကို ဆရာဝန်မကြီးက လက်မှတ်ထိုးပြီး ပေးလိုက်သည်။

ကျွန်တော်က ဆေးလက်မှတ်အောင်ပြီဆိုပြီး စစ်ရုံးမှာ ပေးလိုက် သည်။ မင်း ဘယ်နေ့ကျလာခဲ့ဆိုပြီး ပြောလိုက်သည်။ ချိန်းသည့်နေ့ ကျွန် တော် သွားတော့ အင်တာဗျူး လုပ်သည်။ ဘယ်သူပါလဲလို့ဆိုတော့ ထိပ် ဆုံးက ကျွန်တော်တို့ ဗမာ့တပ်မတော်ကို ကွပ်ကဲပြီးလာသူ မေဂျာဂျင်နရယ် သောမတ်စ်၊ နောက်ပြီးတော့မှ သူ့လက်အောက် ရီဂျင်နယ် ဂျင်နရယ် ဗိုလ်လက်ျာ၊ နောက်ပြီးတော့မှ တခြား အဖွဲ့ဝင် တစ်ယောက်က လက်ဖနင် ဂျင်နရယ် စောကြာဒိုး၊ နောက်တော့ လက်ဖနင် ဂျင်နရယ် ထွန်းအောင်၊ နောက်ပြီးတော့မှ အင်္ဂလိပ်မေဂျာတစ်ယောက် အကြီးအကဲ အားလုံး ၅ ယောက်။ မှတ်မိသေးသည်။ 'ဘာဖြစ်လို့ တပ်ထဲ ဝင်ချင်သလဲ မေးသည်'



'မင်း ဖက်ဆစ်တော်လှန်ရေး လုပ်တုန်းက စစ်သား ဘယ်လောက် အုပ်ချုပ်ဖူး သလဲ' မေးသည်။ ကျွန်တော် အားလုံးပေါင်း ၂၆ ယောက် ပတ်ဝန်းကျင် ပဲပေါ့' 'မင်းတပ်စုမှာ ပလက်တွန်း ၁ ခုမှာ တပ်သား ဘယ်လောက်လဲ' ဆိုတော့ ကျွန်တော်က ၂၆ ယောက် ဟုပြော သည်။ 'ဟာ မင်း မှားတယ်' ဆိုတော့ 'မဟုတ်ဘူး ကျွန်တော်တို့က တော်လှန်ရေး လုပ်နေတာ၊ တချို့ လည်း ၂၆ ရှိမယ်၊ ၂၇ ရှိမယ်' ဟု ပြောလိုက်သည်။

ထိုမေးခွန်းကို ဂျင်နရယ် သောမတ်စ်က မေးနေသည်။ အကြီးအမှူး က မေးနေသည်။ မေးတော့ 'ဟုတ်တယ် တို့ဖက်ဆစ်တော်လှန်ရေးတုန်း ကတော့ ဒီလိုဖွဲ့တာပဲ ၂၀ လည်း ရှိတယ်၊ ၃၀ လည်း ရှိတယ်' ဘယ်သူက ဝင်ပြောသလဲဆိုတော့ စောကြာဒိုး။

'ဟုတ်တယ် တော်လှန်ရေးမှာ ဒီလိုပဲ ဖွဲ့ကြတယ်၊ တကယ် ခင်ဗျား တို့လို proper organization မရှိကြဘူး' အဲ့တော့မှ သူတို့ သိသွား သည်။ သည်လို သိသွားပြီးတော့မှ ထပ်မေးပြန်သည်။

'မင်းတပ်စုမှူးတစ်ယောက်အနေနဲ့ ဘယ်လောက်နယ်မြေ အကျယ် အဝန်းကို တိုက်ဖူးသလဲ'

'ကျွန်တော့်ရှေ့တန်းတော့ အောင်မြင်အောင် တိုက်တာပါပဲ၊ ဒီပြင် နေရာတွေကတော့ သူ့နေရာနဲ့သူပဲ' ဟု ပြောလိုက်သည်။

'မဟုတ်ဘူးလေ၊ တပ်စုဆိုတာ အကုန်လုံး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ရမယ်'

'ကျွန်တော်ကတော့ ကျွန်တော့် တာဝန်ရှိတဲ့နေရာ လုံခြုံအောင် လုပ်တယ်၊ ကျန်တဲ့ တာဝန်ကိစ္စတွေကတော့ တာဝန်ကျသူက တာဝန်ယူ ကွပ်ကဲတယ် ဒါပဲ'

နောက်ပြီးတော့ 'မင်း (ယိုးဒယား၊ SIAM နိုင်ငံ) ထိုင်းကို သွားတိုက်ရမယ်ဆိုရင် ဘာရိက္ခာတွေ ယူသွားမလဲ'

'ဟာ ထိုင်းကို တိုက်တာဆိုရင် ကျွန်တော်တို့ စားသောက်တာချင်း အတူတူ ဘာမှ ယူမသွားဘူး' ဟု ပြောတော့၊

'ဟာ မင်း ဘယ်မှာစားမလဲ' မေးသည်။

'ရွာမှာ ကျွန်တော် ချက်စားမယ်၊ ကျွန်တော်က တောကလာတဲ့ ကောင် ကိုယ့်ရွာမှာ ကိုယ့်အတွက် စီရင်ပြီး စားရမှာပဲ' ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒီလိုဆိုရင် မင်းပိုက်ဆံတွေ ဘာတွေ ပေးရမှာပေါ့' တဲ့။

'ကျွန်တော်တို့ အချင်းချင်းတွေက ပေးစရာ မလိုပါဘူး' ကျွန်တော်တို့ လူမျိုးက လာစားရင်ကျွေးတယ်' ဟု ပြောတာကို သူက ဘေးကို လှမ်းမေးသည်။ 'ဟုတ်သလား' တဲ့။

'ဟုတ်တယ် မြန်မာပြည်မှာတော့ ဒီလိုပဲ၊ ထိုင်းလည်း ဒီလိုပဲနေမှာပဲ' တဲ့ ဆိုပြီး ပြီးသွားရော။ ပြီးတော့မှ နောက်တစ်ခုက 'ဘာယူသွားမလဲ' ဆိုတော့ ကျွန်တော်က

'ခေါပြင် ယူသွားမယ်၊ ခေါပြင်ဆိုတာ ကြာကြာခံတယ်၊ ယူသွားမယ်' ပြောလိုက်သည်။ ဗိုလ်မှူးကြီးစောကြာဒိုးက

'မင်း ခေါပြင် လုပ်တတ်လား'

'ဟာ ကျွန်တော် မြစ်ဝကျွန်းပေါ်သားဆိုတော့ လုပ်တတ်တာပေါ့'

'အဲ့ဒါဆို မင်း ခေါပြင် လုပ်စမ်းကွာ'

'ဒါဆို ကောက်ညှင်းကို ပေါင်း'

'ပေါင်းဗျာ' တဲ့။

'ဆီထည့်ထောင်း အဲ့တော့ ပြီးတဲ့အခါကျလို့ရှိရင် နှမ်းလေး အာလေး ထည့်ပေါ့၊ နှမ်းထည့်ပြီးတဲ့အခါကျရင် မြေပဲလေးထည့်ပေါ့'

'မြေပဲလည်း ထည့်ပြီးပြီ ဘာကျန်သေးလဲ'

'ဂျင်းထည့်' ဟု ကျွန်တော်က ပြောလိုက်သည်။ စောကြာဒိုးက

'ဟာ မင်းဥစ္စာက ခေါပြင်မဟုတ်ဘူး၊ ထမနဲ ဂျင်းထည့်လို့ ထမနဲ' ဒါနှင့် ကျွန်တော် စဉ်းစားတော့ ဟုတ်သည်။ ထမနဲက ဂျင်းထည့်သည်။ ဒါပေမယ့် မိမိကလည်း ခေါပြင်ပြောရင်းနှင့် အပြောက လွန်သွားပြီဆိုတော့ 'ဟာ မဟုတ်ဘူး၊ ဂျင်းထည့်လို့ရတယ်၊ ကျွန်တော်တို့ဆီမှာ ဂျင်းကို ခေါပြင်ထဲ ထည့်တယ်' ကျွန်တော်က ပြောရော ပြောတော့ စောကြာဒိုးက

'ငါမြစ်ဝကျွန်းပေါ်သား မြောင်းမြသား' ကျွန်တော့်ကို ဗမာလို ပြောနေတာ မြောင်းမြသားဆိုတော့ ကျွန်တော်ကလည်းပဲ 'ကျွန်တော် ပုသိမ်သား ကျွန်တော် ပုသိမ်ခေါပြင် လုပ်တတ်တာပေါ့' လို့ဆိုတော့

'ဟာ မင်းဟာက ထမနဲ၊ ခေါပြင် မဟုတ်ဘူး'

'ကျွန်တော်တို့ပုသိမ်မှာ ဒါ ခေါပြင်၊ ထမနဲမဟုတ်ဘူး' ဟု ကျွန်တော်ကလည်း ပြောသည်။ သူက ကျွန်တော့်ကို ပြောသည်။ အငြင်းသန်



သည်။ကျွန်တော်ကလည်းပြောသည်။ ကျွန်တော် အငြင်းသန်တာ မဟုတ်ဘူး၊ ဗိုလ်မှူး အငြင်းသန်တာဟု။ စကားများနေကြတာ ကြည့်ပြီးတော့ ဟိုဘက်က အင်္ဂလိပ်ကြီးက ဘာမေးနေတာလဲဟု ပြောသည်။ စောကြာဒိုးက 'ဒီကောင်လေး ခေါင်းမာတယ်' ဆိုတော့ ကျွန်တော်ကလည်း "သူက အရမ်းမေးပြီးတော့ သူပြောတာ မဟုတ်ဘူးဗျ" ဟု ကျွန်တော်က ပြောသည်။ ဗိုလ်မှူးစောကြာဒိုးကို ကျွန်တော် မသိပါ။ ဒီမှာထိုင်နေတာ ကရင်ကြီး ဒါပဲ သိသည်။ "အခုပြောနေတဲ့ ဗိုလ်မှူးက ကျွန်တော့်ကို ဖွတ်ပြောနေတာ' ဆိုပြီး ပြောတော့မှ ဗိုလ်မှူးစောကြာဒိုးက ရယ်ပြီး 'အေး ကဲကဲ မင်းဘက်မှာလည်း မင်းခေါပြင်လုပ်တာကို ထားလိုက်၊ ငါ့ဘက်ကလည်း ငါတို့ ခေါပြင်ဆိုရင် ပြီးရောပေါ့ကွာ' တဲ့။ အမှန်က သူက ကျွန်တော့်ကို စိတ်ခွနေသည်။ ကျွန်တော့်စိတ်ထဲမှာ စိတ်မကောင်းပါ။ 'ငါတော့ကွာ ဘုတွေချ၊ ဘာတွေချ အင်္ဂလိပ်စကား မတောက်တခေါက်နှင့် ငါဖွတ်တင်ခဲ့တာ' တွေးပြီး အပြင်ထွက်လာသည်။ ဘောင်းဘီကလည်း ဝတ်လာတုန်းက အစုတ်ဆိုတော့ သူများဆီက ငှားဝတ်သွားသော ဘောင်းဘီ ပြန်လဲပေးရသေးသည်။ အထဲမှာ စမတ်ကျအောင်ဆိုပြီး ဘေးနားကကောင်ကို 'မင်းချွတ်ကွာ ငါမင်းဘောင်းဘီ စွပ်သွားမယ်' ဆိုပြီး ငှားဝတ်၍ ဝင်သွားသည်။ သူ့ဘောင်းဘီ ကျွန်တော်ပြန်ပေး၊ ကျွန်တော့်ဘောင်းဘီ အစုတ်လေး ပြန်စွပ်ပြီးတော့ 'ငါ့ကို ဒီလို ဒီလို ဘုတွေပြောတော့ ငါလည်း ရှက်ရှက်နဲ့ လျှောက်ပြောတာကွာ၊ လူငယ်လည်း လူငယ်ကို ဒါနဲ့ပြီးသွားပါပြီ' တစ်ပတ်လောက်ကြာတော့ ကျွန်တော်တစ်ယောက်တည်း ရသွားသည်။ ကျွန်တော်ရတာက ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့။ ပြောရဦးမည်။ အားလုံး ကျွန်တော်တို့ ကန္နီစာချုပ်အရ အရာရှိ ၁၅၀ ခန့်မည်။ ကျွန်တော်တို့ BC Bruma Commissionနံပါတ် အကြီးစတာက ပထမဦးဆုံး ၃၅၀၀ နှင့် စတော့ ၃,၅၀၁ က ဗိုလ်လက်ျာ၊ ၂က ဗိုလ်ဇေယျ၊ ၃က ဗိုလ်နေဝင်း။ ကျွန်တော် မှတ်မိသည်။ ပြီးတော့မှ အားလုံး အစီအစဉ်အရ သွားလိုက်တာ အားလုံး ၁၅၀ ရောသွားသည့်အတွက် ၃,၆၅၀ ရောသွားပြီ။ ကျွန်တော် မပါသေးဘူး။ ဒါပေမယ့်လို့ ဖြစ်ပုံက ဒီ ကြည့်မြင်တိုင်က ကျောင်းကြီးလမ်းမှာ စားပြမှုဖြစ်သည်။ စားပြမှုဖြစ်တော့ ပုလိပ်လိုက်ဖမ်းစဉ် ခြောက်လုံးပြူးသေနတ်တစ်လက် မိသွားသည်။ စားပြ

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို သေနတ်ပိုင်ရှင်ဘယ်သူလဲဆိုတော့ ဗိုလ်ဖိုးကြွင်သေနတ်တဲ့။ ဗိုလ်ဖိုးကြွင်က ၃၅၄၉ ။ အဲ့တော့ သူ့ကို ဗမာ့တပ်မတော် ကော်မရှင်ကနေပြီးတော့ ပြန်ပြီး နုတ်ပယ်လိုက်သည့်အတွက် ကျွန်တော်ဟာ ၁၅၀ တိတိ ဘီစီ/၃၆၅၁ နှင့် ပါသွားသည်။

ကျွန်တော်က တစ်တွဲတည်း ပါသွားသည်။ ဗိုလ်ဖိုးကြွင်ကတော့ ဗဟိုကော်မရှင်အမိန့်နှင့် သူ့ကော်မရှင်ကို ပြန်ရုပ်သိမ်းလိုက်သည်။ တပ်မတော်မှ ၃,၅၄၉ မရှိဘူး၊ ၃,၆၅၁ နှင့် လူ ၁၅၀ မှာ ကျွန်တော်ပဲ။ ၃,၆၅၀ က ဗိုလ်အုန်းမောင်၊ ထားဝယ်သား။ သူက ပြည်သူ့ရဲဘော်ဖွဲ့တော့ သူ့အလိုအလျောက် ကော်မရှင်ကနေ နုတ်ထွက်သွားသည်။ သည်နေရာမှာ ၃,၆၅၂ က ဗိုလ်ကြည်လေး။ ဗိုလ်ကြည်လေးဆိုတာ ယခုမရှိတော့ဘူး။ အနောက်နိုင်ငံတွေမှာ စစ်သံမှူးဖြစ်ပြီးတော့ အနားယူသွားသည်။ ကျွန်တော့်ကို တစ်ခါတည်း ခန့်စာပေးသည်။ ပြီးလည်းပြီးရော တပ်မတော် အရာရှိ မှတ်ပုံတင်၍ တစ်ခါတည်း အရာရှိတစ်ယောက်အနေနှင့် ကားတစ်စီးနှင့် ပစ္စည်းသွားထုတ်ရသည်။ အင်္ကျီ ၆ ထည်၊ ဘောင်းဘီ ၆ ထည်၊ မျက်နှာသုတ်ပဝါ ၆ ခု၊ အိပ်စင်၊ မွေ့ရာ စသည်ဖြင့် များလွန်း၍ မသယ်နိုင်၊ ဘာလုပ်သလဲဆိုတော့ အပြင်လည်း ထွက်လာရော စောင့်နေသော ရဲဘော်တွေကို ရှော့တစ်ထည်၊ ရှော့တစ်ထည်၊ ရှော့တစ်ထည်ပေးပြီး ကိုယ့်အတွက် နှစ်ထည်ပဲ ယူသွားသည်။

ပစ္စည်းထုတ်ရသည့်မှာ ဗိုလ်တထောင် COD မှာပင်။ ကျွန်တော်က အကုန်လုံး ပြည့်စုံသွားပြီးတော့ ကျွန်တော်၏တာဝန်ကျဌာနက မန္တလေးက သယ်ယူပို့ဆောင်ရေး တပ်ခွဲ (ခ) ကျွန်တော့်နာမည် ပြထားသည်။ တပ်မတော်ကလာသော အရာရှိတွေကို အင်္ဂလိပ် စစ်သင်တန်းပေးမည်။ အခြေခံပြန်တက်ရမည်ဆို၍ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် အားလုံး ဆယ်ယောက် တက်ရသည်။ ကျွန်တော် မှတ်မိသော နာမည်တွေကတော့ ဗိုလ်ကြီးအောင်ရွှေ (ဗိုလ်ချုပ်အောင်ရွှေ) ယခု ကျွန်တော်တို့အဖွဲ့ချုပ် နာယကကြီး၊ ယခင်က သံအမတ်ကြီး။ ဗိုလ်မှူးမောင်မောင်ကျော်ဝင်း။ ဗိုလ်မှူးကြီးတင်စိုး အစ္စလမ်ဘာသာဝင်လေ။ ထိုစဉ်က ဒုဗိုလ်တင်စိုး။ နောက်တစ် ယောက်က ဗိုလ်ချစ်မောင်။ သူက ကျွန်တော်တို့နှင့် လေ့ကျင့်ခန်းဆင်းရင်း ရေနစ်ပြီး



တော့ ဆုံးသွားသည်။ နောက်တစ်ယောက်က ဒုဗိုလ်ဘနီ။ နောင် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ဘနီ။ ဗိုလ်လက်ျာနှင့် ဆွေမျိုးသားချင်းတော်စပ်သည်။ နောက်တစ်ယောက်က ဗိုလ်တင်ဦး။ ဗိုလ်တင်ဦးဆိုတာ နောင်သောအခါမှာ တောခိုပြီးတော့ အလင်းရောက်ဖြစ်သွား သူ ဗိုလ်တင်ဦး။ စာရေးဆရာအလင်းရောက် တင်ဦး။

နောက်တစ်ဦးက ဗိုလ်ထွန်းရီ။ အင်ဂျင်နီယာတပ်မှာ ဗိုလ်မှူး။ နောက်တစ်ဦးက ဒုဗိုလ်လှမောင်။ သူက ဒုတိယကမ္ဘာစစ် အတောအတွင်း ဂျပန်ပြည်မှာ ကျောင်းသွားတက်ပြီးတော့ ပြန်လာမှ ဗိုလ်မှူးကြီး စစ်ရာထူးခန့်အတွင်းဝန်ဖြစ်သွားသည်။ သူ့ကို ခွေးဘီလူးလှမောင်လို့လည်း ခေါ်သည်။ ကျောက်ဘီလူးလှမောင်လို့လည်း ခေါ်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာက ဝက်ခြံတွေ အထူကြီးရှိ၍ ခေါ်ခြင်းပင်။ နောက်တစ်ဦးက တရုတ်ဖြူတိုက်ပွဲမှာ ရိက္ခာတွေ အစမ်းချုရင်း ရိက္ခာတွေ တင်တာမှာ ဗိတ်မှားပြီးတော့ လေယာဉ်ဖင်ထောင်ပြီး ကျသွားလို့ ဆုံးသွားသူ ဗိုလ်မောင်ရှိန်း။ နောက် တစ်ယောက်က မူလီသိန်းမောင်။ ဗိုလ်မှူးကြီးသိန်းမောင် BEME တပ်ရင်းမှူး ဖြစ်လာသည်။

ကျွန်တော်တို့ လေ့ကျင့်ရေးတပ်ရင်း Training battalion Burma Regimantal Centre အောက်မှာ ကျွန်တော်တို့ တပ်ဖွဲ့ ၂ ခု ရှိသည်။ တစ်ခုက ကျွန်တော်တို့ battalion training ။ ကျောင်းဆင်းလို့ရှိလျှင် မိတ္ထီလာကို ပို့ရသည်။ မိတ္ထီလာကမှ တပ်တွေကို လိုသောနေရာ ပို့ရသည်။ လေ့ကျင့်ခန်းဆင်းချိန်မှာ ကျွန်တော်တို့က အခြေခံ လေ့ကျင့်ခန်း ဆင်းဖို့သွားတက်ရသည်။ ကျွန်တော်တို့ကို သင်တန်းပေးတာကတော့ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ သင်္ကြန်ကျခါနီးအထိ ကျွန်တော်တို့ သင်တန်းတက်ရသည်။ ကျွန်တော်တို့ကို Burma Army Cadre Training ဟုခေါ်သည်။

ရယ်စရာ ပြောရဦးမည်။ သင်္ကြန်မတိုင်ခင် ကျောင်းဆင်းမည်။ ကျောင်းဆင်းမည်ဆိုတော့ နောက်ဆုံး သင်ခန်းစာအရ ခရီးဝေးချီတက်ခြင်း။ ခရီးဝေးချီတက်ခြင်းက မြင်းခြံကနေပြီးတော့မှ ထနောင်းတိုင်၊ ထနောင်းတိုင်ကနေပြီးတော့မှ မကြီးမြစ်ရွာပြီးတော့မှ မြင်းခြံ ပြန်ဝင်သည်။ အစီအစဉ်က အားလုံး ၁၀ မိုင်လောက်ရှိမည်။ နံနက်ကို ထွက်လိုက်တာ မြင်းခြံကလည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပူသည်။ ကျွန်တော်တို့ ထွက်လိုက်တာ ဧပြီလ သိပ်ပူသည်။ နံနက် အစောကြီး ၅ နာရီ နေမထွက်ခင် နေထွက်လာတာနှင့် တစ်ခါတည်း ပူလာတာ ချွေးတွေထွက်သည်။ ထနောင်းတိုင် ရောက်သည့်အခါကျတော့ လူတွေက တော်တော်ဟိုက်နေပြီ။ သောက်ဖို့ပါလာသော ရေကုန်ပြီ။ ကျွန်တော်တို့ထဲမှာလည်း လူကြီးတွေပါလာတော့ 'ဟော့ ထနောင်းတိုင် ထန်းရည်ကောင်းတယ်၊ တို့ ရေမရှိလည်း ထန်းရည်သောက်မယ်' ထနောင်းတိုင်တုန်းကတော့ အကျ အချိုရှိ သောက်သွားရင်း သောက်သွားရင်းနှင့် ထန်းတောထဲသွားရင်းနှင့် သောက်လိုက်သည်။ ရေတော်ရင်း သောက်ရင်းနှင့် နောက်တော့ နေကျော်သွားတော့ ခါးပြီးတော့ ရှုတာတနှင့် မူးရော၊ မူးတာမှ တော်တော်မူးသည်။ ကိုအောင်ရွှေရော၊ ကိုမောင်မောင် ကျော်ဝင်းတို့ရော အားလုံး ဆရာ ၃ ယောက်ပါသည်။ အကြီးဆုံးက ဆရာ အရာခံဗိုလ်လက်ချမ်းချွတ္တရီဆိုတာ ခေါင်းဆောင်လာသည်။ အဲဒီတော့ ထနောင်းတိုင် ရောက်ခါနီးကျတော့ ကပ္ပတိန်ပိုင်းဆိုတာ ကျွန်တော်တို့ ကွန်မန်ဒါ။ သူကို တာဝန်ပေးပြီးတော့ အရာခံဗိုလ်က မော်တော်ဆိုင်ကယ်နှင့် ပြန်သွားသည်။ သူက လစ်ပြီ။ ကျန်ခဲ့သည့်လူတွေက မူးရော၊ မူးရုံ တင်မကဘူး၊ ကြာတော့ လူတွေက မသွားနိုင် မလာနိုင်ဖြစ်ပြီး နည်းနည်းလေး မြူးလာသည့်အခါ ကျတော့ ကကြ ခုန်ကြသည်။ သဲတောကြီးထဲမှာ မူးတော့ ကကြ ခုန်ကြ သီချင်းဆိုကြ။ ကျွန်တော်မှတ်မိသေးသည်။ ကုလားသီချင်းဆိုကြနှင့် အဲဒီ ရောက်ခါနီးကျတော့ မသွားနိုင်ကြပြီ၊ မသွားနိုင်ဘဲနှင့် ထနောင်းပင်တောက ကြောလေးမှာ နေစောင်းစောင်းလေး တစ်ခါတည်း အကုန်လုံးမူးပြီး အိပ် ပျော်သွားကြသည်။

ညနေ ၅ နာရီ ၆ နာရီလောက်ရှိပြီ ညစာ mess ကို ဝင်ပြီးတော့ စားရမှာ မစားနိုင်တော့ဘူး။ အိပ်ပျော်ကုန်ကြပြီ။ အိပ်ပျော်ကုန်ပြီးတော့မှ မော်တော်ဆိုင်ကယ်သံတွေကြားတော့မှ အကုန်လန့်နိုးကြသည်။ ည ၉ နာရီနဲ့ ၁၀ နာရီလောက်ရှိမည်။ မော်တော်ဆိုင်ကယ်သံတွေ ဘုန်းဘုန်း ဘုန်းဘုန်း ဘုန်းဘုန်းနှင့် ကျွန်တော်တို့ နောက်ကျောကနေပြီးတော့ သွားလမ်းအတိုင်း လိုက်လာသည်။ နောက်တော့မှ ကျွန်တော်တို့ကို တွေ့တော့မှ 'ဟာ ဒီမှာ တွေ့ပြီ တွေ့ပြီ' ဆိုတော့ ကျွန်တော်တို့လည်း လန့်နိုးကြသည်။



လန့်နိုးလည်းပြီးရော တစ်ခါတည်း ကားကြီးပေါ် အကုန်တင်ပြီး ခေါ်သွားကြသည်။

ထိုစဉ်က ကျွန်တော့် လစာက ၄၈၀ ကျပ် နောက်ပြီးတော့မှ war risk အတွက်ဆိုပြီးတော့ တစ်နေ့ကို ၁ ကျပ်နှင့် တစ်လ ၃၀ ကျပ် ထပ်ရသေးသည်။ war risk ဆိုပြီးတော့ စစ်အတွက် စွန့်စားတဲ့အနေနှင့် ၁ ကျပ်ပေးသည်။ နောက်ပြီးတော့ ရိက္ခာလည်း ပေးသည်။ စီးကရက်ဆိုလျှင် အကောင်းစား ၂ ဘူး။ နောက်ပြီးတော့ ချောကလက်ဘားက ၂ ခု၊ ရိက္ခာအစိုလည်း ရသေးသည်။ ရိက္ခာအစိုဖိုးငွေလည်း ရသေးသည်။ စစ်ကြီးပြီးသွားသည့်အခါကျတော့ ဒီငွေတွေက ပိုလျှံနေ၍ အများသုံး သုံးမယ်ဆိုပြီးတော့ ကျွန်တော်တို့ကို ပေးသည်။ ကျွန်တော်တို့က နားမလည်ဘူး။ အရာရှိဖြစ်တုန်းက အဝတ်အစားတွေ ပေးပါသည်။ ကျွန်တော်ကတော့ ပျော်နေသည်။ လွတ်လပ်ရေးပေးသည့်နေ့ ငွေခွဲတော့ ကုန်ကျငွေတွေကို ဗမာပြည်စာရင်းထဲမှာ ထည့်ပြသည်။ နောက်ပိုင်းကျတော့ သူတို့ပေးသမျှအားလုံးကို စာရင်းတန်ဖိုးပြပြီးတော့ ဗမာပြည်ကို ပေးခဲ့သည်ဆိုပြီး တန်ဖိုးပြခဲ့သည်။

အခြေခံစစ်သင်တန်းက ၃ လလောက် ကြာသည်။ သင်တန်းလည်းပြီးရော သကြိန်ကျ၊ သကြိန်ကျလည်းပြီးရော ပြင်ဦးလွင် မေမြို့ကို သွားပြီးတော့ သင်တန်းတက်ရသည်။ မေမြို့မှာ ဘယ်သူတွေ တွေ့လဲဆိုတော့ မေဂျာကျော်ဇော။ နောင်သောအခါမှာ ဗိုလ်ချုပ်ကျော်ဇော။ မကြာမီက ဗိုလ်ချုပ်ကျော်ဇောဓာတ်ပုံ ကျွန်တော်တောင်းလိုက်တော့ တရုတ်ပြည်က ပို့လိုက်သည်။ ကျွန်တော့်လက်ထဲရောက်လာတာ မကြာသေးဘူး ၂ ရက် ၃ ရက်ပဲ ရှိသေးသည်။ ဗိုလ်ချုပ်ကျော်ဇော ရောက်လာသည်။ ကျွန်တော်တို့ 3 barrack ထဲမှာရသည်။ 3rd barrack မှာ ကျွန်တော်တို့ခေါင်းဆောင်က မေဂျာကျော်ဇော။ နောက်ပြီး ကပ္ပတိန်ချစ်မြိုင်။ နောက်ပြီးတော့ ဗိုလ်မှူးကြီးမောင်ရွှေ ဝန်ကြီးတောင် ဖြစ်သွားသေးသည်။ သူက ဒုတိယဗိုလ်၊ နောက်ပြီးတော့ ကပ္ပတိန်သောင်းကြည် နောက်တော့ ဗိုလ်မှူးသောင်းကြည်၊ ကပ္ပတိန် အောင်ရွှေ (ဗိုလ်ချုပ်အောင်ရွှေ)၊ ဒုတိယဗိုလ် စန်းယု၊

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## ဗိုလ်ချုပ်အောင်ဆန်းကို နောက်ဆုံးအကြိမ် တွေ့ဆုံ အလေးပြုရခြင်း

ထိုစဉ်က ကျွန်တော်တို့ Mess ခေါ် စားသောက်ခန်းတွင် စုဝေးစားသောက်ကြရသည်။ Mess မက်ဆိုသည်မှာ အားလုံးစားသောက်ကြရန် အကုန်အကျများခံပြီး ဆောင်ရွက်ရသည်။ ယင်း Mess စားသောက်ခန်းတွင် ဥက္ကဋ္ဌ လုပ်သူက ဗမာဖြစ်သည်။ ကျွန်တော်တို့စားသောက်၍အပြီးမှာ ကျွန်တော်ကပင် ဖွန်းကလေးနှင့် စားသောက်သည့် ပန်းကန်ကိုခေါက်လိုက်၍ အခန်းထဲမှာ စားသောက်နေသူများ ငြိမ်သွားကြသည်။ ထိုအချိန်၌ ကျွန်တော်၏နှုတ်က အော်လိုက်သည်။ Mr.Vice, The King ဟု။ ထိုစဉ်ကာလက ဗြိတိန်နိုင်ငံတွင် George the VI ခေါ် ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ် စိုးစံလျက်ရှိပေသည်။ ကျွန်တော်က နှုတ်မှဆက်၍ အော်လိုက်သည်။ All the Gentlemen raise up bound less the King ဤသို့ဆုတောင်းပြီးမှ အရက်ဖန်ခွက်ကိုကိုင်၍ မော့ချလိုက်၏။ ဤသို့ သူတို့အင်္ဂလိပ်ဘုရင် Georage VI အား အလေးပြုခြင်းသဘောကို အင်္ဂလိပ်အရာရှိကို မခိုင်းဘဲ ဗမာအရာရှိကို တာဝန်ပေးခြင်းမှာ တမင်လုပ်ခိုင်းခြင်းဖြစ်သည်ဟု နားလည်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုပြောစရာရှိသည်မှာ ရေဒီယိုကို သတင်းလုပ်၍ နားထောင်ခြင်းတည်း။ သူတို့အင်္ဂလိပ်အရာရှိတွေကလည်း ရေဒီယို နားထောင်ချင်ကြ၍ အမြဲမပြတ် ရေဒီယိုအနားသို့ ရောက်နေကြသည်။ ကျွန်တော်တို့ ဗမာအရာရှိတွေကလည်း မိမိတို့နိုင်ငံ၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းတို့ လန်ဒန်သို့ သွားသောခရီးမှအစ ဗမာသတင်းတွေကို နားထောင်ချင်ကြလေသည်။ သူတို့အင်္ဂလိပ်စစ်အရာရှိများ ရေဒီယိုနားထောင်နေကြစဉ် ကျွန်တော်တို့က မနှောင့်ယှက်ရ။ ကျွန်တော်တို့ဗမာသတင်းတွေ နားထောင်နေစဉ်မှာလည်း သူတို့အင်္ဂလိပ်အရာရှိတွေကဝင်၍ နှောင့်ယှက်ခြင်းမပြုရ။ သည်တော့ ကျွန်တော်တို့မှာ တစ်နေ့တစ်နေ့ ရေဒီယိုကို ကိုယ်က ဦးအောင်နားဆင်ဖို့ အလုအယက် ဖြစ်နေလေသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းတို့ အင်္ဂလန်သွားပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးနေကြသော သတင်းများမှာ ကျွန်တော်တို့ ဗမာစစ်အရာရှိများအတွက် သည်းခြေကြိုက် သတင်းများ ဖြစ်နေလေသည်။ ကျွန်တော်တို့ ထိုသို့ ရေဒီယိုနားထောင်နိုင်ရန် ဗမာအရာရှိတွေအချင်းချင်း တိုင်ပင်၍ စီမံကိန်းချရလေသည်။ ရေဒီယိုက တစ်လုံးတည်းရှိ၍ အင်္ဂလိပ်အရာရှိများနှင့် လုၡ၍ နားထောင်နေရခြင်းပင်။

ကျွန်တော်တို့ ဗမာအရာရှိတွေ ဤသို့ တိုင်ပင်ရသည်။ "မင်းတို့ ရေမြန်မြန်ချိုး Mess စားသောက်ခန်းကို ၅ နာရီလောက်အရောက်သွား၊ ရေဒီယိုကို ဖွင့်နားထောင်နေ"ဟု တစ်လှည့်စီ တာဝန်ယူ၍ စီမံရလေသည်။ ကျွန်တော်တို့က ရေဒီယိုနားထောင်နေစဉ် အင်္ဂလိပ်အရာရှိတွေက နှောင့်ယှက်ခြင်း မပြုပေ။ ကျွန်တော်တို့က ရေဒီယိုမှလာသော သတင်းများနားထောင်ပြီးလျှင် သူတို့ကို ရေဒီယို လွှဲပေးလိုက်လေသည်။ ထိုအခါ သူတို့က ရေဒီယိုမှ လွှင့်ထုတ်သော BBC အစီအစဉ်များကို နားထောင်ကြတော့၏။

ပြောရဦးမည်။ မေမြို့တွင် နေကြစဉ်က Mess Night ခေါ် စားသောက်ပွဲကို ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ်၊ Guest Night ခေါ် ဧည့်သည်များ ဧည့်ခံပွဲကို တစ်လ တစ်ကြိမ် ကျင်းပ၏။ Mess Night ရော၊ Guest Night ရော သောကြာနေ့ညနေများမှာသာ ကျင်းပသည်။ Guest Night မှာ လတစ်လ၏ နောက်ဆုံး သောကြာနေ့တွင် ကျင်းပမြဲပင်။ သည်မှာပင် Ball Room ၌ အရာရှိကြီးတွေ၊ ဘိုမတွေနှင့် Guest Night



တွင် ကကြခုန်ကြဖို့ အရာရှိငယ်တွေက အဲသည့် ဘိုမတွေကို သွားခေါ်ပေးရခြင်းမှာ ဆိုးရွားလှ၏။ အရာရှိငယ်တို့ သဘောမကျကြပေ။

အစီအစဉ်က သည်လို။ အရာရှိငယ်ကို အရာရှိကြီးကခေါ်ပြီး "မင်းက ကားအဆင်သင့်ခေါ်ထား၊ ငါ့မိတ်ဆွေကို သွားခေါ်ပြီး ကပွဲပြီးရင် ပြန်ပို့" သည်မှာ ကျွန်တော်တို့ စိတ်ညစ်ရပြီ။ သွား၍ခေါ်ရသည်မှာ သိပ် အပန်းမကြီး။ သူတို့ ဘိုထီး၊ ဘိုမတွေ ကကြ၊ ခုန်ကြ၊ စားကြ၊ သောက်ကြ အပြီးမှာ ပြန်ပို့ဖို့ စောင့်ပေးနေရသည်မှာ ငြီးငွေ့စရာပင်။

ကျွန်တော်တို့ကတော့ မကကြပါ။ အရက်သောက်ရင်း စောင့်နေကြသည်။ ဘိုမတွေနှင့် ဘိုထီးတွေ Ball Room ထဲမှာ ကကြ၊ ခုန်ကြနှင့် အားရအောင် သောက်စား၊ ပျော်ပါးကြပြီးသောအခါ ပြန်ကြသည်အထိ ငြီးငွေ့ခြင်းအတိဖြင့် ပျင်းပျင်းရိရိ စောင့်နေကြရသည်။ တစ်ခါတစ်ရံ သီချင်းလေးတစ်ပုဒ်၊ နှစ်ပုဒ်ဝင်ဆိုချင်ဆို၊ ဘိလိယက်ခုံ၊ လက်တောက်ခုံမှာ ကစားချင်ကစား၊ သူတို့တစ်တွေ စားလိုက်၊ သောက်လိုက်ကြ၊ ပျော်ကြပါးကြ အင်္ဂလန်နိုင်ငံနှင့်တူအောင် ပျော်ကြသည်။ ထိုကပွဲပြီးတော့မှ ဘိုမတွေကို ကားဖြင့် ပြန်ပို့ကြရလေသည်။

တစ်ခါတလေကျလျှင် ကျွန်တော်က Staff officer ခေါ် ဌာနကြီးမှူးတာဝန်ကျသည်။ သည်ရာထူးက အလှည့်နှင့်ကျသည်။ ထိုအခါ၌ Add-min Commander ခေါ် အုပ်ချုပ်ရေးတာဝန်ခံထံသွား၍ သတင်းပို့ရသည်။ ကျွန်တော် ယနေ့ Staff officer တာဝန်ကျပါသည်ဟု သတင်းပို့သောအခါ သူက ဘာတာဝန်ပေးသလဲဆိုလျှင် သည်ဗြိတိသျှတပ်မတော် ဌာနကြီးတစ်ခုလုံးနှင့် ပတ်သက်သည့် တာဝန်ကိုယူပြီး ပေးထားသော ကားတစ်စီးဖြင့် ရုပ်ရှင်ရုံ၊ မေမြို့ဈေးကြီး စသည်တို့ကို လှည့်လည်ပြီး out of bound Area ခေါ် ဒေသတစ်ခုလုံးကို လုံခြုံရေးကြီးကြပ်လှည့်ပတ်ရသည်။ ထို့ပြင် ဤသို့ Staff officer ကျသူသည် ယခုတစ်ပတ် ရုပ်ရှင်ရုံ၌ စနေ၊ တနင်္ဂနွေ နှစ်ရက်ပြမည့် ရုပ်ရှင်ဇာတ်ကား လက်မှတ်များကို လိုက်လံ ရောင်းချပေးရသည်။ တပ်အသီးသီးသို့လိုက်ပြီး မင်းတို့တပ်က ဘယ်နှယောက်ကြည့်မှာလဲ၊ စာရင်းယူ လက်မှတ်ရောင်း ရုပ်ရှင်ပြသောနေ့မှာ ရုပ်ရှင်ရုံသို့သွား၍ တပ်သားတွေထံက လက်မှတ်သိမ်းရ၏။ သည်မှာ ဘိုမ မျက်နှာဖြူ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ ပါလာသည်။ အဲသည် မျက်နှာဖြူ ဘိုမကလေးတွေက ရုပ်ရှင်ရုံပေါက်ဝမှာ စောင့်၍ တပ်သားတွေထံမှ ရုပ်ရှင် လက်မှတ်သိမ်းပြီး ကျွန်တော့်ထံ အပ်နှံရပေသည်။ ထိုသို့ ရုပ်ရှင်လက်မှတ်တွေ သိမ်းလာ၊ ထိုနေ့ညမှာပင် ကျသင့်ငွေစာရင်းတွက်ချက်ပြီး ငွေနှင့်တကွ သက်ဆိုင်ရာသို့ တနင်္လာနေ့တွင် အပ်ရပေသည်။

သည်တာဝန်က နှစ်လ တစ်ခါလောက် တာဝန်ကျသည်။ သည်တာဝန်တွေကို ဗမာအရာရှိတွေကိုသာ ချထားရသည်မှာ အလုပ်လုပ်တတ်အောင် ဖြစ်သည်။

ထိုစဉ်က တပ်မှာ Breakfast ခေါ် အဆာပြေနံနက်စာ စားရသည်ကို ပြောရဦးမည်။ ကြက်ဥပြုတ်တစ်လုံး ၃ မိနစ်ပြုတ်၊ ၄ မိနစ်ပြုတ် သို့မဟုတ် ကြက်ဥမွှေကြော်ယူမည်လား။ ကြိုက်သလိုမှာ၍စားနိုင်သည်။ ပေါင်မုန့်တစ်ချပ်နှင့် ထောပတ်။ ထို့ပြင် အသားကင် သို့မဟုတ် ဆာဒင်းငါးသေတ္တာ ကြိုက်ရာစား။ အင်္ဂလိပ်တွေက ဆာဒင်းငါးကို သိပ်ကြိုက်။ သိပ်စားကြသည်။ ကျွန်တော်တို့က ဒါတွေကို သိပ်မစားနိုင်။ သိပ်မကြိုက်။

တစ်ခါတစ်ရံ ကုလားအုတ်သားတွေလည်းပါသည်။ ပြီးတော့ ပြောရဦးမည်။ သည်အင်္ဂလိပ်တွေက ယုန်သားကို သိပ်စားကြသည်။ ယုန်တွေကို ခြံနှင့်မွေးထားပြီး သတ်စားကြသည်။ ယုန်တွေကလည်း အကောင်ပေါက်သည်မှာ သိပ်မြန်လှ၏။ ယုန်တွေကို အကောင်ရေစစ်၊ ဘယ်နှကောင်ရှိသလဲ မှတ်ထား၊ Rabbit pie ဆိုပြီး ဗိုင်နှင့်မှတ်သားရသည်။ အဲသည်က ရသည့် ယုန်သားကို ဂျုံနှင့်ပေါင်း အသီးအနှံနှင့် ရောစပ်ကြော်ချက်ထားသည်ကို အင်္ဂလိပ်တွေ အလွန်စားကြသည်။ ကျွန်တော်တို့က အဲသည့် ယုန်သားကို မကြိုက်ကြပေ။

ပြီးတော့ ပြောရဦးမည်။ အင်္ဂလိပ်တွေမှာ အလွန် စိစစ်ကြသည်။ သူတို့ရသော ရိက္ခာတွေကို မစားရက်၊ မသောက်ရက် စုဆောင်းပြီး အင်္ဂလန်ရှိမိသားစုထံ ပြန်ပို့ကြသည်ပင်ရှိ၏။ ထိုအချိန်မှာ စစ်ကြီးပြီးဆုံးချိန် အင်္ဂလန်ရှိ သူတို့၏ ဆွေမျိုး၊ ဇနီး၊ မယား၊ သမီးသားတွေမှာ ချို့တဲ့ဆင်းရဲမွဲတေနေကြသည်ကိုး။ သူတို့ရသည့် ရိက္ခာ၊ ရာရှင်၊ ဘူး၊ ပုလင်းတွေကို မသောက်။ မစား။ ရသမျှ ခြိုးခြံချွေတာပြီး Admin ခေါ် အုပ်ချုပ်ရေးရုံးမှတစ်ဆင့် အင်္ဂလန်မိသားစုထံ ပြန်ပို့ကြသည်။



ကျွန်တော်တို့က သူတို့အင်္ဂလိပ်စစ်အရာရှိများအား စီးကရက်တစ်ဘူးလောက် ဝယ်ပေးလိုက်လျှင် သူတို့မှာ ကျေးဇူးတင်ကြ၍ မဆုံးတော့ပေ။ Thank you ချင်းထပ်၍ ဝမ်းသာနေကြရှာပေ၏။

သတိရသော ထူးခြားသည့်အကြောင်းအရာတစ်ခု ပြောချင်ပါသေးသည်။ နောင်အခါတွင် မြန်မာ့ရုပ်ရှင်လောက၌ လျှမ်းလျှမ်းတောက် အောင်မြင်လာသူ အကယ်ဒမီဗိုလ်ဗကို၏ ထင်ရှားမှတ်သားဖွယ်ဇာတ်လမ်းတစ်ပုဒ်ပင်။

၁၉၄၆ ခုနှစ်က ကျွန်တော်တို့ မေမြို့ (ပြင်ဦးလွင်) စစ်တပ်စခန်းတွင် ရှိနေစဉ် ဗိုလ်ဗကိုက ကော်မရှင် ရလာပြီး ဗိုလ်ကြီးအဆင့်ဖြင့် ဗြိတိသျှစစ်တပ်ထဲ ပါလာလေသည်။ ဤအချိန်၊ ဤကာလ၌ ဗြိတိသျှစစ်တပ်တွင် အမှုထမ်းသော ဗမာစစ်အရာရှိဆိုလျှင် ကျွန်တော်တို့က ခပ်ချဉ်ချဉ် ဝေါင်ဝေါင်ရှေး၍ ဝေးဝေးရှောင်ကြသည်။ သိပ်ပြီး အပေါင်းအသင်း မလုပ်ချင်သော သဘော။ ငါတို့က အမျိုးကိုချစ်တဲ့ ဗမာမျိုးချစ်စစ်သား စစ်ဗိုလ်။ သူတို့က နယ်ချဲ့စစ်တပ်နှင့်ပါလာသော ဗမာစစ်ဗိုလ် ဘာညာကွိကွ။ မာနကြီး တစ်ခွဲသားဖြင့် ဗိုလ်ဗကိုအား ခပ်တည်တည် ခပ်မှန်မှန် ဆက်ဆံကြ၏။

ကျွန်တော်တို့က ဗမာ့တပ်မတော်တွင် Commanding officer ဦးစီး အရာရှိဖြစ်စဉ်မှာပင် ဗိုလ်ဗကိုက B.I.C ခေါ် (Burma Intellegence Corporation) ဗြိတိသျှတပ်မတော် ထောက်လှမ်းရေးအဖွဲ့တွင် ပါဝင်လာသည်။

ကျွန်တော်တို့က သူ့ကို ရင်းရင်းနှီးနှီး မပေါင်းဘဲနေသည်။ သို့သော် ဗိုလ်ဗကိုက စကားပြောသိပ်ကောင်းပေသကိုး။ သူဗမာစကားပြောသည်ကို ကြားရလျှင် သိပ်နားထောင်ကောင်းလှသည်။ ပထမတွင် ကျွန်တော်တို့က ဗိုလ်ဗကိုအား အင်္ဂလိပ် နယ်ချဲ့စစ်တပ်ကလာသူဟုဆိုပြီး ဖက်လှဲတကင်း မပေါင်း စကားပြောဆိုခြင်းမရှိကြချေ။ ကျွန်တော်တို့ဆိုသည်မှာ ကိုလွင် (နောင် ဗိုလ်မှူးကြီးလွင်) နှုတ်ခမ်းမွေးကြီးတို့ ကိုတင်မောင်တို့က ခပ်တည်တည်။ ကိုတင်မောင်ဆိုတာ နောင်တောခိုသွားသော ဗိုလ်တင်မောင်ပင်။

သို့သော် ဗိုလ်ဗကိုက ကျွန်တော်တို့ကို လိုက်လိုက်ပြီး စကားပြောလေသည်။ သူက ဗမာစကားကို ဖွယ်ဖွယ်ရာရာ အပြောကောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လည်း ဟန်ဆောင်မနေနိုင်ကြတော့ဘဲ သူ့ကို စကားပြန်ပြောရတော့၏။ သည်တော့မှ ဗိုလ်ဗကိုက ရင်ဖွင့်လေတော့သည်။

"ကျွန်တော်က ခင်ဗျားတို့ ထင်သလို မဟုတ်ဘူးဗျ၊ အင်္ဂလိပ်ကို ဆဲလာတဲ့ကောင်" တဲ့။

ကျွန်တော်တို့က မေးသည် "အင်္ဂလိပ်တွေကို ခင်ဗျား ဘယ်လို ဆဲသလဲ ကိုဗကို"

**ဗိုလ်ဗကို။** "အင်္ဂလိပ်တွေကို Bloody Fool ဘာညာနဲ့ဆဲရင် ဒီကောင်တွေ မနာဘူး၊ သူတို့နာအောင် မခံနိုင်အောင် ဆဲတဲ့နည်းရှိတယ်"

ထိုစဉ်က တပ်ရေးဗိုလ်ကြီး adjudant အရှူးဒင့်ခေါ် တပ်ရင်းတပ်ထောက် အရာရှိ အင်္ဂလိပ်တစ်ဦးရှိသည်။ သူက အင်္ဂလိပ်တပ်ရင်းမှူးကို ဖားပြီး ဗမာအရာရှိတွေကို အပြစ်ရှာ ဖိနှိပ်ဆက်ဆံချင်သည်။ သူ့ကို ဗိုလ်ဗကိုက သာမန်ဆဲသည်ထက် နာအောင် ဤသို့သွားပြောသည်။

**ဗိုလ်ဗကို။** "ဟေ့၊ အရှူးဒင့်"

**အရှူးဒင့်။** "ဘာလဲကွ"

**ဗိုလ်ဗကို။** "မင်း စစ်တပ်က အလုပ်ဖြုတ်ရင် မင်းတို့ အင်္ဂလန်နိုင်ငံပြန်တဲ့အခါ မင်းလိုကောင်မျိုး ဘာအလုပ်မှ မရနိုင်ဘူး၊ အဲဒီအခါ ငါ့အဖေရဲ့ ဖိနပ်ချုပ်စက်ရုံမှာ မင်းကိုဖိနပ်ချုပ်တဲ့ အလုပ်ပေးနိုင်တယ်၊ မင်း လာလုပ်မလား"

ဗိုလ်ဗကိုက ထိုသို့ပြောသောအခါ အင်္ဂလိပ်မျက်နှာဖြူအရာရှိမှာ ဘာပြန်ပြောရမှန်းမသိ မျက်နှာမည်းသွားရှာ၏။ သူတို့အဖို့ အလုပ်အကိုင်အလွန် ရှားပါးလှသည်။ အလုပ်တစ်ခုပြုတ်လျှင် နောက်အလုပ်တစ်ခုထပ်ရရန် မလွယ်ကူဘူး မဟုတ်လား။ ဗိုလ်ဗကိုကား အဲသည်လိုလူတည်း။ အင်္ဂလိပ်စစ်အရာရှိတွေကို အမြင်ကတ်ကတ်နှင့် ထိုသို့မကြာခဏ ကလိတတ်၊ ရိတတ်လေ့ရှိပေသည်။

သူကား ကျွန်တော်တို့ထင်သလို မဟုတ်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် အင်္ဂလိပ်တွေကို မုန်းလွန်းသဖြင့် ဤသို့ သူ့နည်းသူ့ဟန်။ နိုင်သရွေ့ ပြန်ချလာသူဖြစ်သည်။ သူ့ကို နားလည်လာသောအခါ ကျွန်တော်တို့ အများကြီး လေးစားသူ ဖြစ်လာသည်။



တစ်ဆက်တည်းပင် ဗိုလ်ဗကိုအကြောင်းပြောပြချင်သည်။ ဗိုလ်ဗကိုသည် ဗြိတိသျှစစ်တပ်၊ မြန်မာ့တပ်မတော်တို့တွင် အစဉ်ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နောက်ဆုံး၊ တပ်မတော်မှာ ဗိုလ်ချုပ်မောင်မောင်နှင့် စကားများ၍ အလုပ်က ထွက်သွားရသူဖြစ်သည်။ နောက် သူက စာတော်သူဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ်တက်မဟာဘွဲ့ထပ်ယူပြီး မြန်မာပြည်ပြန်လာ ရုပ်ရှင်ဘက်ဝင် အကယ်ဒမီဆုများ ရသွားသူပင်။

ကျွန်တော် ယခုနေသောအိမ်မှာ နေအိမ်အကျယ်ချုပ်ကျနေစဉ် ဗိုလ်ဗကိုက အိမ်ရှေ့အိမ်ကို ကိစ္စတစ်ခုဖြင့် ရောက်လာသည်။ နောက်မှသိသောကြောင့် နှုတ်မဆက်လိုက်ရသဖြင့် စိတ်မကောင်း။ နောက် လေး၊ ငါးလအကြာတွင် ဗိုလ်ဗကို ဆုံးသွားရှာသည်။ ကျွန်တော့်မှာ အိမ်အကျယ်ချုပ်ဘဝဖြစ်၍ သူ့အသုဘကို လိုက်မပို့လိုက်ရချေ။

ပြောရဦးမည်။ ဗိုလ်ဗကို၏ စွမ်းဆောင်ရည်ထက်မြက်ပုံတွေ ရှိပါသေး၏။ ၁၉၄၉ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် သူပုန်သူကန်များ အကြီးအကျယ် လှုပ်ရှားသောင်းကျန်းနေကြခိုက်ကာလပင်။ ထိုစဉ်က ကေအင်ဒီအို၊ ကရင်တိုင်းရင်းသား လက်နက်ကိုင်တို့သည် မြန်မာပြည်အောက်ပိုင်းတွင် ထင်ရှားစွာ လှုပ်ရှားနေကြသည်။ မြန်မာပြည်အလယ်ပိုင်း၌ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်းတို့က ညီလာခံတစ်ရပ်ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ထံက ယူလာသော လွတ်လပ်ရေးမှာ အတုအယောင်လွတ်လပ်ရေးကြီးဖြစ်သည်ဟု ကြေညာစွပ်စွဲကာ သောင်းကျန်းနေကြချိန်လည်း ဖြစ်ပေသည်။ သခင်သန်းထွန်းတို့အမြင်မှာ လွတ်လပ်ရေးဆိုတာ စားပွဲပေါ်မှာ ဆွေးနွေးပြောဆို၍ ရရိုး ထုံးစံမရှိ၊ လွတ်လပ်ရေးဆိုတာ သွေးထွက်သံယိုဖြစ်ပြီး တိုက်ယူမှရသည်ဟု လွဲမှားစွာ ယုံကြည်နေကြလေသည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏သားများဟု ဆိုကြသော ပြည်သူ့ရဲဘော်(ဖြူ)တွေကလည်း တောခိုသွားပြီး သောင်းကျန်းနေကြပြန်သည်။ အလံနီ သခင်စိုး၏ ကွန်မြူနစ်ပါတီ ဗမာပြည်ဆိုတာကလည်း စောစောကပင် တောခိုသောင်းကျန်းနေခဲ့၍ နိုင်ငံခြားအစိုးရတွေက ရန်ကုန်အစိုးရဟုပင် သခင်နုအစိုးရကို ခေါ်ဝေါ်သည်အထိ ဖြစ်ခဲ့ပေ၏။ သည်

www.burmeseclassic.com



တုန်းကကြားရသော သတင်းတွေမှာမကောင်း။ မန္တလေးမြို့ကြီး သူပုန်လက်ကျသွားပြီ။

မိတ္ထီလာမြို့ကျသွားပြီ။ သာစည်မြို့ကျသွားပြီဟု ဆက်တိုက်ကြားနေရသည်။ သည်အချိန်မှာ မြန်မာနိုင်ငံအရပ်ရပ်က သူပုန်နှင့် အစိုးရတိုက်ပွဲသတင်းတွေ အမှန်အကန်ရဖို့ အရေးကြီးနေပြီ။

ထိုအချိန်တွင် မြန်မာ့အသံ တွဲဖက်ရေဒီယိုအစီအစဉ်မှ စိန်ပြောင်းကြီးကဏ္ဍကို ဦးဆောင်လွှင့်ထုတ်ပေးနေသော အသံရှင်မှာ တပ်မတော်မှ ဗိုလ်မှူးဇကိုဖြစ်သည်။ ဗိုလ်မှူးဇကိုက အသံလည်းအောင်သည်။ ပထမဒုန်းဆိုသော စိန်ပြောင်းကြီး ပစ်သံကြားရပြီးနောက် ဗိုလ်ဇကိုအသံပေါ်လာသည်။ တပ်မတော်သည် အောင်ပွဲအလီလီကို ရရှိနေပြီ။ ဘယ်မြို့၊ ဘယ်ဒေသတွင်နေရာယူ၏။ တပ်စွဲထားသော တပ်မတော်သည် ရန်သူ့နယ်မြေ၊ ဘယ်မြို့၊ ဘယ်ဒေသကို ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်ကြောင်း၊ သတင်းကောင်းတွေပေးသည်။

သို့သော်အမှန်က ထိုအချိန်တွင် ကျွန်တော်တို့ တပ်မတော်မှ ဖော်ပြခဲ့သော နေရာဒေသတို့ကို မတိုက်ရသေး။ ဗိုလ်မှူးဇကိုက စိန်ပြောင်းကြီးကဏ္ဍမှာ မင်းတို့ ဘယ်မြို့၊ ဘယ်နေရာကို ချီတက်တိုက်ခိုက် သိမ်းပိုက်တော့ဟု အမိန့်ပေးနေခြင်းပင်။ သည်တော့မှ ကျွန်တော်တို့က ရေဒီယိုမှ ဗိုလ်မှူးဇကို ပြောသွားသော အစီအစဉ်အတိုင်း ရန်သူ့နယ်မြေကို အမြန်ဆုံးဝင်တိုက် သိမ်းယူရတော့၏။

ထိုစဉ်က ဗိုလ်မှူးဇကိုမှာ Intellegent Department တပ်မတော်သတင်းထောက်လှမ်းရေးတပ်ဖွဲ့တွင် အကြီးအမှူး Head ဖြစ်လေ၏။ ဗိုလ်မှူးဇကိုက တွဲဖက် မြန်မာ့အသံ စိန်ပြောင်းကြီးအခန်းမှ လွှင့်ထုတ်ချက်အတိုင်း ကျွန်တော်တို့တပ်မတော်က ရန်သူ့စခန်းဝင်တိုက်ရာ၊ နိုင်သည်။ ဤကား ဗိုလ်မှူးဇကို၏ ကျေးဇူးများပင်။

သည်အချိန်မှာ ဗိုလ်မှူးကြီးမောင်မောင် (နောင်ဗိုလ်မှူးချုပ်) တို့ကို ကေအင်ဒီအို၏ လက်နက်ကိုင်တပ်များ အဖမ်းခံရပြီး နောက်တပ်မတော်မှ တောင်ငူမြို့နယ် ဘောဂလိကြီးကျေးရွာသို့ သွားရောက်တိုက်ခိုက် ကယ်တင်ခဲ့ရာ လွတ်မြောက်လာကြသည်။ ဗိုလ်မှူးကြီးမောင်မောင်တို့ ကေအင်ဒီအိုတို့



လက်မှ လွတ်မြောက်လာပြီးနောက် သူ့လက်အောက်အရာရှိ ဗိုလ်မှူးဇကိုအား တပ်မတော် သတင်းထောက်လှမ်းရေးတပ်ဖွဲ့၊ ပြန်လည်ဖွဲ့စည်းရန် စီမံကိန်း ရေးဆွဲရန် တာဝန်ပေးလိုက်သည်။ ဗိုလ်မှူးဇကိုကလည်း ခေသူ မဟုတ်။ ညံ့သူမဟုတ်။ ရန်ကုန်တက္ကသိုလ်မှ B.A.(Hons) ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရရှိခဲ့သူ အင်္ဂလိပ်စာ အလွန်တော်သူဖြစ်ပေရာ၊ သူရေးဆွဲရမည့် တပ်မတော်သတင်းထောက်လှမ်းရေးတပ်ဖွဲ့ စီမံကိန်းကို အင်္ဂလိပ်ဘာသာဖြင့် စနစ်တကျ ရေးဆွဲခဲ့သည်။

ဗိုလ်မှူးဇကို ရေးဆွဲတင်ပြသော သတင်းထောက်လှမ်းရေးစီမံကိန်းကို အထက်အရာရှိဖြစ်သော ဗိုလ်မှူးကြီးမောင်မောင်က သူမကြိုက်လျှင်မကြိုက်သည့်အကြောင်းပြောဖို့ ကောင်းသည်။ သို့သော် ဗိုလ်မောင်မောင်က လက်အောက်အရာရှိ ဗိုလ်ဇကိုအား "မင်းရေးခဲ့တဲ့ ထောက်လှမ်းရေးစီမံကိန်း အသုံးမကျဘူး" ဟု ဒေါသနှင့် ပြောလိုက်သေးသည်။ သေသေချာချာကြိုးကြပ်စီမံရေးဆွဲလာသော မိမိလုပ်ငန်းကို ထိုသို့ နှိမ့်ချပြောဆို၍ ရန်ကုန်တက္ကသိုလ်မှ ထွက်လာသည့် B.A.Hons.English ဝိဇ္ဇာဂုဏ်ထူး အင်္ဂလိပ်ဘာသာပညာရှင် ဗိုလ်ဇကိုမှာ အတော်ပင် အခံရခက်သွားရှာသည်။

ဗိုလ်ဇကိုက ပြန်မေးသည်။ "ကျွန်တော့်စီမံကိန်းမူကြမ်းမှာ ဗိုလ်မှူးပြောတဲ့ အသုံးမကျတဲ့အချက်ဆိုတာ ဘာလဲခင်ဗျ၊ ကျွန်တော်ပြင်ရေးပေးပါ့မယ်"

ဗိုလ်မှူးကြီးမောင်မောင်က မောက်မောက်မာမာ ပြောသည်ကို ဗိုလ်မှူးဇကို သည်းခံ၍ ပြန်ပြောရှာသည်။ သည်အချက် သည်အချက် မကြိုက်ဘူး ပြန်ပြင်ရေးပါဆိုလျှင်လည်း ဗိုလ်ဇကိုက ပြန်ရေး၍ တင်ပြမည်သာ။ သို့သော် ဗိုလ်မှူးကြီးမောင်မောင်က ဗိုလ်မှူးဇကို တင်ပြသော၊ စီမံကိန်းစာဖိုင်နှင့်ပတ်သက်၍ ဘာမှ ထပ်မပြောတော့ဘဲ စာဖိုင်ကို စားပွဲပေါ်က ကြမ်းပြင်သို့ ဒေါသဖြင့် လွှင့်ပစ်လိုက်လေသည်။

ထိုအခါမှ ဗိုလ်မှူးဇကိုက ကြမ်းပြင်ပေါ် ပစ်ချလိုက်သော စာဖိုင်ကို မကောက်တော့ဘဲ စကားတစ်ခွန်းပြန်ပြောသည်။

"ကိုမောင်မောင်၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ဒီလိုတော့ လုပ်ဖို့ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မောင်မောင်က "လုပ်တော့ ဘာဖြစ်သလဲကွ၊ မင်းက ငါနဲ့ အလုပ်မလုပ်ချင်ရင် ထွက်သွားပေါ့"

ဗိုလ်မှူးဗကိုမှာ သူ့အထက်အရာရှိလုပ်လိုက်ပုံကို စိတ်အကုန်ကြီး ကုန်သွားဟန်ရှိသည်။ ဗိုလ်မှူးဗကိုသည် ထိုနေ့ကစ၍ ရုံးသို့ လုံးဝ ပြန်မလာတော့ဘဲ၊ တပ်မတော်ကို ကျောခိုင်းစွန့်ခွာသွားလေသည်။ ဗိုလ်မှူးဗကို တစ်ယောက် မည်မျှစိတ်နာသွားသည်လဲဆိုလျှင် သူ၏အိပ်ခန်းသို့ပင် မပြန်တော့ဘဲ စစ်တပ်၏ အရိပ်အာဝါသကို လုံးဝ စွန့်ခွာသွားလေတော့၏။ ဗမာ့တပ်မတော်သည် ဤသို့ဖြင့် ထူးချွန်ထက်မြက်သော ပညာရှင် တပ်မတော် အရာရှိတစ်ဦးကို အထူး ဆုံးရှုံး စွန့်ပယ်လိုက်ရချေပြီ။

ဤနေရာ၌ စာရေးသူတက္ကသိုလ်စိန်တင်က အနည်းငယ်မျှ စာစကားကွန့်ချင်သည်။ တပ်မတော်တွင် ထိုသို့ အောက်လက်ငယ်သားအရာရှိများအပေါ်၌ စာဖိုင်ကို ဒေါသဖြင့် လွှင့်ပစ်သော အလေ့အထ ဘယ်နှစ် ဘယ်ကာလက စတင်ပေါ်ပေါက်ခဲ့ပါသလဲဟု မေးခွန်းထုတ်ချင်ပေ၏။

ထိုမေးခွန်းအတွက် အကြောင်းယုတ္တိ ရှိနေပါသည်။ တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး နေဝင်းက ပါကစ္စတန်နိုင်ငံသို့ မြန်မာ့ဆန်ရောင်းချသော ကိစ္စနှင့်ပတ်သက်၍ မကျေနပ်စရာရှိသောကြောင့် ထိုစဉ်က ကုန်သွယ်ရေးဌာနတာဝန်ခံ (ဝန်ကြီး) ဗိုလ်မှူးချုပ်(---) အား စားပွဲပေါ်ရှိ စာဖိုင်ကိုင်၍ ဗိုလ်နေဝင်းက ပစ်ပေါက်ခဲ့ဖူးသည့် မှတ်တမ်း ကြားဖူး၏။ ဗိုလ်မှူးချုပ်ကား အထက်ပါဖြစ်ရပ်မှ ဗိုလ်မှူးဗကိုက ဗိုလ်မှူးကြီးမောင်မောင်ကို စာဖိုင်လွှင့်ပစ်စဉ် ပြန်ပြောသည့်မျိုး လုံးဝ မပြောခဲ့ရှာ။ ထို့ပြင် စားပွဲအောက်တွင် လွင့်ကျသွားသော စာဖိုင်ကို ပြန်ကောက်ကာ မိမိနေရာမှာ တင်ထားခဲ့၍ ဗိုလ်ချုပ်ကြီးနေဝင်းကို အလေးပြုကာ ဝန်ကြီး အစည်းအဝေးခန်းမထဲမှ ထွက်ခွာသွားခဲ့သည်ဟု သိရ၏။

ထိုနေ့ည မြန်မာ့အသံ ရေဒီယိုမှ သတင်းကြေညာရာတွင် ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ခံ ဗိုလ်မှူးချုပ်--- အား ကျန်းမာရေးအရ တပ်မတော်ရာထူးနှင့် ဌာနတာဝန်ခံရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်း ပါရှိခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီးနေဝင်းသည် မိမိဒေါသအလျောက် လုပ်ကိုင်ဆုံးဖြတ် အပြစ်ပေးပြီးမှ တပည့်ရင်း ဗိုလ်မှူးချုပ်(ငြိမ်း) အား ပြန်လည်စောင့်ရှောက်



ကူညီမှုပေးခဲ့သည်။ နောင်အခါ၌ ဗိုလ်မှူးချုပ်က ပုံနှိပ်တိုက်များ ထူထောင်၍ စီးပွားရေးလုပ်သည်။ နွားများလည်း မွေးမြူခဲ့သည်။ ထိုအခါ ဗိုလ်နေဝင်းသည် တပည့်ရင်းဟောင်း ဗိုလ်မှူးချုပ်၏ ပုံနှိပ်လုပ်ငန်းသို့ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်မှ ပြင်ပ ပုဂ္ဂလိကများသို့ ပေးအပ်သော ပုံနှိပ်လုပ်ငန်းများ စာအုပ်ချုပ်လုပ်ငန်းများကို ပေးအပ်လုပ်ကိုင်စေရန် အမိန့်ပေးခဲ့သည်။

စစ်ဗိုလ်များက မိမိထက် ရာထူးအဆင့်ငယ်သူများအပေါ် စာဖိုင်ဖြင့် ပေါက်ခြင်းကိစ္စ နောက်တစ်မှုရှိသေးသည်။

လမ်းစဉ်ပါတီအစိုးရခေတ်က ပညာရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်ငြိမ်း (ငြိမ်း)သည် အစည်းအဝေးကျင်းပနေစဉ် အကြောင်းအရာတစ်ခုအတွက် စိတ်ဆိုးဒေါသထွက်၍ မိမိလက်အောက် ဌာနအကြီးအကဲ ပညာမင်းကြီး တစ်ဦးကို စားပွဲပေါ်ရှိ စာဖိုင်ဖြင့် ပစ်ပေါက်ခဲ့ရာ စာဖိုင်မှာ ပညာမင်းကြီး၏ ရင်ဘတ်ကို ထိမှန်ပြီး ကြမ်းပြင်ပေါ်သို့ ပြေကျ စက္ကူများ လွင့်ပါးကုန်သည်။ ပညာမင်းကြီးလည်း တာဝန်က အငြိမ်းစား ယူသွားရရှာ၏။ ဤဖြစ်ရပ်တို့မှာ လူသိရှင်ကြား ထင်ရှားခဲ့သော စစ်ဗိုလ်ကြီးတို့၏ ဒေါသပေါက်ကွဲမှုဒဏ်ကို အောက်လက်ငယ်သားတို့ ခံသွားရသော ဖြစ်ရပ်များပင်။ လူမသိ သူမသိဖြစ်ရပ်များ မည်မျှရှိဦးမည်ကို မသိနိုင်ပေ။ ဤကား စာအုပ်ရေးသူ၏ ဖြည့်စွက်ချက်တည်း။ ဤကဏ္ဍ၏အစ ဗိုလ်မှူးဗကို၏ ဇာတ်လမ်းအဆက်ကို တင်ပြပါမည်။

ဗိုလ်မှူးကြီးမောင်မောင်က ဗိုလ်မှူးဗကို ရေးသားတင်ပြသော စာဖိုင်ကို လွှင့်ပစ်ခဲ့သောနေ့က စတင်၍ တပ်မတော်စခန်းတာဝန်ကို ရပ်တန်းကရပ် စွန့်ခွာထွက်သွားသော ဗိုလ်မှူးဗကိုက နောင်တွင် တပ်မတော်က နုတ်ထွက်ခွင့်ပြုပါမည့်အကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စာတင်သည်။ တပ်မတော်မှ နုတ်ထွက်ခွင့်ရသည်နှင့် ဗိုလ်မှူးဗကိုသည် အမေရိကန် ပြည်ထောင်စု ယေးလ်တက္ကသိုလ်တွင် မဟာဝိဇ္ဇာ ပညာရပ်များကို သွားရောက်သင်ယူနေခဲ့သည်။

ယေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဂုဏ်ထူးတန်း စာမေးပွဲအောင်မြင်ခဲ့ပြီးနောက် ဗိုလ်မှူးဗကိုသည် **ယေးတက္ကသိုလ်ကျောင်းသားတစ်ဦး၏ အတွေ့အကြုံ**ကို စာတစ်အုပ်ရေးသားထုတ်ဝေခဲ့သည်။ ထို့နောက် နိုင်ငံတော် ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဦးနု ရေးသားပြုစုသော **လူထုအောင်သံ** (ကွန်မြူနစ်သူပုန်ဆန့်ကျင်ရေးပြဇာတ်) စာအုပ်ကို ရုပ်ရှင်ရိုက်ကူးသောအခါ ဗိုလ်မှူးဗကိုသည် တောခိုကွန်မြူနစ်ဗိုလ်ရဲဘော်အောင်ဝင်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ ပြည်သူလူထုထောက်ခံသော ရုပ်ရှင်သရုပ်ဆောင်တစ်ဦး ဖြစ်လာသည်။ ဤကား ဗိုလ်မှူးဗကို၏နောက်ပိုင်း ဇာတ်လမ်းများကို ကြိုတင်၍ ပြောပြခြင်းဖြစ်သည်။

ယခု မေမြို့ (ပြင်ဦးလွင်) သို့ ဗြိတိသျှစစ်အရာရှိ ဗိုလ်ဗကို ရောက်ရှိလာပုံကိုဆက်၍ ပြောပြပါမည်။ ထိုစဉ်က ပထမတွင် ဗိုလ်ဗကိုကို ဗြိတိသျှစစ်ဗိုလ်အဖြစ် ခပ်ချဉ်ချဉ်နှင့် ရှောင်ကွင်းနေခဲ့သော ကျွန်တော်တို့ တော်လှန်ရေးပြန် ဗမာစစ်အရာရှိတို့မှာ နောက်ပိုင်းတွင် ဗိုလ်ဗကိုနှင့်အဖွဲ့ ကျသွားလေတော့သည်။

ဤတွင် ပြောချင်သေးသည်။ အချိန်ကာလမှာ ၁၉၄၆ ခုနှစ် နှစ်ကုန်ပိုင်းဖြစ်သည်။ ထိုစဉ်က မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် ဖိတ်ခေါ်သဖြင့် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘုရင်ခံကောင်စီ အစိုးရအဖွဲ့ ဖွဲ့စည်းသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံကောင်စီတွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် (နန်းရင်းဝန်ရာထူး) ထမ်းဆောင်၍ သခင်မြက ပြည်ထဲရေးဝန်ကြီး၊ သခင်သိန်းဖေ (ကွန်မြူနစ်ပါတီ) က လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့အပြင် ဝါရင့်နိုင်ငံရေးသမားကြီး ဘကြီးဘဘောလည်း အစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။ မြန်မာပြည် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ဗြိတိန်နိုင်ငံ နန်းရင်းဝန်ကြီး မစ္စတာ ကလီးမင့် အက်တလီထံမှ **"မြန်မာပြည်တွင် အင်အားအကြီးဆုံးနိုင်ငံရေးပါတီ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပူးပေါင်းဆောင်ရွက်ပါ"** ဟူသော ညွှန်ကြားချက်ဖြင့် မြန်မာပြည်သို့ ရောက်ရှိလာသူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်ဘုရင်ခံကောင်စီ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း ဗြိတိသျှနိုင်ငံ နန်းရင်းဝန် မစ္စတာကလီးမင့် အက်တလီထံသို့ စာလွှာတစ်စောင် ပေးပို့လိုက်သည်။

**"၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထားပြီး မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဆိုသော ကြေညာချက် ကတိစကား ထုတ်ပြန်ပေးပါ၊ ဤသို့ ကြေညာချက် မထုတ်ပြန်ခဲ့လျှင် ကျွန်ုပ်ဦးဆောင်နေသော မြန်မာပြည်ဘုရင်ခံ ကောင်စီအစိုးရအဖွဲ့သည် ရာထူးက နုတ်ထွက်ရလိမ့်မည်ဖြစ်ကြောင်း"**



မြန်မာပြည်ဘုရင်ခံကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ ရာဇသံကို လက်ခံရရှိသောအခါ ဗြိတိသျှနန်းရင်းဝန် မစ္စတာ အက်တလီထံက ဖိတ်ကြားစာတစ်စောင် အမြန်ပေးပို့ခဲ့၏။

**မြန်မာပြည်ဘုရင်ခံကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့လွတ်လပ်ရေးကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် လာရောက်ပါ။**

ထိုသို့သတင်းများ ကြားလာရသောအခါ မေမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဗမာစစ်အရာရှိများသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ့လွတ်လပ်ရေးကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ကို ရေဒီယိုမှ နားစွင့်နေကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ့လွတ်လပ်ရေးကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့တွင် ဆွေးနွေးပြောဆိုမှု အဆင်ပြေမှ ပြေပါမည်လား။ မြန်မာပြည်လွတ်လပ်ရေး မရခဲ့သော် မိမိတို့ ဗြိတိသျှစစ်တပ်အတွင်းရှိ ဗမာစစ်အရာရှိတွေ ဘာဆက်လုပ်မည်လဲ။ ဗိုလ်ချုပ်အောင်ဆန်းကို ထောက်ခံပြီး ဆက်လက်၍ ချီတက်ရမည့် ခရီးစဉ်က ဘာလဲ၊ ဘယ်လဲ။

ထိုသို့ ဆွေးနွေးတိုင်ပင်ရန် စည်းရုံးလှုံ့ဆော်သူများမှာ ဗမာ့တပ်မတော်မှ ဆေးဘက်အရာရှိ ဗိုလ်ကြီးကျော်မြင့် (နောင် ဗိုလ်မှူးကြီးကျော်မြင့် M.B.B.S) ဖြစ်လေသည်။ ကျွန်တော်တို့ ဗမာစစ်အရာရှိများ စုဝေးတိုင်ပင်ကြပြီးနောက် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ ရန်ပုံငွေအတွက် မိမိတို့ ရရှိနေသော လစာငွေမှ တစ်ဝက်တိတိကို ကြိုတင်ထည့်ဝင်ကြရန် သဘောတူကြလေသည်။

ထိုစဉ်က ထည့်သွင်း စုဆောင်းသော ရန်ပုံငွေမှာ တပ်မတော်ဖွဲ့စည်းထားသော ဆိုရှယ်လစ်ပါတီအတွက် ဖြစ်လေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာ ကလီးမင့်အက်တလီတို့ လက်မှတ်ထိုးချုပ်ဆိုသော **အောင်ဆန်း-အက်တလီ စာချုပ်**ချုပ်ဆိုပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းတို့ မြန်မာနိုင်ငံ ပြန်ရောက်လာကြသောအခါ ထိုလွတ်လပ်ရေးရန်ပုံငွေကောက်ခံမှု ရပ်ဆိုင်းသွားလေသည်။

ကျွန်တော်တို့ ထိုသို့လွတ်လပ်ရေးရန်ပုံငွေ စုဆောင်းကြရသည်မှာ ၃ လခန့်သာဖြစ်ပြီး ရပ်ဆိုင်းသွားသည်။ မြန်မာ့လွတ်လပ်ရေးကြီးကို လက်တစ်ကမ်းတွင် မြင်နေရပြီ။ ဤသို့ ရန်ပုံငွေစုဆောင်းရခြင်းနှင့် ပတ်သက်၍ တပ်မတော်အတွင်းရှိ ဆိုရှယ်လစ်ပါတီက မည်သို့ငွေများ သုံးစွဲသည်ကိုပင် မေးမြန်းခြင်း မပြုတော့ပေ။

ထိုအချိန်၌ ရဲဘော်သုံးကျိပ် ဗိုလ်လက်ျာမှာ Inspective General ခေါ် ဗိုလ်ချုပ်ရာထူးခန့်ထားခံရပြီး ဗမာ့တပ်မတော်၏ Commander in Chief တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာ စောစမစ်ဒွန်း (နောင် ဗိုလ်ချုပ်ကြီး စမစ်ဒွန်း) ဖြစ်လေသည်။

ဤတွင် စဉ်းစားစရာပေါ်လာသည်။ မြန်မာပြည်လွတ်လပ်ရေးရလျှင် ဗမာ့တပ်မတော်ကို ဗမာအရာရှိတွေ ဦးစီးသော တပ်မတော်ကြီးဖြစ် (သို့) မဖြစ်နိုင်ဆိုသော အချက်ပင် Burmanization, Nationalization of Burma Army ဟူသည့်ကိစ္စပင်။ ထိုကိစ္စကို တိုင်ပင်ဆောင်ရွက်ရန် ဗမာစစ်အရာရှိကြီးများနှင့် ဗြိတိသျှစစ်အရာရှိကြီးများသည် ဗမာစစ်တပ်များကို လိုက်လံ စစ်ဆေးကြရလေသည်။

ထိုအတွင်းတွင် လန်ဒန်မြို့မှ ပြန်ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်းသည် မေမြို့သို့ ရောက်ရှိလာခဲ့လေသည်။ ၁၉၄၇ ခုနှစ် နှစ်ဆန်းကာလပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့ ဗမာ့တပ်မတော်ကို စစ်ဆေးလေသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သော ဗမာ့တပ်မတော်သည် ယခုဗြိတိသျှစစ်အရာရှိများ၏ အုပ်ချုပ်မှုအောက်တွင် မည်သို့အခြေအနေသို့ ရောက်ရှိနေသလဲ စစ်ဆေးခြင်းပင်။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းကို တစ်ကြိမ်ထပ်၍ တွေ့မြင်ဖူးခြင်းဖြစ်ပြီး နောက်ဆုံး မြင်ဖူးခြင်းလည်းဖြစ်ပေသည်။ ဗိုလ်ချုပ်ကိုတော့ သွားရောက် နှုတ်ဆက်ခြင်း မပြုခဲ့ရပါ။ ထိုစဉ်က မှတ်မိသေးသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖော့ဦးထုပ်နှင့် အပေါ်အင်္ကျီက ခပ်နွမ်းနွမ်း ကြွေမွနေသည်။ အောက်ပိုင်းက ဘောင်းဘီမှာ တို၍တက်နေသဖြင့် ခြေသလုံးမှာ ခြေအိတ်စွပ်ကို မြင်နေရသည်။ ဗိုလ်ချုပ်မှာ သူ့ကိုယ်ကို တင့်တယ်ခန့်ညားအောင် ဘာမျှဝတ်ဆင်ထားခြင်းမရှိ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း မည်သို့ ဝတ်ဆင်ထားစေကာမူ မေမြို့ရှိ အင်္ဂလိပ်စစ်အရာရှိကြီးများသည် ဗိုလ်ချုပ်ကို အတော်ပင် လေးလေးစားစား ရှိသေသမှု ပြု၍ ဆက်ဆံကြသည်ကို တွေ့ရ၏။



ဗိုလ်ချုပ်အောင်ဆန်းရောက်လာသောအချိန်မှာ နံနက်စောစော ကျွန်တော်တို့ စစ်ရေးပြသင်တန်းဆင်းနေသောအချိန်တွင် ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးပြကွင်းသို့ ရောက်လာသောအခါ တပ်ဖွဲ့ သတိ၊ အလေးပြု Parade Attention ဆိုပြီး အော်ဟစ်အလေးပြုကာ Commander ဗိုလ်ကြီးတန်ယုဆိုင်က ဗိုလ်ချုပ်အောင်ဆန်းထံ သွားရောက်ပြီး အလေးပြု သတင်းပို့ရလေသည်။

ဗိုလ်ကြီးတန်ယုဆိုင်မှာ ထိုစဉ်က ကျွန်တော်တို့ ဗမာ့တပ်မတော်၏ တပ်ခွဲမှူးဖြစ်သည်။ ဗိုလ်ကြီးတန်ယုဆိုင်မှာ နောင်အခါ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီဝင် ဖြစ်လာ၍ ဝန်ကြီးရာထူးက အနားပေးခံရသူပင်။ ဗိုလ်ကြီးတန်ယုဆိုင်က ကျွန်တော်တို့ A-Company (အေ-တပ်ခွဲ) ၏ တပ်ခွဲမှူး။ နှုတ်ခမ်းမွေး ဗိုလ်ကြီးလွင်။ နောင်အခါ ပြန်ကြားရေးဝန်ကြီး သံအမတ်ကြီး၊ ဗိုလ်မှူးကြီးလွင်။ ကျွန်တော်က ဘီတပ်ခွဲမှူး။ B.Company ဖြစ်၏။

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်း မေမြို့သို့ ဗမာ့တပ်မတော်ကို စစ်ဆေးရန် ရောက်ရှိလာစဉ် စားသောက်ခန်း Mess ၌ စစ်အရာရှိကြီးများ စုံစုံညီညီ ရောက်ရှိကြ၏။

မှတ်မိသေးသည်။ ဗိုလ်လက်ျာနှင့် ဗိုလ်စမစ်ဒွန်း အင်္ဂလိပ်တပ်က ဗိုလ်ချုပ်သောမတ်စ် Major General Thomas၊ ဒုတိယဗိုလ်မှူးကြီး စောကြာဒိုး၊ ဗြိတိသျှစစ်တပ်အရာရှိနှစ်ဦးတို့လည်း ထိုနေ့က Mess အတွင်းရှိ အစည်းအဝေးသို့ ရောက်ရှိလာကြသည်။

ထိုအစည်းအဝေးတွင် ဗြိတိသျှဗိုလ်ချုပ်သောမတ်စ်က တက်ရောက်လာသော ဗမာစစ်အရာရှိများအား မေးခွန်းတစ်ရပ်မေးလေသည်။ မြန်မာပြည် လွတ်လပ်ရေး ရတော့မည်။ ဤအချိန် ဤအခါတွင် ဗမာစစ်အရာရှိများ

www.burmeseclassic.com

www.burmeseclassic.com



သည် ဗမာ့တပ်မတော်ကို ယခုအတိုင်း ဆက်လက်ကွပ်ကဲ အုပ်ချုပ်နိုင်မည်လား။ သူ့မေးခွန်းကို ဗမာစစ်တပ်အရာရှိများက ဘာမျှမဖြေကြဘဲ ငြိမ်နေသည်။ မှတ်မိသေးတော့၏။ သန်းဝင်း၊ သန်းဝင်း။ သူက အရက်ကလေးကလည်း ခပ်ထွေထွေနှင့် ပြန်ဖြေလေသည်။

ဗိုလ်ချုပ်သောမတ်စ်က Can You Burmanize your own Army ဟု မေးနေစဉ် ဗိုလ်ကြီးသန်းဝင်းက (နောင်သောအခါ မေဂျာဂျင်နရယ်သောမတ်စ်၏ ကိုယ်ရေးအရာရှိ၊ နောက်ဗိုလ်ချုပ်ကြီးနေဝင်းကလည်း ကြိုက်နှစ်သက်၍ သူ့ကိုယ်ရေးအရာရှိခန့်ထားသူ) က မတ်တတ်ရပ်၍ ဖြေကြားသည်မှာ Very Easy Sir "အလွယ်ကလေးပါခင်ဗျာ"တဲ့။

သည်အချိန်မှာ ဗိုလ်လက်ျာကလည်း အတော်အံ့သြသွားသည်။ ဗိုလ်လက်ျာက အင်္ဂလိပ်ဘာသာဖြင့် ဗိုလ်ကြီးသန်းဝင်းကို မေးခွန်းထုတ်လိုက်လေသည်။

What are the elements that you can Burmanize the Army.

ဗိုလ်လက်ျာမေးခွန်းထုတ်လိုက်သော စကားလုံးများကို ကျွန်တော်အတိအကျ မှတ်မိနေသည်။

ဗိုလ်လက်ျာမေးလိုက်သော စကားမြန်မာပြန် အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ "မင်းရဲ့ဗမာ့တပ်မတော်ကို ကွပ်ကဲဦးစီး ပြန်လည်ဖွဲ့စည်းမယ့် လုပ်နည်းလုပ်ဟန်တွေက ဘာလဲ"

ကျွန်တော်က ဒီကောင် သန်းဝင်းတော့ခက်ပြီ၊ ဘယ်လိုဖြေမှာလဲဟု တွေးနေစဉ် ဗိုလ်ကြီးသန်းဝင်းက ဖြေဆိုသည်မှာ။

Very Easy Sir, If you give me, the jamada subada, subada major to me, I can Burmanize the army on the same day.

ဗိုလ်ကြီးသန်းဝင်း ပြောဆိုလိုက်သော အဓိပ္ပာယ်မှာ ဤသို့ဖြစ်ပေသည်။ "ကျွန်တော့်ကိုသာ ယခုရှိတဲ့ တပ်ထဲက ဂျမဒါ၊ ဆူဗဒါ၊ ဆူဗဒါ မေဂျာ အမှုထမ်းတွေကို ယနေ့ပေး၊ ယနေ့ ဗမာ့တပ်မတော်ကြီးကို ပြန်လည်ဖွဲ့စည်းပြပါ့မယ်"

ဗိုလ်ကြီးသန်းဝင်းပြောချင်တာက တပ်ထဲမှာ အရေးပါတဲ့ ဂျမဒါ၊ ဆူဗဒါ၊ ဆူဗဒါမေဂျာတွေကို သူ့ထံ ယနေ့ပေး ယနေ့ တပ်ကိုပြန်ဖွဲ့စည်းပြမယ်ဟု ရဲရဲကြီး အာမခံလိုက်ခြင်းပင်။



ဗိုလ်ကြီးသန်းဝင်းက ဤသို့ပြောလိုက်စဉ် အင်္ဂလိပ်စစ်အရာရှိများ သဘောတွေ့ မနောရွှင်သွားကြသည်။ လက်ခုပ်သံတဖြောင်းဖြောင်း ထွက်လာသည်။ ဗိုလ်ကြီးသန်းဝင်းအဖြေစကားကို ဗိုလ်လက်ျာကလည်း သဘောကျသွားပုံရသည်။ ဗိုလ်စောကြာဒိုးလည်း သဘောကျသွားပုံရလေသည်။ သူပြောတာကလည်း မမှားချေ။

ယခု အင်္ဂလိပ်စစ်တပ်ကြီးကို အနီးကပ်ကွပ်ကဲအုပ်ချုပ်နေသူတို့မှာ အထက်က စစ်အရာရှိကြီးတွေမှ မဟုတ်ပါဘဲကိုး။ သူတို့လက်အောက်က ဂျမဒါတွေ၊ ဆူဗဒါတွေနှင့် အုပ်ချုပ်နိုင်းထားသည်ကိုး။ အင်္ဂလိပ်စစ်အရာရှိကြီး တချို့ကတော့ မျက်စိမျက်နှာပျက်သွားကြသည်။ သူတို့ကအပေါ်ကနေပြီး လက်အောက်အမှုထမ်းတွေအပေါ် နိုင်းစားနေခြင်းမှာ ပေါ်လွင်ထင်ရှားသွားချေပြီ။ ဗိုလ်သန်းဝင်းက ဖော်ကောင်လုပ်လိုက်ပြီဖြစ်၍ကိုး။

သို့သော် အင်္ဂလိပ်စစ်ဗိုလ်ချုပ် မေဂျာဂျင်နရယ်သောမတ်စ်ကတော့ သဘောကျသွားဟန်ပေါက်လေသည်။ နောင်အခါ ဗိုလ်သန်းဝင်းကို သူ့ကိုယ်ရေးအရာရှိအဖြစ် ခေါ်ယူခန့်ထားလိုက်၍ပင်။

ဗိုလ်ကြီးသန်းဝင်းမှာ မကွေးတိုင်း မင်းဘူးမြို့သားဟုသိရသည်။ ဂျပန်ခေတ် ဗိုလ်သင်တန်းကျောင်း ဒုတိယပတ်ဆင်းဖြစ်သည်။ ထိုသို့ပြောကြဆိုကြပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းလည်း ဗမာ့တပ်မတော်တပ်ရင်း တပ်ဖွဲ့များစစ်ဆေး၍ ရန်ကုန်ပြန်သွားခဲ့သည်။

သည်လိုနှင့် ကြေကွဲဝမ်းနည်း၍ မဆုံးနိုင်သော နေ့ကြီးတစ်နေ့သို့ ရောက်ခဲ့လေပြီ။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၃ နာရီခန့်တွင် တပ်မတော်အရာရှိများအားလုံး စုဝေးရမည်ဟု ခေါ်လိုက်သည်။ ထိုနေ့က စနေနေ့ ကျွန်တော်မှတ်မိနေသည်။ ဘာအကြောင်းကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်စုဝေးသည့် အမိန့်ထုတ်ရသည်လည်း လုံးဝ မသိပါပေ။ စားရိပ်သာအခန်းတွင် တပ်မတော်အရာရှိကြီးငယ်တို့ စုဝေးမိကြချိန်၌ ကာနယ်ဘလေဘာကြီးက ဤသို့ စကားကို တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလေသည်။

"ဝမ်းနည်းစရာ သတင်းဆိုးကြီးတစ်ခု ပြောစရာရှိတယ်" ဤသို့ စကားစတင်ပြောလေသည်။ သူက ဆက်ပြောသည်။ မြန်မာနိုင်ငံ ဖြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံမင်းကြီးရဲ့အမှုဆောင်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများဟာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၃၀ အချိန်မှာ ရန်ကုန်မြို့အတွင်းဝန်များရုံး အစည်းအဝေးခန်းထဲမှာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရပြီဖြစ်သည်။

ထိုသတင်းကို ကြားသိလိုက်ရသောအခါ ကျွန်တော်တို့အားလုံး "ဟာ" ခနဲ ဖြစ်သွားကြသည်။ ဤလုပ်ကြံမှုကြီးဖြစ်သည်မှာ ထိုနေ့နံနက် ၁၀ နာရီခွဲ၊ ကျွန်တော်တို့ထံ ရောက်ရှိလာသောသတင်းမှာ အလွန်နောက်ကျပြီး မွန်းလွဲချိန်ကျော် ၂ နာရီခွဲ ၃ နာရီ ရှိပြီ။

ဗိုလ်မှူးကြီးဘလေဘာပြောသွားသည့်ပုံက ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအချိန်က မသေသေးဘူးလိုလို။ Fatally Wounded ဆိုသည့်စကားသုံးထား၍ သေလောက်သော ဒဏ်ရာရခဲ့ပြီဟုသာ နားလည်ရပေသည်။ သတင်းဆိုးကို ကြားရသောအခါ ကျွန်တော်တို့စစ်အရာရှိတွေ ဒေါသတကြီးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စိတ်ထဲမှာကတော့ ထောင်းခနဲ ပေါ်လာသည့်အတွေးက သူတို့ဗြိတိသျှတွေကပဲ ဗိုလ်ချုပ်ကို လုပ်ကြံခြင်းဖြစ်ရမည်ဟု စွဲထင်သွားသည်။ ဗိုလ်ချုပ်ကြီးဘလေဘားကတော့ ပြောရှာပါသည်။ "မင်းတို့ ငါတို့ဗြိတိသျှတွေကို ယုံပါ"

ငါတို့ဗြိတိသျှလူမျိုးတွေက စည်းကမ်းတကျ အုပ်ချုပ်လာခဲ့ကြတဲ့သူတွေပါ။ တို့ဟာ Rule of Law ဥပဒေနည်းစနစ်အရသာလျှင် အုပ်ချုပ်လုပ်ကိုင်လာခဲ့ကြတဲ့သူတွေပါ။ ယခု မင်းတို့တပ်ကို မင်းတို့ အေးအေးဆေးဆေးကိုင်ပါ။ ယခု ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံမှုအပေါ် တရားဥပဒေနဲ့အညီ စီစဉ်ဆောင်ရွက်ပါလိမ့်မယ်။ အဲဒီနောက်ပိုင်းကျမှသာ မင်းတို့ဆုံးဖြတ်ချင်တာ ဆုံးဖြတ်လုပ်ကိုင်ကြပါ။ ယခုလောလောဆယ်မှာတော့ တပ်မှာ ငါက အကြီးအကဲဖြစ်တဲ့အတွက် ငါ့တပ်မှာ စည်းကမ်းတကျ ငြိမ်ငြိမ်ဆိမ်ဆိမ် ရှိကြဖို့ ငါက တာဝန်ယူဆောင်ရွက်ရလိမ့်မယ်။ မင်းတို့ ဒီလိုတော့ နားလည်ပါ။ သူကလည်း ဒီလိုပြောဆိုပြီး ဝမ်းနည်းပက်လက်ဖြစ်နေပေသည်။ ကျွန်တော်တို့ ဗမာ့တပ်မတော်အရာရှိတွေမှာလည်း ခေါင်းဆောင်ကျဆုံးသွားပြီဆိုတော့ ယူကျုံးမရ ဝမ်းနည်းတသ ဖြစ်နေကြရလေတော့သည်။ ဆောက်တည်ရာမရ ဖြစ်ကြသည်မှာ ဤခံစားမှုမျိုးပင် ဖြစ်သည်။



ထိုနေ့က ကျွန်တော်တို့လည်း တပ်ခွဲ A-B-C သုံးခွဲ စုရုံးရွေးပြီး ဗမာ့တပ်မတော်သားများအား ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရ၍ ကျဆုံးထိခိုက်ခဲ့သည့်သတင်းကို ပြောပြအသိပေးလိုက်သည့်အခါ ဗမာ့တပ်မတော်သားများမှာ အားလုံးလိုလို ပေါက်ကွဲဒေါသထွက် ယူကျုံးမရ ဖြစ်ကြရတော့၏။

ကျွန်တော်တို့ ခေါင်းဆောင်အရာရှိများက တပ်မတော်သားများအား "မင်းတို့ ဒီနေ့တစ်နေ့ပဲ သည်းခံကြပါ၊ နက်ဖြန်ကျလျှင် အကြောင်းစုံသိရမှာပါ၊ မင်းတို့ကို ယခုပြောပြတဲ့ သတင်းထက်ပိုပြီး ငါတို့မသိပါဘူး။ ဗိုလ်ချုပ်ကို သတ်ဖြတ်လုပ်ကြံသူဟာ ဘယ်သူမှန်းမသိသေးဘူး၊ လူသတ်သမား သတ်တယ်ဆိုတာလောက်ပဲ သိရသေးတယ်" ဟု ဖျောင်းဖျနှစ်သိမ့်ရပေသည်။

ထိုနေ့ညနေတွင် ဗမာ့တပ်မတော်သားတို့မှာ အေးအေးဆေးဆေး မရှိနိုင်ကြတော့။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့်သတင်းကြောင့် ဒေါသသံများဖြင့်သာ ဆူပွက်ညံနေသည်။ ထိုနေ့ညနေတွင် တပ်မတော်သားတွေ ထမင်းမစားဘဲနေကြသဖြင့် ထမင်းတွေ၊ ဟင်းတွေ စွန့်ကြဲပေးကမ်းပစ်ရသည်။ ကျွန်တော်တို့က တပ်သားတွေကို ထိန်းသိမ်းရ၏။ ဒီလိုတော့ တပ်ဝင်းထဲမှာ မင်းတို့ပေါက်ကွဲချင်သလို ပေါက်ကွဲကြကွ။ တပ်ဝင်းအပြင်ကိုတော့ မထွက်ကြနဲ့ဟု ဖျောင်းဖျနှစ်သိမ့်ရ၏။

တပ်ခွဲသုံးခွဲစလုံးက ရဲဘော်တွေမှာ ဗိုလ်ချုပ်ကို ဘယ်သူလုပ်ကြံသည်လဲဟု သိချင်နေကြသည်။ သိများသိ၍ ကိုယ့်မျက်စိရှေ့သို့ ရောက်လာလျှင် လုပ်ကြံသူတရားခံတွေကို အစိမ်းလိုက်ဝါးစားချင်လောက်အောင် ဒေါသထွက်နေကြတော့သည်။ တစ်ညလုံး စစ်တန်းလျားတွေထဲမှာ အော်ကြ၊ ဟစ်ကြ၊ ဆူကြ၊ ပွက်ကြ၊ ငိုသူတွေငိုကြ ဘဝပျက်နေကြရှာသော ဖက်ဆစ်တော်လှန်ရေးပြန် ရဲဘော်တို့ဘဝမှာ ကြေကွဲစရာကောင်းလှပါဘိ။

သည်လိုနှင့် နောက်တစ်နေ့ နံနက်မိုးလင်းသောအခါ သတင်းရောက်လာပြီ။ မိပြီ။ မိပြီ။ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသော တရားခံတွေကို မိပြီ။ ဖမ်းမိပြီဆိုသော တယ်လီဖုန်းသတင်းရောက်လာ၏။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသူတွေမှာ ဂဠုန်ဦးစောနှင့် အပေါင်းအပါများ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ သူတို့ကို ဖမ်းမိစဉ် အိမ်ဝင်းထဲက လက်နက်မျိုးစုံလည်း မိပြီတဲ့။ လှသတ်တရားခံ နံပါတ် ၁ ဦးစောနှင့် အပေါင်းအပါများကို အင်းစိန်ထောင်နှင့် ရန်ကုန်ထောင်များ၌ ချုပ်နှောင်ဖမ်းဆီးထားပြီတဲ့။ တရားရုံးတင် စီရင်တော့မည်တဲ့။ သတင်းတွေရောက်လာသဖြင့် မနေ့ညဦးက ဆူပူလှုပ်ရှားဒေါသပွားနေကြသော ရဲဘော်များ အနည်းငယ်ကျေနပ်ပြီး ငြိမ်သွားကြလေတော့သည်။

❒

## အခန်း (၁၆)
## စင်ကာပူသို့ စစ်ပညာသင်ရန် သွားခဲ့စဉ်က

ထိုနှစ် ၁၉၄၇ ခုနှစ် ဇူလိုင်လကုန်ရက်တွင် ကျွန်တော့်ကို စင်ကာပူသို့ ပညာသင်ကြားရန် သွားရောက်ဖို့ အမိန့်ရောက်လာ၏။ စင်ကာပူတွင် တစ်လခွဲ၊ နှစ်လကျော်ကျော်ခန့် သင်တန်းသွားတက်ရမည်ဖြစ်သည်။ ပြော်ပြောရဦးမည်။ ထိုစဉ်က ကျွန်တော်နှင့်အမေ အမြဲတမ်း အဆက်အသွယ်ရှိနေသည်။ အမေ့ကို အမြဲထောက်ပံ့ငွေ ကန်တော့နေသည်။ ကျွန်တော့်ရသည့် လခငွေထဲမှ တစ်လလျှင် ကျပ် ၁၀၀၊ ၁၅၀ ကို အမြဲထောက်ပံ့ ကန်တော့ရ၏။ စားရိပ်သာကို ၇၅ ကျပ်သွင်း ကျန်သည့်ငွေကို တို့တို့တိတိ သုံးရလေသည်။

ထိုစဉ်က ကျွန်တော်တို့ တပ်မတော်က လစာထုတ်ရသည်မှာ ယခုလို လွယ်လွယ်ကူကူ မရှိ။ အရာရှိကို လစာထုတ်ယူရန် သီးခြားစီစဉ်သည့် ပုံစံထုတ်ပေးသည်။ ပုံစံကို စာအုပ်ကလေးလုပ်ပေးသည်။ စာအုပ်ထိပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ဒုတိယဗိုလ်တင်ဦး။ လစဉ် လစာငွေ ကျပ် ၄၀၀ ထုတ်ပေးရန်ဟု ရေးထားသည်။

2nd Lieutenant Tin Oo authorize to draw the some of money fourhundreds Rupee. ကျွန်တော်က သည်စာအုပ်ဖြင့် ဗြိတိသျှအစိုးရလက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များတွင် လစာငွေထုတ်ယူနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တပ်မှာမဆို ဤစာရွက်ကလေးပေးထားခဲ့၍ လစာငွေ ထုတ်ယူရ၏။ ဤလစာငွေစာအုပ်ဖြင့် ၂ နှစ်ခန့် လစာထုတ်ယူနေစဉ် ပြဿနာတစ်ရပ်ကြုံရလေသည်။

ဖြစ်ပုံက သည်လို။ ကျွန်တော့်လက်မှတ်ကို "တင်ဦး" ဟု ထိုးသည်။ နောင်အခါ အလင်းရောက်တင်ဦးဟု စာရေးဆရာနာမည်ရလာသော ဗိုလ်တင်ဦးကလည်း "တင်ဦး" ဟုပင် လက်မှတ်ထိုးသည်။ ကျွန်တော်တို့"တင်ဦး" နှစ်ယောက်၏ အင်္ဂလိပ်ဘာသာဖြင့် ထိုးသောလက်မှတ်မှာ အနည်းငယ်ဆင်တူနေသည်။ မြန်မာပြည်လွတ်လပ်ရေး ရပြီးသောအခါ ကာကွယ်ရေး ဝန်ကြီးဌာန ငွေစာရင်းဝန်ရုံး CMA ပေါ်လာသည်။ CMA က ငွေစာရင်းများကို ပြန်လည်စစ်ဆေးသောအခါ ကျွန်တော့်နာမည်နှင့် လစာငွေပိုထုတ်ထားသည်ဟု စာရင်းပေါ်နေသည်။ ကျွန်တော်ကလည်း လစာငွေကို တစ်ကြိမ်တစ်ခါမျှ ပိုမထုတ်ဖူးဘူး။ ဘယ့်နှယ်ဖြစ်ပါလိမ့်။ အံ့သြစရာတွေ ဖြစ်နေပြီ။ သည်လိုနှင့် ငွေစာရင်းပြန်စစ်ဆေးသောအခါတွင် ဗိုလ်တင်ဦး (အလင်းရောက်တင်ဦး) ငွေစာရင်းမှာ ပိုထုတ်ငွေကို နုတ်ယူမထားဘဲ၊ ကျွန်တော့်စာရင်းထဲမှာသာ ငွေပို၍ နုတ်ယူထားသည်ကို တွေ့ရသည်။ သည်မှာပင် အလင်းရောက်ဗိုလ်တင်ဦးကို လိုက်ရှာရ၏။ သူက အိန္ဒိယတွင် သင်တန်းတက်အပြီး ပြန်လာတော့မှ သွားတွေ့၍ "ဟော့ကောင် မင်း ပိုထုတ်ထားတဲ့ငွေတွေ ငါလစာငွေစာရင်းထဲမှာ နုတ်ထားတယ်၊ ပြန်ရှင်းပေးဦး" ဟု ပြောရလေသည်။ အလင်းရောက် ဗိုလ်တင်ဦးကိုယ်တိုင် ကာကွယ်ရေးငွေ စာရင်းရုံးသွား၍ ကျွန်တော်ဗိုလ်တင်ဦး လစာစာအုပ်ထဲက နှိမ်ထုတ်ယူထားသော ငွေများကို သူ့လစာ စာအုပ်ထဲက ထုတ်ယူခုနှိမ်ရန် စာရင်းပြင်ဆင်ပေးသည်။ ပြေလည်သွားတော့၏။ ဤတွင် ကာကွယ်ရေး ငွေစာရင်းဝန်ရုံးက အရာရှိက ကျွန်တော့်ကို သတိပေးသည်။ "မင်းနာမည်ကို တင်ဦးလို့ လက်မှတ်မထိုးနဲ့၊ မောင်တင်ဦးလို့ ထိုးပါတဲ့၊ သည်တော့မှ ကျွန်တော်ဗိုလ်တင်ဦးနှင့် အလင်းရောက် ဗိုလ်တင်ဦးတို့အကြားတွင် ငွေစာရင်း အရှုပ်အရှင်း ကင်းသွားလေတော့သည်။ သူက လက်မှတ်ကို ဤသို့ Tin U ဟုထိုးသည်။ ကျွန်တော်က Tin Oo ဟု ထိုးသည်။ သို့သော် သူထိုးသော လက်မှတ် Tin U နှင့် ကျွန်တော့်လက်မှတ် Tin



Oo မှာ ဆွဲရာတွင် ဆင်တူလိုလို ဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော့်လက်မှတ်တွင် Maung "မောင်" ထည့်၍ မောင်တင်ဦးဟု ထိုးနေရလေ၏။

အလင်းရောက် ဗိုလ်တင်ဦးကလည်း သူ့ဘာသာသူ အံ့သြနေသည်။ "ငါ့ငွေတွေထုတ်ယူထားတာတောင် ငါ့ငွေစာရင်းမှာ ငွေတွေမလျော့ပါလား" ဟု စဉ်းစားပြီး ဇဝေဇဝါ ဖြစ်နေသည်ဟု ပြောသည်။ ယခုမှပင် ရှင်းလင်းသွားပေပြီ။

၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် ရှေ့ပိုင်းမှာ ပြောခဲ့သလို ကျွန်တော့်ကို စင်ကာပူသို့ သင်တန်းတက်ရန် အမိန့်အရောက်လာသည်။ ကျွန်တော်က ရန်ကုန်သို့ ထွက်လာကာ ရန်ကုန် မင်္ဂလာဒုံရှိ ဆက်သွယ်ရေးစခန်း Transit camp မှာ တည်းခိုရသည်။

သင်တန်းတက်ရန် သက်ဆိုင်ရာက ထုတ်ပေးသောပုံစံများ ဖြည့်သွင်း လက်မှတ်ထိုးရသည်။ ကျွန်တော်တို့ကို စင်ကာပူတွင် သင်တန်းပေးမည့် စားရိတ်ငွေကို အင်္ဂလိပ်အစိုးရက ခံပေးသည်။ သည်အကြောင်းကို နောက်မှ သိရ၏။ မြန်မာ့လွတ်လပ်ရေးအတွက် ရှင်းကြ လင်းကြသော ငွေစာရင်း၌ အင်္ဂလိပ်အစိုးရက ကျွန်တော်တို့အတွက် စင်ကာပူသင်တန်းစားစရိတ်ကို မြန်မာအစိုးရထံမှာ ရှင်းလင်း တောင်းဆိုသည်ဟု သိရ၏။ ကျွန်တော်တို့ တပ်မတော်ကို British Mission ဗြိတိသျှမစ်ရှင်အောက်တွင် ၃ နှစ်တာ ကွပ်ကဲအုပ်ချုပ်ရန် ဗိုလ်ချုပ်အောင်ဆန်းတို့ သီဟိုဠ်ကျွန်းကန္ဒီသွား၍ စာချုပ် ချုပ်စဉ် ပါရှိခဲ့သည်ကိုး။

ကျွန်တော် Transit Camp ကို ရောက်သည်နှင့် ကျွန်တော့်အတွက် အိပ်ခန်း၊ ခုတင်၊ ခြင်ထောင်၊ စားပွဲနှင့် ကုလားထိုင်မှာကြည့်ရန် မီးပွင့်စသည် ပြည့်စုံစွာ စီစဉ်ပေးထားသည်။ ထို့ပြင် ကျွန်တော့်ကို ကြိုဆို၍ ခေါ်လာသူ အရာရှိက အချိန်ဇယားစာရင်း ပေးသည်။ ရေချိုးရန် အချိန်၊ ထမင်းစား၊ လက်ဖက်ရည်သောက်ရန် အချိန်၊ မီးပိတ်မည့်အချိန်တို့ကို စနစ်တကျ စာရင်းပေးသည်။ နောက်တစ်နေ့ နံနက်တွင် ဆေးစစ်သွားရမည်။ ဆေးစစ်ပြီးလျှင် FF certificate (Free From Infection) ယူရမည်။ ဒါက ခရီးသွားသည့်အခါ၌ ရောဂါဘယကင်းရှင်းကြောင်း သတ်မှတ်သော ထိုလက်မှတ်ကိုရရန်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံရှိ ဗြိတိသျှစစ်ဆေးရုံတစ်ရုံ၌ သွားရောက် စစ်ဆေးသည်။ နောက် ကာကွယ်ဆေးထိုးရသည်။ သေနတ်ကျည်ဆန်မှန်လျှင် ရိုးတွင်းခြင်ဆီ ကာကွယ်ရန်၊ နောက် တိုက်ဖွိုက်အူယောင်နာများရောဂါ ကာကွယ်ဆေး စသည်ဖြင့် ဆေးသုံးလုံးထိုးရသည်။ ဆေးထိုးပြီးတော့ ကျွန်တော် ဖျားပါ လေရော။ ဆေးအရှိန်ပြင်း၍ ဖျားခြင်းဖြစ်သည်။ ဆေးက ထိရောက်၍ ဖျားသည်ဟု ဆို၏။

နောက်တစ်နေ့အိပ်ပြီး နှစ်ည အလွန်တွင် ကားလာခေါ်သည်။ ကားဖြင့် ရန်ကုန်မင်္ဂလာဒုံလေယာဉ်ကွင်းသို့ နံနက် ၄ နာရီတွင် ကျွန်တော့်ကိုခေါ်ယူသွားမည်။ ကား အဆင်သင့်ရောက်နေကြောင်း လာနိုးသည်။ မျက်နှာသစ်ပြီး နံနက်စာကျွေး၏။ လက်ဖက်ရည်တစ်ခွက်၊ ပေါင်မုန့်တစ်ချပ်နှင့် ကြက်ဥကြော်တစ်လုံးပင်။

ထိုနေ့က မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ ရောက်၊ လေယာဉ်ပျံပေါ် တက်ရသည်။ ပထမဦးဆုံး လေယာဉ်ပျံစီးဖူးခြင်းပင်။ ဒါကိုတာ လေယာဉ် ဖြစ်သည်။ လေယာဉ်ပေါ်မှာမောင်းသည့် လေယာဉ်မှူး အင်္ဂလိပ်ရယ်၊ မြန်မာအရာရှိ ဗိုလ်တင်ညွန့်ရယ် လမ်းမှာဆင်းမယ့် ခရီးသည်တစ်ဦးရယ်၊ ကျွန်တော်ရယ် ၄ ယောက်ပဲပါလာသည်။ ဗိုလ်တင်ညွန့်က ကျွန်တော့်လို ပဲ ဒုတိယဗိုလ်ဖြစ်သည်။ သူကလည်း ကျွန်တော်နှင့်အတူတူ သင်တန်းတက် မည့်သူ ဖြစ်လေသည်။ ပထမတော့ လေယာဉ်က မလေးရှားနိုင်ငံ မြောက် ဖျား ပီနံ George Town ဂျော့ဂျ်တောင်းကို ရောက်သွားသည်။ State of Malaya မာလာယုနိုင်ငံဖြစ်သည်။ အဲဒီမှာ လေယာဉ်ပျံဆင်းပြီး နေ့လယ် စာဖြင့် ဧည့်ခံသည်။ နေ့လယ်စာစားပြီး လေယာဉ်ဆက်ထွက်ရာ စင်ကာပူ ချန်ဂီလေဆိပ်သို့ လေယာဉ်ဆင်းလေသည်။

ချန်ဂီလေဆိပ်မှာ Royal Army Service Co: ဘုရင့်ကြည်းတပ် မတော်ဝန်ထမ်း လေ့ကျင့်ရေးတပ်က အရာရှိတွေလာကြိုနေ၍ ကျွန်တော်တို့ တွင် ပါလာသော စာအုပ်များ စစ်ဆေးပြီး ကျေနပ်တော့မှ သူတို့တပ်စခန်း သို့ သွားပြီး သင်တန်းတက်ရလေသည်။

ထိုတပ်စခန်းတွင် ပထမဦးဆုံး မီးသတ်သင်တန်း တက်ရသည်။ နောက် ကာယပညာသင်တန်း အစားအသောက်နှင့်ပတ်သက်သည့် ရိက္ခာ သင်တန်းတပ်များကို စစ်ဆေးကြီးကြပ်ဖွဲ့စည်းသော သင်တန်းတက်ရသည်။



ကျွန်တော်တို့ စင်ကာပူတွင် စစ်တပ်နှင့် သက်ဆိုင်သော အတတ် ပညာများ သင်တန်းတက်နေစဉ် မြန်မာနိုင်ငံမှ သတင်းများကြားရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ သော ဂဠုန်ဦးစောနှင့် အပေါင်းအပါများအား သေစားသေစေ ပြစ်ဒဏ်ကို အထူး တရားစီရင်ရေးခုံရုံးမှ ချမှတ်လိုက်ကြောင်း သတင်းပင်။ စင်ကာပူ ထုတ် သတင်းအများတွင် ထိုသတင်းများကို ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံ၊ ဂဠုန်ဦးစော ဓာတ်ပုံများနှင့်အတူ ဖော်ပြထားသည်ကို ဖတ်ရှုရ၏။

ကျွန်တော်တို့ စင်ကာပူတွင် သင်တန်းတက်နေစဉ်မှာပင် သတင်း ကောင်း ကြားရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာသည့်သတင်း။ ၄-၁-၁၉၄၈ နေ့။ ထိုစဉ်က ကျွန်တော်တို့ စစ်ပညာသင်တန်းတွင် မြန်မာ ၄ ဦး၊ အင်္ဂလိပ်က ၁ ဦး၊ ဟောင်ကောင်ရှိ ဗြိတိသျှစစ်တပ်မှ တရုတ် ကပြား ၁ ဦးတို့ တက်နေကြသည်။

မြန်မာ ၄ ဦးမှာ စောဇော်ဖေ၊ ချင်းတိုင်းရင်းသား အမ်မ်သင်ဇမ်၊ ဗိုလ်တင်ညွန့်နှင့် ကျွန်တော်တို့ဖြစ်ပေသည်။ အခြားသင်တန်းများတွင်လည်း မြန်မာနိုင်ငံမှ တက်ရောက်နေသူများရှိသည်။ သူတို့ကတော့ ကချင် တစ် ယောက်၊ ကရင်တစ်ယောက် အားလုံး အကြပ်သင်တန်းမှာ တက်နေသူတွေ လည်းရှိတော့ စုစုပေါင်း ၂၀ ခန့်ရှိသည်။ အဲသည့် မြန်မာပြည်က လူ ၂၀ တို့ စင်ကာပူမြို့ ဘုရားကျောင်းတစ်ကျောင်း၌ မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားကို ၄-၁-၄၈ နေ့တွင် ကျင်းပကြလေသည်။

အခမ်းအနားမှူးအဖြစ် ဗိုလ်ခင်ဇော်က လုပ်သည်။ သူက သခင် သိန်းဖေ မြင့်တို့လွှတ်သော လေထီးစစ်သည် ဖြစ်သည်။

ထိုစဉ်က မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားကို အကျွေးအမွေးတို့ ဖြင့် ကျွန်တော်တို့ ကျင်းပနိုင်သည်မှာ ကျွန်တော်တို့၌ လစာငွေများရှိနေ ၍ပင်။ မြန်မာငွေမှာ ထိုစဉ်က အလွန်မာသည်။ ပြောရဦးမည်။ ထိုစဉ်က မြန်မာနိုင်ငံသုံးကျပ်ငွေမှာ တစ်ကျပ်ခွဲနှင့် တစ်ပဲပေးလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာရသည်။ မြန်မာငွေက မာတော့ ဘယ်မှာသုံးသုံး သုံး၍ရသည်။ သည်တုန်းက မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အစိုးရမှာ C.A.S.(B) ကက်စ်ဘီအစိုးရဖြစ်သည်။ Civil Affair Service (Burma) ပြည်သူ့ရေး

www.burmeseclassic.com

www.burmeseclassic.com



ရာ စီမံခန့်ခွဲမှုအစိုးရ (ဗမာပြည်) ဖြစ်သည်။ ထို့ကြောင့် ငွေစက္ကူပေါ်မှာ C.A.S.(B) Military Administration အုပ်ချုပ်ရေးစာတန်းကို ငွေစက္ကူအပေါ်မှာ ရိုက်နှိပ်ထားသည်။ ငွေစက္ကူပုံနှိပ်သော ကုမ္ပဏီကို သောမတ်စ်ဒီလာရူးဟု ပုံနှိပ်ထားသည်။ ယခု မြန်မာ့လွတ်လပ်ရေးခေတ်၊ စံလင်းလက်မှတ်၊ မောင်ကောင်းလက်မှတ် မပါသေး။

ငွေစက္ကူတစ်ဖက်မှာ ခေါင်းပုံနှင့်နောက်တစ်ဖက်မှာ ရွှေတိဂုံဘုရားပုံနှိပ်ထားသည်။ အဲသည့်ငွေတွေ သုံး၍ကုန်သွားလျှင် ကျွန်တော်တို့မြန်မာတွေ ပူပန်စရာမလို။ ထိုစဉ်က စင်ကာပူတွင်ရှိသော ကျားဘမ်းပရုတ်ဆီကုမ္ပဏီပိုင်ရှင် အော်ဘွန်ဟောနှင့် အော်ဘွန်ပါတို့ရှိ၏။ သူတို့က ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် မြန်မာပြည်၌ ကျားဘမ်းပရုတ်ဆီ ထုတ်လုပ်ရောင်းချ၍ ကြီးပွားနေခဲ့ကြပြီး မြန်မာပြည်ကဆိုလျှင် မည်သူ့ကိုမဆို၊ ကြိုဆိုကူညီပေးကမ်း စောင့်ရှောက်ဖို့ အသင့်ဖြစ်နေကြလေရာ ပျော်ရွှင်ဝမ်းသာစရာပင်။

ကျားဘမ်းပရုတ်ဆီသူဌေးတို့မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မြန်မာပြည်တွင် ကျပ်သုံးငွေဒင်္ဂါးအတုလုပ်မှုနှင့် ပတ်သက်၍ ပြဿနာအမှုအခင်းဖြစ်ဖူးသည်။ ထိုအမှုနှင့်ပတ်သက်ပြီး မသက်သေမခိုင်ခံရှိရာ အထောက်အထားများရှိနေသောကြောင့် မြန်မာနိုင်ငံအစိုးရက ပြည်နှင်ဒဏ်ပေးခံထားရသည်။ သို့သော် အော်ဘွန်ပါ မိသားစုသည် မြန်မာပြည်ကို စိတ်မနာနိုင်ကြ။ မြန်မာ ပြည်ကရောက်လာသူတို့အား စင်ကာပူတွင် ဆွေမျိုးသားချင်းပမာခင်မင်စွာ စောင့်ရှောက်ကူညီပြုစုပေးကြ၍ ကျေးဇူးတင်ဖွယ်ပင်။

၄-၁-၁၉၄၈ မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားကို စင်ကာပူတွင် ကျင်းပခဲ့ကြပြီးနောက် မကြာမီပင် ကျွန်တော်တို့ သင်တန်းဆင်းကြသည်။ သို့ဖြင့် နီးစပ်ရာ မာလာယုမြို့တော်သို့ သွားရောက်လည်ပတ်ကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့၏ စင်ကာပူမြို့စစ်ပညာသင်တန်းမှာ နှစ်လကျော် သုံးလနီးပါးရှိခဲ့ပြီ။ ကျွန်တော်တို့ မြန်မာပြည်သို့ ပြန်သောခရီးမှာ သင်္ဘောစီးကြရလေသည်။

ကျွန်တော်တို့နှင့်အတူတကွ မြန်မာပြည်သို့ ပြန်ကြရမည့် ဗိုလ်ကြီးသင်ဇမ်ရယ်၊ ဗိုလ်တင်ညွန့်ရယ်၊ ကျွန်တော်ရယ်၊ ဗိုလ်ချုပ်ဇမ်ရယ် (ကချင်)၊ ဗိုလ်ကြီးဇောဇော်ဖေရယ် (ကချင်) အစုရှိ ငါးယောက်ဖြစ်သည်။ ဇောဇော်ဖေ



ကတော့ နောက်ပိုင်း ဗိုလ်ကြီးဖြစ်ပြီးမှ တောခိုသွားရာ တောထဲမှာ ကျဆုံးသွားရှာသည်။

ထိုအချိန်၌ ကျွန်တော်တို့မှာ ဒုတိယဗိုလ်ဘဝမှ ဗိုလ်အဆင့် ရာထူးတိုးတက်သွားကြပြီ။ ဗိုလ်ဆိုတော့ လစာငွေကျပ် ၅၀ တိုးသည်။ ဗိုလ်ကြီးအဆင့် Captain မှာ ကျပ် ၅၂၀ ဖြစ်ပေသည်။ ကျွန်တော်တို့နှင့်အတူ ပြန်လာကြသော ချင်းစစ်ဗိုလ်အယ်လ်သင်ဇမ်ဆိုတာက အသက်အတော်ကြီးပြီ။ ဗိုလ်ဇောဇော်ဖေကလည်း ကျွန်တော်ထက် အသက်ကြီးသည်။ သူတို့နှစ်ဦးက သင်္ဘောပေါ်သို့ရောက်သည်နှင့် ခပ်အေးအေးပဲ နေကြသည်။ ဟိုဟိုဒီဒီ လည်ပတ်သွားလာရန် စိတ်မပါကြ။ ကျွန်တော်နှင့် ဗိုလ်တင်ညွန့်တို့ကတော့ လူငယ်ဆိုတော့ လည်ချင်ပတ်ချင်ကြသည်။ ကျွန်တော်တို့ပြန်တော့၊ စီးရသောသင်္ဘောမှာ မက်ကလော့ခေါ် မိုင်းရှာ မိုင်းချသည့် ရေတပ်စစ်သင်္ဘောပင်။ သင်္ဘောကို ရေတပ်ကပ္ပတိန်တစ်ဦးက အုပ်ချုပ်သည်။ သင်္ဘောသား ၁၀ ဦးခန့် ပါဝင်ကြသည်။ သင်္ဘောက ပင်လယ်ထဲတွင် ကျောက်ချထားသည်။ သင်္ဘောမထွက်မီတစ်ရက်တွင် ကျွန်တော်တို့ ဆိပ်ကမ်းပေါ်တက်၍ လည်ကြပတ်ကြသည်။ ဗီကော်နာခေါ် စားသောက်ဆိုင်တွင် သူတို့ ရေတပ်သားများနှင့်အတူ လိုက်လာကြသည်။ ထိုဆိုင်တွင် စားကြသောက်ကြ၊ ရုပ်ရှင်ကြည့်ကြ၊ ကကြနှင့် ပျော်ရွှင်နေကြသည်။ ကျွန်တော်နှင့် ဗိုလ်တင်ညွန့်လည်း ရေတပ်သားများကိုကြည့်၍ သူတို့ပြန်မှ ပြန်ကြမည်ဟု စိတ်ကူးထားကြသည်။

ထိုနေ့ညက ရုပ်ရှင်ကြည့်ကြရာ ရုပ်ရှင်က တော်တော်ကောင်းသည်။ ရုပ်ရှင်ပြီးတော့ ကျွန်တော်တို့ ပျင်းလာကြပြီ။ သင်္ဘောကို ပြန်မည်ဆိုပြီး ဆိုင်ထဲက ထွက်လာကြသည်။ ပင်လယ်ထဲမှာက သင်္ဘောတွေအများကြီး ရပ်ထားတော့ ကျွန်တော်တို့သင်္ဘောကို ဆိပ်ကမ်းက လှမ်း၍ လာခေါ်ပါဟု အကြောင်းကြားရသည်။ ကျွန်တော်တို့က ဆိပ်ကမ်းမှနေ၍ မီးရိုက်၍ လာခေါ်ပါဟု အကြောင်းကြားသည်။ သင်္ဘောကပြန်၍ အချက်ပြအကြောင်းကြားသည်။ "မင်းတို့ကို လာမခေါ်နိုင်ဘူး" တဲ့။

အခိပ္ပာယ်က သူတို့သင်္ဘောက ခွင့်ပြုသော လီဘာတီ လည်ပတ်ခွင့်က နောက်တစ်နေ့နံနက်အထိဖြစ်သည်။ ထို့ကြောင့် လည်ပတ်ခွင့်ကုန်သော

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျမှ လာခေါ်မည်ကိုး။ ကျွန်တော်တို့က ဒါကိုမသိ။ "ငါတို့ ဆိပ်ကမ်းက မီးရိုက်ပြီးခေါ်လျှင် ဖယ်ရီဘုတ် လှေကလေး လာခေါ်မည်ပေါ့"

သည်တွင် ကျွန်တော်တို့ စိတ်ပူသွားကြသည်။ ဒုက္ခပဲ၊ နောက်တစ်နေ့နံနက် သင်္ဘောထွက်လျှင် ငါတို့တော့ ကျန်ခဲ့တော့မှာပဲဟု စိတ်ပူသွားသည်။ ကျွန်တော်နှင့်အတူပါသော ဗိုလ်တင်ညွန့်လည်း စိတ်ပူနေပြီ။ တို့တွေ ကျန်ရစ်ခဲ့ရင်တော့ ဒုက္ခပဲဟု။ ဗိုလ်တင်ညွန့်မှာ နောင်အခါတွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိရောက်ပြီးမှ ကွယ်လွန်ရှာသည်။ စစ်ပစ္စည်းတပ်ကို ပြန်ရောက်သွားသည်။ ဗိုလ်တင်ညွန့်က လာကတည်းက စစ်ပစ္စည်းတပ်မှ စာရေးဘဝမှ ကော်မရှင်ရ ဗိုလ်ဖြစ်လာသူဖြစ်သည်။ သူက မြန်မာပြည်ပြန်လျှင် မူလစစ်ပစ္စည်းတပ်ကို ပြန်သွားရမည်ဖြစ်၏။ ကျွန်တော်ကတော့ လာခဲ့သည့် လှေကျင့်ရေးတပ်ကို ပြန်သွားရမည် ဖြစ်ပေသည်။

ကျွန်တော်တို့ စိတ်ပူနေစဉ်မှာပင် သူတို့သင်္ဘောသားတွေလည်း ကိုစီကိုနာဆိပ်ကမ်းသို့ ရောက်လာကြသည်။ အင်္ဂလိပ်နှစ်ယောက် သူတို့ကလည်း မူးနေကြသည်။ မီးရိုက်ပြီး သင်္ဘောကိုခေါ်တော့ မလာနိုင်ဘူးတဲ့။ စကားပြန်လေသည်။ သည်တွင် အရက်မူးနေသော အင်္ဂလိပ်စစ်အရာရှိတွေ ဆဲကြ၊ ဆူကြဖြစ်ပြီး ဆိပ်ကမ်းသမွန်ပေါ်တွင် အိပ်ပျော်သွားကြသည်။

ကျွန်တော်တို့လည်း ထိုအခါကျတော့ စိတ်မပူတော့ပြီ။ ထိုအင်္ဂလိပ်စစ်အရာရှိတွေမပါလျှင် သူတို့သင်္ဘော ဘယ်လိုမှထွက်မည်မဟုတ်ဟု စိတ်ချသွားတော့သည်။ နောက်စစ်သားတွေနှင့် နှစ်ချက်တီး သုံးနာရီလောက်ကျမှ ရောက်လာကြပြန်သည်။ နံနက် ၄ နာရီကျတော့ သင်္ဘောမှ လှေကလေး ထွက်လာပြီး ကျွန်တော်တို့ကို လာကြိုတော့သည်။

ရေတပ်သင်္ဘောပေါ်ရောက်သောအခါ ချင်းစစ်ဗိုလ်၊ ဗိုလ်သင်ဇမ်မှာ ကျွန်တော်တို့ကို ဆူပါလေတော့သည်။ "ခင်ဗျားတို့ အပျော်သိပ်မက်ကြတာကိုး၊ ကျွန်တော့်မှာဖြင့် ပူလိုက်ရတာ၊ နာရီပြန်နှစ်ချက်လောက် သင်္ဘောထွက်ရင် ဒီလူတွေ ကျန်ရစ်ခဲ့တော့မှာပဲဆိုပြီး စိတ်ပူနေတယ်" ဟု ဆိုလေသည်။

နံနက် ၅ နာရီတွင် သင်္ဘောထွက်လေသည်။ ကျွန်တော်တို့ အရာရှိတွေကို အရာရှိနှစ်ယောက်တစ်ခန်း နေရာချထားပေးသည်။ သင်္ဘောသားတွေကတော့ ပိုက်အိပ်စင်ကလေးတွေနှင့် အိပ်ရသည်။ လမ်းခရီးတွင် အစားအစာကို အင်္ဂလိပ်စာကျွေးသည်။ စာရွက်တစ်ရွက်လာပေးသည်။ စာရွက်တွင် ရေးထားသည်မှာ နံနက်တွင် Break Fast နံနက်စာကျွေးမည်။ နေ့လယ်စာ ဘယ်အချိန် ညနေ လက်ဖက်ရည် ရမည်။ နောက် ညစာဒင်နာ ဘယ်အချိန် စသည်ဖြင့် အချိန်ဇယား စာရွက်ကလေး ပေးသည်။ ထိုစာရွက်အတိုင်း အချိန်နှင့်အမျှ ကျွန်တော်တို့ စားရပေသည်။

ထို့ပြင် သင်္ဘောပေါ်၌ တန်းစီလေ့ကျင့်ခန်း Drill နှစ်ကြိမ်လုပ်ရသည်။ စစ်အတောအတွင်းပေကိုး။ စစ်ကြီးက ပြီးဆုံးခြင်း မရောက်သေး၍ အစဉ်အသင့် လေ့ကျင့်မှုပြုရသည်။ လမ်းတွင် ရန်သူနှင့် ရုတ်တရက်တွေ့၍ တိုက်ခိုက်လာလျှင် ကျွန်တော်တို့ ပြန်လည်ခုခံတိုက်ခိုက်မည့်နည်း လေ့ကျင့်ရသည်။

ရန်သူနှင့်တွေ့လျှင် မင်းတို့ မည်သို့ထွက်ခဲ့ရမည်။ မင်းတို့ ရပ်တည်ရမည့်နေရာက ဘယ်နေရာ။ ဟိုမှာ Life Boat ရှိသည်။ အသက်ကယ်လှေ။ သည်လှေထဲမှာ မင်းအတွက် ခရာဝီစီပါသည်။ အသက်ကယ်လှေထဲမှာ အရေးပေါ် အစားအစာ ဘီစကွတ်မုန့်ပါသည်။ ချော့ကလက်ပါသည်။

သည်အစားအစာ ယာယီစားနိုင်သည်။ ထို့ပြင် နံနက်စာ၊ ညစာ အစားအစာဘူးတွေပါသည်။ သောက်ရေပါသည်။ သောက်ရေက ရွက်ဖျင်အိတ်နှင့် အဆင်သင့်ထည့်ထားသည်။ ထိုလေ့ကျင့်ခန်းကို တစ်ရက်လျှင် နှစ်ကြိမ်ကျင့်ရပေသည်။ ထိုလေ့ကျင့်ခန်းကို ပင်လယ်ပြင်ကျမှ လုပ်ရသည်။ လေ့ကျင့်ခန်းလုပ်မည့်အချိန်ကို မသတ်မှတ်။ ဥသြဆွဲ ခေါင်းလောင်းတီးလျှင် အိပ်ခန်းအတွင်းက အသက်ကယ်အင်္ကျီဝတ်၍ အမြန်ပြေးထွက် သတ်မှတ်သောနေရာမှာ မိနစ်ပိုင်းအတွင်း အသင့်ရှိရမည်။

သင်္ဘောက နှစ်ညအိပ်၊ သုံးရက်သွားရပေရာ ပထမနေ့တွင် နှစ်ကြိမ်၊ ဒုတိယနေ့တွင် တစ်ကြိမ်စီသာ လုပ်ရလေသည်။ သုံးရက်မြောက်နေ့တွင် ရန်ကုန်မြစ်ဝ ရောက်လာသည်။ သီလဝါဆိပ်ကမ်း။ ထိုနေရာ၌ သင်္ဘောကို ဆိပ်ကမ်းက ပိုင်းလော့မာလိန်မှူးခေါ်၍ အပ်လိုက်ရသည်။ သင်္ဘောကို ပိုင်းလော့က မောင်းရတော့သည်။ သတ်မှတ်သော ရေမိုင်အကွာအဝေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သင်္ဘောကို ရပ်ပြီး မီးနှင့်အချက်ပြရသည်။ ထိုအခါ ဆိပ်ကမ်းမှ မော်တော်ဘုတ်တစ်စင်း ထွက်လာသည်။

မော်တော်ဘုတ်သင်္ဘောပေါ်က အရာရှိက ကျွန်တော်တို့ စီးလာသည့် သင်္ဘောပေါ်ကို တက်လာသည်။ ကျွန်တော်တို့သင်္ဘောကို မောင်းသည့်သူကတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးက အရာရှိဖြစ်လေသည်။

ဤသို့ မြန်မာ့ဆိပ်ကမ်းက တက်လာ၍ မောင်းနှင်ကြသော ပိုင်းလော့အရာရှိတို့မှာ အလွန်ချမ်းသာကြွယ်ဝကြသည်ဟု သိရသည်။ ဝင်ငွေလည်း ကောင်းကြသည်ကိုး။

ပြောရဦးမည်။ မြန်မာ့ဆိပ်ကမ်းအရာရှိတို့ စစ်တွေဆိပ်ကမ်း၌ တာဝန်ကျသော ဦးတင်လေးဆိုသူမှာ ရန်ကုန်ဆိပ်ကမ်းက အရာရှိများကဲ့သို့ပင် ငွေကြေးချမ်းသာကြွယ်ဝသူဖြစ်သည်။ အာရချုန်ပီယံ အမျိုးသမီး သံလုံးပစ် ဂျန်နီဖာတင်လေး၏ ဖခင်ဖြစ်သည်။ Port Officer ခေါ် ဆိပ်ကမ်းအရာရှိတွေမှာ အင်္ဂလိပ်ကပြား မျက်နှာဖြူတွေက များသည်။ ထိုနေ့က ကျွန်တော်တို့သင်္ဘောကို လာမောင်းယူသွားသော ဆိပ်ကမ်းအရာရှိမှာ မျက်နှာဖြူကပြား ဖြစ်ပေသည်။

ပြောချင်သေး၏။ မြန်မာနိုင်ငံ ရေကြောင်းလမ်းကို သင်္ဘောဝင်လာသည်နှင့် ကျွန်တော်တို့ ပျော်လိုက်ကြသည်မှာ မဖော်ပြနိုင်လောက်အောင်ပင်။ ရန်ကုန်မြစ် ကမ်းရိုးတန်းတစ်လျှောက်လုံး ပြည်ထောင်စုအလံတော်တွေ နီနီရဲ၍နေပေသည်။ မြန်မာ့လွတ်လပ်ရေး ကြေညာပြီးခါစအချိန် ဇန်နဝါရီလ ၁၀ ရက်ခန့်ဖြစ်သောကြောင့် လွတ်လပ်ရေး ပျော်ပွဲရွှင်ပွဲတွေက ခြိမ့်ခြိမ့်သဲ ကျင်းပနေဆဲ။ ထို့ပြင်လည်း ကျွန်တော်တို့ မြန်မာပြည်မှ ထွက်သွားစဉ်က ဗြိတိသျှအလံ ယူနီယံဂျက်အရောင်တွေ လွှမ်းနေရာမှ ယခုတော့ ပြည်ထောင်စု မြန်မာနိုင်ငံအလံတွေ ရဲရဲတောက်နေပြီ။ ဤရှုခင်းကို ကြည့်ရသည်ကပင် ကျွန်တော်တို့ မြန်မာစစ်ဗိုလ်တွေ၏ ရင်မှာ သိမ့်သိမ့်ခါအောင် ဝမ်းသာကြည်နူးနေကြတော့သည်။ ရှေ့နောက်ဝဲယာ ကမ်းရိုးတန်းကြီး တစ်လျှောက်လုံး ရဲရဲနီနေသောမြင်ကွင်းမှာ "ဒါ ဒို့ဗမာကွ" ဟု ထ၍ ကြွေးကြော်အော်ဟစ် ခုန်ပေါက်မြူးထူးချင်စရာပင်။

ရန်ကုန်မြစ်ဆိပ်ကမ်းတွင်သာ မဟုတ်သေး။ လှေကလေးတွေ



သင်္ဘောကလေးတွေ ရန်ကုန်မြစ်ဝဲယာရှိ ကျေးရွာတွေ အဆောက်အအုံတိုင်းမှာ ပြည်ထောင်စုအလံတော်တွေ ရဲရဲနီနေတော့သည်။

ထိုနေ့က ရန်ကုန်ဆိပ်ကမ်းတွင် ကျွန်တော်တို့အဖွဲ့ကို မင်္ဂလာဒုံတပ်ရင်းမှ ကားဖြင့် လာကြိုသည်။ ထိုအခါကျတော့မှပင် တစ်မြို့လုံးရှိ တိုက်တာ အဆောက်အအုံ၊ ရုံး၊ အိမ်များ၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်များကို ရဲရဲနီလျက် တွေ့ရတော့၏။ ငါတို့လွတ်လပ်သော လူမျိုးဖြစ်ပြီဆိုသည့်အသိက ကျွန်တော်တို့ရင်တွင်းမှာ လှိုက်လှိုက်လှဲလှဲ ပွဲတော်ကြီး ကျင်းပနေသလို ရှိတော့၏။

ကျွန်တော်တို့ကို မင်္ဂလာဒုံ Transit camp တည်းခိုခန်းက ကားဖြင့် လာကြို၍ခေါ်သွားသည်။ ထိုစဉ်က ဗမာ့တပ်မတော် Burma Army မှာ ဌာနချုပ် Head Quarter ဆို၍ မရှိသေး။ မင်္ဂလာဒုံမှာ 64, Brigaede Headquarter ခေါ် အမှတ် ၆၄ တပ်ရင်း ရှိနေသည်။ ပြီးတော့ 14th Army ၁၄ နံပါတ် တပ်မတော်လည်းရှိသည်။ ဒါက ဗိုလ်ချုပ်ကြီး ဆာဝီလျံဆလင်း အုပ်ချုပ်သည်။

သူ့အောက်မှာ Burma Section ဆိုသည့် တပ်ရှိသည်။ Burma Army ဟု မခေါ်သေး။ Burma Section ဆိုသော ဗမာစစ်တပ်ဌာနခွဲဟု ရှိသည်။

Burma Section မှာ ပထမဦးဆုံး အုပ်ချုပ်သူက Brigadier General Let Ya ဗိုလ်မှူးချုပ်လက်ျာဖြစ်သည်။ ထို့နောက် တပ်မတော်ဖွဲ့သောအခါမှ C-In-C Commander in Chief တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစမစ်ဒွန်းဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး စောစမစ်ဒွန်းက ပထမတော့ မြန်မာပြည်သိမ်း ဗြိတိသျှတပ်တွင် အဆင့်မြင့် တပ်မတော် အရာရှိအဖြစ် ပါလာသူဖြစ်သည်။

သည်နေရာ၌ ကြားဖြတ်၍ ရှေ့ပိုင်းတွင် ပြောရန်ကျန်သွားသော ကဏ္ဍတစ်ခုကို ဖြည့်စွက်ပြောချင်ပေသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီးပြီးသွားသောအခါ ကျွန်တော်လည်း မိခင်ရှိရာ ပုသိမ်မြို့သို့ ပြန်သွားခဲ့၏။ ၁၉၄၅ ခုနှစ် နိုဝင်ဘာလခန့်ဖြစ်သည်။ ကျွန်တော်ပုသိမ်ပြန်သွားသောအခါ တော်လှန်ရေးအတွင်း ဗြိတိသျှစစ်တပ်က ထုတ်ပေးသော အစိမ်းရောင် စစ်ယူနီဖောင်းကို ဝတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က နိုင်ငံဘာလဖြစ်၍ ကျွန်တော်တို့ အမျိုးသားအထက်တန်းကျောင်းတွင် အမျိုးသားအောင်ပွဲနေ့ကို အတော်ပင် ခမ်းနားကြီးကျယ်စွာ ကျင်းပရန် ပြင်ဆင်နေသည်။ ကျွန်တော်က ပုသိမ်မြို့ အမျိုးသား အထက်တန်းကျောင်းကို သွားသောအခါ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားအတွက် ကျွန်တော်တို့ ဝိုင်းဝန်းလုပ်ဆောင်ကူညီပေးရသည်။

အံ့ဩစရာဖြစ်သည်မှာ ထိုအခမ်းအနား၌ စာရွက်တွေ၊ စာရွက်ဆန်းတွေ လိုက်လံဝေငှနေခြင်းဖြစ်သည်။ စာတွေမှာ ဘာရေးထားသလဲဆိုတော့ ''အောင်ဆန်း ဘယ်လဲ'' တဲ့။ ထို့ပြင် ''လွတ်လပ်ရေးဆိုသည်မှာ တိုက်ယူမှရမည်။ လက်ဖြန့်တောင်း၍ ရမည်မဟုတ်'' စာရွက်မှာ အောက်က ဖော်ပြထားသည့်နာမည်က ဂိုရှယ် ခေါ် ဘတင်ဟု ဖြစ်လေသည်။ ထိုသူမှာ နောင်အခါ ဗမာပြည်ကွန်မြူနစ်ပါတီတောခိုစဉ် တောတွင်း၌ သခင်သန်းထွန်း သတ်၍သေသွားသော ဂိုရှယ် ဘတင်ပင် ဖြစ်ပေသည်။

ထိုအမျိုးသားနေ့အောင်ပွဲတွင် ပါဝင်ဆောင်ရွက်ကြသော သူငယ်ချင်းရောင်းရင်းတို့က ကျွန်တော့်ကိုခေါ်သည်မှာ နာစရာကောင်းလှသည်။ မျက်ကန်းမျိုးချစ်ဟူ၏။ သူတို့အဆိုက ကျွန်တော်တို့သည် တိုင်းပြည်ကိုချစ်သည်တော့ မှန်၏။ သို့သော် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိသောကြောင့် မျက်ကန်းမျိုးချစ် ဟူ၏။ ပုသိမ်မြို့မှ သူငယ်ချင်းတွေက ကျွန်တော့်ကို စတင်စွပ်စွဲခေါ်ခြင်းပင်။ ထိုစဉ်က ငယ်သူငယ်ချင်း မအေးကြည်တို့၊ မသန္တာဖြူတို့ကပင် ထိုသို့ ကျွန်တော့်ကိုခေါ်နေကြသည်။ မသန္တာဖြူမှာ နောင်အခါ အထူးကုဆရာဝန်မကြီး ဖြစ်ခဲ့သူပင်။

သူတို့ကလည်း ဗိုလ်ချုပ်အောင်ဆန်းကို ဆန့်ကျင်နေသည့်သဘောပြကြသည်။ သူတို့ကို စည်းရုံးထားသူက ကောလိပ်မှာ ဥပစာတန်းအထိတက်ရောက်ဖူးသူ ကိုချိုလှအောင်ဖြစ်သည်။ ကိုချိုလှအောင်က ပုသိမ်မှာ ကွန်မြူနစ်ဝါဒကို အတော်ပင် ဟောနေ၊ ပြောနေ စည်းရုံးနေသူဖြစ်သည်။ ကိုချိုလှအောင်က ပုသိမ်မှာနေပြီး ရန်ကုန်ကောလိပ်က ကွန်မြူနစ် သဘောတရားကို ယူဆောင်ဖြန့်ဝေနေသူဖြစ်သည်။

သူတို့ဟောပြောရာမှာ ဗိုလ်ချုပ်အောင်ဆန်းကို ''အောင်ဆန်းသစ္စာဖောက်'' ဟု ပါရှိသည်။ ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ဆန်းကို ထိပါးလာတော့ မခံနိုင် မရပ်နိုင်ဖြစ်လေသည်။



ကိုချိုလှအောင်၏ ကွန်မြူနစ်ဝါဒက ဘယ်လောက်များ အစွမ်းထက်သည်လည်းဆိုလျှင် ကျွန်တော့်ကို သူငယ်ချင်း မတင်အောင်က လက်ညှိုးငေါက်ငေါက်ထိုး၍ မျက်ကန်း မျိုးချစ်ဟု ခေါ်သည်အထိဖြစ်သည်။ ထိုတင်အောင်မှာ နောင်အခါ ကိုချိုလှအောင်နှင့်ပင် လက်ထပ်သွားခဲ့လေသည်။

မသန္တာဖြူကတော့ နောက်ပိုင်းမှာ ကွန်မြူနစ်ပါတီတောခိုစဉ် တောတွင်းပါသွားပြီးမှ သူ့ဖခင်ကြီးက သမီးပြန်မလာရင် အဖေသေရတော့မယ်ဟုပြော၍ခေါ်သဖြင့် အလင်းရောက်လာသည်။ နောက် ဆေးတက္ကသိုလ်တက်၍ မျက်စိအထူးကုဆရာဝန်ကြီးအဖြစ် ရန်ကုန်မြို့ စစ်ရုံးရှေ့က မျက်စိ၊ နား၊ နှာခေါင်း၊ ဆေးရုံကြီးတွင် ဆရာဝန်မကြီးအဖြစ် တာဝန်ယူခဲ့သည်။

ကိုချိုလှအောင်မှာ မကျန်းမာသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီတောခိုရာ၌ မပါဝင်ခဲ့ချေ။ သူက ကျွန်တော်တို့ထက် အသက်ကြီးပြီး ၁၀ တန်းကို အစောကြီးက အောင်မြင်သွားသူပင်။ ထို့ပြင် ကွန်မြူနစ်ပါတီ၌ အမှန်တကယ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သော ပုသိမ်မှ ကိုသာဒွန်းဦးမှာ ဂျပန်အသတ်ခံခဲ့ရသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သဖြင့် ဂျပန်ဖမ်းမိသွားပြီး အသတ်ခံရခြင်းဖြစ်သည်။

ကိုချိုလှအောင်တို့ လက်စွဲကိုင်ထားသည်မှာ မတ်ခ်စ်လီနင်ဝါဒ ဖြစ်ပေသည်။ သခင်သန်းထွန်းတို့ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားပြီးနောက် ပုသိမ်မှာပင် ကိုချိုလှအောင်တို့ ကွန်မြူနစ်တစ်သိုက် အဖမ်းခံရသေးသည်။ သို့သော် ပြန်လွတ်လာသည်။

နောက်ပိုင်းတွင် ပုသိမ်မြို့ ပလေဒီယံ ရုပ်ရှင်ရုံ၌ တရားပွဲကျင်းပသဖြင့် ကျွန်တော် တက်ခဲ့ပါသေးသည်။ ကိုချိုလှအောင်တို့ လှူသိုက်ဟောကြသည်။ ကွန်မြူနစ်ဝါဒဖြန့်တရားက နားထောင်၍မဖြစ်အောင်ပင် ကြံ့ခဲ့ရသည်။ ကိုချိုလှအောင်ကတော့ မကျန်းမာ၍ စင်ပေါ်တက်၍ ဟောနိုင်ခြင်းမရှိပေ။ ဤကား ကျွန်တော်ရှေ့ပိုင်း၌ ပြောရန်ကျန်ခဲ့သော ကဏ္ဍကို ဖြည့်စွက်၍ ပြောပြခြင်းပင်။

သည်တော့ ယခု ကျွန်တော်တို့အဖွဲ့ စင်ကာပူမြို့က ပြန်ရောက်လာသော ၁၉၄၈ ခုနှစ် ဇန်နဝါရီ လလယ်ပိုင်းသို့ ပြန်သွားကြရအောင်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်သောအခါ ယခင်က ရှိနေခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရေးတပ်ရင်း Training Battalion မှာ ယခင် အင်္ဂလိပ်တပ်ရင်းမှူးများလက်မှ မြန်မာတပ်ရင်းမှူးများ လက်သို့ ပြောင်းပေးခဲ့ပြီဖြစ်သည်။

ထိုအခါ တပ်ရင်းကို ကရင်တိုင်းရင်းသားတပ်ရင်းမှူး၊ ကာနယ်စောလယ်ဒါကာ ပြောင်းလဲရယူ အုပ်ချုပ်နေပြီဖြစ်သည်။ ဤကဲ့သို့ ကရင်တိုင်းရင်းသားစစ်အရာရှိများကို တပ်ရင်းမှူးခန့်ထားခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းမကျဆုံးမီကတည်းက စီစဉ်ထားခဲ့သော စီမံကိန်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ အသက်ပင်ငယ်သော်လည်း နိုင်ငံရေး၊ စစ်ရေးအမြင်ကျယ်သူဖြစ်သည်။ ကရင်တိုင်းရင်းသားများနှင့် ပတ်သက်သည်တို့ကို အတော်ပင်ပြေလည်အောင် ကြိုတင် စီမံထားခဲ့သည်။

ယခင်က ဂျပန်ခေတ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြစ်ပွားခဲ့သော ကရင်-ဗမာ ပဋိပက္ခမျိုး နောက်တွင် မဖြစ်ပေါ်စေရအောင် ကရင် တိုင်းရင်းသား တပ်မတော်အရာရှိများအား အရေးပါသော တပ်ရင်းတပ်ဖွဲ့များတွင် နေရာပေးရင်း တိုင်းရင်းသားချစ်ကြည်စည်းလုံးရေးကို အထူးစီမံဆောင်ရွက်ထားခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအတွေးအမြင့်ပင် ဖြစ်ပေသည်။

အမှန်က ကရင်အမျိုးသားတွေမှာ ဗြိတိသျှစစ်တပ်အတွင်းသို့ စောစောစီးစီး ဝင်ခွင့်ရထားပြီးဖြစ်၍ စစ်ရည်ဝနေသော အရာရှိ အရာခံများဖြစ်နေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဒီအကြောင်းကို နောကြေအောင် သိပြီးဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းက သည်အကြောင်းကို သိထားတော့ သူ၏ ရဲဘော်သုံးကျိပ်အရာရှိများကို ပေးလျှင်ရနိုင်သော ရာထူးများတွင် ကရင်စစ်အရာရှိများကို အစားထိုးခန့်ရန် စီစဉ်ခဲ့သည်။ ထို့ကြောင့်ပင် လွတ်လပ်ရေးရပြီးသောအခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရာထူးကို ကရင်တိုင်းရင်းသား ဗိုလ်ချုပ်ကြီး စောစမစ်ဒွန်းကို ပေးသည်။

ပထမတော့ Burma Section ဟုပဲခေါ်သည်။ ဗမာ့တပ်မတော်ဟု မခေါ်ကြသေး။ ဗြိတိသျှစစ်တပ် ဗမာဌာနခွဲဟုသာ အမည်ပေးသည်။ ကျွန်တော်တို့စင်ကာပူက ပြန်ရောက်လာပြီး မကြာခင်မှာ ယခင်ရှိနေပြီးဖြစ်သော 14th Army ၁၄ နံပါတ်တပ်မတော်အစား။ 12th Army ၁၂ နံပါတ်



တပ်မတော်ရောက်လာသည်။ Major General Bone ဗိုလ်ချုပ်ကြီးဘုန်းဆိုသူက အုပ်ချုပ်သည်။ ထို့ပြင် General Willion Slim ဗိုလ်ချုပ်ကြီးဝီလျံစလင်းက ပြန်သွားပြီ။

ထိုစဉ်က Air Force လေတပ်မတော်မှာက မြန်မာပြည်မှ လေသူရဲသင်တန်းသွားတက်စဉ် အောင်မြင်ခဲ့သည် ၄ ယောက်ရှိသည်။

သူတို့မှာ ၁၊ ဗိုလ်မှူး ဆလွင်းခင် ၂၊ ဗိုလ်မှူး တော်မီကလစ် ၃၊ ဗိုလ် ထွန်းအောင်ကျော် (အင်္ဂလန်မှာ ပါဝင်တိုက်ခိုက်ရင်း လေယာဉ်ပျံပျက်ကျဆုံးသူ) ၄၊ ဗိုလ်ကြီးစောရှီးရှီးတို့ဖြစ် ကြသည်။

ထိုလေတပ်ပညာသင်များ ပြန်ရောက်လာသည့်အချိန်၌ Burma Volunteer Air Force မြန်မာအပျော်တမ်းလေတပ်မတော်ဟုသာ ခေါ်သေးသည်။ Navy ကိုလည်း အပျော်တမ်းတပ်အဖြစ်သာ ခေါ်ကြသေးသည်။ ကြည်းတပ်တစ်ခုသာလျှင် တပ်မတော် Burma Land Force အဖြစ် သတ်မှတ်ခေါ်ဝေါ်လေသည်။

ထိုစဉ်ကာလက လေတပ်မတော်နှင့် ပတ်သက်၍ ရာထူးအကြီးဆုံးမှာ ဗိုလ်မှူးဆလွင်းခင် Salynnkin ဖြစ်သည်။ သူက မြန်မာပြည်ကို ပြန်လာသော လေတပ်ပညာသင်တို့တွင် ဝါအရင့်ဆုံးအရာရှိဖြစ်လေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းက လန်ဒန်ပြန် လေတပ်အရာရှိများကို ခေါ်ယူတွေ့ဆုံပြီးနောက် တပ်မတော် လေတပ်မှာ ဝါအရင့်ဆုံးသူကို ချန်ထားပြီး နိုင်ငံရေးမှုအရ ကရင်တိုင်းရင်းသား စောရှီးရှီးကို တပ်မတော် လေတပ်ဦးစီးချုပ်ပေးမည်ဟု အသိပေးခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်စောရှီးရှီးက ဗမာ့တပ်မတော်ဖွဲ့စည်းသည့်အခါ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) အဖြစ် လေတပ်မတော်၏ အမြင့်ဆုံးအရာရှိရာထူးကို ရလေသည်။

ဗမာ့တပ်မတော်ပြန်ဖွဲ့သောအခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဗိုလ်မှူးကြီးစောစမစ်ဒွန်းကို ခန့်ထားပေးခဲ့ပြီးနောက် လက်ထောက်ကာကွယ်ရေး ဦးစီးချုပ်က မောင်မောင်ကြီးဆိုတာ တစ်ယောက်ရှိသည်။ သူက ဥပဒေပညာရှင် အင်္ဂလိပ်စစ်တပ်နှင့် ပါလာသူ။ Quarter Master General က ဗိုလ်မှူးကြီးအဆင့် စောဒေါနယ်ဆိုသော ကရင်အမျိုးသားကိုပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီး ပြီးသွားသည့်အခါ မိတ္ထီလာတွင် မြန်မာတိုင်းရင်းသား၊ ချင်း၊ လူရှိုင်း စသည်တို့ပါဝင်သော ဒီဝီဇံတပ်မတစ်ခု ကျန်ရစ်ခဲ့ရာ တပ်မှူးအဖြစ် ယခင် အင်္ဂလိပ်စစ်ဗိုလ်နေရာ၌ ကရင်တိုင်းရင်းသား ဗိုလ်မှူးကြီးစောချစ်ခင်ကို ပေးသည်။ ဒါလည်း ဗိုလ်ချုပ်အောင်ဆန်း စီမံခဲ့သော စီမံချက်အရပင် ဖြစ်သည်။

ထို့ပြင် အချက်ပြ ဆက်သွယ်ရေးတပ်ရင်း Director of Signal တပ်ရင်းမှူးနေရာကို ယခင်အင်္ဂလိပ်အရာရှိနေရာ၌ ဗိုလ်မှူးကြီးစောအောင်သိန်းကို ပေးလေသည်။ ကရင်အမျိုးသားပင်ဖြစ်သည်။

ထို့နောက် ကရင်လက်နက်ကိုင်တပ်များ ဖွဲ့စည်းသောအခါ First Karen, Second Karen, Third Karen ခေါ် ကရင်ရိုင်ဖယ်တပ် (၁)၊ ကရင်ရိုင်ဖယ်တပ် (၂) ကရင် ရိုင်ဖယ်တပ် (၃) ဟူ၍လည်းကောင်း၊ ချင်းတပ်ရင်း (၁)၊ ချင်းတပ်ရင်း (၂)၊ ကချင်တပ်ရင်း (၁)၊ ကချင်တပ်ရင်း (၂) ဟူ၍ ဖွဲ့စည်းခဲ့သည်။ ဗမာ့တပ်မတော် Burma Rifle ကတော့ Third, Fourth နှင့် Fifth Burma Rifle တပ်များဖွဲ့စည်းပေးခဲ့သည်။ ကယား(ကရင်နီ)တပ်ရင်း (၁)၊ ရှမ်းတပ်ရင်း (၁) ဟူ၍လည်း ဖွဲ့စည်းခဲ့သည်။

ဤသို့ တပ်မတော်ကို တိုင်းရင်းသား စစ်အရာရှိများနှင့် ပေါင်းစည်းဖွဲ့ပေးခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားချစ်ကြည်စည်းလုံးရေး စီမံကိန်း၏ အဓိကလုပ်ငန်းဟု သိသာနိုင်ပေသည်။ သည်ကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားများအပေါ် အလေးထား ဆောင်ရွက်မှုကြောင့်ပင် ပင်လုံစာချုပ်အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေမည်။

ကျွန်တော်တို့ စင်ကာပူကအပြန်တွင် Training Battalion လေ့ကျင့်ရေးတပ်ရင်း ပြန်ရောက်သောအခါ ယခင်ကထက် ပိုမိုတိုးချဲ့ဖွဲ့စည်း၍ Training Depot ခေါ် လေ့ကျင့်ရေးဌာနကြီးဖြစ်လေသည်။ ယင်းလေ့ကျင့်ရေး ဌာနကြီးမှူးအဖြစ် ကာနယ်စောလယ်ဒါ ခေါ် ကရင်တိုင်းရင်းသား ဗိုလ်မှူးကြီးကို တာဝန်ပေးခဲ့သည်။

လေ့ကျင့်ရေးဌာနကြီးတွင် A.B.C.D.E ဟု တပ်ခွဲ ၅ ဌာနခွဲရသည်။ ထိုကုမ္ပဏီ ၅ ဌာနကို ဗမာ့တပ်မတော်ဟု ဖွဲ့စည်းရန်အတွက်



လေ့ကျင့်ခန်း ဆင်းရသည်။ လေ့ကျင့်ခန်းတွင် ကြည်းတပ်အတွက်တစ်မျိုး အခြား (other Arms) တပ်များ (ဥပမာ) တင့်ကား၊ သံချပ်ကာတပ်၊ မြင်းတပ် စသည်အတွက် တစ်မျိုး သင်တန်းပေးရသည်။

ကျွန်တော်က လေ့ကျင့်ရေးတပ်ဌာနကြီးကိုရောက်ခါစမှာ လေ့ကျင့်ရေးအရာရှိအဖြစ် ဗိုလ်အဆင့်ဖြင့်ပင် တာဝန်ထမ်းဆောင်ရသည်။ ကျွန်တော်က အင်္ဂလိပ်မြန်မာကပြား ကပ္ပတိန်မက်ဟတ်၏လက်အောက်မှာ လုပ်ရသည်။ ထိုစဉ်က A ကုမ္ပဏီမှာ ကြီးမှူးသူက နောက်အခါ တပ်မတော်ထောက်လှမ်းရေးမှူး ဖြစ်သွားသော ဗိုလ်မှူးချစ်ခင်ဖြစ်သည်။ သူက အင်္ဂလိပ်စစ်တပ်မှာ ဂျမဒါရာထူး တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ကြီးအတောအတွင်းမှာ ဗမာ့တပ်မတော်သို့ ရောက်လာပြီး ဂျပန်ခေတ်တွင် ဂျပန်နိုင်ငံသွား၍ လေတပ်ပညာသင်ခဲ့သည်။ ပြန်လာတော့ လေတပ်မှာ ဗိုလ်အဆင့်ရသည်။ သို့သော် နောင်အခါ ကြည်းတပ်ကို ဗိုလ်ကြီးရာထူးဖြင့် ရောက်လာသည်။ B ကုမ္ပဏီမှာ ကြီးမှူးသူက ဗိုလ်ကြီးကျော်ဟိုးဖြစ်သည်။ သူ့အင်္ဂလိပ်နာမည်က ဂျင်မီဖြစ်၏။ မြန်မာနာမည် ဗိုလ်ကြီးကျော်ဟိုးဖြစ်သည်။

C ကုမ္ပဏီက ဗိုလ်ကြီးရောဘတ်။ သူကလည်း ကပြားပင်။ D ကုမ္ပဏီကတော့ နုတ်ခမ်းမွေးကြီးနှင့် အဘလွင် ဗိုလ်မှူးကြီးလွင်။နောက် ထောက်လှမ်းရေးညွှန်ကြားရေးမှူး။ E ကုမ္ပဏီကတော့ ဗိုလ်ကြီးမက်ဟတ် Machert ဂျာမန်နှင့် မြန်မာကပြား။ နောင်တွင် ဗိုလ်ကြီးမက်ဟတ် တပ်မတော်မှ အနားယူသွားသောအခါ ကျွန်တော်က သူ့နေရာမှာဝင်ပြီး တာဝန်ယူရလေသည်။ E ကုမ္ပဏီ၏ တပ်ခွဲမှူးတာဝန်ကို ကျွန်တော်က ဗိုလ်ကြီး အဆင့်ဖြင့် တာဝန်ယူရလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## ယိုယွင်းလာသော မြန်မာပြည်နိုင်ငံရေး

ထိုအချိန် ထိုကာလတွင် မြန်မာပြည်၏ နိုင်ငံရေးအခြေအနေမှာ ယိုယွင်းစပြုလာလေပြီ။ လွတ်လပ်ရေးရရှိပြီးနောက် မကြာမီ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် တောခိုသွားခဲ့သည်။ ထို့နောက် ဗမာ့တပ်မတော်တပ်ရင်း ၁ နှင့် တပ်ရင်း ၃ တို့ကလည်း လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် တောခိုကြပြန်သည်။

ဤသို့ဖြင့် လွတ်လပ်ရေးရခါစ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံရေးအခြေအနေများ ယိုယွင်းတိမ်းပါးစပြုနေခဲ့သည်။ ထို့နောက် စောဘဦးကြီးခေါင်းဆောင်သော ကေအင်ယူခေါ် ကရင်အမျိုးသား အစည်းအရုံးက လှုပ်လှုပ်ရှရှဖြစ်နေကြပြန်သည်။ ကရင် လက်နက်ကိုင်တပ်ရင်းများကလည်း နိုင်ငံတော်အစိုးရအပေါ် မကျေမနပ်ဖြစ်ကာ လှုပ်လှုပ်ရှရှ ဖြစ်လာကြသည်။

ထိုအချိန်က ဗမာ့တပ်မတော်တွင် မြောက်ပိုင်းတိုင်းနှင့် တောင်ပိုင်းတိုင်းဟူ၍ စစ်တိုင်းကြီးနှစ်တိုင်းရှိနေသည်။ မြောက်ပိုင်းတိုင်းတွင် တိုင်းမှူးအဖြစ် ဗိုလ်မှူးကြီးနေဝင်း တောင်ပိုင်းတိုင်းတွင် တိုင်းမှူးအဖြစ် ဗိုလ်မှူးကြီးကျော်ဇောတို့ တာဝန်ယူနေကြလေသည်။ ဤအခြေအနေတွင် မြောက်ပိုင်းတိုင်းသို့ တိုင်းမှူးအဖြစ် ဗိုလ်မှူးကြီးမောင်မောင် (နောင် ဗိုလ်မှူးချုပ်) ရောက်လာလေသည်။

ဗိုလ်မှူးကြီးမောင်မောင် တိုင်းမှူးအဖြစ် တာဝန်ယူရသော မေမြို့ (ယခု) ပြင်ဦးလွင်သို့ရောက်လာပြီးနောက် အမိန့်တစ်ရပ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကရင်တိုင်းရင်းသားတပ်ရင်းများကို လက်နက်ဖြုတ်၍ တပ်မှူးတပ်သား အရာရှိ အရာခံအကြပ်တို့ကို သက်သာချောင်ချိရေးစခန်းဖွင့်ပြီးထားရှိရန်။

အေအင်ယုခေါ် စောဘဦးကြီး တောခိုပြီးတဲ့နောက် ကျွန်တော်က နောက်ပိုင်းမှသိရသည်မှာ ပြန်ပြီးတော့ နေ့စပ်ဖို့ ကြိုးပမ်းကြသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း မရှိတော့ဘူး။ ဦးနုနှင့် စောဘဦးကြီးတို့ ခေါ်ပြီးတော့ သူတို့နေ့စပ်တာတွေ လုပ်သည်။ ကျွန်တော်တို့ဆီမှာ မေမြို့မှာကတော့ ဒီဟာတွေနှင့်ပတ်သက်၍ လေ့ကျင့်ရေးတပ်ရင်းမှာကျတော့ သိပ်ပြီးတော့ လှုပ်လှုပ်ရှားရှားမဖြစ်ဘူး။ ဒါပေမယ့် အဲ့ဒီအချိန်မှာ ဗိုလ်မှူးကြီးမောင်မောင်ရောက်လာသည်။ ရောက်လာပြီးတော့ ဗိုလ်မှူးကြီးမောင်မောင်က စစ်ကူးမစ်ကူးမှာ တပ်ထဲမှာ ကွန်မြူနစ်သက်ဝင်သော အရာရှိတွေကို ခေါ်သည်။ ဖမ်းသည်။ ထိန်းသိမ်းသည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ နောက်ပိုင်းမှာပါ။

နောက်ပိုင်းမှာ ကျွန်တော်တို့ မေမြို့မှာလည်း အရာရှိတွေ ထွန်းရင်တို့၊ ထွန်းရီတို့ နောက်ပြီးတော့ လူထုဦးလှနှင့်ပတ်သက်သည့် ဂေါ်ရခါး၊ ဂေါ်ရခါးဆိုတာက လူထုဒေါ်အမာ၏အစ်မ နဂါးဒေါ်ဦး၏ယောက်ျား ကိုနေဝင်း။ နောက်တစ်ဦးရှိတာက ဒေါ်အမာညီမကိုယူထားသူ အရာရှိက ဗိုလ်ကြီးလှဖေပဲ။ အဲသူတို့တွေကို ဖမ်းသည်။ ဖမ်းသည်တော့ မဟုတ်ဘူးဆိုပြီး ထိန်းသိမ်းပြီးတော့ တပ်ထဲကနေ တစ်နေရာခေါ်သွားသည်။ ခေါ်သွားတာက အလုပ်ပေးမလိုလို၊ တာဝန်ပေးမလိုလို နောက်ဆုံး တစ်နေရာရာမှာ ထားသလိုလို မသိမသာဘဲ၊ မသိမသာလေး ခေါ်သွားသည်။ စစ်အတတ်သင်ကျောင်းမှာကတော့ ဒါနှင့်ပတ်သက်တာ အားလုံး သိပ်ပြဿနာမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တပ်ရင်းတွေလည်း မရှိဘူး။ အကုန်လုံး ကျောင်းသားတွေပဲရှိတာဆိုတော့ ဘာမှမဖြစ်ဘူး။ ဒါပေမယ့်လို့ ဘယ်လိုထူးခြားလဲဆိုတော့ ၁၉၄၉ ခုနှစ် လွတ်လပ်ရေး နှစ်ပတ်လည်လုပ်သည်။ ကျွန်တော်တို့ တပ်မတော်စစ်ရေးပြလုပ်သည်။ စစ်ရေးပြလုပ်ချိန်တုန်းက အင်္ဂလိပ်ဗိုလ်တွေ ရှိသေးသည်။ ဒါပေမယ့် စစ်ရေးပြကွန်မန်ဒါကတော့ ဗိုလ်မှူးကြီးမောင်မောင်တပ်တွေကတော့ လေ့ကျင့်ရေးတပ်ရင်း လျှပ်စစ်တပ်ရင်း တပ်ခွဲ နောက်ပြီးတော့ အင်ဂျင်နီယာတပ်ခွဲ တပ်တွေကိုပေါင်းပြီးတော့ စစ်ရေးပြသည်မှာ လူပေါင်း ၅၀၀ ကျော်လောက်ရှိမည်။ စစ်ရေးပြ အခမ်း



အနားလုပ်သည်။ စစ်ရေးပြ အခမ်းအနားက ပြင်ဦးလွင်ဂေါက်ကွင်းမှာ လုပ်သည်။ ဆောင်းမှာ တိုက်အနီလေးတွေ ရှိသည်။ အင်္ဂလိပ်ဗိုလ်တွေနေသော Red House ရှိသည်။ မကြာခင်မှာ ကရင်စစ်အရာရှိတွေ အကုန်လုံး ဖမ်းလိုက်သည်။

ကျွန်တော့်တပ်က လေ့ကျင့်ရေး ကရင်အရာရှိတွေ အကုန်ပါသည်။ အချက်ပြတပ်က အရာရှိကရင်တွေ အကုန်ပါသည်။ မန္တလေးရောက်နေသော တပ်ခွဲက ကရင်တွေလည်း အကုန်ပါသည်။ ဒီနေ့ကတော့ နံနက်အစောကြီး ဗိုလ်မှူးစောလယ်ဒါကို ဗိုလ်မှူးထွန်းစိန်က ဖမ်းရသည်။ ဖမ်းသည်ဆိုတာကလည်း အမိန့်အရပါပဲ။ ဖမ်းပြီးတော့ သူ့ကို သက်သာချောင်ချိရေးစခန်းကို ပို့ရမည်။ သို့သော် ရာထူးနှင့် ပတ်သက်ပြီး အားလုံးကိုတော့ ဘာမှမဖြုတ်ဘူး။ ဒီအရာနှင့်ပတ်သက်၍ အခွင့်အရေးအားလုံး ခံစားခွင့်ရှိသည်။ သို့သော် ရာထူးတာဝန်များနှင့် ပတ်သက်လို့ ရပ်ဆိုင်းရမည်။ ဘယ်သူ့ကိုလွှဲရမယ်ဆိုပြီးတော့ ယူလိုက်သည်။ သူက တပ်ကို ယူလိုက်ပြီးတော့မှ ကျွန်တော်တို့က ကရင်အရာရှိတွေကို အားလုံးလိုက်ပြီး ခေါ်ရသည်။ ခေါ်ပြီးတော့ စားရိပ်သာထဲမှာ ရောက်လာသည်။ ကရင်အရာရှိတွေကို ရှင်းပြသည်။ အားလုံးကို အထက်အမိန့်အရ ကျွန်တော်တို့ စီမံချက်ချလိုက်တဲ့အတွက်ကြောင့် ခင်ဗျားတို့ ယာယီ သက်သာချောင်ချိရေးစခန်းကို ပို့မည် သက်သာချောင်ချိရေးစခန်းက တပ်မတော်အင်ဂျင်နီယာတပ်ဗျ၊ အဲဒီတပ်ကို ကျွန်တော်တို့က ပို့ရသည်။ BE တပ်ကြီးမှာက ကျွန်တော်တို့ သင်တန်းဆင်းသွားတဲ့အချိန်မှာ စစ်အိပ်ဆောင်တွေ လွတ်နေတာရှိသည်။ လွတ်နေတဲ့နေရာတွေမှာ ကရင်အရာရှိတွေ ထားပြီးတော့ တပ်စည်းတွေ ဘေးနားမှာ ချက်ချင်း တိုင်စိုက်ပြီးတော့ သံဆူးကြိုးတွေ ကာသည်။ သံဆူးကြိုးတွေက အထပ်ထပ် ကာသည်။ တော်တော်ကျယ်သည်။ ဘောလုံးကွင်းတစ်ကွင်းစာ နီးနီးလောက်ကျယ်သည်။ ယာယီအဆောက်အအုံတွေကို ဒေသခံ သစ်၊ ဒေသခံပစ္စည်းနှင့် ချက်ချင်း ဆောက်သည်။ ပထမတစ်ရက်နှစ်ရက်ကတော့ စစ်အိပ်ဆောင်တွေထဲမှာ သူတို့ ဆင်းဆင်းရဲရဲ နေရသည်။ ကရင် အရာရှိတွေကိုတော့ မန္တလေးကို ပို့လိုက်သည်။ မန္တလေးအကျဉ်းထောင်ဘေးနားမှာ ဆောက်ထားသည့် သက်သာချောင်ချိရေး စခန်းပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



သံဆူးကြိုးတွေ ကာပြီး အရာရှိတွေကတော့ တစ်အိမ်ကို နှစ်ယောက်နေရမည်။

မိသားစုတွေ မပါဘူး။ သူတို့ကိုတော့ အကုန်လုံး ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားကြသည်။ မိသားစုတွေ အားလုံး သားတွေသမီးတွေကို ကျောင်းမပျက်ရဘူး။ ရိက္ခာရစရာရှိတာ ရမည်။ ခင်ပွန်းယောက်ျားနှင့်တွေ့ခွင့်ရသည်။ တော်တော်လေး ကောင်းပါသည်။ အစီအစဉ်ကတော့ ဘာမှထိခိုက်ဒဏ်ရာလည်းမရ၊ စိတ်ထဲမှာ နှစ်မှာဖို့မပြောနှင့် ဒီကိစ္စချောချောမောမော ပြီးသွားလျှင် အားလုံးပြန်လွှတ်မယ်ဆိုသည့် သဘောပါပဲ။ အဲ့တော့ ကရင်စစ်အရာရှိတွေအတွက် ကျွန်တော်စိတ်တော့ မကောင်းဘူး။ ဗိုလ်ကြီးဝီလဆင်ကြီးတို့ နောက်ပြီးတော့ ဗိုလ်ချုပ်ဖမ်တို့ နောက်ပြီးတော့ စောစင်ဆမ်ဗိုလ်ကြီးစောတူတူဝေါ့တို့ ကျွန်တော့်တပ်ထဲက တပ်စုမှူး တချို့ ကျွန်တော့်တပည့်သားသမီးတွေပဲ။ တချို့လည်း စောဝယ်လ်ဆင်ကြီးဆိုရင် သူက တပ်ခွဲတစ်ခုမှာ တော်တော်ပဲ ထိထိရောက်ရောက် လုပ်နေသည့် ပုဂ္ဂိုလ်၊ နောက်ပြီးတော့ မော်တော်ယာဉ် မှူးဖြစ်သည့် ကျွန်တော်တို့ ကပ္ပတိန်လန်ရှိလော့ခ်တို့ တော်တော်များများပါပဲ။ နောက်ပြီးတော့ ကရင်တပ်က ဗိုလ်တစ်ဦးက မခံချင်သည့်သဘော ပြော၏။ ကျွန်တော် မှတ်မိသေးသည်။ သူက 'လုပ်ပေါ့ကွာ မင်းတို့ဗိုလ်ကြီးတွေ၊ ငါတို့ အလှည့်လည်း လာမှာပါ' ဟုပြောသည်။

ကျွန်တော်က သူတို့ကို ဖမ်းရသည်။ ကျွန်တော်နှင့်အတူ ဘယ်သူဖမ်းရတာလဲဆိုတော့ ဗိုလ်ကြီးချစ်ခင်က တာဝန်ခံပဲ။ ကျွန်တော်တို့ အဲ့ဒီလေ့ကျင့်ရေးတပ်ရင်းမှာ ဗိုလ်မှူးကြီးချစ်ခင်က သူရသော လက်နက်တွေ အားလုံးကို စုပြီးတော့ ဟိုက လွှတ်လိုက်သည့် လေယာဉ်ပျံနှင့် ရန်ကုန်ကို ပြန်ပို့ရသည်။ ရန်ကုန်ကို လက်နက်တွေ ပို့ပြီးတော့ သူပြန်မလာတော့ဘူး။ သူက အရင်တုန်းက ဂျပန်ခေတ်မှာ လေတပ်သင်တန်း ဆင်းခဲ့သည့်အတွက် သူ့ကို ကပ္ပတိန်အဆင့်နှင့် တူညီသော လေယာဉ်မောင်းအရာရှိ ခန့်လိုက်သည်။ နောက်ထပ် ဘာကြားလဲဆိုတော့ ဗိုလ်စောအောင်သိန်းတို့ သွားပြီးတော့ ဖမ်းသည့်အခါ ဗိုလ်မှူးထွန်းစိန် သွားရသည်။ ကိုချစ်ခင် သွားရသည်။ ကိုချစ်ခင်ကို တာဝန်ပေးလို့ ကိုချစ်ခင်က သွားပြီးပြန်လာတော့ စောအောင်သိန်းတို့ဘက်က နည်းနည်းပါးပါး မခံချင်ကြောင်း ပြောသည်။ "မင်းတို့



ဒါသက်သက်မဲ့ လုပ်တာပဲ" ကျွန်တော်တို့ကလည်း "မဟုတ်ပါဘူး၊ ဒါအထက်အမိန့်အရ ကောင်းကောင်းမွန်မွန် ဒီလိုလုပ်ရတာပါ" ဟု ပြောရသည်။

အဖမ်းဆီးခံရသော ကရင်စစ်အရာရှိတွေက ခံတော့ မပြောဘူး။ သို့သော် နည်းနည်းဘဝင်မကျဖြစ်ကြ၏။ သည်အချုပ်ခန်းကို ကျွန်တော်နေ့တိုင်း ရောက်သည်။ ကျွန်တော့်သူငယ်ချင်းတွေလည်း ပါသည်။ တပ်ထဲက ဆရာတွေကလည်းပဲ ကရင်အရာရှိတွေဆိုတော့ သူတို့လည်း အစစအရာရာ မထိခိုက်အောင်ဆိုပြီးတော့ ဝိုင်းပြီးကြည့်ကြသည်။

သည်အချိန်က မေမြို့(ပြင်ဦးလွင်) ကရင်လက်နက်ကိုင်တွေလက်မကျသေးဘူး။ ထိန်းသိမ်းထားတော့ အခြေအနေပြေနေသည်။ သည်လိုအခြေအနေပြေနေရင်းနှင့် အင်းစိန်မြို့ကို ကရင်သိမ်းလိုက်ပြီဟု သတင်းထွက်လာ၏။ သမိုင်းဘက်မှာ တိုက်ပွဲဖြစ်သည်ဟု စကြားပြီ။ ဒီတော့ ကရင်စစ်အရာရှိတွေဖမ်းပြီးလို့ နှစ်ရက်လောက်ကြာတော့ ဒီလိုကြောင့် ဖမ်းသည်။ ဒီလိုကြောင့် လက်နက်တွေ သိမ်းသည်ဆိုတာကတော့ ပွင့်ပွင့်လင်းလင်းပြော၍သိပြီ။ ကျွန်တော်တို့က ကရင်စစ်ဗိုလ်တွေကို ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပြီးတော့ စားစရာ သောက်စရာဆိုလည်း ကျွန်တော်တို့ ရိက္ခာအပြည့်အပြင် ထောက်ပံ့ရေးပစ္စည်း သူတို့လိုတာကို ဝယ်ပြီး ဖြည့်ဆည်းပေး သူတို့မှာတာကို ဝယ်ပေး။ သူတို့ သားမယားတွေကို ပိုတာထည့်ပို့ သူတို့ ထိခိုက်စရာအပြောအဆိုက စပြီးတော့ သတိပြု၊ ဘာမှမလိုဘူး။ သူတို့ကလည်း မကြာခင် လွှတ်တော့မှာပဲ။ ဒီကိစ္စရှင်းသွားလို့ရှိရင် တို့တွေ ဆောင်ရွက်ချက်တွေအားလုံးနှင့်ပတ်သက်၍ ပြန်ဖြေမှာပဲ၊ ဒီလိုပဲ သူတို့ ယူဆထားကြသည်။ ဒါပေမယ့် တဖြည်းဖြည်း ဘယ်လိုဖြစ်လာသလဲဆိုတော့ ကရင်စစ်မှုထမ်းတွေနှင့် ပတ်သက်တာ အားလုံးကို မေမြို့မှာ မထားရဘူး။

မန္တလေးမှာ အကုန်စုရမယ်ဆိုတော့ သူတို့အကုန်လုံး မန္တလေး ပြောင်းရ၏။ မန္တလေး ရောက်သည့်အခါ အချုပ်အနှောင်သဘောတွေ ဖြစ်သွားသည်။ အင်းစိန်တိုက်ပွဲကလည်း သိပ်ပြီးတော့ ဆိုးဆိုးရွားရွားတွေ ဖြစ်နေပြီ။ အင်းစိန်မှာ အကြီးအကျယ်တိုက်တာတွေ ကြားသည်။ သမိုင်းဘက်တွေမှာလည်း ကြားသည်။ မင်းဓမ္မကုန်းမှာ တိုက်တာ ကြားသည်။ ဧော်ဘွားကြီးကုန်းဘက်မှာ တိုက်တာ ကြားသည်။ ဒီတော့ အားလုံးအဲ့ဒီမှာ တပ်တွေက

www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိတော့ဘူး။ ဘားမားရိုင်ဖယ်တပ် တပ်ရင်း ၅ မှာ တပ်မှူးက ကတ်ဘီနက်ထိ ကပြားတစ်ရင်း ဒုတပ်မှူးက မေဂျာကြည်မောင်၊ ကျွန်တော်တို့ ယခု NLD ဦးကြည်မောင်။ တပ်ခွဲမှူးက ဗိုလ်ကြီးလွင်။ ကျွန်တော် တို့ သင်တန်းဆင်းပြီးနေတုန်းမှာ မူဂျာဟစ် သူပုန်ဆိုတာ ပေါ်လာသည်။ မူဂျာဟစ်ကလည်း တိုးချဲ့ပြီး လာလိုက်တာ မြစ်ငယ်တွေဖြစ်ပြီး၊ ကုလားတန်မြစ်တွေ ကျော်ပြီးတော့ တော်တော်လေး ဆိုးဆိုးရွားရွားဖြစ်လာပြီ။

မူဂျာဟစ်ကုလားသူပုန်က အင်အားကောင်းသည်။ စစ်ကြီးပြီးစတုန်းက ၁၉၄၈-၄၉ လွတ်လပ်ရေးရခါစတုန်းက သူတို့သည် ကျွန်တော်တို့ မဟာမိတ်ကြီးပဲ။ မူဂျာဟစ် အင်အားကကြီးသည်။ သူ့မူရင်းဒေသက အရှေ့ပါကစ္စတန်က လာသည်။ ဟိုတုန်းက သူတို့ခေါင်းဆောင် ဂျင်နားနှင့် အိန္ဒိယကခေါင်းဆောင်နေရူးတို့ လွတ်လပ်ရေးရသည့်အချိန်မှာ နိုင်ငံကို ခွဲယူကြရသည်။ အိန္ဒိယက မဟတ္တမဂန္ဒီက မခွဲဖို့ပြောသည်။ မျက်လုံးနှစ်လုံး ရှိတာက တစ်လုံးပေါက်သွားရင် ကျန်တစ်လုံးက ကွဲလိမ့်မည်ဟုပြောသည်။ မျက်လုံးနှစ်လုံး ကောင်းတာ အတူနေခဲ့တာနှင့် တူသည်ဟု ဟောပြောသော်လည်း မရပေ။ ဂျင်နားက ခွဲမည်။ နောက်မဟတ္တမဂန္ဒီကြီးကို ပြောတာတော့ ပါကစ္စတန်ကို ပေးမလား၊ ပြည်တွင်းစစ်ကို ရင်ဆိုင်မလား ဒါမျိုးတွေရှိသည်။ ဂန္ဒီကြီးကတော့ အေးအေးလူလူ ငြိမ်းချမ်းရေးသမားဆိုတော့ နောက်ဆုံးပေးသည်။ ပေးလိုက်သည့်အခါကျတော့ သူတို့က ပါကစ္စတန်နှင့် ပတ်သက်တာ အားလုံးက အရှေ့နှင့်အနောက် ပါကစ္စတန်နှင့် တခြားစီ နေမည်။ သို့သော်လည်း သူတို့ဘာသာဝင်က တူသည့်အတွက် အရှေ့ပါကစ္စတန်၊ အနောက်ပါကစ္စတန် လုပ်မည့်အချိန်မှာ ကျွန်တော်တို့နယ်စပ်မှာ ရှိနေသော အစ္စလမ်ဘာသာဝင်တွေက သူတို့ကလည်းပဲ အချိန်အခါကောင်း ဖြစ်သည်ဆိုပြီးတော့ အရှေ့ပါကစ္စတန်မှာ ကမ်းခြေတစ်ဖက်ခြမ်းကိုပါ အရှေ့ပါကစ္စတန်ထဲ ထည့်ဖို့လုပ်သည်။

ထိုစဉ်က မူဂျာဟစ်မပေါ်သေး။ စစ်ကြီးပြီး၍ အုပ်ချုပ်ရေးမှူးတွေ ခန့်ထားနေသောအချိန်မှာ မြန်မာဘက်ကလည်း လွတ်လပ်ရေးအတွက် ကြိုးပမ်းနေသောအချိန်၊ ဒီအချိန်မှာ သူတို့သွားပြီးတော့ အင်ဒီပါ ခေါင်းဆောင်များကို မေယုကမ်းခြေ အရှေ့ပါကစ္စတန်ထဲ ထည့်ပါအရေးဆိုတာ အိန္ဒိယက လက်မခံ။



ကျွန်တော်တို့ မြန်မာပြည်က ရခိုင်တို့က အစ္စလမ်ခေါင်းဆောင် အချို့ပါပဲ။ ဆူလ်တန်မာမွတ်တို့ ခေါင်းဆောင်တွေ ဆူလ်တန်မာမွတ်တို့ သွားတောင်းသည်။ ဟိုက လက်မခံ။ မဆိုင်ဘူး မင်းတို့က တခြားစီ၊ မင်းတို့ဟာ၊ မင်းတို့ကိစ္စက မင်းတို့ဟာမင်းတို့ လုပ်ဟု ပယ်လိုက်သည်။ ယခုလို ပယ်လိုက်သည့်အတွက် သူတို့ စစ်တွင်းလက်ကျန်လက်နက်နှင့် စုပြီးတော့ မူဂျာဟစ် သူပုန်ပေါ်လာသည်။ မေယုကမ်းခြေ နာဖ်မြစ်ကမ်းခြေက စပြီးတော့ ကုလားတန်မြစ်အထိ သိမ်းသည်။ ဒီလိုသိမ်းတော့ အန္တရာယ်မြင်ပြီး မြန်မာ့တပ်မတော်ကို လွှတ်ရသည်။

နယ်စပ်မှာ မြန်မာတပ်နှင့်တိုက်သည့်အခါကျတော့ တော်တော်လေး အောင်မြင်လိုက်သည်။ မူဂျာဟစ်က နောက်ဆုံး ကျွန်တော်တို့ နေရူးမြစ်အနောက်ဘက်ကမ်း ဘူးသီးတောင်မောင်တော ဟိုဘက်အစွန်းမှာ အစုလိုက်အစုလိုက်ကွဲသွားသည်။ တိုက်ပွဲတွေ တော်တော်လေး တိုက်ရသည်။ ဖိုးညို လေးတိုက်ပွဲ စသည် အများကြီးတိုက်ရသည်။

မြန်မာ့တပ်မတော်က တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကတ်ဘီနက်ထိ၊ သူ့အောက်မှာက မေဂျာကြည်မောင်၊ ဟိုတုန်းကတော့ မျက်နှာဖြူကပြားတွေကလည်း မြန်မာတပ်မှာရှိသည်။ ပြန်မသွားတော့ဘဲ နေရစ်ခဲ့ကြသည်။ သူတို့ ရာထူးတွေကလည်းရှိနေတော့ သူတို့အုပ်ချုပ်သည်။ ဒါပေမယ့် သွားတိုက်တုန်းက အောင်မြင်ပြီးတော့ တိုက်နေတုန်းမှာ အင်းစိန်ကိစ္စဖြစ်သည်။ အင်းစိန်ဖြစ်တော့ သူတို့ဟိုမှာရှိသော အခြားတပ်သစ်တစ်ခုထားခဲ့ပြီး တိုင်းရင်းသားတပ်တစ်တပ်လုံးက အင်းစိန်မှာ ဝင်တိုက်ရသည်။ အင်းစိန်ကို ဝင်တိုက်သည့်အခါ တောင်ဘက်တိုင်း တိုင်းမှူးက ဗိုလ်မှူးကြီးကျော်ဇော၊ ဗိုလ်မှူးကြီးကျော်ဇော (ရဲဘော်သုံးကျိပ်) က ဦးစီးရသည်။ အင်းစိန်တိုက်ပွဲမှာလည်း ဗိုလ်မှူးကြီးကျော်ဇော၏ ကျေးဇူး အများကြီးရှိသည်။ သည်လို တိုက်နေရင်းနှင့် ကျွန်တော်တို့ အခြေအနေကလည်း ပြောင်းလဲလာသည်။ တိုက်နေရင်း တိုက်နေရင်းနှင့် တဖြည်းဖြည်း တဖြည်းဖြည်း ပြောင်းလဲလာသည်။ တောင်ငူမှာ ကရင်တပ်ရင်း၊ နောက် မိတ္ထီလာမှာ ဗိုလ်မှူးဒစ်ဖ် ရှိသည်။ မစ်ဒစ်ဖ်က နောင်သောအခါမှာ သူတပ်က လူမျိုးစုံ အုပ်ချုပ်ပြီးနေရတော့ ကရင်တပ်သား များသည်။ တခြားတိုင်းရင်းသားတွေကလည်း ရှိသည်။ ချင်းတွေလည်းရှိသည်။ ကချင်တွေလည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာတပ်မကို ဗိုလ်မှူးကြီးမောင်မောင်က အုပ်ချုပ်သည်။ သူက မြောက်ပိုင်းတိုင်း တိုင်းမှူး၊ မြောက်ပိုင်းတိုင်း တိုင်းမှူးဆိုတော့ သူပဲ အုပ်ချုပ်ရသည်။ သည်လိုဖြစ်နေချိန်မှာ တောင်ငူမှာရှိနေသော ကရင်လက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း တောင်ငူကိုသိမ်းလိုက်ပြီးတော့ တောင်ငူကနေ ဆင်းလာသည်။ ဘုရားကြီး၊ ကတုတ်ကြီး၊ ဗမာ့တပ်မတော်နှင့် ပဲခူးအမျှားမှာတိုက်ကြတော့ တန့်သွားသည်။ တပ်မတော်တက်က ရဲတို့ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ကျောင်းသားတွေလည်း ပါလာကြသည်။ ကျောင်းသားတွေ လက်နက်ကိုင်ပြီးတော့ ချီတက်သည်။ တိုက်ကြသည်။ တိုက်သည့်နေရာမှာ နာမည်ကြီးတပ်ရင်း (၆) တပ်မှူး ဒုဗိုလ်မှူးကြီး တင်ဦးဂျပန်အရာရှိသင်တန်းကျောင်းဆင်း (ဘုတင်ဦးဟုလည်း ခေါ်သည်) တာကတော့ **ဘုတင်ဦး**၊ ဒီတုန်းက ကြားရသည် ဘုတင်ဦး။ ဟိုဘက်မှာကတော့ အင်းစိန်ဘက်မှာတော့ ဗိုလ်မှူးကြီးကျော်ဇော နာမည်ထွက်လာသည်။ ကျွန်တော်တို့ လေ့ကျင့်ရေး တပ်ရင်းမှာရှိနေသော စစ်သည်တော် တွေက လေ့ကျင့်ခန်း ဆင်းနေသည်။ ကျွန်တော်တို့အားလုံး ပေါင်းလိုက်လျှင် တပ်ခွဲငါးခန်းရှိသည်။ ဒီပြင် တပ်ခွဲတွေကလည်း သူ့တာဝန်နှင့်သူ ထမ်းဆောင်နေသည်။ ကျွန်တော့်တပ်ခွဲ ၅ တပ်ဖွဲ့က လေ့ကျင့်ခန်းလုပ်ရာမှာ ပထမဗိုလ်သင်တန်းကျောင်းတက်မယ့် ကျောင်းသားတွေ၊ ဗမာ့တပ်မတော်အရာရှိတွေ၊ သူတို့က တခြားအဆင့်တွေဖြစ်ပြီး ဗိုလ်သင်တန်းကျောင်းကို ရောက်လာရသည်။ ဗိုလ်ခင်အုန်းတို့၊ ဗိုလ်သန်းအောင်၊ ဗိုလ်ထွန်းတင်တို့၊ ဗိုလ်မှူးကြီး ထွန်းအောင်ကျော်တို့ အများကြီးပဲ၊ အရာရှိလောင်းတွေ ကရင်မပါဘူး။ ရှမ်းရယ်၊ ချင်းရယ် နောက်ပြီးတော့ ဗမာတွေရယ် သူတို့ရောက်လာသည်။

ဗိုလ်ခင်အုန်းက ကွယ်လွန်သွားပြီ။ တိုင်းမှူးဖြစ်သွားခဲ့သည်။ နောက် ဗိုလ်ထွန်းတင် တရားသူကြီးချုပ် အဖွဲ့ဝင်ဟောင်း ဦးထွန်းတင်။ ကျန်တာတွေကတော့ အရာရှိငယ်လေးတွေ ဖြစ်သည်။ ကိုထွန်းအောင်ကျော် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်သွားသည်။ ဗိုလ်မှူးသန်းအောင် ကွယ်လွန်သွားပြီ။ အသိထဲမှာရှိသော ကချင်တပ်ထဲက ဗိုလ်မှူးနော်လန်ဖူးဆိုတာလည်း ကချင်တပ်ရင်းမှာ တပ်ရင်းမှူးဖြစ်သွားသည်။

❐

## အခန်း (၁၈)
## မိတ္ထီလာမြို့ကို ကေအင်ဒီအို သိမ်းပြီ

သည်အချိန် မမြို့မသိမ်းသေး။ ကျွန်တော်တို့စစ်တပ်မှာ လေ့ကျင့်ခန်းပေးနေသော ချင်းရှိသည်။ ရှမ်းရှိသည်။ ရှမ်းက ကျွန်တော့်ဆီမှာ များသည်။ ချင်းက တပ်ခွဲ ၂ မှာ များသည်။ တပ်ခွဲ ၂ က သူ့တာဝန်နဲ့သူဆိုတော့ လွဲလို့ မရဘူး။ တစ်နေ့ မနက်အစောကြီး မိုးမလင်းသေး။ ကျွန်တော့်ကို လာနှိုးသည်။ တပ်ရင်းမှူးကြီး ဗိုလ်မှူးထွန်းစိန်က 'ကိုတင်ဦး၊ ကိုတင်ဦး ထ' တဲ့။ သူနှင့် ကျွန်တော်နှင့်က ဗိုလ်သင်တန်းကျောင်း တစ်ပတ်တည်း။ 'ကိုတင်ဦး ,ကိုတင်ဦး ထထ ထထဗျ' တဲ့။ ထိုနေ့မတိုင်ခင် နှစ်ရက်၊ သုံးရက်လောက်က "ခင်ဗျား လေ့ကျင့်ရေးတပ်ရင်းက တပ်တွေကို လေ့ကျင့်ခန်း မလုပ်တော့ဘဲနဲ့၊ ရပ်ထားပြီးတော့ တိုက်ခိုက်ရေးတပ်အဖြစ် ဖွဲ့စည်းလိုက်တော့" ပြောဖူးသည်။ ကျွန်တော်က အဲ့ဒီအားလုံး တပ်စု ၅ စု၊ တပ်စုတစ်စုမှာ တပ်သား ၄၀ လောက် ဖြစ်ရာ၊ ၅ စုဆိုတော့ ၂၀၀ လောက်ဖြစ်သည်။

လေ့ကျင့်ရေးတပ်ခွဲ ၅ မှာ သင်တန်းဆင်းနေရင်းနှင့် သင်တန်းကတော်တော်တော့ ပြီးနေပါပြီ။ ဟိုဆရာတွေ ဘာတွေ ဗိုလ်ခင်အုန်းတို့ကတော့ သင်တန်းသားတွေပါပဲ။ ဝင်ပြီးတော့ အတူတူလုပ်နေကြသည်။ သူတို့ရည်ရွယ်ချက်က သင်တန်းပြီးတာနဲ့ ဗိုလ်သင်တန်းကျောင်း ပထမတက်တက်ပြီးလို့ရှိလျှင် ဗိုလ်ဖြစ်မည်။ အရာရှိပေမယ့် ဗိုလ်လောင်းဘဝနှင့် လာတက်သည်။ တော်ပါသည်။ သူတို့ကို တာဝန်ပေးတော့ သူတို့လုပ်တတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့က တခြားအဆင့်နှင့် အခြေခံတပ်သားဖြစ်လာပြီးတော့ သူတို့ကိုယ်တိုင် အရင်တုန်းက တပ်မတော်မှာ အရာရှိ သင်တန်းကျောင်းဆင်းတွေပဲ သူတို့ကလည်း တောင်းဆိုသည်။ ဘယ်သွားမလဲဆိုတော့ ကျွန်တော့်ဆီပဲ သွားမည်။ ဂေါ်ရခါးတပ်မသွားဘဲ တပ်ရင်းမှူး ဗမာစစ်စစ်ဆိုတော့ ကျွန်တော့်ဆီ ရောက်လာသည်။ အမှန်အတိုင်းကတော့ တော်တော်လည်း ခင်ခင်မင်မင်ပါပဲ။ ကျွန်တော်ကလည်း သူတို့ကို လေးလေးစားစားပဲ၊ သူတို့ကလည်း ကျွန်တော့်ကို လေးလေးစားစားပါပဲ။ တပ်မတော်အစဉ်အလာ ရှိသည် ဆိုပြီးတော့ ဒီလိုဖြစ်နေရင်းနဲ့ တောင်းဆိုတော့ စောစောကပြောသလို ဗိုလ်မှူးထွန်းစိန်က 'ခင်ဗျား စီစဉ်ထားတဲ့ တပ်ခွဲတစ်ခွဲလုံးကို စက်မှုတပ်ရင်းကား ၅ စင်းနဲ့ စီစဉ်ထားပြီ၊ အခုချက်ချင်း ခင်ဗျား သာစည်သွားရမယ်' ဘာဖြစ်တာလဲဆိုတော့ သာစည်ကျသွားပြီတဲ့။

ကေအင်ဒီအိုတွေ တောင်ငူကနေပြီးတော့ သူတို့က အောက်ကို ဆင်းတိုက်သည်။ မရတော့ ပြန်ပြီး တောင်ငူမှာ နေရသည်။ တောင်ငူကနေ နောက် ကြောင်း ချီလာတာ အကုန်လုံး သိမ်းသိမ်း သိမ်းသိမ်းလာရင်းနှင့် နောက်ဆုံး သူတို့က သာစည်ကို သိမ်းလိုက်တော့ အဲ့ဒီသာစည်မှာ တပ်မဟာတစ်ခုလုံး ကေအင်ယူ အောက်ကျသွားသည်။ ကျသွားလို့ KNU တွေ အဖမ်းခံရတော့ ဗိုလ်မှူးကြီးမောင်မောင်တို့ ဗိုလ်မှူးဒေါ်လ်ဆင်တို့၊ ဗိုလ်မှူးစောမြသိန်းတို့ အကုန်ပဲ တော်တော်များသည်။ အကုန်လုံးဖမ်းသွားရော။ တပ်တွေက အကုန်လုံး ဖရိုဖရဲဖြစ်ရော။ ဖြစ်တော့ စစ်ကူလွှတ်ဖို့အတွက် ဗိုလ်တင်ဦးတပ်ခွဲကို သွားခိုင်းတာဟု ပြောသည်။ ကျွန်တော်လည်း တစ်ခါတည်း ဆင်းချလာတာ မန္တလေးကနေ ဆင်းချပြီးတော့ အရမ်းမောင်းသည်။ မေမြို့ကနေ မန္တလေး၊ မန္တလေးကနေ တောက်လျှောက် မိတ္ထီလာအတိုင်း မောင်းရသည်။ သာစည် ကျသွားပြီ၊ မိတ္ထီလာမှာ တိုက်ပွဲဖြစ်နေသည်။ မိတ္ထီလာကို ကူညီရမည်။ ရန်သူကို ရှေ့မတိုးအောင် လုပ်ရမည်ဟု ကျွန်တော့်တပ်ခွဲကို တာဝန်ပေးသည်။ လက်နက်အပြည့်အစုံ ပါသည်။ လက်နက်အပြည့် အစုံဆိုတာကတော့ စတင်းဂန်း၊ ဘရင်းဂန်း ရိုင်ဖယ်သေနတ်တွေဖြစ်သည်။ နှစ်လက်မ စိန်ပြောင်းလည်းပါသည်။ ကျွန်တော့်ဆီမှာ ရှမ်းကတော့ တပ်စု နှစ်စုလောက် ပါသည်။ ချင်းတပ်စုတစ်စုလည်း ပါသည်။



ဦးစီးတပ်ခွဲမှူးက ကျွန်တော်။ ကျွန်တော့်တပ်ခွဲနှင့် သွားရမည်ဆိုတော့ မြစ်ငယ်ရောက်သည့်အခါ မြစ်ငယ်တံတား ချိုးထားတာကို မသိ။ မြစ်ငယ်က ထိုနေ့နံနက်မှာ တံတားချိုးလိုက်သည်။ ရန်သူလာတာကို တားဖို့ဆိုပြီးတော့ တံတားချိုးခွင့်ပေးလိုက်သဖြင့် တံတားကျိုးသွားသည်။ ကျွန်တော်တို့က စွတ်မောင်းသွား အနားလည်းကျရော အလံနီတွေ မြင်တော့မှ "ဟာ ရှေ့မှာ အန္တရာယ်ရှိတယ်" ဆိုပြီး လှမ်းကြည့်ရာမှ တံတားက ချိုးထားပြီ။

တံတားကို ဗမာ့အင်ဂျင်နီယာ ဗိုလ်မှူးဘဖြူတို့ ချိုးပစ်သည်။ သူတို့ချိုးတာ ကျွန်တော် မသိဘူး။ ကျွန်တော်က စွတ်တင်သွားတော့ အနားလည်းကျရော "ဟာ တံတားကျိုးတယ်"ဆိုတော့ ဘယ်ကိုဆွဲချလိုက်တာ ကားက လိမ့်ပြီးတော့ နှစ်ပတ်၊ သုံးပတ် ကျွမ်းပစ်ကျတာ ကားမှောက်သွားသည်။ ကေအင်ယူတွေက မိတ္ထီလာကနေ မန္တလေးကိုစီးဖို့ တက်လာတာကိုး။ တားရန် တံတားချိုးလိုက်ရသည်။ ယခုကားမှောက်သွားတော့ ကျွန်တော်လည်း ကားမှောက်တာ နှစ်ပြန်၊ သုံးပြန်လိမ့်သွားတာ။ အားလုံး ၁၇ ယောက် ဒဏ်ရာရသည်။ ကျွန်တော် ခါးကို အပေါ်ကနေပြီးတော့ ဘတ္တရီအိုးလား၊ သံချောင်းလား ပြုတ်ကျပြီးတော့ ခါးထိပြီးတော့မှ ကျွန်တော် မထနိုင်။ ကျွန်တော့်ကို ပွေ့ချီမပြီးတော့ ဆေးရုံသွားပို့သည်။ ဆေးရုံရောက်သွားတော့ အားလုံး ၁၇ ယောက်၊ မှောက်ထားသောကားလေးက နာနေရက်နှင့် ဆက်မောင်းသွားသည်။ ကုသိုလ်ကံပဲ။ တကယ်လို့သာ ဒီတံတားကောင်းနေ၍ ကျွန်တော်ဆက်မောင်းသွားလျှင် သဲတောဝင်းတွင် နားလောက်မှာ ကျွန်တော် အဖမ်းခံရမည်။ သေချာသည်။ ရန်သူက အင်အားကြီးသည်။ ကျွန်တော်တို့လာမယ်ဆိုလျှင် သူတို့က ဆီးတိုက်မှာပဲ။ ရန်သူအင်အားက သိပ်များသည်။ သူတို့မှာ ကရင်အပြင် ကချင်နော်ဆိုင်းကလည်း ပါနေသည်။ ကချင်ပါသွားလို့ သူတို့က တောင်ငူကနေပြီးတော့ သာစည်ကို ဆင်းပြီး မေမြို့ကိုပါ ဆက်သိမ်း၍ မေမြို့လည်း ကျသွားပြီ။ ဒီနေ့မှာ ကျွန်တော်တို့သွားတဲ့နေ့မှာ သူတို့က သာစည်ကို သိမ်းသည်။ ဆက်ပြီး ချီတက်လာသည်။ ကချင်တွေက လေယာဉ်ပျံတစ်စီး သိမ်းပြီးတော့ မြောက်ပိုင်းတိုင်းကို စစ်ကူလာမယ် အယောင်ပြပြီးတော့ မေမြို့အနီးစခန်း လေယာဉ်ပျံကွင်းကို ဆင်းသည်။ လေယာဉ်ပျံကွင်းကနေ တက်ပြီးတော့ မေမြို့ကို သိမ်းသည်။ မေမြို့ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူက လေယာဉ်ပျံတစ်စင်းစာ တပ်ပါသည်။ ကချင်တွေ ပါလာပြီးတော့ မြောက်ပိုင်းတိုင်း တိုင်းမှာ တိုင်းမှူးဗိုလ်မှူးမောင်မောင်က မိတ္ထီလာမှာ အဖမ်းခံရစဉ် အကြီးအကဲက ဗိုလ်သောင်းကြည် ကျန်သည်။ ကျွန်တော်တို့ ရှေ့မှာဆက် သွားတိုက်တော့ ကူမဲရောက်သည့်အခါ ဟိုက ကားတွေ ဆင်းချလာသည်။ ကျွန်တော်တို့ ဗမာ့တပ်မတော်ကားတွေပဲ။ အဲ့ဒီထဲမှာ ဗိုလ်မှူးစိုးလှိုင် ပါလာသည်။ ဗိုလ်မှူးသိန်းမောင် ပါလာသည်။ နောက် မြက်ထန်ဆိုတဲ့ ဗိုလ်တင်မောင် ပါလာသည်။ ကျွန်တော်တို့ကားက မောင်းလို့ လွန်သွားပြီ၊ သူတို့က ကားထိုးရပ်လိုက်ပြီး ဟွန်းတီးလိုက်သည့်အခါ ကျွန်တော်က ကားရပ်လိုက်သည်။ ကျွန်တော်ကလည်း ကားမှောက်ထားသော ဒဏ်ရာနှင့် ထော့နဲ့ ထော့နဲ့ ဆင်းလာသည်။ တုတ်ကောက်ကလေးနှင့် ခါးကလည်း နာနေသည်။ "ဟာ ဗိုလ်ကြီး ဘယ်လိုဖြစ်တာလဲ" ဆိုပြီး "မသွားနဲ့တော့ သူတို့က ဟိုမှာ အကုန်လုံးကျသွားပြီ၊ နောက်ပြီး နော်ဆိုင်းကလည်း မိတ္ထီလာ လေယာဉ်ကွင်းက လေယာဉ်ပျံယူပြီးတော့ မေမြို့ တိုက်တာ မေမြို့ကျသွားပြီ၊ ခင်ဗျားတို့ အားလုံးမသွားနဲ့တော့၊ ခင်ဗျားတို့ သွားရင်လည်း အကုန်လုံး ဒုက္ခရောက်မယ်"ဆိုတော့ "မဟုတ်သေးဘူး၊ ကျွန်တော်ကလည်း ကျွန်တော့်တာဝန်နဲ့ ကျွန်တော် သွားရမှာပဲ" ပြောရသည်။

မိတ္ထီလာသွားဖို့ မောင်းလာရင်း ကျွန်တော်က ကူမဲမှာ သူတို့နဲ့ တွေ့ခြင်းဖြစ်သည်။ သူတို့က ကားနှစ်စီး။ ဟိုတုန်းက အစိုးရှိစီးသည့် စစ်ကား ယူတယ်လတီကား၊ သစ်သားနှင့်လုပ်ထားသော ကား။ ဒါပေမယ့် စစ်ပုံစံအမြင့် တော်တော်ကောင်းပါသည်။ အတွင်းထဲမှာ ကျွန်တော်တို့ စစ်ဆင်ရေးလုပ်ဖို့အတွက် မြေပုံလုပ်နိုင်သည်။ တပ်မှူးအစည်းအဝေး လုပ်နိုင်သည်။ ဒီကားနှင့် သူတို့က ဆင်းလာသည်။ "မိတ္ထီလာကျသွားပြီ၊ မင်းတို့သွားလည်း မရဘူး၊ မင်းတို့ မန္တလေးက ခံချမှပဲ ရမယ်" ကျွန်တော်က "မရဘူးလေ၊ ကျွန်တော့်တာဝန်က ဆက်သွားရမှာပဲ၊ ကျွန်တော့်တပ်က ၁၇ ယောက်လျော့ပြီး ကျန်တာ အပြည့်ပါလာသေးတယ်"

ကျွန်တော်တို့ ဆက်သွားကြသည်။ ဆက်သွားရင်း ဆက်သွားရင်းနဲ့ ကူမဲလွန်ပြီး တော်တော်လေးသွားတော့ ဗိုလ်ကြီးသိန်းမောင်တို့ကား ဆင်းချလာသည်။ ဗိုလ်မှူးကြီးသိန်းမောင်ဆိုတာ နောက်တော့ စာတစ်အုပ်ရေးသေးသည်။ မန္တလေးက မင်းမျိုးလေ၊ CBSC သိန်းမောင်လို့ ခေါ်သည်။



သူ့ကား မိတ္ထီလာက မောင်းချလာ၍ သူက ကျွန်တော့်ကားကို ထိုးရပ်ခိုင်းသည်။ "မသွားနဲ့တော့ နောက်က အန္တရာယ်လာနေတယ်၊ တို့အခု မနည်း လွတ်အောင် လာရတယ်၊ မင်းတို့သွားရင်လည်း မင်းတို့ ဒုက္ခများမှာပဲ၊ အကောင်းဆုံးက မင်းတို့ပြန်၊ ရှိတဲ့အင်အားနဲ့စု၊ စုပြီးတော့ ဟိုမှာ ခုခံတာက ကောင်းတယ်၊ ဘယ်က ခုခံရမလဲဆိုတော့ သင့်တော်တဲ့နေရာက ခုခံတာ ကောင်းတယ်" ပြောသည်။ ဆင်းလာသူတွေထဲမှာ ဗိုလ်မှူးအေးမောင်ပါ လာသည်။ ဗိုလ်မှူးအေးမောင်က ဖက်ဆစ်တော်လှန်ရေးတုန်းက ကျွန်တော့် တပ်ရင်းမှူး စစ်သံဖြစ်၊ နောက်တော့ လမ်းစဉ်ပါတီမှာ ကော်ပရေးရှင်း ဒါရိုက်တာဖြစ်ပြီး ယခုတော့ ကွယ်လွန်ရှာပြီ။ ဗိုလ်မှူးအေးမောင် တာဝန်က ADIG ကျွန်တော်တို့ မန္တလေးတစ်နယ်လုံး အုပ်ချုပ်ရသည့် ရဲတပ်ဖွဲ့ တွဲဖက် ဗိုလ်မှူး။ ADIG ဆိုတော့ သူကလည်း တော်တော်လေး ရာထူးကြီးသည်။ သူ့ကိုတွေ့တော့ "ဟော့ ဖိုးတင်ဦး ဖိုးတင်ဦး၊ ငါပြောမယ်" ဆိုပြီး သူက "မင်း စာရွက်ပါလား" "ကျွန်တော်က ပါတယ်" ဆိုတော့ ယူသွားသည်။ မှတ်စုစာအုပ် ဆွဲလိုက်ပြီးတော့ ဖောင်တိန်လေးနှင့်သူက ရေးလိုက်သည်။ "ဗိုလ်ကြီးတင်ဦး အောက်ပါအတိုင်း ညွှန်ကြားလိုက်သည်။ ဤမှာ ရှိသော တပ်များကို စုစည်းပြီးလျှင် အားလုံး ညီညွတ်စွာ လုံလုံခြုံခြုံ ဆုတ်ခွာပြီးတော့ လာခဲ့ဖို့" သူက အမိန့်ရေးလိုက်သည်။ သူက အမိန့်ပေး ပြီလေ၊ ဒါပေမယ့် မဆိုင်ဘူး။ သူက ADIG ပဲ။ ကျွန်တော်က တပ်ကပဲ၊ မလိုက်နာရင်လည်း ရသည်။ ဒါပေမယ့် သူက ကျွန်တော့် တပ်ရင်းမှူးလည်း ဖြစ်ခဲ့သည်။ ကျွန်တော့်ကလည်း သူကောင်းအောင် ပြောသည်ဆိုတော့ "ဒီလိုဆိုရင် ကျွန်တော် ပြန်လာရမှာပေါ့"ဆိုတော့ "ဟုတ်တယ် မင်း ဒီမှာရှိတဲ့ တပ်တွေကို သိမ်းကျုံးစုပြီးတော့ မင်းပြန်လာမှ ဖြစ်မယ်" တဲ့။ သူက ဗိုလ်သိန်းမောင်တို့ နောက်ကားမှာ ပါလာသည်။ သူက ကားတစ်စင်း နောက်မှပါလာသည်။ သူက ပြောသည်။ "ဟာ မသွားနဲ့တော့၊ ဟိုမှာ တော်တော်တော့ ဒုက္ခဖြစ်နေပြီ၊ အကုန်လုံး ကျသွားပြီ၊ မင်းသွားရင်လည်း ဒုက္ခဖြစ်မယ်၊ ရန်သူ သိပ်ကြီးတယ်၊ ပြီးတော့ နော်ဆိုင်းတို့က လေယာဉ်ပျံ တစ်စင်းနဲ့ မေမြို့သွားတာ မေမြို့လည်း ကျသွားပြီ။ ဒီတော့ မင်းမလုပ်နဲ့" ဆိုတော့ "ကောင်းပြီ"ဆိုပြီး ကားကို ပြန်လှည့်လာသည်။

သူတို့ကတော့ မန္တလေးပြန်သည်။ ကျွန်တော်က သူတို့နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသည်။ ကျန်သောတပ်တွေ ရသလောက် စုစပ်ပြီး ပြန်လာသည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ အလယ်လောက်ရှိသွားပြီ။ သူတို့နှင့် ပြန်လာသောအချိန်က ညနေစောင်းပြီ၊ သူတို့ပြန်သွားပြီး ကျွန်တော် ခဏနေသေးသည်။ နောက်ကျတော့ ပြန်လာ ကူမဲရောက်၊ ကူမဲမှာလည်း ဈေးဆိုင်တွေမရှိတော့ပြီ။ ကျွန်တော်တို့ ကားမောင်းပြန် ပြန်လာပြီးတော့ ကျောက်ဆည်ရောက်သည်။ သည်အချိန်အထိ နံနက်ထမင်းမစားရသေး။ မနက်က ပါလာတာလေး နည်းနည်းပါးပါး စားရသည်။ ကျောက်ဆည်ရောက်တော့ ဗိုလ်မှူးကျော်နှင့် တွေ့သည်။ ဗိုလ်မှူးကြီးသောင်းကြည်တို့၊ ဗိုလ်ဝင်းတို့ နောက်ပြီးတော့ ဗိုလ်သောင်းဒန်တို့ အကုန်လုံးက ကချင်နော်ဆိုင်းတို့ ဖမ်းလိုက်သည်။ ဗိုလ်မှူးသောင်းဒန်ဆိုတာက နောင်ဗိုလ်ချုပ်ဖြစ်တဲ့ သောင်းဒန် (လေတပ်)သူက အဲဒီတုန်းက ကပ္ပတိန်သောင်းဒန်ပဲ။ လက်ဖတင်နင် pilot officer ပါသည်။ သူနှင့် နှစ်ယောက်လေယာဉ်နှစ်စင်း မောင်းလာသည်။ လေယာဉ်ပျံနှစ်စင်း သူတို့ကလာတာ ရည်ရွယ်ချက်က သာစည်၊ မိတ္ထီလာ ဖြစ်တာနှင့် နောက်ပြီးတော့ မေမြို့မှာကျလို့ သူတို့ကလာဝဲတာ၊ ဝဲပြီးတော့ မေမြို့ကို သူတို့ ကြည့်ပြီးတော့ လုံခြုံတယ်ထင်တော့ အနီးစခန်းလေဆိပ်မှာ လေယာဉ်ပျံ ထိုးဆင်းလိုက်သည်။

ဗိုလ်သောင်းဒန်တို့က လေယာဉ်ပျံထိုးထားလိုက်သည်။ နောက်တော့ ဗိုလ်မှူးကြီးသောင်းကြည်နှင့် ဗိုလ်ဝင်းတို့ကလည်း လေယာဉ်ပျံကွင်းထဲမှာ စစ်ရုံးကနေပြီးတော့ ဆက်သွယ်ဖို့ရောက်တယ်ဆိုပြီး သူတို့ကလည်း ဝင်သွားသည်။ အနီးစခန်းမှာ လေယာဉ်ကွင်းကို ဝင်သွားတော့ ရန်သူကလည်း မေမြို့ကျပြီးတော့ မေမြို့က စစ်တပ်လက်နက်တွေ သိမ်းပြီး နော်ဆိုင်းကလည်း အနီးစခန်း လေယာဉ်ပျံကွင်း သိမ်းဖို့လာသည်။ ဟိုလည်းကျရော အကုန်လုံးက ဝိုင်းပြီးတော့ ဖမ်းထားလိုက်သည်။ အကုန်လုံး မိသွားသည်။ လေယာဉ်ပျံနှစ်စင်းရော ပါသည်။ ကျွန်တော်တို့ ပြန်လာပြီးတော့ ဗိုလ်မှူးကျော်က ဗိုလ်မှူးသောင်းကြည်လည်း မရှိဘူး။ ဗိုလ်မောင်မောင်ကိုတော့ သာစည်မှာ ဖမ်းသွားပြီ၊ ဘယ်သူမှမရှိဘူးဆိုတော့ ဒီမှာ ဗိုလ်မှူးကျော်က မေဂျာဆိုတော့ တပ်မှူးလုပ်ရသည်။ သူ ရောက်လာပြီးတော့ ကျောက်ဆည်ကနေ ခုခံမယ် ဆိုပြီးတော့ သေနတ်ဆွဲပြီးတော့ ညတစ်ညလုံး ခုခံဖို့ စောင့်နေတုန်းမှာ ကြေးနန်းစာ ရောက်သည်။ မေမြို့က အားလုံးရှိသမျှ တပ်တွေက



ကျသွားသည့်အတွက်ကြောင့် မေမြို့ကို ပြန်ပြီးတော့ သိမ်းရမယ် အမိန့်ရသည်။ ဒီအချိန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စမစ်ဒွန်းကြီးလည်း ဖမ်းလိုက်သည်။ ဖမ်းလိုက်ပြီးတော့မှ ဗိုလ်ချုပ်ကြီးနေဝင်း ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာသည်။ ဗိုလ်ချုပ်ကြီး စမစ်ဒွန်း၏အရင် ယခင်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်လက်ျာက တော်တော်စောစောကတည်းက ရာထူးက ထွက်သွားပြီ။

ကျွန်တော်တို့တပ်ပြန်လာပြီး မန္တလေးရောက်တော့ ဗိုလ်မှူးဘဖြူရှိသည်။ နောက် ဗိုလ်မှူးကျော်က ခေါင်းဆောင်၊ တပ်မှူးထဲမှာဆို ကျွန်တော်ရှိသည်။ နောက် ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်း ကျောင်းဆင်းက ဗိုလ်ခင်မောင်က သူက ရွှေဘိုမှာ သင်တန်းဆရာလုပ်နေသည်။ ဗိုလ်မှူးကျော်က ခေါ်တော့ သူပါလာသည်။

နောင်အခါ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှာ လေယာဉ်ပျံပျက်ကျပြီး သေသွားရှာသော ထားဝယ်ခင်မောင်၊ သူ ပါလာလို့ ကျွန်တော်နှင့်တွေ့တော့ သိပ်ဝမ်းသာတာ "ဟာ သူငယ်ချင်း တို့ပြန်ချမယ်" ဆိုတော့ သူကလည်း "ပြန်ချမယ်" ပြောသည်။ "မင်း ဘယ်လောက်ပါလဲ" ဆိုတော့ သူက "သူ့မှာ တပ်နည်းနည်းပါတယ်၊ တပ်သားအသစ်တွေ ပါလာတယ်" ကျွန်တော်ကလည်း ကျွန်တော့်တပ်ခွဲပါလာတယ်။ ဗိုလ်မှူးကျော်က ကျွန်တော်တို့ နှစ်ယောက်ကို အားကိုးပြီးတော့ ကောင်းပြီဆိုပြီးတော့မှ မန္တလေးကနေ ပြန်လာသည်။ ကျွန်တော် မှတ်မိသေးသည်။ ညတွင်းချင်း ရထားနှင့် ပြန်လာသည်။ ပြန်လာပြီးတော့ ဘူတာရုံရောက်တော့ လူလည်း မရှိပါဘူး။

ကျောက်ဆည်ကနေ ကျွန်တော်တို့ ရထားနှင့် ပြန်လာသည်။ ရထားနှင့် ပြန်လာတော့ ၁၁ နာရီလောက်ကို မန္တလေး ဘူတာရောက်သည်။ မန္တလေး ဘူတာလည်းရောက်ရော ကျွန်တော်တို့ နန်းတွင်းစခန်း သွားအိပ်ရသည်။ ကျွန်တော်တို့ အင်အားက စုစုပေါင်း တပ်ရင်းတစ်ရင်း ၈၀၀ လောက်တော့ ရှိမည်။ ကျွန်တော်ရယ်၊ ဗိုလ်ခင်မောင်ရယ် နောက် BE က တပ်တွေပေါင်းလိုက်တဲ့အခါကျတော့ တပ်မှူးက ဗိုလ်မှူးကျော်ဖြစ်သွားသည်။ ဗိုလ်မှူးကျော်က သူ့လက်ထောက်အဖြစ် ဗိုလ်ကြီးဖေသိန်းကို ခန့်သည်။ ဗိုလ်ကြီးဖေ

www.burmeseclassic.com

www.burmeseclassic.com



သိန်း ဆိုတာက အရင်အင်္ဂလိပ်တပ်က လာသည့်လူပဲ၊ သူတို့ လေ့ကျင့်ခန်း ဆင်းရင် သူ့ကိုခေါ်လာတော့ သူက ဒုတိယဦးစီးမှူး။ သူက လုံး၀ စစ် မတိုက်တတ်။ ဗိုလ်ကျောင်ကတော့ တကယ်တိုက်သည်။ တပ်ဖွဲ့သည့်အခါကျမှ ကျွန်တော့် တပ်ခွဲနှင့် A ကုမ္ပဏီ၊ B ကုမ္ပဏီ တပ်ခွဲနှစ်ခွဲ၊ ကျွန်တော်တို့ မေမြို့ကို တိုက်ရမယ်ဆိုတော့ တစ်ရက်နားပြီး ရိက္ခာတွေ ဘာတွေဖြည့်ပြီး တော့ ကျွန်တော်တို့မေမြို့ကို တက်ကြသည်။ မေမြို့ကို တက်သည့်အခါ တစ်လမ်းလုံး ဖြောင့်ဖြောင့်ဖြူးဖြူးပဲ။

အင်အားက ကျွန်တော့်ဆီမှာ မပါဘူးဆိုလျှင် တပ်ခွဲတစ်ခွဲမှာ ၂၅၀ လောက်တော့ ပါသည်။ စုလိုက်လျှင် ၄၀၀၊ ၅၀၀ ပတ်ဝန်းကျင်လောက် ရှိမည်။ တပ်ခွဲနှစ်ခွဲ။ တပ်ခွဲနှစ်ခွဲတက်ကြရော တစ်လမ်းလုံး အေးအေး ဆေးဆေးပဲ၊ ဒါပေမယ့် ရိက္ခာက ဘယ်လိုစားရလဲဆိုတော့ နောက်ပိုင်းကနေ ပြီးတော့ မန္တလေးသူ၊ မန္တလေးသားတွေက ကျွေးဖို့မွေးဖို့ သိပ်ကိုတက်ကြွ သည်။ ကျွန်တော်တို့ကို ရိက္ခာပေးသည်။ ချက်ပြုတ်ကျွေးသည်။ ထမင်းထုပ် တွေရော၊ ရိက္ခာအစိုရော၊ အခြောက်ရော အကုန်ပေးသည်။ တစ်ခါတလေ ဘာဖြစ်လဲဆိုတော့ လေယာဉ်ပျံအပေါ်က ဝဲသည်။ လေယာဉ်ဝဲသည့်အခါ စိတ်ထဲမှာက ကျွန်တော်တို့ လေယာဉ်ပျံလည်း အသိမ်းခံနေရသည်။ လာတဲ့ လေယာဉ်ပျံသည် ရန်သူပဲဖြစ်မလား။ တို့ကို ပစ်ဖို့ လာတာလားဆိုတာ ခဏ ခဏ စိုးရိမ်ရသည်။ အမှန်တော့ ဒီလေယာဉ်ပျံက ကျွန်တော်တို့ လေယာဉ်ပျံ။ ပျောက်သွားသည့်လေယာဉ် လာရသည့် လေယာဉ်ပျံ။

တပ်မတော်လေတပ်က မှန်းလည်း သိသည်။ ဒါပေမယ့် စိတ်ထဲမှာ ကတော့ လေယာဉ်ပျံနှစ်စင်းကျသွားသည့်အတွက် ဒီကောင်တွေ လေယာဉ် ပျံမောင်းပြီးတော့ တို့ကိုများ လုပ်မလား။ သူတို့ထဲမှာလည်း ကရင်လေယာဉ် မှူးတွေ လေယာဉ်မောင်းတတ်သော ကောင်တွေလည်း ရှိမည်။ ဒါလည်း တွက်ရသည်။ ကျွန်တော်တို့ မေမြို့တက်လာတာ တောက်လျှောက် ၁၇ မိုင်၊ ၁၈ မိုင် အထက်တစ်ကွေ့ထိ ချောသည်။ ဟိုဘက်ကျတော့ ကျွန်တော် တို့ နည်းနည်းလေး မှောင်စပျိုးတော့မှ အနီးစခန်းကို ရောက်သည်။ အနီး စခန်းလည်းရောက်ရော တိုက်ပွဲဖြစ်တော့သည်။

❐

## အခန်း (၁၉)
## ပြင်းထန်သော မေမြို့အနီးစခန်းတိုက်ပွဲ

အနီးစခန်းက သူတို့သိမ်းသွားပြီဆိုတော့ တိုက်ပွဲအကြီးအကျယ် ဖြစ်သည်။ ဗိုလ်ခင်မောင်က ညာဘက်က ချသည်။ ကျွန်တော်က ဘယ် ဘက်က ချသည်။ အချိန်က ညနေ ၄ နာရီ ၅ နာရီ လောက်ပင်ရှိသေးသည်။ ရန်သူတွေကို မြင်သေးသည်။ ချမ်းလည်း ချမ်း၊ အေးလည်း အေးသည်။ ဖေဖော်ဝါရီလကုန်။ ဖေဖော်ဝါရီ ၂၅ နေ့ဖြစ်သည်။ တော်တော်လေး အင်အား ကောင်းနေသည်။ တိုက်ရသည့်အချိန်မှာ လူကလည်း ငယ်တာကိုး သူ့ဘက် ကိုယ့်ဘက် သေကြသည်။ သေကြပေမယ့်လည်း စိတ်က မထိခိုက်ဘူး။ မခံချင်စိတ်က ပြင်းနေသည်။

ဗိုလ်မှူးကျောင် ဦးစီးသည်။ ဗိုလ်ကျောင်ကတော့ ရှေ့မှာပဲနေသည်။ သူက သာယာဝတီသား ခပ်မိုက်မိုက်ပဲ၊ တော်တော်တော့ လုပ်တဲ့လူပဲ။ သူက အော်သည်။ "သာယာဝတီသားကွ" ဟု အော်သည်။ တစ်ခါ တလေ ဗိုလ်မှူးကျောင်က ကျွန်တော်တို့ကိုလည်း "မင်းတို့က ဖက်ဆစ်တော် လှန်ရေးလုပ်တာ၊ ဘာတော်လှန်ရေးလဲ" ဆိုတော့ ကျွန်တော်တို့နှစ်ယောက် ကလည်း မခံချင်ဘူး။ "ခင်ဗျားနဲ့ ပြိုင်ချမယ်" ပေါ့။ ကျွန်တော်တို့က လည်း "ခင်ဗျားက အင်္ဂလိပ်တပ်က လာတဲ့ကောင် ဘာကောင်မို့လဲ" ကျွန်တော်တို့ နှစ်ယောက်က ဒီလိုစိတ် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဘာလုပ် ညာလုပ်ပြောလျှင် ရမ်းသည်။ ညဘက်ကျတော့ ဗိုလ်ခင်မောင်က လေယာဉ်ပျံကွင်းကို ဆင်းရော၊ ဆင်းပြီးချကြတော့ နိုင်လိုက်သည်။ ကျွန်တော့်ဘက်က လမ်းမပေါ်ဆိုတော့ နည်းနည်းမှောင်စပျိုးချိန် ကျွန်တော်တို့ နှစ်တပ်ပြန်ဆက်မိသည်။ ဆက်မိသည့်အခါ ဗိုလ်မှူးကျင်က ကားနှင့် ပေါက်ချလာသည်။

အခြေအနေကြည့်တော့ တုံးလုံးပက်လက် သေတာတွေ၊ ဘာတွေမြင်ရသည်။ ဟိုဘက်ကရော ကျွန်တော်တို့ဘက်ကရော၊ ကျွန်တော်တို့ဘက်ကလည်း သေသည့်လူတွေသေ၊ ဒဏ်ရာရသောကောင်တွေ နောက်ကလာကြည့်သည့်ကားနှင့် မန္တလေးဆေးရုံပို့ရသည်။ ဒီမှာတစ်ခုတော့ ပြောရမည်။ ပြောရသည်မှာ စိတ်တော့မကောင်းဘူး။ သည်ကြားထဲမှာက ရဲဘော်ဖြူနှင့် ကွန်မြူနစ်တို့ သူတို့ကလည်းပဲ KNU တွေဟာ နယ်ချဲ့အင်္ဂလိပ်တွေဖြစ်သည်။ တို့လည်းတိုက်မည်ဆိုပြီး ပါလာသည်။ သူတို့က နောက်ကပါလာသည်။ တိုက်မယ်ဆိုပြီး ပါလာသည်။ ပါလာလျက်နှင့် တကယ်တော့ တိုက်တော့ မဟုတ်ဘူး။ သူတို့က ကျွန်တော်တို့ဆီမှ ကျဆုံးသူတွေ၏ လက်နက်တွေကို အကုန်ကောက်ယူကြသည်။ မန္တလေးက ရတဲ့ ရိက္ခာတွေကိုလည်း သူတို့စားကြသည်။ ရှေ့ကိုရောက်တာ နည်းသည်။ မန္တလေးက ရဲဘော်ဖြူတွေ။

ကွန်မြူနစ်လည်း ပါသည်။ သူတို့ကလည်း "ဒီကျူးကျော်တဲ့စစ်ဟာ ဒါအင်္ဂလိပ်နယ်ချဲ့က လွတ်လပ်ရေးပေးရတာ၊ မပေးချင်ဘဲနဲ့ ပေးတာဆိုတာ အတုအယောင်မို့လို့ တိုက်တာ" ဆိုပြီးတော့ ခံယူချက်တွေရှိပြီးတော့ သူတို့ကလည်း ကျွန်တော်တို့နှင့် ပေါင်းယောင်ဆောင်ပြီး ဝင်လာသည်။ သူတို့ထဲက တစ်ယောက် နှစ်ယောက်လောက် နာမည်မှတ်မိသည်။

ရဲဘော်ထွန်းညိုကို မှတ်မိသည်။ ထွန်းညိုမိန်းမတောင် တစ်နေ့က ကျွန်တော့်အိမ်လာသွားသေးသည်။ သူက ရဲဘော်ဖြူ ဗိုလ်ထွန်းညို၊ သူက ယခင် ကျွန်တော်တို့တပ်ထဲကနေပြီးတော့ ကရင်နှင့်တိုက်ပွဲဖြစ်ချိန်မှာ တပ်က ထွက်သွားပြီးတော့ ရဲဘော်ဖြူထဲ ရောက်နေသည်။

ကွန်မြူနစ်ထဲမှာ ဟိုလူလည်း ပါသည်။ လူထုဦးလှနှင့် မယားညီ အစ်ကိုတော်သူ၊ ဒေါ်တင်တင်နှင့် ရတဲ့သူ၊ ယခုတော့ ဆုံးသွားပါပြီ။ သူ



တို့လည်း ပါသည်။ ပါတာတော့ စေတနာနှင့်ပါတာပါပဲ။ သူတို့က ဒီမှုအရ ကရင်ကို ဖြိုခွင်းရမည်။ နောက်ပိုင်းမှာတော့ တိုက်ရင်းနှင့် ကျွန်တော်က ဗိုလ်ခင်မောင်ဘက်ကို ကူးသွားတော့ သူကလည်း လေယာဉ်ပျံကွင်း သိမ်းပြီးပြီ။ လေယာဉ်ပျံတွေပြီ၊ ဗိုလ်ခင်မောင်က လက်မှာ ဒဏ်ရာရသည်။ ကျည်ဆန်ဖောက်ပြီးတော့ ပွင့်သွားသည်။ ဆေးပတ်တီးတော့ ပတ်ပြီးပြီ။ ကျွန်တော်က ပြောသည်။ "ခင်မောင် မင်းနောက်ပြန်ပြီးတော့နေ၊ မင်းတပ်ကို ငါပေး ငါတိုက်မယ်"ဆိုတော့ "မဟုတ်ဘူး၊ ငါ့တပ်နဲ့ ငါပဲ တိုက်မယ်" သူက ဆက်ပြီးတော့ နေမယ်ဟု ပြောသည်။

"အေး ကောင်းပြီလေ" ဆိုပြီးတော့ နှစ်ယောက်တိုင်ပင် နေတုန်းမှာ ဗိုလ်မှူးကျင်က ပေါက်ချလာပြီးတော့ "ဒီလေယာဉ်ပျံတွေ ဘာလုပ်ဖို့ထားသလဲ၊ အကုန်လုံးဖျက်ဆီးပစ်" ဟု ပြောသည်။ ကျွန်တော်တို့က မဟုတ်ဘူးလေ၊ ဒီလေယာဉ်ပျံဆိုတာ ခုနက စမစ်ဗိုင်းယား လေယာဉ်ပျံနှစ်စင်းက ရှိနေသေးသည်။ ကျွန်တော်တို့တိုက်တော့ ကရင်ကပြေးပြီ၊ လေယာဉ်ပျံကွင်းတစ်ကွင်းလုံး ရလိုက်ပြီ၊ ရှေ့ဆက်လို့လည်း ရပြီ၊ တော်တော်နိုင်လိုက်ပြီ။ ကျွန်တော်တို့က အားများတာကိုး။ သူတို့က အင်အားသိပ်မရှိဘူး။ နောက်ပြီးတော့ ပြည်သူလူထုကလည်း သူတို့ကို မထောက်ခံဘူး။ ပြဿနာက ဒါပဲ။ ပြည်သူလူထုက သူတို့ကို ထောက်ခံမှု မရဘူးလေ။ မေမြို့က ဘယ်အားပေးမလဲ၊ ကရင်ကိုတော့ အားမပေးဘူး။ ဒါကြောင့် ပြည်သူလူထုအားက အဓိက ဆိုတာပဲ။ ကျွန်တော်တို့က တိုက်ရင်းနှင့် ဗိုလ်မှူးကျင်က လာပြီးတော့ "ဒီလေယာဉ်ပျံတွေကို ဖျက်ဆီး"တဲ့။ "ဟာ ကျွန်တော်တို့ အကုန်လုံး ဆက်သိမ်းပြီးတော့ မောင်းတဲ့လူရရင် ဒါကျွန်တော်တို့ အသုံးချတာပေါ့" ဆိုတော့ "မလိုချင်ဘူး၊ အန္တရာယ်နဲ့ပတ်သက်တာ အားလုံး ရန်သူ့ပစ္စည်းကို အကုန်လုံး ဖျက်ဆီးရမယ်" ဆိုတော့ စိတ်ညစ်လိုက်သည်မှာ ကမ်းကုန်သည်။

ည ၉ နာရီလောက်ရှိပြီ။ တော်တော်မှောင်နေပြီ။ မှောင်နေပြီးတော့ ဗိုလ်ခင်မောင်ကလည်း လက်က နာပေမယ့်လို့ အောင့်ပြီးတော့ လိုက်နေရာသည်။ "မဖျက်လို့ မရဘူးလား" ထပ်မေးတော့ "ဟာ အမိန့်က အမိန့်ပဲ" တဲ့။ ကျွန်တော်ကလည်း စစ်သားကိုး။ "အမိန့်ဟာ အမိန့်ပဲ လာဖျက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျွန်တော်တို့ ဘားမား အင်ဂျင်နီယာ တပ်က ရဲဘော်တွေပါတော့ beehive မီးလောင်ဗုံးပါလာတယ်။ အဲ့ဒါကို နှစ်လုံးစီကပ်ပြီးတော့ လေယာဉ်ပျံကို မီးရှို့သည်။ ကျွန်တော်တို့ ဒီလို ရပ်ကြည့်နေရင်း ဝုန်းဆို ပေါက်လိုက်သည်။ တစ်ခါတည်း မြောက်တက်သွားပြီးတော့ မီးပွားတွေ ပြန်ကျလာသည်။ "ဟာ ပြေးဟ၊ ပြေး ပြေး"ဆိုပြီး အော်ကြသည်။ ကျွန်တော်သိမှမသိဘဲကိုး။ အနားကပ်ပြီး ခပ်လှမ်းလှမ်း ရွှေ့လိုက်တော့ ဝုန်းဆိုပေါက်တော့ မီးလုံးက ဖြာပြီး တစ်ခါတည်း အပေါ်ကို အမြင့်ကြီးတက်သွားပြီး ပြန်ကျလာ ဘောင်း ဘောင်း ဘောင်း ဆိုတော့ အောင်မယ်လေး ပြေးတာ ဒုက္ခများလှသည်။

လေယာဉ်ပျံမှာ ဗုံးကိုကပ်ပြီးတော့ အဝေးထိန်းခလုတ်နှင့် ဗုံးကို ဖောက်သည်။ အထဲမှာရှိတဲ့ ဓာတ်ဆီတွေကလည်း လောင်၊ နောက်ပြီးတော့ ကျည်ဆန်တွေကလည်း ပေါက်၊ တစ်ညလုံးပဲ၊ ဘုန်း ဘောင်း ဘိန်း ဘောင်း ပေါက်နေတာ၊ နောက်ကျတော့ ပြီးသွားသည်။ နောက်တော့ ကျွန်တော်တို့ ဆက်ပြီးတော့ တိုက်ရသည်။ တိုက်တော့ ဒီနေ့က ကျွန်တော်တို့ လွန်သွားတော့ နည်းနည်းပါးပါး စားစရာ သောက်စရာလေးလည်းရ ဆက်ချီသွားရင်း ကားက အနီးစခန်း တစ်ဆစ်ချိုး ဇစ်ဇက်ဆင်းလာရသည်။ သည်မှာပင် ကျွန်တော် ကားသံကြားသည်။ ကားသံကြားတော့ ရန်သူထံ စစ်ကူလာတာပဲ ဆိုပြီးတော့ "ဒီလိုဆိုရင် ငါတို့လမ်းကဖြတ်တိုက်မယ်" ဆိုပြီးတော့ ရဲဘော်တွေနှင့် ကုန်းပေါ်တို့ ပြန်တက်သည်။ ကုန်းစောင်းတွေမှာ ကျွန်တော်တို့ တန်းစီနေလိုက်သည်။ အဲ့ဒီတုန်းက ရှေ့မှာ ကျွန်တော်တို့တပ်က လူတွေ ၁၅၀ လောက်၊ စီလိုက်ပြီးတော့ စောင့်နေသည်။ ရန်သူဆင်းချလာသည်။

ကားက အလံက KNU အလံပြာပဲ၊ သူတို့ ဖားစည်တံဆိပ်နှင့် ဆင်းချလာသည်။ ကျွန်တော်တို့ ချတာ၊ ဟာ တဝုန်းဝုန်းနဲ့ အပြတ်ချပစ်တာ တစ်ခါတည်းပွဲကြမ်းပါရော။ ရန်သူ့ကားက နှစ်စင်း၊ နှစ်စင်းမှာ ပထမ အစင်းလွန်သွားတော့ နောက်တစ်စင်းနှင့် ချတော့ ရှေ့ကလည်း ပိတ်ထားတော့ ချတာ၊ဟာ အဲ့ဒီမှာ တကယ်ကို ရန်သူတွေ အတုံးအရုံးပဲ။ ပထမ အစင်းက မလွတ်ဘူး။ ကျွန်တော်တို့ လိုင်းတန်းထားတာကို မလွတ်တဲ့အချိန်



မှတ်ယကားအဝင်မှာ ကျွန်တော်တို့ ဝိုင်းပစ်တာ၊ ရှေ့ကကောင်တွေကလည်း ရှေ့ကနေ ပစ်ရင်းနှင့် ရှေ့က ခုန်ဆင်းပြီးတော့ ကားရှေ့ကနေ တည့်တည့် ပစ်တာ၊ ဒီမှာ တော်တော်ကျကြသည်။ KNU တွေ။

သူတို့ KNU တွေ ကားလည်း ရလိုက်သည်။ ပစ္စည်းတွေလည်း ရလိုက်သည်။ ရပ်ပြီးတော့ တချို့ ၃၊ ၄ ယောက် ဆင်းပြီးတော့ လွတ်သွားတဲ့ကောင်တွေက ကျွန်တော်တို့နောက်ကျော်ကို ဖောက်ပြီး ဝင်သည်။ တိုက်ဖို့ဝင်တာ မဟုတ်ဘူး။ ပြေးတာ၊ ဒါပေမယ့် ကျွန်တော်တို့ နောက်ကျော်မှာ ဒီကောင်တွေကို လိုက်ပစ်သည်။ ကျွန်တော်တို့တွေကလည်း ဒီနေ့ တော်တော်လေး နိုင်လိုက်ပြီးတော့။ အနီးစခန်းနှင့် တစ်မိုင်ခွဲ နှစ်မိုင်လောက် သိပ်မဝေးဘူး။ ဒါလည်း ပြီးရော စီမံချက်ဆွဲမယ်ဆိုပြီး စီမံချက်ဆွဲပြီးတော့ ဘယ်လိုဝင်မလဲ၊ ဘယ်လိုတိုက်မလဲ လုပ်ကြသည်။ သည်နေရာက မေမြို့နှင့် ဝေးသေးသည်။ အနီးစခန်းဆို ဝေးသေးသည်ပေါ့။ ၇ မိုင်၊ ၈ မိုင် လောက်ရှိသေးသည်။ တက်ရဦးမည်။ အပေါ်ခရီးကို တစ်ဆင့်တော့ တက်ရဦးမည်လေ။ အနီးစခန်းကနေ မေမြို့ကို တက်သောလမ်းရှိသည် မဟုတ်လား။

မေမြို့ အကွေ့အတက်ကို တက်ရမည်။ တက်လျှင် အပေါက်ဝ ကျောက်တောင်ရှိသည်။ ကျောက်တောင်ရောက်လျှင် မေမြို့ထဲဝင်ပြီ။ နံနက်ကျ တိုက်မယ်ဆိုတော့ ဗိုလ်ခင်မောင်က အနားနှင့် "ခင်မောင် မင်းရှေ့ထပ်တိုက်မယ်ဆိုရင် မင်းတပ် ငါကိုပေးတော့၊ မင်းသွားဆေးကု" ဆိုတော့မှ ဆေးသွားကုမယ်ဆိုပြီး သူ မန္တလေး ပြန်သွားမည်။ ကျွန်တော်တို့မှာလည်း ကားတွေပါလာတာကိုး။ ကျွန်တော်တို့ ကားတွေရှိသည်။ မန္တလေးကို ပြန်ပြီးတော့ ပို့လိုက်မည်။ သူ့တာဝန်ပါ ပေါင်းလိုက်တော့ ကျွန်တော်တာဝန် တော်တော်များလာသည်။ သူ့ဘက်ကလည်း တပ်သား ၂၅၀ လောက်ရှိတော့ ကျွန်တော့်မှာ လူ ၅၀၀ လောက် ရှိပြီ။ တပ်ကြီးတစ်ခွဲလုံးရှိသည်။ ကျွန်တော် တစ်ယောက်တည်းပဲ။ ကျွန်တော့်တပ်က ကျွန်တော်ရှိသည်။ နောက်ပြီးတော့ လက်ဖတင်နှင့် ဗိုလ်လေးတစ်ယောက်ရှိသည်။ ဒီကောင်လေးက ရှမ်း။ နာမည်က ဗိုလ်ချစ်စိန်။ ဒီပွဲက ပြည်တွင်းစစ်မှာ ပထမဦးဆုံး စတာပဲ၊ ကျွန်တော်တို့ စချတာပဲ၊ ပထမဆုံး စတွယ်သောပွဲပဲ။

ဗိုလ်ခင်မောင်က ကျွန်တော်တို့ကို ခေါ်သည်။ တိုက်ပွဲတွေပြီးသွားပြီးတော့ ချုံခိုတိုက်ပွဲတွေ ပြီးသွားပြီးတော့ ခေါ်သည်။ မေမြို့ကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုပြီး စီမံသည်။ ဗိုလ်မှူးကျင် ရောက်လာပြီ။ သူက မေမြို့ကို ဒီတိုင်းကားတွေနှင့် စွတ်ဝင်ပြီးတော့ တိုက်မည်။ ကျွန်တော်က ညောင်ကားယားကနေပြီးတော့ ကွေ့ဝင်ပြီးတော့ တိုက်မည်။ ညောင်ကားယားဆိုတာ အခု မေမြို့ကန်တော်ကြီး လုပ်သည့်နေရာ အစွန်နပဲ။ လမ်းပေါ်ဘက် အစွန်။ ညောင်ကားယား အခုလည်း ရှိသည်။ ညောင်ကားယား ညောင်ပင်တွေ အခုထက်ထိ ရှိနေတာပဲ။ "အဲဒီတော့ ခင်ဗျား ညောင်ကားယားက ဖြတ်ပြီးဝင်ပေါ့" တဲ့။ ကျွန်တော်တို့က ဒီလို မဝင်ချင်ဘူး။ ဒီလို ခပ်လုမ်းလုမ်းကနေ လှိုပြီး အထဲဝင်လိုက်မယ်။ အထဲကနေပြီးတော့မှ ထုထည်သေးတဲ့ဟာတွေကို ထုနှဲချမယ်။ ကျွန်တော့်အစီအစဉ်က "မြို့ထဲကို အခြားလမ်းက ပတ်ဝင်မယ်" သူက မဟုတ်ဘူး၊ ထုနဲ့ ဒီရှိတဲ့ ကျောက်တောင်ကို ဖောက်တိုက်လို့ ကျောက်တောင် စခန်းပေါက်သွားရင် မြို့ကို အကုန်ရပြီပေါ့။ သူပြောတာက မြို့ရလို့ရှိရင် "**ပင်းသာစားသောက်ဆိုင်မှာ**" ထမင်း ကျွေးမယ်ပေါ့။ သူ့တာဝန်က ပင်းသာမြို့ထဲမှာ ကျွန်တော်တို့ စားသောက်ရေးရုံကြီးရှိသည်။ အစားအသောက် အကုန်ရသည်။

ဗိုလ်ခင်မောင် မန္တလေး မပြန်သေးဘူး။ ဒီအချိန်မှာ ဗိုလ်မှူးကျင်ပြောတာက "မင်းတို့ တော်လှန်ရေးတောင် တိုက်လာတာပဲ၊ ဒီဟာလောက်မင်းတို့ အင်အားစုနဲ့ မတိုက်နိုင်ဘူးလား" ဆိုတော့၊ ကျွန်တော့်က ပြောတာပေါ့ "တိုက်နိုင်တယ်၊ တစ်ခုပဲ မေးမယ်၊ ခင်ဗျားတို့ ကျောက်တောင်တကယ်လို့ ရလို့ ကျတယ်၊ ခင်ဗျားပြောတဲ့အတိုင်း ခင်ဗျားတပ် ထုဟာဖောက်ပြီး ဝင်လာမလား"

ကျောက်တောင်က မေမြို့အပေါက်ကို ဝင်တဲ့နေရာမှာ ရှိသည့် ကျောက်တောင်။ ကျောက်တောင်ရဲ့ ဟိုဘက်ကမ်းက ကုန်းမြင့် ဒီဘက်က ကုန်းမြင့် မေမြို့ကို ဝင်တဲ့အပေါက် ယခုလည်း ရှိသည်။ ယခုအပေါ်က ဆိုင်းဘုတ်ကြီးနှင့် "ပြင်ဦးလွင်မှ ကြိုဆိုပါ၏"လို့ ရေးထားသည်။ ဟိုဘက်တောင်က အခု ဘုရားလေးရှိသည်။ ဟိုတုန်းကလည်း ဘုရားလေးရှိသည်။ သူက ဒါပြောတာ ဒီကျောက်တောင်ကို အင်အားထုနှင့် တိုက်ဝင်မည်။ သူတို့ ပြိုသွားလျှင် မြို့ထဲဝင်လို့ရမည်။ မြို့ထဲဝင်လို့ရလျှင် **ပင်းလာ**မှာ မင်းတို့ကို ထမင်းကျွေးမည်။ မြို့သိမ်းမည်။ ရှိသည့်အင်အားနှင့် ဟိုမှာကလည်း ကျွန်တော်တို့ အစွယ်အပွားတွေက ရှိမည်။



စီမံချက်ဆွဲတာ ညကြီးပေါ့။ ည ၁၀ နာရီလောက်ရှိပြီ။ သူ ပြန်ခေါ်လို့ လာတာ၊ သူက ခေါ်လိုက်တယ်ဆိုပြီးခေါ်လို့ ကျွန်တော်က လာရသည်။ ဒီမှာ သူက စီမံချက်ဆွဲတာ သူ့စီမံချက်က တစ်ခါတည်း ကျွန်တော့်တပ်ဖွဲ့ ရှေ့ကတိုက်ပြီးတော့ ထုက ကျွန်တော်တို့ လူထုကလည်း များသည်။ ပေါက်သွားခဲ့လို့ရှိလျှင် မြို့ထဲဝင်မယ်ဆိုသည်။ အားလုံးက လှိုဝင်ချင်တယ်ဆိုတာ မရဘူး။ ဒါနဲ့ ကျွန်တော်တို့က ကောင်းပြီဆိုပြီးတော့ စီမံချက်ဆွဲပြီး ကျွန်တော်ကလည်း ညောင်ကားယားဘက်က သွားရသည်။ တည့်တည့်မသွားရဘဲ ညောင်ကားယားဆိုတော့ ကျောက်တောင် အနောက်ပိုင်း ရောက်သွားသည်။ ပြောရဦးမည်။ ရောက်တော့ အကုန်လုံးပါသည်။ တပ်က အများကြီးပဲ၊ ဗိုလ်ခင်မောင့်တပ်ရော၊ ကျွန်တော့်တပ်ရော ပါသည်။ တိုက်တာကတော့ သူတို့နှင့်ပြောပြီး မနက်ချီတက်ကြသည်။

ကျွန်တော်တို့က တိုက်ဖို့အတွက် စီမံချက်ဆွဲပြီးတော့ တက်နေပြီ။ ကျွန်တော်က ညောင်ကားယားကနေပြီးတော့ ဖောက်ချမည်။ ဖောက်ပြီးသောကနေ ဝင်မည်။ သူတို့ကလည်း BE က ဟိုမှာ တိုက်နေပြီ။ ရှိနေတဲ့ ဝင်လာသည့်ကောင်တွေကို ချနေသည်။ ဟိုဘက်က ကျွန်တော်တို့ လားရှိုးဘက်အထွက်ဘက်မှာ ဖြစ်သည်။ ရေချမ်းအိုးစင်တိုက်နေပြီ ဒါလည်း သိသည်။ ကျွန်တော်တို့ ဝင်လိုက်တာနှင့် သူတို့နှင့် အဆက်ရမည်။ ပြီးရင် ထုရှိတဲ့အင်အားတွေကို တိုက်မည်။ ဗိုလ်ခင်မောင်ကတော့ မန္တလေး ပြန်သွားပြီ။ ကျွန်တော်ကတော့ တက်လာသည်။ ချီတက်ပြီ၊ ချီတက် ချီတက် သွားရင်းသွားရင်းနှင့် အစားအသောက်ကလည်း မရတစ်ချက် ရတစ်ချက် မရတာများပါသည်။ ရွာကလည်းပဲ ပစ်သံတွေ ဘာတွေကြားတော့ လူကလည်း မရှိဘူး။ မရှိတော့ ရသောဆန်လေး ထုခွဲစားသောက် ဒီလိုပဲ သွားရသည်။ သွားတော့ ညောင်ကားယားအလွန်မှာ ကျွန်တော်တို့ အိပ်ကြသည်။

လောလောဆယ် မတိုက်ရသေးဘဲနှင့် ရန်သူကိုကွင်းပြီးတော့ ကျွန်တော်တို့က သူတို့ထုရှိမယ့်နေရာကို နောက်ကတိုက်ဖို့အတွက် သွားသည်။ သွားရင်းနှင့် ညောင်ကားယားရွာမှာ အိပ်ကြပြီးတော့ မနက်ကို ဆက်ချီတက်ပြီး အသင့်အတင့် စီစဉ်ပြီးတိုက်မည်။ ညောင်ကားယားရွာမှာ အိပ်လိုက်ပြီးတော့ မနက်မိုးလင်းခါနီးကျတော့ ရဲဘော်တပ်ကြပ်ကြီး မြဝင်းတစ်ယောက်ရောက် လာသည်။ "ဗိုလ်ကြီး ဗိုလ်ကြီး ရှမ်းတပ်တွေ မရှိတော့ဘူး" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ခင်မောင်တပ် မဟုတ်ဘူး။ ဗိုလ်ခင်မောင်တပ်က ဗမာများသည် ကျွန်တော့်တပ်က ရှမ်းတပ်စုတွေပါသည်။ "ရှမ်းတပ်တွေ မတိုက်တော့ဘူး ဗျ၊ လက်နက်တွေလည်း ထားသွားပြီတဲ့" "ဟာ ဘယ်လိုဖြစ်တာလဲ" ဆိုတော့ "သူတို့က ပြောသွားတယ်ဗျ၊ ကရင်နဲ့ ဗမာနဲ့ဖြစ်တာ တို့ရှမ်းနဲ့ ဘာမှမဆိုင်ဘူး၊ တို့မတိုက်နိုင်ဘူးဆိုပြီး သွားတယ်" ကျွန်တော်လည်း ကမန်းကတန်းနှင့် "ဘယ်ကိုသွားတာလဲ" ဆိုတော့ "ဒီဘက်ကို ထွက် သွားတယ်" ကန်တော်ကြီးဘက်ကို ထွက်သွားတယ်" ရှမ်းတပ်ကလည်း ၁၀၀၊ ၁၅၀ လောက်တော့ ရှိမည်။

တပ်စု တစ်စု ၄၀ ဆိုတော့ သူတို့လည်း ကျွန်တော်က ရှမ်းတပ်စု ထရိန်နင် ပေးနေတာကိုး။ ရှမ်းတပ်အတွက် ကျွန်တော်က လေ့ကျင့်ခန်းပေး တော့၊ ဒီတပ်စု ကျွန်တော်က ခေါ်လာတာကိုး။ အမြန်ပြေးလိုက်တော့ သူတို့ကို မိသည်။ ကျွန်တော် မှတ်မိသေးသည်။ ဗိုလ်ခွန်ကျော်ဖအား၊ ဗိုလ် ခွန်ရွှေထိုက်၊ သူတို့နှစ်ယောက် အုပ်ချုပ်သောတပ်။ သူတို့က စော်ဘွား သားတွေ ခွန်ရွှေထိုက်နှင့် ခွန်ကျော်ဖအား။

လက်ဖတင်နင်တွေ တပ်စုမှူးတွေ။ ကျွန်တော် လှမ်းခေါ်တော့ သူတို့ရပ်သည်။ "နေကြဦးလေ နေကြဦး" ဆိုတော့ သူတို့ရပ်သည်။ "မင်းတို့ ဘာဖြစ်လို့ မတိုက်တာလဲ" ဟု ကျွန်တော်က မေးသည်။ သူ တို့က "ဗမာနဲ့ ကရင်နဲ့ဖြစ်တာ ရှမ်းနဲ့ ဘာမှမဆိုင်ဘူးတဲ့" အဲ့ဒီတော့ "ဟာ တပ်က ပြည်ထောင်စု လေ့ကျင့်ပေးတဲ့တပ်၊ မင်းတို့ မဆိုင်ဘူးလို့ ပြောလို့မရဘူး" ဆိုတော့၊ သူတို့က "မတိုက်နိုင်ဘူး" တဲ့။ သူတို့က ပြောသည်။ "မင်းတို့ဟာ ဒီလိုဆိုရင် အာဏာဖီဆန်တာ ဖြစ်တာပေါ့" ဆိုတော့ "ကျွန်တော်တို့ ဒါ အာဏာဖီဆန်တာလည်း မဟုတ်ဘူး" တဲ့။ "ဒီလိုဆို ကောင်းပြီ ငါတော့ တိုက်ရမယ်၊ ရန်ကုန်မှာ အစိုးရရှိနေတယ်၊ ငါနားလည်တယ်၊ ရန်ကုန်အစိုးရ ကျမသွားသေးဘူး၊ ရန်ကုန်အစိုးရ ရှိနေသေးတဲ့အတွက် အုပ်ချုပ်ရေးရှိတယ်၊ တို့သူပုန် မဟုတ်သေးဘူး၊ ငါ တို့က စစ်သား၊ ဒီရန်သူရှေ့မှာ ဒီရန်သူကို ကြောက်လန့်တဲ့ဟာကို ပြရင် ဒါဟာ ပြစ်ဒဏ်ကြီးတယ်၊ အမိပ္ပာယ်ကတော့ "In the face of ememy to show cowardice" ရန်သူနဲ့ ယှဉ်ပြိုင်တိုက်နေစဉ်မှာ မိမိရဲ့ ကြောက်ရွံ့



တာကိုပြတယ်၊ ရန်သူရှေ့မှာ သတ္တိနည်းတာကိုပြရင် ဒါအပြစ်ပဲ၊ မင်းတို့ အခု ရန်သူနဲ့မတိုက်ဘူးဆိုရင် သတ္တိနည်းလို့ မတိုက်ဘူး၊ အဲ့တော့ မင်းတို့ ပြောတဲ့စကား မဟုတ်ဘူး၊ ကောင်းပြီ ငါကတော့ ဆက်တိုက်မယ်၊ ငါ ဆက်တိုက်ဖို့အတွက် ငါ့မှာ တာဝန်ရှိသည်၊ ငါ တိုက်ရမယ်၊ ဒီတော့ မင်းတို့က ငါ့တပ်စု ငါအုပ်ချုပ်တာ၊ မင်းတို့ မတိုက်ဘူးလို့ပြောရင် မင်းတို့ ပြောတဲ့အတိုင်းပဲ ကရင်နဲ့ ဗမာဖြစ်လို့ မတိုက်နိုင်ဘူးဆိုတာကို မင်းတို့ရေး စာရွက်မှာ လက်မှတ်ထိုး၊ ငါက အပေါ်က တပ်မှူးဖြစ်တဲ့အတွက် မင်းတို့က ငါ့လက်အောက်က အုပ်ချုပ်တဲ့ တပ်စုမှူးတွေဖြစ်တဲ့အတွက် ငါကတိုက်ရ မယ်လို့ အမိန့်ပေးတယ်" ကျွန်တော်က စာရွက်ပေါ်မှာ စာရေးခိုင်းသည်။ "အဲ့ဒါနဲ့ ပတ်သက်လို့ မင်းတို့က ဗမာနဲ့ ကရင်နဲ့ဖြစ်တဲ့အတွက်ကြောင့်မို့ လို့ မတိုက်နိုင်လို့ မင်းတို့ ထွက်သွားမယ်လို့ ဒါပဲရေး၊ သဘောတူရင် လက်မှတ်ထိုး"

ခုနကပြောသော ခွန်ကျော်ဖအားနှင့် ခွန်ရွှေထိုက် မှတ်မိသေးသည်။ သူတို့ နောက်ပိုင်း အမေရိကား ရောက်သွားသည်။ သူတို့တွေက တွေဝေ နေပြီးတော့ ရှမ်းတပ်သား ကောင်လေးတွေကလည်း သူတို့ကို ကြည့်နေ သည်။ ကြည့်နေရင်းမှ ပြီးလည်းပြီးရော "ဘယ်လောက်ကြာအောင် တိုက် ရမလဲ" တဲ့။ "ဒါတော့ မသိဘူး" ဆိုတော့၊ "ထမင်းတွေ ဘာတွေ ရိက္ခာတွေကရော" တဲ့။ "ဒါလည်း တို့စားသလို စားရမှာပဲ၊ တို့မြို့ရောက် ရင်တော့ စားရမှာပဲ၊ နောက်မှလာလည်း စားရမှာပဲ ဒါအတူတူပဲ" ဆို ပြီး ပြောလိုက်တော့မှ စာချုပ်ကို လက်မှတ်မထိုးဘဲနဲ့ ပြန်ပေးသည်။ "မင်း တို့ ပြန်တိုက်မယ်ပေါ့" ဆိုတော့ "ပြန်တိုက်မယ်" ဟု ကတိပေး၍ ပြန်ခေါ်လာသည်။

ပြန်ပါလာသည်။ ပြန်ပါလာပြီးတော့ ကျွန်တော်တို့ ကန်တော်ကြီး စောင်း ရောက်ပြီးတော့ တပ်ကိုပြန်သည်။ နောက်တစ်နေ့ကျတော့ ကျွန်တော် တို့ ပြင်ဆင်ပြီးတော့ အကြီးအကျယ် တိုက်တော့သည်။

နောက်တစ်နေ့တိုက်ကြတော့ ကျွန်တော် ဒဏ်ရာရသည်။ ကျွန်တော် တို့ တက်သွားသည်။ မမြို့အစွန်ဘက်များက ကန်တော်ကြီးစောင်းနားမှာ တည်းအိမ်လေးတွေ ရှိသည်။ အခုလည်း အိမ်လေးတွေ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ပုဂ္ဂလိကပိုင်အိမ်ကလေးတွေ ဖြစ်နေပါပြီ။ တချို့လည်း ဟိုတယ်တွေ၊ ဘာတွေဖြစ်နေပါပြီ၊ ဒီအောက်မှာ ကျွန်တော်တို့ စခန်းချပြီးတော့ ဆောင်းတွင်းကြီး၊ ချမ်းလိုက်တာ အကျီအဝတ်အစားကလည်း မရှိဘူး။ မြို့ကို မသိမ်းရသေးဘူး။ နောက်တစ်နေ့ တိုက်ဖို့အတွက် ချီနေကြတာ၊ ချမ်းကလည်း ချမ်း တစ်ခါတည်းကို ပါလာတာကလည်း ကိုယ့်ကိုယ်မှာပဲ ပါလာသည်။ လူကလည်း သိပ်ချမ်း၊ ပြီးတော့ အဲဒီနေ့က ကျွန်တော် မှတ်မိသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ တိတိကျကျ မှတ်မိသည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့။ ၂၇ ရက်နေ့ ည ကျွန်တော်တို့ ရောက်သည်။ ၂၇ ရက်နေ့တွင် ဒီကောင်တွေနှင့် တိုက်ပွဲဖြစ်သည်။ လင်းအားကြီးမှာ ဝင်တိုက်မယ်ဆိုပြီးတော့ ကျွန်တော် စီမံပြီး တက်ကြသည်။ ချမ်းလိုက်တာ ဗိုလ်သန်းအောင်က "ဟာ ဗိုလ်ကြီး သိပ်ချမ်းနေတယ်၊ နွေးအောင် ကျွန်တော် လုပ်ပေးမယ်" တဲ့ "ဘယ်လိုလုပ်ပေးမလဲဆိုတော့ "ဟိုနားမှာ ကြက်မွေးထားတာ ရှိတယ်ဗျာ၊ ကြက်မွေးထားတဲ့အိမ်မှာ ကြက်ကို ကောက်ရိုးတွေနဲ့ မွေးထားတာ၊ ကောက်ရိုးကို ကျွန်တော့် သွားယူမယ်"ဆိုတော့ "အေး သွားယူ" ပြောလိုက်တာ ကောက်ရိုးတွေ ယူလာသည်။ ယူလာပြီးတော့ ကောက်ရိုးကိုခင်း၊ ခင်းပြီးတော့မှ ကျွန်တော့်ကိုယ်အောက်ကို ထည့်ပြီးတော့ ကောက်ရိုးကိုအပေါ်က ခြုံပေးသည်။ ဘယ်အိပ်လို့ရမလဲ ကြက်သန်းတွေ ကိုက်လိုက်တာမှ တစ်ခါတည်းကို တစ်ညလုံး အိပ်လို့မရဘူး။ "ဟေ့ စောင်ဖယ် တစ်ခါတည်းကို သန်းကိုက်တာ မနေနိုင်ဘူး၊ အေးတာက တော်သေးတယ်၊ ဒီကြက်သန်းကိုက်တာ ငါ မခံနိုင်ဘူး"

ညက မိုးကို လင်းရော၊ မိုးမလင်းခင် ကျွန်တော်တို့ တောက်လျှောက်ထွက်လာပြီးတော့မှ လူတွေကလည်း ဝေ်လည်း ဝေ်၊ ဆာလည်း ဆာ၊ ကျွန်တော်ရယ်၊ ကိုထွန်းတင်ရယ် ကိုထွန်းတင်ဆိုတာ နောင်သောအခါ တရားသူကြီး အဖွဲ့ဝင်ဥက္ကဋ္ဌကြီးဖြစ်သွားတဲ့ ဗိုလ်မှူးကြီးထွန်းတင်၊ နောက်ပြီးတော့ ကိုခင်အုန်း တိုင်းမှူး၊ ဗိုလ်ချုပ်ခင်အုန်း အနုပညာရှင်လေ၊ နောက် ကိုဝင်းမောင်ဆိုတာ ရုပ်ရှင်သရုပ်ဆောင် မေဝင်းမောင်အဖေ ဗိုလ်မှူးကြီး ဝင်းမောင်။

သူလည်း ပါသည်။ နောက်ပြီးတော့ ကျော်ဇေယျဆိုတဲ့ကောင်လေး



သူက အင်္ဂလိပ်တပ်က ဆာဂျင်လေးတစ်ယောက်ပါသည်။ ကျွန်တော်တို့ ထိုင်နေရင်းနှင့် ဆာကလည်း ဆာဆိုတော့ မနက်အစောကြီး ဂေါ်ရခါး အိမ် ပဲပြုတ်၊ ပဲဆိုတာ ကုလားပဲ၊ သူက ကုလားပဲနဲ့ မဆလာတွေ၊ ဘာတွေနဲ့ ချက်မှာပေါ့။ မနက် သူတို့လည်း တိုက်ပွဲတွေဖြစ်နေတာ အစောကြီးဆိုတော့ ပဲဟင်းချက်တော့ မဆလာနံ့မွှေး။ ကျွန်တော် မှတ်မိသေးသည်။ ၅ နာရီလောက်ကြီး ကျွန်တော်တို့သွားနေတုန်း ကိုထွန်းတင်က "ဟင်းကမွှေးလိုက်တာဗျာ၊ တကယ်လို့ဗျာ ပိုက်ဆံဘယ်လောက်ပါလဲ" ဆိုတော့ "ပါတယ် နည်းနည်းပါးပါး အကြွေလေးတွေ" "ဒီပြင်ရော ဘာတွေပါလဲ" ဆိုတော့ "ဘာမှမပါဘူးဗျာ၊ ဟိုဟာလေး ဒီဟာလေးတွေ" "အဲဒီပိုက်ဆံနဲ့ သွားပြီးတော့လဲဗျာ" ဆိုပြီး သွားလဲတော့ ဟိုက မပေးဘူးဗျ၊ နောက် သူတို့က တောင်းပန်တော့ ပေးလိုက်သည်။ ထမင်းလေးနဲ့ အိုးတစ်ဝက်ပေးလိုက်သည်။ ကျွန်တော်တို့ ၄၊ ၅ ယောက်သား တစ်ယောက်တစ်ဆုပ်စီ စားကြရသည်။

ကျွန်တော်နှင့် ဘေးနားက ပါလာသည့် လေးယောက်လောက်ပင်။ ကျန်တဲ့လူတွေက ဘယ်စားရမလဲ ရေသောက်ပေါ့။ နည်းနည်းပါးပါး ရေလေးသောက် ဘာလေးသောက် ဒါပဲ၊ ကျွန်တော်တို့ကနိုင်မှ မြို့ထဲဝင်မှ အစာရမှာကိုး။ ဒါနဲ့ ကျွန်တော်တို့ စချတာပဲဗျာ၊ တောင်ပေါ်တက်တက်၊ တောင်ကိုရသည်။ တောင်သိမ်းမိသည်။ သိမ်းမိတော့ ဗိုလ်မှူးကျင်က တောင်ပေါ်က အလံပြလျှင် သူကားတွေနှင့်တိုက်ပြီးတော့ ဝင်မည်။ ကျွန်တော်တို့လည်း အလံနီပြတာသည် ဘာသံမှ မကြားဘူး။ ကျွန်တော်က ဟိုမှာကတည်းက ပြောသည်။ ဗိုလ်မှူးကျင်ကို ပြောထားသည်။ တောင်ရပေမယ့်လို့ ချက်ချင်း သူတို့က အားဖြည့်နိုင်သည်။ အနားမှာ အားရှိသည်။ ဟိုဘက်တောင်က အားဖြည့်ပြီး ဒီဘက်ကိုချရင် ဒီဘက်က အနိမ့်ခံရမည်။

ကျွန်တော်တို့က ဒီလိုပြောတာ၊ မရဘူး၊ သူက တက်ရမည်ဆိုတော့ ကျွန်တော်တို့ တက်သည်။ တောင်ကို ရသည်။ တောင်ကိုတက် အပေါ်လည်းရောက် တစ်ခါတည်း ဟိုဘက်က ပစ်တာ၊ ကျွန်တော်တို့ အကျ[illegible]မိရသည်။ ကျွန်တော် ဒဏ်ရာရသည်။ ရဲဘော် ၄၊ ၅၊ ၆ ယော[illegible]လောက် ဒဏ်ရာရသည်။ ကျွန်တော်ကတော့ လက်မောင်းကျည်မှ[illegible]သည်။ အရိုး

www.burmeseclassic.com

www.burmeseclassic.com



မထိဘူး။ အရိုးထိမှန်း မသိဘူးလေ၊ ကျည်ဆန်မှန်တာကို လူကတစ်ပတ်ကို လည်ပြီးတော့ ဘုန်းဆို လဲသွားသည်။ ဘယ်လောက် ဒီသေနတ်က ပြင်းလည်းဆို လက်ကိုမှန်ပြီး အရှိန်နှင့်ကို လဲသွားသည်။ ရိုင်ဖယ်ကျည်ဆန်ပါပဲ။ ကျွန်တော်ကိုယ်ကျွန်တော် ကျည်ဆန်မှန်တယ် မထင်ဘူး။ တစ်ခုခုနဲ့ ပစ်လိုက်လို့ ခဲနဲ့ပစ်လိုက်လို့ လဲတယ် ထင်သည် မဟုတ်ဘူး၊ ထတဲ့အခါကျတော့မှ ဒီလက်က မလို့ မရတော့ဘူး။ ကြည့်တော့မှ သွေးတွေက ဝေါခနဲထွက်နေတာ၊ ဒီမှာ တစ်ခါတည်း လူက မှန်သွားပြီးတော့ ငါမှန်ထားတယ်ဆိုတာ သိပြီ။

❐

# အခန်း (၂၀)
## ဗြိတိသျှ ယူနီယံဂျက် အလံထူ၍ ရန်သူကြားမှ လွတ်မြောက်ခဲ့ခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက် ၈ နာရီလောက် ရှိပြီ။ ကျွန်တော်ကျည်ဆန် မှန်သွားပြီ၊ မှန်သွားတဲ့အခါကျတော့မှ တစ်ခါတည်း ဆွဲချရသည်။ ဆွဲချတာ ကျွန်တော်သိသည်။ အောက်ကိုရောက်တာ သိရသည်။ ဒီအောက်ရောက်သည့်အခါမှာ ပစ်လိုက်သည့်အတွက် ကျွန်တော့်ညာဘက်က ထမ်းတဲ့ကျော်ဇေယျ ကျသွားသည်။ ကျည်ထိသွားသည်။ ထိသွားတော့ ကျွန်တော့်ရဲဘော် ၃ ဦး ကျန်တဲ့အထဲမှာ နောက်တစ်ယောက်က ဝင်ကူပြီးတော့ကျွန်တော့်ကို ဆွဲချလာပြီးတော့ ဘယ်ကိုသွားရမလဲဆိုတော့ အနားနီးရှိနေသည့် အိမ်တစ်အိမ်ထဲကို ဝင်လိုက်သည်။ ကျွန်တော်တို့က ရဲဘော်တွေကပြိုကျသွားပြီ၊ တောင်ကလည်း ရန်သူတွေ သိမ်းလိုက်ပြီ၊ မအောင်မြင်တော့ဘူး။ ကျွန်တော်တို့ဘက်က ကျသွားပြီဆိုတော့ ကျွန်တော် သတိရသည်။ ကျွန်တော့်ကို ဆွဲချသွားပြီးတော့ ထမ်းချသွားတာ ဗိုလ်ခင်အုန်း၊ ဗိုလ်ထွန်းတင်၊ ဗိုလ်ဝင်းမောင်၊ နောက်တစ်ယောက် ဘမြင့်၊ ဆာကျင် ဘမြင့်။

သူတို့က တပ်သားတွေ၊ သူတို့က အရာရှိလောင်းအတွက် သင်တန်းလာတက်သူတွေ၊ ကျွန်တော့်ဆီမှာဆိုတော့ ဗိုလ်သင်တန်းကျောင်း ဖွင့်ရင်သင်တန်းတက်ရမည်။ သူတို့က သင်တန်းကျောင်းက မဖွင့်ခင် ဗိုလ်သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက မတ်လလောက်မှာ ဖွင့်မှာ၊ အခုက ဖေဖော်ဝါရီမှာ ဖြစ်နေတော့ သူတို့က ပါလာသည်။

ဒီမှာ ပြန်ဆုတ်ရသည်။ ထမ်းစင်နှင့် ရောက်လာ အောက်ရောက်ပြီးတော့ ခွဲချပြီးတော့မှ အနားနီးက တိုက်အိမ်ထဲ ကျွန်တော်တို့ ဝင်သွားတာ၊ အိမ်ထဲရောက်ရော ရဲဘော်တွေကတော့ ဘေးမှာ သူတို့ဟာသူတို့ ရှောင်တိမ်းနေကြပြီ၊ ကျွန်တော်က အိမ်ထဲ ရောက်နေသည်။ အိမ်ပေါ်က အင်္ဂလိပ်တစ်ယောက် ဆင်းလာသည်။ သူက မေးသည်။ ဘယ်သူတွေလဲတဲ့။ မေးတော့ အစိုးရတပ်က အရာရှိလို့ ကျွန်တော်က ဖြေသည်။ ကျွန်တော် သတိရသည်။ "I am officer from Burma Army of Government Force" ဆိုတော့ "We are the Government" ပေါ့။ "ဒါပေမယ့် အခုဟိုဘက်က ဘုရားရှိခိုးကျောင်းရှိတယ်၊ အဲ့ဒီမှာလည်း တပ်ရှိတယ်၊ အဲ့ဒီက ကောင်တွေကလည်း They are the Government လို့ ပြောတယ်။ အဲ့ဒါ ဘယ်သူတွေလဲဆိုတော့ "KNDO လို့" ဆိုတော့ သူက နားမလည်ဘူးလေ။ ဒါပေမယ့် သူနားလည်တာက ဘာလဲဆိုတော့ ဒီမှာတိုက်ပွဲဖြစ်နေတဲ့အတွက် ဘယ်သူဖြစ်ဖြစ် ယူနီဖောင်းအလံထောင်လို့ရှိရင် ဘယ်သူမှ မပစ်စတမ်း။ သူက အင်္ဂလိပ်က ယူနီယံဂျက်အလံထောင်ထားတာကို ထောင်ထားတော့ ဟိုဘက်ကလည်း မပစ်ဘူး။ ကျွန်တော်တို့လည်း မပစ်ရဘူး။ အဲ့လိုဖြစ်နေတဲ့အချိန်။ ဒီလိုဖြစ်နေတဲ့အချိန်မှာ အင်္ဂလိပ်က ဆင်းလာပြီးတော့ "ဒီလိုဆိုရင် ခင်ဗျားကို ဆေးရုံပို့ပေးမယ်၊ Base Medical Hospital" ဟာ အဲ့ဒီမှာတင် "KNDO သိမ်းထားတယ်၊ Insurgent က သိမ်းထားတယ်၊ သွားလို့ မရဘူး" ပေါ့။ "ဟာ ဘယ့်နှယ်လုပ်ရမလဲ" ဆိုတော့ "မင်း ဒါနဲ့ပတ်သက်တာအားလုံးကို မင်းပဲလုပ်ပေါ့"ဆိုပြီး သူပြောနေတုန်းမှာ အပြင်မှာ ကားရပ်သံကြားသည်။ ရပ်တော့ "သူ သွားကြည့်မယ်"တဲ့ သွားကြည့်တော့ KNDO။

KNDO က ကားပေါ်မှာ ရပ်နေသည်။ သူက ပြန်ဝင်လာပြီးတော့ ကျွန်တော်တို့ကို အခန်းအပေါ်ထပ်ကို ခေါ်သွားပြီးတော့ "အဲ့ဒီမှာနေ"တဲ့။ အင်္ဂလိပ်နာမည်က John တဲ့။ Boombay Burma သစ် ကုမ္ပဏီ ကပဲ၊ ဆင်းလာပြီးတော့ သူ ဘာပြောလဲမသိဘူး၊ ကျွန်တော်တို့က အပေါ်မှာ



အခန်းထဲမှာ သေနတ်ကိုင်ပြီး အဆင်သင့်ရှိနေကြသည်။ ၄ ယောက်ပဲရှိသည်။ ဘမြင့်ရယ်၊ ခင်အုန်းရယ်၊ ဝင်းမောင်ရယ်၊ ထွန်းတင်ရယ် ဒါပဲရှိသည်။ သူတို့က ငြိမ်ပြီးနေသည်။ ကိုခင်အုန်းနှင့် ကိုထွန်းတင်တော့ ဆုံးပြီ။ ယခု ကိုဝင်းမောင် ရှိသည်။ တလောကတောင် လာသေးသည်။

KNDO မေးတဲ့အခါကျတော့ အင်္ဂလိပ်က ယူနီယံဂျက်အလံကို ကိုင်ပြီး ထွက်သွားသည်။ ဟိုကောင်တွေ ဘာမှမလုပ်ဘူး။ သူတို့ ဘာမေးလဲ မသိဘူး၊ ဒါပေမယ့် ဒီကို ကျွန်တော်တို့ ရောက်သလား၊ ဘာလား၊ ညာလား မေးတယ်ထင်ပါရဲ့ဆိုတော့ သူက ငြင်းလိုက်သည်။ မရှိဘူး။ ဟိုကောင်တွေ ပြန်သွားသည်။ ပြန်သွားတာ ကျွန်တော်ကမြင်ရသည်။ တွေ့သည်။ တော်တော်ကြာမှ အခန်းထဲက ကျွန်တော်တို့ကို အောက်ဆင်းလာပြီး နေရာချပေးပြီးတော့ "ဘာ လိုချင်လဲ" ပြောပြီး သူ့မိန်းမ သွားခေါ်မည်။ သူ့မိန်းမကလည်း အခန်းထဲမှာ ကြောက်လို့ ပုန်းနေသည်။ လှမ်းအော်တော့ သူ့မိန်းမ ဆင်းလာသည်။ ကလေးလေး ပိုက်ထားသည်။ အင်္ဂလိပ်က ကျွန်တော့်ထက် နည်းနည်းလေးပဲ ကြီးမည်။ အသက် ၃၀ ပတ်ဝန်းကျင်ရှိမည်။ သူက မိန်းမနှင့်ကလေးနှင့်။

နာမည်က John of Bombay Burma လို့ပြောသည်။ အင်္ဂလိပ်မက ဆင်းလာတော့ သူ့မိန်းမ့ကို ပြောသည်။ ရေနွေးသွားပြီး ယူလာခဲ့။ ဘာမှမဟုတ်ဘူး။ အန္တရာယ်လည်း မရှိဘူး။ သူက ရန်သူလည်း မဟုတ်ဘူး" တဲ့။ "They are government force" တဲ့ သူက အင်္ဂလိပ်ပြောတာ ကျွန်တော် နားလည်သည်။ မိန်းမကလည်း ပထမက ကြောက်နေတာ နောက်တော့ ရေနွေးယူလာသည်။ ရေနွေးဖတ်နှင့်သုတ်တော့ ကျွန်တော်က ပြောသည်။ "ဒီလို လုပ်လို့ မရဘူး၊ ဒဏ်ရာက ဒီမှာရတာ ဒီမှာ သိပ်နာတာ" သူကပြောတာ "ဘယ်နေရာရလဲ" "ဒီနေရာရတယ်" ဆိုတော့ "ဒီနေရာဆိုရင် အန္တရာယ်ရှိတယ်" တဲ့။ သူပြောတာက "ငါ့ဆရာဝန် သွားခေါ်မယ်" တဲ့။ "မင်း ဘယ်မှာသွားခေါ်မှာလဲ" ဆိုတော့ "မဆိုင်ဘူး၊ ငါ ယူနီယံဂျက် အလံကိုင်ပြီးလို့ ရတဲ့နေရာက ခေါ်လာမယ်" သူက ပြောသည်။ သူ့ကို ကျွန်တော် မယုံဘူးလေ။ ဒါပေမယ့် ဟိုသမတစ်ခါ ကျွန်တော်တို့ ဟိုကောင်တွေနှင့် တွေ့တုန်းက သူ လွတ်အောင် လုပ်ပြီးပြီဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ သူ မလုပ်ဘူးဆိုတာသိတော့ "မင်း ရမလား" ဆိုတော့ "ရမယ် ဗိုက်ချ၊ ငါ ယူနီယံဂျက်နဲ့ သွားမယ်၊ ငါကုနေတဲ့ family doctor ရှိတယ်" ဆိုပြီး သူက ထွက်သွားသည်။ ထွက်သွားပြီးတော့ ၁၅ မိနစ်လောက် ကြာတော့ ကားပြန်လာသည်။ ဆရာဝန်ပါလာသည်။ ဆရာဝန်ပါလာတော့ ဆရာဝန်က အင်္ဂလိုအင်ဒီယန်း၊ သူက "ဒဏ်ရာရတယ် ကြည့်ပါ" ဆိုတော့ သူက ကောင်းကောင်းမွန်မွန်ပါပဲ။ ဆရာဝန်စိတ်နဲ့ပဲ ကုသပေးသည်။ သူက သွေးတွေပဲ တွေ့သည်။ သူက "No no no no wound" ဆိုတော့ "ငါ့ wound က ဒီမှာ" ဆိုတော့ သူက "မရှိဘူးကွ၊ ဒါဖြင့် မင်း ဒဏ်ရာက ဘယ်မှာလဲ" ဆိုပြီး ရှာတော့မှ ဒီမှာကနေ ဒီကို ဖောက်သွားတာ၊ ဒီမှာ ပွင့်သွားတာ ဒီမှာမှန်တာ" ကျွန်တော့်ကို dressing လုပ်ပေးသည်။ "ကြာ ကြာထားလို့ မဖြစ်ဘူး" တဲ့။ dressing ကောင်းကောင်းမွန်မွန် လုပ်ပေးသည်။ ရေနွေးတွေ ဘာတွေနဲ့ ကောင်းကောင်းမွန်မွန် လုပ်ပေးသည်။ လုပ်လည်းပြီးရော ဆရာကို "နောက်မှ ပြန်ပို့မယ်၊ ငါ့အိမ်မှာ ထားပေးမယ်" တဲ့။ ကျွန်တော့်ကို မေးသည်။ "မင်း ဘယ်သွားချင်လဲ" ဆိုတော့ "ငါက အဲဒီ ညောင်ကားယား (အခု မေမြို့ဥယျာဉ်ပန်းခြံ) တောင်မှာ အိမ်တွေရှိသည်၊ အိမ်တွေမှာ ငါ့တပ်ရှိသည်၊ တချို့လည်း ပြန်ရောက်နေမည်၊ မင်းငါ့ကို ပို့ပေး" ဆိုတော့ သူက "ဒီလိုဆိုရင် ရေနံအား ရှိနေတဲ့ church ကို ဖြတ်သွားရမည်။ church ပေါ်မှာ သူတို့ရှိနေသည်၊ မင်းတို့ ရန်သူရှိနေသည်၊ ဒီတော့ ငါပြောမယ်၊ ငါ့ကားကို ငါယူနီယံဂျက် အလံအုပ် လိုက်မယ်၊ ယူနီယံဂျက်အုပ်ပြီး ငါသွားမယ်။ အလံကို ချည်မယ်၊ သူတို့ ဘာမှမလုပ်ဘူး၊ မင်းတို့ ငြိမ်ငြိမ်လိုက်ပါ၊ အထဲက ၄ ယောက်စလုံးက မင်းတို့ ခေါင်းမထွက်ပါနဲ့၊ ဘာမှမလုပ်နဲ့၊ မင်းတို့ ငြိမ်ငြိမ်လေးနေပြီး တော့လိုက်၊ မင်းတို့ကို ယူနီယံဂျက်အလံ ဟိုဘက် ဒီဘက် ချည်ပြီးတော့ ငါသွားမယ်" တဲ့။ ဟုတ်တယ်ဗျာ၊ သူ ကျွန်တော်တို့ကို အုပ်ပြီးတော့ အဲဒီ church ဘေးနားက မောင်းသွားတာ ဘာမှ မလုပ်ဘူး။

John ၏ သဘောကတော့ ကျွန်တော်ဟာ ဒဏ်ရာရနေသောလူ၊ သူ ကူရမယ် ဒီသဘောပဲ။ သူက Red cross idea ရှိတာပေါ့။ သူတို့ သင်ကြားတဲ့အတိုင်း၊ သူက စိတ်ပဲ။ အင်္ကျီနှင့်အပေါ်က ဂျာကင်အုပ်တော့



တံဆိပ်ကို မမြင်ရဘူး။ အတွင်းမှာလေ အင်္ကျီကိုလည်း ချွတ်ဖျက်ပစ်လိုက် ပြီးတော့ သူက အင်္ကျီခပ်တူတူ တစ်ထည် ပေးသည်။ ဒါကို ကျွန်တော်က အပေါ်ကဝတ်ပြီးတော့ သွေးပေနေသောအင်္ကျီတွေကို ကြိုးချည်၊ ကျွန်တော် တို့ ပြန်ယူလာသည်။ ဒါနှင့် ကျွန်တော်တို့ ကားထဲမှာ လိုက်ပြီးတော့ တော်တော်လေး သွားရသည်။ ကားအဝေးကြီး ကွေ့သွားပြီး နောက်တော့မှ ဘယ်ချိုး ညာချိုး ဒီလမ်းအတိုင်းသွား ရောက်ပြီဆိုမှ ဝင်းထဲ ဝင်သွားတော့မှ တိုက်ရှိမယ်ပြောရသည်။ အခုတော့ ဟိုတယ်တွေ လုပ်ထားသည်။ ဟိုတုန်း ကလည်း အင်္ဂလိပ်တွေအနားယူသော အိမ်ကလေးတွေပါပဲ။ အောင်မလေး အဲဒီအိမ်ရောက်တော့မှ ကျွန်တော်တို့ လူတွေအကုန်လုံး ပြန်တွေ့တာ၊ ပြန် တွေ့တော့ "ဗိုလ်ကြီး ပြန်လာပြီ၊ ဗိုလ်ကြီး ပြန်လာပြီ" ဆိုပြီးတော့မှ ရောက်ပြီး ကျွန်တော့်ဒဏ်ရာတွေ၊ ဆေးကုသောအပိုင်း ပြောပါဦးမည်။

သည်တိုက်ပွဲတွင် ဟိုဘက် သည်ဘက် ကျကြသည်မှာ များလှ သည်။ ကျွန်တော် မြင်သည်။ ကျွန်တော်တို့ဘက်ကလည်း ကျသည်။ ရဲဘော် ၂၀ လောက်တော့ ကျမည်။ နောက်ပိုင်းတိုက်ပွဲတွေမှာလည်း အများကြီးကျဆုံး ကျရှုံးသည်။ တပ်စခန်းရောက်သွားပြီးတော့ ကျွန်တော် တို့ ဒဏ်ရာကုသနေတုန်းမှာ သတင်းက ပြန့်သွားတယ်ထင်ပါ၏။ ကျွန်တော် တို့နှင့် ယှဉ်ပြီးတော့ ဟိုဘက်ကနေပြီးတော့ ကန်တော်ကြီး မြောက်ဘက်မှာ တိုက်ခိုက်နေသော မေမြို့ကျောင်းသားတွေ နောက်ပြီးတော့မှ ဟိုးအစွန် ဘက်က ရေချမ်းစင်နားမှာရှိတဲ့ ကျောင်းသားတွေ အထက်တန်းကျောင်း သားတွေ။ သူတို့က ရရာလက်နက်ဆွဲပြီးတော့ တိုက်ကြသည်။ တပ်က လည်း သူတို့တိုက်မယ့် ကောင်လေးတွေကို လက်နက်ပေးသည်။ ဒီမှာ ဗိုလ်စိန်ရတို့ ကျောင်းသားတပ်က လာတာပဲ။ နောက်ပြီးတော့ ၃၊ ၄ ယောက်ပဲ ရှိသည်။ ကိုစောညွန့် စသည်ဖြင့်။ သူတို့ ကျောင်းသားတွေ။ ရပ်ရှင်သရုပ်ဆောင် ဇင်ပိုင်းရဲ့ဖခင် စိန်လွင်၊ ဗိုလ်ကြီးစိန်လွင်။ မင်းမော်ကွန်း အဘိုး။ သူတို့ကလည်း ကျောင်းသား။ သူတို့ကလည်း ဝင်ချကြသည်။ ဝင်ချကြတော့ သူတို့က နောက်တော့ ဗိုလ်ဖြစ်လာသည်။ တပ်မတော်ထဲ ဝင်ပြီးတော့ အရာရှိဖြစ်သည်။ နောက်တော့ ကိုမင်းလွင်ဆိုကလည်း ဖက်ဆစ်တော်လှန်ရေးက ရဲဘော်ပဲ။ သူကလည်း ငယ်ငယ်ပဲ။ သူတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြသည်။ သူက ဈေးရောင်းနေတာ၊ ဈေးထဲက လူတွေလည်း ဝင်လာကြသည်။ ဘာပဲပြောပြော သောင်းကျန်းသူတို့ကို မခံချင်ဘူး၊ မန္တလေးလည်း တိုက်တာ မခံချင်တော့ ရရာဆွဲပြီး ချကြသည်။ ဟိုဘက်ကလည်းပဲ ဘယ်သူတွေက ခေါင်းဆောင်ကြသလဲဆိုတော့ BE က ဗိုလ်မှူးထင်ပေါ် သူကနောင်သောအခါ ဇလွန်အမတ်ဖြစ်လာသည့် ဦးထင်ပေါ်။ သူက မေဂျာထင်ပေါ် နောက်တစ်ယောက်က ကပ္ပတိန်ဘဖြူ နောက် ဗိုလ်မှူးကြီးဘဖြူ၊ တပ်မမှူးဖြစ်ပြီးတော့ အနားယူ သွားသူ ကိုဘဖြူ။ သူတို့က BE တပ်က၊ နောက် ကိုကျော်စိန်၊ ကိုဘသော် ဗိုလ်ကြီးဘသော်က သူတို့ ဟိုဘက်က တိုက်ကြတာ။ ကျွန်တော် မှတ်မိသလောက် ပြောရခြင်းပင်။ ကျွန်တော် ဒဏ်ရာရတယ်ဆိုတာ ဒဏ်ရာက သိပ်တော့ မပြင်းထန်ဘူး။ ဒါပေမယ့် လက်က မလှုပ်နိုင်ဘူး။ ကျွန်တော် ညာလက်ကို ပတ်တီး ပတ်ထားပြီးတော့ ဘယ်ဘက်လက်နှင့်ပဲ လှုပ်ရှားနေသည်။ တစ်နေ့မှာ ကားတစ်စင်းက ပေါက်ချလာသည်။ ကျွန်တော်တို့ မြို့အပြင်ဘက်က မြင်းစီးလမ်းတွေ ရှိသည်။ အင်္ဂလိပ်တွေ ဖောက်ထားသော လမ်းတွေရှိသည်။ မြင်းစီးတောလမ်းကနေ ကားနှင့်ပေါက်ချလာပြီးတော့ ကျွန်တော်တို့ဆီ ရောက်လာသည်။ ကျွန်တော်တို့ ဒီဘက်က တိုက်နေတာကို သိလို့ ဆက်ဖို့လာသည်။ သူလာသော အကြောင်းက ကျွန်တော်တို့ဆီက ကျည်ဆန်တောင်းဖို့လာတာ။ တို့ကျည်ဆန်ကုန်လို့ ဒီဘက်မှာ ကျည်ဆန်တောင်းမယ်ဆိုပြီး တောင်းဖို့လာတာ။ ကျွန်တော့်ဆီ ရောက်လည်းရောက်ရော ခေါင်းဆောင်က ဘယ်သူလဲဆိုတော့ သခင်အုန်းဖေ၊ ဆိုရှယ်နီအုန်းဖေ အခုတော့ ကွယ်လွန်သွားပါပြီ။ ကိုအုန်းဖေက ခေါင်းဆောင်ပြီးတော့ ကိုအုန်းဖေက BE တပ်က နှစ်ယောက်၊ သုံးယောက် ကျောင်းသားလေးတွေ ကားပေါ်မှာ ပါလာသည်။ သူတို့ဆင်းလာတော့ ကျွန်တော် ကောင်းကောင်း မသိဘူး။ BE တပ်က ရဲဘော်တွေတော့ သိသည်။ ဟိုဆရာလည်း ပါသည်။ မန္တလေးမှာ NLD ဥက္ကဋ္ဌ လုပ်သွားတဲ့ နာမည်သုံးလုံးနှင့် ဗိုလ်မှူးကြီး စံလှဘော်၊ သူတို့ BE က ဆရာပေါက်စနတွေ။

သူ့ဟာ သူတစ်က ဗိုလ်မှူးကြီးရာထူးနှင့် ထွက်လိုက် ရသည်။ သူက အပြင်မှာ လုပ်နေပြီးနောက် NLD ဖြစ်တော့ မန္တလေး ဥက္ကဋ္ဌအဖြစ်



ပါလာသည်။ နောက်တော့ အနားယူသွားသည်။ သူနှင့် ကျွန်တော်တို့ ဗိုလ်မှူးကြီး သောင်းကြည်တို့အတူတူပါပဲ။

စံလှဘော် ရခိုင်မဟုတ်ဘူး။ ရခိုင်သွေးတော့ စပ်လိမ့်မယ် ထင်သည်။ ဗမာတွေနှင့်အနေများတော့ ရခိုင် မဟုတ်တော့ပါဘူး။ သူပါလာသည်။ နောက်တော့ ဗိုလ်ဘညွှန့်တို့ ပါလာသည်။ နောက်နှစ်ယောက်၊ သုံးယောက်ပါလာသေးသည်။ သခင်အုန်းဖေက ဟိုဘက်ကနေပြီးတော့ ချနေသည်။ မေမြို့မြောက်ဘက်က ရေချမ်းအိုးဘက်ကနေပြီးတော့ BE တပ်နဲ့ပေါင်းပြီး သူကလည်း ချနေသည်။ သခင်အုန်းဖေ လွန်ခဲ့တဲ့ ၃၊ ၄ လလောက်က ဆုံးသွားရှာသည်။ ကိုအုန်းဖေတို့ ရောက်လာတာကတော့ ကျည်ဆန်တောင်းဖို့ လာတာပဲ၊ ဒါပေမယ့် သူက ကျွန်တော့်ကိုမြင်တော့ "ဟာ ဗိုလ်တင်ဦး ခင်ဗျား ဒဏ်ရာရနေတာလား"ဆိုတော့ "ဟုတ်တယ်၊ ဒဏ်ရာရနေတယ်" "ဘယ်မှာဆေးကုလဲ" ဆိုတော့ "ကျုပ် ဘယ်မှာမှ ဆေးမကုဘူး"ပေါ့။ "ဟာ မကုလို့ ဘယ်ရမလဲ၊ ခင်ဗျား ဆေးကုရမှာပေါ့" ဟု ပြောသည်။

ကျွန်တော့်ဒဏ်ရာက အင်္ဂလိုအင်ဒီးယန်း ဆရာဝန်ထည့်ပေးတဲ့ဆေးပဲ၊ ဘာမှမရှိဘူး။ လက်ပတ်တီးနဲ့ ကျွန်တော် မှတ်မိသေးသည်။ ဆေးထည့်ပေးလိုက်ပြီးတော့ ဆေးထိုးပေးလိုက်သည်။ သူက အေးသည့်အခါကျတော့ ညကျ သိပ်ကိုက်သည်။ သိပ်နာ သိပ်ကိုက်။ ဒဏ်ရာရပြီး နောက်ရက်လောက်မှာ သူတို့ပေါက်ချလာသည်။ သခင်အုန်းဖေက "ခင်ဗျား ဆေးကုရမယ်" "ဟာ ဆေးကုရမယ်ဆို ကုချင်တာပေါ့၊ သိပ်ကြာကြာ မဟုတ်ဘူးနော်။ ကျွန်တော် ခဏတစ်ဖြုတ်ကုပြီး ပြန်မယ်" ဆိုတော့ သူက ခေါ်သွားသည်။

ဝက်ဝံရွာဘက် ဝက်ဝံမရောက်ခင် ရေချမ်းအိုးဘက် ကျွန်တော်နှင့် ဘယ်သူပါလဲလို့ဆိုတော့ ဗိုလ်လောင်းသင်တန်းတက်နေသည့် ကိုသန်းအောင်ပါသည်။ ဂျာမန်ကပြား သူ့နာမည် ချားလ်ဝစ်နာလ်တဲ့။ သူက ဆေးတပ်သား၊ သူက ဆေးတပ်သားကနေပြီးတော့ ကော်မရှင်လျှောက်ပြီးတော့ ဗိုလ်လောင်းရာထူးနှင့် လာသည်။ သူက ဆေးနားလည်တာနှင့် လိုက်ခဲ့မယ်ဆိုပြီး ပါလာသည်။ ဗိုလ်လောင်းသန်းအောင်ရယ်၊ ကျွန်တော်ရယ် နှစ်ယောက်တည်းပဲ ကားနှင့်ပါသွားသည်။ ညောင်ကားယားမှာ ဘယ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသလဲဆိုတော့ ကွန်မြူနစ်ပါတီက အဖွဲ့တစ်ဖွဲ့ ရောက်နေသည်။ သူ့နာမည် ဗိုလ်ကြီးလှဖေ။ ဒေါ်အမာညီမ ဒေါ်တင်တင်၏ ယောကျ်ား ဗိုလ်လှဖေ ရှိသည်။ တော်တော်ခင်သည်။ ဟိုတုန်းက BDA တုန်းကလည်း တော် တော် ခင်ခဲ့သည်။ သူက အရာရှိပဲ။ မြစ်ကြီးနားသား ဂေါ်ရခါးစစ်၊ လူကလည်း ထောင်ထောင်မောင်းမောင်း။

ဟိုတုန်းက ကျွန်တော်တို့ ဗိုလ်ရာထူး ကော်မရှင် တူတူရသည်။ ကော်မရှင် တူတူရပြီးတော့ သူပုန်မဖြစ်ခင် တော်တော် စောစောပိုင်းမှာ သူက အဖမ်းခံရသည်။ ဦးနု အစိုးရက ဖမ်းသည်။ ဖမ်းသည့်အခါကျတော့ သူက မန္တလေးထောင်ထဲမှာ၊ နောက်ထောင်တွေ အကုန်လုံး ဖွင့်လိုက်သည့် အခါကျတော့ သူလည်း လွတ်လာသည်။ လွတ်လာတော့ သူက ပါတီကော်မတီ ပြန်ဆက်ပြီးတော့ မေမြို့တိုက်ပွဲမှာ ပါလာသည်။

နောက် ကိုလှဖေတို့ တောထဲရောက်သွားသည်။ အဲ့သည်မှာ ကွန်မြူနစ်ရဲမေ ကလေးမလေးတွေ ပြောတာက "ကျွန်မတို့ အုပ်ချုပ်လာတာက ဗိုလ်လှဖေ"တဲ့။ "ဘယ်ကိုလှဖေလဲ၊ ကိုလှဖေက ကျွန်တော့် သူငယ်ချင်း" ဆိုတော့ "ဟုတ်တယ် သူကလည်း မှာလိုက်တယ်၊ တစ်ခုခု အကူအညီ လိုလို့ရှိရင် ပေးပါလို့ပြောပါ၊ ကူညီပါ့မယ်လို့ မှာလိုက်တယ်" ကွန်မြူနစ် ရဲမေကလေးမလေးတွေက သူက ပြောတာကတော့ "ဗိုလ်စောင်ဦး ရှင် ဒဏ်ရာရနေတယ်၊ အဲ့ဒါကြောင့်မို့လို့ ဒီမှာ ဆေးကုပေးချင်တယ်၊ အနားနီး မှာလည်း ဆေးရှိတယ်"

ကွန်မြူနစ်ရဲမေလေးတွေနာမည် ကျွန်တော်မှတ်မိတာက မခင်မြူ တဲ့။ နာမည်က ဝိုးတိုးဝါးတာပဲ၊ မိန်းကလေးနှစ်ယောက်။ ကိုလှဖေ ဒီစခန်း မှာ လာပြီးတော့ တွဲထားသည်။ ဒါပေမယ့် သူတို့မှာကတော့ အကြံရှိသည်။ အကြံရှိသည် ဆိုတာကတော့ သူတို့နောက်ဆက်ပြီး တော်လှန်ရေးလုပ်ဖို့ အတွက် ရသည့်လက်နက် ခဲယမ်းမီးကျောက် ယူမည်။ ယူလည်း ယူသည်။ ကျွန်တော်တို့ ကျောက်တောင်တွေ ဘာတွေမှာ တိုက်လို့ ပြိုသွားတဲ့နေရာမှာ ကျွန်တော်တို့ ထိတဲ့ ခိုက်တဲ့ လဲကျသွားတဲ့နေရာမှာ ရသည့်လက်နက်တွေ အကုန်ယူသွားသည်။ ဒီတုန်းက ရဲဘော်ဖြူက ဒီလောက်မဟုတ်ဘူး၊ ကွန်မြူ နစ်က ဒီလို လုပ်သွားသည်။



ကွန်မြူနစ်က အစီအစဉ် ရှိနေတာကိုး။ သည်မှာ ကျွန်တော့်ကို ပြောသည်။ ဆေးကုမည် ဆေးကုပေးဖို့ လိုက်ခဲ့ပါဆိုတော့ ကျွန်တော်က သိပ်သဘောကျသွားသည်။ ဆေးကုပေးမယ်ဆိုတော့ ကျွန်တော်က လိုက် မယ်၊ ဘယ်လောက်ဝေးလဲဆိုတော့ "မဝေးပါဘူး၊ ကျွန်မတို့ ခဏတောထဲ ဖြတ်သွားလို့ တောင်ကြား တောခြေရောက်လို့ရှိရင် ၄၊ ၅ မိုင်ရောက်လို့ ရှိရင် ကျွန်မတို့ စခန်းရှိတယ်၊ အဲ့ဒီမှာ အကုန်ရှိတယ်၊ ကျွန်မတို့ ဆေးမှူး ရော ဘာရော အကုန်ရှိတယ်" ဟု ပြောသည်။

ကျွန်တော်တို့နှင့် ပေါင်းတိုက်မယ်ဆိုသော ဌာနချုပ်ပဲ။ ကျွန်တော်က လိုက်မယ်လုပ်တော့ ဗိုလ်မှူးထင်ပေါ် (BE) က အနားမှာရှိသည်။ "ဘာလို့ လိုက်ရမှာလဲ"တဲ့။ သူက ဘေးနားက "ဘာလို့ လိုက်ရမှာလဲ၊ တပ်က ကုပေးရမှာပေါ့၊ ခင်ဗျားကို မဆိုင်တဲ့လူဆီမှာ သွားလုပ်လို့ ဘယ်ရမလဲ" လို့ သူကပြောတော့ "အေး ဟုတ်သားပဲ၊ ကျွန်တော်က ဒဏ်ရာရနေတာ တိုက်ဖို့ ထတောင် ထနေပြီဗျ၊ အေးကွာ လိုက်တာပေါ့၊ မြန်မြန်ဆေးကုပြီး လည်း ပျောက်ရင် ပြန်ပို့မယ် မြန်မြန်ပြန်တိုက်နိုင်တာပေါ့" ဆိုပြီး ထလိုက် တော့ ဗိုလ်မှူးထင်ပေါ်က တားသည်။ သူက BE တပ် ကျွန်တော်တို့ တပ်ရင်းက တပ်မှူး၊ အင်ဂျင်နီယာတပ်မှူး၊ စစ်အင်ဂျင်နီယာပါပဲ။ သူက "ခင်ဗျား ဘာလို့လိုက်ရမှာလဲ၊ ဆေးကုရင် ကျုပ်တို့ ကုရမှာပေါ့၊ ကျုပ်တို့က စစ်တပ်ကပဲ၊ စစ်တပ်က ဘာမှမပျက်စီးသေးဘဲနဲ့" လို့ သူကပြောတော့ "ဟာ ဒါလည်း ဟုတ်တာပဲ" ပေါ့။ "ခင်ဗျား စိတ်ချနေ ကျုပ်တာဝန် ယူတယ် ခင်ဗျားကို ဆေးကုပေးမယ် မပူနဲ့" တဲ့။ "ဘယ်လိုကုမှာလဲ" ဆိုတော့ သူက "ဒီမှာ ကျုပ်တို့ မေမြို့ကျပေမယ့်လို့ ဟိုဘက်က နောင်ချို သီပေါ မကျဘူးဗျ၊ အစိုးရ ရှိတယ်" သူက "လားရှိုးမှာ အစိုးရရှိတယ်ဗျာ၊ ကျုပ်တို့ လားရှိုးမှာ မြောက်ပိုင်းကို အုပ်ချုပ်နေတဲ့ တပ်ရှိတယ်၊ ကချင်တပ် တွေလည်း ရှိတယ်၊ သူတို့က စောင့်ရှောက်ပေးမှာပေါ့၊ ခင်ဗျား လမ်းမလွဲနဲ့၊ ပြန်" ဆိုတော့ ကျွန်တော်လည်း သဘောပေါက်သွားသည်။ ကျွန်တော် မှတ်မိသေးသည်။ ညနေ မှောင်စပျိုးချိန်မှာ ကျွန်တော် စားဖို့သောက်ဖို့ ရမ်အရက်နှစ်ပုလင်း တင်ပေးလိုက်သည်။ ပြန်ပို့ပေးသည်။ အနာကနာလျှင် ရမ်ပုလင်းဖောက် မော့သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရမ်ကို မော့ပြီး ရေသောက်ချသည်။ ရမ်ကို တစ်ငုံသောက်လိုက် ရေမော့ချလိုက် နွေးနွေးထွေးထွေးပဲ။ ချမ်းကလည်းချမ်း၊ အဝတ်အစားက လည်း မရှိဘူး။ အင်္ကလိပ် လဲပေးလိုက်သော အကွက်အထူအင်္ကျီပဲ ရှိသည်။ ဟိုအင်္ကျီကို သွေးတွေနှင့် ဖယ်လိုက်ပြီး စွပ်ပေးလိုက်သော ဒီအင်္ကျီပဲရှိသည်။ ပြန်တော့ တစ်ညလုံး မောင်းသည်။ သတိရရင်း ရမ်သောက်ရင်း အိပ်ပျော် သွားရင်း ဘေးနားကနေတဲ့ ကိုသန်းအောင်က သူကလည်း ကျွန်တော့်လာနှုး ပြုစုပြီးတော့ အဲ့ဒီကားပေါ်မှာ ဒဏ်ရာရတဲ့ ရဲဘော်က ကျွန်တော်တို့ အားလုံး ပေါင်း ၄၊ ၅၊ ၆ ယောက် ပါသည်။ ကျွန်တော်တို့ BE ကရော၊ မြို့ထဲကရော၊ အရပ်သားရော ကားထဲမှာပါသည်။ လားရှိုးကို သွားနေသည်။ သွားရင်း သွားရင်းနှင့် မနက်မိုးလင်းလောက်ကျတော့ လားရှိုးရောက်သည်။ လားရှိုး ဆေးရုံရောက်သည်။ ဆေးရုံရောက်တော့ ဘယ်သူနဲ့တွေ့လဲဆိုတော့ ဆေးမှူး ကြီးက ဦးအုန်းသွင်၊ ဦးအုန်းသွင်မှာ BDA တုန်းက ဆေးမှူး ဗိုလ်အုန်းသွင်။

ဆရာဝန်ပါပဲ၊ သူက ဖက်ဆစ်တော်လှန်ရေး ပြီးတော့ စစ်ထဲမှာ မလုပ်တော့ဘဲနဲ့ စာမေးပွဲဖြေပြီးတော့ သူက လားရှိုးမှာ ဆေးရုံမှူး ဖြစ်နေ သည်။ သူကလည်း ကျွန်တော်တို့ တပ်မတော်ထဲမှာ ကျွန်တော်တို့အကြောင်း တွေ တော်တော်သိတော့ ကျွန်တော်တို့က BDA, PBF မှာ ဝင်ခဲ့သည်ဆို တော့ သူကလည်း BDA မှာ ပါခဲ့သည်။ ဟိုတုန်းက LMBP အခုတော့ MB, B.S. အောင်ပြီးတော့ ဒီမှာ ဆေးရုံမှူးဖြစ်နေသည်။ ဒေါက်တာအုန်း သွင်ပါပဲ။ သည်တုန်းက ကျွန်တော်မှတ်မိသေးသည်။ X-ray တွေ၊ ဘာတွေ က ခုလို ဘယ်ဟုတ်မလဲ၊ အတံကြီးနှင့် တင်ထားပြီးတော့ လက်မှာ ဒဏ်ရာရသည်ဆိုလျှင် လက်မှာ အပေါ်ကနေ ထိုးပြီးတော့ ဟိုက တစ်ခါ တည်း ခလုတ်နှိပ်လိုက်လို့ရှိလျှင် မီးက အနီရောင် ပေါက်လာသည်။ ပြီး တော့မှ ရပ်လိုက်သည်။ X-ray ရိုက်ကြည့်ပြီးတော့ "ဟာ ခင်ဗျား အရိုးတွေ၊ ဘာတွေ ဘာမှမထိဘူးဗျ၊ သိပ်ကံကောင်းတာပဲ၊ ခင်ဗျားမှာ အခုထိတာ အကြောထိတာပါပဲ" ဒါနှင့် လှုပ်ကြည့်တာ လှုပ်လို့ရသည်။ အရေးမကြီးဘူး အလုပ် လုပ်လို့ရသည်။ နောက်နှစ်ရက်လောက်၊ သုံးရက် လောက်ကြာတော့ ကြေးနန်းဝင်လာသည်။ ကြေးနန်းက ဒဏ်ရာရသောလူ၊ ဆေးဝါးကုသမယ့်လူ မှန်သမျှကို ရန်ကုန်ဆေးရုံကြီးကို ပို့ပါ။ ကျွန်တော်တို့



တပ်မတော် အခြေခံဆေးရုံကို ပို့ပါ။ အဓိပ္ပာယ်က သဘောကတော့ ရသမျှ အင်အားနှင့် တပ်မတော်သား အားလုံး ရန်ကုန်မှာ စုမယ်။ ရန်ကုန်မှာစုပြီး ရန်ကုန်မှာ တိုက်နိုင်တဲ့ကောင်တွေ ရှေ့တန်းမှာ အကုန်ပြန်တိုက်မည်။ ရန်ကုန်က အခြေအနေက ဆိုးနေသည်။ ဆိုးတယ်ဆိုတာက KNDO က လည်း တစ်ဖက်က တက်လာ၊ နောက် မြစ်ဝကျွန်းပေါ်ဘက်ကရှိတဲ့ KNDO ကလည်း ဝိုင်း၊ တွံတေးတို့လည်း သွားမရ၊ အပြင်ဘက် ထွက်လို့မရ အစရှိသဖြင့် တော်တော်ကို ရန်ကုန် အစိုးရဖြစ်နေသည့်အချိန်၊ လေယာဉ်ပျံ ကွင်းတစ်ခုနှင့် ကျွန်တော်တို့ ရန်ကုန်မြို့ထဲ သွားတဲ့လမ်းနှင့် ရန်ကုန်မြို့ ဝန်းကျင် downtown နှင့် ဒီနားလောက်ကပဲ ကျွန်တော်တို့ရုံးတွေလောက် ပဲ ရှိသည်။ လူတွေကတော့ များသောအားဖြင့် စစ်မဖြစ်သလိုပဲ သွားလိုက် လာလိုက်၊ သူတို့အလုပ် မဟုတ်သလိုပဲ။ ဟိုဘက်ကို သွားလို့ မရဘူး။ သမိုင်းအလွန်ကို သွားလို့မရဘူး။ ဒီဘက်ပဲ အကုန်လုံး ပြုစုနေကြပေါ့။ ဒါနှင့်တစ်နေ့ကျတော့ လေယာဉ်ပျံလာမည်။ လေယာဉ်ပျံဆိုတာ မှတ်မိ သေးသည်။ ဝဝ၁ ဒါကိုတာလေယာဉ်က သမိုင်းရှိသည်။ ဘာသမိုင်းရှိ လဲလို့ဆိုတော့ သူက ဒီလို ကျွန်တော်တို့ မြန်မာနိုင်ငံက လွတ်လပ်ရေးရခါနီး ရတော့မယ်ဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလက "တို့က လွတ် လပ်ပြီ၊ တို့အနားနီးမှာရှိနေတဲ့ နိုင်ငံတွေက မလွတ်လပ်သေးဘူး၊ တို့မှာ အင်တာနေရှင်နယ် ဆိုရှယ်လစ်မှုအရ တို့ကူဖို့ တာဝန်ရှိသည်၊ ဒါကြောင့်မို့ တို့က အင်ဒိုနီးရှားကို ကူရမည်" ဒါကနောက်မှ ကျွန်တော်တို့ သိသည်။ ဒါကြောင့်မို့လို့ တို့တပ်မတော်ကနေ ယခု မြိတ်၊ ထားဝယ်ဘက်က တိုင်းပြည် အချို့က အောက်ဘက်မှာ ကိုလိုနီနယ်ချဲ့တွေကို တိုက်နေသောတပ်တွေ ကို ကူညီတဲ့အနေနှင့် ကျွန်တော်တို့က လက်နက်ခဲ ယမ်းမီးကျောက်တွေ ပေးရသည်။ ကြားဖူးမှာပါ။

သည်လို ကူညီခဲ့ဖူး၍ ကျွန်တော်တို့က သူတို့ကိုပေးတဲ့ ကျေးဇူးရှိ သည်။ ဒီကျေးဇူးကို တုံ့ပြန်သောအားဖြင့် ပြန်လည်ပြီး ကျွန်တော်တို့က အရေးအကြောင်းပေါ်လို့ သူတို့က တုံ့ပြန်တဲ့အနေနှင့် ဒီလေယာဉ်ပျံ ၃ စင်းပေးသည်။ လေယာဉ်ပျံ သုံးစင်းမှာ တစ်စင်းက ဒါကိုတာလေယာဉ် နှစ်စင်းက ကတ်သလင်းနား လေယာဉ်။ လူနည်းနည်းပဲ စီးလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပေါ် ရေပေါ် ဆင်းလို့ရသည်။ ရေပေါ်ပေါ်အောင် လုပ်လို့ရသည်။ အင်ဒိုနီးရှားတွေ မောင်းသည်။ ကတ်သလင်းနားလေယာဉ်တွေလည်း အင်ဒိုနီးရှားပဲ မောင်းသည်။ သူတို့ကိုယ်တိုင် မောင်းပြီး လာကူညီသည်။ လာပေးသည်။ လေယာဉ်ပျံကြီး ရောက်လာတော့ ကျွန်တော်တို့က ဒဏ်ရာရတဲ့ လူတွေ အကုန်လုံး တက်သွားသည်။ လူက အကုန်လုံး စုစုပေါင်း အယောက် ၂၀ လောက်ရှိမည်။ တက်ပြီးတော့ ကျွန်တော်တို့ မင်္ဂလာဒုံ လေဆိပ်ရောက် ကျွန်တော်တို့ကို တန်းပြီး ဆေးဝါးကုဖို့ စီစဉ်ပေးသည်။

❐

## အခန်း (၂၃)
## ဗိုလ်ချုပ်အောင်ဆန်း စီစဉ်ခဲ့သော မူလ ပြည်ထောင်စုတပ်မတော်

တပ်မတော် စစ်ဆေးရုံမင်္ဂလာဒုံမှာ ဟိုတုန်းက စစ်ဆေးရုံက ဘာမှ ခွဲခြားမှုမရှိ။ နောက်မှသာ တပ်မတော်အခြေခံ စစ်ဆေးရုံဖြစ်သွားသည်။ လူနာတွေဆိုတာ ကျပ်နေတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အင်းစိန်တိုက်ပွဲမှာ ဒဏ်ရာရသည့်သူတွေ များလှ၏။ သူတို့က ဒဏ်ရာပြင်းထန်၍ ကျွန်တော်တို့က သက်သာသည့်လူနာဆိုတော့ အပြင်ဝရန်တာမှာ ခုတင်နှင့် နေရသည်။ ထိမိ ခိုက်မိ ပြင်းထန်သော လူမမာတွေကတော့ အထဲမှာ။ ကျွန်တော့်ဒဏ်ရာက စစ်ကြည့်လိုက်သည့်အခါ ဘာမှလုပ်စရာမလိုဘူး။ နောက်တော့ ပျောက်သွားမည်ဆိုပြီး ကျွန်တော်က ရက်သတ္တတစ်ပတ်လောက်ပဲ နေရသည်။ ကောင်းသွားသည်။ ကောင်းသွားတော့ သူတို့က အင်းစိန်မှာတိုက်ဖို့ လူလိုသည်ဟု ပြောလာသည်။

ကျွန်တော် မင်္ဂလာဒုံစစ်ဆေးရုံမှာ ရက်သတ္တတစ်ပတ်ခန့် နေရစဉ် အချိန်မှာတော့ အသိအကျွမ်း လူမလာဘူး။ ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရသည့်သူတွေက သူငယ်ချင်းတွေပဲ။ ကိုအေးသိန်းတို့၊ ကိုလွင်တို့၊ ဗိုလ်မှူးလွင် အဖွဲ့ချုပ်ဘဏ္ဍာရေးမှူး ဗိုလ်အလုပ်အမှူးဆောင်ဝင်၊ နောင်ဝန်ကြီးချုပ် ကိုထွန်းတင်တို့ပဲ။ ဗိုလ်ကြီး လှသောင်းကတော့ တိုက်ပွဲကျသွားသည်။ ကျွန်တော်တို့ လေ့ကျင့်ရေးတပ်မှာ အတူတူ ဆင်းကြသော လှသောင်းက တိုက်ပွဲကျသည်။ တချို့ ဆွေမျိုးမိုးစပ်တွေ တစ်ဦး နှစ်ဦးလာသည်။ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိတ်သင်္ဂဟ ထဲကလည်း လာသည်။ အင်းစိန်တိုက်ပွဲက သိပ်ပြင်းထန်နေတော့ တစ်နေ့ တစ်နေ့ကို အင်းစိန်တိုက်ပွဲမပြီးခင် ဒဏ်ရာရသည့်လူတွေ လာတာ။ တချို့ လက်ပြတ်ခြေပြတ်။ နောက် ကျွန်တော်တို့ ဗိုလ်ကြီးအေးသိန်းဆိုရင် ကျွန်တော် တို့နှင့် တစ်ပတ်တည်း ကျောင်းဆင်းပါပဲ။ လက်ပြတ်လာတာ။ ယခုလည်း နောင်သေတဲ့အထိ လက်ပြတ်ပဲ။

ယခု လက်ပြတ်ဗိုလ်အေးသိန်း သေရှာပြီ။ တပ်ရင်းမှူးဖြစ် တပ်မမှူးဖြစ်ပြီးတော့ ယခုတော့ ဆုံးသွားပြီ။ သူကလည်း လက်တစ်ဖက် မရှိပေမယ့်လို့ တော်တော်ကြမ်းတဲ့လူ။ တိုက်သည်။ ဒီလူသေတဲ့အထိပဲ။ နောက်ဆုံး တပ်ကနေပြီးတော့ အုပ်ချုပ်ရေးပိုင်းကို ပြောင်းမှ (အနားရတော့သည်) ကျန်တဲ့အချိန်မှာတော့ ရဲဘော်တွေနှင့် လက်တစ်ဖက်တည်း လိုက်ချနေတာပဲ။ ဒီလိုနှင့် ဆေးရုံမှာ ကျွန်တော်တို့က တစ်ပတ်ကြာသွားပြီးသည့်အခါ ကျွန်တော်တို့က စစ်ရုံးကနေပြီးတော့ အင်းစိန်တပ်စခန်း သွားရမည်ဆိုတော့ အယောက် ၂၀ လောက် ရှိသည်။ အရာရှိတွေရော၊ တပ်သားတွေရော တော်တော်များသည်။ ဘာဖြစ်လို့လဲဆို ဟိုမှာလည်း တိုက်ပွဲကရှိနေတော့ အရာရှိနေရာ အရာရှိ၊ တပ်ကြပ်နေရာ တပ်ကြပ်ကူဖို့ သွားရသည်။

အင်းစိန်တိုက်ပွဲမှာ ကျွန်တော်လည်း လက်က ပတ်တီးတွေ ဖြည်ပြီးဝင်ရ၏။ လက်က ကောင်းကောင်း မသန်သေးဘူး။ အခုထက်ထိလည်း လက်က ကျင်နေသေးသည်။ လက်က အကြောပြတ်သွား၍ ဖြစ်သည်။ အင်းစိန်တိုက်ပွဲမှာ ဗိုလ်မှူးကြီးကျော်ဇောနှင့် တွေ့သည်။ ဗိုလ်မှူးကြီးကျော်ဇောကို ကူညီနေသူက တပ်ရင်း ၅ က တပ်ရင်းမှူးက ကတ်ဘီနက်ထိ၊ နောက် အောက်က တာဝန်ထမ်းဆောင်သူ ဗိုလ်မှူးကြည်မောင်မေဂျာကြည်မောင်၊ NLD မှ ဆုံးသွားသော ဦးကြည်မောင်။ ကာနယ် ကတ်ဘီနက်ထိက တပ်ရင်းမှူး။ တိုက်နေတာက တပ်ရင်း ၅ လည်းရှိသည်။

ဗိုလ်မှူးကြီး ချင်းတိုင်းရင်းသား ဟရန့်သီယို ကျသွားသည်။ ဗိုလ်မှူးကြီး ဟရန့်သီယိုတို့က အင်းစိန်တစ်ဆက် မှော်ဘီတိုက်ပွဲမှာ တိုက်စဉ်ကျသည်။ အဲ့ဒီတိုက်ပွဲမှာ ဘယ်လောက်ပဲချချ ရန်ကုန်မှာတော့ ဖိုးပါကြီးတို့၊ သန်းနွဲ့တို့ ပြဇာတ်ကကြတာ အကမပြတ် ကြည့်နေကြသည်။ ပျော်နေကြသည်။ အင်းစိန်ဘက်သွားလို့ရှိရင် သေနတ်သံနှင့် ရန်ကုန်ဘက်သွားလို့



ရှိလျှင် သီချင်းသံနှင့် ဒီလိုမျိုး အံ့ဩဖို့ကောင်းသည်။ ဘယ်သူမှ ဝမ်းပန်းတနည်းနှင့် ကြောက်ရွံ့စိုးရိမ်တာ မရှိ။ တာဝန်ရှိသော တပ်ကသာ သူ့ဟာသူတဒိန်းဒိန်း တိုက်မည်။ ပြည်သူလူထုကတော့ သူ့ဟာသူ အပျော်မပျက်။ သည်တုန်းက စပ်ကူးမပ်ကူးမှာ မျက်နှာဖြူ ကပြားတွေလည်း ရှိသေးသည်။ သူက တပ်ရင်းနှင့် တိုက်သည်။ သူ့ အောက်က တပ်ရင်းမှူး ဗိုလ်မှူးကြည်မောင် တပ်ခွဲမှူးတွေကတော့ ဗိုလ်လွင်တို့၊ ဗိုလ်ထွန်းတင်တို့ နောက်ဗိုလ်လှသောင်းတို့ ပြည်သူ့ရဲဘော်တွေကလည်း တိုက်နေကြသည်။ တပ်တော့တပ်ပဲဒါပေမယ့် သူတို့ ပြည်သူ့ရဲဘော်ဆိုပြြားသော်လည်း BDA လာခဲ့သောတပ်တွေဆိုတော့ သူတို့လည်း စစ်ရည်ရှိသည်။ သူတို့ကိုလည်း လိုအပ်တဲ့လက်နက်တွေ တပ်ဆင်ပေးပြီးတော့ တိုက်ကြသည်။ သွားမြဲလာမြဲ ပျော်မြဲ စစ်တပ်က သတ်မှတ်ထားသောနေရာကျော်ပြီး သွားလို့မရတာဘဲ ရှိသည်။ ကျန်သည့်နေရာ သူတို့သွားပြီး လုပ်ကိုင်နေကြတုန်းပဲ။ တားလည်း သူတို့ ပြေးနေတာပဲ။ ခုနက ပြောသလို သမိုင်းရောက်လျှင် ရပ်၊ နောက်တစ်ခါကျလျှင် မင်းတို့ သမိုင်းတင်မဟုတ်ဘူး။ မင်းမဲ့အထိရသည်။ နောက်တစ်ခါကျလျှင် စော်ဘွားကြီးကုန်းရောက်သည်။ ဒီလိုလေးတွေတော့နည်းနည်း တိုးတက်လာသည်။ နောက်ဆုံးကျတော့ ဟိုမှာ အခြေအနေကစောဘဦးကြီးနှင့် ဝန်ကြီးချုပ် ဦးနု ဆွေးနွေးသည်။ ကြားလိုက်သည်။ သူတို့ KNDO ကိုလည်း အားလုံးပိတ်ဆို့ထားသည်။ ပိတ်ဆို့ထားတော့သူတို့လည်းပဲ နောက်ဆုံးကျတော့ ရရာနှင့် ဖောက်ထွက်သည်။

နောက်မှာ ကျွန်တော်တို့က ဝင်တိုက်သွားတော့ ဗိုလ်ချုပ်ကျော်ဇောက "မလိုပါဘူး၊ အခုလောလောဆယ် ထိန်းနိုင်ပြီ၊ ခင်ဗျားတို့ စောင့်နေချင်လည်း နေပေါ့၊ ကိုရင်လည်းခေါ်မည်" ဟု ပြောသည်။ ဗိုလ်ချုပ်ကျော်ဇောကို အင်းစိန်တစ်နေရာမှာပဲ တွေ့ဖူး၏။ ဟိုတုန်းက စစ်ကျန်တင့်ကားတွေကို ရန်ကုန်ဝပ်ရှော့တွေမှာပြင်၊ တစ်ပွဲထိုး တင့်ကားနှင့် ချကြသည်။ နောက်နှစ်ထပ် လေယာဉ်ပျံလေးတွေနှင့် ဗုံးကြဲဖို့အတွက် ပန်းပဲရုံမှာ ဗုံးတင်ဖို့လုပ်ကြသည်။ ဒေသနည်းဖြင့် လုပ်ထားတဲ့ ဗုံး၊ အပေါ်က ကြဲချရသည်။ ဗမာ့နည်း ဗမာ့ဟန်ပဲ။

ကျွန်တော် ရန်ကုန်မှာပဲ ရှိနေသည်။ ဝက်ကော်တိုက်ပွဲမှာ ဗိုလ်စိန်မှန်

www.burmeseclassic.com

www.burmeseclassic.com



ကျသွားတာ ကျွန်တော် ကောင်းကောင်းသိသည်။ သတင်းစာထဲ ရေးတာရော၊ ပြောတာရော အားလုံးကြားသည်။ သိသည်။ သူတို့က **ဝက်တော်**မှာ တိုက်နေသည်။ **ဝက်တော်**မှာ ဘယ်လိုတိုက်နေလဲဆိုလျှင် ရေတပ်က စက်သေနတ် ဟာစ်စပန်နိုဂ်န်းတွေ ရလာပြီးတော့ သင်္ဘောပေါ်က အကုန်လုံးဖြုတ်၊ ဖြုတ်ပြီးတော့ သည်ဘက်မှာ တပ်ပြီးတော့ ကားပေါ်တင်ပြီး ပစ်သည်။ ကားပေါ်တင်ပြီးတော့မှ တော်တော်လေး ပတ်ပတ်လည် ပစ်ပြီးသွားတော့မှ လေတပ်ကလည်း ရှိသည့်ဗုံးတွေ ကြဲတိုက်သည်။

သည်တုန်းက ကျွန်တော် ဆေးရုံက မဆင်းရသေး။ သို့သော် တိုက်ပွဲသတင်းတွေကို ကြားနေရသည်။ ဆေးရုံကဆင်းတော့ ကျွန်တော်က အသိတစ်ယောက်အိမ်မှာ ခဏနေသည်။ စမ်းချောင်းက အသိတစ်ယောက် အိမ်မှာ။ ဒါပေမယ့် ကိုယ်ပိုင်အချိန်တွေ အားလုံးကတော့ တိုက်ပွဲဖြစ်သည့်ဘက်သွားနေသည်။ သတင်းသွားနားထောင်လျှင် နားထောင်သည်။ နောက်တာဝန်ပေးလျှင်လည်း လုပ်မည်။ တာဝန်လည်း ရှိနေကြသည်။ တပ်မတော်ပြန်လည်ဖွဲ့စည်းဖို့ လုပ်ကြသည်။ မြစ်ကြီးနားမှာ အမှတ် ၂ ကချင်တပ်ရင်းရှိသည်။ နောက်ရှိနေသော တပ်ပေါင်းစုအားလုံးကို အုပ်ချုပ်နေသူ ဗိုလ်မှူးကြီး လဇွန်တန်၊ နောင်သောအခါမှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ပြန်လည်သိမ်းပိုက်ပြီးတော့ တပ်တွေပြန်ပြီး စုစည်းဖို့ တာဝန်ပေးလိုက်သည်။ ဗိုလ်မှူးချုပ် လဇွန်တန် ကချင်တပ်မှူးကြီး ဖြစ်လာသည်။ ကျွန်တော်တို့ကို မေမြို့ (ပြင်ဦးလွင်) သို့ လေယာဉ်ပျံနှင့် ပြန်ပို့သည်။ ပုသိမ်မှာလည်း တိုက်ပွဲတွေ ဖြစ်နေသည်။ ကျွန်တော့်နေရပ် မြစ်ဝကျွန်းပေါ်မှာ ဆက်လက်ပြီးတော့ ပြဿနာဖြစ်နေသည်။ KNDO တွေ ထကြ၍ ပုသိမ်ကလည်း ရန်သူလက်ထဲ ကျသွားသည်။ ဗမာရပ်ကွက်တွေကတော့ မဖြစ်ဘူး။ ကရင်တွေနှင့် ဗမာတွေရောနေသော ကျွန်တော်တို့ ရပ်ကွက်တွေ တံတားလမ်းကြီးတို့၊ အိုးဖိုတန်းတို့၊ ဝိန္ဒကုန်းတို့ ကန်သုံးဆင့်တို့၊ မြက်တိုတို့ ရပ်ကွက်တွေမှာ ကရင်များတော့ သူတို့က စပြီးတိုက်သည့်အခါ ဗမာတွေ တော်တော်များများ ခံလိုက်ရသည်။ ကျွန်တော့်အမေက သည်ရပ်ကွက်နားမှာနေတော့ အိမ်မီးရှို့သည့်အခါ တစ်ခါတည်း ကျောကော့ပြီး ပြေးရသည်။ ကျွန်တော့်ညီရယ်၊ ညီမရယ် ထွက်ပြေးရသည်။ ဘယ်ပြေး သလဲဆိုတော့ အစိုးရအထက်တန်းကျောင်း ဟိုဘက်ဗမာရပ်ကွက် တံတားကြီးလမ်းကို



ပြေးရသည်။ ပုသိမ်မှာဖြစ်သည်ဆိုတော့ ကျွန်တော် စိတ်ပူသည်။ ဒါပေမယ့် တစ်ခုကောင်းတာက တပ်မတော်မှာ သည်တုန်းက သက်သာချောင်ချိရေးဆိုပြီးတော့ တွဲဖက် မြန်မာ့အသံ အသံလွှင့်ဌာန ရှိသည်။ အသံလွှင့်ဌာနကို ဗိုလ်မှူးဗကိုက ဦးစီးသည်။ ကျွန်တော်က ကြေးနန်း ပို့လိုက်သည်။ စစ်ရုံးကနေပြီးတော့ "ကျွန်တော့်မိဘများ ပုသိမ်မှာ နေသည်။ သတင်းအရ သူတို့ ထွက်ပြေး တိမ်းရှောင်နေရင်းနှင့် အစိုးရ အထက်တန်းကျောင်းဝင်းထဲမှာ ရှိသည်။ ရှာပေးပါ"

မိခင်နှင့် မိသားစုကျန်းမာစွာရှိကြောင်း ရေဒီယိုက ကြားသည်။ တပ်မတော်မှာ ဗိုလ်မှူးဗကို ဦးစီးပြီးတော့ စိန်ပြောင်းကြီးနာမည်နှင့် အသံလွှင့်၏။ ကျွဲချိုဆိုပြီးတော့ KNDO က ပြန်လွှင့်သည်။ ညဆိုရင် နားထောင်ရသည်။ စိန်ပြောင်းကြီးက ဘုန်းဘုန်းဘုန်းဆို သုံးချက်မြည်ပြီဆိုလျှင် ဒါသူ့ singnal လေ၊ ဗိုလ်ဗကိုအသံ ရေဒီယိုက ကြားရသည်။ ဗိုလ်ဗကိုမှာ နောင်အခါ တပ်မတော်မှာ အငြိမ်းစားယူ၍ ရုပ်ရှင်လောကဝင် အကယ်ဒမီ ဗိုလ်ဗကို ဖြစ်၏။

ပထမဆုံးတပ်မတော်ဟု အော်သေးသည်။ နောက် တပ်မတော်အသံလွှင့်ပြီးသွားတာနှင့် ကျွဲချိုမှုတ်ပြီးတော့ KNDO ဘက်ကလည်း ပြန်ချေပသည်။ သိပ်နားထောင်လို့ ကောင်းသည်။ တစ်ဖက်နှင့် တစ်ဖက်ပြောကြ၍ ကျွန်တော်တို့ကလည်း ရေဒီယိုနားထောင်လျှင် အခြေအနေသိသည်။ ကျွန်တော်တို့ ရှေ့တန်းမှာနေတုန်းကလည်း အဆက်အသွယ်ပြတ်သည့်အခါ ဗိုလ်ဗကိုပြောသည်ကို နားထောင်ပြီး အလုပ်လုပ်ရသည်။ သူပြောတာက အထက်မြန်မာပြည်မှာ တပ်စီနေသည်။ မေမြို့ကျသွားပေမယ့် တပ်တွေက ဆက်လက်ပြီး ခုခံတိုက်နေသည်။ အစိုးရတပ်နှင့် အဆက်အသွယ်ရပြီ၊ ယခုအခါမှာလည်း ဆက်လက်ပြီး တိုက်နေဆဲပင်၊ ဘယ်အချိန်မှာ ဘယ်အခါမှာ မေမြို့ပြင်ဦးလွင်ကို တိုက်ခိုက်ပြီး သိမ်းပိုက်တော့မည်ဖြစ်ကြောင်းဆိုလျှင် ကျွန်တော်တို့က သိပြီ တိုက်ရတော့မည်။ သည်လို ရေဒီယိုမှ အမိန့်ပေးနေသည်။ စစ်ရုံးကနေပြီးတော့ ညွှန်ကြားနေသည့်သဘောပင်။ သူတို့ရေးသော သတင်းနှင့် ညွှန်ကြားနေသည်။ သည်တော့ သတင်းနားထောင်ပြီး ကျွန်တော်တို့ကလည်း ဟိုရှေ့တန်းမှာ တိုက်ရသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဗိုလ်ဗကိုတို့ပြောသည်ကို အသံနားထောင်ပြီးတော့ ပုသိမ်မှာ အမေ ဘာဖြစ်သလဲ၊ ကျွန်တော်က ကြေးနန်းပို့လိုက်တော့ ပုသိမ်က ကြေးနန်းပြန်လာသည်။ ဘယ်သူ့ဆီက ပြန်လာသလဲ ဆိုတော့ ဗိုလ်ကြီးစံကြည်ဆီက။ ဗိုလ်ကြီးစံကြည်ဆိုတာက ကျွန်တော်နှင့် တစ်ပတ်တည်း ဗိုလ်သင်တန်းကျောင်းဆင်းသူ။ နောက် ဗိုလ်မှူးကြီး စံကြည်။

ကျွန်တော့်စစ်ရုံးမှာ ဗိုလ်ဗကိုတို့ တပ်မတော် သက်သာချောင်ချိရေး ဌာနရှိသည်။ အဲဒီကို ကြေးနန်းပို့လိုက်သည်။ သက်ဆိုင်ရာကို အကြောင်းကြားပေးသည်။ "ကျွန်တော်က ပုသိမ်မြို့က ဖခင်ဘယ်သူ၊ မိခင်ဘယ်သူ၏သား ဗိုလ်တင်ဦးပါ။ ယခု ဒဏ်ရာအနည်းငယ်ရနေသဖြင့် ရန်ကုန်ဆေးရုံမှာ တက်နေသည်။ ကျွန်တော့်၏ မိခင်အခြေအနေကို သိလိုကြောင်း" ဆိုတော့ ဗိုလ်ကြီးစံကြည်ဆီက "ဗိုလ်တင်ဦး မိဘများ ရပ်ကွက်ကို ဝင်တိုက်ထွက်ပြေးတိမ်းရှောင်ရင်းနှင့် အစိုးရအထက်တန်းကျောင်းဝင်းထဲမှာ တွေ့ပြီ၊ ဗိုလ်တင်ဦး၊ အမေ၊ ညီ၊ ညီမတွေ့သည်။ ဘာလုပ်ပေးရမလဲ" သူက မေးသည်။ ကျွန်တော်က "ကြုံရာ လေယာဉ်ပျံနှင့် ရန်ကုန်ကို ပို့ပေးလိုက်ပါ" ပြောလိုက်သည်။ မိခင်နှင့် မိသားစုကို ရန်ကုန်ပို့ပေးသည်။ ကျွန်တော် သွားကြိုသေးသည်။ အမေ့ကိုခေါ်လာပြီးတော့ ကျောက်မြောင်း ဩဘာလမ်းထဲမှာ ကျူရှင်ပေးနေသော ကျွန်တော့်အစ်မအိမ် ခေါ်လာသည်။ အစ်မဝမ်းကွဲအိမ် နာမည်က မကြည်ကြည်၊ ကျွန်တော်က မမကြည်ဟုခေါ်သည်။

အမေ့ကို မမကြည်တို့အိမ်ကို သွားပို့ထားလိုက်သည်။ ကျွန်တော်က အမေကိုလည်း စိတ်ချပြီးနေ အမေ၊ ကျွန်တော် တိုင်းပြည်အေးဆေးဖြစ်ရင် ပြန်ခေါ်မည်ဟု အားပေးရသည်။ ကျွန်တော်က ရန်ကုန်ကနေပြီးတော့ ရှေ့တန်းထွက်လာ မေမြို့အနီးစခန်းကို လေယာဉ်ဆင်းရသည်။ ကျွန်တော်နှင့်အတူ ကျွန်တော့်ကို ဆေးဝါးကုသပေးနေသော ဗိုလ်သန်းအောင်ပါသည်။ နှစ်ယောက်တည်းပင်။ သူကတော့ ဒဏ်ရာမရဘဲနှင့် ကျွန်တော့်ကိုပြုစုဖို့ လိုက်လာသည်။ ငွေရေးကြေးရေးလည်း ပြောရဦးမည်။ မန္တလေးကို တိုက်သည့်အခါ KNDO တွေ မဝင်မီ ငွေတိုက်မှာရှိသော ငွေတွေကို တပ်မတော်က ဗိုလ်ကျင်တို့က သိမ်းယူလိုက်သည်။ သူကတော့ တကယ် စာရင်းအင်းနှင့် ထားသည်။ ရသည့်ငွေကို လစာထုတ်ပေးသည်။ စစ်တိုက်နေရင်းမှာပင်



လစာထုတ်ပေးသည်။ လစာထုတ်ပေးတယ်ဆိုတာက သုံးလစာ ထုတ်ပေးခြင်းဖြစ်သည်။

သည်မှာ ကျွန်တော့်ကို လခသုံးလစာအပြင် စစ်ရေးစီမံမှုနှင့်ပတ်သက်၍ စီစဉ်အုပ်ချုပ်ဖို့အတွက် ငွေအပိုပေးလိုက်သည်။ ကျွန်တော် ဒဏ်ရာရသည့်အခါ လစာ ဘယ်လိုရသလဲဆိုတော့ အပိုပေးလိုက်သောငွေထဲက အားလုံး ကျွန်တော်တစ်ဝက် ဝက်လိုက်သည်။ ရှေ့တန်းမှာရှိသော တပ်မှူး ဗိုလ်ထွန်းအောင်ကျော်ကို ဆက်လက်ခေါင်းရွက်ရန် ခွဲဝေပေးခဲ့သည်။ "ကျွန်တော် ပြန်လာမယ်၊ ဒါကတော့ ကျွန်တော် လမ်းစရိတ်အဖြစ် ယူသွားမယ်" ပိုက်ဆံကလည်းပဲ တောက်လျှောက် ကျွန်တော်နှင့် ပါလာသည်။ တပ်ကို ငွေအားလုံးကိုအပ်ပြီးတော့ အမေ့ကို ငွေနည်းနည်း ပေးခဲ့နိုင်သည်။ "အမေ ဒီငွေကို သုံး၊ ပြီးတော့ နောက် ကျွန်တော် စီစဉ်ပေးမယ်" ပြောခဲ့သည်။ ကျွန်တော်က လေယာဉ်ပျံနှင့် လိုက်လာပြီး မေမြို့အနီးစခန်းကို ရောက်တော့ တပ်က ဘယ်မှာဖွဲ့သည်လဲဆိုတော့။ မန္တလေးနန်းတွင်း၊ တပ်ပေါင်းစုဌာန။

ကျွန်တော်တို့ ပထမတပ်ရင်း ၁ ပြန်ဖွဲ့စည်းမည်။ လက်နက်ကိုင်တပ်ရင်း ၁ ၏ တပ်ရင်းမှူး၊ သနက ၅ တိုက်နေသော ဗိုလ်မှူးထွန်းစိန်က တပ်ရင်းမှူးအဖြစ်။ ဗိုလ်ထွန်းစိန်ဆိုသည်မှာ နောင် ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်။ နောက် ဗိုလ်မှူးလှမော်လည်းပါသည်။ အင်းစိန်မှာ တိုက်နေသူ ဗိုလ်မှူးသီဟသူရဆိုတာ ကွန်မြူနစ်တောခိုသောလှမော် မဟုတ်ပါ။ ဗိုလ်မှူးလှမော်က စစ်ကိုင်းလှမော်၊ နောက်တော့ ဘုန်းကြီးဝတ်သေးသည်။ သူက သံအမတ် ဗိုလ်လှမော်လေ။ ယခုတော့ သံအမတ် လှမော်က ကွယ်လွန်ရှာပြီ။ မနေ့တစ်နေ့ကမှ ဆုံးသွားသည်။ ရဟန်းဘဝနှင့် ပျံတော်မူသွားသည်။ နောက် ကွန်မြူနစ်ဗိုလ်လှမော်က တောထဲမှာ ဒေါ်ခင်မြစီနှင့် အိမ်ထောင်ပြုသော ဗိုလ်လှမော်။

ကွန်မြူနစ်ဗိုလ်လှမော်က တပ်မတော်မှာ ကပ္ပတိန်တပ်ခွဲမှူးဖြစ်ပြီးတော့မှ တောခိုသွားသည်။ တောခိုပြီးတော့မှ တောထဲမှာ တိုက်ကြခိုက်ကြရသည်။ သူ့ဇနီး ခင်မြစီမှာ ဟိုတုန်းကမြို့ပေါ်တွင်ရှိသည်။ ခင်မြစီကိုတော့ သိသည်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စစ်ဆင်ရေးလုပ်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာ စာရွက်စာတမ်းတွေ ရှိပြီ၊ သူတို့ ရိုက်ထားသော ဓာတ်ပုံတွေ ကြည့်ရသည်။ ခင်မြစီက ချောသည်။ ကျွန်တော် ဓာတ်ပုံမြင်ဖူးသည်။ ဒေါက်တာခင်လေးကြီး၊ ဒေါက်တာခင်လေးငယ်တို့၏ အစ်မ ခင်မြစီ၊ သူ့ညီမ ဗိုလ်မှူးဒေါ်ခင်လှသီက ညောင်လေးပင်မယ်။ ကာတွန်း ဦးဖေသိန်းဇနီးဖြစ်သူ ခင်လေးနွယ်လည်း ခင်မြစီညီမ အငယ်ဆုံးပါပဲ။ ကျွန်တော့်မင်္ဂလာဆောင်တုန်းက ဒေါက်တာ ခင်လေးကြီးတို့၊ ဒေါက်တာ ခင်လေးငယ်တို့က ကျွန်တော့်မိန်းမဘက်က အပျိုရံလုပ်သည်။

သည်တုန်းက သူတို့ညီအစ်မက ဆရာဝန်ဖြစ်စလေးတွေ ကျွန်တော့်မိန်းမကလည်း ဒေါက်တာဆိုတော့ သူတို့နှင့် ရင်းနှီးခင်မင်သည်။ သူတို့ပါလာသည်။ သူတို့နှင့် တွေ့ဖူးသည်။ ယခု ကျွန်တော်ပြောသော တပ်မတော်က ဗိုလ်လှမော်ဆိုတာ နောင်အခါ စစ်ကိုင်းက သံအမတ်ဖြစ်သော ဦးလှမော်၊ သူက မေဂျာရာထူးနှင့် ရောက်လာပြီးတော့ လက်နက်ကိုင်တပ်ရင်းဖွဲ့သည်။ လက်နက်ကိုင်တပ်ရင်းထဲမှာ ကျွန်တော်က တပ်ခွဲ ၄ ကွန်မန်ဒါဆိုပြီး တပ်ခွဲ ၁ က ဗိုလ်ခင်မောင်၊ ထားဝယ်ခင်မောင်၊ ချုပ်နခေတ် ဗိုလ်သင်တန်းကျောင်း တစ်ပတ်တည်း ဆင်းသည်။ နောက်ပြီး တပ်ခွဲ ၂ က ဗိုလ်သင်တန်းကျောင်းဆင်းလာသော ဂျပန်ပြန် ဗိုလ်သိန်းမောင်။

မင်းဘူးသိန်းမောင် မဟုတ်ဘူး။ မင်းဘူးက ဗိုလ်သိန်းမောင်က တော်တော်ရာထူးကြီးသည်။ မင်းဘူးသိန်းမောင်က နောက်ဆုံး ဗိုလ်မှူးကြီးဖြစ်သည်။ ဂျပန်ပြန် ဗိုလ်သိန်းမောင်ကို ဖက်ဆစ်သိန်းမောင်ဟုလည်း ခေါ်သည်။ သူ့ကို ဘာဖြစ်လို့ ဖက်ဆစ်ခေါ်သလဲဆိုတော့ သူက အနည်းငယ်ကြမ်းတမ်းလို့၊ ပြောတာဆိုတာ လုပ်တာကိုင်တာကြမ်းလို့ ဖက်ဆစ်သိန်းမောင်၊ နောက်တော့ တပ်ခွဲ ၃ တပ်ခွဲမှူး ဗိုလ်တင်မောင်။

အဲသည့် ဗိုလ်တင်မောင်ဆိုတာ သူတို့ ဗိုလ်ဗကိုတို့နှင့် ဗိုလ်ကြီးဖြစ်လာသူ တောင်ငူသား၊ နောက်ပြီးတော့မှ တပ်ခွဲ ၄ မှာက ကျွန်တော် ဗိုလ်တင်ဦး။ သည်လိုတပ်ကို ပြန်ဖွဲ့စည်းလိုက်သည်ဆိုတော့ ကျွန်တော်က မေမြို့ပြန်ရမည်။ ပြီးလျှင် တပ်နှင့်ဆက်သွယ်ရမည်ဆိုတော့ ကျွန်တော်မေမြို့ရောက်သွားသည်။ သည်အချိန်မှာ မေမြို့ကို ပြန်သိမ်းပြီးပြီ။ ဘယ်သူက ပြန်သိမ်းသည်လဲဆိုတော့ မြောက်ပိုင်းတိုင်းဌာနချုပ်မှာ စစ်ဆင်ရေးလုပ်နေ



သော ဗိုလ်မှူးချုပ် လဇွန်တန်။ ဗိုလ်ချုပ်လဇွန်တန်က ကချင်တပ်ရင်းတွေနှင့် ကချင် ၁၊ ကချင် ၂ ဆိုပြီးရှိသည်။ သူက သည်တပ်တွေကို ဦးစီးပြီး ပြန်တိုက်တော့ မေမြို့ပြန်ရသွားပြီ။ မေမြို့ပြန်ရောက်တော့ အုပ်ချုပ်ရေး ပြန်စတင်နေသည်။ ဗိုလ်သင်တန်းကျောင်း ပြန်ဖွင့်ဖို့ လုပ်နေသည်။ သည်အချိန် လက်နက်ကိုင်တပ်ရင်း ၁ ကို မန္တလေးမှာ ဖွဲ့သည်။ အရာရှိတွေက ဖော်ပြသလိုပဲ၊ မန္တလေးမှာဖွဲ့ပေမယ့် မဆုံသေးသည့်အတွက်ကြောင့် နောက်မန္တလေးကိုသိမ်းပြီးတော့ ကျကျနနဖြစ်တော့မှ ကျွန်တော့် တပ်ထဲကပဲ ဒုတပ်ကြပ်စိန်ရ မေမြို့က တိုက်လာသောရဲဘော်နှင့် ဆုံရသည်။

သူက နောက်ဆုံး ဖွဲ့စည်းပုံထဲမှာ ပြန်ပါလာသည်။ **ကိုစိန်ရ** ယခု ဆက်သွယ်ရေးဝန်ကြီး (ငြိမ်း) ကို "မင်းက ငါ့အမေတို့ကို သွားခေါ်ပြီးတော့ အနီးစခန်းကိုပို့၊ အနီးစခန်းကျလို့ရှိရင် တပ်က ကားလွှတ်ပြီးတော့ ငါ့အမေကို မန္တလေးခေါ်မယ်" တပ်ကြပ် စိန်ရက ဆောင်ရွက်ပေးသည်။ စိန်ရက တစ်ရစ်။ ဒုတပ်ကြပ်။ အမေကို ခေါ်လိုက်တော့ တပ်ကြပ်စိန်ရခေါ်ပေး၍ မန္တလေး ရောက်သည်။ မောင်နှမတွေပါ အကုန်ပါလာပြီ။ အမေကလည်း "ပုသိမ် ပြန်မသွား တော့ဘူး၊ ငါ ဒီလောက် ဒုက္ခရောက်တဲ့နေရာ ရွာလည်း မသွားတော့ဘူး၊ ငါ့သားရှိတဲ့ နေရာပဲ နေတော့မယ်" ဆိုတော့ ကျွန်တော်လည်း မန္တလေး နန်းတွင်းထဲက အိမ်အလွတ်တစ်အိမ်မှာ အမေကိုထားသည်။

ဒုတပ်ကြပ်စိန်ရ ကျေးဇူးပါပဲ။ အမေ့ကို သွားခေါ်ပြီးတော့ ရန်ကုန်လေယာဉ်ပျံကွင်းကနေပြီးတော့ အနီးစခန်း လေယာဉ်ကွင်းကို ခေါ်လာသည်။ ရောက်လာပြီးတော့မှ အနီးစခန်းကနေ ကျွန်တော့်ဆီ ရောက်လာသည်။ ကားနှင့် လာပို့သည်။ ကျွန်တော်က ကားလွှတ်လိုက်ရသည်။ အမေရောက်လာတော့မှ ကျွန်တော် စိတ်အေးသွားသည်။ ဗိုလ်မှူးကြီး စိန်ရနောင်၊ သယ်ပို့ဆောင်ရေးဝန်ကြီး (ငြိမ်း)။

သည်တုန်းက ၁၉၄၅ ခုနှစ် အောက်တိုဘာလ ရောက်နေပြီ။ အမေရောက်လာပြီးတော့ အမေ့ကိုထား။ တပ်တွေက ပြန်လည်ဖွဲ့စည်းနေတော့ ဗိုလ်တွေတော့ရောက်ပြီ၊ အကြပ်တွေ တပ်သားတွေ မရှိသေးဘူး။ ဖွဲ့စည်းပုံက တပ်ခွဲ ၄ ခွဲ လူက နည်းနည်းပဲ ရှိသေးသည်။ လေ့ကျင့်ပေးရဦးမည်။ လူလိုသည်။ လူက ဘယ်လိုရလဲဆိုတော့ ကျွန်တော်ပြောမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကတော့ အင်မတန်ကောင်းသော စနစ်ပါ။ ပြည်သူ့ရဲဘော်အဖွဲ့ကို မှတ်မိလိမ့်ဦးမည်။ ရဲဘော်ဖြူ ရဲဘော်ဝါကွဲသွားသည်။ ရဲဘော်ဝါတွေက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် အုပ်ချုပ်သည် (နောင်သံအမတ်ကြီး (ငြိမ်း) က ကွပ်ကဲသည့်) စစ်ဝန်ထမ်း ဖြစ်ပါသည်။ ရဲဘော်ဖြူတွေက တောခိုသွားသည်။ ဗိုလ်မှူးဗိုးကွန်းတို့ ရဲဘော်ဖြူက တောခိုသွားသည်။ ဗိုလ်မှူးအောင်တို့က ဝါသွားသည်။ ရဲဘော်ဝါတွေက စစ်ဝန်ထမ်း တပ်ဖွဲ့ထားတော့ စစ်ဝန်ထမ်းတပ်တွေကလည်း တပ်နှင့်တွဲပြီးတော့ လိုက်တိုက်ကြသည်။ စစ်ဝန်ထမ်းတပ်ကို ကျွန်တော့်တပ်ထဲ ထည့်ဖွဲ့သည်။ ဘယ်သူတွေပါလာသလဲဆိုတော့ မိတ္ထီလာစစ်ဝန်ထမ်း၊ မန္တလေးစစ်ဝန်ထမ်း တချို့နှင့် စစ်ကိုင်းစစ်ဝန်ထမ်းတွေအချို့၊ ရွှေဘိုအချို့ ပါလာသည်။

စစ်ဝန်ထမ်းတွေက မိတ္ထီလာမှာ ရှိသည်။ စစ်ကိုင်းမှာ ရှိသည်။ မန္တလေးမှာ နည်းနည်းရှိသည်။ ရွှေဘိုမှာ နည်းနည်းရှိသည်။ သူတို့ကို စုစည်းပြီး အားလုံးကို လက်နက်ကိုင်တပ်ရင်းသစ်ဖွဲ့ရာ တပ်မတော် လက်နက်ကိုင်တပ်ရင်း ၅ ကို သစ္စာရှိရှိ လုပ်မယ်ဆိုသည်။ လူတွေကလည်း တချို့ပြန်ရောက်လာသည်။ ဆရာအနေနှင့်ရောက်လာတာ ရှိသည်။ တပ်သားအနေနှင့်ရောက်လာတာ ရှိသည်။ ဘားမားရဲကျိုးမင့်တပ်ရင်း ၁ ကလည်း ဆရာအနေနှင့် တပ်သားအနေနှင့် နည်းနည်းရောက်လာတာတွေ ရှိသည်။ သူတို့ကို ကျွန်တော်တို့က အမြဲတေလိုထားပြီးတော့နောက် အခြားတိုက်နေသော တပ်ရင်းနှင့် တပ်တွေ ဖွဲ့ရသည်။

မိတ္ထီလာစစ်ဝန်ထမ်းတပ်ကိုခေါ်တော့ လမ်းမှာ ကွန်မြူနစ်တပ်က ပိတ်နေပြီ။ ဘာလုပ်ရသလဲဆိုတော့ ၁၀၁ လေယာဉ်ပျံကို သုံးရသည်။ လေယာဉ်ပျံလေး သိပ်အသုံးကျသည်။ လေယာဉ်ပျံကို ရဲဘော်သုံးကျိပ် ဗိုလ်စကြာတို့က စီစဉ်ကူညီပေးသည်။ လေယာဉ်ပျံက ဒါကိုတာအမျိုးအစား အမေရိကန်လုပ်၊ ကျွန်တော်တို့ကိုလာခေါ်တာ အမေရိကန် လေယာဉ်ပျံ နှစ်စင်း လာခေါ်သည်။ လေယာဉ်ပျံနှင့် သွားရသည်။ မိတ္ထီလာရောက်ရော။ ကျွန်တော့်မှာ ဘာအဝတ်အစားမှလည်း မရှိ၊ ရှိတာလေးကလည်း ဘောင်းဘီ နှစ်ထည်လေးနှင့် အင်္ကျီလေး မျက်နှာသုတ်ပဝါ၊ နောက်က ကျောပိုးအိတ်လေးပဲ။ စားတာတော့ ရိက္ခာထုပ် စားရသည်။ ဗိုလ်မှူးချုပ်တင်ဆွေ



(ဝန်ကြီးစက်မှု(၁) (ငြိမ်း)) က သည်မှာ စစ်ဝန်ထမ်း တပ်ရင်းမှူး။ နောင် မဆလ စက်မှု ၁ ဝန်ကြီး ဗိုလ်တင့်ဆွေ။

စာအုပ်တစ်အုပ်ရေးပြီး အမျိုးသားစာပေဆုရ၊ စာရေးဆရာကြီးများ ကန်တော့ခံပွဲတက်ခွင့်ရသူ ဗိုလ်တင့်ဆွေ၊ ထိုစဉ်က မိတ္ထီလာမှာ တပ်ရင်းမှူး။ ဗိုလ်တင့်ဆွေတပ်ရင်း ၄ ကနေပြီးတော့ စစ်ဝန်ထမ်းကိုင်ဖို့အတွက် ရောက်သွားသည်။ လေယာဉ်ပျံစီးပြီး မိတ္ထီလာက သူတို့ဆီရောက်သွားသည်။ ရောက်သွားတော့ အဆင်ပြေသည်။ သူကလည်း ဂျပန်ပြန်တစ်ဦးပဲ။ ဗိုလ်တင့်ဆွေက ကျွန်တော့်ထက် အသက်နည်းနည်းကြီးသည်။ အသက်ကကြီးပြီး ရာထူးတော့ ငယ်သည်။ တစ်ဆင့်တော့ ငယ်သည်။ တစ်နေ့ကမှ ဗိုလ်တင့်ဆွေနှင့်ဆုံ၍ မေးရင်းနှင့် အသက်စစ်လိုက်တော့မှ သူက ကျွန်တော့်ထက်တောင် တစ်နှစ် ကြီးနေသေးသည်။ ရုပ်ရည်က တော်တော်နုသည်။ အရွယ်တင်သည်။ တစ်ခေါင်းလုံး ဆံပင်ဖြူနေပြီ။

ယခုတော့ ကိုတင့်ဆွေက ခါးလည်းကိုင်းပြီး လူက တွဲနေရသည်။ ဗိုလ်တင့်ဆွေက ဘယ်သူနှင့် လက်ထပ်သည်လဲဆိုတော့ သိန်းဖေမြင့်ဇနီး မမကြည်၏အစ်မနှင့် အကြောင်းပါသည်။ မစန်းစန်း။ ဒေါ်ခင်ကြည်ကြည်၏ အစ်မတစ်ဝမ်းကွဲ။ သို့သော် အရင်းလိုပဲ ချစ်ခင်ကြသည်။ ကျွန်တော်က ကိုတင့်ဆွေဇနီးကို မမစန်းဟုခေါ်သည်။ သူတို့နှင့် တွေ့သည်။ သိပ်ချစ်ဖို့ကောင်းသည်။ သူတို့က ရောက်တာနှင့် တစ်ပြိုင်နက်တည်း သိပ်ပြုစုသည်။ မမစန်းက ချောသည်။ ချစ်စရာကောင်းသည်။ ဗိုလ်တင့်ဆွေလည်း လူချောပါပဲ။ ကျွန်တော်တို့ မိတ္ထီလာရောက်တော့ ဗိုလ်တင့်ဆွေက မိန်းမရခါစ။ သူတို့ကလည်း မိတ္ထီလာမှာ တဲကြီးထဲမှာ နေသည်။ ကျွန်တော်ကတော့ တဲအပြင်နားက အဆောက်အအုံ သေးသေးလေးမှာ အိပ်သည်။ အကုန်လုံး သူတို့ ကျွေးခံကြသည်။ ကျွန်တော့်မှာ အရုပ်ဝတ် အရုပ်စားလည်း မပါဘူး။ အင်္ကျီအဖြူလက်တို၊ ပုဆိုး၊ နောက်ပြီးတော့မှ ခေါင်းအုံး၊ ခြင်ထောင် အကုန်လာလုပ်ပေးသည်။ ပြီးတော့ စားသည့်အချိန်ကျတော့ သူတို့ မိသားစုလိုပဲ သွားစားရသည်။

မိတ္ထီလာမှာ ရက်သတ္တ နှစ်ပတ်လောက် ကြာသည်။ တပ်သားစုသည်၊ ဆေးစစ်ရသေးသည်။ သူတို့ တပ်ထဲဝင်ချင်သလား၊ မဝင်ချင်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



မေးရသည်။ ကျွန်တော်တို့ တပ်မတော်ထဲဝင်မည်ဆိုလျှင် ကျွန်တော်တို့ တပ်မတော်စည်းကမ်းနှင့် ပတ်သက်သော ပုံစံတွေရှိသည်။ တပ်သားသစ် ဝင်သလိုပါပဲ။ မိတ္ထီလာမှာ တပ်သားသစ် စုဆောင်းသော ဌာနရှိသည်။ သူတို့ကလည်း ကျွန်တော်တို့ သွားတော့မှပင် အလုပ် လုပ်ရသည်။ သူတို့နှင့် ဆက်သွယ်ပြီးတော့ ရဲဘော်လောင်းတွေ စစ်ဝန်ထမ်းကနေ တပ်မတော်ထဲ ဝင်ဖို့အတွက် သူတို့ကို စည်းကမ်းနှင့် ကျကျနန လုပ်ခိုင်းတော့ လုပ်ပေးပါသည်။ မဝင်ချင်သော လူတွေလည်း ရှိသည်။ သူတို့လည်း ပြန်ချင်ပြီ။ အေးအေးဆေးဆေး နေသည်။ တော်တော်များများတော့ ဝင်ပါသည်။ တပ်စု နှစ်စုလောက် ရခဲ့သည်။

တပ်သား ၆၀ ပတ်ဝန်းကျင်လောက်ရသည်။ ကျွန်တော် ပြောပြဦးမည်။ တပ်သားရတော့ စစ်အဝတ်အစားက မပေးနိုင်သေး။ သူတို့ စစ်ဝန်ထမ်း အဝတ်အစားက သိသည့်အတိုင်း စစ်ဝန်ထမ်းမှာ သင့်တော်သော လူတွေကို ဗိုလ်တင့်ဆွေက ဆုပေးသည်။ တပ်ခွဲမှူး ဗိုလ်တင့်ဆွေက နှစ်ပွင့်၊ အင်္ဂလိပ်တွေပို့သောအင်္ကျီတွေက သူတို့ဆီရောက်သွားပြီ၊ ကျွန်တော်တို့က သပြေခက်တွေ ဖြစ်သွားပြီ။ အတန်းတွေနှင့် သူတို့က တစ်ပွင့်ဆိုလျှင် ဒုဗိုလ်၊ နှစ်ပွင့်ဆိုလျှင် ဗိုလ်၊ သုံးပွင့်ဆိုလျှင် ဗိုလ်ကြီး။ သူတို့နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဘာမှမပင်ပန်းဘူး။ ခေါင်းဆောင်လုပ်သောလူကို ပြောလိုက်လျှင် အဆင်ပြေသည်။ ကွပ်ကဲတာမှာ တပ်ကြပ်ကြီးက ကွပ်ကဲသည်။ စစ်ဝန်ထမ်းတပ်သားတွေအားလုံးကို ကွပ်ကဲတာ ဆာဂျင်က ကွပ်ကဲသည်။ ဗိုလ်တင့်ဆွေက ဆာဂျင်ကို အမိန့်ပေးသည်။ ဆာဂျင်က သူတို့ကို ကွပ်ကဲမည် စသည်ဖြင့် ဒီလိုကွပ်ကဲသွားသည်။ စနစ်တကျပါပဲ။ လူတွေစစ်ပြီးတော့ သူတို့၏ စာရင်းအင်းတွေ ပါလာသည်။ သူတို့လက်နက်တွေကို အကုန် သိမ်းရသည်။ လက်နက်အသစ်ပေးသည်။ သူတို့က တပ်သားသစ်တွေ ဖြစ်သွားပြီ။ သို့သော် လက်နက်နှင့် ပတ်သက်တာ အားလုံးကို တပ် မတော် လက်နက်အပြည့်အစုံ ပြန်ပေးသည်။ လက်နက်ဟောင်းတွေကို စာရင်းနှင့်ပြုစု။ သူတို့ကိုသယ်ယူဖို့ အမှန်က လေယာဉ်ပျံ ဒါကိုတာ နှစ်စင်းဆိုက်သည်။ လေယာဉ်တစ်စင်းက နံပါတ် ၀၀၁၊ အင်ဒိုနီးရှားလေယာဉ်မှူးမောင်းသည်။ တစ်စင်းက ဗမာလေယာဉ်ပျံပါပဲ။ ဒါကိုတာလေယာဉ်



အသစ်။ မစ္စတာဟဲရားဆိုသူ မော်တန်က မောင်းသည်။ အမှန်က တပ်သားသစ်တွေ သယ်ရတာ ခွဲသယ်ရမှာ ဖြစ်သည်။ ဒါပေမယ့် ဘာစကားများလဲမသိဘူး။ လေယာဉ်တစ်စင်းက ပြန်မောင်းသွားသည်။ ယခုလို ပြန်မောင်းသွားတော့ လေယာဉ်တစ်စင်းပဲ ကျန်ရစ်ခဲ့သည်။

အမေရိကားလေယာဉ်မှူး ကျန်သည်။ အင်ဒိုနီးရှားလေယာဉ်မှူး ပြန်သွားသည်။ သို့ဖြင့် လေယာဉ်ပေါ်တက်ခါနီးကျတော့ နည်းနည်းအလေးချိန် လျှော့ရသည်။ လျှော့ဆိုတော့ အလေးချိန်ကလည်း သိပ်မလျှော့နိုင်။ ဘာဖြစ်လို့လဲဆိုတော့ ပါလာတာက စာရင်းအင်းစာအုပ်တွေလည်း ပါလာသည်။ နောက်ပြီးတော့ သူတို့အတွက် သယ်ဆောင်မယ့် ပစ္စည်းတွေလည်း ပါလာသည်။ လက်နက်ကလည်း အကုန်ဆိုလျှင် ၇၀ လက်လောက် ပါလာသည်။ ပစ္စည်းတွေတင်တော့ ကျွန်တော် မေးရသည်။ "မင်း မောင်းလို့ရမှာလား" ဆိုတော့ "ရတယ် ငါမောင်းမယ်"ဟု အမေရိကား လေယာဉ်မှူးက ပြောသည်။ မိတ္ထီလာမှာလည်း ဘယ်သူအုပ်ချုပ်နေလဲဆိုတော့ ဒုဗိုလ်မှူးကြီး ဇော်ခေါင်း။ ဇော်ခေါင်းဆိုတာ ကချင်ပဲ။ ကချင် ဗိုလ်ချုပ်လဖွမ်တန့်တို့ တိုက်တော့ မိတ္ထီလာနှင့် သာစည်ကို ရထားနှင့် လာသိမ်းပြီး ယူထားသည်။ သူ့နာမည်က ဒုဗိုလ်မှူးကြီး ဇော်ခေါင်း။ သစ္စာရှိ တိုင်းရင်းသားကချင်။ ပြည်တွင်းစစ်ဖြစ်သွားလို့သာ ကွဲကုန်ကြသည်။ ဟိုတုန်းက ချင်းလည်း အတူတကွ တိုက်သည်။ ရှမ်းသာ နည်းနည်းစကား များသည်။ ရှမ်းလည်း နောက်တော့ တိုက်တာပဲ။ ပြည်ထောင်စုလေ၊ ယခု ပျက်သွားသည်ဆိုတော့ သိပ်စိတ်မကောင်း။ ဘာကြောင့်လဲဆိုတော့ တော်လှန်ရေးကောင်စီဖြစ်သည် အချိန်မှာ အမည်တွေနှင့် တပ်ကို ခွဲသည်။ နံပါတ်တွေဖျက်သည်။ $1^{st}$ ကချင် $2^{nd}$ ကချင်၊ $1^{st}$ ကရင် $2^{nd}$ ကရင်၊ $1^{st}$ ကယားတို့ $1^{st}$ ရှမ်းတို့ တော်လှန်ရေး ကောင်စီခေတ်မှာ ပျောက်သွားသည်။ တပ်ထဲကို ဝင်သည့်အခါ အများစုက မြန်မာတွေဖြစ်၍ မြန်မာစိုးမိုးသည့်သဘော။ သည်မှာ နည်းနည်းစိတ်ဝမ်းကွဲ ကုန်ကြသည်။

**ဗိုလ်ချုပ်အောင်ဆန်းက ကချင်တစ်ရင်း ၁၊ ၂၊ ကရင်တစ်ရင်း ၁၊ ၂၊ ချင်းတစ်ရင်း ၁၊ ၂ လုပ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်တုန်းက သူချခဲ့သည့်မူ။ ပေးတာကိုလည်းပဲ စဉ်းစားကြည့် ဗမာအရာ ရှိနှင့်**

www.burmeseclassic.com

www.burmeseclassic.com



**တိုင်းရင်းသားစာရင် တိုင်းရင်းသားကို အရင်ပေးသည်။ ဗိုလ်ချုပ်လစ္စန် တန်ဆိုလျှင် ကျွန်တော်တို့ဗမာတွေဘက်မှာ အများကြီးရှိသော်လည်း မရဘူး။ လစ္စန်တန်ကို ဗိုလ်မှူးချုပ်လုပ် မင်းကွပ်ကဲ။ နောက်ပြီးတော့ ရှင်းလည်းပဲ၊ ဗိုလ်မှူးကြီးဟာရန်သီယို၊ ဒီလိုပဲ "မင်း ဒါနဲ့ပတ်သက်ပြီးတော့ မေဂျာတွေ လက်ဖတင်နင်တွေကို မင်းကွပ်ကဲ" ကျွန်တော်တို့ဗမာထဲက တပ်ရင်းကို ကိုင်သည်ဆိုတာ ရှားရှားပါးပါးလေး ရှိသေးသည်။ ဥပမာဆိုလျှင် ကာ်ဘိနက်ထိတို့ ဗိုလ်မှူးကြည်မောင်တို့ ဗိုလ်မှူးစိန်ဝင်းတို့ ဗမာက ဒါလောက်ပဲ နည်းနည်းလေးရှိသည်။ သိပ်ရှားပါးသည်။ ဗမာထဲက ရာထူးပေးတာက ပေးမယ်ဆိုလည်း ရသည်။ ထိုက်ထိုက်တန်တန်ရသည်။ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်တို့ BIA, BDA က တောက်လျှောက်လုပ်လာသူတွေ တချို့ဆို ဂျပန်ကပဲ ဗိုလ်သင်တန်းဆင်းပြီး ပြန်လာသူတွေ အင်မတန် တော်သည့်လူတွေ ဗမာထဲမှာရှိသည်။ မပေးဘူး။ တိုင်းရင်းသားတွေပဲ တပ်ရင်းဖွဲ့ပေးရန် ဗိုလ်ချုပ် စီစဉ်ခဲ့သည်။**

ဗမာတပ်မှူးတွေကို ဦးစားမပေးဘူး။ တိုင်းရင်းသား ချစ်ကြည်ရေး ဦးစားပေးသည်။ ကျွန်တော်တို့ကို အရေးပေါ်စဉ် လာကူရာမှာ များသောအား ဖြင့် ကချင်တွေပါပဲ။ ချင်းတွေပဲ ဒုတိယဗိုလ်မှူးကြီး ဖော်ခေါင်းက မိတ္ထီလာ ရောက်လာတော့ သူက တော်တော်လေး ကျကျနန ကွပ်ကဲသည်။ သူ့အစီ အစဉ်နှင့် လေယာဉ်ပျံရအောင်လုပ်သည်။ လေယာဉ်ပျံနှင့် လူ ၆၀ ကိစ္စ ပြောဦးမည်။ လေယာဉ်ပျံထွက်ခါနီးကျတော့ ဆာကျင်သိန်းငွေက ပေါ်မလာ ဘူး။

သည်တော့ ဗိုလ်တင့်ဆွေက "ခဏစောင့်ဦး၊ သူ့ကိစ္စရှိလို့ သွားတာ ဖြစ်လိမ့်မယ်။ သူ့ကိစ္စ တော်တော်အရေးကြီးလို့နေမှာ" ဟု ပြောသည်။ ဆာကျင်သိန်းငွေ နောင်အခါ ဗိုလ်မှူးကြီးသိန်းငွေ၊ ဟိုတုန်းက သူက ဆာ ကျင်၊ သူက မပေါ်လာဘူး။ မပေါ်လာတော့ "ကိုတင့်ဆွေ လေယာဉ်ပျံလည်း ထွက်ခါနီးပြီဗျာ၊ ခင်ဗျား လူ ဆာကျင်သိန်းငွေလည်း မပေါ်လာဘူး၊ အားလုံး စုံပြီ" ဆိုတော့၊ ဗိုလ်တင့်ဆွေကလည်း ပြုံးစိ ပြုံးစိနှင့်။ "လာမှာပါဗျာ" ဟု ပြောသည်။ လက်စသတ်တော့ သိန်းငွေက မိန်းမသွားခိုးတာ၊ သူကလည်း ကောင်မလေးကို ချစ်နေတော့ ကောင်မလေးကို ခွဲရမယ်ဆိုတော့ မဖြစ်ဘူး။



တစ်ခါတည်း ခိုးသွားမယ် ဆိုပြီးတော့ မိန်းမသွားခိုးတာ စောင့်နေရတယ် လေ။

သူက ခေါ်သွားမယ် စီစဉ်ထားသော မိန်းကလေးက ပေါ်မလာဘူး ထင်သည်။ ပေါ်မလာတော့ စောင့်ရင်း စောင့်ရင်းနှင့် နောက်တော့ အတင်း သွားပြီး အိမ်ပေါ်ကနေ တစ်ပါတည်း ခေါ်လာသည်။ မိန်းကလေး ချစ်နေတာ ပါ၊ တကယ် ချစ်သူချင်း ချစ်တာ၊ အမေ အဖေက နည်းနည်း တားဆီးထား သည် ထင်ပါ၏။ သူ့သမီးပါသွားမှာ စိုးလို့လား ဘာလို့လား မသိဘူး။ နည်းနည်း အထိမခံလေး ဖြစ်နေသည်။ နောက်တော့ သိန်းငွေတို့မောင်နှံ ရောက်လာ ပြီးတော့ လေယာဉ်ပျံပေါ်တင် ထွက်တော့သည်။ ဒါနှင့် ဆာကျင် သိန်းငွေ မိန်းမရသွားသည်။ နောက်တော့ ကလေးတွေ မွေး ၄၊ ၅၊ ၆ ယောက် ဆာကျင်သိန်းငွေ၊ ဗိုလ်မှူးကြီးအထိ အရည်အချင်းနှင့် ရာထူးတက် မြန်သည်။

ဆာကျင်သိန်းငွေ ခိုးလာသည့် မိန်းမက ပုတက်တက်ကလေး အညာ သူလေး ချစ်ဖို့တော့ ကောင်းသည်။ ပါလာတော့ ကျွန်တော်ကပြောသည်။ "ဘာလုပ်ဖို့ခေါ်လာတာလဲ" ဆိုတော့ ကိုတင့်ဆွေက "ဘာလုပ်ရမှာလဲ မိန်းမခိုးလာတာ" "ဟာ ခိုးလာတာလား၊ မိဘ မသိလို့လား" မေးတော့ "ဟာ ခိုးပါတယ်ဆိုမှတော့ မိဘ ဘယ်သိမလဲ၊ မပေးစားလို့ နေမှာပေါ့" ဟု ပြောသည်။ "ကိစ္စမရှိဘူးကွာ၊ မင်းတို့ချင်း ချစ်တယ် မဟုတ်လား" ဆိုတော့ ကောင်မလေးက "ချစ်တယ်" တဲ့။ မိန်းကလေးကိုလည်း မေးရ သေးသည်။ "နင် သဘောတူရဲ့လား" ဆိုတော့ "ဟုတ်ပါတယ် ကျွန်မ ချစ်လို့ လိုက်လာတာ၊ ကျွန်မ ခိုးလာတာပါ" ဟု ဖြေသည်။ ဒါနှင့် သူတို့ကို လေယာဉ်ပေါ် တင်ခဲ့သည်။ လေးနေသည်။ ခါတိုင်း လေယာဉ် ကွင်း တစ်ဝက်လောက်ကနေပြီးတော့ ပျံတက်ရမှာကို ကျွန်တော်ကြည့် နေသည်။ ဘေးနားက ထန်းပင်တွေက ရိပ်ခနဲ ရိပ်ခနဲ ရိပ်ခနဲ မတက်နိုင်ဘူး။ နောက်ပြီးတော့မှ အဲ့ဒီကို လွန်ပြီး မြက်တောထဲက ပြေးလမ်းကို လွန်ပြီး သွားတော့မှ လေယာဉ်တက်သည်။

ကောင်းကင်အပေါ်လည်းရောက်ရော လေယာဉ်မှူးကပွတီးကို ဆဲ လိုက်တာလေ "မင်းတို့ ကံကောင်းတယ်ကွာ"။ ကျွန်တော်လည်း သည်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ စိတ်ထဲအေးသွားသည်။ အမေရိကန်လေယာဉ်မှူးက ဟဲရားဆိုသည့် ကောင် သိပ်မိုက်သည်။ ဒီကောင်က ခပ်ကြမ်းကြမ်းပါပဲ။ မိတ္ထီလာကနေ လေယာဉ်က မေမြို့ရောက်သွားသည်။ နောက်ကျွန်တော်တို့လည်း ကားတွေ နှင့် မန္တလေး ရောက်ကြသည်။ ထိုနေ့က မန္တလေး နန်းတွင်းကို ရောက်ရော ကျွန်တော့်ဖွဲ့စည်းဖို့အတွက်က တပ်ခွဲ ၄ မှာဆိုတော့ တပ်စုတစ်စု လိုနေ သေးသည်။ တပ်စုတစ်စုလိုတာက စစ်ကိုင်း စစ်ဝန်ထမ်းက ဗိုလ်ထွန်းလင်း တပ်စု၊ နောက်တော့ ဗိုလ်မှူးကြီးထွန်းလင်း၊ အင်းလေးထွန်းလင်း။ တပ်ဖွဲ့ဝင် ၄၀ လောက် ပါလာသည်။ သူတို့ရောက်လာတော့ တပ်ခွဲ တစ်ခွဲပြည့်သွား သည်။ တပ်ခွဲတစ်ခွဲမှာ တပ်စုသုံးစု၊ တပ်စု တစ်စုမှာ လူက ၅၀ ကျော်သည်။ အားလုံးပေါင်း တပ်သား ၁၅၀ လောက်ရှိသည်။ အမှန်ကတော့ ၃၀ ထပ်ထည့်မည်ဆိုတော့ ဟိုတုန်းက အင်္ဂလိပ်တပ်ဖွဲ့နည်းပင်။ ဌာနချုပ်တပ်စု မှာ အုပ်ချုပ်ရေး ရှိသေးသည်။ ထိုစဉ်က လူပြည့်ရုံတင်မဟုတ်ဘူး။ တပ်ကို အုပ်ချုပ်ဖို့၊ ကွပ်ကဲဖို့၊ ဆက်သွယ်ရေး အင်ဂျင်နီယာတပ် စသည် တွဲလုပ်ဖို့ အတွက် ပေးထားသော ရဲဘော်တွေကလည်း ပါသည်။

ကျွန်တော့် တပ်ခွဲ ၄ မှာ တပ်သား ၁၅၀ ရှိသည်။ ကျွန်တော်တို့ ရောက်တော့ စစ်လေ့ကျင့်ခန်း ပေးရသည်။ စစ်လေ့ကျင့်ခန်း ထရိန်နင် ပေးရင်း ပေးရင်း သင်တန်းတောင် မဆင်းရသေး၊ တောင်ငူစာ တက်လာ သော တပ်နှင့် မန္တလေးက ဆင်းသွားသောတပ်နှင့် ဆုံပြီးတော့ ဒီကောင်တွေ က ပေါင်းပြီးတော့ အကုန်လုံး ရှမ်းပြည်နယ်တက် တိုက်ကြသည်။ ကရင်ဖြူ တွေ ပါသည်။ တက်တိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရည်ရွယ်ချက် က ကချင်ပြည်နယ်ကိုပါ သွား၍ ကချင်တိုင်းရင်းသားတွေပါ စည်းရုံးမည်။

မန္တလေးမှာ ကျွန်တော် လေ့ကျင့်ခန်းပေးသည် ဆိုပြောသော်လည်း သူတို့က စစ်သားတောင် မဖြစ်သေးဘူး။ ကျမ်းတောင် မကျိန်ရသေးဘူး။ စစ်သားဆိုတာ ကျမ်းကျိန်ရမည်။ ကျမ်းကျိန်ရမည့် အခြေအနေကို ကျမ်းတောင် မကျိန်ရသေးဘူး။ ရှေ့တန်းမှာ လိုက်တိုက်နေရသည်။ လိုက်ကို ချနေရတော့သည်။ တပ်ခွဲ ၁၊ ၂၊ ၃၊ ၄ အကုန်ချနေကြသည်။ တပ်ခွဲ ၂ က ကျောက်ဆည်မှာ တပ်ခွဲ ၁ မတ္တရာ၊ တပ်ခွဲ ၄ ကျွန်တော်တို့က မန္တလေးပတ်ဝန်းကျင်တစ်လျှောက် ဝင်တိုက်ကြသည်။ လေ့ကျင့်ခန်း ဆင်း



သည့် သူကဆင်း၊ လေ့ကျင့်ခန်းက တစ်ပတ် မှာ ၃ ရက်၊ ၄ ရက်လောက်ပဲ ဆင်းရသည်။ ကျန်သောရက် ထွက်ပြီး တိုက်နေကြသည်။

ယခုအချိန်မှာ ကျွန်တော်တို့ မေမြို့ရောက်သည်။ မေမြို့ရောက်တော့ ကချင်တပ်တွေက မြို့အကုန်လုံးကို သိမ်းပြီးတော့ ပြန်စည်းရုံးပြီးပြီ။ မြို့ စောင့်ထားတာထား၊ ပြန်သည့်လူကပြန်၊ သူတို့ဟာ သူတို့လေ့ကျင့်ခန်းဆင်း သည့် လူကဆင်းနှင့် တော်တော် အေးသွားပြီ။ မေမြို့ပေါ် အေးသွားပြီ။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကလည်း အေးသွားပြီ။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေကလည်း သောင်းကျန်းသူမရှိတော့ပြီ။ မန္တလေးပတ်ဝန်း ကျင်ကတော့ ရန်သူက ထုရှိသည်။ မန္တလေးဘေးမှာရှိတာက ကွန်မြူနစ် ဗကပအလံနီတော့ မရှိဘူး။ မန္တလေးနှင့်ဝေးဝေး ပခုက္ကူဘက်မှာ ရှိသည်။ ဘယ်သူက အင်အားရှိသလဲဆိုတော့ မန္တလေးဘက်မှာ ရဲဘော်ဖြူ ရှိသည်။ ရဲဘော်ဖြူတွေက ကျောက်ဆည်ဘက်၊ မတ္တရာဘက် နောက်ပြီး တော့ ရွှေဘိုသွားသည့်လမ်းတစ်လျှောက်ဘက် ရှိကြသည်။

ဒီမှာ ဘယ်လိုဖြစ်သလဲဆိုတော့ မြောက်ပိုင်းတိုင်းမှာ ဗိုလ်မှူးချုပ် လဖွန်တန်နေရာ ဗိုလ်ချုပ် ဘလစ်ခ် ရောက်လာသည်။ မြောက်ပိုင်းတိုင်းက ဗိုလ်မှူးချုပ် ဘလစ်ခ်၊ တောင်ပိုင်းတိုင်းက ဗိုလ်မှူးချုပ်ကျော်ဇော ဖြစ်သွား ပြီ။ အခြေအနေက ဆိုတော့ ကျွန်တော်တို့က ဗိုလ်ချုပ်ဘလစ်ခ်အောက်မှာ တာဝန်ထမ်းဆောင်ရသည်။

ဗိုလ်ချုပ်ဘလစ်ခ်ကာ အင်္ဂလိုဂေါ်ရခါးကပြား။ သို့သော် သူတို့အား လုံး အမေအဖေက ဒီမှာမွေး ဒီမှာကြီးသည်။ ဗမာလို မွတ်နေသည်။ ဗမာစကားရော၊ ဂေါ်ရခါးစကားရော၊ အင်္ဂလိပ်စကားရော မွတ်နေအောင် ပြောသည်။ တော်ပါသည်။ အင်းစိန်တိုက်တုန်းကလည်း KNDO တွေကို သူလည်း ဗိုလ်ချုပ်ကျော်ဇောနှင့် တွဲတိုက်ခဲ့သည်။ ဗိုလ်ချုပ်ဘလစ်ခ်က ထိရောက်အောင် လုပ်ခဲ့ပေးတာတွေ၊ ကူလုပ်ခဲ့ပေးတာတွေ အများကြီးပါပဲ။ သူက ကျွန်တော့်ကို ခေါ်လိုက်သည်။ "မင်းဆီက အကောင်းဆုံး တပ်စု တစ်စုနဲ့ မင်းလိုက်ခဲ့ပါ၊ အခု ငါကားလွှတ်လိုက်တယ်"။ မေမြို့က ခေါ် သည်။ သူ့ကားနှင့် လိုက်သွားသည်။ သူ့ဆီရောက်တော့ ရှေ့ဆိုတာနှင့် စတွက်မည်ဆိုပြီးတော့၊ သူ့နောက်လိုက်ခဲ့ဆိုတာနှင့် ကျွန်တော်လည်း လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဘယ်ဘက်ကို ရောက်သွားသလဲဆိုတော့ နောင်ချိုတို့ ဘာတို့ လွန်သွားပြီ၊ သီပေါမြို့ရောက်ခါနီးမှာ ညာဘက်ကို လမ်းခွဲသွားတော့ **နန့်ယန်** ကနေပြီးတော့ **မိုင်းကိုင်လဲကြား** လွိုင်လင်ထိ ရောက်သည်။ ထိုနေ့က ညမိုးချုပ်လောက်ရောက်သည်။ ရောက်တော့ ဘယ်လိုဖြစ်နေသည်လဲဆိုတော့ ကချင်သူပုန်နော်ဆိုင်းက မန္တလေး မေမြို့သိမ်းပြီးသည့်အပြင် နောက်သူ ပြန်ဆုတ်သွားသော အင်အားတွေနှင့်၊ ဟိုဘက်က တောင်ငူဘက်ကလာသော အင်အားတွေကို ပေါင်းပြီးတော့ သူတို့ကလည်း တဖြည်းဖြည်း တဖြည်းဖြည်း တောင်ကြီးကို တိုက်သည်။ တောင်ကြီး ကျသွားသည်။ တောင်ကြီးကျသည့်အခါ ဗိုလ်မှူးကျော် ကျသည်။ သို့နှင့် သူတို့ကိုဆက်ပြီး ကွပ်ကဲသူက ဗိုလ်မှူး ချစ်မြိုင်။ ဗိုလ်မှူးချစ်မြိုင်လည်း ပြန်တိုက်၍မရ။ ကချင်သူပုန်နော်ဆိုင်းက တောင်ကြီးကနေ တဖြည်းဖြည်း တက်လာလိုက်သည်မှာ နောက်ဆုံး လွိုင်လင်ကျသွားလျှင် ခက်မည်။ လွိုင်လင်က အရှေ့ဘက်သွားလျှင် ကျိုင်းတုံ။ လွိုင်လင်ကနေပြီးတော့ မြောက်ဘက်တက်သွားလို့လျှင် လားရှိုး၊ ကွတ်ခိုင်ရောက်မည်။ သည်နေရာမှာ အရေးကြီးတော့ ရှမ်းစော်ဘွားတပ်တွေ မတိုက်ဘူးဆိုပြီး ပြဿနာဖြစ်နေသည်။ သူတို့ကာကွယ်ဖို့က မကာကွယ်နိုင်ဘူး။ လွိုင်လင်မှာ တိုက်လာတာ သူတို့က ရှမ်းတပ်တွေဆိုတော့ မရဲဘူး။ ပထမတော့ အခြေအနေကြည့်ဖို့၊ ဗိုလ်ချုပ်ဘလိတ်ခ်ကို အမိန့်ပေးသည်။ "မင်းတို့ တပ်ကို နေရာယူထား၊ လွိုင်လင်ကနေပြီးတော့ ရှေ့ဆက်မတိုက်နိုင်အောင် တားပါ" သူ့ကို တာဝန်ပေးသည်။ ယခုသူက ကင်းထောက်အနေနှင့် အခြေအနေသွားကြည့်မယ်ဆိုပြီးတော့ ခေါ်သွားတာ ကျွန်တော်တို့ လိုက်သွားသည်။ ကျွန်တော်တို့ လွိုင်လင်ကို ရောက်သည့်အချိန် နောက်တစ်နေ့မှာ မတိုက်ကြသေး။ ရန်သူက တိုက်လာပြီး မိုင်းပွန် ကျသွားပြီ။

❐

# အခန်း (၂၂)
## ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးစဝ်ခွန်ချိုနှင့် ရှမ်းတပ်ရင်း

သည်တော့ ဒီနေရာမှာ သမိုင်းက ဘာပြသလဲဆိုတော့ ထိုနေ့မတိုင်ခင် တစ်ရက်မှာ ဝန်ကြီးချုပ်ဦးနုနှင့် ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို **နမ့်ဆောင်**ကို ရောက်လာသည်။ ရောက်လာပြီးတော့ စဝ်ခွန်ချိုနှင့် ရှမ်းတပ်ရင်း၊ ရှမ်းပြည်နယ်စော်ဘွားစသည့် အကြီးအကဲများနှင့် တွေ့ကြသည်။

စဝ်ခွန်ချိုက ပြောသည် "ပြည်ထောင်စုတပ်မတော်ဆိုတာ လက်နက်ကိုင် အဖွဲ့အစည်းဆိုတော့ မင်းတို့ရှမ်းဟာ တိုင်းပြည်အန္တရာယ်ကို ကာကွယ်ရမယ်၊ တိုက်ရမယ်။ အခုဖြစ်တဲ့ကိစ္စဟာ ဗမာနဲ့ ကရင်နဲ့ကြားထဲမှာဖြစ်တာ မဟုတ်ဘူး၊ ပြည်ထောင်စုနဲ့ ဖြစ်တာ။ ပြည်ထောင်စုတပ်အနေနဲ့တော့ မင်းတို့ တိုက်ရမယ်"ဟု ပြောသည်။ စဝ်ခွန်ချိုက တော်တော်ဩဇာညောင်းသည်။ သူကလည်း ဒီတုန်းက နိုင်ငံခြားရေးဝန်ကြီး။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်။ သူက ဩဇာညောင်း၍ အမိန့်ပေးလိုက်တော့ ရှမ်းတပ်က ပြန်တိုက်မည် ဖြစ်သွားသည်။ ဒီလိုဆိုရင် ပြန်တိုက်မည်ဆိုတော့ တပ်မတော်က ဦးစီးပြီး လုပ်ရင် သူတို့ ကူညီမည်။ လုပ်မည်။ သည်မှာပင် ဗိုလ်မှူးချုပ်ဘလိတ်ခ်က "ဟေ့ ကပ္ပတိန်တင်ဦး၊ မင်း ရှမ်းတပ်ကို ထိန်းပြီး နေရစ်ခဲ့" ဆိုပြီး ထားခဲ့သည်။

ကျွန်တော့်တပ်ကို လွိုင်လင်မှာ ထားခဲ့သည်။ ဒီမှာ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့် အဆက်အသွယ်ရသည်လဲဆိုတော့ အရင်တုန်းက စစ်ပြန်ဖြစ်သူ ရှမ်း/အင်္ဂလိပ် ကပြား မစ္စတာ (ဗိုလ်မှူးငြိမ်း) ကနေဒီဆိုသည့် ရဲဘော်ရှိသည်။ သူက ရှမ်းမနှင့် အိမ်ထောင်ကျပြီးတော့ နေရစ်ခဲ့သည့် ရဲဘော်။ သူ့ကို ရှမ်းစော်ဘွားတွေက စစ်တပ်တာဝန် ထမ်းဆောင်ဆို ပြီး တာဝန်ပေးသည်။ သူကလည်း ဘာလုပ်နိုင်မှာလဲ၊ မလုပ်နိုင်တော့ ဒီတာဝန် ကျွန်တော့်ကိုပေးသည်။

ကျွန်တော်က တပ်စုတစ်စုတည်း ပါသည်။ ၄၀ ကျော်ပဲ ပါသည်။ ဒါပေမယ့် ဗိုလ်ချုပ်ဘလိတ်ခ်ပြောတာက "မင်းရန်သူကို တစ်ရက်၊ နှစ်ရက်အတွင်းမှာ ခုခံနေ၊ ငါကျန်တဲ့ မင်းတပ်ကို ပို့ပေးမယ်"

သည်အချိန်မှာ ကချင်သူပုန်နော်ဆိုင်းတို့က လာနေပြီ။ တောင်ကြီးကျသွားပြီ။ ဟိုပုန်း ကျသွားပြီ။ မိုင်းပွန် ကျသွားပြီ။ မိုင်းပွန်ကနေ ခဏနားပြီးတော့ တက်လာသည်။ သူတို့က လွိုင်လင်ကို ဝင်ဖို့အတွက် ပြင်သည်။ လွိုင်လင်နှင့် အကွာအဝေး ၁၀ မိုင်မှာ **ကောင်းနွဲ့**ဆိုသည့် တောင်ရှိသည်။ **ကောင်းနွဲ့**တောင်ကြားထဲက ပတ်တက်ရသည်။ ယခုလည်း ဒီတောင်ကရှိသည်။ ရန်သူက ဟိုဘက်က ဆင်းလည်း ပတ်ဆင်း ဒီဘက်ကိုတက်လည်း ပတ်တက်ဆိုတော့ မမြို့ကို တက်သလိုပင်။ ရန်သူကတော့ တောင်ကိုပတ်ပြီးတက်၊ ဒီဘက်ကျလျှင် ကုန်းလျှော၊ ဟိုဘက်က မတ်ပြီးတက်၊ လွိုင်လင်နဲ့ ၁၀ မိုင် ဝေးသည်။ **ကောင်းနွဲ့**တောင်ကြားက အကွေ့အကောက်ကြားတွေထဲမှာ ကျွန်တော်ကသွားပြီးတော့ တပ်စွဲရသည်။ ကျွန်တော့်မှာပါသော တပ်သား ၄၀ နှင့် ရှမ်းတပ်တွေက "ဟောလ်သီပေါတပ် ဟောလ်ကျိုင်းတုံတပ်" ဟောလ်ဆိုတာ ရှမ်းဘာသာနှင့် စစ်သားကိုပြောသည်။

ရှမ်းတပ်က ဝင်ကူတော့မည်။ ဒါပေမယ့် စစ်ချီစစ်တက်အမိန့်တော့ ရတာ မဟုတ်ဘူး။ သူတို့ကို ကျွန်တော်က ပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့အတွက် တာဝန်ပေး၍ ကျွန်တော်က ခေါင်းဆောင်တိုက်မည်။

ရှမ်းတပ်က တပ်သား ၅၀၀ ခန့်ရှိမည်။ သူတို့ကလည်း သူတို့နေရာကနေပဲ ကာကွယ်မည်။ ကျွန်တော့်တပ်နှင့် ပူးတွဲမတိုက်သေးဘူး။ လွိုင်လင်မှာ **လဲချား**စော်ဘွားရှိသည်။ မိုင်းကိုင်စော်ဘွားရှိသည်။ လဲချားတပ်၊ မိုင်းကိုင်တပ်၊ **မိုင်းရေး၊ မိုင်းရွှတ်တပ်** ဒါပဲရှိသည်။ ဒါကတော့ တပ်က



သေးသေးလေးတွေပဲ။ တကယ်ထုဖြစ်တဲ့ သီပေါတပ်တို့ ဟောလ်ဆင်းနဝီ (သိန္နီတပ်)၊ သိမ်းနီတပ်တို့ဆိုတာ မလာသေးဘူး။ သူတို့က တပ်အင်အားကြီးသည်။ စဝ်ခွန်ချိုက အမိန့်ပေးလိုက်သည်။ လုပ်တော့ဆို၍ သူတို့လည်းကူမယ်ဆိုပြီး တပ်တွေက လာပြီ။ လမ်းခရီးမှာ ရောက်နေပြီ။ ကျွန်တော်တို့က နေရာလိုက်ချရသည်။ သို့နှင့်ရန်သူ ဝင်တိုက်မည့် နေရာလေးတွေကို တာဝန်ချရသည်။ တာဝန်ချပြီးပေမယ့်လို့လည်း သူတို့က အမြဲတမ်းစစ်သားမှ မဟုတ်ဘဲ၊ သူတို့ နေချင်သလို နေသည်။ ကျွန်တော်တို့ကတော့ တောင်ပေါ်မှာနေရသည်။ ပထမနေလိုက်လို့ မကြာဘူး၊ ရန်သူကိုတစ်ခါတည်း တိုက်တော့မည်။ ရန်သူ ကရောက်ပြီ၊ မြင်နေရပြီ။ ကားနှင့်တက်လာသည်။ နံနက် ၇ နာရီ ခန့် ရှိမည်။ ကျွန်တော်တို့ ညရောက် နေရာယူ မနက်ကျတော့ တိုက်ရသည်။

ရန်သူက ကားတွေပါလာသည်။ ကားဆိုတာ ငှားလာသည့် ကားတွေပါပဲ။ ကားတွေကိုတော့ အဝေးမှာထားပြီး သူတို့ကုန်းကြောင်းတက်လာသည်။ ကုန်းကြောင်း ဖြည်းဖြည်း ဖြည်းဖြည်းချင်း တက်လာသည်။ သည်နေရာကျတော့ အန္တရာယ်ရှိသည်ဆိုပြီး ကားနှင့်မတက်ကြ။ ကုန်းကြောင်းလာသည်။ သူတို့ထင်တာက ဒီမှာ ရှမ်းတပ်လောက်ပဲ ရှိမည်ဆိုပြီး အေးအေးဆေးဆေး တက်လာသည်။ ကျွန်တော်တို့က နေရာယူထားသည်။ ကျင်းတွေ တူးထားသည်။ ရှေ့မှာလည်း အကွေ့အဝိုက်တွေရှိသည်။

ကျွန်တော်တို့ကလည်း အကွေ့တက်လာမှပစ်မည်ဟု ပြင်ထားသည်။ လှမ်းလှမ်းတော့ မပစ်ဘူး။ ကျွန်တော်တို့လည်း ရောက်ရောက်ချင်းတော့ ခံစစ်ကျင်းလေးတွေ တူးရင်းနှင့် ဘေးနားက တောင်ကပြန့်လေးမှာ အခွက်ကလေး အကွင်းကလေးဖြစ်ပြီးတော့ နည်းနည်းကာလို့ကွယ်လို့ ရသွားသည်။ သူတို့တောင်တွေက မြေသားအပျော့တွေပဲ။ မြေနီတောင်တွေပဲ။ ဒီမှာနေရာယူရင်း ကျွန်တော်ကတော့ ဗဟိုမှာပဲရှိသည်။

ရန်သူ့အင်အားခန့်မှန်းခြေက နောက်ပိုင်းမှာတော့ များသည်။ ပထမ ရှေ့တက်လာသူက အင်အား ၁၀၀ လောက်ရှိသည်။ ရန်သူနှင့်တွေ့၍ ပစ်ကြသည်။ ပထမသူတို့ခံယူချက်က သူတို့နည်းနည်းပါးပါး ပစ်လိုက်ရင် ပြိုသွားမည်ထင်ပုံရသည်။ မပြိုဘူး၊ မပြိုတော့ သူတို့နည်းနည်း တန့်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ တန့်သွားရင်းနှင့် သူတို့ဟိုကလှည့်ပစ် ဒီကလှည့်ပစ် ကျွန်တော်တို့ကလည်း သိနေသည်။ တောင်ပေါ်ကျော်တက်လျှင်ကျော်ပြီးမှ ကျွန်တော်က ပြန်တက်၊ ဟိုဘက်ကတက်ရင် ဟိုပေါ်က ကျော်ပြီးတက်၊ ရှမ်းစစ်သားတွေမှ မဟုတ်တဲ ဗမာစစ်သားတွေဆိုတော့ ကချင်နော်ဆိုင်းတပ် ဖောက်မရဘူး။ ကျွန်တော်တို့ကလည်း အကဲသာသည်။ တောင်ကလည်း တောင်အမြင့်ဖြစ်သည်။

ကျွန်တော်တို့၏ အခက်အခဲက ဘာလဲဆိုတော့ ရေမရှိဘူး။ ကျွန်တော်တို့မှာ စားစရာက ပထမပေးလိုက်တဲ့ အမဲသားနှင့် သူတို့စားသော ရှမ်းဆန် ဒါပဲရှိသည်။ ကျွန်တော်တို့လာတုန်းကတော့ တစ်ရက်စာ၊ နှစ်ရက်စာ ရေပါသည်။ ပြန်သွားမယ်ဆိုပြီး သည့်မျှသာ ရောက်သည့်နေရာမှာ ကျွန်တော်တို့ ရိက္ခာရှာယူပြီး စားမည်။ ပထမအကြံ။

လှိုင်လင်က ရေယူခဲ့ရသည်။ ဒါပေမယ့် တိုက်တဲ့အချိန်ကျတော့ ရေသွားယူလို့ မရဘူး။ နောက်ကလည်း ပစ်နေသည်။ နောက်မှာရှိနေသော ရှမ်းတပ်တွေက ကောင်းကောင်းစောင့်ရှောက်ထားလျှင် ကျွန်တော်တို့ လုပ်ရဲသည်။ သွားရဲသည်။ ပြောရဦးမည်။ မှတ်မိသေးသည်။ ဟိုတုန်းက ရဲဘော်သစ် ဗိုလ်ကျော်ဆန်းဆိုတာ သူက ကျွန်တော်တို့တပ်ထဲမှာ အငယ်ဆုံး။ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ဖို့ဆိုတာက ယခုလို ကြိုးမဲ့ကြေးနန်း ဘယ်ရှိမလဲ၊ ကျွန်တော်တို့ ဘာလုပ်ရသလဲဆိုတော့ ကျွန်တော်တို့ မှာပါလာသော အိပ်ရာချည်သည့် ကြိုးတွေရှိသည်။ ကြိုးတွေဆက် သစ်ကိုင်းလေးတွေမှာချည်၊ ကျွန်တော်တို့ ရိက္ခာ နို့ဘူးတွေ ဖောက်ပြီးတော့ ကြိုးချည်လှုပ်ရသည်။

ဂလောက် ဂလောက် ဂလောက်ဆိုရင် ရန်သူနီးပြီ သတိပေးချက်။ သတိထားနေ။ ပစ်သံ ခတ်သံတွေ ကြားရသည်။ နည်းနည်းခေါက်တာနည်းသွားလျှင်တော့ ရန်သူငြိမ်းသွားပြီ။ ဘာမှမလှုပ်ရင်တော့ အန္တရာယ်မရှိဘူးဆိုသည့်သဘော။ ကျွန်တော်ပြောခဲ့သည့် အိပ်ရာချည်ကြိုးတွေ သိပ်အသုံးကျသည်။ အိပ်ရာလိပ်က **တာပေါ်လင်အိပ်ရာလိပ်**ပဲ။ အိပ်ရာလိပ်ကြိုးနှင့် နို့စိမ်းဘူးနှင့် ချည်ပြီးတော့ ခေါက်လို့ရှိလျှင် သိသည်။ ကြိုးချည်တုန်းက ကျော်ဆန်းက ဒီကောင်က ကောင်ငယ်လေး၊ နောက်တော့ ဗိုလ်မှူးကြီးကျော်ဆန်း ဖြစ်လာသည်။ စစ်ကိုင်းကပဲ။ နောက်တော့ NLD ဦးကျော်ဆန်း၊ သူက ထိုစဉ်က ဗိုလ်ကျော်ဆန်း သူ့ဆီကိုဆက်တော့ ဘာမှမကြားဘူး။ တစ်ခုပြောရဦးမည်။ ထိုစဉ်က ဘဦးဆိုသည့်ကောင်ရှိသည်။ သူက သိပ်ကြောက်တတ်သည်။ သိပ်ကြောက်တော့ ကျွန်တော့်ကိုပြောသည်။ တပ်ကြပ်ကြီးလှရွှေက လာပြောသည်။ "ဘဦးက သိပ်ကြောက်နေတယ်"



"တပ်သား ဘဦးကြောက်နေတယ်၊ ဒီကောင့်ကို စိတ်မချဘူး၊ အနားခေါ်ထားမှ ဖြစ်မယ်၊ သူ့နေရာအစားထိုးမှ ဖြစ်မယ်" ဆိုတော့ ကျွန်တော်မေးကြည့်သည်။ "ဘဦး မတိုက်ရဲဘူးလား"ဆိုတော့ "ကျွန်တော် သိပ်ကြောက်တယ်၊ သေနတ်သံကြားရင် ကျွန်တော် သိပ်ကြောက်တာပဲ၊ ကျွန်တော် မနေနိုင်ဘူး" သူက ပြောသည်။

ဘဦးက စစ်ဝန်ထမ်းက လာသူဖြစ်သည်။ သို့သော် လေ့ကျင့်ခန်းပေးသည်။ ဒါပေမယ့် ဒီလို တိုက်ပွဲမျိုး မကြုံဖူးဘူး။ ပစ်တာခတ်တာ ရန်သူကလည်း သိပ်ကျွမ်းကျင်သည်။ ကျွန်တော်တို့ကလည်း ကျည်ဆန်ချွေတာရသည်။ ပထမတိုက်ပွဲဆိုတော့ ကိုယ့်ပါလာသော ကျည်ဆန်ချွေပစ်ရသည်။

ရန်သူ့ဘက်က ကျတာ၊ ဒဏ်ရာရတာ မမြင်ရဘူး။ ကျွန်တော်တို့ကလည်း ထိတာ၊ မှန်တာမရှိဘူး။ ကျွန်တော်တို့လည်း ခံချနေတာပဲ၊ "ကဲ ဒီကောင် လူလဲလိုက်၊ ဟော့ကောင် ဘဦး မင်း တောင်ခြေအောက် ခြေနားမှာ ရေစပ်ရှိတယ်၊ လုံခြုံတယ်၊ မင်း ရှမ်းဆန်ကို ထမင်းချက်၊ ရှမ်းက ပါတဲ့ ကျပ်တိုက်သားတွေရှိတယ်၊ ရိုးရိုးအစိုတွေ မဟုတ်ဘူး။ အဲဒီ ကျပ် တိုက်သားတွေကို မင်း ဟင်းလုပ်ပေါ့" ဆိုပြီး လွှတ်လိုက်သည်။ ထမင်းစား ချိန်လည်းရောက် ဘဦး ပေါ်လည်းမလာ၊ အချိန်ကလည်း စောနေပြီဆို တော့ "ဟော့ကောင် ဒီကောင်မပေါ်လာသေးဘူး" ဆိုတော့ "ဟုတ်တယ် သွားတာ ကြာပြီ" ကျွန်တော်က "ဟာ ဒီလိုဆို မဖြစ်ဘူး ဆင်းကြည့်ဦး မှ" ဆိုပြီး ဆင်းကြည့်တော့ ရေစပ်မှာ ဟိုဘက်ဘေးက ပစ်လိုက်သည့် သေနတ်ကျည်ဆန်နှင့် ဘဦးသေနေသည်။ သူက ရေဆင်းခပ်တော့ ဟိုဘက် ဘေးက ပစ်တာဖြစ်မည်။ ပစ်တော့ သူက မရှောင်တတ် မတိမ်းတတ်၊ ကျွန်တော်ကလည်း စိတ်ချရတယ်ဆိုပြီးတော့ ဒီရေစပ်ကလေး လွှတ်ခါမှ သေရော။ တိုက်ပွဲကျသွားရော။

www.burmeseclassic.com

www.burmeseclassic.com



သူကြောက်လွန်းအားကြီးနေလို့ အနားခေါ်ထားခါမှပဲ ဒီ ဘာမဟုတ်သည့် အောက်နားက ရေစပ်ကလေးဆင်းတာကို ရန်သူ့စိန်ပြောင်းကျပြီးတော့ ကွဲပြီး စိန်ပြောင်းနှင့် သေခြင်းပင်။ ချောင်းကလေးစီးသွားသော ရေကြောင်းလေး သူ့သေပုံလေးတောင် မှတ်မိသေးသည်။ သူက လက်ကလေးနှစ်ဖက်နှင့် ရေသောက်သည် ထင်ပါ၏။ ရေကိုယူရင်းနှင့် အသက်ပါသွားရှာသည်။

ရေသောက်သည်ဆိုတာက လက်နှင့်စမ်းက ရေယူပြီးတော့ သောက်သည့်ပုံပင်။ သေသည့်အခါကျတော့ လက်ကလေးတန်းလန်းလေးနှင့် သေရှာသည်။ ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။ "ဘဦးရယ် မင်းက ကြောက်တတ်လွန်းအားကြီးလို့ ငါ့လွတ်လွတ်ကျွတ်ကျွတ် နေရာထားလိုက်မှ မင်းက သေရတာယ်ကွာ" ဟု ပြောမိသည်။

သည်တောင်ပေါ်မှာ နှစ်ရက်ရှိပြီ။ ကျွန်တော်တို့ သောက်ရေတောင် ပြတ်ပြီ။ ရန်သူတောင်ကို မတက်ရဲဘူး။ သူတို့ဘေးကတော့ ဖောက်သည်။ ထိုအခါ အောက်ဘက်ဆင်းပြီးမှ ရှေ့က ရှမ်းတပ်တွေကိုပြောရ၏။ "မင်းတို့ဘက် ဖောက်လာပြီ၊ မင်းတို့ သေချာသတိထားနေ" သည်နေ့ထိ နောက်က စစ်ကူ မလာသေးဘူး။ ကျွန်တော်က ထိုနေ့က စကားပြောစက်ပေါ် တက်သည်။ စက်ပေါ်တက်လိုက်ပြီးခါတော့ ဗိုလ်ချုပ်ဘလိတ်ခ်နှင့် တွေ့သည်။ ဗိုလ်ချုပ်ဘလိတ်ခ်က "စိတ်ချပါ ငါစီစဉ်နေတယ်၊ တစ်ရက်၊ နှစ်ရက်အတွင်း ရောက်လာလိမ့်မယ်၊ မင်းဖြစ်အောင် ခုခံသာနေပါ၊ ကိစ္စမရှိဘူး" ဆိုသည်။ ကျွန်တော်တို့လည်း ရသည့်ရေလေးနှင့် ရသည့်အမဲသားလေး မြိုးမြိုစားပြီးတော့ ခုခံနေကြသည်။

ကျွန်တော့်မှာပါလာသော တပ်စုက ၅၀ ပဲပါသည်။ ဒါလေးကို မျှပြီးတော့ နေရာယူထားသည်။ ကိုယ်ကနေရာကောင်းရထားသည်။ သူတို့ ဘယ်လိုမှ တက်မရဘူး။ တောင်က အချွန်၊ သူတို့အချွန်ကိုတက်လျှင် ကျွန်တော်တို့က သူ့ထက်မြင့်သောနေရာ ရောက်နေပြီ၊ ရန်သူတက်လာတာ မြင်သည်။ "ဟိုကောင်တွေ တက်နေပြီ၊ မပစ်နဲ့ မပစ်နဲ့၊ ဒီဘက်က လှည့်ပြီး တက်၊ အပေါ်က နှစ်ယောက်လောက် သွား၊ သုံးယောက် ဒီကစောင့်နေ၊ ရန်သူက မောမောကြီးနှင့် ဟိုက်တတ်လာသည်။ ဒီကအပေါ်က စီးချတော့ ပြန်သွားပြန်သည်။ သည်လိုဖြစ်နေသည်။ သူတို့အစေးကြီးလည်း ရွှေ့လို့မရဘူး။ ဒါပေမယ့် တော်သည်။ ကားမောင်းပြီးလာသည့်ကောင်က ရှမ်းကြီး၊ ကားတစ်စင်းကိုမောင်းဖို့ ရွေးထားသည့်ရဲဘော်။

ရိက္ခာ အသွားအပြန်ပို့သည့်ကား။ သူကတော့ ကားမောင်းမသွားနိုင်တော့ဘူး။ သူကလည်း ခါတိုင်းက မပစ်မခတ်တုန်းကတော့ "သွားရေလေးယူ စားစရာလေးယူ" ဆို ဆင်းပေးသည်။ နောက်တော့ သူလည်း မသွားနိုင်ဘူးဆိုတော့ သူက ပြောသည့်ဗျူ။ "ဗိုလ်ကြီး စိတ်မပူနဲ့၊ ဒီနေရာမှာ ကားတွေ ဘာတွေ ဘာမှအရေးမကြီးဘူး၊ ဗိုလ်ကြီးတို့အားလုံး ရဲဘော်တွေကို အသက်မသေအောင် ကျွန်တော်ပင်လုံကို ခေါ်သွားမယ့်လမ်း သိတယ်။ ဒီကောင်တွေ မသိဘူး၊ ဒီတော့ ဗိုလ်ကြီးတို့ သိပ်ဟန်မကျလို့ ဆုတ်ရမယ်ဆိုရင် ကျွန်တော် ပင်လုံကို ချောချောမောမောရောက်အောင် ပို့ပေးမယ်" ဟု ပြောသည်။

ဒီအခြေအနေတွင် မိမိတပ်ကို စုစည်းပြီး ခုခံရန်သင့်ပြီ၊ ဒါကြောင့် စစ်အခြေအနေအထား ပြောင်းရမည်။ ရန်သူချီတက်လာသည့် လမ်းနှစ်ထပ်ကွေ့နေရာတွင် ချထားသည့် တပ်စိတ်ကို စစ်ခိုင်းသည်။ လူစုံပြီဆိုတော့၊ စစ်ဆေးလိုက်တော့ တစ်ယောက်ကျန်နေသည်။ ဒါကို ပြန်ဆက်သွယ်ပြီး တွေ့အောင်ရှာ ပြန်ခေါ်ရမည်။ စစ်သည်အချို့နှင့် ကျွန်တော် လိုက်သွားသည်။ ဒုတိယအစွန်နေရာအထိတော့ ပြန်ဆုတ်လာသူ ရဲဘော်အမှန် ပြန်ရောက်သည်။ ရှေ့ဆုံးကတစ်ယောက် ကျန်နေတာဖြစ်သည်။ အဲဒီနေရာရောက်တော့ ရဲဘော်ကျော်သန်း တစ်ယောက် သတ်နဲ့ တစ်ယောက်တည်း အခြေအနေကြည့်ရင်း ကျန်နေတာတွေ့ရ၍ ဂရုစိုက် ပြန်စုပေါင်းခေါ်လာရသည်။ ရဲဘော်ကျော်သန်းက အသက်အငယ်ဆုံးဖြစ်တော့ နောင်တော့ ကျွန်တော့်အနီးကပ် အနားနေတာဝန်ထမ်းဆောင်လိုက်ရပါသည်။ ရဲဘော်ကျော်သန်း နောင် ဒုဗိုလ်မှူးကြီး (ငြိမ်း) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်း စည်းရုံးရေးဥက္ကဋ္ဌ၊ အဖွဲ့ချုပ်ဗဟိုကော်မတီဝင် ဖြစ်လာခဲ့သည်။ ယခု ဆုံးသွားပါပြီ။

ကားဒရိုင်ဘာ ရှမ်းကြီးနာမည်ကို ကျွန်တော် မသိဘူး။ ရှမ်းကြီး ပဲခေါ်သည်။ သူကလည်း ရယ်ရယ်မောမောပဲ။ နောက်တွေ့သေးသည်။ တဟားဟားနှင့် သူက ရယ်စရာ မောစရာလည်း ပြောတတ်သည်။ သည်လိုနှင့် တောင်ကြောပေါ်မှာ ၄ ရက်ကြာပြီ။ ၂ ရက်မြောက်သောနေ့က

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ရတော့ စစ်ကူလွှတ်မည် ပြောပေမယ့် မလာဘူး။ ဒါပေမယ့် နောက်နေ့ကျတော့ တိုက်နေရင်းနှင့် နောက်က စိန်ပြောင်းသံ ကြားသည်။ ဝုန်းဝုန်းဆို ကျကျလာပြီ၊ ဟာ တို့ဘက်ကလာပြီ။ တပ်မတော်လာပြီဆိုတာ သိပြီ၊ သိတော့မှ ကျွန်တော်တို့အပေါ်တက် အလံထောင်၊ တက်လာသည့် တပ်က ဂေါ်ရခါးတပ်။ ဗိုလ်မှူးထွန်းတင်ဦးစီးသည့် ခ.လ.ရ (၄)

ဂေါ်ရခါးတပ်က မေမြို့ကနေပြီးတော့ လာသည်။ ကလောမှာ ဘားမားရဲကျိုးမင့် အမှတ် ၄ တပ်ရင်း ရှိသည်။ ဒီခေါ်လိုက်ပြီး စုလာသော တပ်။ နာမည်က **သက်စ်ဘာရူး။** သူက တပ်ခွဲမှူး၊ နောက်တစ်ယောက်က **သက်စ်**ပါ။ နှစ်ယောက်ပါလာသည်။ ခုထိ မှတ်မိသေးသည်။ သူတို့ရောက်လာပြီဆိုတော့ ဝမ်းသာလိုက်တာလေ၊ ဒီတုန်းက မျက်ရည်တောင်ကျသည်။ တစ်ခါတည်းပင် ဝင်လာပြီးတော့ သူတို့ကပြောသည်။ "ဒါနဲ့ ပတ်သက်တာ အားလုံးကို တာဝန်ပြီးပြီ၊ ဒီမှာ သူတို့တပ်နေရာယူမယ်" ဗိုလ်ချုပ်ဘလိတ်ခ်လည်း ကချင်တပ်နှင့်ပါလာသည်။ 2nd ကချင်တပ်ရင်းက ဗိုလ်မှူးကြီး **ဘတားနော်**နှင့် ပါလာသည်။ "ကိုတင်ဦး ခင်ဗျားလဲပါ၊ ဒါပေမယ့် မိုင်းပွန်တော့ ဆက်တိုက်မယ်"ဟုပြောသည်။ မိုင်းပွန်က ရန်သူရှိနေသည်။ "အဲတော့ ခင်ဗျား ပင်လုံဘက်ကနေပြီးတော့ **ကွေ့တောက်စ်**ဆိုတဲ့နေရာကို သိမ်းထား ရန်သူက ဖောက်ပြီးတော့ ဝင်နိုင်တယ်၊ သူတို့မိုင်းပွန်ကို စိုးမိုးထားတဲ့ တောင်ကြောမှာ ခင်ဗျားနေလိုက်ပြီးတော့ ဒီကနေ လာတိုက်မယ်" ဆိုပြီးတော့ ဗိုလ်ချုပ်ဘလိတ်ခ်နှင့် **ဘတားနော်**တပ်က စီစဉ်သည်။

သည်တော့ ကျွန်တော့်တပ် ကောင်းနွဲ့ကနေပြီးတော့ လွိုင်လင်ကိုပြန်သည်။ လွိုင်လင်ကနေပြီး **ပန်လှမ်ကုန်း**ကိုရောက်သည်။ နောက် မိုင်းပွန်ကို သွားသည့်လမ်း **ဟွေ့တောက်စ်** ဆိုသည့် သချိုင်းကုန်းမှာ ကျွန်တော်တို့ သွားနေရသည်။ သချိုင်းကုန်းမှာသွားပြီးတော့ တပ်စွဲပြီ။ နောက်တော့ ကျွန်တော်တို့ အောက်ဆင်းသွားပြီ။ မိုင်းပွန်မှာ တပ်ပေါင်းလိုက်သည်။ ကျွန်တော်တို့က ပြီးတော့ မိုင်းပွန်သိမ်းသည်။ မိုင်းပွန်တိုက်ပွဲမှာ ကျွန်တော်တို့ဘက်က လေယာဉ်ပျံလေးတွေက စက်သေနတ်နှင့်ပစ်သည်။ ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ လေယာဉ်နှစ်စင်း လာပစ်သည်။ လာပစ်ပြီးတော့မှ ပထားနော်ကချင်တပ်က တက်သွားသည်။ သူတို့နောက်က ကျွန်



တော်တို့က အထောက်အပံ့တွေနှင့် ပါသွားသည်။ ဆုံပြီးတော့ တိုက်သလို ပင်။ ကချင်တပ်က အဓိက တိုက်သည်။

မိုင်းပွန်တိုက်ရသည်မှာ လေယာဉ်အကူပစ်အားလည်း ရောက်လာသည်။ ကျွန်တော်တို့လာပြီဆိုတာ သိလည်းသိရော KNDO တွေ မတိုက်ဘဲနှင့် ဆုတ်သွားသည်။ KNDO တွေ ဆုတ်သွားပြီ၊ ဆုတ်ဆုတ် ဆုတ်ဆုတ်နှင့် မိုင်းပွန်ကနေ တောင်ကြီးအထိသွားရော၊ ကျွန်တော်က နေရစ်ခဲ့သည်။ **ကွေ့တောက်စ်**မှာ ကျန်ရစ်ခဲ့သည်။ နောက်ပြီးတော့ အေးဆေးပြီဆိုတော့မှ ကျွန်တော့်ကို ပြန်ခေါ်လို့ ပြန်ရသည်။ အဲဒီနေ့က ရွာတွေမှာ ဖယောင်းတိုင်တွေ ထွန်းထားတာတွေ့လို့ သီတင်းတောင် ကျွတ်ပြီပဲလို့ ရှင်လန်းကြည်နူးကြရပါတော့သည်။

သည်တုန်းက ကျွန်တော်တို့တပ်သားတွေမှာ ကျမ်းတောင် မကျိန်ရသေး။ တပ်သားသစ်အဆင့်ပဲ ရှိသေးသည်။ တပ်ထဲဝင်ရန် သူတို့အရင်တုန်းက သင်တန်းတက်ထားတာတော့ ရှိသည်။ ဒါပေမယ့် သူတို့က တကယ့်အစိုးရထပ်ထဲ ဝင်ပြီးတော့ ၆ လပြီးတော့ စက်သေနတ်ပစ်စခန်းထွက်ပြီး ပြန်လာတော့မှ သူတို့ကို ကျွန်တော်က ကျမ်းသစ္စာ ကျိန်ဆိုပွဲလုပ်ရမည်။ တပ်သားဖြစ်မှာကို ပြန်လာပြီး ဘာမှမကြားချင်။ ကမန်းကတန်း လေ့ကျင့်ခန်းလုပ်ပြီးတော့ သစ္စာဆိုပွဲလုပ်ရသည်။ သစ္စာဆိုပြီးတော့မှ တပ်သားဖြစ်သွားပြီ၊ နောက် ဘာမှမကြားဘူး။ မြောက်ပိုင်းတိုင်းကနေပြီးတော့ ကြေးနန်းရောက်လာသည်။ ပခုက္ကူခရိုင်၊ ပေါက်မြို့ကို သွားရမည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

## အလံနီသခင်စိုး ဗိုလ်ကျနေသော ပေါက်မြို့သို့ ချီတက်ခဲ့ပြီ

ပေါက်မှာ အလံနီထွန်းတင်တို့ရှိသည်။ အလံနီ သခင်စိုးတို့လည်း ရှိသည်။ ဖဆပလ လွှတ်တော်အမတ် ကိုညွန့်၊ ရန်ကုန်ကို ပြေးသည်။ ရန်ကုန်မှာ ဘာပြောလဲလို့ဆိုတော့ အလံနီတွေက အကုန်လုံးသိမ်းလာသည့်အတွက် ရေစကြိုတို့၊ မြိုင်တို့ အလံနီသောင်းကျန်းသူတွေလက် ကျသွားပြီ။ ပေါက်ကိုလည်း ခြိမ်းခြောက်နေပြီ၊ ပေါက်ကျသွားရင် ပခုက္ကူကို ခြိမ်းခြောက်မည်။ ပခုက္ကူက ရဲဘော်ဖြူကလည်း ဘေးမှာထုနှင့်ရှိသည်။ ပခုက္ကူကလည်း ပြည်သူ့ရဲဘော်ဖြူ လက်ကျသွားပြီ။

ရဲဘော်ဖြူနှင့် အလံနီကလည်း အချင်းချင်းမတည့်ကြ။ တိုက်ခိုက်နေကြသည်။ ဗိုလ်လုနေကြသည်။ ချင်းတောင်**မင်းတပ်**ကိုသွားသော လမ်းပိတ်သွားလျှင် ချင်းတောင်နှင့်အဆက် ပြတ်မည်။ ဒါကြောင့် ပေါက်ကိုတော့ မကျအောင် ကာကွယ်ပါဟု ဖဆပလ လွှတ်တော်အမတ် ဦးမောင်ညွန့်က ရန်ကုန်သွားပြီး ပြောသည်။ စစ်ရုံးက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို အကြောင်း ကြားလိုက်သည်။ "ဒါနဲ့ ပတ်သက်လို့ တပ်ရင်းမှူတစ်ယောက် မင်းသွားပြီးတော့ ကာကွယ်" အမိန့်ပေးလိုက်သည်။ အမိန့်ပေးလိုက်တော့ ကျွန်တော်သွား ရမည်။ သွားရမည်ဆိုတော့ ချက်ချင်း ကမန်းကတန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ရ၏။ မှတ်မိသေးသည်။ အထုပ်တွေပြင် လေယာဉ်ပျံနှင့် လာခေါ်မည်။

ကျွန်တော်နှင့် တပ်ခွဲတစ်ခွဲလုံး နှစ်ခေါက် တပ်သား ၁၄၀ ပတ်ဝန်း ကျင်ပါသွားသည်။ လေယာဉ်ပျံနှင့်သွားရသည်။ လေယာဉ်ပျံက ချင်းတောင်၊ **ကျောက်ထုလေယာဉ်တွင်** ဆင်းရသည်။ **မင်းတပ်က** ကုန်းကြောင်း ပေါက်ကို သွားရသည်။ မင်းတပ်မြို့က ပေါက်မြို့အထိ နှစ်ညအိပ် ခြေလျင် ချီတက်ရသည်။ မိုင် ၅၀ လောက်ကို ရိက္ခာအပြည့်အစုံ ရက်သတ္တတစ်ပတ် စာပါသည်။ သည်တုန်းက ပေါက်မှာ ပြည်ထောင်စုစစ်ရဲတပ်ရင်းက ဗိုလ်မှူး **ခမ်းပန့်**နှင့် စစ်ရဲတပ်ခွဲ နှစ်ခွဲရှိသည်။ စစ်ရဲ တပ်ခွဲနှစ်ခွဲက မတိုက်ဘူး။ သူက စေ့စပ်နေသည်။ စေ့စပ်နေပြီးတော့ သူက ငွေကိုစုသည်။ တစ်ခါ တည်း ဘာလုပ်သလဲဆိုတော့ ငွေတွေယူ မြို့ခံက ဝန်ထမ်းတွေကလည်း မြို့ကို ကာကွယ်ဖို့အတွက် သူ့ကို ငွေပေးသူက ငွေတွေရ၊ သူပုန်နှင့် နား လည်မှု အပေးအယူတွေ လုပ်နေသည်။

အလံနီကလည်း ပေါက်မြို့အေားမှာ ဝိုင်းနေသည်။ မြို့ထဲဝင်ဖို့ အခြင် သင့်ပဲ။ အလံနီကလည်း စစ်ရဲတပ်နှင့် ချေးဆစ်နေသလား မသိရ။ ပြည် ထောင်စု စစ်ရဲ ဗိုလ်နာမည်က ခမ်းပန့်၊ ရှမ်းနာမည်၊ နောက် ဒီကောင်က သေဒဏ်အပေးခံရသည်။ နောက်ပြီးတော့ တစ်သက်တစ်ကျွန်း ပြန်ကျပြီး လွတ်သွားသည်။ သူ့အမှုတွေက မုဒိမ်းမှု၊ လူသတ်မှု၊ မဖားရားငွေယူမှု စုံနေတော့သည်။

ကျွန်တော်တို့တပ် ကျောက်ထုမြို့က ပေါက်မြို့ကို ချီတက်သွားပြီ။ လေယာဉ်ပျံက နှစ်ခေါက်ဆိုတော့ ကျွန်တော်တို့ တပ်ခွဲတစ်ခွဲလုံး ရောက်ပြီ။ ရိက္ခာရော၊ လက်နက်ပစ္စည်းရော ရောက်ပြီ။ ရိက္ခာတင်ဖို့အတွက် လှည်းရှာ တော့ လှည်းရသည်။ လှည်းနှင့် ရိက္ခာတင် လူတွေက လမ်းလျှောက် မင်းတပ်မြို့အနီး **ကျောက်ထု**လေယာဉ်ပျံကွင်းကနေ နံနက် ၆ နာရီ လောက် နှင်းတွေကျနေသေးသည်။ ၁၉၄၉ ဒီဇင်ဘာမှာ ချီတက်လာကြတော့ လမ်းက လမ်းရယ်လို့ မဟုတ် သစ်ဆွဲသည့်လမ်း သစ်ထုတ်သည့်လမ်းပါပဲ။

ကျွန်တော်တို့ လျှောက်သည့်အခါ ရှေ့မှာ ယောချောင်းရှိသည်။ ယောချောင်းက ရေ သိပ်မရှိဘူး။ ချောင်းထဲမှာ ကျွန်တော်တို့က ခြေမျက်စိ လောက် ရေထဲဖြတ်သွားလို့ရသည်။ လှည်းလည်း ဖြတ်သွား၍ ရသည်။



တံတားက မိုးတွင်းတုန်းက ပြိုသွားသည့်အတွက် တံတားပြန်မဆောက်သေး ဘူး။ ရေနည်းနည်းကျသွားလို့ ရေနည်းနည်းနေးတော့မှ အပေါ်က ပြန်ပြီးတော့ သစ်သားတံတား၊ ဝါးတံတား ဆောက်သည်။ နောက်မိုးလာရင် ပြန်ပြီးတော့ ပါသွားသည်။ ယခုတော့ မကြာမီက ဒေါ်အောင်ဆန်းစုကြည် စည်းဝေးပွဲရှိ ၍ သွားစဉ် ကျွန်တော် ပေါက်ကနေပြီးတော့ မင်းတပ်သွားတာ ၁ နာရီ တောင် မကြာဘူး။ ဟိုတုန်းက နှစ်ရက်တောင် သွားရသည်။ ချီတက်သွား တော့ **အညာပန်းမလွန်း၊ အကြည်ပန်းမလွန်း၊** ဂုံဘို၊ **အကြည်**ရွာတွေရောက် စဉ် ပုံတောင် ပုံညာတောင်ကြောကို ဖြတ်ရသည်။ ဘာစ, စားရသလဲဆို တော့ ပြောင်းဆန်။ ကျွန်တော်တို့က ပါသွားတာကတော့ ဆန်ပါပဲ။ ဒါ ပေမယ့်လို့ ဟိုအရပ်ဒေသမှာက ပြောင်းဆန်စားကြသည်။ ကျွန်တော်က "ဒီလိုလုပ်ကွာ တို့လည်း ဘယ်လောက်နေရမလဲ မသိဘူး၊ ဟိုရောက်တော့ ရိက္ခာမလုံမလောက် ဖြစ်မှာစိုးလို့ နည်းနည်း ပြောင်းဆန်တော့ ရောစားရ အောင်" လို့ ပြောရသည်။

ပြောင်းဆန်ဆိုကာ ပြောင်းဖူးစေ့လို့ မဟုတ်ဘူး။ စပါးလုံးအနှံ့ပဲ၊ အဆံလည်း ဆန်လိုပဲ။ ဒါပေမယ့် ပြုတ်လိုက်အခါကျတော့ ကျွန်တော်တို့ ဆန်တွေလို စေးမလာဘူး။ လုံးလုံးလေး အေးသွားလို့ ပန်းကန်ပြားပေါ် ချလို့ရှိရင် ရျောင်းရျောင်းရျောင်းနှင့် မြည်သည်။ အခွံက စပါးနှံလိုပဲ၊ ပြောင်းဆန်က ထွက်ကတည်းကအထဲက အဆံဖြူဖြူလေးက မြင်နေရသည်။

သူတို့ဒေသကတော့ ပြောင်းဆန်စားသည်။ ပြောင်းဆန်ကလည်းပဲ စားနေကျလူတွေကတော့ မှုမှုလောင်လောင် ပေါင်းအိုးဖွင့်ပြီးစားလျှင် စား လို့ သိပ်ကောင်းသည်။ မွှေးသည်။ ဆိမ့်သည်။ သို့သော် စားပြီး ကျွန်တော်တို့ ကတော့ မနေနိုင်ဘူး။ ဗိုက်ကြီးကတောင့်ပြီးတော့ စားပြီး တစ်ရက်၊ နှစ်ရက် တော့ မနေတတ်ဘူး။ အိပ်ပြီးတော့ အစာမကြေဘဲ တင်းနေသည်။

ကျွန်တော်တို့က ပြောင်းဆန်ကို တစ်ရက်စားကြည့်သည်။ ဒါပေမယ့် နောက်တော့ ကျွန်တော်တို့ဆန်ပဲ ကျွန်တော်တို့စားသည်။ ပြောင်းဆန် စား ၍ မရဘူး။ ကျွန်တော်တို့ ပါလာသော ရိက္ခာစား၊ ညမှာ ဘယ်ကိုရောက် သလဲဆိုတော့ **တပြင်း**ရွာ။ တောရွာကလေးပင်။ **တပြင်း**မှာ ညအိပ်သည်။ **တပြင်း** ကနေပြီးတော့မှ နံနက်အစောကြီး နေမပူခင်ထွက် တစ်နေ့လုံး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တော့ **ပုံတောင်ပုံညာ** တောင်ကြောကို ဖြတ်ရသည်။ **ပုံတောင်ပုံညာ** ကိုဖြတ်ပြီး ဟိုဘက်ကိုဆင်းသွားတော့မှ သရက်တောရွာကို ရောက်သည်။ သည်ကျတော့ ကျွန်တော်တို့က အောက်ဘက်ရောက်သွားပြီ။ သရက်တော ရွာမှာ ကျွန်တော်တို့အိပ်၊ မနက်ကျတော့မှ သရက်တောရွာကနေ ပေါက်မြို့ ကို မနက် ၁၁ နာရီ ထမင်းမစားခင် ရောက်သွားသည်။

ပေါက်မြို့ ပြည်ထောင်စု စစ်ရဲတပ်ဗိုလ် **ခမ်းယန့်**ရှိသည်။ နောက်ပြီး မြို့ပိုင်ရှိသည်။ နယ်ပိုင် ဦးစိန်အောင်တော့ တိုင်းမင်းကြီး ဖြစ်သည်။ မြို့ ပိုင်ကလည်း စစ်ရဲတွေ အပြစ်ရှိပေမယ့် ချော့ထား၊ အလံနီလည်း စေ့စပ် ဒါပေမယ့် မြို့က ကြာရင် အလံနီတပ် လက်ကျသွားတော့မည်။ ကျွန်တော် တို့ ရောက်သွားတော့ ဝမ်းသာလို့ ကြိုဟယ်ဆိုဟယ်နှင့် ကျွန်တော် မှတ်မိ သေးသည်။ အရမ်းသန်းညွှန့် ဗိုလ်ကြီး (ဆုံး) က တစ်ခါတည်း ပေါက်မြို့မှာ ရှိသော စစ်ရဲတွေကို ပါးရိုက်တော့မည်။

သပြေသန်းညွှန့်၊ မှူးသပြေသန်းညွှန့်၊ နောင်ဗိုလ်မှူးကြီးသန်းညွှန့်၊ သူက ကျွန်တော့်တပ်စုမှူး။ သူက ကျောင်းဆင်းပြီးတော့ တပ်စုမှူးအနေနှင့် ရောက်လာတော့ သူ့ကို ခေါ်လာသည်။ အရမ်းသန်းညွှန့်က ရှမ်းပြည်နယ်မှာ တိုက်တုန်းက မပါလာဘူး။ ကျွန်တော်တို့တိုက်ပွဲက ပြန်ရောက်သည့်အခါ ကျတော့ တာဝန်တွေခွဲစဉ် သူက ကျောင်းဆင်းပြီးတော့ ပထမပတ်၊ ဒုတိယ ပတ်နှင့် ကျောင်းဆင်းပြီးရောက်လာသည်။ သူ့ကိုမေးလိုက်သည်။ "ဘယ် သူ့ဆီသွားမလဲ" ဆိုတော့ "ဗိုလ်တင်ဦးဆီ သွားမယ်"ဆိုလို့ ကျွန်တော့်ဆီ ခေါ်လာသည်။ သူက လူရွေးသည်။ အစဉ်အလာရှိမှ လုပ်ချင်သူ။ သူက သိပ်ရမ်းသည်။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း။ ဒါကြောင့် သူ့နာမည် အရမ်း သန်းညွှန့်။

ဗိုလ်သန်းညွှန့် ပေါက်ကိုရောက်တော့ ထွက်ကြိုသော တပ်ထဲမှာ စစ်ရဲတွေလည်း ရှိသည်ကိုး။ စစ်ရဲတွေသတင်းက မွှေးသည်။ မြို့ခံမိန်းမ တွေကို ဘာလုပ်သည် စစ်ရဲတွေ ကောက်သည်။ ဒီကောင်တွေ ပြည်သူကို နှိပ်စက်သည်ဆိုတော့ ခပ်မုန်းမုန်းနှင့် ရိုက်တော့သည်။ ဝင်လာတာနှင့် ချပြီး မလုပ်ပါနဲ့ဟု ပြောရသည်။ လူတွေကလည်း နည်းနည်း အားတက် တက်နှင့် လက်ခွမ်းပြစေချင်သည် ထင်ပါရဲ့။ အားကိုးတကြီးနှင့် သဘော ကျနေကြသည်။



ကျောင်းသားတွေ မြို့မိမြို့ဖတွေ ထွက်ကြိုကြသည်။ ထွက်ကြိုပြီး တော့ "ဗမာ့တပ်မတော်သားလေးတွေ လာပြီ၊ ခုမှ မြင်ဖူးတယ်" စသည် ဖြင့် ပြောကြသည်။ တပ်မတော်က ယူနီဖောင်းအပြည့်။ သည်တုန်းကဆိုလို့ ရှိရင် ကျွန်တော်တို့က တကယ့်ဝတ်စုံအပြည့်။ ခါးပတ်၊ စစ်ဖိနပ်၊ ခြေပတ်၊ အစုံနှင့် နောက်ပြီးတော့ ဂေါ်ရခါးဦးထုပ်။ တပ်ခွဲတစ်ခွဲလုံး စစ်ချီပြီး မြို့ဆင်း တော့ မြို့လူထု ပျော်နေကြသည်။ ကျွန်တော်တို့ ရောက်ပြီးတော့မှ ဘောလုံး ကွင်းရှိသောနေရာမှာ ကျွန်တော်တို့ကို နေရာချထားသည်။ သူတို့ ဘောလုံး ကွင်းမှာ ချက်ချင်း တဲလာဆောက်ပေးသည်။ တဲဆိုတာက ဝါးတဲတွေပါပဲ။ မြေစာတောင်ဘေးမှာ ဇရပ်တွေလည်း ရှိသည်။ ဇရပ်တွေမှာ ကျွန်တော်တို့ ခေတ္တအိပ်စောင့်ပြီးတော့ ဘောလုံးကွင်း ဘေးပတ်ပတ်လည်မှာ ကျွန်တော်တို့ စခန်းရွှေ့ရသည်။ နောက်တစ်နေ့ကျတော့မှ အမှုတိုင်ကြသည်။ ဗိုလ်ခမ်းယန့် အမှု မုဒိမ်းကျင့်မှု အပါအဝင် အမှုစုံကို တိုင်ကြား ကြသည်။

ဗိုလ်**ခမ်းယန့်**က အသက် ၃၀ ပတ်ဝန်းကျင်လောက် ရှိမည်။ သူက တော်တော်လေးပဲ ခန့်ခန့်ညားညား ဝတ်ဆင်ထားသည်။ ပထမမှာ ဗိုလ်ခမ်း ယန့်က ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် ရိုရိုသေသေ လေးလေးစား စား ထွက်ကြိုပြီးတော့ အလေးပြုသည်။ နောက်နေ့ကျမှ မြို့ခံတွေက သူ ကျူးလွန်သော အမှုတွေကို တိုင်သည်။ ကျွန်တော်ကလည်း ဗိုလ်ခမ်းယန့် ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး နောက်တိုင်တာတောတာ ဖြစ်သည့် အခါကျတော့ ကျွန်တော်တို့ သူ့ကို မဖမ်းပါဘူး။ သည်အမှုကို ကျွန်တော်တို့ ရေးပြီးတော့ ဌာနချုပ်ကို ဝိုင်ယာလက်စက်နှင့် အကြောင်းကြားလိုက်သည်။ ကျွန်တော့်တပ်ရင်းကို အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။ စစ်ရေးဌာနချုပ် အကြောင်းကြားတော့ စစ်ရေးဌာနချုပ်က ကျောက်ထုလေယာဉ်ကွင်းကို လေယာဉ်ပျံနှင့် ဆင်းလာပြီးတော့ အဖွဲ့တစ်ဖွဲ့ရောက်လာသည်။ အဖွဲ့မှာ ၆ ယောက် ပါလာသည်။ Director of Inspectoral General ညွှန်ကြား ရေးမှူးချုပ်ကိုယ်တိုင် ပါလာသည်။

ဒုတိယဗိုလ်မှူးကြီး ပါလာသည်။ ကျောက်ဆည်မောင်မောင် ပေါက် ခေါ်မောင်မောင်လို့လည်း ခေါ်သည်။ သူက ခေါင်းဆောင်ပါလာသည်။ သူက ကျွန်းကြီးတုန်းက ကျွန်တော်တို့နှင့် သူက တပ်ခွဲ ၁၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲ ၂။ တော်လှန်ရေးတုန်းက စစ်တောင်းချောင်းဖျားတုန်းက ကျွန်တော်တို့ နောက်ဆုံး တပ်ဖျက်တဲ့အချိန်မှာ သူက တပ်ခွဲ ၁ တပ်ခွဲမှူး။ အဲဒီတုန်းကတည်းက သိသည်။ ဗိုလ်မှူးမောင်မောင်တို့ ကျောက်ထုလေဆိပ်ကို လေယာဉ်ပျံနှင့်ဆင်း။ သူတို့ဟာ သူတို့ပဲ လမ်းလျှောက်ပြီးတော့ ပေါက်မြို့ ရောက်လာသည်။ ကျွန်တော်တို့ကို ဆက်သွယ်သည်။ သူတို့က အမှုကို စုံစမ်းဖို့ လာသည်။ အမှုကို စစ်ဆေးသည့်အခါ မုဒိမ်းမှုတင်မကဘဲ အခြား အမှုအခင်းပေါင်းစုံ ပေါ်လာသည်။ အဲဒီကြားထဲမှာ စစ်ဆေးရေးအပိုင်း မလုပ်နိုင်သေးဘူး။ သူတို့ကိုတော့ ကျွန်တော်တို့တပ်က မသွားနိုင်အောင်လို့ လက်နက်တွေ ထိန်းသိမ်းထားရသည်။ လက်နက်ကို ယူထားလိုက်ပြီ။ ဒါပေမယ့် ဘေးနားမှာရှိသော အလံနီတွေကိုတော့ ကျွန်တော်တို့ တွက်တိုက်ရသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ ရန်သူက ထုဖြစ်နေသည်။

ကျွန်တော်က အလံနီတွေကို တွက်တိုက်သည်။ ကျွန်တော်တို့ ရောက်လာပြီးတော့ ရန်သူက နည်းနည်းတန့်သွားသည်။ တန့်သွားပြီးတော့ အလံနီတပ်တွေက ပေါက်မြို့ တောင်ဘက်သရဖီရွာမှာ ၂၀၀၇-ရွှေဝါရောင် သံဃာ၊ အရှင်ဂမ္ဘီရတို့ တစ်နေ့တုန်းက အရှင်ဂမ္ဘီရနှမ လာသည်။ သူက ဟို အကြောင်း၊ ဒီအကြောင်း မေးရင်းနဲ့ ရွာတွေ ရွတ်ပြတော့ "ဟာ အဘက အဲဒီကလား" တဲ့။ ဟုတ်တယ်၊ ငါ အဲဒီမှာ **စစ်ရေး** လုပ်ခဲ့ဖူးတယ်။ အကုန်လျှောက်ပြောလိုက်သည်။ ကိုင်းလယ်၊ သရဖီ၊ ထငယ်တော၊ ရေပြာ၊ ပျဉ်းချောင်း၊ ငမိုးကြီး၊ ငမိုးလေးရွာတွေမှာ အလံနီကို လိုက်ဖြိုသည့် စစ်ဆင်ရေးတွေ လုပ်ခဲ့သည်။

အရှင်ဂမ္ဘီရနှမက ပြောသည်။ "ကျွန်မက အဲဒီ သရဖီရဲ့အောက်က ကိုင်းလယ်ရွာကပါရှင့်" လို့ ပြောသွားတယ်။ စစ်ရဲတပ်၌အမှု သူတို့ စစ်ဆေးစဉ် ဗိုလ်ခမ်းပန့်အမှုကို စစ်တော့ သူတို့အပိုင်းပဲ။ အားလုံးကို ပြန်ခေါ်သွားမယ်ဆိုတော့ တပ်တွေအားလုံးကို ပြန်ခေါ်သွားသည်။ ကျောက်ထုကို ပြန်ခေါ်သွားသည်။ တပ်ကို ဟိုကျတော့ ပြန်ပြီး ဖွဲ့စည်းကြသည်။ ကောင်းသည့်လူ ပြန်သုံးသည်။ အရာရှိထဲက ဗိုလ်ခမ်းပန့်နှင့် အကြပ်တစ်ဦး အရေးယူခံရသည်။ ကချင်စစ်ဗိုလ်ကတော့ လွတ်သွားသည်။ ကချင်စစ်ဗိုလ်က သူက မလုပ်ဘူး။ ပြည်သူဘက်ကနေပြီး ဥပဒေနှင့်အညီ နေသည့်



သူဆိုတော့ သူ့ကိုတော့ ပြည်သူတွေက ကောင်းမွန်း သိသည်။ တပ်ခွဲမှူး **ခမ်းပန့်**ပဲ၊ သူ့ကိုတော့ သူတို့ တရားစီရင်လိုက်သည်ဟု သတင်းစာထဲမှာ တွေ့သည်။

ထင်ရှားသည့်ဖြစ်မှုအတွက် သေဒဏ်ပေးသည်။ သတင်းစာထဲက သတင်း ဖတ်လိုက်ရသည်။ နောက် အယူခံဝင်သောအခါလည်း သေဒဏ်ပဲ။ နောက်ပြီးတော့ သမ္မတ၏ အာဏာနှင့် သူ့ကို တစ်သက်တစ်ကျွန်း ချလိုက်သည်။ နောက် နှစ်တော်တော်ကြာတော့ ထောင်ကလွတ်သွားသည်။ ၄၊ ၅ နှစ် လောက်ကြာမှာ လွတ်သွားသည်။ ကျွန်တော်တို့ ကိုင်းလယ်ရွာဘက် တွက်ပြီး အလံနီတပ်နှင့် တွက်တိုက်တော့ ပထမရန်သူက အပြင်းအထန် ခုခံသည်။ နောက်တော့ ၄၊ ၅ ပွဲလောက်လည်း တိုက်ပြီးရော ရန်သူတွေ ပြေးကြသည်။ လက်နက်တွေလည်း ဖမ်းမိခဲ့သည်။ ရန်သူအလံနီတွေ ကျဆုံးကုန်သည်။ ပေါက်မြို့ရောက်တာ ၁၉၄၉ ခု ဒီဇင်ဘာဆန်းလောက် ၁၉၅၀ ဇန်နဝါရီ (၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၊ ကျောင်းသားပြည်သူအချို့နှင့် စစ်ရေးပြ စစ်ချီအခမ်းအနား အမှတ်တရ ကျင်းပဖြစ်ခဲ့သည်။

ပေါက်မြို့ကို ကျွန်တော်တို့ ဒီဇင်ဘာလမှာ ရောက်သည်။ မတ်လ ၁၂ ရက်နေ့မှာ ကျွန်တော်ပြန်သည်။ တပ်ကျန်ရစ်ခဲ့သည်။ ပေါက်မြို့မှာ ၄၊ ၅ လပဲ။ နောက်တော့ အသားကျသွားတာနှင့် ရဲက မြို့ပြန်ပြီး ကွပ်ကဲတော့ အေးချမ်းသွားသည်။ အလံနီ ဗိုလ်ထွန်းတင်တို့ကလည်း ဒီနေရာမှာ မနေတော့ဘူး။ တခြားနေရာ ပြောင်းသွားသည်။ နောက်ပြီး ပေါက်မြို့ထဲမှာ ဆရာရင်ဆိုတာက ထွန်းတင်နွယ်အဖေ သူက ကျောင်းအုပ်ကြီး၊ သူ့သားတားမရလို့ သူက စွန့်ပစ်သည်။ ရဲနီထွန်းတင် သူက ပညာသင်ရင်းနှင့် ပါသွား၍ အစတုန်းကတော့ တော်လှန်ရေး လုပ်သည်။

ပေါက်မြို့က မန္တလေးပြန် တစ်ခုပြောရဦးမည်။ ပေါက်မှာ စစ်ဆင်ရေးက ပြန်လာတော့ တပ်ကရဲဘော်တွေက တန်းစီပြီးတော့ သေနတ်မြှောက် အလေးပြုကြသည်။ ကျွန်တော်က "ဟ မင်းတို့က ဘာဖြစ်လို့ သေနတ်မြှောက် အလေးပြုတာလည်း ရိုးရိုးတန်းတန်း အလေးပြုလည်း ဘာပဲ၊ ဘာဖြစ်လို့ ဒီလိုအလေးပြုတာလဲ" ဆိုတော့ သူတို့က ဖြိုးစိဖြိုးစိနှင့် "ဒါက

www.burmeseclassic.com

www.burmeseclassic.com



လည်း အလေးပြုဖို့ တာဝန်ရှိလို့ ပြုတာပါ'' ပြောသည်။ ''အလေးပြုဖို့ တာဝန်ရှိရအောင် မင်းတို့က ဘယ်လိုဖြစ်လို့လဲ''ဆိုတော့မှ သူတို့က အမိန့်စာထုတ်ပြသည်။ အမိန့်စာက ကျွန်တော့်ကို ဗိုလ်မှူးအဖြစ် ရာထူးတိုးမြှင့်တာဝန်ခန့်အပ်သည်။ ရာထူးတင်ပေးလိုက်တော့ ''မင်း ချက်ချင်း မန္တလေးကို ပြန်ရမယ်၊ တပ်တွေစုနေပြီးတော့ ပျဉ်းမနားကိုဆင်းသွား၊ တပင်ရွှေထီးစစ်ဆင်ရေးတိုက်ရမယ်''

ကျွန်တော်မန္တလေးကို လေယာဉ်ပျံဖြင့် သွားရမည့်အကြောင်း ပြောရမည်။ သည်နေရာမှာ ပေါက်မြို့မှာဆောက်ခဲ့သော လေယာဉ်ပျံကွင်း ဆက်သွယ်ရေး ကောင်းအောင်ဆိုပြီးတော့ လေယာဉ်ပျံကွင်း ဖောက်သည်။ လေယာဉ်ပျံကွင်း ဖောက်သည့်နေရာမှာ ပစ္စည်းက မရှိဘူး။ မရှိတော့ အားလုံးအုံ့ဒီက လူကြီးတွေတိုင်ပင်တော့ ဟိုဘက်က **ထငယ်တော်**ရေပြာရွာမှာ ပေါက်က ၉ မိုင်လောက် ဝေးသည်။ သည်နေရာမှာ လမ်းခင်းသော လမ်းကြိတ်စက်ရှိသည်။ ပျက်နေသည်။ လမ်းကြိတ်စက်ဘီးကို ယူလာပြီးတော့ လူနှင့်ဆွဲကြိတ်လျှင် လမ်းကြိတ်စက်ရမည်ဆိုပြီး ပြောသည်။ ကျွန်တော်က လုပ်မယ်ဟု ပြော၊ လူတွေကလည်း ''ဘယ်ဖြစ်နိုင်မလဲ'' ဆိုကြသည်။ လုပ်လို့ရသည်။ လမ်းကြိတ်စက်ရလျှင် လမ်းကြိတ်စက်ရှေ့က ဘီးအတုံးအကြီးကြီးကိုရလျှင် အဆင်ပြေပြီ၊ သွားဖြုတ်ပြီးတော့ ဖြုတ်လို့ရလျှင် လေယာဉ်ပျံကွင်း ဆောက်နိုင်မည်။ ရွာသားတွေကို ''မင်းတို့ လေယာဉ်ပျံကွင်းဖြစ်လာရင် ဆက်သွယ်ရေးကောင်းမယ်၊ မင်းတို့မြို့ မင်းတို့ရွာ တိုးတက်မယ်'' ဆိုတော့ သဘောကျကြသည်။ လေယာဉ်ပျံကွင်း ဖောက်ဖို့ဆိုပြီးကော်မတီလေး ဖွဲ့လိုက်သည်။ ကျွန်တော့်တာဝန်က လမ်းကြိတ်စက် ဒလိမ့်တုံးကြီးကို လေယာဉ်ပျံကွင်း ဖောက်မည့်နေရာရောက်အောင် ယူပေးရမည်။

ရွာနာမည်က ထန်းငယ်တော် (ထငယ်တော်) ရေပြာရွာ၊ **ထငယ်တော်**က ဒီဘက်က၊ ရေပြာက ဟိုဘက်က၊ တစ်ဖက်ကမ်းစီ၊ အမှန်ကတော့ ချောင်းရေကျလျှင် ရွာနှစ်ရွာကို သွား၍မရနိုင်။ သည်လမ်းကြိတ်စက်ကြီးကလည်း အင်္ဂလိပ်လက်ထက်က ကျန်ရစ်ခဲ့သည့် စက်ကြီးဖြစ်သည်။ သည်



လိုနှင့် လမ်းကြိတ်စက်ကြီးကို သွားကြည့်ပြီး လူအုပ်နှင့် ဘီးအလွတ်ကြီးရလာသည်။

ဤသို့ဖြင့် လမ်းကြိတ်စက် ဒလိမ့်တုံးကြီးကို ရှေ့က နွားလှည်းဖြင့်ဆွဲ၊ လူအားနှင့်တွန်း၊ ဂျမ်းတုံးလည်း အသင့်ထားရသည်။ အတက်ကိုတက်သွားရင် ဂျမ်းတုံးက နောက်လိုက်ရသည်။ နွားကလည်း သိတဲ့အတိုင်းပဲပင်ပန်းသွားလျှင် ဂျမ်းတုံး ခုလိုက်၊ ဟုတ်ပြီ နည်းနည်းလေး မြင့်လာတာကုန်းထိပ်ရောက်ပြီဆိုလျှင် ရှေ့က ချည်ထားသောကြိုးတွေ ဖြုတ်လိုက်ပြီးတော့ ကန်ချလိုက်သည်။ ဒလိမ့်တုံးကြီး လိမ့်ဆင်းသွားတော့သည်။

ဆင်းကျသွားတော့ သစ်ပင်တွေနှင့် တိုက်ပြီး ရပ်သွားသည်။ သည်လိုနှင့် ဒလိမ့်တုံးကြီးသယ်ရင်း၊ တွန်းရင်း၊ လိမ့်ရင်း နှစ်ညအိပ်လောက်ကြာသည်။ ရွာကိုရောက်သွားပြီ။ လေယာဉ်ပျံကွင်း လုပ်မည့်နေရာကလည်းပေါက်မြို့နားမှာ မဟုတ်ဘူး။ ပေါက်မြို့နှင့် တော်တော်ဝေးသည်။ ပေါက်မြို့နှင့် ၃ မိုင် လောက်ဝေးသည်ဆိုတော့ လှည်းလမ်းကြောင်းအတိုင်းသယ်လာခဲ့ရာ နောက်ဆုံး လေယာဉ်ကွင်းလုပ်မည့်နေရာသို့ ရောက်ပြီ။ သည်နေရာတွင် ယာကွင်းကြီးရှိသည်။ ယာကွင်းဆိုတာ မြေအလွတ်ကြီးဖြစ်သည်။ သည်ယာကွင်းမှာ မြေကြီးပေါက်ပြီးတော့မှ မြေစာတွေနှင့်ရေဖျန်းလိုက်။ မြေဖို့လိုက် လမ်းကြိတ်စက် ဒလိမ့်တုံးကြီးနှင့် အပေါ်ကတွန်းသူတွန်း ဆွဲသူဆွဲ။ နောက်တစ်ဖန် ရေဖျန်း မြေပြန်ဖို့ ဒလိမ့်တုံးကြီးဆွဲမြေသိပ်သွားပြီ။

သည်လိုနှင့် ယာကွင်းပြင်ကြီးကို လေယာဉ်ပျံကွင်းလုပ်ရာ လေးငါးရက် ကြာသည်။ ကျွန်တော် ပြောင်းရွှေ့အမိန့်ကျတာက မတ်လဆန်း ၃ ရက်နေ့ ကျွန်တော့်လက်ထဲကို အမိန့်ရောက်တာက မတ်လ ၁၅ ရက်၊ ခြောက် သတိရတာလေး ပြောရဦးမည်။ လွတ်လပ်ရေးပွဲ ကျင်းပသေးသည်။ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးပွဲကို ပေါက်မြို့မှာကျင်းပသည်။ ဒုတိယနှစ်ပတ်လည် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားလုပ်သည်။ ကျွန်တော်တို့တပ် ချီတက်သည့်နောက်မှာ ပြည်သူလူထုတွေ၊ ကျောင်းသားတွေ ''လွတ်လပ်ရေးကြီး တည်မြဲပါစေ'' ကြွေးကြော်အော်ဟစ်ကြတာ သတိရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲလည်း ပါသေးသည်။ လွတ်လပ်ရေး ဘယ်လိုရသည်ကို ဟောကြသည်။ ညမှာ ပြဇာတ်လည်း ကကြသေးသည်။ ပြဇာတ်က ကျွန်တော်တို့နှင့် မြို့လူထုပေါင်းလုပ်ကြပြီး စည်စည်ကားကား ရှိလှသည်။ ကျွန်တော်တို့က အိုးစည်ဗိုင်းနှင့် တစ်ခန်းပါလိုက်သေးသည်။ ပြဇာတ်က တစ်ခန်းရပ်ပြဇာတ်။ လွတ်လပ်ရေးနှင့်ဆိုင်သော သီချင်းတွေ ဆိုကြသည်။ ဗိုလ်ချုပ်အောင်ဆန်း သီချင်းတွေဆိုသည်။ နောက်ပြီးတော့မှ အနုမြူဆပ်ကပ် အနုမြူဆရာကြီး ရယ်စရာ ရွှင်စရာလေးတွေ ကပြကြသည်။ ပေါက်မြို့နယ်ပိုင်က ဦးစိန်၊ မြို့အုပ်က ဦးဘကြည်၊ သူ့သမီးလေးက ကြူကြူ၊ နောက်ပိုင်း နယ်ပိုင်က အရေးပိုင်ဖြစ်သည်။ ဦးစိန်က မန္တလေးမှာ အရေးပိုင်စဖြစ်ပြီး မန္တလေးကနေပြီးတော့မှ စစ်ကိုင်းတိုင်း တိုင်းမင်းကြီးဖြစ်သွားသည်။

သည်လိုနှင့် ကျွန်တော် မန္တလေးပြန်ရန် ပေါက်လေယာဉ်ကွင်းသို့ လေယာဉ် ပထမဆုံး ဆင်းလာသည်။ ကျွန်တော် မန္တလေး ပြန်သည်။ သည်တုန်းက လေယာဉ်မှူး ကပ္ပတိန် **ဟဲရား**နှင့်က သိနေသည်။ လေယာဉ်မှူးက သူ့လေယာဉ် ရန်ကုန်ပြန်ရမည်ဟု ပြောသည်။ ဒီလိုဆိုရင် ခင်ဗျားကျုပ်ကို မိတ္ထီလာမှာ ချပေးပါဟုပြောတော့ သူက မိတ္ထီလာမှာ လေယာဉ်ဆင်းဖို့ လက်မှတ်ထိုးရင် ချပေးမည်တဲ့။ ကျွန်တော်က နားမလည်ဘူး၊ သွားဖို့ လိုချင်တာပြောတာပဲဆိုပြီးတော့ သူပေးသောစာရွက်မှာ ကျွန်တော်က ဖတ်ကြည့်ပြီးတော့ ကျွန်တော်လည်း သူပြောသည့်အတိုင်း ရေးလိုက်ပြီး လက်မှတ်ထိုးလိုက်သည်။ ကျွန်တော်ကလည်း တိတိကျကျ မေဂျာတင်ဦး **BC 3651 Recently promoted major** ဟု ထည့်ရေးလိုက်သေးသည်။

ကျွန်တော်လည်း စိတ်အေးသွားသည်။ ကျွန်တော့်ကို မိတ္ထီလာမှာ လေယာဉ်ဆင်းပေးသည်။ ခရီးသည်က တစ်ယောက်၊ နှစ်ယောက်ပါလာသည်။ ကျွန်တော်လည်း တပ်မှာ အေးအေးဆေးဆေး နားသည်။ နောက်တော့ ကျွန်တော့်ကို အထက်ကအကြောင်းကြားသည်။ မင်းလေယာဉ်ပျံကို ဘာဖြစ်လို့ မိတ္ထီလာကို ဆင်းခိုင်းသလဲ။ မိတ္ထီလာကို ဆင်းလိုက်သည့်အတွက် ထားဝယ်ကိုသွားမည့် တစ်ခေါက်ခရီးသည် ရစရာရှိတာ မရတော့ဘူး။ ဒါကြောင့်မို့လို့ နစ်နာသည် ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်ရှိသည်ဆိုပြီး တရားစွဲသည်။ စစ်ရုံးကို လေကြောင်းဌာနက အကြောင်းကြားသည်။



အဓိပ္ပာယ်က ကျွန်တော်သည် သူတို့ဆီ ခွင့်မတောင်းဘဲနှင့် လေယာဉ်ကို မိတ္ထီလာ ဆင်းခိုင်းသည်တဲ့။ ကျွန်တော်သိတာက ဒီလေယာဉ် ရန်ကုန်ပြန်မည်။ ကိုယ့်ကို မိတ္ထီလာ ချပေးပြီးလျှင် ပြီးပြီ။ အဲသည့်ကိစ္စ ပြဿနာကြီးထွားလာပုံက ကာကွယ်ရေးဦးစီးချုပ်အောက်က စည်းကမ်းကိုင်သည့် ငွေစာရင်းရုံးက ခေါ်သည်။ အရင်တုန်းက ဦးမောင်မောင်ကျော်ဝင်း။ ထိုစဉ်က ဒုဗိုလ်မှူးကြီးကျော်ဝင်းပဲ ရှိသေးသည်။ ဗိုလ်မှူးချုပ် မဖြစ်သေး။

မန္တလေးရောက်ပြီး ချက်ချင်း မသိသေးဘူး။ စစ်ရုံးက လှမ်းခေါ်တော့ ကျွန်တော် လိုက်သွားရသည်။ စစ်ရေးရုံးရောက်တော့ "မင်း မသိလို့လုပ်တာ ငါနားလည်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကြီး သိပ်ဆိုးတယ်ကွာ၊ ဒါက ငွေရေးကြေးရေးကိစ္စပဲ၊ တို့ ဒီပိုက်ဆံကို တာဝန်ယူပြီးတော့ ဘယ်လိုလုပ်ပေးမလဲ၊ ဥပဒေအရ ဟိုလိုက်ညှိ ဒီလိုက်ညှိနှင့် ပတ်သက်တာ အားလုံးကို ရုံးမတင်ဘဲနှင့် နစ်နာတာကို လျော်စေဆိုပြီး ကျပ် ၁၀၀၀ လျော်ရသည်။

တစ်လကို ၁၀၀ ကျပ်ဖြတ်သည်။ ဆယ်လလုံးလုံး လခ လျော့ရသည်။ ဒါပေမယ့် တော်သေးသည်။ မေဂျာဆိုတော့ လခကျပ် ၈၀၀ ရသဖြင့် တော်သေးသည်။ သည်အချိန်က ကျွန်တော်တို့တပ်မှာ လက်နက်ကိုင်တပ်ရင်း ၁။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အဆက်ပြတ်နေသည်။ ပျဉ်းမနားမှာလည်း ကွန်မြူနစ်ဌာနချုပ်ရှိသည်။ အထူးသဖြင့် ပျဉ်းမနားမြို့ထဲမှာရှိသော **ကျွင်လိုကုန်း**ဆိုလား သည်နေရာမှာ ရန်သူ တော်တော်များသည်။ အရင်လိုကန်းလမ်း ပျဉ်းမနားဟုလည်း ခေါ်သည်။ပျဉ်းမနားမှာကတော့ ပျဉ်းမနားမြို့ထဲမှာရော၊ လယ်ဝေးရော တောက်လျှောက် ကွန်မြူနစ်တွေ ရှိနေကြသည်။

အထက်ဗမာပြည်နှင့် အောက်ဗမာပြည်ကို ဆက်ရန် ပျဉ်းမနားသိမ်းရမည်။ တောင်ပိုင်းတိုင်းကလည်း တောင်ငူကို သိမ်းရမည်။ တောင်ငူနှင့် ပျဉ်းမနားကိုသိမ်းပြီး နောက်ဆုံးလမ်းကြောင်းဖွင့်ပြီးတော့ အထက်ဗမာပြည်နှင့် အောက်ဗမာပြည်ကို သွားသည့်ကားလမ်း အထစ်အငေါ့မရှိ ချောချောမောမော သွားနိုင်အောင်လုပ်ကြရမည်။ လက်နက်ကိုင်တပ်ရင်း တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးထွန်းစိန် ကွပ်ကဲ၍ ၁ စစ်ဆင်ရေး ထွက်သွားပြီ၊ ကျွန်တော်ကတော့ သူတို့ထွက်သွားပြီးတော့မှ မန္တလေးကနေ မိတ္ထီလာကို မော်တော်ကားနှင့် ဆင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်က မိတ္ထီလာဘက်မှာ တော်တော်များများ ထိန်းပြီးတော့ ကျွန်တော်တို့ဆက်သွယ်၍ ရသွားပြီ။ မြောက်ပိုင်းတိုင်းဌာနချုပ်က ဗိုလ်ချုပ်ဘလိတ်ခ်တို့က မိတ္ထီလာရပေမယ့်လို့ အောက်ဘက်ကို ဆင်းဖို့ဆိုတာဟာ ပျဉ်းမနား မရသေးဘူး။ အောက်ပိုင်းက တိုက်လာတာကလည်း တောင်ငူကို မရသေးဘူး။ တောင်ငူက တော်တော်လေး ရန်သူ ထူကောင်းသည်။ KNDO ကလည်း ကောင်းကောင်း ခုခံနေသည်။

ကေအင်ဒီအိုတွေက တောင်ငူမှာ တော်တော်ကြမ်းသည်ဟု ဆိုသည်။ ဖြူးမှာ ပြဿနာတွေ အများကြီးဖြစ်သည်။ သတ်ကြ၊ ဖြတ်ကြနှင့် အထက်ဘက်မှာလည်း ပျဉ်းမနားတောင် သွားလို့မရသေး။ မိတ္ထီလာကလွှမ်း ရမည်းသင်းလောက်ပဲ သွားလို့ရသည်။ တပ်ကုန်းသွားလို့ရသည်။ တပ်ကုန်းလွန်လျှင် ကျွန်တော်တို့နှင့် တိုက်ပွဲဖြစ်ကြသည်။ မိတ္ထီလာကို **ဆရာထီက** ထိန်းထားသည်။ ရမည်းသင်းကတော့ အုပ်ချုပ်ရေးရှိသည်။ ဘယ်သူရှိလဲဆိုတော့ နောက်ဆုံး စွန့်စွန့်စားစားနှင့် ရှုပ်ရှုပ်ချုံချုံသွားပြီး ခရိုင်ဝန်လုပ်သူက **ဦးပရန့်ဝန်ဆင်။** ကြားဖူးကြမည် ထင်သည်။ ခရိုင်ဝန် ဦးဘလှဝင်း့စိန်ဟုလည်း နောက်ပြောင်ခေါ်ကြသည်။ သူက (ဆစ်) မြန်မာပါ။

သူက ပန်ချာဗီ လူမျိုးအရေးပိုင်မင်း။ ရှေ့ဆုံးမှာ တပ်စခန်းအဖြစ် သူက အုပ်ချုပ်ရေး ရှိနေသည်။ တပ်ကုန်းမှာ ဘယ်သူရှိသလဲဆိုတော့ ဗိုလ်သီဟ။ ဗိုလ်သီဟဆိုသူမှာ စစ်ဝန်ထမ်းတပ်က ဗိုလ်၊ စစ်ဝန်ထမ်းတပ်က တပ်ကုန်းမြို့ကို ထိန်းထားသည်။ ကျွန်တော်က မန္တလေး ရောက်သွားပြီးတော့ တပ်တွေက စစ်ဆင်ရေးထွက်သွားပြီ။ ကျွန်တော် မမီလိုက်တော့ဘူး။ အဓိကတော့ တပ်ရင်းမှူးတွေနှင့် နောက်မှာရှိသော တပ်တွေကို ထိန်းသိမ်းပြီး နေရမည်။ မတ္တရာမှာ တပ်ရှိသည်။ ကျွန်တော်တို့ တပ်စုတစ်စုရှိသည်။ နောက် ကျွန်တော်က ပျဉ်းမနားကို ဆက်လိုက်သွားရသည်။ ပျဉ်းမနားကို တပ်နှင့်သွားသည်။

❐

## အခန်း (၂၄)
## ရဲဘော်သုံးကျိပ် ဗိုလ်ရန်အောင် အရှုံးကြီး ရှုံးသော တိုက်ပွဲ

ပြည်တွင်းသောင်းကျန်းမှုကို တိုက်ဖို့ ကျွန်တော်အင်အားတွေ ထပ်ပြီးတော့ တိုးချဲ့ဖို့အတွက် တပ်ရင်းတွေဖွဲ့တော့ ဗိုလ်မှူးကြီးထွန်းစိန်က ပြောင်းသွားသဖြင့် ဗိုလ်မှူးလှမော် ကျွန်ရစ်ခဲ့သည်။ ဒုဗိုလ်မှူးကြီး လှမော်က တပ်ရင်းမှူး၊ ကျွန်တော်က ဒုတိယတပ်ရင်းမှူးဖြစ်သည်။ သည်မှာစစ်ဆင်ရေးလုပ်ရင်း တော်တော်တိုက်ရသည်။ ပျဉ်းမနားမှာတော့ တော်တော့်ကို ဆိုးဆိုးရွားရွားတွေ တိုက်ရသည်။ ရန်သူတွေကလည်း ထုနှင့်ဆိုတော့ ကျွန်တော်တို့က မြို့ထဲလောက်ပဲ နေလို့ရသည်။ ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်လို့ရသည်။ သည်မှာ မြောက်ဘက်လမ်းက ပွင့်သွားပြီ။ မြောက်ဘက်လမ်းက မိတ္ထီလာ၊ တပ်ကုန်း၊ ရမည်းသင်း စသည်ဖြင့် ပွင့်သွားသည်။

ရဲဘော်သုံးကျိပ် ဗိုလ်တောက်ထိန်ကလည်း ပျဉ်းမနားမှာ ခြောက်ကျားတပ်ဖွဲ့သည်။ ဗိုလ်တောက်ထိန်တို့ ခြောက်ကျားတပ်က တပ်မတော်ကို ကူညီသည်။ တော်တော်စောစောတုန်းက ပျဉ်းမနားပတ်ဝန်းကျင်မှာ ရဲဘော်သုံးကျိပ်၊ ဗိုလ်တောက်ထိန်က တပ်ဖွဲ့နှင့်ရှိသည်။ သို့သော်လည်း ပျဉ်းမနားကို လုံလုံထိန်းသိမ်းဖို့ရာ တပ်က ဝင်တိုက်မှ ဗိုလ်တောက်ထိန်တို့ အတူတူပေါင်းလာလုပ်သည်။ ဗိုလ်တောက်ထိန်တပ်ကလည်း မနည်းဘူး။ သူကလည်း သူ့လူနှင့်သူရှိသည်။ နည်းတဲ့ထု မဟုတ်ဘူး။ သည်တုန်းက ပျဉ်းမနား

www.burmeseclassic.com

www.burmeseclassic.com



မှာ တော်တော့်ကို နာမည်ကြီးသည်။ သူကလည်း ကွန်မြူနစ်ကို ခံချနေရင်းနှင့် ပျဉ်းမနားမှာ တော်တော့်ကို ထူကြီးသည်။

ဗိုလ်တောက်ထိန်တိုက်သည်မှာ ကွန်မြူနစ်။ အဲ့ဒီမှာရှိတာက ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီပင်။ ကွန်မြူနစ်တို့က နှစ်နှစ်အတွင်း စစ်အောင်နိုင်ရေး အောင်လံတင်ရေးပဲ။ အစိုးရထူထောင်ရေး ထိုစဉ်အခါက ကျွန်တော်က တပ်တွေနှင့် ပတ်သက်ပြီး အုပ်ချုပ်မှုရေးရာ တာဝန်ယူရသည်။ ရိက္ခာကိစ္စ၊ လစာကိစ္စ။ ကျွန်တော်က ရှေ့နှင့် နောက်နှင့် ပြေးလုပ်ရသည်။ သည်လိုပြေးလွှားနေရသည့်အခါကျတော့၊ ဗိုလ်မှူးလှမော် ရှေ့တန်းသွားလျှင် ကျွန်တော်က တာဝန်ယူထိန်းရသည်။ ကျွန်တော်လုပ်ရသည်။ သည်မှာ ဒီတိုက်ပွဲ အသေးအမွှားတွေတော့ မပြောတော့ပါဘူး။ အကြီးအကျယ်ဖြစ်တာ ပြောပြမည်။ ဘယ်လိုဖြစ်သလဲဆိုတော့ မူလက **အေလာမြို့**ဘက်က အေးသည်။ အေလာက အတွင်းဘက်ကို ကျသည့်အတွက်ကြောင့် ကွန်မြူနစ်က **အေလာ**မြို့ကို သိပ်ပြီး ဒုက္ခမပေးဘူး။

**အေလာ**ဆိုတာက ရထားလမ်းပေါ်မှာပဲ။ ခန့်မှန်းခြေဆိုတော့ ပျဉ်းမနားမှ ၁၅ မိုင်လောက်တော့ ရှိမည်ဖြစ်သည်။ **အေလာ**ကတော့ နည်းနည်းအေးသည်။ အေလာမြို့မှာ တပ်ရှိသည်။ သို့သော် **အေလာ**ဝန်းကျင်မှာ ရှိနေသောရန်သူက သိပ်ပြီးတော့ အင်အားထုကြီးတာ မဟုတ်ဘူး။ အင်အားထုသေးသည်။ **အေလာ**က ကျွန်တော်တို့ လက်နက်ကိုင်တပ်ဖွဲ့ ရှိသည်။ ကျွန်တော်တို့ လက်နက်ကိုင်တပ်ရင်း တစ်ရင်းလုံး သွားသည်။ **အေလာ**မှာ တပ်ခွဲရုံးနှင့် တပ်စုတစ်စုရှိသည်။ တပ်ခွဲမှူးက ဗိုလ်တင်ထွန်း၊ နောက်တော့ တပ်မတော်က အနားယူသွားပါပြီ။

ရန်သူက အရင်လိုက သုံးမိုင်ခန့်သာ ဝေးသည်။ ပျဉ်းမနား တောင်ဘက်အတွင်းမှာရှိသည်။ တော်တော်လေး တိုက်ကြသည်။ မြို့အပြင် ထွက်သည်နှင့် တိုက်ရတာမို့ လက်နက်မိတာကတော့ ခဏခဏပဲ။ ရန်သူကလည်း ပထမ တော်တော်လေး တောင့်ပေမယ့် ကျွန်တော်တို့ လက်နက်ကိုင်တပ်ရင်းက တော်တော်ကို တိုက်ရည်ခိုက်ရည် စသည်မြင့်တော့ ထွက်တိုက်သည့် နေရာတိုင်းမှာ သူတို့ ဘယ်လောက်ပဲ ထုကောင်းကောင်း ကျွန်တော်တို့က လက်နက်ရလိုက်သည်ချည်းပဲ။ အသေဖမ်းမိသည် အရှင်ဖမ်းမိလျှင် တရားဥပဒေအရ အရေးယူရသည်။ ဘာမှ လက်လွှတ်စပယ် လုပ်မရဘူး။ တိုက်ပွဲမှာ ထိခိုက်မိလို့ သေတာ ကျဆုံးတာတော့ ရှိသည်။ ပျဉ်းမနားမှာ ပထမတစ် နှစ်ကတော့ ကျွန်တော်တို့က အလှူးအလဲပဲ။ ခုခံတိုက်ခိုက်နေရကြသည်။ ရထားလမ်း၊ ကားလမ်းတွေမှာ နေ့စဉ် တိုက်ပွဲရှိသည်။

ဒီကြားထဲမှာလည်း တပ်နှင့်ပတ်သက်ပြီး အားကစားပွဲတွေ အားပေးရတော့ ကျွန်တော်တို့က လုပ်ရင်းကိုင်ရင်းမှာပဲ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ပြေးခုန်ပစ်မှာ ကျွန်တော်တို့ ချန်ပီယံဆုတွေ ရလိုက်သေးသည်။ ပျဉ်းမနားမှာကို နှစ်နှစ်ဆက်တိုက် နေလိုက်သည်။ နောက် ကသာမြို့ကျတော့ သုံး နှစ်ဆက်တိုက် ရှုံးသည်။ တပ်က ဘယ်လောက်ကောင်းသလဲဆိုတော့ စစ်ဝန်ထမ်းကလာတဲ့ ဆာဂျင်တွေ တပ်ကြပ်တွေက သိပ်တောင့်သည်။ ရဲဘော်တွေကလည်း တိုက်ရည်ဝနေပြီ။

တိုက်ပွဲအသေးလေးတွေက အများကြီးရှိသည်။ ကွန်မြူနစ်တွေ ထွက်တိုက်ရတာမျိုး တိုက်သည့်အခါတိုင်းမှာလည်း တိုက်ပွဲကတော့ တော်တော်များသည်။ ပထမဦးဆုံး ကျွန်တော်မရောက်ခင် ဖြစ်တာမှာတော့ ရန်သူက ပျဉ်းမနားကို ထုထည်နှင့် ဝင်တိုက်သည်။ ပျဉ်းမနားကို ဝင်တိုက်သည့်အခါကျတော့ ရန်သူတော်တော်လေး ကျသည်။ ကျွန်တော်တို့ဘက်ကလည်း ရန်သူထံတွင် အမြောက်တစ်လက် ကျန်ရစ်ခဲ့သည်။ ကျွန်တော် မရောက်ခင်ပဲ။ နောက် ပြန်ပြီးတိုက်တော့ အမြောက်နှင့်ကျည်တွေ ပြန်ပြီးရသည်။ တော်တော်လေးတော့ အပြန်အလှန်တိုက်ကြရသည်။ သူတို့က သိပ်အားကောင်းသည်။ “**အရင်လိုကုန်း**” မှာ တော်တော်လေး တိုက်ရသည်။ **အရင်လိုကုန်း**က ‘လမ်းပျဉ်းမနား’ဟုလည်း ခေါ်သည်။

အချိန်က ၁၉၅၀ ပြည့်နှစ် မတ်လကျော်သွားပြီ။ ကျွန်တော်က မတ်လ ၁၃ ရက်နေ့မှာ မေဂျာဖြစ်တာဆိုတော့ ကျွန်တော်ရောက်သွားတော့ ဧပြီ၊ မေလောက် ဖြစ်သွားပြီ။ မိုးရွာနေပါပြီ။ မိုးကျခါစပဲ။ မိုးဦးကျခါမှာ တော်တော့်ကို တိုက်ပွဲတွေ ပြင်းထန်သည်။ သာဝတ္ထိမြို့မှာလည်း တိုက်လိုက်လို့ရှိလျှင် သူတို့ ပထမတော့ သိပ်ရဲသည်။ ဝင်ပြီးတော့ တိုက်သည်။ တိုက်ပေမယ့်လို့ ခံပြီးတော့ လိုက်ချသည်။ ထွက်တိုက်သည်။

www.burmeseclassic.com



ထွက်တိုက်လို့ရှိလျှင် ရန်သူထံက မိတဲ့လူမိသည်။ သေသည့်လူသေသည်။ လက်နက်ရသည်။ လက်နက်မရသည့်အခါ၊ ရန်သူအထိအခိုက် မရှိသည့်အခါမရှိဘူး။ တဖြည်းဖြည်း တဖြည်းဖြည်း ပထမ ၁၉၅၀ ပြည့်နှစ် နွေအကုန်နှင့် မိုးဦးကျခါစတွေမှာ ရန်သူက တော်တော်လေး ဆုတ်ခွာပေမယ့် ပြန်ပြီးတော့ သူတို့ရှိတဲ့ အင်အားစုနှင့် လာတိုက်သည်။ ဘယ်ဘက်မှာရှိလဲဆိုလျှင် တောင်တွင်းကြီးဘက်ဖြစ်သည်။ သူတို့အင်အားကလည်း မရှိဘူးဆိုလျှင် တစ်ခါတစ်ခါတိုက်လျှင် ရာချီတိုက်သည်။ ၂၀၀၊ ၃၀၀ ပါလာသည်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း ခုခံသည့်နေရာမှာ တပ်စုတစ်စုလုံးနှင့် ခုခံသည့်အခါကျတော့ ရန်သူက မကျော်နိုင်ဘူး။ ပထမနှစ်ကတော့ များသောအားဖြင့် မြို့ပြင်သိပ်မထွက်နိုင်ဘူး။ အနားနီးထွက်ပြီးတော့ ထွက်တိုင်းမှာလည်း နိုင်တာများပါသည်။ သူတို့ကို ချေမှုန်းနိုင်သည်က များသည်။ သည်လိုနှင့် ၁၉၅၀ ပြည့်နှစ် ဇူလိုင်လမှာ တိုက်သည်ကို မှတ်မိသေးသည်။ လယ်ဝေးမှာ ရှိသည့်တပ်ခွဲက ဂျပန်ပြန် ဗိုလ်မှူးသိန်းမောင်။ ဖက်ဆစ်သိန်းမောင်လို့လည်းခေါ်သည်။ သူက ကိစ္စရှိ၍ ရန်ကုန်သွားချင်သည် ပြော၍ ကျွန်တော်က တောင်းပန်သည်။ မသွားပါနှင့်။ ကျွန်တော်တောင်းပန်ခြင်းမှာ ဤသို့ဖြစ်မည်။ ထိုအချိန်က ဗိုလ်မှူးလှမော်ကြီးနှင့် တစ်နှစ်နေတုန်းမှာ ဗိုလ်မှူးလှမော်က ကျွန်တော့်တပ်ရင်းမှူးဖြစ်သည်။

တစ်နှစ်နေပြီးတဲ့အခါ ဗိုလ်မှူးလှမော်က အစမ်းတပ်ဖွဲ့ဖို့ သွားသည့်အတွက် ကျွန်တော်က ယာယီတပ်ရင်းမှူးဖြစ်ပါသည်။ သည်လိုဖြစ်တော့ တပ်တွေအားလုံး ကွပ်ကဲအုပ်ချုပ်ရသည်။ တပ်ထဲမှာကတော့ လုပ်သက်ရှိသော ဗိုလ်ကြီးခင်မောင်၊ ဗိုလ်ကြီးသိန်းမောင်၊ ဗိုလ်ကြီးတင်ထွန်း၊ နောက် ဗိုလ်ကြီးခင်မောင် တပ်ခွဲ ၄ က ဗိုလ်ညွန့်မောင်၊ တပ်ခွဲ ၃ က ဗိုလ်ခင်မောင်ဆိုတာ ရှိသည်။ ဒါပေမယ့် တပ်ကို ကိုင်တာကတော့ ဗိုလ်သန်းစိန်က ကိုင်သည်။ သည်တုန်းက သာဝတ္ထိမှာ ဝင်တိုက်သည့်အခါ ရန်သူတော်တော်လေး အကျများပြီး ကျွန်တော်တို့ ပစ္စည်းတွေ များများရလိုက်သည်။ သည်အချိန်ကစပြီး သူတို့နည်းနည်း ဆုတ်စပြုလာသည်။ ၁၉၅၀ ပြည့်နှစ် ဇူလိုင်လ ၁၉ မတိုင်ခင် အာဇာနည်နေ့ရက်ကို တွက်ပြီးတော့ ၄ ရက်ကြိုပြီး လာတိုက်သည်။ ဗိုလ်သိန်းမောင်ကလည်း နည်းနည်းဆက်ဆံရခက်သည်။



သူက အတော်ကတ်သီးကတ်သတ်သမား၊ ပစ္စည်းဝေလျှင် သူက သူများထက် ပိုရ၊ နောက်ပြီးတော့ ရိက္ခာစုံငွေ ဆိုလို့ရှိရင်လည်း သူများထက် ပိုပေးမှ ကျေနပ်သည်။ ကျွန်တော်တို့တပ်ရင်း တစ်ရင်းက အားလုံးရိက္ခာအတွက်ရော၊ လစာရော၊ ကားငှားတာရော တစ်လကို ကျပ်ရှစ်သောင်းထက် ပိုမကုန်ဘူး။ သို့သော် သက်ဆိုင်ရာက ခွင့်ပြုချက်ပေးထားတာ တပ်ရင်းမှူးကို ကျပ်တစ်သိန်းထက် မကျော်သောငွေကို ထုတ်ခွင့်ရှိသည်။

အထက်က ချက်လက်မှတ်လာမှ ကျွန်တော်တို့က သုံးတာမဟုတ်ဘူး။ ကျွန်တော်တို့ကို အသုံးငွေကို ဘယ်မှာသွားယူရမလဲဆိုတော့ ရမည်းသင်းကို သွားပြီးတော့ ငွေတိုက်မှာ ထုတ်ရသည်။ ငွေတိုက်ကငွေထုတ်ပေးလိုက်လျှင် ကျွန်တော်က ဒီငွေနှင့်ပတ်သက်၍ ခုနကပြောခဲ့သော အသုံးငွေစာရင်းမှသည် ငွေနှင့်ပတ်သက်တာ အားလုံးကို တပ်မတော်ငွေစာရင်းရုံးကို ပို့ပေးရသည်။ သည်မှာ ဗိုလ်သိန်းမောင်က အမြဲတမ်း ကျွန်တော့်ကို စိန်ခေါ်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ သူရယ်၊ ဗိုလ်ခင်မောင်ရယ်၊ ကျွန်တော်ရယ် ရှိရာမှာ (ဗိုလ်ခင်မောင်ကြီးကတော့ ဗိုလ်သင်တန်းကျောင်း တစ်ပတ်ထဲဆင်း၊ မေမြို့တိုက်တုန်းက ဗိုလ်ခင်မောင်) ဗိုလ်ခင်မောင်က အတူတကွတိုက်ခဲ့တဲ့သူတွေဆိုတော့ နားလည်မှုရှိသည်။ ဘာမှမလုပ်ဘူး။ ဗိုလ်သိန်းမောင်က ဂျပန်ပြန်ကိုး။ ဂျပန်ပြန်ဆိုတော့ နည်းနည်းလေး မောက်မောက်မာမာ ဆက်ဆံတတ်သည်။

ဗိုလ်ကြီးသိန်းမောင်က ယခုတော့ ကွယ်လွန်ရှာပြီ။ တော်တော်အစောကြီးကတည်းက ဆုံးသွားသည်။ သူက ငွေသိပ်တောင်းသည်။ ရိက္ခာနှင့်ပတ်သက်လျှင် ဘယ်လောက်ပေးရမယ် အမြဲတောင်းဆိုသည်။ ကျွန်တော်က ပြောသည်။ တို့အားလုံးရတာ တစ်လကို ရှစ်သောင်းနှင့်တစ်သိန်းကြားပဲ ရသည်။ တစ်သိန်းထက်ကျော်လို့ မရဘူး။ ရှစ်သောင်းအတွင်းမှာ တို့လောက်အောင် သုံးရမည်။ သည်တော့ မင်းကို ပိုမပေးနိုင်ဘူးဆိုတော့ မလောက်ရင် ဘယ်လိုလုပ်မလဲ။ သူ့ကို ရန်သူက ဝိုင်းထားရင် ဘယ်လိုလုပ်မလဲ၊ ရိက္ခာမလောက်ရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ရန်သူက ဝိုက်နေတုန်း ရိက္ခာပြတ်သွားရင် ဘယ်လိုလုပ်မလဲပြောသည်။ 'ဟေ့ မင်းရိက္ခာမပြတ်စေရဘူး၊ မင်းအတွက် လစာ ဘယ်တော့မှ မလျော့စေရဘူး၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းရှိရင် ငါ မင်းရှေ့မှာ ရှိမယ်၊ ငါလာခဲ့မယ်' ဟု ကျွန်တော်က ပြောသည်။ ကျွန်တော် တကယ်လည်း သွားတာပဲ။ သူက ကျွန်တော့်ကို ပြောသည်။ သူ ရန်ကုန်သွားမလို့။ အခ်ပွာယ်ကတော့ ဒီအချိန်မှာ လယ်ဝေးကို တိုက်ဖို့အတွက် ရန်သူကထုနှင့် စုနေသည်ကိုး။ ကျွန်တော်တို့ ကောင်းကောင်းသိသည်။ အုန်းရှစ်ပင်၊ လယ်ဒါကြီး၊ လယ်ဒါလေးတို့ ရန်သူ ထုရှိသည်။ မိုးခွေရွာမှာလည်း ထုနှင့် ရန်သူကနေသည်။ သူတို့က လာ တိုက်သောအခါမှာလည်းပဲ ထုနှင့်တိုက်သည်။

ဗိုလ်သိန်းမောင်က တပ်ခွဲ ၂ ဆိုတော့ တပ်သား ၁၃၀ လောက်ပဲ ရှိမည်။ သူက လယ်ဝေးမြို့ အနောက်ဘက်မှာ ရှိနေသောဘုရားဝင်းကြီး အနီးတောစပ်နားမှာ စခန်းချထားသည်။ လယ်ဝေးမှာရှိနေတာက တပ်ရင်း ရှေ့တန်းဌာနချုပ်နှင့် ကျွန်တော်တို့ တပ်စု တစ်စု။ လယ်ဝေးမြို့ အပြင်ထွက် သွားသည့်အခါ **ညှိုပင်**တံတားရှိသည်။ သည်တံတားကိုလည်း အမြဲတမ်း ရန်သူက ချိုးသည်။ တံတားမှာလည်း တပ်စောင့်ရသည်။ ပြီးတော့မှ လယ်ဝေး မြို့ပြင် ထွက်သွားသောလမ်းမှာ အင်ပင်ရွာရှိသည်။ အင်ဖွင်ဂိတ်လို့ ခေါ် သည်။ အင်ပင်ရွာမှာလည်း တပ်ထားသည်။ အင်ပင်ဂိတ်မှာတော့ ကျွန်တော် တို့က တပ်စိပ်နှစ်စိပ်ထားသည်။ အင်ပင်တံတားမှာ တပ်စိပ် နောက်ပြီး တော့ နှစ်စု သုံးစုခွဲသည်။ ရှိတာကတော့ လူပေါင်း ၅၀၊ ၆၀ လောက်ပါပဲ။ လယ်ဝေးမှာ ဒါပဲရှိသည်။ စကားမစပ် ရဲဘော်သုံးကျိပ် ဗိုလ်တောက်ထိန် အကြောင်း ပြောရဦးမည်။ ဗိုလ်တောက်ထိန်နှင့် လယ်ဝေးအမတ် သခင် ကြည်ရှိန်တို့ နယ်လှည့်ကြသေးသည်။

လယ်ဝေးကိုလည်း သူတို့ပိုင်နယ်ဟု ဆိုသည်။ နှစ်ဦးစလုံး ရွေး ကောက်ပွဲ အနိုင်ရ အမတ်တွေပဲ။ ရွေးကောက်ပွဲ ဝင်ဖို့အတွက် မဲရဖို့ဆို ပြီးတော့ သူတို့နှစ်ဦးနယ်လှည့်ကြသည်။ ကျွန်တော် မှတ်မိသေးသည်။ နယ်လှည့် ကြသည့်အခါ ဗိုလ်တောက်ထိန်က လာတိုင်သည်မှာ ကျွန်တော့်ကို ညီလေး ဟုခေါ်သည်။ "ညီလေး၊ ဘယ်နယ် ဘယ်နယ်တွေမှာ သူ့ကို သခင်ကြည် ရှိန်က လာပြီးလုတယ်၊ အဲဒီမှာ တိုက်ပွဲဖြစ်တယ်၊ အချင်းချင်း တိုက်ရတာ မကောင်းဘူး၊ ညီလေးပြောဦး" ဟု ပြောသည်။ သခင်ကြည်ရှိန်ကလည်းပဲ "ညီလေး ကိုကြီးတောက်ကို ပြောဦး၊ ကိုကြီးတောက်ကလည်း ဘယ်လို



ဘယ်လိုလုပ်တာ" တစ်ယောက်တစ်ယောက် ပြောနေရင်းနှင့် သူတို့က အချင်းချင်း တိုက်နေကြသည်။ ဗိုလ်တောက်ထိန်၏တပ်နှင့် သခင်ကြည်ရှိန် ၏တပ်မတော် အမြဲတမ်း တိုက်နေကြသည်။ အချင်းချင်း ချနေကြသည်။ အနောက်ဘက်ခြမ်းမှာချည်းပဲ တပ်မတော်ရှိတဲ့အခြမ်းမှာ သူတို့တပ်မချ ဘူး။ ကျွန်တော်တို့၏ ဒီအရှေ့ဘက် ဆင်သေရွာဘက်မှာ အမြဲတမ်း သူတို့ က ခဏခဏ တိုက်နေကြသည်။ နယ်လှည့်ကြသည်။ **ကြောင်ရင်းနောင်ဘို** မှာနေကြသည်။ ဌာနချုပ်လုပ်ပြီး စစ်ဘုရင်လေးတွေလို နေကြသည်။ သူတို့ နယ်နှင့် သူတို့ကြား သိပ်ဆြောင်းသည်။ တကယ်လို့ သူတို့နယ်တွေမှာ တိုက်ဖို့ လိုအပ်ရင်လည်း ကျွန်တော်တို့က သူတို့ကို အကူအညီတောင်းရင် ပေးသည်။ လယ်ဝေးဘက် သွားအကူအညီ တောင်းရင်လည်း ပေးသည်။ ကွန်မြူနစ်တို့က ဇူလိုင် ၁၉ ရက်နေ့မတိုင်ခင် တစ်ရက်ခြား တစ်ရက်ခြား လေးရက်လာတိုက်သည်။ ဇူလိုင် ၁၉ ရက်နေ့ ထုနှင့်တိုက် မည့်နေ့ကြို၊ ၁၈ ရက်နေ့၊ ၁၇ ရက်နေ့၊ ၁၆ ရက်နေ့၊ ၁၅ ရက်နေ့။ ကွန်မြူနစ်တို့ မှာ ဘယ်သူကွပ်ကဲသည်လဲဆိုတော့ ဗမာပြည်ကွန်မြူနစ် တပ်နီ ဗိုလ်ချုပ်ရန် အောင် (ရဲဘော်သုံးကျိပ်) ပါပဲ။ သူက တောခိုသွားပြီးတော့ ကွန်မြူနစ် ဗဟို မှာ တပ်မှူးကြီးဖြစ်နေသည်။ ဗိုလ်ရန်အောင် ကွပ်ကဲပြီး တိုက်သည်။ ဘယ်လိုတိုက်သည်လဲဆိုတော့ သူက ကိုရီးယားစစ်ပွဲမှာ တိုက်တဲ့ ပုံသဏ္ဍာန် ပါပဲ။ မြောက်ကိုရီးယားကျတော့ တရုတ်၏ အပျော်တမ်းတပ်တွေပါလာ တော့ အားကောင်းသည်။ တပ်ကိုခွဲပြီးတော့ ရန်သူတပ်ကို ပင်ပန်းအောင် လုပ်ပြီးမှ နောက်ပိုင်းထုနှင့် တစ်ခါတည်း တိုက်သည့်စနစ် နည်းဗျူဟာသစ်။

ရန်သူကို ပင်ပန်းအောင်လုပ်ပြီးတော့ ရန်သူကို ရှိတဲ့ အင်အားနှင့် အမြဲတမ်း တိုက်နေသည့်စနစ်။ ရှေ့တပ်က တိုက်ပြီးတော့ ထွက်သွားသည်။ နောက်က တပ်အသစ်ဝင်လာသည်။ ဗကပတို့ လူများသည်ကိုး။ တပ်တွေ ဝင်လာတိုက် ပြန်ထွက်သွားလိုက် အလှည့်နှင့် နောက်ဆုံးကျမှ အားလုံး စုပြီးဝင်လာပြီးတော့ အပြုတ်တိုက်သည့်နည်းနှင့် တိုက်သည်ကိုး။

မြောက်ကိုရီးယားက တောင်ကိုရီးယားကို လူအုပ်နှင့် လူစုနှင့်တိုက် သည့်နည်းကို အတုယူထားသည်။ သတင်းကြားသည်။ ဗိုလ်ရန်အောင်က သူ့မှာ လူ ၁,၀၀၀ ကျော် ၁,၂၀၀ ကျော်ပါလာသည်။ အုန်းရှစ်ပင်၊

www.burmeseclassic.com

www.burmeseclassic.com



လယ်ဒါကြီး၊ လယ်ဒါလေးတို့ ဌာနချုပ်ရှိသောနေရာမှာ လူစုပြီးတော့ ပြင်ဆင်နေသည်။ ဗိုလ်သိန်းမောင်လည်း သွားပြီ။ မရှိဘူး။ ကျွန်တော်ပဲ သွားထိုင်ပေးရသည်။ တပ်မှူးကလည်း မရှိတော့ လယ်ဝေးမှာ ကျွန်တော်သွားထိုင်သည်။

လယ်ဝေး စစ်စခန်းကို ကျွန်တော် သွားထိုင်သည်။ ဗိုလ်သိမ်းမောင်က ခရီးသွားမယ်ဆိုတော့ သူ့တပ်မှာ အရာရှိမရှိဘူး။ မရှိတော့ "ငါလာခဲ့မယ်၊ မင်းတပ်ကို ကိုင်ပေးမယ်။ မင်းသွားချင်သွား" ပြောလိုက်သည်။ အမှန်က ကျွန်တော် တောင်းပန်ပါသေးသည်။ "ရန်သူနဲ့ တိုက်ခါနီးဖြစ်တယ်၊ မင်းမသွားပါနဲ့"၊ သူ့ကိစ္စကလည်းပဲ အိမ်ထောင်ပြုဖို့ ထင်ပါရဲ့။ သည်တော့ တားလို့မရဖြစ်ခဲ့သည်။

ဗိုလ်သိမ်းမောင်က အသက် ဘယ်ငယ်မလဲ၊ သူကကြီးပြီ။ သူအိမ်ထောင်ပြုမယ့် အမျိုးသမီးက မုဆိုးမ။ ဗိုလ်သန်းမောင်၏ဇနီး ဗိုလ်သန်းမောင်က ဆုံးသွားသည်။ ဗိုလ်သန်းမောင်ဆုံးသွားတာကလည်း မှိုစားပြီးတော့ အဆိပ်အတောက်ဖြစ် ဆုံးသွားတာ။

သည်တော့ ဗိုလ်သိမ်းမောင်က အဲသည်မုဆိုးမနှင့် ရန်ကုန်မှာ လက်ထပ်မည်။ နာမည်က မနှင်း။ ကျွန်တော်က တောင်းပန်သည်။ "ငါလည်းလာနေမယ်၊ မင်းနဲ့တွဲပြီးတော့ ရှိတဲ့အင်အားနဲ့ ခုခံဖို့" ဒီအချိန်အခါမှာ ကျွန်တော်ကလည်း ဖျားမနာက နည်းနည်းအခြေအနေပေးတော့ တပ်နည်းနည်းထပ်ကူ၊ ပါလာတဲ့တပ်ကလည်း ၃၀ လောက်ပါလာသည်။ ရောက်လာတော့ ပေါင်းနေသည်။

တပ်သားဦးရေ ၈၀ လောက်တော့ ရှိသည်။ ဗိုလ်သိမ်းမောင်က ကျွန်တော် တောင်းပန်နေရင်းက သွားမယ်ဆိုပြီး ကျွန်တော့်ကို သတင်းပို့ပြီး ထွက်သွားသည်။ ခွင့်ရသည်ဆိုပြီး ထွက်သွားသည်။ ကျွန်တော် သွားနေပေးမယ်ဆိုပြီး သွားနေပေးသည် ဇူလိုင်လ ၁၅ ရက်နေ့ည ရန်သူက စတိုက်သည်။ သူတို့မှာ အားလုံးရှိသော အင်အား ၁၂၀၀ ထဲက သူတို့က ၃ ပုံ ၁ ပုံ ခွဲလိုက်သည်။ ၁၀၀၀ မှာ ၃ ပုံခွဲလိုက် သည်ဆိုတော့ သူတို့အင်အားက တစ်ခါတိုက်လျှင် ၃၀၀နှင့် ၄၀၀ လောက် ပါသည်။ တိုက်သည်ဆိုတာကလည်း အဘက်ဘက်က ဝင်ပစ်သည်။ သူတို့ကလည်း



သည်တုန်းက လက်နက်ကောင်းသည်။ သူတို့မှာ ၂ လက်မ စိန်ပြောင်းရှိသည်။ ၃ လက်မ ရှိသည်။ စက်ကြီး စက်လေး ရှိသည်။

၁၉၄၈-၁၉၄၉ ခုနှစ်မှာ တည်ထောင်သော တပ်။ ၁၉၅၀ ပြည့်နှစ်မှာဆိုတော့ လက်နက်က သိပ်တောင့်နေပြီ။ ပြီးတော့ လူထုကလည်း တောရွာတွေမှာ သိပ်စည်းရုံးထားတော့ အားကလည်း ကောင်းနေသည်။

ရွာသားတွေကတော့ နောက်ပိုင်းကနေ လိုအပ်သော ရိက္ခာတို့ စားစရာသောက်စရာတို့ ထောက်ပံ့သည်။ ရန်သူက လက်နက်လည်း တောင့်သည်။ ရန်ပုံငွေလည်း တောင့်သည်။ နောက်ပြီးတော့ စားရေးသောက်ရေး ရိက္ခာလည်း တောင့်သည်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ စည်းရုံးထားနိုင်တာ ရှိသည်။ စနစ်တကျပဲ စည်းရုံးထား၍ ကျွန်တော်တို့ ရိက္ခာထောက်ပံ့မှု ရှိနေသည်။

ရန်သူက သူတို့ပါလာသော အင်အား ၃၀၀ သုံးစု ခွဲလိုက်သည်။ ပထမ ၁၀၀ မှာ ညအိပ်ခါနီး ၉ နာရီ၊ ၁၀ နာရီ၊ ၁၁ နာရီမှာ စတိုက်သည်။ တိုက်သည်ဆိုလျှင် ကျွန်တော်တို့ မအိပ်ရဘူး။ ဟိုနားမှာ ကျည်ဆန်ကျ၊ ဒီနားမှာ ကျည်ဆန်ကျ။ နောက်ပြီးတော့ ရှေ့တိုးလာပစ်တဲ့ကောင်ကပစ်၊ ကပ်လာသလားဆိုပြီ သတိနှင့်နေပြီး ခံပစ်ရ၊ မိုးလင်းခါနီးလောက်ကျတော့ သူတို့က ဆုတ်သွားသည်။ ဆုတ်သွားတော့ ကျွန်တော်တို့က ထွက်တိုက်သည်။ တိုက်တော့ သူတို့ ပြေးကြ၊ ရှောင်ကြ၊ ရှောင်ရင်းနှင့် ၁ မိုင်၊ ၂ မိုင်၊ ၃ မိုင်လောက်ထိ လိုက်သည်။ နောက်ပြီး ပြန်လာ သည်။ ပြန်လာပြီးတော့ ကျွန်တော်တို့က တပ်ဆိုတော့ တပ်လို လုပ်ရသည်။ ကျွန်တော်ဆိုလည်း ရိက္ခာစစ်ရ ကျည်ဆန်စစ်ဆေးရသည်။ မြောက်ပိုင်းတိုင်းက စစ်ဌာနချုပ်က အမိန့်ပေးထားတာက ကျည်ဆန်လိုရင် တောင်ငူမှာသွားယူ။ သည်တုန်းက ဗိုလ်မှူးကြီးတင်ဖေက တောင်ငူမှာ ဦးစီးမှူးကွန်မန်ဒါ။ သူက တောင်ငူကို သိမ်းပြီးပြီ။

ဗိုလ်မှူးကြီးတင်ဖေ (နောင် ဗိုလ်မှူးချုပ်)လည်း တိုက်ခိုက်ရေးအပ်တပ်ဖွဲ့က တပ်မှူး။ သူက ဟိုဘက်မှနေပြီး တိုက်လာသည်။ သူ့နောက်မှာ တပ်ရင်း ၂ ရင်း ၃ ရင်းတော့ ပါလာသည်။ ဖျဉ်းမနားကို ဗိုလ်မှူးကြီးထွန်းစိန်တို့က သိမ်းပြီးတော့ အားလုံး လယ်ဝေးနှင့်ရေနီ၊ တောင်ငူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်စပ်သည့် ရေနီအထိ သိမ်းပြီးတဲ့အချိန်မှာ ဟိုဘက်က တောင်ငူကိုလည်း ဗိုလ်မှူးကြီးတင်ဖေက သိမ်းပြီးနေပြီ။ သူကလည်း ရေတာရှည်တို့၊ ဆွာတို့ ရှင်းပြီးတော့မှ သာဝတ္တိ မရောက်ဘူး။ ရေနီနယ်စပ်ထားသည်။ အထက်ဗမာပြည်နှင့် အောက်ဗမာပြည် နယ်စပ်ရေနီရွာရှိသည်။ အခုလည်း ရှိသေးသည်။ ရေနီမှာ သူ့တပ်ရှိသည်။ သူတို့နှင့် ပြောထားတာက ရိက္ခာလိုချင်သည်၊ ကျည်ဆန်လိုချင်သည်ဆိုလျှင် မြောက်ပိုင်းတိုင်း မန္တလေးကို လာမယူနှင့်။ နီးသည့်နေရာမှာ ယူတော့ဆို၍ ကျွန်တော်တို့က ရိက္ခာတွေ၊ ဘာတွေ သွားထုတ်သည်။ နံနက်ဆိုလျှင် အုပ်ချုပ်ရေးရာ စီမံရေးရာက ရှိသေးတော့ သိပ်ပင်ပန်းသည်။ မနက်မိုးလင်းတာနှင့် တစ်ပြိုင်နက် အကုန်ထွက်ချက်၊ ကျည်ဆန်ထွက်၊ နောက်ပြီးတော့ ထိခိုက်တာ ဘယ်သူတွေရှိသလဲ စစ်ဆေးရသည်။

ထိခိုက်သည်က နည်းနည်းပဲရှိသည်။ မသေဘူး။ စစ်တိုက်တာပဲ နည်းနည်းပါးပါးတော့ ထိမှန်သည်။ ကျွန်တော်တို့လည်း **ဘန်ကာ**တွေ၊ မြောကျင်းတွေနှင့်ပဲ။ ဒါပေမယ့်လည်း သူတို့လည်း ပစ်အားက သိပ်ကောင်းတော့ အထိအရှ မကင်းဘူး။ သူတို့ကတော့ ကျရင်လည်း သယ်သွားမှာပဲ။ ကျွန်တော်တို့ မနက်လိုက်လှည့်တော့ သယ်သွားပြီ၊ မရှိတော့။ ဒီနေ့ ၁ ရက်ပြီးသွားသည်။ ပြီးတော့ ကျွန်တော်ကလည်း ထုံးစံအတိုင်း သွားပြီး ရိက္ခာတွေဘာတွေ ယူမယ်လုပ် စီမံပြီး မနားရ။ ဒုတိယ ညကျတော့ မှောင်စပျိုးပြီး ၈ နာရီ ၉ နာရီဆို တစ်ခါလာတာပဲ။ ရန်သူက ယခင်လိုပဲ သုံးစုခွဲသည်။ ခွဲပြီးတော့ ပထမ ၁ ဖွဲ့က ဝင်တိုက်သည်။

တိုက်ပြီးတော့ ၁၁ နာရီလောက်ကျတော့ ရှေ့တပ်က တိုက်နေတုန်းမှာ နောက်တပ်အသစ်က ဝင်လာသည်။ ၁၀၀၊ ၁၅၀ ရှိမည်။ ဝင်လာပြီးတော့ ပထမတပ်က ည၂ ၁ ချက်၊ ၂ ချက်အထိ တိုက်ပြီးတော့ ဆုတ်သွားပြီ။ နောက်အသစ်ဝင်လာတဲ့ ကောင်က ထပ်တိုက်နှင့် လင်းအားကြီးကျတော့ သူတို့ကလည်း အကုန်ဆုတ်သွားပြန်ရော၊ နောက် ကျွန်တော်တို့က ထွက်ပြီးတော့ ရှင်းရလင်းရပြန်ရော။ တပ်သားလေးတွေကလည်း တစ်ည၊ နှစ်ညတော့ ခံနိုင်ရည်ရှိသေးသည်။ တတိယနေ့မှာလည်း အလားတူပဲ ရှိသမျှအင်အားနှင့် ရန်သူက ဝင်လာပြန်သည်။



ကျွန်တော်တပ်သားတွေကို နေ့ပိုင်းမှာ အိပ်ခိုင်းရသည်။ ရဲဘော်တွေ အိပ်ကြသည်။ လုပ်ရင်းကိုင်ရင်းနှင့် မှိန်းကြတာတွေတော့ ရှိသည်။ ကျွန်တော်တို့ တာဝန်ရှိသည့်သူတွေက မမှိန်းနိုင်၊ နည်းနည်းပါးပါး နေ့ခင်းလေး မှေးခနဲပဲ၊ သတိက အမြဲထားနေရသည်။ နေ့များ ဝင်တိုက်မလား ဘာလား ကြည့်နေရသည်။ ရန်သူ့အင်အားက သိပ်ကောင်းနေတာကိုး။

ဇူလိုင် ၁၇ ရက်နေ့ညကျတော့ တစ်ခါ လာပြန်ရော ဒီလိုပဲ၊ ပထမလာတိုက်တဲ့ နှစ်ဖွဲ့ကတော့ အနားရနေပြီ။ တတိယတစ်စု ၁၂၀၀ ထဲက တစ်စု။ ၃၅၀၊ ၄၀၀ လောက်ပါသည်။ သူကလည်း ၃ စုခွဲပြီးတော့ ပထမတစ်စုက ၉ နာရီ၊ ၁၀ နာရီလောက်ကနေ ၁ ချက်၊ နောက်တစ်ဖွဲ့က ၁ ချက်၊ ၂ ချက်လောက်ကနေ အသစ်ဝင်သောတပ် ဆက်တိုက် မိုးလင်းမှ ပြန်သွား။ နောက် စတုတ္ထနေ့ ၁၈ ရက်နေ့ကျတော့ ဒီလိုပဲ လာပြန်ရော။ လာပြီးတိုက်တော့ ကျွန်တော်တို့တပ်က တော်တော့်ကို ပင်ပန်းနေပြီ။ အိပ်ရေးပျက်သည့်ကောင်လည်း ပျက်၊ ဒီတော့မှ ခုနတုန်းက ၁၈ ရက်နေ့ တိုက်သည့် ကောင်ကို အနားပေးပြီးတော့ အရင်ရက်က ၁၅၊ ၁၆၊ ၁၇ က ပေါင်းလာသော အင်အား ၁,၀၀၀ က စုပြီးတော့ ဝင်တိုက်သည်။ ဝင်တိုက်တော့ ဘယ်လိုဖြစ်သည်လဲဆိုတော့ ဒီညက အားနည်းသည့်ဘက် နေပြီးတော့ အတင်းဖောက်ဝင်လာသည်။ ဖောက်ဝင်လာပြီးတော့ အတင်းလုံးပြီးတော့ ဝင်တိုက်သည်။

ရန်သူဗကပတွေက တပ်မတော်စခန်းကို အပြီးသိမ်းဖို့ တိုက်သည်။ တိုက်တော့ ပစ်သည် ဆိုကတည်းက အပြင်းအထန် ပစ်သည်။ ကျွန်တော်တို့ ညာဘက်ခြမ်း ကျသွားသည်။ ကျသွားမှန်းသိသည်။ ဘာဖြစ်လို့လဲဆိုတော့ တပ်သားတွေက အော်ဟစ်ပြီး သူတို့ ဘန်ကာမြောကျင်းထဲက ထွက်ပြီးရေကန်ရှိသော ကျွန်တော်တို့ဘက်ကို ပြေးလာသည်။ ကျွန်တော့်ဆီပြေးလာတော့ ကျွန်တော်က 'မပြေးနဲ့ ရေကန်ရှိတယ်၊ ရှိတဲ့လက်နက်နဲ့ နေ၊ နည်းနည်းလေး အလင်းရောင်ပေါက်တာနဲ့ ပြန်ချမယ်'။ သူတို့ကို ရေကန်ဘေးမှာ အကုန်ထည့်ထားသည်။

တိုက်ပွဲဖြစ်နေသည်မှာ လယ်ဝေးမြို့ အနောက်ဘက်ခြမ်းဖြစ်သည်။ ယခု လယ်ဝေးမြို့ထဲ သွားသည့်အခါ အင်ပင်ဂိတ်ကနေ လယ်ဝေးကို

www.burmeseclassic.com

www.burmeseclassic.com



အဝင်၊ တောထဲကိုဝင်သွားသည့် ဘုရားလေးတစ်ဆူရှိသည်။ ဘုရားကုန်းလေး ယခုလည်း ရှိဦးမည်။ သည်တုန်းက ကျွန်တော်က တန်ပြန်၊ ပြန်ချရမည်။ မိုးနည်းနည်း လင်းတာနှင့်ချမည်။ အလင်းရောင် မြင်တာနှင့် ကျွန်တော်ကချမည်။ ကျွန်တော်က ခံပြီးတိုက်နေသည်။ နောက်တော့ အချိန်စောင့်၍ မဖြစ်ဘူး။ ကျွန်တော်တို့ ၃ လက်မ စိန်ပြောင်းက ဘယ်လိုပစ်ရသလဲဆိုတော့ အတွင်းထဲကျနေသဖြင့် အဝေးကြီးကို မရောက်။ အပေါ်ထောင်ပြီးတော့ သူတို့ ကြောက်အောင်ပဲ ပစ်ရသည်။ ပစ်သည့်ရဲဘော်ကလေးတွေလည်း မဆိုးပါဘူး တော်ပါသည်။ ဗိုလ်တင်မောင်တို့၊ ဆာဂျင်တင်မောင်တို့ ယခုတော့ သေကုန်ပါပြီ။ ကျွန်တော်တို့မှာ ၃ လက်မ စိန်ပြောင်းက ၂ လက်ရှိသည်။ ပထမတော့ ဝေးတုန်းတော့ လှမ်းကြည့်နေသည်။ ရန်သူတွေ အလယ်ထဲကို ဝင်လာသောအခါ ကျွန်တော်တို့နှင့် ဂိုက် ၁၀၀၊ ၁၅၀ လောက်ပဲ ကွာတော့သည်။ ဝင်လာရုံတင် မကသေး၊ သူတို့က ကျွန်တော်တို့ ရဲဘော်တွေအိပ်တဲ့ တန်းလျားကို အကုန်ဝင်စီးသွားသည်။ စစ်တန်းလျားလည်း ကျသွားပြီ။ ကျွန်တော်က သိသည်။ ဒီဘက်အခြမ်းနားမှာ ကွပ်ကဲနေတော့ စစ်တန်းလျား ကျသွားတာ သိသည်။ ကျွန်တော့်စိတ်ထဲမှာတော့ မခံချင်ဖြစ်သည်။ ကျွန်တော်တို့မှာ ဘရင်းကယ်ရီယာကား နှစ်စီးရှိသည်။ ရလာခါစတုန်းက အသစ်တွေပါပဲ။ ဘရင်းကယ်ရီယာကို ထောက်လှမ်းရေးကကောင်တွေက သိပ်ရှိုးပြသည်။ ဘယ်လိုပြလဲဆိုလျှင် ဘရင်းကယ်ရီယာကားနှစ်စီးကို ဈေးလယ်မောင်းသွား ဟိုမှာလှည့်ပြ ‘ဝီ’ ဆို မောင်းပြပြီးတော့ ချက်ချင်း ဆွဲလှည့်လိုက်လို့ရှိလျှင် လည်သွားသည်။ ကြွားတာပါပဲ။ ထောက်လှမ်းရေးက ရဲဘော်တွေ၊ အချို့ အင်မတန်ရှုံစရာကောင်းသည့် သူတွေအကြောင်း ကျွန်တော် ပြောပြဦးမည်။ ဒီလို မလုပ်နှင့်ဟု ပြောလို့ မရဘူး။ သူတို့က ဈေးဘက်ကလမ်းအတိုင်း အဝေးကြီး မောင်းသွား တစ်ပတ်လှည့်၊ ဘာလှည့်နှင့် ရှိုးပြကြသည်။ မလုပ်နှင့် အရေး အကြောင်းကျ ဒုက္ခများမယ်ပြောတော့ ဒီလိုလုပ်ပြတာ အားရှိသည် တဲ့။ ညကျတော့ **Bren carrier** ဘရင်းကယ်ရီယာနှစ်စီးထားသည့် စစ်တန်းလျားက ဒီဘရင်းကယ်ရီယာနှစ်စင်း ပါသွား၍ သူတို့လက်ထဲမှာ သူတို့ဒီကားကို အသုံးချလျှင် ကျွန်တော်တို့ကို ဒီကားနှင့်နင်းလျှင် အကုန်သေမှာပဲ ဒုက္ခများမည်။



ဘရင်းကယ်ရီယာကားက သံမဏိချိန်းကြိုးတင်ကား အသေးစား အပေါ်မှာ **ဘရင်းဂန်း**တင်ထားနိုင်သည်။ လက်နက်ငယ် တင်ထားသည်။ မောင်းလာသည်။ ဘရင်းကယ်ရီယာက ဘေးနှစ်ဖက် သံကာဘာရှိသည်။ ပြီးတော့ သူက တင့်ကားပုံစံ အသေးလေးပါ။ မြင်ဖူးပါလိမ့်မည်။ **ကင်းထောက်**ကား အသေးစားလေးပါပဲ။

တင့်ကားတော့ မဟုတ်ဘူး။ သူက အသေးစား လက်နက်တင်ကားကလေးပဲ။ ချိန်းကြိုးနှင့် မောင်းရသည်။ ထုံးစံအတိုင်းကတော့ ဒါကို ဘယ်နေရာမှာ သုံးရသလဲဆိုလျှင် ရန်သူနယ်ထဲမှာ ကင်းထောက်ဖို့တို့၊ ကိုယ့်ကိုဒဏ်ရာမရဘဲနှင့် ရန်သူနယ်ထဲမှာ ပစ်ခတ်ဖို့တို့၊ ကိုယ့်ဘက်ကလူတွေ ရန်သူနယ်ထဲမှာ ကျရင် ထိခိုက်ဒဏ်ရာရရင် သယ်ပြီးတော့ ထုတ်ဖို့တို့ ဒါအတွက် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ကို ပေးထားခြင်းဖြစ်သည်။

စစ်တန်းလျားနားမှာ ထားသည့်ရဲဘော်တွေက စစ်တန်းလျားကျသွားတော့ ဘရင်းကယ်ရီယာကားနှစ်စီး အဲ့ဒီမှာရှိနေသည်။ သူတို့ အော်သံကြားသည်။ နိုင်ပြီ၊ အောင်ပြီ၊ ရောင်နီသမ်းပြီ၊ ရောင်နီစစ်ဆင်ရေး အောင်ပြီ၊ အောင်ပြီဟု ရန်သူ ဗကပတွေ အော်သည်။ ကျွန်တော် တော်တော် ပူလူသွားပြီ။ ကျွန်တော်ဆုံးဖြတ်လိုက်သည်။

ကျွန်တော်နှင့် ရန်သူ့တပ်ကပ်နေပြီ။ ဟိုဘက် စစ်တန်းလျားကျသွားတော့ ဒီဘက်စစ်တန်းနှင့် ကပ်နေပြီ။ အလယ်ခေါင်မှာက ဘော်လီဘောပုတ်သော ကွင်းလေးရှိသည်။ ဟိုဘက်က ဘရင်းကယ်ရီယာချိန်းတင့်ကားရှိသောဘက်က အော်ဟစ်နေပြီဆိုတော့ သူတို့က စစ်တန်းလျားကို ရလိုက်သည်မှာ သူတို့နိုင်သွားပြီဟု အောက်မေ့နေသည်။ ရန်သူတပ်သား အကောင်တစ်ကောင်က ပြောသည်။ “ဟာ ဒီမှာ ချိန်းကြိုးကားကြီး” ဟု ပြောသည်။ ချိန်းကြားကြီးဆိုတာ ဘရင်းကယ်ရီယာတင့်ကားကို ပြောသည်။ “ဟေ့ အဲ့ဒီချိန်းကားကြီး မောင်းကွာ” ဟု တစ်ဦးက ပြောသည်။ ပြောတော့ ကျွန်တော်က သတိရသည်။ ချိန်းကြားမောင်းလို့ရှိလျှင် စက်နိုးသွားပြီး ဒုက္ခများသွားမည်။ ဒီတော့ ယခုအချိန် ပြန်တိုက်မှ ဖြစ်မည်။ ပြန်တိုက်မည်ဆိုပြီးတော့ ကန့်ထဲက ကောင်လေးတွေစု “ငါ ရှေ့က တိုက်မယ်” ပြောလိုက်ပြီးတော့ ကျွန်တော်ရှေ့က ထွက်ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နံနက် ၃ နာရီလောက်ရှိနေပြီ၊ မိုးလင်းခါနီးစောင့်လို့ မဖြစ်ဘူးဆိုလျှင် ပြန်တိုက်မှ ဖြစ်မည်။ ကျွန်တော် ဘာလုပ်သလဲဆိုတော့ ပြောပြမည်။ အနီးမှာ သစ်တုံးတွေရှိသည်။ ဖလီဖားတုံးတွေပါပဲ။ ကာကွယ် ရေးကျင်းလုပ်ထားသည်။ ဆင့်ထားသော သစ်သားတုံးတွေကို ကျွန်တော့် ဂျစ်ကားပေါ်မှာတင်သည်။ ကျွန်တော်ငှားထားသော ဂျစ်ကားရှေ့မှာ သစ်တုံးကို ကန့်လန့်တင် ဘေးနားမှာတင်ပြီးတော့မှ စက်သေနတ်ပစ်မယ့်ကောင်ကို ရှေ့ကတက် ကျွန်တော်က ဘေးကထိုင် နောက်မှာလည်း စက်သေနတ်နှင့် ပစ်လည်းပစ်၊ အတင်း ဘရင်းကယ်ရီယာရှိသော ရုံထဲဝင်၊ ကားပေါ်တက် ချက်ချင်းစက်နှိုး၊ ချက်ချင်းမောင်း ချက်ချင်း သူတို့ကို ခံချသည်။ ရန်သူကောင်တွေကလည်း ဘယ်လိုဖြစ်နေသလဲဆိုတော့ ချိန်းကားကြီးတော့ရှိပြီ။ နောက်ပြီးတော့ နှိုးတဲ့သော့ကို သူတို့ မသိဘူး။ နှိုးတဲ့သော့က လက်ကိုင်တွေ၊ အောက်ဘက်နားမှာ ခွက်ကလေး ရှိသည်။ ခွက်ကလေးကို လှန်လိုက်ပြီးတော့ အောက်ကနှိပ်လိုက်မှ စက်က နိုးသည်။ ဒီလိုဆိုတော့ သူတို့က အပေါ်မှာ နှိုးသောခလုတ် လိုက်ရှာနေသည်။ မတွေ့ဘူး "ဟော့ နှိုးလို့လည်း မရဘူး" တဲ့။

ဘရင်းကယ်ရီယာ မောင်းတတ်သည့် ရဲဘော်လည်း ထွက်ခိုင်းရာ ကျွန်တော့်ဆီ ရောက်လာသည်။ "ဒီကောင်တွေ သွား အတင်းတက်မောင်း" "ဟုတ်တယ်၊ မောင်းမယ်၊ ရန်သူနားကပ်ပြီး ခုန်တက်လို့ရရင် ဝင်ပြီးတော့ မောင်းမယ်" တဲ့။ ကျွန်တော်ရှေ့က ဝင်မည်။ အကုန်စီစဉ်ပြီးပြီ၊ ကျွန်တော်တို့ဘက်က တစ်ခါတည်း စီစဉ်ပြီးတာနှင့် ကျွန်တော် ကားနှင့်ဝင် ပစ်တာပဲ၊ သူတို့ကလည်း ပြန်ပစ်တာပဲ။ ပြန်ပစ်သည့်အခါ ကျွန်တော်တို့က သစ်တုံးကာကားဖြစ်၍ မမှန်ဘူး။

ဂျစ်ကားပေါ်မှာ သစ်တုံးကို စီတင်ထားသည်။ ရှေ့မှာ သစ်တုံးအတိုတွေ တင်ထားသည်။ ဘေးမှာက သစ်တုံးတွေကို ကျွန်တော်က ကန့်လန့်လုပ်ပြီး ကာကွယ်ထားသည်။ ရန်သူက ပစ်ရင်မမှန်အောင်။ ပြီးတော့ ကျွန်တော်က သစ်တုံးအပေါ်ကပဲ နည်းနည်းကလေးပဲ မြင်ရသည်။ ကျွန်တော်ရယ်၊ ကားမောင်းသည့် ရဲဘော်ရယ်၊ ဘရင်းကယ်ရီယာမောင်း နှစ်ယောက်ရယ်၊ နောက်က ရဲဘော်တွေက အဆင်သင့်နေသည်။ တကယ်လို့ ပစ်ကြလျှင်



သူတို့လည်း ချမည်လေ။ နောက်မှာ နည်းနည်းပါးပါး ပါလာသည်။ ကံအားလျော်စွာ အတင်းတက်၊ ကားပေါ်က်သူတို့ကို သတ်ပစ်၊ မောင်းချ၊ အတင်းတက်ရတော့ ကားက စက်နှိုးလိုက်တာ ချက်ချင်းနိုးသည်။ ကျွန်တော့်ကားက မောင်းဝင်သွားတော့ ခုနက ပြောခဲ့သော ဘော်လီဘောကွင်းလည်း လွန်ရော မီးထိုးလိုက်သည့်အခါ၊ ရန်သူတွေ ပြေးလွှားနေကြတာတွေ မြင်သည်။ မြင်တော့မှ ကျွန်တော်က ခုနက ဘရင်းကယ်ရီယာ တင်ထားသော နေရာကို အတင်းတိုးဝင်လိုက်သည်။ ဘရင်းကယ်ရီယာ ကားကိုလည်း ဦးတိုက်ပြီးရော ကားပေါ်က ရန်သူတစ်ဦးက အတင်းခုန်ဆင်း၊ ကျွန်တော့် နောက်ကပါလာသော ရဲဘော်တွေက ၄၊ ၅၊ ၁၀ ယောက်က ဘရင်းကယ်ရီယာကားပေါ်ကို အတင်းခုန်တက်၏။ ကားပေါ်မှာ ရှိသည့် ရန်သူတွေကို သတ်ပြီး ဆွဲထုတ်။ ဒီမှာ လုံးလုံးထွေးထွေး ဖြစ်နေကြသည်။

ရန်သူတွေက တစ်ခါတည်း လန့်ပြီးထွက်ပြေးစဉ် ဘရင်းကယ်ရီယာ ကားမောင်းမယ့်ကောင်က ကားအထဲကို ခုန်ဝင်သည်။ ဟိုဘက်တစ်စင်း၊ ဒီဘက်တစ်စင်း ပြန်ရသွားရော။ ကားတွေ ပြန်ရသွားတော့ ကျွန်တော်တို့ကောင်တွေက စက်နှိုးတော့ နိုးသွားသည်။ စက်လည်း နိုးသွားရော ကျွန်တော်တို့ နောက်ကပါလာတဲ့ ကောင်တွေက ကားပေါ်တက်သည်။ ကားပေါ်ကို တက်လည်းပြီးရော ချိန်းတင်သံဘီးတွေနှင့် နင်း၊ ရန်သူကိုဝင်ဖြိုပြီ။ နောက်က ဂျစ်ကားကလည်း မီးရောင်ထိုး ဘရင်းကယ်ရီယာကားကလည်း မီးရောင်ထိုး ချတာ၊ ချချ ချပြီးတော့ စစ်တန်းလျားကြီးတစ်ခုလုံးကို ကျွန်တော်တို့ ပြန်သိမ်းသည်။ ပြီးတော့ သူတို့ လွန်သွားတဲ့အခါ လိုက်တိုက်သည်။ ကျွန်တော်တို့ စခန်းထဲမှာ ရှိသေးသော ရန်သူကောင်ကို လိုက်တိုက် လိုက်နင်း နံနက် ၄ နာရီလောက်ကျတော့ တော်တော်လေး ခရီးရောက်သွားရော။ ကျွန်တော်တို့ နိုင်လိုက်ပြီလေ တပ်စခန်းပြန်သိမ်းလိုက်ပြီ။

ဘရင်းကယ်ရီယာတင်ချိန်းကားကို မထိခိုက်ဘူး။ သူတို့ပစ်လို့မှ မရတာ၊ အကုန်လန့်ဖျပ်ပြီး ပြေးပြီလေ။ ကျွန်တော့်ကို ဒီတိုက်ပွဲအောင်မြင်အောင် စွမ်းဆောင်တိုက်ခိုက်နိုင်သဖြင့် **သူရဲကောင်း မှတ်တမ်းဝင်** ဘွဲ့ချီး

www.burmeseclassic.com

www.burmeseclassic.com



မြှင့်ခံရသည်။ ဒီမှာ တစ်ခါတည်း ပစ်လည်းပစ်၊ ကားနှင့် အတင်းနင်းတာ မိုးလည်းလင်းရော။ လောကမှာ စိတ်ပျက်စရာ အကောင်းဆုံးကလေ ဟိုတုန်းကတော့ စစ်သားမို့လို့သာပဲ။ သွေးနံ့ဟာ ညှီနေတာပဲ၊ ဘယ်လောက်သေတယ်ဆိုတာ မှန်းကြည့်တော့။ ရန်သူ့သွေးနံ့က မနက်လည်း မိုးလင်းရော ဘုရားဘေးနားမှာ ဗကပအလောင်း ၆၀ လောက် အတုံးအရုံး သေနေသည်။ ဟိုတုန်းကတော့ နိုင်တာတော့ နိုင်ပါသည်။ နောက်ပြန်စဉ်းစားကြည့်လိုက်သည့်အခါကျတော့ ဒီလို သေကြတာ။ ဘရင်းကယ်ရီယာကားကလည်း ပစ်၊ တက်လည်းနင်း၊ သူတို့ကလည်း တစ်ခါတည်း အပြေး ကျွန်တော်တို့ကလည်း နောက်ကလိုက်တိုက်၊ လိုက်နင်း။ ကားချိန်းဘီးကြိတ်မိသော ရန်သူလည်း ကြိတ်မိ၊ သူတို့ မနက်မိုးလင်းခါနီးလောက်ကျတော့ မိုးလင်းပြီဆိုပြီး ပြန်လာကြသေးသည်။ ဘုရားကုန်းဘေးနားမှာ အလောင်းတွေ သေနေတာ ကြည့်မကောင်းပါ။ စိတ်ထဲမှာ နိုင်တော့ နိုင်တာပဲ။ ဒါပေမယ့် မြင်နေရသော မြင်ကွင်းကြီးက အနိဋ္ဌာရုံ။ ရန်သူတွေ ပြို လာတုန်းက ကန်ထဲမှာထားသည့် တချို့ရဲဘော်တွေကလည်းပဲ လယ်ဝေးမြို့ထဲ ရောက်သွားပြီးတော့ တချို့က လယ်ဝေးမှာ အိမ်တွေပေါ် တက်ကြသည်။

ကျွန်တော်တို့ဘက်လည်း ထိသည်။ ကျဆုံးတာက နှစ်ယောက်၊ သုံးယောက်လောက်ရှိသည်။ သိပ်ကံကောင်းသည်။ ဒီလောက်သေတာ။ အသေနည်းသည်။ ဇူလိုင် ၁၉ ရက်နေ့ မနက်လင်းတော့ ရန်သူအလောင်းကို အများကြီးပဲ။ ဒီနေ့က စပြီးတော့ ဗမာပြည်ကွန်မြူနစ်ပါတီက ဆုံးဖြတ်လိုက်သည်။ **ရဲဘော်သုံးကျိပ် ဗိုလ်ရန်အောင်လည်း ရာထူးကျသွားသည်။ ဗိုလ်ရန်အောင်ကို တပ်မှူးကြီး တာဝန် ရုပ်သိမ်းလိုက်သည်။ သူတို့ နောက်ဆုံး ဒီမှာ ရှုံးလိုက်သည်က တပ်ခွဲတစ်ခွဲ နေရာကိုတောင် တိုက်မရလျှင် သူတို့ တရုတ်ပြည်က မော်စီတုန်း စစ်ရေးဆဝေါ်ဖန်ပြီးတော့ ရေရှည်စစ်ပွဲလုပ်သည်။ နှစ်နှစ်အတွင်း စစ်အောင်နိုင်ရေးမူကို ဖျက်လိုက်ပြီးတော့ ရေရှည်စစ်ပွဲ ဆင်နွှဲမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ မနိုင်တော့ဘူးဆိုတာ သူတို့သိသွားပြီလေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဆုတ်ခဲ့ရသည့်အထဲမှာ အားလုံးရှိသမျှ အင်အားတွေနှင့်တိုက်ပြီး ရှုံးရသည်။ လယ်ဝေးဆိုတာ လယ်ဝေးကာစ သူတို့ ထတဲ့။ မူလ သူတို့နေရာပဲ။**



ဒီတုန်းက ကျွန်တော့်တပ်ခွဲမှာ အလွန်ဆုံးရှိလျှင် ၆၀၊ ၇၀ လောက်ပဲ ရှိမည်။ ဘုရားကုန်းမှာ ဝင်လာသည့် ဗကပတွေ ပထမနိုင်သည်။ ဒါပေမယ့်လို့ ထိန်းဖို့ကျတော့ သူတို့ မတတ်နိုင်ဘူး။ အဓိပ္ပာယ်ကတော့ စစ်ရေး ကျွမ်းကျင်မှုလိုသေးသည်။ ဘာဖြစ်လို့ဆိုတော့ ဘရင်းကယ်ရီယာကား ပညာရပ် သူတို့မသိဘူး။ နောက်ပြီး သူတို့ ရောက်နေသောနေရာကို ပြန်ပြီး ထိန်းချုပ်ရန် မလုပ်နိုင်။ သူတို့ နိုင်လိုက်ပြီဆိုပြီးတော့ အော်ဟစ်ပြီး ကြွေးကြော်နေတာပဲ ရှိသည်။ ရှေ့ဆက်လုပ်ရမည် အစီအစဉ် ရှင်းလင်းရေးကို သူတို့ မလုပ်ဘူး။ ထပ်မံပြီး တိုးချဲ့ပြီး ရှင်းလိုက်ရင် ကျွန်တော်တို့ အတော်ခံရမည်။ ဒါကိုလည်း ကျွန်တော်က အခွင့်အရေး ပေးလို့မဖြစ်ဘူး။ နံနက်မိုးလင်းမှတိုက်ရင် ဒီအခွင့်အရေး သူ ရသွားမည်။ ပြီးတော့ ဘရင်းကယ်ရီယာ နှစ်စီးကလည်း ရန်သူ့လက်ထဲမှာ။ ဒီတော့ ချက်ချင်း ဆုံးဖြတ်လိုက်သည်။ သန်းခေါင်ကျော်ချိန်မှာ မီးနှင့် ထိုးတိုက်မည်ဆိုပြီးတော့ ကားမီးနှင့်၊ ကားမီးဆိုတာ ဂျစ်ကားနှင့် ထိုးလိုက်ပြီးတော့မှ တစ်ခါတည်း အတင်းဖွတ်ဝင်ပြီး ပစ်သည်။ သူတို့လည်းပစ်၊ ကျွန်တော်လည်းပစ်၊ သူတို့လည်းပစ်၊ ကျွန်တော်လည်းပစ်။ တစ်ခါတည်း ပစ်ပြီးတော့မှ နောက်က ကားပေါ်မှာ ပါလာတဲ့ ရဲဘော်တွေကို ကျွန်တော်မှတ်မိသေးသည်။ "ဟေ့ကောင် ကားပေါ်တက် ဟိုဘက် ခုန်တက်"လို့ ဆိုတော့ "တက်လို့မရဘူး" ပြောသည်။ တက်ဆိုပြီးတော့မှ နောက်က ရဲဘော်တစ်ယောက်က ခုန်တက်ပြီးတော့မှ ဘရင်းဂယ်ရီယာကား သိမ်းသည်။ သိမ်းပြီးတော့မှ အပေါ်က ဗကပနှစ်ယောက်ကို ဆွဲထုတ်ပြီး ဘရင်းကယ်ရီယာကို နှိုးခိုင်းရသည်။ ပြီးသွားသည်။ ၁၉၅၀ ဇူလိုင် ၁၉ ရက်နေ့ တိုက်ပွဲပြီးသွားတော့ နောက် ကျည်ဆန်လည်း တော်တော်ကုန်သည်။ ပြန်ပြီးတော့လည်း တပ်ကို ဖွဲ့စည်းပုံ လုပ်ဖို့လိုသည်။

ရန်သူတပ်သားအလောင်းကို ရေတွက်လို့ပင်ရသည်။ ဟိုတစ်လောင်း ဒီတစ်လောင်းနှင့် ရန်သူကလည်း အလောင်းမကောက်နိုင်တော့ဘူး။ ထွက်ပြေးတော့ အလောင်းတွေ ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့တပ်ကို ပြန်ပြီးတော့ စုစည်းရန် ပျဉ်းမနားပြန်လာသည်။ ကျွန်တော်က သိလိုက်ပြီ၊ ဒီပွဲမှာ နောက်ဆုံးထုနှင့်တိုက်တာ မရရင်တော့ သူတို့ထပ်ပြီး မတိုက်နိုင်တော့ဘူး။ မူအရ ကျွန်တော်တို့က ကိုယ့်နယ်မြေထိန်းဖို့ တိုက်သည်ထက် ကွန်မြူနစ်ဌာန

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကို ဖြိုရမည်။ တောထဲက သူတို့ဌာနချုပ်ကို ဖြိုသည်အထိဆိုသော မူချလိုက်သည်။ သူတို့ကလည်း နှစ်နှစ်အတွင်း စစ်အောင်နိုင်ရေးမှသည် ရေရှည်တိုက်စစ် ဆုံးဖြတ်ချက်ချသည်ဟု သိရသည်။ ဆုံးဖြတ်ချက်ချပြီး ချက်ချင်း မတက်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပျဉ်းမနား၏ အနောက်ဘက် တောင်တွင်းကြီးမြို့အနီး တောင်ညိုတောရှိသည်။ တောင်ညို တော၏ **ဘုရားတောင်ပိုတက်**မှာ **"နေကြာစခန်း"** ဆိုပြီးတော့ ဌာနချုပ် လုပ်ထားသည်။

ဒီဘက်က **ဘုရားတောင်ပိုတက်** ဟိုဘက်ကို ဆင်းသွားလို့ရှိရင် တောင်တွင်းကြီးဘက်ဖြစ်သည်။ **ဘုရားတောင်ပိုတက်** ဆိုတာကလည်း တောင်တွင်းကြီး နယ်စပ်ပဲ။ သူတို့က ဌာနချုပ်ကြီး ပြန်လုပ်သည်။ ကျွန် တော်တို့ သည်တိုက်ပွဲအောင်သွားပြီး အခြေအနေက ကောင်းသွားသည်။ နောက်ရွေးကောက်ပွဲ လုပ်ရသည်။ ၁၉၅၂ ခုနှစ် ထင်သည်။ ၁၉၅၀ ပြည့်နှင့် ၅၂ ခုနှစ်ကြား ပျဉ်းမနားမှာ ကျွန်တော်က တပ်ရင်းမှူးတာဝန်နှင့် ၂ နှစ်တာဝန်ယူရသည်။ ယာယီတပ်ရင်းမှူးကနေ တပ်ရင်းမှူး မဖြစ်သေး။ မေဂျာရာထူးနှင့်ပင် စစ်ဆင်ရေး လုပ်နေရသည်။ တရုတ်ဖြူတိုက်ပွဲ ၁၉၅၄ ခုနှစ်ကျတော့မှ ဗိုလ်မှူးကြီးဖြစ်မယ် ... (ဗိုလ်မှူးကြီးကျတော့မှပါ)။ မေဂျာကနေ လက်ဖတင်နင်ကာနယ် ဖြစ်ဖို့ကို အကြာကြီးနေရသည်။

❐

# အခန်း (၂၅)

## ရဲဘော်သုံးကျိပ် ဗိုလ်တောက်ထိန်နှင့် ဖဆပလ သခင်ကြည်ရှိန်တိုက်ပွဲ

၁၉၅၀ ပြည့်နှစ် မေဂျာရာထူးတာဝန်ထမ်းရတော့ ၅၂၊ ၅၃၊ ၅၄ သုံးနှစ်လောက်ရှိမည်။ သည်အချိန်မှာ စစ်ဆင်ရေး အခြေအနေက တော်တော် လေး ကောင်းသွားပြီ။ ၁၉၅၁ ခုနှစ်မှာ တော်တော်လေး ကောင်းသွားပြီ။ ကောင်းသည်ဆိုတာကတော့ ခရီးလမ်း အတော်ကလေး ချောမွေ့လာသည်။ သို့သော် အထက်နှင့်အောက်မြန်မာပြည် အဆက်အသွယ် မကောင်း သေးဘူး။ မန္တလေးနှင့် ရန်ကုန် ကားလမ်းကတော့ ဖြူးသွားပြီ၊ ကားလမ်းက တော့ သွားလို့လာလို့ရန် အန္တရာယ်ကင်းသည်။ သွားနိုင်ပြီ၊ လာနိုင်ပြီ၊ သိပ်အနှောင့်အယှက် မရှိတော့။ ရထားလမ်းက သွားလို့ မရသေး။ ရထား လမ်းတွေပေါ်မှာ သစ်ပင်ကြီးတွေပေါက် သစ်တုံးကြီးတွေလဲကျ။ နှစ်နှစ်၊ သုံးနှစ်လုံးလုံး ဘာမှရထားလမ်း ခရီးမသွားနိုင်ခဲ့။

မီးရထားလမ်းကို ပစ်ထားရသည်။ ရထားလမ်းမှာ မီးရထားသံလမ်း တွေ ဖြုတ်ခွာသွားကြသည်။ သံတွေ ဖြုတ်သွားတာ၊ သံလမ်းတွေ ရွှေ့သွား တာ၊ သံလမ်းတွေ မရှိတာ၊ ဇလီဖားတုံးပဲ ကျန်ခဲ့သည်။ လမ်းချိုးတိုင်တွေ ကျန်ခဲ့သည်။ လမ်းချိုးမှာတော့ သစ်ပင်ကြီးတွေပေါက်ပြီး တောဖြစ်နေ သည်။ သည်တွင် ဘယ်လိုဖြစ်သလဲဆိုတော့ ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲ မတိုင်ခင်ဖြစ်သည့်ကိစ္စ ပြောပြဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမနားနယ်တစ်ဝိုက်မှာ ရဲဘော်သုံးကျိပ် ဗိုလ်တောက်ထိန်နှင့် သခင်ကြည်ရှိန်တို့က တော်တော်ဆိုးသည်။ နယ်မြေစစ်ဘုရင်တွေ ဖြစ်နေကြသည်။ စစ်ဘုရင်ဆိုသည်မှာ ဟိုဘက်က မိတ္ထီလာက ဆရာထီလည်းပါသည်။ နောက်ပြီးတော့မှ တပ်ကုန်းက ဗိုလ်သီဟ။ ဗိုလ်သီဟ တော်သည်။ ဗိုလ်သီဟက စစ်ဝန်ထမ်းတပ်မှူး။

စစ်ဝန်ထမ်းတပ်ရင်းကနေ နယ်မြေစစ်ဘုရင်ဖြစ်လာတော့၊ သူက ထိန်းထိန်းသိမ်းသိမ်းလေးနှင့် ဆောင်ရွက်တတ်သည်။ ဗိုလ်သီဟ ဦးဆောင်သော တပ်ကုန်းက သိပ်လည်း ပြဿနာမရှိဘူး။ တော်တော်လေး အေးဆေးသည့် သဘောရှိသည်။ ပျဉ်းမနားဘက်မှာ သူ့ဟာနှင့်သူ ထိန်းသိမ်းနိုင်တဲ့ သဘောရှိသည်။ ပျဉ်းမနားမှာ ဗိုလ်တောက်ထိန်၊ ဗိုလ်ကြီးတောက်၊ လယ်ဝေးမှာ သခင်ကြည်ရှိန် အောက်ဘက်ဆင်းပြီး သာဝတ္ထိရောက်လို့ရှိလျှင် သခင်အောင်ကြီးဆိုတာရှိသည်။ သာဝတ္ထိက သခင်အောင်ကြီးလည်း ကွယ်လွန်ပါပြီ။ ဟိုတုန်းက ဆိုရိုးစကားတစ်ခုရှိသည်။

"အရပ်ဝတ်နဲ့ စစ်ခါးပတ်ပတ် အောင်ကြီးယန္တရားတပ်"

"ဟိုးဆို တစ်ခါရပ် ဂိတ်ကြေး နှစ်ကျပ်ဖြတ်" တဲ့ဗျ။

ဗိုလ်မှူးချုပ်အောင်ကြီး မဟုတ်သည့် တခြားအောင်ကြီးတစ်ဦး။ သူက တီဗီရောဂါဖြစ်ပြီး ဆုံးသွားသည်။ အကုန်လုံး လမ်းနှင့်ဒေသလုံခြုံရေးက သူတို့ယူထားသည်။ သူတို့က သူတို့၏ ဘဏ္ဍာငွေကြေးအတွက် ဂိတ်ကြေးက ဖြတ်တာ ၂ကျပ်။ ထိုအချိန်က ၂ ကျပ်ဆိုသောငွေ နည်းတာ မဟုတ်ဘူး။ သခင်အောင်ကြီးက သာဝတ္ထိသား၊ သခင်ကြည်ရှိန်၏ ဆရာရင်း အောင်ကြီး ယန္တရားတပ်။

သခင်အောင်ကြီး ကွယ်လွန်သွားပြီးတော့မှ သခင်ကြည်ရှိန်က သခင်အောင်ကြီးနေရာကိုယူဖို့ လုကြသည်။ နယ်လုသည်။ ဘယ်လိုဖြစ်သလဲဆို တစ်နေ့ကျတော့ ဗိုလ်ကြည်ရှိန်က ကျွန်တော့်ဆီ ပြေးလာသည်။

"ညီလေး ညီလေး၊ အစ်ကိုကြီးရဲ့တပ်ထဲက လူ ၁၀၀ ကျော်လောက် တောခိုသွားတယ်"ဟု ပြောသည်။

"ဟာ အခုလိုအချိန်ကြီးမှာ တောခိုရအောင် ဘာအကြောင်းလဲ"

"အေး ငါလည်း မပြောတတ်ဘူး။ သူတို့ တပ်ထဲ ဝါဒဆွဲပါလာ



လို့ ဝင်လာပြီးတော့ ကွန်မြူနစ်အယောင် ဘာယောင်ယောင် ပါလာတဲ့ ကောင်တွေနောက်ကို ပါသွားတယ်ထင်တယ်"

"ဟာ ဒီလိုဆိုရင်တော့ ပြဿနာပဲ ဘယ်ကိုသွားလဲဗျာ"

"ဒီလိုပဲ တောထဲကိုသွားကြပြီ"

"ဒီလိုဆိုရင် ခင်ဗျားရှိတဲ့ အင်အားနဲ့ ခင်ဗျားလိုက်တိုက်ပေါ့"

"ဒီလူတွေ ပြန်ပြီးတော့ ဝင်လာအောင် လုပ်ပါမယ်၊ ကြိုးစားပါ့မယ်"

ရွေးကောက်ပွဲကျင်းပမည့် ထိုနှစ် ၁၉၅၂ ခုနှစ် မိုးရာသီကုန်ချိန် သူတို့က တောခိုသွားခြင်းဖြစ်သည်။ တောခိုရအောင်လည်း နီးနီးနားနားမှာ ဘာရန်သူမှလည်း မရှိ၊ သူပြောချင်တာက ကွန်မြူနစ်တချို့ သူ့တပ်ထဲဝင်လာပြီးတော့ လူတွေစည်းရုံးခေါ်သည်။ ကျွန်တော်က သည်ဖြစ်ရပ် အထက်ကို အစီရင်ခံလိုက်သည်။ အထက်ကတော့ "မယုံဘူး မင်း သတိထားပြီး စောင့်ကြည့်ပါ၊ ဒါဟာ ရိုးရိုးသားသားတော့ မဟုတ်ဘူး" ဟု အကြောင်းပြန်သည်။ ဗိုလ်တောက်ထိန်ပြောသည်။ "သခင်ကြည်ရှိန်ဟာ အကြံအဖန် လုပ်တာဗျ" တဲ့။ ကျွန်တော်ကလည်း သိပ်မယုံဘူး။ နိုင်ငံရေးအားဖြင့်လည်း သိပ်တော့ မယုံလှပါ။ သခင်ကြည်ရှိန်ကိုပါ။ **အေလာ**နှင့် သာဝတ္ထိကြားက ကုန်းကြောလေးရှိသည်။ ထိုကုန်းဆိုလား နာမည်တော့ မမှတ်မိ။ မီးရထား ဘူတာရုံရှိသည်။ ကားလမ်းက သည်နားကျတော့ တောင်နှင့် အကွေ့အကောက်။ ရထားလမ်းကတော့ အဖြောင့်။

**အေလာ**နှင့် သာဝတ္ထိကြားက မီးရထားကို သောင်းကျန်းသူ တစ်စုက မားပြဝင်တိုက်ပြီးတော့ လုသည်။ သောင်းကျန်းသူတွေ ဝင်တိုက်သည်။ ရထားက ပျဉ်းမနား-ရန်ကုန် လော်ကယ်ရထား၊ ရန်ကုန်ဝင်ပြီးရင် ပျဉ်းမနား ပြန်ပဲ။ ရထားလမ်းက မန္တလေးကို မပေါက်သေး။ ပျဉ်းမနားက ဂိတ်ဆုံးပဲ။ဟိုဘက်ကိုကူးရင် ကားနှင့်ကူးပြီး ငှက်သိုက်ဘူတာကျတော့ ရထားက ဟိုဘက်မှာရှိသည်။ ငှက်သိုက်ဘူတာကနေ မန္တလေးသွားမည်။ ငှက်သိုက်ရွာက ဘူတာရှိသည်။

ငှက်သိုက်နှင့် ပျဉ်းမနား လယ်ဝေးကြားကတော့ ပျဉ်းမနားဆိုပါတော့ ပျဉ်းမနားမှာ ပြတ်နေသည်။ ရထားလမ်း သွားလို့မရဘူး။ သည်အချိန်

www.burmeseclassic.com

www.burmeseclassic.com



ရထားဝင်စီးသည်။ ရထားဝင်စီးပြီးတော့ မားပြတိုက်သည်။ ကွန်မြူနစ်လူတွေက ဝင်စီးသလား၊ ဘာလားတော့ မသိ။ ဖြစ်နိုင်တာကတော့ သခင်ကြည်ရှိန်လူတွေပဲ သောနားမှာ သူတို့ပဲရှိသည်။ သခင်ကြည်ရှိန်ကတော့ သူ့လူတွေ မဟုတ်ဘူးဟု ငြင်းသည်။

ဗိုလ်တောက်ထိန်က သည်လိုပြောသည်။ ဗိုလ်တောက်ထိန်က နဝိုမူလကတည်းက "သခင်ကြည်ရှိန် ရွေးကောက်ပွဲအတွက် ညစ်ပတ်လိမ့်မည်၊ မဲကိစ္စနှင့်ပတ်သက်လို့ ညစ်ပတ်သည်၊ ညီလေး သတိထားပါ"ဟု ပြောသည်။ ဒီကြားထဲမှာလည်း မှတ်မိသေးသည်။ တစ်ယောက်နှင့် တစ်ယောက် ပစ်ကြသည့်အခါကျတော့ ကျွန်တော်က မနေနိုင်ဘူး။ မနေနိုင်တော့ ကျွန်တော်က အထက်ကို အစီရင်ခံသည်။ "ဒီ နှစ်ယောက်တော့ ပြောလို့မရဘူး၊ ခင်ဗျားတို့ ပြောကြဦး"ဆိုတော့ ဟိုက စာပြန်လာသည်။ ကျွန်တော်က စစ်ရုံးကို စာရေးလိုက်တော့ စာပြန်လာသည်။ နှစ်ယောက်စလုံးကို ဆော်ပစ်လိုက်။

"မင်းစိတ်ကြိုက် လုပ်၊ မင်းတပ်မှူးပဲကွာ၊ နှစ်ယောက်စလုံးကို ဆော်ပစ်လိုက်"၊ ဒါကြောင့် ကျွန်တော်ပြောလိုက်သည်။ "ခင်ဗျားတို့ ပစ်ကြခတ်ကြရင် ခင်ဗျားတို့ ပစ်တဲ့နေရာကို ရန်သူဝင်တယ်ဆိုပြီး ကျွန်တော် ဆော်မယ်" သည်လိုပြောထားသည်။ "ဟောဒီမှာ အမိန့်ရှိတယ်နော်" ဟု အထက်က အမိန့်စာကို ပြလိုက်သည်။

ဗိုလ်တောက်ထိန်နှင့် သခင်ကြည်ရှိန်တို့က တိုက်ကြသည်။ အချင်းချင်း လစ်ရင် လစ်သလို ချကြသည်။ သည်တော့ နောက်ဆို သေနတ်သံကြားရင် ၃ လက်မ စိန်ပြောင်းနှင့်ပစ်သည်။ သေနတ်သံ ကြားသောနေရာကို ပစ်သည်။ ကျွန်တော်က အနည်းဆုံး ၁၀ လုံး၊ ၁၅ လုံးတော့ ပစ်ထည့်လိုက်သည်။ စိန်ပြောင်းနှစ်လက်ယူသွားပြီး ပစ်ထည့်လိုက်သည်။ ပစ်တော့ ငြိမ်သွားသည်။ နောက်တော့ မဖြစ်တော့ဘူး။ နောက်တော့ သူတို့သည်လို မဖြစ်ကြတော့ဘူး။ သူတို့ကို ပစ်ပြီဆိုရင် ကြားသည့်နေရာ ကျွန်တော်က အကုန်ပစ်သည်။ "သွား၊ ကားပေါ်တက်၊ ပစ်လိုက် သေနတ်သံကြားနေသည့်ဘက်ကို ရန်သူဝင်တယ်ဆိုပြီး ချပစ်လိုက်ကွာ"ဟု တပ်လွှတ်ပေးလိုက်သည်။ သည်လို ဆော်လိုက်၍ နောက်တော့ ငြိမ်သွားသည်။ ငြိမ်သွားပြီး



ခုနကပြောသလို တောခိုမားပြဖြစ်ပြီးတော့ တစ်လလောက်၊ တစ်လခွဲလောက်အကြာမှာ ရထားဝင်စီးကြသည်။ **အလော**နဲ့ သာဝတ္ထိကြားမှာ သာဝတ္ထိက မောင်းလာပြီး **အလော**ကို ဝင်တော့၊ အဲ့ဒီ **အလော**ဘူတာကို မရောက်ခင် ထိန်ကုန်းရွာဟု ထင်သည်။ ရထားလမ်းကတော့ အဖြောင့်၊ ဒါပေမယ့် သောကုန်းနားမှာက ကားလမ်းက အကွေ့အကောက်တွေနှင့် တောင်ကြော။ သည်တောင်ကြောကနေ ဆင်းပြီးသူတို့က တိုက်ရော။ အခုလည်း ရထားလမ်း ယခင်အတိုင်းပါပဲ။ သည်လို ဆင်းတိုက်သည့်အခါ ရထားခရီးသည်တွေထံက ပစ္စည်းတွေ လုယူသွားကြသည်။

ခရီးသည်တွေကို မထိဘူး။ ခရီးသည်တွေကို ဘာမှ မလုပ်ဘူး။ ပစ္စည်းတွေပဲ ယူသွားသည်။ ရထားကို ရပ်ခိုင်းသည်။ နောက်ပြီးတော့ မိုင်းခွဲလိုက်သည်။ မိုင်းက ရထားကို မထိဘူး။ ရထားရပ်သွားသည်။ ရထားရပ်သွားတဲ့အခါကျမှ ရထားပေါ် မားပြတွေတက်လာပြီး ခရီးသည်တွေ ပါသော ပစ္စည်းတွေကို စုခိုင်းပြီးတော့ ယူသည်။ သည်လိုလုကြပြီး နှစ်ရက်လောက်ကြာတော့ ရဲစခန်းကို စာပို့လာသည်။ **အလော**က မားပြ အတိုက်ခံရသော မိန်းမကြီးက ရထားပေါ်မှာသူ့နားကပ်ကို ချွတ်ပေးနေတုန်းမှာ မော့ကြည့်လိုက်တော့ မားပြက သခင်ကြည်ရှိန်တပ်ထဲက လူလို့ သူထင်သည်။ လူတစ်ယောက်ကို သူသိသည်။ နာမည်နှင့်ပါ ပြောသည်။ သခင်ကြည်ရှိန်ကို မမေးသေးဘူး။ ကျွန်တော်ကလည်း အဲသည်က 'အဒေါ်ကြီးကို ခေါ်တွေ့ပြီး သေချာသိလို့လား' မေးတော့ 'သိတယ် ကျွန်မ သေချာသိပါတယ်'ဟု ပြောသည်။

ကျွန်တော့်ကို တိုင်သည်။ သည်ဖြစ်ရပ်ကို အထက်အကြောင်းကြားတော့ အထက်က "ကောင်းပြီ၊ ဒီကောင်တွေနှင့် ပတ်သက်တာ အားလုံး တရားဥပဒေအရ အတောက်အထားရှာလိုက်" ဟု အမိန့်လာသည်။ ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲ လုပ်ခါနီးကျတော့ သခင်ကြည်ရှိန်က လာသည်။ "ညီလေး အစ်ကိုကြီး ကြိုးစားလို့ တောခိုတဲ့ ဒီကောင်တွေ အမြင်မှန်ပြီးတော့ အလင်းဝင်မယ်" လို့ပြောတယ်။ သူတို့ကို စည်းရုံးပြီးပြီ၊ ဘယ်နေ့တော့ ဝင်မယ်ပြောသည်။ "ဟာ ဝမ်းသာတာပေါ့၊ တကယ် ဝမ်းသာတယ်" အလင်းဝင်ကြမယ်ဆိုတော့ ဝမ်းသာသည်။ သခင်ကြည်ရှိန်က

www.burmeseclassic.com

www.burmeseclassic.com



လူလည်ပါပဲ။ အလင်းဝင်သူတွေကို ပန်းကုံးစွပ်ရန် လယ်ဝေးမြို့အပြင်နား မှာ စင်ထိုးပြီးတော့ လုပ်ထားသည်။

ကြိုဆိုပွဲဆိုပြီးတော့ ကြောင်ရေနောင်ဘိုရွာက သူခေါ်ထားသော ကောင်မလေးတွေ ပန်းကုံးတွေ စွပ်ကြသည်။ သည်လိုလုပ်တာကို အထက် က ပြန်ပြောတာ "ဖမ်းလိုက်တဲ့" ကျွန်တော်ကသွားပြောသည်။ "လက် နက်နဲ့ အလင်းဝင်လာမယ်လို့ ပြောတယ်" ဆိုတော့ "လက်နက် သိမ်း လိုက်" တဲ့။ လက်နက်သိမ်းပြီးတော့ တရားဥပဒေနှင့်အညီ လုပ်လိုက်တဲ့။ ဒါနှင့် ကျွန်တော်က သူတို့လက်နက်သိမ်းပြီး လက်နက်ရလာသည်။

သာဝတ္ထိတပ်ခွဲမှူး ဗိုလ်ခင်ငြိမ်းကို ကျွန်တော်က တိုးတိုးလေးပြော သည်။ "သာဝတ္ထိမှာဖြစ်တဲ့အတွက် လယ်ဝေးမှာကျတော့ မင်းတပ်ရယ်၊ ငါ့လူတပ်စု တစ်စုကို ရွေးထား၊ အဲ့ဒီနေ့ လက်နက်ချတဲ့အချိန်မှာ တို့ကအပြင် ဘက်က အားပေးတဲ့အနေနဲ့ နေမယ်၊ သူတို့ မိန့်ခွန်းပြောခိုင်းတဲ့အခါမှာ ငါမိန့်ခွန်းပြောမယ်၊ မိန့်ခွန်းပြောပြီးတော့မှ အစီအစဉ်က ဒီလိုလုပ်" သခင် ကြည်ရှိန်ပြောသည်မှာ ဒီလက်နက်တွေ အပ်ပြီးလျှင် သူတို့ဟာ မျိုက်မဲ့တဲ့ သူတော့ ဆုံးမပြီးပြီ။ သူတို့ ပြောက်ကျားတပ်ကိုတော့ အရင်အတိုင်း ပြန်ပြီး တော့ ဖွဲ့စည်းပါရစေဆိုသည်။ ကျွန်တော်က "အေး ကောင်းသားပဲ၊ ပြန်ဖွဲ့စည်းပေါ့၊ သို့သော် အခမ်းအနား ဖြစ်သွားအောင် လက်နက်ကိုတော့ ပေးအပ်တာ လုပ်ရမယ်၊ ပြီးတော့ လက်နက်တွေကို စင်ပေါ်မှာ စီပြီးတော့ ထောင်ထားမယ်၊ ခင်ဗျားတို့ကို ဘေးကနေပြီးတော့ မိန့်ခွန်းစကားပြောမယ်၊ ပန်းကုံးတွေ စွပ်မယ်" ကျွန်တော်က ဗိုလ်ခင်ငြိမ်းကို ပြောထားသည်။ "ငါ မိန့်ခွန်းပြောလို့ ပြီးဆုံးတာနဲ့ မင်းတို့တပ်က ဝင်ပြီးတော့ လက်နက်တွေ အကုန်လုံး ကားပေါ်တင်၊ မင်းတို့ တပ်ကိုသွား၊ နောက် ကျန်တဲ့လူတွေထဲက တို့အခု စာရင်းပေါက်နေတာ ရှိတယ်၊ ကျန်တဲ့လူ အကုန်လုံး အချုပ် အနှောင်ဖွဲ့ပြီး ခဏထည့်ထား၊ ပြီးရင် တို့အကုန် ရဲနဲ့စစ်ပြီးတော့မှ တကယ့် အစစ်အမှန် အပြစ်ကျူးလွန်သူကို တို့ယူထားမယ်၊ ပြစ်မှုမှာ မပါတဲ့ကောင် တွေကို အကုန်ပြန်ပြီးတော့ လွှတ်လိုက်မယ်" ဆိုပြီး စီစဉ်လိုက်သည်။ ရဲကိုလည်း မပြောသေးဘူး။ ကျွန်တော်က ကျွန်တော်ရယ် တပ်ခွဲမှူးရယ်လုပ် တာပဲ။ ရဲဘော်တွေကို ဘာပြောထားသလဲဆိုတော့ "ဒီမှာ အလင်းဝင်



အခမ်းအနား ကျင်းပမယ်၊ ပြီးတဲ့အခါ မင်းတို့အကုန်လုံး စစ်ဝတ်စစ်စားနဲ့ လာရမယ်၊ လက်နက် ခဲယမ်းမီးကျောက် အပြည့်အစုံနဲ့ လာမယ်၊ ဘေးမှာ အန္တရာယ်ရှိနိုင်တဲ့အတွက် လုံခြုံရေးကိုတော့ မင်းတို့တာဝန်ယူရမယ်၊ အခမ်း အနားပြီးတဲ့ အခါကျတော့ မင်းတို့ ငါ့အမိန့်အတိုင်း ဆောင်ရွက်ရမယ်"

ကျွန်တော်က သည့်ထက်ပိုပြီး ဘာမှမပြောဘူး။ တပ်ခွဲမှူး ဗိုလ်ခင် ငြိမ်းကိုတော့ ပြောပြီးပြီ။ ပထမဦးဆုံးတော့ သခင်ကြည်ရှိန်က ဟောမည်။ သခင်ကြည်ရှိန် ဟောပြီးတော့ ကျွန်တော်က ဟောရသည်။ ကျွန်တော် ဟောပြီးလျှင် ခုနက အလင်းဝင်သော ခေါင်းဆောင်က သူ့မှားကြောင်း ဝန်ခံပြီးတော့ ပြည်သူအတွက် တိုင်းပြည်တာဝန် ထမ်းဆောင်မည်။ ဝန်ချ တောင်းပန်စကား ပြောမည်။ အခမ်းအနားပြီးလျှင် အခမ်းအနား ရုပ်သိမ်းပြီး တော့ ပြည်သူလူထု၏ လုံခြုံရေးအရ **ကြောင်ရေနောင်ဘို** ဒေသမှာ အရင် ကြောင်ရေနောင်ဘိုအတိုင်းပဲ ပြန်ပြီးတော့ တာဝန်ပေးမည်။

သခင်ကြည်ရှိန်၏ အစီအစဉ်က သည်လို။ ကျွန်တော့်အစီအစဉ်က တခြား။ ကျွန်တော့် အစီအစဉ်ကို သခင်ကြည်ရှိန် မသိဘူး။ သည်လိုနှင့် ဝင်လာတော့ စာရင်းက လူ ၁၀၀ ရှိသည်။ ဝင်လာတော့ လူ ၇၀ လောက်ပဲ ရှိသည်။ သူတို့ပြောတော့ ဖျားလို့၊ နာလို့၊ တခြားသွားလို့ ဘာလို့အကြောင်းပြသ၍ လက်နက်တွေကတော့ အရင် ယူသွားသော လက် နက်တွေလည်း ပါသည်။ အဟောင်းအနွမ်းတွေလည်း ပါသည်။ သူတို့ တပ်ဖွဲ့ဝင်လာတော့ လက်ခုပ်တွေတီးပြီး ညှို့ပရိသတ်က ကြိုကြသည်။ ကျွန်တော်တို့လည်း လက်ခုပ်တွေတီးပြီး ကြိုကြသည်။

အလင်းဝင်သူတွေကို မိန်းမပျိုကလေးတွေက ပန်းကုံးစွပ်ကြသည်။ အလင်းဝင်ရောက်လာသည့်အတွက် ကြိုဆိုသည်။ အမြင်မှန်ရ၍ ကြိုဆို သည်။ အခမ်းအနားက တော်တော်ကြီးကြီးကျယ်ကျယ် အကျွေးအမွေးနှင့် လုပ်ထားသည်။ အကျွေးအမွေးစခန်းအထိ မရောက်နိုင်ဘူး။ သည်လိုနှင့် ကျွန်တော်ကလည်း ထုံးစံအတိုင်း ဟော၊ သခင်ကြည်ရှိန်ကလည်း ဟော သည်။ မင်းတို့ အမြင်မှန်ရလို့ ဝမ်းသာကြောင်း၊ ကျွန်တော်ကလည်း ဟော သည်။ "သခင်ကြည်ရှိန်ပြောသလို ပြည်သူ့ဆန္ဒအရ မင်းတို့ကို ပြန်တာဝန် ပေးမယ်၊ ဒါနှင့် ပတ်သက်လို့ မင်းတို့ အေးအေးချမ်းချမ်းနေပေါ့" ပြော

www.burmeseclassic.com

www.burmeseclassic.com



လည်းပြီးရော ကျွန်တော်က အချက်လည်းပြလိုက်သည်။ ထိုအချိန်မှာ တပ်က အကုန်လုံး ဝင်ပြီးတော့ လက်နက်တွေ သိမ်းလိုက်သည်။

လက်နက်တွေ သိမ်းလိုက်ပြီးပြီ။ နောက်ပြီးတော့ ကျန်သောကောင်လေးတွေ အကုန်လုံးကိုလည်း ဖမ်းသည်။ လက်နက်နှင့် အလင်းဝင်သည့်ကောင်တွေ အကုန်လုံးကို ဖမ်း ကားပေါ်တင်ပြီး တစ်ခါတည်း ပျဉ်းမနားကို သွားသည်။ သခင်ကြည်ရှိန်က "မင်း ဘာလုပ်တာလဲ၊ ဘာလဲ" ဆိုတော့ "ဟောဒီမှာ မြင်လား၊ ပါလီမန်လွှတ်တော် နိုင်ငံရေး လုံခြုံရေးကောင်စီ အမိန့်" တစ်ခုပြောရဦးမည်။ နိုင်ငံရေးအရ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှာ သြဇာအကြီးဆုံး၊ အာဏာ အထက်ဆုံးက ကာကွယ်ရေးဌာန စစ်ရုံးကောင်စီ လုံခြုံရေးကောင်စီပဲ ဖြစ်သည်။

ကျွန်တော်တို့ အထက်မှာ အမှုဆောင်ကော်မတီ၊ အမှုဆောင်အဖွဲ့ ထိုင်သည်။ ယင်းအဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ် မဟုတ်။ သူက ပြည်သူလူထု၏ စိုးမိုးမှုဆိုသည့်အတွက် Security of the defense နှင့် Parliamentary seartany က အစိကဖြစ်သည်။ သည်အဖွဲ့က အာဏာရှိသည်။ ပါလီမန်ကတော့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်သည်။ သို့သော် အုပ်ချုပ်ရေးမှာတော့ Security of defense က သြဇာအရှိဆုံး၊ သူက အတွင်းဝန်ရုံးကို တာဝန်ခံရသည်။ အတွင်းဝန်ရုံးက ကတ်ဘီနက်ကို တာဝန်ခိုင်းမည်။ အရမ်းလုပ်လို့မရဘူး။ ယခုအမိန့်ကို ကျွန်တော်တို့က Parliamentary of security က ရလာသည်။ အမိန့်ထုတ်သူကို မှတ်မိသည်။ ကာကွယ်ရေး ဝန်ကြီးဌာန ပါလီမန်အတွင်းဝန် သခင်ချစ်မောင် (မြန်အောင်)။

သခင်ချစ်မောင် အမိန့်စာကိုပြရာ သခင်ကြည်ရှိန် ငိုင်သွားသည်။ ငိုင်သွားတော့ သူ့ဟာသူ လူကြီးနှင့် ရှင်းမည်။ ကျွန်တော်ပြောလိုက်သည်။ "ကိုကြီးရှိန် ခင်ဗျား ရှင်းစရာရှိတာ လူကြီးနဲ့ရှင်း၊ လွှတ်ပေးဆိုရင်တော့ ကျွန်တော် လွှတ်ပေးမယ်၊ မလွှတ်နဲ့ဆို မလွှတ်ဘူး၊ သို့သော် အမှုအခင်းကတော့ ဒီလို ပြဿနာရှိတယ်၊ စစ်ဆေးခံရမယ်" သူက "ဟုတ်ပါတယ်၊ ဒီလိုအမှုကတော့ ဒီလိုရှိမှာပဲ၊ ဒါအရေးယူပါ" တဲ့။ ဖမ်းလာတုန်းက အကုန်နီးပါးပဲ၊ ဘယ်သိမလဲ အကုန်ခေါ်လာရသည်။ သူတို့ကိုလည်း နားလည်အောင်ပြောထားသည်။ "တကယ်လုပ်တဲ့သူက တစ်ယောက်၊ နှစ်ယောက်



ပဲ ပါသည်၊ မင်းတို့နဲ့ မဆိုင်ဘူး၊ ကောင်းကောင်းမွန်မွန် ထားမယ်" ဆိုပြီး ကောင်းကောင်းမွန်မွန် ထားပေးသည်။ သို့သော် စစ်ဆေးသည့်အခါတော့ စစ်ဆေးသောလူကိုတော့ မှန်မှန်မေးပြီးတော့ စစ်ဖို့လုပ်သည်။ ကျန်သည့်လူကိုတော့ သူ့အာမခံနှင့် သူ့ဟာသူ လွှတ်လိုက်သည်။

သည်တုန်းက စားပြမှုနှင့် ပတ်သက်ပြီး ဖမ်းသည်မှာ ကျွန်တော်ထင်သည်။ ၄၀၊ ၅၀ လောက် ရှိသည်။ အပြစ်ဒဏ်ကျသည်။ နှစ်ယောက်ထောင်ကျသည်။ မီးရထားပေါ် တက်လုတာ၊ အပြစ်ဒဏ်ခံကြရသည်။ သခင်ကြည်ရှိန်လည်း လက်နက်မှု အပါအဝင် အမှုပေါင်းစုံဖြင့် တရားရုံးရောက်သည်။ ထောင်ဒဏ် ၁၄ နှစ် ကျခံရသည်။ ထောင်ကလွတ်ပြီး မကြာမီ ကွယ်လွန်သွားရှာသည်။

နိုင်ငံရေး ပြစ်မှုတွေများစွာဖြင့် သခင်ကြည်ရှိန် ထောင် ၁၄ နှစ်ကျသည်။ ဖဆပလခေတ် အစိုးရလက်ထက်မှာ ဖြစ်သည်။ နောက်ထောင်ကလွတ်လာ၍ သခင်ကြည်ရှိန်နှင့် ကျွန်တော် ကျိုက်ဝိုင်းဘုရားမှာ တွေ့တော့ "ညီလေး ငါလွတ်လာပြီ" တဲ့။ ပြောရှာသည်။ လွတ်လာပြီဆိုတာ တော်လှန်ရေးကောင်စီခေတ် ရောက်နေပြီ။ စိတ်မကောင်းစရာပါပဲ။ မကြာခင် နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားသည်ဟု ကြားသိရသည်။

သခင်ကြည်ရှိန်နှင့် ကျိုက်ဝိုင်းဘုရားမှာ တွေ့ကြစဉ်က ကျွန်တော်က တပ်ရင်းမှူး၊ တပ်ရင်းမှူးဆိုတော့ တော်လှန်ရေးကောင်စီခေတ် ရောက်နေပြီ။ ကျိုက်ဝိုင်းဘုရားမှာ တပ်က အလှူရှိလို့ သွားရင်းနှင့် သူပါအလှူကို ရောက်လာသည်။ ရောက်တော့ "ညီလေး ငါလွတ်လာပြီ" တဲ့။ ကျွန်တော်က "ကိုကြီးရှိန် လွတ်လာပြီလား" ဆိုတော့ "ငါနိုင်ငံရေးလုပ်မယ်" ပြောသေးသည်။

သခင်ကြည်ရှိန်တို့အမှုက ဘာကိုပြသလဲဆိုတော့ လက်နက်ကိုင်အဖွဲ့အစည်းအပေါ်မှာ ပြည်သူလူထု အစိုးရဟာ တကယ့်ကို တိတိကျကျ ဥပဒေ စိုးမိုးနေသည်ဆိုတာပင်။ ကျွန်တော်တို့တပ်က ဘာမှလုပ်ချင်တိုင်း လုပ်လို့မရပါ။ ကျွန်တော် ပြောပြဦးမည်။ ယာဉ်စီးတာကိုက ကျွန်တော်တို့ တပ်ထဲမှာ အပိုယာဉ်မရှိပါဘူး။ တပ်က စစ်ဆင်ရေးလည်း ရှိသည်။ ယာဉ်ကို သုံးရသည်။ ယာဉ်မရှိလျှင် ယာဉ်ကို ကျွန်တော်တို့က ငှားရသည်။ ယာဉ်ငှားရန်တပ်မှာ ဥပဒေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**Commdeer act** ဟုခေါ်သည်။ ယာဉ်ငှားနိုင်သော ဥပဒေရှိသည်။ သို့သော် ယာဉ်ငှားနိုင်သော ဥပဒေကို စစ်တပ်က ဒီလို ဆွဲချင်တိုင်း ချောဆွဲ မဟုတ်ဘူး။ ယာဉ်ငှားရမ်းရန် ဥပဒေလုပ်နည်း လုပ်ဟန်ရှိသည်။ ကိုယ်က ချောသွားဆွဲလို့ မရဘူး။ နယ်အုပ်ချုပ်ရေးကို တပ်က လိုအပ်တာ တောင်းရမည်။ နယ်အုပ်ချုပ်ရေးက သူ့အစီအစဉ်နှင့် ပေးတာဖြစ်ရမည်။ သို့သော် တပ်က အာမခံရမှာကတော့ ယာဉ်ငှားရမ်းတာ ဥပဒေနှင့်အညီဖြစ်ကြောင်း လက်မှတ်ထိုးရမည်။ အဓိပ္ပာယ်ကတော့ ဒီလိုပေးသော ယာဉ်ငှားခ အခကြေးငွေသည် အရပ်ဒေသနှင့် ကိုက်ညီပြီး သင့်တော်မျှတသော အခကြေးငွေဖြစ်သည်ဆိုတာကို ကျွန်တော်တို့ အာမခံရသည်။ ယာဉ်ငှား အာမခံရသည်။

ကားပိုင်ရှင် လိုက်လာသည်ဆိုတော့ "မင်းခေါ်လာတယ်၊ ကားခ ဘယ်လောက်နဲ့ ခေါ်လာသလဲ" ဆိုတော့ "မဟုတ်ဘူး၊ ကျွန်တော်တို့ကို ခရိုင်ဝန်က ယာဉ်ငှားချင်တယ်ဆိုလို့ ပေးလိုက်တယ်" ဆိုသည့် အကြောင်း ယာဉ်ငှားသူပုံစံမှာကိုက သူနှင့် ထိုက်တန်သောလစာကို စာချုပ်ချုပ်ပေါ်မှာ အခကြေးငွေ တစ်နေ့ကိုမည်မျှ ဥပမာ- ကားငှားခ ကျပ် ၅၀၊ ယာဉ်မောင်းအတွက် တစ်နေ့ကို ၁၅ ကျပ်၊ ကျွန်တော်တို့က မာတ်ဆီထည့်ရသည်။ စားရေးကိစ္စ သူ့ဘာသူ လာရမည်။ သူ့ဟာသူ စားဆိုပေမယ့် ရဲဘော်တွေနှင့်အတူတူ စားရသည်။ ကားကြီးဆိုလျှင် ယာဉ်မောင်းခ ကျပ် ၂၀။ ပျဉ်းမနားမှာ ကျွန်တော်တို့က ငှားပြီးလို့ ငွေပေးသောအခါမှာ ငှားလို့ ရှိလျှင်လည်း ၇ ရက်၊ ၁၀ ရက် ဒီလို သေချာငှားရသည်။ ကျွန်တော်တို့က ၁၀ ရက် ကျော်သွားလို့ရှိလျှင် မရဘူး။ သူတို့ကလည်း ကား အစည်းအရုံးကလည်း ရှိသည်။ မိတ္ထီလာ-ပျဉ်းမနား ကားအစည်းအရုံး မေမြို့-မန္တလေး ကားအစည်းအရုံး ရှိသည်။ ဘယ်ကပဲ ပေးပေး၊ အစည်းအရုံးက မန္တလေးက ပေးလိုက်သည့်ငွေကို ပေးလိုက်သည်နှင့် ဒါကို တရားမျှတပါသည်ဆိုတာကို စာပေးရသည်။ ပေးတော့မှ သူက ကားငှားသည်။ တစ်ခုတော့ရှိသည်။ လမ်းမှာသွားရင်းနှင့် ခရိုင်ရုံးရှိ၍ ကားကို ဆွဲလိုက်လျှင်လည်း ဥပဒေက ပြန်ပြီးတော့ သူတို့ကို ပြေလည်အောင် လုပ်ပေးရသည်။

ဟိုတုန်းက သည်ယာဉ်ငှားစနစ်၊ ဥပဒေ ဘယ်မှာစပျက်သည်လဲ



ဆိုတော့ နောက်ပိုင်းအစိုးရခေတ် ၁၉၅၈ မှာ။ သည်အကြောင်း နောက်ပိုင်းမှာ ပြောမည်။ ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲမှာ သခင်ကြည်ရှိန် ဝင်ပြိုင်သေးသည်။ ဝင်ပြိုင်သည်။ နိုင်သည်။ ဗိုလ်တောက် ထိန်လည်း နိုင်သည်။ သူ့နယ်နှင့်သူ တော်တော်စိုးမိုးသည်။ စစ်ဆင်ရေး ပြောရဦးမည်။ သည်အချိန်က တပ်မတော်စိတ်ဓာတ် စစ်ဆင်ရေး psychology of war affair ဆိုတာ အဲဒီအချိန်တုန်းက ဖွဲ့ပြီ။ တပ်မတော်ကပဲ psychology of war affair ဖွဲ့သည်မှာ နိုင်ငံရေးပါတီက အကြံဉာဏ်နှင့် ဖွဲ့သည်။ သည်တုန်းက psychology of war မှာ ဘယ်သူတွေ ပါလာပြီလဲဆိုတော့ ဦးစောဦးတို့၊ နောက်ပြီးတော့ ဓမ္မကဘာသန်း ဗိုလ်မှူးကြီး ဘသန်းပါလာပြီ။ နောက်ပြီးတော့ ဦးဘသိုက်။ ဦးစောဦးကတော့ နိုင်ငံရေးသမားတွေနှင့် တော်တော်ခင်သည်။ ပြီးတော့ သူကိုယ်တိုင်ကလည်းပဲ စစ်သားမဟုတ်။ တစ်ခုရှိသည်။ ဂျပန်ခေတ်တပ်မတော် နောက် ဖက်ဆစ်တော်လှန်ရေးမှာ စစ်သားဖြစ်ခဲ့ဖူးသည်။

ဦးစောဦးတို့က တပ်နှင့် ခင်ခင်မင်မင်ပဲ။ သူတို့ ပါလာသည်။ သူတို့က Psychology of war affair ပဲ။ ဒါပေမယ့် အပေါ်မှာ ကျွန်တော်တို့ စစ်ဆင်ရေးကို ဦးစီးသူ ဝန်ကြီးသခင်သာခင်၊ နောက် ဒုတိယဦးစီးတာက သခင်စံမြင့်။ သခင်ချစ်မောင် (မြန်အောင်) သူက တော်တော်ဝါရင့်နေပြီ၊ ကာကွယ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်မှာပဲနေသည်။ သူက နောက်ဆုံး ကျွန်တော်တို့ စစ်တပ်အာဏာသိမ်းသည်အထိ သခင်သာခင်က ကာကွယ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်ဖြစ်ခဲ့သည်။

သခင်ချစ်မောင်က နောက်ပြန်ကြားရေးဝန်ကြီး။ သခင်ချစ်မောင် (မြန်အောင်)၊ ပြီးတော့ ကာကွယ်ရေးဝန်ကြီး သခင်သာခင်။ နောက်ပိုင်းမှ ဘာလုပ်ရ သလဲဆိုတော့ ရထားလမ်းအထက်နှင့်အောက် ပေါက်အောင် လုပ်ရမည်။ကျွန်တော်တို့က **ကျည်တောင်ကန့်** တက်ရသည်။ ပျဉ်းမနားနှင့် ရမည်းသင်း သွားသည့်အခါမှာ **ကျည်တောင်ကန့်**မြို့ရှိသည်။ **ကျည်တောင်ကန့်**ကို တက်ရသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

## ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် နေကြာစခန်းတိုက်ပွဲ

ကျည်ထောင်ကန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပတွေလည်း ရှိသည်။ ဗကပလာလျှင် လုပ်ပေး၊ တပ်မတော်လာလျှင် တပ်ကို လုပ်ပေး၊ နောက်ပြီး ရေဆင်းကလည်း အလားတူပဲ။ ယခု စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်နေသည့် ရေဆင်းကလည်း ဗကပရှိသည်။ ဝင်လိုက်ထွက်လိုက်။ ရေဆင်းမှာ တောင် ပြောစရာရှိသေးသည်။ ရေဆင်းတံတား ရှိသည်။ ဒီမှာ ရှိနေသော လူတွေက သနားဖို့ကောင်းသည်။ ညကျလို့ရှိလျှင် ဗကပအမိန့်နှင့် သူတို့က တံတားချိုးပေးရသည်။ မနက်သွားလို့ မရအောင် ရွာသားတွေလည်း လိမ္မာ သည်။ ကန့်ထရိုက်နဲ့ပေါင်းပြီးတော့ သူတို့က ညချိုးဆိုလို့ရှိလျှင် တံတား လေးကို တဲတဲပဲ ကျိုးအောင် လုပ်ထားလိုက်သည်။

မနက်မိုးလင်းသည့်အခါကျတော့ ကျွန်တော်တို့တပ်က သွားမယ် ဆို လျှင် "ဟေ့ကောင် တံတားပြန်ပြင်၊ တံတား တို့သွားဖို့လုပ်တာ မင်း ဘာလို့ချိုးတာလဲ" ဆိုတော့ "ဟုတ်ကဲ့ ဗိုလ်ကြီး" ဆိုပြီးတော့မှ ကန့် ထရိုက်ကို ပြောလိုက်လျှင် ကန့်ထရိုက်ကသွား ဒီကောင်တွေနှင့်ပဲ ပြန်ပြင်၊ ပြင်တာကလည်းပဲ တဲတဲလေး သွားလို့ရအောင်ပဲ၊ ညဖျက်ဖို့ကျရင် တဲတဲ လေးဖျက်၊ သည်လို လုပ်စားနေတာ ရေဆင်းက။ ရေဆင်းက ဟိုဘုန်းက တော်တော့်ကို ကွန်မြူနစ် ထုကြီးသောနေရာ ရေဆင်းနန်းအောက ကျွန်တော် တို့ သွားတိုင်း တိုက်ရသည်။ နောက်ပိုင်းကျတော့ ဒုတိယနှစ်မှာ မတိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေ။ ပထမ နှစ်ကတော့ ရေဆင်း**နန်းအောင**က သွားတိုင်း တိုက်ရသည်။ တိုက်တော့ တောထဲတိုက်ရသည့်အတိုင်းပါပဲ။ တိုက်ပွဲမှာ ကျွန်တော် ဒဏ်ရာရသည်။ ပေါင်မှာ ဒဏ်ရာရသည်။ ပေါင်မှာ ဒဏ်ရာရတာကို ဘယ်သူ့မှ မပြောဘူး၊ ကျွန်တော် ဆက်တိုက်သည်။

**ကျည်တောင်ကန်**တိုက်ပွဲမှာ ဒဏ်ရာရသည်။ **ကျည်တောင်ကန်**မှာ ဝင်တိုက်သည့်အခါကျတော့ ရန်သူက ဆုတ်သွားပြီ။ ဆုတ်သွားတော့ လိုက်ပြီးတော့ ရှင်းရသည်။ ကျွန်တော်တို့လည်း တပ်ခွဲနှစ်ခွဲလောက် ပါသည်။ အင်အား ၃၀၀ လောက်တော့ ပါသည်။ ကွန်မြူနစ်တွေ ထိန်းထားသည့် အတွက် သူတို့ စိုးမိုးထားသောနေရာကို တိုက်ရသည်။ သူတို့က ရံဖန်ရံခါ လာတော့ မြို့က ကြောက်နေပြီ။ သည်တော့ တပ်ကသိမ်းပြီးတော့ ကင်းချထားလိုက်ရသည်။

နေ့လယ်လောက်မှာ တိုက်ပွဲတွင် ကျွန်တော့်ဒဏ်ရာသည် အေးဆေး တိုက်လို့ပြီးပြီ၊ ပြီးတော့မှ နေရာယူရင်းနဲ့ တောင်စောင်းဘေးနားမှာ ရှိသည့်နေရာကို ဝင်တိုက်တော့ ကျွန်တော် လိုက်သွားသည်။ ရုတ်တရက် ကျည်ဆန်မှန်မှန်းသိတော့ မှောက်လျက် လဲသွားသည်။ ငါ မှန်သွားပြီဆိုပြီး ကြည့်တော့ သူတို့ကျည်ဆန်က တိုက်ထွက်ကျည်ဆန် မဟုတ်ဘူး။ ကုန်းပြန် ခေါ်သည်။ သူတို့ ပြန်လုပ်ထားသော ကျည်ဆန်ဆိုတော့၊ တစ်ဖက်ကို ဖောက်မသွားဘူး။ ပြန်ခွဲထုတ်လို့ရသည်။ ကျည်ဆန်က အသားထဲဝင်သွားတာကို ဆရာဝန်က ပိုးသတ်ဆေး အရက်ပျံတွေ ဘာတွေနှင့်ဖျန်းပြီး အထဲက ကျည်ဆန် ခွဲထုတ်သည်။

ဆေးပတ်တီးစည်းပြီးတော့ပဲ ဆက်သွားရသည်။ သည်တုန်းက ကျည် ထိစဉ်က ကျွန်တော်ထိသည်ဟု မပြော။ တပ်သားတွေမသိဘူး။ နောက် ကျွန်တော် ဒဏ်ရာရမှန်း သူတို့သိသည်။ ကျွန်တော် ကျည်ထိကြောင်း သိတာက တပ်ခွဲမှူးရယ်၊ ဆရာဝန်ရယ် အနားက ရဲဘော် ၃၊ ၄ ယောက်ပဲ သိသည်။ ဘယ်သူမှ မပြောရန် တားဆီးလိုက်သည်။ ပြီးသည် အထိ တိုက်သွားသည်။ ဘာမှ ငါမကြည့်ဘူးဆိုပြီး ပတ်တီးစည်းပြီး တိုက်သည်။ အရိုး မထိဘူး၊ ပေါင် အသားကိုပဲ ထိသည်။

**ကျည်တောင်ကန်** ရပြီးတော့ လမ်းဖောက်ကြသည်။ လမ်းဖောက်



သည်ဆိုတာက မီးရထားဌာနက အလုပ်သမားတွေ ရထားလမ်း ဖောက်ကြသည်။ လမ်းပေါက်သွားသည်။

၁၉၅၂ ခုနှစ်မှာ မန္တလေး-ရန်ကုန်၊ မီးရထားလမ်း ပေါက်သွားသည်။ ရွေးကောက်ပွဲ ပြီးသွားသည့်နောက် အချင်းချင်း ဆက်သွယ်၍ ရအောင်ဆိုပြီး မီးရထားလမ်း ဖောက်ရသည်။ နောက်ကျမှ ဗကပတွေ အကုန်လုံး ထုနှင့် **နေကြာစခန်း**မှာ ပြန်စုပြီးတော့ လယ်ဒါကြီး လယ်ဒါလေး ကွန်မြူနစ် သင်တန်းကျောင်းတွေ ဖွင့်ရသေးသည်။ ဖွင့်ပြီးတော့မှ အကြွပ်သင်ကျောင်း၊ နိုင်ငံရေးသင်တန်းကျောင်းတွေ ဖွင့်သည်။ တပ်ကုန်း အနောက်ဘက် တည့်တည့်သွားလျှင် **မြောက်မြို့ကဆည်** ငယက ၃ ရှိသည်။

**မြောက်မြို့ကဆည်** အဖျား တောင်ကြောမှာ ရန်သူရှိသည်။ ကျွန်တော်တို့ကသွားပြီး တိုက်ရသေးသည်။ သည်တုန်းကလည်း တိုက်ပွဲဖြစ်ပြီး ဗကပ သင်တန်းကျောင်းကြီး ဖျက်ပစ်လိုက်သည်။ ရန်သူ့လက်နက်ခဲယမ်း မီးကျောက်တွေ ဖျက်လိုက်သည်။ နေကြာစခန်းဆိုတာက တောင်ညို၏အလွန် **ဘုရားတောင် ပိုတက်** တောင်တွင်းကြီးအစ တောင်ကုန်းကြောမှာ ရှိသည်။

ရန်သူအင်အားကြီးသည်။ သခင်သန်းထွန်း ကိုယ်တိုင်က တကယ် အကျအနနေသော စခန်း။ ကျွန်တော်တို့ တိုက်တော့မှ သူတို့က ပြေးရှောင်သွားကြသည်။ နောင်တော့ ရေရှည်တိုက်ပွဲဆိုပြီး ပြည်သူတာဝန်ယူမှုစစ်ဘက် အစီအစဉ် ၇ ခွဲတိုက်သည်။ ဗျူဟာကို သတ်မှတ်သည်။ ခရီးအရှည်ကြီးပင်။

ကွန်မြူနစ်ပါတီ ဌာနချုပ်ကလည်းပဲ ဖြိုပြီး လယ်ဝေးကို တိုက်ပြီး အားစမ်းပြီးသည့်နောက် သူတို့အခြေအနေ ဖြိုပြီ။ ကျွန်တော်တို့က ချေမှုန်း တိုက်ခိုက်ဖို့ဆိုတာ မလုပ်တော့ဘူး။ ခုခံကာကွယ်တာ လုပ်မည်။ နောက်ပြီးတော့ သူတို့မူချလိုက်သည်ကတော့ ရေရှည်စစ်ပွဲ ဆင်နွှဲရမည်။ ကြွေးကြော်သံတွေ တင်လိုက်သည်။ သည်ကြွေးကြော်သံ တင်လိုက်သည့်အချိန်မှာ ကျွန်တော်ကလည်း သူတို့ပတ်ဝန်းကျင်နားမှာ ရှိသော သူတို့အင်အားရှိသည့်နေရာ၊ သူတို့၏ အပြင်ကာစည်းလုပ်ထားသော နေရာတွေကို ဆက်တိုက်ရမည်။ ဆက်တိုက်ရမည့်ကိစ္စနှင့် ပတ်သက်၍ မြောက်ပိုင်းတိုင်းမှ ဗိုလ်ချုပ် ဘလိတ်ခ်၊ နောက်ပြီးတော့ စစ်ဦးစီး ပထမတန်းက ဗိုလ်မှူးကြည်မောင်ကို ထံ ခွင့်တောင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဘလိတ်ခ် သူ့အဖေက မြန်မာပြည်မှာနေသည်။ သူ့အမေက အင်္ဂလိပ်ကပြားမ။ အင်္ဂလို-ဂေါ်ရခါးပေါ့။ ဗိုလ်ချုပ်ဘလိတ်ခ်က မြန်မာပြည်မှာနေတာ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရသည်။ ဗိုလ်ချုပ်ဘလိတ်ခ်က အစောကြီးကတည်းက ဗြိတိသျှတပ်ထဲမှာ အရာရှိအဖြစ် ရောက်နေပြီးတော့နောက် ဗြိတိသျှတပ်နှင့် တစ်ခါတည်း ဆုတ်ခွာစဉ် ပါသွားသည်။ ပြန်လာသည့်အခါ တပ်မှူးဖြစ်လာသည်။ ပထမတော့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး နောက် ဗိုလ်ချုပ်ဘလိတ်ခ်က ကျွန်တော်တို့နှင့် တွဲပြီးတော့ အင်းစိန်မှာ တိုက်ရသည်။ အင်းစိန်တိုက်ပွဲပြီးသွားတော့ သူက မြောက်ပိုင်းတိုင်း တိုင်းမှူး။ ကျွန်တော်တို့ထံ ဗိုလ်မှူးချုပ်အနေနှင့် ရောက်လာသည်။

သူက အသက် ၄၀ ပတ်ဝန်းကျင်လောက်ပဲ ရှိမည်။ သဘောထားပြည့်ဝသည်။ သူက ဗမာပါပဲ။ ဗမာစိတ် ရှိသည့်လူပါပဲ။ နောက် ကျွန်တော်တို့ ဗမာ့တပ်မတော်နှင့် ပတ်သက်သည့်အပိုင်းမှာ အင်မတန်ပဲ သူက အထောက်အပံ့ ပြုသွားခဲ့သူပါ။ စစ်ဆင်ရေးလုပ်ဖို့ဆိုပြီး ခေါ်သည့်အခါ ဗမာပြည် ကွန်မြူနစ်ပါတီ ဌာနချုပ် တောင်ညိုတော၏ အနောက်ဘက်မှာ ရှိသည်နေရာကို ဖြိုရမည်ဟု စီမံကိန်း ရေးဆွဲသည်။ စီမံကိန်းကို တိုင်ပင်ပြီးတော့ အဓိပ္ပာယ်ကတော့ လျှို့ဝှက်သည့်နည်းဖြင့် ခပ်လှမ်းလှမ်း မမျှော်လင့်သည့်လမ်းက တောင်ညိုနောက်ကျောဘက်ကနေ **နေကြာစုခန်း**ကို ဝင်သည်။ ကျွန်တော် မူလက တင်ထားတာကတော့ **နေကြာစခန်း**ဆိုတာ တဲကလေးတွေ ဟိုနား ဒီနားစုပြီးတော့ နေကြမည်ဟု။

နေကြာစခန်း ဗကပဌာနချုပ်က ပျဉ်းမနားနှင့် မိုင် ၂၀ လောက် ဝေးမည်။ လမ်းအတိုင်းသွားလျှင်တော့ ၁၅ မိုင် မိုင် ၂၀ လောက် ဝေးမည်။ ဖြတ်ပြီးတော့ တောင်ကို ကျော်နိုင်လျှင်တော့ ၁၀ မိုင်လောက် ရှိမည်။ သည်တုန်းက စစ်ဆင်ရသည်မှာ၊ ယခုခေတ်လို မဟုတ်ချေ။ ပစ္စည်းပစ္စယတွေနှင့် ပတ်သက်တာ၊ စားရေရိက္ခာ ပတ်သက်တာက အလွန်တာဝန်ကြီးသည်။ ဘယ်လိုတာဝန်ကြီးသလဲဆိုတော့ တပ်ခွဲနှင့်သွားသည့်အခါမှာ တပ်အတွက် ချက်ပြုတ်ဖို့၊ ထမင်းဒန်အိုးတို့၊ ဟင်းချက်သည့်အိုးတို့ သယ်ရတာများသည်။ သယ်ရတာများတော့ အထမ်းသမားတွေ ရှာရသည်။ ယခု ရှာသည့်အခါ အထမ်းသမားကတော့ တခြားတစ်နေရာက



ရှာတာပါပဲ။ သို့သော်လည်းပဲ အထမ်းသမား ရှာသည်ဆိုသည့်နောက်တော့ ရန်သူတို့ရဲ့ ထောက်လှမ်းရေးတွေက ပျဉ်းမနားတစ်ကြောလုံးမှာ ရှိတာကိုး။ ရန်သူက ကြိုတင်သိပါလိမ့်မည်။ သို့သော် စီမံချက်ကို ပေးတာတော့ အင်္ဂလိပ်လိုပေးသည်။ **ဂရစ်ဖစ်**ဆိုပြီး ပေးသည်။

အင်္ဂလိပ်စာလုံးပေါင်း Griffic ထင်သည်။ ခြသေ့်လိုပုံမျိုး လေထဲမှာ ပျံသွားပြီးတော့ အဟုန်စီးနေသောပုံပါ။ ဒါပေမယ့် ကျွန်တော်တို့ Griffic ဆိုသည့်နာမည်က ဗမာနာမည်လည်း ခေါ်မကောင်းဘူး။ ရဲဘော်တွေလည်း နားလည်မှာ မဟုတ်ဘူးဆိုပြီး ကွန်မြူနစ်တွေ အန္တရာယ် နောက်ဆုံးရှင်းမည်ဆိုသည့်အနေနှင့် **ရန်ရှင်းစစ်ဆင်ရေး** အမည်ပေးလိုက်သည်။ တိုက်ရမည့်တပ်ကလည်း ကျွန်တော်တို့ လက်နက်ကိုင် တပ်ရင်းတစ်ရင်းလုံးက တပ်ခွဲ ၃ ခွဲ။ တစ်ခွဲကတော့ ကျွန်တော်တို့ ရုံးမှာ ချန်ခဲ့ပြီးတော့ ကျန်တာ သွားတိုက်ရမည်ဆိုပြီး စီစဉ်သည်။ ကျကျနန စီစဉ်သည်။ သည်တစ်ခါမှာ ထူးထူးခြားခြား ဘာပါလာလဲဆိုတော့ စစ်ဆင်ရေးနှင့် ပတ်သက်သည့်အပိုင်းမှာ "ဝါဒသဘောတရားရေး" ဆိုတာ စ ပါလာသည်။ အရင်တုန်းကတော့ စစ်ရေးသက်သက်ပဲ တိုက်သည်။ ဒါပေမယ့် ယခုတော့ ဝါဒစွဲပေါ်လာတာက ဘယ်သူနှင့် တိုက်ရသလဲဆိုတော့ ကွန်မြူနစ် လယ်ယာမြေ စနစ် မြေယာ တော်လှန်ရေးလုပ်သည်။

ကျွန်တော်တို့ကလည်း နိုင်ငံရေးအားဖြင့် မူမပါသွားလျှင် ပြည်သူလူထုက သိပ်ပြီးတော့ ကျွန်တော်တို့နှင့်ပေါင်းမှာလည်း မဟုတ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ သဘောတရားဝါဒနှင့် ပတ်သက်၍ ကွန်မြူနစ်တွေ စကား တော်တော်လေး စွဲမြဲယုံကြည်ရှိနေတာကိုး။ ကျွန်တော်တို့နှင့် ဘယ်သူပါလာလဲဆိုတော့ စစ်ရုံးက စိတ်ဓာတ်စစ်ဆင်ရေးပါ တစ်ခါတည်း တွဲပါလာသည်။ စိတ်ဓာတ် စစ်ဆင်ရေးမှာ ခေါင်းဆောင်က သခင်စံမြင့်။ ပဲခူးက သခင်စံမြင့်၊ ဒီအချိန်အခါတုန်းက သခင်စံမြင့်က ကာကွယ်ရေး ဝန်ကြီးဌာန ပါလီမန်အတွင်းဝန်။

လယ်ယာမြေနှင့် ပတ်သက်သည့် ကိစ္စစည်းရုံးရန် ပါလီမန်အတွင်းဝန်ထဲက သူက ပါလာသည်။ သခင်စံမြင့်က စိတ်ဓာတ်စစ်ဆင်ရေးကို ဦးဆောင်ရသည်။ စိတ်ဓာတ်စစ်ဆင်ရေးမှာ ဘယ်သူတွေ ပါလာသလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ နယ်ဘက်က ဒေါက်တာ ဦးထွန်းရှိန်နှင့် ဆေးတပ်ဖွဲ့ ပါလာသည်။ နောက်ပြီးတော့ ဝါဒဖြန့်ချိရေးအတွက် ဗိုလ်မှူးဘသောင်းလည်း ပါသည်။ မောင်သုတ အမည်ခံ ဆရာဦးဘသောင်း။

မန္တလေးမှာ တိုက်တုန်းက ကျွန်တော်တို့နှင့် အတူတကွ ပါလာပြီးတော့ သူက စစ်ထဲရောက်သည့်အခါကျတော့ ဘွဲ့ရပညာရှင် ဖြစ်ခဲ့သည့်အတွက်ကြောင့် သူကလည်း တော်တော် ထင်ရှားသော ကျောင်းဆရာဖြစ်၍ ဗိုလ်မှူးရာထူး တိုက်ရိုက်ရသည်။ ကျွန်တော်တို့နှင့် မန္တလေး တိုက်တုန်းကတော့ ဗိုလ်ကြီးဘသောင်း၊ မြဝတီမဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်။ စာရေးဆရာ သူက ကျောင်းဆရာအနေနှင့် ပြန်ကြားရေးဌာနက ဝါဒဖြန့်သော အဖွဲ့ခေါင်းဆောင်၊ ဝါဒဖြန့်အဖွဲ့ ဘယ်သူတွေပါသလဲဆိုတော့ ကာတွန်းဆရာ၊ ဓာတ်ပုံဆရာ ပါလာသည်။

စစ်ဆင်ရေးက စထွက်သည်ဆိုတော့လည်း အားလုံးတော့ ပြင်ဆင်ပြီး ထွက်လာကြသည်။ **မြေပုံတိုက်ပွဲတွေ** ကျကျနန။ တပ်ခွဲ ၃ ခွဲ တပ်ခွဲမှူးတွေ စထွက်ကတည်းက ပဲခူးရိုးမ လယ်တောထဲကို စဖြတ်သွားရတာကိုက မြေတန်းကြီးလိုပဲ၊ တကယ်ပဲ လူတွေက တစ်ခါတည်း အရှည်ကြီး။ အခုကတော့ စားစရာ သောက်စရာ ထမင်းဘူး **ဟန်းကောတို့** ဘာတို့ နှင့်ဆိုတော့ လွယ်သွားပြီ၊ သည်တော့ **ဟန်းကော** ချက်စရာ ပြုတ်စရာ စပေါ်တာကလည်း သည်စစ်ဆင်ရေးက စပေါ်တာပဲ။ ဒါပေမယ့် မဟန်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ရန်သူ့မသိအောင် သွားချင်တာမှာ ရန်သူသိစေချင်သည့် သဘောလိုဖြစ်နေသည်။ ကျွန်တော်တို့ တစ်ညလုံး ညဦးက ထွက်လိုက်သည်မှာ တစ်ညလုံးလျှောက်တာမှ အနောက်ဘက်ကို ကျော်ပြီးတော့ တောစပ်ပဲ ရောက်သေးသည်။ တောတွင်းကို မရောက်ဘူး။

၁၉၅၂ ခုနှစ်လောက်ဖြစ်မည်။ မေလ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် မှတ်မိတာက မေဒေးအလုပ်သမားနေ့ကို ရည်စူးပြီး စစ်ဆင်ရေးနေ့ သတ်မှတ်သည်။ မေလထဲမှာပဲ မေလ ၂ ရက် ဖြစ်လိမ့်မည် ထင်သည်။ မေဒေးနေ့ ပျဉ်းမနားမှာ ကျင်းပပြီးတော့ ကျွန်တော်တို့ ထွက်ကြသည်။ သယ်သွားသော ထမင်းဘူး ဟန်းကော ဒန်အိုးတွေ၊ ဒန်ခွက်တွေ သစ်ပင်နှင့်



သွားထိလျှင် အသံမြည်သည်။ ခေါင်ဒင်နှင့်မြည်တော့ ဘယ်လိုမှ ကျွန်တော်တို့က ရန်သူကို အငိုက်မိအောင် စစ်ဆင်၍ မရနိုင်ဘူး။ ဒါပေမယ့် ဒီလိုပဲ သွားရတာ တောင်ကြော ကျော် ကျော် ကျော်သွား။

ပဲခူးရိုးမ ကွင်းစပ်နှင့်စပ်နေသော တောင်ကြောတွေပဲ။ ပထမတော့ တော်တော်နိမ့်သေးသည်။ တောင်အမြင့်ပေ ၅၀၀ တို့၊ ၆၀၀ တို့၊ နောက်တဖြည်းဖြည်းနှင့် ၈၀၀ လောက်၊ ၁၀၀၀ လောက် ဖြစ်လာတော့သည်။ နောက်ပြီးတော့ ဟိုဘက်ဆင်းတော့ ငါးလိုက်ချောင်းဘက် ကို ရောက်သည်။ ယခုလည်း ရှိသည်။ ပျဉ်းမနားမှာ ငါးလိုက်ချောင်းနှင့် ပတ်သက်၍ ရေကာတာ လုပ်ထားတာ ရှိသည်။ ငါးလိုက်ချောင်းဖျား ရောက်တော့ မေလကြီးဆိုတော့ ချောင်ခြောက်ကြီး ဖြစ်နေပြီ။ ပါသွားသော ရေတွေကလည်း ကုန်တော့ နောက်ဆုံး ဘာလုပ်ရသလဲဆို ရှေ့မချီတက်နိုင်ဘဲနှင့် ငါးလိုက်ချောင်းဖျားမှာ ရှိနေသော သဲချောင်း တူးရသည်။ ၄ ပေ၊ ၅ ပေ လောက် တူးသည့်အခါကျတော့ အောက်က ရေထွက်လာသည်။ သောနား တွေမှာ တောက စိမ်းစိမ်းစိုစိုနှင့် ရေက အောက်မှာ ဝပ်နေသည်။ ကျွန်တော်တို့ ရေဘူးတွေ ရေပြန်ဖြည့်ရသော အလုပ်ကလည်း ကြာသည်။ နောက် ကျွန်တော်တို့ ရန်သူ့မြေ ဝင်သွားသည့်အခါ သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းက တယ်လီဖုန်းသွယ်ထားသော ကြိုးတွေရသည်။ တယ်လီဖုန်းကြိုး ကျွန်တော်တို့ ခိုးဖြတ်နားထောင်ပြီး။ သူတို့ သတင်းနားထောင်သည်။ "ရန်သူတပ် တက်လာတယ်လို့ ကြားတယ်၊ မင်းတို့ဘက် ရောက်ပြီလား" ဆိုပြီး မေးနေသည်။ ကျွန်တော်တို့က မပြောဘူး။ သူတို့ချင်း ပြောနေတာ "ဒီဘက်ကိုတော့ ဘာအရိပ်မှအယောင်မှ မရှိဘူး ဝင်တော့ သွားတာပဲ၊ ဘယ်ကို ချီးလာသလဲ မသိဘူး"ဟု ပြောသံ ကြားရသည်။

ကြိုးဖုန်း၊ ကြိုးမဲ့ကြေးနန်းတော့ မဟုတ်ဘူး။ သူတို့က တောထဲမှာ အခိုင်အမာ ထုနှင့်နေတာကို ကြိုးဖုန်းရှိနေသည်။ သူတို့ ပြောတာကတော့ "သူတို့ ဦးတည်ချက်ဟာ ဗဟိုကို တိုက်လိမ့်မယ် ထင်တယ်။ ဒါကြောင့်မို့ ဗဟိုကို ကာကွယ်ဖို့အတွက် ဝန်းရံဖို့အတွက် တပ်အင်အား စုဆောင်း" ပြောသံတွေလည်း ကြားသည်။ ကျွန်တော်တို့က သိလိုက်ပြီ၊ လမ်းမှာတော့ အရင်တုန်းကလို တိုက်ရမည် မဟုတ်ဘူး။ သို့သော်လည်းပဲ သူက ပြောခဲ့သော ဗဟိုကိုတော့ ထုနှင့် တိုက်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်က တောင်ညိုအလွန် ဘုရားတောင်ပိုတက်ကြားနားမှာ နေကြာစခန်းပါပဲ။ ကျွန်တော်တို့ ရိုးမကို ကျော်လိုက်ပြီးသည့်အခါကျ တောနှင့်မြေပြင်လို ဖြစ်သွားသည်။ သည်မှာ သူတို့က မြေပြင်က တောနှင့် သစ်ပင်ချုံနွယ်တွေကိုပဲ အကာအကွယ်ယူပြီးတော့ အိမ်တွေ ဆောက်ထားသည်။ လွင်ပြင် မကျတကျ နည်းနည်းပြေပြေ မြေနေရာ။ တောင်ကုန်းစောင်းလေးမှာ နောက်မြေပြင်လေးတွေမှာ သူတို့က အိမ်တွေ အကျအန ဆောက်ထားသည်။

ကျွန်တော်တို့က သူတို့တပ် ဗဟိုဌာနချုပ်ကို ပထမအစီအစဉ် တိုက်ဖို့ ကောင်းနေပြီ၊ ဒါပေမယ့် နောက် ဘာဖြစ်သလဲဆိုတော့ မူလအစီအစဉ်အတိုင်း မသွားတော့ဘူး။ ကျွန်တော်က ချက်ချင်း မူလအစီအစဉ်နှင့် သွားနေလျှင် သူတို့ကို တိုက်ရမှာလည်း မဟုတ်ဘူး၊ ဆုတ်ချင်လည်း ဆုတ်သွားမည်။ ရှောင်ချင်လည်း ရှောင်မည်။ သည်တော့ ဖြတ်တိုက်မည်ဆိုပြီး ပထမနေ့ တစ်ညအိပ်ပြီးတော့ မနက်လည်း ထရော သူတို့က စပစ်တာပဲ။

ရန်သူ ဗကပတပ်က စပစ်တာပဲ။ ကျွန်တော်တို့က ဘယ်လိုဖြစ်လဲဆိုတော့ တောထဲကို အတော်ရောက်နေပြီ။ သူတို့၏ နေကြာစခန်း နောက်ကျော်ကို ရောက်သွားပြီ။ နေကြာစခန်း ရှိနေတယ်ဆိုတာလည်း သိနေသည်။ ရှေ့ကိုဆင်းသွားပြီးရင် ကွင်းကြော၊ ကွင်းကြောပြီးရင် တောင်ကြော။ ကွင်းကြောမှာ ရှိမှာပဲ သတင်းအရလည်း ရှိသည်ဆိုတော့ တိုက်ဖို့ပါပဲ။ ကျွန်တော်တို့က တိုက်ဖို့ ချီတက်လာစဉ် ကျွန်တော်တို့က ရန်သူကို မပစ်ရသေးဘူး၊ မြင်လည်း မမြင်ရဘူးလေ၊ သည်မှာ ကျွန်တော်တို့ကို ရန်သူက စိန်ပြောင်းတွေနှင့် ပစ်တော့သည်။

နံနက်ကတည်းက စပစ်သည်။ မေလ ၄ ရက်နေ့၊ နံနက် ၆ နာရီလောက် မိုးလင်းကတည်းက ပစ်နေသည်။ ဒါပေမယ့် ကံကောင်းချင်တာကတော့ ကျွန်တော်တို့ရှိသည့်နေရာကို အတိအကျမသိ၍ ကျွန်တော်တို့ လာတာ တောအုပ်ထဲရောက်နေပြီဆိုတာကိုသာ သိသည့်အတွက် စုပြုံပြီးတော့ ပစ်နေတာဖြစ်သည်။

သူတို့မှာ ၃ လက်မ စိန်ပြောင်းနှစ်လက်ရှိသည် ထင်ပါသည်။ လူမတွေ့သေးဘူး ပစ်နေပြီ။ ကျွန်တော်တို့က အပစ်ခံနေရတာ ဒီတော့



ကျွန်တော်တို့ မြန်မြန်ပဲ သူတို့ထံချဉ်းကပ်လေလေ ကျွန်တော်တို့ အန္တရာယ်ကင်းလေလေဆိုပြီး ကျွန်တော်တို့ အမြန်သွားတော့သည်။ သွားတော့ တောင်ကြောကို တစ်ခါ တက်ရသေးသည်။ တောင်ကြောအတက်မှာ ပစ်တာကတော့ ပစ်နေတုန်းပင်။ ကျွန်တော်တို့က စစ်ရည်ကလည်း ဝနေတော့ သူတို့ ဘယ်ကိုပစ်နေတာလဲဆိုတာ ကျွန်တော်တို့ သိသည်။ ကျည်ဆန်ကတော့ ကျွန်တော်တို့ဆီ လာမကျဘူး။ ဒါပေမယ့် အသံကြားသည်။ "ရှို...ဝုန်း..." ဆို တစ်ခါတည်း ၃ လက်မ စိန်ပြောင်းမှန်း သိသည်။ ကျွန်တော်တို့က နီးကပ်နေတော့ တော်တော်လေး လွတ်ပါသည်။ ရဲဘော်တွေကလည်း ငြိမ်ပြီးတော့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။ တောင်ကြောတက်ပြီး ဆင်းသွားတဲ့အချိန်ကျတော့ ညနေခင်း နည်းနည်းမှောင်စပျိုးတော့မည်။

တစ်နေ့လုံး ရန်သူက ပစ်နေသည်။ စပစ်တဲ့အချိန်ကစပြီး ကျွန်တော်တို့တပ် ဖြည်းဖြည်းချဉ်း ကပ်သွားသည်။ ထမင်းစားရတာကတော့ ကျွန်တော် ဒယ်အိုးကြီးနှင့် ချက်ထားသော ထမင်း၊ ချက်ရတာကလည်း ဒုက္ခပဲ။ မနက်တိုက်တော့မယ်ဆိုရင် ညကတည်းက ထချက်ပြီးတော့ တစ်ခါတည်း ပြင်ယူသွားသည်။ ကျွန်တော်တို့ ချက်ပြုတ်နေတာတွေ အသံဗလံတွေလည်း ကြားသည်။ သူတို့ပစ်နေသည်မှာ တောင်ကလည်း တောင်စောင်းဆိုတော့ အပေါ်စီးရထားသည်။

သူတို့ ပစ်ပြီးတော့ ညအိပ်သည်။ ညကျ နည်းနည်း ငြိမ်သွားသည်။ ကျွန်တော်တို့က နံနက်မှာ နေကြာစခန်းမရောက်ရင် အန္တရာယ်ဖြစ်မည်။ နောက်တစ်နေ့ နံနက်မတိုက်နိုင်လျှင် အန္တရာယ်အများကြီး ဖြစ်မည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သိသွားရင် အင်အားစုနိုင်မည်။ ကျွန်တော်တို့ တပ်ထဲမှာ တပ်ခွဲမှူး ဗိုလ်ညွန့်ဝင်းမောင် ပါလာသည်။ သူ့မိသားစုကလည်း သိပ်ကံဆိုးသော မိသားစုပါ။

ဗိုလ်ညွန့်ဝင်းမောင်က လူပျို၊ ဗိုလ်ညွန့်ဝင်းမောင် ညီ အောင်သိန်းလွင်အောက်၊ နောက်တစ်ယောက်က အလံနီဖြစ်ပြီး တိုက်ပွဲကျသွားသည်။ ဗိုလ်ညွန့်ဝင်းမောင်က ကော်မရှင်ရပြီး တပ်ခွဲမှူး ရာထူးနှင့် ကျွန်တော့်ဆီ ရောက်လာသည်။ သူ့တပ်လည်း ပါသည်။ သူ့တပ်က နောက်မှာ ကျွန်တော်တို့တပ်က ရှေ့မှာ၊ ဗိုလ်စိုးမြင့်တို့ နောက် တခြားတပ်ခွဲမှူး ဗိုလ်တင်ထွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲ ၁နှင့် တပ်ခွဲ ၂ ရှေ့မှာ တပ်ခွဲ ၄ က တတိယ နောက် တပ်ခွဲ တစ်ခုကတော့ နောက်တန်းမှာ ထားရစ်ခဲ့သည်။ တပ်ခွဲ သုံးခွဲနှင့် ကျွန်တော်တို့သွားသည်။ မှောင်စပျိုးတော့မယ်ဆိုတော့ သိပ်တော့ မမှောင်သေးဘူး၊ လင်းနေတုန်းပဲ။ ဆာဂျင်မြဝင်းက ပြေးလာပြီးတော့ ကျွန်တော့်ကို ပြောသည်။ ဘာပြောလဲဆိုတော့ "ဗိုလ်ညွန့်ဝင်းမောင် တောခိုသွားပြီ၊ နောက်က ဗိုလ်ညွန့်ဝင်းမောင် ထွက်သွားပြီ" တဲ့။ "ဟာ မဖြစ်ဘူး၊ မသွားရဘူးကွာ၊ ဗိုလ်ညွန့်ဝင်းမောင် ငါ့နား ခုနက ဖြတ်သွားတာ ငါမြင်တယ်" ပြောတော့ "မဟုတ်ဘူး၊ တစ်ခါတည်း သူထွက်သွားတာ၊ ကျွန်တော်မြင်လိုက်တယ်၊ ကျွန်တော် နောက်ကနေ ဗိုလ်ကြီး ဘယ်သွားမလို့လဲ မေးတော့ ဗိုလ်ညွန့်ဝင်းမောင် လှည့်ကြည့်ပြီး ကျွန်တော့်ကို သေနတ်နဲ့တောင် ပစ်သွားတယ်ဗျ၊ သူ့နောက်မှာ ၃၊ ၄ ယောက်လည်း ရှိတယ်၊ နောက်က ရဲဘော်တွေ ပါသွားတယ်၊ သူ့တပ်ခွဲရုံးကို ခေါ်သွားတာ ထင်တယ်"

ဗိုလ်ညွန့်ဝင်းမောင်က လူပျို။ သူ့နှမဒေါ်လှိုင်လှိုင်နှင့် ဗိုလ်ရန်အောင် လက်ထပ်သည်။ ဗိုလ်ရန်အောင်၏ ယောက်ဖ။ "ဟုတ်ကော ဟုတ်ရဲ့လား ကွာ၊ ရှေ့မှာ ရှိပါတယ်" "ဟုတ်တယ် ဗိုလ်မှူး ကျွန်တော်က နောက် က နေပြီး တက်လာတာပဲ၊ တက်လာတဲ့အချိန်မှာ လမ်းရောက်တော့ ကျွန်တော်တို့ လှမ်းကြည့်လိုက်လို တောအစပ်ကလေးမှာ ကျွန်တော်တို့ မြင်လိုက်တယ်၊ ကျွန်တော် လှမ်းခေါ်တယ်၊ ဒီလမ်း မဟုတ်ဘူး၊ ရှေ့တည့် တည့်သွားရမယ် ဆိုတော့ သူ တည့်တည့် မသွားဘူး ဘေးကိုသွားတယ်၊ ပြီးလည်းပြီးရော ကျွန်တော်က ဗိုလ်ကြီး ဗိုလ်ကြီးဆိုပြီး လိုက်ခေါ်တော့ သူ ကျွန်တော့်ကို ပြန်ပစ်သွားတယ်" "ရဲဘော် ၃ ယောက်ခေါ်သွားပြီ၊ ဗိုလ်ကြီး၊ သူ့ တပ်ခွဲ ၄ က ရဲဘော်တွေက တောထဲပါသွားပြီ" ဆိုတော့ "မဖြစ်နိုင်ဘူး ကွာ ဘာဖြစ်လို့လဲဆိုတော့ တစ်သက်လုံး တို့တပ်က ဒီလို တစ်ခါမှလည်း မရှိဘူး၊ ပြေးရင် အရင်တုန်းကတည်းက သွားမှာပေါ့၊ အခု ဒီထဲရောက်မှ ဘာလို့ ပြေးမှာလဲ" "မဟုတ်ဘူး"တဲ့ သူက ငြင်းသည်။ "ကဲ ဒီလိုဆိုရင် ငါရှေ့တက်သွားမယ်" ကျွန်တော်က ရှေ့လည်းတက်ရော ဗိုလ်ညွန့်ဝင်းမောင်ကို ကျွန်တော်က တွေ့သည်။

"ဟာ ကိုညွန့်ဝင်းမောင်၊ ခင်ဗျား ဘယ်လိုဖြစ်လဲ"



"ကျွန်တော် ဘာဖြစ်လို့လဲ"

"ခင်ဗျား ခုနက ဒီလိုပဲ ထွက်သွားတာ တွေ့တယ်၊ ဟော့ ဆာဂျင်မြဝင်း လာပါဦးကွ၊ ဒီမှာ ဗိုလ်ညွန့်ဝင်းမောင်"

"ခုနက ကျွန်တော် တွေ့တာ"

"ခုနက တွေ့တာဆိုရင် အခု ဘယ်လိုရှေ့ရောက်နေလဲ" ဗိုလ်ညွန့်ဝင်းမောင်က မျက်စိမျက်နှာ ပျက်သွားသည်။ တော်တော့်ကို မျက်စိမျက်နှာ ပျက်သည်။ အစိမှာယ်ကတော့ ခုနက နောက်မှာ ထွက်သွားတာ တွေ့လိုက်သည်။ ယခုရှေ့ကို ဗိုလ်ညွန့်ဝင်းမောင် သွားကြည့်မယ်ဆိုပြီး ခေါ်လာတော့ အခုတွေ့သည်။

"ဟာ ငါ ဘယ်သွားလို့လဲ၊ ဒီမှာပဲ သွားနေတာပဲ"

"ဟာ ခုနကဟာ ကျွန်တော်တွေ့လိုက်တဲ့ ထွက်သွားတဲ့တစ်ယောက်က ဗိုလ်ကြီး မဟုတ်ဘူးလား"

"မဟုတ်ဘူးကွ" သူက ပြောလိုက်သည်။

"ဒါဖြင့် ဘယ်သူဖြစ်မှာလဲ" ဆိုတော့ ဗိုလ်ညွန့်ဝင်းမောင် စိတ်ထဲက ငိုင်သွားရော။ ဘာလို့ငိုင်သွားတာလဲဆိုတော့ ဗိုလ်ညွန့်ဝင်းမောင်နှင့် ကျွန်တော်တို့တိုက်နေတဲ့ ကွန်မြူနစ် ဗိုလ်အောင်သိန်းလွင်ဆိုတဲ့သူနှင့် ဗိုလ်ညွန့်ဝင်းမောင်က အမြွှာပူး၊ ခုနက ထွက်ပြီး နောက်ကလိုက်တော့ ပစ်လိုက်တဲ့သူက ဗိုလ်ညွန့်ဝင်းမောင်ရဲ့ ညီအမြွှာပူး။ ကွန်မြူနစ် ဗိုလ်အောင်သိန်းလွင်။ ဗိုလ်ညွန့်ဝင်းမောင်ကို ရှေ့မှာတွေ့လို့ မေးလည်းမေးရော သူ တော်တော်လေး စိတ်ထဲမှာ ငိုင်သွားရော၊ နောက်တော့မှ သူ့အမြွှာဆိုတာ သိသည်။ နောက်ဆုံးကျတော့ အမြွှာက ကွန်မြူနစ်၊ ကွန်မြူနစ်ညီတော် သူ နေကြာစခန်း ရှိနေသည်။ စတ္တန့်ပိုင်း၊ မိနစ်ပိုင်းလောက်ပဲ ခြားပြီး မွေးသည့် အမြွှာညီအစ်ကို။

"ကျွန်တော့် ညီများ ဖြစ်နေမလား မသိဘူး၊ ကျွန်တော်နဲ့အမြွှာ ကွန်မြူနစ် တောခိုတဲ့အထဲမှာ ပါသွားတယ်"ဟု ဗိုလ်ညွန့်ဝင်းမောင်က ပြောသည်။ သူ့ညီများ ဖြစ်နေမလားဆိုတော့ သူ စိတ်မကောင်းဘူး။ သည်လိုနှင့် ဆက်သွားကြရော၊ ပြီးလည်းပြီးရော ကျွန်တော်တို့ တစ်ခါတည်း တိုက်ကြတော့သည်။

ဗိုလ်ညွန့်ဝင်းမောင်၏ အမြွှာပူးညီ ကွန်မြူနစ် ဗိုလ်အောင်သိန်းလွင်

www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ နောက်ကနေ ပစ်ခတ်ရင်း လိုက်လာတာ၊ နောက် ဆာဂျင်မြဝင်းနှင့် တိုးသည့်အခါကျမှ ဆာဂျင်က "ဗိုလ်ကြီး ဗိုလ်ကြီး" လို့ ခေါ်လိုက်သည့်အခါ ဗိုလ်အောင်သိန်းလွင်က လှည့်ပြီးတော့ ပစ်ပြီး ထွက်သွားခြင်းဖြစ်သည်။ ဆာဂျင်က ဗိုလ်ညွှန့်ဝင်းမောင်နှင့် ဗိုလ်ညွှန့်ဝင်းမောင်ညီ အမြွာကို မှားပြီး လာပြောသည်။ အမှန်က တောခိုသည်ဆိုတာက ဗိုလ်ညွှန့်ဝင်းမောင်၏ အမြွာညီ၊ အစကတည်းက ကွန်မြူနစ်ပါတီဝင်ပြီး တောခိုသွားသော အောင်သိန်းလွင်ပင်။

သူညီဆိုတာ သူသိပြီ၊ သူ့ညီ ပါလာတယ်ဆိုတာ သူသိပြီ၊ အစက သူ့ညီ ဘယ်ရောက်နေမှန်း သူ မသိဘူး။ ဆက်သွားပြီး နောက်တော့ အပြန်အလှန် တိုက်ကြတော့သည်။ တိုက်ဖြစ်သည်ဆိုတာ မနက်ပိုင်း ထမင်းစားချိန် မတိုင်ခင် ချကြတာဖြစ်သည်။ တိုက်ကြသည်မှာ မကြာပါ။ နည်းနည်းပါးပါး ခုခံတိုက်ပြီးတော့ နောက်ဆုံးတစ်ခါတည်း ဆုတ်ထွက်သွားတာ။ နောက်ပိုင်းက တောင်ကြောတွေ တစ်ဖက် ကာကွယ်ရေးတွေရှိသည်။ ကျွန်တော်တို့က ဝင်တိုက်တော့ ဘာရလဲဆိုတော့ ဘုရားတောင်ပြီးတော့ ပိုတက်ရောက်သွားပြီ။ တိုက်ပွဲက မနက်ပိုင်း တစ်မနက်လုံး ပစ်ကြတိုက်ကြသည်။

တိုက်ပွဲမှာ ရန်သူအလောင်းမရဘူး။ ဘာမှသိပ်ပြီး ပြင်းပြင်းထန်ထန် မဖြစ်ဘူး။ သူတို့ဟာသူတို့ ရှောင်သွား တိမ်းသွားရင်းနှင့် ဒီနေ့တစ်ရက်မှာ လျှောက်ရင်းတော့ ဘာမှတိုက်ပွဲမဖြစ်။ ၁ မိုင်၊ ၂ မိုင် ချီတက်ရှင်းပြီးတော့ ကျွန်တော်တို့မှာ ရိက္ခာဆန် ပြတ်သွားသည်။ ဘုရားတောင်ပိုရွာတက်မှာ ဆန်ရှာသည့်အခါ စပါးရသည်။ အများကြီးတော့ မရဘူး။ နည်းနည်းပါးပါး ရသည်။ ရသည့်စပါးကို တပ်ခွဲသုံးခွဲသည်။ စပါးတွေဆိုတော့ ဆန်ဖွပ်ရသေး၏။ နောက် ကျွန်တော်တို့ စစ်ဆင်ရေးမတိုင်ခင်မှာ အလင်းဝင်သော ကောင်လေးနှစ်ယောက်ရှိသည်။ သည်နှစ်ယောက်ကလည်း ကျွန်တော်ခေါ်လာတာ ပါလာသည်။

စစ်ဆင်ရေးမလုပ်ခင် မတိုက်ခင်မှာ သူတို့ကို ခေါ်လာခြင်းဖြစ်သည်။ သူတို့ကို အချုပ်ထဲကနေ ခေါ်လာသည်။ သူတို့က လမ်းပြ၍ ဘုရားတောင်ဘုရားတောင်ပိုကိုကျော်လိုက်လျှင် တောင်ကြောရှိသည်။ တောင်ကြောကဆင်းလျှင် တောင်တွင်းကြီးနယ်ကို ရောက်ပြီ။ ကျွန်တော်တို့က တောင်



တွင်းကြီး နယ်စပ်မှာရောက်နေပြီ။ ဒီမှာပဲ ဆန်တွေ ဖွပ်ပြီးတောင်းပြီးတော့ နောက်တစ်နေ့ ကျွန်တော်တို့က စစ်ဆင်ရေးလုပ်မည်ဟု စီစဉ်ပြီး ထွက်ခဲ့သည်။ အမှန်ကတော့ ဗိုလ်ညွှန့်ဝင်းမောင်တပ်ဖွဲ့ကို တာဝန်ပေးတာ မဟုတ်။ ကျွန်တော်က အခြားတပ်ဖွဲ့ ဗိုလ်စိုးမြင့်တို့ကို ပေးသည်။ "ဗိုလ်စိုးမြင့်မင်းတို့ ရှေ့ကသွား၊ ရန်သူရှိတဲ့နေရာကို ရှေ့ကသွား၊ တွေ့လို့ရှိရင် တိုက်မယ်" အမှန်ကတော့ ပြောသည့်နေရာ တာဝန်ပေးတာက ဗိုလ်စိုးမြင့်ကို ပေးတာ၊ ဗိုလ်စိုးမြင့် တပ်ဖွဲ့က A တပ်ခွဲ၊ ဒါပေမယ့် တော်တော်လေးလည်း ကြာရော တော်တော် လေးဆိုတာက သေနတ်သံတွေလည်း ကြားပြီးရော ဗိုလ်စိုးမြင့် ပေါက်ချသည်။

"ရှေ့ကို ဗိုလ်ကြီး ဘယ်တပ်ကို လွှတ်လိုက်သလဲ" ဆို၍ "ဟာ ရှေ့ကို ငါဘယ်တပ်မှ မလွှတ်ဘူး၊ မင်းပဲ မဟုတ်လား" ဆိုတော့ သူက "မဟုတ်ဘူး ကျွန်တော်ရှေ့မှာ ကျွန်တော်တို့ တပ်ခွဲ တစ်ခွဲက တိုက်နေတယ်၊ အဲဒါ ဘယ်သူ့တပ်ခွဲမှန်းလည်း မသိဘူး" ဆိုတော့ ကြည့်လိုက်တော့ ဗိုလ်ညွှန့်ဝင်းမောင်တပ်ခွဲ။ ဒါနှင့် ကျွန်တော်က "ဟာ ဒီကောင် နောက်ကလိုက်ခဲ့ပြောတာကို ဘာဖြစ်လို့ ဒီကောင်ဖောက်ပြီး သေးကနေ ဝင်တိုက်သလဲ" ဗိုလ်စိုးမြင့်ကလည်း ပြောသည်မှာ "လူချင်း မှားမှာလည်း စိုးရသည်။ ရှေ့မှာ တိုက်နေတာ ကျွန်တော်တို့ တပ်ခွဲတစ်ခွဲပဲ" ဆို၍ ကျွန်တော် ကြည့်လိုက်ရာ တပ်ခွဲရှိသည်။ ဒါပေမယ့် A တပ်ခွဲကပါ တိုက်နေသည်။ "ဟာ အဲ့ဒါ ညွှန့်မောင်တပ်ခွဲပေါ့၊ ဘာဖြစ်နေတာလဲ" ဆိုတော့ "ရှေ့မှာ တိုက်နေတယ်၊ ဘယ်လိုဖြစ်မှန်း အခြေအနေ မသိဘူး" ပြော၍ ကျွန်တော်လည်း စိတ်ပူပြီးတော့ အတင်းပြေးလိုက်သည်။ ထိုအချိန်မှာ ဗိုလ်ညွှန့်ဝင်းမောင် တပ်ခွဲက အပြုလိုက် တစ်ခါတည်း ဆုတ်လာပြီးတော့ ကောင်လေးတွေ မေးလိုက်တဲ့အခါ ကျွန်တော်တို့ဘက် ၇ ယောက်လောက် ကျကျန်ရစ်ခဲ့သည်။ ဗိုလ်ညွှန့်ဝင်းမောင်လည်း ကျကျန်ရစ်ခဲ့သည်။ သူတို့ ပြောတာကတော့ "ဗိုလ်ညွှန့်ဝင်းမောင် မှန်သွားတယ်၊ သေသလား၊ ရှင်သလား မသိဘူး၊ တပ်ခွဲမှူး ထိတာနဲ့ ဟိုက ဖိတိုက်လာလို့ ကျွန်တော်တို့ ဆုတ်ခဲ့တယ်" "ဒီလို ဆုတ်ခဲ့ရင် ဒီနေရာမှာရပ်၊ ဒီနေရာမှာ တပ်ခံစစ်" ဆိုတော့ ပစ်နေကြသည်။ ကျွန်တော့်ဘက်က လူက ၄၊ ၅၊ ၆ ယောက် ကျသွားပြီ၊ ကျွန်တော်ကလည်း စိတ်မကောင်းဘူး။ ဗိုလ်ညွှန့်ဝင်းမောင်ကလည်း ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ခံရပြီဆိုတော့ သူ့လည်း ပြောရမှာခက်သည်။ "ကဲ ဒီလိုဆိုလို့ရှိရင် ဒီနေရာကိုတော့ မရရအောင် ပြန်တိုက်မှ၊ ငါတို့ ရဲဘော်တွေ ဒဏ်ရာရတာကို ကယ်နိုင်မယ်၊ ဗိုလ်ညွှန့်ဝင်းမောင် ဘာဖြစ်သလဲဆိုတာ သိနိုင်မယ်" နေကြာစခန်း ဟိုဘက် ၃ မိုင်လောက် လွန်သွားပြီ၊ တောထဲရောက်နေပြီ။

တကယ့် ဝိုဝိုပြင်ပြင် တောထဲမှာဖြစ်သည်။ အမှန်က ဒီတောထဲကို သွားတာ မဟုတ်ဘူး၊ လမ်းအတိုင်း ဒီသရက်တောဆိုတဲ့နေရာကို ဖြတ်ပြီးတော့ မြောက်ဘက်ကနေပြီးတော့ ရမည်းသင်း တပ်ကုန်းဘက်ကို သွားဖို့ဖြစ်သည်။ အမှန်တော့ ဗိုလ်ညွှန့်ဝင်းမောင်က ဒီကိစ္စမှာ အမိန့်ခံတာ မခံတာ မဟုတ်ဘူး။ လောကြီးနေသည်။ သူက သူ့ညီအတွက် သူလောကြီးနေတာဖြစ်သည်။ သူညီကို အရှင်လည်း လိုချင်သည်။ ခေါ်ချင်လည်း ခေါ်မည်။ နောက်ပြီးတော့ သူနှင့်တွေ့ရင်လည်း ရှောင်ပြီး တိုက်ချင်တိုက်မည်။

ဘယ်လိုမှန်းလဲတော့ မသိ။ ဒါပေမယ့် A တပ်ခွဲနေရာမှာ ရောက်သွားပြီး ဘေးတည့်တည့် သွားနေရာကနေ ချော်ပြီးတော့ သွားတိုက်တာဖြစ်သည်။ ချီတက်ရမယ့် လမ်းကြောင်းမဟုတ်ဘဲနှင့် ချီတက်ရမယ့် လမ်းကြောင်း ဘယ်ဘက်ကို ကွေ့ပြီးတော့ သွားတိုက်သည်။ ဗိုလ်စိုးမြင့်ကလည်းပဲ သေနတ်သံတွေ ကြားသည့်အခါ သူ့ဆီကို ပစ်တာမဟုတ်ဘူး။ အချင်းချင်းတိုက်နေသည်။ ဘယ်သူတွေ တိုက်နေလဲမသိဘူးဆိုပြီး ဖျာမေးတော့မှ "ဟာ ဒီကောင်ကတော့ကွာ ဘာဖြစ်လို့သွားပြီး တိုက်ရတာလဲ" ပြေးတက်သွားသည်။ သူတို့က ပြန်ဆုတ်လာသည်။ ပြန်ဆုတ်လာတဲ့ ကောင်လေးတွေက ဖရိုဖရဲပါပဲ။ တပ်ကို ၆ ယောက်တစ်တွဲ၊ ၁၀ ယောက်တစ်တွဲ တကယ့်ကို ရန်သူခွင်ထဲ ဝင်သွားတာဖြစ်သည်။ဘယ်သူတွေ ကျန်ရစ်သလဲ၊ ဘယ်သူတွေ ကျခဲ့သလဲ။ ကဲ ဒါတော့ မဖြစ်ဘူး၊ ဗိုလ်ညွှန့်ဝင်းမောင်နဲ့ ပတ်သက်လို့ တိုက်နေရင်လည်း သူ့ကို ကူရာရောက်အောင် ဝင်ချရမည်။ ဒဏ်ရာရတဲ့ လူလည်း သယ်ထုတ်ရမည်ဟု ကျွန်တော်စီစဉ်သည်။ စစ်တပ်ဆိုတာက အရေးဟယ် အကြောင်းဟယ်ကျရင် လူစွမ်းကောင်းလိုသည်။ ကျွန်တော်က ပြောလိုက်သည်။ "ငါတက်တိုက်မယ်၊ ငါနဲ့ အကောင်းဆုံးလူ ၃၀ ကျကျနနလိုချင်တယ်၊ တပ်ခွဲ စစ်ထုတ်ပေး" ပြော၍ တပ်ခွဲက စစ်ထုတ်ပေးသည်။ တပ်ခွဲ A ကလည်း ထုတ်ပေး၊ တပ်ခွဲ B ကလည်း ထုတ်ပေးသည်။



ကျွန်တော် လိုက်တိုက်ရမည်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာ အခြေအနေ ဘယ်လိုမှန်းလဲ မသိရသေး။ ရန်သူကလည်း အကုန်လုံးက ကျွန်တော်တို့ကို ဖိပြီး ဒီဘက်ကို စွတ်ရောက်နေသည်။ ကျွန်တော်တို့ ခံနေရသောတပ်သားတွေက အတွင်းထဲမှာဆိုတော့ ဒါကို ဖောက်ထွက်တိုက်ပြီးတော့မှ ဒီကောင်တွေကို ထုတ်ရမည်။ မိမိနှင့် ရှုပ်ရှုပ်ချုံချုံတိုက်ဖို့အတွက် လူ ၃၀ ကောင်းကောင်းနှင့် နောက်က တပ်ခွဲကတော့ ရံခွဲမည်။ ရှေ့ကတိုက်မည့် ၃၀ ကို ငါခေါင်းဆောင်မယ် ဆိုပြီးတော့ ၃၀ ကို ရွေးပြီး စ တိုက်သည်။ စလည်းတိုက်ရော ပြင်းထန်စွာ ရင်ဆိုင်ရတော့သည်။

ကျွန်တော်က **ကာဗိုင်** သေနတ်ကိုင်ထားသည်။ ကျွန်တော်က သိပ်မပစ်ရပါဘူး။ ကျွန်တော် ကွပ်ကဲတာကိုး။ စတိုက်ပြီးတော့ တိုက်ရင်းတိုက်ရင်း တိုက်ရင်းနှင့် ကျွန်တော်တို့က ရွေးထားသောတပ်နှင့် တိုက်သည့်အတွက်ကြောင့် လည်းကောင်း၊ ဘေးမှာ အရန်တပ်ကလည်း ရှိသေးတာဆိုတော့ ဒါကိုရန်သူက သိပြီးတော့ သူတို့နောက်ဆုတ် နောက်ဆုတ်နှင့် ပစ်ရင်းဆုတ်သည်။ သူတို့လည်း ကျတာပဲ။ ပစ်ဆုတ် ပစ်ဆုတ်သွားရင်းနဲ့ တော်တော်လေး ဝင်သွားတော့မှ ရဲဘော်တွေ လဲနေတာ တွေ့သည်။ နောက်တစ်နေရာမှာ ဗိုလ်ညွှန့်ဝင်းမောင် လဲနေတာလည်း တွေ့သည်။ ကျွန်တော်တို့ဘက်က တက်တိုက်တဲ့နေရာမှာ ကျွန်တော်ခေါ်လာတဲ့ ၃၀ အထဲက ၅ ယောက်ကျသေးသည်။ သူတို့လည်း ကျသေးသည်။ ကျပြီးတော့မှ နောက် သူတို့နေရာမှာ ဒဏ်ရာရသည့်ထဲမှာ ရဲဘော်ကျော်ဆန်းတို့လည်း ပါသေးသည်။ နောင်တော့ ဒုဗိုလ်မှူးကျော်ဆန်း တပ်ရင်းမှူး (ငြိမ်း)၊ အဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းစည်းလုံးရေးမှူး၊ ယခု ကွယ်လွန်ပြီ။ သူတို့က တပ်ကြပ်တွေဖြစ်သည်။ ဗိုလ်ကျော်ဆန်း ယခု ဗိုလ်မှူးကြီးဖြစ်သွား သည့် ကျော်ဆန်း၊ သူကလည်း တပ်ကြပ်၊ လက်မှာ ကျည်ဆန်မှန် ဒဏ်ရာရသည်။ တပ်ကြပ်ကျော်ဆန်းလည်း လဲနေတယ်။ သူလဲနေတော့ သူ့ပါတစ်ခါတည်း ဆွဲထုတ်၊ သူကျည်ဆန် မှန်တာကို ဗိုလ်ညွှန့်ဝင်းမောင်က ဝင်ပြုစုပေးနေရင်း ဗိုလ်ညွှန့်ဝင်းမောင် မှန်တယ်ဟု သူကပြောသည်။ "ကျွန်တော့်ကို လုပ်ပေးနေရင်းနဲ့ ဗိုလ်ညွှန့်ဝင်းမောင် မှန်သွားတာပါ" သူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တော်တော်လေးသွားတော့ ကိုက် ၃၀၀၊ ၄၀၀ လောက် သွားတော့မှ ရှေ့အဖျားစွန်းမှာ ဗိုလ်ညွှန့်ဝင်းမောင်ကို သူတစ်ယောက်တည်း လဲကျနေသည်။ ကျန်သော ရဲဘော်တွေက နောက်မှာ ဒဏ်ရာရပြီး ကျဆုံးသည်။ သူ တစ်ယောက်တည်းပဲ လည်ပင်းမှာ တစ်ချက်တည်းပဲ၊ မှန်ထားပြီးတော့ နေရာမှာပဲ လဲကျ အသက်ပျောက် နေသည်။

ရန်သူဆိုသည့်ကောင်တွေကတော့ ဆိုးသည်။ ခေါင်းကို ထုထည့်ခဲတွေဘာတွေ ရိုက်နှက် ပုံပျက်ပန်းပျက်ကို အလောင်းလုပ်ထားခဲ့သည်။ ကျွန်တော်အလောင်းကောက်တော့ စုစုပေါင်း ပထမတိုက်ပွဲရော ဒုတိယတိုက်ပွဲရော အားလုံး ၁၁ ယောက်လောက် ကျသည်။ စစ်အခမ်းအနားနဲ့ သင်္ဂြိုဟ်ရသည်။ အဲဒီနေရာမှာ တော်တော်ကို တိုက်ရသည်။ ထိုညက တစ်ညလုံးပါပဲ။ ချလိုက်ကြတာ တစ်ခါတည်းကို ထမင်းမေ့၊ ဟင်းမေ့ ကိုယ့်လူကိုယ် ကယ်ထုတ်ရတာနှင့် တစ်ည ကုန်သည်။

ဗိုလ်ညွှန့်ဝင်းမောင်အလောင်းကိုတော့ ရပြီး ရန်သူတို့ကို အတင်းတွန်းလိုက်တိုက်သည်။ ရန်သူက ပစ်ခတ်သည်ကို နှိမ်မှ ကျွန်တော်တို့က အသာစီးရမည်။ မဟုတ်ရင် ကျွန်တော်တို့က ခံရဦးမည်။ ထို့ကြောင့် အတင်းစွတ်တိုက် စွတ်တိုက်သွားရင်းနှင့် ကျွန်တော်တို့ဘက်က ရဲဘော်တွေ ထပ်ကျသည်။ ကျွန်တော် မှတ်မိသေးသည်။ ဗိုလ်ညွှန့်ဝင်းမောင်ကို ချောင်းကောင်းမွန်မွန် စစ်အဝတ်အစား ကျကျနန လုပ်ပေး၊ နောက်ကျဆုံး ရဲဘော်တွေကို သယ်လာ၊ သယ်လာပြီး အားလုံးပဲ ကျွန်တော်တို့ စစ်အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်သည်။ မီးသင်္ဂြိုဟ်ပြီးတော့ ဗိုလ်ညွှန့်ဝင်းမောင် ပစ္စည်းတွေရော၊ ဘာတွေရော အကုန်လုံး ကျွန်တော်က ထုတ်ပြီးတော့ ယူလာခဲ့သည်။ မီးသင်္ဂြိုဟ်ပြီးတော့မှ နောက်ဆုံး မီးငြိမ်းလည်း ငြိမ်းသွားပြီးရော ပြန်ဆုတ်လာခဲ့ရာ တစ်ညတာ ကုန်ပါတော့သည်။ စက်ညှပ်၊ တိုက်ပွဲပြင်းထန်လက်နက် ပဋိပက္ခ ပြင်းထန်တိုက်ကြရင်း အမွှာညီနောင်ချင်း သတ်ဖြတ်ကြရသည်အထိ သံဝေဂရမိသည်။ နောင်သူညီအောင်သိန်းလွင်လည်း ကျဆုံးသွားပြီ ဖြစ်တယ်။

နောက်နေ့ နေရာတွေဘာတွေ ထပ်ရှင်းတော့ ဘာမှမရှိတော့ဘူး။ ရှင်းလင်းပြီးတော့မှ ကျွန်တော်တို့ တောင်ညိုမှာ ပြန်စုသည်။ တပ်တွေကို



တော့ တောင်ပေါ်တွေမှာ ထားသည်။ သိမ်းထားပြီးတော့ ငြိမ်လည်း ငြိမ်သွားပြီဆိုတော့မှ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ရသည်။ စိတ်ဓာတ်စစ်ဆင်ရေးဆိုတာ ပြောရဟောရ။ ကျွန်တော်တို့ ဘာလုပ်ရသလဲဆိုတော့ မှတ်မိသေးသည်။ ပထမဦးဆုံး စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့က တောက်လျှောက် ပါမလာသေးဘူး။ တောက်လျှောက်ပါလာတာက ဆေးတပ်ဖွဲ့ပါလာသည်။ နောက် ရုပ်ရှင်ရိုက်သည့်အဖွဲ့ ပါလာသည်။ နောက်အဖွဲ့ကျတော့ ကျွန်တော်တို့ဆီ ကြေးနန်းရောက်လာသည်။ "ဗျူဦးမနားက နောက်ထပ် သခင်စံမြင့်ခေါင်းဆောင်သော စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့ ရောက်လာသည်။ သွားခေါ်ရမည်" ဆိုတော့ ကျွန်တော်သွားခေါ်ရသည်။ တောင်ညိုမှာ စခန်းချသည့်နေရာက ခေါ်လာပြီးတော့ မင်းကုန်း၊ ဇလောင်း၊ မောင်းရန်း၊ ကြပ်ပြေး (ယခု နေပြည်တော်) **ဆင်ညာထိတုန်း** ပြီးတော့မှ ဗျူဦးမနားရောက်သည်။ သူတို့တပ်ရင်းက ဘယ်ထိလာပို့သလဲဆိုတော့ မင်းကုန်းအထိပဲ။ ကျွန်တော်တို့က မင်းကုန်းမှနေပြီး မအူပင်လေးပင်ကို သွားခေါ်ရသည်။ သည်မှာ ဖြစ်ရပ်ကလေး တစ်ခုပြောရဦးမည်။ ကျွန်တော့်တပည့်တစ်ယောက် အေးမောင်ဆိုတာရှိမည်။ ဒီကောင်ကလည်း သိပ်ပြီးတော့ ရိုးလွန်းအားကြီးသည်။ ကျွန်တော့် ပါလာသည့်တပ်စုက "တပ်ကြပ်ကြီးအောင်ခင်၊ ငါ ပါလာတဲ့ တပ်စုနဲ့ မအူလေးပင်မှာ ငါနေလိုက်ဦးမယ်၊ ကြိုလိုက်ပြီးတော့ ခေါ်လာခဲ့" ဆိုပြီး လွှတ်လိုက်တော့ အောင်ခင်က ထွက်သွားသည်။ သူ့တပ်စိပ် တစ်စိပ်ထားခဲ့သည်။ ကျွန်တော့် တပ်စိပ်၊ နှစ်စိပ်ထားခဲ့ပြီး ကျန်တဲ့လူ ခေါ်သွားသည်။ ကျွန်တော်ကလည်း သိပ်ပင်ပန်းလွန်းအားကြီးတော့ ထိုးလှဲထားသော ကျွန်းတုံးကြီးတွေ ပြောင်ပြီးတော့ သန့်နေတော့ "ကဲ ကျွန်းတုံးခုံခွက်ထဲမှာ ငါ ခဏ အိပ်ဦးမယ်" ဆိုပြီး တပည့်အေးမောင်ကို ပြောလိုက်သည်။ လမ်းမှာကလည်းပဲ တိုက်နေတုန်းက ကွန်မြူနစ်တပ်သား နှစ်ယောက်က မိလာသေးသည်။ ရန်သူကို မိလာရင် ဘာမှမလုပ်ဘူး။ သတ်ပစ်တာ မရှိဘူး။ ဒီလိုလုပ်လို့ မရဘူး။ ကျွန်တော်တို့မှာ ဒီလိုသတ်တာ အစဉ်အလာလည်း မရှိဘူး။ တိုက်ရင်တိုက်မယ်။ မိလာရင် ဥပဒေအရပဲ အရေးယူမည်။ ကွန်မြူနစ်ကောင်လေးနှစ်ကောင် မိလာသည်။ ကျွန်တော်က "အေးမောင်၊ ငါ အိပ်ချင်တယ်ကွာ၊ လုံခြုံရေးတွေလည်း အနားမှာရှိတယ်၊ ကိုဖမ်းထားတဲ့ ကောင်လေးနှစ်ကောင်လည်း ဂရုစိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေကို ကြိုးတွေ ဘာတွေမချည်ထား၊ ကြိုးမချည်ဘူး အစောင့်ပဲ ထားသည်။ သို့ဖြင့် အစောင့်လည်း ရှိသည်။ ငါ နည်းနည်း အိပ်လိုက်ဦးမည်ဆိုပြီး အိပ်ရော အိပ်ရင်းနှင့် ဆူညံ ဆူညံကြား၍ ထွက်ကြည့်ရာ အောင်ခင်က စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့နှင့် ရောက်လာသည်။ ကျွန်တော်အိပ်နေတာ အောင်ခင်က မသိတော့ အေးမောင်ကို လှမ်းခေါ်သည်။ "ဟေ့ကောင် အေးမောင်၊ မင်းဆရာ ဘယ်မလဲ" အေးမောင်က ဘယ်ရောက်နေလဲဆိုတော့ အုန်းပင်ပေါ်မှာ အောင်ခင် တစ်ခါတည်း ဆဲတော့သည်။ "မင်းဘာလုပ်တာလဲ၊ တပ်ရင်းမှူးကို မစောင့်ရှောက်ဘဲနဲ့ ဘာဖြစ်လို့ အုန်းပင် တက်ခူးနေတာလဲ" အေးမောင်က "တပ်ရင်းမှူးကြီး အိပ်ရာနိုးလို့ ရှိရင် အုန်းရည်သောက်လို့ရအောင် ကျွန်တော် တက်ခူးတာ"ဟု ပြန်ပြောသည်။ "ဒါဆို ဟိုကောင်လေးတွေရော" မေးတော့ အေးမောင်က "ကောင်လေးတွေတော့ ရှိတယ်" ကျွန်တော်က "ဟာ မင်းကွာ၊ ဒီကောင်လေးကများ တစ်ခုခုလုပ်လိုက်ရင် ငါခံရမှာ" ကျွန်တော်ကပြောသည်။ စေတနာက တပ်ရင်းမှူးကို အုန်းရည်တိုက်မယ်၊ ကောင်လေးတွေကလည်း အေးနေပြီဟု စိတ်ချနေသည်။ ကောင်လေးတွေ၏စိတ်ကို သူမသိဘူးလေ။ နောက်တော့ ကွန်မြူနစ်ကောင်လေးတွေက ဘယ်လိုဖြစ်လာလဲဆိုတော့ လူကလည်း လူ ငယ်လေးဆိုတော့ သူတို့ဘဝကို စိတ်လည်း သူကုန်သွားပုံရသည်။ ကျွန်တော်တို့က ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုလာသည်ဆိုတော့ စိတ်က ညွတ်သွားသည် ထင်ပါရဲ့။ ရန်မလုပ်ချင်တော့သည့် သဘောဖြစ်နေပြီ။ ထိုစဉ်တုန်းကသာ စိတ်က ထက်ထက်မြက်မြက်နှင့်ဆိုရင် ဒီကောင်တွေ ကျွန်တော့်ကို လုပ်ပြီးတော့ ထွက်ပြေးသွားလို့ရသည်။ ဓားနှင့်ပဲ ထိုးသွားသွား၊ ထုသွားသွား ကျွန်တော်က သေပြီး သူ့ဟာသူ ထွက်သွားလည်း ရသည်။ သည်အချိန် စိတ်ဓာတ်စစ်ဆင်ရေးက သခင်စံမြင့် တရားဟောသည်။ သခင်စံမြင့် ဘာတရား ဘာဟောသလဲဆိုတော့ လယ်ယာမြေနိုင်ငံပိုင်လုပ်ရေး ဥပဒေထုတ်လိုက်ပြီ။ လယ်ခွန်နှစ်ဆ သီးစားခ၊ အမိပွာယ်က လယ်ရှင်ယာရှင်နှင့် ပတ်သက်လို့ သူ့အခွန်ဆောင်ရမယ့်ဟာအတွက်ကို နှစ်ဆပေးပြီး ကျန်တာကို မင်းတို့ လုပ်တဲ့လူက ရသည်။ လယ်သမားတွေက သဘောကျကြသည်။ အဲ့ဒီမှာ ထပြောတာ ရှိသေးသည်။ "လယ်ခွန်



နှစ်ဆ၊ သီးစားခ ဆိုတာတော့ နားလည်ပါတယ်၊ ကျွန်မတို့က ဘယ်လယ်ကို လုပ်ရမှာလဲ၊ ဘယ်သူနဲ့ လုပ်ရမှာလဲ" မေးသည်။ "ဒီမှာ လယ်တွေရှိတာပဲ ခင်ဗျားတို့ လုပ်ရမှာပေါ့" ပြန်ပြောတော့ "မဟုတ်ဘူးလေ ကျွန်မတို့ကို လယ်နဲ့ပတ်သက်တာ မဝေခြမ်းခင်၊ လင် ဝေခြမ်းပါဦး" ဟုဆိုသည်။

ဘာဖြစ်လို့လဲဆိုတော့ မေးကြည့်တော့မှ မအူလေးပင်ရွာမှာရှိသော ရွာတစ်ရွာလုံးက ယောကျ်ားတွေကို သောင်းကျန်းသူ ကချင်လက်နက်ကိုင် နော်ဆိုင်းသတ် သွားသည်။ ယောကျ်ား တော်တော်များများ သတ်သွားသည်။ နော်ဆိုင်းက လူတွေ သတ်ပြီးတော့မှ တောခိုပြီး တောင်ငူက ကေအင်ဒီအို ဆက်သွယ်ပြီးတော့ လေယာဉ်ပျံနဲ့ လာသိမ်းသည်။ "ကျွန်မတို့ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက ဗိုလ်ကြီးနော်ဆိုင်းက ဒီလိုလုပ်သွားတယ်၊ ယောကျ်ားတွေ သေသွားတဲ့အတွက် လယ်လုပ်မယ့် လူတောင် မရှိဘူး၊ လယ်ကို မဝေခင် လင်အရင်ဝေပါဦး"ဆိုတော့ ဩော် ဖြစ်မှဖြစ်ရလေဟု ပြောရတော့သည်။ "လယ်ခွန် နှစ်ဆ သီးစားခ" က ကွန်မြူနစ်တွေကို ပြန်လည်တိုက်နိုက်သည့်နေရာမှာ လယ်သမားတွေ စိတ်ကိုထိရောက်သည်။ သူတို့က လယ်ဝေခြမ်းရေးနှင့် ပတ်သက်တာ အားလုံးကို ပစ္စည်းမဲ့လူတန်းစား အခြေခံပြီး လယ်ဝေခြမ်းရေး လုပ်နေသောအချိန်၊ တချို့လယ်ကို ကိုယ့်ဟာကိုယ် ပိုင်ဆိုင်ပြီး လုပ်နေသော အချိန်။ လယ်လွတ်ယာလွတ် ဖြစ်သွားတုန်းမှာ လယ်သမားတွေနှင့် ပတ်သက်ပြီးတော့ မင်းတို့ လုပ်စရာရှိတာလုပ်၊ အစိုးရကို အခွန်နှစ်ဆပဲ ဆောင်ထားရမယ်။ ပြီးရင် မင်းတို့ လုပ်နေတာ အကုန်ရမယ်ဆိုတော့ သဘောကျကြသည်။ လူထုက ဘာပြောပြော အရေးအကြီးဆုံး အင်အားကအစိုးရအပေါ်မှာ ယုံကြည်ပြီး ပိုပြီးတော့ ညွတ်လာဖို့ပင်။ သည်မှာ လူထုက ညွတ်သွားသည်။ ဘာပဲပြောပြော နိုင်ငံရေးအခြေရှာသည့်အခါမှာ စစ်ရေး သက်သက်နှင့် ဘယ်တော့မှမရ။ နိုင်ငံရေးအရ ပြည်သူလူထုအား ယုံကြည် မှုပေးနိုင်လျှင် အောင်မြင်သည်ပင်။ အစိုးရကို လူထုက ထောက်ခံအားပေးပြီးတော့ သည်နယ်တွေမှာ ကွန်မြူနစ်နှင့် ပတ်သက်တာ အားလုံးကို သူတို့ သိပ်ပြီးတော့ စိတ်ပျက်သွားကြပြီ။

သတိရတာပြောဦးမည်။ ရှေ့ပိုင်းမှာ ပြောခဲ့သည်။ အောင်သိန်းလွင်က နောက်ပိုင်းကျတော့ တိုက်ပွဲကျသွားသည်။ ကသာတိုက်ပွဲမှာ ဒီကောင်ကျ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟုသိရသည်။ သူက ဗကပမှာ တပ်မှူးကြီးဖြစ်ပြီးမှ တိုက်ပွဲကျသွားခြင်းပင်။ ပြောပြမည်။ စိတ်ဓာတ်စစ်ဆင်ရေးမှာ ကာတွန်းဆရာတွေကလည်းပဲ သခင်သန်းထွန်းနှင့် ပတ်သက်သော အပုပ်ချတာတွေ ဘာတွေရေးသည်။ ရွှေတိဂုံဘုရားကြီး လက်ညှိုးထိုးပြီးတော့ "ဒါ ပြည်သူ့ဘဏ္ဍာဖြစ်ရမယ်" တို့ ဘာတို့ရေးကြသည်။ နောက်တော့မှ "အားလုံး ကြိုးကြိုးစားစား လုပ်ကြပေ့" ဆိုတော့ "ဟုတ်တယ် ကြိုးကြိုးစားစား လုပ်နေပါတယ်၊ ကျွန်တော် ကျွန်မတို့ရဲ့ အရှင်သခင်ဖြစ်တဲ့ ကွန်မြူနစ် ခေါင်းဆောင်ကြီးများအတွက် ကျွန်မတို့ ကြိုးစားနေပါတယ်" ဆိုသော ဝါဒဖြန့် စာရွက်တွေလည်း ဖြန့်သည်။ တပ်ကလည်း ပထမတော့ စိတ်ဓာတ်စစ်ဆင်ရေးပဲ၊ နေကြာစခန်းတစ်ခုလုံး ကွန်မြူနစ်အုပ်စိုးသော နေရာတိုင်းကို စိတ်ဓာတ်စစ်ဆင်ရေးအရ လုပ်နေတာနှင့် ကျွန်တော်တို့ ဒီမှာ နည်းနည်းကြာသွားသည်။ ဒီလိုကြာတုန်းမှာ ကျွန်တော့်ဆီ ကြေးနန်းဝင်လာသည်။ ဘာကြေးနန်းဝင်လာလဲလို့ဆိုတော့ ဗိုလ်ကြီးတောက်ထိန်ဆီကနေ ကြေးနန်းဝင်လာသည်။ ကျွန်တော့်တပ် အဆက်အသွယ်က နောက်တန်း စာတစ်စောင် ဝင်လာသည်။ ကိုကြီးတောက် (ဗိုလ်တောက်ထိန်) "ညီလေး တင်ဦး၊ အစ်ကိုကြီး စစ်ဆင်ရေးကို လိုက်လာချင်တယ် အမြန်ဆုံး လာခေါ်ပါ" စစ်ဆင်ရေးကို လိုက်ချင်လို့ ဖဆပလ အမတ်တစ်ယောက်အနေနှင့် လိုက်ချင်လို့ဆိုတော့ ကျွန်တော်က လူလွှတ်ခေါ်ရသည်။ အပြန်ကျတော့မှ စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့က ထပ်ပြီးတော့ ပါလာကြပြန်သည်။ အပြန်မှာ ကွန်မြူနစ်က ချုံခိုတိုက်ခိုက်ရာ ကျွန်တော်တို့က ပြင်းပြင်းထန်ထန်ကို ခံရသည်။ သူတို့ကို ခြေမှုန်းအောင်ပွဲခံလိုက်ပါသေးသည်။

ဗိုလ်တောက်ထိန်လာတုန်းက မင်းကုန်း၊ မအူလေးပင်နားကို သူက လာသည်။ သူက ကျွန်တော့် တွေ့တွေ့ချင်းမေးသည်။ "ညီလေး ဒီတောင်ကုန်းတွေ ဒီတောင်တန်းတွေ အေးချမ်းရဲ့လား" ဆိုတော့ "ကိုကြီးတောက်ရယ် အေးပါပြီ၊ ဘာမှ ရန်သူလည်း မရှိတော့ပါဘူး" ဟု ပြောသည်။ သူက သိပ်ကြောက်နေသည်။ သူက သူ့လာခေါ်ခိုင်းသောအကြောင်းကို မေးကြည့်သည်။ သူက **ပမညတက** ကိုဘဒင်ကို အလျှူပွဲပြန် သူက ရိုက်ထားသည်။ အလျှူတစ်ခုရှိ၍ သွားသည်။ ပျဉ်းမနားမှာ အကုန်လုံး



ဖိတ်သည်။ သခင်ဘဒင်က **ပမညတက** မြို့နယ် ခေါင်းဆောင်၊ သခင်ဘဒင် အလှူက အပြန်မှာ ဗိုလ်တောက်ထိန်ရယ် သူ့လက်မရွံ့သား တကယ့်လူမိုက် ဝဏ္ဏရယ်တို့က တွေ့တော့ ရိုက်ကြသည်။ "ဟေ့ကောင် ဘဒင်၊ လူလည်း မရှိဘူး၊ ဒီကောင့်ကို နည်းနည်းဆုံးမလိုက်ရင် ကောင်းမယ်" ဆိုပြီး ဝဏ္ဏက ကားပေါ်ကဆင်းပြီး ကားကိုလှည့်သော ဂေါက်နှင့်ရိုက်လိုက်သည်။ ရိုက်တော့ ခေါင်းမှာကွဲသွားပြီးတော့ သခင်ဘဒင် လဲကျသွားသည်။ လဲသွားပြီဆိုတော့မှ ဗိုလ်တောက်ထိန်က ကားပြန်နောက်ဆုတ်ပြီးတော့ သခင်ဘဒင်ကို တိုက်လိုက်သေးသည်။ တိုက်ပြီးတော့မှ မောင်းပြီး ပြန်လာရာ ပြန်လည်းလာရော လူသတ်မှုဖြစ်သည်။

သခင်ဘဒင်က ပွဲချင်းပြီး သေရှာသည်။ အဲသည်မှာ ကားနှင့်မတော်တဆ တိုက်မိသည်ဟု ပြောသည်။ ရုံးတင်ပြီးတောင် မစစ်ဆေးသေးမီ ကြောက်လန့်ပြီး ပြေးခြင်းပင်။ သူ့ကို ခေါ်လာခဲ့တော့ လမ်းမှာ ချုံခိုတိုက်ခိုက်ခံရသည်။ ချုံခိုတိုက်ခိုက်တော့ ကျွန်တော်တို့လည်း ရှုပ်ရှုပ်ချုံချုံ ပြန်ချကြသည်။ တိုက်ပွဲဖြစ်တာ မအူလေးပင်နှင့် တောင်ညိုကြားမှာဖြစ်သည်။ တောင်ညိုလည်း ရောက်ခါနီးနေပြီ။ တောင်ညိုကိုရောက်ဖို့ လွှစင်ကုန်းဆိုတာ ရှိသည်။ လွှစင်ကုန်း ရောက်ခါနီးလေးမှာ စိတ်ကလည်း အေးသွားပြီ၊ ဒီနားမှာ ကပ်ပြီးတော့ တောင်စောင်းကနေပြီး အတင်းပြေးဝင်ပြီး တိုက်ကြသည်။ အဲဒီမှာ ကျွန်တော်တို့ကလည်း ကားပေါ်က ခုန်ဆင်းပြီးတော့ တိုက်သည်။ ကံကောင်းချင်တော့ ကျွန်တော်တို့ဘက်က သုံးယောက်သာ ဒဏ်ရာရသည်။ ဒါပေမယ့် ဒီမှာတိုက်တဲ့ ကွန်မြူနစ်ခေါင်းဆောင်ရေး လူခြောက်ယောက်ရော ကျကျန်ရစ်ခဲ့သည်။ ကျကျန်ခဲ့ပြီးတော့ ရန်သူ အလောင်း ထားရစ်ခဲ့ရသည်။ ဗိုလ်တောက်ထိန်လည်း ကြောက်လိုက်တာ မပြောနှင့်။ နောက် တော်တော်လေးကြာတော့မှ ဗိုလ်တောက်ထိန် ဒီအကြောင်းတွေ သိရသည်။

ဗိုလ်တောက်ထိန် လူသတ်မှုဖြစ်သည်။ ဒါပေမယ့် အမှုက ဘယ်လိုဖြစ်သည်လဲဆိုတော့ ပျဉ်းမနားမှာ ရှိနေသော ဆရာဝန်က ဒေါက်တာသန်းကျော်၊ ပျဉ်းမနားသန်းကျော် သူ့ကို ရမ်းကျော်လို့လည်း ခေါ်ကြသည်။ သူက နည်းနည်း ရမ်းလွန်းအားကြီးလို့ဟုဆိုသည်။ ဗိုလ်တောက်ထိန်တို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပနားစားသူဖြစ်သည်။ ကျွန်တော်တို့ တပ်နှင့်လည်း အဆင်ပြေသည်။ သို့သော် ဗိုလ်တောက်ထိန်တို့က ဩဇာညောင်းသည်။ အမှုက ဘယ်လိုဖြစ်လဲဆိုတော့ သခင်ဘဒင်နှင့် လမ်းမှာ တွေ့စဉ်မှာ ခိုက်ရန် ဒေါသဖြစ်ရင်း နောက်ဆုံး လက်လွန်ခြေလွန် ဖြစ်ပြီးတော့ သေဆုံးသွားသည်ဟု အမှုကို လုပ်ကြံဖန်တီးသည်။ အမှန်က မဟုတ်ဘူး။ ခေါင်းဒဏ်ရာကတော့ ခေါင်းကို ရိုက်တဲ့ဒဏ်ရာက မရှိဘူးပေါ့။ ရိုက်ကြနှက်ကြရင်းနှင့်ပဲ ဖြစ်တယ်ဆိုပြီးတော့ အမှုက နောက်ဆုံး ပြီးသွားသည်။ ဘာမှ တရားမျှတမှုမရ ဗိုလ်တောက်ထိန် ကွင်းလုံးကျွတ် လွတ်သွားသည်။

သည်အချိန်မှာ ပျဉ်းမနားတစ်ဝိုက် ဗကပရန်စွယ်လည်း ရှင်းသွားပါပြီ။ နောက် သူတို့လည်း နှစ်နှစ်အတွင်း စစ်အနိုင် တိုက်ရေးကနေပြီးတော့ ရေရှည်စစ်ပွဲဆိုတော့ တချို့ကွန်မြူနစ်တပ်တွေက တောင်တွင်းကြီးဘက်မှာ ကျန်ရစ်ခဲ့သည်။ သခင်သန်းထွန်းတို့ မြောက်ပိုင်းသွားကြဖို့ အစီအစဉ် ဖြစ်လာသည်။ ဒါပေမယ့် သခင်သန်းထွန်းတို့က နေရစ်ခဲ့ပြီးတော့ ကျန်တဲ့ လူတွေက သွားကြဆိုသည့် အစီအစဉ် ဖြစ်သွားသည်။ ကွန်မြူနစ်ခေါင်းဆောင်ထဲက တော်တော်များများ သခင်တင်ထွန်းတို့၊ သခင်ချစ်တို့ ကျန်ရစ်ခဲ့ပြီးတော့ တော်တော်များများက မြောက်ပိုင်းသို့ သွားကြသည်။ ပျဉ်းမနားက ပြန်လာပြီးတော့ ဘာမှမကြာဘူး။ တပ်ကို လာလဲသည်။ "မင်းတို့တပ်က ခုနက ကွန်မြူနစ် ဆုတ်သွားတဲ့နေရာကို တောက်လျှောက်လိုက်ပြီး ချေမှုန်းရမယ်" ဆိုပြီးတော့ ကျွန်တော်တို့တပ်ကို ခြေလျင်တပ်ရင်း ၈ က လာလဲသည်။ ထိုအချိန်က ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲတွေ ပြီးတော့မှ ကျွန်တော်တို့ ဗကပနောက်လိုက်ရသည်။ သည်အချိန်မှာပဲ ကျွန်တော် တပ်ရင်းမှူးတာဝန် ထမ်းဆောင်နေရပြီ။ တပ်ရင်းမှူးတာဝန်ကတော့ စစ်ဆင်ရေး စကတည်းက ရခဲ့သည်။ အမိန့်ထွက်ပြီးတော့မှ ဆက်ပြီးတော့ တပ်က ချီတက်ရသည်။ ဟိုတုန်းက တပ်ပြောင်းသည်ဆိုတာ အကုန်လုံး ပစ္စည်းပစ္စယ အကုန်ပြောင်းရသည်။ ယခုအချိန် တပ်ပြောင်းသည်ဆိုတာက လူပဲ လိုက်ပြောင်းရသည်။ ပစ္စည်းကတော့ သတ်မှတ်ထားသည့်အတိုင်း ဌာနချုပ်မှာ ရှိပြီးသားပင်။ လက်နက်ကျည်ဆန်ရော ကိုယ့်ဟာကိုယ်လွယ်၊ ကိုယ့် ဟာကိုယ်ယူ ပြောင်းရသည်။

❑

## အခန်း (၂၇)

## အသက်စွန့်လွှတ်၊ စွန့်စားတိုက်ရသော ပင်လယ်ဘူးတိုက်ပွဲ

ကျွန်တော်တို့ တပ်ပြောင်းစဉ် ပထမ မန္တလေးကို ရောက်သည်။ မန္တလေးကနေပြီးတော့မှ ကသာကိုသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာကွန်မြူနစ်တွေ ကသာကနေ တရုတ်ပြည်ကို သွားကြပြီလေ။ သူတို့က ရေရှည်စစ်ပွဲ ဆင်နွှဲမယ်ဆိုတော့ ရေရှည်စစ်ပွဲဆင်နွှဲဖို့အတွက် အထက်က ဗဟိုဌာနချုပ်ကို နောက်ချန်ထားခဲ့ပြီးတော့ တကယ့်ခေါင်းဆောင်ပိုင်းတွေ သခင်သန်းထွန်းတို့၊ သခင်ချစ်တို့၊ သခင်ဇင်တို့ကတော့ ကျန်ရစ်ခဲ့သည်။ တချို့တစ်ဝက်ကတော့ အကုန်လုံး ဟိုဘက်ကို သွားကြသည်။ ရဲဘော်သုံးကျိပ်ဗိုလ်ဇေယျ တရုတ်ပြည်ကို သွားသည်။ ဒီဘက်လမ်း သွားပေမယ့် တရုတ်ပြည်ထဲ ရောက်တာ မဟုတ်ဘူး။ နယ်စပ်ကနေပြီးတော့ ပြန်ပြီးတော့ **ပန်းမောက်**တို့၊ **ပင်လယ်ဘူး**တို့ နေရာတွေဘက်မှာ အခြေတည်သည်။ ပင်လယ်ဘူးဘက်မှာ အေးချမ်း နေရာကနေ ပင်လယ်ဘူးမြို့ ကွန်မြူနစ်လက်ထဲ ကျသွားသည်။ ကျွန်တော်တို့ ဆက်ပြီးတော့ တာဝန်ထမ်းဆောင်ရမယ်ဆိုတော့ ကျွန်တော်တို့တပ်က ဒီမှာက တိုက်ပွဲလည်း ဖြစ်ခဲ့ဖူးသည်ကိုး။ ဒါကို အကြောင်းပြုပြီးတော့ လိုက်ရမည်ဆိုတော့ တောက်လျှောက် ကျွန်တော်တို့ လိုက်သည်။ တပ်က ကသာကို သွားရသည်။ ကသာသွားသည့်အခါ ပထမ ရထားနှင့် မန္တလေးရောက်၊ အထက်သွားမည့် မြစ်ကြီးနား

www.burmeseclassic.com

www.burmeseclassic.com



ရထားနှင့် ဆက်သွား **နဘားမှ** ဆင်းရသည်။ နဘားက ကသာကို ရထားလမ်းလေးနှင့် ဝင်သည်။ တချို့သော ပစ္စည်းတွေကျတော့ သင်္ဘောနှင့်သယ်ရသည်။ အညာဘက်က သင်္ဘော၊ တပ်ကပစ္စည်းတွေ အကုန်လုံးတင်ပြီးတော့ သင်္ဘောနှင့်ပို့သည်။ ပထမဆုံး ရှေ့ပြေးတပ်ခွဲကတော့ အရင်သွားရသည်။ ကျန်သော အလယ်တပ်ခွဲနှစ်ခွဲနှင့် နောက်အုပ်ချုပ်ရေးတပ်ခွဲက နောက်ဆုံးမှ လိုက်သည်။ ပျဉ်းမနားက အဆက်အသွယ်က သွားလို့လာလို့ အင်မတန် ကောင်းသွားပြီ။ ရထားလမ်းကလည်း ကောင်းလို့ တော်တော်သွားနေပြီ။ တော်တော့်ကို အဆင်ပြေသွားကြပြီ၊ ၁၉၅၂ ခုနှစ် ဆောင်းဦးပေါက်ရာသီပဲ။ ကျွန်တော်တို့ သွားတာ မှတ်မိသည်။ ကျွန်တော်တို့ ကသာရောက်တော့ နှင်းတွေကျခဲ့ပဲ။ နို့ဝင်ဘာလောက် ရှိမည်။ နံနက်ဆို မိုးသိပ်မရှိတော့ နှင်းတွေပဲ ဝေနေသည်။ နှင်းတွေ ဝေပြီးတော့ တပ်က တစ်ယောက်နှင့် တစ်ယောက် မမြင်။ ကျွန်းတောကြီးထဲမှာ နေရသည်။ ကျွန်တော်ပြောပြဦးမည်။ ကျွန်တော်တို့ ပထမဦးဆုံး မသွားခင်မှာ ကျွန်တော်တို့ ကာကွယ်ရေးဦးစီးချုပ် ရုံးကနေပြီးတော့ ယာယီနေရာထိုင်ခင်း ဆောက်သည်။ ယာယီအိမ်ဆောက်သည့်အခါမှာ ရှေ့ပြေး ကင်းထောက်သွားရသည်။ ကျွန်တော် သွားရသည်။ ရေလမ်းက ကျွန်တော်တို့ လိုက်သွားသည်။ မန္တလေးက နေပြီးတော့ မော်တော်ဘုတ်လေးနှင့် သွားကြသည်။ ကျွန်တော်တို့ ရောက်ပြီးတော့ တပ်စခန်းချမည့်နေရာ သွားကြည့်သည်။ ကသာမြို့တောင်ဘက်ချောင်းလေးတစ်ခု ရှိသည်။ ဧရာဝတီမြစ်၏ အနောက်ဘက် ကျွန်းတောကြီး ရှိသည်။ နည်းတဲ့ ကျွန်းတောကြီး မဟုတ်ဘူး။ ကျွန်းတောကြီးက အကြီးကြီးပဲ၊ ကျွန်းတောထဲမှာ သူတို့က အကုန်လုံးလမ်းလေးတွေဖောက်သည်။ ဒီနေရာက ကျွန်တော်တို့ တပ်ခွဲလိုင်း အင်ပင် အင်သားတွေနှင့် ဆောက်သည်။ အပေါ်က အင်ဖက်တွေ မိုးပြီးတော့ ယာယီပါပဲ။

နဘားကနေပြီးတော့ အောက်ကိုဆင်းလာတော့ ကောလင်း၊ ဝန်းသိုဝန်းသိုကသွားသွား၊ ကောလင်းကသွားသွား ကျွန်းသစ်ချလမ်းရှိသည်။ သစ်ချလမ်း ကုန်းကြောင်းသွားရသည်။ ကုန်းကြောင်းသွားရတော့ ပထမဦးဆုံး ဝင်းကြီးပြီးတော့မှ တောင်ပေါ်တက်ရသည်။ တောင်ပေါ် တော်တော်လေးတက်တော့မှ ပေကုန်း။ ပေကုန်းကျတော့ တောင်ကြောအတိုင်း လိုက်သွားပြီးတော့မှ စိန်ကြီး၊ ဟဲသတ်၊ ပင်လယ်ဘူးဆိုတော့ မိုင် ၄၀ လောက်များရှိမလား မသိဘူး။ ကျွန်တော်တို့ နှစ်ရက်သွားရသည်။ ကသာက သွားသည်ဆိုတော့ ပထမဦးဆုံး သံချပ်ကာကားကအရင် ထွက်ရသည်။ နေရာတွေက မိုင်းထောင် ဘာထောင်နှင့် တော်တော်လေး ရှိသေးသည်။ သည်တော့ သံချပ်ကာ ကားနှင့်တက်။



တပ်သားတွေနေမည့်နေရာကလည်း အင်ဖက်တွေ မိုးပေးသည်။ နောက် ရိပ်သာတစ်ခုထားသည်။ အရာရှိနေဖို့အတွက် အိမ်လေး ၆ လုံးဆောက်သည်။ အရာရှိ တော်တော်များသေးသည်။ သိပ်ပြီးတော့ မဆုံးကြသေးဘူး။ ဒီမှာ ကျွန်တော်တို့ရောက်တော့ အကုန်စီစဉ်ပြီး ဝင်ကြသည်။ တပ်မှာ မိသားစုလိုင်းပေးတော့ အားလုံးတပ်ရဲ့ ရာခိုင်နှုန်း ၃၀ ကိုပဲဆောက်ပေးသည်။ ဒါပေမယ့် ရာခိုင်နှုန်း ၃၀ မှာ မိသားစုက အားလုံးနေဖို့အိမ်ကလောက်သည်။ ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများ လူပျိုတွေကများသေးသည်။ ယခုအခါ တပ်ရွှေ့လို့ရှိလျှင် မိသားစုက ယောက္ခမရော၊ ခယ်မရော အကုန်လုံးပါလာသည်။ ဟိုတုန်းကတော့ သည်လို မရှိဘူး။ ကိုယ့်တပ်မှာ ရှိတဲ့လူရယ်၊ ပါမယ်ဆိုရင် သူ့ဇနီးရယ်၊ ကလေးရယ်၊ ကလေးကလည်း မများဘူး နှစ်ယောက်လောက်ပါပဲ။ ၅ ယောက်ဆိုတာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဟိုတုန်းက တပ်က တော်တော် နုသေးတာကို။ အဆောက်အအုံတွေ ပြီးတော့ ဝင်ကြသည်။ ကျွန်တော်တို့လည်း ပင်လယ်ဘူးမှာ တိုက်ရမည်ဆိုတော့ သံချပ်ကာ ကားတစ်စင်းပဲရှိသည်။ သံချပ်ကာကား နောက်မှာမှ ကျွန်တော်တို့ရဲ့ လူစီးတွဲ သံချပ်ကာ ရထားလည်းရှိသည်။ သံချပ်ကာ ကားက ရထားလမ်း အရင်သွားရသည်။ အကာအကွယ်နှင့် ကျွန်တော်တို့သစ်တုံးတွေ ဘာတွေ တင်ပြီးတော့မှ လူ ၄၊ ၅၊ ၆ ယောက်လောက်စီး၊ နောက်ကနေ ကျွန်တော်တို့ရထားက လိုက်သည်။ သံချပ်ကာကားက မောင်းသွား၊ နောက်က ရထားကလိုက်။ နောက်ပိုင်းကျတော့ သံချပ်ကာကားက လိုက်စရာ မလိုဘူး။ ကသာဘက်မှာကတော့ လိုက်ရသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလမ်းဘက်က ခဏခဏ မိုင်းထောင်တာ၊ ကွန်မြူနစ်တွေ တော်တော်လေး တောင့်တောင့်တင်းတင်းနှင့် ရှိနေသေးသည်။ အဲ့ဒီတုန်းက သူတို့လည်း တော်တော်တောင့်သည်။ ဒီက တက်လာ

www.burmeseclassic.com



သောလူနှင့် ဟိုမှာ ပြောက်ကျား လုပ်နေသောလူနှင့် ပေါင်းလိုက်တော့ တော်တော်များသည်။ ပြီးတော့ သူတို့နေရာက တရုတ်ပြည်လည်း နီးသွားတော့ ဟိုကနေပြီးတော့ ခဲယမ်းမီးကျောက်ရယ်၊ မိုင်းတွေရယ်၊ မိုင်းတွေက ခေတ်မီတဲ့ မိုင်းတွေ သူတို့ရသည်။ ပြောပြဦးမည်။ ကျွန်တော်တို့ အကုန်လုံး ကသာမြို့ ရောက်သွားပြီ။ ရောက်သွားပြီးတော့ အရေးအကြီးဆုံးက ပင်လယ်ဘူး တိုက်ရမှာ။ ပင်လယ်ဘူးတိုက်ဖို့ဆိုတော့ ကျွန်တော်ပဲ သွားရသည်။ ကျွန်တော်ရယ်၊ တပ်ခွဲနှစ်ခွဲပေါ့။ A ကုမ္ပဏီရယ်၊ C ကုမ္ပဏီရယ် သွားသည်။ ကျွန်တော်တို့က ပစ္စည်းပစ္စယကို လှည်းနှင့်တင်သည်။ တင်ပြီး ထွက်တော့ ဝင်းကြီးအထိတော့ ဘာမှမဖြစ်သေးဘူး။ ဝင်းကြီး လွန်သွားပြီးတော့ ပေကုန်းမရောက်ခင် ၆ မိုင် တောင်ပေါ်တက်သွားပြီ။ ၆ မိုင်အလိုမှာ နေ့လယ်နှစ်ချက် တီးလောက် ရောက်သွားသည်။ နေ့လယ်ရောက်သွားတော့ နောက်ရောက်ရမယ့် နေရာလေးက ပေကုန်းဆိုတော့ ၆ မိုင်ဝေးသည်။ ၆ မိုင်က တောင်ကြောအတိုင်းသွားရင် ရောက်သည်။ တောင်ကတော့ အကွေ့အကောက် သွားရသည်။ ကျွန်တော်က ပြောသည်။ "ဗိုက်နားလိုက်ကြရအောင်" ဆိုပြီးတော့ နားသည်။ နားပြီးတော့ ကျွန်တော်က ဟုစ်ကို ခဏ အိပ်ခိုင်းလိုက်သည်။ အိပ်ပြီးတော့ အိပ်ရာနိုး အနားယူပြီး အိပ်သည့်ကောင်လည်း အိပ်၊ ရေချိုးသည့်ကောင်လည်း ချိုး။ စမ်းချောင်း ဘာတွေက ရှိတာကိုး။ ကျွန်တော်လည်း ရေချိုးပြီးတော့ "ကဲ ညနေ ၄ နာရီလောက် ထွက်မယ်" ပြောလိုက်သည်။ မိုးတွေက အုံ့လာသည်။

မမျှော်လင့်ဘဲနှင့် မိုးအုံ့လာသည်။ မိုးကုန်စရာသီပဲ။ တော်တော်များတော့ တပ်ခွဲတစ်ခုကပြောသည်။ "ကျွန်တော်တို့ ဒီမှာ အိပ်လိုက်ပြီးတော့ မိုးလင်းမှ သွားရအောင်၊ မတော်လို့ မိုးကျရင် မိုးတွေ သိပ်ရွာရင် လမ်းကလည်း ချောမည် နောက်ပြီးတော့ ပါလာတဲ့ နွားတွေလည်း ပင်ပန်းမည်" ကျွန်တော်က ပြောသည်။ ၆ မိုင်ဆိုတာ မင်းတို့ ၁ နာရီခွဲ၊ ၂ နာရီပေါ့ကွာ၊ ပြီးတော့ တောင်ကြောပဲ သွားတာပေါ့၊ တို့ ဒီက ၄ နာရီထွက်ရင် ဟိုကို ၆ နာရီရောက်မှာပဲ" ဟု ပြောလိုက်သည်။

တောင်ကြောက အတက်အဆင်း သိပ်မရှိဘူး။ ခပ်ပြေပြေပဲ။ အဲဒီက တောင်ကြောတွေက သိပ်အမောက်ကြီးတွေလည်း မဟုတ်ဘူး။ ခပ်ပြေပြေ



တွေပဲဆိုတော့ တပ်ခွဲမှူးတွေက ကျွန်တော့်ကို မလွန်ဆန်နိုင်ဘူး။ "ဗိုလ်မှူး သွားမယ်ဆို သွားမယ်" ဆိုပြီး သွားကြသည်။ စထွက်တုန်းကတော့ မိုးတွေက တစ်ခါတည်း ရွာချသည်။ တောင်ကအတက် ချောနေတော့ နွားနှင့် မရဘူး။ တစ်ခါတည်း လူတွန်းဘာတွန်း လုပ်ရသည်။ ဒီပေကုန်း ၆ မိုင်ဟာ ည ၁၂ နာရီလောက်အထိ လမ်းတစ်ဝက်ပဲ ရှိသေးသည်။ ကျွန်တော်က မှတ်မိသေးသည် မှောင်ကလည်းမှောင်၊ မိုးတွေကလည်း စဲသွားပြီ။ ဒါပေမယ့် နွားတွေရှဲ၊ ကျွန်တော်တို့လည်း အကုန်စိုရွှဲဆိုတော့ အဲ့ဒီနားမှာ အကွေ့လေး တစ်ခုကျတော့ ကျွန်တော်က ညမှောင်တော့ မှားမှာစိုးရိမ်လို့ တပ်ခွဲမှူး A ဗိုလ်ကြီးစိုးမြင့်ကို 'ဗိုလ်စိုးမြင့်ရေ လာဦး၊ ခင်ဗျား တပ်ခွဲတော့ လွန်သွားပြီ၊ နောက်က တပ်ခွဲ ခင်ဗျားစောင့်လိုက်၊ ကျုပ်ရှေ့က တပ်ခွဲ သွားကြည့်လိုက်ဦးမယ်၊ နေရာချဖို့ သွားလိုက်ဦးမယ် ခင်ဗျား ခဏစောင့်လိုက်" ည ၁ ချက် ၂ ချက်လောက် ကြီးရှိပြီ။ ဒါပေမယ့် ဟိုအရောက် သွားရမှာကို၊ အမှန်ကတော့ ၂ နာရီနှင့် ရောက်ရမှာကို အခုက မရောက်တော့ဘူး၊ ကျွန်တော့်အပြစ်တော့ အပြစ်ပေါ့လေ။

ဒါပေမယ့် ကိုယ်က တပ်မှူးဆိုတော့ ဘာမှတော့ မပြောဘူး 'ရောက်အောင် ကြိုးစားသွားမယ်'ဆိုတော့ နွားတွေကလည်း ညအိပ်ချင်တော့ တစ်ခါတည်း လှဲအိပ်တော့ နွားရဲ့အမြီးကိုလိမ်၊ သစ်သားချောင်း ထည့်ပြီးတော့ အမြီးကို လိမ်ရသည်။ နာတော့မှ နွားက ထသည်။ ထပြီး သွားပြန်ရော တစ်နေရာ ရောက်လို့ရှိလျှင် ထိုးအိပ်ပြန်သည်။ ပစ္စည်းတွေ ပါလာသည်ကိုး။ ဟိုမှာက တိုက်လည်း တိုက်ရမည်။ ပြီးတော့ သိမ်းပြီးရင်လည်း ရိက္ခာကို တစ်ပါတည်း တပ်ခွဲနှစ်ခွဲအတွက် ၁၅ ရက်စာ ပါလာသည်။ တော်တော်များများ ပါလာသည်။ ဒီတော့ အကွေ့လေးနားရောက်တော့ "ဗိုလ်စိုးမြင့် ခင်ဗျား နောက်ကလူတွေကို စောင့်လိုက်နော်၊ ကျွန်တော် နည်းနည်း ဆက်သွားလိုက်မယ်" ဆိုတော့ ဗိုလ်စိုးမြင့်က ရောက်လာသည်။ အချိုးလေး အကွေ့နားမှာ လမ်းလေးက နည်းနည်းလေး အကွေ့လေးပါ။ ဒီဘက်က ချောက်ဗျ။ ဟိုဘက်က တောင်ကပြန်၊ အကွေ့လေးနားမှာ ဗိုလ်စိုးမြင့် "ဟုတ်ကဲ့ ဗိုလ်မှူး ကျွန်တော် နေလိုက်မယ်" ဆိုပြီး သူက လှမ်းအော်လိုက်သည်။ ကျွန်တော် အသံကြားသည်။ "ဟော့ ဆတဂျင်

www.burmeseclassic.com



မျိုးမြင့်၊ မင်းပါလာသလား'' သူက မေးတော့ ''ဟုတ်တယ်၊ ဗိုလ်ကြီး ကျွန်တော်ပါလာတယ်'' ပြန်ပြောတော့ ''ဒါဖြင့် မင်း ဒီနားရပ် မနေနဲ့ နောက်ကလူတွေကို လှည်းတွေလာရင် ဒီလမ်းအတိုင်း လိုက်လာဖို့ မင်းပြော လိုက်'' တဲ့။ ''ဟုတ်ကဲ့'' လို့လည်း ပြောပြီးရော ဝုန်းဆို တစ်ခါတည်း မိုင်းပေါက်သည်။

မိုင်းပေါက်သည်။ ကျွန်တော်က ဟိုနားလောက်ပဲ ရှိဦးမည်။ စိုးမြင့်က ဒီနေရာလောက် ရှိဦးမည်။ ကျွန်တော်တို့ အဲဒီနေရာမှာ နဂိုတုန်းက ရပ်ပြီး စကားပြောနေသည်။ ကိုစိုးမြင့်နှင့် ကျွန်တော်နဲ့ ဒီနေရာမှာပဲ ရပ်ပြီး စကားပြော နေသည်။ ကိုစိုးမြင့်ကို ထားပြီး ကျွန်တော်သွားသည်။ သွားတော့ ကိုစိုးမြင့် ကလည်း ဆာဂျင်မျိုးမြင့်ကို ခေါ်လိုက်ပြီးတော့ မျိုးမြင့်က ဒီရောက်ခါနီးမှာ ဗိုလ်စိုးမြင့်က ထွက်လာလို့ ခြေတစ်လှမ်း ရှိသေးသည်။ တစ်ခါတည်း မိုင်းက ပေါက်တော့သည်။

နင်းတဲ့မိုင်း နင်းရင် ပေါက်သည်။ ပေါက်တော့ တစ်ခါတည်းကို ဝုန်းဆို တစ်ခါမှလည်း မိုင်းခွဲတာ မကြားဖူးဘူး။ ဝုန်းဆို ကွဲသွားပြီးတော့ ဆာဂျင်မျိုးမြင့်က အသားတုံးတွေရော ဘာရော အကုန်လုံးပြုတ်ပျက်ထွက် ပြီးတော့ လူရုပ် မပေါက်တော့ဘူး။ ဒီမှာ ညတွင်းမင်းကြီးမှာ နောက်ဆုံး ဒီပေါက်နေတဲ့နေရာမှာ ကွေ့ပြီးတော့ ဘေးကလမ်းကို ဖွင့်ပြီးတော့ လာကြသည်။ ပေကုန်းကို မနက် ၈ နာရီလောက်မှ ရောက်သည်။

ဗိုလ်စိုးမြင့် လွတ်သည်။ ကျွန်တော်လည်း လွတ်သည်။ ကျွန်တော်က ကိုစိုးမြင့်ကို လှမ်းခေါ်လိုက်ပြီ ''မင်း ဒီမှာစောင့်ပြီး ကြည့်လိုက်ဦး'' ဆို ကျွန်တော်ပြောပြီး ထွက်သွားသည်။ ကိုစိုးမြင့်ကလည်း ကြည့်ပြီးတော့ နောက်က မျိုးမြင့်လာတော့ ''မင်း အဲဒီမှာ ရပ်မနေနဲ့၊ လှည်းတွေလာရင် ဒီလမ်းအတိုင်း လာခဲ့လို့ပြောလိုက်၊ ငါ ခဏသွားလိုက်ဦးမယ်''လို့ ကိုစိုး မြင့်က ပြောပြီး ထွက်အလာမှာ ပေါက်သည်။

ကျွန်တော်တို့တက်လာမည်ကို ရန်သူကသိသည်။ လမ်းတစ်လမ်းလုံး မိုင်းထောင်သည်။ မနက် ၈ နာရီလောက်ကျတော့မှ မျိုးမြင့်၏ အသားတုံး တွေ ဘာတွေ ရတာတွေ ကောက်ပြီး ဆာလာအိတ်ထဲ ထည့်ပြီး မီး သင်္ဂြိုဟ်ပေါ့။ မီးသင်္ဂြိုဟ်ပြီးတော့ ''ဒီနေ့တော့ ဘာမှမလုပ်ဘူး၊ မင်းတို့



ပင်ပန်းလာတယ် အိပ်ကြတော့'' ပြောလိုက်သည်။ နည်းနည်းတော့ စိတ်က မကောင်းဘူး။

ကျွန်တော်တို့တပ် ပေကုန်းရောက်သွားပြီ။ ပေကုန်းရောက်တော့ မနက်စာ ချက်ကြသည်။ မနက်စာကို ဘယ်သူမှလည်း မစားနိုင်ကြ။ ဒီမှာ နွား တစ်ကောင်ကလည်း ပြုတ်ထွက်သွားပြီလေ။ မိုင်းထိ တော့၊ နည်းတဲ့ မိုင်းမှ မဟုတ်ဘဲကိုး။ နွားကလည်း ချက်ချင်းတော့ မသေဘူး။ နောက်ဆုံးတော့ နွားကိုသတ်ပစ်ခဲ့ရသည်။ မတတ်နိုင်ဘူး။ ပေကုန်းရောက်ပြီး ညနေ ၃ နာရီလောက်ရောက်တော့ ''တို့ မသွားလို့မဖြစ်ဘူး။ ဆက်တော့ သွားရမယ်'' ဆိုပြီး ဒီအခါကျတော့ အရင်လိုမဟုတ်ဘူး။ မိုင်းရှာ သွားရ သည်။ သိပ်နှေးသွားသည်။ ကျွန်တော်တို့ တုတ်တွေ ဝါးခက်တွေ ခုတ် ခုတ်ပြီး၊ ရှေ့မှာ ခြစ်ရ၊ မြေကို၊ လမ်းကို ခြစ်ခြစ် ခြစ်ခြစ်ပြီး မသင်္ကာတဲ့ နေရာတွေ့လျှင် လမ်းကို ဘေးသွားရသည်။ ကျွန်တော်တို့ ဘယ်ရောက်လဲ ဆိုတော့ မြေလင်းရောက်သည်။ မြေလင်းရောက်တော့ မှောင်နေပြီ။

မြေလင်းအလယ်ရွာ အခုလည်းရှိသည်။ ရောက်ပြီးတော့ မြေလင်း မှာ ရွာသားတွေ ၄၊ ၅၊ ၆ ယောက်ရှိသည်။ စိန်ကြီးကို ဖြတ်သွားပြီးတော့ မြေလင်းရောက်၊ မြေလင်းရောက်တော့ မှောင်ပြီ၊ ဒီတော့မှ နားကြ။ ဟိုဘက်ရောက်တော့ ပိုပြီး သတိထားရသည်။ မြေလင်းကနေ နောက်တစ် နေ့ ထွက်ပြန်သည်။ ထွက်တော့ မိုင်းတွေ ရှာသွားနေရင်းနှင့် ဟဲသက်ဆို သော ရွာရောက်သည်။ ရွှေထွက်တယ်ဆိုသည့် ရွာ။ ယခုတော့ ရွှေတွေ တူးနေပါပြီ။ ရောက်တော့ ဟဲသက်မှာလည်း အိမ်ကြီးက အလုံး ၂၀၊ ၂၅ လောက်ပဲရှိသည်။ ဒီက လူတွေကတော့ စမ်းချောင်းရှိ ရွှေအမှုန်လေးတွေ ကျင်ကြသည်။ ရွှေကျင်တာ စတွေ့ပြီ။

စမ်းချောင်းဘက် ရေလေးက သွင်သွင်စီးပြီးတော့ ကျိုးကန်းရွှေဆို တာ အပေါ်မှာ ပြောင်ပြောင် ပြောင်ပြောင်နဲ့ ရွှေရောင် တောက်ပနေသည်။ အဲဒီဟာကို ရွာထဲကတော့ အသုံးမဝင်ဘူး။ သူက ရွံ့ရောနေသည်။ ဒါပေ မယ့် မြေကြီးတွေကို ကျုံးပြီးတော့ ကလေးမလေးတွေက ကျင်ယူသည်။ ဟဲသက်ရွာကျတော့ တစ်ရွာလုံးလိုပဲ ရွှေကျင်ကြသည်။ ပင်နှင့်လင်ဆေး ပုလင်းအခွံထဲမှာ သူတို့ပြသည်။ တစ်နေ့ကျင်လိုက်လို့ရှိရင် ဒီလောက်လေး

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါး ရသည်။ ဘယ်သူတွေက လာယူလဲဆိုလျှင် မန္တလေးတို့ စစ်ကိုင်းတို့က ဘာဘူကုလားတွေ။ ကလေးမလေးတွေ လိုချင်တဲ့ အဝတ်အစား၊ အထည်အလိပ်၊ ထဘီ၊ အထက်ဆင် နောက် ပြီးတော့ အင်္ကျီဘာညာပေါ့။ အင်္ကျီလာလဲသည်။ လာလဲတော့ အဲ့ဒီရွှေ အစအနကို ပေးသည်။ ကျွန်တော်စိတ်တော့ မကောင်းဘူး "နင်တို့ဟယ် ရတဲ့ဥစ္စာကို စုစည်းပြီးတော့ တစ်နေရာမှာ ကိုယ့်ဟာကိုယ် ရောင်းလို့ မရဘူးလား"ဆိုတော့ သူတို့ မသွားတတ်ဘူး၊ မလာတတ်ဘူးတဲ့။ လာယူသော လူနှင့်ပဲ သူတို့ သင့်တော်ရင် လဲကြသည်။

သူတို့ စီးပွားရေးသမားကတော့ သွားနေကြသည်။ ကျွန်တော်တို့ လာမယ်သိလို့သာ ဖြစ်တာ၊ လမ်းကတော့ ခါတိုင်း ဘာမှမဖြစ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်း သွားမယ်ဆိုပြီးတော့ သွားခြင်းပင်။ ဟဲသက်ရောက်ပြီးတော့ ဟဲသက်မှာ ကျွန်တော် မှတ်မိသေးသည်။ ညချက်လာသော ထမင်းဟင်း၊ ချက်လာပြီးတော့ စားမယ်ဆိုပြီးလုပ်တော့ ရခိုင်ပဲ ဒီကောင့်နာမည် အောင်လှစိန်။ သူက အရာခံဗိုလ်။ ကျွန်တော်တို့ ထမင်းစားပြီးတော့ သူက ထွက်မယ်ဆိုပြီး ရှေ့က စထွက်တော့ ဝုန်းဆို သူက မရှိဘူး။ "တို့ထွက်ကြမယ်"ဆိုပြီး ထွက်လည်း သွားရော ဝုန်းဆို သူက မရှိဘူး၊ ပျောက်သွားရော၊ သူ့ကို တစ်ခါသင်္ဂြိုဟ်ပြီးမှ ဆက်သွားသည်။ နောက်ပိုင်းကျ ဘယ်လိုဖြစ်လဲလို့ဆိုတော့ မိုင်းက ရှာတယ်ဆိုတာ ဘယ်သေသေချာချာ ရှာနိုင်မလဲ၊ မိုင်းရှာကိရိယာမှ မရှိဘဲ ဟိုဘေးကရတဲ့ ဝါးရိုးတွေ၊ ဘာတွေ ခြစ်ခြစ်ပြီး ရှာရတာပေါ့၊ ခြစ်ရတွန်းရပြီးတော့။

တုတ်နှင့်တွန်းလာရင်း ကြားထဲကကိုက အခုဟာက ပေါက်သည်ဆိုတာက မိုင်းက လမ်းပေါ်မှာမရှိဘဲနှင့် ဘေးကဆိုတော့ မိုင်းရှာလွတ်သွားသည်။ ကျွန်တော် တို့ ဗိုလ်တင်လတ်ရယ်၊ ကျွန်တော်ရယ်၊ ဗိုလ်တင်အေးရယ် ထမင်းထိုင်စားနေရင်းနှင့် ဝုန်းဆို "ဟော့ ဘာဖြစ်တာလဲ" လို့ဆိုတော့၊ "အောင်လှစိန် ရှေ့ကသွားတာပဲ" ပြောသည်။ "အောင်လှစိန် ရှေ့သွားရင် ခေါ်ကြည့်စမ်းပါဦး"ဆိုပြီး ခေါ်ကြည့်တော့ ထူးသံမကြားဘူး၊ မရှိဘူးတဲ့။ "ဒါဆို ကျန်တဲ့ ရဲဘော်တွေရော" ဆိုတော့ "ကျန်တဲ့ ရဲဘော်တွေကတော့ အကုန်ပြန်လာတယ်၊ ဘာမှ မဖြစ်ဘူး။ အောင်လှစိန်တော့ ပါမလာဘူး" ဆိုတော့ သွားကြည့်တော့ အောင်လှစိန်က သေနေပြီ။



အောင်လှစိန်ကို သင်္ဂြိုဟ်ရသည်။ သူကသေပေမယ့် တော်သေးတယ် ခပ်တည့်တည့် မထိလို့ နည်းနည်းပါးပါး ထိလို့၊ သင်္ဂြိုဟ်ပြီးတော့ အဲ့ဒီ ကျွန်တော်တို့ ဆက်သွားတော့မှ ပင်လယ်ဘူး အဝင်လည်းကျရော နည်းနည်းပါးပါး ပစ်ကြခတ်ကြရသည်။ ရန်သူသိပ်လည်း မရှိပါဘူး။ နည်းနည်းပါးပါး ပစ်ခတ်ပြီးတော့ ပင်လယ်ဘူးကို သိမ်းလိုက်သည်။ ပင်လယ်ဘူးအထဲမှာ တော်တော်ကြီးတာပဲ၊ မြို့ဖြစ်နေသည်။

ဒီမြို့ကို ကားလမ်းရှိသည်။ သစ်ချလမ်း ရှိသည်။ သစ်တောလမ်းလေးရှိသည်။ မြို့ပိုင် ရုံးစိုက်သည်။ ကျွန်တော်တို့ သွားတုန်းကပဲ မြို့ပိုင်ရုံးစိုက်တာပဲ၊ ဒါပေမယ့် ဒီမြို့က ကွန်မြူနစ်လက်ထဲမှာရှိသည်။ သူတို့ဆီက အဆက်အသွယ်တော့ ရသည်။ သူတို့ကို လာကယ်ပါ ကူပါ၊ အစိုးရအဖွဲ့လာပါပေါ့။ ဒါတွေကတော့ အဆက်အသွယ်တွေရသည်။ ဒီမြို့မှာ ကွန်မြူနစ် ဗဟို၊ နာမည်က စစ်ကိုင်းလှမော်တို့ပေါ့။ ခင်မြစီရဲ့ ယောက်ျားလေ၊ ညောင်လေးပင်မယ် ခင်လှသီ၏အစ်မ ခင်မြစီ၏ယောက်ျား သူက ဧရာဝတီမြစ်ဖျားတိုင်း ကွန်မြူနစ်တပ်မှူးကြီး ဖြစ်သည်။

ခင်မြစီကနောက်တော့ လက်နက်ချသည်။ အလင်းဝင်သည်။ ခင်မြစီက နောက် သားသမီးနှင့် အလင်းဝင်တော့ တပ်မတော်အရာရှိ ဗိုလ်ကြီးခင်လှသီ (ငြိမ်း) တို့နဲ့ အတူတူနေသည်။ ခင်လှသီက သူ့တူတွေ ကျောင်းထားပေး ဗိုလ်မှူး ဒေါ်ခင်လှသီက အခုရှိသေးသည်။ အသက်တော့ ကြီးပါပြီဟု သိရသည်။ ကျွန်တော့်ဇနီး တစ်ခါတွေ့လို့ နှုတ်ဆက်ရာ ကျွန်တော့်ကိုမေးလိုက်သည်တဲ့။ "ဗိုလ်ချုပ်ရော နေကောင်းလား"ဆိုတော့ ကျွန်တော့်ဇနီးက ခင်လှသီကို "မမှတ်မိဘူး၊ သိပ်ကို ရုပ်က ပြောင်းသွားပြီ၊ အသွားကြီးဖြစ်နေပြီ"၊ ကျွန်တော်တော့ တစ်ခါမှ မတွေ့တော့ဘူး။

ညောင်လေးပင်မယ် ဒေါ်ခင်လှသီက အစ်မ၊ ဒေါ်ခင်မြစီ။ ယခု ဒေါ်ခင်မြစီ ဆုံးသွားပြီ။ ပင်လယ်ကူး သိမ်းပြီးတော့ တပ်ချလိုက်သည်။ တပ်ခွဲကနှစ်ခွဲ ထဲပဲ **ခေါက်ဆန်း**ကို ကျွန်တော်တို့ လျှောက်ရှင်းလင်းပြီး ထားခဲ့သည်။ အပြန်ကျတော့ သိပ်သတိထားရသည်။ ထွန်ခြစ်တွေ ဘာမတွေလုပ်၊ လုပ်ပြီးတော့ တပ်ခွဲထားခဲ့သည်။ တပ်ခွဲ ၂ ကို ထားခဲ့သည်။ ကျွန်တော်က တပ်ခွဲ ၁ နှင့် ပြန်လာသည်။ တပ်ခွဲ ၂ က ဗိုလ်ကြီးတင်ထွန်းကို ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သိပ်ဆင်းရဲပါသည်။ ဒါနှင့် ကျွန်တော်တို့ ပြန်လာတဲ့အခါ ဟဲသက်ရောက်တဲ့အခါကျတော့ ဘာမှမဖြစ်သေးဘူး။ ဟဲသက်အလွန်ခုနက ပြောခဲ့တဲ့ မြေလင်းဘက်ခြမ်းရောက်တော့ တစ်ခါဖြစ်သည်။ မိုင်းရော ချုံခိုတိုက်တာရော။ ဒီမှာ ကျွန်တော့်ဆီက အင်မတန်တော်သော တပ်စုမှူးကောင်း ဆာဂျင်မောင်လှသီ ကျသွားသည်။ ကျွန်တော် သိပ်နမြောသည်။ မောင်လှဖြူ၊ တပ်ကြပ်ကြီး မောင်လှဖြူ အင်မတန် တော်တဲ့ကောင်ဆုံးရှုံးရသည်။

လမ်းဘေးက ချုံခိုပစ်တာ ကျသွားသည်။ ကျည်ဆန်က ဘေးစောင်းမှန်ပြီ အဆုတ်ပွင့်သွားပြီးတော့ အဆုတ်က ထွက်လာသည် အသက်ရှူတာကို အဆုတ်က ဝီးဝီးနှင့် ထွက်နေသည်။ အဆုတ်ကို ပြန်အထဲသွင်း သွင်းပြီးတော့ အပြင်ကနေ ဆေးပတ်တီးပတ်ပြီးတော့ တအားချည်ထားတာ ဒီတော့မှ သူ့အသက်ရှူလို့ ရသည်။ ဒါပေမယ့် သယ်စရာမှမရှိဘဲ လှည်းနှင့် သယ်လာရသည်ဆိုတော့ လမ်းမှာ ဆုံးသွားရှာသည်။

ဒီပွဲမှာ သူတို့ ချုံခိုပစ်တဲ့ ကောင်တွေတော့ ဘယ်ထိမလွဲ။ သူတို့က ပြောက်ကျားဆိုတော့ မိုင်းထောင်ထားခဲ့ပြီး ရှောင်သွားတာပေါ့။ သူတို့တွေ အဲ့ဒီတုန်းက မိုင်းကတော့ တရုတ်ဆီက ရသည်။ လက်နက်တွေ ဘာတွေရသည်။ တရုတ်ထံက တော်တော်များများ အဆောက်အအုံ အကူအညီတွေ ဘာတွေရသည်။ ပင်လယ်ဘူးက တပ်ခွဲမှူးကလည်း ကြောင်လိုက်တာ၊ ဘာကြောင်သလဲဆို သူ့ကို ရန်သူတွေ ဝိုင်းတိုက်နေပြီဆိုပြီး ဘေးနားမှာ ကျွန်းပင်တွေ ကျွန်းတောကြီးကို ရှင်းသည်။ ရှင်းတော့ မြို့အုပ်က တိုင်သည်။ ကျွန်းတောကို ဒီလိုရှင်းရမလားတိုင် သူကလည်း၊ လုံခြုံရေးအကြောင်းပြပြီး ရှင်းသည်။ စကားတွေ ဘာတွေများတာလည်း ရှင်းရသေးသည်။

ပင်လယ်ဘူးမှာ တပ်က ချသည်ဆိုတော့ ရပ်ကွက်ထဲ ဘယ်ချလို့ရမလဲ။ ဘေးက တောခြေမှာချရသည်။ တောခြေက ကျွန်းပင်တွေချည်းပဲ ကျွန်းသိပ်ပေါသည်။ မြို့အုပ်က ရှိနေသေးသည်။ မြို့အုပ်က သူ့နည်းသူ့ဟန်နဲ့ သွားတာ လာတာ အဆောက်အအုံနှင့် သူ အလုပ်လုပ်သည်။ ဒါပေမယ့်လို့ သူ့ခမျာလည်း အဆောက်အအုံ ပြတ်နေသည်။ သူ့နာမည်



ဦးမျိုး၊ ကျွန်တော် မှတ်မိသေးသည်။ သူက အသက် ၄၅ ဝန်းကျင်လောက်ရှိပြီ။ ဒီဘက်မှာ သိပ်အပေါက်အလမ်း မတည့်သည့် ခပ်အိုအိုကြီးတွေပို့ထားသည်။ သူတို့ကလည်း ဟိုမှာ သူတို့ဟာနှင့် သူတို့ ဓိမ်ကျနေသည်။ အချိန်တန်ကျရင် လစာ သူ့နည်းသူ့ဟန်နှင့်ယူ သူ့ဟာသူထုတ်၊ ကျောင်းတွေဘာတွေလည်း ရှိသည်။ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း အကုန်လုံးရှိသည်။ မြန်မာစာသင်သည့်ကျောင်း၊ အုပ်ချုပ်ရေးတော့ ရှိသည်။ ဒါပေမယ့် ကွန်မြူနစ်က ဘေးမှာ အကုန်ရှိသည့်အတွက် အစိုးရနှင့် သူတို့အဆက်အသွယ် မလုပ်ရတာ တစ်ခုပဲ။ ဆက်ကြေးပေးရသည်။ ဒါတစ်ခုပဲ သူတို့ဒုက္ခရောက်သည်။ ကျွန်တော်တို့ရောက်သွားတော့ အံ့သြစရာကောင်းတာက ကြက်ဥ အလုံး ၂၀ မှ ၁ ကျပ်ပဲ ပေးရသည်။

အောင်မလေး၊ နောက် တစ်ပတ်လည်း ကြာရော ၁၅ လုံး ၁ ကျပ်၊ နောက်ရက်သတ္တနှစ်ပတ်လောက်လည်း ကြာရော ၁၀ လုံး ၁ ကျပ်၊ နောက်တစ်ခါ ကျွန်တော်လည်း ပြန်သွားရော ၆ လုံး ၁ ကျပ်၊ နောက်တစ်ခေါက်လည်း ပြန်သွားရော ၂ လုံး ၁ ကျပ်နှင့် နောက်ပြီးတော့ ၁ လုံး ၁ ကျပ်ကို ဖြစ်သွားသည်။ နှစ်လ၊ သုံးလလည်း ကြာရော ဈေးက ထက်ပိုတက်တော့သည်။ ဒါပေမယ့် ဘာပေါလဲဆိုတော့ ကောက်ညှင်းဆန်ပေါသည်။ နောက်ပြီး ကြက်ဥက ပေါသည်။ ကြက်ဥက ကောက်ရိုးတွေချည်ပြီးတော့ ကွင်းတွေ ကွင်းတွေနှင့် လုပ်ထားသည်။ ကျွန်တော်တို့က ယူလိုက်ရုံပဲ။ တစ်ကွင်းယူလိုက်ရင် ၂၀ လုံးပါသည်။ ၁၅ လုံးပါသည်။ ၁၀ လုံးပါသည်။ ကောက်ရိုးထဲမှာ ကြက်ဥကို ထည့်လိုက် လိမ်လိုက်။ နောက်ထည့်လိုက် လိမ်လိုက်နှင့် နောက်အဖျားမှာ ချည်ထားလိုက်သည့်အခါကျတော့ အခွေလေးတွေဖြစ်ပြီး ကြက်ဥရောင်းတာ လွယ်လှသည်။

ပင်လယ်ဘူးမှာ တပ်ခွဲ ၂ ကို ရိက္ခာတွေ ကျည်ဆန်တွေနှင့် ထားခဲ့ပြီးတော့ ပြန်လာတော့ ကိုလှဖြူ ကျသည်။ နောက်တစ်ယောက် နာမည်ရှမ်းကြီးလို့ ခေါ်သည်။ ဒီကောင် ကံကောင်းလို့ မသေတာ။ အပြန် ရှေ့နားမှာ ကျွန်တော် မသက်ဘူး “ဒီကွေ့ကြောလေးကို ခုန်ကူးလိုက်၊ မဒ်နင်းကူးလိုက်လို့ရှိရင် ပေါက်လိမ့်မယ်ထင်တယ် ငါ မသက်ဘူး၊ မြေကြီးကလည်း ပျက်နေတယ်”ဆိုတာ “ဟာ ဒါ ရပါတယ်”ဆိုပြီး ဒီအပေါ်ကို နင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ခုန်လိုက်တာ ဝှန်းဆိုပေါက်။ ရှေ့မှောက်လျက်လဲပြီး ဘာမှမဖြစ်ဘူး ကံကောင်းလှသည်။

မိုင်းပေါက်တာနောက်ကျလို့ ပြောနေတယ် "ဟော့ကောင်၊ မင်း ဒီဥစ္စာ ငါမသက်ဘူး" ဆိုတော့ သူကလည်း ဟိုရောက်အောင် မခုန်နိုင်ဘူး၊ နည်းနည်းပါးပါး ကွေ့ပတ်ပြီးလာရင်လည်း ရပါသည်။ "ရပါတယ် ဗိုလ်မှူး ရယ်" ဆိုပြီး ပြေးပြီးတော့ ထောက်ခုန်လိုက်တာ ဝှန်းဆို တစ်ခါတည်း ရှေ့မှောက်လျက်လဲ၊ တကယ်ပဲ ကံကောင်းသည်၊ မိုင်းက သေးလည်း သေးလို့ပါ၊ ကြီးရင် မခံဘူး။

ကျွန်တော်က သိတယ်ဆိုတာက ဝါးခြမ်း ခြစ်လိုက်သည့်အခါကျတော့ မြေစာတို့ ဘာတို့ကို ကြည့်လိုက်ရင် သိသည်။ သူက မြှုပ်ထားတာဆိုတော့ မြေပွသည်။ ရိုးရိုးမြေက ထိုးလိုက်ရင် မာတာကို အတင်းတွန်းရသည်။ ဟိုကောင်ကတော့ ဖွထားတယ်ဆိုတော့ တွန်းလိုက်ရင် ရှောရှောရှူရှူဖြစ်ပြီးတော့ သွားထိသည်။ ရဲဘော်တွေကို ဒီလောက်တော့ သင်ထားသည်။ ရှေ့ပြေးတပ်စုလောက်တော့ သင်ထားရသည်။ တုတ်နှင့် ခြစ်နှင့် ပင်လယ်ကူးမှာ ခြစ်လုပ်ရသည်။ ဝါးကိုခွဲ ဝါးကိုခွဲပြီးတော့မှ စိပ်။ ကသွာကို ရောက်လည်းရောက်ရော တပ်ပြန်ရောက်သည့်အခါကျတော့ **မိန်းမလိုင်းတို့** ဘာတို့ကတော့ ဆူပွက်ဆူပွက် ဖြစ်။ သူတို့ကလည်း ဆကာလာဟာလ သတင်းတွေကြားပြီးတော့ ဘယ်သူသေတယ်ဆိုတာ ကြားပြီးနေပြီ။ သုံး ယောက်လောက်တော့ ကျဆုံးခဲ့သည်။ မျိုးမြင့်၊ အောင်လှစိန်၊ လှဖြူ သုံး ယောက် ကျသွားသည်။ နောက်တစ်ခေါက် ကျွန်တော်တို့ လူလဲရသည်။ လူလဲတော့ ဆေးမှူးခေါ်သွားသည်။ ဆရာဝန်နာမည် မှတ်မိသေးသည်။ အိန္ဒိယကနေပြီးတော့ ငှားထားသော၊ ဆရာဝန်တစ်ယောက် ရသည်။ နာမည် က ဒေါက်တာဂွတ်တားဟု ခေါ်သည်။

ကျွန်တော်တို့တပ်က တာဝန်ချပေးလို့ သူ့ကို ကျွန်တော် ခေါ်သွား ရသည်။ ခေါ်သွားတော့ သူက ပထမတော့ ပျော်ပျော်ပါးပါး လိုက်လာ သည်။ ဟိုလည်းကျရော သတင်းတွေကြားပြီးတော့ ဒီဆရာဝန်စိတ်ဓာတ် တွေ ကျပြီးတော့ ခြင်ထောင်ထဲကကို မထွက်တော့ဘူး။ ဆေးလည်း မကု တော့ဘူး။ မြန်မာစကား သိပ်မတတ်ဘူး။ အင်္ဂလိပ်လိုတတ်သည်။ သူ့ကို



အင်္ဂလိပ်လို ပြောလည်းရသည်။ နောက်ပြီး ဟိန္ဒူလိုပြောလည်း ရသည်။ နောက်ပြီးတော့ ဗမာစကားလည်း နည်းနည်းပါးပါး တတ်ပါသည်။ ဆရာ ဝန်က သိပ်တော့ အဆိုးဝါးကြီးတော့ မဟုတ်ပါဘူး။ အိန္ဒိယက လာသူတွေ ပင်။ သိပ်တော့ ရှုပ်ရှုပ်ချုံချုံတော့ ဘယ်လုပ်မလဲ။ ပင်လယ်ဘူးလည်း ကျရော ကြေးနန်းတွေ ဘာတွေပို့ လဲပေးပါ လဲပေးပါဆိုတော့ "နေဦး တို့လည်း တစ်ခေါက်ပြည့်မှ လဲပေးမယ် အခု လောလောဆယ် လဲမပေး နိုင်ဘူး" ပြောသည်။

သူ့ကို ပင်လယ်ဘူး ဒုတိယအခေါက်မှာ ခေါ်သွားတာ ဆေးမရှိ ဘူး ငှက်ဖျားရှိတယ်လေ။ ငှက်ဖျားရှိတော့ ငှက်ဖျား ဆေးတို့ဘာတို့ ယူသွား ရမည်။ ရောဂါပိုးကို ဆေးနှင့်ကုမှ ကျန်းမာရေးကောင်းမှာပဲ။ ပြောရဦး မည်။ တစ်ခါတည်း ကျန်းတောတွေ ခုတ်ပြုပြီးမှ အဲ့ဒီမှာရှိသော တပ်ခွဲမှူး က နည်းနည်းကြောင်သည်။ သူက အသက်နည်းနည်း ကြီးကြီး၊ ကြေးနန်း တွေ ပို့သည်။ 'I am surrounded' တဲ့၊ သူဟိုတုန်းက message တွေ ပို့တာ အင်္ဂလိပ်လိုပို့သည်။

ဗိုလ်ကြီးတင်ထွန်း၊ အခု အသက်အရွယ် တော်တော်ကြီးပါပြီ 'I am surrounded by ememies' တဲ့ ဟိုတုန်းက ကြေးနန်းပို့တာ ဗမာ လို မပို့ဘူး အင်္ဂလိပ်လိုပဲ။ 'I am surrounded by ememies, situation serious, better send reinforcement, nation' ဆိုတော့ ကျွန် တော်က လှမ်းပြီးတော့ ဆူတာပေါ့ "မင်းကိုငါ ရိက္ခာလည်း ပေးခဲ့ပြီ၊ ဒီ တပ်ခွဲတစ်ခွဲလုံးက နည်းတာလည်း မဟုတ်ဘူး၊ အဲ့တော့ မင်း ဒါ ခံချ ပေါ့" ဆိုပြီး ကျွန်တော်ပြောတော့ ငြိမ်သွားပြန်ရော။ နောက် နှစ်ရက် လောက်ကြာလျှင် လာပြန်ပြီ၊ ကဲ မဖြစ်ချေဘူး ဒီလိုဆိုရင် ဒီကောင့်တော့၊ သူက ရိက္ခာလည်း ပြတ်တော့မယ်လေ၊ ကျွန်တော်တို့မသွားရင် ရိက္ခာပြတ် တော့မယ်။ "ကဲ ကောင်းပြီး ရိက္ခာတော့ ငါလာချပေးမယ်" ဆိုပြီးတော့ ရိက္ခာချပေးမယ့်အတူတူ ကျွန်တော်တို့ စိတ်ဓာတ်စစ်ဆင်ရေးက ကွန်မြူနစ် ပြန့်တိုက်တဲ့ လက်ကမ်းစာစောင် ကျွန်တော်တို့ စာရွက်စာတမ်းတွေ ထုပ် ကြီး ယူတင်ပြီးတော့ ရိက္ခာကိုတော့ လေယာဉ်အပေါ်က ကန်ချရသည်။ ကျူကို ကျွန်တော်က ရှေ့က ထိပ်က Co-Piolot ပေါ်မှာထိုင် လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



စက္ကူကို ဒီလိုပစ်စရာကို မလိုဘူး။ စက္ကူထုပ်ကို ဒီလို co-piolot ပေါ်မှာ ထိုင်ပြီးတော့ တင်ထားလိုက်ပြီးတော့ လက်ကို ဒီလို နည်းနည်းလျှော့တာနဲ့ စက္ကူတွေက ဖလောင်း ဖလောင်း ဖလောင်း ဆိုပြီး သူ့ဟာသူ လေယာဉ်အပြင်ကို လွင့်ထွက်သွားတာပဲ။ လေယာဉ်တံခါးအပေါက်ကလေးက ထွက်သွားသည်။

လေယာဉ်ပျံက ကွန်မင်ဒီယာလေယာဉ် အမေရိကန် မောင်းနေသော လေယာဉ်ပျံတွေပဲ။ သူတို့ကို ရိက္ခာ သွားပေးတယ်။ စိတ်ခေတ်မကျဖို့ သွားပြောရသည်။ "နောက် ငါမကြာခင် လာတော့မယ်" ပြောလိုက်ပြီးတော့ နောက်တစ်ခေါက် ကျွန်တော်က သွားသည်။ နောက်တစ်ခေါက်သွားတော့ မိုင်းထောင်သေးသည်။ ဒါပေမယ့်လို့ သိပ် အရေးမကြီးဘူး။ ဒီအချိန်တုန်းက တပ်ခွဲမှူး ဗိုလ်ကြီးလှရွှေ တိုက်ပွဲမှာဒဏ်ရာရသည်။ တပ်ခွဲ ၄ နောက်လဲလိုက်တဲ့ တပ်ခွဲမှူး ဗိုလ်ထိသည်။ ကျွန်တော်လည်း ပါသွားသည်။ ဟိုတုန်းက ဘယ်လောက် လုပ်ပြရလဲဆိုလျှင် ကျွန်တော်ကိုယ်တိုင်ပဲ လှည်းတွေကို ရှေ့ကထား လှည်းရှေ့က ကျွန်တော်က လျှောက်သည်။ တပ်ရင်းမှူးဆိုတော့ ရှေ့က ခြစ်ဖြင့်ခြစ်လိုက် ကျွန်တော်က လျှောက်လိုက်။ တော်တော်လေး စိတ်ချရလို့ရှိရင် မြေညီတုကြီးတွေကို ဒီနေရာမှာ မာတယ်လုပ်လို့ မရဘူးဆိုရင် ဒီတိုင်းလျှောက်၊ တစ်ခါ ဒီက တောင်စောင်းပေါ် ကျော်လျှောက်သွားရသည်။ ဒီလို လုပ်ပြရသည်။ ရဲဘော်တွေကို လုပ်မပြနိုင်ရင် မသွားဘူး။ သူတို့က မိုင်းဆိုတော့ မသွားရဲဘူး။ ဖွတ်ခိုင်းလို့လည်း မရဘူး။ ဒီတော့ ကိုယ်က ရှေ့မှနေပြီးတော့ "လာကွာ၊ ငါ လုပ်ပေးမယ် မင်းတို့လုံခြုံအောင် လုပ်ပြမယ်" ဆိုပြီး ရဲဘော်နှစ်ယောက်၊ သုံးယောက်နှင့် လုပ်ပြခေါ်သွားရသည်။ နောက်တော့လည်း အခြေအနေ တော်တော်ကောင်းသွားသည်။ ရန်သူတို့လည်းပဲ တဖြည်းဖြည်း ဆုတ်သွားတာက တစ်ကြောင်းဖြစ်သည်။

❐

# အခန်း (၂၈)
# ရန်သူ့ကျည်ဆန်ထိမှန်သော လက်ဖက်ခြောက်ပုံးလေယာဉ်

ပြောရဦးမည်။ ဒီလိုဖြစ်ပြီးတော့ နောက်တစ်ခါ ဘာလုပ်သလဲဆိုတော့ ကျွန်တော်တို့ကို ဝင်တိုက်ပြန်သည်။ ကျွန်တော်တို့ကို ဝင်တိုက်တော့ လေယာဉ်ပျံအောက်ဖို့ထိကို (ဟိုတုန်းက စပစ်ဖိုက်ယားလေယာဉ် မရသေးဘူး) ခေါ်တော့ အောက်ဖို့ထ်လေယာဉ် လာသည်။ ပန်ကာနှစ်လုံးတပ် လေယာဉ် အောက်ဖို့ထ်၊ လေယာဉ်ပျံကိုယ်ထည်ကတော့ သုံးထပ်သားတွေကို ထပ်ပြီးတော့ လုပ်ထားသည်။ ကျွန်တော်တို့ကလည်း အောက်ဖို့ထ် လေယာဉ်ပျံကို လက်ဖက်ခြောက်ပုံးဟု ခေါ်သည်။ သူက သုံးထပ်သားတွေနှင့် လုပ်ထားသည်။ လေယာဉ်ပျံက ပန်ကာရော၊ ကိုယ်ထည်ရော အကုန်လုံး သုံးထပ်သားကြီးပဲ၊ ကာဘာတို့ ဘာတို့ တောင်ပံတို့ အကုန်လုံး သုံးထပ်သား၊ ကျွန်တော် ပြောပြဦးမည်။ တစ်နေ့ ကျွန်တော့်ကိုခေါ်တော့ ကျွန်တော် သွားသည်။ ရန်သူတွေအပေါ် ကျွန်တော်တို့ ဗုံးချရမည်။ ဗုံးက ၆ ပေါင် ဗုံးလေးတွေ ရှိသည်။ မောင်းတာက ပိုင်းလော့တစ်ယောက်ရှိသည်။ ဒုဖက် ပိုင်းလော့ တစ်ယောက်ရှိသည်။ သူက လေယာဉ်ပျံ မောင်းတာတော့ မဟုတ်ဘူး။ သူက လေယာဉ်ပျံထဲမှာတော့ ကူညီလုပ်ဆောင်သူ ကျွမ်းကျင်

www.burmeseclassic.com

www.burmeseclassic.com



သည့် အမှုထမ်း။ လေယာဉ်ပျံက ဘယ်မှာဆင်းသလဲဆိုတော့ ကသာမှာ ဆင်းသည်။ ကသာမှာ လေယာဉ်ပျံကွင်းရှိသည်။ ဒုတိယကမ္ဘာစစ် အတော အတွင်းမှာ လုပ်ထားသည့် လေယာဉ်ပျံကွင်းဖြစ်သည်။ ကျွန်တော်တို့ ရောက် သွားပြီး တောရှင်းချုံရှင်းဆိုတော့ အမာခံအတိုင်းပဲ။ အောက်က ကျောက် ခင်းထားသည်။ မြေခံကောင်းသည်။ လေယာဉ်ပျံဆင်းသည်။ လေယာဉ်ပျံ က သိပ် အကြီးကြီးတော့ မဟုတ်။ ခုနက ပြောသည့် အောက်ဖို့ထ်လေယာဉ် သုံးလေး ယောက်ပဲ စီးလို့ရသည်။ ပြီးတော့မှ အတွင်းဘေးမှာ စင်လေး တွေရှိသည်။ စင်ထဲမှာ ဗုံးထည့်ရသည်။ ဒီဘက်မှာ ၆ လုံး ဟိုဘက်မှာ ၆ လုံး ထည့်ရသည်။ ဗုံးကို ကျွန်တော်တို့က သယ်ယူပြီးတော့ ရန်သူတွေ အပေါ် ဗုံးချရသည်။ ဗုံးက တောင်ပံမှာ တပ်ထားတာ မဟုတ်။ လူက ဗုံးကို ကိုင်ချရသည်။ ဒါနှင့် ပြောရဦးမည်။ ဗုံးကြဲရန် ကျွန်တော်ပဲ သွား သည်။ ကျွန်တော်က အစစအရာရာ ကိုယ်တိုင်ပဲ လုပ်သည်။ ငါလာခဲ့မယ် ဆိုပြီး ကျွန်တော် သွားသည်။ ကောက်ဆန်းဘက်မှာ မိမိတပ်က စုနေသည်။ ရန်သူတိုက်နေသည်။ ဒီကောက်ဆန်းဘက်ကို တိုက်ပေးပါ''တဲ့။ ကောက် ဆန်းဆိုတာ ပင်လယ်ဘူး အနောက်ဘက်ကို ၆ မိုင်လောက် ဝေးသည်။ ကျွန်းသစ်သယ်သော ဆင်စခန်းပါပဲလေ။

ကောက်ဆင်းဆိုတာ ဆင်ဆင်းသည့်လမ်း၊ ကောက်ဆိုတာ ဆင်ထား သည့်နေရာ၊ ရှေးရှေးတုန်းက နေသောနေရာ ဖြစ်ပါလိမ့်မည်။ တိုက်ပွဲ က မဖြစ်သေးဘူး။ အဲ့ဒီမှာ ရန်သူစုရပ်။ ပင်လယ်ဘူးကို ချမလို့ ရန်သူ စုနေသည်။ ဒီတော့ ''လာပါ စစ်ကူလိုပါတယ်'' ဆိုပြီး သတင်းပို့တော့ ''မြေကြီးက စစ်ကူက မလွယ်ဘူး ငါလာပေးမယ် ဘာလုပ်ပေးရမလဲ'' ဆိုတော့ ဒီနေရာနဲ့ ပတ်သက်ပြီးတော့ သူက လေယာဉ်က ပစ်ပေးပါဆို သည်။ ''ကောင်းပြီ ပစ်ပေးမယ်'' ဆိုပြီးတော့မှ လေယာဉ်ပျံကို ခေါ်တော့ လေယာဉ်ပျံက မိတ္ထီလာမှာ ရှိသည်။ မိတ္ထီလာက လေယာဉ်ပျံက ကသာကို ရောက်လာသည်။ လေယာဉ်ပျံမှာ ဘာပါလာလဲဆိုတော့ မောင်းသူနှစ် ယောက် ပါလာသည်။ တစ်ယောက်နာမည် ဗိုလ်တင်ဝင်း။ နောက် တစ် ယောက်က ဗိုလ်လက်။ ဗိုလ်တင်ဝင်းက နောက်ပိုင်း KNDO ကို တိုက် တုန်းမှာ ပန်ကာစိုက် လေယာဉ်ထိုးကျပြီး ကျဆုံးသွားသူ ဗိုလ်တင်ဝင်း။



ရက်ပ်ကတော့ နောက်ပိုင်း အသက်ရှင်နေသည် ထင်သည်။ လေယာဉ်အကူ လုပ်သည့် သူတော့ မသိဘူး။

ဗိုလ်တင်ဝင်းဆိုတာ လေတပ်က လက်ဖတင်နင်။ ဟိုဘက်က လေယာဉ်အကူ ယက်ပ်ကလည်း ဒုတိယဗိုလ်။ နောက်တစ်ခုက ပီဖိုးဆိုတာ တို့က အင်္ဂလိပ်မှာ အကွက်နဲ့ ၄ လို့ ရေးထားတယ်၊ အရာရှိ မဟုတ်ဘူး။ သူက လေယာဉ်အကူလမ်းပြ။

သူတို့ရာထူးတွေက သူတို့ ထရိန်နင်ဆင်းပြီးလို့ရှိရင် P1, P2, P3, P4, P4 ပြီးလို့ရှိရင် ပိုင်းလော့တက်၊ တက်ပြီးလို့ရှိလျှင် လေယာဉ်ပျံ ပိုင်းလော့ဖြစ်သည်။ ဒီတော့ လေယာဉ်မှာ မောင်းသူတစ်ယောက် အကူ ပိုင်းလော့တစ်ယောက်၊ P4 တစ်ယောက်။ နောက်တစ်ယောက်က ကျွန်တော် လိုက်မည် တစ်ခါတည်း သူတို့ကို သွားမည်။ ဗုံးချမှာက ၆ ပေါင်လေး တွေ။ ၆ ပေါင်ဆိုတော့ တစ်ပိဿာခန့် ကျော်ကျော်လောက်ရှိမည်။ ဟိုဘက် ၆ ခု၊ ဒီဘက် ၆ ခု အားလုံးပေါင်း ၁၂ လုံး။ ပြောရဦးမည်။ ပိုင်းလော့က ပြောသည်။ ဗုံးချဖို့က အတောင်ပံက ချလို့မရဘူး။ ဒီမှာ အပေါက်ရှိတယ်။ ယာယီအပေါက်ကလေးရှိတယ်။ အပေါက်ကလေးကို ဖွင့်လို့ရှိရင် အောက်ကို မြင်ရတယ်။ ပြောခဲ့တဲ့ P4 က ဗုံးကို ယူပေးမယ်။ ယူပေးရင် ကျွန်တော်က ကိုင်မယ်၊ ကိုင်ပြီးတော့ အပေါက်တည့်တည့်မှာ ချိန်ထားမယ်။ ပြီးတော့ သူက အောက်က လည်တဲ့ကိရိယာ လှည့်လိုက်လို့ရှိရင် ကျွတ်သွားရင် နည်းနည်းလေးနဲ့လယ်အောင် လုပ်ထားပေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူကလမ်းမှာ လေနဲ့ ပြောင်းပြန်ပြန်လည်ပြီး တော့ ကျွတ်ထွက်သွားမယ်။ လမ်းထဲမှာ ကျွတ်သွားပြီးတော့ တည့်တည့် သွားကျရင် ပေါက်တယ်။ ဒီက ချွတ်ပေးစရာ မလိုဘူး။ အပေါ်က နည်း နည်းလေး လှည့်ပေးလိုက်ပြီးတော့ ချောင်ပေး လျှော့ပေးလိုက်ပြီးတော့ ချလိုက်ရင် သူ့ဟာသူ ပြောင်းပြန်ပြန်လည်ပြီးတော့ ကျွတ်သွားရော သူက လုပ်ကတည်းက ခလုတ်ကိုက ပြောင်းပြန်လည်အောင် လုပ်ထားသည်။

ဗုံးချဖို့ လုပ်ထားသော ဒလက်က လေနှင့်တိုက်လိုက်လျှင် ပြောင်းပြန် လည်ပြီးတော့ ကျွတ်သွားရော၊ ကျွတ်သွားရင် သူ့ဟာသူချ။ ဗုံးချမယ့် ဖောက်ဆန်းရောက်တော့ အပေါ်က ဝဲကြည့်သည်။ ''ဒါ ဖောက်ဆန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ ချမယ်'' ဆိုပြီးတော့ အဆင်သင့် ပြင်ရသည်။ အချိန်က နံနက် ၁၀ နာရီလောက် ရှိမည်။ နှင်းတွေ စဲချိန်၊ လေယာဉ် ''ချမယ် အဆင်သင့်ပြင်'' ဆိုတော့ ပိုင်းလော့က ပြောသည်။ ''ဇရိယာထဲ ဝင်ပြီဆိုရင် မီးနီပြမယ်၊ မီးနီပြရင် ဇရိယာထဲဝင်ပြီ အသင့်ပြင်'' ဆိုတော့ ခုနက တွဲဖက် လေယာဉ်မှူးကလည်း ဗုံးတွေကိုစစ်၊ ကျွန်တော်ကလည်း ခုနက အပေါက်မှာ ဝမ်းလျားမှောက်ရသည်။ ကျွန်တော်က အပေါက်ကိုကြည့်ပြီး နောက်က ခြေထောက်ကို ခေါက်ထားရသည်။ ပြီးတော့ လေယာဉ်မှူးကို ကြည့်နေရသည်။ သူက မောင်းဝင်သွားတာနှင့် တစ်ပြိုင်နက်တည်းပဲ ဟိုက အဆင်သင့်ပြီဆိုရင် မီးပြသည်။ မီးနီပြတဲ့ အခါကျရင် ဗုံးကိုယူပြီးတော့ သူက အပေါ်လေးကို နည်းနည်းလေး လှည့်ပေးလိုက်သည်။ လှည့်ပြီး ကျွန်တော့်ကို ပေးသည်။ ကျွန်တော်က လေယာဉ်အပေါက်မှာ ချိန်ထားရသည်။ ချိန်ထားပြီးတော့ ကျွန်တော်က ဟိုရှေ့ကို ကြည့်နေရသည်။ ကြည့်နေပြီးတော့မှ လေယာဉ်က ဝဲပြီးတော့ နည်းနည်းလေး စိုက်ဆင်းသွား၊ တီတီ တီတီ တီတီ မြည်ပြီးတော့ မီးကလည်း စိမ်းလာတော့ ဗုံးကိုလက်လွှတ်လိုက်ရသည်။ လက်လွှတ်လိုက်လျှင် သူက လည်လည် လည်လည် လည်လည်နှင့်ကျပြီး ပေါက်တောကို မြင်ရသည်။ တစ်ခါလှည့်ရင် တစ်လုံး။ ခဏခဏ လှည့်ရသည် တစ်လုံး၊ တစ်ခါတလေ ကျတော့လည်း တစ်ခါတည်းကို နှစ်လုံးအဆင်သင့် ပြင်ထားပြီးတော့ ပီဖိုး၊ လက်ထဲမှာ တစ်ခု ကျွန်တော့်လက်ထဲမှာ တစ်ခုကိုင်ထားပြီး ချပြီး တစ်ခု၊ နှစ်ခု ဆက်ချလိုက်သည်။ အဲ့တော့ ချလို့ကုန်ရောပြီးပြီ။ ဘေးနားတွေလည်း ပေါက်ပြီးပြီပေါ့။

၁၂ လုံးလုံးကုန်ပြီ၊ ကုန်တော့ ဘေးကပစ်သည်။ သူတို့ကလည်း အောက်က ပြန်ပစ်သည်။ ဗုံးချသည့်အချိန်မှာ မပစ်ဘူး။ နည်းနည်း ဗုံးကို ချမလို့ ဆင်းလာသည့်အခါကျရင် အောက်မှပစ်သည်။ မထိဘူး။ အောက်က ပစ်မှန်းသိတယ်လေ၊ ပစ်ပြီးတော့ ကျွန်တော်တို့ တစ်ခါဝဲလိုက်၊ တစ်ခါဝဲပြီးရင် ဒီဇရိယာနား မဝင်တော့ဘူး။ တခြား ဇရိယာနားကနေ လှည့်ပြီး ကျွန်တော်တို့ လေယာဉ်ပျံ ဝင်ပြန်ရော ဝင်ပြီးတော့ ခုနလိုပဲ တီတီ တီတီဆိုရင် ဗုံးလွှတ်ချလိုက်ပြန်သည်။ လည်လည်ပြီး ပေါက်ကွဲသွားတာ မြင်ရသည်။



ဖောက်ဆင်းဘေးနားမှာ နောက်ဆုံး ဗုံးကုန်သွားရော၊ ကုန်သွားတော့ ပိုင်းလော့မှာ နောက်ဆုံးပစ်ဖို့ကျည်ဆန် ပါလာသည်။ သူက ''ကျွန်တော် ပစ်လိုက်ဦးမယ်'' ဆိုတော့ ''ပစ်ကွာ''ပေါ့။ သူက တစ်ပတ်လှည့်ပြီး လှည့်လည်းပစ်ရော၊ အောက်က ပိတ်ပစ်တာ ဘေးမှာတစ်ခါတည်း ကျွန်တော်တို့ လေယာဉ်ပျံကျည်ဆန်မှန်တာ လေယာဉ်ပျံ တုန်သွားသည်။

ကျွန်တော်တို့က စက်သေနတ်ဆိုတော့ ပွိုင့် ၅ ဖြစ်သည်။ အောက်ကလည်း သူတို့ ပွိုင့် ၅ နှင့် ပြန်ပစ်သည် ထင်သည်။ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ခါတည်း လေယာဉ်ပျံတုန့်သွားသည်။ ကောင်လေးက ပြောသည်။ ''လေယာဉ်ပျံ မှန်သွားတယ်'' ဆို၍ ပိုင်းလော့က ကြည့်လိုက်တော့ ''ဟုတ်တယ် ညာဘက်တောင်ပံမှာ လေယာဉ်ပျံ မှန်သွားတယ်။ အပေါက်ကြီး ဖြစ်နေတယ်''။ ဟုတ်သည်။ လေယာဉ်ပျံကိုယ်ထည်က သုံးထပ်သား သုံးထပ်သားမှာ အပေါ်က ပိတ်အုပ်ထားတာကိုး ပိတ်အုပ်ထားသည် ဆိုတော့ သုံးထပ်သားက အောက်ခံပိတ်က အမာသားအပိုင်း ရွှေရောင်သုတ်ထားသည့်အပိုင်း ပေါက်သွားတော့ သူကပြောသည် ''ပေါက်သွားပြီ'' အပေါက်က ကြည့်လိုက်တော့ ကျယ်လာသည်။ ကျယ်လာသည်ဆိုတာက တော့ သူက အကန့်ကိုလွန်ပြီးတော့ မပြဲသွားဘူး။ အကန့်ကို သူကကော်နှင့် ကပ်ထားတော့ အကန့်တစ်ကန့်ကိုသာ အပြဲကြီး ဖြစ်သွားသည်။ လေယာဉ်ကိုယ်ထည်က အကန့်တွေ အကန့်တွေနှင့် အကန့်တစ်ကန့်ကို မှန်၍ ပြဲထွက်သွားသည်။ ကျယ်တော့ သွားသည်။ ဒါပေမယ့် ဒီနားကျတော့ သူက ကော်ကပ်ထားသည်။ လေယာဉ်မောင်းသွားတော့ ဖတ်လပ် ဖတ်လပ်နှင့် မြင်ရသည်။ အပေါက်ကြီးတွေဆိုတော့ ပိုင်းလော့က ပြောသည်။ ''ဒါကို ပြန်ပြီးတော့ ဖာထေးမယ်၊ အခုဘာမြို့နီးလဲ'' ကျွန်တော်က ပြောရသည်။ ပင်လယ်ဘူးက ဗန်းမော်နဲ့ နီးတယ်။ ပင်လယ်ကူးဆိုတော့ အနောက်ဘက် မြောက်ဘက် သွားလိုက်ပြီးတော့ သူနဲ့ နည်းနည်း တစ်ညီတည်းလောက်က ဗန်းမော်ရှိတာကိုဆိုတော့ ကသာကို မပြန်တော့ဘူး၊ ဗန်းမော်မှာ ပစ္စည်းပစ္စယရှိတယ်ပေါ့ အပေါက်ဖာလို့ရတဲ့ ပစ္စည်းက ဝယ်လို့ရတယ် ဆိုတော့ ကျွန်တော်တို့တပ်လေယာဉ် ဗန်းမော်ကို ဆင်းသည်။ ဗန်းမော်ဆင်းတော့ လေယာဉ်ပျံကို တစ်ခါတည်း တပ်က လာပိုင်းရော။

www.burmeseclassic.com

www.burmeseclassic.com



ဗန်းမော်မှာရှိတဲ့ ကချင်စစ်ရဲတွေက လာဝိုင်းသည်။ ဝိုင်းပြီး အနားလည်း ကျရော "မဟုတ်ဘူး တို့ ဒီလိုပဲ ပင်လယ်ဘူးကို သွားတိုက်ပြီးတော့ တို့ပြန်လာတာ" ဆိုတော့ သူတို့က အထက်ကို အကြောင်းကြားသည်။ အကြောင်းကြားတော့ ဟိုက ဟုတ်တယ်ဆိုတော့ သူတို့ဆင်းလာပြီးတော့ ခွင့်ပြုသည်။ ခွင့်ပြုလိုက်တော့ ကျွန်တော်တို့ကလည်း ထမင်းစားဖို့ရော အကုန်လုပ်ခဲ့ကွာဆိုမှ သူတို့ ဘာဝယ်လာလဲဆိုတော့ တာပေါ်လင်ပိတ်စနှင့် လက်သည်းဆိုးဆေးတွေ ဝယ်လာသည်။ ဝယ်လာပြီးတော့မှ သူတို့က အဲ့ဒီ ခုနကပြောခဲ့သည့် ပေါက်သွားသောနေရာမှာ လက်သည်းဆိုးဆေးတွေနှင့် ပိတ်အထူစားကပ်ပြီးတော့ ပိတ်အပေါ်ကနေမှ လက်သည်းဆိုးဆေးကို သုတ်သည်။ လက်သည်းဆိုးဆေးကို သွန်လိုက်၊ မွေးပွဘရပ်ရှ်နှင့် သုတ်လိုက်၊ သွန်လိုက် သုတ်လိုက် လုပ်ကြသည်။

ခဏလည်းကြာရော လက်သည်းဆိုးဆေးက ခြောက်သွား ကပ်သွားပြီး တင်းပြီးတော့ အရင်အတိုင်း ပြန်ဖြစ်သွားသည်။ သူတို့ အရင်လေယာဉ်ပျံ အကောင်းအတိုင်း ပြန်ဖြစ်သွားသည်။ သူတို့ ဒီလိုပဲရှော့ပ်သည်ဟု ပြောသည်။ ဒီလိုပဲ ပိတ်ထူထူ ဝယ်ကပ်လိုက်ပြီးတဲ့အခါမှာ ဘာမှ မခဲယဉ်းဘူး။ ဖရိန်တွေ ဘာတွေမှ မကျိုးဘဲနှင့်။ ဖရိန်ကသံ ကပ်ထားတာတွေက လက်ဖက်ခြောက်ပုံး သုံးထပ်သား။ ဒါနှင့် ပြီးလည်းပြီးရော လေယာဉ်ကို မောင်းတက်ပြန်ပြီး ကျွန်တော်တို့က ကသာကို လေယာဉ်ဆင်းသည်။ ဆင်းသည့်အခါကျတော့ ဆင်းလို့ မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လေယာဉ်ဘီးက ချလို့မရဘူး။ ဘီးချလို့မရတော့ "ဟာ ဒုက္ခပဲ ဒီလိုဆိုရင် **ဂျက်ကင်းဆင့်နဲ့**ချမယ်၊ ဂျက်ကင်းဆင့်ဆိုတာ နောက်ဆုံးခလုတ်ပေါ့။ ဒီခလုတ်ချရင် ဒိုင်းဆို ခလုတ်က ကျသွားပြီးတော့ ပြန်တင်လို့ မရတော့ဘူး။ ဒါဆိုရင် မန္တလေးမှာသွားဆင်းမယ်။ ပြင်ပြီးတော့မှ သူတို့ ကသာကို ပြန်လာမယ်ဆိုပြီးတော့ မန္တလေးကို သွားရသည်။ ကျွန်တော်က ဝမ်းသာသည်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမေနှင့် တစ်ညအိပ်ရသည်ကိုး။ အမေက မန္တလေးမှာ ရှိသည်။

ခုနကပြောသလို ဂျက်ကင်းဆိုတာ တစ်ခါတည်း ခလုတ်ကို ဖြုတ်ချလိုက်သည်။ မန္တလေးကို လေယာဉ်ဆင်းသည့်အခါကျတော့ အကုန်လုံး



ဘီးချခလုတ်တွေ ပြုတ်ကျပြီးတော့မှ ဘီးက ပြန်တင်လို့ မရဘူး။ အသေဖြစ်သွားသည်။ ပြန်တင်ဖို့ကိစ္စက ပြဿနာ။ ဒါကြောင့် ပြန်တင်ဖို့အတွက် ကိရိယာရှိမှ ပြန်တင်လို့ရမှာ မိတ္ထီလာကို အကူအညီ တောင်းလိုက်သည်။ လေယာဉ်ပျံက ဒီလိုအကူအညီ တောင်းသည်။ လေယာဉ်ပျံဆင်းလို့ မရဘူး။ ဂျက်ကင်းဆင့်သလို ဆင်းရမယ်၊ လေယာဉ်ပျံကို ဂျက်ပြင်ဖို့အတွက် လာလုပ်ပေးပါဆိုတော့ လာလုပ်ရင် တစ်ညအိပ်ဆို၍ ကျွန်တော်တို့ အိပ်ရသည်။

မန္တလေးကို မိတ္ထီလာက လေယာဉ်ပျံလာပြင်ပေးသည်။ နောက်တစ်နေ့မှာ သူတို့ကိုခေါ်ပြီး ပြင်ရသည်။ ပြင်ပြီးတော့မှ ကောင်းပြီဆိုတော့မှ ကျွန်တော်တို့က မောင်းပြီး ကသာကို ဆင်းရသည်။ ပြောရဦးမည်။ မန္တလေးမှာ အမေ့အိမ်တစ်ညအိပ်ရစဉ် အမေကတော့ စိတ် ပူသည်။ ဒါပေမယ့် တွေ့တော့ "သား" ဆိုပြီး အမေ ဝမ်းသာနေ၏။ ကျွန်တော် ကသာပြန်ရောက်တော့ အရာခံ ဗိုလ်ကုလားက ပြောသည်။ မိန်းမလိုင်းထဲမှာ ကျွန်တော်တို့နေတာ ခုနစ်လလောက်ရှိသွားပြီ။ ခုနစ်လလောက် ရှိသွားတော့ ကျွန်းပင်တွေက ကျွန်းပွင့်တွေ ပွင့်သည့်အချိန်မှာ ငှက်ဖျားရောဂါဖြစ်သည်။ ငှက်ဖျားရောဂါက လူကြီးတွေလည်း ဖြစ်သည်။ ကလေးတွေက ခုနစ်လလောက်မှာ ၁၁ ယောက်လောက် ဆုံးသည်။ ၁၁ ယောက် ဆုံးတော့ မိန်းမတွေက မကျေနပ်ဘူး။ တောကြီးထဲမှာနေရ၍ ငှက်ဖျားကြောင့် ကလေးများ အသက်ဆုံးရှုံးသည်။ ဆေးဝါးကုဖို့ကလည်း အဆင်မပြေ။ သေတယ်ဆိုတော့ မကျေနပ်ဘူး။ ဒါပေမယ့် တပ်ရင်းမှူးကြီး ကျွန်တော့်ကိုလည်း မပြောရဲ။

တပ်ခွဲမှူးတွေကိုလည်း သူတို့ သတင်းမပို့ရဲ။ သူတို့က ဘာလုပ်လဲဆိုတော့ ကျွန်တော်တို့ သွားနေတုန်းမှာ၊ မန္တလေးမှာ ကျွန်တော်တို့ ညအိပ်နေတုန်းမှာ၊ သူတို့မိန်းမလိုင်းမှာ မနဲ့လေးနတ်က ဖျာလိပ်နတ်ကသည်။ အရာခံဗိုလ်က ပြောသည် "ဗိုလ်မှူး ဗိုလ်မှူး သွားနေတုန်းမှာ ဒီမိန်းမလိုင်းက မိန်းမတွေက သူတို့ကလေးတွေ ဒီလောက်တောင် သေရတယ်ဆိုပြီး ဖျာလိပ်နတ် ကတယ်၊ ဖျာလိပ်နတ် ကပြီးတော့ မေးတယ်" အဓိပ္ပာယ်ကတော့ မေးပြီးတော့ ဖျာလိပ်နတ်ကို သူတို့က တောင်းဆိုသည်။ ဘာတောင်းဆိုလဲဆိုတော့ "ဒီတပ်ရင်းမှူးကြီးဟာ လူပျိုဖြစ်တဲ့အတွက် မြန်မာမိန်းမ ရအောင် ပေးစားဖို့အတွက် နတ်မကြီး ကယ်တင်ပါ၊ သူ့မှာ မိန်းမ မရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် မိန်းမနှင့်ကလေးအကြောင်းကို မသိဘူး၊ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒုက္ခရောက်ရပါတယ်၊ အဲ့ဒီအတွက်ကြောင့် တပ်ရင်းမှူးကြီးကို မြန်မြန် မိန်းမ ပေးစားဖို့လုပ်ပါ''

ဖျာလိပ်နတ်ကို ပုတ်ပုတ်ပြီးတော့ ပြောတော့ ဖျာလိပ်နတ်ကလည်း ''ဟုတ်ပြီ'' ပေါ့။ စောင့်ပြီးလုပ်တာပေါ့၊ သူတို့ပဲ လုပ်တတ်သည်။ ကျွန်တော် မသိဘူး။ ပြောပြီးတော့မှ ''နောက် ဒီလိုမှ မဟုတ်လို့ရှိရင် ကျွန်မတို့ကို ဒီတပ်ကနေပြီးတော့ ဒီတပ်ရင်းမှူးကို ပြောင်းပစ်ပါ၊ မိသားစု ကလေးတွေ ဘာတွေရှိတဲ့ နားလည်တဲ့ တပ်ရင်းမှူးကို ပို့ပါ၊ ဒီတော့မှ ကျွန်မတို့အကြောင်းကို သိပါလိမ့်မယ်''ပေါ့။ သူတို့ နတ်ကသည်၊ ပြောတော့ ပထမက ကျွန်တော် စိတ်ဆိုးသည်။ နောက်မှ ဟုတ်မှာလေ၊ သူတို့သားတွေ၊ သမီးတွေသေလို့ ဖြစ်မှာပေါ့။ မိမိကလည်းပဲ မြစ်ကြီးနားနှင့် အဆက်အသွယ်ပြုပြီးတော့ ဆေးရုံတွေ ဘာတွေ တက်ဖို့ စီစဉ်ရတဲ့ကိစ္စ အားနည်းလို့ ဖြစ်သည်။ နောက်ပြီးတော့ ဟိုက ဆရာဝန်တစ်ယောက်က ရှေ့တန်းပေးထားတာ ဒီမှာ ဆရာဝန်မရှိလို့လည်း ဖြစ်မည်။ နောက်တစ်ခါကျတော့ ပင်လယ်ဘူး သွားဦးမည်ဆိုပြီးတော့ ရဲဘော်တစ်စုနဲ့ ကျွန်တော်က ပင်လယ်ဘူး ထွက်သွားသည်။ ထွက်သွားပြီးတော့မှ နဘားရောက်တော့ ကားနှင့်သွားသည်။ နဘားဘက် ရောက်ပြီးတော့ ဒီနေ့ အချိန်ကုန်အောင် နေလိုက်ပြီးတော့ မှောင်စပျိုးတော့မှ ကျွန်တော် ပင်လယ်ဘူးက ပြန်လာတယ် လုပ်ရသည်။ သူတို့က ည ၈ နာရီ၊ ၉ နာရီ မှောင်စပျိုးပြီဆိုရင် နတ်ကတာကိုး။ တပ်က ရဲဘော်တွေ အိပ်ပြီဆို နတ်ကကြသည်။

ကျွန်တော် တပ်မှာ မရှိတိုင်း နတ်ကကြသည်။ ကျွန်တော်ကလည်း ပြန်ရောက်လာတော့ နတ်ကနေတာ မိသည်။ တကယ်ကနေတာတွေ့တော့ ကျွန်တော်ကလည်း စိတ်ဆိုးရော။ ကနေတဲ့ ဖျာလိပ်နတ်ကတော်က တပ်သားမောင်မဲမိန်းမ။ မိန်းမနာမည်တော့ မသိဘူး။ မောင်မဲမိန်းမက တကယ့်နတ်ကတော် ကနေတာ။ ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ ''ကဲ ဒီလောက်တောင် ကချင်နေလည်း ကဟာ၊ နင်တို့ နတ်တွေ ပူးတဲ့ကောင်မလေးတွေလည်း ပူးဟာ၊ နင်တို့ကို ငါအကုန်လုံး အပြစ်ပေးတဲ့အနေနဲ့ ငါမျက်ခုံးမွေး တစ်ဖက်ရိတ်မယ်'' ကျွန်တော် ပြောရော။ ပြောတော့ ''အောင်မလေး



နတ်က ထွက်ပြီ၊ မလုပ်ပါနဲ့'' ပေါ့၊ ''မဟုတ်ဘူး ငါနင်တို့ကို ရိတ်တာ မဟုတ်ဘူး၊ နတ်ကို ရိတ်တာ၊ နတ်ရိပ်တဲ့အတွက် နတ်နဲ့ ပါသွားရမယ်'' ဆိုတော့ ''အမလေး မလုပ်ပါနဲ့၊ ကျွန်မတို့နောက် မလုပ်တော့ပါဘူး'' ဒါပေမယ့် မောင်မဲမိန်းမကိုတော့ ''နင့်ကို မှတ်လောက် သားလောက်အောင် ငါမျက်ခုံးမွေး အကုန်လုံးကို ရိတ်ပစ်မယ်''ဆိုပြီး ကျွန်တော် အကုန်လုံးကို ရိတ်ပစ်လိုက်သည်။ ဟာ သူလည်း ရှက်လို့၊ လုပ်တော့ မလုပ်ကောင်းဘူး။ ဒါပေမယ့် ဟိုတုန်းကတော့ စိတ်ကလည်း ဆိုးသည်။ ဒီလိုပြောရမလား။ ဒါပေမယ့် နောက်ကျတော့ ကပ္ပတိန် စောတန်ဘလာဆိုသော ဆရာဝန်တစ်ယောက် ကျွန်တော်တို့ ရလာသည်။ ဆရာဝန်ရလာပြီးတော့မှ နောက် ငှက်ဖျားဆေးဝါး ကုသပြီး အဆင်ပြေသွားသည်။ အဆောက်အအုံတွေကလည်း ပိုပြီး ကောင်းလာသည်။ သစ်တောတွေ ခုတ်သည်။ ထွင်သည်။ နောက်ထပ် ပြီးတော့ လမ်းဖောက်သည်ဆိုတော့ တပ်ကလည်း သာသာယာယာ ဖြစ်သွားသည်။

အချိန်က ၁၉၅၂ ကုန်သွားပြီ၊ ၅၃ ခုနှစ်ရောက်နေပြီ။ ပြောရဦးမည်။ ကျွန်တော်တို့တပ် လယ်ဝေးမှာရှိစဉ် ''ဇေယျကျော်ထင်ဘွဲ့'' ချီးမြှင့်ခံရသည်။ မန္တလေးတွင် သူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်ကို ချီးမြှင့်ခံရသည်။ ကွန်မြူနစ် နေကြာစခန်းတိုက်ပွဲနှင့် ပြည်သူလူထု အုပ်ချုပ်သည့်အပေါ်မှာ ကျွန်တော်တို့ တရားမျှတမှုဖြင့် အုပ်ချုပ်သည်။ တပ်မတော်စစ်စည်းကမ်း ထိန်းသိမ်းမှု ကောင်းသည် မှတ်ချက်နှင့် သူရကျော်ထင်ဘွဲ့ပေးသည်။ ကသာမှာ တိုက်ပွဲတွေဖြစ်နေတုန်းမှာ တော်တော် ဒုက္ခရောက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ရေတွေ လျှံသည့်အခါကျလျှင် ဧရာဝတီမြစ်ရေကျလျှင် ချောင်းထဲ ရေတက်လာပြီး၊ တပ်သားနားက ချောင်းတွေ ဟိုဘက် ဒီဘက် မဖြတ်နိုင်ပါ။

ကသာမြို့ ဒီဘက်မှာ တောင်ကုန်းလေးတွေ ရှိသည်။ ကသာက မြေညီ ဟိုဘက်က ဧရာဝတီမြစ်၊ ကသာမြို့၏ အနောက်တောင်ဘက်မှာက တောင်ကြောကျွန်းကုန်း ရှိသည်။ ကျွန်းပင်တွေရှိသော တောင်ကုန်း။ ကျွန်းပင်စိုက်တာတော့ မဟုတ်ဘူး။ အလေ့ကျပေါက်နေသော ကျွန်းပင်တွေ ရှိသည်။ ကုန်းပေါ်မှာ နေရတာဆိုတော့ အောက်ဆက် အေးနားမှာ ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးရှိသည်။ မိုးရွာ၍ ချောင်းကရေကျလျှင် ဟိုဘက် ဒီဘက် မကူးနိုင်။ မိုးရွာလျှင် ကျောင်းပို့သော ကျောင်းသားမိဘတွေ ဟိုဘက်မှာ အိပ်ရသည်။ အိပ်ဖို့ ဟိုဘက်မှာလည်း စီစဉ်ရသည်။ စားဖို့ကို ဒီက ပို့ရသည်။ လှေနှင့် စီစဉ်ပေးပြီး နောက် ရေကျတော့မှ ပြန်ခေါ်။ နောက်တော့ တံတားထိုးလိုက်ရာ ကောင်းသွားသည်။ မှတ်မိသေးသည်။ ထီးချိုင့်မှာ ရေတွေကြီးလို့ သွားစစ်ရသည်။ ဒီဘက်မှာလည်း ကြီးသည်။ ဟိုဘက်မှာလည်း ရေကြီးသည်ဆိုတော့ မော်တော်နှင့် သွားစစ်ရသည်။

ထီးချိုင့်က ကသာနှင့် မိုင် ၃၀ခန့် ဝေးမည်။ ထီးချိုင့်ကို သွားကြည့်လိုက်ရသည်။ ထီးချိုင့်တပ်စခန်းကို ရောက်တယ်ဆိုလျှင် ရွာသားတွေက ပြုံုတစ်ပြုံုတစ်နှင့် စကားပြောချင်၍ ကျွန်တော့်ကို လာစောင့်သည်။ ထီးချိုင့်မှာရှိသော အရာခံဗိုလ် ဆာကျင်ဦးကုလားဆိုသူက ဒီလူတွေကို မောင်းထုတ်နေသည်။ "ဟေ့ကောင် ဘာဖြစ်လို့ မောင်းထုတ်နေလဲ၊ သူတို့ ပြောချင်တာ ပြောပါစေကွာ" ဆိုတော့ သူက ကြိမ်းမောင်းသည်။ "မင်းတို့ တပ်ရင်းမှူးကို မဟုတ်တာတွေ မပြောနဲ့နော်" ဆိုပြီး လွှတ်ပေးလိုက်သည်။ သူတို့က ပြောသည် "ရေတွေကြီးတုန်းက ဟိုဘက်ကုန်းကြောလေးမှာ ကျွဲလေး ၃ ကောင်၊ ကျွဲမကြီးမွေးပြီး အစာရှာထွက်သွားတော့ ရေကြီးလို့ ဟိုဘက်မှာ ပြန်မလာနိုင်၊ ကျွဲကလေးသုံးကောင်က နို့မစို့ရဘူး၊ ကျွန်တော်တို့လည်း ရေတွေကြီးပြီး လျှံနေတော့ ကျွဲလေးသုံးကောင် ယူလာသည်"

ကျွဲလေးသုံးကောင်ကို ဆာကျင်မေဂျာက ဆေးကောင်းတယ်ဆိုပြီး ပြုတ်သောက်သည်။ ဟင်းချက်ပြုတ်ပြီး စားလိုက်သည်ဆိုတော့ ကျွန်တော်က သိပ်စိတ်ဆိုးသည်။ "မင်းကွာ၊ ကုလားကွာ ဒီလောက် နို့စို့ ကျွဲပေါက်လေး မင်းလုပ်ရက်သလားကွာ" ဆိုတော့ "ဆရာရယ် ကျွန်တော် မှားသွားပါတယ်" ပြောပြီးတော့ "ရွာသားတွေကို မင်း မပူနဲ့၊ မင်းတို့ ကျွဲသုံးကောင်အတွက် အစားပြန်ပေးမယ်၊" နောက်မကြာမီများ ဆာကျင်ကုလားကို လူကြီးတွေက တပ်ကို လိုက်လာပြီး တိုင်ပြန်သည်။ "ဆာကျင်မေဂျာ ကုလားကို ဆုံးမပါဦး၊ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်မှူးကြီးလည်း ပြန်သွားရော မင်းတို့မြင်တယ် မဟုတ်လား၊ ကြားတယ် မဟုတ်လား" တဲ့။



ကျွန်တော်က ပြောခဲ့သည်က "မင်းတို့ ဒီကျွဲလေးသုံးကောင် မွေးထား၊ နောက်တော့ တို့တိရစ္ဆာန်ရုံပို့လိုက်တော့ ဘယ်လောက်တပ် ဂုဏ်သိက္ခာရှိမလဲ" ဆိုတော့ သူက မှတ်ထားပြီးတော့ "ကြားတယ် မဟုတ်လား၊ တပ်ကနေပြီးတော့ ဂုဏ်သိက္ခာရှိအောင် ကျွဲလေးတွေပို့ရင် ဂုဏ်ရှိတယ် ပြောတယ်၊ ဒီနေ့ ဒီရက်ကစပြီးတော့ ကျွဲသုံးကောင် ဖမ်းပေးရမယ်" သည်တော့ လူတွေက လာတိုင်ပြန်ရော ကျွန်တော်က "ကုလား မင်းက လူမိုက်ပဲ၊ မင်းထင်ရာတွေ စွတ်လုပ်နေတယ်၊ ဒီကျွဲသုံးကောင် ဘယ်သူဖမ်းပေးရမှာလဲ၊ မင်း ဖမ်းပေးပါလား" ကျွန်တော်ကလည်း စိတ် ပေါက်ပေါက်နှင့် ပြောသည်။ ဒါပေမယ့် ရွာသားတွေကလည်း ပြောရဲ ဆိုရဲသည်။ ဟိုတုန်းက ဘာပဲပြောပြော လာတိုင်ရဲသည်။ တိုင်လို့ရှိရင်လည်း လာတိုင်တဲ့ တပ်မှူးက တကယ်အပြစ်ရှိရင် ရှိသလို ကျွန်တော်တို့က လုပ်ကိုင်ပေးတော့ တိုင်ရဲကြသည်။ ဒီမှာနေရင်းနဲ့ ဘာသတင်းကြားလဲဆိုတော့ တရုတ်ဖြူဝင်သည်။ သည်သတင်းကို စပြီးကြားတာ ၁၉၅၂ ခုနှစ် ၅၃ လောက်ကျတော့ ဒါသိလာပြီ တရုတ်ဖြူဝင်သည်။ နယ်စပ်တွေ ဝင်သည်။ သိမ်းနီ့တို့၊ သီပေါတို့ ဘက်တွေမှာလည်း အကုန်ဝင်လာသည်။ နောက်ပြီးတော့ မြင်းမူဆည်ဘက်တွေမှာလည်း ဝင်သည်။ တရုတ်ဖြူတွေ ဝင်လာပြီဟု စကြားသည်။

သည်သတင်းတွေ ကြားတုန်းမှာပဲ တရုတ်ဖြူကို တိုက်ဖို့အတွက် စီစဉ်နေပြီ။ သည်လိုပြင်ဆင်နေစဉ်မှာပဲ ကျွန်တော်က ဗိုလ်မှူးဖြစ်တော့ ဒုတိယဗိုလ်မှူးကြီးရာထူးတိုးပေးဖို့ ရန်ကုန်တက္ကသိုလ် ကျောင်းတက်ရသည်။ ကျွန်တော်တို့ကို ပညာသင်ပေးသည်။ တက္ကသိုလ်ပညာသင်စဉ် မှတ်မိတာကတော့ ကျွန်တော်ရယ်၊ ဗိုလ်စံကြည်ရယ်၊ နောက် ဗိုလ်မှူးကြီးစံကြည်ဖြစ်သည်။ နောက်ပြီးတော့ ကိုချစ်ခင်၊ ကိုစောမြတ်သိန်း၊ ဗိုလ်လှမြင့်။

ဒုဗိုလ်မှူးကြီး ခင်မောင်ကျော်ဆိုတာ တိုက်ခိုက်ရေးကျောင်းမှာ ကျောင်းအုပ် သွားလုပ်ရင်းနှင့် လှိုင်ကော် လောပိတာဘက်မှာ အောင်းကို သွားကြည့်ရင်း ကျပြီး ခေါင်းကွဲပြီး သေသွားသူ ဗိုလ်လှမြင့်။ သည့်အချိန်က ၁၉၅၃ ခုနှစ်အကုန် ၁၉၅၃ ခုနှစ် ကူးပြီ။ ကျွန်တော်တို့တပ်က ကသာမှာ လုပ်ကိုင်ပြီးတော့ တော်တော်လေး အသားအနား ကျသွားသည့်အခါ ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ပြီလေ၊ ပင်ပန်းတော့ ကျွန်တော်တို့ကို မန္တလေးဒေသတစ်ဝိုက်မှာ လုံခြုံရေး ယူဖို့ဆိုပြီးတော့ တပ်ကို အကုန်လုံး မန္တလေးပို့လိုက်သည်။ ၁၉၅၃ အလယ် လောက်ဖြစ်မည်။

ကျွန်တော်တို့ မန္တလေးကို ပြန်ရောက်တော့ မိုးမကျခင်ပါပဲ။ ရောက် တော့ ဟိုက တရုတ်ဖြူကို စတိုက်ဖို့ စီစဉ်လိုက်ပြီးတော့ ကြားရပြီလေ၊ နဂါးနိုင် စစ်ဆင်ရေးလုပ်မည်ဆိုတာ ကြားရပြီ။ ဒါကြောင့် ကျွန်တော်တို့က ပညာသင်ရသည်။ ကျွန်တော် ကျောင်းတက်တာ ပြောပြဦးမည်။ ရန်ကုန် တက္ကသိုလ်မှာ ကျောင်းတက်ရသည်။ ၁၀ တန်းအောင်ပြီးသား လူတွေကို ဆက်လက်ပြီးတော့ ကျောင်းတက်ရမည်ဆို၍ ကျွန်တော်တို့ တက်ရသည်။ ကျောင်းတက်ရသည်မှာ ကောင်းပါ၏။ ကျွန်တော်တို့ ဘယ်မှာနေရသလဲ ဆိုတော့ မှတ်တမ်းရုံး အလံပြဘုရားနားမှာရှိသော တပ်မတော်မှတ်တမ်း ရုံးမှာ ကျွန်တော်တို့ကို နေရာပေးသည်။ အားလုံး အဆောင်လေးတစ်ခုပါ။ ကောင်းကောင်းမွန်မွန်ပါပဲ၊ ကိုယ့်အခန်းနဲ့ကိုယ်။

မနက်မိုးလင်းလို့ရှိလျှင် ကားနှင့် ကျွန်တော်တို့ ကျောင်းကို ၈ နာရီ အရောက်သွားရသည်။ နောက် ကျောင်းက စားသောက်ဆိုင်မှာ ဝင် စားရသည်။ သင်ကြားရသော ဘာသာတွေများသည်။ အင်္ဂလိပ်စာ သင် သည်။ အင်္ဂလိပ်စာ နှစ်ဘာသာ၊ တစ်ဘာသာက ဒင်းနှစ်စ်မော်ဂင်တို့ ဖနီးမောင်နဲ့သင်သည်။ နောက် ဗြိတိသျှကောင်စီက အမေရိကန်ပြန်ကြားရေး ဌာနက ဂိုင်ဂါဘဂျီးနီးယားဆိုတဲ့ အမျိုးသမီးကလည်း သင်သည်။ အိုနီး ဆိုတဲ့ ဆရာတစ်ဦးလည်း သင်သည်။ နောက်တော့ ဆရာဦးဘညွန့် (ရုပ်ရှင် သရုပ်ဆောင် ဝင်းဦး၏ဖခင် ချစ်ဒုက္ခဦးဘညွန့်) က မြန်မာ့သမိုင်း သင်သည်။ နောက်နိုင်ငံရေးသိပ္ပံလည်း သင်သည်။ နောက် သင်္ချာဘာသာဆရာ ဦးဖိုး သုန်က သင်သည်။ နောက်ပြီးတော့မှ ပထဝီဝင်ဘာသာကို ဒေါ်သင်းကြည် သင်သည်။ စီးပွားရေးပညာကို ဒေါ်ပေရယ်ခိုင်နှင့် ဒေါ်ပက်ဂီရှန်း သင်သည်။ ပထဝီဝင်ကို တွဲပြီးတော့ ဆရာအူရာဂါးမားက သင်သည်။ ဆရာက ဟိုတုန်းက တက္ကသိုလ်ချင်းပညာဖလှယ် စနစ်အရ သူက ပထဝီ သင်သည်။ နောက်ပြီးတော့ ပါမောက္ခ ဒေါ်သင်းကြည်သင်တာက ပထဝီတော့ ပထဝီပဲ။ ဒါပေမယ့် သူက နည်းနည်းမြင့်သည်။ ခေတ်တွေနှင့် ပတ်သက်ပြီးတော့



ကျောက်ခေတ်ဖြစ်လာသော ကျောက်တွေနှင့် ပတ်သက်ပြီး သင်သည်။ တော်တော် သင်ရသည်။ ဘာသာတွေကတော့ တစ်နေ့လုံးမှာ အကုန်လုံး မဟုတ်ဘူး။ ဒီနေ့ဆို အင်္ဂလိပ်စာရယ်၊ သမိုင်းရယ်၊ နိုင်ငံရေးသမိုင်းရယ် ၃ ဘာသာလောက်ပဲ။ နောက်နေ့ဆို အင်္ဂလိပ်စာတော့ နည်းနည်းပါသည်။ အင်္ဂလိပ်စာရယ်၊ သမိုင်းရယ်၊ ပထဝီရယ် စသည်ဖြင့် ကျွန်တော်တို့ သင် ရတာ အထူးဆန်းပါပဲ။ ကျွန်တော်တို့ကို စသင်တာ နိဝင်ဘာလောက်က စသင်တာဆိုတော့ ဆောင်းတွင်းကြီး၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ၃၊ ၄ လလောက် ပဲ ရှိမည်။ ဒီတုန်းကတော့ ရက်ဖို့ကောင်း သည်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ အင်္ဂလိပ်တွေ ကောင်းသည်လို့ ထင်သည်။ ဒါပေမယ့် သူတို့ ရေးခိုင်းတာတွေ ရေးလိုက်လို့ရှိရင်လည်း မှင်နီတွေချည်းပဲ။ တစ်ခါတည်း စာရွက်တွေကို နီရဲနေတာပဲ ပြင်တာ၊ ကြာတော့ ကိုယ့်ဟာကိုယ် ရှက်တောင် လာသည်။ သူတို့က မေးသည်။ 'Where is your subject? Where is your object? Where is you predicate?' သူက question mark တွေနှင့် မှင်နီတွေနှင့် ကျွန်တော်တို့ အင်္ဂလိပ်တွေက broken ဘရုတ်ကင်းတွေဆိုတော့ subject ပျောက်လို့ ပျောက်၊ predicate တွေ အဆက်အစပ် မရှိတော့ဘဲ သင်ရသည်။ သင်ပြီး တော့မှ နောက်ကျတော့ ကျောင်းဆင်းလို့ ပြန်တော့မယ် သွားတော့မယ်လုပ် တုန်းမှာ "အကုန်လုံး မပြန်ရသေးဘူး၊ မင်းတို့ ပြန်လာကြဦး" ဆိုတော့ လူတွေလည်း ဒေါ်တွေ ဘာတွေကန့်ပြီး ပြန်လာရတာသည်၊ ဘယ်ပို့လိုက်လဲ ဆိုတော့ ယခုအင်းယားလေး စခန်းပို့လိုက်သည်။ အင်းယားလေးစခန်းမှာ ကင်းထောက်သင်တန်း တက်ရသည်။ ကင်းထောက်သင်တန်း။ အဲ့ဒီ ကင်း ထောက်သင်တန်းကလည်း ရက်သတ္တတစ်ပတ် Mr.Presub နှင့် ဗိုလ် ချုပ်မောင်မောင်က ဒုတိယသင်တန်းမှူး၊ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေ အားလုံးကို ထိန်းဖို့က ကင်းထောက်ပညာက ကောင်းတယ်ဆိုပြီးတော့ ကျွန်တော်တို့ ကင်းထောက်ပညာတွေသင်ပြီး ကျောင်းလည်းဆင်းရော ကျွန် တော့်ကို ဒေသဆိုင်ရာ တပ်ရင်းကနေပြီးတော့ ကင်းထောက်မင်းကြီးတွေ ဖြစ်ကြသည်။ အဲ့ဒီခေတ်တစ်ခေတ် ရှိသေးသည်ဆိုတော့ အားလုံးတပ်မှူး တွေကို ကင်းထောက် သင်တန်းသင်ပြီးတော့ ကျောင်းတွေကို သွားပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကင်းထောက်သင်တန်းက ကလေးတွေနှင့်ရောပြီး ဒီလူငယ်တွေနှင့် ရင်းနှီးအောင် ပေါင်းသင်းပြီး လုပ်တတ်ဖို့အတွက် scout သင်တန်းကျောင်း ကနေပြီးတော့ ထူးခြားသည့်လက်မှတ် ဘာမှအောင်သည်၊ ရှုံးသည်လည်း မပြော။

ဗိုလ်မှူးကြီး ကိုစံကြည်ကို ဩစတြေးလျနိုင်ငံကို ပို့လိုက်သည်။ failed staff ဆိုပြီး မြန်မာပြည် ပြန်လာသည်။ အဓိပ္ပာယ်ကတော့ တော်တဲ့ လူ ပို့မယ်ဆိုပြီး တော်တဲ့လူ မဟုတ်ပါဘူး။ ဗိုလ်အောင်ကြီးတို့ ပေါင်းတည် က ပေါင်းတည်သားချင်းပို့လိုက်တော့ ဟိုမှာ ရှုံးပြီး ပြန်လာသည်။ ဒီတော့ တက္ကသိုလ် ကျောင်းတက်၊ ကျောင်းဆင်းပြီးတော့ မန္တလေးပြန်ရောက်၊ ပြန်လည်းရောက်ရော သတင်းတွေ ဘာကြားလဲဆိုတော့ နဂါးနိုင်စစ်ဆင် ရေး တိုက်တာဟာ နဂါးရှုံးဖြစ်သည်ဆိုတာ ကြားရသည်။

နဂါးနိုင်စစ်ဆင်ရေးမတိုင်ခင်မှာ ၄ နိုင်ငံ စကားပြောပွဲဆိုပြီးတော့ သွားလုပ်လိုက်သေးသည်။ မြန်မာနိုင်ငံခေါင်းဆောင်က သံအမတ် ဦးဖေခင်၊ နောက်ပြီးတော့ ဒုတိယခေါင်းဆောင်က ဗိုလ်မှူးချုပ်အောင်ကြီး၊ နောက်ပြီး သူ့ကို ကူညီတာက ဗိုလ်မှူးကြီးသိန်းမောင် (မင်းဘူးသိန်းမောင်) နောက်ပြီး တော့မှ ဗိုလ်မှူးကြီး ထွန်းစိန်။ ဘန်ကောက်မှာ ၄ နိုင်ငံ ဆွေးနွေးပွဲ၊ ၄ နိုင်ငံ ဆွေးနွေးပွဲမှာ မြန်မာတောင်းဆိုတာ တရုတ်ဖြူတပ်တွေကို ပြတ်ပြတ် သားသား ဆုတ်ခွာပေးရမည်။ ၄ နိုင်ငံ ဆွေးနွေးပွဲမှာ ထိုင်လန် (ယိုးဒယား)၊ မြန်မာ၊ ထိုင်ဝမ် (တရုတ်ဖြူ) အမေရိကားတို့ပါသည်။ အမေရိကားက ဘယ်သူတွေပါလဲဆိုတော့ ဂျွန်နရယ်၊ ပါးလ်မား နောက်ပြီးတော့မှ တရုတ် ဖြူ၊ ဗိုလ်ချုပ်အိုင်ပိုဒီး၊ မြန်မာက ဦးဖေခင်၊ ဗိုလ်ချုပ်အောင်ကြီး၊ ဗိုလ်မှူး ကြီး သိန်းမောင်၊ ဗိုလ်မှူးကြီး ထွန်းစိန် ပါသွားသည်။ ဆွေးနွေးပွဲ မအောင်မြင် ဘူး။ တပ်လည်း မအောင်မြင်ဘူး။ စစ်ရေးလည်း မအောင်မြင်ဘူး။ နောက် တစ်ခါ ဆွေးနွေးသောအခါ ကျွန်တော်တို့ပါသည်။ ဘယ်သူ ခေါင်းဆောင် လဲလို့ဆိုတော့ ခေါင်းဆောင် ဦးဖေခင်ပဲ၊ ဗိုလ်ချုပ်ကျော်ဇော၊ ကျွန်တော်၊ ဗိုလ်ဘနီ။

ဒီမှာ ကျွန်တော်က ဒုတိယဗိုလ်မှူးကြီးဖြစ်ပြီ။ စီနီယာလက်ဖနင့် ကာနယ်တောင် ဖြစ်နေပြီ။ ဒီတော့ တော်တော့်ကို စီနီယာဖြစ်နေပြီ။ ၁၉၅၄



ခုနှစ်။ တရုတ်ဖြူကို တိုက်ခါနီးမှာ သွားသည်။ ဒါကတော့ ဘုရင့်နောင် ရန်ကြီးအောင် စစ်ဆင်ရေး၊ ဘုရင့်နောင် စစ်ဆင်ရေးကျမှ၊ ဘယ်လိုဖြစ်သည် လဲဆိုတော့ နဂါးနိုင်စစ်ဆင်ရေး ရှုံးပြီး ပြန်လာသည်။ ထပ်ပြီး စတိုက်ဖို့ အတွက် ဆွေးနွေးကြတော့ ဗိုလ်ချုပ်ဘလိတ်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဗိုလ်ချုပ်ကျော်ဇောက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဆိုပြီး ပြောင်းလိုက် သည်။ နောက်ပိုင်းမှာ ကျွန်တော်တို့ကလည်း ကျောင်းကနေ ပြန်လာပြီးတော့ ကိုယ့်တပ်ကို ကိုယ် ပြန်လည်စည်းရုံးမှု လုပ်ရသည်။ တရုတ်ဖြူတပ်တွေကို ဦးစီးနေသူက ဂျင်နရယ်လီမီ၊ ဂျင်နရယ်လူဂိုချုန်းရယ်။ ကွပ်ကဲတာက အုပ် ချုပ်ရေးမှူး တပ်မှူးကတော့ လူဂိုချုန်း။ ဘုရင့်နောင် စစ်ဆင်ရေးကို တရုတ် ဖြူတိုက်ဖို့ ၁၉၅၄ နှစ်မှာ စသည်။ ၅၄၊ ရန်ကြီးအောင်တို့ ၅၅ နှစ်နှစ် ဆက်တိုက်သည်။

တရုတ်ဖြူတပ် ဘယ်လိုတိုက်မည်ဆိုတာကို သူက တစ်ခါတည်း တိတိကျကျ တပ်ရင်းလိုက် တပ်ရင်းလိုက် လုပ်ရမယ့်အလုပ်ကို ကျွန်တော် တို့ စစ်စည်းကမ်းအရ ဗိုလ်ချုပ်ကျော်ဇော်က သင်သည်။ ကျကျနန သင်ပြီး တော့မှ တိုက်သည်။ ဗိုလ်ချုပ်ကျော်ဇောက လက်ဖျား ခါလောက်အောင် စစ်ရေးမှာ တော်သည်။ ကျွန်တော် အံ့ဩတာက ကျွန်တော်တို့နှင့် လုပ်နေ သည့် အချိန်အတွင်းမှာ ဗိုလ်ချုပ်ကျော်ဇောက ကွန်မြူနစ်နှင့် ပတ်သက်သည့် စကားတစ်လုံးမှ မပြော။ ကျွန်တော်တို့လည်း ဗိုလ်ကျော်ဇော ကွန်မြူနစ် ဖြစ်မှန်း မသိဘူး။ ဘယ်သူမှလည်း မသိဘူး။ သူတို့ အချင်းချင်းတော့ သိမည်။ ကျွန်တော်တို့နှင့်တော့ စစ်တိုက်နေတာ တပ်မှူးကောင်းတစ်ယောက် ပဲ။ သူ့ထံက နိုင်ငံရေးနှင့် ပတ်သက်၍ ကွန်မြူနစ်ဝါဒ ပစ္စည်းမဲ့ဝါဒဆိုတာ ဒါတွေ ဘာမှ မကြားဘူး။ သူက စစ်ရေးသက်သက်ပဲ။ ဗိုလ်ချုပ်ကျော်ဇော ကွန်မြူနစ်ဖြစ်အောင် သခင် ကိုကြီးမြင့်က ဘယ်လိုဝင်နှောင့်သွားပြီးတော့ ဘယ်လိုဖြစ်သွားသည်လဲဆိုတာ ကျွန်တော်လည်း မသိဘူး။ ဒါနောက် ရှင်းတမ်းလုပ်သည့်အခါကျတော့ ကြီးမြင့်ဆီက သတင်း မ သုံးလုံး စစ်ဆင် ရေးက ပေါက်ကြားလို့ အရေးယူသည်ဟုဆိုသည်။ တရားရုံးချုပ်ရှေ့နေကြီး ဂန်ဂူလီကြီးက ဗိုလ်ချုပ်ကျော်ဇောဘက်က ရပ်တည်သည်။ ဂန်ဂူလီကြီးက ဗိုလ်ချုပ် ကျော်ဇောငှားသော ရှေ့နေကြီး ကျွန်တော်တို့နှင့်လည်း သူငယ်ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဂန်ဂူလီ က သူ့ဘက်က အကျိုးဆောင်လိုက်ပေးသည်။ ဂန်ဂူလီဆိုတာ သိပ် နာမည် ကြီးသော ရှေ့နေကြီးဖြစ်သည်။

ရှေ့နေကြီး မစ္စတာဂန်ဂူလီက ချစ်တီးလို့ ထင်ရသည်။ မစ္စတာ ဂန်ဂူလီက ကျွန်တော့်ကို ပြောသည်။ "ဗိုလ်ချုပ်ကျော်ဇောက အားကြီးရိုး တယ်ဗျာ၊ အားကြီး စိတ်ကောင်းရှိတယ်ဗျာ၊ ဒီလူကြီးက တစ်ခွန်းတည်း ပြောလိုက်ရင် ပြီးတဲ့ကိစ္စ၊ အဲဒီတစ်ခွန်းကို ပြောဆို မပြောဘူးဗျာ" ဟု ပြောသည်။ ကွန်မြူနစ်ပါတီက ဖမ်းမိသော သတင်းဖိုင်၊ ဗိုလ်ချုပ်ကျော်ဇော က ပေးတာ မဟုတ်ဘူး။

သခင်ကြီးမြင့် အင်းစိန်ထောင်မှာနေတုန်း ဗိုလ်ချုပ်ကျော်ဇောက ဗိုလ် ချုပ်ကြီးနေဝင်းကို ပြောပြီး အကျဉ်းထောင်က ထုတ်လိုက်တာ ဗိုလ်ကျော် ဇောအိမ်မှာ လာနေသည်။ ကြီးမြင့်ကြောင့်ဖြစ်သည်။ ကြီးမြင့်စာကိုရလို့ ဒီစာကြီးကို တပ်ကို ဖြန့်ဖြူးတော့မှ သိတာကို။ ဗိုလ်ကျော်ဇော သိမ်းထား တာကို ပြောဖို့ဟာကို မပြောဘူး။ ရှေ့နေဂန်ဂူလီက ကျွန်တော့်ကို ပြောသည်။ "ကျွန်တော် ပြောနိုင်းတာ ဗိုလ်ကျော်ဇောကို ပြောလိုက်ပြီးပြီ၊ အဲ့ဒါ မပြော ဘူးဗျာ"တဲ့။ "ကျုပ်လက်ထဲရှိတယ်၊ ကျုပ် လက်ထဲမိတယ်၊ ဒါ ကျုပ် တာဝန်၊ ကျုပ်ကိစ္စ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ်တာဝန်ဆိုပြီး သူက ဒီလိုပဲပြောတယ်၊ အင်မတန်ဖြောင့်တဲ့လူဗျာ၊ ဒီလို သူကိုယ်တိုင် လုပ်တာ မဟုတ်ကြောင်း သေချာသိနေသားနဲ့ ကျုပ်က ဒီလိုလေး ပြောလိုက် ပါဆိုတာ ကျုပ်က အမှားပြောနိုင်းတာလည်း မဟုတ်ပါဘူးဗျာ၊ အမှန်ကို ပြောနိုင်း တာ" ပေါ့။

သူဟာ သူ့သိက္ခာ သူဆယ်ပြီးတော့မှ နောက်ဆုံးအမိပ္ပာယ်ကတော့ ဗိုလ်ကျော်ဇောဟာ ကွန်မြူနစ်ပေါ့။ သူ ယုံကြည်ခဲ့သည်။ ဒါက နောက် ပိုင်း ပေါ်လာသည်။ နောက်ဆုံး ဒါ သူ အနစ်နာခံလိုက်သည်။ ပြီးတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကြီးတို့နှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဆက် လုပ်ခဲ့သည်။ ကျွန်တော်တို့ တရုတ်ဖြူတိုက်ရန် ပြင်ဆင်မှုအပိုင်းမှာ ပထမ ဦးဆုံး ပါဝင်မယ့်တပ်ကို ဗိုလ်ချုပ်ကျော်ဇောက မိမိတိုက်ခိုက်ရမယ့် နယ်မြေ နှင့် ရန်သူအကြောင်း သိဖို့ဆိုပြီးတော့ သူက တပ်မှူးတွေကို စုကြသည်။

မိုင်းပြင်းဆိုတာ ကျိုင်းတုံခရိုင်၊ ရှမ်းပြည် အရှေ့ပိုင်းကျိုင်းတုံနယ်ပါ



ပဲလေ။ တော်တော်ကျယ်သည်။ ဒီဘက် လွိုင်လယ်နယ်က ဘယ်မှာဆုံး လဲဆိုတော့ ကိုဟင်းတာကော်မှာ ဆုံးသည်။ ဟိုဘက်ကတော့ တာကော် ကနေပြီးတော့ သူတို့ **မျက်ကန်း** တို့၊ မိုင်းပြင်းတို့၊ ကိုတာတို့ နောက်တော့ နယ်စပ်တောင်ကို ကျော်ပြီးတော့ ထိပ်ကိုဆင်းလိုက်တာနှင့် ကျိုင်းတုံ ကိုတာကို ရောက်သည်။ ပထမဦးဆုံးက မိုင်းပြင်းမှာ စုကြသည်။ ဘယ်သူ တွေ ပါကြသည်လဲဆိုတော့ တိုက်မယ့် တပ်တွေထဲက ဗိုလ်မှူးကြီးလွန်းတင်၊ သူက လက်နက်ကိုင်တပ်ရင်း ၅ ကို ဦးစီးသည်။ တပ်ရင်းမှူးဖြစ်သော ဗိုလ်မှူးလွင်က သူ အဲ့ဒီအချိန်အခါတုန်းက အမေရိက သင်တန်းသွားတက် နေသည်။ ဗိုလ်မှူးလွင်က နဂါးနိုင်စစ်ဆင်ရေး ပြီးတဲ့နောက်၊ ပြီးသွားသော နောက်ပိုင်းမှာ ဒီဒေသကို ဆက်လက်ပြီးတော့ တိုက်ခိုက်ဖို့အတွက် နောက် ပြီးတော့ ရန်သူတွေနဲ့ ပတ်သက်ပြီးတော့ ဝင်လာတဲ့ အခြေအနေတွေကို စောင့်ကြည့်ရင်းနှင့် ဒေသမှာရှိသော တပ်တွေရဲ့ ဆက်သွယ်ရေး လမ်း ကြောင်း ထိန်းသိမ်းဖို့ တာဝန်ယူရသည်။ သူ့တပ်ကို မိုင်းပြင်းမှာ ထားသည်။

မိုင်းပြင်းက ကျိုင်းတုံအနောက်ဘက် မိုင် ၃၀ လောက် ဝေးမယ် ထင်တယ်။ သူက အနောက်ဘက် အလယ်ခေါင်မှာ နည်းနည်းလေး ပြေ ပြေလေး သွားလိုက်ပြီးတော့ အရှေ့ဘက်ကို ပြေပြေလေး တော်တော်လေး သွားလိုက်လို့ရှိရင် တုံတာရောက်သည်။ နယ်စပ်နှင့် မနီးသေးဘူး။ တုံတာ ပြီးတော့မှ တောင်မြင့်ကြီးကျော်ရသည်။ သူတို့ကတော့ ကျိုင်းတုံကို ဝင်မယ့် တောင် ပေ ၈၀၀၀ လောက် မြင့်တယ် ထင်သည်။ ဒီတောင်ကို ကျွန်တော် တို့ကျော်ပြီး ဆင်းတော့မှ ကျိုင်းတုံနယ်စပ် ရောက်သွားသည်။ မိုင်အားဖြင့် တော့ ကျိုးကန်းတစ်ပုံအပေါ်က ဖြတ်ကူးမည်ဆိုလျှင် ၁၅ မိုင် လောက်ရှိမည်။ ခရီးတွေ ဘာတွေပတ်၍ သွားမည်ဆိုလျှင် မိုင် ၃၀လောက် ၄၀ လောက် တော့ ရှိမည်။ တပ်တွေစုကြတော့ ဗိုလ်မှူးကြီးလွန်းတင်က မိုင်းပြင်းမှာ။ တပ်ရင်းမှူးထဲမှာ ကျွန်တော်ပါသည်။ နောက်ပြီးတော့ လက်နက်ကိုင် တပ်ရင်း ၂ က ဒုတိယဗိုလ်မှူးကြီး ဗိုလ်မြဝင်း ပါသည်။ နောက်ပြီးတော့မှ တခြားတိုက်ခိုက်မယ့် တပ်ရင်းတွေထဲက ကချင်ပြည်ထဲကလည်း ကချင် တပ်ရင်းမှူးလည်း ပါသည်။ အမြောက်တပ်က ဒုဗိုလ်မှူးကြီးကျော်ဇော၊ သူက ဘယ်သူလဲလို့ဆိုတော့ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၏

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော်သူ။ သူက ကောလင်းသား ကဒူးရှမ်းလူမျိုး၊ ဗိုလ်မှူးကျော်ဇောက ဆုံးသွားပြီ။ တော်လှန်ရေး ကောင်စီခေတ်မှာ သူ့ကို ဆက်ပြီးတော့ တာဝန်ပေးဖို့ကလည်းပဲ သူက ကြိုးလာတာလည်း ရှိသည်။ နယ်ဘက်ပြောင်း လိုက်ပြီးတော့ နယ်ဘက် နိုင်ငံခြားရေးရုံးမှာ သူက ကောင်စစ်ဝန် ဖြစ်လာသည်။

❐

## အခန်း (၂၉)
## စစ်ဆင်ရေးကြီး ပြင်ဆင်မှုနှင့် ဗိုလ်မှူးချုပ်ကျော်ဇော

အမြောက်တပ်တွေမှာ ဗိုလ်မှူးချုပ်ကျော်ဇောပါလာသည်။ အမြောက်တပ်မှာ တောင်ပေါ်ပစ်အမြောက်တပ်လည်း ပါလာသည်။ အမြောက်တပ်မှူးက ဗိုလ်မှူးတင်ထွဋ်ဟု မှတ်မိနေသည်။ ပြောရဦးမည်။ အမြောက်တွေကို တောင်ပေါ်သို့ မြင်းနှင့်ဆွဲတင်ရသည်။ အမြောက်တွေက ဒီဗီဇံတပ်မတစ်တပ်စာအတွက် ယူဂိုဆလပ်နိုင်ငံက လက်ဆောင်ပေးထားခြင်းဖြစ်သည်။ ယူဂိုဆလပ်သမ္မတတီတိုးနှင့် မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုတို့ ခင်မင်ရင်းနှီးမှု ရလဒ်ဖြစ်သည်။ လက်ဆောင်ပေးသည်ဟု နာမည်ခံသော်လည်း အမှန်မှာ မြန်မာနိုင်ငံကလည်း ဆန်ကို ပြန်၍လက်ဆောင်တုံ့ပြန်ရသည်ဟု သိရသည်။ ယူဂိုဆလပ်လက်ဆောင်မှာ တင့်ကားပစ်လက်နက်လည်း တစ်ပါတည်းပါလာသည်။ ၆ ပေါင်ဒါ၊ ၂ ပေါင်ဒါ စသည်ဖြင့် လက်နက်အမျိုးအစား အကြီးအသေးရှိသည်။ တင့်ကားပစ်လက်နက်၏ ကျည်ဆန်ထိပ်ဖူးမှာ သံမဏိထိပ်ဖူးဖြစ်ပြီး ရန်သူ့ယာဉ်ကို ကျည်ဖူးထိမှန်ပြီးမှပင် ပေါက်ကွဲအောင် စီမံထားသည်။ နှစ်ဆင့်ပေါက်ကွဲ ကျည်ဖူးဖြစ်၍ တိုက်ပွဲတွင် အလွန်အသုံးတည့်သည်။ အမှန်က တရုတ်ဖြူတပ် ရှေ့တန်းမှာ တင့်ကားမပါလာသေး။ သို့သော် ရန်သူဘက်က တင့်ကားပါလာခဲ့လျှင် အဆင်သင့်ဖြိုခွင်းရန် ဦးဆောင်တပ်မှူးကြီး ဗိုလ်မှူးချုပ်ကျော်ဇော၏ အစီအမံဖြစ်သည်။ ဗိုလ်ချုပ်ကျော်ဇော၏ အစီအမံက ရန်သူတို့ တင့်ကားဖြင့် တက်လာသည်ဆိုပါစို့။ ရန်သူကို မှင်တက်မိ အံ့သြတုန်လှုပ်သွားစေရန် ဤတင့်ကားပစ် လက်နက် အသင့်ပြင်ထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကျော်ဇော၏ စစ်သေနင်္ဂဗျူဟာ တစ်မျိုးမှာ ရန်သူကို မှင်သက်မိ အံ့သြထိတ်လန့်အောင်လုပ်ပြီး လျှပ်တစ်ပြက် ဝင်တိုက်သည့်နည်းဖြစ်သည်။ ရန်သူကို Shock Action ဖြစ်စေပြီး တိုက်သည့်နည်း။

ထိုစဉ်က ၁၉၅၃ ခုနှစ်၊ နှစ်ကုန်ပိုင်းခန့်ဖြစ်မည်။ မှတ်မိသေးသည်။ တစ်နေ့တွင် တောင်ကုန်းပေါ်က ဝါးတဲကလေးအတွင်း ဝါးစားပွဲကလေးလုပ်၍ ဗိုလ်ချုပ်ကျော်ဇော၊ ဗိုလ်မှူးကြီးလွန်းတင်နှင့် အရာရှိတစ်စု ထမင်းစားနေကြသည်။ ထိုစဉ်ခဏတွင် ဗိုလ်မှူးကြီးလွန်းတင် ရယ်ရယ်မောမောစကားပြောသည်။ အရာရှိတွေက အနီးမှာ ထမင်းစားရင်း ဗိုလ်လွန်းတင်စကားကို နားစိုက်နေကြသည်။

“တိုင်းရင်းသူ တိုင်းရင်းသားတွေက စမ်းချောင်းမှာ ရေဆင်းချိုးကြတာ ယောကျ်ားရော၊ မိန်းမပါ အဝတ်မပါဘဲ ရေချိုးကြတယ်၊ စမ်းချောင်းအပေါ်ပိုင်းမှာ ယောကျ်ားတွေက ရေချိုးကြတယ်၊ အောက်ပိုင်းမှာ အမျိုးသမီးတွေ ရေချိုးကြတယ်၊ အဲဒါကို တပ်သားတွေက ချောင်းမြောင်းပုန်းခိုပြီး ကြည့်ကြတာ ပွဲတော်ကြီးကျနေတာပဲ”

ဗိုလ်လွန်းတင်စကားကို နားထောင်ပြီး အနီးမှာရှိသော အရာရှိတွေသဘောကျ၍ တသောသော ရယ်နေကြသည်။ ထိုစဉ်မှာပင် ထမင်းစားနေကြသော အရာရှိတွေနှင့် မလှမ်းမကမ်းမှာ ထမင်းစားနေသော ဗိုလ်ချုပ်ကျော်ဇောသည် သူ့ခါးချိတ်၊ ဂေါ်ရခါးကို ထမင်းစားစားပွဲကို တဝုန်းဝုန်းရိုက်လိုက်ပြီး “တော်စမ်း၊ တိုင်းရင်းသားတွေက အဝတ်အစားရှားပါးလို့ သူတို့ဟာ သူတို့ ဖြစ်သလို ရေချိုးကြရရှာတာ နောက်ကို ဒါမျိုးလုံးဝမပြောနဲ့၊ မင်းတို့သွားမကြည့်ကြနဲ့” ဟု ဒေါသတကြီး အော်ငေါက်ပြောနေသည်။ ဤတွင် ဗိုလ်ချုပ်ကျော်ဇော၏ တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသော ကြင်နာသနားသည့် လေးစားဖွယ်စိတ်ဓာတ်ကို ဖျတ်ခနဲ သိလိုက်ရသည်။

ထို့နောက် ဗိုလ်ချုပ်ကျော်ဇောက ပြောပါသေးသည်။ “မင်းတို့ကို သတိပေးရဦးမယ်၊ တိုင်းရင်းသားတွေ သူတို့ရဲ့ ယဉ်ကျေးမှု အစွဲအလမ်းကြောင့် အပျိုဖော်ဝင်စအရွယ် အက ကကြတာတွေ သွားပြီးချောင်းမြောင်းကြည့်ကြတာ ငါကြားနေရတယ်၊ နောင် ဒါမျိုးလုပ်တဲ့ကောင်ကို ကောင်းကောင်း အပြစ်ပေးမယ်၊ ငါအုပ်ချုပ်နေတဲ့တပ်မှာ ဒါမျိုးတွေ မကြားချင်ဘူး”



ဤကိစ္စမှာ ဟုတ်ပါသည်။ ထိုင်းနိုင်ငံဘက်က ဝင်လာသော ဟိန္ဒူအယူဝါဒ ရိုးရာယဉ်ကျေးမှုဟုထင်သည်။ တိုင်းရင်းသားပျိုဖြူတို့သည် အပျိုဖော်ဝင်သည့်ခါတွင် ကျေးရွာရှိ နတ်ကတော်ထံ သတင်းပို့ရသည်။ ထိုတိုင်းရင်းသူအပျိုစင်ကို ရွာထိပ်ရှိသစ်ပင်ကြီး၌ ထားရှိသော အမျိုးသားတန်ဆာကို ထိတွေ့ကိုင်တွယ်စေကာ ဆုတောင်းစာများ၊ တေးသီချင်းများ သီဆိုဦးတိုက်ပွဲလုပ်ကြသည်။ အဝတ်မပါ အပျိုစင်မှာ ထိုသို့ လိင်က ကခြင်းဖြင့်အမျိုးကောင်းသားနှင့် စုံမက်ခွင့်ရပြီး သားကောင်း သမီးမွန်များ မွေးဖွားလာမည်ဟု အယူအဆရှိကြသည်ဟုဆိုသည်။ တပ်မတော်သားတို့သည် ရွာပြင်မှာ ဖြတ်သန်းသွားကြစဉ် ရွာက အပျိုစင်တို့ ယဉ်ကျေးမှုဓလေ့ထုံးစံအရပြုမူဆောင်ရွက်ကြသည်ကို မကြာခဏ မြင်ဖူး၍ ချောင်းမြောင်းကြည့်ဖူးကြသည်ဟုဆိုသည်။ ကျွန်တော်တို့ကိုယ်တိုင်ကား မတွေ့ဖူး၊ မမြင်ဖူးပါ။ ကြားဖူး၊ နာဖူးတာ ပြောပြရခြင်းပင်။

ထို့နောက် ကျွန်တော်တို့တပ်ဖွဲ့ရှေ့သို့ ခရီးဆက်ကြသည်။ ခရီးအဆုံးမြို့က ကျိုင်းတုံဖြစ်သည်။ ကျိုင်းတုံမြို့မှာ တပ်မဟာတစ်ဖွဲ့ရှိသည်။ တပ်မဟာမှူးမှာ နောင်အခါတွင် စာရေးဆရာ မြတ်ထန်ဖြစ်လာသော ဗိုလ်မှူးကြီး တင်မောင်ဖြစ်သည်။ တပ်မဟာ အမှတ် ၉။

ဗိုလ်မှူးကြီးတင်မောင်က ကျွန်တော်တို့ကို ဧည့်ခံကျွေးမွေးပြီး ရှေ့ဆက်တိုက်ရမည့် တိုက်ပွဲအစီအစဉ်များကို ရေးဆွဲတိုင်ပင်ကြသည်။ ကျိုင်းတုံက မိုင်းဖြတ် တာချီလိတ်သို့ တက်ကြမည်။ တာချီလိတ်မြို့၌ တစ်ညတာနားခို အိပ်စက်ပြီး ကျိုင်းတုံသို့ ကျွန်တော်တို့ ပြန်လာကြသည်။

သည်မှာ ဗိုလ်ချုပ်ကျော်ဇောက ပြောသည်။ မိမိတို့ တိုက်ပွဲဆင်ရာတွင် ပါဝင်သော တပ်တို့၏ စွမ်းပကားကို သိဖို့လိုသည်။ မိုင်းပြင်းမြို့က တောင်ဘက်ကို မိုင်းဘတ်ဘက်ဆီသွားသည့်လမ်း၊ မိုင်းပုအွန် ဆိုတာရှိသည်။ မိုင်းပုအွန်ဆိုတာ မြို့ငယ်ရွာငယ်။ မိုင်းပုလုံဆိုတာက မြို့ကြီး၊ ရွာကြီး။ မိုင်းပုအွန်က သံလွင်မြစ်ဘေးနားမှာရှိသည်။ မိုင်းပုအွန်ကို နည်းနည်းလွန်သွားလျှင် တာပွန်တံတားရှိသည်။ ယခု တည်ဆောက်နေသော ဟာစန်းရေကာတာအနီးမှာ ဖြစ်သည်။

မိုင်းပုအွန်ကို ဗိုလ်ချုပ်ကျော်ဇောရောက်သွားသောအခါ ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



ကြီးလွန်းတင်က တပ်ရင်းတစ်ရင်း၏ မိမိစွမ်းပကားမှာ မည်မျှရှိသည်ကို ပြသလိုသည်။ တပ်ရင်းတစ်ရင်း၏ ပစ်ခတ်တိုက်ခိုက်အား မည်မျှရှိသည်လဲ။ အကူပစ်ပေးသောတပ် တိုက်ခိုက်အား မည်မျှရှိသည်လဲပြသလိုသည်။ သည်မှာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က စစ်ဦးစီး ပထမတန်း ဗိုလ်မှူးကြီးတင်ကြီးလည်း ပါလာသည်။ သူက မျက်နှာဖြူကပြား သူ့ကို အင်္ဂလိပ်နာမည် သော်မဆင်ဟုလည်း ခေါ်သည်။ စစ်ဦးစီးဗိုလ်မှူး၊ ဗိုလ်မောင်လေးလည်း ပါသည်။

သည်မှာ ဗိုလ်မှူးကြီးလွန်းတင်က ပထမတပ်စုတစ်စု နောက်တပ်ခွဲတစ်ခွဲ၏ တိုက်ခိုက်ရေးအင်အားကို ပြသရန် စီစဉ်လေသည်။ ပထမမိုင်းပြင်၊ မိုင်းပြင်က မိုင်းပွတ်အွန်ကို စုရပ်လုပ်၊ တာပွန်ကူးတို့ဆိပ်ကို ဖြတ်ပြီး မိုင်းဆတ်တွင် အခြေချနေသော တရုတ်ဖြူတပ်ကို တိုက်ရန်ဖြစ်သည်။ မိုင်းဆတ်မြို့တွင် တရုတ်ဖြူတပ်က တပ်သား ၆၀၀၀ ခန့်ရှိသည်။ ပြီးတော့ အမေရိကန်အခြေစိုက် ဆီးတိုးဌာနချုပ် SEATO (South East Asia Treaty Organization) နှင့် ဆက်သွယ်ရာ ပင်မစခန်းဖြစ်သည်။ ထို့ပြင် B 29 ဟုခေါ်သော လော့ခ်ဟိလေယာဉ်များ စခန်းဌာနချုပ်လည်း ဖြစ်သည်။ မိုင်းဆတ်ကအောက်ကို ၁၅ မိုင်ခန့် ဆင်းသွားလျှင် တာစန်းစခန်းကို ရောက်မည်။ နောက် စစ်ကြောင်းတစ်ခုက မိုးနဲကနေပြီး၊ မိုင်းပန်ကနေပြီး တာစန်းကူးတို့ဆိပ်ကိုကျော်၍ မိုင်းဆတ်ကို ဝင်တိုက်ရန်ဖြစ်သည်။ သည်တော့ တရုတ်ဖြူဌာနချုပ် မိုင်းဆတ်ကို တောင်ဘက်က စစ်ကြောင်းတစ်ကြောင်း၊ မြောက်ဘက်က စစ်လမ်းကြောင်း တစ်ကြောင်းရှိသည်။ အခြေအနေ အရပ်ရပ်ကို ဆင်ခြင်ထောက်ဆ၍ ဆက်သွယ်ရေးလမ်းကြောင်းလည်း အဆင်ပြေမည်။ သယ်ယူပို့ဆောင်ရေးလည်း အသင့်အတင့် အဆင်ပြေမည့် တာဆန်းဘက်က လမ်းကြောင်းကို ရွေးကြသည်။

သည်တွင် နမ့်ဆမ်တွင် ကျွန်တော်တို့ စစ်ရေးခေါင်းဆောင်များ စုဝေးတိုင်ပင်ပြီး တိုင်ပွဲစတင်မည့်ရက်ကို သတ်မှတ်ကြသည်။ တိုက်ပွဲဝင်မည့်တပ်တွေက သေနတ်ကိုင်တပ်ရင်း ၁၊ သေနတ်ကိုင်တပ်ရင်း ၂၊ သေနတ်ကိုင်တပ်ရင်း ၅ တို့ဖြစ်သည်။ တပ်ရင်း ၁ ကို ဒုတိယဗိုလ်မှူးကြီးတင်ဦး (ကျွန်တော်)၊ တပ်ရင်း ၂ ကို ဒုတိဗိုလ်မှူးကြီးမြဝင်၊



တပ်ရင်း ၅ ကို ဒုတိယဗိုလ်မှူးကြီးမောင်လွင် အကူတပ်ရင်းအဖြစ် ဒုတိယဗိုလ်မှူးကြီး အိုင်ဒီးလ် ကချင်တပ်ရင်းတို့တပ်က ပါဝင်ကြမည်။

ကျွန်တော်တို့တပ်တွေ တိုက်ပွဲဝင်ရန် နမ့်ဆမ်မှာ လေ့ကျင့်ကြသည့်အခါ အကူတပ်ရင်းများဖြစ်ကြသော ကချင်တပ်ရင်းများ မပါဝင်။ အကြောင်းမှာ ကချင်တပ်ရင်းတွေက တိုက်ပွဲတွင် အမှန်တကယ်ပါဝင်ရန်မလို။ ဟန်ပြအဖြစ် ရှေ့မှနေ၍ ချီတက်နေရာယူရန်ဖြစ်သည်။ ကချင်ရဲတပ်တွေက ဘယ်သူနှင့်မျှတိုက်ရန်မဟုတ်ဘဲ သံလွင်မြစ်ကို ကျော်မည်။ တရုတ်ဖြူနယ်စပ်ထဲကို ဝင်မည်။ ထိုသို့ဝင်ပြီး တရုတ်ဖြူတပ်တွေကို အနှောင့်အယှက်ပေးပြီး ပြန်ထွက်လာရန်ဖြစ်သည်။

ဤသို့ ပြုလုပ်ရသည်မှာ အကြောင်းရှိသည်။ ထိုစဉ်က မြန်မာအစိုးရနှင့် ဆီးတိုးခေါ် အမေရိကန် ဦးဆောင်သော အရှေ့တောင်အာရှစာချုပ်အဖွဲ့ဝင်နိုင်ငံများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဆွေးနွေးညှိနှိုင်း၍ တရုတ်ဖြူတပ်များ မြန်မာနယ်စပ်ဒေသမှ ဆုတ်ခွာရေးဆောင်ရွက်နေကြသည်။ ထိုသို့ဆွေးနွေးရာတွင် သဘောတူညီချက်တစ်ရပ်မှာ မြန်မာ့တပ်မတော်က သံလွင်မြစ်ကို ဖြတ်ကျော်ချီတက်ခြင်းမပြုဘဲနေရန်ဖြစ်သည်။

ထိုအချိန်တွင် ဆီးတိုး၏ အစီအစဉ်ဖြင့် တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံအတွင်းမှ တဖြည်းဖြည်း ဆုတ်ခွာနေပြီဟု သတင်းထွက်လာသည်။ သို့သော် အမှန်တကယ်က တရုတ်ဖြူတပ်တွေ ဆုတ်ခွာခြင်း မဟုတ်။ ဒေသခံ ကျေးရွာသားတွေကို တရုတ်ဖြူစစ်ယူနီဖောင်းများ ဝတ်ဆင်ပေးပြီး ဆုတ်ခွာခြင်းကို အတုအယောင်လုပ်ပြနေသည်။

မြန်မာ့တပ်မတော်က ဆက်သွယ်ရေးအရာရှိ ဗိုလ်မှူးစိုးမြင့်အောင်က အဖွဲ့နှင့် သွားရောက်ပြီး စစ်ဆေးစဉ် ထိုသို့ တရုတ်ဖြူတပ် အတုအယောင် ဆုတ်ခွာခြင်းကို တွေ့လာရသည်။ ဗိုလ်မှူးစိုးမြင့်အောင်မှာ အမေရိကန်ပြည်ထောင်စုတွင် စစ်ပညာများ သင်ကြားလာခဲ့သူဖြစ်၍ ထိုင်းနိုင်ငံဘက်သို့ သွားရောက်ကာ တရုတ်ဖြူတပ်များ ဆုတ်ခွာမှု အခြေအနေမှန်ကို စစ်ဆေးရလာသည်။

သည်မှာပင် ကျွန်တော်တို့ သေနတ်ကိုင်တပ်ရင်းတွေက တရုတ်ဖြူတပ်ဌာနချုပ်ကို ဝင်တိုက်ရန် လေ့ကျင့်ခန်း ပြင်းထန်စွာ လုပ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်တော်တို့တပ်မတော် တပ်ရင်းများတွင် လူအင်အား ၅၀၀ ကျော်ပါဝင်သည် အမှန်က မူလစီမံချက်မှာ တပ်ရင်းတစ်ရင်းတွင် တပ်သားအင်အား ၇၀၀ ခန့် ပါဝင်ရမည်ဖြစ်သည်။ သို့သော် ယခုအခါ တပ်ရင်းတစ်ရင်း၌ လူအင်အား ၅၀၀ ကျော်မျှသာ ရှိတော့သည်။ တပ်ခွဲတစ်ခွဲတွင် တပ်သားတစ်ရာ့သုံးဆယ်ကျော်ပါမည်။ တပ်ရင်းတစ်ရင်းတွင် တပ်ခွဲ ၅ ခွဲ ပါဝင်သည်။

တပ်ခွဲ ၅ ခွဲတွင် တပ်ခွဲရုံးတစ်ခွဲပါမည်။ စစ်ဆင်ရေးဌာနချုပ်ပါမည်။ ဆက်သွယ်ရေးတပ်စုပါမည်။ ပိုင်အိုနီယာဟုခေါ်သော အင်ဂျင်နီယာတပ်စုပါမည်။ စိတ်ဓာတ်ရေးရာ စစ်ဆင်ရေးနှင့် ထောက်လှမ်းရေးတပ်ဖွဲ့ပါမည်။ Head Quarter ခေါ် ဦးစီးတပ်ခွဲတွင် အထက်ကပြောခဲ့သော အင်ဂျင်နီယာတပ်စု၊ ဆက်သွယ်ရေးတပ်စုတို့ စုပေါင်းပါဝင်မည်။ ဤသို့ဖြင့် စစ်ပွဲအတွက် ကြိုတင်လေ့ကျင့်မည်တပ်ဖွဲ့များတွင် တပ်သား ၁၅၀၀ ခန့် ပါဝင်လေသည်။ ကချင်တပ်ရင်းတွေပါလျှင် ၂၀၀၀ နီးပါးရှိပါမည်။

ကျွန်တော်တို့တိုက်ကြမည့် တပ်များမှာ တပ်ရင်း ၃ ရင်း၊ အင်အားအပြည့်ဖြစ်ကြသည်။ တိုက်ပွဲစတင်မည့်နေ့ကို ကျွန်တော်ကောင်းစွာ မှတ်မိနေမည်။ ၁၉၅၄ ခုနှစ် မတ်လ ၇ ရက်နေ့။

ကျွန်တော်တို့တပ်ရင်းတွေ တိုက်ပွဲဝင်ရန် ပြင်ဆင်ပြီးသည့်အခါ၌ ဗိုလ်ချုပ်ကျော်ဇော ရောက်လာလေသည်။

ထိုစဉ်က ကျွန်တော်တို့တပ်ရင်းတပ်ဖွဲ့များ သံလွင်မြစ်ကို ကျော်ရန် ရှိသည်။ လက်နက်ကြီးတွေလည်း ပါသည်။ လက်နက်ကြီးတွေနှင့် သံလွင်မြစ်ကို ဖြတ်ရန်မှာ လွယ်ကူသည် မဟုတ်။ လက်နက်ကြီးများကို ဆင်ဖြင့် သယ်ယူရမည် မဟုတ်လား။ ကျွန်တော်တို့ယူသွားရသည့် အမြောက်များတွင် ၆ ပေါင်ဒါနှင့် ၂၅ ပေါင်ဒါ အမြောက်ကြီးတွေပါသည်။ one- o- Two ဝမ်းအိုတူး၊ ၁၀၂ မမ မော်တာစိန်ပြောင်းကြီး လက်နက်ပါသည်။ ထို့ပြင် စက်သေနတ်ကြီးပွိုင့် ၅ ပါမည်။ သည်မှာပင် မြစ်ကိုကူးရန် အခြေအနေ ဖြစ်လာပြီ။ ကျွန်တော်တို့မှာ အင်ဂျင်နီယာတပ်ပါသည်။ အင်ဂျင်နီယာနှင့်အတူ သံလွင်မြစ်ကူးရန် ဒင်ကီဟုခေါ်သော လက်လှော်လှေကလေး တွေပါသည်။ ထိုရာဘာလှေကလေးများမှာ တစ်စင်းလျှင် တပ်သား



၆ ယောက်ခန့် လိုက်ပါနိုင်မည်။ သည်တပ်ဖွဲ့များကို ကျွန်တော်က ရှေ့မှ ဦးဆောင် ချီတက်ရမည်ဖြစ်သည်။

သည်နေရာ၌ မြန်မာစကားပုံရှိသည်။ **ပွဲမဝင်ခင် ပြင်က ကျင်းပ** တိုက်ပွဲဝင်ရန် ကြိုတင် ပြင်ဆင်မှုများလုပ်ရသည်။ တိုက်ပွဲဆိုသည်မှာ ခံရမည်။ ချီရမည်။ တိုက်ရမည်။ ခွာရမည် စသည်ဖြင့် စစ်ဆင်နည်းများ ရှိသည်။

ကျွန်တော့်ကို ချေမှုန်းရေးတပ် တာဝန်ပေးထားတော့ ဥပမာဆိုလျှင် ကိုက် ၂၀၀ ကို ၁ မိနစ်နှင့်ရောက်အောင် ပြေးရန် လေ့ကျင့်ရမည်။ သည်တော့ ယခုလိုလေ့ကျင့်စဉ်မှာ ခြေလှမ်း လှမ်းနည်း ကျင့်ရသည်။ ဒါမှလည်း နောက်ကပစ်နေသော လက်နက်ကြီးက ကျည်ဆန်လည်းအကျ၊ တပ်ကလည်း အချိန်ကိုက်ဝင်ရမည်။ ရန်သူကို လက်နက်ကြီးနှင့်ပစ်ပြီး နှိမ်ထားစဉ် မိမိတပ်ကဝင်ရန်ဖြစ်သည်။

ထိုသို့ရန်သူ့ထံဝင်ရမည့် တပ်သားတစ်ဦးသည် ၆၅ ပေါင်ရှိသော လက်နက် ကျည်ဆန် အပါအဝင်ပစ္စည်းကို သယ်ယူသွားနိုင်ရမည်။ ၆၅ ပေါင်ဆိုသည်မှာ အနောက်နိုင်ငံများရှိ ထွားကျိုင်းသော တပ်သားကျော်များ ထမ်းပိုးသယ်ယူရမည့် ပေါင်ချိန်ဖြစ်သည်။ ကျွန်တော်တို့မြန်မာလူမျိုးတပ်သားတစ်ဦး ကိုယ်ကာယအနေဖြင့် ထို ၆၅ ပေါင် အလေးချိန်ရှိသော ပစ္စည်းကို ခဏခေတ္တသာ သယ်ယူနိုင်ပေမည်။ ကြာလျှင် နေးသွားမည်။ နောက်ဆုံးမှာ လေးလံပြီး ပင်ပန်းမည်။ တပ်သားမှာ လန်းလန်းဆန်းဆန်း မရှိဖြစ်မည်။ ထို့ကြောင့် ဘာလုပ်ရသလဲဆိုလျှင် ကျွန်တော့်ရဲဘော်တွေ သယ်ယူထမ်းပိုးရမည့် ပစ္စည်းကို ဆယ်ပေါင်လျှော့လိုက်ရသည်။ တပ်သားတစ်ဦးလျှင် ၅၅ ပေါင်၊ အလေးချိန်ကိုသာ သယ်ယူရမည်ဖြစ်သည်။ သို့သော် ကိုယ်ကာယသေးသော တပ်သားများကို ပေါင် ၅၀ ခန့်ထိ လျှော့ပေါ့ချသယ်ယူခွင့် ပြုရသည်။ ကိုယ်ကာယကြီးထွားသူကျတော့ ၅၅ ပေါင် သယ်ယူရန် သတ်မှတ်သော်လည်း ၆၀ ပေါင်သယ်ရန် တာဝန်ပေးရ၏။ သယ်ယူရမည့်ပစ္စည်းကို အားလုံးချိန်တွယ်၍ ရဲဘော်နာမည်နှင့် စနစ်တကျ တာဝန်ပေးရသည်။ သယ်ရမည့်ပစ္စည်းများမှာ ရိုင်ဖယ်သေနတ်ပါမည်။ မောင်းပြန်သေနတ် ဘရင်းဂန်းပါမည်။ ကျည်ဆန်ပါမည်။ First

www.burmeseclassic.com

www.burmeseclassic.com



Line ပထမရှေ့တန်း လိုင်းတိုက်ကျည်ဆန်၊ ဒုတိယ နောက်ထပ် တိုက်ပွဲအတွက် ကျည်ဆန်၊ ကျည်ဆန်မျိုးစုံကို ကိုယ်ပေါ်တွင် ပါသွားရမည်။ ပထမလိုင်းအတွက် ကျည်ဆန် ၅၀ ဒုတိယလိုင်းအတွက် ကျည်ဆန် ၅၀။ ပထမလိုင်းနှင့် ဒုတိယလိုင်းတိုက်ပွဲအတွက် ကျည်ဆန်ကတော့ လူကိုယ်မှာ ပါသွားရမည်ဖြစ်သည်။ အရန်သယ်ယူရမည့် ကျည်ဆန်က တော့ နောက်မှာထားချင် ထားခဲ့နိုင်သည်။

ဤသို့ဖြင့် တပ်သားတစ်ဦးတွင် ကျည်ဆန် ၁၀၀ ကိုတော့ မပါ မဖြစ်ပါရပေမည်။ သို့သော် ခန္ဓာကိုယ်သေးသည့်ရဲဘော်ကို မင်းက ခန္ဓာကိုယ်သေးတော့ ကျည်ဆန် ၆၀ ပဲ သယ်ခဲ့ရမည်။ သို့သော် မင်းအတွက် ရှိသော ကျည်ဆန် ၄၀ ကိုတော့ ခန္ဓာကိုယ်တောင့်တင်းသော ရဲဘော်က ဝေမျှသယ်ယူပေးရမည်ဖြစ်သည်။

သည်လိုသယ်ယူရမည့်ပစ္စည်းများကို ယခင်ကပင် တစ်ခါတည်းချိန်တွယ်ပြီး စာရွက်စာတမ်းနှင့် စာရင်းပြုစုလျက်ပါသည်။ ကျည်ဆန်တစ်တောင့်သည် အချိန်ဘယ်လောက်ရှိသလဲ။ ကျည်ဆန်အတောင့် ၅၀ ဆိုလျှင် ဘယ်နှပေါင်ရှိမည်လဲဆိုသည်ကို စာရွက်နှင့်အတိအကျပါလာသည်။ ခြေဘိ စောင်လည်းပါသေးသည်။ စောင်တစ်ထည်လျှင် အလေးချိန်ဘယ်လောက်ရှိသလဲ။ ရဲဘော်နှစ်ယောက်အတွက် တစ်ယောက်ဖွာ စောင်တစ်ထည်ယူ နောက်တစ်ယောက်က Ground sheet ခေါ်သော ရွက်ဖျင်တာပေါ်လင်အိပ်ရာခင်းပါရမည်။ နှစ်ယောက်ပေါင်းလျှင် တာပေါ်လင်အခင်းတစ်ခု စောင်ခြုံ၍ အိပ်နိုင်မည်။

ထို့ပြင် ရဲဘော်တွေစားဖို့ ချက်ဖို့ရာ ဟန်းကော ထမင်းချိုင့်လည်းပါရဦးမည်။ ပျဉ်းမနားမှာ တိုက်စဉ်က တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် စားရေးသောက်ရေး အခက်အခဲတွေ့ကြသည့်ကိစ္စ၊ တပ်မှူးညီလာခံတင်ပြပြီးဆုံးဖြတ်လျက် ဂျပန်နိုင်ငံမှ ဟန်းကောသတ္တုချိုင့်များမှာယူတင်သွင်းသည်။ ဟန်းကောက ထမင်းကို ကိုယ့်ဖာသာချက် ဆန်ထည့်ပြီး ရေကို လက်တစ်ဆစ်အပိုထည့် မီးပေါ်တင် ကျက်တော့သည်။ ကိုယ်စားချင်သော ပဲရှိလျှင် အပေါ်ကထည့်ပေးပြီး ကျက်လျှင် စားနိုင်သည် ငါးပိထည့်လျှင်လည်း သည်လိုပဲ၊ အပေါ်က ငရုတ်သီးနှင့်ရောထည့်ထား၊ ကျက်လျှင်စားဖို့အသင့်။



ထမင်းချက်သည့်နည်းက သည်လို။ အဆင်သင့်ပါလာသော ဟန်းကောထဲက ထမင်းကို ယခုစား။ စားပြီးလျှင် တစ်ဖန်ပြန်ချက်ထား၊ နောက်တစ်နေ့ရာ၌နွှားလျှင် စားရန်အသင့်ပင်။

သည်မှာ ဘာပါလာသလဲဆိုတော့ ရိက္ခာလိုက်ပို့သော ကားပါသည်။ ကားသွားနိုင်သောလမ်းကို ကားဖြင့် ရိက္ခာလိုက်ပို့သည်။ ယခုလိုတောထဲတောင်ထဲ သွားရာတွင် ယခုခေတ်လို ကုန်သယ်ရန် ပေါ်တာလုပ်သားလည်း မပါ၍ ကိုယ့်ဘာသာကိုယ် သယ်ရလေသည်။

ထို့ပြင် ကျွန်တော့်တပ်သားများက တောင်တက်ရန်လည်း လေ့ကျင့်ရပြန်သည်။ ကိုက် ၁၀၀ အကွာအဝေးရှိ တောင်အမြင့်ကို ဘယ်နှမိနစ်နှင့်အရောက်တက်ရမည်ဟု လေ့ကျင့်ရပြန်သည်။

ကျွန်တော်တို့ စစ်ချီရာတွင် ပထမ **စုရပ်**ရှိသည်။ စုရပ်မှနေ၍ **စီရပ်** အထိ လုံခြုံအောင် သွားရမည်။ စီရပ်ရောက်ပြီဆိုလျှင် တိုက်ရတော့မည်။ စီရပ်တွင် စီပြီးတော့မှ ချီတက်နှုန်းကို သတ်မှတ်ပြီး **စမျဉ်း** ကို ဖြတ်ရသည်။ စမျဉ်းဆိုသည်မှာ

ရန်သူကို ချေမှုန်းရန်ရောက်သောမျဉ်း၊ စတင်ချီတက်ရမည့်နေရာ။ စမျဉ်းပြီးလျှင် **န-နာရီ**၊ **န-နာရီ**ဆိုသည်မှာ စတင်တိုက်သော နာရီအချိန်။

အင်္ဂလိပ်ဘာသာဖြင့်ဆိုလျှင် စုရပ်ကိုတော့ Assemlex Area (AA) စီရပ်ကိုတော့ Forming Up Play (FUP) တိုက်တော့မည်ဆိုတော့ စမျဉ်း Start line (SL) တိုက်ပြီဆိုတော့ န-နာရီ။ န-နာရီ H Hour (HH) ဟုခေါ်သည်။

မြန်မာလိုဆိုလျှင် စုရပ်၊ စီရပ်၊ စမျဉ်း၊ နနာရီဟူ၍ အဆင့်လေးဆင့်ရှိသည်။ ဒါကတော့ စစ်ပွဲကြီးတစ်ပွဲတိုက်ခိုက်ရာတွင် စနစ်တကျ သင်ကြားပေးထားသော တိုက်ပွဲဝင်ပုံစံ။ သို့သော် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး တိုက်ပွဲများတွင် သည်လိုမဟုတ်။ သတင်းရလျှင် အမြန်သွားတိုက်၊ တိုက်ပွဲဖြစ်၊ သည်လိုပင် တန်းသွားသည်က များလေသည်။

အထက်ပါ အစီအစဉ်အရ တိုက်ပွဲကြီးမဖြစ်မီ ကျွန်တော်တို့ကို ဖြေခြောက် Dry ကျင့်ရ၏။ အခြောက်လေ့ကျင့်ရေးတွင် လက်နက်ကျည်ဆန် မပါသေး။ သာမန်ကျင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ပစ်ခတ်အစီအစဉ်နှင့် ကျင့်ရသည်။ သည်အစီအစဉ်တွင် Spit Fire ခေါ်သော လေယာဉ်ပျံ အကူအညီပါလာပြီ။ လေယာဉ်ပျံက နှမ့်ဆမ်မြို့မှာ အခြေစိုက်ထားသည်။ လေယာဉ်ပျံနာမည်က ဆီးဖြူရီဟု ခေါ်သည်။ ဆီးဖြူရီ Sea Fury သည် Spit Fire လေယာဉ်ပင် ဖြစ်သည်။ ပိုင်းလော့တစ်ဦးတည်း မောင်းသည်။ သူတစ်ဦးတည်းက မောင်းလည်း မောင်း၊ ပစ်လည်းပစ်၊ တိုက်လည်းတိုက်သည်။

သည်မှာပင် ကောင်းကင်က လေယာဉ်နှင့် အောက်ကတပ်ဖွဲ့နှင့် ဆက်သွယ်ရေးအချက်ပြ အမှတ်အသားအတွက် မြေပြင်မှာ အဝတ်ခင်းရသည်။

အပေါ်က လေယာဉ်မှ ပိုင်းလော့မြင်နိုင်ရန် အဖြူမဟုတ်။ အဝါရောင် အဝတ်ယူသွားရသည်။ အဝတ်က အနီရောင်လည်း မဟုတ်။ အနက်လည်း မဟုတ်။ အဝတ်အဝါပါသွားရသည်။ အဝါရောင်နှင့် ပန်းရောင်အဝတ် အရှည်ပါသွားရမည်။

ထိုအဝါရောင်အဝတ်ကို အရှည်လိုက်ဖြန့်၍ ချထားသည်ကို ကောင်းကင်မှ လေယာဉ်ပေါ် ပိုင်းလော့ဖိုက်တာ Pilot Fighter မြင်လျှင် ရှေ့တွင် ကိုက် ၃၀၀ ၌ ရန်သူရှိနေသည်ဟု သိရတော့မည်။ လေယာဉ်ပေါ်က အောက်သို့ထင်ရှားစွာ အမြင်ရဆုံးမှာ အဝါရောင်နှင့် ပန်းရောင်သာ ဖြစ်ပေသည်။ အစိမ်းရောင်ဆိုလျှင် သစ်ပင်နှင့်ရောသွားမည်။ အနက်ဆိုလျှင် အရိပ်နှင့်ရောသွားမည်။

ရှေ့တွင် ကိုက် ၃၀၀ တွင် ရန်သူရှိနေပြီဟု သိနိုင်ရန် အဝါရောင် အဝတ်စ သုံးစကို မြေပြင်မှာ ခင်းလိုက်ရမည်။ အဝတ်စ၏ ထိပ်ဖျားကို မြားပုံစံပြထားလိုက်လျှင် ရှေ့တွင် ကိုက် ၃၀၀ ၌ ရန်သူရှိနေပြီဖြစ်၍ လေယာဉ်မှ တိုက်ခိုက်ရန် အချက်ပြဖြစ်လေသည်။ အကယ်၍အဝါရောင် အဝတ်တစ်စသာဆိုလျှင် ကိုက် ၁၀၀ အဝတ်နှစ်စဆိုလျှင် ကိုက် ၂၀၀ အဝတ်စသုံးစဆိုလျှင် ကိုက် ၃၀၀ ၌ ရန်သူရှိနေပြီ။ ရန်သူနှင့်ကပ်နေပြီဆိုလျှင် အဝါရောင် အဝတ်စကို မပြတော့ဘဲ သိမ်းထားလိုက်ရသည်။

မြေပြင်မှ အချက်ပြသော အဝါရောင်အဝတ်ကို မြင်ပြီဆိုလျှင် ကောင်းကင်မှ လေယာဉ်မှူးက လေယာဉ်ကို ခါပြလိုက်သည်။ ဒါက အောက်က အချက်ပြသည်ကို လေယာဉ်မှူး မြင်ပြီဟု အချက်ပြန်ပြခြင်းပင်။



ဤသို့အချက်ပြပြီးလျှင် လေယာဉ်က တစ်ပတ်ပြန်ဝဲ ရှေ့ကိုက် ၃၀၀ တွင် လေယာဉ်ကို ဒိုင်ဗင်ထိုးပြီး ရန်သူကို ပစ်ခတ်တိုက်ခိုက်ဟန် ပြလေသည်။ ထိုအခါတွင် မြေပြင်က ကျွန်တော်တို့ တိုက်ပွဲဝင်တပ်များ ရှေ့သို့ချီတက်ရတော့သည်။ ဒါကို Dry Train အချောက်လေ့ကျင့်ခြင်း တိုက်ပွဲဟုခေါ်သည်။

ထိုသို့ Dry Train အခြောက်လေ့ကျင့်တိုက်ပွဲ နှစ်ကြိမ်တိုက်ပြီးလျှင် Wet Train အစိုတိုက်ပွဲဟု တတိယအကြိမ်တွင် လေ့ကျင့်ကြရပြန်လေသည်။

တတိယအကြိမ် Wet Train အစိုတိုက်ပွဲဆင်နွှဲရန် မပြင်မီ ပထမ အကြိမ်၊ ဒုတိယအကြိမ် အခြောက်တိုက်ပွဲတွင် လိုအပ်သမျှကို ပြင်ဆင် ပြုပြင်တိုင်ပင် ဆွေးနွေးကြရသည်။ ထိုသို့ဆွေးနွေးပြီးမှ တတိယအကြိမ် တွင် Wet Train အစိုတိုက်ပွဲလေ့ကျင့်ကြရလေသည်။

ဗိုလ်ချုပ်ကျော်ဇော၏တိုက်ပွဲဝင် လေ့ကျင့်မှု အစီအစဉ် တတိယ ပိုင်းတွင် အစိုတိုက်ပွဲလေ့ကျင့်ရာ၌ ရန်သူရှိမည့်နေရာကို ဆိတ်၊ ဝက်၊ ကြက်များကို သွားရောက်ချထားပြီး ထွက်မပြေးနိုင်ရန် ကြိုးဖြင့်တုပ်နှောင် ထားရလေသည်။ ထိုတိရစ္ဆာန်များကို ရှေ့တွင် ရန်သူ့ဘန်ကာများထဲ၌ ထည့်ထားသည်။

Wet Train တွင် ကောင်းကင်မှ တိုက်လေယာဉ်သည် သုံးကြိမ် သုံးခါ မြေပြင်သို့ပစ်ပြီးနောက် မိမိပြန်သွားပြီဆိုသည့်သဘောကို လေယာဉ် ကို ခါပြသွားလေသည်။ သုံးကြိမ်မျှရန်သူ့နယ်မြေကို ပစ်ခတ်တိုက်ခိုက်၍ တိုက်လေယာဉ်ခါပြပြီးချိန်၌ မြေပြင်မှ ကျွန်တော်တို့တပ်များ၏ ချီတက် တိုက်ခိုက်မှု အစီအစဉ်စတင်ပါပြီ။

အစိုတိုက်ပွဲတွင် ဝက်၊ ဆိတ်နှင့် ကြက်များ အကောင် ၃၀ ခန့်ကို ကြိုးနှင့်တုပ်၍ ကတုတ်ကျင်းများမှာတည်ထားရသည်။

ယခု Dry Train, Wet Train အခြောက်လေ့ကျင့်တိုက်ပွဲ၊ လေ့ကျင့်တိုက်ပွဲ သုံးပွဲကို ဗိုလ်ချုပ်ကျော်ဇောက ဘေးမှကြည့်ရှုစစ်ဆေးနေ သည်။ တိုက်ပွဲတွေပြီးသွားလျှင် တပ်မှူးများကို ခေါ်ယူတွေ့ဆုံပြီး "မင်း တို့တိုက်တာ ဘာမှားတယ်၊ ဘယ်ဟာမှန်တယ်၊ ဘယ်ဟာဘယ်လိုပြင်ရ မယ်" ဆိုသည်ကို ညွှန်ကြား အကြံပေးသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)
## ဗိုလ်မှူးချုပ်မောင်မောင်နှင့် စစ်သံမှူးများ တက်ရောက်သော တရုတ်ဖြူတိုက်ပွဲ လေ့ကျင့်ခန်း

ဗိုလ်မှူးချုပ်ကျော်ဇောနှင့်အတူ စစ်တိုက်ရသည်မှာ တော်တော့်ကို လုပ်နိုင်စွမ်းရှိသည်ကို မြင်ရသည်။ ဗိုလ်မှူးချုပ်ကျော်ဇောနှင့်အတူ လုပ်ရသည်မှာ ပျော်ဖို့လည်းကောင်းသည်။ ပင်ပန်းသည်။ စိတ်ညစ်သည်။ ဒါပေမယ့် အောင်မြင်သည်။ သူနှင့်အတူ စစ်တိုက်ရလျှင် ရဲဘော်တွေမှာ စိတ်ဓာတ်တက်ကြွနေကြသည်။

ယခု Wet Train လေ့ကျင့်သောအခါ၌ ဗိုလ်ချုပ်ကျော်ဇောက အခြားတပ်မှူးတွေပါ ခေါ်လာသည်။ စစ်သင်တန်းကဲ့သို့ ဗိုလ်မှူးချုပ်ကျော်ဇောက ပြချင်သည်ကို တိုက်ပွဲနှင့်မသက်ဆိုင်သော တပ်မှူးတွေခေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့က စစ်သံမှူးတွေကိုလည်း ဖိတ်ကြား၍ ခေါ်လာသေးသည်။ ကာကွယ်ရေးဌာနမှ ဗိုလ်မှူးချုပ်မောင်မောင်လည်း ပါလာသည်။ ဗိုလ်မှူးချုပ်မောင်မောင်မှာ ထိုစဉ်က စစ်သင်တန်းများ၏ ညွှန်ကြားရေးမှူးဖြစ်သည်။

တိုက်ပွဲလေ့ကျင့်ခန်းစတင်သည့်အချိန် အတိအကျ တိုက်လေယာဉ် သုံးစင်း ဝင်လာသည်။ ကောင်းကင်မှာ ပျံသန်းနေသော SEA-FURY လေယာဉ်သုံးစင်းအနက် တစ်စင်းမှာ စက်ပျက်သွားဟန်ရှိပြီး ရှေ့သို့ဆက်မသွားဘဲ နောက်သို့ ပြန်ကွေ့သွားသည်။ ဘာဖြစ်တာလဲ၊ ဘာကြောင့်

www.burmeseclassic.com



လဲနှင့် မြေပြင်က တိုက်ပွဲဝင်ရန် ပြင်ဆင်နေသူတွေ ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြသည်။ နောက်မှလေယာဉ်အကြောင်း ကျွမ်းကျင်သူတစ်ဦးက "ဒါ လေယာဉ် Power off စက်ချွတ်ယွင်းသွားတာ ဖြစ်မယ်" ဟု ပြောသည်။ ထို့ကြောင့် ကျွန်တော်တို့လေ့ကျင့်ရေးတိုက်ပွဲမှာ မူလက စီစဉ်ထားသလို တိုက်ပွဲဝင်လေယာဉ်သုံးစင်းမဟုတ်။ ရှိသည့် လေယာဉ်နှစ်စင်းနှင့်ပင် တိုက်ပွဲလေ့ကျင့်ခန်း စတင်ရတော့သည်။

ကျွန်တော့်တပ်ခွဲက တိုက်ပွဲကို စတင်ရမည်ဖြစ်၍ ကျွန်တော်လည်း ကိုယ့်မျက်နှာကို ရွှံ့များနှင့် သုတ်လိမ်းထားရသည်။ လေ့ကျင့်တိုက်ပွဲဆိုပေမယ့် ယခုလုပ်ငန်းက ယခင်ကလို Dry Train အခြောက်လေ့ကျင့်ခန်း မဟုတ်။ အစိုလေ့ကျင့်ခန်းဖြစ်သည်။ တကယ့်ကျည်ဆန်အစစ်တွေနှင့် ရန်သူနှင့် အမှန်တကယ် တွေ့ရှိတိုက်ပွဲဝင်ရမည့် ပုံစံဖြစ်ရမည်ကိုး။

ပထမတွင် တိုက်လေယာဉ်နှစ်စင်းအား အောက်မှကျွန်တော်တို့အချက်ပြထားသော အဝါရောင်ပိတ်စ ညွှန်ပြသည့်အတိုင်း ရှေ့ကိုက် ၃၀၀ တွင်ရှိသည့် ရန်သူ့စခန်းကို ဗုန်းကြဲတိုက်ခိုက်သည်မှာ သုံးကြိမ်တိတိ။ သုံးကြိမ်တိုက်ခိုက်ပြီးသောအခါ တိုက်လေယာဉ်နှစ်စင်းသည် လေယာဉ်ကိုယ်ထည်ကို ကောင်းကင်၌ လှုပ်ခါပြီး အချက်ပြ၍ နောက်ကြောင်းသို့ ပြန်ကွေ့သွားတော့သည်။

ထိုအခါတွင် မြေပြင်မှ ၂၅ ပေါင်ဒါ အမြောက်ကြီးများနှင့် ၆ ပေါင်ဒါ အမြောက်ကြီးများသည် ရန်သူများရှိမည့် ရှေ့ကိုက် ၃၀၀ သို့ ပစ်ခွင်းနေသည်မှာ ကမ္ဘာပျက်သည်လား မသိ၊ တဒုန်းဒုန်း တဒိုင်းဒိုင်း နားတွေ ပွင့်ထွက်တော့မည်လားဟုပင် ထင်ရတော့သည်။

ထိုအချိန်တွင် အမြောက်ကြီးများပစ်ခြင်းကို ရပ်ပြီးသည်နှင့် ကျွန်တော်တို့တပ်ခွဲက ရှေ့တန်း ရန်သူစခန်းသို့ လှမ်းချီတက်ရတော့သည်။ တိုက်ပွဲမှာ အစီအစဉ် နေသားတကျရှိလှသည်။ ကျွန်တော်တို့လည်း လက်နက်ကြီး၊ လက်နက်ငယ် ပွိုင့် ၅ စက် သေနတ်၊ ဘရင်းဂန်း၊ စတင်းဂန်း၊ ရိုင်ဖယ် သေနတ်များ ပစ်ခတ်၍ စီရပ်နေရာက ရှေ့တက်၍ ရန်သူစခန်းကို သိမ်းလိုက်ရလေသည်။ ကျွန်တော်၏တိုက်ပွဲ လေ့ကျင့်ခန်းတာဝန် ပြီးစီးခဲ့ပြီ။

သည်နေရာတွင် စစ်ဆင်ရေးအတွက် စစ်မြေပြင် မြေပုံဖတ်နည်းကို



လည်း ဗိုလ်ချုပ်ကျော်ဇောက သင်ကြားပေးခဲ့သေးသည်။ မြေပုံဖတ်သင်တန်းကို ဗိုလ်သင်တန်းကျောင်းမှ အရာရှိ အရာခံ အကြပ်များ အပါအဝင် အားလုံးကို သင်ကြားပေးသည်။ နောက်တော့ ဒုဗိုလ်မှူးကြီးမြဝင်း၏ ခရီးတိုချေမှုန်းရေး စီမံချက်ဖြစ်သည်။ ခရီးတိုချေမှုန်းရေးစီမံချက်ဆိုသည်မှာ ရှေ့က ချီတက်နေသော ရန်သူနှင့်နောက်က ချီတက်လာသော ရန်သူတပ်အကြားတွင် အဆက်အသွယ်ကို ကြားမှဖြတ်တောက်ထားရမည့် စီမံချက်ဖြစ်သည်။ ခရီးတို ကြားဖြတ်တိုက်ခိုက်မှု နည်းဗျူဟာဖြစ်သည်။ သူက ခရီးတို ချီတက်ရမည်ဆိုတော့ ခရီးတိုနှင့်ပတ်သက်သော ရိက္ခာပါရှိရမည်။ သည်တိုက်ပွဲမှာ လက်နက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်ရမည့် တိုက်ပွဲမျိုး မဟုတ်။ လက်နက်ငယ်များကိုသာ သုံးရမည့်တိုက်ပွဲဖြစ်သည်။ သူက ရှေ့ကတိုက်သွားသည့်တပ်နှင့် ဟန်ချက်ညီညီ လိုက်ပါတိုက်ခိုက်နိုင်ရမည် ဖြစ်သည်။ သည်တပ်က လမ်းပေါ်မှနေ ချီတက်ရမည်မဟုတ်။ လမ်းပေါ်က ချီတက်၍ ရန်သူနှင့်တွေ့လျှင် တိုက်ပွဲဖြစ်သော် မူလရည်ရွယ်ချက် အောင်မြင်မည် မဟုတ်။ မူလရည်ရွယ်ချက်ဖြစ်သော အဓိကထောက်ပို့တပ်ကို တိုက်နိုင်မည်မဟုတ်။ ထိုတပ်၏ ရည်ရွယ်ချက်က တတ်နိုင်သမျှ မြန်မြန် ချီတက်ရမည်။ မူလရည်ရွယ်ချက်ဖြစ်သည့် ရှေ့တန်းရှိ ရန်သူထံ နောက်တန်းက ထောက်ပံ့ကူညီမှု မရအောင်ထိုးနှက်ချေမှုန်းနိုင်ရမည် ဖြစ်သည်။

ဒါကလည်း တာဆန်းရှိ တရုတ်ဖြူဗြာနချုပ်ကို မူလ ပထမ တိုက်ခိုက်ရန် တက်ခဲ့သည့် နဂါးနိုင်စစ်ဆင်ရေးတုန်းက တွေ့ခဲ့ရသော ၃၄ ကွေ့ရှိ တောင်တန်း၏ ထိပ်ဖျားကို တက်ရောက်တိုက်ခိုက်ရန် စီမံချက်ဖြစ်သည်။ နဂါးနိုင်စစ်ဆင်ရေးတုန်းက ထို ၃၄ ကွေ့ကို ကျော်ဖြတ်ပြီး တောင်ထိပ်ရောက်ပြီးမှ ရန်သူ့တိုက်အားကို မခံနိုင်ဘဲ နောက်သို့ ပြန်ဆုတ်ခဲ့ရခြင်း ဖြစ်သည်။

တပ်အခေါ် Three Four (34) ဟုခေါ်သည့် ထို ၃၄ ကွေ့ကို ကျော်ပြီ၊ လှိုင်ပေါ့ပကားဟုခေါ်သော လွင်ပြင်ကျယ်က တောင်တန်းအောက်တွင် ရန်သူရှိသည်။ ဗိုလ်မှူးမြဝင်းတပ်က လှိုင်ပေါ့ပကားရှိ ရန်သူတပ်ကို ချေမှုန်းရမည်။ ဗိုလ်မှူးမြဝင်းက ထိုတိုက်ပွဲကို တိုက်နိုင်ရန် နက်အစောကြီး အိပ်ရာက ထ လမ်းလျှောက် အပြေးလေ့ကျင့်။ သည်နေ့ ၅ မိုင်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြီးလျှင် နောက်တစ်နေ့ ၁၀ မိုင်လျှောက်ရန် အားထုတ်လေ့ကျင့်နေသည်။ ပြန်လာနံနက်စာစားပြီးတော့ အထုတ်ထမ်းပြီး ထပ်မံ၍ လမ်းလျှောက်။ ဗိုလ်မြဝင်းနှင့်သူ့တပ်က နေ့စဉ် ဒါပဲလေ့ကျင့်နေသည်။ အသွားအပြန် ယနေ့ ၁၀ မိုင်လျှောက်လျှင် နောက်တစ်နေ့ အသွားအပြန် ၁၂ မိုင်လျှောက်မည်။ ဤသို့ လေ့ကျင့်နေကြသည်။ ဗိုလ်မြဝင်းတပ်က အထုပ်အပိုးထမ်းပြီး ပေါ့ပေါ့ပါးပါး ချီတက်သွားလာနိုင်အောင် ဒါပဲ လေ့ကျင့်နေလေသည်။

ကျွန်တော်တို့တပ်က နမ့်ဆမ်မြို့ တစ်နေရာကုန်းကြောကြီးမှာ လေ့ကျင့်နေစဉ် ဗိုလ်မြဝင်းတပ်ရင်းက ဟိုဘက်က ကုန်းကျောမှာ တပ်တစ်တပ်နှင့် လေ့ကျင့်နေသည်။ တပ်ကို မြန်မြန်ချီတက်ရမည်။ ရည်မှန်းချက်နေရာမှန်ရမည်။ လူအုပ်မကွဲဘဲ ပါသွားရသည်။

ဒုဗိုလ်မှူးကြီးလွင်၏ တပ်ရင်းကတော့ တော်တော်လေး ပင်ပန်းမည်။ သူက ခရီးဝေးချီတက်သွားပြီး လမ်းမှာ ရန်သူနှင့် လုံးဝမတွေ့စေရ။ ရန်သူ၏ နောက်ပိုင်းအခြေခံဖြစ်သော မိုင်းတုန်နှင့် ပုံပါကျင်က ထိုင်းနိုင်ငံနယ်စပ်သော်ဒါကြားမှာရှိသည်။ ကေအမ်တီ တရုတ်ဖြူတပ်ဌာနချုပ် ထုထည်နေရာကို တိုက်ရမည်။ သူတို့က မိုင်းဆတ်မှာ တိုက်ပွဲဝင်လေ့ကျင့်ပြီး ဆက်သွယ်ရေးလမ်းကြောင်းအရ မိုင်းဆတ်၊ မိုင်းတုန်၊ ပုံပါကျင်၊ မိုင်းကျွတ်၊ မုန်းထားပြီးရင် ထိုင်းနယ်စပ်ဖြစ်သည်။ ထိုင်းနိုင်ငံအခြေစိုက် အမေရိက ဆီးတိုးဌာနချုပ်၏ ထောက်ပံ့မှုဖြင့် ကေအင်တီတရုတ်ဖြူတပ်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်၍ ထုနှင့်ထည်နှင့် တပ်စွဲနေနိုင်ခြင်းဖြစ်သည်။

သည်မှာပင် ဗိုလ်မှူးလွင်တပ်ရင်းက အထုပ်အပိုးနှင့် မှန်မှန်ချီတက်၍ တရုတ်ဖြူ ဌာနချုပ်ကို ဖြိုရန်ဖြစ်သည်။ နည်းနည်းတော့ ရက်ကြာလိမ့်မည်။

ကျွန်တော်ကတော့ စတင်ချီတက်ပြီး တာဆန်းကိုရောက်လျှင် တောင်ပေါ်ကိုကျော်ပြီး ဝမ်ဆာလားကိုတိုက်လျှင် တာဝန်ပြီးပြီ။ ခရီးက တိုတိုလေးပင်။

ဗိုလ်မြဝင်းတို့ကတော့ သည်လိုမဟုတ်။ တိုက်ရမည့်နေရာရောက်အောင် တစ်ရက်ခွဲ ကြိုတင်ပြီး ချီတက်သည်။ သည်လိုပဲ ဗိုလ်မှူးလွင်တို့



တပ်ကလည်း တိုက်ရမည့်နေရာရောက်သည်ထိ ၄ ရက်လောက်ချီတက်ရမည်။ သူတို့တပ်က ရန်သူ့ဘေးကရှောင်သွားပြီးမှ တိုက်မည့်နေရာကိုရောက်မည်။ ဘာဖြစ်လို့လဲဆိုလျှင် သူ၏ မူလရည်ရွယ်ချက်မှာ တရုတ်ဖြူဌာနချုပ်ဖြစ်သည်။

ပြောရဦးမည်။ ယခု တရုတ်ဖြူ ကေအမ်တီကိုမတိုက်မီ စက်ပစ်ကွင်းမှာ မိမိတို့ကိုင်မည့် သေနတ်ကို ပစ်ကွင်းတည့်တည့်ထိ-မထိ စစ်ဆေးရသည်။ တိုက်ပွဲမှာ ရင်ဆိုင်တိုက်ခိုက်ရာတွင် မိမိပစ်လိုသော ပစ်မှတ်အားကိုယ့်သေနတ်က ထိမှန်အောင် ပစ်နိုင်သလား။ စစ်ဆေးခြင်းဖြစ်သည်။ ထိုသို့စစ်ဆေးရင်း ဗိုလ်မြဝင်းနှင့် ကျွန်တော်တို့အနည်းငယ် ကတောက်ကဆဖြစ်ကြရသေးသည်။ ဗိုလ်မြဝင်း၏တပ်ရင်းအတွက် စက်ပစ်ကွင်းတွင် နှစ်ရက်အချိန်ပေးသည်။ တတိယနေ့တွင် ကျွန်တော့်တပ်ရင်းက စက်ပစ်ကွင်းကို သုံးမည်။ ကျွန်တော်တို့တပ်က စက်ပစ်ကွင်းခေါ် ပစ်ကွင်းရောက်သောအခါ ဗိုလ်မြဝင်းတို့ လုပ်ငန်းမပြီးသေး။ နံနက်စောစော ကျွန်တော်တို့သွားတော့ ဗိုလ်မြဝင်းတို့က သေနတ်ပစ်ကွင်းမှာ ပစ်နေကြပြီ။ ထို့ကြောင့် ကျွန်တော်က "ကိုမြဝင်း၊ ဘယ့်နှယ်လဲ၊ ဒီနေ့ ကျွန်တော့်နေ့လေဗျာ"ဟု ပြောလိုက်သည်။

ဗိုလ်မြဝင်းက "အေး၊ ဒီနေ့ မင်းကို ဒီကွင်း မပေးသေးဘူးကွာ၊ မင်းက ငါ့ကို ဘာထင်လို့လဲ"တဲ့။

ကျွန်တော်က "ကျုပ်ပစ်ရမယ့်အလှည့် ခင်ဗျားတို့ ဘာလုပ်နေတာလဲ၊ မသွားသေးဘူးလား"

ဗိုလ်မြဝင်း "ငါသွားချင်တဲ့နေ့မှသွားမှာပေါ့၊ ငါ့ဟာငါ ပစ်ချင်သလိုပစ်မယ်ကွာ" ပြောပြောဆိုဆိုနှင့် ဗိုလ်မြဝင်းက သူလက်ထဲက မောင်းပြန်သေနတ်ကို ဒေါသနှင့် ခလုတ်ဆွဲချလိုက်၍ ကျည်ဆန်တွေ ဝေါခနဲ ထွက်သွားသည်။

ကျွန်တော် "ကိုမြဝင်း ဒီလိုမလုပ်နဲ့လေ၊ လူတွေ ထိမှန်ကုန်ဦးမယ်"

ထိုစဉ်က ကျွန်တော့် အသက်က ၂၈ ဆိုတော့ ဗိုလ်မြဝင်းက ကျွန်တော့်ထက်ကြီးသည် ၃၂ နှစ်လောက်ရှိမည်ထင်သည်။ ဗိုလ်မြဝင်းမှာ ကျွန်တော့်ထက်စောပြီး ဗိုလ်မှူးကြီး ဖြစ်သွားသည်။ ဗိုလ်က ခတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်။ သို့သော် အလွန်သဘောထားပြည့်ဝသည်။ သူက အစဉ်အလာ ကောင်းသူ၊ ဂျပန်ခေတ်က ဂျပန်ပြည်သို့ စစ်ပညာသင်သွားခဲ့သေးသည်။ ယခု ကွယ်လွန်ရှာသည်မှာကြာပြီ။ နောင်တွင် အမေရိကပြည်ထောင်စုသို့ စစ်ပညာသင်သွားသေးသည်။ အပြန်မှာ ကင်ဆာရောဂါဖြစ်လာ၍ ကွယ်လွန်သည်။

ထိုနေ့က ကျွန်တော်က "ကဲဗျာ ခင်ဗျား ပစ်ချင်သေးလည်း ပစ်ဦးပေါ့၊ ကျွန်တော် ထိုင်စောင့်နေပါမယ်" ပြောသောအခါ ဗိုလ်မြဝင်းက "လာကွာ၊ မင်းပစ်တော့ ငါပြန်မယ်"ဟုဆိုပြီး ပြန်သွားသည်။

ထိုနေ့ညတွင် ဗိုလ်မှူးမြဝင်းတို့တပ်သည် မူလအစီအစဉ်အရ တရုတ်ဖြူတပ်များကို ချေမှုန်းရန်ရှေ့က စတင် ချီတက်သွား၏။ ကျွန်တော်တို့က သေနတ်ပစ်ကွင်းတွင် နောက်ထပ်နှစ်ရက် လေ့ကျင့်ပစ်ခတ်ပြီး နောက်က လိုက်သွား၏။ ကျွန်တော်တို့တပ်ရင်း တာစန်းရောက်ပြီ။ နောက်နှစ်ရက် အကြာတွင် ကျွန်တော်တို့ တိုက်ရတော့မည်။

တာစန်းကာ သံလွင်မြစ်ကမ်းပေါ်မှာရှိနေသည်။ ဤတွင် မူလအစီအစဉ်အရ ပထမ လေတပ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ပြီးနောက် ၂၅ ပေါင်ဒါအမြောက်တပ်က ကြိုတင်ပစ်ခွင်းပြီး ကျွန်တော်တို့တပ်က ချီတက် တိုက်ခိုက်ရေး အစီအစဉ်မှာ လုပ်၍ မဖြစ်တော့ပြီ။

ဗိုလ်ချုပ်ကျော်ဇောက ဤသို့ စီစဉ်လေသည်။ ထိုအချိန်က သံအမတ်ကြီး ဦးဖေခင်၊ ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီးထွန်းစိန် (နောင်မြို့တော်ဝန်)။ ဗိုလ်မှူးကြီးသိန်းမောင် (မင်းဘူး)တို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် SEATO ဆီးတိုးအဖွဲ့နှင့် အစည်းအဝေးထိုင်ပြီး တရုတ်ဖြူစစ်တပ်များ မြန်မာနယ်စပ်က ဆုတ်ခွာရေး ဆွေးနွေးနေချိန်ဖြစ်သည်။ ဆွေးနွေးပွဲ၏ ကြိုတင်စည်းကမ်းချက်များမှာ သံလွင်မြစ်သည် မြန်မာ့တပ်မတော်နှင့် တရုတ်ပြည်ကို ယာယီ သတ်မှတ်ထားသော နယ်ခြားမျဉ်းဖြစ်သည်။ ထိုသို့ ဘန်ကောက်မြို့တွင် ဆွေးနွေးညှိနှိုင်းနေကြစဉ် တရုတ်ဖြူတပ်နှင့် မြန်မာတပ်မတော်တို့ တစ်ဦးနှင့် တစ်ဦး ယာယီသတ်မှတ်ထားသော နယ်ခြားမျဉ်းကို ချိုးနင်းကျော်ဖြတ်ခြင်းမပြုရ။

ဗိုလ်ချုပ်ကျော်ဇောက ရန်သူ တရုတ်ဖြူတပ်ကို လှည့်စားချင်သည်။ ထို့ကြောင့် ကချင်တပ်ကို ကြိုတင်၍ သံလွင်မြစ်အား ဖြတ်ကူးစေကာ



ရှေသို့ချီတက်နှင့် စေသည်။ တရုတ်ဖြူတပ်နှင့်နီးသော ရွာများကို ခြေလျင်တပ်က ဝင်မည်။ ပစ်ခတ်ခြင်းမလုပ်ဘဲ နှစ်ရက်အကြာတွင် ထိုဒေသတွင် ကချင်တပ် ပြန်ဆုတ်လာရသည်။

ဤတွင် တရုတ်ဖြူတပ် ကိုယ်စားလှယ်က ဘန်ကောက်မြို့ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်များကို ပြောသည်။"မြန်မာတပ်က သဘောတူညီမှု ဖျက်သည်၊ သံလွင်မြစ်ကိုကျော်လာပြီး ငါတို့အနီးအပါးက ရွာတွေကိုဝင်သည်"

မြန်မာကိုယ်စားလှယ်က "ဟုတ်တယ်၊ ဝင်သွားမိတယ်၊ ယခု ပြန်ဆုတ်လာပြီ၊ နောင် မလုပ်ဘူး"

ထိုသို့၊ မြန်မာ့တပ်မတော်က တရုတ်ဖြူတပ်၏ အနီးအပါးမှ ပြန်ဆုတ်သွားသည်ကို တရုတ်ဖြူတပ်အား အသိပေးပြီးသည့်အချိန်မှာ ဗိုလ်ချုပ်ကျော်ဇော ဦးဆောင်သော ကျွန်တော်တို့ မြန်မာတပ်တွေက တရုတ်ဖြူတပ်ကို အငိုက်မှာဝင်တိုက်ရန် စီစဉ်ခြင်းဖြစ်သည်။

ကချင်တပ်က တရုတ်ဖြူတပ်များအနီးရှိ ကျေးရွာများမှ ဆုတ်ခွာလာ၍ ပြီးစီးချိန်တွင် ကျွန်တော်တို့တပ်များက အလုံးအရင်းနှင့်ဝင်မည်ဖြစ်သည်။

ဘန်ကောက်ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ဖြူကိုယ်စားလှယ်အား "မင်းတို့ ပဏာမ စတင်ဆုတ်ခွာမယ်ဆိုတာ တရုတ်တပ်မဟုတ်၊ ကျေးရွာသားတွေကို မင်းတို့စစ်ယူနီဖောင်းဝတ်ခိုင်းပြီး မိန်းမတွေ ကလေးတွေနှင့် ဆုတ်ခွာချင်ဟန်ဆောင်တယ်၊ မင်းတို့ သဘောတူချက်ဖောက်ဖျက်တယ်" ဟု ပြောသည်။

မြန်မာကိုယ်စားလှယ် "မင်းတို့ ဒီလိုသာ ကတိစကားမတည်ရင် ငါတို့ဆွေးနွေးပွဲကို ဖျက်သိမ်းရလိမ့်မယ်"ဟု သတိပေးသည်။

ထိုစဉ်က သဘောတူချက်ကို တရုတ်ဖြူဘက်က ဖျက်သဖြင့် မြန်မာဘက်မှ မတ်လ ၇ ရက် နံနက် ၁၀ နာရီမှာ အစည်းအဝေးကို ဖျက်မည်။ ထိုအချိန်၌ အစည်းအဝေးခန်းမထဲမှ မြန်မာကိုယ်စားလှယ်များ ထွက်လာမည်။ ထိုနေ့အမီ ကျွန်တော်တို့က တရုတ်ဖြူကိုတိုက်ရန် စီစဉ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ဖြတ်ကူးမည့်နေရာ မြစ်ကျဉ်းကို ကျွန်တော်နှင့် တပ်ခွဲနှစ်ခွဲ အင်ဂျင်နီယာတပ်တို့ သွားကြသည်။ ထိုနေရာမှာ လေမှုတ်ရာဘာလှေကလေးများဖြင့် တစ်စီး ၆ ယောက်နှုန်း၊ ဟိုဘက်ကမ်းသို့ ဖြတ်ကူးရန် ဖြစ်သည်။

ညနေ ၄ နာရီတွင် သံလွင်မြစ် ဖြတ်ကူးမည့်နေရာသို့ ရောက်သည်။ မြစ်ကျဉ်းတွင် ကြိုးတန်းပြီးတစ်ဖက်ကမ်းမှ သစ်ပင်ကြီးကြီးတွင် ခိုင်ခိုင်ချည်ထားသည်။ သံလွင်မြစ်အပေါ်ပိုင်းမှနေ၍ ရာဘာလှေကို ကြိုးတန်းကိုင်ပြီး တစ်ဖက်က ကူးကြသည်။ ကြိုးမှာပါသော ဘုထုံးကို ကိုင်သူကကိုင်၊ ကျန်ရဲဘော်များတွေ လှေကိုလှော်ပြီး တစ်ဖက်ကမ်းအနောက်ကူးကြသည်။ ဤသို့ဖြင့်လည်း ၉ နာရီတွင် တပ်ခွဲတစ်ခွဲ၊ တစ်ရှာလေးဆယ် သံလွင်မြစ်တစ်ဖက်ကမ်းသို့ ရောက်ပြီ။ တစ်ညလုံးထိုသို့မြစ်ကို ဖြတ်ကူးကြရာ နောက်တစ်နေ့နံနက် ၅ နာရီတွင် တပ်ခွဲသုံးခွဲ၊ သံလွင်မြစ်တစ်ဖက်ကမ်းသို့ ရောက်ကြပြီ။ ကျွန်တော်တို့တပ်များ သံလွင်မြစ်တစ်ဖက်ကမ်းသို့ ရောက်ကြသည့် အရဏ်တက်ပြီးချိန်၌ အမြောက်များ စတင်ပစ်ခတ်တော့သည်။ ရန်သူ့စခန်းသို့ အမြောက်ကျည်ဆန်များ ကျရောက်ပေါက်ကွဲနေသံကို ကြားနေရပြီ။

ကျွန်တော်တို့ တပ်ခွဲသုံးခွဲ ရဲဘော်များသည် နံနက် ၇ နာရီအချိန်တွင် ရောက်ရှိနေရာယူထားသောနေရာမှ တရုတ်ဖြူတပ်ဌာနချုပ်သို့ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ကြရန်ဖြစ်သည်။

၂၅ ပေါင်ဒါအမြောက်ကြီးများ ပစ်နေသည်မှာ ကျွန်တော်တို့တပ်ခွဲများနောက်က မဟုတ်၊ သံလွင်မြစ်တစ်ဖက်ကမ်း ကျွန်တော်တို့ရှေ့ဘက်က ပစ်နေကြရခြင်းဖြစ်သည်။ လေးလံလှသော ၂၅ ပေါင်ဒါအမြောက်ကြီးများကို သံလွင်မြစ်အား ဖြတ်ကူးရန်၊ အခက်အခဲရှိနေသဖြင့် ကျွန်တော်တို့တပ်များ အရှေ့က နေရာချထားပြီး အမြောက်ကျည်ဆန်က ကျကွဲသည်။ နောက်မှ လိုက်ပစ်နေရပေသည်။

ဤတွင် ကျွန်တော်တို့တပ်ချီတက်ရမည့်အချိန်ကို နှစ်မိနစ်စောပြီး တက်ခိုင်းမိလိုက်သည်။ ထိုအချိန်ကတွင် အမြောက်ကျည်ဆံများ။ ကျွန်တော်တို့ရှေ့က ရန်သူစခန်းအတွင်းသို့ ပေါက်ကွဲနှုန်း ပြင်းထန်စွာဖြင့် ကျရောက်



ပေါက်ကွဲသွားသည်။ ဒါကို ကျွန်တော့်တပ်ခွဲမှူး ဗိုလ်ခင်ငြိမ်းက သတင်းလာပို့သည်။

ဗိုလ်ခင်ငြိမ်း။ "ဗိုလ်မှူး ကျွန်တော်တို့တပ်ချီတက်တာ ၂ မိနစ်စောနေတယ်၊ အမြောက်ဆန်တွေ ကျနေဆဲပဲခင်ဗျ။" ဗိုလ်ကြီးခင်ငြိမ်းမှာ နောင်အခါတွင် ကျန်းမာရေးဝန်ကြီး ဖြစ်လာသူပင်။

ထိုအချိန်တွင် အမြောက်ကျည်ဆန်များမှာ ရန်သူ့စခန်းများဆီသို့ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ကျနေဆဲဖြစ်သည်။ အမြောက်ကျည်ဆန် အစအနပွင့်လာမည်စိုးရိမ်သဖြင့် ရဲဘော်တွေကို တောင်ကမ်းပါးယံတွင် နေရာယူခိုင်းပြီး ကာကွယ်ထားရသည်။ အမြောက်ကျန်ဆန်ရှေ့မှ ရန်သူ့စခန်းဆီကိုလည်း ကျသည်။ ရန်သူ့စခန်းအပြင်ဘက် ကျွန်တော်တို့ ချီတက်ဝင်ရောက်လာမည့် နေရာများကိုဆီသို့လည်း အဆက်မပြတ်ကျနေဆဲ ပေါက်ကွဲနေဆဲဖြစ်သည်။

အမြောက်ကျည်ဆန်များ ကျရောက်ပေါက်ကွဲမှုရပ်သွားစဉ်တွင် ကျွန်တော်တို့တပ်ရင်းမှ တပ်ခွဲသုံးခွဲ၊ ဝမ်ဆားလား တရုတ်ဖြူစခန်းသို့ ဝင်တိုက်ကြသည်။ သို့သော် တရုတ်ဖြူတပ်များမှာ အမြောက်ပစ်သည့်အချိန်ကပင် အင်နှင့်အင်အားနှင့် ခုခံရန် မကြံစည်တော့ဘဲ စခန်း လက်လွှတ်ထားပြီး ဆုတ်ခွာသွားပါလေတော့သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်ကျော်ဇောထံက ကြေးနန်းဝင်လာသည်။ **ရန်သူဆုတ်ခွာသွားလျှင် သံလွင်မြစ်အောက်ဘက် ရေလိမ်ဆိုသောအရပ်သို့ ဆက်လက် ချီတက်ဖြိုခွင်းရန်။**

ရေလိမ်အရပ်မှာ ဝမ်ဆားလားအောက်ဘက် ၆ မိုင်ခန့်အကွာတွင် ရှိသည်။ ထို့ကြောင့် ကျွန်တော့်တပ်ခွဲများကို ရေလိမ်သို့ ဆက်လက်ချီတက်ရန် စီစဉ်ညွှန်ကြားပေးလိုက်ပြီး ကျွန်တော်က တရုတ်ဖြူတပ်စခန်းမှရသော လှေတစ်စင်းဖြင့် စုံဆင်းရန်ကြံသည်။

ကျွန်တော်နှင့် ကျွန်တော့်အကူတပ်သားတို့အပြင် လှေလှော်ရန်လူတစ်ယောက်လိုသည်။ ဤတွင် တောထဲတောင်ထဲ တောလိုက်ရင်းလာသော လားဟူအမျိုးသားတစ်ယောက်ကို အကူအညီ တောင်းရသည်။ တောလိုက်ရင်းရောက်လာသော လားဟူ တိုင်းရင်းသားတစ်ဦးက သူလှေ မလှော်

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး။ ဒါပေမယ့် ကူညီပြီး လှော်ပေးမယ်ဟု ပြောသည်။ သို့နှင့် လားဟူတိုင်းရင်းသားနှင့် ကျွန်တော့်အကူတပ်သား ကျွန်တော် သုံးယောက်သား လှေတစ်စင်းနှင့် သံလွင်မြစ်အတွင်းစုန်ဆင်း၍ ရေလိမ်သို့သွားကြသည်။ သို့သော် ဆိပ်ကမ်းမှ လှေထွက်၍ မကြာသေးမီ လှေမှာ ရေဝဲကြီးအတွင်း သက်ဆင်းရောက်ရှိသွားတော့သည်။ ရေဝဲကြီးက ချာချာပတ်ပြီး လည်နေသည်။ လားဟူလှေသမားကလည်း လှော်တတ်သည်မဟုတ်။ ကျွန်တော့်မှာလည်း လှော်စရာ လှေတက်မရှိ။ ရေဝဲကြီးထဲမှာ လှေကလိုက်ပါ ချာချာလည်နေသည်မှာ ကျဉ်း၍ ကျဉ်း၍သွားသည်။ ရေဝဲ၏အလယ်ခေါင်ရောက်သွားလျှင် ရေဝဲထုံးစံ ရေအောက်သို့ စုပ်၍ စုန်းစုန်းမြုပ်သွားမည့် အန္တရာယ် ကြုံနေရပြီ။

သို့သော် ကံကောင်းပါသည်။ သေနေ့မရောက်သေး၍ ကျွန်တော့်ကံဆိုးမည့်ကိန်းမှ လွတ်တော့မည်။ တာဆန်းဆိပ်ကမ်းတွင် အမြောက်ဆွဲမည့် ဆင်များကိုတင်ရန် သစ်ဖောင်ဖွဲ့နေသော ရဲဘော်တွေရှိနေသည်။ သူတို့ထံ၌ စက်တပ်အောက်ဘုတ် မော်တော်ဘုတ်လှေတစ်စီးရှိသည်။ ထိုမော်တော်ဘုတ်ကလေးကို မောင်းပြီး ရဲဘော်တချို့ သံလွင်မြစ်ဆိပ်ကမ်းကထွက်လာသည်။ ကျွန်တော်တို့၏ ချာချာလည်နေသော လှေအနီးသို့ကပ်ရန် မော်တော်ဘုတ်က ကြိုးစားသည်။ သို့သော် မော်တော်ဘုတ်မှာ ကျွန်တော်တို့လှေအနီးသို့ ကပ်လာ၍မရ။ သူလည်း ရေဝဲအရှိန်ကြောင့် ရေပေါ်မှာ ချာချာလည်နေတော့သည်။

ထိုမော်တော်မှာ ရာဘာလှေမျှသာဖြစ်၍ အပြင်က စက်တပ်ဆင်ထားသောကြောင့် Out Boat အောက်ဘုတ်မော်တော်ဟုခေါ်ခြင်းဖြစ်သည်။ သူတို့မော်တော်ကို ကျွန်တော့်လှေအနီးကပ်လာ၍ ကြည့်လိုက်တော့ "ဟာ တပ်ရင်းမှူးကြီးပဲ" ဟု သိသွားကြသည်။ အောက်ဘုတ်မော်တော်က စက်ပါသဖြင့် ရေဝဲထဲတွင် သိပ်ပြီးလည်လိုက်မသွားအောင် ထိန်းထားနိုင်သည်။ မော်တော်ဘုတ်ထံမှ ကြိုးတစ်ချောင်းကို ကျွန်တော်တို့လှေသို့ ပစ်ပေးလိုက်ရာ အကူရဲဘော်က ဖမ်းဆွဲထားလိုက်နိုင်သဖြင့် အခဲဖြေသွားတော့သည်။ ကြိုးကိုလှေဦးမှာ ချည်နှောင်လိုက်သည်။ ကြိုးစကိုဆွဲ၍ မော်တော်ဘုတ်ဘုတ် မောင်းထွက်သွားသဖြင့် ရေထဲစုပ်သေရမည့်ဘေးက လွတ်ပါတော့သည်။



သည်မှာပင် ကျွန်တော်တို့ အမိန့်ထုတ်ရလေသည်။ ဤနေရာတွင် မည်သူမျှ လှေမစီးရဟု။ ဤသို့ဖြင့် သံလွင်မြစ်ကို စုန်ဆင်းပြီး ကျွန်တော်တို့တပ် ရေတိမ်ရောက်သွားသည်။ ထိုအချိန်၌ ဗိုလ်ချုပ်ကျော်ဇောထံမှ သတင်းနှဲ့တစ်ပုဒ် ရောက်လာ၏။

"ကိုတင်ဦး၊ တိုက်ပွဲအောင်မြင်တာ ဝမ်းသာတယ်၊ ကျုပ်ကတော့ ရှေ့ကိုဖြတ်ပြီး ချီတက်သွားပြီ၊ ကျုပ်ထံ လိုက်ခဲ့ပါ၊"

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)
## မိုင်းဆတ် တရုတ်ဖြူ ဌာနချုပ်ကို တပ်မတော်က ဖြိုချလိုက်ပြီ

ဗိုလ်ချုပ်ကျော်ဇောအမိန့်စာအတိုင်း သူခေါ်ရာနောက်သို့ သံလွင်မြစ်ကမ်းနံဘေးရှိ တောင်မြင့်မြင့်ကြီးပေါ်မှ ဖြတ်၍လျှောက်တက်သွားရသည်။ ထိုနေ့ညနေစောင်းတွင်ပါလာသော ဆန်နှင့် ထမင်းချက်၊ ပဲဟင်းနှင့် လွေးရင်းခေတ္တနားရသည်။မှောင်စပျိုးပြီ။ သို့သော် ရပ်နေ၍မဖြစ်သေးသဖြင့် ထမင်းစားပြီးသည်နှင့် ဆက်လျှောက်ကြသည်။ လမ်းတစ်နေရာ၌ တပ်စခန်းတစ်ခုတွေ့သည်။ တပ်မတော်သားများအား၊ ဗိုလ်ချုပ်ကျော်ဇော လာသွားပြီလား။ မေးကြည့်တော့ "ရှေ့ဆက်သွားပြီ၊ ဒီမှာ စာတစ်စောင် ပေးခဲ့တယ်"ဟုဆိုသည်။ စာဖတ်ကြည့်တော့ "ကိုတင်ဦး ဆက်လုပ်"

ဗိုလ်ချုပ်ကျော်ဇောနှင့် ဘယ်သူတွေပါသလဲဟု မေးကြည့်တော့ ဗိုလ်ချုပ်အောင်ကြီး၊ ဗိုလ်မှူးကြီး တင်စိုးပါလာသည်။ သို့နှင့်ခရီးဆက်ကြတော့ ခဲဆေးလိပ်တို၊ စီးကရက်တိုကလေးတွေ လွှင့်ပစ်ထားသည်ကို တွေ့ရ သဖြင့် လိုက်လာသည့်လမ်းမှန်နေကြောင်း သိရသည်။ ထို့ကြောင့် ဗိုင်ယာလက်စက် ဓာတ်ခဲအားသွင်းရန် လက်လှည့်ချာဂျင် သွင်းစဉ်အသံက တောအုပ်ထဲမှာ ညဥ့်အချိန်တွင် အတော်ကျယ်သည်။ ထို့ကြောင့်ပင် လက်လှည့်ချာဂျင်ဓာတ်အားသွင်းစက် အသံလည်း နားစွင့်ပြီး ခရီးဆက်ရလေသည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ချာကျင်ခတ်အေးသွင်းစက် လှည့်သောအသံမှာ တောင်ပေါ်ကျတော့ အကျယ်ကြီးကြားရသည်။

ထိုနေ့ည သန်းခေါင်ကျော်၍ နောက်တစ်နေ့ နံနက် ၂ နာရီခန့်တွင် တဲကလေးတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရသည်။ ဝမ်းသာအားရဖြင့် တဲထဲသို့ဝင်သွားတော့ အောင်မယ် ဗိုလ်ချုပ်ကျော်ဇော လှဲအိပ်အနားယူနေသည်ကို တွေ့ရ၏။ ဗိုလ်ချုပ်ကျော်ဇောက "ကိုတင်ဦး ရောက်လာပြီလား" ဟု လှမ်းမေးနေသည်။ "ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ကျွန်တော်ရောက်ပါပြီ" ဆိုတော့ "အေးဗျာ၊ ရောက်ရင် အိပ်တော့ဗျာ" ဟု ပြောသည်။

ဗိုလ်ချုပ်ကပင် ရှေ့တန်းအခြေအနေကောင်းနေသည်ဟုပြော၍ ဝမ်းသာရပေသည်။ ရှေ့တန်းတွင် တရုတ်ဖြူတပ်နှင့် ဗိုလ်မှူးမြဝင်းတို့ တိုက်နေကြရာ အောင်ပွဲရသည်ကို ဗိုလ်ချုပ်က ကျွန်တော့်အား ဆက်ပြောနေသည်။ နံနက်လင်းအားကြီး ၅ နာရီလောက် မှေး၍အိပ်ကောင်းနေတုန်း အသံအကျယ်ကြီး အော်လိုက်သည်ကို ကြားရ၏။ "တရုတ်ဖြူတွေ ဝင်တယ်၊ တရုတ်ဖြူတွေ ဝင်တယ်"

အော်ဟစ်ပြောဆိုသံကြားရ၍ ကျွန်တော်တို့ အိပ်ရာက လန့်နိုးသွားကြသည်။ အစဉ်သတိထားနေရသော ရှေ့တန်းစစ်မြေ ဖြစ်နေ၍ ကျွန်တော်တို့ သေနတ်ထဆွဲကြသည်။ သို့သော် တရုတ်ဖြူတွေဝင်လာခြင်း မဟုတ်။ ရှေ့တန်းစစ်မြေနှင့် ဆက်သွယ်သော တပ်ဖွဲ့တစ်ဖွဲ့ရောက်လာခြင်းဖြစ်၍ ကျွန်တော်တို့တစ်တွေ ငိုအားထက်ရယ်အားသန်ဆိုသလို တဝါးဝါးဖြစ်သွားကြလေသည်။

ဖြစ်ပုံက သည်လို။ ဗိုလ်မှူးမြဝင်းတို့ထံက လွှတ်လိုက်သော ဆက်သွယ်ရေးတပ် နောက်ကလိုက်လာသော ဗိုလ်ချုပ်ကျော်ဇောတို့ လမ်းမှားမည်စိုးရိမ်သဖြင့် ရှေးတုန်းက ဆက်သွယ်ရေးတပ်ဖွဲ့ကို အကြိုထောက်ခြင်းဖြစ်လေသည်။ သို့ဖြင့် ကျွန်တော်တို့အိပ်ရာကထကြ၍ နံနက်စာ လက်ဖက်ရည်သောက်ကြပြီး ဗိုလ်ချုပ်ကျော်ဇောနှင့်အတူ ခရီးဆက်ခဲ့ကြရာ နေ့ခင်း ၂ နာရီလောက်ကျမှ ဗိုလ်မှူးမြဝင်းတို့ ရှေ့တန်းစခန်းသို့ ရောက်ကြသည်။ ဗိုလ်မှူးမြဝင်းက ဗိုလ်ချုပ်ကျော်ဇောအား တိုက်ပွဲဖြစ်ပွားရာ နေရာကို လိုက်လံပြသည်။



သည်မှာပင် ဗိုလ်ချုပ်ကျော်ဇောက ဗိုလ်မှူးမြဝင်းကို ချီးကျူးစကားပြောကြားပြီး ထိုနေ့ညက ဗိုလ်မှူးမြဝင်းနှင့် ကျွန်တော်တို့ နှစ်ဦးသားဖက်အိပ်ကြသည်ကို သတိရနေသေးသည်။

ထိုနေ့က ရှေ့တန်းသို့ ရိက္ခာလာချပေးမည်ဖြစ်၍ ရိက္ခာချပေးမည့်နေရာကို လေယာဉ်မှမြင်ရန် အနီးအပါးရှိ သစ်ပင်များကို ရဲဘော်တွေက ခုတ်ထွင်ရှင်းလင်းကြသည်။ လေယာဉ်က ရိက္ခာပစ္စည်းချရာတွင် Free Drop ခေါ် အလွတ်ချပေးခြင်းနှင့် လေထီးဖြင့်ချပေးခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကွဲရှနိုင်ခြင်းမရှိသော ရိက္ခာပစ္စည်းများကို အလွတ်ချပေး၍ ဆီစသောပစ္စည်းများကိုမူ လေထီးဖြင့် ဂရုတစိုက် ချပေးရသည်။

ထို့ပြင် ရှေ့တန်းမှာ ရေကလည်းရှားသည်။ ထို့ကြောင့် ပထမတွင်ရေကို ပုံးများနှင့်ချပေးခဲ့ကြပြီး နောက်တော့ အလွယ်တကူ လေယာဉ်မှချပေးနိုင်ရန် ရေခဲတုံးကြီးများပါလာသည်။ ရေခဲတုံးများကို လေထီးဖြင့်မချတော့ဘဲ အလွတ်ပင်ချပေးရပေသည်။ ရိက္ခာချပေးရာတွင် ဗိုလ်မှူးမြဝင်းတပ်နှင့် ကျွန်တော်တပ်များအတွက်ပါ ပါရှိလေသည်။

ကိုလွင် (ဗိုလ်မှူးကြီးလွင်) တို့တပ်ကတော့ အတော်ပင်ပန်းရှာသည်။ သူတို့တပ်က ၆ ရက်စာရိက္ခာကို သယ်ယူသွားရသည်ကိုး။ ဗိုလ်မှူးလွင်တပ်က မိုင်းတုံအောက်ဘက်မှ ပုံပါကျင်နှင့် မိုင်းပုံကြားရှိ၊ ကေအမ်တီ တရုတ်ဖြူဌာနချုပ်ကို တိုက်ခိုက်ရသည်။

သည်နေရာ၌ တပ်မတော်က စီမံဆောင်ရွက်မှု တိကျသေချာပုံကို ပြောပြရဦးမည်။ ဝမ်ဆားလားကို ကျွန်တော်တို့တပ်တွေ တိုက်နေတုန်းမှာပင် နမ်းဆမ်က Sea Fury ဆီးဖြူရီတိုက်လေယာဉ် ၁၃ စီး တက်လာပြီး Wave by Wave အုပ်စု တစ်စုပြီးတစ်စု ထပ်ကာထပ်ကာ မိုင်းဆတ် တရုတ်ဖြူဌာနချုပ်ကို တိုက်ခိုက်ကြသည်။ ဗုံးကြဲ စက်သေနတ်ဖြင့်ပစ် တရုတ်တွေ အထိနာကြသည်။

ထိုနေ့က တပ်မတော်လေတပ်မှ မိုင်းဆတ်ကို တိုက်ကြသည်မှာ နေ့လည် ၁၁ နာရီခန့်တွင် ပြီးဆုံးသွားသည်။ တရုတ်ဖြူဌာနချုပ်စခန်းလည်း၊ ဖွတ်ဖွတ်ညက်ညက် ကျေလောက်ပြီဖြစ်သည်။ မိုင်းဆတ်ကို တပ်မတော်လေမှ တိုက်ခိုက်ကြသည့်သတင်းကို ဗိုလ်မှူးချုပ်ကျော်ဇောပြောပြ၍ ကျွန်တော်တို့ သိရှိရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်တော်တို့ ခရီးဆက်ခဲ့ကြရာ မိုင်းတုံတွင် ရန့်သူတရုတ်ဖြူတို့ လုံးဝ မရှိတော့ဘဲ ဆုတ်ခွာသွားကြပြီဟု သိရသည်။ ကျွန်တော်တို့ ဆက်လက်ချီတက်ခဲ့ကြရာ မိုင်းတုံနှင့် ၇ မိုင်ကွာဝေးသော ဝမ်နန်းယု ဆိုသည့် ရွာကလေးသို့ရောက်သည်။ ရွာကလေးမှာ အိမ်ခြေ ၃၀ လောက် ပင်ရှိမည်။ သူတို့လုပ်ငန်းက တောင်ယာခုတ်၊ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ဘိန်းလည်းစိုက်ပျိုးကြသည်ဟု သိရသည်။ ရွာထဲကို ဝင်သွားစဉ် ရွာသူရွာသားများကို မတွေ့ရ၊ စစ်တပ်လာပြီဆိုပြီး ကြောက်လန့်ပြီး ရှောင်တိမ်းနေကြသလား မသိ။ ရွာထဲမှာ မြင်ရသည်မှာ တရုတ်ဘာသာဖြင့်ရေးထားသော စာတန်းများဖြစ်သည်။ တရုတ်နယ်စပ်နှင့် အနည်းဆုံး ၄-၅ မိုင်ခန့်ဝေးသော်လည်း တရုတ်ယဉ်ကျေးမှု လွှမ်းနေသဖြင့် တရုတ်ကျေးရွာတစ်ရွာဟုပင် ထင်ရပေသည်။

သတိရတာကလေး ပြောရဦးမည်။ တိုက်ပွဲတစ်ပွဲတွင် တရုတ်ဖြူတပ်နှင့် ကျွန်တော်တို့တပ်မတော်တိုက်ကြစဉ် တက်နှစ်တပ်အကြားတွင် ဝါးတော တစ်တောသာ ခြားနေသည်။ တရုတ်ဖြူတပ်က တရုတ်တပ်သား တစ်ဦးက မြန်မာဘာသာဖြင့် ဤသို့ အော်ပြောသည်။

"ဟေ့ မင်းတို့က ငါတို့ကို အထင်သေးနေသလားကွ၊ ငါတို့ဟာ မန္တလေးနာရီစင်ကြီးအောက်က ရုံတော်ကြီး တရုတ်တွေ မဟုတ်ဘူးကွ၊ တရုတ်ပြည်ကလာတဲ့ တရုတ်အစစ်တွေကွ" တဲ့။

ဒါက သည်လိုဖြစ်ပါလိမ့်မည်။ တရုတ်ဖြူတပ်ကလည်း မိမိတို့ တပ်အင်အားဖြည့်တင်းရန် ယခုလို တရုတ်နှင့် မြန်မာနယ်စပ်က မြန်မာစကားပြော၊ ရှမ်းတရုတ်တွေကို စည်းရုံးသိမ်းသွင်းပြီး လက်နက်ကိုင်တိုက်ခိုက်နိုင်းတာ ဖြစ်ပါလိမ့်မည်။

မိုင်းတုံတွင် ဗိုလ်မှူးလွင်တို့က တရုတ်ဖြူတပ်တွေကို အောင်ပွဲဆင်နှင်ထုတ်ခဲ့ပြီးနောက် တွေ့ကြုံခဲ့သော အကြောင်းအရာတစ်ခု ပြောပြဦးမည်။ ဗိုလ်မှူးလွင် အောင်ပွဲဆင်ခဲ့သော ရေတာန်း စစ်မျက်နှာသို့ ဗိုလ်လွင်နှင့် အတူ ကျွန်တော်တို့ လိုက်သွားကြသည်။ ယိုးဒယားနယ်စပ်တွင် ဗိုလ်မှူးလွင် လိုက်ပြသည်။ ပုံနှိပ်စက်တစ်လုံးတွေ့ရသည်။ နေရာမှာ မိုင်းတုံက အောက်သို့ဆင်းသွားစဉ် ဝမ်မဲခင်၊ ဖုအော စသော ကျေးရွာများအလွန်



တရုတ်ဖြူတပ်စခန်း ဌာနချုပ်ဟောင်းဖြစ်သည်။ ဝေအောရွာမှ အနောက်ဘက်ဆင်းသွားရသည်။ ပုံနှိပ်စက်မှာ စာအုပ်များ ပုံနှိပ်ရန်မဟုတ်။ ငွေစက္ကူလုပ်ရန်ဖြစ်သည်။ ပုံနှိပ်စက်က ခြေနင်းစက်ဖြစ်ပြီး မြန်မာပြည်သုံးငွေစက္ကူများကို အတုလုပ်ရန် စီမံ ဆောင်ရွက်ထားသည်။ ငွေစက္ကူလုပ်သော ပုံနှိပ်စက်ကို တပ်မတော်က သိမ်းယူလိုက်ပြီး ခရီးဆက်ရာ ယိုးဒယားနယ်စပ် ပုံပါကျင်သို့ရောက်သည်။ ပုံပါကျင်တွင် ၃ ရက်ခန့်နားနေပြီး မိုင်းတုံကို ပြန်လာကြသည်။

ထို့နောက် ကျွန်တော်တို့တပ်ဖွဲ့များ မိုင်းဆတ်သို့ ချီတက်ခဲ့သည်။ မိုင်းဆတ်သို့ချီရသည့်ခရီးမှာ ပျော်စရာပင်။ လမ်းတွင်လည်း ရန့်သူအတားအဆီး အနှောင့်အယှက် လုံးဝမရှိ၊ မိုင်းတုံမှ မိုင်းဆတ်အထိ ချီတက်ခဲ့ရသည်။ လမ်းတွင် တစ်ညအိပ်ရပေရာ စုစုပေါင်း မိုင် ၄၀ ခန့်ရှိမည် ထင်ရသည်။ ကျွန်တော်တို့နှင့်အတူ ဗိုလ်ချုပ်ကျော်ဇောလည်း ခြေကျင်ခရီးလျှောက်ရလေသည်။ မိုင်းဆတ်မြို့လည်း ဝင်လိုက်ရော တစ်မြို့လုံး ဖွတ်ဖွတ်ညက်ညက်ကြေအောင် လေတပ်က ဗုံးကြဲစက်သေနတ်ဖြင့် ပစ်ထားသည်။ တရုတ်ဖြူတပ်ဌာနချုပ်မှာ တပ်သားတစ်ဦးမျှမရှိကြတော့ပြီ။ အားလုံး တစ်ယောက်မကျန် ဆုတ်ခွာထွက်ပြေးသွားကြပြီ။ ထိုဒေသမှာ ယခင်အခါက ဗိုလ်ချုပ်လီမီ၏ တရုတ်ဖြူအထင်ကရဌာနချုပ်ဖြစ်သော လီမီကုန်းပင်။ ယခုအခါ မိုင်းဆတ်ကို နောက်ဆုံး အုပ်ချုပ်ကွပ်ကဲသွားသူ တရုတ်ဖြူ ဗိုလ်ချုပ်မှာ လီကိုချွန်းဖြစ်သည်ဟု သိရ၏။ ဗိုလ်ချုပ်လီကိုချွန်းနှင့် ခေါင်းဆောင်တပ်မှူးတို့မှာ ကျွန်တော်တို့ စစ်ဆင်ရေး စတင်ချိန်ကတည်းက Lock Heed လေယာဉ်ဖြင့် ဘန်ကောက်သို့ ပြန်ပြေးသွားကြပြီ။ လော့ဟိ Lock Heed လေယာဉ်ဆိုသည်မှာ ဗုံးကြဲ စက်သေနတ်ပစ်တိုက်ပွဲဝင်နိုင်သော တရုတ်ဖြူ K.M.T.KUMENTAN လေတပ်သုံး လေယာဉ်များဖြစ်သည်။ မိုင်းဆတ်မြို့မှာ ကျွန်တော်တို့တပ်ဝင်သွားတော့ လူတစ်ယောက်မျှမရှိ။ မိုင်းတုံမြို့ကို တပ်မတော်ကဝင်တော့လည်း မြို့ထဲမှာ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှမရှိ။ လူတွေလည်း မတွေ့ရ။ တော်တော်လေး ကြာအောင် ရှဲဘော်တွေက လိုက်ခေါ်တော့မှ မြို့ခံလူကြီးမိဘတွေ ဟိုက တစ်ယောက်၊ ဒီက တစ်ယောက် ပေါက်ချလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲတွေတော့ မြို့ထဲမှာ ဟိုပြေး ဒီပြေး တွေ့နေရသည်။ ဒါပေမယ့် တစ်ခုတော့ရှိသည်။ ကျွန်တော်တို့နှင့် ဘယ်သူပါလာသလဲဆိုတော့ ကျွန်တော်တို့တပ်က တိုက်ပြီးသည့်အချိန် မိုင်းတုံကိုတိုက်ပြီး၍ မိုင်းဆတ်ကို တိုက်သည့်အချိန်ဆိုပါစို့။ ကျိုင်းတုံမြို့က မိုင်းဆတ်မြို့စားကို၊ ချစ်မတ်ဆိုသော နှစ်ယောက်စီး လေယာဉ်ပျံကလေးဖြင့် ခေါ်လာသည်။ ထိုချစ်မတ်လေယာဉ်ကလေးမှာ တပ်မတော်၌ ဆက်သွယ်ရေးအတွက် အသုံးပြုရန် အလွန်အသုံးတည့်သော လေယာဉ်ငယ်ပင်။ ဒဏ်ရာရသူရှိလျှင် ချစ်မတ်လေယာဉ်နှင့် သယ်ပြီး ဆေးရုံပို့နိုင်သည်။ လေယာဉ်က ငယ်၍ အလွန်စရိတ်ကျဉ်းသည်။ ဘောလုံးကွင်းတစ်ကွင်းစာ မြေကွက်လပ်ရှိလျှင် လေယာဉ်ဆင်းနိုင်တက်နိုင်သည်။ သည်နေရာတွင် တရုတ်ဖြူ အကြွင်းအကျန်တပ်များကို တိုက်ခိုက်ရှင်းလင်းရသော ဘုရင့်နောင်စစ်ဆင်ရေးကို ဆက်ပါမည်။

ဘုရင့်နောင် စစ်ဆင်ရေးကို ဆက်ရလျှင် ခြေလျင်တပ်ရင်း ၂၄ ဒုဗိုလ်မှူးကြီးခင်မောင်တပ်နှင့် ကျွန်တော်တို့တပ်ရင်း ဆက်လက်ချီတက်ရသည်။ ဒုဗိုလ်မှူးကြီးခင်မောင်မှာ ဂျပန်ခေတ်စစ်တက္ကသိုလ်၌ ကျွန်တော်နှင့် တစ်ပတ်တည်းဆင်းသူဖြစ်ပြီး နောင်အခါတွင် မြောက်ပိုင်းတိုင်း၌ နှင်းတွေကျစဉ် လေယာဉ်က တောင်ကိုဝင်တိုက်၍ လေယာဉ်ပျံပျက်ကျ အသက်ဆုံးရှုံး သွားရှာသည်။

ဤသို့ ဒုဗိုလ်မှူးကြီး ခင်မောင်တပ်နှင့် ကျွန်တော်တို့တပ်ရင်း မိုင်းဆတ်မြို့မှ ရှေ့ခရီးချီတက်ရန်မှာ မုတ်သုံရာသီလုပ်ငန်းစဉ်အရ ဒေသမြို့ရွာများမှာ စည်းရုံးရေး ပြန်လည်ဖွဲ့စည်းရမည်။ ထို့အပြင် တပ်မတော်အတွက် လိုအပ်သည့်ရိက္ခာများ ဖြည့်ဆည်းမည်။ ဆက်သွယ်ရေးကောင်းမွန်ရန် လမ်းဖောက်လုပ်ရေးလည်း စီစဉ်ရမည်။ သို့သော် မိမိဒေသမှာ ရန်ကြွင်းရန်စများ ရှင်းရန်လည်း တာဝန်ရှိသေးတော့ မိုင်းတွမ်းကို ဆက်လက်ချီတက်ရသည်။ မိုင်းတွမ်းမှာ တောင်မြင့်ကြီးဖြစ်၍ တောင်တက် ရှင်းလင်းရသည်။ မိုင်းဆတ်နှင့် မိုင်းတွမ်းတောင်မှာ မိုင် ၂၀ ခန့်ကွာလိမ့်မည်။ တောင်ပေါ်၌ ခြေကုပ်ယူထားသော တရုတ်ဖြူတပ် အကြွင်းအကျန်များရှိကြောင်း သတင်းနိုင်မာစွာရထားသည်။ တောင်၏အရှေ့ပိုင်းမှာ တရုတ်ဖြူတွေနေရာယူထားကြသေးသည်။ တောင်၏အခြေမှာရှိသော လှိုင်ဆမ်ဆွန်မှာလည်း တရုတ်တွေ ရှိနေကြသေးသည်။ ကျွန်တော်တို့က မိုင်းတွမ်းကိုသာ တိုက်၍ရသည်။ လှိုင်ဆမ်ဆွန်ကိုတော့ တိုက်၍မရသေး။ လှိုင်ဆမ်ဆွန်ကို ဘေးက ကျော်ပြီး မိုင်းတွမ်းကို တိုက်ရသည်။ မိုင်းတူးကိုတိုက်တော့ သိပ်ခက်ခက်ခဲခဲမရှိ။ တရုတ်တွေ ဆုတ်ခွာ ထွက်ပြေးကြသည်။ သို့သော် မိုင်းတူး၏နောက် လှိုင်ဆမ်ဆွန်ဆိုသော တောင်သုံးလုံးမှာတော့ တရုတ်ဖြူတွေ ရှိနေကြသေးသည်။ လှိုင်ဆမ်ဆွန်ဟု ခေါ်သည်။ လှိုင်ဆိုသည်မှာ တောင်၊ ဆမ်ဆိုသည်မှာ သုံးခု၊ ဆွမ်ဆိုသည်မှာ အချွန်။ သည်တော့ တောင်ချွန်သုံးလုံးဟု အဓိပ္ပာယ်ရသည်။ လှိုင်ဆမ်ဆွန်ကို နောက်ပိုင်းတွင်တိုက်၍ရသည်။ သို့သော် လှိုင်တူးကို တိုက်သည့်အခါတော့ မရတော့ပြီ။ အကြောင်းမှာ တရုတ်တွေ ခြေကုပ်ယူထားသော နေရာ အခိုင်အမာဖြစ်နေသည့်ပြင် ကျွန်တော်တို့လုပ်ငန်းက နယ်မြေ ရှင်းလင်းရေးပဲ ဖြစ်သည်ကိုး။ ပြင်းပြင်းထန်ထန် တိုက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရန်မလိုပေ။



သည်တုန်းက အတော်ကြာကြာ တိုက်နေခဲ့ကြရာ တောင်ထွတ်အလယ်နားထိ ရောက်ခဲ့သည်။ ကျွန်တော်တို့ကို လာကူသော ဗိုလ်ခင်မောင်၏ ခလရ ၂၄ နှင့်အတူ တောင်ထိပ်ကို တက်တိုက်ရန် အားထုတ်ကြသည်။ တောင်အလယ်ဘက်မှာ ရှေ့သို့တက်၍မရ ဖြစ်တော့သည်။ ဘာကြောင့်ဆို ပစ်ကူမည့်သူမရှိ။ ကျွန်တော်တို့မှာပါသော ၃ လက်မ စိန်ပြောင်းနှင့် စက်သေနတ်ကြီးနှင့် လက်နက်ငယ်တို့က ရှေ့တိုး၍မရနိုင်အောင် ဖြစ်နေသည်။ တရုတ်ဖြူတပ်တွင် ၆၀ မီလီမီတာ၊ ၈၀ မီလီမီတာ လက်နက်ကြီးတွေ ကိုင်ထားသည်။ လက်ပစ်ဗုံးတစ်လုံး ပစ်ချလိုက်လျှင်ပင် ကျွန်တော်တို့မှာ ငုတ်တုပ်ခံနေရသော အခြေအနေ။ ရှေ့ဆက်၍တက်ရန် နောက်မှ စစ်ကူမရဘဲ တိုက်၍မရကြောင်း ကြိုးမဲ့ ကြေးနန်းသတင်း ပို့လိုက်သည်။ ထိုအချိန်မှာ ၁၉၅၄ ခုနှစ်၊ မေလ ဘုရင့်နောင် စစ်ဆင်ရေးအပြီး ရန်ကြီးအောင် စစ်ဆင်ရေး မစတင်သေးမီအချိန်။ အခြေအနေအရပ်ရပ်ကို ဗိုလ်ချုပ်ကျော်ဇောထံ သတင်းပို့ရပေသည်။ သည်တွင် ဗိုလ်ချုပ်ကျော်ဇောက "ကောင်းပြီ၊ ဗိုလ်တင်ဦးတို့ မိုင်းတွမ်းမှာ အခြေခံစခန်း ပြန်ချနေကြ" ဟု အမိန့်ပြန်လာသည်။

ဗိုလ်ချုပ်ကျော်ဇောက အခြေအနေမှန်ကိုသိပြီး ပြန်ကြားသည့်အခါ ကျွန်တော်တို့ကလည်း တောင့်ခံပါသေးသည်။ ကျွန်တော်တို့မှာ တပ်ခွဲ

www.burmeseclassic.com

www.burmeseclassic.com



၃ ခွဲပါသွားတော့ ၃ ခွဲလုံး ရှေ့တက်၍မရ။ တပ်စုတစ်စုကို ရှေ့သို့ ပန်းတက်ရသည်။ တောင်ပေါ်စစ်ဆင်ရေးဆိုတော့ မြေပြင်မှာလို တက်ချင်တိုင်း တက်၍မရ။ တောင်ကြီးတွေက မြင့်လှသည်။ ကျွန်တော်တို့တိုက်သော တောင်က ပေ ၆၄၇၀ မြင့်သည်။ အမှန်မှာ ရည်မှန်းချက်က သည်တောင်ကို သိမ်းရမည်ဆိုလျှင် အသေတိုက်ရပေမည်။ သို့သော် ကျွန်တော်တို့ မိုင်းဆတ်ကိုလည်း ရထားပြီ။ ပထမပိုင်း အောင်ထားပြီမို့ ဗိုလ်ချုပ်ကျော်ဇောက တပ်ပြန်နားရန် အမိန့်ပေးခြင်းဖြစ်သည်။ အစီအစဉ်က နောက်နှစ် မိုးလေရာသီဥတုကင်းစင်တော့မှ ဆက်တိုက်ကြမည်ဖြစ်သည်။ မိုးကလည်း ဖြိုင်ဖြိုင်ရွာနေချေပြီ။

မိုးတွင်းအတွက် တပ်မတော်ရိက္ခာ စုဆောင်းရန် အရေးကြီးနေသည်။ သို့သော် မိုးရာသီခရီးလမ်းက မကောင်းတော့ ကားလမ်းက မရှိ။ လေယာဉ်ပျံနှင့် ပေးပို့ရန် တစ်လမ်းသာရှိသည်။ သို့ဖြင့် လေယာဉ်ပျံကွင်းဆောက်ရန် တာဝန်ဖြစ်လေသည်။ အမှန်က မိုင်းဆတ်တွင် ယခင်က လေယာဉ်ပျံကွင်းရှိပြီးသားပင်။ ယခင်က တရုတ်ဖြူ လေယာဉ်တွေ ဆင်းခဲ့သော လေယာဉ်ကွင်း။ ထိုလေယာဉ်ကွင်း၏ ကြံ့ခိုင်မှုတောင့်တင်းရန် ကျွန်တော်တို့ ဆောင်ရွက်ရမည်။ သည်တော့ မိုင်းဆတ် လေယာဉ်ပျံကွင်း ပြုပြင်တည်ဆောက်ရန် မိုင်းတူးတွင် တပ်မတော်သားတို့ လုံလုံခြုံခြုံ နေထိုင်နိုင်ရန် တပ်စခန်းဆောက်ဖို့ အထက်က ဘဏ္ဍာငွေ ချပေးလေသည်။ တောင်ကြီးမြို့မှာရှိနေသော အိမ်ထောင်သည်လိုင်းကိုလည်း လွိုင်လင်မြို့သို့ရွှေ့ရန် လုပ်ရသည်။

မူလချီတက်ရာတွင် ပါဝင်သော သေနတ်ကိုင်တပ်ရင်း ၂ နှင့် ၅၊ ခြေလျင်တပ်ရင်း ၂၄ မှ ဗိုလ်ခင်မောင်တို့ တပ်တို့ မူလမိခင်တပ်ရင်းများသို့ပြန်၊ ကျွန်တော်တို့ သေနတ်ကိုင်တပ်ရင်း ၁ ကတော့ ရှေ့တန်းလုံခြုံရေးစခန်းအဖြစ် တည်ဆောက်ရသည်။ ထိုသို့ တည်ဆောက်ရာတွင် သစ်ကြီးဝါးကြီးဖြင့် ပတ်ကားအဆောက်အဦများတော့ မဟုတ်။ သင့်တင့်လျောက်ပတ်သော အဆောက်အအုံငယ်များ တပ်ရင်းဝန်းကျင် ကာကွယ်ရေး မြေကတုတ်ကျင်းများ တူးရသည်။

အရေးအကြီးဆုံးက ကျွန်တော်တို့တပ်သားတစ်ဦးလျှင် ပထမဆင့်၊



ဒုတိယဆင့်၊ အရန်အဆင့် ကျည်ဆန်လုံလောက်ရန်ဖြစ်သည်။ ပထမအဆင့် ကျည်ဆန် ၅၀၊ ဒုတိယအဆင့် ကျည်ဆန် ၅၀၊ အရန်ကျည်ဆန် ၁၀၀ ပျမ်းမျှ တပ်သားတစ်ဦးလျှင် ကျည်ဆန် ၂၀၀ ရှိရမည်ဖြစ်ပေသည်။ တပ်ရင်းတစ်ရင်းမှာရှိသည့် တပ်သား ၄၀၀ အတွက်ဆိုတော့ ကျည်ဆန်အင်အားက တောင့်တောင့်တင်းတင်း အများကြီး ရှိနေပေသည်။

ကျွန်တော်တို့ မိုင်းဆတ်တွင် နေရာယူထားကြသော ယခင် တရုတ်ဖြူ ဗိုလ်ချုပ် ဂျင်နရယ်လီမီနေသည့် လီမီတောင်ကို ဘုရင့်နောင်တောင်ဟု အမည်ပြောင်းထားသည်။ တပ်ခွဲတစ်ခွဲကို ဘုရင့်နောင်တောင်ပေါ်မှာ နေရာချထားသည်။ တောင်စွယ်မှာ တပ်ခွဲ နှစ်ခွဲ နေရာယူသည်။ ကျန်သော တပ်ခွဲတစ်ခွဲကတော့ ကောင်းမှုတောင်ခြေရင်းမှာ မြေပြင်စီးအဖြစ် ထားရှိသည်။ ထို့ပြင် တောင်ခြေက တပ်ခွဲဦးစီးဌာနချုပ်မှာ တပ်သား ၅၀ လောက်ထားသည်။ တပ်ရင်းဌာနချုပ်နှင့်တူအောင် တပ်စခန်းကို ဖွဲ့စည်းရသည်။ ရုံးခန်း၊ အချုပ်ခန်း၊ ထမင်းစားရုံ၊ ရိက္ခာရုံ စသည် သိုလှောင်ရုံ ပီပီပြင်ပြင် တည်ဆောက်ရသည်။

နောက်ပိုင်းတွင် တရုတ်ဖြူတပ်များ ဆုတ်ခွာသွားအပြီး မိုင်းဆတ်မြို့မှာ အတော်အတန် စည်ကားလာပြီဖြစ်သည်။ မိုင်းဆတ်၏ ထူးခြားသော အကြောင်းကိစ္စတစ်ခုမှာ ဆန်စပါးစိုက်ပျိုးရေးပင်ဖြစ်သည်။ ဆန်စပါးကို တစ်နှစ်စိုက်ပျိုးလျှင် နှစ်နှစ်စားလောက်နိုင်အောင် ဖြစ်ထွန်းလေသည်။ ထို့ပြင် တပ်မတော်သားများ ဟင်းရွက်သီးနှံ ဖောဖောသီသီ စားသုံးရအောင် ဆောင်းဦးပေါက်သည်နှင့် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းစိုက်ပျိုးရအောင် မျိုးစေ့များ ရှာ ဝေငှပေးရသည်။ ကျေးရွာနေ တိုင်းရင်းသားများ စိုက်ပျိုးဖြစ်ထွန်းလျှင် တပ်မတော်သားများက ဝယ်ယူအားပေးကြသည်။ ရှမ်းရွာများက မုန်ညင်းပင်သာ စိုက်ပျိုးတတ်ကြသည်။ ရှမ်းပဲပုပ်လည်း လုပ်တတ်သည်။ မိုးတွင်းမှာ မိုးရေရပြီး နွေနှင့် ဆောင်းရာသီ၌ မြို့အနီးတွင်ရှိသော နမ်းခုပ်ချောင်းကရေကို သွယ်ယူ၍ ကျေးရွာသားတို့ သီးနှံစိုက်ပျိုးရေး လုပ်ဆောင်ကြရသည်။

ကျွန်တော်တို့အတွက် တပ်ရိက္ခာမှာ အမဲသားဘူး၊ ဝက်သားဘူးများ ပါသည်။ ထိုအသားဘူးများကို စားရသည်မှာ ကြာတော့ ငြီးငွေ့လာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာသူရွာသားများထံက ကြက်၊ ဝက်၊ သားစိမ်း၊ ငါးစိမ်းဖြင့် လဲလှယ်စားသောက်ရပေသည်။

သည်လိုနှင့် မိုင်းဆတ်လေယာဉ်ပျံကွင်းပြင်ရန် ကြိုးပမ်းရသည်။ မိုင်းဆတ်လေယာဉ်ပျံကွင်းမှာ တရုတ်ဖြူတွေရှိစဉ်က တပ်မတော်မှ ဗုန်းကြဲ စက်သေနတ်ဒဏ်ကြောင့် ပျက်စီး ယိုယွင်းနေသည်။ ဤအခြေအနေတွင် နမ်းခုပ်ချောင်းမှ ကျောက်စရစ်ခဲများ သယ်ယူဖို့ပြီး မြေသားကို မာအောင်ချောအောင် ကျောက်တလိမ့်တုံးကြီးများဖြင့် လိမ့်၍လိမ့်၍ လုပ်ဆောင်ရသည်။ ထို့ပြင် ထူးခြားတာကလေး ပြောရဦးမည်။ ထိုသို့လေယာဉ်ပျံကွင်းပြုပြင်တည်ဆောက်ရာတွင် အီကော အမျိုးသား အမျိုးသမီးများ၊ လားဟူတိုင်းရင်းသား အမျိုးသား အမျိုးသမီးများကို လုပ်သားများအဖြစ် ငှားရမ်းရသည်။ တိုင်းရင်းသားများကို မြန်မာနိုင်ငံသုံးငွေစက္ကူပေး၍ လုပ်အားခရှင်းသောအခါ သဘောမကျကြပေ။ တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးတို့လိုချင်သောငွေမှာ ထိုင်းနိုင်ငံသုံး သတ္တုငွေဒင်္ဂါးများ၊ အင်္ဂလိပ်ခေတ်က ငွေဒင်္ဂါးအဟောင်း မတ်စီ ငါးမူးစီများကိုသာ လုပ်ခအဖြစ် လိုချင်ကြသည်။ နောင်သော် ကျွန်တော် နားလည်သွား၏။ ရန်ကုန်မြို့မှ အဝတ်အထည်သစ်များ တိုင်းရင်းသူတို့အကြိုက် အနက်ရောင်ပိတ်စများ လည်ဆွဲပုတီးများ၊ ငွေသားလက်စွပ်၊ လက်ကောက်ကလေးများ စသည်ဖြင့် မှာယူရသည်။ လေယာဉ်ပျံကွင်းကို တည်ဆောက်နေစဉ်မှာပင် လေယာဉ်များ အစမ်းဆင်းလာကြသောကြောင့် လိုအပ်သော ပစ္စည်းများကို ရန်ကုန်သို့ မှာယူပြီး တိုင်းရင်းသား အမျိုးသား အမျိုးသမီးများ လိုအပ်သည်တို့ကို ငွေသားအဖြစ် သဘောထား လဲလှယ်ပေးချေရသည်။

❐

## အခန်း (၃၂)
## မိုင်းဆတ် လေယာဉ်ကွင်းသို့ ထိုးဆင်းလာသော ရန်သူ တရုတ်ဖြူလေယာဉ်

ဤသို့ဖြင့် တစ်ကြိမ်တွင် တပ်မတော်သားတို့ သည်းထိတ်ရင်ဖိုဖြစ်ရသော ကိစ္စတစ်ရပ်ကြုံရ၏။ တစ်နေ့နံနက် ၈ နာရီခန့်တွင် လေယာဉ်ပျံ သံကြားရသည်။ ကြိုတင်အကြောင်း မကြားတော့ဘဲ လာသည့် ဘယ်က လေယာဉ်ပျံပါလိမ့်ဟု နားမလည်ဖြစ်ရသည်။ ထိုစဉ်ပင် လေယာဉ်ပျံတစ်စင်းသည် မိုင်းဆတ်လေယာဉ်ပျံကွင်းသို့ ထိုးဆင်းလာသည်။ ထို့နောက် လေယာဉ် ပြေးလမ်းသို့ မှန်မှန်ပြေးဆင်းလာရင်း ရုတ်တရက် ကောင်းကင်သို့ ပျံတက်သွားလေသည်။ စုံစမ်းကြည့်သောအခါ တရုတ်ဖြူလေယာဉ်တစ်စီး လေယာဉ်ကွင်းမှားပြီး ထိုင်းလေယာဉ်ပျံကွင်းအထင်နှင့် မှားယွင်းဆင်းလာခြင်း ဖြစ်ပေသည်။ မိုင်းဆတ်လေယာဉ်ကွင်းတွင် လေကြောင်းရန်ကာကွယ်ရေးအတွက် မျှော်စင်နှစ်ခုဆောက်ထား၍ တပ်မတော်သားများက စက်သေနတ်ကြီး ပိုင့် ၅ နှင့် အသင့် စောင့်လျက်ရှိသည်။ သို့သော် အစောင့်တပ်သားတို့မှာ လေယာဉ်ကွင်းသို့ ဆင်းလာသော လေယာဉ်ကို ရန်သူ့လေယာဉ်ဟု မသိရကား စက်သေနတ်ဖြင့် ပစ်ခွင့်မကြုံလိုက်ပေ။

ကျွန်တော်လည်း ရုတ်တရက်ထိတ်လန့်သွားသည်။ ရန်သူ့တရုတ်ဖြူလေယာဉ်ပျံများ စီတန်း၍ ဆင်းလာပြီး မိမိတပ်စခန်းကို လျှပ်တစ်ပြက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်မည်လားဟု စိုးရိမ်သွားသေး၏။ သို့သော် တော်ပါသေးသည်။ တရုတ်ဖြူလေယာဉ်ပျံက တစ်စင်းတည်း ဆင်းလာ၍ မှားယွင်းဆင်းလာမိသည်ဟု သိသည်နှင့် ပျံတက်သွားသဖြင့် စိတ်အေးသွားသည်။ သို့သော် ဤသို့ ရန်သူ့လေယာဉ်ပျံ အမှတ်မဲ့ဆင်းလာပြီး မိမိဘက်က မည်သို့မျှ လက်ဦးမှုမရယူနိုင်ခဲ့သော ကိစ္စမှာ မဖြစ်ကောင်းပေ။ နောင်တွင် ဤသို့ မမှားမယွင်းစေရန် သတိမပေါ့စေရန် မိမိတပ်သားများအား အထူးသတိပေးထားရတော့သည်။

မိုင်းဆတ်တွင် ဗုဒ္ဓဘာသာရှမ်းဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းရှိသဖြင့် ဘာသာရေး နေ့ထူးနေ့မြတ်များ၌ သီလယူသူ ဥပုသ်သီတင်းစောင့်ထိန်းသူ အလှူအတန်းပြုသူတို့ဖြင့် စည်ကားနေသည်။ ရှမ်းဘုန်းတော်ကြီးသည် ရှမ်းဘာသာဖြင့်သာ သီလပေးသည်။ ရှမ်းဘာသာ မကျွမ်းသော ကျွန်တော်တို့မှာ ဘုန်းတော်ကြီးနှုတ်က ဘာတွေ ရွတ်ဖတ်နေသည်လဲ မသိ။ သို့သော် သူတို့ဗုဒ္ဓဘာသာရှမ်းဘုန်းတော်ကြီးတို့၏ တရားဓမ္မအကျင့်သီလမှာ ဗုဒ္ဓဘာသာစစ်စစ်ကြီးဟုကား ပြောရခဲသည်။ မဟာယန ဗုဒ္ဓဘာသာထွန်းကားသော ဂျပန်လူမျိုးတို့ ကိုးကွယ်မှုမျိုးလည်း မဟုတ်ပေ။ အခါကြီး၊ ရက်ကြီးများတွင် ရှမ်းဘုန်းတော်ကြီးကျောင်း၌ အလှူဒါနပြုသူများဖြင့် စည်ကားသလို ပစ္စည်းဝယ်မည့်ကုန်သည်များလည်း စည်ကား၍ ရှမ်းဘုန်းတော်ကြီးထံသို့ ဒကာ ဒကာမများက လှူဖွယ်ပစ္စည်းများ ရေစက်ချလှူဒါန်းပြီးသည်နှင့် ပစ္စည်းဝယ်ယူသူကုန်သည်များက တစ်ခါတည်း ဈေးဖြတ်ပြီး လှူဒါန်းထားသော ပစ္စည်းများကို ငွေလက်ငင်း ပေးချေ၍ ဝယ်ယူသွားလေတော့သည်။

ယခုနောက်ပိုင်းတွင်ကား မိုင်းဆတ်မြို့တွင် ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီးကျောင်းများ သုံးလေးကျောင်းခန့် တိုးတက်များပြားလာပါပြီ။ ကျွန်တော် ကာကွယ်ရေး ဦးစီးချုပ်တာဝန်ဖြင့် မိုင်းဆတ်မြို့သို့ ခေတ္တရောက်ခဲ့ရာ ယခင် ကျွန်တော်တို့ တပ်စခန်းချစဉ်က ကျောင်းထိုင်သောကိုယ်တော်များကိုလည်း ဖူးတွေ့ရသည်။ နောက်ထပ် ဗုဒ္ဓဘာသာကျောင်းက ဘုန်းတော်ကြီးများကိုလည်း ဖူးမြင်ခွင့်ရခဲ့ပေသည်။

တစ်နေ့တွင် ရန်ကုန်မြို့မှ တပ်မတော်အရာရှိကြီးများ မိုင်းဆတ်မြို့



သို့ လေယာဉ်ဖြင့် ရောက်လာကြ၏။ ဗိုလ်ချုပ်ကြီးနေဝင်းလည်း တစ်ခေါက်ရောက်လာသေး၏။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုလည်း တစ်ကြိမ်ရောက်လာခဲ့သေးသည်။

ကျွန်တော်တို့ တပ်ဦးမှာ တပ်ဦး စေတီတည်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆောက်သည်။ သံဃာတော်နှစ်ပါး ကျောင်းတွင် သီတင်းသုံးသည်။ ဘုန်းတော်ကြီးကျောင်းက နောက်ပိုင်းမှာ စာသင်ကျောင်းဖြစ်သွား၏။ သို့သော် စာသင်ကျောင်းတွင် စာသင်သား သိပ်များများစားစားမရှိ။ မိဘများက စိတ်မချသောကြောင့် မိမိတို့သားသမီးများကို စာသင်ကျောင်းသို့ မလွှတ်ဘဲ ထားသည်ဟုဆို၏။ သည်တော့ ကျွန်တော်တို့ တစ်မျိုးကြံစည်ရ၏။ ကျောင်းသားများရှိသော အိမ်များသို့ စာသင်ပေးမည့် ကျောင်းဆရာတွေက လိုက်သင်ပေးရလေသည်။ ထိုစဉ်က ကျွန်တော်တို့တပ်က ကျောင်းဆရာများမှာ ဆာဂျင်အောင်ဒင်၊ ဆရာမြင့်သောင်း၊ တပ်ကြပ်ကျော်ဆန်း (နောင်တွင် ဗိုလ်မှူးကျော်ဆန်းအဖြစ် စာပေဆောင်းပါးများ ရေးသူ) တပ်ကြပ်ခင်ဆောင်တို့ ၄ ယောက်က အိမ်များသို့လိုက်ပြီး ကျောင်းသားကျောင်းသူ ရှာပုံတော်ဖွင့်၍ စာသင်ကြားပေးရလေသည်။ ကျောင်းအုပ်ကြီးက ဆာဂျင်အောင်ဒင်။ အပေါ်က ကွပ်ကဲသူက ဗိုလ်ကြီးတင်အေးပင်ဖြစ်သည်။ နောက်ပိုင်းတွင် ဗိုလ်ကြီးတင်အေး၊ သူကလည်း ကလောင်နာမည်တစ်ခုနှင့် စာပေဆောင်းပါးများ ရေးခဲ့သည်။ ပထမတွင် ကျောင်းသားတွေကို လိုက်ခေါ်ပြီး သင်ပေးသည်။ အရေး၊ အဖတ်၊ အတွက်၊ အသုံးလုံး သင်ပေးသည်။ နောင်အခါ၌ ကျောင်းသား၊ ကျောင်းသူတွေက မှန်မှန် မလာကြ၍ ကျွန်တော်တို့တပ်က ဆရာတွေက ကျောင်းသားကျောင်းသူတွေကို တစ်အိမ်အိမ်မှာ စုဝေးစေပြီး စာသင်ပေးရသည့် အခြေအနေရောက်တော့သည်။

တပ်မှ ကျောင်းဆရာတွေက ကျောင်းသားကျောင်းသူတွေထံရောက်တော့ ကျွေးမွေးရန် ဘီစကွတ်မုန့်တွေ ဝယ်သွားရသည်။ ကျောင်းသူကျောင်းသားတွေ စာသင်ချင်အောင် မုန့်ကျွေးရသည့် သဘောပင်။ စာသင်သည်မှာ တစ်နေ့လုံးမဟုတ်။ နံနက်ထမင်းစားပြီးလျှင် သွားပြီး ညနေ ထမင်းစားချိန်လောက်တွေ ပြန်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဆရာနှင့်တပည့် ရင်းနှီးသွားကြပြီး စာသင်ယူသော ကလေးငယ်တွေ သူငယ်တန်းပညာအဆင့် ကောင်းစွာတတ်ပြီ။ ထိုအချိန်မှာပင် စာသင်ကျောင်းတစ်ကျောင်း ဆောက်ပေးသည်။ အမိုးနှင့်အကာနှင့် ကြမ်းခင်းပါ သပ်သပ်ရပ်ရပ် ကျောင်းကလေးတစ်ဆောင် ဖြစ်မြောက်သွားလေသည်။ ကျောင်းဆောင်ကလေးတစ်ကျောင်း ဖြစ်ပြီဆိုတော့ အတန်းကျောင်းဖွင့်ရန် အခြေအနေပေးလာသည်။ ကျောင်းတွင် အချိန်မှန်မှန် တက်ရောက်ပညာသင်ယူရန် အကျင့်ကောင်းရပေပြီ။ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော်လောက်ရှိ၍ ခန့်ထားပေးသော ဆရာ ဆရာမများနှင့် တင့်တင့်တယ်တယ်ပင်။

နောက်တော့ ရွာနီးချုပ်စပ်ကျေးရွာများက ကျောင်းသား၊ ကျောင်းသူတွေရောက်လာသဖြင့် ဘော်ဒါကျောင်းဖွင့်ပေးရသည်။ တနင်္လာနေ့ နံနက်ကို ရောက်လာ၊ သောကြာနေ့ နံနက် မိဘရပ်ရွာနပြန်ကြသည်။ ထို့ပြင် ကျေးလက်ဒေသနှင့် မြို့နေလူထု မကျန်းမာလျှင် ကုသပေးရန် အရာခံဗိုလ်အဆင့် ဆေးဝါးကျွမ်းကျင်သူတစ်ဦးကို ခေါ်ယူပြီး အရပ်ထဲက မမာမကျန်းသူ၊ ပြည်သူတွေကို ဆေးဝါးကုသပေးရသည်။

မှတ်မိသေးသည်။ ဆေးဝါးကျွမ်းကျင်သူ အရာခံဗိုလ် လှအောင်ထင်ပါသည်။ သူက မိုင်းဆတ်နှင့် မိုင်းတုံသွား ကားလမ်းဘေးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ စုရပ်လုပ်ပြီး လာရောက်ပြသသော လူမမာများကို ဆေးကုပေးရသည်။ အဲဒီတုန်းက ကျိုင်းတုံနယ်စပ်ဘက် တောင်ပေါ်တွင် ဂိုပင်က သလစ်မိရှင်ကျောင်းကလေးတွေ ရှိသေးသည်။ တစ်ကြိမ်တွင် ရယ်စရာကလေးတစ်ခု ကြုံရ၏။ အရာခံ ဗိုလ်လှအောင်နှင့် ကျန်းမာရေး ဆေးကုသပေးမည့်အဖွဲ့သို့ အီကောတိုင်းရင်းသား လူငယ်နှင့် သူ့အဖေဖြစ်ဟန်ရှိသော အဘိုးအိုရောက်လာသည်။ အီကောအမျိုးသားလူငယ်သည် ဆရာလှအောင်ကိုတွေ့ပြီး ထိုးရာ ထိုးရာ ဟုသာ ထပ်ကာထပ်ကာ ပြောနေသည်။ "ဘာရောဂါဖြစ်သလဲ ဘယ်လို ခံစားရသလဲ"ဟု ဆရာလှအောင်က မေးသောအခါ အီကောလူငယ်သည် ထိုးရာဟုသာပြောပြီး ဆေးထိုးခိုင်းနေသည်။

ဤတွင် ဆရာခင်ဆောင်က ဆေးကုသသော ခုတင်ပေါ်သို့ အီကောလူငယ်ကို တင်လိုက်၍ ဆေးတစ်လုံးထိုးပေးလိုက်သည်။ မိုးရေ ထိုးဆေးကို အီကောလူငယ်လေး ကျေနပ်စေရန် ထိုးပေးလိုက်ခြင်းဖြစ်၏။ ဟောဗျ၊ သည်လိုဆေးထိုးပေးပြီးတော့မှ ပြဿနာကာ စတင်လာချေပြီ။ အီကောလူငယ်က ပြောသည်တဲ့။ ဆေးကုသရန် လာသူမှာ သူမဟုတ် အတူပါသူ သူ့အဖေဖြစ်ပါသတဲ့။ အီကောတိုင်းရင်းသားစကား နားလည်သူ အနီးရှိ ရဲတပ်သားတစ်ဦးကို ခေါ်မေး၍ သူပြောမှ သဘောပေါက်ရပြီ။ ဆရာခင်ဆောင်လည်း မတတ်နိုင်တော့ပြီ။ ဆေးကလည်း ထိုးပေးပြီးပြီဆိုတော့ သည်လိုပြောခိုင်းရသည်။

"ယခုထိုးတဲ့ ထိုးဆေးက သိပ်စွမ်းပါတယ် သားကို ဆေးထိုးရင် အဖေပါပျောက်တယ်"ဟု ခပ်တည်တည် လုပ်လိုက်ရသည်။ အီကောသားအဖလည်း ကျေနပ်၍ ပြန်သွားလေ၏။ သြော်၊ ရိုးသားဖြူစင်သော တိုင်းရင်းသားများနှင့် တွေ့ဆုံဆက်ဆံရာတွင် ဒါမျိုးတွေလည်း ကြုံရသေးသည်။

သူတို့ တိုင်းရင်းသားကျေးရွာတချို့၌ မိခင်တစ်ဦးသည် အမြွှာသားသမီး မွေးဖွားခဲ့လျှင် ထိုသို့မွေးဖွားသူမိခင်ကို ရွာပြင်ထုတ်ထား အပြစ်ပေးနောက် မွေးသည့်ကလေးကို ဖျာနှင့်ပတ်၍ သတ်ပစ်ရသော ဓလေ့ထုံးစံရှိသည်ဆို၏။ အမြွှာကလေးနှစ်ဦးတွင် ပထမမွေးသူကလေးမှာ ဖခင်အရင်း၏သွေး သားရင်းဖြစ်၍ နောက်မွေးသောကလေးမှာ မိခင်ဖြစ်သူက အခြားယောကျ်ား တစ်ဦးနှင့် ဖောက်ပြား၍ မွေးလာခြင်းဖြစ်လေသတဲ့။ ဤသို့ လွဲမှားသော အယူဝါဒစွဲရှိသူ အချို့နှင့် ယခင် အတိတ်ကာလများက ကြုံရ၏။ ဤတွင် ထိုသို့ လွဲမှားသောအသိဖြင့် မဆောင်ရွက်သင့်ကြောင်း သားသမီး အမြွှာမွေးဖွားခြင်းမှာ ကမ္ဘာတစ်ခွင်မှာရော မြန်မာတစ်ပြည်လုံးမှာ ရှိမြဲ ဓမ္မတာသဘာဝဖြစ်ကြောင်း အာပေါက်အောင် ရှင်းပြရ၏။ နောင်အခါ၌ ကျိုင်းတုံမြို့မှ တိုင်းရင်းဘာသာစကား ကျွမ်းကျင်သော သူနာပြုဆရာမတွေ ဖိတ်ကြားပြီး ဟောပြောပွဲလုပ် ကျန်းမာရေး အသိပညာပေးရသောကြောင့် အားလုံး နားလည်သွားကြပြီ။

နောက်တစ်ကြိမ် ထူးခြားသော ကိစ္စပြောပြချင်သေးသည်။ ရန်သူကရတ်ဖြူတပ်တို့သည် စောစောကပြောခဲ့သော လွိုင်ဆွမ်တောင်မှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသေးသည်။ ကျွန်တော်တို့တပ်မတော်မှ ရိက္ခာပို့တပ်တွေ ၁၅ ရက် တစ်ကြိမ် မိုင်းတူးကို သွားကြရသည်။

ထိုသို့ ရိက္ခာပို့သွားသည့်အခါ ရန်သူ တရုတ်ဖြူတပ်က အသွားတိုက် အပြန်တိုက် အလွန်ဒုက္ခရောက်ကြရသည်။ လှိုင်ဆွမ်တောင်သုံးလုံးကို အောက ဝိုက်ပြီးသွားရတော့ ဆီးပြီးချုံခိုပုန်းအောင်း၍ တိုက်ကြသည်။ အသွားတွင် တစ်ယောက်ကျ နှစ်ယောက်ကျ၊ အပြန်တွင် တစ်ယောက်သေ နှစ်ယောက် သေနှင့် တပ်မတော်သားတို့ များစွာ ထိခိုက်ဆုံးရှုံးနေရသည်။ ရိက္ခာ တစ် ကြိမ်သွားပို့လျှင် ၁၄ ရက်စာ၊ လားအကောင်တစ်ရာလောက်နှင့် သယ်သွား ရသည်။ ထိုသို့ သွားကြစဉ် လမ်းတွင် တိုင်းရင်းသားကျေးရွာများကို ဖြတ်သည့်အခါ ရွာသူကြီးတွေက ရွာတံခါးတွေကို ဖွင့်မပေးချင်ကြ။ ဗိုလ် ချုပ်ကျော်ဇောက တိုင်းရင်းသားတွေနှင့် ပြဿနာမဖြစ်စေနှင့် ဖြစ်ရင် မင်းတို့ က မှားတယ်။ တိုင်းရင်းသားပြည်သူတို့က မှားသည်ဟု မမှတ်ယူဖို့မှာ မှာကြားထား၍ ရွာလူကြီးတွေကို ကျွန်တော်တို့ ချော့မော့ဖျောင်းဖျ ပြော သော်လည်း သူတို့က ရွာဝင်ခွင့်မပြုပေ။ သူတို့ရွာကို ဝင်မည်ဆိုလျှင် အကြီးအကဲတစ်ဦးက သူတို့ကိုးကွယ်သော နတ်မေးကြသည်။ သည့်ရွာကို ဝင်လာသည့် လူတွေသည် လူကောင်းတွေလား၊ လူဆိုးတွေလား၊ ရွာကို ရန်ပြုမည့်သူတွေလားဟု နတ်မေးကြသည်။ ရွာစောင့်နတ်က ယခုလာသူ တွေမှာ လူကောင်းတွေပဲဟု ပြန်ပြောလျှင် ရွာကိုဝင်ခွင့်ပြုသည်။ သည် တော့ ကျွန်တော်တို့ကလည်း ဝင်ခွင့်ပြုအောင် နတ်ကို ရမ်အရက်တို့၊ စား သောက်ဖွယ်ပစ္စည်းအချို့၊ လက်ဆောင်ပြုရသည်။ ဒါမှသာ နတ်မင်းက သဘောကျ နှစ်ခြိုက်ပြီး ရွာသို့ ဝင်ခွင့် ရှောရှောရှူရှူ ပေးလေသည်။

ကျွန်တော်တို့သွားသောအခါ လမ်းတွင် တစ်ညတော့ အိပ်ရမည် ဖြစ်သည်။ ထိုသို့ ညအိပ်ကြစဉ် ရွာတွင် ဝင်အိပ်ခွင့်ရရန် အဆင်ပြေအောင် ကျွန်တော်တို့ နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ရပေသည်။

သည်လိုပါ။ မိုင်းဆတ်ကနေ တစ်နေ့လုံးချီတက်သွားကြပြီးတော့ မှောင်သွားသောအခါ အီကောတိုင်းရင်းသားကျေးရွာကလေးကို တွေ့ပြီ။ တောင်ပေါ်ကို မျှော်ကြည့်လိုက်၍ မီးခိုးကလေးတလူလူတွေ့ပြီဆိုလျှင် သေ ချာပြီ။ ဒါအီကောတိုင်းရင်းသားရွာပင်ဖြစ်မည်။ ရွာဝင်အိပ်ကြပြီး ပြန်လာ



လျှင် ထိုရွာရှိချင်မှ ရှိတော့မည်။ နောက်တစ်နေရာကို သူတို့ရွာအကြီးအကဲ စိတ်ကြိုက်အတိုင်းပင် ပြောင်းချင် ပြောင်းရွှေ့သွားတတ်ကြသည်။

တစ်ကြိမ်တွင်တော့ အီကောတိုင်းရင်းသားကျေးရွာတွင် ဝင်အိပ်ကြ စဉ် ကြုံရသော အီကောကျေးရွာနတ်နှင့် ဗမာစစ်တပ်၏ နတ်တို့ အချင်း ချင်း အငြင်းအခုံ ပဋိပက္ခဖြစ်ကြရပုံ ဟာသဖြစ်ရပ် ပြောပြရဦးမည်။

ပထမတစ်ခါတွင် ရွာရှင်၊ နယ်ပယ်ရှင် နတ်မင်းကို ရမ်အရက်တစ် ပုလင်းပေးဆက်ပြီး တစ်ညတာ နားခွင့်ပြုသည်။ ရွာကိုဝင်ပြီး အိပ်ကြသည့် အခါ အိမ်က သူတို့ထုံးစံအတိုင်း သေတ္တာလိုပုံနှင့် အိမ်ကြီး၊ အိပ်ခန်းဟူ၍ သီးသန့်မရှိ။ တပ်သားတွေက အိမ်ရှင်၏ ခြေရင်းနားမှာ အိပ်ကြရသည်။ အိမ်က တိုင်ထောင်ပြီး လှေကားဖြင့် တက်သွား။ ခွေးကတက်လို နေရာ မျိုးကဝင် အိပ်ခန်းဆောင်က သုံးပေ နှစ်ခန်းပုံ၊ အိမ်အလယ်ကောင်မှာ အိမ်ရှင် အိပ်သည်။

ကျွန်တော်တို့ ရိက္ခာပို့သွားသည်မှာ မပါဘူးဆိုလျှင် အနည်းဆုံး တပ်သား ရှစ်ဆယ်တစ်ရာ။ ဆိုကြပါစို့ တပ်ခွဲတစ်ခွဲတော့ အသာကလေး ပါသွားပေသည်။ တပ်သားတွေ သည့်မျှ များများပါရသည်က ရှေ့ကင်း လုံခြုံရေးတပ်စု လွှတ်ရ၍ဖြစ်သည်။ သည်လောက် ဂရုစိုက်တာကိုပင် ရန်သူက လမ်းမှဖြတ်၍ ချုံခိုတိုက်ကြသေးသည် မဟုတ်ပါလား။ ထိုသို့ ရိက္ခာပို့တပ်သွားလျှင် ကျွန်တော်ကိုယ်တိုင် လိုက်သည်။ ဘာကြောင့်လဲ ဆို ရဲဘော်တွေ အားတက်အောင်လည်း ဖြစ်သည်။ ထို့ပြင် ကျွန်တော်ကိုယ် တိုင်က ရဲဘော်လေးတွေအတွက် စိတ်မချနိုင်၍လည်း ယခုလို ရင်အုပ်မကွာ လိုက်ပါစောင့်ရှောက်ရခြင်းပင်။

အမှန်က ထိုအချိန်တွင် စစ်ဆင်ရေးရပ်နားထားချိန်ဖြစ်သောကြောင့် လေကြောင်းအကူ လေယာဉ်ပျံမလာတော့။ ထို့ကြောင့် ရိက္ခာတွေ အချိန် မီရောက်အောင် မြေပြင်က လားတပ်နှင့် ပို့ပေးခြင်းက သေချာလှပေသည်။

ကျွန်တော်တို့ တပ်စခန်းရှိသော မိုင်းဆတ်ကိုတော့ လေယာဉ်ဖြင့် ရိက္ခာပစ္စည်းလာပို့ပေးသွားသည်။ ထိုရိက္ခာကိုမှ ကျွန်တော်တို့က တပ်စခန်း ခွဲများသို့ မြေပြင်မှ တစ်ဆင့် ပေးပို့ရသည်။

ကျွန်တော်တို့ သွားပို့ရသော ရိက္ခာတွေမှာ ရှစ်မျိုးပါသည်။ ဆန်၊

www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ ဆား၊ ငါးပိနှင့် ပဲသီးဘူးစသည်။ တပ်ကအခေါ်တော့ ဤရိက္ခာများမှာ တောတွင်းရိက္ခာဟုဆိုသည်။ စာလည်းရေးပြီးသား ရိက္ခာထုပ်မှာ ကပ်ထားသည်။ "ဤရိက္ခာသည် နိုင်ငံတော်က ထုတ်လုပ်ထားခြင်းဖြစ်သည်။ ရဲဘော်တို့ ပြည့်စုံစွာစားပါ။ ရိက္ခာများကို အကုန်အစင်စားပါ။ သို့မှသာလျှင် နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်မည်။ လိုအပ်သော အင်အားဖြည့်ရန် ရိက္ခာကို ကုန်အောင်စားပါ"ဟု သတိပေးစာရေးထားသည်။

သည်မှာပင် ပြောရန်ရှိ၏။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ စသည်တို့ကို ကုန်အောင်စားရန်မှာကား မှန်ပါ၏။ အဆင်ပြေပါ၏။ သို့သော် တခြားပဲသီးဘူး ဘာညာ စသည်တို့မှာ ကျွန်တော်တို့နှင့် သိပ်အံဝင်ခွင်ကျ မဖြစ်ပေ။ ထို့ကြောင့် အရပ်ထဲက အမဲသား၊ ဝက်သားတို့နှင့် အဆိုပါ ပိုလျှံရိက္ခာဘူးများကို အလဲအလှယ် လုပ်စားရပေသည်။ သည်မှာပင် တစ်ဆက်တည်း ရိက္ခာသွားပို့စဉ် ရွာတစ်ရွာမှာ ညဥ့်အိပ်သည့် အတွေ့အကြုံဆန်း ပြောပြစမ်းချင်သည်။

❐

# အခန်း (၃၃)

## ဗမာနတ်နှင့် ရှမ်းနတ်တို့ တန်ခိုးပြိုင်ကြသည့် ထူးဆန်းသောဖြစ်ရပ်

ထိုနေ့ညမှာ ကျွန်တော်က ကျေးရွာလူကြီးအိမ်မှာ နေရသည်ဆိုတော့ နည်းနည်းသက်သောင့်သက်သာ အိပ်ရပေသည်။ ရဲဘော်တွေ အိပ်ခွင့်ရသောအိမ်က ကျဉ်းကျဉ်းငယ်ငယ်မှာ သိသည့်အတိုင်းပဲ၊ အကာအရံတွေ၊ ထရံတွေက သံနှင့်ရိုက်ပြီး စွဲထားခြင်းမဟုတ်။ ဝါးနှီးဖြင့် ဖြစ်သလို ချည်နှောင်ထားသည်ကိုး။ ရဲဘော်တွေကို ပထမပြောထားခွင့်ပြုထားသည်က အိမ်အောက်မှာ အိပ်ရန်ဆိုသော်လည်း ညဥ့်နက်လာတော့ သူတို့ကို အိမ်ရှင်က သူတို့ခြေရင်းမှာ အိပ်ခွင့်ပြုသည်တဲ့။ သို့သော် ရဲဘော်ကလေးတွေက အိမ်ရှင်က အိပ်ခွင့်ပြုထားသော သူတို့ခြေရင်း ခွေးကတက်လိုနေရာမှာ မအိပ်ဘဲ အိမ်ထဲဝင်အိပ်ကြသည်။ ဤနေရာတွင် ပြဿနာက စတင်လေ၏။ ရဲဘော်လေးတွေ ဘေးမှာ ကာရံထားသော ဝါးထရံသည် မတော်တဆ တိုးဝှေ့အိပ်ရင်း တွန်းမိတိုက်မိ၍ နှီးကြိုးပြုတ်ပြီး ကွာကျသွားခဲ့သည်။

ကာထားသော ထရံကွာကျသွား၍ အိမ်ရှင်အမျိုးသားကြီးက အိပ်ရာကထ မကျေမနပ် ဖြစ်တော့၏။ ယခုကဲ့သို့ အိမ်ထရံ ပျက်သည်မှာ မိမိတို့မိသားစုအတွက် နိမိတ်မကောင်းသော ဖြစ်ရပ်ဟု စွပ်စွဲ သောင်းကျန်းတော့

www.burmeseclassic.com

www.burmeseclassic.com



၏။ ရဲဘော်တွေကလည်း ထိုစဉ်ကရှိသော တပ်မတော်မှုအရ ပြည်သူလူထုဘက်က အသာစီးရသည်ဆိုတာသိ၍ အိမ်ရှင်အမျိုးသားကို တိုးတိုးတိတ်တိတ် တောင်းပန်တိုးလျှိုးရှာပါသည်။ ရဲဘော်က သူ့တွင်ပါလာသော အသားဘူးကလေး စသည်ကို လက်ဆောင်ပေး၍ တောင်းပန်ရာက သို့သော် အိမ်ရှင်က တောင်းပန်လေ ပို၍ဆိုးလေ မကျေနပ်လေ ဖြစ်နေသည်။ သူတို့တစ်တွေ ပထမတော့ တိုးတိုးတိတ်တိတ်၊ နောက်တော့ ဆူဆူညံညံ ဒေါ်နှင့်မောနှင့် ပြောသံဆိုသံကို မနီးမဝေးရှိ လူကြီးအိမ်မှာ အိပ်နေသော ကျွန်တော်ကြားရပြီ။ ဘာဖြစ်တာလဲ သိချင်၍ "ဟေ့ ဘာဖြစ်တာလဲကွ" ဆိုပြီး ရဲဘော်တစ်ယောက်ကို သွားမေးခိုင်းရသည်။ လွှတ်လိုက်သော ရဲဘော်ပြန်လာတော့မှ သိရပြီ။ အိမ်ရှင်အမျိုးသားနှင့် ရဲဘော်တို့ ရန်ဖြစ် စကားများနေကြသတဲ့။ ပထမမှာ ရဲဘော်တွေက ချော့မော့ တောင်းပန်ပြီး ပြောပေမယ့် အိမ်ရှင်က လက်မခံသဖြင့် ယခုတော့ ရဲဘော်တွေက ဆွဲလား ရုန်းလား ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီဟု သိရသည်။ "ဟာ ဒီလိုဆိုရင်တော့ မဖြစ်သင့်ပါဘူး"ဟုဆိုပြီး ကျွန်တော်လည်း ထိုအိမ်သို့ ချက်ချင်းလိုက်သွားရ၏။

ဟိုအိမ်ကို ကျွန်တော်ရောက်သွာတော့ ငြိမ်သွား၏။ "ဘာဖြစ်တာလဲ"ဆိုတော့ စောစောကပြောသလို "အိမ်ထရံကွာကျသွားသည်ကို နတ်မကြိုက်ဘူး၊ ဒီကိစ္စ အိမ်သားတွေ ဒုက္ခရောက်ကြလိမ့်မယ်"ဟု အိမ်ရှင်က ပြော၏။ ကျွန်တော်က "ဟုတ်ပါပြီ၊ ဒါကလည်း မတော်တဆဖြစ်ရတဲ့ကိစ္စပါ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဒီထက်ကောင်းအောင် ပြင်ပေးပါ့မယ်၊ လုပ်ပေးပါ့မယ်" ဟု ပြောပြသည်။

**အိမ်ရှင်**။ "ဒီလောက်နဲ့ မကျေနပ်နိုင်ဘူး၊ လျော်ကြေးသဘောမျိုးပေးရမယ်"

**ကျွန်တော်**။ "ပေးမယ်၊ လျော်ကြေးပေးမယ်၊ ငွေဘယ်လောက်လျော်ပေးရမှာလဲ"

သည်တော့ အိမ်ရှင်က စကားတစ်မျိုး ပြောပြန်သည်။ "လျော်ကြေးအဖြစ် ငွေမလိုချင်ဘူး"ဟု ဆိုသည်။ သည်မှာပင် ကျွန်တော်က "ငွေမလိုချင်ရင် ဘာပေးရမှာလဲ၊ တို့မှာပါလာတာက ရမ်အရက်ပဲရှိတယ်၊ မင်းတို့နတ်က ကြိုက်မှာလား"



**အိမ်ရှင်**။ "ရတယ်၊ ငါတို့နတ်က အရက်ရရင် ကျေနပ်မှာပဲ"

သို့ဖြင့် ကျွန်တော်က ရဲဘော်ကို "ရမ်အရက် တစ်ပုလင်းပေးလိုက်ကွာ"ဟု ပြော၍ ရဲဘော်က ရမ်အရက်တစ်ပုလင်း ထုတ်ပေးသည်။ သို့သော် သူတို့ အိကောအမျိုးသားတစ်ဦးကို ရှာနတ်ဝင်ပူးပြီး "အရက်တစ်ပုလင်းနဲ့ မကျေနပ်နိုင်ဘူး"ဟု ခုန်၍ အော်ပြောနေသည်။

ထိုအချိန်မှာ ရဲဘော်တစ်ဦးက ကျွန်တော့်ကို လာပြောသည်။ "ဗိုလ်မှူး ဒီကိစ္စက သိပ်ပြီးမလွယ်ဘူး၊ နတ်ကို နတ်နဲ့တိုက်မှ ရမယ်ထင်တယ်"

**ကျွန်တော်**။ "မင်းဟာက ဟုတ်ပါ့မလားကွ၊ အဲဒီနတ်ကို ဘယ်လိုပင့်ရမှာလဲ"

**ရဲဘော်**။ "ဒီလိုလေး ဗိုလ်မှူး။ ကြည့်နေပါ၊ ကျွန်တော်နတ်ပူးမယ်၊ ပြီတော့မှ ဗမာနတ်နဲ့၊ အိကောနတ်နဲ့ စကားပြောမယ်" ကျွန်တော်လည်း မခက်အခဲ အကျပ်အတည်းတွင်းမှာ ကြံရာမရ ဖြစ်နေသဖြင့် "အေးကွ မင်းအစီအစဉ်ဖြစ်အောင်လုပ်"ဟု ပြောလိုက်ရသည်။

**ရဲဘော်တစ်ဦး**။ "မင်းတို့နတ်ကို ငါတို့ ဗိုလ်မှူးကပြောလို့ မရရင် ငါတို့ဗမာနတ်နဲ့ အိကောနတ် နတ်နဲ့နတ်ချင်း စကားပြောမလား"

အိမ်ရှင်အမျိုးသားက ပြောမယ်ဟု ဆို၏။

ဤတွင် စောစောကပြောသော ကျွန်တော့်ရဲဘော်က ဗမာနတ်ဝင်ပူးလာပုံလုပ်တော့သည်။

ဗမာရဲဘော်တွင် ဝင်ပူးသောနတ်က အိကောနတ်ထက် ကြမ်းတော့သည်။ ဗမာနတ်က နတ်ကလည်း အော်၊ ကြိမ်းမောင်းပြီး ဟိုကန် ဒီကန်နှင့် ကြိမ်းနေ၏။

**ဗမာနတ်**။ "တို့ဘက်က ရဲဘော်တွေက မသိလို့၊ ယခုလို ဖြစ်သွားတာ မင်းတို့ကို တောင်းပန်ပြီး ရမ်အရက် တစ်ပုလင်းပေးတာတောင် မကျေနပ်ဘူးလား"

ဗမာနတ်က ဆက်ပြောသည်။ "မင်းတို့မကျေနပ်သလို ငါတို့တွေကို ငါကနတ်အဖြစ် စောင့်ရှောက်နေတယ်၊ ငါလည်း မင်းတို့ကို မကျေနပ်ဘူး၊ မင်းတို့တစ်ရွာလုံး ဒုက္ခရောက်အောင် ငါလုပ်လိုက်ရမှာလား ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဗမာနတ်က သူတို့အီကောတိုင်းရင်းသားနတ်ထက် ကြမ်းပြသောအခါ အီကောအိမ်ရှင်အဘိုးကြီး အနည်းငယ်ကြောက်သွားဟန် မြင်ရသည်။

အိမ်ရှင်အဘိုးကြီးက “တော်ပါပြီ၊ ကျေနပ်ပါပြီ၊ နောက်ထပ်လျှော်ကြေး မယူတော့ပါဘူး၊ မတောင်းတော့ပါဘူး”

အီကောနတ်ဝင်သည်နှင့် ဗမာနတ်ဝင်သည်တို့မှာ တစ်ဦး အကဲကို တစ်ဦးက ကြည့်နေစဉ် ဗမာနတ်က “မဟုတ်ဘူး ပေးပြီးသား ရမ်အရက် တစ်ပုလင်းအပြင် နောက်ထပ်ရမ်ပုလင်းဝက်ပေးမယ်” ထိုအခါမှ အီကော နတ်ဝင်ပူးသူရော၊ အီကောအိမ်ရှင်ရော “ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကျေနပ်ပါပြီ၊ ကျေနပ်ပါပြီ”

ထိုအခါ အီကောနတ်ဝင်သည်လည်း နှုတ်က တဝါးဝါး သမ်းပြီး ထွက်သွား၏။ ဗမာရဲဘော်ကို ဝင်ပူးဟန်ဆောင်သော နတ်လည်း ထွက်သွားတော့သည်။ ထိုအခါတွင်မှ အီကောရွာသားများနှင့် ဗမာရဲဘော်တပ်သားတို့ ခင်ခင်မင်မင် ဖြစ်သွားပြီး လူစုခွဲ၍ အိပ်ရာဝင်ကြတော့သည်။

ထိုနေ့က အိပ်ရာပြန်ဝင်ကြပြီး နောက်တစ်နေ့ နံနက်ကျတော့ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြ၏။ ရိက္ခာသွားပို့ပြီးအပြန် ထိုလမ်းမှပင် ပြန်လာခဲ့ကြ၏။ အလာတုန်းက တစ်ညအိပ်ခဲ့သော ရွာမှာ ထိုနေရာတွင် မရှိတော့ပြီ။ ဘာကြောင့်မှန်းမသိ၊ ချက်ချင်းဆိုသလို အခြားတစ်နေရာပြောင်းသွားပြီ ဖြစ်ပေသည်။ ယခင်ရွာဟောင်းနေရာ၌ တိုင်ငုတ်များ၊ ကျင်းများ၊ အိမ်ဟောင်း အပျက်အစအနများသာ တွေ့ရတော့၏။ ကျွန်တော်လည်း ရုတ်တရက် ချက်ချင်း မည်သို့ အီကောအမျိုးသားတို့ ပြောင်းရွှေ့သွားသည့် အကြောင်းရင်းကို မရှင်းမရှင်း စိတ်ထဲတွင်ဖြစ်ခဲ့သည်။

တစ်ခုတော့ စဉ်းစားစရာမှာ သူတို့အီကောရွာသားတွေ ရွာပြောင်းရွှေ့ရန်ဆိုသည်က ဘာမျှခက်ခဲသည့်ကိစ္စမဟုတ်ပေ။ သစ်ကိုင်းခုတ် မြေကျင်းတူး၊ အပေါ်က အင်ဖက်မိုး အလွယ်တကူပင် ရွာဖြစ်သွားတော့သည်။ ထိုအခါ စိတ်မထင်လျှင် မထင်သလို ရွာလူကြီးသဘောကျ ရွာရွှေ့ရသည်မှာ ဘာမျှခက်ခဲပုံမရတော့ပေ။



နောက်တော့ ဘာလုပ်ရသလဲဆိုတော့ ကျွန်တော်တို့လမ်းခရီးမှာ နားခိုရသော ရွာလည်း မရှိတော့ပြီ။ ရိက္ခာသွားပို့ရသည့်ခရီးတွင် အစဉ်ဒုက္ခပေးနေသော လွိုင်ဆွမ်ဆင် တောင်သုံးလုံးမှ ရန်သူတရုတ်ဖြူတပ်များကို အပြတ်ရှင်းရတော့မည်။ ကျွန်တော်တို့ ရိက္ခာပို့သွားရာတွင် ဘယ်ကပေါ်လာမှန်းမသိသော တရုတ်ဖြူတပ်က တောင်ပေါ်က ဆင်းဆင်းပြီးတိုက်နေသည်ကို အမြစ်ဖြုတ်ရပေတော့အံ့။

ထိုအချိန်ကာလမှာ ခြေခင်းလက်ခင်းသာသော ဆောင်းတွင်းကြီး ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလဟု မှတ်မိနေသည်။ ဒီတစ်ချီမရလျှင် ရသည့်နည်းဖြင့် တက်၍တိုက်ရန် ဆုံးဖြတ်သည်။ ကျွန်တော်တို့တပ်က သုံးလက်မစိန်ပြောင်း ပစ်၍တက်သွားသောအခါ သည်တစ်ခါ မသက်သာတော့ဘူးဟု သိထားသော တရုတ်ဖြူတပ်သားတွေ အနည်းငယ်သာ ပစ်ခတ်တိုက်ခိုက်ခုခံပြီး ဆုတ်ခွာသွားကြတော့သည်။ တောင်သုံးလုံးက ပေ အတော်မြင့်တော့ တောင်ပေါ်ရောက်သည်အထိ အတော်ကလေး ပင်ပင်ပန်းပန်း တက်ရသည်။ သို့သော် ကျွန်တော်တို့ တပ်ခွဲတစ်ခွဲလုံး လူ ၁၀၀ ခန့် စိန်ပြောင်းသံ တအုန်းအုန်းထု၍ တက်လာသည်။ တရုတ်ဖြူတပ်သားတို့ မခံနိုင်တော့ဘဲ အလဲလဲအကွဲကွဲ ဆုတ်ပြေးကြလေတော့သည်။

သည်တော့ ကျွန်တော် ယခုလို စီမံရသည်။ “ငါတို့တပ်ဆုတ်ခွာသည်နှင့် ဒီကောင်တွေ တရုတ်ဖြူတွေ ဒီစခန်းကို ပြန်ရောက်လာကြတော့မှာ သေချာတယ်၊ ဒါကြောင့် တပ်စုတစ်စု လူ ၃၀ ဒီလွိုင်ဆွမ်ဆင်စခန်းမှာ နေခဲ့ကြ”

သည်လိုမှ မလုပ်လျှင်မဖြစ်။ နောက်တစ်ခါ ရိက္ခာသွားပို့လျှင် တရုတ်တွေ ပြန်ရောက်လာပြီး ဒုက္ခပေးနေကြဦးတော့မည်။

အမှန်က ဒီတောင်သုံးလုံးစခန်းမှာ တရုတ်ဖြူတွေ မူလက သိပ်များများ ရှိသည်မဟုတ်။ အားလုံးပေါင်းမှ လူနှစ်ဆယ်အစိတ်လောက်ပင် ရှိပါလိမ့်မည်။ အမှန်က လွယ်တူးမှာ ထုနှင့်ထည်နှင့်ရှိနေသော တရုတ်ဖြူတပ်၏ ရှေ့ပြေးကင်းအဖြစ် တောင်သုံးလုံးတွင် တပ်ချထားခြင်းဖြစ်ပေသည်။

ယင်းတပ်က ကျွန်တော်တို့၏ ရိက္ခာပို့တပ်ကို တောင်ပေါ်က ဆင်းတိုက်သဖြင့် မကြာခဏ ကျွန်တော်တို့ဘက်က ရဲဘော်တွေ အသက်ပေးနေရခြင်းဖြစ်သည်။ တစ်ခါတွင် ကြုံရသည်များကို ပြောပြချင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ကျွန်တော် မပါသွားသည့်အခေါက်၊ မှတ်မိသေးသည်။ ဗိုလ်ကြီးတင်လတ်တပ်ခွဲနှင့် ကြုံ၍ အကြီးအကျယ် တိုက်ပွဲဖြစ်နေသည်ဟု ကြားရသဖြင့် ကျွန်တော် လိုက်သွားသည်။ ဗိုလ်ကြီးတင်လတ်ဆိုသူမှာ လမ်းစဉ်ပါတီခေတ်က ပညာရေးဌာနကြီးမှူး ဗိုလ်မှူးကြီးတင်လတ်၊ ဦးတင်လတ် ဖြစ်သည်။ ဗိုလ်မှူးကြီးတင်လတ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မယားညီအစ်ကို တော်သည်။ ဗိုလ်သန်းရွှေဇနီးက ဒေါ်ကြိုင်ကြိုင်၊ ဗိုလ်တင်လတ်ဇနီးက ဒေါ်လှိုင်လှိုင်တို့မှာ ညီအစ်မအရင်းများ ဖြစ်ကြသည်။ ဒေါ်လှိုင် လှိုင်က ယခုရှိသေးသည်။ ဗိုလ်တင်လတ်မှာ ဆီးချိုရောဂါခံစားပြီး ဆုံးသွားရှာသည်။ ဆီးချိုရောဂါရပြီး နှလုံးရောဂါဝင်လာ၍ ကွယ်လွန်ခြင်းပင်။

ဗိုလ်ကြီးတင်လတ်တို့ တပ်ခွဲ အတိုက်ခံရပုံက သည်လို။ တစ်နေ့နံနက် ၃ နာရီမှာ အချက်ပြတပ်က တစ်ယောက် ကျွန်တော့်ကို လာနှိုးသည်။

"တပ်ရင်းမှူးကြီး ထပါဦး၊ ထပါဦး ဝါယာလက်လာနေတယ်"

သို့နှင့် ကျွန်တော် စက်ပေါ်တက်သွားတော့ "တပ်ရင်းမှူးကြီးလာပါဦး၊ စစ်ကူပို့ပါဦး ရန်သူက လှိုင်ဆမ်မှာဝိုင်းတိုက်နေတယ်" ဗိုလ်ကြီးတင်လတ်အသံ။

**ကျွန်တော်**။ "ဟေ့ ဒီလောက်အဝေးကြီး စစ်ကူကို ဘယ်လိုလုပ် အမြန်ပို့နိုင်မှာလဲ၊ မင်းခံချပေါ့ကွ" သို့သော် ကျွန်တော် တပ်ကူခေါ်၍လိုက်သွားသည်။ ဗိုလ်ကြီးတင်လတ်တို့တပ် အောင်ပွဲခံပြီး ပြန်လာ၍ လမ်းမှာဆုံကြသည်။ မိမိဘက်က ၃ ယောက်ကျဆုံးလာသည်။ ကျွန်တော်ရောက်သွားတော့ လမ်းမှာ ကျဆုံးသော ရဲဘော်အလောင်းများကို သက်ကယ်တွေ သစ်ရွက်တွေနှင့် ပတ်ပြီး ထမ်းချိုပိုးပြန်လာသည်နှင့် တိုးတော့သည်။ ကျဆုံးသော ရဲဘော်အလောင်းသုံးလောင်းကို မိုင်းဆတ်မှာ စစ်အခမ်းအနားနှင့် ကျကျနန အလေးပြု ဂုဏ်ပြုသင်္ဂြိုဟ်ခဲ့ကြသည်။ ဗိုလ်ကြီးတင်လတ်တို့ တိုက်ပွဲမှာ နောက်ဆုံးပင်။ နောက်တော့ ကျွန်တော်တို့တပ်ခွဲ လှိုင်ဆွမ်တောင်သုံးလုံး ဝင်တိုက်အောင်ပွဲခံ၍ ပြီးဆုံးခဲ့သည်။

စောစောက ပြောခဲ့သည်ကို ပြန်ကောက်ရလျှင် လှိုင်ဆမ်တောင်သုံးလုံးတွင် ကျွန်တော်တို့တပ်စုတစ်စု ၃၀ ခန့်ချထားပြီး ပြန်ခဲ့ကြ၏။ နောက်



ပိုင်းတွင် လှိုင်ဆွမ်ကို အခိုင်အမာစခန်းအဖြစ် ကျွန်တော်တို့ စီမံပြီး ရိက္ခာပို့စနစ်ကို ပြောင်းလိုက်သည်။ လှိုင်ဆွမ်စခန်းမှနေ၍သာ ရိက္ခာများပို့တော့သည်။ နောက်ပိုင်းတွင် မိုင်းဆတ်မှ လှိုင်ဆွမ်အထိ မော်တော်ကားလမ်းဖောက်လိုက်သည်။ မိုင်းဆတ်မှ လှိုင်ဆွမ်တောင်တက်ရမည့် လမ်းထိပ်အထိ ၂၀ မိုင်ခန့်ဝေးပေမည်။ တောင်ခြေက တတ်နိုင်သမျှနေရာအထိ ကားလမ်း ဖောက်လိုက်တော့ အဆင်ပြေသွားလေသည်။ Road Head ဆိုသော ရှေ့တန်းအခြေစခန်းကို တောင်သုံးလုံးတောင်ထိပ်မှာ ဖွင့်လိုက်တော့သည်။ အဲဒီစခန်းမှာ ရိက္ခာတွေပုံပြီး ရှေ့တန်းစခန်းကို ရိက္ခာခေါက်ပြန်ပို့နေ၍ အဆင်ပြေသွား၏။ ဘာအန္တရာယ်မျှမရှိ။

ယခုလို တပ်မတော်ရှေ့တန်း ရိက္ခာပို့ရေး အဆင်ပြေသွားသောအခါ ရပ်ရွာအေးချမ်းရေး ဖွံ့ဖြိုးရေးဘက်သို့ မျက်နှာမူရပြန်သည်။ ပြောရဦးမည်။ တိုင်းရင်းသားအီကောတို့ကား ထိုအချိန် ထိုအခါကပင် ဘုံလယ်ယာစနစ်ကို မိမိနည်း၊ မိမိဟန်ဖြင့် အားမာန်အပြည့်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြသည်။ သူတို့သည် မိမိတို့ ထွန်ယက်စိုက်ပျိုးနေသော လယ်မြေကွက်ကို မှတ်တမ်းမှတ်ရာမရှိ။ ဒီမြေကွက် ဒီတောင်ယာ ငါတို့တွင် ထွန်ယက်နေသည်ပဲဟု ကိုယ့်ဘာသာကို ကိုယ့်မြေကွက်ကို မှတ်သားထားသည်။ ဘယ်သူ့မြေကွက်ကိုမျှ ဘယ်သူက ကျူးကျော်စိုက်ပျိုးသည်ဟူ၍ မရှိ။

ပြီးတော့ လယ်ထွန်တော့လည်း နွားနှင့်မထွန်။ ကျွဲနှင့်ပင်ထွန်သည်။ ကျွဲကလည်း သီးသန့်၊ ငါ့ကျွဲ သူ့ကျွဲဆိုပြီး အစာကျွေး မွေးထားသည်မဟုတ်။ တောထဲ တောင်ထဲမှာ သွားလာနေသော ကျွဲတစ်ကောင်ကို ဖမ်းခေါ် နှုတ်မှာခြင်းစွပ် ကြိုးနှင့်ထွန်တုံးမှာတပ်၍ လယ်ထွန်ကြသည်။ ကျွဲတစ်ကောင်တည်းနှင့် လယ်ထွန်ပြီးလျှင် ကြိုးဖြည်ပေးပြီး ပြန်လွှတ်လိုက်သည်။ ကျွဲခမျာ သူ့ဘာသာသူ သွားချင်ရာသွား၊ စားချင်ရာစား။ သနားစရာပင်ကောင်းသေး၏။

ကျွဲတွေမှာ ပိုင်ရှင်မရှိ။ တန်ဖိုးလည်း မရှိ၊ သို့သော် ကျွန်တော်တို့ တပ်စခန်းချသောအခါ တပ်အတွက် ရိက္ခာလို၍ ကျွဲတစ်ကောင်ကို ဘယ်ရွေ့ဘယ်မျှပေးပြီး ဝယ်သည်ဆိုသောအခါမှသာ ကျွဲတွေ လိုက်ရှာဖမ်းသူ ပိုင်သည် ငါပိုင်သည်ဟု ဖြစ်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုင်းဆတ်မြို့ကား ဒယ်အိုးကြီးထဲတွင် မြို့တည်ထားခြင်းပင်။ ဘေးပတ်ပတ်လည်မှာ တောင်တွေချည်းရှိနေသည်။ မြေကွက်အကျယ်ကွင်းမြင့်ကြီး။ တောင်ပေါ်ကကျသော နုန်းမြေနှင့် နမ်းခုပ်ချောင်းက နုန်းမြေတို့မှာ အလွန်မြေသြဇာကောင်းလှ၍ ဘာစိုက်စိုက်ဖြစ်ထွန်းအောင်မြင်သည်ချည်းပင်။ စပါးကလည်း ကျွန်တော်တို့၏ အောက်ရပ်ဒေသလို ပျိုးထောင်ပြီး စိုက်ရန်မလို၊ စပါးစေ့ကြဲလိုက်သည်နှင့် ထွန်ယက်ထားသော မြေကွက်တွင် သီးနှံတွေဖြစ်ထွန်းသည်မှာ ဤစာအုပ်တစ်နေရာ၌ ဖော်ပြပါရှိသလို တစ်နှစ်စိုက်လျှင် ၂ နှစ်စားလောက်ချေသည်။

ထိုအချိန်တွင် မိုင်းဆတ်မြို့၌ တည်ထောင်ထားသော ပညာသင်ကျောင်းမှာ ဒုတိယတန်းပင် ဖွင့်လှစ်နိုင်ပြီဖြစ်လေသည်။ ကျောင်းအိပ်ကျောင်းစားထားသော ကျောင်းသားတွေလည်း အဆင်ပြေပြေ ဖြစ်နေကြပြီ။

❒

## အခန်း (၃၄)
## ယိုးဒယားသွား မြန်မာစစ်မစ်ရှင် ဗိုလ်ချုပ်အောင်ကြီး နှင့် ဗိုလ်ချုပ်ကျော်ဇော

ထိုအချိန်မှာ ၁၉၅၅ ခုနှစ်ဆန်းလေပြီ။ ထိုနှစ်ဆန်းကာလမှစ၍ စစ်ဆင်ရေး ပြင်ရတော့သည်။ ထိုအချိန်တွင် စစ်ဆင်ရေးတစ်ရပ်အတွက် လိုအပ်သမျှ အကုန် လုပ်ဆောင်ရသည်။ လေယာဉ်ပျံတွေ မကြာခဏပင် မိုင်းဆတ်လေယာဉ်တွင်းသို့ ဆင်းကြပြီ။ စစ်ဆင်ရေးအတွက် လိုအပ်လျက်ရှိသော လက်နက်ရိက္ခာ ဆေးဝါးမှအစ လေယာဉ်ပျံများက သယ်ယူပို့ဆောင် ပေးနေကြ၏။ ဗိုလ်ချုပ်ကျော်ဇောလည်း ရောက်လာသည်။ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းလည်း ရောက်လာသည်။ ဗိုလ်မှူးချုပ်အောင်ကြီးတို့လည်း ရောက်လာသည်။ သူတို့လာရောက်ပြီး ညွှန်ကြားစီစဉ်ပြောဆိုအပြီးတွင် ဘာလုပ်ရသည်လည်းဆိုတော့ တရုတ်ဖြူတပ်ကို မတိုက်မီ ယိုးဒယားအစိုးရ နယ်စပ်ဒေသမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံကာ အခြေအနေအရပ်ရပ်အတွက် ညှိနှိုင်းမှုပြုရပေသည်။ ထိုစဉ်က ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က အဖွဲ့ခေါင်းဆောင်က ဘယ်သူလဲဆိုတော့ သံအမတ်ကြီး ဦးဖေခင်ပါပဲ။ ပြီးတော့ ဗိုလ်မှူးချုပ်အောင်ကြီးလည်း ပါသေးသည်။ ဗိုလ်မှူးချုပ်ကျော်ဇောလည်းပါသည်။ ထို့ပြင် ဒေသခံ စစ်ရေးဖွဲ့စည်းရန် Brigade တပ်မဟာဖွဲ့လိုက်သည်ကိုး။ တပ်မဟာမှူး ဗိုလ်မှူးကြီး သန်းစိန်

www.burmeseclassic.com

www.burmeseclassic.com



(ဖက်တီးသန်းစိန်) လည်း ပါလေသည်။ တပ်မဟာတွင် သေနတ်ကိုင်တပ်ရင်း ၁၊ တပ်ရင်း ၂ ခြေလျင်တပ်ရင်း ၁၈၊ ခြေလျင်တပ်ရင်း ၂၃ တို့ ပါဝင်လေသည်။ အဲဒီ တပ်မဟာတံဆိပ်ကို ယနေ့ထက်ထိ တပ်မတော်တွင် အသုံးပြုဆဲ၊ အနီခံ ထင်းရှူးပင်တံဆိပ် ဖြစ်လေသည်။ တပ်မဟာ ၁ အဖြစ် ဖွဲ့စည်းခဲ့သော တပ်မဟာမှူး ဗိုလ်မှူးကြီးသန်းစိန်က မိုင်းတုံ မြို့မှာ စခန်းချသည်။

ထိုစဉ်က ဗိုလ်ချုပ်အောင်ကြီးနှင့် ဗိုလ်ချုပ်ကျော်ဇောတို့ မိုင်းဆတ် မြို့သို့ လေယာဉ်ဖြင့် ရောက်လာကြသည်။ ကျွန်တော်နှင့် ကျွန်တော့်ကိုယ် ရေးအရာရှိ၊ ထိုပြင် ဗိုလ်ကြီးထွန်းနောင်လည်း ပါသည်။ နောင်အခါတွင် ဗိုလ်မှူးကြီးထွန်းနောင်၊ ယခုသာသနာ့ဘောင်ဝင်၍ ဘုန်းကြီးဝတ်နေသည်မှာ အနှစ် ၂၀ ရှိပြီ။ သူက ဗိုလ်ချုပ်ကျော်ဇော၏ ကိုယ်ရေးအရာရှိဖြစ်သည်။ ဗိုလ်ကြီးထွန်းနောင်က ယိုးဒယားမှာ နှစ်အကြာကြီးနေဖူး၍ ယိုးဒယားစာနှင့် စကားပြောကျွမ်းကျင်သည်။ ထို့ကြောင့် ဗိုလ်ကြီးထွန်းနောင်က မြန်မာ-ယိုးဒယား ဆွေးနွေးပွဲတွင် အရေးပါသော ပုဂ္ဂိုလ် စကားပြန်ဖြစ်သည်။

ကျွန်တော်တို့ ယိုးဒယားသွားပုံသွားနည်းမှာ သည်လို။ မိုင်းဆတ်က မိုင်းတုံ၊ ပြီးတော့ ပုံပါကျင်၊ ဟိုဘက်ယိုးဒယားနယ် ချန်ဆေါင်၊ ချန်ဂရိုင်း ပြီးတော့ ချန်မိုင်း (ဇင်းမယ်) မြို့။ ကျွန်တော်တို့သွားသည့် လေယာဉ်ခရီးမှာ တစ်နာရီခွဲလောက်တော့ကြာမည်။ ဇင်းမယ်လေဆိပ်တွင် ယိုးဒယားစစ်တပ်က အရာရှိ၊ ဘုရင်ခံတွေ ကောင်းမွန်စွာ ကြိုဆိုဧည့်ခံကြသည်။ ကျွန် တော်တို့က စစ်မြေပြင်ကသွားသူဖြစ်တော့ ယူနီဖောင်းက ဘယ်သစ်သစ် လွင်လွင်ရှိမှာလဲ။ ယူနီဖောင်းက ခပ်နွမ်းနွမ်း။ ကျွန်တော်တို့ကို ကြိုဆိုသော ယိုးဒယား(ထိုင်း) အရာရှိတွေက ယူနီဖောင်းသစ်သစ်လွင်လွင် ခံ့ခံ့ညားညား တစ်ခါတည်း မင်းသားတွေကျနေတာပဲဟု ဆိုရမည်။ ထိုင်းတပ်ကို တွေ့ရပြီ။

ကျွန်တော်တို့ကို နေရာချထားတော့ လူကြီးတွေဖြစ်သော သံအမတ်ကြီး ဦးဖေခင်၊ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်မှူးကြီး သန်းစိန်တို့ကို ဧည့်ရိပ်သာမှာ ကောင်းမွန်စွာ ထားရှိသည်။ ကျွန်တော်တို့ကို



တော့ ကိုထွန်းနောင်ပါ အိမ်တစ်အိမ်မှာ နေရာချထားသည်။ အဲသည့် အိမ်ကြီးက ခံ့ညားလိုက်သည်မှာ နန်းတော်ဟုပင် ထင်ရသည်။ ကျွန်တော်တို့မှာ စစ်ဖိနပ်တွေ စီးထားသည်မို့၊ နန်းတော်ပုံစံအိမ်ကြီးကို ရုတ်တရက် ဝင်ရန် မဝံ့မရဲ ဖြစ်နေသည်။ ပြီးတော့ ကျွန်တော်တို့မှာ ခရီးဆောင်အိတ်တွေ၊ မြေပုံထည့်သောအိတ်တွေနှင့် ကိုယ်မှာတိုးလို့တွဲလောင်း ကြည့်ရှု၍ မကောင်း လှသည့်ပုံ။

ဟိုရောက်တော့ သူတို့က ကျွန်တော်တို့ကို ရှပ်အင်္ကျီလက်တိုနှင့် အဝတ်လဲဖို့ ပုဆိုးပေးသည်။ ဇင်းမယ်ပုဆိုး၊ ချည်လုံချည်ပင်။ ကျွန်တော်တို့ကို ဧည့်ခံသူတွေမှာ ထိုင်းရဲများပင်ဖြစ်သည်။ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးက အစ ထိုင်းရဲများကပင် ပြုစုဧည့်ခံသည်။ ကျွန်တော်တို့ ယူနီဖောင်းအဟောင်းတွေနှင့် ကြည့်မကောင်း ရှုမကောင်း၍ သူတို့က အဝတ် ပုဆိုး အင်္ကျီလဲဝတ်ရန် ထုတ်ပေးလေသည်။

ထိုနေ့ညက ညစာဖြင့် ဧည့်ခံသည့်အခါ ညစာစားသည့်ခန်းမကြီးမှာ အတော်ပင် ခံ့ညားလှသည်။ ဧည့်ခံကြိုဆိုသော ထိုင်းမိန်းမပျိုများမှာ အလှမယ်တွေကို ဖိတ်ခေါ်ထားသည်ထင်ပါ၏။ တော်တော်ချောမောလှပကြသည်။ ဘယ်သူက ဘယ်မြို့မယ်၊ ဘယ်အလှမယ်ဟုလည်း ပြောပြ၍ ညစာဧည့်ခံသည့် အိမ်ရှင်မှာ ဇင်းမယ်ဘုရင်ခံကိုယ်တိုင် ဖြစ်နေပေသည်။

ညစာစားပွဲ ကျင်းပသည့်အခါ စားပွဲထိပ်ကိုကြည့်လိုက်ရာ မြန်မာနိုင်ငံက ကယားပြည်နယ် ဥက္ကဋ္ဌ စောဝဏ္ဏ၏ ခန့်ညားသော ဓာတ်ပုံကြီးတစ်ပုံ ချိတ်ထားသည်ကို တွေ့ရသည်။ သို့ဖြင့် ညစာစားရင်းဖြင့် ကျွန်တော်က ''မြန်မာပြည်က စောဝဏ္ဏပုံ မဟုတ်ပါလား''ဟု မေးကြည့်သည်။

**ဘုရင်ခံ**။ ''ဟုတ်တယ်၊ အဲဒါ မင်းသားကြီး စောဝဏ္ဏပုံပဲ''

နောက်မှသိရသည်မှာ စောဝဏ္ဏသည် ထိုင်းဘုရင့်ဆွေတော်မျိုးတော်များနှင့် အဆက်အနွယ်ရှိသူဟုဆိုသည်။ စောဝဏ္ဏက ဇင်းမယ်သူ ထိုင်းအမျိုးသမီးနှင့် လက်ထပ်ပြီး ဆောက်ထားသည့်အိမ်ဟု ဆိုသည်။ ကျွန်တော်တို့ကို သည်မျှခံ့ညားသော နန်းတော်ကြီးအသွင် အိမ်တော်ကြီးမှာ တည်းခိုရန် ခွင့်ပြုထားခြင်းဖြစ်ပေသည်။ စောဝဏ္ဏက လွိုင်ကော် (ကယားပြည်နယ်) ဘက်ကထွက်သော ဝုလ်ဖရမ်းသတ္တုရောင်းဝယ်ရေး ကုမ္ပဏီဖွင့်ထားပြီး စီးပွားရေးလုပ် ချမ်းသာနေသူတည်း။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်က ဗိုလ်ချုပ်ကြီးနေဝင်းက ကယားပြည်နယ်ဥက္ကဋ္ဌ စောဝဏ္ဏ နှင့် ပတ်သက်၍ ဤသို့ပြောဖူးသည်ကို သတိရ၏။

"စောဝဏ္ဏက မွေးကတည်းက ရွှေဇွန်းကိုက်မွေးလာတဲ့လူကွ"တဲ့။

ထိုသို့ ညစာစားပွဲဖြင့် ဧည့်ခံပြီး နောက်တစ်နေ့တွင် ထိုင်း-မြန်မာ စစ်ရေးဆွေးနွေးပွဲ စတင်ကျင်းပလေသည်။ ကျွန်တော်တို့က မြန်မာပြည် အတွင်း ခြေကုပ်ယူထားသော တရုတ်ဖြူဌာနချုပ်ကို တိုက်မည့်အကြောင်း။ သို့သော် ဘယ်နေ့ ဘယ်ရက်တိုက်မည်ကိုကား မပြောဘဲထားရသည်။ ထိုင်းကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းသို့ တရုတ်ဖြူများ ကျူး ကျော်နေမှုအား မြန်မာတပ်မတော်က တိုက်ခိုက်မည်ကို သဘောတူသည်။

သို့သော် ကျွန်တော်တို့က ပြောသည်။ တရုတ်ဖြူစစ်ဌာနချုပ်မှာ ထိုင်း-မြန်မာနယ်စပ်နှင့် ကပ်နေသဖြင့် မြန်မာစစ်တပ်က ပစ်လွှတ်သော ကျည်ဆန်များသည် တရုတ်ဖြူဌာနချုပ်ကိုကျော်၍ ထိုင်းနယ်မြေထဲသို့ အနည်း အကျဉ်း ကျကောင်းကျနိုင်သည်။ ကျွန်တော်တို့တာဝန်က ကျူးကျော်သူ တရုတ်ဖြူများကို အပြီးအပိုင် မောင်းထုတ်ရန် တာဝန်ရှိနေသည်။

ထိုကိစ္စများကို နိုင်ငံရေးနှင့်ပတ်သက်ပြီး မြန်မာသံအမတ်ကြီး ဦး ဖေခင်က စတင်၍ ပြောပြဆွေးနွေးသည်။ စစ်ဆင်ရေးနှင့်ပတ်သက်သော ကိစ္စများကို ဗိုလ်ချုပ်အောင်ကြီး၊ ဗိုလ်ချုပ်ကျော်ဇောတို့က ဆွေးနွေးသည်။ ဗိုလ်ကြီးထွန်းနောင်က ထိုင်းနှင့်မြန်မာစကားနှစ်မျိုးလုံး ကျွမ်းကျင်စွာ ဘာ သာပြန်နိုင်သဖြင့် စကားပြောကြရသည်မှာ အဆင်ပြေလှ၏။ မှတ်မိသေး သည်။ တစ်ကြိမ်တွင် ဗိုလ်မှူးချုပ်ကျော်ဇောက စကားပြန် ဗိုလ်ကြီးထွန်း နောင်ကို ဤသို့မေး၏။

**ဗိုလ်ချုပ်ကျော်ဇော**။ "ဟေ့ ထွန်းနောင် ငါပြောတဲ့စကားလို မင်းထိုင်း ဘာသာပြန်ပြောတာ စကားလုံး အသုံးအနှုန်း ယဉ်ကျေးရဲ့လားကွာ"

**ဗိုလ်ကြီးထွန်းနောင်**။ "ဟာ ဗိုလ်ချုပ် ကျွန်တော် ထိုင်းနိုင်ငံမှာနေပြီး ပညာသင်ခဲ့တာ အတန်းတွေ အောင်ပြီးသားပါ၊ ကျွန်တော်ပြောရတဲ့ ထိုင်း စကား ယဉ်ကျေးတယ်ဆိုတာ ဗိုလ်ချုပ် စိတ်ချပါ"

နောက်ပိုင်းတွင် သံအမတ်ကြီးဦးဖေခင် ဗိုလ်မှူးချုပ်အောင်ကြီးတို့ က ထိုင်းစစ်ဗိုလ်ချုပ်တွေကို မေးကြည့်ပါသေးသည်။ "ဗိုလ်ကြီးထွန်းနောင်



ပြောသည့် ထိုင်းဘာသာစကား ယဉ်ကျေးပါရဲ့လား" ထိုင်းဗိုလ်ချုပ်တွေ ရဲ့ချုပ်တွေမှာ ပြုံးပြုံးရွှင်ရွှင် ခေါင်းတညိတ်ညိတ်၊ စကားပြန်ဗိုလ်ကြီးထွန်း နောင်ပြောသော ထိုင်းဘာသာစကားမှာ အလွန်ယဉ်ကျေးပါသည်ဟု ဆို သည်။ သည်လိုပြောသံကြားရလျှင် ဗိုလ်ချုပ်ကျော်ဇော ဝမ်းသာသွားလေ သည်။ ဗိုလ်ကြီးထွန်းနောင်မှာ ငယ်စဉ်ကာလက ထိုင်းနိုင်ငံတွင် ပညာသင် ကြားခဲ့၍ မြန်မာပြည်က နွားများကို ထိုင်းသို့ တင်သွင်းရောင်းချမှုသူဖြစ်ရ ထိုင်းဘာသာစကားကို အဆင့်အတန်း အမျိုးမျိုးခွဲခြား၍ ပြောတတ်သူဖြစ် လေသည်။ ဗိုလ်ကြီးထွန်းနောင်မှာ ယခုအခါ ရဟန်းဝတ်နှင့် ဗိုလ်မှူးကြီး ဦးလွင် NLD ဗနီး ကွယ်လွန်စဉ် တက်ရောက်လာပြီး ကျွန်တော့်ကို နှုတ်ဆက်သွားသေး၏။

ဗိုလ်မှူးကြီးလွင် ကွယ်လွန်စဉ်က ဘုန်းကြီးဝတ်ကြီးနှင့် ရောက် လာပြီး ငိုရှာသည်။ ကျွန်တော်နှင့် ဗိုလ်ကြီးထွန်းနောင် ဦးပဉ္စင်းဝတ်ကြီးနှင့် တွေ့တော့ "ဗိုလ်ချုပ်နေကောင်းလား" ဟုလာ၍ နှုတ်ဆက်ရှာသည်။ ကျွန်တော်က သူ့ကို "ဗိုလ်ချုပ်တွေ ဘာတွေ မခေါ်ပါနဲ့၊ ဘုန်းကြီးဘဝ ရောက်နေပြီ၊ ဒကာကြီးလို့ပဲ ခေါ်ပါ" ဟု လျှောက်ထားတော့ "မရဘူး လေ၊ စိတ်ထဲမှာ ဒီလိုပဲခေါ်ချင်တယ်၊ ဆရာသမားကို ဒီလိုပဲခေါ်ချင်တယ်၊ ဖျောက်လို့မရဘူး"ဟု ဘုန်းကြီးဦးထွန်းနောင်က ပြောရှာသည်။

ပြောရဦးမည်။ ထိုင်းနှင့်မြန်မာ ဆက်ဆံရေးစကား ပြောကြားကြ ရာတွင် အဆင်ပြေသော်လည်း တစ်နေရာတွင် အဖုအထစ် ဖြစ်ခဲ့သည်။ တစ်ချို့မှာ ဘာဖြစ်သည်လဲဆိုတော့ မြန်မာဘက်က ပစ်လိုက်သည့် ကျည်ဆန် အမြောက်ဆန်သည်၊ ထိုင်းနယ်မြေသို့ ကျချင်ကျရောက် နိုင်သည်။ ဟိုဘက် က ရန်သူကျည်ဆန်ကတော့ ထိုင်းဘက်ကို ကျရောက်စရာမရှိ။ ကျည်ဆန် တွေထဲမှာ အမြောက်ဆန်တွေလည်း ပါလာမည်ဆိုတော့ ထိုင်းစစ်ဘက် ကောလိပ်က အရာရှိတစ်ဦးက ဝင်ပြောလေသည်။ သူက ရုပ်ရည်သန့်သန့် ခန့်ခန့်ညားညားပင်။ သူက ထိုင်းစစ်ဘက်တွင် အကြံပေး အရာရှိတာဝန်။ သူက ဤသို့ပြောလေသည်။

"မြန်မာစစ်တပ်က ကျည်ဆန်တွေ ထိုင်းနိုင်ငံနယ်မြေထဲသို့ တစ် တောင့်မျှ မကျစေရဘူး"ဟု မာမာထန်ထန်ပြောတော့၏။ သူက သည်လို

www.burmeseclassic.com

www.burmeseclassic.com



ပြောသောအခါ ကျွန်တော့်စိတ်ထဲ ထောင်းခနဲဖြစ်သွားပြီ။ ထို့ကြောင့် "ဟာ ကျည်ဆန်ဆိုတာ မျက်စိမပါဘူး" ကျွန်တော်က ဆက်ပြောပါသည်။ ကျွန်တော်တို့တပ်က တမင်တကာ ထိုင်းနယ်မြေထဲကို ချိန်ပြီး ပစ်ခတ်သည် မဟုတ်၊ မတော်တဆ ကျရောက်နိုင်ခြင်းကိုသာ ပြောသည်ဟု ထပ်ပြောလိုက်သည်။

သည်မှာပင် ကျွန်တော်နှင့် ထိုင်းစစ်အရာရှိတို့ အချေအတင် စကားစစ်ထိုးသလိုဖြစ်တော့သည်။ သူကလည်း တင်းခံနေသည်။ မြန်မာပြည်က ကျည်ဆန်တွေ မိမိတို့နယ်မြေထဲ လုံးဝ မကျစေရဘူးဟု ပြောနေလေသည်။

သို့သော် သူက စစ်တပ်ကအရာရှိ၊ ကျန်သောအဖွဲ့ဝင်တွေကား ရဲတပ်ဖွဲ့မှူးကြီးများ ဖြစ်သည်ကိုး။ ရဲက စစ်တပ်ကိုကျော်လွန်၍ ဘာမျှမပြောရဲချေ။

ထိုင်းအဖွဲ့ကိုခေါင်းဆောင်နေသူမှာ ယခုအခါ ထိုင်းနိုင်ငံက အော်လ်တာနေးတစ်ဗ် အာဆီယံအဖွဲ့ Alternative ASEAN ခေါင်းဆောင်ဖြစ်နေသော ချတ်ထိုင်း၏ဖခင် ဖြစ်သည်။ ချတ်ချိုင်း၏ဖခင်က ထိုင်းစစ်ဘက်ဆိုင်ရာအဖွဲ့တွင် ခေါင်းဆောင်ပင်။ သူက ထိုင်းရဲတပ်ဖွဲ့က မာရှယ်ဗိုလ်ချုပ်ချတ်ချိုင်း။ သူက စစ်ဘက် အကြံပေးအရာရှိကို "မင်းသိပ်စကားမပြောနဲ့ကွာ၊ ဒီကိစ္စ ငါကြည့်စီစဉ်မယ်" ဟု ပြောလိုက်လေသည်။

မာရှယ်ရဲဗိုလ်ချုပ်ချတ်ချိုင်းမှာ ရဲတပ်မှဖြစ်သော်လည်း စစ်တပ်က ပြောင်းလာသူဖြစ်ပြီး ရာထူးကလည်း မာရှယ်ရဲဗိုလ်ချုပ်ဖြစ်နေ၍ ကျွန်တော်နှင့်စကား အချေအတင်ပြောရသော စစ်တပ် အကြံပေးအရာရှိ၊ ဘာမျှဆက်မပြောဝံ့ပြီ။ ငြိမ်သွားလေ၏။

မာရှယ်ချတ်ချိုင်းက ဆက်ပြောသည်။ "ဒီလိုလုပ်လေ၊ ထိုင်းမြေထဲကို ကျည်ဆန်ရောက်ခဲ့လျှင် မှတ်ထားမယ်။ ထိုင်းအရပ်သားတို့ကို ထိပါးမှုရှိရင်လည်း လျော်ကြေးငွေကို ထိုင်းဘက်ကပဲ ပေးမယ်။ သို့သော်တစ်ခုကို သတိပြုရမှာက ရန်သူဆုတ်ခွာပြေးလို့ မြန်မာတပ်က လိုက်တိုက်ရင် ထိုင်းနယ်မြေကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ သုံးမိုင်ထက် ပိုပြီး ဝင်တိုက်ခွင့်မရှိဘူး"

မာရှယ်ရဲဗိုလ်ချုပ်ချတ်ချိုင်းမှာ သဘောထားပြည့်ဝပြီး လူကြီးဆန်သည်။ သူပြောသော ထိုင်းနယ်မြေသို့ ၃ မိုင်ထက်ပိုပြီး ရန်သူကို မတိုက်



ရဆိုသည်မှာလည်း အမှန်ပင် အပြည်ပြည်ဆိုင်ရာ ဥပဒေဖြစ်လေသည်။ နောက်ဆုံး သဘောတူညီချက်တစ်ရပ်က ထိုင်းနှင့်မြန်မာ စစ်တပ်အရာရှိကြီးများ အဖွဲ့တစ်ဖွဲ့စီ သူ့ဘက်ကိုယ့်ဘက် တာဝန်ခွဲဝေချထားစောင့်ကြည့်မည်။

ဤကိစ္စအတွက် ထိုင်းဘက်က နှစ်နိုင်ငံချစ်ကြည်ရေး သိပ်လိုချင်နေသဖြင့် လိုက်လျောမှုတွေ ပေးခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာ့တပ်မတော်မှ တရားသဖြင့် ပစ်ခတ်ခြင်း ပြု-မပြုကို ထိုင်းစစ်ဗိုလ်မှူးကာနယ်ဘွန်ချစ်၊ မေဂျာအမ္ဗိုင်းနှင့်အဖွဲ့က မြန်မာ့နယ်မြေအတွင်း လာရောက်၍ စောင့်ကြပ်ကြည့်ရှုမည်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ဗိုလ်မှူးကြီးဘနီနှင့်အဖွဲ့ ထိုင်းနယ်မြေထဲသို့သွား၍ စောင့်ကြပ်ကြည့်ရှုမည်။ ထိုင်းနယ်မြေထဲသို့ မြန်မာစစ်တပ်က ပစ်လွှတ်သော လက်နက်ကြီး အမြောက်ကျည်ဆန်ကျရောက်သလား၊ ကျရောက်လျှင် ဘယ်နှလုံးကျသည်လဲ။ ကျည်ဆန်ကြီးတွေက ထိုင်းပြည်သူတွေကို ထိခိုက်ရှနာမှု ဖြစ်ခဲ့သလား၊ မဖြစ်ဘူးလား။

သည်ကိစ္စတွေ သုံးရက်ခန့် ဆွေးနွေးညှိနှိုင်း စာချုပ်စာတမ်းတွေ ရိုက် လက်မှတ်ထိုးကြပြီးလျှင် ၃ ရက်ကြာတော့ ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ အသွားတုန်းက ခရီးအတိုင်းလေယာဉ်နှင့် ပြန်လာခဲ့ကြသည်။ ဗိုလ်ချုပ်ကျော်ဇောတို့ ဗိုလ်ချုပ်အောင်ကြီးတို့က ရန်ကုန်သို့ ပြန်သွားကြပြီး ကျွန်တော်တို့က တရုတ်ဖြူများနှင့် နောက်ဆုံးတိုက်ပွဲအတွက် တိုက်ဖို့ပြင်ဆင်ကြရတော့သည်။

ကျွန်တော်တို့တိုက်မည့် အစီအစဉ်ကို ရေးတန်တာရေး၊ တပ်တွေ နေရာပေးတန်ပေး ကျည်ဆန်ရိက္ခာနှင့် ဆေးဝါးထောက်ပို့ပစ္စည်းတွေ ဖြည့်တန်တာဖြည့် စသည်ဖြင့် စီစဉ်ကြရပေသည်။

မကြာမီပင် ကျွန်တော်တို့တပ်ရင်းသည် တရုတ်ဖြူစခန်းဌာနချုပ်ရှိရာသို့ တစ်ရှိန်ထိုးပင် တိုက်ခိုက်ကြရတော့သည်။ ဤတွင် ပြဿနာတစ်ခုဖြစ်လာသည်က ဘီကုမ္ပဏီတပ်ခွဲ ၂ တပ်ခွဲမှူး ဗိုလ်ကြီးခင်ငြိမ်းက ဝိုင်ယာလက်စက်ပေါ်မှ ပြောသည်။ "တရုတ်တပ်က မိမိတပ်ခွဲကို ဖိတိုက်နေသဖြင့် အမြန်လာကူပါ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျွန်တော် ရုတ်တရက် ဒေါသထွက်သွားသည်။ ဝိုင်ယာလက်စက်ပေါ်မှပင် ဗိုလ်ခင်ငြိမ်းကို ဆဲလိုက်မိသေးသည်။ "မင်းတာဝန်နဲ့ မင်းတိုက်ပါလားကွ၊ ငါတို့လည်း ငါတို့ဘက်မှာ အသေအလဲတိုက်နေရတာပဲ"

သို့သော် နောက်ဆုံးတော့ လှိုင်ကူးမှ တရုတ်ဖြူတပ်များ ဆုတ်ခွာထွက်ပြေးကြသဖြင့် ဗိုလ်ခင်ငြိမ်းတပ် အောင်ပွဲရလိုက်သည်။ ကျွန်တော်တို့၏ တရုတ်ဖြူဒွာနချုပ်ကို ဖြိုချသော တိုက်ပွဲမှာ အောင်ခဲ့လေပြီ။

ဤတွင် တရုတ်ဖြူတိုက်ပွဲ အောင်မြင်ပြီးနောက် ဒေသအုပ်ချုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်ရလေသည်။ ပြောရဦးမည်။ တိုင်းရင်းသားတွေ ထိုစဉ်ကသုံးသော လှည်းများမှာ ကျွန်တော်တို့ မြန်မာလှည်းတွေလို လှည်းဘီးမှာ ဒေါက်တံမပါ။ လှည်းဘီးတစ်ဘီးလုံးကို သစ်သားအပြည့်ပါသော လှည်းဘီးဝိုင်းကြီးများဖြစ်သည်။ နွားကလည်း ဗမာလှည်းတွေလို နှစ်ကောင်ဆွဲမဟုတ်။ တစ်ကောင်တည်းသာဆွဲသော နွားလှည်းပင်။ ထို့ကြောင့် ရှမ်းလှည်းတွေကို ဗမာလှည်းတွေနှင့်တူအောင် ဒေါက်များပါသော လှည်းဘီးများ မှာယူပေးရသည်။ ထို့ပြင် ပုဂံမြို့က လှည်းယာဉ်တစ်စီးကို မှာယူပြီး စီးပြရာ အလွန်သဘောကျကြသည်။ သူတို့ ရှမ်းတိုင်းရင်းသားတွေ လယ်ထွန်ရာမှာလည်း နွားတစ်ကောင်တည်း ထွန်တာ ဇရီးမတွင်ဘူး။ နှစ်ကောင်ထွန်မှ ကောင်းမည်ဟု သင်ပေးရသည်။

သည်တွင် ကျွန်တော်က သစ်ပင်တစ်ပင်ကို ကျွဲနှစ်ကောင်တပ်သော ထွန်ဖြင့်ပတ်၍ လယ်ထွန်နည်းသင်ပေးသည်။ ကျွဲနှစ်ကောင်သည် သစ်ပင်ကိုပတ်လျက် ထွန်ရေးငင်နေသည်။ ထိုအခါ တိုင်းရင်းသား ရှမ်းအမျိုးသားကြီးတို့သည် ဘေးကထိုင်ကြည့်ပြီး ငိုနေကြသည်။ "ဘာဖြစ်လို့ ငိုတာလဲ" ဟု မေးသောအခါ ကျွဲတွေ ပင်ပန်းနေသည်ကိုမြင်ပြီး သနားပါသတဲ့။ တစ်ကြိမ်ထဲ ကျွဲနှစ်ကောင် ဒုက္ခရောက်ရတာ မကြည့်ရက်ဘူး။ တစ်ကောင်ဆိုတော်ရောပေါ့"ဟုပြော၍ မျက်ရည်သုတ်ကြရာသည်။ ရှမ်းအမျိုးသမီးကြီးတွေကလည်း "အို သနားပါတယ်ရှင် နှစ်ကောင်တော့ မခိုင်းပါနဲ့"ဟု တားကြရှာသည်။

❐

# အခန်း (၃၅)
# ဒေါင်းဖိုမ မောင်နှံကိုပစ်မိပြီး သေကံမရောက် သက်မပျောက်ခဲ့သည့် တိုက်ပွဲမှာ ဒဏ်ရာရခြင်း

ထိုအတွင်း ထူးခြားသော ဖြစ်စဉ်တစ်ခုမှာ ကျွန်တော် တပ်တာဝန်နှင့် ခရီးသွားရင်း သေလောက်အောင် ဒဏ်ရာရခြင်းပင်ဖြစ်သည်။ ထိုစဉ်က ကျွန်တော့် ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်ပြီး စိတ်ထဲတွင် အဆင်မပြေတာကလေးတွေ ကြုံနေရသည်။ မိုင်းဆတ်က လေယာဉ်ဖြင့် ထွက်လာပြီး နမ့်ဆမ်ကိုဆင်းသည်။ နမ့်ဆမ်ကနေ လှိုင်လင်ကိုသွားရသည်။ လှိုင်လင်မှာ တပ်ကို ဖွဲ့စည်းနေချိန်ဖြစ်သည်။ လှိုင်လင်ရောက်တော့ နံနက်ပိုင်း ညနေပိုင်းမှာ စိတ်က လွင့်ပျံနေသည်။ ထို့ကြောင့် တောလိုက်ပြီး ယုန်ပစ်ထွက်၊ ငှက်ပစ်ထွက်လေ့ရှိသည်။ ထိုသို့ တောလိုက်ထွက်ရင်း တစ်နေ့တွင် ဒေါင်းနှစ်ကောင်ကို ပစ်လိုက်မိသည်။ ထိုနေ့က ကျွန်တော် တောလိုက်ထွက်စဉ် နှစ်လုံးပြူးသေနတ်နှင့် ကာဘိုင်သေနတ်တစ်လက် လွယ်လာသည်။ လှိုင်လင်နှင့် မိုင်းပွန်ကြားမှာ ဆန်အိတ်တင်ကားတွေက လမ်းပေါ်မှာ လွင့်စဉ်ကျထားသော ဆန်စေ့များကို လာစားနေသည့် ဒေါင်းနှစ်ကောင်ကို တွေ့လိုက်သည်။ ဒေါင်းကလေးတွေက နံနက် နေရောင်ထွက်လာသည်နှင့် အစာလာစားခြင်း လမ်းပေါ်က ဆန်ကို စားကြသည်။

တောလိုက်ဖို့ ကားမောင်းပြီး ထွက်လာစဉ် တောကြက်ဟုထင်ပြီး ကားရပ်၍ ပစ်ဖို့ပြင်သည်။ သို့သော် ထိုသို့ပစ်မည်ပြုစဉ်မှာ ဒေါင်းနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



မှန်းသိလိုက်ပြီ။ သို့သော် ကျွန်တော်နောက်ဆုတ်ရန် မစဉ်းစား။ နှစ်လုံးပြူး သေနတ်မှ ခလုတ်ကိုဆွဲပြီး ဒေါင်းနှစ်ကောင်ကို ပစ်လိုက်သည်။ ဒေါင်းဖို၊ ဒေါင်းမနှစ်ကောင်ရလိုက်ပြီ။ ဤတွင် ကျွန်တော်လည်း ဒေါင်းသေနှစ်ကောင်ကို ကားပေါ်တင်ပြီး တပ်သို့ပြန်လာသည်။

တပ်ထဲရောက်တော့ ကျွန်တော့်အရာရှိတွေက ကျွန်တော့်ကို ဝိုင်းပြီး အပြစ်တင်ကြ ဆူကြ ပြောကြတော့သည်။ "ဗိုလ်မှူးရယ် ခင်ဗျားနှယ် ဒေါင်းကိုမှ ပစ်ရသလားဗျာ၊ ဒေါင်းဆိုတာ မြန်မာနိုင်ငံတော်ရဲ့ အမျိုးသား အထိမ်းအမှတ်တံဆိပ်ဗျ၊ ဒုက္ခပါပဲ ဗိုလ်မှူးလုပ်ရပ်ကတော့ အမှားကြီး မှားပြီ"

အမှန်ကတော့ ဒေါင်းဖိုနှင့်ဒေါင်းမကို မစဉ်းမစား မှားယွင်းပစ်ခတ်မိချိန်မှာ ကျွန်တော့်စိတ်က လေလွင့်နေချိန်ဖြစ်သည်။ ကျွန်တော့်ငယ်ချစ် အမျိုးသမီးကို မကြာမီ လက်ထပ်ပါမည်ဟု ကတိကဝတ် ပြုထားပြီးကာမှ ကျွန်တော်က တရုတ်ဖြူတွေကို ၂ နှစ်ဆက်တိုက် စစ်တိုက်နေရသဖြင့် သူ့အပေါ်ထားခဲ့သော ချစ်ကတိ ချွတ်ယွင်းနေသလို ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော့်ချစ်သူက ကျွန်တော့်အပေါ် စိတ်ခုပြီး ချစ်သူအသစ်နှင့် အိမ်ထောင်ပြုသွားခဲ့သည်။ ဒီအကြောင်း ဖော်ပြထားသည့်စာကို သူ့ညီမက ကျွန်တော့်ထံ ရေးလိုက်သဖြင့် ကျွန်တော် ဒေါသထွက်ချော့သည်။ ထိုကိစ္စအတွက် ကျွန်တော့်စိတ်တွင် တအုံနွေးနွေး ခံစားနေရသည့်အခိုက် မိုက်မဲသော လုပ်ရပ်တစ်ခု ကျွန်တော်ပြုမိမှားပါပြီ။

မြန်မာအမျိုးသားတံဆိပ် မင်္ဂလာပုံရိပ် ဒေါင်းငှက်မောင်နှံကို အသေပစ်ခဲ့မိပါပြီကော။ ကျွန်တော် စိတ်မကောင်းဖြစ်လှသဖြင့် ပစ်လာသော ဒေါင်းငှက်သား မစားတော့ဘဲ မြေကျင်းတူး၍ မြှုပ်လိုက်လေသည်။

နောက်တစ်နေ့တွင် လွိုင်လင်မှ တောင်ကြီးသို့ ကျွန်တော်ကားဖြင့် ထွက်ခဲ့သည်။ ကျွန်တော့်ထံတွင် အမှုထမ်းတွေ လခပေးရန် ငွေကျပ်တစ်သိန်းနှင့် အဆောက်အအုံ ဆောက်လုပ်ရန် ငွေကျပ်တစ်သိန်းပါလာသည်။ ထိုနေ့က တောင်ကြီးကို ဂျစ်ကားဖြင့် ထွက်ခဲ့ရာ မိုင်းပွန်မြို့ကိုလွန်သွားသည်။ ကားထဲတွင် ကျွန်တော်နှင့် ကားမောင်းသူရဲဘော်၊ ပြီးတော့ ဗိုလ်ကြီးသန်းအောင်၊ တောင်ကြီးမြို့က ဆယ်တန်းလာဖြေသော ကျောင်းသားနှစ်ဦးပါလာ



သည်။ မိုင်းပွန်မြို့အလွန် တောင်ကုန်းကွေ့ကလေးမှာ ကျွန်တော့်ဂျစ်ကားကို ချုံခိုတိုက်ခိုက်တော့သည်။ ကျွန်တော့်ကို ချုံခိုတိုက်ခိုက်သော သောင်းကျန်းသူတပ်ဖွဲ့မှာ ကယားပြည်နယ်ရောက် ဗိုလ်တာကလပ်တို့အဖွဲ့ဖြစ်သည်။ ကရင် လက်နက်ကိုင်တပ်ဖွဲ့နှင့် အဆက်အသွယ်ရှိသူတို့ပင်။ မကြာမီက ဦးတာကလပ် ကွယ်လွန်၍ ကျွန်တော့်ကိုပင် သူ့မိန်းမက အသုဘရှုဖိတ်ကြား သေးသည်။ ဒီဘက်ပိုင်းကျတော့ ဦးတာကလပ်နှင့် ကျွန်တော်တို့မှာ မဟာမိတ် ဖြစ်သွားကြပြီ။ နောက်ပိုင်းဆိုတာက သူတို့ အပစ်ရပ်အဖွဲ့ဖြစ်ပြီး ဦးတာမော်စီတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဝင်လာလေသည်။ ကယားပြည်နယ်တွင် ဦးတာကလပ်က NLD အဖွဲ့ဝင်ရောက်ပြီး ထင်ထင်ရှားရှားပင် မြေပေါ်နိုင်ငံရေး လုပ်လာခဲ့သည်။

ကျွန်တော် ချုံခိုတိုက်ခိုက်ခံရသောကိစ္စ ပြန်ပြောရဦးမည်။ ကယား၊ ကရင် သူပုန်အဖွဲ့ ဦးတာမော်စီ၏ တပည့်လက်နက်ကိုင်တပ်ဖွဲ့သည် ရှေ့က မောင်းလာသော ကျွန်တော့်ဂျစ်ကားကို မောင်းပြန်သေနတ်များဖြင့် ထပ်မနားပစ်တော့သည်။ ပစ်ပြီဆိုသည်နှင့် ကားဘီးကို သေနတ်မှန်ပြီး ဂျစ်ကား ရပ်သွားသည်။ ကျွန်တော်သည် သတိရှိစွာဖြင့် ဂျစ်ကားပေါ်က ခုန်ဆင်းလိုက်သည်။ ကျွန်တော့်လက်ထဲတွင် ကာဘိုင်သေနတ်ပါလာသည်။ ရန်သူက တရစပ် ပစ်နေပြီး ထိမှန်သူတွေ ထိမှန်၍ ကားပေါ်မှာ လဲနေကြပြီ။ သည်အချိန်မှာ ဂျစ်ကားကိုယ်ထည်ကို အကာအကွယ်ယူ၍ လှမ်းကြည့်လိုက်တော့။ ကျွန်တော့်ကားကို ပစ်နေသည်မှာ ကုန်းကမူစောင်းကလေး အကွယ်မှဖြစ်သည်။ ကားပေါ်တွင် ဗိုလ်ကြီးသန်းအောင်က ကျောမှာဒဏ်ရာရပြီး လဲနေသည်။ ၁၀ တန်းဖြေပြီး တောင်ကြီးမြို့သို့ ကားကြုံစီးသော ကျောင်းသားနှစ်ဦးအနက် တစ်ဦးမှာ ကျည်ဆန်ထိမှန်ပြီး သေရှာပြီ။ ကားမောင်းသူ တပ်ကြပ်ရဲဘော်သက်ရှည်မှာ မျက်နှာတွင် ကျည်ဆန်ထိထားသည်။ ထိုစဉ်က ကျွန်တော် ဘာမှမဖြစ်သေး။ ကျွန်တော့်လက်မှာ ကျည်ဆန်ရှုပ်ထိထားသော ဒဏ်ရာကလေးတစ်ခုသာ ရှိသည်။ ကျွန်တော်ကား ပေါ်က ဆင်းပြေးလာပြီးတော့ တစ်ခုစိုးရိမ်သွားသည်။ ကျွန်တော့်သော့ကိုင် အိတ်က ကားပေါ်က ကျန်နေသည်။ အိတ်ထဲမှာ ငွေကျပ်နှစ်သိန်းပါသည်။ ထို့ပြင် စီမံကိန်းစာရွက်တွေလည်း ပါသေးသည်။ ဒီနှစ်ခုကတော့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့်မျှ ရန်သူ့လက် အပါမခံနိုင်ပြီ။ ထို့ကြောင့် ကျွန်တော်ကားပေါ်က ခုန်ဆင်းထွက်လာပြီးမှ ပြန်လည်ပစ်ခတ်လျက် ကားအနီးရောက်သွားသည်။ ကားပေါ်က သားရေအိတ်ကို ဆွဲယူနေစဉ် ရန်သူကနောက်မှ တရစပ် ပစ်ခတ်နေတော့ ကျွန်တော့်တင်ပါးကို ကျည်ဆန်ထိမှန်သွားတော့သည်။ သည်မှာ ကျွန်တော် ကျည်ထိပြီး မှောက်ရက်လဲသွားသည်။ ရန်သူက ထပ်ပစ်သည်။ နောက်တစ်ချက် ပြီးတော့၊ နောက်တစ်ချက်၊ နှစ်ချက်ထပ်မှန်ပြန်သည်။ ကျွန်တော့် တင်ပါးတစ်နေရာထဲမှာ ၃ ချက် ထိမှန်တော့သည်။ ကျွန်တော်ခြေထောက် မလှမ်းနိုင်၍ တင်ပါး တရွတ်ဆွဲ၍ ပြေးရန်ကြံနေစဉ် ရန်သူက "လက်နက်ချ လက်နက်ချ"ဟု ကုန်းအော်နေသည်။

ကျွန်တော့်အတွက် အခက်အခဲပင်။ လက်နက်ချလိုက်လျှင် ရန်သူက ကျွန်တော့်ကို အရှင်ထားမည်မဟုတ်။ မုချသတ်လိမ့်မည်။ သည်တော့ ရန်သူ၏ အသတ်တော့မခံနိုင်။ အတတ်နိုင်ဆုံး ရုန်းကန်ရန် ကြံစည်ရလေ၏။ ကျွန်တော်က "သေနတ်လာယူ"ဟု အော်လိုက်သည်။ သူတို့က သေနတ်ကိုယူရန် မြောင်းဘောင်ပေါ်မှ ဆင်းလာစဉ် ကျွန်တော်က ကာဘိုင် သေနတ်ကို မောင်းထိုးပြီး ပစ်ချလိုက်သည်။ "ဒိုင်း ဒိုင်း..."

ထိုအခါ ရန်သူက "ဟာ ပစ်တယ်၊ ပစ်တယ်" ဟု အော်ပြီး နောက်ဆုတ်ပြေးတော့သည်။ သူတို့လည်း ချုံခိုတိုက်သည့်နေရာ ပြန်ပုန်းကွယ်ဝင်သွားစဉ် ကျွန်တော်လည်း တင်ပါးဒဏ်ရာကြီးနှင့်ပင် အားတင်းပြီး တရွတ်ဆွဲကာ တစ်ဖက်တောင်ကြောသို့ အားကုန်ရှောင်တိမ်းရသည်။ တောင်စောင်းပေါ်ရောက်သွားတော့။ ထင်းရှူးပင်ကြီး အကြီးကြီး၏ လိုဏ်ခေါင်းကို တွေ့သည်။ ထင်းရှူးပင်ကြီးကတော့ အတွင်းက အသားများကို မီးမွှေး ထင်းလုပ်ရန် ခုတ်ခွာထားသောကြောင့် သစ်ခေါင်းဖြစ်နေရာ ထင်းရှူးပင်၏ အခေါင်းထဲက အထက်ဆင့်သို့ ကျွန်တော့်ကိုယ်ကို တက်လိုက်ရာ တစ်ကိုယ်စာ လုံခြုံနေပေသည်။

ထိုအချိန်တွင် ရန်သူက တောင်ကွယ်မှထွက်လာပြီး ကားနားရောက်စဉ် "ဒီနားမှာ ပျောက်သွားတယ်၊ ဒီနားမှာ ပျောက်သွားတယ်"ဟု အချင်းချင်း အော်ပြောနေကြသည်။ ထိုစဉ်မှာပင် ကျွန်တော် ကံကောင်းသွားပြီ။ နောက်က လိုက်လာသော အစောင့်ကားက မီလာလေပြီ။ အစောင့်ကားက ၃ တန်ကား၊ ကျွန်တော့်ကားက ဂျစ်၊ သည်တော့ ဂျစ်ကားက အမြန်မောင်း



လာမိသည်ကိုး။ သူတို့က သေနတ်ပစ်သံကြား၍ အပြင်းမောင်းလိုက်လာသည်။ ကျွန်တော့်ဂျစ်ကားနားတွင် ရန်သူလူစိမ်းကို တွေ့ရသောအခါ ကားကို ရပ်ပြီး တပ်သားတွေ ခုန်ဆင်းလာကာ "ရန်သူ၊ ရန်သူတိုက်"ဟု အော်ပြီး သေနတ်သံများ တရစပ် ကြားရတော့၏။ ရန်သူတွေလည်း ထိုအချိန်ကျမှ ပင် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးတော့၏။

ထိုအခါမှ ရဲဘော်တွေက ကျွန်တော်ပျောက်နေသည်ကို သိသွားပြီး "တပ်ရင်းမှူးကြီး တပ်ရင်းမှူးကြီး"ဟု အော်ခေါ်နေကြသည်။ ထိုအခါတွင် ကျွန်တော်က သစ်ခေါင်းထဲမှနေ၍ "ဟော့ ငါဒီမှာ၊ ငါဒီမှာ"ဟု အော်ရတော့၏။ ရဲဘော်တွေ ကျွန်တော့်ထံပြေးလာကြသည်။ ကျွန်တော့်ကို သစ်ခေါင်းထဲက ထုတ်၍ ကားပေါ်တင်ကာ လွိုင်လင်ဆေးရုံသို့ ပြန်မောင်းလာခဲ့သည်။ လွိုင်လင်ဆေးရုံမှာ ခရစ်ယာန်မစ်ရှင်သာသနာပြုဆေးရုံ ဖြစ်သည်။ ခရစ်ယာန်ဘုန်းတော်ကြီးက အီတလီလူမျိုးဖြစ်သည်။ ကျွန်တော့်ဒဏ်ရာကို ခွဲစိတ်ဆေးကုသပေးသူမှာ အိန္ဒိယအမျိုးသားဆရာဝန်ဖြစ်သည်။ သူနာပြုဆရာမတွေက ပြင်သစ် သီလရှင် အမျိုးသမီးများဖြစ်သည်။ ကျွန်တော့်ကို ဆေးကုသဖို့ မေ့ဆေးပေးကြသည်။ ကျွန်တော် ဒဏ်ရာရသော သတင်းကို ရန်ကုန်စစ်ရုံးသို့ သတင်းပို့လိုက်၍ ရန်ကုန်က မကြာမီ လေယာဉ်နှင့်လာခေါ်မည်ဟုလည်း သိရပေသည်။ ကျွန်တော့်ကို ရန်ကုန်သို့ ချက်ချင်းခေါ်ယူ၍ မရသေး။ လိုအပ်သော ဆေးကုသမှုများ ပြုလုပ်ရန်ရှိနေသေး၍ လွိုင်လင်တွင် တစ်ညအိပ်ရသေးသည်။ ဒဏ်ရာရသည့်နေရာတွင် ကျည်ဆန်အစအနများ အသားထဲဝင်နေသည်ကို သန့်စင်ရ၏။ ဒဏ်ရာက တင်ပါးမှာပင် သုံးချက်ထိထားတော့ ဆေးထည့် ကျည်ဆန်အစအနများ ကုန်စင်အောင် ထုတ်ရသည်။ သည်မှာပင် ပြဿနာက ကျည်ဆန်မှန်သော ဒဏ်ရာတစ်ခုကို ပိုးမသတ်ဘဲ ဆေးထည့်ပေးခဲ့သဖြင့် နောက်ပိုင်းတွင် ထိုဒဏ်ရာကို ၂ နှစ်လျှင်တစ်ကြိမ် ထပ်မံ ခွဲစိတ်ကုသရပါသေးသည်။ နောက်တော့ ယခင်က ပေါ်ခဲ့ဖူးသော ပင်နီစီလင်ဆေးတစ်မျိုးကို ဝမ်းထဲရောက်အောင် တိုက်ပြီး ကုသတော့မှ ဒဏ်ရာက အပြီးပျောက်သွား၏။

သည်တော့ လွိုင်လင်ဆေးရုံမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ကျွန်တော့်ကို သယ်ဆောင်ကုသပုံ ပြောပြပါဦးမည်။ နောက်တစ်နေ့ ကျွန်တော့်ကို လေယာဉ်ဖြင့် မင်္ဂလာဒုံစစ်ဆေးရုံသို့ ပို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိမှန်သောဒဏ်ရာများကို ပြန်၍ ပတ်တီးဖြည်၍ ဆေးထည့် ကုသပေးသည်။ ဒဏ်ရာတစ်ခုတွင် အထဲ၌ ကျည်ဆန်တစ်ဆန်၏ အစအန ကျန်နေသည်။ သတ္တုကျည်ဆန်တို့ သဘောကား ကိုယ်ခံအင်အားက တွန်း ထုတ်မည်ဖြစ်၍ သူ့ကို ခွဲစိတ်ထုတ်ပယ်ရန်မလို တစ်နေ့တွင် သူ့ဘာသာ အပြင်သို့ထွက်လာမည်ဟု ဆရာဝန်ကြီးများက ပြောပြသည်။

ကျွန်တော့်တင်ပါးဆုံက ဒဏ်ရာသုံးချက်မှာ လက်ဝဲဘက် တင်ပါး ဆုံ ၂ ချက်၊ လက်ယာဘက်တင်ပါးဆုံက တစ်ချက်ဖြစ်သည်။ ကျွန်တော့် ကို မင်္ဂလာဒုံစစ်ဆေးရုံတွင် ၂ လကြာ ကုသပေးရသည်။ ကျွန်တော့် ကိုယ်စား မိုင်းဆတ်မြို့ ကျွန်တော့်တပ်ရင်းကို ယာယီတပ်ရင်းမှူးအဖြစ် ဗိုလ်မှူးထွန်းလင်း ရောက်လာသည်။ နောင်သောအခါမှာ လမ်းစဉ်ပါတီ ခေတ်၌ ဝန်ကြီးဖြစ်လာသော ဦးထွန်းလင်းဖြစ်သည်။ ကျွန်တော်နှင့် ရင်းနှီး ခင်မင်သော တပည့်တစ်ဦး၊ နောင်အခါ လမ်းစဉ်ပါတီ ညီလာခံ မဲရွေးပွဲတွင် ဆန္ဒမဲရသည်မှာ ပါတီ ဥက္ကဋ္ဌ ဦးနေဝင်းထက် အရေအတွက်များသူဖြစ်၍ ဝန်ကြီးရာထူးက ဖြုတ်၊ လမ်းစဉ်ပါတီကထုတ် အကျဉ်းထောင်သို့ပို့ "ဖြုတ် ထုတ် ထောင်ချ" လမ်းစဉ်ဒဏ်ကို ကောင်းကောင်းကြီး ခံသွားရ၏။ ယခု ကွယ်လွန်ရှာပြီ။ တောတွင်းက ကွန်မြူနစ် သခင်သန်းထွန်းက **ဖြုတ် ထုတ် သတ်**။ လမ်းစဉ်ပါတီကတော့ **ဖြုတ် ထုတ် ထောင်ချ**။ သမိုင်းကို တွင်သွားပါလေရော။

❒

## အခန်း (၃၆)

## ကာကွယ်ရေးဦးစီးချုပ်က တပည့် ဗိုလ်တင်ဦးကို အိမ်ထောင်ပြုရန် အမိန့်ပေးခြင်း

ကျွန်တော် မင်္ဂလာဒုံစစ်ဆေးရုံတွင် ဒဏ်ရာကုသနေစဉ် ကျွန်တော့် အမေက နေ့တိုင်းပင် ဆေးရုံသို့လာပြီး ကျွန်တော် ကြိုက်တတ်သော ဟင်း လျာ အစားအစာများ လာပို့သည်။ အမေက ဆေးရုံရှိ ကျွန်တော့်ထံလာစဉ် နှစ်ကြိမ် သုံးကြိမ်ခန့်ပင်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဆုံလေသည်။ ဤတွင် ဗိုလ်ချုပ်ကြီးနေဝင်းက အမိန့်ပေး၏။

**ဗိုလ်ချုပ်ကြီးနေဝင်း**။ "ဗိုလ်တင်ဦး၊ မင်းက အသက်ကလည်း ကြီးလာပြီ။ အိမ်ထောင်ပြုဖို့လည်း ကောင်းပြီ၊ ဒါပေမယ့် မင်းကို ယခုလို အမေက လိုက်လိုက်ပြီး စောင့်ရှောက် ပြုစုနေတော့ အစားအသောက် အနေအထိုင်က စပြီး ပြေလည်နေလို့ မင်းက ဘယ်အိမ်ထောင်ပြုတော့မှာလဲ၊ ကျွန်တော့် အမေသို့ကြည့်၍ အဒေါ်က ယခုလို ပြုစုနေလို့ ဒီကောင်လေး မိန်းမ မယူတော့ဘဲနေတာ၊ သင့်တော်တဲ့ သူရှိရင် အိမ်ထောင်ရက်သားချပေးဖို့ ကောင်းတာပေါ့"

**အမေ**။ "ဪ ဗိုလ်ချုပ်ကြီးရယ် ကျွန်မသားက သူ့စိတ်နဲ့သူနေတာပါ၊ ကျွန်မတို့က သူ့ကို အိမ်ထောင်ပြုဖို့ပြောတာ ကြာပါပြီ" ဗိုလ်ချုပ်ကြီး နေဝင်းနှင့် အမေတို့ ယခုလို အချီအချ ပြောနေသည်ကိုကြားတော့ ကျွန်တော် က ရယ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နေဝင်းက ထိုစကားကို အမေ့ကိုတွေ့တိုင်းပြောပြီး အိမ်ထောင်ပြုရန် ကောင်းပြီဟုဆိုလေသည်။ ကျွန်တော့်ခံစားချက်ကို ပြောရဦးမည်။ ကျွန်တော့်စိတ်ထဲတွင် ရှိနေသည်က ဦးခေါင်းထက်တွင် ဗုဒ္ဓမြတ်စွာဘုရား၊ လက်ယာဘက်ပခုံးတွင် နိုင်ငံတော်၊ လက်ဝဲဘက်ပခုံးတွင် မိခင်ကြီးရှိနေသည်။ ဂျပန်ခေတ်တပ်မတော်ထဲဝင်သည်ကစ၍ ဖက်ဆစ်တော်လှန်ရေး အမျိုးသားလွတ်လပ်ရေးခေတ်၊ ယခု မြန်မာ့လွတ်လပ်ရေးကို ကာကွယ်နေချိန် အထိပင် စိတ်အာရုံတွင် အထက်ပါ ၃ ချက်က စိုးမိုးနေပေသည်။

ထိုစဉ်က အမေ့အသက်က ဘာရှိသေးလို့လဲ။ ၅၃ နှစ် ပတ်ဝန်းကျင်လောက်ပဲ ရှိပါဦးမည်။ ကျွန်တော့်ကိုမွေးစဉ်က အမေ့အသက် ၂၃ နှစ်။ ၁၉၅၅ ခုနှစ်တွင် ကျွန်တော် ဒဏ်ရာအကြီးအကျယ်ရသည့်အချိန် ကျွန်တော်က အသက် ၂၈ ခန့်ရှိပါသည်။

အမေနှင့်ကျွန်တော်တို့၏ဘဝက အလွန်ပင် အဆင်ပြေပေသည်။ တပ်မတော်ဝင်စဉ်က ခေတ္တခဏသာ တပ်သားဖြစ်ပြီး နောက်ဗိုလ်သင်တန်းတက်ရသဖြင့် မိမိလခထဲမှ အမေ့ကိုကောင်းကောင်း ထောက်ပံ့နိုင်ခဲ့သည်။ ရသည့်လစာငွေကို အကုန်လောက်နီးနီးပင် အမေ့ကို ကန်တော့ခဲ့သည်။ ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်းမှာ ယမ်းငွေ ၁၂၀ ရရှိသည်။ တပ်က ကျွေးထား၊ တပ်က အဝတ်ပေးထားတော့ ကျွန်တော့်အတွက် သူငယ်ချင်း အပေါင်းအသင်းနှင့်သုံးရန် ငွေ ၅၀ လောက်ချန်ထား၊ ယမ်း ၈၀ လောက်ကို အမေ့ထံ လစဉ် ပေးပို့နိုင်ခဲ့၏။

ကျွန်တော် ဒဏ်ရာရစဉ်မှာ အမေက ကျောက်မြောင်းရှိ သူ့ဆွေမျိုးများအိမ်မှာနေ၏။ နေ့စဉ်ပင် ကျွန်တော့်ထံ လာလေသည်။ အမေ ကျွန်တော့်ထံလာနိုင်ဖို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးက ဂျစ်ကားတစ်စီးနှင့် ယာဉ်မောင်း စီစဉ်ပေးထားသည်။ အမေက မန္တလေးမှ ရန်ကုန်ကို တော်တော်စောစောကပင် ရောက်နေခဲ့သည်။ နောက်တော့ အိုးအိမ်ဦးစီးဌာနသို့ စာတင်ပြီး ရန်ကင်းမြို့တွင် ကျွန်တော့်မိခင်နာမည်နှင့် တိုက်ခန်းရသည်။ ရန်ကင်းမြို့ ယခုသစ္စာလမ်းသို့ မျက်နှာပြုထားသော တစ်ထပ်တိုက်တန်းလျားကလေးပင်။ အမေက ရန်ကင်းမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ ယခု အမေကွယ်လွန်သွားသဖြင့် ကျွန်တော့်ညီမဖြစ်သူ ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) နေထိုင်လျက်ရှိသည်။



ပထမတွင် ကျွန်တော်က ဒဏ်ရာတွေ သိပ်ရထားတော့ အိပ်ရာက မထနိုင်ပေ။ ကျွန်တော်နှင့်အတူ အကူရဲဘော်လေးတစ်ဦး လာနေသည်။ သူက ကျွန်တော့်ကားတွင် မလိုက်ဘဲ နောက်က လုံခြုံရေးကားတွင်ပါလာ၍ ဒဏ်ရာမရခဲ့ပေ။ သည်တုန်းက ဂျစ်ကားပေါ်တွင် ပါလာသော ၁၀ တန်း ဖြေသည့် ကျောင်းသားနှစ်ဦးအနက် တစ်ဦးကသေနတ်ထိမှန်၍ ကွယ်လွန်ခဲ့ရှာသည်။ အခြားအဖော်ကျောင်းသားမှာ ဂျစ်ကားပေါ်တွင် ကိုယ်ကိုဝပ်ပြီးနေနိုင်၍ ကျည်ဆန်မထိ။ နောင်တွင် ၁၀ တန်းအောင်၍ တပ်မတော်ထဲ ဝင်ရောက်အမှုထမ်းရာ ယခုအခါ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဖြစ်နေပေပြီ။ ဟိုတစ်ရက်နှစ်ရက်က အိမ်လာလည်သွားသေးသည်။ ၁၉၅၅ ခုနှစ် မိုးဦးရာသီတွင် ကျွန်တော်ဆေးရုံကဆင်း၍ မိုင်းဆတ် ပြန်လေသည်။

ကျွန်တော့်တပ်ကို ယာယီတပ်ရင်းမှူးအဖြစ် တာဝန်ယူထားသော ဗိုလ်မှူးထွန်းလင်းမှာ အလွန်တော်သည်။ ကျွန်တော် ရန်ကုန်တက်၍ ဆေးကုသနေစဉ် သူ ဆောင်ရွက် ကွပ်ကဲဦးဆောင်နေမှုမှာ များစွာ ကျေနပ်ဖို့ကောင်းပါသည်။

ပြောချင်သေးသည်။ ကျွန်တော် မိုင်းဆတ်ပြန်ရောက်ပြီးနောက် ရပ်ရွာကိစ္စများ များစွာ ဆောင်ရွက်ဖြစ်ခဲ့သည်။ မြေတူးရာမှ ပေါ်လာသော ရှေးဟောင်းဘုရား၊ ကျောက်စိမ်းဘုရားများ ပူဇော်ခွင့်ရခဲ့သည်။ ရပ်ရွာလူထုနှင့် ပေါင်း၍ ဘုရားတစ်ဆူလည်း တည်ဖြစ်သေးသည်။ ထို့ပြင် စစ်ရုံးချုပ်က ညွှန်ကြား၍ စပါးစိုက်ပျိုးရေးလည်း လုပ်ဖြစ်သည်။ ကျွန်တော်တို့တပ်တွင် ရဲဘော်များအထဲမှာ လယ်သမား သားသမီးတွေလည်း ပါလာသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ဘာမျှမပူပန်ရ။ အားလုံးပင် အဆင်ပြေနေတော့၏။ ရန်ကုန်က ဒါကိုတာလေယာဉ်ဖြင့် နွားလှည်းများ၊ နွားများကို လေယာဉ်ပျံပေါ်တင်ပြီး ပို့ပေးလိုက်သဖြင့် ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ များစွာ အဆင်ပြေနေလေတော့၏။

ထိုစဉ်က ရန်ကုန်က ပို့ပေးမည့်ပစ္စည်းများတွင် လမ်းကြိတ်စက်ပင် ပါသည်။ လေယာဉ်ပျံကွင်းကို ပြုပြင်မွမ်းမံမည်ဆိုလျှင် မြေမာအောင်ဆောင်ရွက်ရန် လမ်းကြိတ်စက်လိုအပ်ပေသည်။ ထို့ကြောင့် လမ်းကြိတ်စက် ပို့ပေးရန် စီစဉ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပို့မည့်လေယာဉ်မှာ ဘရစ်စတိုလေယာဉ်ဖြစ်၍ ကုန်တင်ရန် သီးသန့်ဝယ်ယူထားခြင်းဖြစ်သည်။ England Bristol Shire ဟုခေါ်သော လေယာဉ်ကြီးနှစ်စီးရှိသည်။ တစ်စင်းကို ကုန်တင်ရန်စီစဉ်သည်။

တစ်နေ့တွင် ဘယ်လိုဖြစ်သလဲဆိုတော့ သည်တုန်းက မိုင်းဆတ်မှာ မိုးက တော်တော် သည်းသည်းထန်ထန် ရွာနေသည်။ သည်အချိန်မှာ ရန်ကုန်က (၄) တန် လမ်းကြိတ်စက်ပို့မည်ဟု သတင်းရောက်သည်။ လမ်းကြိတ်စက် (၄) စင်း ပို့မည်။ လမ်းကြိတ်စက် ရိုးရိုးမဟုတ်၊ မောင်းသွားရင်း လမ်း၏ ကျောက်စရစ်ခဲများကို ချေမွှန်းကြိတ်သွားနိုင်သည့် စက်ဖြစ်သည်။ ထိုစက်ကလေးများ ပို့စဉ်ကမူ ချောချောမောမော ရောက်လာသည်။ မိုးရွာသည့် ည၏ နောက်တစ်နေ့တွင် ၁၂ တန်ရှိသော လမ်းကြိတ်စက်ကို လေယာဉ်ပျံနှင့် တင်ပို့ပေးရန် သတင်းရောက်သည်။

ဤတွင် လေယာဉ်ပျံကွင်းတွင် မိုးရေများဖြင့် စိမ့်၍ ပျော့နေစဉ် လမ်းကြိတ်စက်ပါသော လေယာဉ်မဆင်းရန် အောက်မှာ အချက်ပြထားလိုက်ဟု ပြောထားသည်။ သို့ဖြင့် ရဲဘော်ကလေးတို့က မိုင်းဆတ်လေယာဉ်ပျံကွင်းတွင် Cross လေယာဉ်မဆင်းရန် အမှတ်အသားပြထားသည်။ အမှတ်အသားမှာ အဝါရောင် အချက်ပြ ကြက်ခြေခတ်ပုံကို လေယာဉ်ပျံကွင်း၌ ထင်ထင်လင်းလင်း မြင်ရအောင် တားဆီးပြထားခြင်းဖြစ်သည်။ လေးလံသော ၁၂ တန်၊ လမ်းကြိတ်စက် တင်ဆောင်လာသော လေယာဉ်ပျံဆင်းခဲ့လျှင် မိုးရွာထား၍ ပျော့နေသောမြေသားနှင့် ထိတွေ့ပြီး ဘီးကျွံသွားမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် လေယာဉ်ကွင်း၏ထိပ်မှာ တစ်ချက်၊ အလယ်မှာ တစ်ချက်၊ အောက်ပိုင်းမှာ တစ်ချက်၊ အဆိုပါ လေယာဉ်မဆင်းရန် တားဆီးသော အမှတ်အသား အဝါရောင်ကြက်ခြေခတ်များ ချထားလိုက်သည်။ သို့သော် ထိုနေ့နံနက်က ပထမဆုံးရောက်လာသော လေယာဉ်မှာ စားသောက်ကုန်တင်လာသော လေယာဉ်ဖြစ်ရာ ကုန်အလေးမပါ၍ ဆင်း၍ ရနိုင်သည်။ သို့ဖြင့် ထိုလေယာဉ်က ကောင်းကင်မှ ကြိုးမဲ့ကြေးနန်းစက်ဖြင့် မေးသည်။ "လေယာဉ်ဆင်း၍ မရဘူးလား"

သည်တော့ အောက်မှ ရဲဘော်များက အကြောင်းပြန်သည်။ "ဆင်းလို့ရမည်၊ ဆင်းပါ" ဤသို့အကြောင်းပြန်ပြီး အဝါရောင်ကြက်ခြေခတ်



အမှတ်အသားကို ဖယ်ပေးလိုက်သည်။ ဤတွင် စားသောက်ကုန်ပို့သော လေယာဉ်ပျံဆင်းလာပြီး ပျံတက်သွားလေ၏။ သို့သော်–

ရဲဘော်တွေက ထိုလေယာဉ်ပျံတက်သွားပြီးနောက်တွင် အတားအဆီး ပြုထားသော အဝါရောင်ကြက်ခြေခတ် အမှတ်အသားကို ပြန်၍ ချထားခြင်းမပြုဘဲ မေ့သွားကြလေ၏။

ဤတွင် နံနက် ၁၀ နာရီခန့်တွင် လမ်းကြိတ်စက်တင်လာသော ဘရစ်စတိုလ်လေယာဉ်ကြီး ရောက်လာလေသည်။ ကျွန်တော် သတိရသဖြင့် ထိုလေယာဉ်ကြီးမဆင်းရန် ချက်ချင်း အဝါရောင် ကြက်ခြေ အတားအဆီးများ ချရန် ပြောလိုက်သည်။ ရဲဘော်များက ကမန်းကတန်းထွက်၍ ကျွန်တော် ပြောသည့်အတိုင်း ဆောင်ရွက်ကြရပါ၏။ သို့သော် မမီတော့ချေ။ လေယာဉ်ပျံကြီးသည် အတားအဆီးကို မမြင်ရသဖြင့် ချက်ချင်း ဆင်းလာလေ၏။ မူလအစကတည်းက ဤသို့ဖြစ်မည်ကို ကြိုတင်သိရှိပြီး တားဆီးဖို့ ကြိုးစားသော်လည်း အချည်းနှီးပင်။

လမ်းကြိတ်စက်တင် Bristol လေယာဉ်ကြီးသည် မကြာမီမြေပျော့ကို ဘီးတစ်ဖက်နင်းပြီး ဒရွတ်တိုက် ဆွဲသွားသောကြောင့် ဘီးဝင်ရိုးတစ်ဘက် ကျိုးသွားပြီး ထိုးရပ်သွားလေတော့သည်။

ဤဖြစ်ရပ်ကို အထက်သို့ အစီရင်ခံသတင်းပို့သောအခါ လူကြီးတွေက ရင်ထုမနာပြောလေသည်။ "မင်းကွာ၊ ငါတို့မှာ ဆင်းဆင်းရဲရဲနဲ့ ဒီဘရစ်စတိုလ်လေယာဉ်နှစ်စင်းပဲ ဝယ်နိုင်တာ၊ ခုတော့မင်းက တစ်စင်းကို ဖျက်ပစ်လိုက်ပြီ"

လူကြီးတွေက ဆူပူပြောသည်တော့ မဟုတ်။ သူတို့လည်း ဤဖြစ်ရပ်အတွက် နှမြောပြီးပြောရခြင်းပင်။ ဤတွင် မကြာမီပင် လေယာဉ်ပျက်ကို ပြင်ဆင်ရန် နိုင်ငံခြားသား အင်ဂျင်နီယာအဖွဲ့နှင့် ဗမာ့လေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးတို့ ကွပ်ကဲသော လေယာဉ်ပြင်အဖွဲ့ရောက်လာသည်။ ကျွန်တော်တို့မှာ နိုင်ငံခြားသား အင်ဂျင်နီယာ မစ္စတာဒေးဗစ်နှင့် အဖွဲ့ စားရေးသောက်ရေး အဆင်ပြေရန် ဂရုစိုက်ချက်ပြုတ်ကျွေးရသည်။ သူတို့စားသည့်ဟင်းလျာကို အစပ်ပေါ့ပေါ့ စီစဉ်ရသည်။ နောက်တော့လည်း သည်လူတွေ ဗမာအစားအစာ ရှုလည်ပြီး စားကြတာပါပဲ။ သူတို့ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သည်မှာ စုစုပေါင်းအချိန်ကာလ ၆လခန့်ကြာသည်။ တစ်မိုးတွင်းကုန်ပါရော။ လိုသည့်ပစ္စည်း အင်္ဂလန်သို့မှာယူပြီး သူတို့အဖွဲ့ဝင်အချို့ လေယာဉ်ဖြင့် ရန်ကုန်ပြန်ယူ သွားလိုက်၊ လာလိုက်နှင့် တော်တော်ပင် ပင်ပင်ပန်းပန်းလုပ်ဆောင်ကြရသည်။

နောက်တော့ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီး (လေတပ်) ကိုယ်တိုင်လေယာဉ်ပျံကြီးကို စမ်းသပ်မောင်းနှင်ပြီး စိတ်တိုင်းကျတော့မှ ရန်ကုန်သို့ပြန်မောင်းသွားကြလေသည်။

ထိုစဉ်က တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ ရှားရှားပါးပါးပေါင်းစည်းညီညွတ်စွာ ဆောင်ရွက်ခဲ့ပုံကလေးကို ဖောက်သည်ချချင်သေးသည်။ တပ်မတော်သား ရဲဘော်များက တိုင်းရင်းသားပြည်သူတို့အပေါ်စေတနာသဒ္ဓါတရား ထက်သန်ကြပုံမှာ အလွန်ချီးကျူးဖွယ်ပင်။

ကျွန်တော်တို့ တပ်ရိက္ခာက ဆန်ရသည်။ ရဲဘော်တစ်ယောက်ကိုနံနက်နှင့်ည ဆန် ၂၆ အောင်စရသည်။ အဲသည်မှာ ရဲဘော်တွေအချင်းချင်းတိုင်ပင်ကြသည်။ ထိုနေ့စဉ်ရတဲ့ ရိက္ခာဆန် ၂၆ အောင်စထဲက တစ်နေ့ကို နှစ်အောင်စ လျှော့စားကြမည်။ တို့တွေ နံနက်တစ်အောင်စ၊ ညတစ်အောင်စ လျှော့စားကြလျှင် ထမင်းတွေပို၍ ထမင်းခြောက်လှန်းတာလောက်ပဲ လျှော့သွားမည်။ သည်ဆန်နှစ်အောင်စ လျှော့စားလိုက်ဖြင့် တို့တွေဘာမျှ မထိခိုက်။ သို့သော် အကျိုးရှိသည်မှာ တပ်ရင်း၌ ရဲဘော်အရာရှိအရာခံအကြပ် အားလုံး ၄၀၀ ရှိလေတော့ တစ်နေ့လျှင် ဆန်အောင်စ ၈၀၀ ပိုမည်။ တိုင်းရင်းသားတွေ၏ ကောက်သစ်စားပွဲက နောက် ၁၀ ရက်မှာကျင်းပမည်ဆိုလျှင် ဆန်က အောင်စ ၈၀၀၀ စုပြီး ရှိနေမည်။ ထို့ပြင်တို့အတွက် နေ့စဉ် လက်ဖက်ရည် ၃ ခွက်ရသည်။ နံနက်တစ်ခွက်၊ နေ့လယ်တစ်ခွက်၊ ညနေတစ်ခွက်။ အဲသည့်လက်ဖက်ရည် ၃ ခွက်ထဲကညနေမှာ သောက်ရမည့် လက်ဖက်ရည်တစ်ခွက်ကို မသောက်ဘဲ လျှော့ရအောင်။ သည်တော့ နေ့စဉ် လက်ဖက်ရည်အခွက် ၄၀၀ စာ၊ နို့ဆီ၊ သကြားနှင့် လက်ဖက်ခြောက်ပိုမည်။ ထိုသို့ ပိုသည့်ပစ္စည်းတွေကို တိုင်းရင်းသားတွေ ကောက်သစ်စားပွဲအတွက် စုဆောင်းမည်။ ညပိုင်းမှာ လက်ဖက်ရည် မသောက်ချင်သူတွေအတွက်က အာမီရမ် Army Rum ခေါ် အရက်၊



တစ်ပက်စီရမည်။ ဒါကို မသောက်ဘဲ စုဆောင်းလျှင် တိုင်းရင်းသားတို့ကောက်သစ်စားပွဲအတွက် အလှူပေးနိုင်မည်။ ပျော်ရွှင်ကြည်နူးဖွယ် တပ်မတော်၏ ဒါနအလှူပင်။

ကျွန်တော့်လက်ဝဲဘက် တင်ပါးက ဒဏ်ရာကိစ္စပြောဦးမည်။ ထိုစဉ်က ၁၉၅၆ ခုနှစ် ဇန်နဝါရီလဆန်းလောက်ဖြစ်မည်။

ဗိုလ်ချုပ်ကြီးနေဝင်း အပန်းဖြေအနားယူရင်း မိုင်းဆတ်မြို့ကို နှစ်ညအိပ်ရောက်စဉ် ကျွန်တော့်လက်ဝဲဘက်တင်ပါးက ကျည်ဆန်ထိထားသောဒဏ်ရာ အနာမကျက်သေး၍ ပြည်တစိုစိုဖြစ်နေသည်ကို သိသွားသည်။ ဗိုလ်ချုပ်ကြီးက "တင်ဦး မင်းဒဏ်ရာက အနာမပေ့ါနဲ့၊ ရန်ကုန်ကို အမြန်လာပြီးကုလိုက်"ဟု အမိန့်ပေးသွားသည်။ သို့သော် ကျွန်တော်ကလည်းကိုယ့်တပ်ရင်း၊ တပ်ဖွဲ့အတွက် လုပ်ဆောင်စရာကလေးတွေ ရှိသေး၍ တင်ပါးက ပြည်တစိုစိုဖြစ်နေသော အနာကိစ္စ ခေတ္တ မေ့ထား၏။ သည်အတွင်းရန်ကုန်မှ ဗိုလ်ချုပ်ကြီးနေဝင်းထံက အမိန့်မကြာခဏပင် ကြိုးမဲ့ကြေးနန်းဖြင့် ဝင်လာသည်။ "ရန်ကုန်ကိုလာပြီးဆေးကုဖို့ မမေ့နဲ့" သို့သော်ကျွန်တော်လည်း ဗိုလ်ချုပ်အမိန့် နာခံဖို့ ချက်ချင်း မလုပ်ခဲ့မိ။ တစ်နေ့တွင်ဗိုလ်ချုပ်ကြီးနေဝင်းထံက နောက်ထပ် အမိန့်ဝင်လာသည်။

**"ဗိုလ်တင်ဦး၊ ယနေ့ လေယာဉ်ပျံလွှတ်လိုက်ပြီ။ ဒဏ်ရာကုသရန် အမြန်လိုက်ခဲ့။ အမိန့်ကို မနာခံလျှင် အရေးယူမည်"**

သည်အမိန့်ရောက်လာတော့ ကျွန်တော်ရှောင်လွှဲနေ၍ မဖြစ်တော့ပြီ။ ထို့ကြောင့် ဗိုလ်ချုပ်အမိန့်အတိုင်း ချက်ချင်းလေယာဉ်ပေါ်တက် လိုက်လာ၍ ရန်ကုန်သို့ ရောက်ပါတော့သည်။ မှတ်မိပါသေးသည်။ ဗိုလ်မှူးကြီးရှိန်းက ကျွန်တော့်ကို လေယာဉ်ကွင်းမှာ လာကြိုနေသည်။ သို့ဖြင့် မင်္ဂလာဒုံစစ်ဆေးရုံသို့ ရောက်သွား၏။ သို့သော် ဗိုလ်ချုပ်နေဝင်းအမိန့်က "ဗိုလ်တင်ဦးကို မင်္ဂလာဒုံ စစ်ဆေးရုံကြီးတွင် ကျန်းမာရေး ဆေးစစ်ချက်ယူပြီးရန်ကုန်ဆေးရုံကြီးရှိ အထူးကြပ်မကုသဆောင်သို့ ပို့ရမည်"

ထို့ပြင် ဗိုလ်ချုပ်နေဝင်း၏ ယောက္ခမတော်စပ်သူ ဆရာဝန်ကြီး ဒေါက်တာဘသန်းကိုလည်း မှာထားသေးသည်။ "ဒီကောင်လေးကို အမြန်ဆုံးဝေဒနာ သက်သာအောင်ကုပေးပါ"

ဤတွင် ဆရာဝန်ကြီးဒေါက်တာဘသန်းအား ကျွန်တော့်ကို အမေ

www.burmeseclassic.com



ရိကန် ပြည်ထောင်စုသို့ ပို့ပြီးကုသင့်က ကုပါဟု ဗိုလ်ချုပ်က မှာကြားသည်။ သို့သော် ဆရာဝန်ကြီး ဒေါက်တာဘသန်းက "အမေရိကန်ပြည်ထောင်စုသို့ ပို့ရန်မလိုပါ၊ မြန်မာပြည်တွင်လည်း ကုသပေးနိုင်ပါသည်" ဟု ပြောသည်ဟု သိရ၏။ ကျွန်တော်ကလည်း အမေရိကန်ပြည်ထောင်စုသို့ မသွားချင်ပါ။ မြန်မာပြည်မှာပဲ ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုသချင်ပါသည်။ ထိုစဉ်က မြန်မာ့တပ်မတော်၌ ထစ်ခနဲရှိလျှင် အမေရိကန်သို့ ဆေးကုသသွားနေကြသော တပ်မတော်အရာရှိကြီးများ အစဉ်အလာရှိနေပေသည်။ ဥပမာဆိုလျှင် ထိုစဉ်က ဗိုလ်မှူးချုပ်စိန်ဝင်း၏ နှလုံးရောဂါကို အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကုသခဲ့သေးသည်။ အခြား တပ်မတော် အရာရှိကြီးများ သုံးလေးဦးလောက် အမေရိကန်ရောက်သွားပြီး နှလုံးရောဂါကုသခဲ့ကြောင်း သတင်းများ ကြားသိနေရပါသည်။

ဤသို့ဖြင့် ကျွန်တော့်ကို ရန်ကုန်ဆေးရုံကြီးရှိ အထူးကြပ်မ ကုသဆောင်အခန်းတစ်ခန်းတွင် သပ်သပ်ရပ်ရပ် နေရာချထားပေးသည်။ ပထမဦးဆုံး လုပ်ဆောင်ရသည်မှာ ကျွန်တော်၏ ရောဂါခံစားနေရသော နေရာတစ်ဝိုက် လက်ဝဲဘက်တင်ပါးနေရာကို ဓာတ်မှန်ရိုက်ရသည်။ အမှန်က ညာဘက်တင်ပါးက ဒဏ်ရာကလည်း သိပ်ပြီး အနာမကျက်သေး။ နည်းနည်းပါးပါး ကုသရန် လိုအပ်နေသေးသည်။ သို့သော် လက်ဝဲဘက်တင်ပါးက ဒဏ်ရာလောက်တော့ မဆိုးလှပါ။ လက်ဝဲဘက်တင်ပါးက ဒဏ်ရာမှာ ပြည်တွေ တစိုစိုထွက်ပြီး အကြီးအကျယ် ဒုက္ခပေးနေသည်။

ထိုစဉ်က ကျွန်တော့်ကို ဓာတ်မှန်ရိုက်ပေးသူမှာ ဒေါက်တာသာဒင်ဖြစ်သည်။ X Ray ဓာတ်မှန်ချပ်ကို ဖတ်ပြီး ဘယ်လိုမှတ်ချက်ပေးသည်လဲဆိုတော့ "ကျည်ဆန်သည် အီလီယံခေါ်တဲ့ မြီးညှောင့်ရိုးကို ဖောက်ပြီးတော့ အတွင်းထဲ ဝင်သွားသည်။ အတွင်းထဲကို ကျည်ဆန်ဝင်သွားသည်မှန်လျှင် လွယ်လွယ်ကူကူ ထုတ်ယူလို့ရမည်။ ဓာတ်မှန်တွင် ၃၀၃ ရိုင်ဖယ် ကျည်ဆန်ကို မြင်နေရပြီ။ ကျည်ဆန်တစ်တောင့်သာ မဟုတ်။ ကျည်ဆန်နှင့်အလားတူ အခြားကျည်အပဲ့ အမှုန်အမွှားကလေးများ ၄၊ ၅၊ ၆ ပွင့်ကိုပါ ဓာတ်မှန်ထဲတွင် မြင်နေရသည်။ ဤတွင် မြင်နေရသော ကျည်ဆန်ကို ခွဲထုတ်ရန် ဆရာဝန်ကြီး ဒေါက်တာဘသန်း ခွဲစိတ်ကုဆရာဝန် ဒေါက်တာ



ကျော်မောင်နှင့် ခွဲစိတ်ကုဆရာဝန် ဆာဂျင်ခရစ်တို့ သုံးဦး ကြိုးစားကြလေသည်။

ဒေါက်တာကျော်မောင်မှာ ရခိုင်အမျိုးသားဖြစ်၍ ယခုအခါ မရှိရှာတော့ပြီ။ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားရှာပြီ။ ဆရာဝန်ကြီး ဒေါက်တာဘသန်းလည်း ၁၉၇၀ ပြည့်နှစ်က ရန်ကုန်ဂေါက်ကွင်းတွင် ဂေါက်သီးကစားရင်း နှလုံးရောဂါဖြင့် မူးမိုက်လဲကျ ကွယ်လွန်ရှာသည်။ ဆာခရစ်စတိုဖာမှာ ကရင်လူမျိုးဆရာဝန်ဖြစ်ပြီး သူ့သတင်းကိုကား မကြားရပေ။

ဒေါက်တာသာဒင်၏ ဓာတ်မှန်ပုံကိုကြည့်ပြီး ဆရာဝန်ကြီး ဒေါက်တာဘသန်းက ကျွန်တော့်ဝမ်းဗိုက်ကိုခွဲ၍ ကျည်ဆန်ကိုထုတ်ရန် ခွဲစိတ်ကုသပေးသည်။ ယခု ကျွန်တော့်ဝဲဘက် ဝမ်းဗိုက်တွင် ဒေါက်တာဘသန်းတို့ ခွဲစိတ်ကုသသော အမာရွတ်ကြီးကို မြင်နေရပေသည်။ ကျွန်တော့်ကို ခွဲစိတ်ရန် ခွဲစိတ် ခန်းထဲ သွင်းသွားစဉ်က နံနက် ၉ နာရီခန့်ဖြစ်သည်။ မေ့ဆေးပေးပြီး ခွဲစိတ်ကုသရာ နံနက် ၁၁ နာရီတွင် ကျွန်တော် သတိပြန်ရနေပေပြီ။

ဆရာဝန်ကြီး ဒေါက်တာဘသန်းက ကျွန်တော့်ကိုပြော၏။ "Very Sorry ဝမ်းနည်းပါတယ်၊ ဗိုလ်တင်ဦး၊ ကျည်ဆန်ကို ဝမ်းဗိုက်ထဲမှာ လုံးဝရှာမတွေ့ဘူးဗျာ"

ကျွန်တော့်မှာ အသားလွတ် ခွဲစိတ်ခံလိုက်ရသည်။

ကျွန်တော်က "ကိစ္စမရှိပါဘူး ဒေါက်တာရယ်၊ နောက်တော့ ရှာတွေ့မှာပေါ့"

သို့ဖြင့် ကျွန်တော့်ကို ဗိုက်ခွဲဆေးကုသမှုအတွက် အနာကျက်ရန် ၇ ရက်တိတိ စောင့်ရပေသည်။ ခွဲစိတ်ကုသသောနေ့က အခြေဘယ်လိုရှိသလဲ ဗိုလ်ချုပ်နေဝင်းက ဆေးရုံကြီးကို ဖုန်းဆက်မေးသည်။ ဝမ်းဗိုက်ကို ခွဲစိတ်ပြီးရှာတွေ့ရာ ကျည်ဆန်ကို ရှာမတွေ့ကြောင်း ကြားသိရသောအခါ ဗိုလ်ချုပ်နေဝင်းသည် ရန်ကုန်ဆေးရုံကြီးသို့ အရေးတကြီး ပေါက်ချလာသည်။

ဗိုလ်ချုပ်နေဝင်းက သူ့ယောက္ခမဆရာဝန်ကြီး ဒေါက်တာဘသန်းကို အပြစ်တင် စကားပြော၏။ "ခင်ဗျားဗျာ၊ သာဒင် (ဒေါက်တာသာဒင်) လိုအကောင်က ဓာတ်မှန်ပညာရှင်မှမဟုတ်ဘဲ၊ ဒီကောင်က ဓာတ်ပုံဆရာပါ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားနားထောင်ရသလား'' ဒေါက်တာဘသန်းကလည်း ''ကျွန်တော်တို့ ရအောင် ကုပေးပါမယ်'' ဗိုလ်ချုပ်နေဝင်းက ''မကုနဲ့တော့ဗျာ၊ ဒီကောင်ကို အမေရိကားပဲ ပို့လိုက်တော့မယ်''ဟု ပြန်ပြောလေသည်။ ဗိုလ်ချုပ်နေဝင်းသည် ကျွန်တော့်ကိစ္စနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ကြိမ်းမောင်းပြီး ပြန်သွားသည်။

ထိုအချိန်က ကျွန်တော့်အနေဖြင့်လည်း အမေရိကန်ပြည်ထောင်စုသို့ ဆေးကုသွားရန် စိတ်ဆန္ဒမရှိ။ ကျွန်တော့်အနေဖြင့် တပ်ကိုသာ သံယောဇဉ်ပွားနေသည်။ တပ်ကိုသာပြန်ချင်နေသည်။ ဆရာကြီးဒေါက်တာဘသန်းကလည်း ဗိုလ်ချုပ်နေဝင်းကို ''ကျွန်တော်တို့ ကြိုးစားကုကြည့်ပါဦးမယ်''ဟု ထပ်ပြော၍ ဗိုလ်ချုပ်နေဝင်းက လက်ခံလိုက်သည်။ ''ကောင်းပြီ၊ ဒီတစ်ခါ သေသေချာချာ လုပ်ဗျာ''တဲ့။

ဒုတိယအကြိမ်ကုသရာတွင် ဒေါက်တာဘသန်းက ကျည်ဆန်ရှိမည်ထင်ရသော တင်ပါးအတွင်းဘက်နေရာကို သံချောင်းငါးချောင်း ထိုးစိုက်၍ ဓာတ်မှန်ရိုက်ကြည့်ပြန်သည်။ ယခုတစ်ကြိမ်တွင်ကား ဒေါက်တာဘသန်း၏ စိတ်ကူးစိတ်သန်း ကောင်းကောင်းဖြင့် ကြံစည်ကြိုးစား၍ ထင်သည်။ ကျွန်တော့် လက်ဝဲဘက်တင်ပါး မြီးညှောင့်ရိုးကို ထိုးဖောက်ဝင်နေသော ကျည်ဆန်ကို ဓာတ်မှန်က သေချာစွာ ဖော်ပြနိုင်လေပြီ။ သည်တော့မှ ဆရာဝန်ကြီး ဒေါက်တာဘသန်းနှင့် အဖွဲ့က သေချာကျနစွာ ခွဲစိတ်ကုသနိုင်ပေပြီ။

ပြောရဦးမည်။ ထိုနေ့က ကျွန်တော့်တင်ပါးအသားထဲကို ကြေးရည်သုတ် သံချောင်းကလေးတွေစိုက်ပြီး ဓာတ်မှန်ရိုက်ကြည့်သောအခါ တင်ပါးသားထဲက ကျည်ဆန်ခိုဝင်နေသောနေရာကို ကောင်းစွာသိရှိခြင်း ဖြစ်သည်။ သံချောင်း ၅ ချောင်း၏ထိပ်တွင် ဝင်နေသော ကျည်ဆန်ကို အမှန်ပင်မြင်ရချေပြီ။ ဤတွင် ကျွန်တော့်ကို နံနက် ၉ နာရီအချိန်၌ အခန်းထဲကခေါ်ထုတ်ပြီး ခွဲစိတ်ခန်းသို့ သွင်းလိုက်သည်။ မကြာမီ မေ့ဆေး ပေးသည်။ နေ့လယ်ပိုင်းတွင် မေ့ဆေးပြယ်၍ သတိရသောအခါ တင်ပါး သားထဲဝင်နေသော ကျည်ဆန်ကို ကျွန်တော့်လက်ထဲတွင် ထည့်ထား ပေးလေသည်။ ကျည်ဆန်မှာ သူ့ချည်းသက်သက်မဟုတ်။ ကျည်ဆန်က မြီးညှောင့်ရိုးမှ ထွက်လာသော အရိုးကျိုးပေါင်းတက်နေပြီး အရိုးပွပွ အလုံးကြီးဖြစ်လေ



သည်။ ထိုအရိုးကျိုးပေါင်းကို ခြစ်ထုတ်လိုက်ရာ ရိုင်ဖယ်ကျည်ဆန်ထိပ်ဖူးက ဘွားခနဲ ပေါ်လာလေ၏။ ပုံပန်းသဏ္ဌာန်မှာ ကျွန်တော့်ကို ထိမှန်သော ရိုက်ဖယ်ကျည်ဆန်သည် ပထမ တစ်စုံတစ်ရာကို ထိမှန်ပြီးမှ အရှိန်လျော့၍ ကျွန်တော့်တင်ပါးထဲ ရောက်လာဟန်ရှိသည်။ ဤတွင် ကျည်ဆန်က ကျွန်တော့်အနာကို ပြည်တစိုစိုဖြစ်အောင် ဒုက္ခပေးနေခြင်း ဖြစ်တော့သည်။

ကျွန်တော့်တင်ပါး အသားထဲမှာ ဝင်နေသော ကျည်ဆန်အား ထုတ်၍ ရပြီဆိုသည်ကို ဗိုလ်ချုပ်နေဝင်းထံ ဆရာဝန်ကြီး ဒေါက်တာဘသန်းက သတင်းပို့ရာ ချက်ချင်းပင် ဗိုလ်ချုပ်နေဝင်း လာကြည့်ပြီး ဝမ်းသာချီးကျူးနေလေ၏။ ဆရာဝန်ကြီး ဒေါက်တာဘသန်းက ဤနေရာ၌ ကျည်ဆန်က ပွင့်ဖွာထွက်လာသော ကြေးနီ၊ ခဲ၊ သတ္တုအမှုန်များရှိနေသေးသည်။ သို့သော် စိုးရိမ်စရာမရှိ။ အသားထဲက အမှုန်အမွှားများကို လူ့သဘာဝ ခုခံအားဖြင့် ဝါးမျိုပြီး ပျောက်ကွယ်သွားမည်ဟု ရှင်းပြလေသည်။

တင်ပါးသားထဲက ကျည်ဆန်ကိုတွေ့ပြီးနောက် ခွဲစိတ်ကုဒဏ်ရာ ကျက်အောင် ရက်သတ္တသုံးပတ်ခန့် ဆေးရုံတွင် နေရသေးသည်။ သူနာပြုဆရာမနှစ်ဦး နေ့နှင့်ည ငှားရ၏။ နေ့သူနာပြုမှာ ကျပ် ၁၀ နှင့် ညသူနာပြုမှာ ကျပ် ၂၀ ဖြစ်လေသည်။ သူနာပြုဆရာမတစ်ဦးမှာ တပ်ရင်း ၄ မှ ဗိုလ်ကြီးဒီပေါ့၏ ရည်းစားချစ်သူဖြစ်သည်။ ဗိုလ်ဒီပေါ့က သူရဘွဲ့ရသည်။ သူ့နာမည်က မစ္စတယ်လာရီတဲ့၊ ညဘက်မှာတော့ အိန္ဒိယအမျိုးသမီး သူနာပြုဆရာမရောက်လာသည်။ သူတို့အားလုံးက ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင်တွေပင်။ သူတို့ရောက်လာလျှင် ရိုမန်ကသလစ် ဆုတောင်းနည်းဖြင့် ဆုတောင်းပြီးမှ လုပ်ငန်းခွင် ဝင်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၇)
## ရဲဘော်ဖြူဗိုလ်ဂါမဏိနှင့် စိန်ဓားမြှောင်ဘွဲ့ခံ အမျိုးသမီး ဆရာဝန်

ပြောစရာရှိသေးသည်။ ကျွန်တော့်အခန်း၏ တစ်ဖက်ခန်း၌ ဆေးရုံလာတက်သူမှာ ဘယ်သူလဲဆိုတော့ အလင်းရောက်ရဲဘော်ဖြူ ဗိုလ်ဂါမဏိဖြစ်လေသည်။ ၁၉၅၆ ခုနှစ် ဇန်နဝါရီလဖြစ်၏။ ပြည်သူ့ရဲဘော် ဗိုလ်ဂါမဏိတောခိုခဲ့စဉ်က ထိခိုက်ခဲ့သော သေနတ်ဒဏ်ရာ ဒုက္ခပေးသဖြင့် လက်တွင်ထုံကျင်ကိုက်ခဲနေ၍ ရန်ကုန်ဆေးရုံကြီး အထူးခန်းသို့ လာရောက်ဆေးကုသခံယူနေခြင်းဖြစ်၏။ ထူးခြားသည်မှာ ကျွန်တော်တို့က Special Nurse ခေါ် အထူးသူနာပြု ဆရာမ ငှားရမ်းသလို ဗိုလ်ဂါမဏိက အထူး အမျိုးသမီး ဆရာဝန်တစ်ဦး ငှားရမ်းထားခြင်းဖြစ်၏။

အဆိုပါ အထူးဆရာဝန်မ၏ နာမည်ကို ''စိန်ဓားမြှောင်''ဟုခေါ်ကြသည်။ အသက်က သိပ်မကြီးသေး။ သူ့ကို ယခုလို စိန်ဓားမြှောင်ဟုခေါ်ကြခြင်းမှာ ဆရာဝန်မ၏ လက်ပွေ့အိတ်ထဲတွင် ဓားမြှောင်တစ်ချောင်းဆောင်ထား၍ဖြစ်သည်။ ဆရာဝန်မကို အားနွဲ့သူအမျိုးသမီးဟု သဘောထားပြီး ရီးတီးရားတားလာလုပ်လျှင် လက်ပွေ့အိတ်ထဲက စိန်ဓားမြှောင်ကိုထုတ်ပြ၍ တကယ်ထိုးမည့်ပုံဟု ဆိုလေ၏။ ထို့ကြောင့်ပင် ယောက်ျားတွေပေါများသော ရန်ကုန်ဆေးရုံကြီးတွင် ဒေါက်တာစိန်ဓားမြှောင်ဆိုသည့် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်မကို မည်သူမျှ ပြိုင်ပြီ၊ နောက်တောက်တောက် မလုပ်ဝံ့ကြချေ။ ဒေါက်တာ စိန်ထားမြွှောင်း၏ နာမည်ရင်းမှာ ဒေါက်တာမခင်တင့်ဖြစ်သည်။ ရှမ်းဗမာ ကပြား၊ လှလှပပ တောင့်တောင့်တင်းတင်း အမျိုးသမီး။ ဤသည်မှာ တောခိုပြည်သူ့ရဲဘော် (ဖြူ) ခေါင်းဆောင်တစ်ဦးအဖြစ် ဗိုလ်ဂါမဏိ၊ ကျေးလက်ဒေသတွင် ရွာသူရွာသား ဆင်းရဲသား ပြည်သူတို့ဆီက ဆက်ကြေးကောက်ပြီး ဘယ်လောက်တောင် ချမ်းသာကြွယ်ဝခဲ့သည်မသိ။ သူ့ရွေးသုံး သုံး၍ ကိုယ်ပိုင်ဆရာဝန်မငှားပြီး ဆေးရုံတက်ရောဂါကုခဲ့သည့် ဗိုလ်ဂါမဏိပင်။

ဗိုလ်ဂါမဏိမှာ ရှစ်လေးလုံးအရေးအခင်းအပြီး၌ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့တွင် ဗိုလ်အောင်စိန်တို့နှင့်အတူ ပါဝင်လာခဲ့ပြီး မကြာမီနှစ်အနည်းငယ်ကမှ မမာမကျန်းဖြစ်ကာ ကွယ်လွန်ရှာသည်။

ကျွန်တော့်အကြောင်းဆက်ရဦးမည်။ ကျွန်တော်အနောကျက်ပြီး ဒဏ်ရာကလည်း ပြည်မထွက်တော့သဖြင့် ကျွန်တော့်တပ်စခန်းသို့ ပြန်လာခဲ့သည်။ ထိုအချိန်မှာ ကျွန်တော့်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားသည်မှာ အောင်မြင်သဖြင့် ရန်ကုန်တက္ကသိုလ်သို့ ဝင်ခွင့်လက်မှတ်ပင် ရထားပြီးပြီ။ တက္ကသိုလ်ဝင်ခွင့် မှတ်ပုံတင်နံပါတ် ၂၀၅/၁၉၅၆ ခုနှစ်ဖြစ်၏။

ကျွန်တော်တို့ မိုင်းဆတ်တွင် တာဝန်ကျသည်မှာ ယခုအခါ ၂ နှစ်ခွဲကျော်ပြီ။ ထို့ကြောင့် ကျွန်တော့်တပ်ရင်းကို လွိုင်လင်သို့ ပို့၍ တာဝန်ထမ်းရတော့မည်။ မူလ ပထမတွင် မိုင်းဆတ် လေယာဉ်ကွင်းကို ပြုပြင်စဉ်က ရဲဘော်များကို ကျွန်တော်ပြောထားသည်။ ငါတို့ တပ်ပြောင်းလျှင် လေ ယာဉ်ဖြင့် ပြောင်းရွှေ့မည်။ သို့သော် ယခု ကျွန်တော်တို့တပ် လွိုင်လင်သို့ ပြောင်းရွှေ့ရသောအခါ ရဲဘော်တွေမှာ လေယာဉ်စီးခွင့်ရဖို့ နေနေသာသာ ကားပင်မပေးဘဲ ခြေကျင် ချီတက်ကြရသည်။ ထို့ကြောင့် ကျွန်တော့်ကွယ်ရာတွင် ရဲဘော်တွေက မကြားကြားပြော၍ လှောင်ရယ် ရယ်ကြသည်တဲ့။ "ဗိုလ်မှူးပြောတော့ တပ်ပြောင်းရင် လေယာဉ်ပျံစီးရမယ်တဲ့၊ ခုတော့ ခြေကျင်ကြိတ်ရပြီ"

လွိုင်လင်မှာ ဖြစ်သည့်ကိစ္စ ပြောပြရဦးမည်။ မိုင်းဆတ်မြို့မှာတုန်းက တပ်ရင်း တပ်ဖွဲ့တပ်စခန်းတွေကို ကျွန်တော်ဦးဆောင် ဆောက်လုပ်ခဲ့



သလိုပင်၊ လွိုင်လင်မြို့မှာလည်း တပ်ရင်း တပ်ဖွဲ့ တပ်စခန်းများကို ကျွန်တော်ကပင် ဦးဆောင် ဆောက်လုပ်ရပြန်သည်။ တပ်စခန်းတွေ ဆောက်ဖို့ ငွေကျပ်နှစ်သိန်းထုတ်ပေးသည်။ ထိုငွေဖြင့် လွိုင်လင်၌ တပ်ရင်းရုံး၊ မိန်းမလိုင်း၊ တပ်ရင်းဌာနချုပ်တပ်ခွဲတစ်ခွဲစာ အဆောက်အအုံ စသည်ဖြင့်။

လုပ်ရိုးလုပ်စဉ်အတိုင်းဆိုလျှင် တပ်ရင်းအဆောက်အအုံ ဆောက်မည်ဆိုပါက ကန်ထရိုက်ကို တင်ဒါခေါ်၍ ဆောက်ရမည်ဖြစ်သည်။ သို့သော် ကျွန်တော်က တင်ဒါမခေါ်တော့ဘဲ လယ်ဝေး သခင်ကြည်ရှိန်၏ အစ်ကို သခင်ဘနီကိုခေါ်ပြီး တာဝန်ပေးလိုက်သည်။ တပ်ရင်းတပ်ဖွဲ့ စခန်းအဆောက်အအုံတွေ ဒီရက်အတွင်း ပြီးစီးအောင် ဆောက်ရန်။

"သခင်ဘနီ ကျွန်တော့်ဆီမှာ တပ်ရင်းတပ်ဖွဲ့ဆောက်ဖို့ ငွေကျပ်နှစ်သိန်းရတယ်၊ ခင်ဗျားတို့လယ်ဝေးမှာက သစ်လည်းပေါတယ်၊ လူလည်းရှိတယ်၊ လာရောက်နိုင်မည်လား"

သခင်ဘနီထံ အကြောင်းကြားလိုက်တော့ လိုလိုချင်ချင်ပဲ အကြောင်းပြန်သည်။ လုပ်မယ်၊ လာခဲ့မယ်။ သို့ဖြင့် သခင်ဘနီကို လုပ်ငန်းတစ်ဝက်ပြီးချိန်မှာ ပထမငွေကျပ်တစ်သိန်းပေးလိုက်သည်။ နောက် လုပ်ငန်းအားလုံးပြီးသွားသောအခါ နောက်ထပ်ငွေကျပ်တစ်သိန်း ထပ်ပေးလိုက်သည်။ ကိစ္စပြီးသွားပြီ။ သို့သော် မပြီးနိုင်သူရှိနေသည်။ လွိုင်လင်မြို့မှာ ယခုကဲ့သို့ လယ်ဝေးသခင်ဘနီကိုခေါ်၍ တပ်ရင်းအဆောက်အအုံဆောက်ခြင်းအပေါ် မကျေနပ်သော မိုင်းဆတ်က ကန်ထရိုက်အချို့က အထက်သို့စာတင်သည်။ "လွိုင်လင်မြို့၌ တပ်အဆောက်အအုံများ ဆောက်စဉ် တင်ဒါလုံးဝမခေါ်ပါ။ တပ်ရင်းမှူးကြီး မရိုးမသား ဆောင်ရွက်ခဲ့သည်"

သို့ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံးက ခေါ်တော့သည်။ "မင်း ဒီလိုက ဒီလိုပဲ တင်ဒါမခေါ်ဘဲနှင့် ဆောက်တာ ဘာကြောင့်လဲ"တဲ့။ သို့သော် ကျွန်တော်က ရိုးရိုးသားသားပင် ရှင်းလင်းတင်ပြနိုင်၍ အမှုမဖြစ်ခဲ့ပေ။

သြော် မိုင်းဆတ်မြို့မှာနေစဉ်က ကျွန်တော် ဒဏ်ရာဆေးကုရန် ရန်ကုန်ရောက်နေစဉ် ကျော်မကောင်း ကြားမကောင်း အမှုတစ်ခုဖြစ်ခဲ့သည်။ စပါးစိုက်ပျိုးရေးတွင် လုပ်ကိုင်နေသော ရဲဘော်နှစ်ဦးအနက် တပ်ကြပ် ဘသန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက အမှုဖြစ်သည်။ တစ်နေ့တွင် ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်နေသော ဝမ်ဟုန်ရွာက မိန်းကလေးတစ်ဦး အိမ်ကပျောက်သွားသည်။ ရွာပြင်ထွက် ဟင်းရွက်သွားခူးသည် ထင်၍ စောင့်ရာ တစ်ညအိပ်ကြာသွားသည်။ မိန်းမပျို အိမ်သို့ ပြန်မရောက်လာ။ ထို့ကြောင့် မိုင်းဆတ်မြို့စားကို ထိုအကြောင်း သွားရောက် တိုင်ကြားသည်။ မြို့စားက တပ်ကို လာတိုင်သည်။

တပ်ရင်းမှူးက ကျွန်တော့်နေရာမှာ တာဝန်ယူနေသော ယာယီတပ်ရင်းမှူး ဗိုလ်မှူးထွန်းလင်း။ သို့ဖြင့် ဝမ်ဟုန်ရွာ၏ အနောက်တောစပ်ထဲမှာ လိုက်ရှာကြစဉ် အပုပ်နံ့ရသည်ဆို၍ တောနင်းကြရာ ပုပ်ပွနေသော မိန်းမပျို ၏ အလောင်းကို တွေ့သည်။ အလောင်းကို မိုင်းဆတ်ဆေးရုံ ဆရာဝန်က စစ်ဆေးသောအခါ မုဒိမ်းကျင့်ပြီး သတ်ထားကြောင်း ပေါ်လွင်လေသည်။ သည်တွင် တပ်ရင်းမှူးက အမှုကျူးလွန်သူ ရဲဘော်ကို တရားစွဲသောအခါ ကိုယ်တိုင်ဝန်ခံချက်ဖြင့် သေဒဏ်ကျခံရသည်။ အယူခံဝင်သောအခါ သက်သေ အခြားမရှိ။ သူတစ်ဦးတည်း ကိုယ်တိုင်ဝန်ခံချက်သာရှိသဖြင့် သတ် ညှာသောအားဖြင့် ထောင်ဒဏ် ၁၀ နှစ်သာ ကျခံရသည်။ နောက်အကျဉ်း ထောင်ထဲမှာပဲ ကွယ်လွန်သွားရှာသည်။ နောက်တစ်မှု ရှိသေး၏။

၁၉၅၆ ခုနှစ်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရာ ရှမ်းတောင် တန်းသားများကောင်စီ (စော်ဘွားကောင်စီ) မှ ဦးစိုင်းရီတစ်ကို မိုင်းဆတ် တောင်ပိုင်း။ မဲဆန္ဒနယ်အတွက် အမတ်လောင်းစာရင်းတင်သည်။ ကျိုင်း တုံက ပဒေသရာဇ် ဆန့်ကျင်ရေးကောလိပ်ကျောင်းသား စိုင်းလုံဦးကလည်း အပြိုင် ဝင်အရွေးခံသည်။ ထိုသို့ ရှမ်းစော်ဘွား ပဒေသရာဇ် ကိုယ်စားလှယ် အမတ်လောင်းနှင့် ယှဉ်ပြိုင်အရွေးခံရန် စီစဉ်ရာ၌ တပ်မတော် တပ်ရင်းတပ် ဖွဲ့များက ကူညီခဲ့၏။ တပ်မတော်အနေဖြင့် မသင့်မတော် ပါတီ နိုင်ငံရေး ကိစ္စ မှားယွင်းစွာ ပါဝင်မိခြင်းတည်း။

❒

## အခန်း (၃၈)
## ကာကွယ်ရေးဝန်ကြီး ကျားကြီးဗဆွေနှင့် ဖဆပလ ဦးကျော်ငြိမ်းတို့က စစ်တပ်ကို ဖိအားပေးခြင်း

ရန်ကုန်မြို့ရှိ ဖဆပလအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဆိုရှယ်လစ်ပါတီ ဌာနချုပ်မှ ဥက္ကဋ္ဌ ကျားကြီးဗဆွေနှင့် ဦးကျော်ငြိမ်းတို့က နယ်မြေခံတပ်မတော် တပ်ရင်းတပ်ဖွဲ့များကို ရွေးကောက်ပွဲ၌ ထိုသို့ဆောင်ရွက်ရန် ဖိအားပေးထား သည်။ ဦးဗဆွေက ကာကွယ်ရေးဝန်ကြီးလည်း ဖြစ်နေပေရာ ဝန်ကြီးစကားကို တပ်မတော်တပ်ရင်းတပ်ဖွဲ့တို့က မည်သို့မျှ ငြင်းပယ်ရန် မရှိပေ။

ဤသို့ဖြင့် ရွေးကောက်ပွဲ၌ ပဒေသရာဇ်ဆန့်ကျင်ရေး ကောလိပ် ကျောင်းသားကို ကျွန်တော်တို့ တပ်မတော်သားတွေက အားပေး၍ ဒေသခံ ပြည်သူလူထုကိုလည်း ကောလိပ်ကျောင်းသား ရှမ်းပြည်နယ်အစိုးရလွှတ် တော် အမတ်လောင်းကို မဲပေးရန် မဲဆွယ်ပေးရာ ကောလိပ်ကျောင်းသား မဲနိုင်သွား၍ ရှမ်းစော်ဘွားတို့ ကိုယ်စားလှယ် ဦးစိုင်းရီတစ်မှာ ကျိုင်းတုံ တောင်ပိုင်း မဲဆန္ဒနယ်တွင် လုံးလုံးကြီး ရှုံးသွားရှာသည်။

မဲရေတွက်သည့်နေ့က အမတ်လောင်း ဦးစိုင်းရီတစ်နှင့် ကျွန်တော် ဆုံမိရာ ဦးစိုင်းရီတစ်သည် ငိုကြီးချက်မနှင့် မျက်ရည်လည်ရွဲဖြစ်ကာ

"ဗိုလ်မှူးကြီးတို့ လုပ်ရက်တယ်ဗျာ၊ ကျွန်တော့်အပေါ် ရက်စက် တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ ကျွန်တော် စိတ်မကောင်းဖြစ်ရသေးသည်။ အမှန်က ကျွန်တော်တို့မှာလည်း အထက်က ဗိုလ်ချုပ်အောင်ကြီးတို့ကအစ ပဒေသရာဇ်ဆန့်ကျင်ရေး၊ စော်ဘွားဆန့်ကျင်ရေးဝါဒကြီး ဆောင်ရွက်ရန် ခိုင်းထားတော့ လူကြီးကြိုက်အောင်လည်း အစဉ်အလာမရှိဘဲ တပ်မတော် နာမည်ပျက်ကာမှပျက်စေ လုပ်ပေးရပေသည်။

ဤကိစ္စတွင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်အောင်ကြီးတို့ကသာ ပဒေသရာဇ်ဆန့်ကျင်ရမယ်၊ ဘာညာနှင့် ဖြစ်နေသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု သဘောထားကား ဤသို့မဟုတ် အဖြူထည်ပင်။ ဘာဝါဒညာဝါဒတွေ ဆုပ်ကိုင်မထားသည်မှာ ဦးနု၏သဘောထား အမှန်ပင်။

ဤသို့ဖြင့် တပ်မတော်က ဝင်ရောက်မဲဆွယ်ပေးမှုအပေါ် မကျေနပ်သူတွေက အထက်သို့ တိုင်စာပို့ကြသေးသည်ဟု သိရ၏။ သို့သော် မည်သူ့ကို မည်သို့ အရေးယူမည်နည်း။ အာဏာရနိုင်ငံရေးပါတီခေါင်းဆောင်တွေ ကိုယ်တိုင်က ခိုင်းတာကိုလုပ်ရခြင်းဖြစ်ပေရာ တိုင်စာမှာ အမှိုက်ခြင်းထဲ ရောက်သွားပုံရ၏။

ဤတွင် ကျွန်တော်တို့တပ် လွိုင်လင်သို့ ပြောင်းမိန့်အတိုင်း ၁၉၅၆ ခုနှစ်၊ ဧပြီလ သင်္ကြန်အပြီးတွင် လွိုင်လင်သို့ တပ်ပြောင်းခဲ့၏။ ကျွန်တော်တို့ကို တပ်နှင့်လဲရသူမှာ ခြေလျင်တပ်ရင်း ၂၀ ဖြစ်လေသည်။ မိုင်းဆတ်က နေ၍ ပထမတော့ တောင်ကြီးသို့ သွားရပြီး လွိုင်လင်မှာ တပ်ရင်းတပ်မှူး စခန်းချကြရ၏။

ပြောရဦးမည်။ တောင်ကြီးမြို့ရောက်ပြီး ရက်သတ္တတစ်ပတ်လောက် အကြာတွင် ဆရာမကြီး ဒေါ်ရီကြိန်က ကျွန်တော့်ဆီ အခေါ်လွှတ်သည်။ ဒေါ်ရီကြိန်မှာ ထိုစဉ်က ဘာရှိသေးလဲ၊ အသက် ၄၀ ခန့် ဖြူဖြူချောချော၊ ရှမ်းပြည်နယ် ပညာရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်နေသည်ဟု သိရ၏။ သူ့ခင်ပွန်းက ဦးလှကျော်ဖြစ်သည်။ ဦးလှကျော်မှာ ရှမ်းပြည်နယ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့ သေနတ်ကိုင်တပ်ရင်း ၁ မှာ လွိုင်လင်၊ ဟိုပုန်း၊ ရပ်စောက် စသော မြို့နယ်များတွင် တပ်ခွဲတစ်ခွဲစီ တာဝန်ချထားသည်။ တပ်ရင်းရုံးကို တောင်ကြီးမှာထားသည်။ ထိုစဉ်က ဗိုလ်မှူးကြီး



ထွန်းစိန်က တပ်မဟာ ၄ ၏ တပ်မဟာမှူးအဖြစ် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ရောက်နေသည်။ ဗိုလ်မှူးကြီးထွန်းစိန်မှာ နောင်တွင် အိမ်စောင့်အစိုးရခေတ် ဗိုလ်ချုပ်ကြီးနေဝင်း ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်စဉ် "မြို့တော်ကို ချေးဖြင့် ဆေးမည်" ကြွေးကြော်သံဖြင့် မြို့တော်ဝန်ဖြစ်ခဲ့သူ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သာကေတမြို့သစ်များ တည်ထောင်ပေးခဲ့သူပင်။ ကျွန်တော်က အမှတ် ၄ တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန် လက်အောက်တွင် ရှိနေသည်။

သည်တွင် စောစောက ပြောခဲ့သော ဒေါ်ရီကြိန်အကြောင်း ဆက်ပြောပါမည်။ တစ်ကြိမ်တွင် ဗိုလ်မှူးချုပ်မောင်မောင် တောင်ကြီးသို့လာစဉ် ပြည်နယ် ပညာရေးမှူးချုပ် ဒေါ်ရီကြိန်အိမ်သို့ သွားလည်၍ ကျွန်တော်လိုက်ပါသွားရာ ဒေါ်ရီကြိန်နှင့် မြင်ဖူး တွေ့ဖူးခဲ့သည်။ ထို့ပြင် တပ်မဟာ ၁ တပ်မဟာမှူး ဗိုလ်မှူးကြီးသန်းစိန်ကလည်း ဒေါ်ရီကြိန်ကို ကျွန်တော့်အကြောင်း ပြောထားဖူးသည်ဟု သိရသည်။

ဒေါ်ရီကြိန်ကား ပညာရေးလောကမှဖြစ်၍ ကျောင်းဆရာမတစ်ယောက်လည်း ဖြစ်ဖူးတော့ ကျွန်တော်တို့တပ်ဘက်က ပုဂ္ဂိုလ်များက ရိုသေခင်မင်ကြသည်။ ဒေါ်ရီကြိန်ကလည်း ယဉ်ကျေးဖျူငှာသည်။ ကျွန်တော့်ကို ဗိုလ်မှူးဟုခေါ်ကာ ဆက်ဆံရေး ပျော့ပျောင်းပါသည်။

ဒေါ်ရီကြိန်ကို တပ်မဟာ (၄) တပ်မှူးဗိုလ်မှူးကြီးထွန်းစိန်က ကျွန်တော့်အကြောင်း ညွှန်းဆိုပြောပြထားသည်ဟု သိရသည်။ ဗိုလ်တင်ဦးက ယဉ်ယဉ်ကျေးကျေးနှင့် ပြည်သူလူထုကို ဆက်ဆံတတ်သည့်အကြောင်း စသည်ဖြင့် ပြောဆိုထားသည်ဟု သိရသည်။

ဤတွင် တောင်ကြီးမြို့ရောက်ပြီး မကြာသော တစ်နေ့တွင် ဒေါ်ရီကြိန်က သူ့အိမ်သို့ ခေတ္တ အလည်လာဖို့ ဖိတ်ခေါ်သဖြင့် ကျွန်တော်ရောက်သွားသည်။ ထိုနေ့က ကျွန်တော့်ကို ထမင်းကျွေးဧည့်ခံရင်း စားစားသောက်သောက်ဖြင့် ဒေါ်ရီကြိန်က ဤသို့ပြောလေသည်။

"တောင်ကြီးနဲ့ ရှမ်းပြည်တောင်ပိုင်းဒေသတွေက တပ်မတော်သားတွေက ပြည်သူနဲ့ဆက်ဆံရာမှာ အခြေအနေ မကောင်းဘူး၊ တပ်မတော်သားတွေက ရှမ်းအမျိုးသားတွေအပေါ် နိုင်ထက်စီးနင်း ပြုကြတယ်၊ ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဗိုလ်မှူးကြီးသန်းစိန်ကလည်း ပြောဖူးတယ်၊ ဗိုလ်တင်ဦး ရောက်လာရင် အခြေအနေကို ပြောပြပြီး ထိန်းပါစေတဲ့"

ဒေါ်ရီကြိန်က ပြောပါသေးသည်။

"ဗိုလ်မှူးကြီးထွန်းစိန်ကလည်း ဗိုလ်မှူးတင်ဦးက ပြည်သူတွေနဲ့ ဆက်ဆံရေးမှာ သဘောထားကောင်းမွန်သူဖြစ်တယ်လို့ ပြောဖူးပါတယ်၊ ဒါကြောင့် ဗိုလ်မှူးကို အပူကပ်ပါရစေ၊ တောင်ကြီးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ တပ်မတော်သားတွေနဲ့ ပြည်သူလူထု ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်"တဲ့။

သည်တုန်းက ထမင်းစားကြရာမှာ ဒေါ်ရီကြိန်၏ခင်ပွန်း ဆရာလှကျော်လည်းပါသည်။ ဒေါ်ရီကြိန်တို့ နေထိုင်သော အိမ်ကလေးမှာ တောင်ကုန်းတစ်ခုပေါ်တွင်ရှိ၍ အတော်ပင် လှလှပပ သပ်သပ်ရပ်ရပ်ပင်။ အစိုးရအရာရှိများအတွက် ဆောက်ပေးထားသောအိမ်ဟု သိရသည်။

ပထမတွင် ရှမ်းပြည်နယ် ပညာရေးမှူးမှာ ရှမ်းအမျိုးသား စော်ဘွားနွယ် စဝ်ဆိုင်မွန်ဖြစ်လေသည်။ စပ်ဆိုင်မွန်က ရာထူးတိုးမြှင့်ပြောင်းရွှေ့သွား၍ ဒေါ်ရီကြိန်က ထိုနေရာ၌ တာဝန်ထမ်းဆောင်ရန် တောင်ကြီးမြို့သို့ ရောက်လာခြင်း ဖြစ်ပေသည်။

ဒေါ်ရီကြိန်က ဆက်ပြောပါသေးသည်။

"ရှမ်းပြည်နယ်မှာ စော်ဘွားများနှင့်ပတ်သက်၍ တပ်မတော်က အကိုင်အတွယ် ကြမ်းတမ်းလှတယ် ဗိုလ်မှူးရယ်၊ ကျွန်မတို့လည်း ပဒေသရာဇ်ဆန့်ကျင်ရေးစိတ်ဓာတ် အပြည့်အဝရှိသူပါပဲ၊ ဒါပေမဲ့ ယခုလို စော်ဘွားတွေ အာဏာစွန့်ရေးကိစ္စတွေမှာ တပ်မတော်က ကြမ်းကြမ်းတမ်းတမ်းလုပ်တာမျိုးတော့ မသင့်လျော်လှဘူး၊ တပ်မတော်သားတွေ အောက်ပိုင်းကပြုကျင့် ဆက်ဆံနေကြပုံက အလွန်ဆိုးရွားလှလို့ ရှမ်းတောင်သူတွေမှာ စစ်သားဆိုရင် သိပ်ပြီး ကြောက်ရွံ့ထိတ်လန့်နေကြတယ်"

ဒေါ်ရီကြိန်က ဆက်ပြောပါသေးသည်။

"ဒီလိုပြောရတာလည်း ဗိုလ်မှူးအကြောင်းကို သိထားလို့ ပြောရတာပါ၊ ဗိုလ်မှူးတပ်တွေကို ပြည်သူတိုင်းရင်းသားတွေအပေါ်မှာ ယဉ်ယဉ်ကျေးကျေး အဆင်ပြေပြေ ဆက်ဆံစေချင်တယ်"



အမှန်က ကျွန်တော့်တပ်တွေက ဒီလောက်မဆိုးပါဘူး။ ယခင်ကရှိနှင့်ပြီးသော တပ်ရင်းတပ်ဖွဲ့အချို့ကသာ ယခုလို ပြဿနာတွေ ဖြစ်ကြခြင်းပင်။ သည်လိုဖြစ်ကြရခြင်းအပေါ် အပြစ်တင်၍မဖြစ်။ သည်ကဲ့သို့ စော်ဘွားနှင့် မျိုးနွယ်စုတွေအပေါ် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပြုမူရအောင် ရန်ကုန်မြို့မှာရှိသော ဆိုရှယ်လစ်ပါတီ အချို့ခေါင်းဆောင်တွေက ဖိအားပေးထားခြင်းကြောင့်ဖြစ်သည်။ အပေါ်က ခေါင်းဆောင်တွေ၏ သဘောထားမှာ ရှမ်းပြည်နယ်တွင် ပဒေသရာဇ်ဆန့်ကျင်ရေး လုပ်ရမည်။ သည်လိုလုပ်၍ ဆန့်ကျင်သူ ပေါ်ပေါက်လာလျှင် ခပ်ကြမ်းကြမ်း ကိုင်တွယ်ရန်လည်း ခွင့်ပြုထားကြလေသည်။ ချုပ်နှောင်မည်။ ဖမ်းဆီးမည်။ ရိုက်မည်။ နှက်မည်။ လက်လွန်ခြေလွန်ဖြစ်တာတွေလည်း ရှိသည်။

ထိုနေ့က ဒေါ်ရီကြိန် ပြောသည်မှာ ယုံနိုင်စရာပင်မရှိ။ ကျွန်တော့်နားကိုပင် ကျွန်တော် မယုံနိုင်ချေ။

"ဗဟိုက တောင်ကြီးမြို့ကို လွှတ်ထားတဲ့ ပဒေသရာဇ်ဆန့်ကျင်ရေးအဖွဲ့တစ်ဖွဲ့ ရှိတယ်၊ အဲဒီအဖွဲ့ကို ဗိုလ်---က ဦးဆောင်နေတယ်၊ သူ့နောက်မှာပါတဲ့ လူနှစ်ယောက်မှာ တစ်ယောက်က အခွင့်အရေးသမား၊ နောက်တစ်ယောက်က ပညာရှင်၊ အခွင့်အရေးသမားက နာမည်---တဲ့၊ ပညာရှင်ရဲ့နာမည်က ဦးညီညီ။ သူကတော့ ပညာတတ်ပီပီ၊ အရာရာကို ဆင်ခြင်ခြင် တိုင်းထွာဆောင်ရွက်သူပါပဲ"

အဆိုပါ ဗိုလ်---နှင့် အဖွဲ့ဝင်တစ်ဦးက ကြမ်းကြမ်းတမ်းတမ်း ဆောင်ရွက်သလောက် ဦးညီညီက သတိနှင့် ဆောင်ရွက်သည်။ ထိုအဖွဲ့ကို ဗဟိုဆိုရှယ်လစ်ပါတီခေါင်းဆောင်တွေက ကုန်ကျစားရိတ် တနင့်တပိုးပေးပြီး ပဒေသရာဇ်ဆန့်ကျင်ရေး ဆောင်ရွက်ရန် တောင်ကြီးမြို့သို့ တာဝန်ပေးစေလွှတ်ထားခြင်းပင်။

သူတို့အဖွဲ့ကို တောင်ကြီးမြို့အတွက် တောင်တစ်လုံးမှာ ရေမီးအစုံနှင့် အိမ်တစ်လုံး ပေးထား၏။ သည်အဖွဲ့က တပ်မတော်သားတို့နှင့် ပေါင်းကာ ပဒေသရာဇ်စနစ်ဆန့်ကျင်ရေး ဟောပြောစည်းရုံးရာ၌ ဆန့်ကျင်ပြောဆိုသူတို့ကို ခပ်ကြမ်းကြမ်း ကိုင်တွယ်တတ်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခြေလွန်လက်လွန် အမှုအခင်းများလည်း ဖြစ်သွားတတ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရဦးမည်။ ထိုသို့ ပဒေသရာဇ်ဆန့်ကျင်ရေး လာရောက်ဆောင်ရွက်မှု ဗိုလ်--- မှာ ပျဉ်းမနားမြို့ကဖြစ်၍ နတ်ကိုးကွယ်မှုတွင် အလွန်ဝါသနာထုံသူဟုဆို၏။ တောင်ကြီးမြို့ရှိ သူ့အိမ်၌ ၃၇ မင်း နတ်စင်ကြီးများ ခုံညားစွာ ထားရှိပြီး နတ်ကိုးကွယ်မှုကို အလွန်အကျွံ ယုံကြည်သူပင်။

သူ့အိမ်က နတ်ကွန်းစင်ကြီးတွင် ဓားရှည်များနှင့် လက်နက်မျိုးစုံလည်း တွေ့နေသည်။ ကျွန်တော့်အိမ်နှင့် နီးသဖြင့် မြင်နေရသည်။ ခေါင်းဆောင်လုပ်သူက ဆန္ဒရှိသမျှကို အကြမ်းဖက်ကာ တပည့်က အကောင်အထည်ဖော်၍ ပြဿနာတွေ ပွားနေခြင်းဖြစ်၏။

သူတို့အဖွဲ့၌ ပါဝင်သော ပညာရှင်ကိုညီညီမှာ ပညာရှင်ဖြစ်တော့ အဖွဲ့ခေါင်းဆောင်နှင့် တပည့်ကျော်တို့ ပြည်သူတိုင်းရင်းသားတို့အပေါ် မတော်မတရားလုပ်နေမှုများကို မနှစ်မြို့နိုင်။ ကျွန်တော့်ကို ကိုညီညီက မကြာခဏလာရောက်၍ သူတို့အဖွဲ့ခေါင်းဆောင်၏ မသင့်မတော် အမှုအခင်းများ သတင်းပေး တိုင်ကြားပါသေးသည်။ သို့သော် ကိုညီညီမှာ ပညာတတ်သဘောသဘာဝ ပြည့်ဝသူဖြစ်ပေရာ ထိုအဖွဲ့နှင့် အချိန်ကြာကြာ သဟဇာတ မဖြစ်။ စိတ်ညစ်ပြီး ရန်ကုန် ပြန်ပြေးတော့၏။

ထိုနေ့က ဒေါ်ရီကြိုန်ပြောသည့် အကြောင်းအရာ၌ အဆိုပါဗိုလ်--- နှင့်အဖွဲ့တို့က တပ်မတော်နှင့် ပူးပေါင်းကာ ရှန်းရင်းဆန့်ခတ်မှုများ ဖြစ်ကြလေရာ တစ်ယောက်စ၊ နှစ်ယောက်စ စော်ဘွားအနွယ်ဝင်တွေ အသက်ဆုံးပါး ဒဏ်ရာရပြီး ဆေးရုံပို့ရတာအထိ ဖြစ်ခဲ့သောကြောင့် တပ်မတော်ကကြားမှ နာမည်ဆိုးခံရနေခြင်းပင်။ ထိုသို့ အသက်ဆုံးပါးရှာသူများတွင် စော်ဘွားကိုယ်တိုင် မဟုတ်သော်လည်း စော်ဘွားအောက်က ငွေခွန်မှူးစသူတို့ ပါဝင်လေသည်။

ဤသို့ တပ်မတော်က နာမည်ပျက်ခံပြီး ဝင်ရောက်ကျူးကျော်ကာ ပဒေသရာဇ် ဆန့်ကျင်ရေးလုပ်ခဲ့သည့် အမှုအခင်းများ၏ အဆက်ကြောင့် နောက်ပိုင်းတွင် တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော တပ်မတော်၏ ဂုဏ်ရည်သည် စစ်အာဏာရှင်တို့၏လက်တွင် မှိုချိုးမှျစ်ချိုးအဖြစ်ဆိုး ကြုံကာ ယနေ့ထက်တိုင် ရှင်း၍မရ၊ ငြိမ်းမရသော ပြဿနာမီးကြီး လောင်မြိုက်နေခြင်းပင်။



ထိုနေ့မှာ ကျွန်တော်က ဒေါ်ရီကြိုန်ကို ကောင်းစွာ ကတိပေးခဲ့သည်။ "အစ်မကြီး၊ စိတ်ချ၊ ကျွန်တော့်တပ်သားတွေ သည်အဖြစ်မျိုး လုံးဝ မလုပ်စေရဘူး၊ ကတိပေးပါတယ်"ဟု။ ဒေါ်ရီကြိုန်က ကျွန်တော့်ကို ထိုသို့တိုင်ကြား အသိပေး၊ ပြောဆိုအကူအညီတောင်း၍မှ မကြာသေးမီတစ်ရက်တွင် ၁၉၅၆ ခုနှစ်၊ မေလကုန်လောက်မှာပင် တောင်ကြီးမြို့သို့ ရန်ကုန်မြို့မှ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု ရောက်လာလေသည်။

ဝန်ကြီးချုပ် ရောက်လာသည်ဆိုတော့ ကျွန်တော်တို့ တပ်မတော်အရာရှိကြီးများ ဟဲဟိုးလေဆိပ်သို့ သွားရောက်ကြိုဆိုကြရသည်။ ထိုစဉ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ စဝ်ခွန်ချို့က ဖိတ်ကြား၍ ဦးနုရောက်လာခြင်းပင်။ ဟဲဟိုးလေဆိပ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကို တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ မှတ်မိသေးသည်။ ကျွန်တော့်တပ်ရင်းမှ တပ်ခွဲ ၂ တပ်ခွဲမှူး၊ ဗိုလ်ကြီးခင်ညိမ်း ဦးဆောင်၍ တပ်က အလေးပြု ဂုဏ်ပြုကြိုဆိုခြင်းပင်။ တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန်နှင့် ကျွန်တော်တို့လည်း ဟဲဟိုးလေဆိပ်တွင် ရှိနေကြပေသည်။ ယခု ရန်ကုန်မြို့ မိဝိတာဒါနဆေးရုံကြီးတွင် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကိုကိုကြီး(ငြိမ်း)လည်း ထိုနေ့က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကို ကြိုဆိုကြသူများ၌ ပါဝင်သည်ကို သတိရ၏။ သူက ထိုစဉ်က တပ်မဟာ ၄ မှ ဗိုလ်မှူး ဖြစ်လေသည်။ ဗိုလ်မှူးကိုကိုကြီးကလည်း တိုင်းရင်းသားပြည်သူတွေအပေါ်တွင် တပ်မတော်၏ လွန်ကျူးမှုကိုမကြိုက်။ မနှစ်သက်။ ထို့ကြောင့် ကျွန်တော့်ကို မကြာခဏ မှာဖူးသည်။ "ဗိုလ်မှူး ခင်ဗျားလူတွေ ကြည့်ထိန်းဦးဗျာ"တဲ့။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ခါးကို ဖက်၍ငိုရင်း ကယ်တော်မူပါဟု ပြောသည့် သမခန်း ရှမ်းစော်ဘွား

ထိုနေ့က Guard of Honour ဂုဏ်ပြုတပ်ဖွဲ့ကို နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု စစ်ဆေးအလေးပြုခံယူပြီးနောက် ဧည့်သည်တော်များ ကြိုဆိုနေသော နေရာသို့ လျှောက်လှမ်းလာစဉ်မှာပင် ဧည့်သည်တော်များအဖွဲ့က ကြိုဆိုနေသူ သမခန်းစော်ဘွား စဝ်ထွန်းအေးသည် ဝန်ကြီးချုပ်ဦးနုထံ ပြေးသွားပြီး ဦးနု၏ ခါးကိုဖက်၍ ငိုလေတော့သည်။ နှုတ်ကလည်း ဤသို့ တစာစာ ငိုရင်းပြောနေသည်။

"နောင်တော်ရဲ့၊ ကျွန်တော်တို့ ဘဝမှာတော့ နောင်တော်ကယ်တင်မှ အသက်ရှင်ရပါမယ်၊ ကျွန်တော်တို့ရဲ့ ယနေ့ဘဝဟာ သိပ်ကိုပဲ အန္တရာယ်များနေပါတယ်၊ ကျွန်တော်တို့မှာ သူတို့ကိုပဲ အများကြီး ထိတ်လန့်ကြောက်ရွံ့နေရပါတယ်၊ စစ်တပ်နဲ့ ပတ်သက်တဲ့ သမိုင်းမှာ လုပ်ဆောင်နေကြတဲ့ ကိစ္စကို နောင်တော့်ကိုပဲ အားကိုးပါရစေ၊ နောင်တော် ကျွန်တော်တို့ကို ကယ်ပါ"ဟု ပြောလည်းပြော၊ ငိုလည်းငိုနေတော့သည်။

ထိုအချိန်၌ အနီးတွင် ရှိနေကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဥက္ကဋ္ဌ စဝ်ခွန်ချို့နှင့် အခြားစော်ဘွားများမှာ မျက်နှာသေကလေးတွေနှင့် မတုန်မလှုပ် ကျောက်ရုပ်အသွင် ရပ်နေကြလေသည်။ သို့သော် မိုးနဲစော်ဘွား စောပြည့်

www.burmeseclassic.com

www.burmeseclassic.com



ကမူ နဂိုမူလကပင် ခပ်ထန်ထန်မျက်နှာထားဖြင့် ရပ်နေသည်။ ဝန်ကြီးချုပ်အား တပ်မတော်အပေါ် မကျေနပ်၍ တိုင်တန်းသည်ကို သဘောကျသော်လည်း အမူအရာကား မာန်အပြည့်ပင်။

သမခန်းစော်ဘွား စောထွန်းအေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဖြစ်၍ မိုးမိတ်စော်ဘွား စဝ်ခွန်ချိုမှာ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်အဆင့် ဥက္ကဋ္ဌ တာဝန်ယူရလေသည်။

ရှမ်းပြည်နယ် လွှတ်တော်တွင် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ် အမတ် (၂၅)ယောက်က ရွေးချယ်ခံစရာ မလိုဘဲ အလိုအလျောက် အမတ်ဖြစ်နေ၍ ပြည်သူလူထု ကိုယ်စားလှယ် ၂၅ ယောက်ကိုကား ရွေးကောက်ပွဲဖြင့် ရွေးချယ်ရပေသည်။

သမခန်းစော်ဘွား စဝ်ထွန်းအေးက ထိုသို့ရှိသောအခါ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဟဲဟိုးလေယာဉ်ကွင်းမှာပင် သူ့ခါးကိုပြန်ဖက်၊ ကျောကိုလက်ဖြင့် အသာအယာသပ်ကာ ဤသို့ပြန်ပြော၏။

ဦးနုက "ညီတော်တို့၊ ဒီကိစ္စကို မပူပန်ကြပါနှင့်၊ သည်ကိစ္စက ကုစားလို့ရသောကိစ္စ ဖြစ်ပါတယ်"ဟု ချေချေငံငံ ပြန်ပြောလေသည်။ ခဏကြာတော့ တောင်ကြီးမြို့ထဲကိုသွားဖို့ ဦးနုနှင့်အတူပါသူ တာဝန်ရှိသူများ ကားပေါ်တက်ကြသည်။ ကျွန်တော်တို့လည်း အားလုံး အသီးသီးကားများ ပေါ်တက်ကြသည်။ တောင်ကြီးမြို့ထဲက အစိုးရ ဧည့်ဂေဟာမှာ ထိုနေ့ နံနက်က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တပ်မတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရဌာနပေါင်းစုံမှ အရာရှိကြီးများ၊ စော်ဘွားများ စုဝေးပြီး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ တပ်မဟာ ၄ တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန်လည်း တက်ရောက်ခဲ့သည်။

အစည်းအဝေး မလုပ်မီ ဧည့်ခန်းတွင် ဧည့်သည်များ ရောက်ရှိနေကြစဉ် ထမင်းမစားကြသေးဘဲ ပြဿနာအရပ်ရပ်ကို ပွည်ပွည်နှင့် ပြောဆိုနေကြပြီး ထမင်းစားကြသည်။ ထမင်းစားပြီးကြသည်နှင့် တက်ရောက်သော ဧည့်သည်တော်များနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့ အစည်းအဝေးလုပ်ကြသည်။

အစည်းအဝေးတွင် မိုးမိတ်စော်ဘွား စဝ်ခွန်ချိုက ပထမ စတင်စကားပြောသည်။ စဝ်ခွန်ချိုက နိုင်ငံတော်ဝန်ကြီးချုပ်အား "နောင်တော်ဝန်ကြီးချုပ်ခင်ဗျား၊ ယခုအစည်းအဝေးကို တက်ရောက်လာတဲ့ တပ်မတော်မှ တပ်မှူးကြီး အရာရှိကြီးများဟာ အလွန်ပင် သဘောထားပြည့်ဝကြသူများ ဖြစ်ပါတယ်၊ ဒါပေမဲ့ ယခုလောလောဆယ်မှာ ညီတော်တို့၊ စော်ဘွားများရဲ့ ဘဝဟာ နောင်တော်သိတဲ့အတိုင်း မလုံခြုံပါဘူး၊ ညီတော်တို့ကို ပဒေသရာဇ်အဖြစ် သတ်မှတ်ထားကြဆဲဖြစ်ပါတယ်၊ ဒါပေမဲ့ ညီတော်တို့ဟာ ခေတ်စနစ်နဲ့အညီ ပဒေသရာဇ်စနစ်ကို ပြောင်းလဲပေးသွားရမည်ဆိုတာ ညီတော်တို့ နားလည်ပါတယ်၊ နောင်တော်လည်း သိပြီးသားပါ၊ ညီတော်တို့ ပဒေသရာဇ်အာဏာ စွန့်ပါ့မယ်၊ စော်ဘွားတွေရဲ့ အာဏာကို စွန့်လွှတ်ပြောင်းလဲပေးဖို့ အဆင်သင့်ပါပဲ၊ ဒါပေမဲ့ အောက်လက်က တပ်မတော်သားအချို့ဟာ အလုပ်လုပ်တဲ့နေရာမှာ ခြေလွန်လက်လွန် လုပ်ကြတာတွေ ရှိနေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ဘဝတွေဟာ မလုံခြုံပါဘူး။ နောက်တစ်ခုပြောချင်တာက ယခုကျွန်တော်တို့ရှေ့မှာ ရှိနေတဲ့ ဗိုလ်မှူးကြီးထွန်းစိန်ရဲ့ မိခင်ဟာ ကျွန်တော်တို့ ဆရာမကြီးပါ၊ ကျွန်တော်တို့ ငယ်စဉ်က စစ်ကိုင်းမြို့မှာ ကျောင်းနေစဉ်က ဆရာမကြီးက သွန်သင်ဆုံးမတာကို ကောင်းစွာနာခံမှတ်သားခဲ့ရတဲ့ ကျေးဇူးကိုလည်း ကျွန်တော် မမေ့ပါဘူး၊ ဒါကြောင့် ဗိုလ်မှူးကြီးထွန်းစိန်ဆိုတာ ကျွန်တော်တို့နဲ့ သိပ်စိမ်းစိမ်းကားကား မဟုတ်ပါဘူး၊ ရင်းရင်းနှီးနှီး ရှိပါတယ်။ သို့သော် ဗိုလ်မှူးကြီးထွန်းစိန်သည်ပင်လျှင် စစ်သားပီပီ အထက်က ပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်နေရတာကြောင့် လုပ်နေရတာတွေ ရှိပါတယ်"

ရှမ်းပြည်နယ်ကောင်စီ ဥက္ကဋ္ဌ စဝ်ခွန်ချို ပြောပြသည့် အဓိပ္ပာယ်ကို ဦးနုက သိပုံပေါက်ပါသည်။ ဗိုလ်မှူးကြီးထွန်းစိန်တို့လို စစ်အရာရှိတွေမှာ ပင်ကိုက ကောင်းပါလျက် အထက်က ခိုင်းသည့်အတိုင်း မဆိုင်းမတွ လုပ်ပေးနေရသည့်သဘောကို စဝ်ခွန်ချိုက ပွင့်ပွင့်လင်းလင်း ပြောဆိုနေဟန်ရှိပါသည်။

စဝ်ခွန်ချိုက ဆက်ပြောပါသည်။

"ကျွန်တော်တို့တစ်တွေဟာ ပဒေသရာဇ်အာဏာကို တဖြည်းဖြည်းအပြီးတိုင် စွန့်သွားဖို့ ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ နောင်တော်ဝန်ကြီးချုပ် သိပြီးသားပါ၊ တစ်ခုတော့ရှိပါတယ် နောင်တော်၊ ကျွန်တော်တို့ ပဒေသရာဇ်



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အာဏာစွန့်သွားတဲ့ နေရာမှာ စစ်ကေရာစ်တွေ ရောက်မလာဖို့ကိုတော့ နောင်တော်ဝန်ကြီးချုပ်က တာဝန်ယူပေးပါ၊ ကာကွယ်ပေးပါ၊ စောင့်ရှောက်ပေးပါ"

စဝ်ခွန်ချိုက ထိုသို့ပြောလာသောအခါတွင် အသက်အရွယ် ၃၀ မျှသာရှိသေးသော လူငယ်ကျွန်တော့်အဖို့ မခံချင်စိတ်တွေ ပေါ်လာလေသည်။ တပ်မှူးငယ်တစ်ဦးဘဝဖြစ်တော့ ဒေါသက ထောင်းခနဲ ထလာမိသည်။ ပြီးတော့ လူငယ်တို့ဘာဝ မာနကလေးကလည်း ရှိသေးတော့ ဒီစော်ဘွားနယ်၊ ဘာကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ကို တိုင်ရတာရတာလဲဆိုပြီး မကျေနပ်ပေ၊ သို့သော် ဒါက ဟိုတုန်းက လူငယ်စစ်ဗိုလ်တစ်ဦးမျှသာ၊ ယခုအသက်အရွယ်တွင်ကား ဟိုတုန်းက စဝ်ခွန်ချို ပြောသည်ကို ပြန်စဉ်းစားမိပြီး မှန်လိုက်လေဟု သဘောပေါက်အမြင်မှန်ရလာချေပြီ။

အမှန်က စဝ်ခွန်ချိုမှာ ပညာတတ်တစ်ဦးပီပီ အချက်ကျကျ ပြောနေခြင်းဖြစ်သည်။ ထို့ပြင် တပ်မတော်က တရုတ်ဖြူစခန်း နှမ်းဆန်ကို စစ်ဆင်ရေးလုပ်စဉ်က စော်ဘွားကြီးစဝ်ခွန်ချိုသည် ပြည်ထောင်စုစိတ်မှတ်ဖြင့် အပြည့်အဝ ကူညီခဲ့ဖူးသော သာဓကလည်း ရှိနေပေသည်။

သည်နေရာ၌ စော်ဘွားကြီးစဝ်ခွန်ချိုက ပညာရှင်ပီပီ ထောင့်စေ့အောင် ပြောနေခြင်းပင်။ သူက M.A.(Contab) ဘွဲ့ကို ဗြိတိန်နိုင်ငံ၊ကိန်းဘရစ်ချ်တက္ကသိုလ်က ရယူခဲ့သူဖြစ်သည်။ စော်ဘွားကြီးသည် အင်္ဂလိပ်အမျိုးသမီးနှင့် လက်ထပ်ထားသူပင်။

စော်ဘွားကြီးစဝ်ခွန်ချို ပြောသွားပြီးသော် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဖျန်ဖြေစကား ပြောကြားလေသည်။

"ညီတော်စဝ်ခွန်ချို ပြောဆိုသွားတာကို ကျွန်တော် သဘောပေါက်နားလည်ပါတယ်၊ စဝ်ခွန်ချိုပြောတဲ့ အခြေအနေမျိုး မရောက်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ တပ်မတော်အရာရှိပိုင်းကို မေတ္တာရပ်ခံလိုတာကတော့ ယခုစော်ဘွားကြီးစဝ်ခွန်ချို ပြောဆိုတင်ပြသွားသည်ကို ကြားကြတယ်နော်၊ အားလုံးတော့ ဒီကိစ္စတွေမှာ အေးအေးချမ်းချမ်းဖြစ်အောင် တာဝန်ခံဆောင်ရွက်စေချင်ပါတယ်"

နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်မှူးကြီးထွန်းစိန် အပါအဝင် ကျွန်တော်တို့



တပ်မတော်အရာရှိများကို ကြိမ်းမောင်းသည် မဟုတ်ဘဲ ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ ပြောဆိုမေတ္တာရပ်ခံသွားလေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီးထွန်းစိန်၏ ပြောလှည့်ရောက်သောအခါ ဗိုလ်မှူးကြီးက ပြေပြေပြစ်ပြစ်ပြော၍ ငြင်းဆိုလေသည်။ သို့သော် နိုင်ငံတော်ဝန်ကြီးချုပ် မေတ္တာရပ်ခံသည့်အတိုင်း ဖြစ်စေရန်၊ ဆောင်ရွက်ရန် တာဝန်ယူပါသည်ဟု ပြောဆိုသွားသည်။ ဤသို့ဖြင့် ထိုကိစ္စမှာ စော်ဘွားတွေက တိုင်ကြတောကြ၊ ဒေါသနှင့် တစ်ယောက်တစ်ပေါက် ပြောကြသော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဖျောင်းဖျ၊ ဗိုလ်မှူးကြီးထွန်းစိန်ကလည်း ပြေပြေပြစ်ပြစ်ပြန်ပြောသောကြောင့် ထိုကိစ္စမှာ ထိုနေ့က ထိုမျှနှင့် ပြီးသွားခဲ့ပေသည်။

သို့သော် ထိုသို့ ပြဿနာများ ငြိမ်းအေးစပြုလာသည့်အချိန်တွင် ပြဿနာတစ်ခုက တစ်ပတ်လည် ပေါ်လာလေတော့သည်။ ထိုကိစ္စက ၁၉၅၆ ခုနှစ်၊ မြန်မာတစ်နိုင်ငံလုံးတွင် အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပစဉ်က တောင်ကြီးမြို့ အပါအဝင် ရှမ်းပြည်နယ် တောင်ပိုင်းဒေသအချို့၌ နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိဟူသော အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲများကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားလိုက်ကြခြင်းပင် ဖြစ်သည်။ ယခု တောင်ကြီးခရိုင်တွင် နိုင်ငံရေး အခြေအနေများ တည်ငြိမ်အေးချမ်းစပြုပြီဖြစ်သောကြောင့် ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ကြလေသည်။

ရွေးကောက်ပွဲ လုပ်မည်ဆိုသည့်အချိန်တွင် ရှမ်းစော်ဘွားများကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များက ဝင်အရွေးခံမည်။ ထိုရွေးကောက်ပွဲ ကျင်းပမည့်ဒေသတွင် ဘယ်သူတွေက နိုင်ငံရေးအင်အား တောင့်သည်လဲဆိုတော့ ပအမဖ အဖွဲ့က ပအိုဝ်းအမျိုးသားညီညွတ်ရေးအဖွဲ့။ နောက်ထပ်ကွဲနေသော ပအိုဝ်းက ဖဆပလအဖွဲ့ချုပ်ကို ထောက်ခံသော ပအမစ ပအိုဝ်းအမျိုးသားအစည်းအရုံး၊ အင်အားကြီးသော ပအိုဝ်းအဖွဲ့၊ ပအမဖက တောထဲက ကွန်မြူနစ်ပါတီ ထောက်ခံထားသော မြေပေါ်ကွန်မြူနစ်၊ ရန်ကုန်က ပမညတအဖွဲ့နှင့် အဆက်အသွယ်ရှိသည်။

ကျွန်တော်တို့ကို အပေါ်မှာ ညွှန်ကြားသည်က ဖဆပလနှင့် အဆက်အသွယ်ရှိသော ပအမစ ပအိုဝ်းအမျိုးသားအစည်းအရုံး နိုင်အောင် လုပ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



မည်။ သည်တော့ ကျွန်တော်တို့လည်း ဘာတတ်နိုင်မှာလဲ။ အမိန့်သည် အမိန့်ပင်။ အထက်က အမိန့်အတိုင်း တစ်သဝေမတိမ်း လုပ်ပေးရသည်။ သည်အကြောင်းတွေမှာ တပ်မတော်နှင့်ပတ်သက်ပြီး ဂုဏ်သိက္ခာထိပါးအောင် ဆောင်ရွက်ခဲ့ရသည့် ကိစ္စများပင်။ လုပ်ရသည့်အချိန်ကလည်း စိတ်မချမ်းသာ။ ယခုပြန်ပြောရသည်မှာပင် စိတ်ထဲမှာ မချမ်းသာလှပါ။

ထိုစဉ်က ပအိုဝ်းနီ၊ ပအမဖမှ မျက်လုံးတစ်ဖက် မကောင်းသော ပုဂ္ဂိုလ် (နာမည်မေ့နေ၏) အရွေးခံ၍ ကျွန်တော်တို့ ပအိုဝ်းဖြူဘက်ကမူ ဖဆပလက ထောက်ခံထားသော ဦးဖေရှင်က အရွေးခံသည်။ ရွေးကောက်ပွဲကျင်းပသောနေ့တွင် နံနက်ပိုင်း မဲရုံဖွင့်၍ မဲဆန္ဒပေးမှုများ တော်တော်လေး စည်စည်ကားကား မဲထည့်ပြီးချိန်၌ ပအိုဝ်းနီတွေ စည်းရုံးထားသူတွေ တော်တော်များများ မဲထည့်ပြီးကြပြီ။ ကျွန်တော်တို့ ပအိုဝ်းဖြူဘက်မှ အရွေးခံသော ဦးဖေရှင်က လူအေး။ တစ်နေ့ကို စကားတစ်လုံး စမပြောတတ်။ ကျိုးသည်ဖြစ်လျက် အလွန် စကားနည်းသူပင်။ ဦးဖေရှင်က အပေါင်းအသင်းကောင်း၏။ ရိုးသားပြီး အကျင့်စာရိတ္တကောင်းတော့ သူ့ကိုလည်း တောင်ကြီးမြို့တွင် မဲဆန္ဒပေးသူ ရှိပါသည်။ တကယ်တမ်းပြိုင်လျှင် ပအိုဝ်းနီကို မပြိုင်နိုင်ပေ။ တောရွာကျေးလက်တို့မှာ ပအိုဝ်းနီတွေက အင်နှင့်အားနှင့်နည်း အမျိုးမျိုးဖြင့် စည်းရုံးထားသကိုး။

ထိုနေ့က တကယ်ပြိုင်ကြရာတွင် ကျွန်တော်တို့ မိုင်းဆတ်မှာ လုပ်ခဲ့ဖူးသော အတွေ့အကြုံကလည်း ရှိထားတော့ တပ်မတော်က ဖဆပလလိုချင်သောအမတ်၊ အပြတ်အသတ် အနိုင်ရအောင် လုပ်ဆောင်ပေးရချိမ့်မည်။

ထိုနေ့က ရွေးကောက်ပွဲတွင် ရှမ်းစော်ဘွားဘက်က ရှမ်းပြည်နယ်တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်လည်း ဝင်ရောက်အရွေးခံသည်။ သို့ဖြင့် ရွေးကောက်ပွဲနေ့တွင် တောင်ကြီးမြို့သို့ လွယ်ကောင်း၊ လုံကမ်း၊ ဝင်းညီး၊ ကျောက်တစ်လုံး၊ ဆောင်ဖို့ရွာကြီးတွေမှာ ပအိုဝ်းအနီတွေ ထုနှင့်ထည်နှင့် ရှိနေကြသည်။

❐

## အခန်း (၄၀)
## စစ်တပ်က သေနတ်ဖောက်နေစဉ် မကြောက်မရွံ့ဘဲ နီတယ်ဟေ့ အော်ပြီး မဲဆန္ဒပေးရန်လာသော ပြည်သူများ

မဲရွေးမည့်နေ့က လုံခြုံရေးယူရန်၊ ကျွန်တော်က ဝင်းညီးရွာဘက်မှာ သွားထိုင်ရသည်။ ထိုနေ့က လွယ်ကောင်း၊ လုံကမ်းရွာများတွင် အိုကေမှာ စိုပြည်လျက်။ သည်ရွာတွေက တောင်ကြီးမြို့နှင့်နီး၍ ပအိုဝ်းမြန်မာ စည်းရုံးရေး ဆင်းနိုင်သဖြင့် အဆင်ပြေနေသည်။ သည်နေရာမှာ တပ်မတော်ကလည်း ဝင်နေထွက်နေတော့ တပ်အရှိန်အဝါနှင့်ဖြစ်၍ မဆိုးလှပေ။ သို့သော် အောက်ဘက်ကျေးရွာများမှ ဝင်းညီး၊ ဆောင်ဖို့၊ ကျောက်တစ်လုံးရွာကြီးတွေက လူအင်အားလည်းများ၏။ ပအိုဝ်းနီကလည်း ထုထည်နှင့် စည်းရုံးထားသော တကယ့်အမာခံနယ်မြေပင်။

ကျွန်တော်မှတ်မိသေးသည်။ ထိုနေ့နံနက်က ကျွန်တော် သန့်စင်ခန်းအဝင်မှာ အပြင်က တာဝန်ကျရဲဘော်က လာပြီးခေါ်နေသည်။ "ဗိုလ်မှူး အရေးတကြီး သတင်းဝင်လာတယ်"တဲ့။

ကျွန်တော်က "ခဏနေဦးကွ၊ လာမယ်"

တာဝန်ကျရဲဘော်။ "တပ်ရင်းမှူးကြီး၊ နေလို့မရဘူး၊ ဟိုဘက်က နီတယ်၊ မကြောက်မရွံ့ဘဲ နီတယ်အော်ပြီး မဲရုံကို မဲပေးမယ့်လူတွေ တက်လာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နံနက် ၁၁ နာရီခန့် ရှိနေပြီ။ တက်လာသူတွေ၊ နိုတယ်၊ နိုတယ်ပြောပြီး မဲထည့်သွားကြလျှင် ကိုယ့်ဘက်ကရှုံးဖို့ သေချာနေပြီ။

ကျွန်တော်က "ဟေ့၊ ရဲဘော်၊ မင်းသေနတ်ထောင်ဖောက်ပြီး လူစုခွဲခိုင်း"

ရဲဘော်က သေနတ်ထောင်ဖောက်လိုက်ပြီး လူစုခွဲရန် အမိန့်ပေးနေသည်။ ထိုစဉ်မှာပင် ရဲဘော်က ကျွန်တော့်ထံ ပြေးလာပြီး "တပ်ရင်းမှူးကြီး၊ သူတို့က ပြန်ပြောနေတယ်၊ ငါတို့ဘာလုပ်လို့လဲတဲ့၊ ငါတို့မှာ ဘာလက်နက်မှ မပါလာဘူးတဲ့၊ ကျွန်တော်တို့ လွတ်လပ်စွာ မဲထည့်ဖို့ အေးအေးချမ်းချမ်း လာတာပဲ"တဲ့။

"မင်းသေနတ်ဖောက်တော့ ဘာပြောလဲ"

"တောင့်ခံနေတယ်ဗျ၊ လူစုမခွဲနိုင်ဘူးတဲ့"

ထိုအချိန်၌ သေနတ်ကိုင်ထားသော ရဲဘော်တွေမှာ တန်းစီပြီး ရပ်နေကြသည်။ ရဲဘော်တွေလည်း သိပ်ပြီး စိတ်မချမ်းသာကြ။ ကိုယ်လုပ်နေသော အလုပ်မှာ မမှန်မကန်ဖြစ်နေကြောင်း နားလည်ပြီး မျက်နှာပူနေကြသည်။ ရှက်နေကြသည်။ အားနာနေကြသည်။

ကျွန်တော်သည် ထိုအခြေအနေမျိုး ကြုံရသည်ကို စိတ်မချမ်းသာပါ။ ကိုယ့်မှာက ဦးဖေရှင်နိုင်အောင် လုပ်ရမည်ဟု အမိန့်ရထားသည်။ ပအိုဝ်းနီတွေ နိုင်သွားလျှင် အမိန့်မနာခံမှုနှင့် ဒုက္ခတွေ့တော့မည်။ "ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်သင့်သလဲ" နောက်ဆုံးတော့ ကျွန်တော်မျက်စိမှိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်ရသည်။

"ကဲ၊ သေနတ် ၄-၅ ချက် ဖောက်လိုက်ပြီးတော့ မဲရုံမှာ လုံခြုံမှုမရှိဘူးဆိုပြီး မဲရုံကို အပြီး ပိတ်လိုက်"

အချိန်က မွန်းလွဲ ၁၂ နာရီလောက်ရှိပြီ။ သို့ဖြင့် သေနတ်ပစ်ဖောက်ပြီး မဲရုံပိတ်လိုက်သည်။ စောစောက "နိုတယ်၊ နိုတယ်" အော်နေကြသူတို့မှာ မကျေမနပ်နှင့် ဆူပူအော်ဟစ်ပြီး ပြန်သည့်သူက ပြန်သွားကြသည်။ တချို့လည်း မကျေမနပ်နှင့် မဲရုံနှင့် မလှမ်းမကမ်းမှာထိုင်ပြီး ပွစိပွစိ ပြောနေကြသည်။ နောက်တော့လည်း သူတို့တစ်တွေ လာလမ်းကို အေးဆေးစွာ ပြန်သွားကြသည်။



ညနေပိုင်း တရားဝင် မဲရုံပိတ်ချိန်မှာ မဲရုံထဲတွင် မဲပုံးတွေ စိစစ်ကြည့်သောအခါ ပအိုဝ်းနီတွေက နံနက်ပိုင်း ခဏကလေး မဲပေးချိန်မှာပင် သူတို့လူတွေ မဲပုံးထဲ ဆန္ဒမဲတွေ အပြည့်အလျှံ ပေးထားကြပြီးနေပြီ။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ နောက်ဆုံးမှာ ပအိုဝ်းဖြူကိုယ်စားလှယ်လောင်း ဦးဖေရှင် နိုင်လေသတည်း။ သည်မှာ ကျွန်တော်တို့ ဆန္ဒမပါဘဲ အထက်က အမိန့်အရ သူတို့လူ ပအိုဝ်းဖြူ ဦးဖေရှင် မနိုင်လျှင်နိုင်အောင် နိုင်လျှင်လည်း နိုင်ရမည်။ ရှုံးလျှင်လည်း နိုင်ရမည်ဆိုသည့် စကားအတိုင်း လုပ်ပေးသွားရခြင်းပင်။ နိုင်ငံ့အရေး၊ နိုင်ငံရေး လုပ်ဆောင်ရာတွင် ဤသို့လုပ်ဆောင်ခြင်းသည် တရားမျှတမှု ရှိပါ၏လော။ လုပ်သင့်ပါသလော။ နိုင်ငံရေးလုပ်မည့် နောင်းလူတို့ သတိချပ်စရာ သင်ခန်းစာယူဖွယ်တည်း။

တောင်ကြီးတွင် တာဝန်ထမ်းဆောင်နေစဉ် ရင်ဆိုင်ရသော သောင်းကျန်းသူတို့မှာ ကယားပြည်နယ် အခြေစိုက်၊ ဗိုလ်စပယ်ရှယ်တို့လူသိုက်ပင်။ တစ်ကြိမ်တွင် အမေရိကန်ပြန် ဗိုလ်မှူးထင်အောင်ကို ချုံခိုတိုက်ခိုက်သဖြင့် ကျဆုံးသွားရှာသည်။ ဤဖြစ်ရပ်အတွက် ကျွန်တော် အကြိမ်ကြိမ်အခါခါ သတိပေးနေသည့်ကြားက ဗိုလ်မှူးထင်အောင် ကျဆုံးသွားရခြင်းအပေါ်မှာ ရင်ထုမနာ ကြေကွဲရ၏။ စစ်သားတစ်ယောက် စစ်မြေပြင်မှာ ကျဆုံးသွားရခြင်းကား ထူးခြားသည့်ကိစ္စမဟုတ်။ သို့သော် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးထင်အောင် ကျဆုံးရသည်မှာ ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ်အခါခါ သတိပေးနေသည့်ကြားမှ ရေတိမ်နစ်ရလေခြင်းဟု ဝမ်းနည်းမိရခြင်းပင်။ ထိုဖြစ်ရပ်ကို ပြောပြပါဦးမည်။ ထိုစဉ်က တောင်ကြီးမြို့ဝန်းကျင်တွင် ကျွန်တော်တို့ မကြာခဏ တိုက်ပွဲများ ဖြစ်ပွားကြုံဆုံခဲ့ကြရ၏။ အစက ပြန်ပြောပါမည်။

ထိုစဉ်က ပအိုဝ်းနီသောင်းကျန်းသူ ဗိုလ်လှဖေလေးတို့အဖွဲ့က အလင်းဝင်မည်ဟု လာရောက်ဆက်သွယ် သတင်းပို့သည်။ ပအိုဝ်းသောင်းကျန်းသူ၊ ဗိုလ်လှဖေကြီးနှင့် ဗိုလ်လှဖေလေးတို့ လှဖေနှစ်ဦးတွင် လှဖေကြီးတို့က တိုက်ကြဆဲ၊ လှဖေလေးတို့က အလင်းဝင်မည်။ ဗိုလ်လှဖေလေးတို့ အလင်းဝင်ရန်ကိစ္စများ ဆောင်ရွက်နေစဉ် တိုက်ပွဲ အကြီးအကျယ် ဖြစ်ရခြင်းပင်။

ထိုစဉ်က စစ်ဆင်ရေးမှာ တစ်ချိန်လုံး တိုက်နေရသည်။ အင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ကန်ဘက်မှာ၊ ကျောက်တစ်လုံးရွာဘက်မှာ၊ အမြဲလိုလို တိုက်နေရသည်။ တစ်နေ့တွင် တိုက်ပွဲကြီးတစ်ပွဲဖြစ်သည်။ ထိုစဉ်က ပထမတွင် တပ်ခွဲ ၃ က ချီတက်သွားသည်။ ထို့နောက် သတင်းပို့ချက် ရောက်လာသည်။ တိုက်ပွဲဖြစ်နေပြီ။ သည်တုန်းက ကျွန်တော်လည်း အခြားတပ်ခွဲတစ်ခွဲနှင့် စစ်ဆင်ရေးဆင်းနေသည်။ တပ်ခွဲ ၃နှင့် ရန်သူ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ရာ ရဲဘော် ၆ ဦး တိုက်ပွဲကျသွားသည်ဟု သတင်းကဆိုသည်။ ဒဏ်ရာရသူတွေလည်းရှိသည်။ တိုက်ပွဲကို ဆက်တိုက်နေသည်။ ရှေ့တိုး၍ မရသေးဟု သတင်းပို့ချက်၌ပါသည်။ ရန်သူပအိုဝ်းနီတွေ အင်အားကောင်းပုံ ရသည်။ တိုက်ပွဲဖြစ်ပွားသည့် နေရာမှာ လွယ်ကောင်းရွာအလွန် ကျောက်တစ်လုံးရွာအနီးတွင်ဖြစ်သည်။ နေရာက လွိုင်ကော်သို့ သွားရာလမ်းအနီး မြေပြင်ညီမှာဖြစ်သည်။ သို့သော် ပအိုဝ်းနီတပ်ဖွဲ့က ထုထည်ကြီးမားစွာ ချီ တက်လာစဉ် ကျွန်တော်တို့ဘက်က တပ်ခွဲတစ်ခွဲ ရဲဘော် ၇၀ ခန့်သာ ရှိ၍ အလူးအလဲခံရခြင်းပင်။ ပအိုဝ်းနီတပ်တင်သာမကသေး၊ ကယား သောင်းကျန်းသူတွေပါ ပါလာတော့ ရန်သူ့အင်အားမှာ ၃၀၀ ခန့်ရှိမည်ဟု ယူဆရပေသည်။

ထိုစဉ်က ကျွန်တော်တို့တပ်ခွဲတွင် တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန်လည်း ပါပေသည်။ သို့ဖြင့် တိုက်ပွဲဖြစ်ပွားရာ ကျောက်တစ်လုံးကျေးရွာအနီးသို့ ကျွန်တော်တို့ စစ်ကူသွားကြရာ ကျွန်တော်တို့ရောက်တော့ တိုက်ပွဲမှာ ပြီးသွားပေပြီ။

ရန်သူက ရှောင်ခွာသွားပြီ။ ကျဆုံးသူ ရဲဘော် ၆ ဦးကို သင်္ဂြိုဟ်ရန် တာဝန်နှင့်အတူ ဒဏ်ရာရသော ရဲဘော် ၄ ဦးကိုလည်း တောင်ကြီးဆေးရုံသို့ ကားဖြင့် အမြန်ပို့ရန် စီစဉ်ကြရသည်။

ထိုစဉ်တွင် ကျွန်တော်တို့ တပ်ခွဲမှ တပ်ခွဲမှူး ဗိုလ်ကြီးဝင်းထိန်ပတ္တမြားက "ဟိုဘက်က တောင်ကျွေ့မှာ ကျွန်တော်တို့ဘက်က စစ်ကူတပ်ဖွဲ့ထင်တယ်၊ ပြည်ထောင်စုအလံ ထူထားတယ်"

ကျွန်တော် လှမ်းကြည့်လိုက်ရာ သူတို့က ပြည်ထောင်စုအလံကို လွှပ်ပြသည်။ ကျွန်တော်က အဆက်အသွယ်ယူရန် လူအင်အား ၂၀ ခန့်နှင့် ရှေ့တိုးသွားသည်။ တောင်ခြေမှာ ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်



ပင်ကြီးဘေးမှကပ်၍ တောင်ခြေကို ဖြတ်တက်သွားသည်။ "မင်းတို့ ဘယ်တပ်ကလဲဟေ့"ဟု ကျွန်တော်က ညောင်ပင်ကြီးဘေးမှ ဖြတ်တက်ရင်း မေးလိုက်စဉ် ရန်သူက အရင်ဦးစွာ လှမ်းပစ်လိုက်လေသည်။ တော်ပါသေးသည်။ ရန်သူက ပစ်သည်မှာ စောနေ၍ ကျွန်တော်တို့ အချိန်မီ အကာအကွယ်ယူလိုက်နိုင်သည်။ ညောင်ပင်ကြီးကို ကျော်ပြီးမှပစ်လျှင် ကျွန်တော်တို့အားလုံး ရန်သူကျည်ထိရန် သေချာသည်။ ထိုနေရာမှာ လွယ်ကောင်းမှ ကျောက်တစ်လုံးရွာသွားလမ်းဖြစ်၍ တောင်ကြီးမြို့မှ မိုင် ၂၀ ခန့် ဝေးမည် ထင်ရသည်။ တိုက်ပွဲဖြစ်ပွားချိန်မှာ မွန်းလွဲ ၂ နာရီခန့် ဖြစ်ပေသည်။ ထိုနေရာတွင် တိုက်ပွဲဖြစ်ပြီး ဗိုလ်ကြီးဝင်းထိန်နှင့် ကျွန်တော်တို့ ပြန်ဆုတ်လာကြ၏။ အထိအခိုက် မရှိပေ။

ထိုစဉ်တွင် တပ်ခွဲမှူး ဗိုလ်ထွန်းလှ ဦးစီးသော တပ်ခွဲသတင်းရောက်လာသည်။ သူတို့တပ်ခွဲနှင့် ရန်သူတပ် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရာ အနိုင်ရကြောင်း ရန်သူ၏ အလောင်းများ ကျဆုံးရရှိကြောင်း။

ထိုနေ့က တိုက်ပွဲများတွင် ကျွန်တော်တို့ဘက်မှ တပ်သား ၆ ဦးနှင့် တပ်သား ၇ ဦး ကျဆုံးရာ စုစုပေါင်း တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သော တပ်မတော်သား ၁၃ ဦးရှိ၍ ကြေကွဲဝမ်းနည်းကြရသည်။

ပို၍ဝမ်းနည်းကြရသည်မှာကား ကျဆုံးသွားသော ရဲဘော်များမှာ ကျွန်တော့်တပ်ရင်းတွင် ထောင်ထားသော ဗာတ်အဖွဲ့မှ တီးဝိုင်းရဲဘော်တွေဖြစ်နေသည်။ ကျဆုံးရဲဘော် လှမောင်၊ အောင်ကြီး။ လှမောင်က ကြေးနောင်တီးသူ အောင်ကြီးက ဆိုင်းဝိုင်းတီးသူ၊ ကျန်သည့်ကျဆုံးရဲဘော်တွေမှာ ဗုံတီးသူ၊ ဝါးလက်ခုပ်တီးသူ၊ နှဲဆရာ စသည်ဖြင့် ဆိုင်းဝိုင်းကြီးတစ်ခုလုံး ပြုတ်သွားတော့သည်။

ဤတွင် နောက်ပိုင်း၌ ကျဆုံးရှာသော ဗိုလ်မှူးထင်အောင်အကြောင်း ပြောရဦးမည်။ သူ့နာမည်ရင်းက ဗိုလ်တင်ညွန့်၊ နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ စစ်ပညာသင်ပြီး ပြန်လာတော့ သူ့နာမည်ကို ဗိုလ်ထင်အောင်ဟု ပြောင်းလိုက်သည်။ ၁၉၄၉-၅၀ ပြည့်နှစ်၊ မြန်မာပြည်မှာ သောင်းကျန်းသူတွေ အထကြွဆုံးချိန်က သူ့ကိုတပ်ကြပ်တင်ညွန့်ဟု သိထားသည်။ နောက်တော့ သူက အရည်အချင်းကြောင့် ပြန်တမ်းဝင်အရာရှိဖြစ်လာပြီး အခြား

www.burmeseclassic.com

www.burmeseclassic.com



တပ်မျှား၌ ဗိုလ်ကြီးထင်အောင်ဟု တာဝန်ထမ်းဆောင်ရသည်။ နောက်တော့ သူ့ကို ပြည်ထောင်စုစစ်ကျောင်းသို့ ပို့လိုက်လေသည်။ အမေရိကပြည်ထောင်စုမှာ စစ်ပညာသင်ပြီး ပြန်လာတော့ ဗိုလ်ကြီးထင်အောင်မှ ဗိုလ်မှူးထင်အောင် ဖြစ်လာသည်။ ရာထူးတစ်ဆင့်တက်ပြီး ကျွန်တော့်တပ်သို့ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးရာထူးဖြင့် ရောက်လာသည်။

ယခု ဗိုလ်မှူးထင်အောင် တာဝန်ကျသည်မှာ လှိုင်လင်မြို့ဘက်မှာဖြစ်၍ မကြာခဏပင် ချုံခိုတိုက်ပွဲကလေးများ ဖြစ်ပွားခဲ့သည်။ ချုံခိုတိုက်ပွဲဆိုသည်မှာ အတိုက်ခံရသူအဖို့ အလွန်ခက်ခဲသော တိုက်ပွဲဖြစ်သည်။ ရန်သူက ဒေသခံဖြစ်၍ လမ်းခရီးတွင် တစ်ချက်နှစ်ချက် ပစ်ခတ်ပြီး ပျောက်သွား၊ ရှာ၍မရ။ ရန်သူမှာ ကယားနှင့် ပအိုဝ်းတိုင်းရင်းသားတို့ ပေါင်းစည်းထားသည်။ သူတို့က သွေးနီးသူတွေ ဖြစ်သည်။ ပေါင်းစည်း၍ တိုက်ပွဲဝင်နေကြသည်။ ပစ်ပြီးတောထဲဝင်ပြေးကြလျှင် အလွန်ပင် အရှာရအဖွေရ ခက်လှသည်။ ပအိုဝ်းနှင့် ကယားတိုင်းရင်းသားတွေက ကျွန်တော်တို့ ဗမာ့တပ်မတော်ကို တစ်မြေထဲနေ၊ တစ်ရေတည်းသောက်ဟုမမြင်။ တိုင်းတစ်ပါးသားဟု မြင်ကြလေသည်။ နာကြည်းနေကြသည်။

သူတို့အထဲက ပထမဦးဆုံး အမြင်မှန်ရပြီး လက်နက်ချသူတွေက စောစောက ပြောခဲ့သော ပအိုဝ်းနီ၊ ဗိုလ်လှဖေလေးတို့အဖွဲ့ဖြစ်လေသည်။

ပအိုဝ်းနီတို့၏ ဆန္ဒသဘောထားနှင့် နိုင်ငံတော်အစိုးရ သဘောထား ကိုက်ညီသွားသည်က ဤသို့ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပဒေသရာဇ်စနစ် ဖျက်သိမ်းပေးပြီး စော်ဘွားများ အာဏာစွန့်စေမည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လွှတ်တော်တွင် ရှမ်းစော်ဘွားကိုယ်စားလှယ် ၂၅ ဦး၊ အလိုအလျောက် ရွေးကောက်ထားခြင်းကိုပါ ဖျက်သိမ်းမည်ဟု ကြေညာသည်။ ဤအချက်ကို ပအိုဝ်းနီ၊ ဗိုလ်လှဖေလေးတို့အဖွဲ့က သဘောကျနှစ်မြို့က်၍ အလင်းရောက်လာခြင်းပင်။

ထိုသို့ ပအိုဝ်းနီတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့အကြား သဘောထား ညီညွတ်အောင် ရှက်ဆောင်ကြိုးပမ်းညှိနှိုင်းသူမှာ ထားဝယ်စိန်ဝင်းခေါ် ဗိုလ်မှူးကြီးစိန်ဝင်း၊ နောင် ဗိုလ်မှူးချုပ်စိန်ဝင်း၊ ဝန်ကြီးချုပ် ဖြစ်ပေသည်။

ဗိုလ်မှူးကြီးစိန်ဝင်းမှာ ထိုစဉ်အခါက ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်၍ အရေးပါသော မူဝါဒရေးရာများကို ထမ်းဆောင်နေရသူ အဆင့်မြင့် တပ်မတော်အရာရှိ ဖြစ်လေသည်။

ထိုစဉ်က ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန်တို့ ပေါင်းစည်း၍ ပအိုဝ်းနီအဖွဲ့ ဗိုလ်လှဖေလေးတို့ အလင်းဝင်ရေး ဆွေးနွေးခဲ့ကြရာ နှစ်ဖက်သဘောတူညီချက်ရပြီး ဗိုလ်လှဖေလေးတို့အဖွဲ့ အမှန်တကယ်ပင် အလင်းဝင်ကြခြင်းပင်။

ထိုနေ့က ပအိုဝ်းနီ ဗိုလ်လှဖေလေးနှင့်တပ် လက်နက်ချအပ်ပြီးတော့ သူတို့ချအပ်သော လက်နက်တွေကို တစ်ပါတည်းယူပြီး ကျွန်တော်နှင့်တပ်၊ တောင်ကြီးမြို့သို့ ပြန်ခဲ့သည်။ သည်မှာပင် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးထင်အောင်က ကျွန်တော်နှင့်အတူ လိုက်ပြန်ရမည်ဖြစ်ပေသည်။ သို့သော် ဗိုလ်ထင်အောင်က သူမလိုက်သေး။ ခေတ္တနေခဲ့ဦးမည်ဟုဆိုသည်။ ကျွန်တော်က ဗိုလ်မှူးထင်အောင်ကို ပြောခဲ့သည်။ "ဗိုလ်ထင်အောင်၊ မင်း ချက်ချင်း ပြန်လာခဲ့နော်၊ ယခု သူတို့လက်နက်ချတဲ့ အုပ်စုက နည်းနည်းလေး၊ လက်နက်မချတဲ့အုပ်စုက အင်အား အများကြီး ကျန်နေသေးတယ်၊ မကျေနပ်တဲ့ အုပ်စုက ဝိုင်းချရင် ဒုက္ခရောက်နိုင်တယ်"ဟု ပြောခဲ့သည်။

ဗိုလ်ထင်အောင်က ဗိုလ်လှဖေလေးတို့ လက်နက်ချသောမြို့ လှိုင်လင်မြို့ကတစ်ဆင့် ဟိုပုံးမြို့ကို ဆက်သွားသည်။ ထိုအချိန်က ဟိုပုံးမှာ ဘုရားပွဲရှိပြီး ၃၆ ကောင် လောင်းကစားဝိုင်းတွေ ရှိနေသည်။ ဗိုလ်ထင်အောင်က ဒါ့ကြောင့် ဟိုပုံးမြို့ကို သွားလိုခြင်းဖြစ်သည်။ သူက လောင်းကစား ဝါသနာပါသူကိုး။

"ကျွန်တော် ဟိုပုံးကို ခဏသွားပြီး တောင်ကြီးကို ပြန်လာမှာပါ" ဟု ကျွန်တော့်ကို ပြောနေသေး၏။ ထို့ကြောင့် လုံခြုံရေးအရ ဗိုလ်ထင်အောင်ကို ရဲဘော် ၃၀ လက်နက်အပြည့်အစုံနှင့် ပေးထားခဲ့သည်။ ဗိုလ်ထင်အောင်က ဟိုပုံးဘုရားပွဲမှာ ပွဲကြည့်မှာပါဟု ပြောသေးသည်။ ထို့ကြောင့် ကျွန်တော်က သူ့ကို-

"ဒါဖြင့် တစ်ညအိပ်နေခဲ့၊ နက်ဖြန်ကျရင် ပြန်လာခဲ့"

ဟု မှာခဲ့သေးသည်။

နောက်တစ်နေ့တွင် ကျွန်တော်က တပ်ကိုလှမ်းမေးသည်။ "ဗိုလ်ထင်အောင် ပြန်လာပြီလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်သေးဘူး ခင်ဗျ"

သည်အဖြေကိုကြားတော့ ကျွန်တော် စိတ်ပူသွားသည်။ သူ့အပြန်ခရီးမှာ လမ်းကဆီးတိုက်လျှင် ဗိုလ်ထင်အောင် နာတော့မည်။ သည်တော့ လိုက်သွားမည် ဆုံးဖြတ်ပြီး ထိုနေ့ည လှိုင်လင်ကို တပ်ဖွဲ့တစ်ဖွဲ့နှင့် ကျွန်တော် လိုက်သွားသည်။ ဗိုလ်ထင်အောင်နှင့် ကျွန်တော်တို့ လှိုင်လင်မှာ တွေ့သည်။ "ဗိုလ်ထင်အောင်၊ ပြန်လာခဲ့တော့"ဟုခေါ်တော့ သူက "လာပါ့မယ်၊ ခေတ္တနေခဲ့ပါရစေဦး"ဟုပြောသည်။ ကျွန်တော် မတတ်နိုင်ပြီ။ သူ့ကို လျစ်လျူရှုလိုက်ပြီး ညတွင်းချင်းပင် တောင်ကြီးမြို့သို့ ပြန်လာခဲ့သည်။ သည်ညမှာပင် ကျွန်တော်တို့တပ်ကို ရန်သူက ချုံခိုတိုက်တော့၏။ မိုင်းပွန်မြို့အလွန် နိမိကောင်းရွာ မရောက်မီ တောလမ်းခရီးမှာ ရန်သူက ပိုင်းပစ်တော့သည်။ ညမိုးချုပ်ချိန် (၇)နာရီကျော်ပြီ။ ရှမ်းပြည်နယ်တွင် ကျွန်တော် ခရီးသွားလျှင် ညဦးအချိန်၊ မှောင်ရီပျိုးမှသာ သွားလေ့ရှိသည်။ ထိုနေ့ညဦးက ကျွန်တော်တို့ကားကို ပစ်ရာတွင် သေချာကျနစွာ ပြင်ဆင်ထားပြီး ပစ်ခတ်ခြင်းမဟုတ်။ ညဦးမှောင်မှောင်မှာ ချုံခိုတိုက်ခိုက်ရန် လာရောက်နေရာယူရန် ပြင်ဆင်နေစဉ် အစေးကမြင်ပြီး ရမ်းပစ်မှန်းပစ် ပစ်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် ရန်သူက ချုံခိုတိုက်ခိုက်ရန် ပြင်ဆင်ထားသော နေရာကို မှတ်သားပြီး လှိုင်လင်မြို့ရှိ ဗိုလ်မှူးထင်အောင်ကို လှမ်း၍ပြောလိုက်သည်။

"ဗိုလ်ထင်အောင် ငါတော့ အပြန်လမ်းမှာ ချုံခိုအပစ်ခံရတယ်၊ အခြေအနေ မကောင်းဘူး၊ မင်း ခဏ ပြန်လာခဲ့၊ သတိဝီရိယနဲ့လာ၊ လမ်းမှာ ရန်သူရှိနေပြီ"

တစ်ဆက်တည်း ပြောလိုက်သေးသည်။

"ယခုအချိန် ပြန်လာဖို့ အကောင်းဆုံးပဲ၊ ရန်သူက ချုံခိုတိုက်ဖို့ ပြင်ဆင်နေဆဲအချိန်ဖြစ်တယ်၊ ရန်သူ့စခန်း အသားကျပြီး စနစ်တကျ ရှိသွားချိန်ကျမှ ပြန်လာရင် မင်းခံရမယ် ဗိုလ်ထင်အောင်"

ဗိုလ်ထင်အောင်က ကျွန်တော့်ထက် အနည်းငယ် အသက်ကြီးလိမ့်မည်။ အသက် ၃၀ ကျော်လောက် ရှိလိမ့်မည်။ သူက အိမ်ထောင်သည်။ သားသမီး နှစ်ယောက်ရှိသည်။ သူကပြန်ပြောသည်။

"ပြန်ခဲ့ပါ့မယ် တပ် ရင်းမှူး"တဲ့။



သို့နှင့် တောင်ကြီးတွင် ထိုညက ကျွန်တော် စိတ်ခပ်လေးလေးနှင့် အိပ်ပျော်သွားသည်။ နံနက်လင်း၍ အိပ်ရာကနိုးတော့-

"ဟေ့၊ ဗိုလ်ထင်အောင် ပြန်ရောက်ပြီလား"

"မရောက်သေးဘူး ဗိုလ်မှူး"

အို··· ဘယ်လိုဖြစ်ပါလိမ့်။ မနေ့ညဦးက ယခုပြန်လာမည်ပြောပြီး ဘာကြောင့် မရောက်လာတာလဲ။

သို့သော် ထိုနေ့နံနက် ၈ နာရီတွင် သတင်းပို့လာသည်။ ယမန်နေ့ညဦးက ဗိုလ်မှူးထင်အောင်နှင့်တပ်ဖွဲ့၊ မိုင်းပွန်မြို့အလွန်မှာ ချုံခိုအတိုက်ခံရသည်။ တပ်မတော်မှ သုံးဦးကျဆုံးသည်။ ဗိုလ်မှူးထင်အောင်နှင့် အရာခံဗိုလ်လှမြင့်၊ ယာဉ်မောင်းရဲဘော်၊ နေရာတွင် ပွဲချင်းပြီး ကျည်ထိ၍ ကျဆုံးသည်။ I.O ခေါ် ထောက်လှမ်းရေးအရာရှိတစ်ဦး ပျောက်ဆုံးနေသည်။ ထောက်လှမ်းရေးအရာရှိက ဗိုလ်ဝင်းမောင်။

❐

www.burmeseclassic.com

## အခန်း (၄၁)
## ချုံခိုတိုက်ပွဲမှာ အသက်ဆုံးရှုံးရှာသူ အမေရိကန်ပြန် ဗိုလ်မှူးထင်အောင်

ကျွန်တော်နှင့်တပ်ဖွဲ့ ထလိုက်သွားရာ ချုံခိုတိုက်ခံရသော နေရာသို့ နံနက် ၁၀ နာရီခန့်တွင် ရောက်သွားသည်။ ကားမှာ ဖရိုဖရဲနှင့် ကျည်ထိ၍ ပျက်စီးနေပြီ။ အနီးပတ်ဝန်းကျင်တွင် တောနင်းရှာရာ ထောက်လှမ်းရေး အရာရှိ ဗိုလ်ဝင်းမောင်ကို ခပ်လှမ်းလှမ်းရှိ လျှိုမြောင်တစ်ခုအကြား ကျောက်ဖြားကြီးတစ်ချပ် အကွယ်အကာနှင့် အသက်ရှင်လျက် ရှာတွေ့သည်။ သူက ဘာဒဏ်ရာမှမရှိ။ အပစ်ခံရစဉ် ကားပေါ်က ခုန်ချပြီး မှောင်ကြီးမည်းမည်းမှာ တောအုပ်ထဲ ဝင်ပြေး၍ လျှိုမြောင်ကြီးထဲ ကျသွားစဉ် ပုန်းအောင်းနေခဲ့သည်။

နောက်တော့ ကားရှိရာ ပြန်လာပြီး ဗိုလ်ထင်အောင် အလောင်းကို တောင်ကြီးသို့ သယ်လာရာ သူ့မိန်းမက ယောက်ျားကို ချစ်လွန်းလို့ဟုဆို၍ ၅ ရက်ထားပြီးမှ သင်္ဂြိုဟ်သည်။ ဗိုလ်ထင်အောင်မှာ အိမ်ထောင်ရေးသာခဲ့ နည်းရှာသည်။ သူ့မိန်းမက အိမ်မှာ ထမင်းဟင်းချက်တာ ဝါသနာမပါ။ ဖဲဝိုင်းတကာသွား၊ ပွဲတကာရောက်၊ အိမ်မှုကိစ္စ ဘာမျှမလုပ်။ ဗိုလ်မှူးထင်အောင်က သူ့မိန်းမကိုချစ်တော့ ထမင်းဟင်း ကိုယ်တိုင်ချက်၊ ဈေးသွား၍

www.burmeseclassic.com



ကိုယ်တိုင် ဟင်းလျာဝယ်သည်တဲ့။ ထမင်းဟင်းကျက်၍ သားသမီးနှစ်ဦးကို ထမင်း ခူးခပ်ကျွေးပြီးတော့မှ အလုပ်လာရရှာသူဖြစ်လေသည်။ ယခုတော့ဖြင့် ကိုယ့်လူ ဗိုလ်မှူးထင်အောင် မိသားစုစားရန် ထမင်းအိုးတည်ရသော ဒုက္ခမှ ကင်းလွတ်သွားရှာလေပြီ။

သတိရတာကလေး ပြောရဦးမည်။ ရန်ကုန်ဆေးရုံကြီး၌ ဆရာဝန်ကြီး ဒေါက်တာဘသန်းကိုယ်တိုင် ခွဲစိတ်၊ အသားထဲဝင်နေသော ကျည်ဆန်ထုတ်ယူကုသပေးခဲ့သော တင်ပါးက ဒဏ်ရာရ အနာမှာ ပြန်လည် ဒုက္ခပေးကာ ပြည်စိုစို ဖြစ်လာပြန်ပါ၏။ ထို့ကြောင့်ပင် ၁၉၅၇ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီးသို့ ကျွန်တော်ပြန်ရောက်သွားရပြန်သည်။ သည်တစ်ခါတော့ ကျွန်တော် ကံကောင်းလာပြီ ထင်ပါရဲ့ဗျို့။ အစ္စရေးနိုင်ငံက ချေးငှားခေါ်ယူထားသော ဝါရင့် ပါရဂူဆရာဝန်ကြီးကိုယ်တိုင် အထူးကြပ်မတ်ကုသပေးသောကြောင့် ကျွန်တော့်တင်ပါးက အနာမှာ နှုတ်မဆက်ဘဲ ထွက်ခွာသွားလေတော့၏။

ဤထူးဆန်းသော ဆေးကုသနည်းကို ပြောပြချင်သေး၏။ ရန်ကုန်ဆေးရုံကြီးသို့ ကျွန်တော်ပြန်ရောက်ပြီးနောက် တွေ့ရသော အစ္စရေးဆရာဝန်ကြီးက ဤသို့ပြော၏။

“မင်းအနာမျိုး အစ္စရေးစစ်ပွဲမှာ ငါတွေ့ဖူးတယ်၊ အနာထဲမှာ ဖြစ်နေတဲ့ ပိုးကောင်က သာမန်ပင်နီစီလင်ဆေးနဲ့ မသေဘူး”

ဆရာဝန်ကြီးက ဆက်ပြောသည်။

“မင်းဒဏ်ရာကပိုးကို အပြင်ထုတ်ပြီး ဆေးနဲ့သတ်ကြည့်မယ်၊ ပိုးသေတဲ့ ဆေးရှာတွေ့တော့မှ အဲဒီဆေးနဲ့ ကုမယ်”

ဤသို့ဖြင့် ကျွန်တော့်ဒဏ်ရာထဲက ပိုးကို ထုတ်ယူစမ်းသပ်နေသည်မှာ ရက်သတ္တနှစ်ပတ် ကြာသွား၏။ ဒဏ်ရာထဲမှာ ပျော်မွေ့ပေါက်ပွားနေသော ပိုးကောင်ကို အပြင်ထုတ်ပြီး ပိုးမွေးကြည့်မည်။ ဆေးအမျိုးမျိုးနှင့် သတ်ကြည့်သည်။ နောက်ဆုံးတွင် ပိုးသေသော ဆေးကိုတွေ့ပြီ။ ထိုဆေးကို တိုက်၍သောက်ပြီးနောက် ကျွန်တော့်တင်ပါးက ပြည်တစိုစိုနှင့် ဒဏ်ရာအနာသည် လုံးဝ ပျောက်ကင်းသက်သာ သွားလေ၏။

ထူးဆန်းသည်မှာ ကျွန်တော့်ဒဏ်ရာအနာကို ပျောက်အောင်ကုသ



သောဆေးမှာ ဟိုးရှေးရှေးကတည်းက ပေါ်ခဲ့ဖူးသောဆေး။ ဆေးနာမည်က Aureo ဟု ထင်သည်။ နှစ်တွေကြာတော့ ဆေးနာမည်ကို အတိအကျပြောဖို့ မေ့တေ့တေ့ပင် ဖြစ်နေချေပြီ။ Aureo ဆိုသည်မှာ ရွှေကို ခေါ်သည်လေ။ ရွှေဆေးတဲ့။ သည်ဆေးကို အစ္စရေးဆရာဝန်ကြီးပင် ရှာဖွေမှာယူပေးခြင်းဖြစ်သည်။ ဆရာဝန်ကြီးနာမည်က ဒေါက်တာဆာဘားတဲ့။ Dr.Serfer ဖြစ်သည်။

ကျွန်တော့်ဘဝအကြောင်း ဆက်ပြောရလျှင် ၁၉၅၇ ခုနှစ်၊ အောက်တိုဘာတွင် ကျွန်တော့်ကို ဗထူးဗိုလ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခြင်း ခံရသည်။ ဤသို့ဖြင့် ဗထူးမြို့ ရောက်သွားသည်။

သည်အချိန်မှာ ထူးခြားသည့်ကိစ္စတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ယင်းမှာ ယခင်က လက်နက်မချဘဲ တင်းခံနေခဲ့သော ပအိုဝ်းနီခေါင်းဆောင် ဦးလှဖေကြီးနှင့် ဗိုလ်မှူးကြီးစိန်ဝင်းတို့ ဆွေးနွေးပွဲမှ ရရှိလာသော အသီးအပွင့်တစ်ခု ဖြစ်သည်။ ပအိုဝ်းလက်နက်ကိုင် တိုင်းရင်းသားခေါင်းဆောင် ဦးလှဖေကြီး အလင်းဝင်တော့မည်။ ပအိုဝ်းတိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင် ဦးလှ ဖေကြီးတို့အဖွဲ့မှာ လူအင်အား မသေးလှပေ။ စုစုပေါင်း ၅၀၀ ခန့် ရှိမည်။ အလင်းဝင်မည့် လက်နက်ကိုင်တပ်သားစာရင်းပေါက်သည်မှာ ၈၀၀ ခန့် ဖြစ်သည်။ သို့သော် ကျန်လူ ၃၀၀ က အရပ်သား မိသားစုများ ပါဝင်နေသည်။ သည်တွင် ကျွန်တော်က ယခင် ပအိုဝ်းလှဖေလေးတို့၊ လက်နက်စွန့်စဉ် ဦးဆောင်ကွန်မန်ဒါ လုပ်ခဲ့ဖူးသည် မဟုတ်လား။ ယခုလည်း ကျွန်တော့်ကို ဦးဆောင်ကွန်မန်ဒါလုပ်ရန် ဖိတ်ကြားခံရသည်။ သို့ဖြင့် ကျွန်တော်သည် တောင်ကြီးမြို့သို့ တစ်ခေါက်ရောက်ခဲ့ရပြန်လေသည်။ ပအိုဝ်းဦးလှဖေကြီးတို့ အလင်းရောက်တပ်ဖွဲ့က တပ်မဟာမှူး ဗိုလ်မှူးကြီးထွန်းစိန်အား အလေးပြု ချီတက် လက်နက်ပေးအပ်သည့် အခမ်းအနားမှာ ဤသို့ဖြင့် ပြီးဆုံးအောင်မြင်ခဲ့ပေပြီ။ ထိုအခမ်းအနားမှာ တောင်ကြီးမြို့တွင် အတော်ပင် ကြီးကျယ်သော အခမ်းအနားပင်။ မြို့သူမြို့သားတွေလည်း ထိုအခမ်းအနားသို့ စည်စည်ကားကား ပျော်ပျော်ပါးပါး တက်ရောက်ကြလေသည်။

သို့သော် ဤနေရာတွင် ပြောစရာရှိသည်မှာကား ပအိုဝ်းဦးလှဖေတို့

www.burmeseclassic.com

www.burmeseclassic.com



လက်နက်စွန့်သည်မှာလည်း မှန်ပါသည်။ လက်နက်များ ရာချီ၍ အပ်နှံကြသည်မှာလည်း မှန်ပါသည်။ သို့သော် ခက်နေသည်မှာ ဤသို့လက်နက်စွန့်၍ အလင်းဝင်လာသော ပအိုဝ်းတိုင်းရင်းသားတို့အား နိုင်ငံရေးအားဖြင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ထိန်းသိမ်းထားခြင်း မပြုနိုင်ခဲ့ပေ။ ထိုစဉ်က ဝင်လာသော ပအိုဝ်းတိုင်းရင်းသားတို့ကို ရှမ်းပြည်နယ်အစိုးရက စားဝတ်နေရေး ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခြင်း မရှိ။ ဤသို့ဖြင့် တချို့ပအိုဝ်းအလင်းဝင်များက မြို့ပေါ်မှာ နည်းအမျိုးမျိုးနှင့် လုပ်ကိုင်ဆောင်ရွက် စားသောက်သူများရှိသလို တချို့ပအိုဝ်းတိုင်းရင်းသား လက်နက်ကိုင်များက တောတွင်းပြန်ဝင်သွားပြီး နေမြဲတိုင်း ဖြစ်သွားကြသည်လည်း ရှိလေသည်။ ဤကား နိုင်ငံရေးသင်ခန်းစာ ယူကြရန်ပင်ဖြစ်သည်။ ယနေ့နှစ်ပေါင်း ၆၀ ကျော် ပြည်တွင်းစစ် ရပ်စဲရန် ဆောင်ရွက်နေကြရာတွင် အဆင်မပြေနိုင်သေးသော နိုင်ငံရေးကိစ္စတွေ ရှိသည်။ ငြိမ်းချမ်းစွာ နေပါတော့မည်ဟု ဆုံးဖြတ်၍ တောထဲကမြို့ပေါ် တက်လာမည့်သူများအား လက်နက်သာ စွန့်ခိုင်းပြီး နိုင်ငံရေးအရမူဝါဒ ဆုပ်ဆုပ်ပိုင်ပိုင် ဘာမျှ ဆွေးနွေးညှိနှိုင်းခြင်း မပြုသော ကိစ္စများဖြစ်ပေသည်။

ကျွန်တော် ဗထူးမြို့ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး တာဝန် ထမ်းဆောင်နေစဉ် အာဏာရ ဖဆပလအဖွဲ့ကြီးအတွင်း ဗေါက်ကွဲမှုဖြစ်ခဲ့သည်။ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ပေါင်းစည်းသော "ဆွေငြိမ်းခေါ် တည်မြဲ" (ဖဆပလတည်မြဲရေး)ကတစ်ဖွဲ့၊ ဦးနုနှင့် သခင်တင်တို့ ပေါင်းစည်းသော "နုတင်ခေါ် သန့်ရှင်း" (ဖဆပလသန့်ရှင်းရေး) က တစ်ဖွဲ့၊ နှစ်ဖွဲ့ ကွဲကြလေသည်။ နောက်ဆုံးတွင် ပြည်သူ့လွှတ်တော်၌ သန့်ရှင်းနှင့် တည်မြဲ မဲခွဲပြီး ဦးနုက အနိုင်ရသည်။ ဆွေငြိမ်းက ၁၁၉ မဲ၊ နုတင်က ၁၂၇မဲ၊ ၈ မဲ အသာဖြင့် အနိုင်ရလေသည်။ ဦးနုဘက်က လွှတ်တော်အတွင်းရှိ မြေပေါ်ကွန်မြူနစ်များဟု လူထုက သိထားသော ပမညတအဖွဲ့၊ အမတ် ၄၃ ဦးက ထောက်ခံမဲပေးသဖြင့် တည်မြဲဆွေငြိမ်း ရှုံးသွားခဲ့သည်။ သို့သော် ၈ မဲမျှ အသာဖြင့် အစိုးရလုပ်နေရသော ဝန်ကြီးချုပ်ဦးနုသည် ပါလီမန်လွှတ်တော်အတွင်းမှ မိမိအား ထောက်ခံသူ အမတ်များကို မယုံကြည်သောကြောင့် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလတွင် ပါလီမန်လွှတ်တော်တင်၍



အတည်ပြုရမည့် ရသုံးခန့်မှန်းခြေငွေစာရင်း ဘတ်ဂျက်ကို ပါလီမန် မတင်တော့ဘဲ နိုင်ငံတော်သမ္မတ အာဏာဖြင့် အတည်ပြုခဲ့သည်။ ဤသို့ပြုလုပ်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တည်မြဲဆွေငြိမ်းတို့က ဝေဖန်ပြစ်တင်ပြီး တပ်မတော်ကလည်း နိုင်ငံတော်အာဏာကို သိမ်းယူတော့မည့် အရိပ်အယောင် ပြလာသည်။ ထိုအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးမောင်မောင်တို့ကို ခေါ်ယူတွေ့ဆုံပြီး တပ်မတော်မှ နိုင်ငံတော်အာဏာကို ရယူလိုလျှင် လက်နက်ကိုင်၍ သိမ်းယူရန် မသင့်တော်ကြောင်း၊ မြန်မာပြည် ဒီမိုကရေစီ ပျက်သုဉ်းတော့မည့် အခြေအနေကို မဖြစ်စေလိုကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်နေဝင်းကို ပါလီမန်လွှတ်တော်က လူထုကိုယ်စားလှယ် ပါလီမန်အမတ်များ၏ ဆန္ဒမဲဖြင့် ဝန်ကြီးချုပ်တင်မြှောက်မည်ဖြစ်ကြောင်း ပြောဆို၍ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းက ထိုအစီအစဉ်ကို လက်ခံလေသည်။

ဤသို့ဖြင့် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် ပါလီမန်လွှတ်တော်က တင်မြှောက်သော တရားဝင် ဝန်ကြီးချုပ် ဖြစ်လာလေသည်။

အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ကို ဗိုလ်ချုပ်ကြီးနေဝင်း လက်ခံရယူစဉ်က ကျွန်တော်သည် ဗထူးတပ်မြို့တွင် ဗိုလ်သင်တန်းကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်နေဆဲဖြစ်သည်။

အိမ်စောင့်အစိုးရ နိုင်ငံတော် ဝန်ကြီးချုပ်တာဝန်ကို ဗိုလ်ချုပ်ကြီးနေဝင်း တာဝန်ယူလက်ခံလာပြီးနောက် ရက်သတ္တပတ် နှစ်ပတ်အကြာတွင် ကျွန်တော့်ကို ဗထူးမြို့ ဗိုလ်သင်တန်းကျောင်းအုပ်ကြီး တာဝန်မှ ရခိုင်ပြည်နယ်သို့ ပြည်နယ်တပ်မတော် တပ်ပေါင်းစုမှူးတာဝန်ဖြင့် ရာထူးပြောင်းရွှေ့ ထမ်းဆောင်ရသည်။ ပြောရဦးမည်။ ထိုတာဝန်မှာ စင်စစ် တပ်မဟာမှူး၏ တာဝန်ဖြစ်သည်။ သို့သော် တပ်မဟာတစ်ခုအဖြစ် ဖွဲ့စည်းခဲ့လျှင် တပ်မဟာတစ်ခုအတွက် လိုအပ်သော လူ၊ ပစ္စည်း၊ ယန္တရားတွေ မပေးနိုင်။ ထို့ပြင် တပ်မဟာမှူးအဖြင့် အုပ်ချုပ်ရေးအရာရှိအသီးသီး ခန့်ထားရန်လည်း မပေးနိုင်သေး။ ထို့ကြောင့် တာဝန်ကတော့ တပ်မဟာမှူးတစ်ဦး ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရမည့် တာဝန်ဖြစ်ပြီး နာမည်အခေါ်အဝေါ်မှာ ပြည်နယ်တပ်ပေါင်းစုမှူးအဖြစ်သာ။

ကျွန်တော့်လက်အောက်တွင် တပ်ရင်း ၃ရင်း ရှိလေသည်။ ထိုတပ်ရင်းများမှာ ကျွန်တော့်တပ်ရင်းက ခြေလျင်တပ်ရင်း ၁၄ က တစ်ရင်း၊ ခြေလျင်တပ်ရင်း ၂၈ က တစ်ရင်း၊ တပ်ရင်း ၂ ရင်း အပြင် ပြည်ထောင်စုစစ်ရဲတပ်ရင်း ၁၅ ပါ အားလုံးတပ်ရင်း ၁ ရင်းဖြစ်လေသည်။ စစ်ရဲတပ်ရင်း ၁၅ ၏ တပ်ရင်းမှူးမှာ ဗိုလ်မှူးအောင်ကျော်မြင့်ဖြစ်၍ နောင်အခါတွင် လမ်းစဉ်ပါတီအစိုးရခေတ်၊ ပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ကြီး ဦးအောင်ကျော်မြင့်ပင်။

ထိုစဉ်က ကျွန်တော် အုပ်ချုပ်ကွပ်ကဲရသော ဌာနချုပ်မှာ စစ်တွေဖြစ်၍ တပ်များကို များသောအားဖြင့် နယ်စပ်ဒေသတွင်သာ ချထားရပေသည်။ မြန်မာနယ်စပ်ရှိ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ကျောက်တော်၊ ပလက်ဝမြို့နယ်များ၌ တာဝန်ချထားခဲ့သည်။ ထိုစဉ်က ရန်သူနှင့်လည်း သိပ်ပြီး တိုက်ခိုက်ရသည် မရှိခဲ့။ ထို့ကြောင့်ပင် ကာကွယ်ရေးဝန်ကြီးဌာန၊ အတွင်းဝန်က တပ်တွေ ဘယ်လောက် ဖွဲ့ချင်ဖွဲ့ချင်၊ အလုပ်ရှုပ်၍ ဖြစ်လောက်အောင်နှင့် ငွေကြေးကုန်ကျမှု၊ မည်မျှသက်သာမည်ကို စီစဉ်သတ်မှတ်ပေးသည်။ ထိုစဉ်က ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်မှာ အလွန်တန်ခိုးအာဏာကြီးမားသူ ဖြစ်ပေသည်။ တပ်ရင်း၊ တပ်ဖွဲ့၊ တပ်မဟာ၊ တပ်မတွေကို ဖွဲ့ချင်တိုင်းဖွဲ့ခွင့် မရှိ။ အတွင်းဝန်က ငွေကြေးဘတ်ဂျက်အသုံးစရိတ် ညှိနှိုင်းတွက်ချက်၍ သူသဘောတူခွင့်ပြုမှသာ တပ်တွေကို ဖွဲ့စည်းရပေသည်။ အမှန်က ရခိုင်ပြည်နယ်မှာ ကျွန်တော့်နေရာမျိုးဆိုလျှင် တပ်မဟာတစ်ခု ဖွဲ့စည်းရန် အလွန်လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ နယ်ခြားတံခါးစောင့်တပ်များ ဖြစ်ပေသည်မဟုတ်လား။ သို့သော် တပ်မဟာဖွဲ့၍ ကုန်ကျမည့်စရိတ်ကို ခြိုးခြံ၍ ထိုငွေလည်း မကုန်စေရ၊ အလုပ်လည်း ဖြစ်စေမည့်နည်းကို ဖော်ဆောင်ပေးလေသည်။

❐

# အခန်း (၄၂)
# တပ်မတော်နှင့် ရခိုင်သူပုန် ဗုံပေါက်သာကျော် ဦးစိန္တာ၊ ဦးပညာသီဟ

ကျွန်တော်တာဝန်ယူရစဉ် ရခိုင်တပ်ပေါင်းစုမှူးတာဝန်ကို လွှဲအပ်ပေးသူမှာ ဗိုလ်မှူးကြီးလွန်းတင် ဖြစ်သည်။ အမှန်က ကျွန်တော် တာဝန်ယူရသည့် စစ်တွေတပ်ပေါင်းစုမှူး နေရာမှာ တပ်မဟာတစ်ခုအဖြစ် ဖွဲ့စည်းရန် အလွန်သင့်လျော်သော ကိစ္စဖြစ်သည်။ အောက်ခြေ အမ်းမြို့ကနေပြီး တောင်ကြောအထိ ဘူးသီးတောင်၊ မောင်တောပါ တာဝန်ယူရသည်မဟုတ်လား။ သို့သော် အန္တရာယ်အနေဖြင့် မရှိသလောက် နည်းသွားပေပြီ။ ဘာဖြစ်လို့လဲဆိုလျှင် ထိုအချိန်တွင် ကျွန်တော်မရောက်ခင်ကလေးပင် ဗိုလ်မှူးကြီးလွန်းတင်ထံ၌ ရခိုင်တိုင်းတွင် လှုပ်ရှားနေကြသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အလင်းဝင်ကုန်ခဲ့ကြ၍ဖြစ်လေသည်။

ပြောရဦးမည်။ ကျွန်တော့်ကို ရခိုင်တိုင်း (ထိုစဉ်က ပြည်နယ်မဖြစ်သေး) တပ်မတော်၊ တပ်ပေါင်းစုမှူးအဖြစ် ခန့်ထားစဉ်က ထိုဒေသတွင် အတော်ကလေး တည်ငြိမ်အေးချမ်းစပြုနေချေပြီ။ ထိုဒေသတွင်ရှိနေသော ရဲဘော်ဖြူ ဗိုလ်စံသာအောင်၊ ဗုံပေါက်သာကျော် စသူတို့မှာ သူတို့ကိုင်ထားသော လက်နက်များကိုစွန့်၍ ဥပဒေတွင်းသို့ ရောက်နေကြလေပြီ။ ဗိုလ်စံသာကျော်မှာ ရခိုင်မှ နာမည်ကြီး နိုင်ငံရေးခေါင်းဆောင် ဦးအောင်ဇံဝေ၏ သားသမက်ဖြစ်၍ ယနေ့အထိ ကျန်းမာလျက်ရှိသည်။ ထို့နောက် ရသေ့ ဦးစိန္တာတို့အဖွဲ့ကလည်း လက်နက်စွန့်ကြသည်။ ထို့ပြင် ဘုန်းတော်ကြီး ဦးပညာသီဟတို့အဖွဲ့ကလည်း အလင်းဝင်ပြီးဖြစ်နေကြပြီ။ သည်တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



သား လက်နက်ကိုင်တို့၏ မူလ အဓိက ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် ပေါ်ပေါက်လာရေးနှင့် ရခိုင်တိုင်းရင်းသားတို့ ကြီးပွားတိုးတက်ရေးဖြစ်သည်။

သည်တော့ ကျွန်တော် ရခိုင်သို့ မရောက်မီ ရခိုင်တွင် လက်နက်ကိုင် လှုပ်ရှားနေကြသော တိုင်းရင်းသား အဖွဲ့အစည်းများကို စာရင်းချပြရလျှင် ရဲဘော်ဖြူဗိုလ်စံသာအောင်၊ ဗိုလ်မောင်မောင်ကြီး၊ ကွန်မြူနစ်ပါတီမှ ဗိုလ် စိန်ထွန်း၊ အလံနီကွန်မြူနစ်ပါတီမှ ရဲနီဒွေး (လက်နက်မစွန့်ရသေး) တို့နောက် မြေပုံမြို့နယ်မှ ရသေ့ဦးစိန္တာ၊ ဘုန်းတော်ကြီး ဦးပညာသီဟတို့ ဖြစ်သည်။ ထိုတိုင်းရင်းသား လက်နက်ကိုင်များ၏ အင်အားမှာ သိပ်ပြီးတောင့်တင်း သည်မဟုတ်။ အလွန်ဆုံးရှိမှ လက်နက်ကိုင်အင်အား ၂၀၀ မပြည့်ပါချေ။ ရဲဘော်ဖြူ၊ ဗိုလ်စံသာအောင် တစ်ဖွဲ့သာ လက်နက်ကိုင်အင်အား ၁၀၀ ကျော် ၁၅၀ ခန့် ရှိပေမည်။ ထိုအလင်းဝင် လက်နက်ကိုင်တို့မှာ အလင်း ဝင်ပြီးဖြစ်သော်လည်း လူစုကွဲမသွားသေး။ သူတို့သည် စစ်တွေ၊ မင်းပြားနှင့် ကျောက် တော်နယ်တို့တွင် ကိုယ့်အုပ်စုနှင့်ကိုယ် အဖွဲ့ကလေးများ ရှိနေကြ သည်။ ထို့ပြင် ကျောက်ဖြူခရိုင်တွင် အမ်းနယ်ဘက်၌ အနည်းငယ်ရှိသည်။ ထို့ နောက် သံတွဲခရိုင်အောက်ဘက် ဂွမြို့နှင့် မြစ်ဝကျွန်းပေါ် ငါးသိုင်းချောင်း နယ်စပ်မှာ ဗမာကွန်မြူနစ် တစ်ဖွဲ့ရှိသည်။ သူတို့အားလုံးက အလင်းဝင် ပြီးနေကြပြီ။ ထိုစဉ်က အိမ်စောင့် အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း က လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီဟု ဖွဲ့စည်းပြီး တိုင်း၊ ခရိုင်၊ မြို့နယ် များတွင် တပ်မတော်အရာရှိများက မြို့နယ်၊ ခရိုင်၊ ဥက္ကဋ္ဌများအဖြစ် ဆောင် ရွက်ရသည်။ သည်တွင် ကျွန်တော်က ရခိုင်တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌ တာဝန်ယူရလေသည်။

ကျွန်တော်က ရခိုင်တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင်များက ရခိုင်တိုင်း တိုင်းမင်းကြီး၊ ရခိုင်တိုင်း၊ ရဲမင်းကြီးတို့ ဖြစ် ကြသည်။ ကျွန်တော့်အတွင်းရေးမှူးက ဗိုလ်ကြီးအောဘယ်လ် (နောင် နဝတ၊ နအဖ အစိုးရခေတ်တွင် ဘဏ္ဍာရေးဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီး၊ ဗိုလ်မှူး ချုပ် အောဘယ်လ်) ဖြစ်လေသည်။

ပြောရဦးမည်။ ဗိုလ်ကြီးအောဘယ်လ်မှာ အလွန်တော်သော၊ ချွန်သော၊ ထက်မြက်သော အရာရှိပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ မြန်မာစာနှင့် စကား



ကို အလွန်ယဉ်ကျေးစွာ ရေးသားပြောဆိုတတ်ပြီး အင်္ဂလိပ်ဘာသာ၊ စာနှင့် စကားကိုလည်း ရေးသားပြောဆိုရာ၌ လူချွန်လူမွန်ဖြစ်သည်။ သူ့ဖခင်က မြန်မာနိုင်ငံ၌ အချိန်အတော်ကြာနေဖူးသူ၊ ဂျာမန်အမျိုးသားဖြစ်ပြီး မြန်မာ အမျိုးသမီးနှင့် အိမ်ထောင်ကျကာ ဗိုလ်အောဘယ်လ်ကို မွေးဖွားခဲ့သည်။ သူ့ဖခင် ဂျာမန်အမျိုးသားမှာ မြန်မာနိုင်ငံသား ခံယူထားလိုက်သည်။ ဗိုလ် အောဘယ်လ်ကား ခေသူမဟုတ်ပေ။ ဗြိတိန်နိုင်ငံ ဆင်းဟတ်စ် စစ်တက္ကသိုလ် ကျောင်းက ဆင်းလာသူတည်း။ ဗိုလ်အောဘယ်လ်ကို တပ်မတော်မှ ဗိုလ် မှူးကြီးလွန်းတင်က အလွန်သဘောကျသည်။ ခြေလျင်တပ်ရင်း ၁၄ သို့ ဗိုလ်အောဘယ်လ် ရောက်လာစဉ် ဗိုလ်မှူးကြီးလွန်းတင်က ကျွန်တော့်ကို ပြော၏။ "ဗိုလ်အောဘယ်လ်က လူတော်ဗျ၊ ခင်ဗျားက သူ့ကို အားကိုး တကြီး နိုင်းနိုင်တယ်"တဲ့။

ဗိုလ်အောဘယ်လ်က ပင်ကိုအကျင့်စာရိတ္တလည်း အလွန်ကောင်း သည်။ ဗြိတိန်နိုင်ငံ စစ်တက္ကသိုလ်မှာ ကျောင်းတက်ပြီး ပြန်လာတော့ ဗမာကပြား အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပြီး တစ်ပါတည်း ပါလာခဲ့ သည်။ သို့သော် ထိုအမျိုးသမီးနှင့် ကလေးတစ်ဦးရပြီး အိမ်ထောင်ပြိုကွဲ၍ အမျိုးသမီးက ဗြိတိန် ပြန်သွားသည်။ နောက်မှ မြန်မာနိုင်ငံမှ တပ်မတော် အရာရှိအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုသည်။ ဗိုလ်အောဘယ်လ် ပထမ အိမ်ထောင်နှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်ရသည်မှာ သူ့သားကလေး တစ်ဦး သေရရှာခြင်းဖြစ်ပေသည်။ တာမွေရပ်ကွက် အဘိုးအိမ်၌နေစဉ် မိုးရွာသော တစ်နေ့တွင် ထိုသားငယ်လေး မိုးရေထဲ ဆင်းကစားမိရာ လမ်း ပေါ်က အပေါက်ကျွံပြီး ရေထဲမျောပါသွားကာ ပင်လယ်ပိုင်းမှာ အလောင်း သွားရသည်ဟု သိရသည်။ ကြေကွဲဖွယ်ဖြစ်ရပ်ပင်။ သားလေး၏ နာမည်က LESLIE လက်စလီဟုခေါ်သည်။ ချောချောလှလှ လူငယ်ကလေး အလွန်ချစ် ဖို့ကောင်း၍ မိဘနှစ်ပါး ယူကျုံးမရ ဖြစ်ကြရရှာသည်။ ကျွန်တော်တို့နှင့် ရခိုင်တွင် အတူနေစဉ်က ထိုသားငယ်လေးမှာ ဖြူဖြူဖွေးဖွေး တမွေ့ တပိုး သိပ်ချစ်ဖို့ကောင်းသည်။ အသက် ၃နှစ် ကျော် ၄ နှစ်ခန့်ရှိမည်။ ထို ကလေးငယ် မြောင်းထဲကျ ကွယ်လွန်သောအခါတွင် အသက် ၁၂ နှစ်ခန့် ရှိမည်ထင်သည်။ ကလေးအမေမှာ အင်္ဂလန်နိုင်ငံသူ ခံယူထားသော ဗမာမ

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ ဗိုလ်အောင်ယိုလ်၏ ပထမဇနီးမှာ ဗမာစကားလည်း ပြောတတ်သည်။ အင်္ဂလိပ်စကားလည်း မှတ်နေအောင် ပြောနိုင်ပေသည်။ သို့သော် သူ့ခမျာ လူမှုဆက်ဆံရေး အားနည်းရှာ၏။ အများတကာနှင့် ပေါင်းသင်း ဆက်ဆံခြင်းမပြု။

ဗိုလ်ကြီးအောင်ယိုလ်ကို ကျွန်တော့်ရခိုင်တပ်ပေါင်းစုဌာနချုပ်တွင် တာဝန်ပေး၊ အသုံးတည့်နေစဉ် ဗိုလ်ချုပ်စန်းယုက သူ့ကို ခေါ်သွားသည်။ ထိုစဉ်က ဒုတိယဗိုလ်ချုပ်ကြီးစန်းယု ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဖြစ်သောအခါ သူ့ကိုယ်ရေးအရာရှိအဖြစ် ဗိုလ်ကြီးအောင်ယိုလ်ကို ခေါ်ယူလိုက်၏။

ပြောရဦးမည်။ ဗိုလ်ကြီးအောင်ယိုလ် နောင် ဗိုလ်မှူးချုပ်အောင်ယိုလ်ကို ဗိုလ်ချုပ်ကြီးနေဝင်း တွေ့လျှင်လည်း ကြိုက်သွားမည်ဖြစ်သည်။ နောင်အခါ နဝတအစိုးရဖွဲ့စဉ် ဗိုလ်ချုပ်သန်းရွှေ သဘောကျပြီး ဘဏ္ဍာရေးဝန်ကြီး ခန့်တော့သည်။ ဗိုလ်အောင်ယိုလ်တစ်ယောက် ဘဏ္ဍာရေးဝန်ကြီးဖြစ်နေစဉ် တစ်ခါနှစ်ခါ ကျွန်တော်နှင့် ဆုံမိစဉ် ကျွန်တော့်ကို ခင်ခင်မင်မင် နှုတ်ဆက်ရှာသည်။ ကျွန်တော် NLD လုပ်နေ၍ သူကြောက်မှာမဟုတ် မပြု။ ရိုးသားသော လူရည်မွန်တစ်ဦးပင်။

ထိုစဉ်က ကျွန်တော် သူ့ကို စကားတစ်ခွန်း ပြောခဲ့ဖူးသည်။ "ဗိုလ်အောင်ယိုလ်၊ မောင်ရင့်ကို ကိုယ်ဘယ်တော့မှ အချစ်မပျက်ဘူးနော်၊ ရခိုင်မှာ ကိုယ့်လုပ်ငန်းတွေ အောင်မြင်အောင် ဗိုလ်အောင်ယိုလ် လုပ်ပေးသွားခဲ့တဲ့ ကျေးဇူးကို မမေ့ပါဘူးကွာ၊ မင်း ယခု ဟိုမှာ(နဝတမှာ) လုပ်နေပေမယ့် မင်းကို ဘယ်တော့မှ စိတ်မငြိုငြင်ခဲ့ဘူးကွာ"

ဗိုလ်ကြီးအောင်ယိုလ်နှင့် ကျွန်တော်တို့သည် ရခိုင်တိုင်း၌ ၁၉၅၈-၁၉၆၀ ပြည့်နှစ်အထိ ၂ နှစ်ခွဲခန့် အတူတာဝန်ထမ်းခဲ့ရာ အားလုံး အဆင်ပြေပြေ ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဦးနု၏ ပြည်ထောင်စုပါတီအစိုးရ တက်လာ၍ စစ်ဗိုလ်တွေ ဖြုတ်၊ ထုတ် ပြောင်းရွှေ့လုပ်သောအခါ ကျွန်တော်က တပ်မဟာ ၁၃ သို့ ပြောင်းသွားတော့မှ ဗိုလ်အောင်ယိုလ်နှင့် ကျွန်တော်တို့ လူချင်း ကွဲသွားကြသည်။

❐

## အခန်း (၄၃)
## မုန့်ဟင်းခါးဆိုင်ကို ပြည်သူပိုင် မသိမ်း၍ ရာထူးဖြုတ်သော စစ်တိုင်းမှူး

ဗိုလ်အောင်ယိုလ် ဗိုလ်ချုပ်စန်းယုထံ ရောက်သွားပုံက သည်လိုပါ။ တစ်ကြိမ်တွင် ဗိုလ်ချုပ်စန်းယုနှင့် ကျွန်တော်တို့ တွေ့ကြစဉ် "ကိုတင်ဦးမင်းဆီမှာ လူတော်လူကောင်းတစ်ယောက် ရှိတယ်ဆို၊ ဗိုလ်အောင်ယိုလ် ဆိုတာလေ"ဟု ပြောသည်။ ကျွန်တော်က "ဒါဆိုရင် ဗိုလ်ချုပ် သုံးကြည့်ပါ၊ စိတ်တိုင်းကျပါလိမ့်မယ်"ဟု ပြောလိုက်သည်။ ဗိုလ်ချုပ်စန်းယုက သူ့အတွက် အင်္ဂလိပ်စာ အရေးကောင်းသည့်လူ လိုချင်နေသည်။ ဗိုလ်အောင်ယိုလ်က သည်ကိစ္စမှာ စိတ်ချရသည်။ သူကျွမ်းကျင်သောလိုင်း ဖြစ်လေသည်။ ထို့ကြောင့် ဗိုလ်ချုပ်စန်းယုက ဗိုလ်အောင်ယိုလ်ကို လိုလိုချင်ချင် ခေါ်သွားခြင်းဖြစ်သည်။

ကျွန်တော်တို့ ရခိုင်မှာရှိနေစဉ် ပါကစ္စတန်နိုင်ငံနှင့် အဆက်အသွယ်လုပ်၊ စာရေးပို့ရသည်များရှိ၏။ ထိုတာဝန်ကို ဗိုလ်အောင်ယိုလ်က ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည်။ အင်္ဂလိပ်စာ အရေးအသား အပြောအဆိုမှာ ဗိုလ်အောင်ယိုလ်ကို ယှဉ်နိုင်သူ ရှားပေလိမ့်မည်။

ဝန်ကြီးဗိုလ်မှူးချုပ်အောင်ယိုလ်နှင့် တွေ့စဉ်က ပြောသွားသည်ကို သတိရသေး၏။ "ဗိုလ်ချုပ်ကို ကျွန်တော် အမြဲလေးစားနေပါတယ်၊ ဘယ်တော့မှ မေတ္တာမပျက်ယွင်းခဲ့ပါဘူး"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည်နယ်တွင် ကျွန်တော်တို့ လုပ်ဆောင်ခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းများကို ပြောပြရဦးမည်။ ရဲဘော်ဖြူ ဗိုလ်စံသာကျော်တို့က သင်္ဘော ထောင်ပြီး ရခိုင်ပင်လယ်ကမ်းရိုးတန်းတွင် သင်္ဘောပို့ဆောင်ရေးလုပ်ငန်းဖြင့် အသက်မွေးကြမည်။ ဗြိတိသျှနယ်ချဲ့အစိုးရတို့ ၁၉၄၅ ခုနှစ်တွင် ရခိုင်ပြည် နယ်သို့ ပြန်ဝင်လာစဉ်က ပါလာသော သင်္ဘောကြီးတစ်စင်း ရခိုင်ကမ်းရိုး တန်းတွင် ရှိနေသည်။ သင်္ဘောကတော့ လောလောဆယ် သုံးစား၍မရ အောင် ပျက်စီးနေသည်။ ထိုသင်္ဘောကြီးကိုပင် ဗိုလ်စံသာကျော်တို့က အသုံးပြု၍ ပြင်ဆင်သည်။ ပြီးတော့ ရခိုင်ကမ်းရိုးတန်းတွင် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း စတင်ကြသည်။ ဤအစီအစဉ်ကို အောင်မြင်ရန် ကျွန် တော်တို့ တပ်မတော်က အဘက်ဘက်က ကူညီရသည်။ တပ်မတော်က ချေးငွေသဘောမျိုး ငွေပမာဏတစ်ခု ထုတ်ပေးလိုက်သည်။ သို့သော် ထို ငွေကို ဘယ်ရွေ့ဘယ်မျှ ဘယ်နှနှစ်အကြာတွင် ပြန်ဆပ်ရမည်ဟု တောင်း ဆိုရန်ကား မလုပ်ဆောင်ခဲ့ကြ။

ဗိုလ်စံသာကျော်တို့ ခရီးသည်ပို့ဆောင်ရေးသင်္ဘောကြီး အောင်မြင်ပါ ၏။ ခရီးသည်တွေလည်း စီးကြသဖြင့် သင်္ဘောပိုင်ရှင်တို့ ငွေရှင်ကြ၏။ သုံးစား၍ ဟန်ကျပန်ကျဖြစ်ကြပေသည်။ သို့သော် တစ်နေ့တော့ ကံဆိုးမိုး မှောင်ကျလေတော့သည်။ သင်္ဘောကြီးသည် ရခိုင်တိုင်း၊ မာန်အောင်ကျွန်း အလွန်တွင် လေပြင်းမုန်တိုင်းမိ ကျောက်ဆောင်နှင့်တိုက်ကာ သောင်တင် သွားလေ၏။

သို့သော် ထိုသင်္ဘောကို စတင်ပြေးဆွဲစဉ်က Loyd Bank လွိုက် ဘဏ်တွင် အာမခံထားခဲ့သည်။ သင်္ဘောကြီး ပင်လယ်ကမ်းစပ်တွင် သောင် တင်၍ ထိခိုက်နစ်နာမှုအပေါ် လွိုက်ဘဏ်က အာမခံငွေ မပေးလျော်သဖြင့် တရားစွဲအမှု လုပ်ခဲ့ရသည်။ တရားရုံးတွင် လွိုက်ဘဏ်က ရှုံးနိမ့်သဖြင့် စံသာကျော်နှင့်အဖွဲ့ အာမခံလျော်ကြေးငွေ စိုစိုပိုပို ရသွားလေသည်။ ရခိုင် တိုင်းတွင် အလင်းဝင်လာကြသော လက်နက်ကိုင် နောက်တစ်ဖွဲ့ ဦးစိန္တာ တို့အဖွဲ့ကို နိုင်ငံတော်က ငွေလုံးငွေရင်းထုတ်ပေး၍ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်း (တံငါလုပ်ငန်း)လုပ်ရန် စီစဉ်ပေးကြရသည်။ ဦးစိန္တာနှင့်ပတ် သက်၍ ဗိုလ်မှူးကြီးလွန်းတင်က ကျွန်တော့်ကို ပြောဖူးသည်မှာ "သည်ဘုန်း



တော်ကြီးမှာ ရခိုင်တိုင်းတွင် သြဇာတိက္ကမကြီးသော နိုင်ငံရေးဘုန်းကြီး ဖြစ်သဖြင့် ဂရုစိုက် ဆောင်ရွက်ပါ"တဲ့။

မှန်ပါလိမ့်မည်။ ယခုအခါ ဆရာတော်ဦးစိန္တာ ခန္ဓာရွေ့လျောခဲ့ပြီး ဖြစ်သော်လည်း သူ့ကိုကြည်ညိုသူတို့က ကျောက်ရုပ်ထု၍ အလေးအမြတ် ပြုထားကြသည်။ ယခု ဒီမိုကရေစီရေး လှုပ်ရှားနေသော ရခိုင်ပြည်နယ်မှ ဦးအေးသာအောင်မှာ မူလ ပထမက ဆရာတော်ဦးစိန္တာ၏ တပ်ဖွဲ့ဝင်ဖြစ်ခဲ့ ဖူးသည်ဟု ကြားဖူးခဲ့ပါသည်။

ရခိုင်တွင် နောက်ထပ်လှုပ်ရှားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့မှာ ဗုံပေါက်သာကျော်အဖွဲ့ဖြစ်သည်။ အားနာစွာဖြင့် ပြောရပါ လျှင် ဗုံပေါက်သာကျော်သည် စိတ်ထားသဘောထား ညံ့ဖျင်းသူဟု ဆိုရလိမ့် မည်။ သူက မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပြီး လူတစ်ယောက်ကိုမြင်လျှင် ရန်လိုသော အကြည့်ဖြင့် ကြည့်တတ်သည်။ Agressive Type ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်ရမည်ထင်၏။ ကြည့်ပါ။ ဗုံပေါက်သာကျော်အဖွဲ့ ကို နိုင်ငံတော်က ငွေအင်အားဖြင့် ဘဝတင့်တယ်ရေး ထောက်ပံ့နေသည်ကို မကျေနပ်နိုင်ဘဲ ဆဲဆိုကြိမ်းမောင်း ရန်လိုနေသည်ဟု ကြားရ၏။

သူ့နာမည်ကို ဗုံပေါက်သာကျော် ခေါ်သည်မှာ သူ့ဖခင်က ဆိုင်း ဆရာ၊ ပတ်တီးဆရာ။ ဗုံတီးသည်ကို ဗုံပေါက်သည်ဟု ခေါ်ကြရာမှ သူ့ နာမည် သာကျော်သည် ဗုံပေါက်သာကျော် ဖြစ်ရလေသည်။

ထိုသို့ ရခိုင်ဒေသ ငြိမ်းချမ်းရေး လုပ်ဆောင်ရမည့် စီမံကိန်းများကို ကျွန်တော့်အရင် ရခိုင်တပ်ပေါင်းစုမှူး တာဝန်ထမ်းခဲ့သူ၊ ဗိုလ်မှူးကြီးလွန်း တင်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ဗိုလ်မှူးကြီးလွန်းတင်မှာ ၁၉၆၂ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရ တက်လာတော့ မန္တလေးမြို့၌ စစ်တိုင်းမှူး ဖြစ်လာသည်။ ၁၉၆၄ ခုနှစ် မဆလ လမ်းစဉ်ပါတီအစိုးရက မြန်မာတစ် ပြည်လုံးတွင် ပြည်သူပိုင်သိမ်းသည့်လုပ်ငန်း အကောင်အထည်ဖော်သော အခါ မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်များကို ပြည်သူပိုင် မသိမ်းသင့်ဟု ဆုံးဖြတ်ပြီး ချန်ထားခဲ့သည်။ နောင်တွင် ဦးနေဝင်းက ထို ကိစ္စ သိသွားပြီး သူ့အမိန့်ကို ဖီဆန်သည်ဟုဆိုကာ မကျေနပ်၍ မန္တလေး စစ်တိုင်းမှူးဘဝက ဖြုတ်ပစ်သည်။** နောက်မှပြန်ခေါ်၍ အလုပ်သမားဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှာ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဦးနေဝင်းက ပြန်ခန့်၏။ ၁၉၈၈ အရေးအခင်းကြီး ဖြစ်ပွားသောအခါ မျိုးချစ်တပ်မှူးများ အဖွဲ့၊ ထို့နောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD တွင် ပြန်ပါလာသည်။ ယခုအခါ မကြာမီက ကွယ်လွန်သွားခဲ့ရှာ၏။ ဗိုလ်မှူးကြီးလွန်းတင်မှာ မော်လမြိုင်ဇာတိဖြစ်၏။

ရခိုင်ဒေသ ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် နောက်ထပ် အထက်က တာဝန်ပေးအပ်ခဲ့သော တာဝန်တစ်ရပ်မှာ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ လုံခြုံရေးပင်ဖြစ်သည်။ တစ်ဖက်နိုင်ငံ အရှေ့ပါကစ္စတန်မှ ဝင်ရောက်လာသော မူဂျာဟစ် လက်နက်ကိုင်သောင်းကျန်းသူတွေကို မောင်းထုတ်ရေး၊ ထို့ပြင် နယ်စပ်ဒေသမှ စာရင်းမရှိအင်းမရှိ ဝင်ရောက်လာနေသော ပါကစ္စတန်နိုင်ငံမှ ခိုလှုံလာသူများကို ပြန်ပို့ရေး စသည်တို့ပင်ဖြစ်သည်။

ပြောရဦးမည်။ ၁၉၄၅-၄၆ ခုနှစ်ဆီက မဟာမိတ်စစ်တပ်များနှင့်အတူ ဝင်ရောက်လာကြသော ပါကစ္စတန်စစ်သားများသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ကိုယ့်တိုင်းနိုင်ငံ ပြန်ပို့မည်ဆိုသောအခါ ပြန်ချင်သူလည်းရှိ၏။ မပြန်ချင်သူလည်းရှိ၏။ ထိုစဉ် မပြန်ချင်သူတွေက ရခိုင်တိုင်းဒေသ ဘူးသီးတောင်၊ မောင်တောဒေသတွင် အိမ်ထောင်ရက်သားကျကာ နေထိုင်ခဲ့ကြသည်။

ထို့ပြင် မြန်မာ့လွတ်လပ်ရေး ရရှိပြီးနောက် ကျင်းပပြုလုပ်သော အတွေတွေ ရွေးကောက်ပွဲများ၌ ဖဆပလအဖွဲ့ချုပ် လက်အောက်ခံ ရခိုင်တိုင်း၊ နယ်စပ်ဒေသရှိ ဖဆပလအဖွဲ့ဝင် ရခိုင်အမတ်များတို့သည် (ဥပမာ-ဦးစုလတန်မာမွတ်၊ ဦးအဒူလတာစ်၊ အပွဒူဂဖား စသူတို့) မိမိတို့အတွက် မဲဆန္ဒပေးမည့်သူ များများ ရရှိရန် ဘူးသီးတောင်၊ မောင်တောဒေသတွင် တစ်ဖက်အရှေ့ပါကစ္စတန်နိုင်ငံမှ လူတွေကို နည်းအမျိုးမျိုးနှင့် ခေါ်ယူခဲ့ကြသည့် သာဓကလည်း ရှိခဲ့၏။ အမျိုးသားမှတ်ပုံတင်လုပ်သည့် ခေတ်မဟုတ်၍ ထိုလူတွေမှာ ရခိုင်တိုင်းသို့ ဘူးသီးတောင်၊ မောင်တောဘက်တွင် ဥဒဟို ဝင်လာကြပြီး အရှေ့ပါကစ္စတန်နိုင်ငံသို့ ပြန်မသွားကြတော့သဖြင့် စာရင်းတွေ ရှုပ်ကုန်တော့သည်။ထို့ပြင် ရခိုင်တိုင်းသားတွေကလည်း အနည်းငယ် ဘဝင်ကိုင်နေကြပုံရသည်။ မိမိတို့လယ်မြေများကို ထွန်ယက်စိုက်ပျိုးရန်၊ အချို့ကိုယ့်အားကိုယ်ကိုး မလုပ်ချင်ကြဘဲ Seasonal Labour ခေါ် စိုက်ပျိုးရာသီသုံး အလုပ်သမားတွေကို ပါကစ္စတန်နိုင်ငံမှ ခေါ်ယူ အသုံးပြုကြ၏။ စိုက်ပျိုး



ရာသီ ကုန်ဆုံးသောအခါ ထိုအမှုထမ်းနိုင်ငံခြားသားတို့သည် သူတို့နိုင်ငံသို့ မပြန်ကြတော့ဘဲ ရေကြည်ရာ မြက်နုရာဒေသတွေမှာ အခြေစိုက်နေလိုက်ကြလေတော့သည်။ ထိုကိစ္စကို မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူတွေက သိသည်လည်းရှိ၊ မသိချင်ယောင်ဆောင်ကာ မျက်စိမှိတ်ပြီး လာဘ်ယူ၍ နေခွင့်ပြုသည်လည်း ရှိပေမည်။ ဘာတတ်နိုင်မည်နည်း။

နောက်ပိုင်း အမျိုးသားမှတ်ပုံတင်ခေတ် ရောက်လာသောအခါ ဤနည်းသုံးကာ မှတ်ပုံတင်ကိုင်ထားသူတွေ ဒုနှင့်ဒေး ဖြစ်လာခဲ့သည်။

နောက်တွင် အဆိုပါ တစ်ရာသီသုံး နိုင်ငံခြားလုပ်သားတို့သည် ငွေရပြီး ဒေသခံမြေရှင်လယ်ရှင်တို့ထံမှ လယ်ကလေး၊ မြေကလေး ဖွဲ၍ ဝယ်ယူကြပြန်၏။ တဖြည်းဖြည်းနှင့် ထိုနိုင်ငံခြားသားလုပ်သားတို့သည် ကျွန်တော်တို့ငယ်စဉ်က ကြားဖူးနေသော "ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်" ဆိုသည့်အတိုင်း မြန်မာတိုင်းရင်းသူ အမျိုးသမီးတို့နှင့် အိမ်ထောင်ရက်သားကျ၊ သားသမီးမွေး၊ ဇာတ်လမ်းတွေ အများကြီး ရှုပ်လေတော့၏။

ထိုအချိန်တွင် အထက်မှ ကျွန်တော်တို့ထံ အမိန့်ညွှန်ကြားချက် ရောက်လာသည်။ "ရခိုင်တိုင်း၊ နယ်စပ်ဒေသ၌ တရားမဝင် ဝင်ရောက်နေထိုင်ကြသူများအား ရှင်းလင်းဖယ်ရှားရန်" အထက်အမိန့်က စစ်တပ်ကို ခိုင်းစေသည်ဖြစ်တော့ ကျွန်တော်တို့လည်း စစ်တပ်နည်း စစ်တပ်ဟန်ဖြင့် အမြန် စာရင်းကောက်ရတော့သည်။ စစ်တပ်က ကောက်ယူသည့် စာရင်းကို ကျွန်တော် ကောင်းစွာမှတ်မိနေ၏။ ရခိုင်တိုင်းတွင် တရားမဝင် ခိုဝင်နေထိုင်ကြသော အရှေ့ပါကစ္စတန်နိုင်ငံသား စုစုပေါင်း ၁၁,၃၈၀ ခန့် တစ်သောင်းတစ်ထောင်သုံးရာ့ရှစ်ဆယ်ခန့် ရှိသည်ဟု မှတ်မိသည်။

ထိုသို့ မတရား ဝင်ရောက်နေထိုင်သူအားလုံးကို Check Point စစ်ဆေးရေးဂိတ်အဖြစ် မြောက်ဘက်တွင် သမန်းသားရွာ၊ သူတို့နိုင်ငံက အခေါ်က ရှာပူရီ (ရှင်မဖြူ) ဘာဇားတောင်ကြောတစ်နေရာ၊ ထို့ပြင် နောက်တစ်နေရာက နတ်မြစ်ဝအပေါက် ကျေးကျွန်းတစ်နေရာ။ ထိုနေရာကို ကျေးကျွန်း၊ တောင်ပြိုဟု ခေါ်သည်။ ဤနေရာ၌ နတ်မြစ်သည် ကျဉ်းလည်း ကျဉ်းသွားသည်။ ရေစီးသန်ခြင်းလည်း မရှိတော့။ ဖြတ်ကူးရန်လွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ နှစ်နေရာသို့ လူတွေကို စုရုံးခေါ်လာပြီး မောင်းထုတ်လိုက်သည်။ သည်လူတွေကို နေရာအသီးသီးမှ တစ်နေရာလျှင် သုံးရာ၊ လေးရာ စာရင်းပြုစုပြီး ခေါ်ဆောင်ကာ ပြန်ပို့ခြင်းဖြစ်သည်။ တချို့က ထိုသို့မကူးချင်၊ မပြန်ချင်ဟု ဆို၍ အင်တင်တင်လုပ်ပြီးနေသူတွေကို သေနတ်မောင်းတင်၊ ကျောကိုထောက်ပြီး ''ပစ်လိုက်ရမလား'' ခြိမ်းခြောက်ရာ ဝုန်းဝုန်းမြည်ပြီး လူအုပ်ကြီး အသက်လု၍ ထွက်ပြေးကြတော့သည်။

ထိုအချိန်၌ မြန်မာ-ပါကစ္စတန်နိုင်ငံနယ်စပ်တွင် မကျေမနပ်ဖြစ်ပြီး ဆူဆူညံညံဖြစ်လာကာ ပါကစ္စတန်စစ်တပ် တပ်စုတစ်စုက မြန်မာနယ်စပ် ကျေးကျွန်းကို ဝင်သိမ်းသည်အထိ ဖြစ်လာသည်။

ကျေးကျွန်းဆိုသည်မှာ နတ်မြစ်ဝကနေ အထက်တက်လျှင် အဖျားပိုင်း၌ရှိသည်။ နတ်မြစ်ဝ ရေစီးပုံက ဧရာဝတီမြစ်ကဲ့သို့ မြစ်လက်တက်များမှ အဖျားခံကာ ရေဆင်းလာပုံမျိုးမဟုတ်။ တောင်တွေပေါ်က စီးဆင်းလာသော ရေစီးကြောင်းတွေက နတ်မြစ်ဝဖျားမှာ လာဆုံပြီး ရေပြင်ကျယ်ကြီး ဖြစ်လာသည်။ စစ်တကောင်းတောင်၊ မေယုတောင် စသည့်တောင်များက စီးဆင်းလာသော ရေစီးကြောင်းများ ပေါင်းဆုံရာသည် နတ်မြစ်ဟူ၍ ဖြစ်ပေါ်လာလေသည်။ နတ်မြစ်ရေပြင်ကြီးမှာ မိုင်ချီ၍ ကျယ်ဝန်းပေသည်။ မဟာဗန္ဓုလစစ်သူကြီး တို့ ကုန်းဘောင်ခေတ်က နယ်ချဲ့ဗြိတိသျှနှင့် တိုက်ခိုက်ခဲ့သော ''ရှင်မဖြူ ကျွန်း''မှာ မေယုတောင်စွယ်၌ ရှိလေသည်။ သူတို့ပါကစ္စတန်လက်တွင် ယခုရှိသည်။ သူတို့အခေါ် ''ရှာပူရီကျွန်း'' ဖြစ်လေသည်။ ရှင်မဖြူကျွန်း အပေါက်ဝက ရေပြင်အကျယ်ကြီးပင်။ နတ်မြစ်ဝအပေါက် ရေပြင်ကျယ်က တစ်မိုင်ခွဲ ကျော်မည်ထင်သည်။ အဲသည်ကမှ နတ်မြစ်ဝအပေါ်ဘက်သွား လျှင် တဖြည်းဖြည်း ကျဉ်းသွားပြီး သူ့အောက်မှာ ရေအတက်အကျရှိသည်။ အပေါ်ပိုင်းတွင်ကား ရေအတက် အကျ မရှိပေ။ အဆင်းပဲရှိသည်။ အဲသည် နေရာတွင် ခေါင်းတုံး (ဦးခေါင်းတုံးပုံစံ ရှိသဖြင့်) ဆိုသည့် အရပ်မှာ ရေက စိမ့်ပြီး ဆင်းရလေသည်။ ဝေါင်းဒွန်းမှာ ရေပြင်ကြီးမဟုတ်။ ကျွန်းတွေ၊ ကျွန်းတွေနှင့် စုပေါင်းတည်ရှိ ၍ ထိုကျွန်းများကို ကျီးကျွန်းဟု ခေါ်လေသည်။ ကျီးကျွန်းက စုစုပေါင်း ၁၅ ကျွန်းလောက်ရှိသည်။ နှစ်နိုင်ငံ နယ်စပ်ပြသနာရှိသည်မှာ



အဲသည့် ကျီးကျွန်းက စတင်လေသည်။ ကျီးကျွန်းများထဲ၌ အကြီးဆုံး ၅ ကျွန်းတွင် အရှေ့ပါကစ္စတန်က လယ်ကွက် ကြီးများနှင့် တာတမံ တည်ဆောက်လုပ်စား နေကြသည်မှာကြာပြီ။ ပါကစ္စ တန်အလံ အစိမ်းရောင်မှာ ကြယ်နှင့်လခြမ်းပုံ၊ တလူလူ လွှင့်ထူထားကြ သည်။ သူတို့စိုက်ပျိုးလုပ်ကိုင်နေသော လယ်ကွက်တွင် ပါကစ္စတန် ရဲတပ် စိတ်တစ်စိပ် အစောင့်ချထားသည်။ ရဲတပ်ဖွဲ့နာမည်က B.D.R. ဟုခေါ်သည်။ Border Defense Regiment ဖြစ်သည်။ သည်မှာပင် ရခိုင်တိုင်းဒေသအသီးသီးသို့ ဝင်လာနေသော တစ်ဖက်ပါကစ္စတန် နိုင်ငံသားတွေကို မောင်းနှင်ထုတ်ရှင်းပြီးသောအခါ ကျီးကျွန်းပေါ်က ကျူးကျော်လယ်သမားတွေကို ရှင်းရန်တာဝန်ကျလာသည်။

ထိုအခါ ကျွန်တော်က တပ်သားအချို့ကို အဆိုပါ ပါကစ္စတန်လယ်သမားများထံ စေလွှတ်၍ ပြောခိုင်းသည်။ ''မင်းတို့လယ်သမားအုပ်စု၊ ဒီကျွန်းပေါ်ကဆင်းပေး၊ ဒီကျွန်းက တို့ပိုင်တယ်''

သည်တော့ သူတို့လယ်သမားတွေကလည်း ခပ်မာမာ ပြန်ပြောသည်။ ''မဆင်းနိုင်ဘူး၊ ဒါ ငါတို့ကျွန်း''တဲ့။

သည်လို ဖြစ်လာတော့ ကျွန်တော်တို့ မနေသာပြီ။ အင်အားသုံး ဖြေရှင်းရမည့် ကိန်းဆိုက်ပြီ။ ထို့ကြောင့် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျွန်တော်တို့ သွားတိုက်လေသည်။ ကျွန်တော်တို့က တပ်စုနှစ်စုဖြင့် သွားတိုက်ကြခြင်းဖြစ်သည်။ ကျွန်တော်တို့က သူတို့ပါကစ္စတန်တပ်လောက် မချက်ချာဟု ပြောရမည်။ သူတို့က ရဲဝတ်စုံ ဝတ်ဆင်ထားပြီး ကိုင်သောလက်နက်က စစ်တပ်ကိုင်သော အဆင့်မြင့် မောင်းပြန်လက်နက်တွေ ဖြစ်သည်။ သူတို့ကို သင်ပေးထားသည်မှာ အဆင့်မြင့် စစ်ပညာဖြစ်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)
## ပါကစ္စတန်နှင့် မြန်မာနယ်စပ်က ကျွန်းလုတိုက်ပွဲ

ကျွန်တော်တို့ဘက်မှ တပ်ခွဲ ၃ က ဗိုလ်ကြီးထင်ကျော် ဦးစီးသော တပ်စုနှစ်စုကို လွှတ်လိုက်သည်။ ဗိုလ်ကြီးထင်ကျော်တို့တပ် ဝင်တိုက်စဉ် တိုက်ပွဲဖြစ်ပွားပြီး ပါကစ္စတန်တပ်က ဆုတ်ခွာထွက်ပြေးကြသည်။ လယ်သမားတွေလည်းပြေး၊ ပါကစ္စတန်ရဲတပ်လည်း ဆုတ်ခွာသွားပြီ။ သူတို့ထံက ရိုင်ဖယ်သေနတ်နှစ်လက်နှင့် ရဲတပ်သားနှစ်ယောက်အလောင်းကို ကျွန်တော်တို့ သိမ်းဆည်းရမိသည်။

သည်လိုနှင့် ကျီးကျွန်းကို ကျွန်တော်တို့ ပြည်တောင်စုအလံ စိုက်လိုက်သည်။ ကျွန်တော်တို့ ကျီးကျွန်းမှာ အလံစိုက်ပြီး သုံးရက်ခန့်နေ၍ နောက်တော့ တပ်ကိုပြန်သိမ်းခေါ်ယူလိုက်၏။

သည်မှာပင် သူတို့ပါကစ္စတန်တပ်က ကျီးကျွန်းပေါ် ပြန်တက်လာကြသည်။ သည်တစ်ကြိမ်တွင် ကျီးကျွန်းပေါ်သို့ တက်လာသည်မှာ ပါကစ္စတန်ရဲမဟုတ်။ ပါကစ္စတန်စစ်တပ် တပ်စုတစ်စုဖြစ်ပြီး အခိုင်အမာ စခန်းချနေကြသည်ဟု သတင်းရောက်လာသည်။

ကျွန်တော်တို့နှင့် ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားပုံကို ခေါ်လာခံ ရှိ တောင်ပိုင်းတိုင်း၊ စစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးကြီးအောင်ရွှေ (ယခု ဗိုလ်မှူးချုပ်ငြိမ်း၊ ဦးအောင်ရွှေ NLD) (ဥက္ကဋ္ဌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ အစီရင်ခံသတင်းပို့ထားသည်။ အထက်က ကျွန်တော့်ကို နယ်စပ်လုံခြုံရေးအတွက် အာဏာကုန် လွှဲထား ပေးသည်။

သည်တွင် ကျွန်တော်တို့ တပ်ခွဲတစ်ခွဲ အင်အားအပြည့်နှင့် ကျိုးကျွန်းရှိ ပါကစ္စတန်တပ်ကို သွားတိုက်ကြသည်။ ပါကစ္စတန်တပ်မှာ ဘင်္ဂါလီနယ်မြေအတွက် သိပ်ပြီးစိတ်ဝင်စားပုံမရ။ ကျွန်တော်တို့တပ်ခွဲ ချီတက်သွားသောအခါ သိပ်များများ ခုခံတိုက်ခိုက်ခြင်း မပြုဘဲ ဆုတ်ခွာသွားကြသည်။ ပုံစံက အနှာမခံတော့ဘူးဆိုသည့်သဘောပင်။

သည်တိုက်ပွဲသတင်းကို ဗိုလ်မှူးကြီးအောင်ရွှေထံ သတင်းပို့သောအခါ အမိန့်ပြန်လာသည်။

"ကျွန်းပေါ်က မဆင်းနဲ့"

အထက်အမိန့်အရ ကျွန်တော်လည်း ကျိုးကျွန်းပေါ်မှာ တပ်ခွဲတစ်ခွဲ ချထားလိုက်သည်။ တပ်ခွဲကို အထောက်အကူပြုရန် ကွမ်းသီးပင်ရွာသို့ ရိက္ခာပို့၊ ပစ္စည်းပို့ ပို့ရသည်။ ကွမ်းသီးပင်ရွာမှတစ်ဆင့် ကျိုးကျွန်းသို့ ထပ်မံ ပြီး လှေဖြင့် ရိက္ခာ၊ပစ္စည်း ပို့ရလေသည်။ ထိုစဉ်က တပ်ခွဲတစ်ခွဲတွင် တပ်သား ၁၃၀ ရှိသည်။ ဘောလုံးကန်သွားသူတွေရှိ၍ လျော့လျှင် ၁၂၀ တော့ ရှိ၏။

ထိုစဉ်က ကျွန်တော်တို့ တပ်မတော်က ကျိုးကျွန်းရေလက်ကြားတွင် ဝါးသစ်ဖောင်များဖွဲ့၍ ဖောင်များပေါ်၌ စခန်းချပြီး ပြည်ထောင်စုအလံ လွှင့်ထားသည်။

ကျွန်တော်တို့တပ် စခန်းချနေစဉ် ပါကစ္စတန်စစ်တပ်မှ စာတစ်စောင် ပို့လာ၏။ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာ၌ ဤသို့ဖော်ပြလေသည်။

**သည်ကျွန်းမှာ ပါကစ္စတန်နိုင်ငံပိုင်ကျွန်းဖြစ်သည်။ ထို့ကြောင့် မြန်မာတပ် ဆုတ်ခွာပေးပါ။** အင်္ဂလိပ်ဘာသာဖြင့် ရေးပို့သောစာကို ကျွန်တော်တို့ တပ်မှ တပ်ခွဲမှူးက မဖတ်တတ်ချေ။ ထို့ကြောင့် စာကို ကျွန်တော်တို့ တပ်ပေါင်းဌာနချုပ်သို့ လာပို့သည်။ ဤတွင် ကျွန်တော်တို့က စာပြန်ရေးလိုက်သည်။ ပါကစ္စတန်စစ်တပ်ကလာလျှင် ဒီစာကိုပေးလိုက်ဟု မှာထားသည်။ စာထဲတွင် ဘာရေးထားသည်လဲဆိုတော့

**"ဒီကျွန်းဟာ ငါတို့မြန်မာပိုင်မြေဖြစ်သည်၊ ဒါကြောင့် ကျွန်းပေါ်က**



**ငါတို့ဆင်းမပေးနိုင်ပါ၊ မင်းတို့ပါကစ္စတန်က မကျေနပ်လျှင် သံတမန်နည်းအရ ဖြေရှင်းနိုင်သည်"**

သည်လို တုံ့ပြန်အဖြေပေးဖို့ ကာကွယ်ရေးဦးစီးချုပ်ရုံးက ကျွန်တော့်ထံ ညွှန်ကြားထားသည်။ ကျွန်တော်တို့ ပြန်စာကို ပါကစ္စတန်စစ်ဘက်က လာယူသွားသည်။ ဘာမှထပ်မပြော။

သို့သော် နောက်ထပ် ၃ လအကြာ၌ ကျွန်တော်တို့တပ်ချင်း လဲလှယ်နေရာချထားပြီးလျှင် ပါကစ္စတန်စစ်တပ်က စာရောက်လာပြန်သည်။ ကျွန်းပေါ်က ဆင်းပေးပါဟု စာ၌ ရေးလာပြန်သည်။ ထို့ကြောင့် ကျွန်တော်တို့ကလည်း ယခင်စာမျိုးပဲ အသင့်ရေးထားပြီး ရက်စွဲအသစ်ထိုးကာ ပြန်ပေးလိုက်ရပြန်သည်။

ထိုစဉ်က ကျိုးကျွန်းမှာပင် ကျွန်တော်တို့ မြန်မာ့တပ်မတော်နှင့် ပါကစ္စတန်စစ်တပ်တို့ "ငြိ"နေကြသည် မဟုတ်သေး။ နတ်မြစ်အတွင်းမှာလည်း ပါကစ္စတန်စစ်ဘက်က ရေတပ်သင်္ဘောနှင့် ကျွန်တော်တို့ မြန်မာတပ်တစ်ဖက်နှင့်တစ်ဖက် ရန်စောင်နေကြပြန်လေသည်။ ဖြစ်ပုံကို စုံလင်စွာ ပြောပြဦးမည်။

ပါကစ္စတန်တို့ဘက်မှာ ကမ်းခြေစောင့်ရေတပ်သင်္ဘော Habour Defence နှစ်စင်းရှိသည်။ သူတို့ဘက်မှာ ရေတပ်သုံးစက်သေနတ်တစ်လက်ပါရှိသည်။ ကျွန်တော်တို့ဘက်မှာက Lock ဆိုသော "L" သင်္ဘောသေးသေးကလေး ရှိသည်။ အတော်ပင် စွန့်စားသွားရခြင်းဖြစ်သည်။ ကျွန်တော်တို့သင်္ဘောလေး မောင်တောဆိပ်ကမ်းက ထွက်လာသည်ဆိုလျှင် ပါကစ္စတန်သင်္ဘောက ဘေးမှ ယှဉ်၍လိုက်လေသည်။ သူတို့ရေတပ်သင်္ဘောပေါ်က ရေတပ်သုံး စက်သေနတ်ပြောင်းကို ကျွန်တော်တို့ထံ ချိန်ရွယ်ပြီး မောင်းနှင်လျက်ရှိသည်။ ကျွန်တော်တို့ သင်္ဘောမှာ ခုခံနိုင်ဖို့ ယူဂိုဆလပ်နိုင်ငံက လက်ဆောင်ပေး၍ ရထားသော 7.92 စက်သေနတ်တစ်လက်ပဲ ပါရှိလာသည်။

ဒီယူဂိုဆလပ်နိုင်ငံလုပ် 7.92 စက်သေနတ်ဆိုတာက ကျည်ဆံ[illegible]ါတ် 7.9 ဆိုတော့ အားကိုးလောက်သည့် လက်နက်တစ်လက်ပင်ဖြစ်သည်။ မောင်းပြန်သေနတ် Heavy Machinegun ဖြစ်သည်။ [illegible]ရှတ်ဖြူတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် တပ်မတော်က အသုံးပြုအောင်မြင်ခဲ့သော လက်နက်ကောင်းပင်။ ကျည်ဆန်ကတော့ ကြိုက်သလောက်ပစ်၊ အခွေနှင့် ရာချီပြီး စီလျက်ပါလာသည်။ ကျွန်တော်တို့၊ သင်္ဘောမှ အပေါက်ကနေပြီး စက်သေနတ် ပြောင်း ထုတ်၍ ရန်သူ ပါကစ္စတန်သင်္ဘောကို ချိန်ရွယ်လျက်ရှိသည်။ ထို့ပြင် ကျွန်တော်တို့တပ်မှာ 2.5 Rocket ဒုံးလက်နက်လည်းပါသည်။ ဒီလက်နက် ကလည်း ယူဂိုဆလပ်နိုင်ငံလုပ်ဖြစ်သည်။ အားကိုးရသည်။

ကြုံနေရသည့် အန္တရာယ်က မသေးလှပေ။ အချင်းချင်း ရန်စောင်ပြီး လက်နက်တွေချိန်လျက် နတ်မြစ်ထဲတွင် လှုပ်ရှားခုတ်မောင်း ကင်းလှည့်နေရာ တစ်ဖက်ဖက်က မတော်တဆ ကျည်ဆန်ထွက်ခဲ့လျှင်ပင် တိုက်ပွဲဖြစ်ပြီး သူသေကိုယ်သေ ချကြတော့မည့် အခြေအနေပင်။

ကျွန်တော်တို့ ကင်းလှည့်နေသော "L" သင်္ဘောကလေးက အပေါ်နှင့် အောက် တပ်စိတ်တစ်စိတ်ခန့် ၁၀ ယောက်၊ ၁၂ ယောက် လိုက်ပါနိုင်သည်။

ထိုသို့ကင်းလှည့်စဉ် သင်္ဘောထိပ်မှာ နိုင်ငံတော်အလံတင်ပြီး ယူနီဖောင်းတံဆိပ်ဝတ်စုံအပြည့်နှင့် ကျွန်တော်လိုက်သည့်အခါလိုက်သည်။ အခြေအနေအရပ်ရပ်ကို (ကျွန်တော်ကိုယ်တိုင်)တပ်ဖွဲ့ခေါင်းဆောင် အကြီးအကဲကိုယ်တိုင် လိုက်လံကွပ်ကဲနေကြောင်း သိရှိစေရန်ဖြစ်သည်။

ကျွန်တော်တို့သင်္ဘော မောင်တောဆိပ်ကမ်းက ထွက်လာပြီကို မြင်သည်နှင့် ပါကစ္စတန် ရေတပ်သင်္ဘောလည်း ချက်ချင်းထွက်လိုက်လာသည်။ အမှန်ကတော့ နိုင်ငံတကာရေပြင်တွင် ရေတပ်သင်္ဘောများသည် အလွန်ပင် သတိထားရပေသည်။ ရေတပ်အချင်းချင်း ပစ်ခတ်ခြင်း ရှိခဲ့လျှင် ထိုပဋိပက္ခသည် နိုင်ငံနှစ်နိုင်ငံ စစ်ပွဲကြီးဆီသို့ ဦးတည်သွားလေတော့သည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ရော ပါကစ္စတန်ရေတပ်ကပါ ရန်စောင်နေကြရုံမှလွဲ၍ ပစ်ခတ်ခြင်း မပြုမိရန် အထူး သတိထားနေကြရပေသည်။ ဤသည်မှာ International Law နိုင်ငံတကာဥပဒေဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့က သေနတ်တစ်ချက်မှပင် မပစ်။ သို့သော် သူ့သင်္ဘောနှင့် ကိုယ့်သင်္ဘော နီးလာလျှင် အချင်းချင်း စောင်၍ ကြည့်သွားကြသည်။

ပါကစ္စတန် ရေတပ်သင်္ဘောပေါ်မှာ ဦးစီးလာသူက မေဂျာဆဒစ် Maj.Sedique ဟုသိရသည်။ ကျွန်တော်တို့သင်္ဘောမှာ တစ်ခါတလေ ကျွန်



တော်နှင့် ဗိုလ်ကြီးအောဘယ်လ်တို့ ပါကြသည်။ တပ်ခွဲမှူးတစ်ဦးဦးလည်း ပါတတ်သည်။ ဗိုလ်ကြီးထွန်းငြိမ်း၊ ဗိုလ်ကြီးလှကျော်တို့ ပါလာစမြဲပင်။ အဲသည်တပ်ခွဲမှူး ဗိုလ်ကြီးလှကျော်ဆိုတာ ရခိုင်တိုင်းရင်းသားဖြစ်သည်။ သို့သော် သူက သိပ်ပြီး တက်တက်ကြွကြွ အားနည်းသည်။ သူ့ကို တာဝန်ပေးလျှင် ဆင်ခြေအလွန်များသည်။ သူ့ကို ကျွန်တော်ကပြောသည်။ "ဟေ့၊ ဗိုလ်လှ ကျော်၊ ဒါ မင်းတို့ရခိုင်တွေ ကိစ္စကွာ၊ မင်းက တက်တက်ကြွကြွ မလုပ်ပါလား"

သူကပြန်ပြောသည်။ "လုပ်ပါတယ်ဗိုလ်မှူး" သို့သော် သူက သင်္ဘောကို နတ်မြစ်ထဲ မောင်းလာလျှင် မြစ်လက်တက်ကလေးများဆီသို့ ဝင်စေသည်။ ကျွန်တော်က ထိုသို့လုပ်သည်ကို သဘောမကျ။ ရန်သူအား ကြောက်လို့ရှောင်သည်ဟု ထင်သွားမည်ကို စိုးရိမ်ပေသည်။

ပါကစ္စတန်သင်္ဘောနှင့် ကျွန်တော်တို့ သင်္ဘောချင်းယှဉ်၊ သေနတ်တွေ တချိန်ချိန်၊ မျက်စောင်းတွေ တထိုးထိုးနှင့် နတ်မြစ်ထဲ မောင်းလာကြပြီး နတ်မြစ်ဝရောက်တော့ သူတို့ပါကစ္စတန်ရေတပ်သင်္ဘောက ကျွန်တော်တို့ သင်္ဘောသွားလမ်းကို ပိတ်တော့သည်။ သဘောကတော့ ဒါသူတို့ပိုင်သည်ဆိုသောသဘောပင်။

သူတို့က မြစ်ဝကို ထိုသို့ပိတ်ဆို့စဉ် ကျွန်တော်တို့က တိုက်ရိုက်ထိတွေ့ရင်ဆိုင်ရလျှင် ဆိုကြပါစို့၊ Confrontation လုပ်လျှင် မကောင်းချေ။ သူတို့က စက်သေနတ်လက်နက်ကြီး ပါသည့်သင်္ဘော။ ကျွန်တော်တို့က စက်သေနတ်ဆိုပေမယ့် 7.9 ကျည်ဆန်သုံးသည့်အရွယ်၊ အင်အားချင်းပြိုင်လျှင် ကျွန်တော်တို့က ငယ်နေသောကြောင့် ကျွန်တော်တို့ ကြေမွသွားနိုင်သည်။ ထိုအခြေအနေကို ကျွန်တော်က ရန်ကုန်တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ သတင်းပို့ရသည်။ ရန်ကုန်က သတင်းပြန်လာ၏။ "ယူဂိုဆလပ်နိုင်ငံလုပ် စစ်သင်္ဘောတစ်စင်း အမြန်ပို့ပေးမည်" ယူဂိုဆလပ်လုပ် River Gun Boat ပို့လိုက်သည်။ ထိုသင်္ဘောတွင် ရေတပ်သုံး ဘောဖာအမြောက် နှစ်လက်ပါလာသည်။ ပြီးတော့ ဘေးမှာ စက်သေနတ်ကြီးနှစ်လက် ၃ လက်မစီ ၄ လက် ပါလာသည်။ မာသည်။ သို့သော် သည်သင်္ဘောက မြစ်တွင်းသွားသင်္ဘောဖြစ်၍ ပေါ့ပါးသဖြင့် ပင်လယ်ကို ဖြတ်ရန်မလွယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရေစူးနက်အောင် သင်္ဘောဝမ်းထဲမှာ ရေတစ်ဝက်ထည့်ပြီး မောင်းလာရ၏။ သင်္ဘောမှာ မြစ်ကမ်းဘေးနားတွင် မောင်းနှင်သွားလာ ကာကွယ်ရသော သင်္ဘောဖြစ်၍ ပင်လယ်ဖြတ်ရမည်ဆိုသောအခါ ရေစူး ၄ ပေသာရှိသည့် သင်္ဘောကို သည့်ထက်ရေစူးနက်စေရန် သင်္ဘောဝမ်းဗိုက်ထဲ ရေတစ်ဝက်ထည့်ပြီး မောင်းလာရခြင်းဖြစ်၏။

ရခိုင်ရေတပ်စခန်းတွင် အင်းမ အမည်ရှိ ရေတပ်သင်္ဘောတစ်စင်းရှိသည်။ အင်းမကတော့ ပင်လယ်ခရီးသွားသင်္ဘောဖြစ်၍ မြစ်ထဲ ဝင်၍မရ။ ယခုရောက်လာသော River Gun Boat ကတော့ မြစ်ထဲဝင် မောင်းနှင် နိုင်သည်။

ထိုသင်္ဘောနှစ်စင်းတွင် တစ်စင်းစီ၌ ရေတပ်သား ၁၂ ဦးနှင့် ကက်ပတိန် ၂ ယောက် ပါလာခဲ့သည်။ ကျွန်တော်ဝမ်းသာလိုက်သည်မှာ မပြောပါနှင့်တော့။ ထိုသင်္ဘောနှစ်စင်း ရောက်လာ၍ မြစ်တွင်းရေကြောင်းရှင်းချီတက်လှုပ်ရှားသောအခါ ပါကစ္စတန်ရေတပ်သင်္ဘောက မလိုက်ပါတော့ချေ။ သူတို့ရန်သူတပ်သားတွေက နတ်မြစ်ဘေးမှာ နီလာမြို့ဆိပ်ကမ်းပေါ်က စောင့်ကြည့်သည့်အလုပ်သာ လုပ်ကြတော့သည်။

မြန်မာဘက် မောင်တောမြို့နှင့် တည့်တည့်မှာရှိသောမြို့က တက်နာပ်မြို့။ Tak nuat ခရုချောင်းဟု ခေါ်သည်။ နောက်ပြီး သူတို့အခေါ် ဘော်လီဘဇားမြို့။ ဘော်လီဘဇားမြို့ကို ကျွန်တော်တို့က ကြိန်ချောင်းမြို့ဟု ခေါ်သည်။ ကြိန်ချောင်းမြို့က အတွင်းပိုင်း ဖြူးမချောင်း၏ ထိပ်နားတွင်ရှိသည်။ ကုန်းပေါ်မှာကတော့ ဟိုဘက် ဒီဘက် ပစ်ကြခတ်ကြတာ တစ်ခါတစ်ရံရှိသည်။ ရေထဲမှာကတော့ ကျီးကျွန်းမှာ ပစ်ကြခတ်ကြပြီးနောက်သေနတ်သံ စဲသွားခဲ့သည်။ အရှေ့ပါကစ္စတန် ရိုင်ဖယ်တပ်ကို တက်ကနတ်မြို့မှာလည်း လာထားသည်။ ကော့ဆက် ဘဇားဘက်မှာလည်း လာထားသည်။ သည်ကသွားသော ဒုက္ခသည်တွေကို ထားသည်ဆိုသော ကော့ဆက်ဘဇားပင်။ ကော့ဆက်ဘဇားမြို့က ဆယ့်မိုင်ခန့် ဆင်းလာလျှင် နတ်မြစ်ကို ရောက်ပေသည်။

စောစောက ပြောခဲ့သော သူတို့ဘက်က နီလာဆိုသည်မှာ ယခင်က ရခိုင်တိုင်းရင်းသားတွေ အုပ်စိုးခဲ့ဖူးသည်။ နီလာမြို့မှ အပေါ်တက်သွားလျှင် ဝတ်ကျောင်းမြို့။ သည်မြို့က ကျီးကျွန်းနှင့် နီးသွားပြီ။



ယခုကဲ့သို့ အင်အားမသေးသော ရေတပ်သင်္ဘော ရောက်လာသောအခါ နတ်မြစ်ထဲတွင် ကိုယ့်တစ်စင်းတည်း စိတ်ကြိုက် မောင်းနှင်သွားလာနိုင်ပေပြီ။ လိုက်လံနှောင့်ယှက်မည့် ရန်သူ့သင်္ဘော အရိပ်အယောင်မျှပင် မမြင်ရ။ ကျွန်တော်ပါပါ၊ မပါပါ ရေတပ်သင်္ဘောသည် ပင်လယ်အပေါက်ဝရော၊ စောစောက စကားများ၊ ရင်ဆိုင်ခဲ့ရသော စိန်မာဒင်ကျွန်း၊ အုန်းကျွန်း စသည်တို့သို့ မြန်မာရေတပ်သင်္ဘော အထဲဝင် အပြင်ထွက် နှစ်သက်သလို မောင်းပေရော့။ သွားပေရော့။

နောက်တော့ ရန်သူဘက်က ထောင်ထောင်လွှားလွှား မလှုပ်ရဲကြပြီမို့ ရေတပ်သင်္ဘောနှစ်စင်းအနက် တစ်စင်းကို ရခိုင်ရေတပ်စခန်းသို့ ပြန်ပို့ထားလိုက်ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

## မြန်မာနိုင်ငံ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ပါကစ္စတန် သမ္မတ ဗိုလ်မှူးကြီး အယွတ်ခံတို့ ထိပ်တိုက်တွေ့စဉ်

အချိန်မှာ ၁၉၅၉ ခုနှစ် မိုးရာသီကိုပင် ကျော်လွန်သွားလေပြီ။ တစ်နေ့တွင် မြန်မာနိုင်ငံ အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဘက်မလိုက်နိုင်ငံများ အစည်းအဝေးသို့ သွားတက်သည်။ ထိုအစည်းအဝေး၌ ပါကစ္စတန်နိုင်ငံ စစ်အုပ်ချုပ်ရေးအစိုးရ သမ္မတအယွတ်ခံနှင့် တွေ့ဆုံကြသည်။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်ကြီးအယွတ်ခံတို့ ထိပ်တိုက်တွေ့ဆုံကြစဉ် မြန်မာနှင့် အရှေ့ပါကစ္စတန် နှစ်နိုင်ငံနယ်၊ နယ်စပ်လုံခြုံရေးကိစ္စများ စဉ်းစား ဆွေးနွေးကြပြီ။ ဤသို့ အငြင်းပွားစရာဖြစ်နေသည်မှာ မသင့်တော်၊ မလျော်ကန်ကြောင်း ဆွေးနွေးပြီး နယ်စပ် နတ်မြစ်မြေပုံတိုင်း ထွာရန် သဘောတူခဲ့ကြသည်။

ထိုအချိန်က အရှေ့ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံ ရေတပ်အချင်းချင်း ရန်စောင်၍ကောင်းနေစဉ် မြန်မာ့ရေတပ်မတော်မှ ကွန်မင်ဒါ ဗိုလ်မှူးသောင်းတင် တာဝန်သစ်ယူရန် ရောက်လာသည်။ ယခု ဗိုလ်မှူးချုပ် သောင်းတင်(ငြိမ်း) ဖြစ်သည်။ သူက ကျွန်တော့်လက်အောက်သို့ ရောက်လာသည်။

www.burmeseclassic.com



တစ်နေ့တွင် ရန်ကုန်စစ်ဌာနချုပ်မှ ကြေးနန်းတစ်စောင် ဝင်လာသည်။ အရှေ့ပါကစ္စတန် ရေတပ်သင်္ဘောဌာနချုပ်မှ အရာရှိများနှင့် မြန်မာနိုင်ငံရေတပ်မှ အရာရှိများ၊ မိမိတို့ မြို့အသီးသီး မောင်တောနှင့် တက်နတ်မြို့များက ထွက်လာကြရမည်။ နတ်မြစ်ထဲတွင် လက်ဖက်ရည် အတူတူသောက်၍ ချစ်ကြည်ရေး မိတ်ဖွဲ့ကြမည်။ အနောက်နိုင်ငံ၊ အဲဂျီရီးယားပြည်၊ မြို့တွင်း ဘက်မလိုက် နိုင်ငံများ အစည်းအဝေးတွင် ခေါင်းဆောင်ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ပါကစ္စတန်စစ်ခေါင်းဆောင် အယွတ်ခန်တို့ တွေ့ပြီး သဘောတူလိုက်ကြောင်း။

သတ်မှတ်သော နေ့တစ်နေ့တွင် ပါကစ္စတန်ရေတပ်သင်္ဘောပေါ်မှ အရာရှိများနှင့် ကျွန်တော်တို့ မြန်မာ့ရေတပ်မှ ကွန်မင်ဒါ ဗိုလ်မှူးသောင်းတင် ဦးဆောင်သော မြန်မာရေတပ်အရာရှိများသည် မြန်မာ-ပါကစ္စတန်နယ်နိမိတ် နတ်မြစ်လယ်တွင် သင်္ဘောချင်း ဆုံတွေ့ကြ၍ လက်ဖက်ရည် အတူသောက်၊ ချစ်ကြည်ရေး စကားတွေ ပြောကြရာ များစွာ အဆင်ပြေသွားလေတော့၏။

တစ်နေ့တွင် ပါကစ္စတန်စစ်တပ်မှ ဗိုလ်မှူးအဆင့်ရှိ စစ်အရာရှိတစ်ဦးနှင့် ကျွန်တော်တို့ ဆုံမိကြ၍ ကျွန်တော်က မြန်မာနိုင်ငံရေးသမိုင်း၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု စသည် အင်္ဂလိပ်ဘာသာစာအုပ်များကို ဗဟုသုတ အလို့ငှာ လက်ဆောင်ပေးလိုက်သည်။

နောက်တစ်ပတ်တွင် အဆိုပါ ပါကစ္စတန်ရေတပ် မေဂျာက နတ်မြစ်ထဲတွင် မီးအချက်ပြ၍ ကျွန်တော်စီးလာသော သင်္ဘောကိုခေါ်သည်။ ကျွန်တော်နှင့်တွေ့တော့ ပါကစ္စတန်စစ်ဗိုလ်က ကျွန်တော်လက်ဆောင်ပေးသော စာအုပ်များကို ပြန်ပေးသည်။ သူကပြော၏။ "မင်းစာအုပ်တွေ ပြန်ယူသွားကွာ၊ နိုင်ငံရေးစာအုပ်တွေ၊ ငါတို့မဖတ်ရဲဘူး၊ နားမလည်တာလည်း ပါတယ်"ဟု ဆိုလေသည်။ ဟုတ်ပေမည်။

သူတို့ပါကစ္စတန်နိုင်ငံ၌ စစ်တပ်၊စစ်ဗိုလ်ကြီးတွေက နိုင်ငံအာဏာသိမ်းထားပြီး အောက်လက်ငယ်သားအရာရှိတွေကို နိုင်ငံရေး မလေ့လာရ ပညတ်ထားသည်။ ထို့ကြောင့် စစ်အရာရှိခများ မြန်မာ့နိုင်ငံရေးစာအုပ်များကိုပင် မထိရဲ၊ မတို့ရဲကြရှာပေ။

ပြောရဦးမည်။ ပါကစ္စတန်ရေတပ်နှင့် မြန်မာရေတပ်တို့ အချင်းချင်း



ချစ်ကြည်ကြပြီးနောက် ကြည်းတပ်အချင်းချင်း ချစ်ကြည်ဖို့ လုပ်ကြရန် အထက်က စာရောက်လာပြန်သည်။

ကြည်းတပ်ချင်း ရင်းနှီးရန် နယ်စပ်ရှိ တောင်ပြို့တံတားအလယ်တွင် နှစ်ဖက်တာဝန်ရှိ ကြည်းတပ်အရာရှိတို့ ချစ်ကြည်ရေး တွေ့ဆုံဆွေးနွေးကြရန်။ ယခင်က နတ်မြစ်ပေါ် တံတားတစ်စင်း ရှိသည်။ တံတားအလယ်တွင် စည်းတားထားသည်။ စည်းကိုကျော်လာလျှင် ပစ်မည်။ ကျွန်တော့်တပ်က ဗိုလ်ကြီးခင်ရှိန်ဆိုသည့် ရဲဘော်တစ်ဦးအကြောင်း ပြောပြရဦးမည်။

ခင်ရှိန်အကြောင်း မပြောမီ ကျွန်တော်တို့ ကျီးကျွန်းကို တိုက်စဉ်က အကြောင်း ကျန်ခဲ့တာကလေး ပြောရဦးမည်။ ကျီးကျွန်းတိုက်စဉ်က ဗိုလ်ချုပ်အောင်ရွှေထံမှ ခြေမြန်တပ်ရင်း ၄ နှင့် ခြေမြန်တပ်ရင်း ၅ တပ်ရင်း နှစ်ရင်း လွှတ်ပေးလိုက်သည်။ ကျွန်တော်က ရောက်လာသည့် တပ်ရင်း ၂ ရင်း အင်အားနှင့် ကျီးကျွန်းကို တိုက်ခဲ့ရာ မြန်မာတပ်အင်အားကို မြင်သည်နှင့် ရန်သူက ကျီးကျွန်းကို လက်လွှတ်ထားပြီး ပြေးသွားကြခြင်းဖြစ်သည်။ ကုန်းကြောင်းနှင့်ရေကြောင်း နှစ်ဖက်ညှပ်တိုက်သဖြင့် ထိုသို့ ရန်သူက အလွယ်တကူ ထွက်ပြေးဆုတ်ခွာခြင်း ဖြစ်လေသည်။ သူတို့လည်း သတင်းရပါလိမ့်မည်။ ရခိုင်တိုင်း၊ ဘူးသီးတောင်၊ မောင်တောဘက်မှာ တပ်တွေ ထပ်ဖြည့်ထားသော သတင်းကို ကြားပေသည်။

ထိုစဉ်က ကျွန်တော်တို့တပ်တွင် ဗိုလ်ခင်ရှိန်ဆိုသော စစ်ဗိုလ်တစ်ဦး ပါလာသည်။ ဗိုလ်ခင်ရှိန်ကို ကျီးကျွန်းအဝ ကင်းစခန်း၌ တာဝန်ချထားသည်။ ဟိုဘက်က ပါကစ္စတန်တပ်တွင် ဝတ်ကျောင်းဆိုသော စခန်းရှိသည်။ ဝတ်ကျောင်းစခန်းမှာ တာဝန်ကျနေသော ပါကစ္စတန် စစ်တပ်ဗိုလ်မှူးကို မြန်မာတပ်မှ ဗိုလ်ကြီးခင်ရှိန်က လှမ်းခေါ်ပြီး ဤသို့ပြောသည်တဲ့။

**ဗိုလ်ကြီးခင်ရှိန်** ။ "ဟေ့၊ အော်စထရေ့(ဆရာ)"
**ပါကစ္စတန်စစ်ဗိုလ်** ။ "What ဘာလဲ၊ ဘာပြောမလို့လဲ"
**ခင်ရှိန်** ။ "Come here, want to talk you"
"လာပါဦး၊ ကျုပ်ပြောစရာရှိတယ်"

ပါကစ္စတန်စစ်ဗိုလ်က ဝတ်ကျောင်းကင်းစခန်းအနီးသို့ ကပ်လာ၏။ မြန်မာတပ်စခန်းမှ လှမ်းအော်ပြောနေရသော နေရာသို့ ရောက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါ ဗိုလ်ကြီးခင်ရှိန်က ဤသို့ Broken English အင်္ဂလိပ်လို ဘရုတ်ကင်း ပြောလေ၏။

**ဗိုလ်ခင်ရှိန်** ။ (ပါကစ္စတန်စစ်ဗိုလ်ဆီသို့ကြည့်၍ နတ်မြစ်ရှိရေကို လက်ညှိုးညွှန်ပြရင်း ပြောသည်မှာ---)
"You know, This Water, I Belong"
"ခင်ဗျားသိရဲ့လား၊ ဒီရေပိုင်နက်ကို ငါတို့ပိုင်တယ်"
"That Water, You Belong"
"အဲဒီနားက ရေပိုင်နက်ကို ခင်ဗျားပိုင်တယ်"
"I Belong Water, You come, I fire"
"ကျုပ်ပိုင်တဲ့ ရေပိုင်နက်ကို ခင်ဗျားတို့လာရင် ကျုပ်ပစ်မယ်"
"I AM CAPTAIN KHIN SHENI FROM ONE O FOUR, (104) Sucide Battalion"
"ကျုပ်နာမည် ကပ္ပတိန်ခင်ရှိန်၊ အမှတ် ၁၀၄ အသေခံတပ်ရင်းကပဲ"

ဗိုလ်ခင်ရှိန်က ပါကစ္စတန်ဗိုလ်မှူးကို ထိုသို့ပြောလိုက်သဖြင့် ပါကစ္စတန်ဗိုလ်မှူးက မိမိကို မြန်မာစစ်ဗိုလ်က လာရောက်ရန်စပါသည်ဟု သူတို့အထက်စစ်ဘက်ဌာနချုပ်ကို တိုင်ကြားတော့သည်။ ဤတွင် ပြဿနာမီးလောင်တော့၏။

ပါကစ္စတန်စစ်ဘက်ဌာနချုပ်က မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရခိုင်တိုင်း၊ ကျီးကျွန်းတွင် မြန်မာစစ်ဗိုလ်က ရန်စသော အပြောအဆိုများဖြင့် စော်ကားပါသည်ဟု နေ့ရက်အချိန်နှင့်တကွ ဖော်ပြ၍ တိုင်ကြားလိုက်ပေရာ မကြာမီပင် ထိုကိစ္စ ထိရောက်စွာ အရေးယူဆောင်ရွက်ပါဟု ကျွန်တော့်ထံ အမိန့်ရောက်လာခဲ့သည်။ ထို့ကြောင့် ဗိုလ်ခင်ရှိန်ကို ခေါ်ယူစစ်ဆေးရတော့သည်"

**ကျွန်တော်** ။ "ဗိုလ်ခင်ရှိန်၊ မင်းက ဘယ့်နှယ် ပါကစ္စတန်စစ်ဗိုလ်ကို ရန်စကား သွားပြောတာလဲ"

**ဗိုလ်ခင်ရှိန်** ။ "ကျွန်တော် ဘာမှမပြောပါဘူး၊ ကျွန်တော်မှ အင်္ဂလိပ်စကားမတတ်ဘဲ"



**ကျွန်တော်** ။ "ဘယ့်နှယ်၊ မင်းက အင်္ဂလိပ်စကား မပြောတတ်ရမှာလဲ၊ ဒီမှာ ပါကစ္စတန်စစ်ဗိုလ်ကို မင်းက Broken English အင်္ဂလိပ်စကားအကျိုးအပဲ့ပြောပြီး ရန်စ စကားပြောတယ်ဆိုပြီး အထက်ကို တိုင်လို့ အမှုရောက်လာပြီ"

သည်တော့မှ ဗိုလ်ခင်ရှိန်က အမှန်ကို ဝန်ခံပါတော့သည်။ သူပြောမိကြောင်း အစမှအဆုံး သူ့အင်္ဂလိပ် Broken ဘရုတ်ကင်း စကားတွေ ပြန်ပြောပြရာ ကျွန်တော့်မှာ ရယ်ရတော့သည်။

**ကျွန်တော်** ။ "မင်းတော်တော်ဆိုးတဲ့ကောင်ကွာ၊ ဘာလို့ အဲဒီလိုသွားပြောရတာလဲ၊ ချကာမှချရောပေါ့"

**ဗိုလ်ခင်ရှိန်** ။ "ပါကစ္စတန်တပ်ထဲမှာကလေးစစ်သားတွေ ထည့်ထားတာ ကျွန်တော်က မခံချင်လို့ ဘုသွားပြောမိတာပါ"

သို့နှင့် ကျွန်တော်က အထက်သို့ မုသားသုံး၍ အစီရင်ခံလိုက်ရသည်။

"ဗိုလ်ခင်ရှိန်ကို စစ်ဆေးပြောဆိုပြီးပြီ။ ပါကစ္စတန်က အမှုဆင်၍ အထက်သို့ တိုင်ကြားခြင်းဖြစ်သည်။ မြန်မာစစ်တပ်က ရဲဘော်များ မသင့်မတော်စကား၊ ရန်စသည့်စကား မပြောခဲ့ပါ"

မတတ်နိုင်ပြီ။ ဖြစ်သည့်အမှုက ဖြစ်ခဲ့ပြီးပြီ။ ပြဿနာအစကို သိမ်းရန် သည်နည်းသာ သုံးရတော့၏။ မုသားမပါ၊ လင်္ကာမချောဟု ပြောကြသည် မဟုတ်ပါလား။ ထားပါတော့။

သည့်နောက်တွင် တစ်နေ့၌ ဘူးသီးတောင်မြို့ မြောက်ဘက်မှာ တောင်ဘဇားဆိုသည့်မြို့ ရှိသည်။ ဘူးသီးတောင်မြို့နှင့် ရှစ်မိုင်ခန့်ဝေးသည်။ တောင်ဘဇားဆိုသည်မှာ မြို့ပါပဲ။ ဘဇားဟု စာလုံးပါလျှင် မြို့ပါပဲ။ ဈေးရှိသောမြို့။ တောင်ဘဇားမြို့၏ မြောက်ဘက်ဆယ်မိုင်ခန့်အကွာတွင် ဂုတ်ပိဘဇားမြို့ရှိသည်။ ဂုတ်ပိတောင်၏ မြောက်ဘက်တွင် ပန်ဓေဘဇားဆိုသော ယခုအခါ မနေတော့သည့်မြို့ရှိသည်။ သည်မြို့လမ်းက မှောင်ခိုတွေ စီးပွားရေး သောင်းကျန်းသူတွေ သွားသောလမ်းပင်။ တော်တော်လည်း ဝေးသောလမ်းပင်။ ထိုနေရာ၌ လက်နက်အပြည့်အစုံနှင့်၊ အင်အားရှိသော လူတစ်စု ရောက်နေသည့်သတင်း ကြားရသည်။

သည်တော့ တပ်ရင်း ၁၀၄ က ဗိုလ်ကြီးတင်ဖေကို ဦးဆောင်ပြီး ထိုနေရာသို့ စေလွှတ်လိုက်သည်။ ဗိုလ်တင်ဖေကို မှတ်မိကြမည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်ပါတီခေတ်တွင် ရန်ကုန်မြို့တော်ဝန် တာဝန်ထမ်းဆောင်သွားသူ ဖြစ်၏။ ယခုတော့ ကွယ်လွန်ရှာပါပြီ။

ထိုစဉ်က ဗိုလ်ကြီးတင်ဖေ ဦးဆောင်သော တပ်ခွဲနှင့် ညပိုင်းချီတက်သွား၍ နောက်တစ်နေ့နံနက်တွင် တောင်ဘဇားမြို့သို့ ရောက်အောင်ချီတက်သွားကြပြီး တိုက်ကြသည့်အခါ ရန်သူလက်နက်ကိုင်တပ်ဖွဲ့ ဖရိုဖရဲဖြစ်ပြီး ဆုတ်ခွာသွားကြလေသည်။ တိုက်ပွဲတွင် တစ်ဖက်ရန်သူ မူဂျာဟစ်သူပုန် ၄၀ ခန့် ကျဆုံးပြီး လက်နက်ပေါင်းစုံ ၁၀၀ ခန့် ရမိလိုက်၏။ မူဂျာဟစ်ဒင် ခေါ်သော သူပုန်တွေမှာ နယ်စပ်ဒေသတွင် ကျွန်တော်တို့ကို ဒုက္ခပေးရန် အရှေ့ပါကစ္စတန်က မွေးမြူကျွေးမွေး လက်နက်ပေးထားသော တစ်ဖက် နိုင်ငံသားများ ဖြစ်ကြသည်။ အစိုးရအချင်းချင်း နှစ်ဖက်စေ့စပ် ပြေလည်ရန် ကြိုးပမ်းနေချိန်တွင် တစ်ဖက်က ဥပဒေမဲ့ ဝင်ရောက်ဒုက္ခပေးမည့်သူများ ဖြစ်လေသည်။

အမှန်က ဗိုလ်ကြီးတင်ဖေကို စုံစမ်းရန် တပ်နှင့်အတူ လွှတ်ကြည့်ခိုင်းခြင်း ဖြစ်သည်။ သို့သော် တစ်ညလုံး ချီတက်သွားကြပြီး လူအုပ်က တောင့်တောင့်တင်းတင်း စုစုဝေးဝေး တွေ့ရသည်နှင့် နံနက်အလင်းရောင် မလာမီ ဗိုလ်ကြီးတင်ဖေက သူ့အတွေးနှင့်သူ စဉ်းစားဝေဖန်လျက် တက်တိုက်ပစ်ခြင်းပင်။

ဗိုလ်တင်ဖေတို့ ပြန်ရောက်သောအခါ လက်နက် ၁၀၀ ကျော် ပါလာသည်။ ထိုအောင်ပွဲမှာ စင်စစ်ဉာဏ်ရည်ဉာဏ်သွေးနှင့် ကိုယ်ပိုင်သတ္တိ စွမ်းပကားကို ထင်ထင်ရှားရှား စွန့်စားဆုံးဖြတ်လုပ်ကိုင်နိုင်သဖြင့် ဗိုလ်ကြီးတင်ဖေကို သူရဘွဲ့ပေးရန် ထောက်ခံတင်ပြလိုက်သည်။ ဤသို့ဖြင့် အထက်ကာကွယ်ရေးဦးစီးချုပ်ရုံးက ဝေါမြို့ဇာတိ ဗိုလ်ကြီးတင်ဖေကို သူရသတ္တိဆိုင်ရာ **သူရဘွဲ့** ချီးမြှင့်ခဲ့၏။ ဗိုလ်တင်ဖေမှာ နောင်ဗိုလ်မှူးကြီးသူရတင်ဖေ ဖြစ်လာ၍ တပ်ရင်းမှူးရာထူးအထိ အဆင့်ဆင့် တိုးတက်လာကာ ရန်ကုန်မြို့တော်ဝန် တာဝန်ကို လက်ခံ ရယူခဲ့ပေသည်။

ထိုအချိန်ကာလမှာ ၁၉၅၉ ခုနှစ် ဆောင်းရာသီအဝင် မိုးရာသီကုန်လုလုအချိန်ပင်။ မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဗိုလ်ချုပ်ကြီးနေဝင်း ဝန်ကြီးချုပ်အဖြစ် ဦးစီးနေသော အိမ်စောင့်အစိုးရက စီစဉ်နေချိန်ဖြစ်လေသည်။



ပြောရဦးမည်။ ယခုအခါ ရိုဟင်ဂျာဆိုသော စကားလုံးများ မကြာခဏ ကြားနေရသည်။ ထိုစဉ်က ရခိုင်တိုင်းတွင်လည်း ရိုဟင်ဂျာဆိုသော လူမျိုးနာမည် ကျယ်ကျယ်ပြန့်ပြန့် ကြားလာရသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်းတစ်ခုတွင်လည်း ရိုဟင်ဂျာလူမျိုးဆိုသော စကားတစ်ခွန်း ကြားလိုက်ရသည်။ ထို့ပြင် တပ်မတော်မှ ဗိုလ်မှူးချုပ်အောင်ကြီးက လည်း စီးပွားရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်လာရင်း ရန်ကုန်မှာ မြန်မာနိုင်ငံ အသံလွှင့်ဌာနက ရိုဟင်ဂျာအစီအစဉ်တစ်ရပ် ထည့်သွင်းလာခဲ့သည်။ ထို့ပြင် ၁၉၅၉ ခုနှစ်မှာပင် ရန်ကုန်မြို့၌ ရိုဟင်ဂျာဘာသာသတင်းစာထုတ်ဝေကြောင်းလည်း ကြားသိရသည်။ သည်တော့မှပင် ကျွန်တော်လည်း ရိုဟင်ဂျာလူမျိုး၊ ရိုဟင်ဂျာဘာသာစကားဆိုတာ ထုကြီးထည်ကြီး ကြားလာရခြင်းပင်။

ရခိုင်တိုင်း မြန်မာနှင့် အရှေ့ပါကစ္စတန်နယ်စပ် (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ)တွင် ရိုဟင်ဂျာလူမျိုးဆိုသည်နှင့် ပတ်သက်၍ အတော်ကလေး ကျယ်ကျယ်ပြန့်ပြန့် ကြားနေရစဉ်မှာပင် အခြားမျိုးနွယ်စုနာမည်များလည်း ကြားနေရသေးသည်။

ရခိုင်တိုင်းတွင်ရှိနေသော ရခိုင်ဘင်္ဂါလီအစ္စလမ်တွေကလည်း နယ်စပ်က ခိုးဝင်လာကြသော ပြင်ပနိုင်ငံသားများကိုစ္စ သောကရောက်နေကြ၏။ လူများ၊ စကားများ၊ ပြဿနာတွေ များလာမည်ကို အလွန်စိုးရိမ်ပိုနေကြသည်။

ဒေသခံ ဘင်္ဂါလီ အစ္စလမ်တွေမှာ ကျွန်တော်တို့ကို အများကြီး ကူညီကြသည်။ ထို့ပြင် ယခုလို ဘယ်ကပေါ်လာမှန်း မသိသော ရိုဟင်ဂျာလူမျိုးနွယ်တွေကိုလည်း ရခိုင်တိုင်းက ဘင်္ဂါလီအစ္စလမ်တွေက သဘောမကျချင်ကြပေ။ ထို့ပြင် တိုင်းရင်းသား ကမန်၊ ဒိုင်းနက်၊ ဆရဖာကြီး၊ ချက်စ်မာန်သက် ဘင်္ဂလီဗုဒ္ဓဘာသာ၊ ဟိန္ဒူအမျိုးသားအားလုံးဟာ နောက်ထပ် စည်းမဲ့ကမ်းမဲ့ ခိုးဝင်လာသူ ဘင်္ဂါလီ အစ္စလန်များကို မကြိုက်ကြပါ။ နောက် ဘိုမင်းတောင်၊ ဖလန်တောင်၊ ဓော့မြန်မာကြီးများကလည်း မကြိုက်ကြပါ။ ဒိုင်းနက် မကြိုက်ကြ။ ဘရမာကြီးလည်း မကြိုက်ကြ။ ဘရမာကြီးမျိုးနွယ်ဆိုသည်မှာ ဘင်္ဂါလီ- ဗုဒ္ဓဘာသာဝင်တွေဖြစ်၏။ ဟိန္ဒူဘာသာဝင်များနှင့် ဆင်ဆင်တူသည်။ ထို့ပြင် ချက်မာဆိုသော သက်လူမျိုးတွေကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂါလီတွေက မကြိုက်ကြ။ နယ်စပ်ဒေသမှာ ဤသို့ဤနယ် လူမျိုးစုံက ရှိနေပြီး ရှုပ်ထွေးလျက်ပင်။ သက်လူမျိုးဆိုသည်က ရခိုင်နှင့်မတူ။ ဝတ်သည့် ပုံစံမှာ တိုက်ပုံအင်္ကျီနှင့် ပုဆိုးဖြစ်သည်။

စောစောက ပြောခဲ့သော ကမန်၊ ဒိုင်းနက်၊ ဘရမာကြီး လူမျိုးနွယ် များ၏ မျက်နှာပေါက်က ရခိုင် ဘင်္ဂါလီ မျက်နှာသွင်ပြင်ပင်။ သို့သော် အယူဝါဒကတော့ အစ္စလမ်ဘာသာပင်။ သူတို့ကတော့ မြန်မာတိုင်းရင်း သားများပင်။ သည်ကြားထဲမှာ ဘာဖြစ်သလဲဆိုတော့ ရိုဟင်ဂျာဆိုတာကို လုံးဝ မကြားဖူးဘဲ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်းတစ်ခုတွင် ဦးနုက ရိုဟင်ဂျာလူမျိုးနွယ်ဟု ပြောခဲ့ဖူးသည်။ သို့သော် နောက်ပိုင်းတွင် ဦးနုနှုတ်မှ ဤသို့ ရိုဟင်ဂျာစကားလုံး မသုံးတော့ဘဲ ဖြေဆေးအနေဖြင့် ရခိုင်ပြည်နယ် ပေးမယ်ဟု ပြောလာသည်။ ၁၉၅၈ ခုနှစ်၊ ဖဆပလ အကွဲအပြဲတွင် ရခိုင်အမတ်များသည် ဦးနုကို လွှတ်တော်၌ မပံ့ပိုးပေးခဲ့ကြသည်။

သည်သမိုင်းက တော်တော်စောစောကပဲ ရှိခဲ့ဖူးသည်။ ပါကစ္စတန် လွတ်လပ်ရေးခေါင်းဆောင် အလီဂျင်းနားတို့က တောင်းဆိုဖူးသည်။ မေယု တောင်တန်းကို အရှေ့ပါကစ္စတန်တွင် ထည့်ပေးပါ။ သို့သော် ထိုနှစ် ၁၉၄၆-၄၇ မြန်မာနိုင်ငံခေါင်းဆောင် ဘုရင်ခံအမှုဆောင်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းတို့ကိုယ်တိုင် ပါကစ္စတန်နိုင်ငံ ခေါင်းဆောင်တွေ တောင်း ဆိုခဲ့သည်ကို မသိကျိုးကျွံပြုကာ လျစ်လျူရှုခဲ့ကြသည်။ ထို့ပြင် ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင်ကပင် ရခိုင်တိုင်းတွင် ရိုဟင်ဂျာလူမျိုးနွယ်ရှိသည်ဟု အသိအမှတ်ပြု မပြောခဲ့ဖူးချေ။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်က လက် မခံနိုင်သော ဤကိစ္စကို ထဲထဲဝင်ဝင် မစဉ်းစားခဲ့၍ ရခိုင်တိုင်းတွင် အထင် ကရ လှုပ်ရှားလာသော လက်နက်ကိုင် မူဂျာဟစ်သူပုန် ပေါ်လာလေသည်။ မူဂျာဟစ်သူပုန်တွေကို ၁၉၅၉-၆၀ ပြည့်နှစ်တွင် တပ်မတော်က အမြစ်ဖြုတ် ခဲ့ပြီးလျှင် အေးဆေးသွားခဲ့သည်။ မူဂျာဟစ်ဒင်သူပုန်တွေ မရှိတော့ပြီဆိုမှ ထိုဒေသတွင် ရိုဟင်ဂျာလူမျိုးနွယ်ဆို၍ ပေါ်လာပြန်တော့၏။ သည်ရိုဟင်ဂျာ လူမျိုးနွယ်ကိစ္စ သည်နေရာမှာ ခဏထားခဲ့ပြီး ၁၉၆၀ပြည့်နှစ် ရွေးကောက် ပွဲနှင့် ဗိုလ်ချုပ်ကြီးနေဝင်း ယှက်နွယ်ပတ်သက်ခဲ့ပုံ ပြောပြချင်သေးသည်။

၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီတွင် အမှန်အတိုင်း ပြောရ



လျှင် အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအနေဖြင့် တည်မြဲ ဖဆပလမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့အပေါ်၌ သံယောဇဉ်မကင်း ရှိခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီးနေဝင်းအနေဖြင့် မိမိကို ဝန်ကြီးချုပ် ခန့်ထားခဲ့၊ တင် မြှောက်ပေးခဲ့သော သန့်ရှင်းဖဆပလမှ ဦးနုကိုလည်း မလွှမ်းဆန်နိုင်သည့် အခြေအနေရှိသည်။ ကျွန်တော်တို့ တပ်မှူးတွေကို ဘယ်လိုပဲ နိုင်ငံရေးနှင့် ကင်းဝေးအောင်နေပါဟု ဗိုလ်ချုပ်ကြီးနေဝင်း ဆုံးမခဲ့သော်လည်း ဗိုလ်ချုပ် ကြီးနေဝင်းမှာ တည်မြဲကိုကား သံယောဇဉ် အမျှင်တန်း ရှိနိုင်ပေ၏။ ထို့ ကြောင့်ပင် စောစောပိုင်းက အောက်ခြေမှ တပည့်တပ်မှူးတွေကို မင်းတို့ ဘာသာမင်းတို့ လိမ္မာသလို လုပ်ပေးကြဆိုသည့် သဘောထား၊ ဗိုလ်ချုပ်ကြီး စိတ်ထဲမှာ ရှိပုံရသည်။ ထိုသဘောထားကို ကျွန်တော်တို့ ရခိုင်တပ်ပေါင်းစု အနေဖြင့်လည်း ရင်ဝယ်ပိုက်၍ စိတ်ကြိုက်လုပ်ခဲ့သည်များ ရှိတန်သရွေ့ ရှိ၏။

သို့သော် ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ နှစ်လခန့်တွင် ဘာဖြစ်သလဲဆိုတာ ပြောပြဦးမည်။ ၁၉၅၈-၅၉ ခုနှစ်တွင် အိမ်စောင့်အစိုး ရက ဖွဲ့စည်းခဲ့သော နိုင်ငံတော် လုံခြုံရေးကောင်စီ၏အောက်၌ မြို့နယ်၊ တိုင်း၊ ခရိုင်တိုင်းတွင် ကြံ့ခိုင်ရေးအသင်းများ ပေါ်လာသည်။ ထိုကြံ့ခိုင်ရေး အသင်းများ၏ ရခိုင်တိုင်းဥက္ကဋ္ဌအဖြစ် ကျွန်တော် တာဝန်ယူရသည်။ ကြံ့ခိုင် ရေးအသင်းသို့ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ အစိုးရ အရာထမ်းအမှုထမ်းများ အသင်းဝင်ရသည်။ သည်မှာပင် ရခိုင်တိုင်းမှာရှိ သော ကြံ့ခိုင်ရေးမှာ အသင်းဝင်များအားလုံး၏ သဘောထားဆန္ဒကို တည်မြဲ ဖဆပလအဖွဲ့သို့ တိမ်းညွတ် ထောက်ခံရန် ယိမ်းယိုင်နေစေခဲ့သည်။ တည်မြဲ ဖဆပလအဖွဲ့ကို မဲဆန္ဒပေး ရမည်ဟုတော့ ပြောင်ပြောင်တင်းတင်း မခိုင်း။ အရိပ်အမြွက်သဘောကတော့ ဗောင်းတော်ညိတ် စိတ်တော်သိ ဖြစ်နေကြ ရသည်။ ကြံ့ခိုင်ရေးအသင်းဝင် အကြီးအကဲ စသည်တို့အားလုံး အခွင့်ရေး ကောင်းများ အမျိုးမျိုးပေး၍ စည်းရုံးစေခဲ့ကြရသည်။

ထိုနှစ် ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ နှစ်လလောက်အလို တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးဆောင်ဖွဲ့စည်းပေးထား သော စိတ်ဓာတ်စစ်ဆင်ရေးဌာနကြီးက အရေးပါသော လုပ်ငန်းတစ်ခု လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ထိုလုပ်ငန်းကို နောက်မှပြောမည်။ ပထမ ပြောချင်သည်မှာ ထို စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့ ဦးဆောင်သူများဖြစ်၏။ သူတို့က ဦးစောဦး၊ (စာရေးဆရာ ဂျာနယ်ကျော်စောဦး)၊ စာရေးဆရာ ကိုကိုမောင် (ယခုအမျိုး သားစာပေဆုရ ကိုကိုမောင်ကြီး)၊ စာရေးဆရာ ဓမ္မိကဘသန်း (ဗိုလ်မှူးကြီး ဘသန်း)တို့ ဖြစ်ကြ၏။ ဦးစောဦးက ထိုအဖွဲ့တွင် အကြီးအမှူးဖြစ်ပေသည်။ သြော်… မေ့တော့မလို့၊ မင်းဘူးသား ဗိုလ်မှူးကြီးမောင်ဘိုလည်း ထိုအဖွဲ့ တွင် ပါဝင်သေး၏။

❐

# အခန်း (၄၆)
# တပ်မတော်ကို ပြည်သူတို့ မကြည်ညိုဟု ဖော်ပြသော ၁၉၅၉ ခုနှစ် စစ်တမ်း

ဦးစောဦး ဦးဆောင်သော ယင်းစိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့သည် မြန် မာပြည်အနှံ့ ခရိုင်၊ မြို့နယ်များသို့ဆင်း၍ စစ်တမ်းတစ်ခု ကောက်ကြရလေ သည်။ ၁၉၆၀ ရွေးကောက်ပွဲမတိုင်မီ တစ်လအလိုတွင် ထွက်လာသော စစ်တမ်းတွင် ရေးသားထားသော အချက်အလက်များမှာ တပ်မတော်နှင့် ပတ်သက်၍ ၁၉၆၀ပြည့်နှစ်ကာလ ပြည်သူများအမြင်တွင် တစ်စွန်းတစ်စမျှ ကောင်းမွန်သည်မရှိအောင် မုန်းတီးမှုများကို ရေးထားသည်။ ပုံနှိပ်၍ ထွက် လာသော ထိုစာအုပ်တွင် ပြည်သူတို့အပေါ်၌ တပ်မတော်သည် ဗိုလ်ကျ၏။ အနိုင်ကျင့်၏။ လူတန်းစားတစ်ရပ်အဖြစ် အခွင့်ကောင်း ယူသမျှ ယူ၏။ ပြည်သူများကို နှိပ်စက်ကလူပြု၏။ အဖမ်းအဆီးများတွင် မတရားဥပဒေကို အသုံးပြု၏ စသည်ဖြင့် ရေးသားမှတ်တမ်းတင်ထားသည်။ ထိုစာအုပ်ကို ဗိုလ်ချုပ်ကြီးနေဝင်း ဖတ်ရှုရသောအခါ Shock ရှော့ဖြစ်သွားသည်။ တုန်လှုပ် သွားသည်။ စိတ်ပျက်သွားသည်။

ပြောရဦးမည်။ ရွေးကောက်ပွဲမတိုင်မီ တစ်လခန့်အလိုတွင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသော တည်မြဲ ဖဆပလခေါင်းဆောင်များ ရခိုင်ဒေသသို့ ရောက်လာကြသည်။ သူတို့က ရခိုင်တပ်ပေါင်းစုမှူး ကျွန်တော့်ကို ပြောကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အနှံ့ နယ်အသီးသီးမှာ ဗိုလ်မှူးကြီးတွေ ဘယ်သူဘယ်သူတို့ကဖြင့် တည်မြဲဖဆပလ အောင်နိုင်ရေး လုပ်ကုန်ကြပြီ။ "ဗိုလ်မှူးကြီးကြည်ဝင်း၊ ဗိုလ်မှူးကြီးလှမောင်၊ ဗိုလ်မှူးကြီးထွန်းစိန်၊ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူးကြီးချစ်ခိုင်၊ ဗိုလ်မှူးကြီးသိန်းဒုတ်တို့အားလုံး လုပ်နေကြပြီ၊ မင်းကော ဘာမှမလုပ်သေးဘူးလား ဗိုလ်တင်ဦး" ဟု မေးကြပြောကြတိုက်တွန်းကြသည်။

ကျွန်တော်က "ဒါကတော့ အများနည်းတူ လုပ်ဆိုရင်ပဲ လုပ်ရမှာပေါ့"

**ဦးဗဆွေ** ။ "အေး၊ ဒါဆိုရင် မင်းကိုပဲ ငါစိတ်ချမယ်၊ တည်မြဲ ဖဆပလ အောင်နိုင်ရေးကို ဆက်လုပ်" သည့်တုန်းက ဦးဗဆွေတို့၊ ဦးကျော်ငြိမ်းတို့က စစ်တွေရောက်လာကြပြီး ထရီနီတီ ဟိုတယ်မှာတည်း၍ အေးတိအေးစက်ဖြစ်နေဟန်ရှိသည့် ကျွန်တော့်ကို ခေါ်တွေ့ပြီး တွန်းအားပေးကြခြင်း ဖြစ်လေသည်။

"ကျွန်တော်ကလည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ လှုပ်နေပါတယ် ဝန်ကြီးချုပ်" ဟု ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေနှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်းတို့ကို ကတိပေးစကား ပြောကြားရသည်။

**ဦးဗဆွေ** ။ "ဒီလိုဆိုရင် မင်းကို ငါတို့စိတ်ချမယ်၊ ဆက်လုပ် ဗိုလ်တင်ဦး"

ယခင်က ကျွန်တော်တို့တပ်မတော်ကို ကြီးကြပ်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေ အလိုကျဖြစ်အောင် လုပ်ပါမည်ဟု ကတိပေးစကား ပြောကြားတင်ပြမှ "အိုကေ" ဟုပြောကာ သူတို့နှစ်ဦး ရန်ကုန်ပြန်သွားကြလေသည်။ သည်နေရာတွင် ပြောလက်စနှင့် ပြောရဦးမည်။

တည်မြဲ ဖဆပလ အောင်နိုင်ရေး အကြောင်းပြု၍ ARDC ခေါ် လယ်ယာစိုက်ပျိုးရေး တိုးတက်မှု ကော်ပိုရေးရှင်းကိုကိုင်သော ဗိုလ်မှူးကြီးကြည်ဝင်းက အစီအစဉ်တစ်ခုလုပ်သည်။ ရခိုင်တိုင်းနယ်စပ်တွင် အိမ်နီးချင်းနိုင်ငံတို့မှ ကျူးကျော်ဝင်ရောက်မှု မပြုနိုင်ရန် ရွာများတည်၍ ရွာသူရွာသားတွေ နေရာချပေးသည်။ ထိုကိစ္စအတွက် ARDC က ရွာတစ်ရွာကို ထောက်ပံ့ငွေ ကျပ် ၁၀ သိန်း ထုတ်ပေးပြီဆိုပါစို့။ ကျွန်တော်တို့က ငွေကျပ် ၁၀ သိန်း ရရှိကြောင်း လက်မှတ်ထိုးခဲ့ရပြီး ထိုငွေထဲက ကျပ် ၂ သိန်းကို ဗိုလ်မှူးကြီး ကြည်ဝင်းတို့ ဦးဆောင်လှုပ်ရှားနေသော တည်မြဲဖဆပလ အောင် နိုင်ရေးအတွက် ပေးခဲ့ရသည်။ သူတို့အပြောကတော့ ပါတီအတွက်ယူခြင်း မဟုတ်။ ရွေးကောက်ပွဲတွင် လုံခြုံရေးဆောင်ရွက်ရန် ရန်ပုံငွေဟုအကြောင်း ပြသည်။ ထိုသို့ လက်ခံရရှိသောငွေ၊ ၈ သိန်းကို ကျပ် ၁၀ သိန်းနှင့် ကိုက်ညီအောင် ဘောက်ချာလက်ခံငွေပြေစာ အတု လုပ်ပေးရချေ၏။ ဒါ အမှန်အတိုင်း ဖွင့်ဟပြောပြခြင်းပင်။ တည်မြဲဖဆပလအဖွဲ့ချုပ်ကသည်လို လက်ခံရရှိသော ငွေများကိုသုံး၍ ရွေးကောက်ပွဲ၌ နည်းအမျိုးမျိုးနှင့် အောင် နိုင်ရေး အားထုတ်လေ၏။ ထို့ကြောင့်ပင် နယ်က ဆောင့်ကြွားကြွား တည်မြဲ ဖဆပလခေါင်းဆောင်အချို့က နိုင်ငံရေးပါး မဝဘဲ လူအမြင်ကတ်မည့် စကားတွေ ပြောခဲ့ကြ၏။

ဘာတဲ့ဗျ။ ယခုရွေးကောက်ပွဲတွင် **နိုင်လျှင်လည်း နိုင်ရမည်။ ရှုံးရင်လည်း နိုင်ရမည်တဲ့**။ ကောင်းကြပါရောလား။

တည်မြဲဖဆပလအဖွဲ့ချုပ်အမှုဆောင်အချို့ဆီက ကြားခဲ့ရသော ထိုစကားသည် မြန်မာပြည် တစ်နံတစ်လျား အများကြီး ပျံ့နှံ့သွား၍ ပြဿနာများကို ဖိတ်ခေါ်သလိုဖြစ်တော့၏။

ထိုစကားများ၏ အကျိုးဆက်ကြောင့် နယ်များမှာရော ရန်ကုန်မှာပါ မကျေမနပ်ဖြစ်ကြကာ လူထုက ပူညံပူညံ ပြောလာကြသည်။ ထိုသတင်းကို အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနားသို့ ရောက်ရှိသွားသော အခါ တစ်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ကျွန်တော်တို့တိုင်းမှူး၊ တပ်မဟာမှူး၊ တပ်ပေါင်းစုမှူးများအား သူနေထိုင်သော အဒေလမ်း (ယခု မေခလမ်း) အိမ်သို့ အစည်းအဝေးတစ်ရပ် ခေါ်လိုက်၏။

ထိုနေ့က ဗိုလ်ချုပ်ကြီးနေဝင်းက အင်းလျားကန်ကို မေးတင်ထားသော သူ့အိမ်ဘေးက ရိပ်သာအဆောက်အအုံတွင် တပ်မှူးကြီးများကို နေ့လယ်စာဖြင့် ဧည့်ခံပြီး အရေးကြီးသော စကားများကို မှာကြားလေသည်။

**ဗိုလ်ချုပ်ကြီးနေဝင်း**။ ။ "မင်းတို့တိုင်းမှူး၊ တပ်မဟာမှူးတွေကို ငါနောက်ဆုံး အမိန့်ပြောမယ်၊ ယခုအစီရင်ခံစာများအရ တပ်မတော်ဟာ ပြည်သူတွေကြားမှာ အတော် နာမည်ပျက်နေပြီ၊ ပြီးတော့ တပ်မတော်က



www.burmeseclassic.com

www.burmeseclassic.com



တည်မြဲဖဆပလဘက်က ဘက်လိုက်နေတယ်ဆိုပြီး တို့တပ်မတော်ကြီး အလွန်နာမည်ပျက်နေတယ်၊ ဒါကြောင့် ဒီနေ့ကစပြီး တပ်မတော်တပ်မှူး၊ အရာရှိ အရာခံ အကြပ်တပ်သားတွေ တည်မြဲဖဆပလဘက်က ဘာမှလုပ်မပေးကြနဲ့တော့၊ သူတို့နိုင်ငံရေးအဖွဲ့အစည်းနဲ့ ကင်းကင်းဝေးဝေး ရှောင်နေကြ''

ဗိုလ်ချုပ်ကြီးနေဝင်း စကားကို ကြားရသည့်အခါ ကျွန်တော်တို့ အံ့အားသင့်ပြီး ကြောင်သွားကြ၏။ ဘယ်လိုတွေဖြစ်ကုန်ပြီလဲ၊ နားမလည်နိုင်ကြတော့ပြီ။ မူလပထမက လုပ်ဟော့၊လုပ်ဟော့ဆိုတော့လည်း သူတို့အထက်က နှုတ်မိန့်နှာခံပြီး နယ်တွေမှာ တည်မြဲဖဆပလ မဲရလေအောင် ကျွန်တော်တို့ပဲ၊ ရှေ့မျက်နှာနောက်ထားပြီး လုပ်ခဲ့ကြသည်။ ယခု မလုပ်ကြနှင့်ဟော့ဆိုလည်း သူတို့အထက်က အမိန့်ပင်။

ထိုစဉ်က ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ခွန်းကို ကြားနာရသူ တပ်မှူးကြီးများတွင် တည်မြဲဖဆပလ၏ အမာခံတပ်မှူးကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးကြည်ဝင်း၊ ဗိုလ်မှူးကြီးသိန်းဒုတ်၊ ဗိုလ်မှူးကြီးစိန်မြ၊ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူးကြီးလှမောင်၊ ဗိုလ်မှူးကြီးချစ်ခိုင် စသည် စသည် နာမည်ကြီးတပ်မှူးကြီးများအားလုံး ပါဝင်ကြသည်။ ထိပ်တန်း တပ်မတော်အရာရှိကြီးများ ၁၅ ယောက်ခန့်ရှိမည်။

ဗိုလ်ချုပ်ကြီးနေဝင်း ထိုစဉ်က ဆက်ပြောသည်မှာ ''မင်းတို့တပ်မတော်သားတွေ၊ နိုင်ငံရေးမှာ မပါကြနဲ့တော့၊ ဒီလိုပုံစံနဲ့တော့ တည်မြဲဖဆပလက နိုင်မှာလည်း မဟုတ်ဘူး၊ မင်းတို့ တည်မြဲဖဆပလကို အားပေးနေတဲ့ကိစ္စ ရပ်တန်းက ရပ်ကြတော့''တဲ့။

ထိုစဉ်က ကျွန်တော်တို့မှာ ဗိုလ်ချုပ်ကြီးနေဝင်းကို ဘာပြန်ပြောရမှာလဲ။ တပ်မှူးကြီးများတွင် ကျွန်တော်က အငယ်ဆုံး ဖြစ်နေသည်။ ကိုယ့်ထက် အသက်ကြီးသော၊ ဝါရင့်တပ်မှူးကြီးတွေကပင် ဗိုလ်ချုပ်ကြီး စကားကို ငြိမ်ပြီး နားထောင်နေကြသည်မှာ တုပ်တုပ်မျှ မလှုပ်ကြ။

ထိုနေ့က ထမင်းစားသောက်ပြီးတော့ အစည်းအဝေးခန်းမဆောင် အပြင်ရောက်တော့ ဗိုလ်ချုပ်ကြီးနေဝင်း မကြားအောင် တပ်မှူးကြီးများ အချင်းချင်း ဤသို့ပြောကြသည်ကို ကြားရ၏။

''ဘာလဲကွ၊ လုပ်ကြ၊ လုပ်ကြဆိုတုန်းကလည်းသူပဲ၊ ယခုရပ်တန်းက



ရပ်ကြဆိုတာလည်းသူပဲ၊ လုပ်စရာရှိတာ ဆက်လုပ်ကြရမှာပေါ့''တဲ့။ သူတို့မှာတော့ဖြင့် ဝါရင့်တပ်မှူး၊ တိုင်းမှူးကြီးတွေကိုး ပြောဝံ့ဆိုဝံ့ ရှိကြပေမပေါ့၊ ကျွန်တော့်မှာတော့ လူငယ်လည်းဖြစ်နေ၍ ငြိမ်နားထောင်နေလိုက်ရပေသည်။

ကိုချစ်ခိုင်(ဗိုလ်မှူးကြီးချစ်ခိုင်)က ထိုသို့ပြောတော့ ကိုထွန်းစိန်(ဗိုလ်မှူးကြီးထွန်းစိန်)ကလည်း ''လူကြီးဆိုတာကတော့ ဒီလိုပဲ ပြောမှာပေါ့ကွ၊ မင်းတို့လုပ်စရာရှိတာကို ဆက်လုပ်ကြ''တဲ့။ ပြောလိုက်ပြန်ပါသေးသည်။

ပြောရဦးမည်။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကျွန်တော်တို့ တပ်မမှူး လူကြီးတွေက အားလုံးပင် တည်မြဲဖဆပလ မဲပုံးအနီသို့ မဲဆန္ဒပေးခဲ့ကြသည်။ တပ်မတော်သားတွေ၊ မိသားစုတွေ၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်တွေကို ကျွန်တော် မေးမြန်းကြည့်သည်။

''ဟော့ကောင်တွေ၊ မင်းတို့ ဘယ်ပုံးထည့်သလဲ''

သူတို့က ပြုံးပြုံးကြီး ဖြေသည်။ ''ကျွန်တော်တို့ အဝါလေ၊ ဦးနုမဲပုံးထဲ ထည့်ခဲ့တယ်''တဲ့။ ကောင်းရော။

ပြောချင်သေးသည်။ တပ်မတော်စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့က ခမ္ဘိက ဗိုလ်မှူးကြီး ဘသန်းနှင့် ဗိုလ်မှူးကြီးဘိုတို့ ထုတ်ဝေသော စာအုပ်တစ်အုပ်ရှိသည်။ ''ဓမ္မန္တရာယ်''တဲ့။ ယင်းစာအုပ်က အမှန်ဆိုလျှင် ရွှေဝါရောင်ဦးနုက တောတွင်းရှိ ဗကပကွန်မြူနစ်တွေကို ဆော်ဖို့၊ တီးဖို့၊ အပုပ်ချဖို့ ထုတ်သောစာအုပ်။ ထိုစာအုပ်ကလေးက ဘယ်လောက်စွမ်းသည်လဲဆိုလျှင် တောထဲက ဘာသာမရှိ၊ အယူဝါဒမရှိ၊ ဗကပ ဗမာပြည်ကွန်မြူနစ်တွေကိုသာလျှင် မဟုတ်သေး။ မြေပေါ်ကွန်မြူနစ်ဟူ၍ နာမည်ကျော်ကြားနေကြသော ပမညတနိုင်ငံရေးအဖွဲ့ (ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု) ဆိုတာကြီးကိုပါ အပျားခတ် မှန်တိုင်းမိသွားလေ၏။ ၁၉၆၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် အနီ ပမညတအဖွဲ့ကြီး သည် အမတ်နေရာ အနည်းငယ်သာပြီး အနိုင်မရရှိဘဲ နိုင်ငံရေးမြင်ကွင်းမှ မှိန်ပျောက်သွားလေသည်။

ဓမ္မန္တရာယ်စာအုပ်မှာ သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီက နိုင်ငံတော် အာဏာရလျှင် ရွှေတိဂုံစေတီတော်ကြီးက ရွှေတွေကို ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်မည်၊ ညာလိုလုပ်မည်ဟု ကြိမ်းဝါးထားတာတွေ ထည့်ရေးထားပေရာ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းကိုလည်း ဗုဒ္ဓဘာသာဝင် လူထု ပြည်သူက ဗြူစုမုန်းတီး အရှုံကြီးရှုံ့သလို သခင်သန်းထွန်း၏ ပတွေးများ၊ ခွေမိုးများ၊ သမီးယောက်ဖများအသွင် ရှိနေကြရှာသူ၊ ပမညတ မြေပေါ်ကွန် မြူနစ်တွေ၊ မူရင်းပထမ ၄၄ နေရာ ရထားသော လွှတ်တော်ထိုင်ခုံမှ ဘုံ ပျောက်ကာ အမတ်နေရာ အနည်းငယ်သာရ၍ ဗမာပြည်ကွန်မြူ ပါတီနောက် အမြီးခတ်ပါသွား၏။ အဲဒါမီဒီယာတန်ခိုး၊ မမွေ့ရာယ်စာအုပ် တန်ခိုးပင်။

သည်မှာပင် မြန်မာတစ်ပြည်လုံးတွင် ရွှေဝါရောင် သန့်ရှင်းဖဆပလ (ထိုစဉ်က ပြည်ထောင်စုပါတီ မဖြစ်သေး) ဦးနုမဲပုံးထဲသို့ ပြည်သူတွေ၊ တပ်မတော်သားတွေ၊ အမှုထမ်းအရာထမ်းတွေ အကုန်လုံး ဆန္ဒမဲတွေ ပုံအော ထည့်လိုက်ကြလေ၏။

ထိုစဉ်က တည်မြဲဖဆပလအဖွဲ့ချုပ်မှ မိုးကုတ်အမတ်လောင်းသခင် သာခင်၊ မဲအများဆုံးနှင့် အနိုင်ရပြီး ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၊ ဒုတိယ ဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်းတို့ အရွေးမခံရသဖြင့် လွှတ်တော်ထဲ၌ အမတ် ၄၀ ကျော်ကို မိုးကုတ်အမတ် သခင်သာခင်က အတိုက်အခံအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူရလေသည်။

ထိုအချိန်၌ သန့်ရှင်းဖဆပလအဖွဲ့ချုပ်ကို ပြည်ထောင်စုပါတီဟူ၍ အမည်ပြောင်းပြီးနောက် ပြည်ထောင်စုပါတီအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ဦးနု ခေါင်းဆောင်ပြီး အစိုးရ ဖွဲ့လေသည်။ သည်မှာပင် တစ်ခုပြောစရာရှိ နေသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ရွေးကောက်ပွဲ မတိုင်မီ မဲဆွယ် စည်းရုံးရေးထွက်စဉ် နိုင်ငံရေး တရားပွဲများ၌ "မိမိအောင်ပွဲခံလျှင် ရခိုင် ပြည်နယ်အဖြစ် ဆောင်ရွက်ပေးမည်၊ ရခိုင်တိုင်းဟူ၍ ပြည်မအုပ်ချုပ်ရေး အောက်တွင် မထားရှိတော့ဘဲ၊ ရခိုင်သားတို့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရမည်ဟု ပြောခဲ့" ကတိစကား ရှိထားသည်။

ထို့ပြင်လည်း ၁၉၅၈ ခုနှစ် ဖဆပလအဖွဲ့ကြီး ပြိုကွဲစဉ် လွှတ်တော် တွင် ရတည၊ ခေါ် ရခိုင် တိုင်းရင်းသားညီညွတ်ရေးအဖွဲ့ချုပ် အမတ်များက ဦးနုအား ထောက်ခံခဲ့ကြသဖြင့် ဦးနုခေါင်းဆောင် ဖွဲ့စည်းခဲ့သော ၁၉၅၈ ခုနှစ်၊ ၃ လနှင့် ၁၇ ရက် အစိုးရအဖွဲ့တွင် ရခိုင်အမတ်၊ ရှုလတန်မာမွတ်



ကို ပညာရေးဌာနဝန်ကြီး၊ ရခိုင်အမတ် ဦးကျော်ဇံက တရားရေးဌာနဝန်ကြီး များအဖြစ် ခန့်ထားပေးခဲ့ဖူးသည်။ ယခု ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဦးနု၏ ရွှေဝါရောင်မဲပုံးသို့ မဲထည့်ပေးထားခဲ့သော ရခိုင်သားတို့သည် ဆန္ဒ ပြပွဲများ ပြုလုပ်၍ ကြွေးကြော်သံများကို ဤသို့ ရခိုင်ဘာသာစကားဖြင့် တိုင်ဆိုကြသည်။

**ရခိုင်ပရိုင်နယ် ချက်ချင်းပိုင်း၊**

**ရခိုင်ပြည်နယ် ချက်ချင်းပေး။**

ထို့ပြင် နောက်ကြွေးကြော်သံတစ်ခုက ဤသို့။

**ဦးနုကတိုက် တိုင်ပါစီ**

**ဦးနုကတိတည်ပါစေ။**

ပြည်ထောင်စုပါတီအစိုးရ ဖွဲ့ပြီးနောက် ရခိုင်တိုင်းသို့ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု လာရောက်သောအခါ ရခိုင်တိုင်းရှိ ပြည်သူများက ဆန္ဒ ပြပွဲများ လုပ်ကြ၍ အထက်ပါအတိုင်း ကြွေးကြော်ကြလေ၏။

ထိုစဉ်က တရုတ်မြန်မာနယ်စပ်တွင် ဘာဘ စစ်ဆင်ရေးအမည်နှင့် နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများ ပြီးစီးသည့်အချိန်။ ထိုဘာဘစစ်ဆင်ရေး ကို ဦးဆောင်သော ဗိုလ်မှူးကြီးစောမြင့်လည်း အလွန်ပင် နာမည်ကောင်း ရ၍ အောင်ပွဲခံ ပွဲလမ်းသဘင်များ ကျင်းပနေလေသည်။ ထိုစဉ်က တရုတ် မြန်မာချစ်ကြည်ရေး ဆောင်ရွက်ရာတွင် ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း စီစဉ်ခဲ့သည့်အတိုင်း မြန်မာ့နယ်မြေသို့ ဝင်နေသော ဖီမော်၊ ဂေါ်လန်၊ ကန်ဖန် စသည့် နယ်မြေကြီး ၃ နယ်မြေကို တရုတ်ထံ ပေးခဲ့ရ၏။

ထိုသို့ ဗိုလ်မှူးကြီးစောမြင့် နာမည်ကောင်းရနေစဉ် ကျွန်တော်နှင့် ဗိုလ်မှူးကြီးစောမြင့်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တာဝန်သစ်တစ်ရပ် ပေးခဲ့၏။

ထိုစဉ်က ရခိုင်တိုင်းသို့ ဝန်ကြီးချုပ်ဦးနု ရောက်လာပြီးနောက် ရခိုင် တိုင်း အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အစီအစဉ်တစ်ရပ် ဆွဲပေးသည်။ ထိုအစီ အစဉ်မှာ မေယုမြစ်နှင့်ပတ်သက်သမျှ အားလုံးကို သီးခြားအုပ်ချုပ်ရေး စီမံရန် ဖြစ်ပေသည်။ ဗိုလ်မှူးကြီးစောမြင့်တို့ လုပ်ဆောင်နေသော နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



ဒေသ မြေတိုင်းတာရေးလုပ်ငန်းမှာ နိုင်ငံတော်ဝန်ကြီးချုပ် လက်အောက်တွင် ထားရှိပေရာ ယခုလည်း ရခိုင်တိုင်းရှိ မေယုမြစ်ဝှမ်းဒေသကိုလည်း နယ်ခြားဒေသအုပ်ချုပ်ရေးအဖြစ် ဝန်ကြီးချုပ်လက်အောက်တွင် ထားရှိရန် စီစဉ်လေသည်။

ယင်းအစီအစဉ်အရ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့တွင် ဘူးသီးတောင်(မြောက်)၊ ဘူးသီးတောင်(တောင်)တို့မှာလည်း မြို့နယ်များ သတ်မှတ်ပေး၏။ ဘူးသီးတောင်(မြောက်)၊ တောင်ပဇားမြို့ကို မြို့နယ်၊ အောက်ဘက်ကိုဆင်းပြီး နန်းလျာကိုမြို့နယ်။ ပြီးတော့ မောင်တောမြို့နယ် မြောက်ဘက်၊ ဘော်လီဘဇား၊ သမန်းဘားတို့ကိုလည်း မြို့နယ်တစ်ခု၊ မောင်တောအောက်ဘက်က အလယ်တစ်ကြောကိုလည်း မြို့နယ်တစ်ခု၊ မေယုကမ်းခြေ၊ စစ်တွေအစွန်အထိ စသည်ဖြင့် မြို့နယ်သစ်တွေ ဖွဲ့စည်းလိုက်ရာ အားလုံး ၆ မြို့နယ် ဖြစ်သွားသည်။

ဤတွင် ရခိုင်တိုင်းရှိ ၉ မြို့နယ်ထဲက ၂ မြို့နယ်ကို နယ်ခြားဒေသ အုပ်ချုပ်ရေးအောက်ကို ပို့လိုက်လေသည်။ ယခင် ရခိုင်တိုင်းမြို့နယ် ၉ မြို့နယ်မှ ဘူးသီးတောင်၊ မောင်တော ၂ မြို့နယ်ကို နိုင်ငံတော်ဝန်ကြီးချုပ် လက်အောက် တိုက်ရိုက်အုပ်ချုပ်သော နယ်ခြားဒေသအုပ်ချုပ်ရေးနယ်မြေ ဖြစ်သွားသည်။

သည်မှာပင် မကျေနပ်သူတွေက ဆူကြပူကြ၊ ဆန္ဒပြကြ ဖြစ်ကုန်ကြလေတော့သည်။ ဤတွင် ကျွန်တော့်ကို တာဝန်ပေးသည်။ "ခင်ဗျားက မြေအနေအထားကိုကြည့်ပြီး ၆ မြို့နယ်လုပ်လိုက်" ဟုပြောသည်။ ဘူးသီးတောင်မြို့နယ်တစ်ခု၊ ဘူးသီးတောင်၏ မြောက်ဘက်မှာ မြို့နယ်တစ်ခု ဘူးသီးတောင်၏ တောင်ဘက်က မြို့နယ်တစ်ခု၊ မောင်တောက မြို့နယ်တစ်ခု၊ မောင်တောမြောက်ဘက်က မြို့နယ်တစ်ခု၊ မောင်တောတောင်ဘက်မှာ မြို့နယ်တစ်ခု၊ စုစုပေါင်း ၆ မြို့နယ်ကို ကျွန်တော် အုပ်ချုပ်ရသည်။ သည် ၆ မြို့နယ်ကို နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနဟု လုပ်ခဲ့သည့်အတွက် ဘင်္ဂါလီမူဆလင်တွေက အလွန်ဝမ်းသာသွားကြသည်။ နယ်ခြားဒေသအုပ်ချုပ်ရေးကို ကျွန်တော်က တာဝန်ယူပြီး ကျွန်တော့်အထက်မှာ ဗိုလ်မှူးကြီး စောမြင့်က ညွှန်ကြားရေးမှူးချုပ်အဖြစ် ကွပ်ကဲလေသည်။



ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် ဒေသခံ ရခိုင်တိုင်းရင်းသား ဘင်္ဂါလီများ ကျေနပ်ကြစေရန် မောင်တောမြို့၌ အစ္စလမ်ဘာသာဝင်တို့အတွက် ဘုရားဝတ်ပြုရန် ဗလီတစ်လုံး ဆောက်ခွင့်ပြုခဲ့သည်။ ရခိုင်ဗုဒ္ဓဘာသာဝင်များအတွက် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် အစီအစဉ်များ ခွင့်ပြုပေးခဲ့၏။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်၏ ဌာနအောက်တွင် ထားရှိသော နယ်စပ်ဒေသ အထူး အုပ်ချုပ်ရေးအဖွဲ့တွင် အကြီးအမှူးလုပ်သူတို့မှာ တပ်မတော်အရာရှိများပင်ဖြစ်၏။ သို့သော် သူတို့လက်အောက်က အရာရှိများကို ဒေသခံ ဗုဒ္ဓဘာသာဝင်များ၊ အစ္စလမ်ဘာသာဝင်များထဲမှ ခန့်ထားခဲ့သည်လည်း ရှိ၏။ အဆိုပါ မောင်တော၊ ဘူးသီးတောင်မြို့နယ် အပါအဝင် ၆ မြို့နယ်ကို မေယုခရိုင်ဟု ခရိုင်သစ် ဖွဲ့စည်း၍ပေးလိုက်သည်။ ရခိုင်တိုင်းတွင် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်တို့အပြင် ယခု မေယုခရိုင်ဟူ၍ ခရိုင်တစ်ခရိုင် တိုးလာခဲ့သည်။ ယခင်က စစ်တွေခရိုင်တွင် ၉ မြို့နယ် ရှိခဲ့ရာ ၂ မြို့နယ် ဘူးသီးတောင်၊ မောင်တောကို နယ်ခြားဒေသ အုပ်ချုပ်ရေးလက်အောက် ရောက်သွားခဲ့၏။

သည်အချိန်တွင် ရန်ကုန်၌ တပ်မတော်တပ်မှူးများ ညီလာခံခေါ်လိုက်သည်။ ၁၉၆၀ ပြည့်နှစ် မတ်လလောက်ဖြစ်သည်။ ဘာကြောင့် ကျွန်တော် မှတ်မိနေသည်လည်းဆိုလျှင် ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲပြီး၍ အစိုးရအသစ် ဖွဲ့စည်းပြီးသည်နှင့် ဦးနုက ရခိုင်တိုင်း ရောက်လာသည်။ ဦးနု ရခိုင်မှ ပြန်သွား၍ မကြာမီပင် တပ်မတော်တပ်မှူးများ ညီလာခံခေါ်ယူခြင်းဖြစ်ပေသည်။

တပ်မတော် တပ်မှူးများ ညီလာခံကို ရန်ကုန်မြို့ ရတနာပုံရေတပ်စခန်းတွင် ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ရန်ကုန်သို့ တပ်မှူးများ ညီလာခံတက်ရန် သွားရလေသည်။ ညီလာခံသို့ တပ်မမှူးများ၊ တပ်မဟာမှူးများ၊ တိုင်းမှူးများ စုံညီ တက်ရောက်ကြသည်။ တပ်မှူးများထဲတွင် ဂျီဝမ်းခေါ် ဗိုလ်မှူးကြီးတင့်ဆွေ ပါသည်။ အသက်အငယ်ဆုံးက ကျွန်တော်နှင့် ဗိုလ်တင့်ဆွေနှစ်ယောက်သာပင်။

ထိုစဉ်က ကျွန်တော့်ရာထူးမှာ ဒုတိယဗိုလ်မှူးကြီးအဆင့်သာ။ ကျွန်တော်တို့ခေတ်က ရာထူးတစ်ဆင့်တက်ရန် အကြာကြီး စောင့်ရသည်။ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



မှူးက ဒုတိယဗိုလ်မှူးကြီးဖြစ်ဖို့ ၅ နှစ်၊ ၆ နှစ်၊ ၇ နှစ် ဒုတိယဗိုလ်မှူးကြီးမှ ဗိုလ်မှူးကြီးရာထူးတက်ဖို့လည်း ၅ နှစ်၊ ၆ နှစ် အသာကလေး စောင့်ရသည်။ ရာထူးတစ်ဆင့်တက်ရန် ၂ နှစ်လောက် စမ်းနိုင်းကြည့်၏။ လုပ်နိုင်ပြီ သေချာမှ ရာထူးတစ်ဆင့် တက်ရလေသည်။ စမ်းခိုင်းသောအချိန်နှင့် ရာထူးရရန် စောင့်ရသောအချိန်မှာ ၂ နှစ် အပေါင်း ၇ နှစ်ဆိုတော့ ၉ နှစ်တော့ စောင့်ရလေ၏။

□

## အခန်း (၄၇)

## ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီးတွေကို ရာထူးဖြုတ် အပြစ်ပေးခဲ့သော ကာကွယ်ရေးဦးစီးချုပ်

တပ်မှူးညီလာခံအတွက် ကျွန်တော်တို့ ရန်ကုန်ရောက်သောအခါ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရုံးချုပ်မှ အဆောင်များတွင် တည်းခိုရလေ၏။ ရတနာပုံရေတပ်စခန်းတွင် တပ်မှူးများညီလာခံကို နံနက် ၉ နာရီတွင် စတင်မည်ဟု သိထား၏။

သည်တော့ ကျွန်တော်တို့ စစ်ရုံးရောက်ပြီး တစ်ညတာ တည်းခို၍ နောက်တစ်နေ့နံနက်တွင် နံနက်အဆာပြေ စားသောက်ပြီး ၈ နာရီအချိန်မှာ ထူးခြားမှုတစ်ခု ဖြစ်လေသည်။

ထိုနေ့နံနက် ၈ နာရီတိတိမှာ တပ်မှူးညီလာခံသို့ မသွားမီ တပ်မှူးကြီးတွေ စစ်ရုံးမှာ စုဝေးရောက်ရှိရမယ်ဟု နာမည်နှင့်တကွ ညွှန်ကြားချက် ထွက်လာ၏။ ထို့ကြောင့် ကျွန်တော်တို့ ၇ နာရီခွဲလောက်မှာ စစ်ရုံးကို ကြိုတင်ရောက်နေကြသည်။ အာလာပသလ္လာပ စကားတွေပြောရင်း ထိုင်နေကြစဉ် ဘယ်သူရောက်လာသလဲဆိုတော့ ကာနယ်ဂျီအက်စ် Colonal G.S. ဗိုလ်မှူးကြီးခင်ညို။ ၈ နာရီမထိုးမီ ၁၀ မိနစ်အလိုတွင် ဗိုလ်မှူးကြီး ခင်ညိုကို ရုံးခန်းတွင်းမှ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်ဟု အေဒီစီခေါ် ဗိုလ်ချုပ်ကြီးနေဝင်း၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးတင်အောင်ကိုးက လာခေါ်သည်။

ဗိုလ်မှူးကြီးခင်ညို ရုံးခန်းတွင်းသို့ ဝင်သွားပြီး ၅ မိနစ်အကြာတွင် ပြန်ထွက်လာသည်။ ဗိုလ်မှူးကြီးခင်ညို၏ အမူအရာမှာ တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေဟန် ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်နေလေသည်။ သူ့မျက်နှာက ခပ်တင်းတင်းနှင့် ဘာပြောလိုက်သလဲဆိုတော့

**ဗိုလ်မှူးကြီးခင်ညို။** "ကာကွယ်ရေးဦးစီးချုပ်ကခေါ်ပြီး အမိန့်ပေးတယ်၊ တပ်မှူးတွေမှာ ပါလာတဲ့ လက်နက်တွေ ရုံးခန်းခုံ ပေါ်ဘက်က စားပွဲပေါ်မှာထားခဲ့ရမယ်လို့ အမိန့်ပေးတယ်"

ဗိုလ်မှူးကြီးခင်ညိုက အသံမာမာနှင့် သည်လိုပြောလိုက်သောအခါ ကျွန်တော်တို့ ရုတ်တရက် လန့်သွားကြ၏။ အမှန်က ကျွန်တော်တို့တွင် ဘယ်သူ့ဆီမှာမှ လက်နက်ခဲယမ်းမီးကျောက် မယူလာကြ။ ဘာသေနတ်တစ်လက်မျှ မပါရှိကြ။ ဘာဖြစ်တာလဲ၊ ကျွန်တော်တို့လည်း နားမလည်တော့ပေ။ ခဏအကြာတွင် အခန်းထဲသို့ ဗိုလ်ချုပ်ကြီးနေဝင်း ဝင်လာတော့သည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် အစည်းအဝေးခန်းမအတွင်း ထိုင်နေကြသော အဆင့်မြင့် တိုင်းမှူး၊ တပ်မမှူး၊ တပ်မဟာမှူးတွေကို ဆဲဆိုကြိမ်းမောင်းလေတော့သည်။ သည်မှာ ဒေါသတကြီး တိုင်းထွာ၍ မရပ်မနား ဆဲဆိုနေခြင်းဖြစ်တော့သည်။ ဗိုလ်ချုပ်ကြီးက ထိုသို့ကြိမ်းမောင်းဆဲဆိုနေစဉ် ကျွန်တော်တို့ တစ်ဦးမျှ ဘာမျှပါးစပ်မဟဝံ့ဘဲ ငြိမ်ကုပ်နေကြ၏။

နောက်ပြီးတော့မှ ဗိုလ်ချုပ်ကြီးက သူ ဆဲဆိုကြိမ်းမောင်းရခြင်းအကြောင်းရင်းကို ဤသို့ပြောလိုက်လေသည်။

"ငါက မင်းတို့ကို မလုပ်နဲ့လို့ပြောတာ၊ ရွေးကောက်ပွဲကိစ္စမှာ ဘယ်ဘက်ကိုမှ မပါနဲ့လို့ပြောတာ၊ မင်းတို့နားမထောင်ဘဲ လုပ်ခဲ့ကြတယ်၊ မင်းတို့ယခုလို လုပ်လိုက်တော့ ဘာဖြစ်သွားသလဲ၊ မြင်တယ်မဟုတ်လား၊ တပ်မတော်ရဲ့အဆင့်က အောက်ကျသွားပြီ၊ တည်မြဲဖဆပလတွေဘက် မပါကြ



နဲ့လို့ ငါအကြိမ်ကြိမ် တားဆီးခဲ့တယ်၊ အဲဒီ တည်မြဲတွေ ရွေးကောက်ပွဲမှာ ခွက်ခွက်လန်အောင် ရှုံးသွားပြီ၊ တည်မြဲဖဆပလဘက်က ဝင်ရပ်ခဲ့တဲ့ မင်းတို့တပ်မတော် ဘယ်အဆင့်ရောက်သွားသလဲ၊ တွေ့ကြပြီ မဟုတ်လား၊ မင်းတို့ ငါ့စကား နားမထောင်ဘူး"

အမှန်ကတော့ ယခု ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ခေါ်ယူအပြစ်တင်ဆဲဆိုနေသောကိစ္စမှာ ဟုတ်လည်း ဟုတ်ပါသည်။ တပ်မတော်သည် ယခု ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူများ မထောက်ခံနိုင်သည့် တည်မြဲဖဆပလဘက်က ရပ်တည်၍ မဲပေးကြစေရန် နည်းအမျိုးမျိုးနှင့် ကြိုးပမ်းခဲ့ခြင်းမှာ မဟာအမှားကြီးပင် ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက ယခုကဲ့သို့ အပြစ်တင်ကြိမ်းမောင်းဆဲဆိုနေခြင်းမှာ စင်စစ်ဆိုလျှင် အပြစ်မဆိုသာချေ။ ထို့နောက်တွင် ဗိုလ်ချုပ်ကြီးက လုပ်ငန်းဆိုင်ရာ အမိန့်စကားကို ဤသို့ပြောကြားလိုက်လေတော့သည်။

**ဗိုလ်ချုပ်ကြီးနေဝင်း ။** "မနေ့က ငါ ဗိုလ်မောင်မောင်ကိုခေါ်ပြီး အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရတဲ့ မြန်မာ သံအမတ်ကြီးအဖြစ် တာဝန်ပေးလိုက်ပြီ။ (ဗိုလ်မောင်မောင်မှာ ဗိုလ်မှူးချုပ်မောင်မောင်ဖြစ်ပြီး တည်မြဲဖဆပလ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်သည်)

"နောက်တစ်ကိစ္စကတော့ ဗိုလ်အောင်ရွှေပဲ (ဗိုလ်မှူးချုပ်အောင်ရွှေ)။ ဗိုလ်အောင်ရွှေကို ငါတို့တပ်မတော်ထဲမှာ သမာသမတ်နဲ့ မဏ္ဍိုင်သဖွယ်နေမယ့် ပုဂ္ဂိုလ်လို့ မှတ်ယူခဲ့တယ်၊ ဗိုလ်အောင်ရွှေလည်း ကျုပ်ခင်ဗျားအတွက် စီစဉ်ပြီးပြီ။ မြန်မာသံအမတ်ကြီးရာထူးနဲ့ ဩစတြေးလျနိုင်ငံကိုသွား"

သည်လို ဗိုလ်မှူးချုပ်နှစ်ဦးအတွက် အမိန့်တာဝန်ကို ပြောပြီးနောက် ဗိုလ်ချုပ်ကြီးက ဆက်၍ ဤသို့ မိန့်လေသည်။

"ကြည်ဝင်း(ဗိုလ်မှူးကြီးကြည်ဝင်း) ဟောကောင်၊ မင်း တပ်မတော်က ထွက်တော့၊ နောက်ချစ်ခိုင်(ဗိုလ်မှူးကြီးချစ်ခိုင်)၊ မင်းလည်း တပ်မတော်က ထွက်"

ဒါကတော့ ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် သူ့ရှေ့က ပထမဆုံးတန်းတွင် ထိုင်နေကြသော ဗိုလ်မှူးကြီးကြည်ဝင်းနှင့် ဗိုလ်မှူးကြီးချစ်ခိုင်တို့ကို တပ်ကထွက်တော့ဟု အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုင်နေကြသော တပ်မတော်အရာရှိကြီးများမှာ နှစ်တန်းဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက ဆက်ပြောသည်။

"ထွန်းစိန် (ယခင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်) မင်းက ဒီရွေးကောက်ပွဲကိစ္စတွေမှာ ရောယောင်ပါရတဲ့ကောင်ဆိုတော့ တပ်မတော် စစ်သံမှူးအဖြစ် တိုကျိုဂျပန်နိုင်ငံ မြန်မာသံရုံးကိုသွား၊ နောက်တစ်ယောက်က စိန်မြ(ဗိုလ်မှူးကြီးစိန်မြ) မင်းကိုတော့ ပါကစ္စတန်နိုင်ငံ မြန်မာသံရုံးကို စစ်သံမှူးအဖြစ်နဲ့သွား၊ နောက် ဗိုလ်တင်မောင် (ဗိုလ်မှူးကြီးတင်မောင်၊ နောင် နိုင်ငံကျော်စာရေးဆရာ မြတ်ထန်) မင်း ဒီရွေးကောက်ပွဲကိစ္စမှာ ရောယောင်ပြီး လုပ်ဆောင်ခဲ့တာ တာဝန်ရှိတယ်၊ မင်းလည်း တပ်မတော်က ထွက်"

ထိုအချိန်က ဗိုလ်မှူးကြီးတင်မောင်မှာ ကျိုင်းတုံပြန်မြို့ တပ်မဟာ ၉ တွင် တပ်မဟာမှူးအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

"နောက်တစ်ယောက် သိန်းဒုတ် မင်းက စစ်သံမှူးရာထူးနဲ့သွား"

ဗိုလ်မှူးကြီးသိန်းဒုတ်မှာ မူလက တပ်ရင်း ၂၃ တပ်ရင်းမှူးအဖြစ် စစ်ကိုင်းမြို့တွင် တာဝန်ကျနေသည်။ နောက် တပ်မဟာ ၁၊ တပ်မဟာမှူး ဖြစ်လာသည်။ ထိုသို့ တစ်ယောက်ပြီးတစ်ယောက် တပ်မတော်က ထွက်သူထွက်၊ မူရင်းရာထူးနှင့် တစ်နိုင်ငံနိုင်ငံ စစ်သံနှင့် သွားသူသွား၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှုတ်က ထွက်ကျလာသော အမိန့်များမှာ ပြတ်သားလှ၏။ နောက်တော့ ဗိုလ်ချုပ်ကြီး၏ မျက်စိက ကျွန်တော့်ဘေးမှာ ထိုင်နေသော ဗိုလ်မှူးကြီးဘဖြူထံ ရောက်လာသည်။ ဤတွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဤသို့ ပြောဆို မိန့်မှတ်လေတော့သည်။

"ဗိုလ်ဘဖြူ၊ မင်းကအင်္ဂလိပ်တပ်ထဲမှာ ပါလာတဲ့ကောင်၊ မင်းလည်း ရွေးကောက်ပွဲမှာ ရောယောင်ပြီး ပါလာတဲ့ကောင်၊ မင်းကဘာမှအသိရှိတာ မဟုတ်ဘူး၊ တပ်မတော်ကထွက်"

ထိုစဉ်က ကျွန်တော့်လက်ကျဲဘက်တွင် ထိုင်နေသူမှာ ဗိုလ်မှူးကြီး ဘဖြူဖြစ်သည်။ ဗိုလ်မှူးကြီးဘဖြူ ပြီးတော့ ကျွန်တော်၊ နောက် ကျွန်တော့်



လက်ဝဲဘက်မှာ ထိုင်နေသူမှာ ဗိုလ်မှူးကြီးတင့်ဆွေ။ (ယခု ဗိုလ်ချုပ်တင့်ဆွေ၊ အငြိမ်းစား စက်မှုဝန်ကြီးဌာန ဝန်ကြီးဟောင်း) ဖြစ်သည်။

ဗိုလ်မှူးကြီးဘဖြူကို "ထွက်"ဟုပြောအပြီးမှာ နောက်တစ်ယောက်ကတော့ မိမိအလှည့်ပဲဟု စိတ်ထဲကထင်ပြီး ကျွန်တော်ထိတ်နေသည်။ သို့သော် ဗိုလ်ချုပ်ကြီးနေဝင်း၏ နှုတ်မိန့်က ဗိုလ်မှူးကြီးဘဖြူထံတွင် ရပ်သွား၏။ တပ်ထွက်အမိန့် ကျွန်တော့်ထံ ရောက်မလာ၍ တော်ပါသေးရဲ့ဟု စိတ်အေးသွားသည်။

ခဏကြာတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း နေရာက ထရပ်ပြီးလျှင် "ဒါပဲ ဆက်လုပ်ကြ"ဟုပြော၍ ရုံးခန်းထဲ ပြန်ဝင်သွားသည်။

ထိုစဉ်က ကျွန်တော့်လက်ဝဲဘက် ဘေးကထိုင်နေသူ ဗိုလ်ဘဖြူမှာ "မင်းက ဘာမှအသိရှိတဲ့ကောင် မဟုတ်ဘူး"ဟု အပြစ်တင်ခံရသဖြင့် ဒေါပွပြီး အံကြိတ်နေတော့သည်။

ထိုအချိန်၌ အစည်းအဝေးခန်းထဲတွင် အထိအပါး မရှိသူမှာ နှစ်ယောက်တည်း ကျန်ခဲ့လေ၏။ ကျွန်တော်ဗိုလ်တင်ဦးနှင့် ကျွန်တော့်အတူ ထိုင်နေသူ ဗိုလ်တင့်ဆွေတို့ပင် ဖြစ်သည်။ ထိုအချိန်က ဗိုလ်တင့်ဆွေမှာ ဒုတိယ ဗိုလ်မှူးကြီးရာထူးဖြင့် ထိုစဉ်က မိတ္ထီလာမြို့ တပ်မ ၁ စစ်ဦးစီး ပထမတန်း ဗိုလ်မှူးကြီး တာဝန်ထမ်းဆောင်နေသူ (ယမန်နှစ်က ထုတ်ဝေသော "ကျော့ပိုးအိတ်ကလေး" စာအုပ်ရေးသူဖြစ်သည်)

ဗိုလ်ချုပ်ကြီးနေဝင်းက အစည်းအဝေးခန်းမမှ ထွက်သွားသည်နှင့် ကျန်ရှိနေကြသော တပ်မှူးများသည် နေရာမှ ထရပ်ကြပြီး "ဘယ်လိုဖြစ်တာလဲကွ၊ ဘာတွေပြောသွားတာလဲ" စသည်ဖြင့် တစ်ယောက်တစ်ပေါက် မကျေနပ်သံဖြင့် ပြောကြရင်း အစည်းအဝေးခန်းမ၌ ဆူဆူညံညံဖြစ်၍ ကျန်ခဲ့ကြသည်။

ရှေ့ဆုံးက ထွက်သွားကြသူတို့မှာ ရာထူးက အပြီးအပြတ် နားသွားကြရသော ကိုကြည်ဝင်း(ဗိုလ်မှူးကြီးကြည်ဝင်း)၊ ကိုချစ်ခိုင်(ဗိုလ်မှူးကြီးချစ်ခိုင်)၊ ကိုတင်မောင်(ဗိုလ်မှူးကြီးတင်မောင်၊ စာရေးဆရာမြတ်ထန်ဖြစ်လာသူ)တို့ ဖြစ်ကြသည်။ သူတို့သည် စစ်ရာထူးခန့် အထွေထွေဝန် ရုံးခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ MS. ခေါ် Military Secretary ရုံးခန်းသို့ ထွက်သွားကြသည်။ ထိုစဉ်က စစ်ရာထူးခန့် အတွင်းဝန်မှာ ဗိုလ်မှူးကြီးကျော်စိုး ဖြစ်လေသည်။ ဗိုလ်မှူးကြီးကြည်ဝင်းက စိတ်ညစ်နေဟန်ရှိပြီး ဘာမှမပြောဘဲ လျှောက်သွားနေသည်။ ဗိုလ်မှူးကြီးချစ်ခိုင်ကမူ ဒေါပွနေဟန်ရှိ၍ နှုတ်က အော်ဟစ်ပြောနေတော့သည်။

"ဘာလဲကွ၊ ခိုင်းတုန်းက ခိုင်းခဲ့ပြီးတော့၊ ခုမှတစ်မျိုး ပြောလာတယ်"

ပြီးတော့မှ စစ်ရာထူးခန့် အတွင်းဝန် ဗိုလ်မှူးကြီးကျော်စိုးကို "ကိုကျော်စိုး စာရွက်တစ်ရွက်ပေး"တဲ့။ တောင်းနေသည်။

ဗိုလ်မှူးကြီးကျော်စိုးကို ဗိုလ်မှူးကြီးချစ်ခိုင်က နာမည်ခေါ်သည့်အခါ ဗိုလ်ကျော်စိုးက ပြန်မထူးဘဲနေသည်။ ဤတွင် ဗိုလ်ချစ်ခိုင်က "စာရွက်တစ်ရွက်ပေးဗျာ"တဲ့။

သည်တော့မှ ဗိုလ်ကျော်စိုးက စားပွဲပေါ်က စာရေးစက္ကူကပ်မှ စာရွက်တစ်ရွက် ဖြုတ်ပေးလိုက်သည်။ ထိုအခါကျ စာရွက်ပေါ်မှာ "ယနေ့က စတင်၍ တပ်မတော်မှ နုတ်ထွက်ပါသည်"ဟု ဗိုလ်ချစ်ခိုင်ကရေး၊ လက်မှတ်ထိုးပြီး ဗိုလ်ကျော်စိုးကိုပေးသည်။ ထို့နောက် ဒေါနှင့်မောနှင့် ထွက်သွားလေတော့၏။ သူ့နောက်က ဗိုလ်တင်မောင်နှင့် ဗိုလ်ကြည်စင်း၊ ဗိုလ်ကျော်စိုးထံက စာရွက်တစ်ရွက်စီ တောင်းပြီး တပ်မတော်မှ ယနေ့ကစ၍ ထွက်ပြီဟု စာရေးပြီး ထွက်ခွာသွားကြသည်။ ဗိုလ်မှူးကြီးကျော်စိုးထံကို ဒီလူ၊ ဒီအရာရှိတွေ၊ ဒီအမိန့်အတိုင်းလုပ်ရန် တရားဝင်အမိန့်စာ ဗိုလ်ချုပ်ကြီး နေဝင်းက ပေးပြီးသား ရှိနေသည်ကိုး။

ဗိုလ်မှူးကြီးကျော်စိုး စားပွဲကို ကျွန်တော်ရောက်သွားတော့ "ကိုကျော်စိုး"ဟု ခေါ်လိုက်သည်။ ဗိုလ်မှူးကြီးကျော်စိုးက "ဘာလဲဗျ၊ ကိုတူး"ဟု ပြန်ပြောသည်။ ဗိုလ်ကျော်စိုးက ကျွန်တော့်နာမည်ကို ဘယ်တော့မှ ကိုတင်ဦးဟု မခေါ်ဘဲ "ကိုတူး"ဟု အမျှားခွတ်ခေါ်လေ့ရှိ၏။

**ကျွန်တော်** ။ "ဘာဖြစ်တာလဲဗျာ"

**ဗိုလ်ကျော်စိုး** ။ "ခင်ဗျားက ဘာဖြစ်တာလဲဆိုတာ ယခုထိ မသိသေးဘူးလားဗျာ"



**ကျွန်တော်** ။ "မသိဘူးဗျာ"

**ဗိုလ်ကျော်စိုး** ။ "ခင်ဗျား ခုနတုန်းက ဆဲသွားတာတွေ၊ ဆူသွားတာတွေ မကြားဘူးလား၊ အဲဒါတွေပဲပေါ့ဗျ ကိုတူးရ"

**ကျွန်တော်** ။ "ဪ…ဟုတ်လား၊ ရွေးကောက်ပွဲနဲ့ ပတ်သက်တာတွေ ပဲလား"

**ဗိုလ်ကျော်စိုး** ။ "ဟာ ခင်ဗျားက သိပ်လျှာရှည်တယ်ဗျာ၊ ကိုတူး၊ ခင်ဗျားနဲ့ ပတ်သက်ပြီး ဟောဒီမှာ အမိန့်ရှိတယ်ဗျာ၊ ရေးပြီးသား အမိန့်ရှိတယ်"

**ကျွန်တော်** ။ "ဘာအမိန့်လဲ"

**ဗိုလ်ကျော်စိုး** ။ "ခင်ဗျားကို တပ်မဟာ ၁၃ တပ်မဟာမှူးနဲ့ ဗိုလ်မှူးကြီး ဘဖြူနေရာကို ခင်ဗျား သွားရမယ်"

**ကျွန်တော်** ။ "ဟာ မသွားချင်ဘူးဗျာ"

**ဗိုလ်ကျော်စိုး** ။ "အောင်မယ်၊ မသွားချင်လို့ ရမှာလားဗျ၊ ကိုတူး စကားမများနဲ့ဗျာ"

ဗိုလ်မှူးကြီးဘဖြူမှာ ပြည်မြို့တပ်မဟာ ၁၃ တပ်မဟာမှူးဖြစ်ရာ ယခု ဗိုလ်ဘဖြူ ရာထူးနားပြီဖြစ်၍ သူ့နေရာသို့ တပ်မဟာမှူးအဖြစ် နှုတ်မိန့်ဖြင့် ကျွန်တော်သွားရမည်။ အမိန့်စာက နောက်မှလိုက်လာမည် ဖြစ်ပေသည်။ ကျွန်တော့်ကို ရခိုင်တပ်ပေါင်းစုမှူးမှ ပြည်သို့တပ်မဟာမှူးအဖြစ် ရာထူးတိုးမြှင့် ခန့်ထားသည်ဆို၍ ဝမ်းမသာနိုင်ပါ။ ကိုယ့်အချင်းချင်း လုပ်ဖော်ကိုင်ဖက်တွေ ရာထူးတွေ ဖြုတ်ပြီးတော့မှ အဲသည့် ရာထူးဖြုတ်လို့ လစ်လပ်သော ရာထူးကို သွားယူရမည်ဆိုခြင်းမှာ ဘယ်လိုလုပ်ပြီး ဝမ်းသာပျော်ရွှင်ရမည်နည်း။

ထိုနေ့က ကျွန်တော်အလွန်ပင် စိတ်မကောင်းဖြစ်ခဲ့သည်မှာ အမှန်ပင်။ နောက်တွင် ရတနာပုံ ရေတပ်စခန်း တပ်မှူးများ ညီလာခံသို့ နံနက် ၉ နာရီအမီ ကျွန်တော် ရောက်သွားသည်။

ညီလာခံ သဘာပတိအဖြစ် ရေတပ်ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်သန်းဖေ (ရေ)က ဆောင်ရွက်သည်။ သို့သော် ထိုနေ့က တပ်မှူးညီလာခံမှာလည်း နံနက်က စစ်ရုံးတွင် ဖြစ်ပေါ်ခဲ့သော ရုတ်ရုတ်သဲသဲ ကိစ္စများ၏ ဂယက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တစ်ရက်တည်းနှင့်အပြီး ကျင်းပလိုက်လေသည်။ ညီလာခံအကြောင်း ပြ၍ တပ်မှူးညီလာခံခေါ်လိုက်ခြင်းဖြစ်သည်ကို နားလည်ကြရလေသည်။ ရာထူးပြုတ်သွားသော ဗိုလ်ကြည်ဝင်းတို့၊ ဗိုလ်ချစ်ခိုင်တို့၊ ဗိုလ်ဘဖြူတို့ ကတော့ တပ်မှူးညီလာခံသို့ မလာကြတော့ပေ။ လာရန်လည်း မလိုတော့ပေ။ အမိကခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းလည်း မလာခဲ့ချေ။

တို့နောက် ကျွန်တော် ရခိုင်သို့ပြန်ပြီး ပြည်မြို့သို့ ပြောင်းရွှေ့ရန် အထုပ်အပိုးပြင်ဆင်နေစဉ် ကျွန်တော့်နေရာ ရခိုင်တပ်ပေါင်းစုမှူးရာထူးကို လက်ပြောင်းရယူရန် ဒုတိယဗိုလ်မှူးကြီး ရဲခေါင်ရောက်လာလေသည်။ ထို အချိန်က ရန်ကုန်မှအပြန်တွင် ကျွန်တော်၏ ရခိုင်တပ်ပေါင်းစုမှူး တာဝန်ကို ဗိုလ်မှူးကြီးရဲခေါင်ထံ လွှဲအပ်မည့်ဆဲဆဲ၌ ကျွန်တော်ဖျားနေသည်။ ဗိုလ်မှူး ကြီးရဲခေါင် ကျွန်တော့်ကိုပြော၏။

“ကိုတင်ဦး ခင်ဗျားမသွားနဲ့ဦးဗျ၊ ခင်ဗျားတို့လုပ်နေတဲ့ ဖ မြို့နယ် ကိစ္စဆိုတာ ကျွန်တော်ဘာမှမသိသေးဘူး၊ အဲဒါရှင်းလင်းပြောပြပြီးမှ သွား ဗျာ”

သို့ဖြင့် ဘူးသီးတောင်၊ မောင်းတောမှ ဖ မြို့နယ်ကိစ္စကို ကျွန်တော် ပြီးအောင်လုပ်ဆောင်ပေးပြီး လိုအပ်သည်များကို ရှင်းလင်းပြောပြခဲ့ရပေ သည်။

ရခိုင်တိုင်းမှ ပြည်မြို့သို့ ပြောင်းမည်ဆိုသောအခါ ကျွန်တော်နှင့်ဇနီး မိသားစုအားလုံး အဆင်ပြေပြေ ပြောင်းရွှေ့သွားရောက်နိုင်ခဲ့ပေသည်။ သြော် ကျွန်တော်ပြောပြခဲ့သည့် အကြောင်းအရာများတွင် ကျွန်တော်နှင့် ဒေါက်တာ တင်မိုးဝေတို့ လက်ထပ်သည့်အကြောင်း မပြောရသေးဘဲ ကျန်နေခဲ့သည်။

ကျွန်တော် အိမ်ထောင်ကျရသော အကြောင်းကို ပြောမည်ဆိုလျှင် တစ်ချိန်က တပ်မှူးညီလာခံတစ်ခုအကြောင်းမှ စတင်ရပေမည်။ ထိုစဉ်က တပ်မှူးညီလာခံအပြီးတွင် ဗိုလ်မှူးကြီးခင်ညိုက မြေပုံကြီးတစ်ပုံချ၍ ယခု ကမ္ဘောဇနန်းတော်ခေါ် ထိုစဉ်က ချင်းချောင်းနန်းတော်ဝင်းအနီးက မြေကွက် များကို တပ်မှူးများအား ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးလှွင်၊ ဗိုလ်မှူးကြီး ကျော်စိုး စသည်ဖြင့် နာမည်တွေခေါ်ပြီး မြေစာချုပ်ဂရန်နှင့်တကွ လွှဲအပ်ပေး နေသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ ချင်းချောင်းနန်းတော်အတွင်းမှ မြေကွက် တွေကို စစ်ဗိုလ်တွေ ဝေခွဲယူကြသည်။



ဤတွင် သူတို့အနားသို့ ကျွန်တော်ရောက်သွားပြီး မြေကွက်တွေ ဝေငှနေသည်ကို သိရသောအခါ “အောင်မယ် သူတို့ဘာသာ ကိုယ်တိုင် ကြိတ်ပြီး မြေကွက်တွေ ဝေယူနေကြတာကိုး”ဟု ရယ်ရယ်မောမော ပြော လိုက်မိသည်။ ဤတွင်ဗိုလ်မှူးကြီးခင်ညိုက “ဟာ–ဗိုလ်တင်ဦး၊ မြေကွက်နဲ့ မင်းနဲ့ ဘာဆိုင်သလဲ၊ မင်းလည်း ငါတို့လို မြေကွက်လိုချင်ရင် မိန်းမယူပေါ့ကွ မြေကွက်ချပေးတာက အိမ်ထောင်သည်တွေကိုသာ ပေးတာ”

ထိုအချိန်က ၁၉၅၉ ခုနှစ်ဖြစ်သည်။ ကျွန်တော်က စဉ်းစားနေ သည်။ မိမိထက် လုပ်သက်နုသော ဗိုလ်မှူးတွေပင် မြေကွက်ရကြပြီး ဝါ ရင့်တပ်မှူးတစ်ဦးဖြစ်သည့် မိမိက ဘာကြောင့် မြေကွက်မရတာလဲဟု သိချင်၍မေးသဖြင့် ဗိုလ်မှူးကြီးခင်ညိုက အထက်ပါအတိုင်း “မင်းလည်း မြေကွက်လိုချင်ရင် မိန်းမယူပေါ့ကွ”တဲ့။ မှတ်မိသေးသည်။ ထိုနေ့မှာ ကျွန် တော်က “ကျုပ်အတွက် ဘာလို့မြေကွက်မရတာလဲ” မေးမိ၍ ဗိုလ်ခင် ညို ပြောခဲ့ပုံ ထပ်မံ ပြန်ပြောရဦးမည်။

**ဗိုလ်မှူးကြီးခင်ညို** ။ “ဟေ့ကောင်၊ မင်း မြေကွက်လိုချင်ရင် မိန်းမယူ ကွ၊ မင်းကို အိမ်ထောင်မရှိဘဲနဲ့ မြေကွက်မပေးနိုင် ဘူး”

**ကျွန်တော်** ။ “ဘာဆိုင်လို့လဲဗျ၊ ကျွန်တော်လည်း တပ်မတော် မှာ အတူလုပ်ခဲ့ပြီးတော့ မြေကွက်ရသင့်တာပေါ့ဗျ”

သူက ဒီလိုပြောတော့ ကျွန်တော်က မခံချင်ဘူး။ အဲဒီအချိန်က ကျွန် တော့်မှာ ချစ်သူလည်း ရှိနေပြီဖြစ်သည်။

ပြောရဦးမည်။ ၁၉၅၉ ခုနှစ်ကုန်ပိုင်းလောက်တွင် ဗိုလ်ချုပ်ကြီးအောင် ကြီးက ကျွန်တော့်ကို စစ်ရုံးသို့ခေါ်၍ ဤသို့ပြောဖူးသည်။

**ဗိုလ်မှူးချုပ်အောင်ကြီး** ။ “ဗိုလ်တင်ဦး၊ မင်းကို ဗိုလ်ချုပ်ကြီးနေဝင်းက လူ ကြီးလို စဉ်းစားတာ တော်တော်ကြာပြီ၊ (ရာထူးပေးဖို့ ရည်ရွယ်ချက်ရှိသည့်သဘောပြောခြင်းဖြစ်သည်) ဒါပေမဲ့ မင်းမှာက မပြည့်စုံဘူး၊ ဘာမပြည့်စုံသလဲ ဆိုတော့ မင်းမှာ အိမ်ထောင်မရှိဘူး၊ မင်းမှာ အိမ် ထောင်မရှိတော့ တို့ကလည်း စဉ်းစားတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးလို မစဉ်းစားနိုင်ဘူး၊ အဲဒီလိုပဲ ရာထူးပေးဖို့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ မင်းက အိမ်ထောင်မရှိတော့ ကျန်ကျန်နေခဲ့တာပဲ၊ တို့က မင်းကို ရာထူးမြှင့်ပေးချင်တယ်၊ ဒီလိုဆိုတော့ မင်းမှာ မပြည့်စုံနေတဲ့ အိမ်ထောင်ရေးကို ပြည့်စုံအောင် လုပ်ရမယ်"

ထိုသို့ပြောခဲ့သည်။ အဓိပ္ပာယ်ကတော့ မင်းအိမ်ထောင်မပြုရင် ရာထူးတိုးမပေးနိုင်ဘူးဟု ပွင့်ပွင့်လင်းလင်း ပြောခြင်းဖြစ်လေသည်။ ထိုအခါတွင် ဗိုလ်ချုပ်တို့က ဒီလိုလားလို့ ဗိုလ်မှူးချုပ်အောင်ကြီးကို ပြောလိုက်သည်။

ဗိုလ်မှူးချုပ်အောင်ကြီးက "ဗိုလ်တင်ဦး၊ မင်းမှာရည်ရွယ်ထားတဲ့ ချစ်သူရှိရင် အဆင်သင့်ပဲ၊ ငါ့ကိုသာပြော၊ အားလုံး အဆင်ပြေအောင် စီစဉ်ပေးဖို့ပေါ့"

ဤတွင် ကျွန်တော်က ဗိုလ်ချုပ်အောင်ကြီးကို ပြောလိုက်၏။

"လုပ်လိုက်ဗျာ၊ ဒါဖြင့်"

ကျွန်တော်က ချစ်သူဒေါက်တာတင်မိုးဝေကို ဗိုလ်မှူးချုပ်အောင်ကြီးထံ ခေါ်သွားပြီး ပြရလေသည်။ "ခင်ဗျားတို့ စီစဉ်ပေးကြတော့ဗျာ"ဟု ပြောလိုက်သည်။ ထိုအခါ ကျွန်တော့်အထက်အရာရှိ ပုဂ္ဂိုလ်များ၏ ကူညီပေးမှုဖြင့် ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျွန်တော်တို့ လက်ထပ်ခဲ့ကြသည်။

ကျွန်တော့်ချစ်သူ ဒေါက်တာတင်မိုးဝေ၏ မိဘများမှာ ဦးဘိုးဘော၊ ဒေါ်စိမ်းနုတို့ ဖြစ်ကြ၏။ ဒေါ်စိမ်းနုဆိုတာက နိုင်ငံတော်သမ္မတဖြစ်ခဲ့သော ဒေါက်တာဘဦး၏ နှမဖြစ်သည်။

ကျွန်တော်ရှင်းပြပါဦးမည်။ ဒေါက်တာဘဦးတို့၊ ဒေါက်တာမြဘူးတို့၏ ဖခင်က ဦးဘိုးလှ။ ထိုဦးဘိုးလှက ဒေးဒရဲက စက်ရှင်တရားသူကြီး။ သူ့သားဒေါက်တာဘဦး (ဆာဘဦး)က ၁၉၃၀/၃၁၊ ဆရာစံလယ်သမားသူပုန်ကြီးအမှုတွင် စီရင်ချက်ချခဲ့သော တရားသူကြီး။ ထားပါတော့။ ကျွန်တော့်ဇနီးလောင်း ဒေါက်တာတင်မိုးဝေမှာ ဒေါက်တာဘဦးနှင့် ဆွေမျိုးတော်



စပ်မှန်း မူလက မသိခဲ့ချေ။ ယခုဗိုလ်မှူးချုပ်အောင်ကြီးတို့ကို အသိပေးပြီး စေ့စပ်ကြောင်းလမ်းသောအခါမှသာ အစစအရာရာ ဆွေကြီးမျိုးကြီး ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ အဆက်အနွယ်ဖြစ်ကြောင်း သိရခြင်းပင်။

ဒေါက်တာဘဦး၏ဖခင် စက်ရှင်တရားသူကြီး ဦးဘိုးလှ၏ နှမအရင်းမှာ ဒေါ်စိမ်းနုဖြစ်၍ ဒေါက်တာဘဦးနှင့် ဒေါက်တာ တင်မိုးဝေတို့မှာ မောင်နှမတစ်ဝမ်းကွဲ တော်စပ်ကြပေသည်။ ဦးဘိုးဘောက ဦးဘိုးလှ၏ ဖခင်နှင့် ညီအစ်ကိုအရင်း။ သည်တော့ ဦးဘိုးဘောနှင့် ဒေါ်စိမ်းနုတို့မှာ မောင်နှမတစ်ဝမ်းကွဲချင်း၊ မောင်လည်းနှမလည်း လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော့်ဇနီးလောင်း ဒေါက်တာတင်မိုးဝေ၏ဖခင် ဦးဘိုးဘောမှာ ဝါးခယ်မမြို့သားဖြစ်၍ ခရိုင်ဝန် DC ဖြစ်ပြီး ဝါးခယ်မသား နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် အလွန်ပင် ရင်းနှီးခင်မင်ကြ၏။ ဦးဘိုးဘောက ဗြိတိသျှအစိုးရက ချီးမြှင့်သော KSM ဘွဲ့၊ A.T.M ဘွဲ့များ ရရှိခဲ့ပေသည်။

ကျွန်တော် လက်ထပ်စဉ်က အသက် ၃၃ နှစ်ရှိပြီ။ သည်အချိန်က ဒေါက်တာတင်မိုးဝေက ၃၁ နှစ်ဖြစ်ပေသည်။ ကျွန်တော့်ဇနီးလောင်း ဒေါက်တာ တင်မိုးဝေနှင့် ကျွန်တော် စတင် တွေ့ဆုံသည်မှာ ကျွန်တော် မိုင်းဆတ်တွင် တိုက်ပွဲဖြစ်ပွား၍ ဒဏ်ရာရစဉ် ဆေးရုံတက်ကုသနေစဉ်က ဖြစ်သည်။ တိုက်ပွဲတွင် ဒဏ်ရာရလာသော ကျွန်တော့်ကို မြင်ဖူးချင်၍ ဒေါက်တာတင်မိုးဝေနှင့် သူငယ်ချင်း ဆရာဝန်မကလေးများ ကျွန်တော့်ကို ဆေးရုံမှာလာကြည့်၊ လူမမာ မေးရင်း ခင်မင်မိတ်ဆွေဖြစ်ခဲ့လေသည်။

ကျွန်တော်နှင့် ဒေါက်တာတင်မိုးဝေတို့ စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနားကို အင်းလျားလမ်း အမှတ် ၈၈/၁၁ (A) အိမ်တွင် ကျင်းပခဲ့၏။ ထိုအိမ်မှာ တရားလွှတ်တော်ရှေ့နေကြီး ပန်းတနော် ဦးအေးမောင်၏အိမ် ဖြစ်သည်။ ပြောရဦးမည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရှာသော အတွင်းဝန် ဦးအုံးမောင်၏ဇနီး ဒေါ်သိန်းကြွယ်မှာ ကျွန်တော့်ဇနီး ဒေါက်တာတင်မိုးဝေ ညီအစ်မအရင်းများ ဖြစ်ကြသည်။ ဒေါ်စိမ်းနုတို့ ညီအစ်ကိုမောင်နှမများကို ကျွန်တော် သိသရွေ့ ပြောပြပါမည်။

အစ်ကိုအကြီးဆုံးက ဦးလှမောင်။ သူက ဂျပန်ခေတ်တွင် အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်သို့ အင်္ဂလိပ်စစ်လေယာဉ်များ ဗုံးကြဲစဉ် မြို့ပိုင်ဘဝနှင့် ဗုံးဆန့်ထိ၍ ကွယ်လွန်သွားရှာသည်။ ဦးလှမောင်ပြီးတော့ ဗဟိုတရားရုံးရှေ့နေကြီး ဦးအေးမောင်၊ ပန်းတနော်၊ နောက် ဒေါ်တင်မြ၊ ဒေါ်တင်ကြည်၊ ဒေါ်သိန်းကြွယ် (အတွင်းဝန်ဦးအုန်း မောင်ဇနီး)၊ နောက် ဦးလှအောင်၊ ဒေါက်တာတင်မိုးဝေ၊ နောက် ဦးအောင်ရှိန်။

ကျွန်တော်နှင့် ဒေါက်တာတင်မိုးဝေတို့ လက်ထပ်ကြသည်မှာ ၁၉၅၉ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ ကျွန်တော် ရခိုင်တိုင်းတွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၍ ပြည်မြို့ တပ်မဟာ ၁၃ သို့ ကျွန်တော် ပြောင်းရွှေ့ရသောအခါ အတူတကွ လိုက်ပါလာခဲ့ပေသည်။

ကျွန်တော်တို့တွင် ပထမဆုံးသားမှာ သားကြီးမောင်သန့်စင်ဦး ဖြစ်သည်။ ဇနီးသည်က နောက်ပိုင်းကိုယ်ဝန် (၃) ကြိမ် ပျက်ဖူးသည်။ (၃) လ (၅) လ နှစ်ကြိမ်ဖြစ်သည်။ နောက်ဆုံးကလေးတွင် မွေးရာပါ နှစ်လုံးရောဂါပါသဖြင့် (၁၀) နှစ်သားတွင် ဆုံးပါးသွားပါသည်။ အသက်အနည်းငယ်ကြီးမှ အိမ်ထောင်ကျ၍ ထိုသို့ကြုံရခြင်းပင်။ ရန်ကုန်မြို့ Seven-day Adventist ဆေးရုံတွင် ခွဲမွေးစဉ် တိမ်းပါးခဲ့၏။ ဒုတိယ ကလေးမှာလည်း ကိုယ်ဝန် ၃ လတွင် ပျက်စီးခဲ့သည်။ တတိယ ကလေးမှာလည်း ၅ လတွင် ကိုယ်ဝန် ပျက်စီးခဲ့သည်။ နောက်သားကလေးတစ်ဦးက ကျွန်တော် အလယ်ပိုင်းတိုင်း တိုင်းမှူးဘဝတွင် မွေးဖွားခဲ့သည်။ သူက မွေးဖွားစဉ်ကပင် နှလုံးရောဂါ ပါလာခဲ့သည်။ Blue Baby ဟု ခေါ်သည်။ အမြဲတမ်း မောနေရှာသည်။ သူ့နှလုံးရောဂါက ဆန်းကြယ်သည်။ နှလုံးတွင် ဖွင့်သည့် အပေါက်က ပိတ်နေပြီး ပိတ်သည့် အပေါက်က ပွင့်နေလေသည်။ သူ့ကို အထူးကုဆရာဝန်ကြီးများ ခွဲစိတ်ကုသရာ အောင်မြင်ခဲ့၏။ သို့သော် နောက်တစ်ကြိမ် နှလုံးရောဂါ သည်းထန်စဉ် ကျွန်တော် ကာကွယ်ရေးဦးစီးချုပ် ဖြစ်၍ အလုပ်သမားအရေးအခင်း ဖြစ်သည်နှင့် တိုက်ဆိုင်နေရာ လန်ဒန်သို့ ဆေးကုသရန် မသွားနိုင်ဘဲ ကွယ်လွန်ခဲ့ရှာသည်။ သားကလေးမှာ ၁၀ နှစ်သားအရွယ် စတုတ္ထတန်း ကျောင်းသားဘဝတွင် ကွယ်လွန်ခဲ့ရှာ၏။ ယခု ကျွန်တော်တို့တွင် သားတစ်ယောက် ကျန်းမာစွာ ရှိနေသည်။ ဂျပန်နိုင်ငံတွင်



ရောက်ရှိနေသော သား ကိုသန့်ဇင်ဦး ဖြစ်၏။ ယခင်က ဂျပန်နိုင်ငံ မစ်ဆူဘီရှီ လျှပ်စစ်ကုမ္ပဏီတွင် အမှုထမ်းခဲ့၍ B.Sc(chem) ဘွဲ့ရထားပေသည်။

အထက်က စကားဆက်ပြောရလျှင် ကျွန်တော်တို့မိသားစု ပြည်မြို့ တပ်မဟာ ၁၃ သို့ ၁၉၆၀ ပြည့်နှစ်တွင် ပြောင်းရွှေ့ခဲ့ကြသည်။ တပ်မဟာမှူးအိမ်မှာ ပြည်မြို့ မင်းကြီးတောင်ပေါ်တွင်ဖြစ်၏။ တပ်မဟာ ၁၃ တွင် တပ်ရင်း ၃ ရင်း ပါရှိလေသည်။ တပ်တွေက သေနတ်ကိုင်တပ်ရင်း ၅၊ ခြေလျင်တပ်ရင်း ၂၃ ပြီးတော့ ခြေလျင်တပ်ရင်း (၈) တို့ကို အုပ်ချုပ်ကွပ်ကဲရပေသည်။

ကျွန်တော်အုပ်ချုပ်ရသော နယ်မြေမှာ အထက်ဘက်တွင် သရက်ခရိုင်အထိ အောက်ဘက်တွင် ဥက္ကံ သုံးဆယ်မြို့များအနီးက "ဖြူလေးကျေးရွာ" အထိ ဖြစ်ပေသည်။ တပ်မဟာ ၁၃ အုပ်ချုပ်ရသော နယ်မြေမှာ ရန်သူကြီးကြီးမားမား မရှိလှပေ။ သို့သော် ပဲခူးရိုးမတောင်တန်းမှာ ဆခန်းချသော ကေအင်ဒီအို ကရင်တိုင်းရင်းသား လက်နက်ကိုင်များရှိသည်။ ထိုစဉ်က ဗမာပြည် ကွန်မြူနစ်ပါတီက ဤဒေသများတွင် သိပ်ပြီးလှုပ်ရှားမှု မရှိလှချေ။ တစ်ခုတော့ရှိသည်။ လက်ပံတန်း၊ သာယာဝတီ၊ သုံးဆယ်မြို့ အောက်ဘက်များတွင်တော့ ဗကပ ကွန်မြူနစ်တွေ တော်တော်ပင် များကြသည်။ နေ့တိုင်းလောက်ပင် ရထားလမ်းဘက်ကို လာတတ်ကြသည်။ ရထားသံလမ်း ဖျက်တာမျိုး၊ တစ်ရက်ခြား နှစ်ရက်ခြား လုပ်တတ်ကြသည်။ သို့ဖြစ်၍ ပြည်ရထား၊ လက်ပံတန်းရထားတွေ ညဘက်မောင်းလျှင် ရှေ့က သံချပ်ကာ ရထားဖြင့် သွားနေရသည်။ တိုက်ရ ခိုက်ရသည်ကတော့ မရှိလှချေ။ ပြောရလျှင် ရိုးမအနောက်ဘက်ခြမ်းက သိပ်ကောင်းနေသည်။ အရှေ့ဘက်ခြမ်းက သိပ်ဆိုးနေသည်။ တိုက်ပွဲတွေကလည်း ဖြစ်လိုက်လျှင် ခဏတစ်ဖြုတ်ပင်။

ပြောစရာရှိသေးသည်။ ကျွန်တော့်တပ်မဟာမှ သေနတ်ကိုင်တပ်ရင်း ၅ ကို ဗမာ့တပ်မတော် စနစ်တကျ ပြန်လည်ဖွဲ့စည်းရန် ဩစတြေးလျမှ Refit Training လာလုပ်ပေးသည်။ ဩစတြေးလျက လာရောက်ကြီးကြပ်ကွပ်ကဲပေးသည့် ပညာရှင်က Colonel Armstrong ကားလ်အမ်းစထရောင်း ဆိုသူဖြစ်သည်။ သူ့ကို ဘယ်သူက ခေါ်သည်လဲဆိုတော့ General

www.burmeseclassic.com

www.burmeseclassic.com



Staff Department တပ်မတော်စစ်ဦးစီးချုပ်ရုံးက ဖြစ်သည်။ ဗမာ့တပ်မတော်သည် ဘယ်လောက် သန့်စွမ်းသလဲ၊ ဘယ်လောက် ကြံ့ခိုင်စေရန် လုပ်ဖို့လိုသည်လဲဆိုခြင်းကို ဩစတြေးလျပညာရှင်က သေနတ်ကိုင်တပ်ရင်း ၅ ကို စံနမူနာထား၍ ပြုပြင် တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ဩစတြေးလျပညာရှင်က သေနတ်ကိုင်တပ်ရင်း ၅ ကို တောထဲ မောင်းသွားပြီး တောထဲတွင် နှစ်ရက်လုံးလုံး အစာရိက္ခာ မရှိဘဲနေနည်း၊ တောထဲမှာတွေ့သော သစ်ဥသစ်ဖုတို့ဖြင့် အသက်ရှင်နေနိုင်အောင် ကျင့်နည်း၊ တောထဲ၌ သစ်ရွက်သစ်ဥသစ်ဖုမှ မရခဲ့လျှင် မည်သို့အသက်ရှင်နေနိုင်အောင် ရပ်တည်မည်နည်း စသည်တို့ကို စနစ်တကျ မွမ်းမံ သင်ကြားပေးသည်။ နောက်ဆုံးတော့ ရန်သူနှင့်တွေ့၍တိုက်လျှင် ကိုယ်ကအောင်ပွဲရအောင် မည်သို့ တိုက်ခိုက်နည်း စသည်တို့ကို ၁၀ ရက်ကြာ သင်ကြားရသည်။

တပ်မဟာ ၁၃ မှ တခြားတပ်ရင်းတစ်ရင်းကိုတော့ တပ်မဟာ ၁၁ အရှေ့တောင်တိုင်း မော်လမြိုင်သို့ပို့၍ အလှည့်နှင့် တာဝန်ချရသည်။ ထို ဒေသတွင် ကေအင်ဒီအို ကရင် လက်နက်ကိုင်တပ်များက အလွန်လှုပ်ရှား နေသည်။ ထိုအချိန်က ဗိုလ်မြတို့၊ ဗိုလ်လင်းထင်တို့ ဦးဆောင်၍ ကေအင် ဒီအိုတပ်များ ကောင်းကောင်းကြီး လှုပ်ရှားနေကြသည်ကိုး။

ပြည်မှာက ကျွန်တော့်ဇနီးသည် ဆရာဝန်ဖြစ်နေသဖြင့် ညဘက် ဆေးရုံမှာ အရေးကြီးလူနာ ရောက်လာသည့်အခါ မနားတမ်း သွားရသည်။ ဘုရားပွဲတွေမှာ မူးကြရမ်းကြ၊ ရန်ဖြစ်ကြ၍ ဆေးရုံသို့ လူနာရောက်လာလျှင် တာဝန်ခံ ဆရာဝန် ချက်ချင်းရောက်သွားရသည်။ ဓာတ်ငါးရာဘုရားပွဲဆိုလျှင် နှစ်တိုင်းရန်ဖြစ်၊ ဓားထိုးမှု ဖြစ်ကြသည်။ ဒဏ်ရာရလူနာ ဆေးရုံရောက်လာလျှင် ညကြီးမင်းကြီး သန်းခေါင်သန်းလွဲ တာဝန်ခံဆရာဝန်ဖြစ်သူ ဆေးရုံသို့ အမြန်သွားရသည်။ ကျွန်တော်က နောက်မှလိုက်ပို့ရ၏။ ဓာတ်ငါးရာဘုရား ဆိုသည်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ဇာတိ ပေါင်းတလည်မြို့ ရောက်ခါနီး မှာရှိသည်။ ထိုရွာဘုရားပွဲက တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည်။ ဘုရားပွဲ သို့လာသော ကျေးရွာသားတွေ၊ မူးရူးရမ်းကားကြလျှင် လူသတ်မှု၊ လူသေ မှုက သေချာပေါက် ဖြစ်လေ၏။ ထိုအခါ ဒဏ်ရာရလူနာ သို့မဟုတ် လူ



သေကောင်ကို ပြည်ဆေးရုံပို့၏။ တာဝန်ခံဆရာဝန် ကောင်းကောင်း မအိပ်ရ။ ဖုန်းလာလျှင် ညကြီးမင်းကြီး ဆေးရုံသို့ ပြေးရလေသည်။

ကျွန်တော့်ဇနီး၏ အထက်က ဆေးရုံအုပ်ကြီးက ဒေါက်တာထွန်းမင်း ဖြစ်သည်။ အလွန်စိတ်ကောင်းရှိသည်။ ထို့ပြင် ညဘက်တွင် အမြဲသတိထား၍ အသင့်နေရသည်မှာ ညဘက် ပြည်ရထားကို အမြဲတမ်း တိုက်ခိုက်လေ့ ရှိသည့်ကိစ္စ။ သူပုန်တိုက်လေ့ရှိသောနေရာမှာ ဖြူလေးရွာတံတား၊ သုံးဆယ်၊ သာယာဝတီမြောက်ဘက်ခြမ်း လက်ပံတန်းမြို့ကိုဝင်၍ နှောင့်ယှက်တတ် သည်။

ထူးခြားသော ကိစ္စတစ်ရပ် ပြောပြဦးမည်။ ထိုစဉ်က ကျွန်တော်တို့ တပ်မတော်တွင် ကြိုးဝိုင်းစီမံချက်ဟူ၍ရှိသည်။

ထိုစီမံချက်က ကျေးရွာများ၏ လုံခြုံရေးကို စက်ဝိုင်းသဏ္ဌာန် အဝန်း ပြုလုပ်ထားပြီး ထိုအဝန်းအဝိုင်းသို့ ဝင်လာသော ရန်သူ ဗကပ ကွန်မြူနစ် တို့ကို ဖြတ်လေးဖြတ်စနစ်ဖြင့် ချုပ်ကိုင်ရန်၊ သတင်းဖြတ်၊ ရိက္ခာဖြတ် စသည့် အစီအစဉ်ဖြင့် ရန်သူကို ထိုးနှက်ရန်ဖြစ်သည်။ ထိုအစီအစဉ်အရ တပ်မတော်၏ စက်ဝိုင်းစီမံကိန်းလုံခြုံမှုအတွင်း ရန်သူ သောင်းကျန်းသူတို့ မည်သို့မျှ လှုပ်ရှားရပ်တည်၍ မသွားနိုင်သည့် အခြေအနေသို့ ရောက်လာ သည်။

ထိုအချိန်၌ နိုင်ငံတော်အစိုးရက တောတွင်းရှိ ဗမာပြည် ကွန်မြူနစ် ပါတီခေါင်းဆောင်များကို ဖမ်းမိလျှင် မည်ရွေ့မည်မျှ ဆုချီးမြှင့်မည်ဆိုသော ကြေညာချက် ထွက်လာသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်း ထွန်းကို အရှင် သို့မဟုတ် အသေ ဖမ်းဆီးမိအောင် သတင်းပေးနိုင်သူ မည်သူ့ကိုမဆို ကျပ်ငွေ ၂ သိန်း၊ ပေါ်လစ်ဗျူရိုဝင် သခင်ချစ်၊ ဂိုရှယ်ဘတင် စသော ထိပ်တန်းခေါင်းဆောင်များကို ဖမ်းဆီးမိခဲ့လျှင် ကျပ်ငွေ တစ်သိန်း၊ ဗဟိုကော်မတီဝင် တစ်ဦး ဖမ်းမိလျှင် ကျပ်ငွေ ငါးသောင်း ဆုချီးမြှင့်မည် စသည်ဖြင့် ၁၉၆၁ ခုနှစ်တွင် သတင်းစာများ၌ ကြေညာချက် ထွက်လာခဲ့ သည်။

ထိုသို့ ကြေညာချက် ထွက်လာပြီးသည့်နောက် ထူးခြားသော ဖြစ် ရပ်တစ်ခု ကြုံရလေသည်။ ပေါင်းတည်မြို့ အရှေ့ဘက်က ကြို့ပင်အိုင်ရွာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပေါင်းတည်မြို့ ရဲစခန်းမှ တိုက်ခိုက်ရေး ရဲကင်းတစ်ခု တာဝန်ချထားသည်။ ရဲတိုက်ကင်းတစ်ဖွဲ့ အနီးအနား ရွာများသို့ လှည့်ရှားမှု အစီအစဉ်ဖြင့် ဆင်းသွားသည်။ ထိုရဲအဖွဲ့တွင် ဒုတိယရဲအုပ်တစ်ဦးကို ခေါင်းဆောင်စေပြီး တာဝန်ပေးထားသည်။

တစ်နေ့တော့ သတင်းရသည်။ ဗကပ ကွန်မြူနစ်အဖွဲ့တစ်ဖွဲ့ လုံခြုံရေးစက်ဝန်းအတွင်း၌ ဝင်နေသည်ဟု သတင်းရသည်။ သို့နှင့် ထိုဗကပအဖွဲ့ကို ထွက်သွားအောင် နောက်က တိုက်တွန်း ရှင်းလင်းရသည်။

❐

## အခန်း (၄၈)
## ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် နှစ်ဦးကို အသေ ပစ်ဖမ်းခဲ့တဲ့ ရဲအုပ်

ဗကပအစုအဖွဲ့ကလည်း ထိုအနီးအနားတစ်ဝိုက်တွင် တပ်မတော်တပ်ရင်းတပ်ဖွဲ့ ရန်ကင်းသည်ဆိုပြီး အေးချမ်းသည့်သဘော စခန်းချနေသည်။ သည်နေရာက အမှန်ပြောရလျှင် သစ်ခိုးထုတ်သည့်လမ်းကျနေသောရွာ။ ပေါင်းတည်မြို့ကနေ အရှေ့ဘက် ထွက်သွားလျှင် သစ်ချသောလမ်းရှိသည်။ ပေါင်းတည်မှ ၁၀ မိုင်ခန့် ကွာသည့်နေရာ၌ ကြို့ပင်အိုင်ရွာရှိသည်။ ရဲစခန်းချထားသည်။ ကြို့ပင်အိုင်ရွာမှ ဒုတိယရဲအုပ်တစ်ဦးနှင့် တိုက်ခိုက်ရေးရဲတပ်စုတစ်စု ချထားသည်။

သူတို့က ရွာတွင်စခန်းချပြီး ဘယ်မှ မလှုပ်ရှား မသွားလာ၍ "မင်းတို့က၊ မင်းတို့နေရာပဲ နေသလား၊ ကျေးရွာတွေဆင်းပြီး လှုပ်ရှားမှု လုပ်ပါလား"ဟု ကျွန်တော်တို့က တိုက်တွန်းသည်။ မရိုးဆန်းရွာတို့၊ ရုပ်ဆိုင်ရွာတို့ဘက်သို့ တိုက်ကင်းထွက် လှုပ်ရှားပါဟု ပြောရသည်။ ထိုသို့ သူတို့ကို ညွှန်ကြားအမိန့်ပေးပြီး ကျွန်တော်တို့ ပြည်မြို့သို့ ပြန်လာသည်။ ထိုသို့ပြန်လာပြီး ရက်သတ္တတစ်ပတ်လောက်ပင် မကြာချေ။ ကြေးနန်းဝင်လာသည်။ ရဲတိုက်ခိုက်ရေးကင်းအဖွဲ့နှင့် တိုက်ပွဲဖြစ်၍ ဗကပ ကွန်မြူနစ်ပါတီမှ ဗဟို

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်လူကြီးနှစ်ယောက် အဖွဲ့ဝင်တစ်ယောက်တို့ကို လက်နက်နှင့်တကွ အသေရမိပြီဖြစ်ကြောင်း။

အသေမိသူတစ်ဦးက မူကာဂျီ၊ နောက်တစ်ဦးက ဗိုလ်မင်းဒင်။ အသေရမိသူ မူကာဂျီဆိုသူက အိန္ဒိယသားအစစ်။ ၁၉၄၇-၄၈ ခုနှစ်က အိန္ဒိယကွန်မြူနစ်ပါတီက ဗမာပြည်ကွန်မြူနစ်ပါတီကို ကူညီရန် ဝါဒ သဘောတရားရေးပါရဂူ ဂိုရှယ်ခေါ် ဘတင်နှင့်အတူ ထည့်ပေးလိုက်၍ ပါလာသူဖြစ်သည်။ ဤတွင် ကျွန်တော်လည်း ပေါင်းတည်သို့ လိုက်သွား၏။ တိုက်ပွဲဖြစ်ပွားရာ၌ ဦးဆောင်ခဲ့သော ဒုတိယရဲအုပ်နှင့် အဖွဲ့လည်း ပေါင်းတည်ရဲစခန်းတွင် ကျွန်တော့်ထံ တင်ပြရန် ရောက်နေလေသည်။ စိတ်ဝင်စားဖွယ်ကောင်းသော တောတွင်းက တိုက်ပွဲမှာ ဤသို့ဖြစ်သည်။

ပေါင်းတည်မြို့နယ် ရပ်ဆိုင်ရွာက အနောက်ဘက်ကိုသွားရာ မရိုးချောင်းဆိုသော ချောင်းရှိသည်။ မရိုးပင်တွေ ပေါက်နေ၍ မရိုးချောင်းဟု ခေါ်ကြသည်။ မရိုးပင်ဆိုသည်မှာ အသုံးဝင်သည်။ နွားနို့တွင် မရိုးစေးကို ထည့်လိုက်လျှင် ဒိန်ချဉ်ဖြစ်သည်။ ယခု စီးပွားရေးသမားတို့ လုပ်ရောင်းကြသော ဒိန်ချဉ်၊ ဒိန်ခဲဆိုသည်မှာ မရိုးပင်က အစေးနှင့် လုပ်ကြရသည်။ အပင်က ပုပြတ်ပြတ်။ ဆေးဖက်လည်းဝင်သည်။ မင်္ဂလာဒုံဘက်သွားလျှင် လမ်းဘေးမှာ ထိုးထိုးထောင်ထောင်နှင့် ပေါက်နေသော မရိုးပင်များ အများအပြား တွေ့ရသည်။

ဒုတိယရဲအုပ်ညီလေးနှင့် တိုက်ကင်းအဖွဲ့က ဗကပ ကွန်မြူနစ်ပါတီ အုပ်စုတစ်စု တောတွင်းမှာ လှုပ်ရှားနေသည့် သတင်းရ၍ တောနင်းရှာသည်။ ဤတွင် တစ်ညလုံး ခရီးသွားပြီး နံနက် ၂ နာရီခန့်တွင် မရိုးချောင်းဘေးမှ အိမ်တစ်အိမ်ဝင်၍ ထမင်းတောင်းကြည့်ဖို့ ကြိုးစားသည်။

ဒုတိယရဲအုပ်နှင့် ရဲတပ်သား ခြောက်ယောက်ပါသွားသည်။ အိမ်ကလေးတွေက သိပ်မများလှပေ။ လေးငါးဆယ်အိမ်သာရှိသော တဲအိမ်စုကလေးဖြစ်သည်။ မီးရောင်ကလေးမြင်၍ ရဲအုပ်တို့အဖွဲ့ တဲအိမ်ရှေ့မှာရပ်ပြီး အသံပြုလိုက်သည်။

တဲအိမ်ထဲမှာ အမေအိုတစ်ဦးကို တွေ့ရသဖြင့် "အမေတို့၊ ထမင်းကလေးများ ရနိုင်မလားခင်ဗျာ၊ ကျွန်တော့်ရဲဘော်တွေ ဘာမှမစားရသေး



လို့ပါ" ဟု ပြောလိုက်သည်။ ထိုအချိန်မှာ မိုးကလည်း တဖွဲဖွဲ ရွာနေသည်။ ဒုရဲအုပ်နှင့်အဖွဲ့က ထမင်းတောင်းစားပြီးလျှင် လာလမ်းကို ပြန်မည်ဟု စီစဉ်ထားသည်။

အမေအိုက "လာပြန်ပြီလားဟဲ့၊ နင်တို့ပဲ ခုနက ထမင်းထုပ်လာတောင်းလို့ ငါပေးပြီးပြီ၊ မရှိတော့ဘူး၊ ဘာထမင်း၊ ဘာဟင်းမှ မရှိတော့ဘူး၊ ကုန်ပြီ"

**ဒုတိယရဲအုပ်** ။ "ဟာ၊ အမေကလည်း အဲဒါ ကျွန်တော်တို့အဖွဲ့က မဟုတ်ဘူး၊ စောစောက ထမင်းထုပ် တောင်းသွားတာ ဘယ်သူတွေလဲ"

**အမေအို** ။ "ဟဲ့၊ ဘယ်သူတွေရမလဲ၊ နင်တို့လိုပဲ နေမှာပေါ့၊ သူတို့ ဒီမရိုးချောင်းထဲ ရောက်နေတာ လေးငါးရက်ရှိပြီထင်တယ်"

အဲသည့်တော့ ဒုတိယရဲအုပ် နားလည်သွားပြီ။ ထိုတဲအိမ်က ထွက်လာပြီး အနီးအနားမှာ လှုပ်လှုပ်ရှားရှား ရှိမည့်နေရာ ဟိုမှာ ဒီမှာ လိုက်ရှာသည်။ ဘယ်မှာမှမတွေ့။ မိုးရွာထဲမှာ နောက်ကြောင်းပြန်ကွေ့မည်ပြု၏။ ထိုအချိန်မှာ နေရာဒေသကျွမ်းသော ရဲတပ်သားတစ်ဦးက ဒုရဲအုပ်ကို အကြံပေးသည်။ "မိုးရွာနေစဉ် ဘုန်းကြီးကျောင်းပျက်ကြီးထဲက ဇရပ်ဟောင်းတစ်ခုမှာ ဝင်အိပ်ကြရအောင်"

ဒုရဲအုပ်က တပည့်အကြံကို လက်ခံကာ ခပ်လှမ်းလှမ်းမှာ မိုးရွာထဲ၌ မည်းမည်းကြီး မြင်ရသော ဘုန်းကြီးကျောင်းပျက်ကြီးသို့ ချဉ်းကပ်သွား၏။ ဘုန်းကြီးကျောင်းဝင်းထဲအဝင် ဇရပ်ဟောင်းနားရောက်တော့ ဇရပ်ပေါ်က လူတစ်ယောက်က ရဲတပ်သားတွေကို လှမ်းအော်၍မေးသည်။ သူတို့အဖွဲ့သားတွေ ရောက်လာသည်ဟု ထင်ဟန်ရှိသည်။

သို့သော် ထိုအချိန်မှာ ခေါင်းဆောင်လုပ်သူ ဒုရဲအုပ်က သိလိုက်ပြီ။ ညဉ့်မှောင်မှောင်မှာ တွေ့လာရသူတွေမှာ ဗကပကွန်မြူနစ် ထမင်းထုပ်တောင်းသွားသူတွေဖြစ်မည်။ ချက်ချင်းပင် ရဲအုပ်က လက်ထဲမှ မောင်းပြန်သေနတ်ကို ခလုတ်ဆွဲလိုက်သည်။ ဇရပ်ပေါ်က လူတစ်စုကလည်း ချက်ချင်းပင် ၄-၅ ချက် ပြန်ပစ်သည်။ သို့သော် ရဲတပ်ဖွဲ့က ပစ်အားကောင်းတော့ ဇရပ်ပေါ်က လူတွေဇိဝိန်ကြွေကုန်လေပြီ။ မကြာမီ ဇရပ်ပေါ်တက် ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com



ရာ သေနတ်ကိုင်လျက် လူနှစ်ဦး သေနတ်ဒဏ်ရာများဖြင့် ကျဆုံးနေပြီ။ နောက်တစ်ဦးမှာ ဇရပ်ပေါ်က ပြေးအဆင်း မြေပြင်မှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြသည်။ တိုက်ကင်းရဲတပ်ဖွဲ့က ကျဆုံးသူ လူ ၃ ဦးထံမှ လက်နက်များသိမ်း၊ သူတို့ပစ္စည်းပစ္စယတွေလည်း သိမ်းယူ၊ စာအုပ်စာတမ်းများပါ သယ်လာခဲ့၏။

ဖြစ်ပုံက ဇရပ်ပေါ်က ကျဆုံးသူလူနှစ်ယောက်မှာ အိန္ဒိယကွန်မြူနစ်ပါတီမှခေါင်းဆောင် မုကာဂျီနှင့် ဂျယန်ပြန် ဗိုလ်မင်းဒင်တို့ဖြစ်ကြ၏။ သူတို့သုံးဦးက အမေအိုထံက ရခဲ့သော ထမင်းထုပ်ကို စားသောက်ပြီးနောက် ဗဟိုဌာနချုပ်သို့ **ရွှေခွဲ၊ နာရီ၊ အတိအကျ ဖော်ပြ၍** အစီရင်ခံစာရေး၊ လက်မှတ်ထိုးပြီး စနစ်တကျ သိမ်းဆည်းကာ အိပ်ရာဝင်ကြစဉ်ဖြစ်သည်။ ဒုတိယရဲအုပ်နှင့်အဖွဲ့သည် အလောင်းသုံးလောင်းကို ဇရပ်ပေါ်၌ စွန့်ပစ်ထားခဲ့ပြီး ပြန်ထွက်လာသည်။ ဇရပ်အပြင်ဘက်သို့ လေးငါးဆယ်လှမ်း လှမ်းပြီးသောအခါ အသက်ကြွယ်သော ရဲတပ်သားတစ်ဦးက ဒုရဲအုပ်ကို ပြောလေ၏။

**ရဲတပ်သား** ။ "ဆရာ၊ ဇရပ်ပေါ်မှာ ပြန်ပစ်ရင်းသေတဲ့ သူနှစ်ဦးဟာ သူတို့ပုံသွင် ကြည့်ရတာ ခေါင်းဆောင်တွေနဲ့တူတယ်၊ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေကို အသေမိမိ အရှင်မိမိ ဆုငွေကျပ်တစ်သိန်းလို့ ကြေညာထားတယ် ခင်ဗျ"

ထိုအခါ ရဲအုပ်သည် အကြံရသွားပြီး ဇရပ်ပေါ်မှာ ကျဆုံးသော လူနှစ်ယောက်၏ အလောင်းများနှင့်၊ ဇရပ်အောက်မှာ ကျဆုံးနေသော လူ၏ အလောင်းကို ခေါင်းဖြတ်ယူလာခဲ့ကြပြီး ပေါင်းတည်ရဲစခန်းသို့ အပ်နှံကြလေသည်။

ပေါင်းတည်ရဲစခန်းသို့ ဗမာပြည်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင် ၃ ဦး၏ ခေါင်းပြတ်တွေ ရောက်လာတော့မှ ရဲစခန်းက တာဝန်ရှိသူတွေက သိလိုက်ပြီ။ ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် မုကာဂျီ၊ ပေါလစ်ဗျူရိုဝင် ဂျယန်ပြန်ဗိုလ်မင်းဒင်၊ ဒါ့ကလည်း ဗဟိုကော်မတီဝင် မည်သူမည်ဝါဖြစ်သည် စသဖြင့် နာမည်တွေ ဖော်ပြော၊ စားပွဲပေါ် တင်ထားသော ခေါင်းပြတ်ကြီးတွေ ဓာတ်ပုံရိုက်၍ သတင်းစာထဲ ထည့်သွင်းသတင်းဖော်ပြကြလေသည်။

ပေါက်ခေါင်းရဲစခန်းက ရဲအမှုထမ်းတွေက သတင်းထောက်တွေကို



ခေါ်ပြပြီး ခေါင်းပြတ်ကြီးတွေကို သတင်းစာထဲ ထည့်သောအခါ အထက်က တာဝန်ရှိလူကြီးများ သိသွားကြပြီ။ သည်လူက မုကာဂျီပဲ။ သည်လူက ဂျယန်ပြန် ဗိုလ်မင်းဒင်ပဲ။ သို့သော် သတင်းစာထဲတွင် ဤသို့ ဗမာပြည်ကွန်မြူနစ်ပါတီက ထိပ်တန်းခေါင်းဆောင်နှစ်ဦး၏ ခေါင်းပြတ် ဓာတ်ပုံကြီးတွေ ဖော်ပြပါရှိလာပြီး နောက်တစ်နေ့မှစ၍ ကျွန်တော့်ထံ တပ်မတော်မှ သူငယ်ချင်းရောင်းရင်းတွေ ဆူပူပြစ်တင်ကြလေသည်။ "ဗိုလ်တင်ဦးရာ၊ မင်းလုပ်ရပ်မှားတယ်၊ သူပုန်ခေါင်းဆောင်တွေ အသေဖမ်းမိတဲ့ သတင်းဖော်ပြရင် ပြီးရောပေါ့၊ ခေါင်းပြတ်ပုံတွေ ဘာကြောင့် ထည့်သလဲ"

ထိုသို့ တပ်မတော်ထဲက ရောင်းရင်း အပေါင်းအသင်း သူငယ်ချင်းတွေက တယ်လီဖုန်းဆက်ပြီး အပြစ်တင်စကား ပြောကြသဖြင့် ကျွန်တော်လည်း စိတ်မကောင်းဖြစ်သွားမိသည်။ ရုတ်တရက် မစဉ်းစားမိဘဲ အောက်က အရာရှိတွေ လုပ်နေကြသည်ကို မတားဆီးမိခဲ့။

ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးတော်သူ နတ်မောက်နယ်မှ မင်းကြီးရွှေလရောင်ကို ဗြိတိသျှနယ်ချဲ့စစ်တပ်က အသေဖမ်းဆီးမိစဉ်ကလည်း ဤသို့ပင် ခေါင်းဖြတ်၍ နတ်မောက်ပုလိပ်ဌာနတွင် ပြသခဲ့သဖြင့် ထိုသတင်းကို ဝိုင်းဝန်းရှုတ်ချကန့်ကွက်ကြသည်ဟု စာအုပ်များ၌ ဖတ်ဖူးသည်။ ဤအပြုအမူမှာ လူယဉ်ကျေးတို့ လုပ်ရပ်မဟုတ်။ လူရိုင်းတွေလုပ်သော အလုပ်ဟု ရှုတ်ချကြကြောင်းနှင့် သမိုင်းစာအုပ်များ၌ ဖော်ပြသည်။

ယခုလည်း ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေ ဖမ်းမိ၍ ရဲတိုက်ကင်းအဖွဲ့က ဆုငွေကျပ်သိန်းချီ ရရှိစေရန် လုပ်ကြရာ ကျွန်တော်က အားပေးသူအဖြစ် အဆစ်ပါပြီး အပြစ်တင်ခံနေရတော့သည်။ နောက်တော့ ယခုကဲ့သို့ ဗမာပြည်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်နှစ်ဦးကို အသေရမိအောင် ကြိုးပမ်းခဲ့သော ရဲတိုက်ကင်းအဖွဲ့၊ ဒုရဲအုပ်နှင့် ရဲတပ်သားများကို တိုင်းမှူး ဗိုလ်မှူးကြီးစိန်ဝင်း (နောင် ဝန်ကြီးချုပ်ဦးစိန်ဝင်း) ကိုယ်တိုင် ပေါင်းတည်မြို့၌ ခမ်းနားစွာ ဆုငွေများ၊ တံဆိပ်များ ဂုဏ်ပြုချီးကျူးပွဲ ပြုလုပ်ခဲ့သည်။ ထိုဖြစ်ရပ်သည် ၁၉၆၁ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက်ပိုင်းနှစ်များ၌ ကျွန်တော်မှတ်မိသော ကိစ္စတစ်ခုမှာ တပ်မတော်ကို AMERICAN PATTERN အမေရိကန်တပ်မတော်၏ ဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



စေရန် စီမံခြင်းဖြစ်သည်။ ယခင်က တပ်မတော်မှာ စစ်ဌာနချုပ်၏ အောက်၌ တပ်များကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ စစ်လည်းတိုက်ရသည်။ အုပ်ချုပ်ရေးကိစ္စများလည်း လုပ်ဆောင်နေရသည်။ ယခု အသစ်ဖွဲ့စည်းမည့် စနစ်မှာ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုင်းတာဆောင်ရွက်၍ မိမိဘာသာ မိမိ တိုက်ခိုက်ရေး လုပ်ငန်းများ သက်သက်သာသာ ဆောင်ရွက်ရန်ဖြစ်သည်။ သည်မှာပင် တပ်များကို ပြန်လည်ဖွဲ့စည်း၍ တိုင်းစစ်ဌာနချုပ်များ ခွဲခြား ဖွဲ့စည်းသည်။ စစ်ဌာနချုပ်များ ပေါ်ပေါက်လာသည်။ ဥပမာ- တောင်ပိုင်း တိုင်း စစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အနောက် တောင်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စသည်ဖြင့် အသစ်ဖွဲ့ သော တိုင်းစစ်ဌာနချုပ်များ ပေါ်ပေါက်ခဲ့သည်။

မြစ်ကြီးနားမြို့ကို မြောက်ပိုင်းတိုင်း။ လားရှိုးက၊ အရှေ့မြောက်တိုင်း။ ကျိုင်းတုံက၊ အရှေ့ပိုင်းတိုင်း။ မော်လမြိုင်က၊ အရှေ့တောင်တိုင်း။ ရန်ကုန်က၊ ရန်ကုန်တိုင်း။ ပုသိမ်က၊ အနောက်တောင်တိုင်း။ ရခိုင်က၊ အနောက်ပိုင်း တိုင်း စသည်ဖြင့် ဖြစ်ခဲ့ပြီး တပ်မတော်ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ခဲ့၍ လက်နက်များကိုလည်း ပြောင်းလဲလိုက်သည်။ ယခင်က တစ်တောင့်ချင်း ပစ်ခတ်ရသော ရိုင်ဖယ်သေနတ်များ ကိုင်ကြရာမှ ယခုအခါတွင် မောင်းပြန် သေနတ် ဂျီသရီး G-3 လက်နက်များကို ပြောင်းလဲသုံးစွဲခဲ့သည်။ တပ်မတော် ဖွဲ့စည်းပုံကိုမူ အမေရိကန်စစ်တပ်၏ ဖွဲ့စည်းပုံအတိုင်း အသစ်ပြောင်းလဲ ခဲ့သည်။

တပ်ခွဲမှူးဗိုလ်ကြီးက ကာဘိုင်သေနတ်နှင့် ၄၅ ပစ္စတိုသေနတ်၊ အရာခံဗိုလ်က ဂျီသရီး အော်တိုမက်တစ် မောင်းပြန်သေနတ်နှင့် ၄၅ ပစ္စတို သေနတ်ရသည်။ ဂျီသရီးသေနတ်မှာ ရန်ကုန်နှင့် ပြည်တို့တွင် စက်ရုံတည် ပြီး ထုတ်လုပ်သည်။ ဂျီသရီးသေနတ်၏ မူလ ထုတ်လုပ်သော နိုင်ငံမှာ အနောက်ဂျာမနီနိုင်ငံဖြစ်သည်။ ရန်ကုန်လက်နက်စက်ရုံက ဂျီသရီးကျည် ဆန်ထုတ်၍ ပြည်မြို့တစ်ဖက်ကမ်း ဆင်တဲစက်ရုံက ဂျီသရီးသေနတ်များကို ဂျာမနီပညာရှင်တို့ ကြီးကြပ်မှုဖြင့် ထုတ်လုပ်ခဲ့သည်။

❒

## အခန်း (၄၉)

## နေဝင်း စတင်းဂန်း မောင်းပြန်သေနတ်၏ သမိုင်းစဉ်

နောက်ပိုင်းတွင် မလွန်မြို့ ကစလ အကြီးစား စက်မှုလုပ်ငန်းစက်ရုံ က တပ်မတော်အတွက် လက်နက်များ ထုတ်လုပ်ခဲ့သည်။ တပ်မတော် တွင် အသုံးပြုခဲ့သော နေဝင်းစတင်းခေါ်သည့် မောင်းပြန်သေနတ်တစ်မျိုး ရှိသေးသည်။ ထိုသေနတ်မှာ အီတလီနိုင်ငံက ပုံစံ ထုတ်ပေးထားသော သေနတ်ဖြစ်သည်။

မူရင်းစတင်းသေနတ်ကို အင်္ဂလန်က လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် အတွင်းက အရေးတကြီး ထုတ်လုပ်ခဲ့သော သေနတ်ဖြစ်၍ လုံခြုံရေးသော့ ချက်ယွင်းပြီး သေနတ်ကျည်ဆန် မကြာခဏ ထွက်တတ်သည်။ ထို့ကြောင့် နောင်အခါ အင်္ဂလန်လုပ် စတင်းဂန်းသေနတ်ကို မသုံးတော့ပေ။

ယခု နောက်ထပ်ထုတ်လုပ်လာသော နေဝင်းစတင်း အမည်ပေးထား သည့် မောင်းပြန်သေနတ်မှာ အီတလီနိုင်ငံမှ ပုံစံထုတ်လုပ်ပြီး မြန်မာနိုင်ငံ တွင် ထုတ်လုပ်ခဲ့သည်။ အင်္ဂလန်နိုင်ငံလုပ် စတင်းသေနတ်နှင့် သဘော ထားချင်း အတူတူဖြစ်ပြီး ရန်ကုန် ကစလ အကြီးစားစက်မှုလုပ်ငန်းစက်ရုံ တွင် ထုတ်လုပ်ခဲ့သည်။ အင်္ဂလန်နိုင်ငံလုပ် စတင်းဂန်းသေနတ်၏ ချွတ် ယွင်းချက် လုံခြုံရေးခလုတ် Safe ကိုမူ မတော်တဆ ကျည်ဆန်မထွက်နိုင် ရန် ပြင်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်းစတင်းသေနတ်က ကျည်ဆန် ၁၀ တောင့်၊ ၁၅ တောင့် ကြိုက်သလောက်ထည့်၊ ကျည်ဆန်နံပါတ်က ၉ မီလီမီတာ ဖြစ်သည်။

ယခုခေတ် အမေရိကန်စစ်တပ်က သုံးသော M.16 (အမ်-၁၆) သေနတ်ကျည်ဆန်မှာ သေးသေးကလေးဖြစ်သည်။ ယခင်က ရိုင်ဖယ်ကျည်ဆန်မှာ ၅၀ တောင့်ဆိုလျှင် အလွန်လေးပင်လှပြီ။ သို့သော် အမေရိကန် M.16 ကျည်ဆန်တို့မှာ သေးသေးကလေးဖြစ်၍ ကျည်ဆန် ၂၀၀ အသာကလေး သယ်ယူနိုင်ပေ၏။ M.16 ကျည်ဆန်က သေးပေမယ့် ကျည်ဆန်၏ တည်ဆောက်မှုက သိပ်ကျစ်လျစ်တောင့်တင်းတော့ တခြား ကျည်ဆန်တွေထက် ပြေးနှုန်း၊ ပေါက်ကွဲမှုနှုန်း ထိရောက်မှုနှုန်းသာသည်။ မြန်မာနိုင်ငံက သုံးနေသော (G-3) ဂျီသရီး မောင်းပြန်သေနတ်တွေထက် ထိရောက်မှုက နှစ်ဆသာလေသည်။ ယခုတော့ အမေရိကန်ပြည်ထောင်စုတွင် အဆိုပါ M-16 ထက် ပိုမိုထိရောက်သော သေနတ်နှင့် ကျည်ဆန်ကို တီထွင်ပြီး လောက်ပေပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံအဖို့ M.16 သေနတ်ကို မကိုင်နိုင်ချေ။ အဘယ့်ကြောင့်ဆိုလျှင် ထိုသေနတ်နှင့် ကျည်ဆန်က ဈေး အလွန်ကြီး၍ ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်တော်တို့ မြန်မာ့တပ်မတော်က ဂျာမနီနိုင်ငံနှင့်သာ အဆက်အသွယ်ပြု၍ ဂျီ-သရီးသေနတ်ဖြင့်ပင် အသင့်အတင့် ကျေနပ်နေရတော့၏။

ထိုအချိန်က ၁၉၆၁ ခုနှစ်၊ မိုးရာသီ ကျော်လွန်လာပြီ။ သည်အချိန်တွင် တပ်မတော်ကို ပြန်လည်ဖွဲ့စည်းမှု ပြုရသည်။ ထိုအချိန်၌ တိုင်းတပ်ဖွဲ့တွေက သီးသန့်တိုင်းတပ်ဖွဲ့အောက်တွင် တိုက်ခိုက်ရေးတပ်များကို ဒီဗီဇံတပ်များအဖြစ်ဖွဲ့သည်။ ယခင်က တပ်ရင်း ၃ ရင်းကို တပ်မဟာဖွဲ့သည့်အခါ ယခုတပ်ရင်း ၉ ရင်းကို Division ဒီဗီဇံတပ်မကြီးများအဖြစ် ဖွဲ့လိုက်လေသည်။ တပ်ရင်းတစ်ရင်းတွင် တပ်သား ၇၇၇ ဦး ပါဝင်ရာ ယင်းတပ်ရင်း ၉ ရင်းကို ဒီဗီဇံတပ်မကြီးတစ်ခုအဖြစ် ဖွဲ့စည်းလေသည်။ ဤတပ်ဖွဲ့စည်းမှုမှာ အမေရိကန်တပ်မတော်ပုံစံအတိုင်း ပြန်ဆင်ဖွဲ့စည်းခြင်းပင် ဖြစ်လေသည်။ ဒါကလည်း ဗိုလ်ချုပ်မောင်မောင်တို့ ယခင်က စတင် ပြုပြင်ဖွဲ့စည်းရန် ကြံစည်ခဲ့သည့် အမေရိကန်တပ်မတော် ဖွဲ့စည်းမှုကို နည်းယူပြုပြင်ဖွဲ့စည်းခြင်းသဘောပင်။



တပ်မတော် ဖွဲ့စည်းပုံသစ်အရ ကျွန်တော်က ဒုတိယတိုင်းမှူးအဖြစ် အရှေ့တောင်တိုင်း စစ်ဌာနချုပ် မော်လမြိုင်တွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိသွားခဲ့၏။ ပထမတိုင်းမှူးက ဗိုလ်မှူးကြီးသောင်းကြည် ဖြစ်ပေသည်။ ထူးခြားသည်မှာ ဒီဗီဇံတပ်မကြီးများ ဖွဲ့စည်းပြီးသည့်နောက် တပ်မကြီးများသည် တိုက်ရေးခိုက်ရေးကိုသာ တာဝန်ယူရပြီး ဥပဒေအရ အမှုစစ်ဆေးရေး၊ ငွေစာရင်းနှင့် အုပ်ချုပ်ရေးတို့ ဘာမျှမရှိတော့ချေ။

ထိုကိစ္စများ ဆောင်ရွက်ရန် တိုင်းစစ်ဌာနချုပ်က လိုက်လုပ်ပေးရလေသည်။ တပ်တွင်းပြဿနာ အမှုအခင်းတွေ စုံစမ်းစစ်ဆေးရန် ကိစ္စများလည်း တပ်မက ဝင်ဆောင်ရွက်ရန် မလိုတော့ပြီ။ သဘောက တပ်မဟာ၊ တပ်မ၊ တပ်ရင်းဌာနချုပ်တို့မှာ ရုံးကိစ္စများနှင့် ပြဿနာ ရှုပ်နေ၍ စစ်တိုက်ရန်ကိစ္စတွင် အားနည်းချက် ရှိနေခဲ့သည်။ ယခုသည်ကိစ္စများ ခေါင်းထဲမထည့်နှင့်တော့။ တိုင်းစစ်ဌာနချုပ်က နောက်မှလိုက်လုပ်ဆောင်ရွက်ပေးတော့မည်။

ဒါက ဗိုလ်ချုပ်မောင်မောင်၏ ဦးနှောက်အတွေးအခေါ်ပင် ဖြစ်သည်။ အမေရိကပြည်ထောင်စုသို့ ဗိုလ်ချုပ်မောင်မောင် သွားရောက်ခဲ့ရင်း တွေ့မြင်လေ့လာခဲ့သည်များကို အကောင်အထည်ဖော်သွားခြင်းဖြစ်၏။ ဤဒီဗီဇံတပ်မစီမံကိန်း ပေါ်ပေါက်လာသောအခါ ဗိုလ်ချုပ်မောင်မောင်မှာ တပ်မတော်၌ မရှိတော့ပြီ။ အစ္စရေးနိုင်ငံသို့ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားပြီ ဖြစ်ပေသည်။

ပြောရဦးမည်။ တပ်မတော်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ လက်ဝဲရံ၊ လက်ယာရံ စစ်အရာရှိ နှစ်ဦးအဖြစ် ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့ နှစ်ဦးရှိနေခဲ့ရာ ဗိုလ်မှူးချုပ်အောင်ကြီးမှာ တော်လှန်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌအဖြစ် ၁၉၆၃ ခုနှစ်ကျမှသာ ဖယ်ရှင်းခံခဲ့၍ ဗိုလ်မှူးချုပ်မောင်မောင်မှာ ၁၉၆၀ ပြည့်နှစ်ကပင် ဖယ်ရှင်းခံခဲ့ရသည်။ ဤတွင် ဘာကြောင့် ဗိုလ်မှူးချုပ်မောင်မောင်တစ်ယောက် ၁၉၆၀ ပြည့်နှစ်ကပင် စောစောစီးစီး ဖယ်ရှင်းခံခဲ့ရသလဲ၊ မေးခွန်းထုတ်ဖွယ်ရှိသည်။ ထားပါတော့။ သည်မြဲဖဆပလအဖွဲ့ကို အားပေးသမှုပြု၍ ဗိုလ်ချုပ်မောင်မောင်ကို ရှင်းခဲ့သည်ပဲထားဦး၊ သူ့အပေါ် မကျေမနပ်ဖွယ် တခြားဘာများ ရှိသေးသလဲဟု မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လျှင် **မောင်းတော်လုံစဉ်က ကျောင်းတော်က ရန်စတစ်ခု**ကို အားလုံး သတိပြုမိထားတာ ရှိပေသည်။ ယင်းမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ် မောင်မောင်တို့နှစ်ဦး အမေရိကပြည်ထောင်စုသို့ ခရီးထွက်ခဲ့စဉ်က ဖြစ်ရပ် ကို ပြောဆိုရပေမည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု တပ်မတော် အရာရှိကြီးများ အကြားတွင် ဗိုလ်ချုပ်ကြီးနေဝင်းမှာ ထင်ရှားခြင်းမရှိဘဲ ဗိုလ်ချုပ်မောင်မောင် ကသာ လူသိများ ထင်ရှားနေခြင်းကို ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တွေ့ကြုံခဲ့ သည်။ သူတို့နှစ်ဦး အမေရိကပြည်ထောင်စု ရောက်နေကြစဉ် တစ်နေ့တွင် အမေရိကန်တပ်မတော်စစ်ဌာနချုပ် 'ပင်တဂွန်'က ဗိုလ်ချုပ်ကြီးနေဝင်းကိုပါ ဖိတ်ကြား၍ သူတို့နှစ်ဦး ရောက်သွားကြသည်။ ပင်တဂွန်စစ်ဌာနချုပ်တွင် ထင်ရှားသော အမေရိကန်စစ်ဗိုလ်ချုပ်ကြီးများရှေ့၌ ဗိုလ်ချုပ်မောင်မောင် ၏ ပွဲဖြစ်နေသည်။ ဗိုလ်ချုပ်မောင်မောင်ကို ဝိုင်းဝန်း နှုတ်ဆက်ချီးမြှောက် စကားများ ပြောကြ၊ ရယ်ကြ၊ မောကြ ဖက်လှဲတကင်း နှုတ်ဆက်ညှော်ခံ သည်ကို ဗိုလ်ချုပ်မောင်မောင်ထက် ရာထူးနှစ်ဆင့်မြင့်သော တပ်မတော် (ထိပ်သီး) က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း လက်ငင်းလက်တွေ့ ကြုံခဲ့ရ၍ မျက်စိမလှ မျက်နှာမလှ ဖြစ်ခဲ့ဖူးသည်။

ဖြစ်ပုံက အမေရိကန်တပ်မတော်အရာရှိကြီးများ လောက၌ ဗိုလ်ချုပ် ကြီးနေဝင်းက မထင်ရှားဘဲ ဗိုလ်ချုပ်မောင်မောင်က မျက်နှာပွင့်နေသည်ကို ဗိုလ်ချုပ်နေဝင်း လက်ငင်း လက်တွေ့ ကြုံခဲ့ရပြီး စိတ်ထိခိုက်ခဲ့သည်ဟု သိ ရသည်။

ထိုစဉ်က တပ်မတော်ထောက်လှမ်းရေးအဖွဲ့အစည်းကို ပြန်လည် ဖွဲ့စည်းရန် အမေရိကန်ပြည်ထောင်စု ပင်တဂွန်စစ်ဌာနချုပ်အစီအစဉ်ဖြင့် အမေ ရိကန်ပိုင် ဂွမ်ကျွန်းတွင် မြန်မာ့တပ်မတော်မှ ဗိုလ်မှူးလေးမောင်၊ ဗိုလ်မှူး တင်ဦး(လံဘားကြီး) အပါအဝင် တပ်မတော်အရာရှိများကို သင်တန်းပေးရန် စီစဉ်ကြခြင်းဖြစ်သည်။ ထိုစဉ်က အမေရိကန် စစ်အရာရှိများ အလယ်တွင် ဗိုလ်မှူးချုပ်မောင်မောင် မျက်နှာဝင့်ထည်ခဲ့ခြင်းအပေါ် ဗိုလ်ချုပ် ကြီးနေဝင်းက အငြိုးအတေးထားခဲ့၍ နောက်ပိုင်းတွင် ရွေးကောက်ပွဲ



ဘက်လိုက်မှုနှင့် ရောပြီး တပ်ကဖြုတ်၊ သံအမတ် လုပ်စေခဲ့ခြင်းဖြစ်သည် ဟု ပြောကြဆိုကြလေသည်။

သည်တော့ ကျွန်တော် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ဒုတိယ တိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့ခြင်းကို ပြောပြရဦးမည်။ အမှန်က စစ်ဌာန ချုပ်၏ ဖွဲ့စည်းပုံတွင် တိုင်းမှူးမှာ ဗိုလ်မှူးချုပ်ရာထူးဖြစ်သည်။ သို့သော် ထိုရာထူးကို မပေးဘဲ ဗိုလ်မှူးကြီးရာထူးသာ ပေးထားသည်။ ကျွန်တော့် ကိုပဲ ကြည့်ပါတော့။ ကျွန်တော် ဒုတိယဗိုလ်မှူးကြီးဖြစ်သည်မှာ အသက် ၂၆ နှစ်။ ၆ နှစ်ခန့် ထိုရာထူးတွင် တာဝန်ထမ်းဆောင်ရပြီး အသက် ၃၃ ကျမှ ဗိုလ်မှူးကြီး ရာထူးရရှိခဲ့သည်။ ပြည်မြို့တွင် တပ်မမှူးလုပ်ရစဉ် ကလည်း ဒုတိယဗိုလ်မှူးကြီး၊ ယခု ဒုတိယတိုင်းမှူးဘဝတွင်လည်း ဒုတိယ ဗိုလ်မှူးကြီးပင်ဖြစ်သည်။

ကျွန်တော်က သံလွင်မြစ် အနောက်ဘက်ခြမ်းကို တာဝန်ယူရသည်။ သံလွင်မြစ်အရှေ့ဘက်ခြမ်းကတော့ ဒုတိယတိုင်းမှူး ဒုတိယဗိုလ်မှူးကြီး မြသောင်းက တာဝန်ယူရသည်။ ထိုစဉ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဗိုလ်မှူးကြီး သောင်းကြည်၊ ဒုတိယတိုင်းမှူးက ကျွန်တော် ဒုတိယဗိုလ်မှူးကြီး တင်ဦးနှင့် Chief of Staff တိုင်းစစ်ဦးမှူး ဒုတိယ ဗိုလ်မှူးကြီး လှဘုန်း၊ (နောင်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံခြားရေးဝန်ကြီး) နောက်ပြီးတော့ ကာနယ်ဂျီအက်စ် Colonal GS. တာဝန်နှင့် တစ်ဦး။ လိုအပ်လျှင် ယင်းပုဂ္ဂိုလ်ကို ဒုတိယတိုင်းမှူး တာဝန်ထမ်းဆောင်စေသည်။

ထိုစဉ်က သံလွင်မြစ် အရှေ့ဘက်ခြမ်း တာဝန်ယူရသော ဒုတိယ တိုင်းမှူး ဒုတိယဗိုလ်မှူးကြီးမြသောင်းက သံဖြူဇရပ်၊ ရေးမြို့နှင့် ကျိုက္ကမိ ခရိုင်အထိ အားလုံးတာဝန်ယူရသည်။ ကျွန်တော်က ဒုတိယတိုင်းမှူးတာ ဝန်နှင့် မုတ္တမ၊ သထုံနှင့် ကျိုက်ထိုအထိ တာဝန်ယူရသည်။ ယခု သံလွင်မြစ် အနောက်ဘက်ခြမ်း ကျွန်တော်တာဝန်ယူရသော ဒေသမှာ ကေအင်ဒီအိုလင်း ထင်တို့ လှုပ်ရှားသောဒေသဖြစ်၍ အလွန်ဆိုးဆိုးဝါးဝါး ကြုံရသည်။ လင်းထင် နှင့်အတူ မောင်ဝင်းတို့၊ ထရူးမင်းတို့ နာမည်ဆိုးနှင့် ကျော်ကြားသောနေရာ။ လင်းထင်ကို မြန်မာနိုင်ငံပြည်သူများ သိပြီးသား ဖြစ်ကြပေမည်။ အလင်း ဝင်ပြီး မယ်ဇမာတွဲ့ရ ရုပ်ရှင်မင်းသမီးချော နော်လွီဗာဘင်ဆင်နှင့် လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြောင်း သတင်းစာများ၌ ဟိုးလေးတကျော် သတင်းပါရှိခဲ့၏။ နောက်ဗိုလ်လင်းထင် တောပြန်ခိုသည်။ ရုပ်ရှင်မင်းသမီးချော နော်လှိုဇာဘင်ဆင်လည်း အမေရိကပြည်ထောင်စုသို့ ရှောင်ပြေးသည်။ လင်းထင်သည် တောတွင်းတစ်နေရာ၌ ပြည်ထောင်စုအစိုးရတပ်နှင့် တိုက်ပွဲဖြစ်၍ ကျဆုံးသွားလေသည်။

သံလွင်မြစ် အရှေ့ဘက်ကမ်းဒေသတွင် ကေအင်ဒီအို တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် တပ်မတော်တို့ နေ့တိုင်းလိုလို ထိတွေ့ပစ်ခတ်တိုက်ပွဲများ ဖြစ်လျက်ရှိပေသည်။ သို့သော် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ရသည့်တိုက်ပွဲများတော့မဟုတ်။ တွေ့လျှင်ပစ်၊ ထွက်ပြေး၊ အဝေးရောက်မှ တစ်ချက်နှစ်ချက်သုံးလေးချက်ပစ်ကာ တပ်မတော်စစ်ကြောင်းကို ကောင်းကောင်းရင်ဆိုင်ဝံ့ခြင်း မရှိခဲ့ပေ။

ထူးခြားသည်မှာ ရန်သူက လက်နက်ခဲယမ်း ပစ္စည်းပစ္စယ အလွန်စုံသည်။ ဝိုင်ယာလက်စက် အထက်တန်းကျကျ သုံးနိုင်သည်။ ထို့ကြောင့် ရန်သူတွေ ဘယ်နေရာမှာ ရှိသည်ကို ကျွန်တော်တို့ကလည်း ကျွန်တော်တို့စက်ဖြင့် ရှာဖွေစူးစမ်းထောက်လှမ်းရ၏။ သူတို့အသံလွှင့်ချက်ကို မိမိစက်ဖြင့်ဖမ်းယူစစ်ဆေး၍ သူတို့ပြေးလွှားရှောင်ပုန်း နေရာယူထားသည့် နေရာကိုအသံလှိုင်းကတစ်ဆင့် သိရှိနိုင်ပေသည်။ ထိုအခါ သူတို့ရှိမည့်နေရာသို့ ချီတက်ရှာဖွေပြီး တွေ့လျှင်တိုက်ပွဲကလေးဖြစ်၊ သူတို့က ပြန်လည်ပစ်ခတ်ထွက်ပြေး ရှောင်ခွာကြသည်သာ။

ကျွန်တော်တို့ရော ကေအင်ဒီအိုတွေပါ သုံးသည့် အသံဖမ်း၊ အသံလွှင့်စက်များမှာ ကနေဒါနိုင်ငံလုပ် စက်များဖြစ်ပြီး အမေရိကန် စစ်တပ်ကပင် ကနေဒါနိုင်ငံလုပ် ဝိုင်ယာလက်စက်များကို အသုံးပြုနေကြရသည်။ ကနေဒါနိုင်ငံလုပ် ဝိုင်ယာလက်စက်များမှာ နိုင်ငံတကာ တပ်မတော်များက နှစ်ခြိုက်စွာ ဝယ်ယူသုံးစွဲနေသော စက်များဖြစ်ပေသည်။

ထိုစဉ်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေသို့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း သုံးကြိမ်ခန့် ရောက်လာသည်ကို တွေ့ဖူးခဲ့သည်။ ကျွန်တော်တို့ စစ်ဆင်ရေးလည်း တဖြည်းဖြည်း အောင်မြင်လာသည်။ ရန်သူတပ် ထုထည်နှင့် သွားလာနေထိုင်ခြင်း မပြုနိုင်ဘဲ ရံဖန်ရံခါသာ



တပ်စုကလေး တစ်စုနှစ်စု၊ တစ်ရွာနှင့်တစ်ရွာ လှို့ဝှက်ကူးပြီး အခွန်ကောက်၊ ဆက်ကြေးကောက် လုပ်ကြလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် စစ်ဆင်ရေးများ အဆင်ပြေလာခဲ့ကြပေသည်။

ပြောရဦးမည်။ ထိုစဉ်က တပ်မတော် စစ်ဆင်ရေးတွင် ပေါ်တာခေါ် စစ်ဆင်ရေး သယ်ယူပို့ဆောင်ရန် လုပ်သားပြဿနာ မရှိခဲ့ချေ။ ထိုစဉ်က ဒီမိုကရေစီ ထွန်းကားသော နိုင်ငံမှာ တီယူစီဘီခေါ် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်ရှိသည်။ တီယူစီဘီခေါ် အလုပ်သမားအစည်းအရုံးတွေက နယ်တွေမှာလည်း ရှိနေသဖြင့် တပ်မတော်အတွက် အလုပ်သမား၊ အထမ်းသမား လိုချင်လျှင် နယ်က အလုပ်သမား အစည်းအရုံးများအဖွဲ့ချုပ် TUCB ကို အကြောင်းကြားတောင်းဆို၊ ကျသင့်သော လုပ်ခကို ထုတ်ပေးလျှင် ပြဿနာမရှိ၊ အဆင်ချောလေ၏။

အလုပ်သမားအစည်းအရုံးက ပေးလာသော အလုပ်သမားများကိုလည်း ဘယ်အဆင့်မှာ လုပ်သား ဘယ်လောက်ယူမယ်၊ နောက်နေ့မှာ လူလဲမယ်ဆိုပြီး စည်းကမ်းသတ်မှတ်ချက်ပေးသည်။ အလုပ်သမားတွေကို တစ်နေ့လျှင် ရိက္ခာ ၆ မျိုး ထုတ်ပေးသည်။ ထို့ပြင် လုပ်အားခ တစ်ရက်ကို ၃ ကျပ် ၁၅ ပြား ထုတ်ပေးရသည်။ ကျွန်တော်တို့ တိုင်းစစ်ဌာနချုပ်က ပေါ်တာခေါ် အထမ်းသမား လုပ်သားကို ခေါ်ပေးရန် မလိုပေ။ ဝင်လာသောတပ်တွေက သူတို့ကိုယ်တိုင် အလုပ်သမားတွေကို ညှိနှိုင်းပြောဆိုပြီး ခေါ်လာကြပေသည်။ စစ်ဆင်ရေးထွက်လျှင် တစ်ခေါက် တစ်ခေါက် ၄ လကြာသည်။ စစ်ဆင်ရေးထွက်ပြီး ပြန်လာကြလျှင် ပေါ်တာလုပ်သားတွေမှာ ပျော်ရွှင်နေကြသည်။ နေ့စားလခကလည်း တစ်ပြားမျှ သုံးစရာမလို၍ ၄ လစာ စုမိဆောင်းမိပါလာသည်။ ထို့ကြောင့် ရှေ့တန်းကပြန်လာသော ပေါ်တာလုပ်သား အထမ်းသမားများက နောက်ထပ်ထွက်မည့် ပေါ်တာလုပ်သား အထမ်းသမားတွေကို ပျူပျူငှာငှာ နှုတ်ဆက်ရင်း ''ဟေ့၊ သူငယ်ချင်းတို့၊ မင်းတို့ ပါလာကြသလား၊ ငါတို့တော့ တစ်ပတ်ပြန်လာကြပြီ၊ ငါတို့ အိမ်သားတွေအတွက် လက်ဆောင်ပစ္စည်းတွေ ပါလာကြတယ်ကွ'' စသည်ဖြင့်ပင် ပျော်ရွှင်စွာ ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ သူတို့ ပေါ်တာလုပ်သား

www.burmeseclassic.com

www.burmeseclassic.com



တွေ နှုတ်ဆက်ပြောဆိုကြသည်ကိုကြည့်ရင်း နှလုံးသားရင်တွင်း ပျော်ရွှင်ခြင်း ဖြစ်မိ၏။ ယခုခေတ် ပေါ်တာလုပ်သားတွေလို ကျေးရွာအလိုက် လိုက်ချင်ချင်၊ မလိုက်ချင်ချင် သူကြီးအာဏာဖြင့် ခေါ်ယူကာပြော၊ အဆင်မသင့်လျှင် ပေါ်တာအထမ်းသမားတို့ကို ပါးရိုက်နားရိုက်၊ မသေရုံကျွေး၊ လခငွေလည်း တစ်ပြားမှမရ၊ ဒုက္ခကြီးသည်မျိုး ဟိုတုန်းက လုံးဝမရှိခဲ့ပေ။

ပြောရန်ရှိသည်မှာ ပေါ်တာလုပ်သားတို့ နေ့စဉ်ရရှိသော ဆန်၊ ဆီ၊ ပဲ၊ ငရုတ်၊ ကြက်သွန် စသည့် ရိက္ခာ ၆ မျိုးကို တပ်မတော်သားတို့နှင့်စု ပေါင်းချက်ပြုတ်ပြီး တစ်ဝိုင်းတည်း ထိုင်စားရရာ လောက်သည့်အပြင် ပိုလျှံသည်ပင် ရှိသေး၏။ ပေါ်တာ အထမ်းသမားတို့၏ နေ့စား၊ လရှင်းငွေကိုလည်း သူတို့ဝယ်ယူလိုသော ပစ္စည်းရှိလျှင် ကြိုတင်ထုတ်ယူပြီး စာရင်းမှတ်ကာ တပ်ရင်းပြန်ရောက်လျှင် ပိုလျှံငွေကို အတိအကျ ပြန်ထုတ်ပေးရပေသည်။

ကျွန်တော်တို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် တာဝန်ထမ်းနေစဉ် ဗိုလ်ချုပ်ကြီးနေဝင်း သုံးခေါက်မျှ စစ်ဆေးမေးမြန်းလှေလာရန် ရောက်ရှိခဲ့ရာ နောက်ဆုံးအခေါက်တွင် တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလွင် (နှုတ်ခမ်းမွေးကြီး)က ကျွန်တော့်ကို အနားကပ်ပြီး တိုးတိုးပြောသွား၏။ "ဗိုလ်တင်ဦး၊ မင်းကိုတော့ ဗိုလ်ချုပ်က သိပ်သဘောကျသွားပြီကွ" သည်တုန်းကတော့ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ ဆက်ဆံရေးမှာ သားအဖလိုပင် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မေတ္တာနှောင်ဖွဲ့မှု ကြီးလှပေသည်။

စကားမစပ် ပြောရဦးမည်။ ဗိုလ်မှူးကြီးထွန်းစိန် မြို့တော်ဝန်ဖြစ်စဉ်က ကျွန်တော့်ကို ပါရမီရိပ်သာ၌ မြေကွက်တစ်ကွက် ချပေးခဲ့သည်။ ကျွန်တော်ကလည်း အလုပ်ကများ မအားမလပ်နှင့်၊ ရထားသော မြေကွက် တောအုပ်ကို သွားမရှင်းနိုင်။ ခြံကလေးမှ မခတ်ဖြစ်။ နောက်ပိုင်း ကျွန်တော်တို့မိသားစု အင်းလျားလမ်းမှာ ယခုအိမ်နေရာ မြေကွက်ကလေး ဝယ်ယူရရှိသောအခါ ဗိုလ်ထွန်းစိန် ပေးထားခဲ့သော ပါရမီ မြေကွက်ကို မြို့နီစီပါယ်အဖွဲ့သို့ တရားဝင်ပြန်အပ်လိုက်ပေသည်။ ကျွန်တော့်စိတ်ထဲမှာ စစ်ဗိုလ်တချို့ မြေကွက်များ မရရအောင်ယူ၊ မတန်တဆဈေးမြှင့်၊ တင်ရောင်း၊



စီးပွားရှာသည့်ကိစ္စမျိုးကို ရွံမုန်းလှ၍ ဖြစ်ပေသည်။ ယခု ကျွန်တော်တို့နေသည့်အိမ်မှာ ကျွန်တော့်ဇနီးသည်၏ မိခင်က မြေကွက်ဝယ်ယူပြီး အမွေပေးသွားသော မြေကွက်ဖြစ်ပေသည်။ ဟိုတုန်းက တန်ဖိုးဖြင့် ငွေကျပ် ၆ သောင်း ပေးရသည်။

သည်နေရာက မြေကွက်မှာ နာမည်ကြီးရှေ့နေကြီး ဦးချင်ပို၏ဖခင်ဦးချိန်ဘိုးပိုင်၍ သူက မြေကွက်များကို စိတ်၍ ပိုင်း၍ ထိုခေတ်က တန်ရာတန်ဖိုးနှင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ ဦးချိန်ဘိုးပိုင် မြေကွက်တွေက ယခုထက်ထိ တက်လာသော ကာလပေါက်ဈေးဖြင့် မြေကွက်တွေ ပိုင်း၍ပိုင်း၍ ရောင်းချနေဆဲပင်။ ဦးချိန်ဘိုး၏ အဆက်အနွယ် မြေပိုင်ရှင်တွေက ယခုထက်ထိ အမေရိက ပြည်ထောင်စုမှာ ရှိနေကြသေးသည်။

မြေကွက်ကိစ္စ ခေတ္တရပ်ပြီး ၁၉၆၁-၁၉၆၂ ခုနှစ်ကာလများကို ပြောကြားချင်သေးသည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း စစ်အာဏာသိမ်းစဉ်က ကျွန်တော်တို့၏ ကြိုတင်ဆောင်ရွက်ရသော အခြေအနေများ စိတ်ဝင်စားဖွယ်ရှိခဲ့သည်။ ၁၉၆၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကရင်လက်နက်ကိုင်များနှင့် တပ်မတော်အကြား တိုက်ပွဲများကလည်း တရစပ် ဖြစ်နေခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)
## ရုပ်ရှင်မင်းသားစတိုင် ကရင်သူပုန် ဗိုလ်လင်းထင်

ရှေ့ပိုင်းတွင် KNDO ကရင်လက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင် ဗိုလ်လင်းထင်အကြောင်း အနည်းအကျဉ်း ပြောခဲ့ပြီးပြီ။ လင်းထင်က ရုပ်ဖြောင့်ဖြောင့်၊ စမတ်ကျကျ ရုပ်ရှင်မင်းသားရုပ်ရည်မျိုး။ လင်းထင်၏ မူလ နာမည်မှာ စောလင်တင်ပိုး။ သူက အင်းစိန်၊ မီးရထားဌာနမှာ မူလက ဂတ်ဗိုလ်အဆင့် အမှုထမ်းဖြစ်ခဲ့ဖူးသည်။ အင်္ဂလိပ်ဘာသာဖြင့်ဆိုလျှင် လင်းထင် နာမည်ရင်း စောလင်တင်ပိုးကို ဤသို့ စာလုံးပေါင်းသည်။ Saw Lyn Tin Po.

ဤတွင် စောလင်တင်ပိုးမှသည် လင်းထင်ဟု ခေါ်ဝေါ်လာကြသည်။ အင်းစိန်ကို KNDO သိမ်းစဉ် ၁၉၄၉-၅၀တွင် လင်းထင်သည် သာမန် တပ်သားကလေးတစ်ဦးအဖြစ် ရှိသေးသည်။ မူလ KNDO တို့ အင်းစိန်က ဆုတ်ခွာသွားရစဉ်မှာ လင်းထင် လိုက်ပါသွားသည်။ နောက်တော့ အင်္ဂလိပ် စာတတ်၊ အတန်းပညာ အတော်အသင့်ရှိသော လင်းထင်၊ ရာထူးတွေ အဆင့်ဆင့်တက်ကာ စောထရူးမင်း၊ ရွှေဆိုင်းနှင့် လင်းထင်တို့ ကရင့်တပ်မတော် တပ်မဟာမှူးတွေ အသီးသီး ဖြစ်လာကြသည်။ တပ်မဟာ ၁ တပ်မှူးက လင်းတင်၊ တပ်မဟာ ၂ တပ်မှူးက စောရွှေဆိုင်းက မကျန်းမမာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ကွယ်လွန်သွားရာ သူ့မိသားစုများကို ဆိုက်ကော်လော်ဂျီကယ် ဝါးဖဲယားခေါ် တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေးဌာန က ကြည့်ရှုထောက်ပံ့ထား၍ အဆင်ပြေနေသည်။ တပ်မဟာ ၃ တပ်မှူး စောထရူးမင်းက ကရင်ပြည်နယ် ဖာပွန်နှင့် သံတောင်ဘက်မှာ တာဝန်ကျသည်။

ဗိုလ်လင်းထင်က ၁၉၆၃ ခုနှစ်တွင် မှဆိုးကော့ကဆာ ဦးစီးသော ကရင်တိုင်းရင်းသား စောဟန်တာသာမွေး လက်နက်ကိုင်အဖွဲ့နှင့်အတူ အလင်းဝင်လာသည်။ စောဟန်တာသာမွေးနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ တွေ့ဆုံညှိနှိုင်း၍ သူတို့အလင်းဝင် ကရင်လက်နက်ကိုင်အဖွဲ့အား စီးပွားရေး၊ လူမှုရေး၊ ဘဝရပ်တည်မှု ထူထောင်ပေးခဲ့ရာ ဗိုလ်လင်းထင်က "မယ်မဗာနော်လှီဓာဘင်ဆင်"ကို နှစ်သက်သည်ဆို၍ နိုင်ငံတော်အစိုးရကပင် ကြီးကြပ်လက်ထပ်ပေးခဲ့သည်။ ဗိုလ်လင်းထင် ခြေငြိမ်ပြီး တောတွင်းပြန်မသွားအောင် လုပ်ဆောင်သည့် လုပ်ငန်းပင်။

ပြောရဦးမည်။ ဗိုလ်လင်းထင် အလင်းမဝင်စဉ်က သူ့ကို အရှင်ဖမ်းမိရန် တပ်မတော်တပ်ရင်းတပ်ဖွဲ့များက အကြိမ်ကြိမ်အခါခါ ကြိုးပမ်းသမှုပြုခဲ့ဖူးသည်။

တစ်ကြိမ်တွင် ဝင်းဖုန်းရွာဘက်၌ မြစ်ရေလျှံနေခိုက် ဗိုလ်လင်းထင်တပ် ခရစ်ယာန်သီချင်းတွေ သီဆိုကခုန်နေစဉ် သူ့ကိုဖမ်းမိရန် လိုက်လံဝိုင်းဝန်းခဲ့ဖူးသည်။

"ဗိုလ်လင်းထင် ငွေနှင့်မိန်းမကို ဝါသနာကြီးသည်၊ ဗိုလ်လင်းထင်ကို ဘယ်ကျေးရွာအုပ်စုက ငွေဘယ်လောက် ဆက်ကြေးပေးလိုက်ရပြီ"

ဆိုသော သတင်းကို စောင့်ဆိုင်းမေးမြန်းနားထောင်ရသည်။ ဝိုင်ယာလက်စက်နှင့် သူတို့လှုပ်ရှားမှုကို ကြားနိုင်ပြီး လိုက်၍ သုံးလေးငါးခါ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်သည်။ ဝိုင်ယာလက်စက် Finder ရှာဖွေကိရိယာနှင့် နားဆင်၊ နောက်ကလိုက်၊ သူတို့အချင်းချင်း ပို့သောသတင်းများကို ဖြတ်ထောက်၊ သူတို့ ဘယ်နေရာတွင်ရှိသည်လဲ၊ စုံစမ်းထောက်လှမ်းရ၏။ သူတို့ကို နောက်ကလိုက်နေလျှင် တစ်သက်လုံး မမိနိုင်။ မမိသည့်အပြင် ချုံခိုတိုက်ခိုက်မှု အန္တရာယ်ပင် ကြီးသေး၏။ ဝိုင်ယာလက်စက်ဖြင့် စုံစမ်းဖမ်းယူ၍ နောက်က လိုက်တိုက်လျှင် တွေ့ဆုံတိုက်ပွဲ ဖြစ်တော့သည်။



ထို့ကြောင့် တပ်ကို တစ်နေရာရာ၌ အချိန်ကြာကြာ နေရာယူထိုင်ခိုင်းထားရ၏။ ခြေမြန်တပ်ရင်း ၁၊ တပ်ရင်း ၂၊ တပ်ရင်း ၃၊ တပ်ရင်း ၄ က တပ်ခွဲတွေကို အလှည့်နှင့် နေရာတစ်ခုတည်းမှာ ထိုင်နေစေသည်။ ထိုနေရာ၌ ဝိုင်ယာလက်စက်ကို ဖွင့်ထားပြီးမှ ရန်သူ့အသွားအလာကို စူးစမ်း ထောက်လှမ်းရသည်။

ထိုအချိန်တွင် ရန်သူ့ဝိုင်ယာလက်စက်ကို လှမ်း၍အချက်ပြ မေးရ၏။ "Where are you now" ယခု မင်းဘယ်နေရာမှာလဲ၊ ထိုအခါ ရန်သူ့ဝိုင်ယာလက်စက်က L အယ်လ် ဘယ်လောက်မှာ ရှိသည်၊ အဲသည့် အယ်လ်အမှတ်အသားက ပြသောနေရာ ကျွန်တော်တို့က နောက်မှလိုက်သည်။

ဗိုလ်လင်းထင်က သူနှင့်မကွာ ဝိုင်ယာလက်စက် ပါလာသဖြင့် ထိုဝိုင်ယာလက်စက် ညွှန်သည့်လမ်းကို တန်းတန်းမတ်မတ် လိုက်ရသည်။ ထိုအချိန်က ဗိုလ်လင်းထင်မှာ စန်းကလည်း ပွင့်ပါမှ။ မိန်းမသုံးလေးယောက် ယူထားသည်ဟု သတင်းရ၏။ ဗိုလ်လင်းထင်၏ မိန်းမတစ်ဦးနာမည်က မဘောဘီတဲ့။ သဲအိမ်ရွာမှာလည်း အခြား မိန်းမတစ်ယောက်ရှိသည်။ ဝင်းမောင်းရွာမှာလည်း တစ်ယောက်ရှိသေးသည်။ ဒုံသမီချောင်းဖျားက ရွာမှာလည်း လင်းထင် ယူထားသည့် မိန်းမတစ်ယောက်ရှိသည်။ အီရယ်ရွာမှာလည်း ရှိသည်။

ကျွန်တော်တို့တပ်မတော်မှ စိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် ဗုဒ္ဓဘာသာ ကရင်တိုင်းရင်းသားများ ပါဝင်လာသည်။ သူတို့က ကျွန်တော်တို့နှင့် အတူတူ အလုပ်လုပ်ကြသည်။ သူတို့ထံက အရေးကြီးသော အချက်အလက် သတင်းများ ရရှိသည်။ ဥပမာ- ဝင်းမောင်းရွာမှာ ရှိနေသော လင်းထင် ယူထားသည့် မိန်းမပို ရွာမှာမရှိဘဲ ပျောက်သွားလျှင် ဤနေရာဒေသနှင့် အနီးတစ်ဝိုက်၌ ဗိုလ်လင်းထင် ရောက်နေပြီ။ သူ့မိန်းမယားကို ခေါ်ယူတွေ့ဆုံနေပြီဟု သိကြရသည်။ ထိုအမျိုးသမီးသည် လင်းထင်ထံမှ ငွေကြေးထောက်ပံ့မှု သွားယူ၍ လင်းထင်နှင့် တစ်ည နှစ်ည သုံးလေးည အတူ အိပ်စက်နေပြီဟု အတိအကျ သိရတော့၏။

မပြောသင့်သော စကားတစ်ခွန်းကို အစွန်းလွတ်အောင် ပြောရမည်ဆိုလျှင် ဗိုလ်လင်းထင်သည် မြန်မာ့ရုပ်ရှင်လောကမှ နာမည်မဖော်ပြလို

www.burmeseclassic.com

www.burmeseclassic.com



သော ရုပ်ရှင်မင်းသမီး ရုပ်ဖြောင့်ဖြောင့် ကိုယ်လုံးတောင့်တောင့်တင်းတင်း၊ နာမည်ကျော် မင်းသမီးတစ်ဦးနှင့်လည်း အဆက်အသွယ်ရှိနေသည်။ ရန်ကုန်မြို့တွင် အထင်ကရ နေထိုင်သော ထိုမင်းသမီး ခေတ္တခဏ အိမ်တွင်မရှိဘဲ ပျောက်သွားလျှင် တခြားမှာ မရှာနှင့်တော့။ ဗိုလ်လင်းထင်ထံ အလည်အပတ် ရောက်နေပြီသာဟု ထောက်လှမ်းရေးသတင်းများက ဖော်ပြသည်။ ဗိုလ်လင်းထင်ထံက ထောက်ပံ့သော ငွေကြေးကို ထိုရုပ်ရှင်မင်းသမီးချောသည် ရန်ကုန်မြို့ရှိ ဘုရားစေတီတော်ကြီးတစ်ဆူတွင် အချိန်းအချက်ပြု၍ လက်ခံယူလေ့ရှိသည်။

ပြောရဦးမည်။ ဗိုလ်လင်းထင်တို့ တန်ခိုးထွား ဘုန်းကြီးခဲ့စဉ်က ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို သူတို့ ကရင်လက်နက်ကိုင်တပ်က အပြတ်သိမ်းယူထားသည်။ ကျိုက်ထီးရိုးဘုရားကို ကျွန်တော်တို့တပ်မတော်က မတက်နိုင်။ တပ်မတော်ကတက်လျှင် ပြင်းထန်သော တိုက်ပွဲဖြစ်တော့၏။ ကျွန်တော်တို့ကလည်း ကျိုက်ထီးရိုးဘုရားဝန်းကျင်မှာ ရှိသော သာသနိကအဆောက်အအုံများ ကျည်ဆန်ထိပါးပြိုပျက်မည်ကို စိုးရိမ်သောကြောင့် ကျိုက်ထီးရိုးစေတီတော်ကို ကင်းလွတ်နယ်မြေ လုပ်ပေးထားရ၏။ တိုက်လျှင်တော့ သည်ရန်သူတွေ ဘာခံနိုင်မည်လဲ၊ ဆုတ်ခွာရမည်ပင်။ ပုံစံက ဘာနှင့်တူသည်လဲဆိုလျှင် စလေဆရာကြီး ဦးပုည ဇမ္ဗူဘာစာထဲကလို ""ဘုရားလိုဏ်ခေါင်း၊ အောင်း၍မာန်သွေး၊ ယောင်သည့်ခွေးကဲ့သို့"" ဖြစ်နေ၏။ ရှားရှားပါးပါး ထူးထူးခြားခြား ကျိုက်ထီးရိုးဘုရားအထိနာမည် စိုးရိမ်သောကြောင့် ဝေါင်ဝေါင်ရှေး၍ ဝေးဝေးရှောင်ကာ လင်းထင်တို့ ကရင် လက်နက်ကိုင်တပ်ကို ကျိုက်ထီးရိုးစေတီတွင် ဘေးမဲ့ပေးထားရတော့၏။

ဗိုလ်လင်းထင်တို့တပ်က ခရစ်စမတ်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်တွေကို ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်ပေါ်မှာ အကြီးအကျယ် ကျင်းပလေ့ရှိမြဲပင်။

တစ်ကြိမ်က ဗိုလ်လင်းထင် တစ်ယောက် ဝင်းမောင်းရွာမှာ ရေတွေလျှံနေစဉ် သူ့မိန်းမငယ်ကလေးနှင့် တွေ့ပြီး အကြီးအကျယ် ခရစ်ယာန်သီချင်းဆိုပွဲ ကျင်းပနေသည်။ ဝိုင်ယာလက်သတင်းများအရ ကျွန်တော်တို့



တပ်မတော်က ဝင်ရောက်ဝိုင်းဝန်းတိုက်ခိုက်ရာ ရန်သူတော်တော်များများကို အရှင်ဖမ်းမိသည်။ သို့သော် အလွန်လျင်သော ဗိုလ်လင်းထင်ကို မမိဘဲ လွတ်သွားသည်။

နောင်အခါ ဗိုလ်လင်းထင် အလင်းဝင်လာ၍ ထိုဝင်းမောင်းတိုက်ပွဲအကြောင်း ကျွန်တော်က သတိတရ ပြန်ပြောသောအခါ သူက ဤသို့ပြော၏။

**ဗိုလ်လင်းထင်** ။ ""အဲဒီ ဝင်းမောင်းတိုက်ပွဲမှာ ဒီတစ်ခါတော့ အဖမ်းခံရတော့မှာပဲလို့ သိလိုက်တယ်၊ ဒါပေမဲ့ ပြေးရင်းလွှားရင်း ရေထဲက ဝါးဖောင်အောက်ကို ရောက်သွားတယ်၊ ဝါးနှစ်လုံးအကြား နှာခေါင်းပေါက်ကလေးဖော်ပြီး အသက်ရှူရေစိမ်နေလို့ လွတ်ခဲ့တာ""

ဗိုလ်လင်းထင်က ဒုံသမိချောင်းထဲက ဝါးဖောင်အောက်မှာ အသက်ဘေးက လွတ်မြောက်အောင် ပုန်းအောင်းခဲ့ရပုံ ကျွန်တော့်ထံပြောပြသည်မှာ စိတ်ဝင်စားစရာ ကောင်းပေသည်။

ဗိုလ်လင်းထင်ပြောသော ဒုံသမိချောင်းဆိုသည်မှာ သထုံမြို့က အရှေ့မြောက်ဘက်ကို ၁၂ မိုင်လောက်သွားလျှင် ဒုံသမိရွာရှိသည်။ ဒုံသမိရွာအနီးမှာ ဒုံသမိချောင်းရှိသည်။ ဒုံသမိချောင်းကို ချောင်းပွားတက်သွားလျှင် ဝင်းမောင်း၊ လေးခေ၊ ဂူဝရွာများရှိ၏။ မြောက်ဘက်ကျတော့ တာအုခိရွာဒီဘက်က ဆင်းသွားလျှင် ကျိုက်ထိုမြို့၊ ဘီးလင်း၊ ရင်းအုံ၊ နတ်ကြီး၊ ဝင်းမောင်း၊ မိချောင်းအိုင်၊ ပတိုးအရွာများမှသည် ဖာပွန်မြို့ ရောက်လေသည်။ ထိုဒေသများတွင် ဗိုလ်လင်းထင်တို့တပ်တွေ လှုပ်ရှားကြသည်မှာ ဆိုးရွားစွ။

နှစ်အတန်ကြာ။

ဗိုလ်လင်းထင် အလင်းဝင်လာသည်ကို သတိရသေး၏။ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးအစိုးရနှင့် ကေအင်ဒီအို၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီ ကွန်မြူနစ်ပါတီ၊ စောဟန်တာသာမွေးခေါ် နှတ်ခမ်းမွေးဖွားနှင့် ကရင်ခေါင်းဆောင်ကြီးတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ခဲ့ရာ တော်လှန်ရေးအစိုးရနှင့် စောဟန်တာသာမွေးတို့ အဖွဲ့တစ်ဖွဲ့တည်းသော သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်မှု ရရှိခဲ့ပြီး ငြိမ်းချမ်းရေး အောင်မြင်ခဲ့သည်။ စာေပာ်နတာသာမွေး၏ ကရင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ အလင်းဝင်လာစဉ် ဗိုလ်လင်းထင် ပါလာလေသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ရုပ်ရှင်မင်းသမီးချော မယ်ဇမာ နော်လှိုဇာဘင်ဆင်နှင့် ထင်ထင်ရှားရှား လက်ထပ်ထိမ်းမြားပြီး ဗိုလ်လင်းထင် အေးချမ်းစွာနေထိုင်စဉ် တောတွင်းသို့ ပြန်သွားရန် စီစဉ်သည်။ တပ်မတော်က သိရှိသဖြင့် သွားရောက်ဝိုင်းဝန်းရာ အပြန်အလှန် ပစ်ခတ်ကြရင်း လင်းထင် ကျဆုံးသွားရှာသည်။ ဗိုလ်လင်းထင် အစီအစဉ်က တောတွင်းပြန်သွားပြီး တောတွင်းကနေ၍ အမေရိကပြည်ထောင်စုသို့ သွားမည်။ သူ့ချစ်ဇနီး နော်လှိုဇာဘင်ဆင်နှင့် အမေရိကနိုင်ငံ၌ အေးချမ်းသာယာစွာ နေထိုင်ရန်ဖြစ်သည်။ သို့သော် သူ့ခမျာ တိုက်ပွဲကျသွားရှာ၏။ ယခုအခါ သူ့ဇနီး နော်လှိုဇာဘင်ဆင်မှာမူ တစ်ကိုယ်တည်း အမေရိကန်နိုင်ငံ၌ ကျန်းမာစွာ ရှိနေသည်ဟု မကြာမီက ဂျာနယ်တစ်စောင်၌ သတင်းဖတ်ရှုရ၏။ ယခု ဤစာစောင်ရေးနေစဉ် နော်လှိုဇာအင်ဆင် ကွယ်လွန်ပြီဖြစ်ကြောင်း သိရသည်။

ယခုမြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ သိမ်းစဉ်က အတွေ့အကြုံကို ပြောချင်သေးသည်။ ထိုစဉ်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးသောင်းကြည် ရန်ကုန်သို့ ဖေဖော်ဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် ခရီးထွက်သွားသည်။ ဖေဖော်ဝါရီလ မကုန်မီတွင် တိုင်းမှူးမော်လမြိုင်သို့ ပြန်ရောက်သည်။ တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည်က ကျွန်တော့်ကို သူ့ရုံးခန်းသို့ ခေါ်၍ နှစ်ကိုယ်ချင်း သတင်းပေး၏

““မကြာမီရက်အတွင်း တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူတော့မယ်””

ထိုသတင်းကို မပေါက်ကြားစေရန် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက မိမိအား (တိုင်းမှူးအား) အထူးသတိပေးလိုက်သည်။ တိုင်းမှူးက

““ဗိုလ်တင်ဦးလေးကို အသိပေးရမည်လား””

ဟု ပြန်မေးတော့ ဗိုလ်ချုပ်ကြီးနေဝင်းက



““ဒီကောင်လေးကိုတော့ စိတ်ချရပါတယ်၊ ပြောလို့ရပါတယ်၊ အသိပေးလိုက်ပါ””

ဟု ပြောကြောင်း သိရှိရသည်။

ထိုရက်မှာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခါနီး ၂၆ ရက်နေ့ဖြစ်သည်။ ကျွန်တော်၏ ဌာနချုပ်ကို သထုံမှာ ထားသည်။ ထိုစဉ်က စစ်ဆင်ရေးတွေမှာ များပြားလှစွာ၏။ ထိုအကြောင်းတွေမှာ ရှည်လျားထွေပြားပေများနေတော့မည်။ သံလွင်မြစ်အနောက်ဘက်ခြမ်း မုတ္တမမြို့မှ စတင်၍ ဇင်းကျိုက်၊ သဲအိမ်တို့အထိ တိုင်းရင်းသားလက်နက်ကိုင်တွေ တော်တော်ကလေး ဆိုးဆိုးရွားရွား လှုပ်ရှားနေကြသည်။ သို့သော် အမြဲတမ်းတော့ ဆိုးသည်မဟုတ်။ တစ်ခါတစ်ရံ အုပ်လိုက်၊ အဖွဲ့လိုက် ရွာစဉ်ဝင်ပြီး လှုပ်ရှားကြသည်။ ထို့ပြင် ထိုစဉ်က သထုံအရှေ့ ကဒုံကနီရွာဘက်ကို တပ်ပါမှ သွားဝံ့သည်။ သူတို့တပ်တွေ ထိုဒေသတွေမှာ အစဉ်ရှိနေကြသည်။ သည်ဘက်မှာ နောင်ကုလားရွာမှသည် သိမ်ဆိပ်ရွာအထိ ရန်သူ့တပ်တွေ အမြဲရှိနေသည်။ ကျိုက်ထို၊ ယခုတံတားဆောက်ထားသော ဇီးချောင်းအထိ ခွေးလှေးပျားတောနှံ့ဆိုသော မြန်မာစကားပုံအတိုင်း ရန်သူ့အသိုင်းအဝိုင်းက အနှံ့ရှိနေသည်။ ခြေကျင်တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့်၊ ရဟတ်ယာဉ်တစ်လှည့် သွားခဲ့ရသော ကျွန်တော့်ခရီးတွေမှာ များစွာမှများစွာ။

သည်မှာပင် ကျွန်တော် ကံကောင်းချင်သည်မှာ ကျိုက်ထီးရိုးဘုရားကို အကြိမ်ကြိမ် ဖူးခွင့်ရခြင်းပင်။ ပြောကြသည်မဟုတ်လား။ ကျိုက်ထီးရိုးဘုရားကို သုံးကြိမ်ရောက်ဖူးလျှင် ထောင်ကဲဖြစ်ပါသတဲ့။ ကျွန်တော် ကျိုက်ထီးရိုးဘုရားပေါ်သို့ တာဝန်ထမ်းဆောင်ရင်း အကြိမ်ကြိမ် ရောက်ဖူး၊ ဖူးမြော်ဖူး၏။ ထိုစဉ်က ဤသို့ တိုက်ရင်းခိုက်ရင်းနှင့် သူပုန်ဗိုလ်လင်းထင်ကို မီလုမီခင် အကြိမ်ကြိမ်ပင် ကြုံဖူးပေသည်။ လင်းထင်နောက် အမဲလိုက်သလိုလိုက်ရင်း ကျိုက်ထီးရိုးဘုရားပေါ်အထိ ရောက်ခဲ့ကြောင်း၊ တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည်တို့ ပြောပြသောအခါ တိုင်းမှူးက ရယ်ရယ်မောမော ဤသို့ပြောလေသည်။

““ဗိုလ်တင်ဦးရာ၊ မင်းကွာ၊ ပင်ပန်းလိုက်တာ၊ ကျိုက်ထီးရိုးဘုရားပေါ်အထိ တက်ခဲ့ရသလား””

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က "ခင်ဗျားပဲ တာဝန်ပေးလို့ ကျွန်တော်တို့ အမိန့်အတိုင်း မဆိုင်းမတွ လုပ်ရတာပါဗျာ"

နောက်တစ်ခုကလည်း ကျိုက်ထီးရိုးဘုရားရိပ်မှာ ခိုလှုံနေသော ကရင်လက်နက်ကိုင် ကြီးရွှေ၏မိန်းမ သားသမီးတွေကို ပီတိဝရှာမှာ ဖမ်းမိခဲ့သည်။ ကြီးရွှေဆိုသည်မှာ ဗိုလ်လင်းထင်၏အောက်က လက်ထောက်တပ်မှူးတစ်ဦး။ တိုက်ပွဲတစ်ပွဲမှာ ဗိုလ်ကြီးရွှေကို မဖမ်းမိဘဲ လွတ်သွားသည်။ သူ့မိန်းမ မိသားစုကို ပီတိဝရှာမှာမိသည်။ ပီတိဝရှာမှာ ကျိုက်ထီးရိုးဘုရားအောက်ဘက် နှင်းပုလဲဘက်အခဆင်း လျှိုမြောင်အတွင်းမှာဖြစ်သည်။ ဗိုလ် ကြီးရွှေ၏ မိသားစုကို ထိုနေရာမှာမိသည်။ သူတို့မိသားစုကို ဖမ်းမိတော့ ဟဲလီကော်ပတာလေယာဉ်နှင့် ကောင်းကောင်းမွန်မွန် ခေါ်သွားပြီး သထုံမှာ ထားသည်။ နောက်တော့ ကရင်လက်နက်ကိုင် အင်အားစုများရှိရာကို ပြန်လွှတ်ပေးလိုက်သည်။ နောက်တော့ ကရင်လက်နက်ကိုင်အဖွဲ့ ဗိုလ်ကြီးရွှေထံမှ စာရောက်လာလေသည်။ မိမိ၏ ဇနီး၊ သားသမီး မိသားစုကို ပြုစုစောင့်ရှောက် ကူညီခဲ့သဖြင့် ကျေးဇူး အထူးတင်ရှိပါသည်တဲ့။ များစွာ ဝမ်းသာပါသည်တဲ့။ လူကြုံနှင့် စာပေးလိုက်၍ ကျွန်တော်ဖတ်ရသောအခါ များစွာ ကျေနပ်အားရ ဖြစ်မိပါသည်။ သို့သော် နောက်ပိုင်းတွင် သိပ်မကြာပေ။ ကရင်လက်နက်ကိုင် ခေါင်းဆောင်ဗိုလ်ကြီးရွှေ လက်နက်စွန့် အရှင်းဝင်လာသော သတင်း ထွက်လာလေသည်။ တပ်မတော်က သူ့သားသမီး၊ ဇနီး မိသားစုကို ကာကွယ်စောင့်ရှောက်ပေး၍ ကျေနပ်ဝမ်းသာရုံမျှမက သူ့တောတွင်းဘဝကိုလည်း ငြီးငွေ့လာသည့် ပုံသဏ္ဌာန်ပင်။ ကြီးရွှေမှာ အသက်သိပ်မကြီးသေး။ အသက်အရွယ် ၃၅ နှစ်ခန့်သာ ရှိပေမည်။ ကြီးရွှေက ပညာရည်လည်း အသင့်အတင့်ရှိလေ၍ လမ်းစဉ်ပါတီဖွဲ့စည်းသောအခါ ကျိုက်ထိုပါတီယူနစ်တွင် တာဝန်ထမ်းဆောင်ခဲ့သေးသည်ဟု ကြားသိရ၏။ နောက်တစ်ဦး ရှိသေးသည်။ ကေအင်ဒီအိုတပ်မဟာ ၃ က ခေါင်းဆောင် မုဆိုးကော့ကဆာ၊ စောဟန်တာသာမွေးအဖွဲ့ ဗိုလ်ထရူးမင်းလည်း အလင်းဝင်လာသည်ကို တွေ့ရသည်။

ပြောရဦးမည်။ ထိုစဉ်က ရှိနေသော KNDO ကရင်လက်နက်ကိုင်အဖွဲ့တွင် အဓိက ပါဝင်လှုပ်ရှားနေသည်မှာ မုဆိုးကော့ကဆာ စောဟန်တာသာမွေးအဖွဲ့နှင့် မန်းဘဇံတို့အဖွဲ့ နှစ်ဖွဲ့ဖြစ်ကြသည်။ မန်းဘဇံ ကရင်လက်နက်ကိုင်အဖွဲ့က ကွန်မြူနစ်ဝါဒကို ယိမ်းယိုင်ပြီး အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု **မဒညတ** အမည်ခံ၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းဖွဲ့စည်းကာ အစိုးရကို တိုက်နေခဲ့သည်။ စောဟန်တာသာမွေးတို့ ကရင်လက်နက်ကိုင်တပ်က ကော်သူးလေပြည်နယ်မှာမည်နှင့် သီးခြား ကရင်ပြည်နယ် တောင်းသည်။ ကွန်မြူနစ်ပါတီနှင့် ပေါင်းစည်းမှု မပြုပေ။ စောဟန်တာသာမွေးတို့ လက်နက်ကိုင်အဖွဲ့က ကရင်တိုင်းရင်းသားအများစုရှိသော မုတ္တမ၊ ဘားအံ စသော ဒေသများတွင် လှုပ်ရှားသည်။ စောဟန်တာသာမွေးက ခေတ်ပညာတတ်ပုဂ္ဂိုလ်ဖြစ်သည်။ ယခင်က အစိုးရပညာရေးဌာန တိုင်းပညာဝန် လုပ်ကိုင်ဖူးသည်။ စောဟန်တာသာမွေးကို ကျွန်တော်ကိုယ်တိုင် မြင်ဖူးသည်။ သူက အလွန်ခံ့ညားသော ဥပဓိရုပ်ရှိသူဖြစ်၏။ အရပ်မြင့်မြင့်၊ တောင်တောင်မောင်းမောင်း အသားဖြူဖြူနှင့်။ စောဟန်တာသာမွေးနှင့်အဖွဲ့ အလင်းဝင်လာပြီးနောက်မှာ အသက်အရွယ် အတော်ကြီးမှသာ ကွယ်လွန်ခဲ့သည်။ သူကွယ်လွန်သောနေ့ကိုကား မမှတ်မိပေ။ ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီနှင့် စောဟန်တာသာမွေးတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သဘောတူညီချက်များရပြီး အလင်းဝင်ရောက်ခဲ့စဉ်က သူ့အသက်မှာ ၆၀ ဝန်းကျင်ခန့် ၅၀ ကျော်ကျော် ရှိလိမ့်မည်။

ပြောရဦးမည်။ စောဟန်တာသာမွေး၏ ဂုဏ်ပြုခံနာမည် "မုဆိုးကော့ကဆာ"ဆိုသည်မှာ သူတို့ကရင် ကော်သူးလေပြည်နယ်ဒေသကို အုပ်ချုပ်စိုးမိုးသူဘုရင်ဟု အဓိပ္ပာယ်ရချေသည်။ မုဆိုးကော့ကဆာ စောဟန်တာသာမွေး၏ ကရင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့လက်အောက် ဗိုလ်သုံးဦးရှိသည်။ ယင်းတို့မှာ ၁ ဗိုလ်လင်းထင် ၂ ဗိုလ်ရွှေဆိုင်း၊ ဗိုလ်ရွှေဆိုင်းက အဆုတ်နာရောဂါဖြင့် ကွယ်လွန်သွားသည်။ သူ့ဇနီးမိသားစုလည်း အလင်းဝင်လာပြီးနောက် ကျိုက္ကော်၊ သိမ်ဆိပ်မှာ အခြေစိုက်၍ စီးပွားရေးလုပ်ငန်းများ လုပ်နေရာ ယခုအခါ အတော်ကလေး ကြီးပွားချမ်းသာနေပါပြီ။ နံပါတ်(၃)ကတော့ ဗိုလ်ထရူးမင်း။ သူကတော့ ကရင်ပြည်နယ် အဖျားဖာပွန်၊ သံတောင်ဘက်တွင် နေရာယူလှုပ်ရှားသည်။ မုဆိုးကော့ ကဆာ စောဟန်တာသာမွေး၏ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့က စုစုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



၅၀၀၀ (ငါးထောင်) ခန့်တော့ ရှိပါလိမ့်မည်။ ဥပမာ- ဗိုလ်လင်းထင်ဆိုလျှင် တပ်ရင်း ၃ ရင်းရှိသည်။ တပ်ရင်းတွင် ပါဝင်သော တပ်ခွဲတစ်ခွဲမှာ တပ်သား ၇၀ ကျော် ၈၀ တော့ ရှိလေသည်။ ထရွးမင်းက လင်းထင်ထက် တပ်အင်အားနည်းသည်။ ရွှေဆိုင်းကတော့ တပ်အင်အား အနည်းဆုံးပင်။ ရွှေဆိုင်းတပ်နှင့် ထိပ်တိုက်တွေ့သည်မှာ နည်းသည်။ အများဆုံးတိုက်ရခိုက်ရသည်မှာ ဗိုလ်လင်းထင်တပ်ဖွဲ့နှင့်ဖြစ်သည်။ လင်းထင်တပ်က အတိုက်အခိုက်တော်သည်။ ပြောက်ကျား တိုက်ပွဲတိုက်ခိုက်နည်းတွင် ကျွမ်းကျင်သဖြင့် သူတို့တပ်ကို အထူး သတိဝီရိယ ထားရပေသည်။ ထို့ကြောင့် လင်းထင်တပ်နှင့် တွေ့မည်ဆိုလျှင် ဝိုင်ယာလက်သတင်းများကို အခြေခံ၍ သူတို့ လှုပ်ရှားမှုကို စောင့်ကြည့်ရသည်။

❒

## အခန်း (၅၁)
## မြန်မာ့နိုင်ငံရေးကို တပ်မတော်မှ လက်နက်အင်အားဖြင့် လွှမ်းမိုးရန် ကြံစည်နေပြီ

ရှေ့အခန်း၌ ဖော်ပြသည်တို့မှာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလဝန်းကျင်း မြန်မာ့နိုင်ငံရေး အခြေအနေ သဘောသဘာဝအချို့ဖြစ်သည်။ ထိုစဉ်က တပ်မတော်က မြန်မာ့နိုင်ငံရေးကို လက်နက်အင်အားဖြင့် သိုင်းခြုံလွှမ်းမိုး အုပ်စိုးရန် အကြံကြီးကြံစည်နေချိန် ဖြစ်လေသည်။ ဤတွင် စောစောပိုင်းက ပြောထားခဲ့သော စကားကို ပြန်ကောက်ကြစို့။

၁၉၆၂ ခု ဖေဖော်ဝါရီလကုန်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးသောင်းကြည် ရန်ကုန်မြို့က ပြန်ရောက်လာသည် ။ တိုင်းမှူးခေါ်သဖြင့် ကျွန်တော်၏ စခန်းဌာနချုပ် သထုံမြို့မှ မော်လမြိုင်မြို့ တိုင်းစစ်ဌာနချုပ်သို့ ရောက်သွားသည်။ ဤတွင် တိုင်းမှူးဗိုလ်မှူးကြီးသောင်း ကြည်က သူ့ရုံးခန်းတွင် နှစ်ကိုယ်ကြား စကားတစ်ခွန်းပြောသည်။

"မတ်လဆန်းမှာ တပ်မတော်က နိုင်ငံတော်အာဏာ သိမ်းယူလိမ့် မယ်"

တိုင်းမှူးက ဆက်ပြောသည်။

"သတင်းကို လျှို့ဝှက်ထားရမယ်၊ ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



တင်ဦးလေးကိုတော့ အသိပေးလို့ ရပါတယ်၊ ဒီကောင်လေးက ငါ့အပေါ် သစ္စာရှိတယ်လို့လည်း ပြောလိုက်တယ်"

အခြေအနေက ဤသို့ဖြစ်သည်။ တပ်မတော်က နိုင်ငံတော်အာဏာ သိမ်းယူမည့်အချိန်တွင် မိမိတာဝန်ကျရာဒေသ၌ လုံခြုံရေးကို စနစ်တကျ ကိုင်ထားနိုင်ရန်ဖြစ်သည်။ ကျွန်တော်က သံလွင်မြစ် အနောက်ဘက်ခြမ်း သထုံ၊ ကျိုက်ထို။ ဟိုဘက်မှာ သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းက ကိုမြသောင်း (ဒုတိယဗိုလ်မှူးကြီးမြသောင်း)၏ တာဝန်ဖြစ်သည်၊ မော်လမြိုင်၊ ကျိုက်မရော၊ ရေး စသည့် ဒေသများပင်။ ဒုတိယဗိုလ်မှူးကြီးလှဘုန်း ကတော့ တိုင်းစစ်ဌာနချုပ်တွင် Colonal GS ခေါ် တိုင်းစစ်ဌာနချုပ်၏ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရသူပင်။

ဒုဗိုလ်မှူးကြီးလှဘုန်းမှာ ယခုအခါ ၁၉၈၈ အရေးအခင်းပြီးနောက် ကွယ်လွန်ရှာပြီ။ သူ၏ နာရေးသတင်းတွင် တပ်မတော်မှ ဗိုလ်မှူးကြီး(ငြိမ်း) ဖြစ်ကြောင်းကိုလည်းကောင်း၊ လမ်းစဉ်ပါတီအစိုးရ နိုင်ငံခြားရေးဝန်ကြီး ဟောင်း ဖြစ်ခဲ့ကြောင်းကိုလည်းကောင်း လုံးဝ မဖော်ပြဘဲ ဦးလှဘုန်းမှာသာ ရိုးသားစွာ ဖော်ပြခဲ့သည်ကို မှတ်မိသည်။ ဦးလှဘုန်း သက်ရှိထင်ရှားရှိ စဉ်က တစ်စုံတစ်ရာ မှာကြားခဲ့သော ထူးခြားသော အကြောင်းယုတ္တိရှိပေ လိမ့်မည်။ ဗိုလ်မှူးလှဘုန်းက မြောင်းမြမြို့သားဖြစ်သည်။ ပထမတွင် ဘက ကျောင်းခေါ် ဘုန်းကြီးကျောင်း စာသင်ကျောင်းတက်ခဲ့၍ နောက်တော့ အထက်တန်းကျောင်းပြောင်း၍ ပညာသင်ကြားရင်း ၁၀ တန်းအောင်မြင် သည်။ ဒုတိယကမ္ဘာစစ်ကြီးတွင် ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော် တက်လာစဉ် စစ်ထဲဝင်ပြီး ပါလာသည်။ မင်္ဂလာဒုံစစ်တက္ကသိုလ် ဒုတိယ ပတ်ဗိုလ်သင်တန်းကျောင်းတက်ပြီး ပညာရည်ထူးချွန်သူဟု အသိအမှတ်ပြု ခံရကာ ဂျပန်နိုင်ငံသို့ အဆင့်မြင့် စစ်ပညာ သင်ကြားရန် ပို့လွှတ်ခံရသည်။ ဂျပန်ပြည်က ပြန်ရောက်လာပြီးနောက် ဗိုလ်အဆင့် ကော်မရှင်မပေးဘဲ တပ်မတော်တွင် အမှုထမ်းခဲ့ပြီး ဗိုလ်သင်တန်းကျောင်းတက်၍ ကော်မရှင် ရခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးလှဘုန်းက ကျွန်တော်တို့နှင့် အတူအလုပ် လုပ်စဉ် ဗိုလ်လှဘုန်းသည် စကားနည်း၏။ လူကလူအေးဖြစ်သည်။ ထို့ပြင် တစ်ကိုယ်တည်းနေတတ်ပြီး အများသူငါနှင့် ရောရောနှောနှော နေလေ့မရှိ။



အလုပ်လုပ်ရာတွင် တိတိကျကျ ဖိဖိစီးစီး လုပ်တတ်သည်။ အပေါင်းအသင်း မဆံ့သူဟု ပြောရမည်ထင်သည်။ ကျွန်တော်တို့နှင့်ပင် အလုပ်နှင့်ပတ်သက်၍ သာ စကားပြောပြီး အခြားအပိုစကား မပြောတတ်ပေ။ အားကစားလည်း သိပ်ပြီးလုပ်ဟန်မရ။ မိသားစုနှင့်သာ ချစ်ချစ်ခင်ခင်နေတတ်၍ မိသားစု၊ သားသမီးများနှင့်သာ သွားသွားလာလာ နေလေ့ရှိသည်။ ရုံးအမှုထမ်းတွေ ကတော့ ဗိုလ်မှူးလှဘုန်း၏ အနေအထိုင်ကြောင့် အနေရကျပ်ပုံရသည်။ စိတ်ညစ်ပုံရကြသည်။

ဩော်··· ပြောရဦးမည်။ လမ်းစဉ်ပါတီအစိုးရခေတ်တွင် ဗိုလ်မှူး ကြီးလှဘုန်းကို နိုင်ငံခြားရေးဝန်ကြီး ခန့်ထားသောအခါ ဝန်ကြီးရုံးခန်းကို ပုံစံတစ်မျိုးနှင့် ဆင်ယင်သည်ဟု ကြားသိရသည်။ ဝန်ကြီးရုံးခန်းရှိ စားပွဲ၊ ကုလားထိုင်များကို ဖယ်ရှားပစ်လိုက်၍ ရုံးတွင်ကော်ဇောများခင်း၊ ဖျာခင်း ထိုင်သည်။ ဖျာပေါ်မှာထိုင်၍ အလုပ်လုပ်သည်ဟု သိရသည်။ ဂျပန်နိုင်ငံ အနေထိုင်ကို နှစ်မြို့က်၍ ဤသို့ ဝန်ကြီးဦးလှဘုန်း လုပ်နေပုံရသည်။ စစ်အတွင်းက ဂျပန်ပြည်၌ ၃နှစ်ခန့် နေထိုင် ပညာသင်ခဲ့ဖူးသည် မဟုတ် လား။ သည့်ပြင် အမှုထမ်းတွေကတော့ မိမိတို့ထုံးစံအတိုင်း စားပွဲ၊ ကုလား ထိုင်နှင့် ထိုင်ကြရ၍ ဝန်ကြီးကသာ သူ့ရုံးခန်းမှာ ကော်ဇောခင်း၍ အပေါ်က "တာတမီ" ခေါ် သင်ဖြူးဖျာကလေး ခင်းထိုင်ကာ ရုံးလုပ်ငန်းများကို လုပ်ဆောင်တတ်သည်ဟု သိရသည်။ ဗိုလ်လှဘုန်းလိုပင် ဗိုလ်မှူးကြီး ကြည်မောင်ကလည်း သူ့ရုံးတွင် ကော်ဇော၊ သင်ဖြူးခင်း၍ နေထိုင်အလုပ် လုပ်သည်ဟုဆိုသည်။ ဂျပန်နိုင်ငံတွင် အနေကြာခဲ့သူများဖြစ်သောကြောင့် ဂျပန်ယဉ်ကျေးမှုဘဝကို မြတ်နိုးလာခဲ့၍ဖြစ်မည် ယူဆရ၏။ ဗိုလ်မှူးကြီး ကြည်မောင်က B.I.A တွင် အစောကြီးကတည်းက ပါလာပြီး ဂျပန်ခေတ် စစ်တက္ကသိုလ်၌ ပထမပတ် ဗိုလ်သင်တန်းကျောင်းဆင်း နောက်တော့ ဂျပန်ပြည်သို့ စစ်ပညာသင် သွားရသူပင်။ ဂျပန်မှာ အနေကြာလာကြ၍ ကိုကြည်မောင်ရော၊ ကိုလှဘုန်းရော၊ ဂျပန် လူနေမှုဘဝကို အနည်းငယ် စွဲလမ်းခဲ့မိပုံရသည်။ ကျွန်တော်တို့နှင့်အတူတူ တာဝန်ယူရသော ဒုတိယ ဗိုလ်မှူးကြီးမြသောင်းကလည်း ဂျပန်နိုင်ငံ စစ်သင်တန်းမှ ပြန်လာသူပင် ဖြစ်၏။ သူကတော့ ဗိုလ်လှဘုန်းနှင့် မတူ။ တစ်ဘာသာ ကွဲပြားသူပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြသောင်းစရိုက်က ပျော်လိုက်ရွှင်လိုက်၊ ရယ်လိုက်မောလိုက် ပြောစရာရှိလျှင် ပွင့်ပွင့်လင်းလင်း ပျော်ပျော်ပါးပါး နေတတ်သူတည်း။ ထို့ပြင် တစ်ခါတလေကျလျှင် ဗိုလ်မြသောင်းက အလောင်းအစားကလေးလည်း အနည်းငယ် ဝါသနာပါပုံရ၏။ သူက တစ်ခါတစ်ရံ ရန်ကုန်သွားချင်လျှင် သူ့နယ်ပယ်အုပ်ချုပ်ကွပ်ကဲရေးကို ကျွန်တော့်အား လွှဲအပ်သွား၏။ ရန်ကုန်မှ ပြန်လာလျှင် သူ့နယ် သူ့ပြန်ပေးရသည်။

ဗိုလ်မှူးကြီးသောင်းကြည်နှင့် ကျွန်တော်တို့ကတော့ ဗိုလ်အဆင့်ရစဉ်က မြင်ဖူးတွေ့ဖူးခြင်းပင်။ ဗိုလ်မှူးသောင်းကြည်က ကျွန်တော့်ထက်ဝိုင်၍ ဝါရင့်သည်။ B.I.A လွတ်လပ်ရေးတပ်မတော်ကြီး စတင် ဝင်ရောက်လာကတည်းကပင် ဗိုလ်မှူးကြီးသောင်းကြည် ပါလာသည်။ အသက်လည်း အများကြီးကွာသည်။ ဗိုလ်မှူးကြီးသောင်းကြည် အသက် ၅၁ နှစ်၊ ကျွန်တော့်အသက်က ၃၀ ခန့်သာ ရှိသေးသည်။ ဗိုလ်မှူးသောင်းကြည်က အလုပ်အလွန်လုပ်သည်။ ထို့ပြင် သူ့အားနည်းချက်က အရက်ကို ကြိုက်နှစ်သက်စွာ သောက်ခြင်းပင်ဖြစ်သည်။ ဗိုလ်မှူးကြီးသောင်းကြည် ရန်ကုန်တပ်မတော်ဂေါက်ကွင်း၌ အသက် ၅၉ နှစ်အရွယ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်ခြင်း ဖြစ်သည်။ ဗိုလ်မှူးသောင်းကြည် Heart attack နှလုံးရောဂါကြောင့် ဂေါက်ကွင်း၌ လဲကျသွားစဉ်အနီးတွင် ကစားဖော် ဗိုလ်ချုပ်ကြီးနေဝင်း ရှိနေသည်။

ပြောရဦးမည်။ တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည် ရန်ကုန်သွားမည်ဆိုလျှင် ကျွန်တော်က စီနီယာအကျဆုံး၊ ဝါအရင့်ဆုံး အရာရှိဖြစ်၍ တိုင်းမှူးတာဝန် ယာယီထမ်းဆောင်ရန် မော်လမြိုင်သို့ သွားနေပေးရ၏။ ပထမကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ပြီးနောက်တွင် ကျွန်တော့်ကို ဘားတောရဟတ်ယာဉ်ဖြင့် လာခေါ်လေသည်။ ကျွန်တော်လိုက်သွား၍ သူရန်ကုန်က ပြန်လာသောအခါမှ သထုံသို့ ပြန်လာရ၏။

ယခင်အခါတုန်းကမူ တိုင်းမှူးက ခေါ်လျှင်သွား၍ ရန်ကုန်သို့ တိုင်းမှူးသွားစဉ် တစ်ည နှစ်ညအိပ်ပြီး တိုင်းမှူးပြန်လာလျှင် ကျွန်တော်က ဘားတောရဟတ်ယာဉ်နှင့် သထုံသို့ ပြန်လာမြဲဖြစ်သည်။ အရှေ့တောင်



တိုင်းစစ် ဌာနချုပ်တွင် လေယာဉ်သုံးစီး ပေးထားသည်။ ဘားတောရဟတ်ယာဉ်တွင် အော်တာခေါ် အမောင်းသင်နှစ်ယောက်စီး လေယာဉ်နှင့် ဒါကိုတာလေယာဉ် တစ်စီးတို့ ဖြစ်ကြ၏။ ဒါကိုတာလေယာဉ်မှာ ကုန်ပစ္စည်းသယ်ယူရန်ထား ရှိခြင်းပင်။ တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည် စစ်တွေသို့သွားလျှင်တွင် အော်တာလေယာဉ် သို့မဟုတ် ဘားတောရဟတ်ယာဉ်ဖြင့်သွားလေ့ရှိပေသည်။

အဆိုပါ လေယာဉ်သုံးစင်းသည် တစ်ခါတစ်ရံ မော်လမြိုင်လေယာဉ်ကွင်းတွင်ရှိမည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ သထုံလေယာဉ်ပျံကွင်းတွင်ရှိမြဲပင်။

ယခင်အခါများက တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည် ရန်ကုန်သွားလျှင် နှစ်ည သုံးည ကြာသွားတတ်သော်လည်း ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလကုန်ရက် တိုင်းမှူးရန်ကုန်သွားရာတွင် ယခင်အခါများကကဲ့သို့ နှစ်ရက်၊ သုံးရက် မကြာတော့ပြီ။ သည်ကနေ့လို ရန်ကုန်သွားပြီး တစ်ညအိပ် နောက်တစ်နေ့ညနေ မော်လမြိုင်သို့ ပြန်ရောက်လာလေသည်။ တိုင်းမှူးရန်ကုန်သွားလျှင်လည်း ရဟတ်ယာဉ်ဖြင့်ပင် သွားလေ့ရှိသည်။ ကားဖြင့်သွားလျှင် လမ်း၌ ချုံခိုတိုက်ခိုက်မှု အန္တရာယ်ရှိသည် မဟုတ်လား။ ထို့ကြောင့် တိုင်းမှူးက ရန်ကုန်သို့ ရဟတ်ယာဉ်ဖြင့်ပင်သွား၏။ မော်လမြိုင်နှင့်ရန်ကုန် ရဟတ်ယာဉ်ခရီးမှာ မိနစ် ၃၀ ခန့်သာ။ ယခုတစ်ခေါက်တွင် တိုင်းမှူးသည် ရန်ကုန်သို့ခရီးထွက်ခြင်း စိပ်လှသည်။ ပြန်လာလိုက်၊ ပြန်သွားလိုက်နှင့် ဖြစ်နေသည်။

နောက်ဆုံးအခေါက်ဟု ဆိုကြပါစို့။ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလကုန်ခါနီးတွင် တိုင်းမှူးသည် နံနက်စောစော၌ ရဟတ်ယာဉ်နှင့် ရန်ကုန်ထွက်သွားသည်။ သို့သော် ထိုနေ့ညနေတွင် မော်လမြိုင်မြို့သို့ ပြန်ရောက်လာလေသည်။ တိုင်းမှူးပြန်လာသဖြင့် ကျွန်တော်က ပြည်နယ်အခြေအနေ၊ လုံခြုံရေးကိစ္စများကို ပြောပြရာ နားစိုက်ထောင်နေပြီး ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်။ ထို့ကြောင့် ကျွန်တော်က သထုံသို့ ပြန်မည်ပြုသောအခါ ဗိုလ်မှူးကြီးသောင်းကြည်က ကျွန်တော့်ကို

“ကိုတင်ဦး၊ ခဏနေဦး၊ မပြန်နဲ့ဦး”

ဟုပြောသည်။ သို့နှင့် ကျွန်တော်က တိုင်းမှူးအိမ်းမှာ ရပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သူ့ရုံးခန်းထဲသို့ ခေါ်သွားပြီး တံခါးပိတ်လိုက်သည်။ ကျွန်တော့်ကို တိုင်းမှူးက သူ့ကုလားထိုင်အနီးသို့ ခေါ်သွား၍ ဘာမျှမပြောသေးဘဲ တစ်စုံတစ်ခုပြောရန် ချင့်ချိန်နေဟန်ရှိသည်။ ခဏကြာတော့မှ ခေါင်းတစ်ချက်ညိတ်ကာ ဆုံးဖြတ်ပြီးဖြစ်သွားဟန်ဖြင့် လျှို့ဝှက်စကားတစ်ခွန်း ပြောလိုက်သည်။

❒

# အခန်း (၅၂)
## စစ်တပ်က နိုင်ငံတော်အာဏာ သိမ်းတော့မည်

"တပ်မတော်က အာဏာသိမ်းမယ်"

တိုင်းမှူးစကားကို ကြားရသောအခါ ကျွန်တော့်စိတ်ထဲ ရုတ်တရက်ထိတ်သွားသည်။ စိုးရိမ်သောက ရောက်သွားသည်။ ထူးခြားသော တုန်လှုပ်မှု ခံစားလိုက်ရသည်။ မည်သည့်အတွက်ကြောင့် ဤသို့ခံစားရသည်ကို မသိလိုက်ချေ။

တိုင်းမှူးက ဆက်ပြောသည်။

"ဒီသတင်း ဒုတိယ တိုင်းမှူးတွေကို ပြောပြခွင့်ရှိပါသလား"

ထိုအခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးကြီးနေဝင်းက

"မပြောနဲ့၊ ဗိုလ်တင်ဦးလေးတစ်ယောက်တည်းကို ပြောလိုက်"

ထိုနေ့က မော်လမြိုင်မြို့ တိုင်းစစ်ဌာနချုပ်မှ သထုံသို့ ပြန်အလာ ရဟတ်ယာဉ်ပေါ်တွင် ကျွန်တော့်စိတ်ထဲ၌ ထိတ်လန့်သွားသော ဝေဒနာတစ်ရပ် ခံစားပါရှိလာလေတော့သည်။ တော်တော့်ကို အထိတ်တလန့်ကြီး ထိတ်လန့်လာမိခြင်းဖြစ်သည်။ ဘယ့်နှယ် မထိတ်လန့်ဘဲ နေလိမ့်မည်လဲ။ တစ်ဖက်မှာက ပြည်သူလူထု၏ စိတ်ချယုံကြည်စွာ မဲဆန္ဒပေးပြီး တင်မြှောက်ထားသော ဒီမိုကရေစီ ပြည်ထောင်စုအစိုးရ။ ယခုကြုံရမည်က အဲသည် ဒီမိုကရေစီအစိုးရလက်ထဲက ပြည်သူ့ဆန္ဒနှင့်အညီ အပ်နှင်းထားသော နိုင်ငံတော်အာဏာကို စစ်တပ်က လုယူပိုင်နိုင်အောင် သေနတ်ကိုင်၍ လုပ်ဆောင်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရလျှင် စိတ်ထဲတွင် မြန်မာ့နိုင်ငံရေး၌ အာဏာရ ပြည်ထောင်စုပါတီအတွင်း ဦးဗိုလ်နှင့်သခင် အကွဲအပြဲတွေ ဖြစ်နေကြသည် ကိုကား မလိုလားသော ခံစားမှု ဖြစ်မိသည်။

သည်ကြားထဲတွင် နိုင်ငံတော်အာဏာကို စစ်တပ်က မသိမ်းယူမီ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီးသည် မော်လမြိုင်သို့ လာ၍ စစ်ဆေးလှေ့လာမှုမျိုး ပြုခဲ့သေးသည်။ စစ်တပ်က အာဏာမသိမ်းမီ ရက်သတ္တနှစ်ပတ်အလိုတွင် ဗိုလ်ချုပ်အောင်ကြီးသည် အရှေ့တောင်တိုင်းစစ် ဌာနချုပ်သို့ ရောက်လာခြင်းဖြစ်သည်။ နောက်ပိုင်းတွင် သိရသည်မှာ ၂-၃-၁၉၆၂ နေ့ စစ်တပ်က အာဏာသိမ်းရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဗိုလ်မှူးချုပ်အောင်ကြီးကို အသိမပေးဘဲ လျှို့ဝှက်ထားခဲ့သည်ဟု ဗိုလ်အောင်ကြီး ရေးသော မှတ်တမ်းတစ်ခုတွင် ဖတ်ရသည်။

ထို့ကြောင့် အာဏာမသိမ်းမီ မော်လမြိုင်ရှိ တိုင်းစစ်ဌာနချုပ်သို့ လာရောက်ခြင်းမှာ ဗိုလ်ချုပ်အောင်ကြီးအနေဖြင့် ဘာမျှကြိုတင်သိရှိ၍မဟုတ်။ စစ်ဆင်ရေးလုပ်ငန်းတစ်ခုတည်းအနေဖြင့် လာရောက်ခြင်းဖြစ်လေသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ကြီးသည် မော်လမြိုင်မြို့တွင်သာမဟုတ်။ သထုံမြို့ရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ရုံးခွဲကိုလည်း လာရောက်စစ်ဆေးမေးမြန်းလှေ့လာခဲ့သေးသည်။ ထိုစဉ်ကာလက သထုံသို့ ဝင်လာစဉ် ဗိုလ်မှူးချုပ်အောင်ကြီးက စကားတစ်ခွန်း ပြောသွားခဲ့သေး၏။

"ယခုစစ်ဆင်ရေး အခြေအနေများကို အောင်အောင်မြင်မြင် မထိန်းနိုင်ရင် General Staff Department ကာကွယ်ရေးဦးစီးဌာနအဖွဲ့ကို အခြေအနေအရ ပြောင်းလဲဖွဲ့စည်းရလိမ့်မယ်"

ဤသို့ ဗိုလ်ချုပ်အောင်ကြီး ပြောသွားခဲ့သေးသည်။

ယခု တိုင်းမှူးဗိုလ်မှူးကြီးသောင်းကြည်ထံမှ သိခဲ့ရသော စစ်တပ်က အာဏာသိမ်းမည့် သတင်းကို ကျွန်တော် သထုံမြို့သို့အပြန် လေယာဉ်ပေါ်၌ တစ်ကိုယ်တည်း စဉ်းစားလာသည်။ စိတ်က ထိတ်လန့်တုန်လှုပ်နေသော်လည်း ထိုသတင်းနှင့်ပတ်သက်၍ မည်သူ့ကိုမျှ မပြောဝံ့။ မပြောရဲပေ။ သထုံပြန်ရောက်တော့လည်း ကျွန်တော့် Staff Officer စစ်ဦးစီးအရာရှိ



ဗိုလ်ကြီးဗဟိန်းကို ဤသတင်း ဖွင့်ဟပြောဆိုခြင်း မပြုရဲချေ။ (ဗိုလ်သိန်းဟန်သည် ဟိုတစ်နေ့ကပင် အသုဘတစ်ခု လိုက်ပို့ရင်း နှုတ်ဆက်သွားသေးသည်။ အငြိမ်းစားယူပင်အိုနေပြီ။ နားလေးနေ၍ အော်ပြောရသည်။ သူလည်း အသက် ၈၀ ကျော်ပြီ။ သို့သော် ကျွန်တော့်ထက် ငယ်သေး၏။ သူက ပြည်မြို့သားပင်) ထိုနေ့က ဗိုလ်ကြီးဗဟိန်းကိုလည်း မပြောဘဲနေလိုက်ရသည်။ တာဝန်အရ လျှို့ဝှက်ရမည့် မဟာသတင်းကြီးပေကိုး။

ထိုနေ့က ပြန်လာပြီးနောက်

"ငါကွင်းဘက် ခဏ သွားဦးမယ်"

ဆိုပြီး ကျွန်တော့်ဦးစီးအရာရှိကို အသိပေး၍ ကားတစ်စင်းနှင့် ထွက်လာခဲ့သည်။ ကွင်းဆိုသည်မှာ မုတ္တမမြို့မှ ကျိုက်ထီးရိုးဘုရားဘက်သို့ သွားသောလမ်းတွင် အရှေ့ဘက်က တောင်တန်းကြီးတွေနှင့် ရာဘာတောရှိသည်။ အဲသည်က ဟိုဘက်ကျော်လျှင် စပါးစိုက်သော လယ်ကွင်းပြင်ကြီး မျက်စိတဆုံး ရှိနေသည်။ ပင်လယ်ဘက်အထိ ရောက်လေသည်။ ထိုစဉ်က ဖေဖော်ဝါရီလဆိုတော့ အစိုးရ ကောက်ပဲသီးနှံရောင်းဝယ်ရေးဌာနက စပါးတွေ ဝယ်ယူနေသောအချိန် စည်စည်ကားကား ဖြစ်နေသည်။

ကျွန်တော်က နိုင်တီးပိုင်ယာလက်စက် 90-wireless တစ်လုံးနှင့် စက်ကိုင် ရဲဘော်တစ်ယောက်၊ ကားမောင်းရဲဘော်တစ်ယောက်၊ ကျွန်တော့် Bed Man ဝေယျာဝစ္စရဲဘော်တစ်ယောက် ခေါ်ယူ၍ ကားဖြင့်ထွက်လာခဲ့သည်။

ကျွန်တော်က စစ်ဦးစီးဗိုလ်ကြီးဗဟိန်းကို မှာကြားခဲ့သည်။

"မကြာပါဘူးကွာ၊ ငါလည်း တစ်ညနှစ်ညအိပ်မယ်၊ မင်းလည်း မင်းမိန်းမဆီ ပြန်ချင်ပြန်"

သူ့မိန်းမကလည်း သထုံမြို့မှာရှိသည်။ သို့သော် ဗိုလ်ကြီးဗဟိန်းက တပ်ရုံးမှာ ၂၄ နာရီ တာဝန်ကျ၍ အိမ်ပြန်ခွင့်မရှိ။ ယခု ကျွန်တော် စိတ်နှင့်ကိုယ် အနားယူရန် ကွင်းဘက်သို့ သွားမည်ဟု ပြောခဲ့သည်။

ကျွန်တော် ကွင်းဘက်ရောက်၍ တပ်စခန်းတွင် တစ်ညအိပ်သည်။ ဘယ်သူနှင့်မှလည်း စကားမပြောချင်။ တစ်ကိုယ်တည်း စဉ်းစား၍သာ နေချင်သည်။ စားစရာစား၊ ကွင်းထဲလျှောက်လည်၊ မရိတ်သိမ်းရသေးသော

www.burmeseclassic.com

www.burmeseclassic.com



စပါးပင်များကိုကြည့်ရင်း စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေသည်။ သို့သော် စပါးပင်တို့သည် လေတိုက်တိုင်းပင် ဘယ်ညာယိမ်းကချင်နေကြပြီး စပါးပင်များ ဟိုယိမ်းသည်ယိမ်း ယိမ်းကနေသလိုပင်၊ ကျွန်တော့်စိတ်တွေလည်း ဟိုဘက်ယိမ်းမလိုလို၊ သည်ဘက်ယိမ်းမလိုလို။ အို…တို့တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူတော့မည် ဆိုသည်မှာ မှန်ကန်သောလုပ်ရပ်၊ ပြတ်သားသော ဆောင်ရွက်မှု ဟုတ်ပါရဲ့လား။ မဟုတ်ဘူးလား။ မှန်သည်လား၊ မှားသည်လား။ စိတ်ထဲတွင် မဝေခွဲနိုင်။ ကျွန်တော့်စိတ်သည် ရှုမြင်နေရသော လေရူးဝှေ့နေသည့် စပါးပင်များအသွင် ဟိုဘက်ယိမ်းလိုက်၊ သည်ဘက်ယိမ်းလိုက်။ ထိုနေ့က ပထမ တစ်ညအိပ်၊ နောက် ဒုတိယ တစ်ညအိပ်ပြီး တတိယနေ့နံနက်တွင် အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးကြီးသောင်းကြည်ကိုယ်တိုင် ကြိုးမဲ့ကြေးနန်းစက် စကားပြောခွက်ထဲ ဝင်လာလေသည်။

"ဗိုလ်တင်ဦး၊ စက်ပေါ်တက်ခဲ့ပါ"ဟုခေါ်၍ ကျွန်တော် စကားပြောစက်ပေါ် တက်လိုက်လေသည်။ ဤတွင် တိုင်းမှူးက ကျွန်တော့်ကို စက်ထဲမှ ဆူတော့သည်။

သူက(တိုင်းမှူး)က စက်ထဲမှ ဒေါသဖြင့် ကြိမ်းမောင်းတော့၏။

"ဗိုလ်တင်ဦး၊ ဘယ်ရောက်နေသလဲ၊ ယခုချက်ချင်း မင်းဖျာပ်စခန်းကိုပြန်သွား"

ကျွန်တော်က

"ကျွန်တော် ကွင်းထဲရောက်နေပါတယ် တိုင်းမှူး"

**တိုင်းမှူး** ။ ။ "ခင်ဗျား ကွင်းထဲ ဘာလုပ်ဖို့သွားနေတာလဲ၊ သထုံမှာ ပြန်ထိုင်နေပါ၊ ယခုပြန်လာခဲ့၊ ပြီးတော့ လေယာဉ်ပျံ လွှတ်လိုက်မယ်၊ လိုက်ခဲ့"

သို့နှင့် ကျွန်တော်နှင့်အဖွဲ့ ချက်ချင်းပင် ကားပေါ်တက်၍ သထုံတပ်စခန်းသို့ တန်းတန်းမတ်မတ် ပြန်ခဲ့ရ၏။ သထုံတပ်စခန်းသို့ ရောက်လည်းရောက်ရော မကြာမီပင် ဟယ်လီကော်ပတာရဟတ်ယာဉ်လည်း ရောက်လာတော့၏။

ကျွန်တော် သိလိုက်ပြီ။ အရေးကြီးသည့်အချိန်သို့ ရောက်ပြီ။ သည်



လိုနှင့် မော်လမြိုင်စစ်ဌာနချုပ်သို့ ရောက်သွားပြီး တိုင်းမှူးထံ ဝင်ရောက်တွေ့ဆုံသတင်းပို့သည်နှင့် တိုင်းမှူးကပြောသည်။

"ကိုတင်ဦး၊ အချိန်နဲ့နေ့ရက် သိရပြီ၊ မတ်လ ၂ ရက်နေ့မှာ လုပ်ငန်းစတင်မယ်၊ ဒီတော့ မတ်လ ၁ ရက်နေ့ညမှာ ခင်ဗျားတို့ သထုံမှာရှိတဲ့ အရေးကြီးတဲ့ အရာရှိတွေ အားလုံး ခင်ဗျားအနားမှာ ခေါ်ထား၊ ပြီးတော့ ညဖြစ်စေ၊ နံနက်ဖြစ်စေ ခင်ဗျားကို Code Word (အချက်ပေးစကား) ပေးမယ်၊ အဲဒီအချိန်မှာ ခင်ဗျားလုပ်ဆောင်စရာရှိတာတွေ စလုပ်ပါ"

တိုင်းမှူးက ဆက်၍ ညွှန်ကြားသေး၏။

"Code word အချက်ပေးစကားက "**ရောင်နီသမ်းပြီ**"ဆိုတာပဲ"

ကျွန်တော်ချက်ချင်းပင် မော်လမြိုင်မြို့မှ သထုံသို့ တက်သုတ်ရိုက်ပြီး ရဟတ်ယာဉ်နှင့် ပြန်လာခဲ့သည်။ သထုံတပ်စခန်း ရောက်သည်နှင့် တပ်မှူးတွေအားလုံးကို စစ်ဆင်ရေးအစီအစဉ် ရှိသည်ဆိုပြီး ခေါ်လိုက်၏။ ထိုစဉ်က ကျွန်တော့်မှာ တိုင်းစစ်ဒေသတပ်တွေရှိ၏။ ထို့ပြင် ခြေမြန်တပ်ရင်း ၄ နှင့် ၅ တို့မှ အကြီးအမှူး တပ်ရင်းမှူး ဒုတိယ တပ်ရင်းမှူးတွေကို ခေါ်လိုက်သည်။ ထို့ပြင် နယ်ဘက်က ခရိုင်ဝန်၊ ရဲဝန်၊ ရဲမင်းကြီး စသည့် တာဝန်ရှိ အဆင့်မြင့်အရာရှိများကို အကုန်ခေါ်လိုက်သည်။ သူတို့ကို ၁၉၆၂ ခုနှစ် မတ်လ ၁ ရက်နေ့ ညနေပိုင်းမှာ သထုံရိပ်သာသို့ ခေါ်လိုက်ခြင်းဖြစ်သည်။ သထုံရိပ်သာမှာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိသော ယခင်အခေါ်ဗိုလ်တဲ ယခုအခေါ် သထုံအရာရှိရိပ်သာ၊ သထုံမြို့ ရွှေစာရံဘုရားအနီး ကုန်းကျောကလေး ဘေးနားတွင်ဖြစ်သည်။

ခေါ်ရမည့် အစီအစဉ်က စစ်ဆင်ရေး ဆွေးနွေးပွဲဟု နာမည်တပ်သည်။ အမှန်တော့ မတ်လ ၁ ရက်နေ့ ညနေပိုင်းတွင် တပ်မှူးတွေအားလုံးနှင့် အရပ်ဘက်အရာရှိကြီးများ တွေ့ဆုံ၍ နယ်မြေအေးချမ်းရေး၊ လုံခြုံရေး၊ စစ်ရေးအခြေအနေများ ဆွေးနွေးဖြစ်ကြသည်။

စစ်ဆင်ရေး အစည်းအဝေးပြီးလျှင် တက်ရောက်သော ဂုဏ်သရေရှိ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တပ်မှူးတွေကို ညစာစားပွဲဖြင့် ဧည့်ခံ၍ ပျော်ပွဲရွှင်ပွဲ မိတ်ဆုံပွဲကလေးလုပ်မည်။ ဤသို့ ကျွန်တော် စီစဉ်ထားမည်။

သို့နှင့် ထိုနေ့ညက အစားအသောက် စုံလင်စွာဖြင့် ပျော်ပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



ရှင် ညစာထမင်းစားကြသည်။ ကျွန်တော်ကတော့ ကိုယ်တစ်ယောက်တည်း သိပြီးသည့် အစီအစဉ်အရ လျှို့ဝှက်ချက် ဖွင့်ပြောရမည့်အချိန်ကို ရင်တဖိုဖိုနှင့် စောင့်နေမိ၏။

ထိုနေ့ညဥ့်က မီးတထိန်ထိန်မှာ သောက်ကြစားကြ၊ တဝါးဝါး ရယ်မောကြ နောက်ကြ ပြောင်ကြနှင့် ထိပ်ပိုင်းမှ လူကြီးသူကြီး မြို့မျက်နှာဖုံး အရာရှိကြီးတွေ ထမင်းစားပြီးကြ၍ ညဥ့်အတော်ကလေးနက် ၁ နာရီကျော် ၂ နာရီခန့်တွင် တိုင်းမှူးပိုလ်မှူးကြီးသောင်းကြည်က ကြို့မဲ့ကြေးနန်းစက်ပေါ်မှ ကျွန်တော့်ကို ခေါ်၍ပြောလေပြီ။ "ရောင်ခြည်သမ်းပြီ" ထိုအချိန်၌ ဧည့်သည်များလည်း တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်လျက်ပြန်ကြတော့မည် အပြုမှာ ကျွန်တော်က

"နေကြပါဦး၊ နေကြပါဦး၊ မပြန်ကြပါနဲ့ဦး"

ဟု တားဆီးလိုက်ပြီး အရေးကြီးသော စကားတစ်ခွန်း ပြောလိုက်သည်။

"နက်ဖြန် မတ်လ ၂ ရက်နေ့ နံနက် ၈ နာရီတွင် ရေဒီယိုမှ ထူးခြားတဲ့ သတင်းကြေညာချက် ထွက်လာလိမ့်မယ်၊ အဲဒီသတင်း ကြေညာချက်ကို မပျက်မကွက် နားထောင်ကြပါ၊ ထိုသတင်းထူးကို ယခု မပြောနိုင်သေးပါ"

ဤသို့နှင့် ဧည့်သည်တော်များလည်း ဇဝေဇဝါဖြစ်ကာ

"ဘာသတင်းထူးပါလိမ့်"

ဟု တီးတိုး တီးတိုး မေးကြပြောကြဆိုကြရင်း ထိုင်နေကြသည်။

ကျွန်တော်လည်း ကြိုးမဲ့ကြေးနန်းစက်အနီးတွင် အဆင်သင့်ရှိနေရ၏။ နောက်ထပ်ရောက်လာမည့် အမိန့်ညွှန်ကြားချက် ဘာများရှိနိုင်သေးသလဲ။

ထိုနေ့ ၂-၃-၁၉၆၂ နံနက် ၄ နာရီတွင် တိုင်းမှူးပိုလ်မှူးကြီးသောင်းကြည် ကြိုးမဲ့ကြေးနန်းစက်ပေါ်က ကျွန်တော့်ကိုခေါ်သည်။

**တိုင်းမှူး** ။ ။"ဗိုလ်တင်ဦး၊ **ရောင်ခြည်သမ်းပြီ**"

တိုင်းမှူးက ဒုတိယအကြိမ်ထပ်မံ၍ ထို Code word လျှို့ဝှက်အချက်ပြစကားကို ပြောလိုက်ပြန်သည်။ တိုင်းမှူးက ဆက်ပြောသည်မှာ နံနက် ၈ နာရီ၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်



အာဏာကို တပ်မတော်က သိမ်းယူလိုက်ပြီဟု ရေဒီယိုမှ ကြေညာမည်။ စုဝေးထားသူများကို ပြောလိုက်ပါ။ တိုင်းမှူးစက်ပေါ်က ပြန်ဆင်းသွားသည်နှင့် ကျွန်တော်လည်း ရှိနေကြသော အရာရှိလူကြီးပုဂ္ဂိုလ်များကို ထိုသတင်း ထုတ်လွှင့်ပြောဆိုက်လိုက်လေသည်။

**"မိတ်ဆွေများ၊ လူကြီးမင်းများ ခင်ဗျား၊ နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်ကြောင့် တပ်မတော်က နိုင်ငံအုပ်ချုပ်မှုအာဏာကို ယနေ့ညပိုင်းတွင် သိမ်းယူလိုက်ပါပြီ၊ နိုင်ငံတော် အခြေအနေအရပ်ရပ်ကို နံနက် ၈ နာရီမှာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ရေဒီယိုမှ အသံလွှင့် ပြောကြားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်"**

ကျွန်တော်က ထိုသို့ ဧည့်ပရိသတ်ကို ပြောပြအသိပေးလိုက်ရာ ခရိုင်ဝန်၊ ခရိုင်ရဲဝန်နှင့် ဒုတိယရဲမင်းကြီးတို့က ကျွန်တော့်အား မေးမြန်းကြသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘာဆက်လုပ်ကြရမည်လဲ"

**ကျွန်တော်** ။ ။"ဘာမှဆက်လုပ်ဖို့ မလိုသေးပါဘူး၊ လိုအပ်တာရှိရင် ကျွန်တော်ပြောပါ့မယ်၊ နက်ဖြန်နံနက် ၈ နာရီကျရင် ရေဒီယိုက ဗိုလ်ချုပ်ကြီးနေဝင်း ကြေညာချက်ကို ဆက်ဆက် နားထောင်ကြဖို့ပါပဲ၊ ယခုတော့ နံနက် ၈ နာရီမှာ ကြေညာမယ်၊ ကြေညာချက်ကို ဆိုင်းနားဆင်ကြပါ"

ဤသို့ဖြင့် နံနက် ၈ နာရီတွင် ကျွန်တော်တို့ ရေဒီယိုဖွင့်ပြီး နားထောင်ရင်း ထူးခြားသော သတင်းကြေညာချက်ကို စောင့်ကြသည်။ သို့သော် နံနက် ၈ နာရီတွင် မျှော်လင့်နေသော သတင်းကြေညာချက် ထွက်မလာ။ တပ်မတော်က နိုင်ငံတော်အာဏာ သိမ်းယူလိုက်ပြီဆိုသော ကြေညာချက် ဗိုလ်ချုပ်ကြီးနေဝင်း အသံကို ရုတ်တရက် မကြားကြရပေ။

ကျွန်တော် ရင်ထိတ်သွားသည်။

"ဘယ့်နှယ်လဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကြေညာချက်ဟာ ရေဒီယိုမှ ဘာကြောင့်ထွက်မလာတာလဲ"

ကျွန်တော်စိုးရိမ်သွားသည်။ ဘာဖြစ်လို့ တပ်မတော်က နိုင်ငံတော်အာဏာသိမ်းယူသည့် ကြေညာချက်ကို ဗိုလ်ချုပ်ကြီးနေဝင်းက ရေဒီယိုက

www.burmeseclassic.com

www.burmeseclassic.com



ပြောထားသည့်အတိုင်း အချိန်မီ ကြေညာခြင်း မပြုပါသလဲ။ အကယ်၍များ ကျွန်တော်ကြေညာထားသည့်အတိုင်း တပ်မတော်က နိုင်ငံတော်အာဏာ မသိမ်းဖြစ်ခဲ့လျှင် ကျွန်တော်က နိုင်ငံတော် ပုန်ကန်ရန် မဟုတ်မမှန် ကြံစည်မှုဖြင့် အရေးယူခံရဖို့ သေချာနေပြီ။ သို့သော် တော်ပါသေး၏။ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရေဒီယိုမှ အထူးကြေညာချက် ထွက်လာပြီး ဗိုလ်ချုပ်ကြီးနေဝင်း၏ အသံကို ကြားလိုက်ရလေသည်။

ထိုသို့ ရေဒီယိုက ကြားလိုက်ရသော ဗိုလ်ချုပ်ကြီးနေဝင်း၏ ကြေညာချက် အပြည့်အစုံမှာ ဤသို့ ဖြစ်လေသည်။

❐

## အခန်း (၅၃)

## စစ်တပ်က အာဏာသိမ်းသည့် ဗိုလ်ချုပ်ကြီးနေဝင်း ကြေညာချက်

### ရေနွဲ (၂-၃-၆၂)

နိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကျေးရှင်လူအပေါင်းတို့ခင်ဗျား။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေကို ထိန်းသိမ်းစိမ့်သောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အစီရင်ခံပါသည်။

အရပ်ရပ်ရှိ တိုင်းသူပြည်သားရှင်လူအများသည် ကြောင့်ကြစိုးရိမ်မှုပန်ခြင်း မဖြစ်ကြဘဲ ခါတိုင်းသာမန်အချိန်ကဲ့သို့ စိတ်လက်အေးချမ်းစွာ မိမိတို့လုပ်ငန်းဆောင်တာများကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါသည်။

အစိုးရ အမှုထမ်းအရာထမ်းများသည် မိမိတို့တာဝန်ဝတ္တရားများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်ကြစေလိုပါသည်။ အထူးသဖြင့် ပညာရေးဆိုင်ရာ တာဝန်ခံများနှင့် ကျောင်းသားကျောင်းသူများသည် မိမိတို့ စစ်ဆေးဖြေဆိုနေဆဲ ကိစ္စများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။ တိုင်းသူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန်အတွက် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂ ရက်နေ့ နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ရေဒီယိုက တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကြေညာချက်ကို ကြားသိကြရပြီးတော့မှ တက်ရောက်နေသော တာဝန်ရှိပုဂ္ဂိုလ်၊ ရဲမင်းကြီး၊ ရဲဝန်၊ ခရိုင်ဝန်တို့ အပါအဝင် အစိုးရအရာရှိများကို အိမ်ပြန်ခွင့်ပြုလိုက်သည်။

ဤတွင် ကျွန်တော်တို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အတွက် တာဝန်ကြီးတစ်ရပ် ပေါ်လာသည်။ ရန်ကုန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးများအားလုံးကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီ အစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်ပြီ။ သို့သော် ပြည် ထောင်စုပါတီအစိုးရအဖွဲ့မှ ကုန်သွယ်မှုတိုးတက်ရေးဝန်ကြီး ကျိုက်မရော ဦးသွင်ကို ဖမ်းဆီး၍ မမိသေး။ ဦးသွင်သည် မော်လမြိုင် ကျိုက်မရောမြို့တွင် ရှိသလား။ ရှာဖွေဖမ်းဆီးပြီး ရန်ကုန်သို့ ပေးပို့ရန် ကြေးနန်းအမိန့်များ ဝင်လာနေသည်။ သို့သော် ကျိုက်မရောဦးသွင်ကို ကျိုက်မရောမြို့တွင် ရှာမတွေ့။ ဦးသွင်၏ ဆွေမျိုးမိတ်သင်္ဂဟများ အိမ်အထိ တပ်မတော်က တောနင်းရှာသည်။ သို့သော် မည်သို့မျှ ရှာမတွေ့။ နောက်ပိုင်းတွင် ရန်ကုန်မြို့၌ ကျိုက္ခရော ဦးသွင်ကို ရှာဖွေ ဖမ်းဆီးရမိကြောင်း သတင်းရောက်လာလေသည်။

ထိုနေ့က နံနက် ၈ နာရီခွဲတွင် သထုံမြို့ သထုံရိပ်မြုံသာမှနေ၍ ကျွန် တော်ပြန်လာခဲ့သည်။ ယမန်နေ့ညဥ့်က တစ်ညလုံး မအိပ်ရသဖြင့် ကျွန်တော် ၏ အာရုံမှာ မကြည်မလင်ဖြစ်နေ၏။ ကျွန်တော်သည် ကားမှန်မှတစ်ဆင့် ဝဲယာရှိ သထုံမြို့သူမြို့သားများ လှုပ်ရှားမှုဟန်ကို အမှတ်တမဲ့ လှမ်းကြည့်မိ သည်။

သထုံမြို့သူမြို့သားများသည် ဟိုနေရာစုစု သည်နေရာစုစုဖြင့် မကြာမီ ကကြားလိုက်ရသော ရေဒီယိုက ဗိုလ်ချုပ်နေဝင်း၏ ကြေညာချက်ကို တိုး တိုးတိတ်တိတ် ပြောဆိုနေကြဟန်ရှိလေသည်။ ကျွန်တော် စီးလာသော အစိမ်းရောင် စစ်ကားကို မြင်ကြသောအခါ တိုးတိုးတိတ်တိတ် ကြိတ်၍ ဆွေးနွေးနေကြသော လူအများသည် ကျီးကြည့်ကြောင်ကြည့်ကြည့်ကာ အချင်း ချင်း လက်တို့ သတိပေးကြသည့်ဟန် မြင်လိုက်ရလေသည်။ လူတချို့က ခေါင်းငုံ့လိုက်၍လည်းကောင်း၊ တချို့က မျက်နှာကို တစ်ဖက်သို့လှည့်လိုက်



၍ လည်းကောင်း စစ်ကားကို မျက်ကွယ်ပြုလိုသည့်သဘော မြင်လိုက်ရ သည်။

ကျွန်တော် စီးလာသော ကားသည် လမ်းဘေးရှိ သထုံမြို့လယ် စည်ကားသော လက်ဖက်ရည်ဆိုင်အချို့ကို ဖြတ်သန်း၍ မောင်းနှင်လာခဲ့၏။ မည်သည့်နေရာတွင်မဆို ပြည်သူလူထု၏ မျက်နှာထားရုပ်သွင်သည် မကြာမီ က ကြားလိုက်ရသော ရေဒီယိုမှ ဗိုလ်ချုပ်နေဝင်း၏ ကြေညာချက်ကို နား ဆင်ရင်း စိတ်ဆင်းရဲ သောကရောက်နေကြသည့်ဟန် မြင်ရပြန်ပေ၏။

ကျွန်တော်စီးလာသောကားသည် တိုင်းစစ်ဌာနချုပ်ရုံးသို့ ရောက်သော အခါ ကျွန်တော်သည် ရုံးခန်းနှင့် ကပ်လျက်ရှိသော အနားယူအိပ်ခန်းသို့ တန်းဝင်ခဲ့သည်။ တပ်မှဦးစီးအရာရှိအား

"ငါပင်ပန်းလာလို့ ခဏနားမယ်ကွာ"

ဟုသာ ပြောခဲ့သည်။ သို့သော် အံ့ဩစရာကောင်းသည်မှာ ယမန် နေ့ညဥ့်က တစ်မှေးမျှ မအိပ်ခဲ့ရသော ကျွန်တော်သည် ရုံးရှိအနားယူခန်း အိပ်ရာ၌ ဝင်ရောက်လှဲအိပ်နေသော်လည်း အိပ်ချင်စိတ် ပျောက်နေသည်။ ထိုအချိန်တွင် ကျွန်တော့်စိတ်အစဉ်ကို လွှမ်းမိုးချုပ်ကိုင်နေသောအရာမှာ မကြာမီက ရေဒီယိုမှ ကြားလိုက်ရသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ စကားတစ်ခွန်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက ဤသို့ပြောဆိုကြေညာသွားသည်။

"ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အတူးယိုယွင်းလာသော အခြေ အနေဆိုးကို ထိန်းသိမ်းစီမံသောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့် ရှောက်လိုက်ပြီဖြစ်ကြောင်း"

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အတူးယိုယွင်းလာသော အခြေအနေ ဆိုသည်မှာ ဘာလဲ။ ဘာတွေများ ယိုယွင်းနေသည်လဲ။ စီးပွားရေးလား၊ ဘာသာရေးလား၊ နိုင်ငံရေးလား။

လက်ရှိအခြေအနေတွင် ကျွန်တော် သိထားသမျှ အတူးယိုယွင်းလာ သော အခြေအနေကို နားမလည်ပေ။ နိုင်ငံရေးဘက်က ယိုယွင်းလာသည် ဟုဆိုလျှင်ပင် သတင်းစာများတွင် ထင်ရှားစွာ ဖော်ပြထားသော သတင်း များအရ ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံခန်းမဆောင်တွင် ဖက်ဒရယ်

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံကြီး ကျင်းပ၍ တိုင်းရင်းသားတို့၏ အနာဂတ် ကံကြမ္မာကို ဖန်တီးပေးမည့် အကြောင်းအရာများ ဆွေးနွေးလျက်ရှိသည်။ ထိုသို့ဆွေးနွေးရာ၌ ပြည်မမှ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ကျားကြီး ဦးဗဆွေ၊ ပမညတအဖွဲ့ခေါင်းဆောင် ဝိဇ္ဇရသခင်ချစ်မောင်၊ ရှမ်းပြည်နယ် ဥက္ကဋ္ဌ စဝ်ခွန်ချို၊ ကယားပြည်နယ်ဥက္ကဋ္ဌ စောဝဏ္ဏ အပါအဝင် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ၊ ချင်း၊ ကယား၊ ရခိုင်၊ ကချင် တိုင်းရင်းသားခေါင်းဆောင်များသည် ညီညီညွတ်ညွတ် ပေါင်းပေါင်းစည်းစည်း ဆွေးနွေး၍ ကောင်းချီးသြဘာများစွာ ရရှိနေသည့် သတင်းလည်း ကြားသိနေရပေသည်။

ဤအချိန်အခါ၌ ကာကွယ်ရေးဦးစီးချုပ်၏ ကြေညာချက်တွင် ပါဝင်နေသော **အထူးယိုယွင်းလာသော အခြေအနေ**ဆိုသည်မှာ ဘာကိုဆိုလိုသလဲ၊ အထူးယိုယွင်းလာသော အခြေအနေဆိုသည်မှာ မြန်မာ့နိုင်ငံရေးလောကမှာ ဖြစ်သည်လား၊ သို့မဟုတ် ကျွန်ုပ်တို့ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်ကြီးများ၏ ရင်ထဲက လောဘ၊ ဒေါသ၊ မောဟမီးတွေ လောင်မြိုက်ပြီး အယိုယွင်းကြီး ယိုယွင်းလာပြီလား။ ကျွန်ုပ်တော်သည် အိပ်ရာပေါ်၌ အနားယူ လှဲနေရင်း စဉ်းစားခြင်းကြီးစွာ ဝေခွဲမရ ဖြစ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်တော်သည် တပ်မတော်၏ ဂုဏ်ရည်တင့်ရှန်းခဲ့သော နောက်ကြောင်းသမိုင်းကို စိတ်ရောက်သွားသည်။ ခရစ်နှစ် ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ဝမ်းနှင့်မလွယ်ရုံတမယ်အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးကာ တည်ထောင်ခဲ့သော BIA နှင့် BDA တို့နောက် PBF ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်တို့သည် ပြည်သူတို့၏ ချစ်ခင်ကြည်ညိုမြတ်နိုးမှုကို ခံယူ၍ တိုင်းပြည်၌ ဝံ့ဝံ့ကြွားကြွားရှိခဲ့၏။ မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို မြန်မာပြည်သူလူထုလက်သို့ အောင်ဆန်းအက်တလီစာချုပ်ကမ်းပေးပြီး မကြာမီပင် တပ်မတော်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးတံခါးဝတွင် ကျဆုံးခဲ့၏။

ဖခင်ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးနောက် ဗမာ့တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ပေးခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့လွတ်



လပ်ရေးတိုက်ပွဲ လမ်းစဉ်အတိုင်း လျှောက်လှမ်းကာ မြန်မာ့လွတ်လပ် ရေးမှခံဦးတွင် ပြည်ထောင်စုအလံတော်ကို တင့်တယ်ခမ်းနားစွာ လွှင့်ထူပေးနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေး ကြေညာခဲ့သော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ ဗမာ့တပ်မတော်သည် ဒီမိုကရေစီရေး ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းရန်၊ ပြည်ပရန် ကာကွယ်ရေးလမ်းမပေါ်တွင် ထင်ရှားဂုဏ်တင့်စွာ လှမ်းချီနိုင်ခဲ့၏။

ဗမာ့တပ်မတော်သည် ပြည်ပရန် တရုတ်ဖြူ ကျူးကျော်မှု အန္တရာယ်ကို တပ်မတော်သားတို့၏ အသက်ပေါင်းများစွာ စတေးပြီး ခုခံကာကွယ်တိုက်ထုတ်ခဲ့၏။ အလားတူပင် မြန်မာ့လွတ်လပ်ရေး ရရှိပြီးသည့်နောက်တွင် ထကြွသူပုန်ထောင်းကျန်းခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များ၏ အန္တရာယ်ကို တန်ဖိုးကြီးမားသော တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ထောင်သောင်းတို့၏ အသက်ပေါင်းများစွာ စတေးကာ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့၏ အန္တရာယ်ကို ကာကွယ်ခဲ့သော သမိုင်းမော်ကွန်း ကျန်ရှိခဲ့၏။ သို့သော် ယနေ့ ၂-၃-၁၉၆၂ နေ့ နံနက်က တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ ရေဒီယိုကြေညာချက်အရဆိုလျှင် ဗမာ့တပ်မတော်သည် မိမိတို့၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အသက်ပေး၍ လှမ်းချီတည်ဆောက် ရေးသားပေးခဲ့သော ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်ကွယ်ပြု၍ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပြီ။

ယနေ့နံနက် သထုံရိပ်သာမှအပြန် လမ်းဘေးဝဲယာက ပြည်သူလူထုအများ စိုးရိမ်ထိတ်လန့်စွာဖြင့် လှုပ်ရှားပြောဆိုနေကြသည်ကိုကြည့်၍ တပ်မတော်သည် ပြည်သူတို့နှင့် ဆန့်ကျင်ဘက်လမ်းကို ချီတက်ခဲ့ပြီလား။ ဒီမိုကရေစီနည်းလမ်းဖြင့် တိုင်းပြည်၏ အာဏာကို ရယူရန် ကြိုးစားမှုမပြုဘဲ တောထဲဝင် ကျေးရွာလူထုကို နှိပ်စက်သတ်ဖြတ် ရွာများကို မီးတင်ရှို့၊ မီးရထား၊ ကားလမ်း မိုင်းဗုံးထောင်၍ ပြည်သူလူထုကို ဒုက္ခကြီးစွာ ပေးခဲ့သော တိုင်းပြည်၏ ရန်စူးရန်ဖြောင့် သောင်းကျန်းသူတို့၏လမ်းကို ယနေ့စစ်တပ်ဖြင့် နိုင်ငံတော်အာဏာ သိမ်းယူခဲ့သော ဗမာ့တပ်မတော်က တန်းတန်းမတ်မတ် လှမ်းကြွချီတက်တော့မည်လော။ အိပ်ရာပေါ်တွင် ဘယ်ညာလူးလှိမ့်၍ ကျွန်ုပ်တော် တွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏတွင် အခန်း၀၌ ကျွန်တော့်ကိုယ်ရေးအရာရှိ ပေါ်လာ၏။

"တိုင်းမှူးက ဗိုလ်မှူးကြီးတင်ဦးနဲ့ စကားပြောမယ်တဲ့၊ စက်ပေါ်မှာ ရှိနေပါတယ်"

ကျွန်တော်သည် အိပ်ရာမှထ၍ ကြိုးမဲ့ကြေးနန်းစက်သို့ လျှောက်လှမ်းလာခဲ့သည်။ ကျွန်တော်၏ စိတ်အာရုံတွင်ကား မေးခွန်းများစွာ ထွက်ပေါ်လာ၏။

**၁။ တပ်မတော်၏အနာဂတ်သည် ဘယ်လဲ...ဘာလဲ။**

**၂။ ပြည်သူလူထုနှင့်တိုင်းပြည်၏ အနာဂတ်သည် ဘယ်လဲ...ဘာလဲ။**

**၃။ ကျွန်တော်၏ ဘ၀အနာဂတ်သည် ဘယ်လဲ...ဘာလဲ။**

❒

## နောက်ဆက်တွဲ (၁)
## စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်မှတ်တမ်းများနှင့် တက္ကသိုလ်စိန်တင်ပြုစုသော သူရဦးတင်ဦး အတ္ထုပ္ပတ္တိ

ထိုနေ့က အင်အားမီဒီယာဂရု(ပ်) မှ ကျင်းပသော အင်အားမီဒီယာဂရု(ပ်) နှစ်ပတ်လည်မိတ်ဆုံစားပွဲကို ကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး သူရဦးတင်ဦး (တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) ဗိုလ်ချုပ်ကြီး-ငြိမ်း) နှင့် သတင်းစာဆရာ၊ စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ အင်အားမီဒီယာဂရု(ပ်) နာယကကြီး ဆရာကြီး ဦးကျော်ငြိမ်း၊ 24/7 News Journal အယ်ဒီတာချုပ် ဆရာမြင့်ဆွေမြင့်၊ အင်အားအားကစားဂျာနယ်တာဝန်ခံ အယ်ဒီတာ ဦးပြည့်ကျော်သူ၊ စံတော်ချိန်သတင်းစာ အယ်ဒီတာချုပ် ရဲကျော်ခေါင် (ဦးရဲမြင့်ဖေ)၊ စာရေးဆရာ ဒေါက်တာခင်မောင်ညို စသည်တို့လည်း တက်ရောက်ကြ၍ စည်စည်ကားကားပင်။

ပြောရဦးမည်။ ထိုနေ့က NLD နာယကကြီး သူရဦးတင်ဦး အင်အားမီဒီယာဂရု(ပ်) နာယက ဆရာကြီး ဦးကျော်ငြိမ်းနှင့် တက္ကသိုလ်စိန်တင်၊ ဆရာမြင့်ဆွေမြင့်တို့၏ စားပွဲတစ်ဝိုင်းတည်း ထိုင်နေစဉ် တက္ကသိုလ်စိန်တင်က ဆရာကြီး ဦးကျော်ငြိမ်းကို ဤသို့ပြောလိုက်သည်။

**တက္ကသိုလ်စိန်တင်** ။ ။ ဆရာဦးကျော်ငြိမ်းတို့ ထုတ်ဝေတဲ့ 24/7 News Journal က ဒီမိုကရေစီသတင်းဆောင်းပါးတွေ ကောင်းလှပါလား

www.burmeseclassic.com

www.burmeseclassic.com



လို့ စာဖတ်ပရိသတ်အများက ပြောနေကြပြီ။ ဒီလှိုင်းစာစောင်ထက်တောင် ဒီမိုကရေစီသတင်းတွေ ပိုစုံနေတာ ဘာကြောင့်လဲ။

**ဦးကျော်ငြိမ်း။** ။ "အေးဗျ တက္ကသိုလ်စိန်တင်ပြောသလို သည်သတင်း၊ ကျွန်တော်တို့ဆီကိုလည်း စာဖတ်ပရိသတ်က စာတွေ၊ Phone တွေ၊ E-mail တွေ ဝင်တယ်။ ကျွန်တော်တို့ 24/7 News Journal ကလည်း နှစ် ၅၀ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ခါစ မြန်မာပြည် ဒီမိုကရေစီ ဖော်ဆောင်မှု မပီမပြင် ဖြစ်နေဆဲ တစ်တပ်တစ်အား ကူညီပံ့ပိုးပြီး ဒီမိုကရေစီရရှိရေး ပံ့ပိုး ကြိုးစားဆောင်ရွက်နေတာပါပဲ"

ထိုစဉ်အခါက စားပွဲဝိုင်းထိပ်နေရာ၌ ထိုင်နေသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး သူရဦးတင်ဦးက ဤသို့ပြောလေသည်။

**သူရဦးတင်ဦး။** ။ "ဒီလိုဖြစ်တာပါ၊ ဒီလှိုင်းစာစောင်က ဒီမိုကရေစီရေးဆောင်းပါးတွေကို ချင့်ချင့်ချိန်ချိန်နဲ့ အသုံးပြုရပါတယ်၊ စကားလုံးအသုံးအနှုန်းရော သဘောတရားရေးရာမှာပါ သတိပြုဆင်ခြင်ရေးသားနေရပါတယ်၊ ဘာကြောင့်လဲဆိုတော့ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ထဲ ရှိနေတာကြောင့်ပါ"

(၂)

ထိုနေ့ကပွဲတွင် အင်အားနာယကကြီး ဦးကျော်ငြိမ်း၊ စာတည်းမှူးချုပ် မြင့်ဆွေမြင့်၊ ဒုတိယစာတည်းမှူးချုပ် ဦးပြည့်ကျော်သူ၊ တက္ကသိုလ်စိန်တင်တို့က အင်အားကျွန်ယ်ဂုဏ်ပြုစကားများ ပြောခဲ့ကြသည်။ စာရေးဆရာ တက္ကသိုလ်စိန်တင်၏ အလှည့်တွင် စင်မြင့်မှနေ၍ ကြော်ငြာဝင်သွားသည်ကို မြင်ကြ၊ ကြားကြရသည်။

"ယနေ့ ပြောချင်တာကတော့ ဒီအခမ်းအနားမှာ တက်ရောက်ဂုဏ်ပြုချီးမြှင့်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်နာယက သူရဦးတင်ဦးရဲ့ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိစာအုပ်ကို တက္ကသိုလ်စိန်တင်ရေးသားပြုစုပြီး ရှုဝံ့စာပေမှ မကြာမီ သမိုင်းဝင်ဓာတ်ပုံ စုံလင်စွာနဲ့ မကြာမီထုတ်ဝေတော့မယ်ဆိုတဲ့ သတင်းကောင်းပါပဲ"



(၃)

ဟိုသစ္စံ ဤစကားသည် အမှန်ဖြစ်ပေသည်။ စာရေးဆရာ တက္ကသိုလ်စိန်တင်သည် သူရဦးတင်ဦး(တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း))၊ ဗိုလ်ချုပ်ကြီး (ငြိမ်း) နှင့် အသံသွင်းကက်ဆက်ကြိုးခွေ ၄၃ ခွေ အသံသွင်းယူ၍ စာအုပ်ကို ၂၀၁၃ ခုနှစ်မှ စတင် ရေးသားခဲ့သည်။ ယခုအခါ ပထမပိုင်း စာအုပ် (၁၉၆၂ ခုနှစ် စစ်တပ်က နိုင်ငံအာဏာသိမ်းသည်အထိ) ကွန်ပျူတာစာစီပြီးစီး၍ မကြာမီထုတ်ဝေတော့မည် ဖြစ်ပေသည်။ ပြောချင်သေး၏။

ဗမာ့တပ်မတော်နှင့် ဗိုလ်တင်ဦးနာမည်ဖြင့် "တင်ဦး" လေးယောက် ရှိခဲ့ဖူးသည်။ ထို "တင်ဦး" လေးယောက်တို့မှာ ရာထူးအဆင့်အတန်း အနိမ့်ဆုံးမှ စတင်၍ ဖော်ပြရလျှင်

(၁) ဘိုးတော်တင်ဦး အမည်ခံ ဗိုလ်ကြီးတင်ဦး။
(၂) မျက်မှန်တင်ဦး အမည်ခံ ထောက်လှမ်းရေးချုပ်၊ One and Half လံဘားတင်ဦး (ဗိုလ်မှူးချုပ်တင်ဦး)။
(၃) နဝတအစိုးရခေတ် တန်ခိုးကြီးခဲ့သော S.2 အတွင်းရေးမှူး ၂ ဗိုလ်ချုပ်ကြီးတင်ဦး။
(၄) ယခု တက္ကသိုလ်စိန်တင် ရေးသားပြုစုသော အတ္ထုပ္ပတ္တိ အရေးခံပုဂ္ဂိုလ်၊ ဗိုလ်ချုပ်ကြီးတင်ဦး (ငြိမ်း)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) သူရဦးတင်ဦးတို့ပင် ဖြစ်သတည်း။

ထူးခြားတာ ပြောပြပါဦးအံ့။

အထက်ပါ ဗိုလ်တင်ဦးလေးယောက်တို့တွင် နံပါတ် (၁) ဘိုးတော်တင်ဦး၊ (၂) လံဘားတင်ဦး (ခေါ်) One and Half ဗိုလ်မှူးချုပ်တင်ဦး၊ ယခု သူရဦးတင်ဦး(ဗိုလ်ချုပ်ကြီးတင်ဦး-ငြိမ်း) တို့ သုံးဦးသည် သူတို့၏ ဆရာသမား စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း အမိန့်ဖြင့် အင်းစိန်အကျဉ်းထောင်အတွင်း နှစ်ပေါင်းများစွာ အကျဉ်းချခံခဲ့ရသည်။

## (၁) ဘိုးတော်တင်ဦး

ဗိုလ်ကြီးတင်ဦး (ခေါ်) ဘိုးတော်တင်ဦးမှာ တပ်မတော်တွင် အမှု

www.burmeseclassic.com

www.burmeseclassic.com



ထမ်းနေစဉ်ကပင် သမထလုပ်ငန်း စွမ်းမြောက်အောင်မြင်၍ အနာဂတ်ဖြစ်ရပ်များကို တစ်ခုမကျန်မလွဲမချော် ဟောပြောနိုင်သူ ဘိုးတော်ဂိုဏ်းဝင်ဆရာဖြစ်ခဲ့၏။ တပ်မတော်၌ တပ်မဟာမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်မှူးကြီးတင်မောင် (စာရေးဆရာ မြတ်ထန်) က ဤသို့ပြောဖူး၏။

**ဗိုလ်မှူးကြီးတင်မောင်။** ။ "တပ်ထဲမှာ တပည့်ဖြစ်တဲ့ ဘိုးတော်တစ်ဦးဟာ တပ်မတော်က အငြိမ်းစားယူပြီးတဲ့နောက် ကျွန်တော့်ဆီ ရောက်လာတယ်။ သူကပြောတယ်။ တပ်မင်း (ဗိုလ်မှူးကြီးတင်မောင်) ရဲ့ အိတ်ထဲက ကျပ်တစ်ရာတန်နံပါတ်ကို ကျွန်တော်နှုတ်က ရွတ်ပြမယ်။ တပ်မင်း မယုံကြည်ရင် အိတ်ထဲက ငွေစက္ကူထုတ်ကြည့်တဲ့။ သူပြောတဲ့အတိုင်း ငွေစက္ကူကို ထုတ်ကြည့်တော့ သူပြောတဲ့ နံပါတ် မှန်နေတယ်။

တစ်ကြိမ်တော့ တပ်မင်း ကက်ဆက်ခွေအသစ်တစ်ခွေ ဝယ်ပါ။ ကျွန်တော်ဟောစာတမ်းသွင်းပေးမယ်တဲ့။ ဘိုးတော်တင်ဦး ပြောတဲ့အတိုင်း စတိုးဆိုင်က ကက်ဆက်ခွေအသစ်ဝယ်ပြီး သူ့ကိုပေးလိုက်တော့ စက္ကူပတ်မှန်ရောင်စက္ကူကို မခွာသေးဘဲ သူ့လက်နဲ့တစ်ချက် ရိုက်လိုက်တယ်။ ပြီးတော့ တပ်မင်း ဖွင့်ကြည့်ဆိုလို့ ကက်ဆက်တစ်လုံးမှာ ထည့်ဖွင့်ကြည့်တော့ ကျွန်တော်ရဲ့ (ဗိုလ်မှူးကြီးတင်မောင်) အတိတ်ဖြစ်ရပ်တွေ၊ လက်ရှိဖြစ်နေတာတွေ အနာဂတ်ဟောစာတမ်းဖြစ်ရပ်တွေ ကက်ဆက်ခွေထဲက ထွက်လာတယ်။ တက္ကသိုလ်စိန်တင်ရေ၊ အံ့ရော၊ မယုံကြည်နိုင်စရာတွေ တကယ်ဖြစ်ခဲ့တယ်ဗျ"

၁၉၇၇ ခုနှစ်တွင် ရန်ကုန်မြို့အပါအဝင် မြန်မာတစ်ပြည်လုံး၌ ဘိုးတော်စစ်ဆင်ရေးလုပ်စဉ် ဘိုးတော်တင်ဦးလည်း အင်းစိန်ထောင်တွင်း ဝင်သွားပြီး နှစ်ကြာမှ ပြန်လွတ်လာ၏။ ယခု ဘိုးတော်တင်ဦး ကွယ်လွန်ရာပြီ။

## (၂) One and Half ဗိုလ်မှူးချုပ် တင်ဦး

တော်လှန်ရေးအစိုးရ လမ်းစဉ်ပါတီအစိုးရခေတ်တွင် No-one ဦးနေဝင်း၊ No.Two ဦးစန်းယုတို့နှစ်ဦးအဆင့်ကြား One and Half ၁½ အဆင့်နေရာ၌ တန်ခိုးထွားခဲ့သူ လံဘားတင်ဦး၊ ထောက်လှမ်းရေး



တင်ဦးသည် စစ်အာဏာရှင် ဦးနေဝင်း အမျက်တော်ရှခံရသဖြင့် ၁၉၈၀ ပြည့်လွန်နှစ်များ၌ အင်းစိန်ထောင်အတွင်း ရောက်သွား၏။ နဝတအစိုးရခေတ်တွင် ပြန်လွတ်လာ၍ ယခုအခါ ကွယ်လွန်ရှာပြီ။

## (၃) S.2 (ခေါ်) အတွင်းရေးမှူး ၂ ဗိုလ်ချုပ်ကြီး တင်ဦး

ဗိုလ်ချုပ်ကြီးတင်ဦး၏ အသက်ကိုလုပ်ကြံရန် စာတိုက်မှ ပါဆယ်လက်ဆောင်ထုပ် ဗုံးပို့လိုက်ရာ သမီးဖြစ်သူမှာ ပါဆယ်ကို ဖွင့်လိုက်၍ သေဆုံးရရှာသည်။ သေဆုံးသူမှာ သမီးဒေါ်ခင်ချိုဦး ဖြစ်သည်။

တရုတ်ပြည်မှ မြတ်စွယ်တော်ကို ကမ္ဘာအေးလိုဏ်ဂူတွင် ပူဇော်ထားရှိစဉ် S.2 ဗိုလ်ချုပ်ကြီးတင်ဦး လာရောက်ဖူးမြော်ခိုက် ပန်းအိုးထဲတွင် ဗုံးပေါက်သော်လည်း ဗိုလ်ချုပ်ကြီးတင်ဦး S.2 ကို ဘေးမသီ ရန်မခ သေဘေးက လွတ်ခဲ့၏။

သို့သော် ၂၀၀၁ ခုနှစ်တွင် S(2) အတွင်းရေးမှူး (၂) ဗိုလ်ချုပ်ကြီး တင်ဦး စီးလာသော ရဟတ်ယာဉ် သံလွင်မြစ်ကူးတံတားနှင့် တိုက်မိကာ အသက်ဆုံးရှာ၏။ အတူပါသူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်ချုပ်သီဟသူရ သူရစစ်မောင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းမောင် အပါအဝင် အရာရှိစစ်သည်များ သေဆုံးကြရှာ၏။ ထိုစဉ်က ရဟတ်ယာဉ်ပေါ်၌ ပါဝင်ခဲ့သော ဗိုလ်ချုပ်လှဌေးဝင်း (ယခု ဗိုလ်ချုပ်ကြီးလှဌေးဝင်း) မှာ သေကံမရောက် သက်မပျောက်ဘဲ နိုင်ငံ့တာဝန်ထမ်းဆောင်နေဆဲ။

## (၄) NLD နာယက ဗိုလ်ချုပ်ကြီးတင်ဦး (ငြိမ်း)၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) သူရဦးတင်ဦး

မှာ ၁၉၄၃ ခုနှစ် ဂျပန်ခေတ် တပ်မတော် ဗိုလ်သင်တန်းကျောင်း၌ တတိယပတ် သင်တန်းတက်၊ ဖက်ဆစ်တော်လှန်ရေး မျိုးချစ်ဗမာ့တပ်မတော်၊ မြန်မာ့လွတ်လပ်ရေးခေတ် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးတပ်မတော်၌ ဒုတိယဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူးအဆင့်မှသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရာထူးအထိ ရာထူး တိုးမြှင့်ခံရပြီး မျက်မှန်တင်ဦး (ခေါ်) ထောက်လှမ်းရေးချုပ်၊ ဗိုလ်မှူးချုပ်တင်ဦး ဖွဲ့ချက်တင်ပြသော အမှုတစ်ခုဖြင့် ၁၉၇၆ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးနေဝင်းက ရာထူးက ဖြုတ်ပယ်ခဲ့၏။ တပ်မတော်၏ တပ်တွင်း ပုန်ကန်မှု၊ ဗိုလ်ကြီးအုန်းကျော်မြင့်အမှုနှင့် ထောင်ဒဏ်ချခံရပြီး၊ ၁၉၈၀ ပြည့်နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာ၏။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ဒီမိုကရေစီ တော်လှန်ရေးကြီးမှအစ ဒီပဲယင်း အရေးအခင်း အပါအဝင် သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်များနှင့် ဗိုလ်ချုပ်ကြီး တင်ဦး ငါးကြိမ်တိတိ ကျည်ဆန်ထိမှန် မသေမပျောက်ခဲ့သော ဘဝဖောက်လမ်းစုံကို တက္ကသိုလ်စိန်တင်က မကြာမီပင် စာချစ်သူများထံသို့ ပို့ပေးပါတော့မည်။

❐

## နောက်ဆက်တွဲ (၂)
## တရုတ်ဖြူတိုက်ပွဲ၊ ရန်ကြီးအောင်စစ်ဆင်ရေး

ဘုရင့်နောင်စစ်ဆင်ရေး ၁၉၅၄ ခုနှစ်စလောက်က အောင်မြင်စွာ တိုက်ခိုက်ပြီးနောက် အပြီးသတ် အဆုံးသတ် တိုက်ပွဲအတွက် တစ်ချိန်လုံး ပြင်ဆင်ထားပြီး ၁၉၅၅ ခုနှစ် မတ်လ (၇) ရက်နေ့တွင် ထိုင်း၊ မြန်မာ နယ်စပ် တောင်ကြောကြီးအပေါ် အခိုင်အမာရှိသည့် ကေအင်တီ တရုတ်ဖြူ တပ်ကို တိုက်ခိုက်ရန် ဆောင်ရွက်ကြသည်။ ပထမ အတိအကျ သတင်း ရအောင် သေနတ်ကိုင်တပ်ရင်း (၁) ကပင် မူလစစ်ဗျူဟာအတိုင်း တိုက် ရမည်ဖြစ်၍ ရန်သူလွယ်ကွမ်း တောင်ကြောပေါ်ရှိ ရန်သူအကြောင်းသိရန် သ.န.က (၁) တပ်ရင်းမှူး ကိုယ်တိုင်နှင့် လက်ရွေးစင် စစ်သည်တပ်စိတ် (၂) စိတ်ဖြင့် သွားနေကျလမ်းအတိုင်း မသွားဘဲ အခြား ချောက်ကမ်းပါးမှ ရန်သူစခန်းအလယ် တောင်ကြောကို တိတ်တဆိတ် တက်ကာ ထင်ထင် ရှားရှား မြင်လောက်သည့် နေရာက အခြေအနေ အားလုံးကို မှတ်တမ်း သတင်းယူသည်။ အစားအသောက်ကို ဘာမှ ချက်မစား။ ပါလာသည့် အသားဘူးနှင့် မုန့်ခြောက်များကိုသာ စားရပြီး သည်းခံဝပ်နေကြပြီး နှစ်ည အိပ် သုံးရက်မနက်အထိ တိတ်တဆိတ် ငြိမ်ကာ သတင်းယူ၍ ပြန်ဆင်းခွာသည့် နေ့ နံနက် (၄) နာရီခန့်တွင် တောင်ပေါ်က ရန်သူမသိလိုက်ဖြစ်၍ တောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောအတိုင်း ဆင်းလာကြည့်သည်ကို မိမိကင်းပုန်းက စတင်ပစ်ခတ်သဖြင့် အန္တရာယ်ကို အမြန်ဆုံးရှောင်ရန် ဆုံးဖြတ်ပြီး တောင်ကြောပေါ် နောက်ချန် ပစ်ခတ်အဖွဲ့ကို တာဝန်ဆင့်ဆင့်ပေးပြီး ပစ္စည်းများ လက်ရာခြေရာ မပျက် ပြန်လည် အမြန်ဆုံး ဆုတ်ခွာကြရသည်။ သဘောက ရန်သူကလည်း သူ တို့ကို စတင်ပစ်ခတ်လိုက်သည်အတွက် နောက်ပြန်ဆုတ်ပြီး တောင်ပေါ် တက်သွားသဖြင့် နောက်က လိုက်၍မလာတော့ဘဲ တစ်နေ့လုံး နေ့ လည် (၁) နာရီအထိ မရပ်မနား ခွာလာခဲ့ပြီး စိတ်ချလောက်သည့် နေရာတွင်ရောက်မှ စစ်ဆင်ရေးဌာနချုပ်နှင့် ဆက်သွယ်၍ နောက်နေ့နံနက်ကျမှ မိုင်းဆတ် ပြန်ရောက်သည်။

မိမိဘက်က စစ်သည်တစ်ယောက် ပြင်းထန်စွာ ဒဏ်ရာရသည်။ နောက်ရက်ပိုင်းတွင်း စစ်ဆင်ရေးမှူးကြီး ဗိုလ်ချုပ်ကျော်ဇော ရောက်ပြီး မိမိရသောသတင်းနှင့် အားလုံး ခြုံငုံပြီး စစ်ဆင်ရေး စီမံချက်ကို ရေးဆွဲ ကြပါသည်။ ဒီနေရာတွင် လွယ်ဆမ်ဆွန်နှင့် လွယ်တွမ်းတောင်ကြော ဆက် စပ်သည့် နေရာကို မတွေ့မြင်ခဲ့ရသဖြင့် ထိုနေရာ၏ မြေအနေအထားကို တိကျစွာ မဆုံးဖြတ်နိုင်ခဲ့ပါ။ နောက်ထပ် တိုက်လေယာဉ်ဖြင့် မိမိကိုယ်တိုင် အပေါ်က ကင်းထောက် ကြည့်ခဲ့သည်။ တစ်ဆက်တည်းကုန်းကြောဖြစ်သဖြင့် လက်နက်ကြီးပစ်ခတ်စဉ် ကုန်းကြောအနေဖြင့်သာ သတ်မှတ်ကြသည်။ ဒီအများကြောင့် တိုက်ခိုက်စဉ် နောက်ဆုံး ချေမှုန်းသည့်အခါ ချိတက်ရန် ကွာသဖြင့် မိမိတို့ ထိခိုက်ကျဆုံးမှုများဖြစ်ခဲ့၍ နောက်ပြန်ဆုတ်လျက် ခြေကုတ်ယူရသည့် အနေအထားဖြစ်၍ ဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်။ ဒါကို ဗိုလ်ချုပ်ကျော်ဇောနှင့် ပစ်ခတ်စဉ် အသစ်ပြန်ဆွဲ၍ ရဲဝံ့စွာ ပြန်လည် တိုက်ခိုက် သဖြင့် ကောင်းစွာ အောင်မြင်မှုရခဲ့သည်။ တရုတ်ဖြူစစ်ဆင်ရေးတွင် မိမိ၏ အကောင်းဆုံး နိုင်ငံချစ်စိတ်၊ တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းအောင်မြင်မှု အတွက် ဂုဏ်ယူလျက် ရှိပါသည်။ အသေးစိတ်ကိုတော့ အခြားပြောကြား ချက်များ ထုတ်ပြန်ချက်များတွင် ပါပြီးဖြစ်ပါသည်။ ထိုစဉ်အခါက အတူတကွ လက်တွဲတိုက်ခိုက်ကြသူများ တပ်ခွဲမှူးများဖြစ်ကြသည့် ဗိုလ်ကြီးခင်ငြိမ်း (ကွယ်လွန် နောက် ဒုတိယ ပညာရေးဝန်ကြီး) ဗိုလ်ကြီးသန်းစိန် ကွယ်လွန်



(ဘဏ္ဍာရေးဝန်ကြီးဟောင်း) ပြင်းထန်စွာ ဒဏ်ရာရသူ ဗိုလ်ကြီးအေးမောင် (ကွယ်လွန်)၊ ဗိုလ်ကြီးဝင်းထိန် (ပဏ္ဍမြားဝင်းထိန်ကွယ်လွန်)၊ မှန်အမျိုးသား ဗိုလ်ကြီးစိုးမြင့် (ဗိုလ်မှူးကြီးစိုးမြင့်၊ ကွယ်လွန်)၊ ဗိုလ်ကြီးသန်းအောင် (ဒုဗိုလ်မှူးကြီး ကွယ်လွန်)နှင့် အခြားတပ်ရင်းများက တပ်ရင်းမှူး တပ်မှူးများ အားလုံး ပါဝင်သည်။

❒

www.burmeseclassic.com